http://www.dhammadownload.com

မိုးကုတ်ဝိပဿနာ အလုပ်စဉ်တရား
စာအုပ်အမှတ်(၁၁)မှ အမှတ်(၂၀) အထိ၊
ကျမ်း ၁၀ အုပ်ကို
အနှစ်ချုပ်၍ ဖော်ပြထားသည်။
ဤစာအုပ်တွင် ဆရာတော် ဟောထားသော
တရားအပုဒ်ပေါင်း ၁၂၉ ပုဒ် ပါသည်။
ထို စာအားလုံးကို တစ်ပုဒ်ချင်း အရသာခံ၍
တရားသဘောကို ထိထိမိမိ သိရအောင်
အနှစ်ချုပ် (Digest) ရေးထားပါသည်။
ဤ စာတစ်အုပ်ကို ဖတ်ရလျှင်
မူရင်း စာအုပ်ကြီး ၁၀ အုပ်ကို ဖတ်ရသကဲ့သို့
တရားအရသာ ခံစားရအောင်
တရားအမြင် အားလုံးကိုပါ သိနားလည်အောင်
ဆရာဆန်းလွင် (ရှင်အာဒိစ္စရံသီ) က
ကြိုးပမ်းထားပါသည်။

ဆန်းလွင် ● မိုးကုတ်ဝိပဿနာ အလုပ်စဉ်တရားစာအုပ် ၃၉ အုပ် အနှစ်ချုပ် (ဒုတိယကဏ္ဍ)

# ဆန်းလွင်

(ရှင်အာဒိစ္စရံသီ)

# မိုးကုတ်ဝိပဿနာ အလုပ်စဉ်တရားစာအုပ်

( ၃၉ အုပ် အနှစ်ချုပ် )



ဒုတိယကဏ္ဍ
( စာအုပ် အမှတ် ၁၁ မှ ၂၀ အထိ )

http://www.dhammadownload.com

နန်း ဒေ ဝီ စာ ပေ
အမှတ် ၂၀၀၊ ပထမထပ်၊ ၃၆ လမ်း (အထက်)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း – ၃၈၃၀၂၅၊ ၃၉၁၆၃၃
E-mail:nanelzar@myanmar.com.mm

http://www.dhammadownload.com

စာမူခွင့်ပြုချက်အမှတ်
၄၀၂/၂၀၀၂(၁၁)
◆
မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၄၀၁၄၀၅၁၂၀၈
◆
ပထမအကြိမ်
၂၀၀၈ ခုနှစ်၊ ဒီဇင်ဘာလ
◆
မျက်နှာဖုံးပန်းချီ
ကျော်ဖြူစံ
◆
မျက်နှာဖုံးဒီဇိုင်း
ချစ်ကြည်
◆
အတွင်းဖလင်
AZ
◆
တန်ဖိုး
၃၀၀၀ ကျပ်
◆
အုပ်ရေ
၅၀၀
◆
ထုတ်ဝေသူ
ဦးကျော်ဟင်း၊ ယုံကြည်ချက်စာပေ (၀၉၁၀)
အမှတ် ၁၁၁၊ ၁၃ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
◆
မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ
ဦးကျော်ဇင်၊ ခိုင်ရည်မွန်ပုံနှိပ်တိုက် (၀၄၂၂၉)
အမှတ် ၈၁၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
◆

http://www.dhammadownload.com

# ခင်းလွှင့်

(ရှင်အာဒိစ္စရံသီ)

# မိုးကုတ်ဝိပဿနာ

## အခလေပ်စဉ်တရားစာအုပ်

( ၃၉ အုပ် အနှစ်ချုပ် )

ဒုတိယကဏ္ဍ

( စာအုပ် အမှတ် ၁၁ မှ ၂၀ အထိ )

http://www.dhammadownload.com

# မိုးကုတ်ဆရာတော်ဘုရားကြီး
# ဦးဝိမလ
## (၁၂၆၁–၁၃၂၄)

မန္တလေးတိုင်း၊ မြစ်ငယ်မြို့နယ် (ဒုဋ္ဌဝတီ) ခေါ် မြစ်ငယ်မြစ် တစ်ဖက်ကမ်းရှိ ဥယျာဉ်တော်ရွာတွင် ခမည်းတော် ***ဦးအောင်ထွန်း***၊ မယ်တော် ***ဒေါ်ရွှေအိတ်*** တို့မှ သက္ကရာဇ် ၁၂၆၁ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၁ ရက်၊ ဗုဒ္ဓဟူးနေ့ နေ့လယ် နှစ်နာရီ မိနစ်သုံးဆယ်အချိန်တွင် ဖွားမြင်တော်မူသည်။ အမည်ရင်းမှာ မောင်လှဘော်ဖြစ်သည်။ အသက် ၉ နှစ်သားအရွယ်တွင် ဥယျာဉ်တော်ရွာ ဂွေးပင်တောရကျောင်းဆရာတော် ***ဦးဇာဂရ*** ကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေအဖြစ် သွတ်သွင်းပြီး ဘွဲ့တော်မှာ **ရှင်ဝိမလ** ဖြစ်သည်။ ကိုရင်ဝိမလ ၁၂ နှစ်သားအရွယ်တွင် သက်န်းတော်ကို ပထမအကြိမ် ပျားစွဲသည်။

အစ်မကြီး အရင်းဖြစ်သူ သီလရှင် ***ဒေါ်သုစာရီ*** က အမရပူရမြို့ မင်္ဂလာကျောင်းတိုက် ဆရာတော်ကြီး ***ဦးသုဇာတ*** ထံ အပ်နှံ၍ ဆရာတော်ကြီးနှင့် အဘိဓမ္မာအရာတွင် နာမည်ကျော် ***ပထမကျော် ဦးအုန်း*** တို့ထံတွင် အဘိဓမ္မာပညာရပ်များကို သင်ယူခဲ့သည်။

၁၂၈၁ ခုနှစ်၊ ဝါဆိုလဆန်း ၈ ရက်နေ့၊ သက်တော် ၂၀ အရွယ်တွင် မင်္ဂလာတိုက်ဆရာတော်ဘုရားကြီးအား ဥပဇ္ဈာယ်ပြု၍ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိသည်။ ရဟန်းခံယူသောနေ့ အိမ်မှ ထွက်တော်မူရာတွင် သက်န်းတော်ကို ဒုတိယအကြိမ် ပျားစွဲသည်။

၁၂၈၃ ခုနှစ်တွင် အစ်မဖြစ်သူ သီလရှင် ***ဒေါ်သုစာရီ*** နှင့် မိုးကုတ်မြို့သူ သီလရှင် ***ဒေါ်ဝိစာရီ*** တို့က ဒုတိယအကြိမ် သိမ်ထပ်သိက္ခာတင် မင်္ဂလာပြုကြရာမှ မိုးကုတ်ဆရာတော်ဟူသော အမည်တော်ကို ခေါ်ဝေါ်နိုင်ရန် အခြေခံ အကြောင်းတစ်ရပ် ဖြစ်ခဲ့သည်။

၁၂၈၆ ခုနှစ်တွင် ပထမကျော်ဆရာကြီး ဦးအုန်း လက်စမသတ်ခဲ့ရသော နာမည်ကျော် ***'အဘိဓမ္မာတံခွန်ကျမ်းကြီး'*** ကို လက်စသတ် ရေးသားတော်မူသည်။ ***'ယမကမဉ္ဇရီကျမ်း'*** နှင့် ***'ပုထုဇန အလင်းပြကျမ်း'*** များကိုလည်း ပြုစုတော်မူခဲ့သည်။

ပဋိစ္စသမုပ္ပာဒ်တရားတော်ကို မိုးကုတ်ဆရာတော်၏ တရားစာအုပ်များကို ဖတ်ကြည့်မိမှ နားလည်သည်ဟု စာတတ်ပေတတ် ပုဂ္ဂိုလ်ကြီးများကပင် ချီးကျူးရသည်။


၁၃၀၃ ခုနှစ်မှစ၍ ဒုတိယကမ္ဘာစစ်ကြီးအတွင်း မိုးကုတ်မြို့၌ သီတင်းသုံး နေထိုင်တော်မူသည်။ ၁၃၀၇ ခုနှစ်တွင် ညောင်လေးပင်၊ အမရပူရ၊ မန္တလေးနှင့် မိုးကုတ်မှ တပည့်ဒါယကာ၊ ဒါယိကာမများကို နှိုးဆော်ကာ ရန်ကုန်မြို့၊ ဗိုလ်တထောင်စေတီတော်၌ ရတနာစိန်ဖူးတော်ကို တင်လှူတော်မူခဲ့သည်။

၁၃၁၆ ခုနှစ်တွင် *ဒေါ်ဒေါ်အုံ*၊ *ဒေါ်ဒေါ်ဖုံ* တို့က မိုးကုတ်မြို့တွင် ***'မင်္ဂလာတိုက်'*** ဟု ကမ္ပည်းထိုးကာ တိုက်ကျောင်း ဆောက်လုပ်လှူဒါန်းတော်မူသည်။ စစ်ဘေးစစ်ဒဏ်မှ ပို၍ စိတ်ချရန် မိုးကုတ်မြို့နှင့် ၄ မိုင်ခန့်ဝေးသော ဘော်ဘတန့် တောင်ပေါ်ရွာရှိ ကျောက်လိုဏ်ဂူများတွင် ကြွရောက် သီတင်းသုံးတော်မူသည်။

၁၃၂၄ ခုနှစ် ဝါဆိုလဆန်း ၇ ရက်နေ့တွင် သာသနာရေးဦးစီးဌာနမှ လှူဒါန်း ဆက်ကပ်သည့် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကို အလှူခံတော်မူသည်။


၁၃၂၄ ခု သီတင်းကျွတ်လပြည့်ကျော် ၄ ရက်၊ ဗုဒ္ဓဟူးနေ့ နေ့လယ် တစ်နာရီ မိနစ်နှစ်ဆယ် အချိန်တွင် ခန္ဓာဇာတ်သိမ်း၍ အကြွင်းမဲ့ အေးငြိမ်းတော်မူပြီး ဘဝနတ်ထံ ပျံလွန်တော်မူသည်။

http://www.dhammadownload.com



ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရားကြီး

http://www.dhammadownload.com



ဆန်းလွင် (ရှင်အာဒိစ္စရံသီ)

http://www.dhammadownload.com

# ဆန်းလွင် (ရှင်အာဒိစ္စရံသီ)
# (၁၉၃၈-၂၀၀၂)

ရခိုင်ပြည်နယ်၊ သံတွဲမြို့တွင် အဘ ဦးဖိုးညွန့်၊ အမိ ဒေါ်လှကြီးတို့မှ ၁၉၃၈ ခု ဇန်နဝါရီ လ ၁၃ ရက်၊ တနင်္ဂနွေနေ့တွင် မွေးဖွားသည်။ အမည်ရင်းမှာ ဦးဆန်းလွင် ပင် ဖြစ်သည်။ ၁၉၆၂ ခုနှစ်တွင် ဒဿနိကဗေဒ ဂုဏ်ထူးဖြင့် ဝိဇ္ဇာဘွဲ့ (ရွှေတံဆိပ်) ရသည်။ မဟာဝိဇ္ဇာတန်း တက်ပြီးနောက် မြစ်ကြီးနား ကောလိပ်နှင့် ရန်ကုန်တက္ကသိုလ်များ၌ ကထိက အဖြစ် အမှုထမ်းဆောင်ခဲ့သည်။

အသက် ၁၈ နှစ်အရွယ်တွင် မိဘရိုးရာ အစ္စလာမ်ဘာသာမှ ခရစ်ယာန် ဘာသာသို့ ဝင်ရောက် လေ့လာပြီး မနှစ်သက်၍ လေးနှစ်အကြာတွင် ခရစ်ယာန် ဘာသာကို စွန့်လွှတ်လိုက်သည်။

အသက် ၂၂ နှစ်တွင် ကွန်မြူနစ်ဝါဒကို လေ့လာပြီး ဘာသာအယူဝါဒများကို စွန့်ပယ်၍ ကမ္ဘာ့အတွေးအခေါ်မျိုးစုံ၊ ဘာသာမျိုးစုံကို လေ့လာသည်။

အသက် ၃၂ နှစ်တွင် ဗုဒ္ဓကိုယ်ကျင့်တရား ပညာကျမ်း ပြုစုရန် ပါမောက္ခ၏ တာဝန်ပေးချက်အရ ကမ္ဘာအေး ဗုဒ္ဓဘာသာ တက္ကသိုလ်တွင် ကမ္ဘာ့ဗုဒ္ဓဘာသာကို စတင်လေ့လာသော အခါမှ စ၍ မိမိ ရှာဖွေနေသော သစ္စာဝါဒကို တွေ့ပြီဟု ဝမ်းသာပြီး ပိဋကတ်သုံးပုံ (မြန်မာပြန်) ကို ကုန်အောင် လေ့လာသည်။

၁၉၇၂ တွင် တက္ကသိုလ်က ထွက်ပြီး ရုပ်ရှင်ဒါရိုက်တာ လုပ်သည်။ ဒါရိုက်တာ အဖြစ် '*မျက်နှာငယ်ရမှာက မောင့်ချစ်ဦး*'၊ '*လောကကို အလှဆင်မယ်*'၊ '*မနော်ဟာရီအလှ*' ရုပ်ရှင်ဇာတ်ကားများနှင့် ရုပ်ရှင်ဇာတ်ညွှန်း အနေဖြင့် '*ငါ့ညီ ငါ့မြေ ငါ့အမေ*'၊ '*လက္ခဏာယ်မိုးနှောင်း*' နှင့် '*မသည်းနဲ့ သံသရာ*' ဇာတ်ကားများကို ရေးသားခဲ့သည်။ '*ရုပ်ရှင်အနုပညာနှင့် ရုပ်ရှင်အတတ်ပညာကျမ်း*' ကို ဆန်းလွင် အမည်ဖြင့် ပြုစုခဲ့သည်။ '*ဖဲသမား*' (Gambler) အမည်ဖြင့် ပြန်ဆိုခဲ့သော ဘာသာပြန်ဝတ္ထုမှာ ၁၉၆၈ ခုနှစ် အမျိုးသားစာပေဆု၊ ဘာသာပြန် စာပေ ဝတ္ထုဆု ရရှိခဲ့သည်။

လုံးချင်းစာအုပ်များ အနေဖြင့် *သျှင်ဥတ္တမဇသို့ ပြန်ကြားချက်နှင့် ရွှေဥဒေါင်းသို့ ပြန်ကြားချက်၊ ဖီလိုဆိုဖီ ကကြီး ခကွေး၊ ကမ္ဘာ့တွေးခေါ်ရှင်ကြီးများ၊ ဘိုင်းစတိုင်း၊ ဘာထရန်ရပ်ဆယ်၊ တရုတ်တွေးခေါ်ရှင်ကြီးများ၊ ရုရှားတွေးခေါ်ရှင်ကြီးများ၊ တရားတွေ့ဖို့ ချမ်းမြေ့ဖို့ အတွေးအမြင် ဆောင်းပါးများ၊ ကျူရိုးရှင်၊ ထိပ်ဆုံးက စပိုင်၊ ရွှေတောင်တက်ဒဿန၊ ရတနာ သုံးပါးကို ယုံကြည်ကိုးကွယ်ဆည်းကပ်လာသူ တစ်ယောက်အကြောင်း၊ သစ္စာဉာဏ်ပွင့် ဒဿန၊ သေခြင်း ဒဿန၊ ဂိုးလ်စတီန်းကိုယ်တွေ့ ဝိပဿနာ (ဦးဟန်ဒွေးနှင့် ပူးတွဲရေးသည်)၊ မိုးကုတ် ဝိပဿနာ ရှုနည်း၊ ထေရဝါဒ ဘုတ်မြစ်များအဖွင့်၊ ဘုံစဉ်စံ ဘဝလမ်းပြ ဒဿန၊ ဗုဒ္ဓဘာသာ သိမှတ်ဖွယ်ရာများ၊ ထေရဝါဒ အခြေခံ အယူအဆများကို အဆင့်မြင့် နားလည်ခြင်း၊ ဗုဒ္ဓ၏ ကိုယ်ရည်ကိုယ်သွေး မြင့်မားရေးတရား၊ ဓမ္မ ဒဿနစာစု စသည်များအား ရေးသားခဲ့သည်။ တက္ကသိုလ် အောင်မှူး အမည်ဖြင့်*လည်း *စိတ်ညှို့ အိပ်မွေ့ချနည်းနှင့် အသုံးချနည်း အပြည့်အစုံ* စာအုပ်ကို ရေးသားပြုစုခဲ့သည်။ အင်တာနေရှင်နယ် မဂ္ဂဇင်းနှင့် ဓမ္မရုပ်စုံမဂ္ဂဇင်းတို့တွင် အယ်ဒီတာချုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

အသက် ၅၈ နှစ်တွင် ပဲခူးတိုင်း၊ ဗိုးသောင်ကျေးရွာ၊ ရွှေမင်းဝင်ရပ်ကွက်၊ ဓမ္မစာရီကျောင်းတွင် ရဟန်းအဖြစ် ခံယူပြီး ရွှေမင်းဝင် နိုင်ငံတကာ ဝိပဿနာ အလုပ်စခန်းကို ဖွင့်လှစ်ခဲ့သည်။

၂၆၊ ၁၁၊ ၂၀၀၂ (အင်္ဂါနေ့) ည ၁၀ နာရီ ၁၀ မိနစ်တွင် ဘဝနတ်ထံ ပျံလွန်တော်မူသည်။

http://www.dhammadownload.com

ရည်ညွှန်းချက်

မိုးကုတ်ဝိပဿနာ အလုပ်စဉ်တရား စာအုပ်များကို ရက်ရောသော စေတနာဖြင့် လှူဒါန်းခဲ့ကြသော ဓမ္မမိတ်ဆွေ ဦးဝင်းလှိုင်၊ ဒေါ်အေးအေးရီ မိသားစုနှင့် ဦးမြင့်တင်၊ ဒေါ်သိန်းသိန်းဆင့် မိသားစုတို့အတွက်

http://www.dhammadownload.com

# မာတိကာ

| စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| | မိုးကုတ်ဝိပဿနာ အလုပ်စဉ်တရား စာအုပ်အမှတ် (၁၁) | | |
| ၁။ | ပရမ်းပတာဘေားမှ ကင်းလွတ်ရေး တရားတော် | - | ၁၆ |
| ၂။ | သစ္စာဆိုတာ ခန္ဓာမှာ ရှိပုံ | - | ၁၉ |
| ၃။ | ဝိပဿနာမဂ်နှင့် လောကုတ္တရာမဂ် | - | ၂၂ |
| ၄။ | ခန္ဓာကိုယ်ကို သစ္စာမျက်လုံး တပ်ကြည့်ရမည် | - | ၂၅ |
| ၅။ | အရိယာမျက်လုံး တပ်ကြည့်မှ နိဗ္ဗာန်မြင်ရပုံ | - | ၂၇ |
| ၆။ | မသူတော်ဘေး မသင့်စေနှင့် | - | ၃၀ |
| ၇။ | ဘုရားအကြိုက်ဆုံး ပူဇော်နည်း | - | ၃၃ |
| ၈။ | စိတ္တာနုပဿနာ ရှုပုံ | - | ၃၅ |
| ၉။ | အဖုံးနှစ်ချပ် ဖွင့်ကြည့်မှ နိဗ္ဗာန်မြင်ပုံ | - | ၃၉ |
| ၁၀။ | တရားတုက တရားစစ်ကို ဖျက်ဆီးပုံ | - | ၄၁ |
| ၁၁။ | သာသနာတွင်းနှင့် သာသနာပ တရား ကွာခြားပုံ | - | ၄၃ |
| ၁၂။ | အနုဗောဓဉာဏ်နှင့် ပဋိဝေဓဉာဏ် | - | ၄၆ |
| | မိုးကုတ်ဝိပဿနာ အလုပ်စဉ်တရား စာအုပ်အမှတ် (၁၂) | | |
| ၁။ | အပေါင်းအသင်း မလွဲကြစေနှင့် | - | ၅၂ |
| ၂။ | သမ္မာဒိဋ္ဌိနှစ်မျိုး | - | ၅၆ |
| ၃။ | ဝိပဿနာအလုပ် မလုပ်ရင် နိဗ္ဗာန်မရှိ | - | ၅၈ |
| ၄။ | သစ္စာသိဖို့ အရေးအကြီးဆုံး | - | ၆၀ |

http://www.dhammadownload.com

၅။ သစ္စာမသိတာ ကြောက်စရာ အကောင်းဆုံး - ၆၃
၆။ ပုဂ္ဂိုလ်လေးမျိုးဖြင့် ဝေဖန် ဟောကြားခြင်း - ၆၇
၇။ ယနေ့ အရေးအကြီးဆုံး တရား - ၇၀
၈။ သစ္စာဉာဏ်အကြောင်း - ၇၃
၉။ ကိစ္စဉာဏ် ပိဋ္ဌနုဋ္ဌသဘော - ၇၇
၁၀။ ကိစ္စဉာဏ် သခ်ိတဋ္ဌသဘော - ၈၀
၁၁။ ကိစ္စဉာဏ် သန္တာပဋ္ဌသဘော - ၈၂
၁၂။ မဟာပစ္စဝေက္ခဏာ ခုနစ်ချက် - ၈၄

## မိုးကုတ်ဝိပဿနာ အလုပ်စဉ်တရား စာအုပ်အမှတ် (၁၃)

၁။ ဒိဋ္ဌိပြုတ်အောင် ရှုနည်း - ၉၀
၂။ တေဇောခတ် မင်းကြီး ဖန်တီးပုံနှင့် လွတ်ရာလမ်း - ၉၃
၃။ သုသိမပဏ္ဍု အဆုံးသတ် - ၉၆
၄။ ဒိဋ္ဌိခွာပြီး နိဗ္ဗာန်ဝင်ရန် - ၁၀၀
၅။ လောင်စာသိမ်း၍ မီးငြိမ်းရန် သဿတ ဥစ္ဆေဒဒိဋ္ဌိပြုတ်နည်း - ၁၀၃
၆။ နားက တရားနာ၊ ဉာဏ်က ခန္ဓာလှည့် - ၁၀၆
၇။ ဒိဋ္ဌိကို အရင်ခွာရမည် - ၁၁၀
၈။ ပုထုဇဉ်နှစ်မျိုး ရှိပုံ - ၁၁၃
၉။ ကျေးနှင့် ငကန်း ခရီးသွားပုံ - ၁၁၅
၁၀။ သစ္စာသိဖို့ အရေးအကြီးဆုံး - ၁၁၈
၁၁။ ကိုယ့်အကြောင်း ကိုယ် သိရမည် (၁) - ၁၂၀
၁၂။ ကိုယ့်အကြောင်း ကိုယ် သိရမည် (၂) - ၁၂၃
၁၃။ ဝိပဿနာ ရှုဖို့ အကြိမ်ကြိမ် မှာခြင်း - ၁၂၅

## မိုးကုတ်ဝိပဿနာ အလုပ်စဉ်တရား စာအုပ်အမှတ် (၁၄)

၁။ ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာ သတ်ခန်း - ၁၃၂
၂။ သစ္စာသိမှ သံသရာ ပြတ်ပုံ - ၁၃၅
၃။ သစ္စာသိမှ သံသရာပြတ်ပုံ - ၁၃၇
၄။ အကြားအမြင် မရှိတဲ့ ပုထုဇဉ်နှင့် အကြားအမြင်ရှိတဲ့ ပုထုဇဉ် - ၁၄၀

http://www.dhammadownload.com


၅။ နဒီသုတ် - ၁၄၂
၆။ ဒိဋ္ဌိစင်မှ နိဗ္ဗာန်မြင် - ၁၄၄
၇။ ကံကို အတ္တလုပ်ပြီး အားမကိုးသင့် - ၁၄၇
၈။ သောတာပန်ဖြစ်ကြောင်း နှစ်ပါး - ၁၅၀
၉။ ယမကရဟန်း ဝတ္ထု - ၁၅၃
၁၀။ ကုသိုလ်စစ်ကို ရအောင်ရှာ - ၁၅၆
၁၁။ ပပဉ္စချုပ်ပျောက်ကြောင်း - ၁၅၉
၁၂။ အနတ္တထင်အောင် ရှုရန် - ၁၆၁
၁၃။ တစ်မင်္ဂတစ်ဖိုလ် ရပုံ အဓိပ္ပာယ် - ၁၆၃


မိုးကုတ်ဝိပဿနာ အလုပ်စဉ်တရား စာအုပ်အမှတ် (၁၅)


၁။ သံသရာခရီးသည် ထွက်လမ်း - ၁၇၀
၂။ အာသဝချုပ်ကြောင်း - ၁၇၂
၃။ ဒိဋ္ဌိကွာပြီးမှ ဝိပဿနာရှုရန် - ၁၇၄
၄။ ကံကို ဉာဏ်ဖြင့် သတ်နည်း - ၁၇၆
၅။ ခန္ဓာကိုယ်ရှိက ကျွန်းမာမှု မရှိ - ၁၇၈
၆။ ဝေဒနာ နုပဿနာ ရှုနည်း - ၁၈၀
၇။ ကိုယ့်ခန္ဓာ ကိုယ် သုံးသပ်နည်း - ၁၈၃
၈။ လူ့ပြည်မှ လမ်းသုံးသွယ် - ၁၈၅
၉။ နိဗ္ဗာန်ကို ခန္ဓာဖုံးပုံ - ၁၈၇
၁၀။ ရှေ့သွား ခေါင်းဆောင်စိတ် - ၁၈၉
၁၁။ ပဋိစ္စသမုပ္ပာဒ်မှ ထွက်ရာလမ်း - ၁၉၁
၁၂။ လောဘ၊ ဒေါသ၊ မောဟချုပ်ကြောင်း - ၁၉၄
၁၃။ ယမမင်း စစ်ခန်း - ၁၉၆
၁၄။ ရှင်ပြုအလှူနှင့် ရေစက်ချ - ၁၉၈


မိုးကုတ်ဝိပဿနာ အလုပ်စဉ်တရား စာအုပ်အမှတ် (၁၆)


၁။ ခန္ဓာငါးပါး သူသတ်ယောက်ျား - ၂၀၅
၂။ ခန္ဓာကယ်တင်ရမည့်တရား - ၂၀၉

http://www.dhammadownload.com

၃။ ဝဋ္ဋကျွတ်ကံပြတ် - ၂၁၂
၄။ ကံပြတ်၊ တဏှာပြတ်၊ ဝဋ္ဋပြတ် (နေ့အလုပ်ပေးတရား) - ၂၁၅
၅။ တဏှာ ဥပါဒါန် ကံပြတ် (နေ့အလုပ်ပေးတရား) - ၂၁၈
၆။ ကိုယ့်ခန္ဓာ သုံးသပ်ပုံ (နေ့အလုပ်ပေးတရား) - ၂၂၂
၇။ ဝိပ္ပလ္လာသတံတိုင်းအတွင်း မှောင်ကျပုံ (နေ့အလုပ်ပေးတရား) - ၂၂၆
၈။ ဝိပ္ပလ္လာသ ဆယ့်နှစ်ပါး (နေ့အလုပ်ပေးတရား) - ၂၂၉
၉။ မဂ်မှတစ်ပါး ကယ်မည့်ယူမည့်သူ မရှိ (နေ့အလုပ်ပေးတရား) - ၂၃၁
၁၀။ သဿတဥစ္ဆေဒ ကင်းစင်ရေး (နေ့အလုပ်ပေးတရား) - ၂၃၅
၁၁။ သဿတ ဥစ္ဆေဒသိမှုနှင့် ဖြုတ်ရေး (နေ့အလုပ်ပေးတရား) - ၂၃၇
၁၂။ အမှတ်မှားကြောင့် ကျွန်အမှားတွေ
ဆက်တိုက် ဖြစ်ပေါ်လာပုံ (နေ့အလုပ်ပေးတရား) - ၂၄၀
၁၃။ နိကိုးရာ၊ အားထားရာ၊ မှီခိုရာ အစစ်
ရှာသင့်ကြောင်း (နေ့အလုပ်ပေးတရား) - ၂၄၃

## မိုးကုတ်ဝိပဿနာ အလုပ်စဉ်တရား စာအုပ်အမှတ် (၁၇)

၁။ သာသနာတွင်းနှင့် သာသနာပ (နေ့အလုပ်ပေးတရား) - ၂၅၀
၂။ အခြားအရေးထက် ငရဲမျိုးစေ့ ပြုတ်ရေးက
ပိုပြီး အရေးကြီးပုံ (နေ့အလုပ်ပေးတရား) - ၂၅၄
၃။ ဝဋ္ဋသုံးပါး လည်ပုံ (နေ့အလုပ်ပေးတရား) - ၂၅၇
၄။ ဒုက္ခမှ လွတ်မြောက်ကြောင်း လမ်းခွဲရှာရန်
(နေ့အလုပ်ပေးတရား) - ၂၆၀
၅။ ကံပြတ်တရား (၁) (နေ့အလုပ်ပေးတရား) - ၂၆၃
၆။ ကံပြတ်တရား (၂) (နေ့အလုပ်ပေးတရား) - ၂၆၆
၇။ လူ့သံယောဇဉ် စွန့်ပြီးမှ တရားအားထုတ်ရန် - ၂၆၈
၈။ ဒိဋ္ဌိပြုတ်-အင်္ဂဝစ္ဆသုတ် (နေ့အလုပ်ပေးတရား) - ၂၇၀
၉။ နိဗ္ဗာန်ရောက်ကြောင်း (နေ့အလုပ်ပေးတရား) - ၂၇၃
၁၀။ မိစ္ဆာဒိဋ္ဌိသည် ကြောက်စရာ အကောင်းဆုံး - ၂၇၅
၁၁။ ဒိဋ္ဌိခွာနည်း (နေ့အလုပ်ပေးတရား) - ၂၇၇
၁၂။ နိဗ္ဗာန်ရောက်ကြောင်း (နေ့အလုပ်ပေးတရား) - ၂၇၉
၁၃။ အပြစ်ကင်းသော သေခြင်းအကြောင်း (နေ့အလုပ်ပေးတရား) - ၂၈၁

http://www.dhammadownload.com

## မိုးကုတ်ဝိပဿနာ အလုပ်စဉ်တရား စာအုပ်အမှတ် (၁၈)


၁။ ဒိဋ္ဌိပြုတ်ရေး (၁) (နေ့အလုပ်ပေးတရား) - ၂၈၈
၂။ ဒိဋ္ဌိပြုတ်ရေး (၂) (နေ့အလုပ်ပေးတရား) - ၂၈၉
၃။ နိဗ္ဗာန်လိုချင် အလုပ်နှစ်လုပ်ပဲ လုပ်ပါ (နေ့အလုပ်ပေးတရား) - ၂၉၂
၄။ ရုန့်သူနှစ်ယောက် အသေသတ်နည်း (နေ့အလုပ်ပေးတရား) - ၂၉၄
၅။ ခန္ဓာတွေ ပြန့်ပြန့်ရနေခြင်းအကြောင်း (နေ့အလုပ်ပေးတရား) - ၂၉၆
၆။ အလုပ်စဉ် ဝိပဿနာတရား (နေ့အလုပ်ပေးတရား) - ၂၉၉
၇။ အားထုတ်နည်း သုံးမျိုးအကြောင်း (နေ့အလုပ်ပေးတရား) - ၃၀၂
၈။ ဉာဏ်သုံးပါး ခွဲပြပုံ (နေ့အလုပ်ပေးတရား) - ၃၀၆
၉။ လုပ်ငန်း အစနှင့်အဆုံး ပြသည့်တရား (နေ့အလုပ်ပေးတရား) - ၃၀၈
၁၀။ ကိုယ့်ကိုယ်ကိုယ် သုံးသပ်နည်း (နေ့အလုပ်ပေးတရား) - ၃၁၁
၁၁။ ပုဂ္ဂိုလ်လေးမျိုး ခွဲပြခြင်း (နေ့အလုပ်ပေးတရား) - ၃၁၃
၁၂။ မာဂဏ္ဍီပရိဗိုဇ်ဝတ္ထု (၁) (နေ့အလုပ်ပေးတရား) - ၃၁၆
၁၃။ မာဂဏ္ဍီပရိဗိုဇ်ဝတ္ထု (၂) (နေ့အလုပ်ပေးတရား) - ၃၁၈


## မိုးကုတ်ဝိပဿနာ အလုပ်စဉ်တရား စာအုပ်အမှတ် (၁၉)


၁။ မာဂဏ္ဍီပရိဗိုဇ်ဝတ္ထု (၃) (နေ့အလုပ်ပေးတရား) - ၃၂၇
၂။ မာဂဏ္ဍီပရိဗိုဇ်ဝတ္ထု (၄) (နေ့အလုပ်ပေးတရား) - ၃၂၉
၃။ အရှင်အာနန္ဒာ သောတာပန် တည်ပုံ (နေ့အလုပ်ပေးတရား) - ၃၃၁
၄။ အရိယာမျက်လုံး အရေးကြီးပုံ
မာဂဏ္ဍီပရိဗိုဇ်ဝတ္ထု (၅) (နေ့အလုပ်ပေးတရား) - ၃၃၄
၅။ သုညတ တရားနာရမှ သုညတ နိဗ္ဗာန်ရောက်ပုံ (နေ့အလုပ်ပေးတရား) - ၃၃၇
၆။ ဒီခန္ဓာစွန့်ပြီးနောက် ခန္ဓာရခြင်းသည်
အကြီးဆုံး အပြစ်သင့်ကြောင်း (နေ့အလုပ်ပေးတရား) - ၃၄၁
၇။ ကိလေသာ ဖယ်နည်း နိဿရည်း (နေ့အလုပ်ပေးတရား) - ၃၄၃
၈။ လောင်စာသိမ်း၍ မီးငြိမ်းရန်
ဝိပဿနာရှုနည်းတရား (နေ့အလုပ်ပေးတရား) - ၃၄၆
၉။ သုခနှင့် ဒုက္ခ ပရိဗိုဇ်မေး၊ အရှင်သာရိပုတ္တာဖြေ - ၃၄၉

http://www.dhammadownload.com

၁၀။ သုတဝါအရိယာ သာဝက ဖြစ်မှ
ဒိဋ္ဌိပြုတ်ကြောင်းတရား (နေ့အလုပ်ပေးတရား) - ၃၅၂
၁၁။ သုဂတိ နိဗ္ဗာန်သွားတဲ့နည်း (နေ့အလုပ်ပေးတရား) - ၃၅၄
၁၂။ ပဋ္ဌာနန္တရိယကံမှ လွဲရင် ဝိပဿနာကုသိုလ်က ကယ်တင်နိုင်ပုံ - ၃၅၇
၁၃။ ဝိသုဒ္ဓိ ခုနစ်ပါးကို ရည်ရွယ်၍ ဘုရားသာသနာဝယ်
ကျင့်သည်မဟုတ် နိဗ္ဗာန်ကိုသာ ရည်ရွယ်ပုံတရား - ၃၆၁

**မိုးကုတ်ဝိပဿနာ အလုပ်စဉ်တရား စာအုပ်အမှတ် (၂၀)**

၁။ ဝိသုဒ္ဓိ ခုနစ်ပါး၊ ရထား ခုနစ်စင်း ဥပမာပေးပုံ
(နေ့အလုပ်ပေးတရား) - ၃၆၈
၂။ သာသနာတော်၏ အနှစ်သာရ ရှာပုံ (နေ့အလုပ်ပေးတရား) - ၃၇၀
၃။ ခန္ဓာငါးပါးသည် ကမ်းနားသစ်ပင်နှင့် တူပုံ
(နေ့အလုပ်ပေးတရား) - ၃၇၃
၄။ သူများပါးစပ် လမ်းဆုံးမှု ဇာတ်သိမ်းပုံ (နေ့အလုပ်ပေးတရား) - ၃၇၅
၅။ ခန္ဓာဉာဏ်ရောက်မှ
သံသရာတိုမည့်အကြောင်း (နေ့အလုပ်ပေးတရား) - ၃၇၇
၆။ ဓမ္မာနု ဓမ္မပဋိပတ္တိကင်း၍ မဂ်ဉာဏ်ဖိုလ်ဉာဏ်
မရနိုင်ကြောင်း (နေ့အလုပ်ပေးတရား) - ၃၈၀
၇။ အနာဂတ်ဘေး ငါးပါးအကြောင်း (နေ့အလုပ်ပေးတရား) - ၃၈၂
၈။ သံသရာစခန်း သတ်ချင်ရင်
မဂ်အလုပ် လုပ်ရန် (နေ့အလုပ်ပေးတရား) - ၃၈၅
၉။ ခန္ဓာက ပြောတာကို ဉာဏ်ကရှုရန်
သက္ကပဥ္စာသုတ် အဆုံးသတ် (နေ့အလုပ်ပေးတရား) - ၃၈၇
၁၀။ အိမ်တွင်း ပဋိစ္စသမုပ္ပါဒ်တရား (၁) (နေ့အလုပ်ပေးတရား) - ၃၈၉
၁၁။ အိမ်တွင်း ပဋိစ္စသမုပ္ပါဒ်တရား (၂) (နေ့အလုပ်ပေးတရား) - ၃၉၁
၁၂။ အိမ်တွင်း ပဋိစ္စသမုပ္ပါဒ်တရား (၃) (နေ့အလုပ်ပေးတရား) - ၃၉၃
၁၃။ ခန္ဓာမှာ တရားရှာပါ၊ ဘုရား ပရိနိဗ္ဗာန် မစံသေးပုံ - ၃၉၅

http://www.dhammadownload.com

အနှစ်ချုပ်

# မိုးကုတ်ဝိပဿနာ အလုပ်စဉ်တရား

စာအုပ်အမှတ်(၁၁)

http://www.dhammadownload.com

http://www.dhammadownload.com

## မိုးကုတ်ဝိပဿနာအလုပ်စဉ်တရား စာအုပ်အမှတ် (၁၁)

**နိဒါန်း**

မိုးကုတ်ဆရာတော်ဘုရားကြီး၏ ဟောတရားများမှာ ဗုဒ္ဓဘာသာ မိရိုးဖလာများ၏ ဘဝတွင် လိုနေသော ဟာကွက်ကို ဖြည့်ပေးရန်၊ ပြုပြင်လိုသော ဆန္ဒဖြင့် ဟောကြားသော တရားများ ဖြစ်ကြသည်။ ဒါန မလုပ်မီ၊ သီလ မလုပ်မီ၊ သမထ မလုပ်မီ၊ ဝိပဿနာမလုပ်မီ ဒိဋ္ဌိဖြုတ်မှုကို အရင်လုပ်ပါဟု ပဓာနထား၍ ဟောထားပါသည်။ ဒိဋ္ဌိကြောင့် သံသရာ လည်သည်။ ဒိဋ္ဌိသည် မဂ်တားဖိုလ်တားဖြစ်သည်။ ဒိဋ္ဌိကွာမှ နိဗ္ဗာန်ရသည်။ ဒိဋ္ဌိ ခွာနည်း သုံးနည်း ရှိသည်။ အသိနှင့် ခွာနည်း၊ အပွားနှင့် ခွာနည်း၊ မဂ်နှင့် အပြီးခွာနည်း ဖြစ်သည်။ တစ်နည်း ဉာတပရိညာ၊ တီရဏပရိညာ၊ ပဟာနပရိညာ ဖြစ်သည်။ ဆရာတော်ကြီးသည် ဒိဋ္ဌိခွာရာ၌ ပဋိစ္စသမုပ္ပါဒ် ဒေသနာ တော်ကြီးကို အခြေခံ၍ ဟောကြားပါသည်။ သစ္စာနုလောမိက ဉာဏ် ရရှိရေးကို ပဓာနထားသည်။ သစ္စာသိအောင် ဆရာကောင်း သမားကောင်း ဟောကြားသော တရားကို နာခြင်းအားဖြင့် အနုဗောဓဉာဏ် ဖြစ်စေနိုင်သည်။ ဝိပဿနာအလုပ်ကို လုပ်ပါမှ ပဋိဝေဓဉာဏ်ကို ရနိုင်ကြောင်း ဤစာအုပ်တွင် ဖော်ညွှန်းထားသည်။

ဤအမှတ်စဉ်(၁၁)ပါ စာအုပ်မှ တရားများအနက် ပထမ အမှတ်(၁) တရားမှ အမှတ်(၄) တရား အထိကို ၁၄–၆–၆၂မှ ၁၇–၆–၆၂ နေ့စွဲများဖြင့် ဟောထားသည်။ မိုးကုတ်မြို့ မဂ်လာတိုက်တွင် ဟောကြားသော တရားများ ဖြစ်ကြောင်း တွေ့ရသည်။ တရား အမှတ်စဉ်(၅)မှ (၇) အထိ သုံးပုဒ်မှာ နေ့စွဲ

http://www.dhammadownload.com



ဖော်ပြထားခြင်း မရှိပါ။ မိုးကုတ်မြို့ မင်္ဂလာတိုက်မှာပင် ဟောကြားသော တရားများဖြစ်ကြောင်း တွေ့ရသည်။

သို့သော် အမှတ်စဉ်(၈) စိတ္တာနုပဿနာ ရှုနည်း တရားကို ၁၇–၆–၆၂ မှာပင် ဟောသည်ဟု ဖော်ပြထားပြန်သည်။ ဟောတရား အမှတ်(၄)ကိုလည်း ၁၇–၆–၆၂ မှာပင် ဟောကြောင်း ဖော်ပြထားသဖြင့် နေ့စွဲတစ်ခုတည်း ဖြစ်နေသည့်ပြင်၊ ညအလုပ်ပေးတရားချည်း ဖြစ်နေပြန်သည်။ တစ်နေ့တည်း နှစ်ပွဲဟောလျှင်လည်း နေ့တရားပွဲ ညတရားပွဲ ဖြစ်သင့်သည်။ တစ်စုံတစ်ခု မှားနေခြင်း ဖြစ်နိုင်သည်။ စိတ္တာနုပဿနာ အမည်ဖြင့် တရားတစ်ပုဒ်ကို အလုပ်စဉ် တရားစာအုပ် အမှတ်(၃) ဟောတရား အမှတ်(၁၀) မှာလည်း ဖော်ပြထားခဲ့သည်။ ခေါင်းစဉ် တူသော်လည်း ဟောပုံချင်း ကွာခြားပါသည်။ တစ်ပုဒ်စီ ဟောခြင်းဖြစ်ပါလိမ့်မည်။

ဤစာအုပ်တွင် ၁၈–၆–၆၂ နေ့စွဲဖြင့် ဟောကြားသော 'အဖုံးနှစ်ချပ် ဖွင့်ကြည့်မှ နိဗ္ဗာန်မြင်' ခေါင်းစဉ်ပါ တရားကို စာအုပ်အမှတ်စဉ်(၈) ဟောတရား အမှတ်(၂) ၌ ၁၆–၁၁–၆၁ က ဟောထားသည်။ ခေါင်းစဉ်ချင်း တူနေသည်။ တရားတစ်မျိုးတည်းကိုပင် နှစ်ကြိမ်ဟောခြင်း ဖြစ်နိုင်သည်။ ၁၆–၁၁–၆၁ တရားကို အမရပူရမြို့ ဓမ္မာရုံမှာ ဟောကြားခြင်း ဖြစ်သည်။ ၁၈–၆–၆၂ တရားမှာ မိုးကုတ်မြို့ မင်္ဂလာတိုက်တွင် ဟောကြားသောကြောင့် နှစ်နေရာမှာ နှစ်ကြိမ် ဟောခြင်း ဖြစ်တန်ရာသည်။

## ၁။ ပရမ်းပတာဘေးမှ ကင်းလွတ်ရေး တရားတော်

[ ၁၄–၆–၆၂ နေ့က မိုးကုတ်မြို့ မင်္ဂလာတိုက်မှာ ဟောသောတရား ]

တရားအားထုတ်တဲ့ ပုဂ္ဂိုလ်တွေ အားထုတ်ကြဖို့ တိုက်တွန်းသော စကားဖြင့် ဤတရားကို စတင် ဟောကြားသည်။ ဒါနတွေ ဘယ်လောက်ပဲ လုပ်ထားထား အပါယ်ဘေးသို့ လွင့်စဉ်ကျတတ်သော ဝိနိပါတဘေး မလွတ်နိုင်ကြောင်း ပုထုဇဉ် အဖြစ်နှင့် သေလျှင် ဝိနိပါတဘေး ပြေးမလွတ်သောကြောင့် သေလျှင် အပါယ်ဘေး က လွတ်အောင် ဦးစားပေး လုပ်ထားသင့်ပုံကို ဟောထားသည်။ ဆိုလိုရင်းမှာ ပုထုဇဉ်အဖြစ်နှင့် မသေပါနှင့် သောတာပန်အဖြစ်နှင့် သေပါဟု ဆုံးမလိုခြင်း ဖြစ်၏။ [နှာ–၃] ပုထုဇဉ် သီလ ဘယ်လောက်ပဲ ဆောက်တည်ဆောက်တည် သေလျှင် အပါယ်ဘေးက မလွတ်ပုံကို ဓမ္မပဒမှ ဧရကပတ္တနဂါးကြီး ရေနဂါး ဖြစ်သွားပုံဝတ္ထုကို သာဓက ထုတ်ပြသည်။ ပရမ်းပတာဘေး၊ ဝိနိပါတဘေးက

http://www.dhammadownload.com



လွတ်အောင် ဘယ်လိုလုပ်ကြမလဲဟု မေးသင့်သည်။ ခန္ဓာပဋိစ္စသမုပ္ပာဒ်ကို သိအောင် ကြိုးစားရမည်။ ခန္ဓာပဋိစ္စသမုပ္ပာဒ်ကို မသိလျှင် ဘာပဲလုပ်လုပ် ဒါနလုပ်လည်း အဝိဇ္ဇာဦးစီးသော ဝဋ္ဋဒါန ဖြစ်နေသည်။ သစ္စာသိပြီး ဘုရားတည် ကျောင်းဆောက်မှသာ ဝိဇ္ဇာမဂ္ဂင် ဖြစ်သည်။ ထိုဝိဇ္ဇာမဂ္ဂင်ကသာ နိဗ္ဗာန်ကို အကျိုးပြုသည်။

အဝိဇ္ဇာနှင့်ယှဉ်သော အဝိဇ္ဇာဦးစီးသော ကုသိုလ်ကံတွေ လုပ်လျှင်လည်း တဏှာ၊ ဥပါဒါန်ကံဖြစ်ပြီး ပဋိစ္စသမုပ္ပာဒ် တန်းသွားသည်။ ဝိဇ္ဇာဉာဏ်ဦးစီးမှသာ တဏှာချုပ်၊ ဥပါဒါန်ချုပ်၊ ကံချုပ်သည်၊ ပဋိစ္စသမုပ္ပာဒ် ဖြတ်သည်။ ဆရာတော်က ဘယ်သူ ဘာပြောပြော မယုံနှင့် ကိုယ့်ပဋိစ္စသမုပ္ပာဒ် ဖြစ်စဉ်က ပြတဲ့အတိုင်းသာ ယုံဟု မိန့်ထားသည်။ အပါယ်လေးပါးသို့ ပရမ်းပတာ ကျမည့်ဘေးက လွတ်ရေး အလုပ်ကို အရင် လုပ်ဟုလည်း တိုက်တွန်းထားသည်။ [နှာ–၁၅]

ပဋိစ္စသမုပ္ပာဒ် တစ်ခုလုံးသည် ခန္ဓာချည်း ဖြစ်သည်။ အပါယ်ပို့တာ ပဋိစ္စသမုပ္ပာဒ်က ပို့သည်။ ပဋိစ္စသမုပ္ပာဒ် တစ်ခုဖြစ်ပြီး တစ်ခုချုပ်တာကို သိလျှင် သောတာပန်နှင့် ကပ်နေပြီဟု မိန့်ဆိုထားသည်။ [နှာ–၁၈] နားမှာ ကြားသိစိတ်ကလေး ဖြစ်လျှင် ဒေါသစိတ်ကလေး ပေါ်လာသည်။ ဒေါသစိတ်ကြောင့် သောက လာပြန်သည်။ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿတွေ တန်းပြီး ဖြစ်လာသည်။ ဤကား မိမိခန္ဓာ၏ ဖြစ်စဉ် (ပဋိစ္စသမုပ္ပာဒ်) ဖြစ်သည်။ ကိုယ့်စိတ်၊ ကိုယ့်ဖြစ်စဉ်ကို ကိုယ်သိတာက ဝိဇ္ဇာဉာဏ် ဖြစ်သည်။ ကိုယ့်ခန္ဓာမှာ တစ်ခုဖြစ်ပြီး တစ်ခုပျက် ဖြစ်နေတာကို သိပြီဆိုလျှင် ထိုသိလုံးက နောက်လာမည့် ပဋိစ္စသမုပ္ပာဒ်ကို ဖြတ်သည်။

နောက်လာမည့် ပဋိစ္စသမုပ္ပာဒ် ပြတ်မှသာ ဝိနိပါတအမော ပရမ်းပတာ ကျသွားမည့် ဘေးကို တားနိုင်သည်။ [နှာ–၁၉] အန္ဓပုထုဇဉ်မှာ ထိုသို့ သိနိုင်သော ဉာဏ် မရှိပါ။ ဝိပဿနာဉာဏ် ပေါ်လာမှသာ ကိုယ့်စိတ်အစဉ်ကို ကိုယ်က ဖြတ်ပြီး ကြည့်နိုင်သည်၊ သိနိုင်သည်။ ပဋိစ္စသမုပ္ပာဒ်ကို သိလျှင် ဖြစ်ပျက် အနိစ္စကို သိသည်။ [နှာ–၂၁] ဖြစ်ပျက်က ဒုက္ခသစ္စာ၊ ဒုက္ခသစ္စာပဲဟု သိလိုက်တာက ဝိဇ္ဇာဉာဏ် မဂ္ဂသစ္စာ ဖြစ်သည်။ ထိုသိလုံး(မဂ်ဉာဏ်)က ပဋိစ္စသမုပ္ပာဒ် တန်းမသွားအောင် ကြားဝင်ပြီး တားလိုက်ခြင်း ဖြစ်သည်။

ဤကဲ့သို့ သိရင်းသိရင်းကနေ ခင်ဗျားတို့ အရိယာ ဖြစ်သွားမယ်ဟုလည်း ပွင့်ပွင့်လင်းလင်း မိန့်ဆိုထားသည်။ [နှာ–၂၂] "ကိုယ့်ပဋိစ္စသမုပ္ပာဒ်ကို ကိုယ် သိတဲ့ ပုဂ္ဂိုလ်ဟာ ပရမ်းပတာဘေးက လွတ်တယ်လို့ ဘုရားက ဟောတယ်" ဟုလည်း အကိုးအားဖြင့် ရှင်းပြထားသည်။ [နှာ–၂၃] 'အဝိနိပါတဓမ္မော နိယတော သမ္ဗောဓိ

http://www.dhammadownload.com



ပရာယနေ' သောတာပန်မှာ ပရမ်းပတာ ကျတဲ့ဘေး မရှိဘူးဟုလည်း မိန့်ဆိုထားသည်။

အဓိက ရှေ့ထားပြီး လုပ်ရမှာက ကိုယ့်မှာဖြစ်သော စိတ်ဖြစ်လျှင် ထိုစိတ်ဖြစ်ပြီး ပျက်ပုံ၊ ဝေဒနာ ဖြစ်လျှင်လည်း ဝေဒနာ ဖြစ်ပြီးပျက်ပုံကို ကိုယ်က သိနေရမည်။ [နာ၁-၂၅] ဤကဲ့သို့ ကိုယ့်ခန္ဓာ ဖြစ်စဉ်ကို ကိုယ်က သိနေလျှင် ကိုယ့်ပဋိစ္စသမုပ္ပာဒ်ကို ကိုယ်က ဖြတ်တတ်ပြီ။ ထိုသို့ ဖြတ်တတ်သော ပုဂ္ဂိုလ်သည် သေလျှင် အပါယ်သွားဦးမလားဟု သံသယကုက္ကုစ္စ ဖြစ်စရာ မလိုတော့ကြောင်း မိန့်ဆိုထားသည်။ [နာ၁-၂၆]

အလကား မနေကြနှင့် စိတ္တာနုပဿနာ ရှုလျှင်လည်း စိတ်ပေါ်တိုင်း သိပါ။ ဝေဒနာနုပဿနာ ရှုလျှင်လည်း ဝေဒနာပေါ်တိုင်း သိနေပါဟု ဆုံးမထားသည်။ ဤကဲ့သို့ သိနေပါက တဖြည်းဖြည်း အသိဉာဏ်က ရင့်ကျက်လာသည်။ သောတာပန် တည်တယ်ဆိုတာ အသိ ရင့်ကျက်လာတာကို ဆိုတာ [နာ၁-၂၇] ဟု ဆိုသည်။ အသိဉာဏ်က ပထမ အစမှာ ဖြစ်ပျက် ဘက်ကို လှည့်နေသည်။ နောက်ကျတော့ ဖြစ်ပျက် မရှိတဲ့ဘက်ကို လှည့်သွားသည်။ ဒါကြောင့် ဖြစ်ပျက်မြင်ပြီဆိုလျှင် ဖြစ်ပျက်မုန်းအောင် ဖြစ်ပျက်ဆုံးအောင် လိုက်ရမည်။ ဖြစ်ပျက် ဆုံးတော့ နိဗ္ဗာန်တွေ့သည်။ မဂ်ဉာဏ်ဖိုလ်ဉာဏ် ရသည်။ ထိုအခါ ဝိနိပါတဘေး ပရမ်းပတာ အပါယ်သို့ ကျနိုင်သော ဘေးမှ လွတ်သွားသည်။

ဆရာတော်က ဤတရားကို ဟောခြင်း ရည်ရွယ်ချက်မှာ ထိုဉာဏ် ထိုအသိကို ရအောင် ပထမ ဦးစားပေး လုပ်ကြဖို့၊ သားရေး၊ သမီးရေး၊ စီးပွားရေးကို နောက်ထားပြီး လုပ်ဖို့ဖြစ်ကြောင်း ဆုံးမသည်။ [နာ၁-၂၉]

ထို့နောက် သောတာပတ္တိမဂ္ဂသံယုတ်မှာ လာသောတရား ဝတ္ထုကြောင်းကို ထုတ်ပြသည်။ အုတ်တိုက် ပေါများသော ရွာသို့ ရောက်သွားသောအခါ ရွာသားများက သူတို့ရွာမှာ သေသွားကြသူများ စာရင်းကို ပြောပြပြီး ထိုပုဂ္ဂိုလ်များ ဘယ်ဘဝ အခြေအနေ ရောက်သွားကြသလဲ မေးပုံ၊ ကြာတော့ ဘုရားက မဖြေနိုင်တော့၊ ဖြေရလွန်းသောကြောင့် မဖြေတော့ဘဲ ကိုယ့်ဘာသာ အပါယ်ကျမကျ၊ သုဂတိဘုံသို့ ရောက် မရောက် ဆုံးဖြတ်နိုင်သော တရားစံကို ဟောသည်။

ပဋိစ္စသမုပ္ပာဒ် အမြင်ဖြင့် ကိုယ်သေရင် ဘယ်ဘဝရောက်မလဲ ဆုံးဖြတ်နိုင်ပုံကို ဟောသည်။ ပဋိစ္စသမုပ္ပာဒ်တန်းဖြတ်နေသူတွေ၊ မဖြတ်နိုင်သူတွေ သေလျှင် အပါယ်ဘုံသွားပုံ၊ ဖြတ်နိုင်သူက သေလျှင် သုဂတိဘုံ ရောက်ပုံကို ပြသည်။ ကိုယ့်

http://www.dhammadownload.com



ဘာသာ သိနိုင်ကြောင်း ဟောသည်။ [နာ၁-၃၇] ပဋိစ္စသမုပ္ပာဒ် ဖြတ်တတ်သော ဉာဏ်ရလျှင် ပရမ်းပတာကျသော ဘေးက လွတ်နိုင်ပုံကို ဟောထားသည်။

ထို့နောက် အသက်ရှင်နေသော ပုဂ္ဂိုလ်မှာ ပဋိစ္စသမုပ္ပာဒ် ခြောက်မျိုး ဖြစ်နေပုံ၊ မျက်စိပေါက်၊ နားပေါက်၊ လျှာပေါက်၊ နှာခေါင်းပေါက်၊ ကိုယ်ပေါက်၊ မနောပေါက်က ဖြစ်သော ပဋိစ္စသမုပ္ပါဒ် ဖြစ်သည်။ ဒွါရခြောက်ပေါက်က ခြောက်မျိုးပေါ်သည်။ သုဂတိပို့မည့် ကံတွေကို မဖြတ်ချင်နေ၊ ဒုဂ္ဂတိ(အပါယ်) ကို သွားမည့် ကံတွေကိုတော့ ဖြတ်ရမည်။ [နာ၁-၄၄] သုဂတိသွားသော ကံကို ဖြတ်နိုင်ပါက နိဗ္ဗာန်ကို မြန်မြန်ရသည်။ နိဗ္ဗာန်ကို မြန်မြန်ရချင်လျှင် ကံကို ဖြတ်ရသည်။ [နာ၁-၄၅] ဤကား ကိုယ့်ဘဝ အလားကို သိသော ဉာဏ်မှန်ကလေး ပေးလိုက်ခြင်း ဖြစ်၏။ ဤအသိသည် သောတာပန်မျိုးစေ့ အသိဖြစ်သည်ဟုလည်း ဆုံးဖြတ်ချက်ပေးထားသည်။ [နာ၁-၄၇] ဤသို့ ရှုခိုင်းနေသော အသိသည် **စူဠသောတာပန်အသိ** ဖြစ်သည်ဟုလည်း တိတိကျကျ ဆိုထားသည်။ ဤစူဠသောတာပန် အသိနှင့် သေသွားလျှင် နောက်ဘဝ သုဂတိသို့ ရောက်မည်။ သုဂတိရောက်လျှင် မဟာ**သောတာပန် ကေန် ဖြစ်ရမည်**ဟု ယတိပြတ် ဆုံးဖြတ်ချက်ချ၍ ဟောပြော ဆုံးမထားပါသည်။ အချိန်စေ့၍ တရားနားသည်။

*

## ၂။ သစ္စာဆိုတာ ခန္ဓာမှာရှိပုံ

[၁၅-၆-၆၂ နေ့က မိုးကုတ်မြို့ မင်္ဂလာတိုက်မှာ ဟောသော ညအလုပ်ပေး တရား]

ဘုရားက သစ္စာသိအောင် လုပ်ပါဟု အကြီးအကျယ် မှာကြောင်းဖြင့် ဤတရားကို စတင် ဟောကြားသည်။ သစ္စာ ဘယ်မှာရှိသလဲ၊ အဖြေမှာ ခန္ဓာသည် သစ္စာပင် ဖြစ်သည်မှတ်ဟု တိတိကျကျ မိန့်မှာသည်။ [နာ၁-၄၉] ခန္ဓာသည် ဒုက္ခသစ္စာ ဖြစ်သည်။ သစ္စာကိုသိအောင် ဉာဏ်မျက်လုံး တပ်ပြီး ကြည့်ပါဟုလည်း တိုက်တွန်းထားသည်။ ဉာဏ်မျက်လုံး တပ်ပြီးကြည့်တော့ ခန္ဓာကြီး ဖြစ်ပျက်နေတာသည် ဒုက္ခသစ္စာဖြစ်ကြောင်း၊ ခန္ဓာ၏ ပင်ကိုသဘောဖြစ်ကြောင်း သိလာရသည်။ [နာ၁-၅၀] ('သံခိတ္တေနပဉ္စုပါဒါ နက္ခန္ဓာ ဘိ ဒုက္ခာ') ခန္ဓာငါးပါး (ရုပ်၊ ဝေဒနာ၊

http://www.dhammadownload.com



ခဏတိုင်း သေနေရသည်။ ဤကား ခန္ဓာ၏ ဒုက္ခနှစ်ခု ဖြစ်သည်။ [နှာ-၅၃] တရားကို ရှုသောအခါ ခန္ဓာပြောတာ အမှန်ယူရမည်။ ဒုက္ခသစ္စာဆိုတာ လူများ ပြောတာလား၊ ကိုယ့်ခန္ဓာက ပြောတာလား မေးပါ။ ခန္ဓာက ပြောတာ ကိုယ်ကိုယ်တိုင် တိုက်ရိုက် တွေ့ကြုံပြီး သိရတာ မြင်ရတာ ဖြစ်သည်။

ကိုယ့်ခန္ဓာ ဖြစ်ပျက်နေတာ ကိုယ်တိုင် မြင်ရလျှင် စက္ခုဥဒပါဒိ ဖြစ်ပြီ။ ဉာဏ်မျက်လုံး ထင်ရှားဖြစ်တော့သည်။ ဒုက္ခသစ္စာကို မြင်သောဉာဏ် ထင်ရှား ဖြစ်ပေါ်လာသည်။ (ဉာဏံဥဒပါဒိ) ခန္ဓာက ပြောတာတွေ ဉာဏ်ထဲမှာ ပေါ်လာ သည်။ [နှာ-၅၆] အဝိဇ္ဇာ အမှောင်ပိတ်၍ အစက မမြင်ခဲ့သော သစ္စာတရားကို ယခု ဝိဇ္ဇာဉာဏ် အလင်းရသောအခါ သိမြင်လာသည်။ (အာလောကော ဥဒပါဒိ) သစ္စာကို မြင်သော ဉာဏ်အလင်းဓာတ် ဖြစ်ပေါ်လာသည်ဟု ဆိုလိုသည်။

ထို့နောက် အဝိဇ္ဇာပြီး သင်္ခါရလာတာ သံသရာ၊ သင်္ခါရကြောင့် ဝိညာဉ် ဖြစ်လာတာ သံသရာ၊ ဝိညာဉ်ပြီး နာမ်ရုပ်လာတာ သံသရာဟုဆိုကာ ပဋိစ္စသမုပ္ပာဒ် လည်ခြင်းကို သံသရာဖြစ်ကြောင်း ရှင်းပြထားသည်။ ဤဖြစ်စဉ်သည်သာ သံသရာ အစစ်ဖြစ်သည်ဟုလည်း မိန့်ကြားထားသည်။ [နှာ-၆၁] ပြီးမှ အဝိဇ္ဇာကနေ ပဋိစ္စ သမုပ္ပာဒ် သံသရာအစ ဖြတ်ပုံကို တင်ပြသည်။ အလုပ်ခွင် ဝင်မှ သံသရာပြတ်တယ် ဟုလည်း ဆုံးဖြတ်ပြထားသည်။ [နှာ-၆၂]

သံသရာဖြတ်ဆိုတာ ဘာပါလိမ့်၊ အဝိဇ္ဇာကို ဝိဇ္ဇာဖြစ်အောင် လုပ်တာပင် ဖြစ်သည်ဆို၏။ သံသရာဆိုတာ သည်ဘဝ သည်ဘဝ ရွှေ့ပြောင်းတာကို ဆိုခြင်း မဟုတ်၊ စိတ်အစဉ် တန်းခြင်းကို ဆိုခြင်းသာ ဖြစ်သည်။ [နှာ-၆၅] သံသရာဆိုတာ ဒုက္ခအစုကြီးကို ဆိုတာဖြစ်ကြောင်းလည်း ရှင်းထားသည်။ [နှာ-၆၆] ခန္ဓာဖြစ်စဉ် နှင့် သံသရာဖြစ်စဉ် ဆိုတာလည်း အတူတူပင် ဖြစ်သည်။ သံသရာသည် အရှည်ကြီး ဟု မဆိုသင့် ကိုယ့်သန္တာန်မှာ သံသရာတွေ တစ်ခုပြီးတစ်ခု ဖြစ်နေသည်ကိုသာ ဆိုသင့်သည်။ ကိုယ်ခန္ဓာမှာ ဖြစ်နေသော ကိုယ့်သံသရာကို ကိုယ်သိရမည်။ ထိုသို့ မသိလျှင် သစ္စာကွယ်နေခြင်း ဖြစ်သည်။ [နှာ-၆၇]

သံသရာဖြတ်ချင်လျှင် အဝိဇ္ဇာကို ချုပ်အောင် လုပ်ရမည်။ အဝိဇ္ဇာချုပ်လျှင် သင်္ခါရ ချုပ်သည်။ သင်္ခါရချုပ်လျှင် ဝိညာဉ်ချုပ်သည်။ သံသရာ အစက ပြတ်တော့

http://www.dhammadownload.com



သည်။ [နာ၁–၆၉] သံသရာ ဘယ်က စသလဲ မေးလျှင် အကြည့်များ အမြင်များက စသည်၊ အကြားများက စသည်။ ခန္ဓာငါးပါးကို မမြင်ဘဲ သားကလေးကို မြင်လျှင် အကြည့်များက အဝိဇ္ဇာသခ်ါရ စတော့သည်။ ဒွါရခြောက်ပါးမှာ အဝိဇ္ဇာခြောက်မျိုး ပေါ်သည်။ ဤကား သံသရာ စတင် ဖြစ်ပေါ်ပုံကို ရှင်းအောင် ပြခြင်းဖြစ်သည်။ ပြီးနောက် သစ္စာမသိဘဲနှင့် သောတာပန် မတည်နိုင်ကြောင်း ဟောသည်။ သစ္စာတရားကို နာပြီး ကိုယ်ခန္ဓာကို ဉာဏ်လှည့်သောအခါ နှလုံးသွင်း တည့်မှန်သွားပြီး ဒုက္ခသစ္စာ အစစ်ကြီးပါတကားဟု သိသွားလျှင် သောတာပန် တည်နိုင်သည်။ [နာ၁–၇၆]

ထို့နောက် တရားကို ကြားရုံနာရုံဖြင့် မပြီးသေး၊ ပွားများ အားထုတ်ဖို့ လိုသေးကြောင်း ဘာဝေတဗ္ဗကိစ္စက ရှိသေးတယ်ဟု မိန့်ကြားသည်။ မဂ္ဂသစ္စာဆိုတာ ပွားရသေးတယ်ဟုလည်း သဘောရှင်းအောင် ဟောထားပြန်သည်။ [နာ၁–၇၈] ကြားတဲ့အသိနဲ့ ပွားတဲ့အသိ နှစ်ခုထပ်မိလို့ရှိရင် သောတာပန် တည်တယ်ဟု ဆုံးဖြတ်ချက် ချထားသည်။

ဒုက္ခသစ္စာကလည်း ခန္ဓာထဲမှာ ဉာဏ်ကလည်း ခန္ဓာထဲမှာ နှစ်ခုတည့်အောင် လုပ်တတ်လျှင် နိဗ္ဗာန် ဒီနေရာတွင် ပေါ်ရမည်ဟု ရှင်းထားသည်။ [နာ၁–၈၀] သောတာပန် ဘာကြောင့် မတည်သလဲ၊ ဉာဏ်နှင့် ခန္ဓာနှင့် နီးလျက် ဝေးနေ၍ ဖြစ်သည်ဆို၏။ (ပုတီး လည်ပင်းမှာ စွပ်ပြီး ထရံမှာ ထရှာနေသလိုဖြစ်ပုံ ဥပမာ ပြထားသည်) သောတာပန် တည်ချင်လျှင် အင်္ဂါနှစ်ပါးနှင့် ပြည့်စုံရမည်။ သစ္စာတရားကို နာပြီး နှလုံးသွင်းမှန်အောင် လုပ်ရမည်။ [နာ၁–၈၄]

သမာဓိကောင်းကောင်းနှင့် ခန္ဓာကို စောင့်ကြည့်တတ်လျှင် ပဋိစ္စသမုပ္ပာဒ် အစက ပြတ်သည်။ အဝိဇ္ဇာကို ပယ်ပြီး ဝိဇ္ဇာဉာဏ်ပေါ်လျှင် ပဋိစ္စသမုပ္ပာဒ် အစက ပြတ်ပြီ။ ခန္ဓာမှာ ဘာပဲပေါ်ပေါ် ဒုက္ခသစ္စာ ပေါ်တာပဲဟု ဆုံးဖြတ်ချက် ချရမည်။ သစ္စာကို မြင်အောင် နာပြီး၊ သစ္စာကို နှလုံးသွင်း တည့်ပြီဆိုလျှင် သောတာပန် ဖြစ်ပြီ။ ဆရာကလည်း သစ္စာကိုပဲ ဟော၊ နှလုံးသွင်းသူကလည်း သစ္စာကိုပဲ နှလုံးသွင်းရမည်။ ထိုနှစ်ချက် ညီပြီဆိုလျှင် သောတာပန် တည်ဖို့ရာ အလွယ်ကလေး ပါဟု ဟောထားသည်။ [နာ၁–၈၆]

အချိန်စေ့၍ တရားနားသည်။

*

http://www.dhammadownload.com



## ၃။ ဝိပဿနာမဂ်နှင့် လောကုတ္တရာမဂ်

[၁၆–၆–၆၂ နေ့က မိုးကုတ်မြို့ မဂ်လာတိုက်မှာ ဟောသော ညအလုပ်ပေး တရား]

ခန္ဓာကိုယ်ထဲမှာ ရှုစရာ သိမှ ရှုလို့ဖြစ်တယ်ဆိုသော စကားဖြင့် ဤတရားကို စတင် ဟောကြားသည်။ ရှုစရာက ဘာလဲ၊ ခန္ဓာပဋိစ္စသမုပ္ပာဒ် ဖြစ်ပုံကို ပြသည်။ မျက်လုံးနှင့် အဆင်းတိုက်တော့ မြင်စိတ်ပေါ်၊ မြင်စိတ်ပေါ်တော့ ကောင်း မကောင်း ရွေး၊ ကြိုက်မကြိုက် ခံစား၊ ခံစားတာက ဝေဒနာ၊ ဖဿကြောင့် ဝိညာဉ်ပေါ်၊ ဝိညာဉ်ကြောင့် ဝေဒနာပေါ်၊ ဝေနာကြောင့် တဏှာပေါ် ခန္ဓာပဋိစ္စသမုပ္ပာဒ် စဖြစ်ပြီ။ သံသရာ စပြီ။ [နှာ–၈၉] ခန္ဓာအစဉ်ဖြစ်မြီး တန်းသွားပုံကို ပြသည်။

မြင်စိတ် ဖြစ်ပြီး မြင်စိတ် ချုပ်၊ ဝေဒနာ ဖြစ်ပြီး ဝေဒနာ ချုပ်၊ တဏှာ ဖြစ်ပြီး တဏှာချုပ်သည်။ တဏှာချုပ်တော့ ဥပါဒါန်ပေါ်သည်၊ ဥပါဒါန်ချုပ်တော့ ကမ္မဘဝ ပေါ်သည်။ ခန္ဓာအစဉ်တန်းသွားသည်။ ဒါက ရှုစရာကို ပြတာဟု ဆိုသည်။ [နှာ–၉၀] ထို့နောက် ရှုပုံကို ပြမည်ဟု ဆိုသည်။

ထို့နောက် မြင်စိတ်နှင့် အသက်ရှင်တဲ့ ခန္ဓာ၊ ဝေဒနာနှင့် အသက်ရှင်သော ခန္ဓာ၊ တဏှာနှင့် အသက်ရှင်သော ခန္ဓာ၊ ဥပါဒါန်နှင့် အသက်ရှင်သော ခန္ဓာ၊ တစ်ခုပြီး တစ်ခု ဖြစ်ချုပ်ပုံကို ပြသည်။ ထိုခန္ဓာအစဉ် ဖြစ်ပုံချုပ်ပုံကို သိအောင် ရှုမှ ရှုစရာကို မြင်သည်။ [နှာ–၉၅] တရားရှုနေသူတွေ ဘာရှုရမှန်း မသိဖြစ်နေမည် စိုးသောကြောင့် ဖြစ်စဉ်ကို ရှုစရာအဖြစ် မြင်တတ်အောင် ဟောပြနေခြင်း ဖြစ်သည်။ ကိုယ့်သန္တာန်မှာ ဖြစ်တာ ကိုယ် မသိဘဲ နေမှာစိုးရတယ်ဟုလည်း သတိ ပေးထား သည်။ မရှုတတ်လျှင်လည်း နိဗ္ဗာန်ကို မရနိုင်ဘူး [နှာ–၉၇] ဟု ဆိုသည်။ ကိုယ့် သန္တာန်မှာ ဘယ်ဓမ္မ ဖြစ်ပြီး ဘယ်ဓမ္မ ပျက်သွားသလဲ ဆိုသည်ကို သိရမည်။ ဒွါရခြောက်ပေါက်မှာ ဖဿ၊ ဝေဒနာ၊ တဏှာ၊ ဥပါဒါန်၊ ကံ ဓမ္မငါးမျိုး ဖြစ်နေသည်။ တစ်နေ့ ကံဘယ်လောက် မြောက်နေသလဲ၊ မရေမတွက်နိုင်အောင် ဖြစ်နေသည်။ ဒီကံတွေသည် ဇာတိ ပဋိသန္ဓေ နေရကြောင်း ကံတွေဖြစ်သည်။ ကံကြွေးအနန္တ ဖြစ်နေသည်။ ကိုယ့်အကြောင်း ကိုယ်သိမှ သေလျှင် အပါယ်ဘေးမှ မလွတ်သေးမှန်း သိနိုင်သည်။ သူများက သေရင် မင်းသုဂတိ ရောက်မှာပဲ၊ နိဗ္ဗာန်တောင် ရနိုင်သေး သည်ဟု ပြောလည်း မယုံသင့်ကြောင်း ဆုံးမထားသည်။ [နှာ–၁၀၁] သူများ ပြောတာ မယုံနှင့် ကိုယ့်ခန္ဓာက ပြောတာကိုသာ ယုံဟုလည်း ဆိုထားသည်။

http://www.dhammadownload.com



ခန္ဓာဖြစ်စဉ်ကို ဖြတ်တတ်မှ ရမည်။ တဏှာ၊ ဥပါဒါန်၊ ကံတွေကို ဖြတ်ရမည်။ ဒီကံတွေသည် ဝိပဿနာမဂ်ဉာဏ် ရပြီး၊ မဖြတ်တတ်သေးသမျှ ဘယ်တော့မှ အဟောသိကံ မဖြစ်ဘူးဟုလည်း မိန့်သည်။ [နှာ–၁၀၅] ဝိပဿနာဉာဏ်နှင့် ဖြတ်မှ ပြတ်သည်။ ကံကြွေးတွေ အဟောသိကံ ဖြစ်သည်။ ပြီးမှ အလုပ်ပေးတရားကို ဟောသည်။ ခန္ဓာဖြစ်စဉ် ပဋိစ္စသမုပ္ပါဒ် အတန်းကြီးသည် ရှုစရာပင် ဖြစ်သည်။ မြင်စိတ်ကနေ ဝေဒနာ၊ တဏှာသို့ တန်းပြီး ဖြစ်မသွားအောင် ဖြစ်ပျက် ရှုရမည်။ [နှာ–၁၀၆]

စိတ်ကလေး ပေါ်လျှင် စိတ်ကလေး ဖြစ်ပြီးပျက်ပုံကို မြင်အောင် ရှု၊ ဝေဒနာ ပေါ်လျှင် ဝေဒနာ၏ ဖြစ်ပျက်ကို ရှုရမည်။ ထိုအခါ ဖြစ်ပျက်(အနိစ္စ) က ဒုက္ခသစ္စာ၊ ဒုက္ခသစ္စာဟု သိလိုက်သော ဉာဏ်က မဂ္ဂသစ္စာ ဖြစ်သွားသည်။ ဟဒယဝတ္ထုပေါ်မှာ မဂ်ဝင်သွားပြီ။ ထိုအခါ ဖဿထဲပေါ်သော စိတ်၏ ဖြစ်ပျက်ကို မြင်လိုက်သဖြင့် ဖြစ်ပျက်နောက်က မဂ်ဝင်တားလိုက်သည်။ ထိုမဂ်က တားလိုက်သောကြောင့် ဖဿက ဝေဒနာ ဆက်ပြီး မပေါ်တော့ဘဲ ဝေဒနာချုပ်(ဝေဒနာနိရောဓ) ဖြစ်သွားသည်။ အကြောင်းအကျိုး ဆက်လို့ မရတော့ဘူးဟု မိန့်ထားသည်။ [နှာ–၁၀၇]

ဝေဒနာ ချုပ်သွားသောကြောင့် တဏှာ ဥပါဒါန် မလာတော့ဘဲ ချုပ်သွားသည်။ တဏှာ ဥပါဒါန်က ကိလေသဝဋ် ဖြစ်သည်။ ထိုအခါ ဝိပဿနာ ရှုတတ်သောကြောင့် ကိလေသာဝဋ်ကျွတ်ပြီ။ ကိလေသာဝဋ် ကျွတ်လျှင် နောက်ဘဝ ပဋိသန္ဓေနေမည့် ဝိပါကဝဋ် ကျွတ်တော့သည်။ [နှာ–၁၀၈] ဝိပဿနာ ရှုနိုင်းတာ ဝဋ်ဖြတ်နိုင်းတာပင် ဖြစ်သည်ဟု ဆိုထားသည်။ ကုသိုလ်ဖြစ်အောင်တော့ ဒီတရားကို မနာနှင့် ဝဋ်ကျွတ်အောင် နာပါဟုလည်း ဆုံးမထားသည်။

မြတ်စွာဘုရား ဟောသောတရားကို နာရင်း စုတိစိတ် ကျသွားသော ဖားကလေး ဖားနတ်သား ဖြစ်သွားပုံ ဥပမာကို ပြပြီး၊ ခင်ဗျားတို့ ကုသိုလ်ဖြစ်တဲ့ ဖားတရားမျိုးတော့ မနာနှင့်ဟုလည်း သတိပေးထားသည်။ ခန္ဓာငါးပါး ဖြစ်လာသမျှကိုရော ပျက်သွားတာကိုပါ သိအောင်လုပ်သော ဝိပဿနာမဂ်နှင့် အသက်ရှင်နေအောင် လုပ်ပါဟုလည်း တိုက်တွန်းထားသည်။ (မဂ်နဲ့ အသက်ရှင်တာ) [နှာ–၁၁၅]

မဂ်နှင့် အသက်ရှင်သောအခါ ဖြစ်ပြီး ပျက်သွားသော ခန္ဓာတွေကို ရှာမတွေ့တော့ မရှိတာဘဲ မြင်နေသည်။ ထိုအမြင်သည် ခန္ဓာကို စွန့်ပြီ။ ထိုအခါ ဝေဒနာ၊ တဏှာ၊ ဥပါဒါန် စသော ကိလေသာတွေကိုပါ စွန့်သည်။ ခန္ဓာစွန့်၊ ကိလေသာစွန့်

http://www.dhammadownload.com



ဖြစ်ပြီဆိုလျှင် ဒိဋ္ဌိပြုတ်ပြီ။ [နှာ-၁၁၆] ခန္ဓာစွန့်လိုက်တော့ ငါစွဲဒိဋ္ဌိ ပြုတ်သည်။ ဝိပဿနာမဂ်ဈေးနှင့် စုတိစိတ်ကျပြီး သေလျှင် ဟိုဘက် နတ်ပြည်ရောက်တာက နောက်ကျသည်။ သောတာပန် ဖြစ်တာက အရင်ဖြစ်သည်ဟု အတိအကျ ဖော်ပြထားသည်။ [နှာ-၁၁၇] ဝိပဿနာမဂ်နှင့် သေလျှင် သုဂတိမှတစ်ပါး ဘယ်မှ မသွားဘူးဟုလည်း ရဲရဲဝန်ခံသည်။ [နှာ-၁၁၈] မဂ်အစစ် မဟုတ်သေးဘူး။ ဝိပဿနာ ရှုသော ပုဂ္ဂိုလ်မှာ ဝိပဿနာမဂ်ဉာဏ်က ခန္ဓာစွန့်၊ ကိလေသာစွန့် နှစ်ချက် စွန့်သည်။ [နှာ-၁၁၉]

ထူးခြားသည်မှာ ဝိပဿနာ ဉာဏ်ဖြင့်သေလျှင် နောက်ဘဝ သုဂတိသို့ မုချရောက်ပြီ။ သုဂတိသို့ ရောက်သည်နှင့် တစ်ပြိုင်နက် သောတာပန် တည်တော့သည်။ [နှာ-၁၁၉] ဒကာ ဒကာမတွေက အရှင်ဘုရား ဝိပဿနာဉာဏ်လောက်နှင့် အားမရသေးပါ။ လောကုတ္တရာ မဂ်ဉာဏ်ဖိုလ်ဉာဏ်ရအောင် အားထုတ်ချင်ပါသေးသည် ဆိုလျှင်လည်း ခန္ဓာငါးပါး ပေါ်ရာကို ဖြစ်ပျက် မြင်အောင်ရှု၊ ဖြစ်ပျက်မြင်ပြီဆိုပါက ဖြစ်ပျက်မုန်းအောင် ရှု၊ ဖြစ်ပျက်ကို ငြီးငွေ့သော နိဗ္ဗိန္ဒာဉာဏ်ပေါ်လျှင် ဖျတ်ဆို ဖြစ်ပျက်အားလုံး ချုပ်ဆုံးသောဘက်သို့ ဉာဏ်လှည့်သွားပြီး မဂ်ဉာဏ်အစစ် ပေါ်အလာနိုင်ပုံကို ရှင်းပြထားသည်။ [နှာ-၁၁၂/၁၁၃]

ကိလေသာစွန့်၊ ခန္ဓာစွန့်ပြီး ဒီဉာဏ်သည် နိဗ္ဗာန်ဘက် ပြေးဝင်သွားတယ်ဟု မိန့်ဆိုထားသည်။ ဒါဝိသုဒ္ဓိမဂ်မှာ သေသေချာချာ လာတယ်ဟုလည်း အကိုးအကား ဖြင့် ပြဆိုထားသည်။ [နှာ-၁၂၅] ဝိပဿနာမဂ်ချုပ်သွားလျှင် လောကုတ္တရာမဂ် ပေါ်သည်။ [နှာ-၁၂၇] ဒါကြောင့် ဝိပဿနာ ရှုဖို့ ပဓာနကျသည်။ ဝိပဿနာ ရှုမှ ဝိပဿနာမဂ်ချုပ်ပြီး လောကုတ္တရာမဂ် ပေါ်သည်။ နိဗ္ဗာန်ပေါ်သည်။ [နှာ-၁၂၈]

ဘာဝေတဗ္ဗကိစ္စဆိုတာ ဝိပဿနာမဂ်ကို ဆိုတာဟုလည်း ဖော်ပြထားသည်။ ဝိပဿနာမဂ်က အကြိမ်ကြိမ် ကျနိုင်သည်။ လောကုတ္တရာမဂ်ကတော့ တစ်ကြိမ်ပဲ ကျပုံကိုလည်း ရှင်းပြထားသည်။ ဝိပဿနာ ရှုသောအခါ သဒ္ဓါနှင့်ပညာ ညီအောင် ညှိပါဟုလည်း နည်းပေးလမ်းပြ၍ တိုက်တွန်းထားသည်။ အကြည်ညို မလွန်စေနှင့်ဟုလည်း ဆုံးမသည်။ အကြည်ညိုလွန်လျှင် မဂ် မရဘူးဟုလည်း သတိပေးသည်။ ဝီရိယနှင့် သမာဓိကိုလည်းညီအောင် ညှိပေးရသည်။ သတိက အရေးအကြီးဆုံး ဖြစ်သည်။

http://www.dhammadownload.com



ဝိပဿနာ ရှုသောပုဂ္ဂိုလ်မှာ သဒ္ဓါနှင့်ပညာ ညီရမည်။ သတိ ဘယ်တော့မှ မလစ်နေနှင့်ဟုလည်း တိတိကျကျ ဆုံးမတော်မူသည်။ [နှာ–၁၃၅] သဒ္ဓါ၊ ပညာ၊ သမာဓိ၊ ဝီရိယ၊ သတိ ငါးချက်ညီလျှင် ဣန္ဒြေညီမျှသည်၊ ဣန္ဒြေညီမျှလျှင် မဂ်ဉာဏ် ဖိုလ်ဉာဏ် ဧကန် ရနိုင်ကြောင်းလည်း ရှင်းပြထားသည်။ ရှုနည်း၊ ဣန္ဒြေညီအောင် ညှိနည်းလည်း ရပြီ ဘာလိုသေးလဲဟု မေးပြီး အချိန်စေ့၍ တရားသိမ်းလိုက်သည်။

*

## ၄။ ခန္ဓာကိုယ်ကို သစ္စာမျက်လုံး တပ်ကြည့်ရမည်

[၁၇–၆–၆၂ နေ့က မိုးကုတ်မြို့ မဂ်လာတိုက်မှာ ဟောသောတရား]

နိဗ္ဗာန်ဆိုတာ မအိုမသေ အမြဲနေ၍ ဒုက္ခခပ်သိမ်း ချုပ်ငြိမ်းတာလို့ မှတ်ဟု ဆို၍ ဤတရားကို စတင် ဟောကြားသည်။ နိဗ္ဗာန်ဆိုတာ ခန္ဓာထဲမှာ အပူဓာတ် အလောင်ဓာတ်တွေ ကင်းငြိမ်းပြီး ကုန်ဆုံးတာလည်း ဖြစ်တယ်။ ချမ်းသာသက်သက် တစ်ခုတည်းပဲကိုး၊ ဒါတွေက နိဗ္ဗာန်၏ ဂုဏ်ပုဒ်တွေဟု အဓိပ္ပာယ် ရှင်းပြထားသည်။ ပြီးမှ နိဗ္ဗာန်ကို ရအောင်လုပ်ပါဟု တိုက်တွန်းသည်။ [နှာ–၁၃၈] မဂ္ဂင်ရှစ်ပါး တရားက နိဗ္ဗာန်ရောက်ကြောင်း တရားအစစ် ဖြစ်၏။

(နိဗ္ဗာနံပရမံသုခံ၊ အဋ္ဌင်္ဂိကောစ မဂ္ဂါနံ ခေမံ အမတဂါမိနံ) ဤသို့ဆိုသော စကားကို မာဂဏ္ဍီပုဏ္ဏားကြီး သူ့ခန္ဓာမှာ အနာကင်းတာဟာ နိဗ္ဗာန်ပဲဟု အဓိပ္ပာယ် တလွဲကောက်လိုက်သည်။ ဘုရားက ပုဏ္ဏားကြီး မင်းဟာ မျက်ကန်းနဲ့ တူတယ်ဟု မိန့်သည်။ မင်း ခန္ဓာမှာ အနာမကင်းဘူးဆိုတာလည်း မသိ၊ နိဗ္ဗာန်လည်း မသိ ဖြစ်နေသည်။ ထိုအခါ ပုဏ္ဏားကြီးက အနာကင်းတာလည်း သိရအောင် နိဗ္ဗာန်ကို လည်း သိရအောင် မျက်စိဖွင့်ပေးပါဦးဟု တောင်းပန်သည်။ ထိုအခါ ဘုရားက မင်း သူတော်ကောင်းဆီ ဆည်းကပ်ပါဟု မိန့်တော်မူသည်။ သူတော်ဆည်းကပ်ပြီး မြတ်တရားနာပါဦး သစ္စာတရားကို နာပါဦးဟု ဆုံးမသည်။ သစ္စာတရားကို ဉာဏ် အမြင်မှာ ထင်ရှားလာအောင် ကျင့်ပါဦးဟု မိန့်တော်မူသည်။ ဒီသုံးခု လုပ်ပါ။ ဒါအရေးကြီးသည်။ [နှာ–၁၄၄] သူတော်ကောင်းကို ဆည်းကပ်၊ သစ္စာတရားကို နာ၊ သစ္စာဉာဏ်အမြင်ကို ရအောင် ကျင့်၊ ဒါမှသာ အနာကင်းတာကိုလည်း သိမည်။ နိဗ္ဗာန်ကိုလည်း သိမည်ဟု မိန့်တော်မူလေသည်။

တရားနာပရိသတ်ကလည်း မာဂဏ္ဍီပုဏ္ဏားကြီးလို ကိုယ့်ကိုယ်ကိုယ် ကျန်းမာ၍သာ တရားလာနာနိုင်ကြသည် ထင်နေကြပေလိမ့်မည်။ သမုတိနယ်

http://www.dhammadownload.com



မှာတော့ ပြောနိုင်သည်။ သစ္စာအမြင်၊ ဉာဏ်အမြင်၊ ဝိပဿနာဉာဏ်အမြင်မှာတော့ ကျန်းမာတယ်လို့ မရှိဘူး [နှာ–၁၄၆] ဟု ထောက်ပြထားသည်။ ခန္ဓာကိုယ်ကို ကမ္မဋ္ဌာန်းခွင်ထဲ သွင်းကြည့်ပါ။ သမာဓိကလေး ရအောင် လုပ်ပြီး ခန္ဓာကိုယ်ကို စောင့်ကြည့်လိုက်တော့ ခန္ဓာကိုယ်ကြီး ဖောက်ပြန်နေတာ၊ အနာတွေ ထနေတာ တွေ့ရမည်။

တင်းနာ၊ တောင့်နာ၊ အောင့်နာ၊ ကျဉ်နာ၊ ထုံနာ၊ ကိုက်နာ၊ ခဲနာတွေ သစ္စာမျက်လုံးနှင့် ကြည့်ပါ။ အနာကင်းရဲ့လား၊ အနာတွေက နှိပ်စက်လျက်ပဲ ရှိသည်။ တရားနာနေတာ အနာကင်းပြီး နာနေသလား၊ နာလျက်ပဲ ထုံကျဉ် ကိုက်ခဲလျက်ပဲ နာနေတာလား သိသာ ထင်ရှားပါလိမ့်မည်။ ခန္ဓာထဲမှာ ပင်ကို သဘောအားဖြင့်ပင် အနာတွေက များလှပါသည်။ ခန္ဓာသည် ဝိပဿနာအမြင်၊ ဉာဏ်အမြင်မှာတော့ ဘယ်အခါမှ မကျန်းမာပါဘူး [နှာ–၁၄၉] ဟု ဖော်ပြထား သည်။

ဝိပဿနာလုပ်သောအခါ ကိုယ်က အနာကို ရှာနေစရာ မလိုပါ။ စောင့်ကြည့် နေလျှင်(သမာဓိ၊ ပညာဖြင့် စောင့်ပါ) အနာတွေ ပေါ်လာပါလိမ့်မည်။ [နှာ–၁၅၀] ဒါတွေသည်ပင် ဒုက္ခသစ္စာတွေပါကလားဟု သိလာလိမ့်မည်။ ခန္ဓာကို သမာဓိပညာ(ဉာဏ်)နှင့် စောင့်ကြည့်ပါ။ အဲဒါ ဝိပဿနာ အလုပ်ပင် ဖြစ်သည်။ [နှာ–၁၅၃] ဝေဒနာဆိုတာ ရှာပြီး ရှုရတာ မဟုတ်ဘူး၊ စောင့်ပြီး ရှုကြည့်လိုက်ပါ။ ပေါ်လာပါလိမ့်မည်။ ဒါဝိပဿနာ ရှုနည်းပေးနေတာ မာဂင်္ဂကို ဟောချင်လို့ မဟုတ်ဘူးဟု ဆိုပါသည်။ [နှာ–၁၅၄]

ဒီခန္ဓာမှာ အရိယာမျက်လုံးနှင့် ကြည့်လျှင် အနာတွေ ဘယ်နေရာမှ အပ်ချ စရာ မကျန်အောင် ပြည့်နေသည်ဟု ဖော်ပြထားသည်။ ခန္ဓာတစ်ခုလုံး ဒုက္ခသစ္စာကြီး ပါပဲဟု ဘုရားက ညွှန်ပြတော်မူသည်။ [နှာ–၁၅၆] သူတော်ကောင်းလည်း မဆည်း ကပ်၊ သစ္စာတရားကိုလည်း မနာ၊ ကိုယ်တိုင်လည်း မကျင့်ကြည့်တော့ ခန္ဓာမှာ အနာရှိမှန်းလည်း မသိ၊ နိဗ္ဗာန်လည်း မသိ ဖြစ်နေကြသည်။ အကန်းသက်သက် ဖြစ်နေသည်။ မာဂင်္ဂအကြောင်း ဟောချင်တာ မဟုတ်၊ ကိုယ့်ခန္ဓာ ကိုယ်ကြည့်တတ် အောင် ပြောတာဖြစ်ကြောင်း မိန့်ထားသည်။ [နှာ–၁၅၆]

သမာဓိ တည်အောင်လုပ်ပြီး ပညာမျက်လုံးနှင့် ကြည့်လိုက်ပါဟု အလုပ်ပေး တရားကို ရိုးရိုးရှင်းရှင်း ပြသည်။ ခန္ဓာထဲမှာ ရောဂါတွေ၊ အနာတွေ၊ ဒုက္ခသစ္စာ တွေပဲ တွေ့မည်။ အရိယာမျက်လုံးထဲမှာ ဒုက္ခသစ္စာ တွေ့ရင် ဖြစ်ပျက်နေတာတွေက

http://www.dhammadownload.com



ဒုက္ခသစ္စာ၊ မြင်တဲ့ဉာဏ်က မဂ္ဂသစ္စာ ဖြစ်သွားသည်။ [နှာ–၁၅၇] တရားကို ရှာမနေနဲ့၊ စောင့်ပြီးသား ကြည့်ပါ ရှုတတ်ပလားဟုလည်း ရှုပုံရှုနည်းကို ပြသည်။ ထိုသို့ ရှုတတ်မြင်တတ် သွားပြီဆိုလျှင် မျက်စိနှစ်ကွင်း အလင်းရပြီဟု ဆိုသည်။ [နှာ–၁၅၈]

ထိုအခါမှ ခန္ဓာက တစ်သံသရာလုံး လှည့်စားလာခဲ့သည့် သဘောကို ဉာဏ်မှာ သိသွားသည်။ တဏှာဒိဋ္ဌိ မပါဘဲ ငါစွဲ၊ ငါ့ဥစ္စာစွဲ မပါဘဲ (သက္ကာယဒိဋ္ဌိ စင်ပြီး) ကြည့်လိုက်တော့မှ ဤခန္ဓာကြီးက ဒုက္ခသစ္စာ အစစ်ကြီး ဖြစ်နေတော့သည်။ ဒုက္ခသစ္စာကို တွေ့တာ မျက်စိနှစ်ကွင်း အလင်းရ၍ ဖြစ်သည်။[နှာ–၁၆၂] အရိယာ မျက်လုံးနှင့် ပုထုဇဉ်မျက်လုံး ခွဲခြားပြီး ဟောလိုက်မှ ဒုက္ခသစ္စာသဘော ရှင်းရှင်း ပေါ်လာသည်။ [နှာ–၁၆၄]

အနာကို မြင်မှ အနာပျောက်ချင်စိတ် ပေါ်တတ်သည်။ ဒုက္ခသစ္စာကို မြင်မှ နိရောဓသစ္စာကို သေသေချာချာ ရချင်သည်။ [နှာ–၁၇၀] ဒီတော့ လုပ်နည်းမှာ ခန္ဓာ၏ ဖြစ်ပျက်ကို မြင်အောင် ရှု၊ ဒုက္ခသစ္စာတွေပဲလို့ ရှုလိုက်ပါ၊ သစ္စာကို မမြင်ဘဲနှင့် နိဗ္ဗာန်ကို အချောင်တော့ မရနိုင်ဘူးဟုလည်း ဆိုထားသည်။ [နှာ–၁၇၄] ကျောင်းဆောက်ပြီး နိဗ္ဗာန် လိုချင်တာ အလွဲ အချောင် နိဗ္ဗာန်ဟု ခေါ်ပြီး၊ ဒုက္ခသစ္စာ သိပြီး နိဗ္ဗာန် လိုချင်တာမှ အတည့်အမှန်ဟုလည်း ဆိုသည်။ [နှာ–၁၇၆] တဏှာနှင့် ဆုတောင်းနေသမျှ နိဗ္ဗာန် ရောက်လိမ့်မယ် မထင်နှင့် ဒုက္ခသစ္စာကို မြင်သော မဂ်ဉာဏ်နှင့်မှသာ နိဗ္ဗာန်ကို ရောက်နိုင် ရနိုင်သည်။ [နှာ–၁၇၉]

ဉာဏ်မျက်လုံးနှင့် ကြည့်မှ ခန္ဓာဒုက္ခသစ္စာကို မြင်သည်၊ ဖြစ်ပျက် မြင်သည်။ ထိုသို့မြင်မှ ခန္ဓာဖြစ်ပျက် ဒုက္ခသစ္စာကို မုန်းသည်။ ဒါတွေဟာ ဒုက္ခအစစ်တွေပဲဟု ဆုံးဖြတ်ချက် ချမှသာ ဖြစ်ပျက်ဒုက္ခကင်းသော နိဗ္ဗာန်ကို ရောက်နိုင်သည်။

အချိန်စေ့၍ တရားနားသည်။

*

## ၅။ အရိယာမျက်လုံးတပ်ကြည့်မှ နိဗ္ဗာန်မြင်ရပုံ

[နေ့စွဲမပါ မိုးကုတ်မြို့ မင်္ဂလာတိုက်မှာ ဟောသော ညအလုပ်ပေးတရား]

အဝိဇ္ဇာသင်္ခါရက ပဋိစ္စသမုပ္ပာဒ် စတင်ကြောင်း သုံးသပ်ကြည့်ပါဆိုသော စကားဖြင့် ဤတရားကို စတင် ဟောကြားတော်မူသည်။ အဝိဇ္ဇာသင်္ခါရကြောင့် ခန္ဓာ ဒုက္ခသစ္စာကြီးရတာ အိုဘေး၊ နာဘေး၊ သေဘေး ကြုံနေကြရသည်။ ထိုအိုနာ

http://www.dhammadownload.com



သေဘေးက လွတ်အောင် ဘယ်လို လုပ်ရမလဲဟု တရားအစဉ်ကို လိုက်ပြီး တွေးတတ်လျှင် ဇာတိချုပ်မှ သူ ချုပ်မည်ဟု သိနားလည်လာရသည်။ [နှာ-၁၈၃] ခန္ဓာဖြစ်ကြောင်း၊ ခန္ဓာချုပ်ကြောင်း (ပဋိစ္စသမုပ္ပါဒ် အနုလုံ ပဋိလုံ) ကို သိသဖြင့် ဘုရားဖြစ်သွားသည်။ သဗ္ဗညုတဉာဏ်ကို ရသည်။ ဆရာတော်ကြီးကလည်း သူသည် ပဋိစ္စသမုပ္ပါဒ် ဖြစ်ပုံချုပ်ပုံကို သိအောင် မဟောသောနေ့ မရှိ၊ ဟောတိုင်း ပါခဲ့ကြောင်း ရှင်းပြသည်။

လောကကြီး၏ ဖြစ်အစဉ်နှင့် ချုပ်အစဉ်ကို သိမှသာ အရိယာသာဝက (အရိယာ တပည့်) ဖြစ်သည်။ လောကဆိုတာက ဘာလဲ၊ ခန္ဓာသည် လောကပင် ဖြစ်သည်။ ခန္ဓာကလည်း ခဏခဏ ဖြစ်ပြီး၊ ခဏခဏ ချုပ်သည်။ [နှာ-၁၈၆] ခန္ဓာလောက ဖြစ်ပုံနှင့် ချုပ်ပုံကို သိလျှင် သမ္မာဒိဋ္ဌိစစ်စစ် ဖြစ်ပါပြီ [နှာ-၁၈၇] ဟုလည်း မိန့်ထားသည်။ သမ္မာဒိဋ္ဌိဖြစ်လျှင် မိစ္ဆာဒိဋ္ဌိ မရှိတော့ဘူး၊ မိစ္ဆာဒိဋ္ဌိ မရှိလျှင် အပါယ်ဘေးက လွတ်ပြီဟုလည်း ဒေသနာကို စပ်ပြထားသည်။

လောကဆိုတာ ရုပ်နာမ်ပဲ၊ ခန္ဓာပဲဟုလည်း အလေးအနက် ထပ်မံ ဖော်ပြထားသည်။ (ဒိဋ္ဌိသမ္ပန္နောဣတိပိ) လောက ဖြစ်ပုံ ချုပ်ပုံကို သိလျှင် သမ္မာဒိဋ္ဌိ ဖြစ်သည်။ ပဋိစ္စသမုပ္ပါဒ်ကို နားလည်လျှင်(ဒဿန သမ္ပန္နောဣတိပိ) အမြင်မှန်နှင့် ပြည့်စုံပြီ။ ထိုသူထံသို့ သူတော်ကောင်းတရား ရောက်ပြီ (ဣမံသဒ္ဓမ္မံအာဂတော ဣတိပိ) ထိုပုဂ္ဂိုလ်သည် ကျင့်ဆဲသေက္ခပုဂ္ဂိုလ် ဖြစ်သည်။ အရိယာခုနစ်ယောက် လောက်ထဲမှာ ပါသွားပြီ (အရဟတ္တဖိုလ်ကို နုတ်) (သေက္ခဉာဏေန သမ္မန္နာဂတော ဣတိပိ) သေက္ခပုဂ္ဂိုလ် ခုနစ်ယောက်၏ ဉာဏ်နှင့် ပြည့်စုံသူ ဖြစ်ပြီ။ (မှတ်ချက်- အရဟတ္တဖိုလ်ကို သေက္ခပုဂ္ဂိုလ်၏ ဉာဏ်ထဲမှာ မထည့်ရ) ဖြစ်ပျက်မြင်ခြင်းသည် သေက္ခ(ကျင့်ဆဲ) ပုဂ္ဂိုလ်ခုနစ်ယောက် ရအပ်သောဉာဏ်ပင် ဖြစ်သည်။ [နှာ-၁၉၃] ဒီအမြင်ကို အဝိဇ္ဇာချုပ်သော ဝိဇ္ဇာဉာဏ်ဖြင့် မြင်ခြင်းဖြစ်၍ (ဝိဇ္ဇာယဉာဏေန သမ္မန္နာဂတော ဣတိပိ)ဟု မှတ်ရမည်။ အဝိဇ္ဇာချုပ်မှ ဖြစ်ပျက်ကို မြင်သည်။ [နှာ-၁၉၄]

နိဗ္ဗာန်သို့ ပို့စေတတ်သော ဓမ္မရေစီးကြောင်းထဲသို့ ဖြစ်ပျက် မြင်သူရောက်ပြီ (ဓမ္မသောတံ အာပန္နော ဣတိပိ) ဖြစ်ပျက်မြင်သော အမြင်ကိုရလျှင် နိဗ္ဗာန်ကို ဆိုက်တော့မည်ဟု ကိုယ့်ကိုယ်ကိုယ် ဆုံးဖြတ်ချက် ချနိုင်ပြီဟု မိန့်ထားသည်။ [နှာ-၁၉၇]

http://www.dhammadownload.com



ဆိုကုန်လျှင် မီးငြိမ်းသလို အကြောင်းချုပ်လျှင် အကျိုးချုပ်သည် ဖြစ်တာ အကြောင်းဖြစ်လို့ ဖြစ်တာ၊ အကြောင်းချုပ်တော့ ပျက်သည်။ ဤသို့ သိနေလျှင် နိဗ္ဗာန်ကို ဆိုက်သောဉာဏ်ရပြီဟု မိန့်ထားသည်။ [နာ-၁၉၉] ဖြစ်ပျက်ကို မြင်လျှင် ငါ သေရင် အပါယ်ကျဦးမလားဟု သံသယ မဖြစ်နိုင် ဒီအမြင်နှင့်သာ သေပါစေ အပါယ်မကျဘူးဟု ယတိပြတ် ဆုံးဖြတ်ထားသည်။

ထိုပြင် ဤအမြင်ရသူသည် (နိဗ္ဗေဓိကဉာဏေန ဣတိပိ) အဝိဇ္ဇာကို ထိုးထွင်း သိသော ဉာဏ်နှင့် ပြည့်စုံပြီ။ (အမတဒွါရံ အာဟစ္စတိဋ္ဌတိ ဣတိပိ) နိဗ္ဗာန် တံခါးဝသို့ ရောက်ပြီဟုလည်း ပါဠိတော်များကို ထုတ်နုတ် ကိုးကား၍ ဟောထား ပါသည်။ [နာ-၂၀၁] ပဋိစ္စသမုပ္ပာဒ် ပြတ်လျှင် မွေး သေ မရှိတော့ဘူး။ ဖြစ်ပျက် ဆုံးအောင် လိုက်သူသည် နိဗ္ဗာန်သို့ သက်ဝင်သွားသူ ဖြစ်ပြီ။ [နာ-၂၀၃]

ထို့နောက် ခန္ဓာ၏ ဖြစ်ပျက်ကို မြင်လျှင် ဝိပဿနာမဂ် ဝင်သည်။ ခန္ဓာ ဖြစ်ပျက်ထဲမှာ မိန်းမ၊ ယောက်ျား မရှိပါ။ ဉာဏ်ကလေးနှင့် ဖြစ်ပျက်မြင်လျှင် ခန္ဓာကို ခင်သော တဏှာ၊ ခန္ဓာကို စွဲသော ဥပါဒါန်၊ နောက်ခန္ဓာ လိုချင်၍ ပြုလုပ်သော ကံတွေ မလာတော့ပါ။ [နာ-၂၀၇]

တဏှာ၊ ဥပါဒါန်၊ ကံချုပ်ပြီး ခန္ဓာဖြစ်ပျက် မြင်လျှင် ဝေဒနာလည်း နိရောဓ ဖြစ်ပြီး ချုပ်သည်။ ခန္ဓာပဋိစ္စသမုပ္ပာဒ်ကို ဉာဏ်နှင့် မြင်သည်။ ဒီလိုမြင်သူမှာ ဘာကျေးဇူး ရှိသလဲ၊ တဏှာ၊ မာန၊ ဒိဋ္ဌိ(ပပဉ္စ) ချုပ်သည်။ ဒီလိုချုပ်သော ပုဂ္ဂိုလ် ဘယ်သွားသလဲ။ (အဂ္ဂိဝစ္ဆပုဏ္ဏား အမေးများ ဖြစ်သည်။) ဘုရားက အဂ္ဂိဝစ္ဆပုဏ္ဏားကို ဒီလို မမေးနှင့် မဂ်ရသော ပုဂ္ဂိုလ် ဘယ်သွားသလဲဆိုလျှင် သဿတဒိဋ္ဌိ ဖြစ်လိမ့် မည်ဟု ဘုရားက မိန့်ကြားပုံကို ဟောသည်။ ပုဂ္ဂိုလ် သတ္တဝါ အစွဲဒိဋ္ဌိတွေ ပြုတ်မှသာ နိဗ္ဗာန်၏ သဘောကို နားလည်နိုင်ကြောင်း ရှင်းထားသည်။ နိဗ္ဗာန်၏ သဘောမှ ခန္ဓာလောင်စာ သိမ်း၍ ကိလေသာမီး ငြိမ်းအေးသွားသည့် သဘောသာ ဖြစ်ကြောင်း ရှင်းပြထားသည်။

ထို့နောက် နိဗ္ဗာန်အကြောင်းကို ဟောသည်။ ဒုက္ခသစ္စာကို မသိသော လူ တစ်ယောက် နိဗ္ဗာန် လိုချင်သော်လည်း သူ့ကို ဟောပြောပြဖို့ ခက်သည်။ ဒုက္ခ၊ တဏှာ၊ ဥပါဒါန်၊ ကံချုပ်သောသူ ဘယ်သွားသေးသလဲ မေးသော အဂ္ဂိဝစ္ဆပုဏ္ဏားလို့ အပြောရခက်သည်။ ဘယ်ကိုသွားသည်ဟု ဖြေလျှင် သဿတဒိဋ္ဌိ၊ ဘယ်ကိုမှ မသွားဘူးဆိုလျှင် ဥစ္ဆေဒဒိဋ္ဌိ ဖြစ်တော့မည်။ [နာ-၂၁၂] ဒိဋ္ဌိမခွာတတ်လျှင် နိဗ္ဗာန်ကို သဘောမကျ၊ ဒိဋ္ဌိခွာတတ်မှ နိဗ္ဗာန်ကို ရသည်။ [နာ-၂၁၃]

http://www.dhammadownload.com



အင်္ဂုဝဏ္ဏပုဏ္ဏားကို မြတ်စွာဘုရားက မင်း ပဋိစ္စသမုပ္ပာဒ်ကို နားလည်သော ဆရာအား မမိုဝဲသမျှ နိဗ္ဗာန်ကို သဘောမကျနိုင်ကြောင်းကို ဟောသည်။ ပဋိစ္စ သမုပ္ပာဒ် အကုန်ချုပ်လျှင် နိဗ္ဗာန်ဖြစ်ကြောင်း ပြထားသည်။ [နှာ-၂၁၄] ခန္ဓာ ဇာတ်သိမ်းလျှင် နိဗ္ဗာန်ဖြစ်သည်။

ထို့နောက် အင်္ဂုဝဏ္ဏပုဏ္ဏားကို ဘုရားက လောင်စာသိမ်း၍ မီးငြိမ်းပုံ ဥပမာဖြင့် နိဗ္ဗာန်ကို ရှင်းပြသည်။ ခန္ဓာလောင်စာ ကုန်ပြီဆိုမှ ဒီပုဂ္ဂိုလ် ဘယ်သွားသလဲဟု မေးနေခြင်းသည် ဒိဋ္ဌိ ကပ်နေခြင်း ဖြစ်သည်။ အရိယာမျက်လုံး တပ်ကြည့်မှ နိဗ္ဗာန်၏ သဘောကို နားလည်သည်။ ပဋိစ္စသမုပ္ပာဒ်ကို ပိုင်ပိုင် မသိသော ပုဂ္ဂိုလ် သည် လောင်စာသိမ်း၍ မီးငြိမ်းခြင်းကို နိဗ္ဗာန်ဟု မသိနိုင်ပုံကို ရှင်းထားသည်။ ပဋိစ္စသမုပ္ပာဒ် မသိသော ပုဂ္ဂိုလ်အား နိဗ္ဗာန်ကို ဘယ်လိုဟောဟော သဘောမကျနိုင်ဘူး ဟု မိန့်ထားသည်။ [နှာ-၂၂၇] အချိန်ဈေး၍ တရားရပ်နားသည်။

*

## ၆။ မသူတော်ဘေး မသင့်စေနှင့်

[နေ့စွဲမပါ မိုးကုတ်မြို့ မင်္ဂလာတိုက်တွင် ဟောကြားသော ညအလုပ်ပေး တရား]

'အသဒ္ဓမ္မတော၀ါ' ဆိုတာကလေး မှတ်လိုက်ကြစမ်းပါဆိုပြီး ဤတရားကို စတင် ဟောကြားတော်မူသည်။ အဓိပ္ပာယ်မှာ မသူတော်တရား ဘေးမှလည်းကောင်း ဖြစ်သည်။ တစ်သံသရာလုံးမှာ အပါယ်က ခေါင်းမပြူနိုင်အောင် မသူတော်ဘေးသင့် ခဲ့ကြသည်။ ရာဇတော၀ါ၊ စောရတော၀ါဆိုပြီး ဟောထားတာ မသူတော်ဘေး ၂၅ ပါး ရှိသည်။ မသူတော်ဘေးဆိုတာ တခြား မဟုတ်ဘူး၊ ကိုယ့်ခန္ဓာကိုယ်ကြီး အနိစ္စ ဖြစ်နေတာကို သိအောင် မဂ္ဂနှင့် မတွဲနိုင် ဖြစ်နေခြင်း၊ ကိစ္စများပြီး မေ့လျော့ နေခြင်းပင် ဖြစ်သည်။ မေ့နေခြင်းသည် မောဟ အဝိဇ္ဇာချည်းပဲ မှတ်ပါဟု ဆုံးမ ထားသည်။ [နှာ-၂၃၁]

ဖြစ်ပျက်နေသည့် တရားကြီးကို မသိမမြင်ဘဲ မေ့နေတာ၊ မသူတော်ဘေး သင့်နေတာပင် ဖြစ်သည်။ အဝိဇ္ဇာသည် မသူတော်ဘေး ဖြစ်သည်။ ဒါဖြင့် သူတော် ကောင်း အလုပ်တွေကို မေ့နေတာသည် မသူတော်ဘေး သင့်ခြင်း ဖြစ်၏။ [နှာ- ၂၃၂] ရထားသည့် ခန္ဓာက တစ်ချိန်လုံး အနိစ္စ၊ ဒုက္ခ၊ အနတ္တကို ပြနေပါလျက် ကိုယ် မသိတာ၊ မမြင်တာသည် မသူတော်ဘေး သင့်နေခြင်းပင် ဖြစ်သည်။

http://www.dhammadownload.com



မသူတော်ဘေးဆိုတာ တရားကိုယ် စစ်လိုက်တော့ အဝိဇ္ဇာကို ဆိုခြင်း ဖြစ်သည်။ အာသဝ သမုဒယာ၊ အဝိဇ္ဇာ သမုဒယော အာသဝကြောင့် အဝိဇ္ဇာ ဖြစ်ရသည်။ ဘုံဘဝ မှာ မြုပ်တာ၊ မျောတာ အာသဝ [နှာ-၂၃၄] မေ့တာသည် အဝိဇ္ဇာပင် ဖြစ်သည်။ ဒါကြောင့် မမေ့ကြနှင့်ဟု ဘုရားက အကြိမ်ကြိမ် မှာသွားသည်။

ကာမာသဝ ကာမဘုံမှာလည်း စေတတ်သော သဘော၊ ဘဝသဝ အထက်ဘုံတွေမှာ အိုနာသေဘေး ကြုံရသော သဘော၊ ဒိဋ္ဌာသဝ အပါယ်သို့ ကျတတ်သော သဘော၊ အဝိဇ္ဇာ သဝသစ္စာကို မသိခြင်းသဘော ဤကား အာသဝေါတရား လေးပါးဖြစ်၏။ [နှာ-၂၃၆] သဗ္ဗေသင်္ခါရာ အနိစ္စ၊ သဗ္ဗေ သင်္ခါရာ ဒုက္ခ၊ သဗ္ဗေ ဓမ္မာ အနတ္တ ဤသုံးခုစလုံးသည် ဖြစ်ပြီးပျက်သော တရားချည်းပင်၊ အဲဒါ မရှုမိဘဲ နေလျှင် ရှုလျက် မမြင်တတ်လျှင် ဒါ အဝိဇ္ဇာသဝ ဖြစ်၏။ [နှာ-၂၃၈] ဤမသူတော်ကို ပုဂ္ဂိုလ်အနေနှင့် မယူရ၊ ဓမ္မအနေနှင့် ယူရမည်။ ရုပ်နာမ်ဖြစ်ပျက်ကို မသိတာ မသူတော်တရား ဖြစ်ကြောင်း ရှင်းပြထားသည်။ [နှာ-၂၃၉]

ရုပ်နာမ်နှစ်ပါး၊ ခန္ဓာငါးပါး၏ ဖြစ်ပျက်ဒုက္ခသစ္စာကို မသိတာ၊ မမြင်တာသည် အဝိဇ္ဇာ။ ထိုအဝိဇ္ဇာကိုပင် မသူတော်ဘေး(ဓမ္မ)အဖြစ် သိအပ်သည်။ ထိုမသူတော်ဘေးက ကိုယ့်ဝမ်းထဲမှာ ရှိနေသည်။ ဒီမသူတော်ဘေး သင့်နေတာကို မသိလျှင် မရှောင်တတ်ပါ။ [နှာ-၂၄၀] တစ်သံသရာလုံး ပုထုဇ္ဇဉ်သည် အတွင်းဘေး သင့်နေတာကို မမြင်ခဲ့၊ မသူတော်ကို ပုဂ္ဂိုလ်အဖြစ်ဖြင့် အပြင်ဘေးဟု ထင်မှတ်နေခဲ့လေသည်။ [နှာ-၂၄၃] ယုတ်တယ်မြတ်တယ်ဆိုတာ ဓမ္မသဘော၊ ပုဂ္ဂိုလ်သဘော မဟုတ်ကြောင်းကိုလည်း ထင်ရှားအောင် ပြထားသည်။

ဖြစ်ပျက်မြင်လျှင် အဝိဇ္ဇာချုပ်မည်။ အဝိဇ္ဇာချုပ်လျှင် နိဗ္ဗာန်ရောက်မည်။ [နှာ-၂၄၄] မသူတော်ဘေးက သူများကြောင့် သင့်သည်မဟုတ်၊ ကိုယ့်ခန္ဓာ ဉာဏ် မလှည့်တတ်၍ ဖြစ်သည်။ [နှာ-၂၄၆] မသူတော်ဘေး သင့်၍ ဘုရားအဆူဆူနှင့် လွဲခဲ့သည်။ နတ်ရွာသုဂတိက အပါယ်သို့ လွင့်စဉ်ကျတာလည်း မသူတော်ဘေး သင့်ခြင်းပင် ဖြစ်သည်။

ဤဘေးသည် ဘေးတကာ့ ဘေးထဲမှာ ကြောက်စရာ အကောင်းဆုံးဘေး ဖြစ်သည်။ ထမင်းစားသောအခါ၊ ရေချိုးသောအခါမှာပင် နှလုံးသွင်း မတည့်လျှင် မသူတော်ဘေး သင့်နိုင်သည်။ (မိုးကုတ်မြို့က ပြန်ခါနီး ဟောသောတရား ဖြစ်ကြောင်း ဖော်ပြတားသည် နှာ-၂၅၁) မသူတော်ဘေးသင့်ပြီး မိုးကုတ်က ဒကာ

http://www.dhammadownload.com



ဒကာမတွေ မကျန်ရစ်အောင် ဟောခြင်းဖြစ်သည်။ ဖြစ်ပျက်ရှိလျက် ဖြစ်ပျက်နေမှန်း မသိတာ၊ မမြင်တာ မသူတော်ဘေး သင့်တာပင် ဖြစ်သည် ဆို၏။ [နှာ-၂၅၃]

'ပမတ္တဿနာမ စတ္တာရောအပါယာ သကဂေဟာ သဒိသာ' မိမိကိုယ်ဖြစ်ပျက်ကို မေ့လျော့ပြီး မေ့ဘေးသင့်နေသော ပုဂ္ဂိုလ်အား စတ္တာရောအပါယအပါယ်လေးဘုံတို့သည် သကဂေဟာ သဒိသာ ထိုသူတို့၏ အမြဲနေသော အိမ်ဖြစ်၏။ မေ့လျော့သော မသူတော်ဘေး သင့်သူတို့၏ အမြဲနေသော အိမ်သည်အပါယ်ဘုံ ဖြစ်၏။ [နှာ-၂၅၈] အပါယ်သံသရာ ရှည်ခဲ့တာ မသူတော်ဘေးကြောင့်အဝိဇ္ဇာကြောင့် ဖြစ်၏။ သင့်မှန်း မသိတာလည်း အဝိဇ္ဇာ မိုက်ပြစ်သင့်ခြင်းပင်ဖြစ်သည်။ [နှာ-၂၆၀] မသူတော်ဘေးသင့်တယ်ဆိုတာ ဖြစ်ပျက်ရှိလျက် မသိဘဲမေ့တာဖြစ်ကြောင်း အမှတ်ရအောင်လည်း အထပ်ထပ် ဟောထားသည်။ [နှာ-၂၆၂] 'ပမာဒံ ဘယတော ဒိသွာ' ပမာဒံ- မေ့လျော့ခြင်းကို ဘယတော- ဘေးသင့်နေသည်ဟု ဒိသွာ- မြင်ရမည်။ [နှာ-၂၆၅] မေ့နေလျှင် ဘေးသင့်သည်။ 'အပ္ပမာဒဥ္စ ခေမတော' မမေ့လျှင် ဘေးကင်းသော နိဗ္ဗာန်ကို ရောက်သည်။ [နှာ-၂၆၆]

'ပမာဒ ရဟိတာ ဟောထ၊ သောဗုဒ္ဓသာသနီ' မမေ့မလျော့လျှင် နိဗ္ဗာန်ရောက်သည်။ ဤကား ဗုဒ္ဓ၏ အဆုံးအမ ဖြစ်သည်။ **'သတောဘိက္ခဝေ ဘိက္ခုဝိဟာရေယျ သမ္ပဇာနော အယံဝေါ အမှာကံ အနုသာသနီ'** (သံယုတ်ပါဠိတော်) (ငါ၏ချစ်သားရဟန်းတို့ ဘိက္ခုရဟန်းသည် သတိရှိသည်ဖြစ်၍၊ သမ္ပဇာနော- ပညာဖြင့်ဖြစ်ပျက်ကို မြင်သည်ဖြစ်၍ ဝိဟာရေယျ- နေကြပါလော့) **သတိထားပြီး ပညာနှင့်ဖြစ်ပျက်ကို မြင်အောင်ရှုပါ** ဤကား ဗုဒ္ဓ၏ အဆုံးအမပင်တည်း။ [နှာ-၂၆၇]

ထို့နောက် ဤတရားတွင် နတ်ဥယျာဉ်တွင် နတ်သမီး တစ်ဖက်ငါးရာဖြင့်ပျော်ပါးနေသော သုဗြဟ္မာနတ်သားဝတ္ထုကို ထုတ်ပြထားပြန်သည်။ (ရှေ့ပိုင်းမှာလည်း ဤဝတ္ထုကို ထုတ်ပြထားဖူးပြီ) နတ်သမီး တစ်ထောင်နှင့် ပျော်မြူးစဉ်မေ့ဘေးသင့်နေသော နတ်သားအဖြစ်ကို ဟောသည်။ လူတွေမှာလည်း သားရေးသမီးရေး၊ စီးပွားရေး၊ မင်းရေးစိုးရေးတို့ဖြင့် မေ့ဘေးသင့်နေကြသည်ကို ပေါ်အောင်ဖော်ပြသည်။ ခန္ဓာကို ဉာဏ်မလှည့်ဘဲ နေကြပုံကို ပြသည်။ မေ့ဘေးသင့်နေစဉ်ဥပစ္ဆေဒက အကုသိုလ်ကံတွေ ဖျတ်ခနဲ ဖြတ်ချတတ်ပုံကို ပြသည်။

ရုတ်တရက် ဥယျာဉ်ကစားနေသော နတ်သမီးငါးရာ နတ်သက်ကြွေပြီးအဝီစိကို ကျသွားတာမြင်မှ သုဗြဟ္မာနတ်သား သံဝေဂ ရပုံ၊ ဘုရားထံ ချဉ်းကပ်ပုံ၊

http://www.dhammadownload.com



မေ့လျော့နေသော အဝိဇ္ဇာကို ပယ်ပြီး ဖြစ်ပျက် မြင်အောင်ရှုမှ မသူတော်ဘေးက လွတ်ပုံကို ဥပမာပြ ဟောသည်။ [နှာ–၂၇၆]

ဒါကြောင့် မသူတော်ဘေး၊ မေ့ဘေး မသင့်အောင် ဝိပဿနာအလုပ်ကို လုပ်ရမည်။ ဖောဖျှင်မဂ္ဂင်အလုပ်ကို ကြည့်ထား၍ ချမ်းသာခြင်းကို ရနိုင်သော နည်းကို ငါမမြင်ဟု ဘုရားက ဟောသည်။ နတ်သားလည်း ဖောဖျှင်မဂ္ဂင်အလုပ်ကို လုပ်သဖြင့် အပါယ်ဘေး လွတ်မြောက်ခဲ့ပုံကို နမူနာထား၍ ဟောသည်။ (ဤတွင် ဖောဖျှင်နှင့်မဂ္ဂင် အတူတူပင် ဖြစ်၏) မမေ့လျှင် ဖောဖျှင်မဂ္ဂင်ဖြစ်ကြောင်း မိန့်ထားသည်။ [နှာ–၂၈၄] မေ့ဘေးရှောင်၍ ရှုရေးကို ဆောင်ပါဟုလည်း တိုက်တွန်းသည်။ [နှာ–၂၈၆] ဖြစ်ပျက်မြင်အောင် ရှု၊ ဖြစ်ပျက်မုန်းအောင် ရှု၊ ဖြစ်ပျက်ဆုံးအောင် ရှုဟုလည်း ဆုံးမ တိုက်တွန်းထားသည်။

အချိန်ကုန်၍ တရားပြီးဆုံးသည်။

*

## ၇။ ဘုရားအကြိုက်ဆုံး ပူဇော်နည်း

[နေ့စွဲမပါ မိုးကုတ်မြို့ မင်္ဂလာတိုက်တွင် ဟောသော ညအလုပ်ပေးတရား]

ဘုရား ပရိနိဗ္ဗာန်စံခါနီးမှာ နတ်ဗြဟ္မာတွေ၊ သဘာဝပန်းမန်တွေက ပူဇော်ကြပုံကို သရုပ်ဖော်ပြောပြီး ဤတရားကို စတင် ဟောကြားသည်။ ထိုပူဇော်ခြင်းက ကုသိုလ်ရသော်လည်း ဘုရားကြိုက်သော ပူဇော်နည်း မဟုတ်ကြောင်း ဆိုသည်။ ဘုရားအကြိုက် ပူဇော်နည်းက 'ဓမ္မာနုဓမ္မပဋိပန္နော၊ သာမိစိ ပဋိပန္နော အနုဓမ္မစာရီ' တရားအလုပ် အားထုတ်ပြီး ပူဇော်တာ ဘုရားအကြိုက်ဆုံး ပူဇော်နည်း ဖြစ်သည်။ [နှာ–၂၉၀] ဘုရားက လူတွေကို ထွက်ရပ်လမ်း ရောက်စေချင်သည်။ ဒုက္ခခပ်သိမ်း ငြိမ်းသော နိဗ္ဗာန်ကို ရောက်စေချင်သည်။ ဝေနေယျတွေက ဘုရား ကြိုက်သော တရားအလုပ်ကို လုပ်နေခြင်းသည် ဘုရားကို အကောင်းဆုံး ပူဇော်နည်း ဖြစ်ကြောင်း ဟောသည်။ [နှာ–၂၉၁] တရားနှင့် ပူဇော်ခြင်းဆိုတာ ရွတ်ဖတ်နေကြခြင်းကို မဆိုလို၊ ကျင့်ကြံ အားထုတ်ခြင်းကိုသာ ဆိုလိုကြောင်းလည်း ဟောသည်။ ဒါဟာ အမြတ်ဆုံး ပူဇော်ခြင်း(ပရမာယပူဇာယ) ဖြစ်ကြောင်းလည်း ဟောသည်။

တရားကျင့်နေခြင်းမှာ ဖြစ်ပျက် မြင်အောင်ရှုခြင်း၊ ဖြစ်ပျက် မုန်းအောင် ရှုခြင်း၊ ဖြစ်ပျက်ဆုံး နိဗ္ဗာန်ကို သက်ဝင်အောင် ရှုခြင်းကို ဆိုလိုကြောင်း ဟောသည်။

http://www.dhammadownload.com



[နှာ–၂၉၃] ဘုရား ပရိနိဗ္ဗာန်စံခါနီး တရားကျင့်နေသောကြောင့် ဘုရားကို လာမကြည့်သော တိဿရဟန်းကို ဘုရားက သာဓုခေါ်ပုံ ဝတ္ထုကြောင်းကို ဟောသည်။

ဓမ္မာနုဓမ္မပဋိပတ္တိဆိုသည်မှာ တရားဖြင့် ပူဇော်ခြင်း ဖြစ်သည်။ [နှာ–၂၉၆] ထို့နောက် ဘုရား၏ နောက်ဆုံးစကား 'ဟန္ဒဒါနိ ဘိက္ခဝေ အာမန္တယာမိဝေါ ဝယဓမ္မာသင်္ခါရာ၊ အပ္ပမာဒေန သမ္ပာဒေထ' ကို ပြပြီး သင်္ခါရတရား ပြုပြင်၍ ပေါ်လာသော မင်းတို့ ခန္ဓာကို ချစ်သားရဟန်းတို့ ပြုပြင်၍ဖြစ်သော တရားတိုင်းသည် ကုန်ဆုံး ပျက်ပြုန်းခြင်းဖြင့် အဆုံးသတ်သည်ဟု မမေ့မလျော့သော သတိဖြင့် ရှုကြပါ။ ထိုဖြစ်ခြင်းပျက်ခြင်း မရှိသော နိဗ္ဗာန်သည်သာ သုခေါ– ချမ်းသာ၏။ [နှာ–၃၀၂] သင်္ခါရတရားတိုင်း ပျက်တတ်တာကို မမေ့ကြနှင့်ဟုလည်း သတိပေးထားသည်။ သတိထားပြီး မမေ့ဘဲကြည့်လျှင် အပျက်တွေ့မည်။ အနိစ္စကို သိသော သိလုံးကလေးသည် မဂ္ဂင်ပဲဟု မိန့်ထားသည်။ [နှာ–၃၀၃]

သင်္ခါရတရား ပျက်တာကို မမေ့မလျော့ သတိနှင့် ကြည့်ပါဆိုရာတွင် သတိ ဦးစီးပါ၊ သမာဓိ ဦးစီးပါ၊ ဝီရိယ ဦးစီးပါ၊ ကြံလုံးဉာဏ်လုံးတွေ ဦးစီးပါဟုလည်း ဆုံးမထားပြန်သည်။ သတိတစ်လုံးကို ပဓာနထားသော်လည်း ဤငါးလုံးစလုံး အကုန်ပါသည်။ သင်္ခါရတရား ဘယ်မှာ လမ်းဆုံးသလဲ၊ အပျက်မှာ ဆုံးတယ်၊ အဲဒါ မမေ့ကြနှင့်ဟု မှာတော်မူပြီး ဘုရား ပရိနိဗ္ဗာန်ပြုသည်။ [နှာ–၃၀၆]

ဘုရားပရိနိဗ္ဗာန်စံတော့ သိကြားမင်းက 'အနိစ္စာဝတသင်္ခါရာ၊ ဥပ္ပါဒဝယဓမ္မိနော' ဂါထာကို ရွတ်သည်။ ဘုရားက သင်္ခါရ အပျက်တရားကို မမေ့နှင့်ဟု မှာကြားခဲ့သည်။ သိကြားမင်းကတော့ သင်္ခါရရော၊ အပျက်ရော မရှိတာ နိဗ္ဗာန်ပဲဟု ဆိုသည်။ [နှာ–၃၀၈] သင်္ခါရကို ဆုံးအောင်လိုက်မှ နိဗ္ဗာန်တွေ့မည် ဖြစ်သည်။ သင်္ခါရအဆုံးမှာ နိဗ္ဗာန်ရှိသည်။ [နှာ–၃၁၀] ပစ္စုပ္ပန်မှာ ပေါ်သော အဝိဇ္ဇာသင်္ခါရကို သတ်ရမည်။

ဖြစ်ပျက်မြင်လျှင် ဝိဇ္ဇာမဂ္ဂင်ဖြစ်ပြီ။ [နှာ–၃၁၆] အဝိဇ္ဇာချုပ်လျှင် သူ့ကြောင့်ဖြစ်သော သင်္ခါရ ချုပ်သည်။ [နှာ–၃၁၇] ဝိပဿနာအလုပ် လုပ်ရမည်။ လုပ်မှ ဖြစ်သည်။ ဝိဇ္ဇာဉာဏ်ပေါ်လျှင် အဝိဇ္ဇာချုပ်သည်။ အဝိဇ္ဇာချုပ်လျှင် သင်္ခါရချုပ်သည်။ အားမထုတ်ဘဲနှင့်တော့ ဝိဇ္ဇာဉာဏ်က ဖြစ်မလာဘူးဟုလည်း မိန့်သည်။

ခန္ဓာငါးပါးသည် ဖြစ်ခြင်းပျက်ခြင်းသဘော(ဥပ္ပါဒဝယဓမ္မိနော) တရားသဘောပဲ ရှိသည်။ ယောက်ျား မိန်းမ မပါဘူး။ [နှာ–၃၂၂] တေသံဝူပသမော

http://www.dhammadownload.com



သုခေါ ထိုဖြစ်ခြင်းပျက်ခြင်းတို့ နုပသမော မရှိသော နိဗ္ဗာန်သည် သုခေါ ချမ်းသာ၏။ ဖြစ်ပျက်မရှိတာ နိဗ္ဗာန်ဟု မှတ်ရမည်။

ဘုရားက ဖြစ်ပျက်ကို မမေ့ဘဲ ရှုပါ။ သိကြားက ထိုဖြစ်ပျက်ဆုံးအောင် လိုက်မှ နိဗ္ဗာန်ရကြောင်း ဟောထားပုံကို ပြသည်။ [နှာ–၃၂၅] ဖြစ်ပျက်မြင်အောင် ကြည့် (ဥဒယဗ္ဗယဉာဏ်)၊ ဖြစ်ပျက်မုန်းအောင်ကြည့် (နိဗ္ဗိန္ဒာဉာဏ်)၊နောက် ဖြစ်ပျက် ဆုံးအောင်ကြည့်။ ဉာဏ်သုံးဉာဏ်နှင့် ဟောထားသည်။ ဖြစ်ပျက်ဆုံး မဂ်ဉာဏ် ဖြစ်သည်။ [နှာ–၃၂၆] နိရောဓသစ္စာ နိဗ္ဗာန်ကို ဒုက္ခသစ္စာက ကွယ်နေသည်။ [နှာ–၃၃၀] အဝိဇ္ဇာ ခံနေလျှင် ခန္ဓာ၏ ဖြစ်ပျက် ဒုက္ခသစ္စာကို မတွေ့နိုင် ဖြစ်တတ် သည်။ ဒါကြောင့် အဝိဇ္ဇာကို ဖယ်ရမည်။

ဖယ်နည်းမှာ တရားနာရမည်။ တရားနာမှ ဖယ်နိုင်သည်။ [နှာ–၃၃၁] ဆရာက ပထမ ဖယ်၊ ဒုတိယ ယောဂီကဖယ်ရမည်။ ရှုဖန်များလျှင် ဆုံးသွားမည်။ နံပါတ်သုံး မဂ္ဂက ဖယ်လိမ့်မည်။ ခန္ဓာဖြစ်ပျက်အဆုံးမှာ နိဗ္ဗာန်ရှိသည်။ ဒါကြောင့် နိဗ္ဗာန်သည် ခန္ဓာနှင့် ဆက်နေသည်။ [နှာ–၃၃၂] ဝိပဿနာဉာဏ် အဆုံးမှာ မဂ်ဉာဏ် လာသည်။ တထစ်ချ မှတ်ပါဟု မိန့်ပြီး တရား အဆုံးသတ်ထားသည်။

*

## ၈။ စိတ္တာနုပဿနာရှုပုံ

[၁၇–၆–၆၂ နေ့က မိုးကုတ်မြို့ မဂ်လာတိုက်မှာ ဟောကြားသော ည အလုပ်ပေးတရား]

(၁၆–၆–၆၂နေ့က 'ဝိပဿနာမဂ်နှင့် လောကုတ္တရာမဂ်' ကို ဟောသည်။ ၁၇–၆–၆၂တွင် ဤစိတ္တာနုပဿနာရှုပုံကို ဟောသည်။ သို့သော် ကြားမှာ နေ့ခွဲ မပါဘဲ တရားလေးပုဒ် ကြားညှပ် ဖော်ပြထားသည်။ ၁၇–၆–၆၂နေ့ခွဲဖြင့်ပင် ခန္ဓာကိုယ်ကို သစ္စာမျက်လုံး တပ်ကြည့်ရမည်ဆိုသော တရားတစ်ပုဒ်ကိုလည်း ဖော်ပြထားသည်။ အားလုံး ည အလုပ်ပေးတရားချည်း ဖြစ်သည်။ ဘယ်လို ဖြစ်ပါ လိမ့်ဟု ခန့်မှန်းရ ခက်ပါသည်။)

အရှင်သာရိပုတ္တရာနှင့် အရှင်ကောဋ္ဌိတ ရဟန္တာကြီးနှစ်ပါး အမေးအဖြေ လုပ်ပုံဖြင့် ဤတရားကို စထားသည်။ (ဤဝတ္ထုအကြောင်းကို ရှေ့မှာလည်း ဖော်ပြ ခဲ့ဖူးပြီ) မိုးကုတ်ဆရာတော်ဘုရားကြီးသည် စိတ္တာနုပဿနာ ရှုနည်းကို မကြာခဏ ဟောတော်မူခဲ့သည်။

http://www.dhammadownload.com



မြင်စိတ်၊ ကြားစိတ်၊ နံစိတ်၊ စားစိတ်၊ ယားနာကောင်းစိတ်(ထိသိစိတ်) ထိုစိတ် ကိုယ်မှာ ပေါ်သည်။ အပြင်အာရုံနှင့် ဒွါရ တိုက်၍ ပေါ်သောကြောင့် ပေါ်ပြီး ခဏကြာ ပျောက်သောကြောင့် ထိုစိတ် ငါးစိတ်ကို အပြင်ညွှတ်သည်စိတ်များဟု မှတ်ရမည်။ ဒီစိတ်တွေက အရှုခံစိတ်တွေ ဖြစ်သည်။ အပြင်ညွှတ်သည်စိတ်များကဲ့သို့ အတွင်းက လာသော ညွှတ်သည်စိတ်များလည်း ရှိသေးသည်။ လောဘစိတ်၊ ဒေါသစိတ်၊ မောဟစိတ်(သံသယစိတ်၊ ပျံ့လွင့်စိတ်စသည်) အကုသိုလ်ဘက်က သုံးခု။ ကုသိုလ်ဘက်က အလောဘစိတ်(လှူချင်စိတ်၊ ပေးကမ်း စွန့်ကြဲချင်စိတ်မျိုး) အဒေါသစိတ်(မေတ္တာစိတ်) ဆင်ခြင် သုံးသပ်သောစိတ်က အမောဟစိတ် (ပညာစေတသိက်) ဖြစ်သည်။ ထိုစိတ်ကို အရှုခံစိတ်ထဲ မထည့်ရ၊ ထိုစိတ်သည် ပညာစေတသိက် ဖြစ်သောကြောင့် ရှုဉာဏ်ဖြစ်သည်။ ထိုစိတ်အစား ကြံစည်တွေးတောစိတ်ကို ထည့်ရမည်။ အတွင်းညွှတ်သည်စိတ်က ခြောက်မျိုးဖြစ်သည်။

ထို့ပြင် သက်စောင့်စိတ်၊ အိမ်ရှင်စိတ် နှစ်ခု ရှိသေးသည်။ ဝင်လေစိတ်၊ ထွက်လေစိတ် ဖြစ်သည်။ အရှုခံစိတ် ၁၃ ခု ဖြစ်သည်။ (ဤတရားတွင် ဆရာတော်က အရှုခံစိတ် ၁၄ ခုဟု ဟောထားသည်။ သို့သော် အခြားနေရာများတွင် ၁၃ ခုသာ ဟောသည်) ဒါတွေက စိတ်(နာမ်ဓမ္မ)တွေချည်းဟု မှတ်ပါ။ စိတ်ဟူသရွေ့ ရုပ်ပေါ်မှာ မှီရသည်။ စိတ်က နာမ်၊ သူ့အခံက ရုပ်၊ မြင်စိတ်က ပျက်လုံးပေါ် မှီသည်။ ကြားစိတ်က နားပေါ်မှီသည်။ သူ့နေရာနှင့် သူ ပေါ်သည်။ အတွင်းညွှတ်သည်စိတ် ခြောက်ခုလည်း ဟဒယဝတ္ထုပေါ်မှာ မှီသည်။ [နှာ-၃၄၁] ရှုစိတ်၊ ရှုစိတ်လည်း ဟဒယဝတ္ထုပေါ် မှီသည်။ [နှာ-၃၄၂]

ရုပ်ပေါ်မှာ နာမ်ပေါ်သောကြောင့် ရုပ်နာမ်ပဲ ရှိသည်။ ရုပ်နာမ် အထူးခွဲစရာမလိုဟု မိန့်ထားသည်။ နာမ်ရုပ်ခွဲပြီးနောက် အကြောင်းအကျိုး ခွဲရဦးမည်။ အာရုံနှင့် ဒွါရအကြည် ရုပ်နှစ်ခု တိုက်ဆိုင်မိလို့ စိတ်တွေ ပေါ်သည်။ ဒါက စိတ်ဖြစ်ခြင်း အကြောင်းဖြစ်သည်။ သိကြားဗြဟ္မာ၊ ဘုရားအလ္လာက ဖန်ဆင်းခြင်း မဟုတ်ကြောင်း ပေါ်လွင် ထင်ရှားပြီ၊ ဒါက ဝိစိကိစ္ဆာကို သတ်လိုက်တာဟု မိန့်သည်။ ရုပ်နာမ်ခွဲလိုက်တာက ဒိဋ္ဌိသတ်တာဖြစ်ကြောင်းလည်း ဟောထားသည်။

ဤသို့ နားလည်လျှင် နာမရူပ ပရိစ္ဆေဒဉာဏ်နှင့် ပစ္စယ ပရိဂ္ဂဟဉာဏ် နှစ်ဉာဏ်ရပြီ။ [နှာ-၃၄၄] ပြီးမှ မိလိန္ဒမင်းကြီးက အရှင်နာဂသိန်အား ဝိပဿနာရှုပုံကို မေးသော ဝတ္ထုကြောင်းကို ဟောသည်။ အရှင်နာဂသိန်က ဝိပဿနာရှုသော ယောဂီသည် တောထဲက သစ်တွေ၊ ကျားတွေ၊ သားသမင်ကို ချောင်းပြီး စောင့်ပြီး

http://www.dhammadownload.com



ဖမ်းသလို ဖမ်းရမည်။ သမာဓိကောင်းကောင်းနှင့် စောင့်နေ၊ ကြားရင် ကြားစိတ် ဖြစ်ပျက်ရှုလိုက်၊ နံစိတ်ပေါ်လျှင် နံစိတ်ကို ဖြစ်ပျက်ရှုလိုက်ဖို့ နည်းလမ်း ဖော်ပြ ထားသည်။ ဉာဏ်ကျားကြီးက သမာဓိဆိုသော ချုံကြားက ချောင်းပြီး ပေါ်လာသော ခန္ဓာ(ဝိညာဉ်ဆိုတဲ့ စိတ်တွေကို မိအောင် ဖမ်းပြီးရှုပါ၊ ဒါသည် ဝိပဿနာရှုနည်း နိဿရည်းဖြစ်သည်။ [နှာ-၃၄၈]

ဤတရားတွင် နာမ်ရုပ်ကို ပြပြီး ဒိဋ္ဌိခွာသည်။ ကြောင်းကျိုးသဘောကို ပြပြီး ဝိစိကိစ္ဆာကို သတ်သည်။ ပြီးမှ ဝိပဿနာရှုနည်းကို မိလိန္ဒပဉှာမှာ ဟောသော အတိုင်း ပြသည်။ သောတာပတ္တိမဂ်သည် ဒိဋ္ဌိသတ်တာ၊ အထက်မဂ်ကျမှ တဏှာ သတ်တာဖြစ်သည်။ ထို့ကြောင့် ဒိဋ္ဌိသတ်ရာမှာ စိတ္တာနုပဿနာက ထိရောက် သည်ဟု ဆရာတော်ကြီး ရှုမြင်ထားသည်။ [နှာ-၃၅၂]

ဉာဏ်နုံ့ပြီး ဒိဋ္ဌိများသောသူ စိတ္တာနုပဿနာကို ရှုသင့်ကြောင်း ဖော်ပြထား သည်။ [နှာ-၃၅၃] စိတ္တာနုပဿနာမှာ အရိယာများသော ရသောစိတ်ကို ရှုစရာ မလိုပါ။ [နှာ-၃၅၄] ပုထုဇဉ်သန္တာန်မှာ ပေါ်သောစိတ်ကိုသာ ရှုရမည်။ ဤတွင် 'သဥတ္တရံဝါ စိတ္တံ သဥတ္တရံ စိတ္တန္တိ ပဇာနာတိ၊ အနုတ္တရံဂါ စိတ္တံ အနုတ္တရံ စိတ္တန္တိ ပဇာနာတိ' လောကုတ္တရာစိတ်လည်း ရှုရမည်ဟု စာမှာ ဆိုထားသော်လည်း ပုထုဇဉ်သည် လောကုတ္တရာစိတ်ကို မရှုနိုင်၊ ထို့ကြောင့် စာကိုလည်း ဝေဖန်ပြီးမှ ယူသင့် ကြောင်း ဟောထားသည်။ [နှာ-၃၅၅]

ထို့နောက် ဝိပဿနာသည် စောင့်ဖမ်းရသည်ဆိုသော အကြောင်းကို ဟော ပြန်သည်။ လိုက်ရှာမနေနှင့် ရှာပြီးရှုရင် ပညတ်ဖြစ်တယ်ဟုလည်း သတိပေးထား သည်။ [နှာ-၃၅၆] စောင့်ပြီးရှုမှ ပရမတ်ဖြစ်ကြောင်းလည်း ဟောထားသည်။ ထို့နောက် ဒိဋ္ဌိမပြုတ်ဘဲ လှူလျှင် ဘာပဲလှူလှူ အပါယ်ပို့တတ်ကြောင်း ဆုံးမထား ပြန်သည်။ ထို့ပြင် ဓမ္မကထိက၏ ဂုဏ်လက္ခဏာကိုလည်း ကြားညှပ်ဟောသည်။

စိတ်အစဉ်၏ ဖြစ်ပျက်မြင်အောင်၊ ဖြစ်ပျက်မုန်းအောင်၊ ဖြစ်ပျက်ဆုံးအောင် ဟောနိုင်သော ပုဂ္ဂိုလ်ဖြစ်လျှင် ဓမ္မကထိကလို့ ဆုံးဖြတ်ချက်ချဟု မိန့်ထားသည်။ [နှာ-၃၆၀] ဒီစိတ်အစဉ်ကို မလိုချင်အောင်၊ မုန်းအောင်၊ ရွံ့အောင် ကျင့်နိုင်လျှင် ဓမ္မာနုဓမ္မပဋိပတ္တိပုဂ္ဂိုလ် ဖြစ်သွားပြီ [နှာ-၃၆၀] ဟုလည်း ဟောသည်။ ပြီးနောက် စွဲလမ်းမှု ဥပါဒါန်ချုပ်အောင် ဟောနိုင်သောပုဂ္ဂိုလ်ဖြစ်လျှင် ယခုဘဝ နိဗ္ဗာန်ရမည့် ပုဂ္ဂိုလ်လို့ ဆုံးဖြတ်ချက်ချဟုလည်း အတိအကျ မိန့်ထားသည်။ [နှာ-၃၆၁]

http://www.dhammadownload.com



လောကကို စိတ်က ဆောင်သည် (စိတ္တေန နိယတောလောကော) ထိုစိတ်ကို မနိုင်၍ သတ္တဝါတွေ ဟိုဘုံရောက် ဒီဘုံရောက် ဖြစ်နေကြသည်။ ငရဲသွားတာ အကုသိုလ်စိတ်က ပို့ချလိုက်တာ [နှာ–၃၆၂] ဟုလည်း ပြထားသည်။ ကြက်ဥထဲက ကြက်ကောင်ကလေးတွေ ထွက်လာတာသည် ကြက်ဘဝကို သာယာသော စိတ်က လုပ်လိုက်တာဟု ဆိုသည်။ [နှာ–၃၆၅] (ဤအချက် ခေတ်သိပ္ပံဆရာများက မျိုးဗီဇက လုပ်လိုက်တာဟု ဆိုသည်။ ဘယ်အချက်မှန်သည်ကို သုတေသန ပြုရ ပေဦးမည်။) စိတ်ကသာ အမျိုးမျိုး ဖန်ဆင်းနိုင်သည်ဟု ဗုဒ္ဓဘာသာက ယူဆသည်။

လူတွေက ကံက လုပ်သည်ဟု ထင်နေကြောင်းလည်း ဝေဖန်ထားသည်။ ကံက ပဋိသန္ဓေဝိညာဉ် ပေါ်အောင်သာ လုပ်လိုက်တာ သန္ဓေသားကို အမိနှင့် တူအောင် လုပ်တာက စိတ်က လုပ်တာဟု အထင်အရှား ပြထားသည်။ (သိပ္ပံ အမြင်နှင့် မတူပါ။ သိပ္ပံအမြင် မှန်သလား၊ ဗုဒ္ဓအမြင် မှန်သလားဆိုသည်ကို ကြာမြင့်စွာ သုတေသန ပြုရဦးမည်။) ပန်းချီရုပ်ဟာ ပန်းချီဆရာ၏ စိတ်အတိုင်း ပေါ်လာတာဟု ဥပမာ ပြသည်။ [နှာ–၃၆၈] 'ဝိစိတ္တကရဏစိတ္တံ' ဆန်းကြယ်အောင် လုပ်တတ်သောကြောင့် စိတ်ဟု ဘုရားက ဟောကြောင်းပြသည်။ [နှာ–၃၆၈]

ထို့နောက် အတွင်းညှိသည်စိတ်၊ အပြင်ညှိသည်စိတ်တို့ကို ဝိပဿနာ ရှုပုံကို ဟောသည်။ ပေါ်သောစိတ်ကို သမာဓိချုံကြားက စောင့်ပြီး ချောင်းပြီး ဖမ်းဖို့ မှာကြားသည်။ ညှိသည်စိတ် ရှုစရာ မရှိလျှင် အိမ်သည်စိတ်ကို ရှုပုံကို ပြသည်။ စိတ်တစ်ခု ဖြစ်ပြီးပျက်သွားပုံကို မြင်အောင် ရှုနိုင်းသည်။

အသေကို အရှင်နှင့် ရှုရမည်ဟု ပြသည်။ [နှာ–၃၇၃] အသေကို အရှင်နှင့် ရှု ဆိုခြင်းကို ရှင်းပြသည်။ 'ဧကစိတ္တာသမာယုတ္တာ' ဆိုသောကြောင့် စိတ်တစ်ခုနှင့်သာ အသက်ရှင်ကြောင်း ပြသည်။ စိတ်တစ်ခု ချုပ်သွားပြီး နောက်စိတ်မလာလျှင် ထိုပုဂ္ဂိုလ် သေမည်။ သို့သော် ရှေ့စိတ်(အသေ) ပြီးလျှင် နောက်စိတ်(အရှင်)က ပေါ်နေပြီ။ ဒါကြောင့် အသုဘ မပို့ရဘဲ ဆက်ပြီး အသက်ရှင်နေခြင်း ဖြစ်သည်။ ဒါကြောင့် အသေကို အရှင်နဲ့ ရှုတာ ဝိပဿနာဟု ဝိဂြိုဟ်ပြုပေးသည်။

ထိုသို့ ကြည့်ဖန်များလာလျှင် အသုဘတွေ တွေ့ဖန်များလာလျှင် မုန်းတီး ရွံရှာလာလိမ့်မည်။ ထိုအခါ ခဏခဏ သေနေသောစိတ်(ဝိညာဏက္ခန္ဓာ)ကို မလို ချင်စိတ် ဖြစ်လာမည်။ ငြီးငွေ့လာမည်။ ဖြစ်ပျက်နှင့်မဂ် ကိုက်အောင် ရှုတတ်လျှင် ဓမ္မာနုဓမ္မပဋိပတ္တိ ဖြစ်သည်။ [နှာ–၃၇၇]

ဤတွင် အချိန်ကုန်၍ တရားဆုံးသည်။

*

http://www.dhammadownload.com



## ၉။ အဖုံးနှစ်ချပ် ဖွင့်ကြည့်မှ နိဗ္ဗာန်မြင်ပုံ

[၁၈-၆-၆၂ နေ့က မိုးကုတ်မြို့ မင်္ဂလာတိုက်မှာ ဟောကြားသည်]

သစ္စာ မသိသေးရင် ခင်ဗျားတို့ သံသရာမှာ ကျချင်သလို ကျလိမ့်မယ် ကတိမပြဘူးဆိုသော စကားဖြင့် ဤတရားကို စတင် ဟောကြားသည်။ သစ္စာကွယ်ရင် ခင်ဗျားတို့မှာ သံသရာခရီးသည် ဘဝမဆုံးတော့ဘူး။ [နှာ-၃၈၂] ထို့နောက် မိလိန္ဒမင်းကြီးက ရဟန္တာအရှင်နာဂသိန်အား မေးသောမေးခွန်းကို ထုတ်ပြသည်။ အကြောင်းကံတွေကြောင့် ဖြစ်တဲ့တရားတွေကို တပည့်တော် နားလည်ပါသည်။ အကြောင်းမဲ့ဖြစ်သော တရားကို သိချင်ပါသည် ဆိုသောအခါ ဟင်းလင်းပြင် (အာကာသ)သည် ဘယ်သူမှ မပြုပြင်ဘဲ အကြောင်းလွတ်၍ ဖြစ်သည်။ နိဗ္ဗာန်သည်လည်း ကံ စိတ် ဥတု အကြောင်းသုံးပါး လွတ်ပြီးဖြစ်သည်။ စုဝနိဗ္ဗာန် နိစ္စနိဗ္ဗာန် [နှာ-၃၈၇] နိဗ္ဗာန်သည် ကံနှင့် မစပ်ကြောင်း ကံဖျက်၍လည်း နိဗ္ဗာန်သည် မပျက်ကြောင်း ဟောသည်။ နတ်ပြည်က ကံကုန်တော့ ဘုံပျောက်သည်။ နိဗ္ဗာန်က ဘယ်သူ လုပ်တာမှမဟုတ်၊ ဘယ်အကြောင်းကြောင့် ဖြစ်တာမှ မဟုတ်ကြောင်း ရှင်းထားသည်။ နိရောဓသစ္စာ ဒါကိုရအောင် ကြိုးစားရမည်။ [နှာ-၃၈၈] နိဗ္ဗာန်သည် ကံအကျိုး မဟုတ်ကြောင်း ဟောသည်။ [နှာ-၃၈၉]

ဒါကြောင့် နိဗ္ဗာန်ကို ရချင်လျှင် ဉာဏ်အလုပ်ကို လုပ်ရမည်။ ကံက နိဗ္ဗာန်အတွက် အထောက်အပံ့ပဲ ပေးသည်။ [နှာ-၃၉၁] ဉာဏ်မျက်လုံးရမှ နိဗ္ဗာန်ကို မြင်သည်။ ကံပေါ်ဉာဏ်ဆင့်ရမယ်ဟုလည်း ဟောသည်။ [နှာ-၃၉၉] နိဗ္ဗာန်ကို အဝိဇ္ဇာနှင့်ခန္ဓာ အဖုံးနှစ်ချပ် ဖုံးသည်။ အဝိဇ္ဇာကို ဖယ်လိုက်လျှင် ခန္ဓာက ဖုံးနေပြန်သည်။ ခန္ဓာအဆုံးကို မြင်မှ နိဗ္ဗာန်ပေါ်သည်။ [နှာ-၄၀၁] တဏှာနိရောဓော နိဗ္ဗာနံ ခန္ဓာနိရောဓော နိဗ္ဗာနံ ဟု ဟောသည်။ အဝိဇ္ဇာနှင့် တဏှာကို ဖယ်ပြီးရင်တောင် နိဗ္ဗာန်ကို ခန္ဓာဖြစ်ပျက်က ဖုံးနေသည်။

ဒီလမ်းဟာ ပထမဦးစွာ အဝိဇ္ဇာနှင့်တဏှာကို တွန်းလှန်ရမယ်။ ဒုတိယ ခန္ဓာကို ဆုံးအောင် လိုက်ရမယ်ဟု နည်းလမ်းပြထားသည်။ [နှာ-၄၀၄] ဗုဒ္ဓဘာသာဝင်တွေ သစ္စာမသိမှုကြောင့် ဆွမ်းတော်တင်၊ မေတ္တာပို့လောက်နှင့် လမ်းဆုံးနေကြပုံကို ဝေဖန်ထားသည်။ [နှာ-၄၀၅]

အဝိဇ္ဇာနှင့်တဏှာကို ဖယ်ပြီး ခန္ဓာကို ဉာဏ်နှင့် ကြည့်လိုက်သောအခါ ယောကျ်ားမိန်းမကို မမြင်ဘဲ ခန္ဓာဖြစ်ပျက်ကိုသာ မြင်တော့သည်။ ခန္ဓာ အနိစ္စကို တွေ့သည်။ [နှာ-၄၀၆] ခန္ဓာဖြစ်ပျက်(အနိစ္စ)ကို မြင်တာက ဝိပဿနာဉာဏ်၊

http://www.dhammadownload.com



ဒီဉာဏ်ရင့်လာမှ လောကုတ္တရာမဂ်ဉာဏ် ပေါ်ပြီး နိဗ္ဗာန်ကို မြင်သည်။ အဝိဇ္ဇာနှင့် တဏှာက ဝိပဿနာကို ကွယ်ထားသည်။ ဝိပဿနာကို တွေ့ပြန်တော့ နိဗ္ဗာန်ကို ခန္ဓာက ကွယ်ထားပြန်သည်။ [နှာ-၃၀၇] အဝိဇ္ဇာနှင့်တဏှာက သမုဒယသစ္စာ၊ ခန္ဓာက ဒုက္ခသစ္စာ ဒီနှစ်ခု(အဖုံးနှစ်ချပ်)ကို လှန်ရမည်။ အဖုံး မဖွင့်တတ်လျှင် အထဲက ပစ္စည်းယူ၍ မရနိုင်၊ ထိုအဖုံးနှစ်ချပ်ကို ကံနှင့် ဖွင့်လို့ မရပါ၊ ဉာဏ်နှင့် ဖွင့်မှရသည်။ [နှာ-၄၀၉]

ဤနေရာတွင် ကလျာဏမိတ္တ(ဆရာကောင်း)၏ အရေးပါပုံကို ဟောသည်။ [နှာ-၄၁၀] 'အဟံ ဝေရော ဟောမိ'ဟု မေတ္တာပို့ရာမှာပင် မေတ္တာလိုလိုနှင့် တဏှာက ပါနေသည်ဟု ခန္ဓာသဘောကို ထောက်ပြသည်။ မေတ္တာက အဝိဇ္ဇာကို မတွန်းလှန်နိုင်ကြောင်းလည်း ဟောသည်။ သမထနှင့် တဏှာကိုလည်း ပယ်၍ မရကြောင်း၊ အဝိဇ္ဇာလည်း မဖယ်နိုင်ကြောင်း ထို့ကြောင့် သမထဖြင့် နိဗ္ဗာန်ကို မရောက်နိုင် ကြောင်းကို ပြသည်။ [နှာ-၄၁၁]

မနောပေါက်က ဉာဏ်နှင့်ရှု ထိုစဉ် ဒွါရငါးပေါက်ကို ပိတ်ထားရမည်။ အဝိဇ္ဇာနှင့်တဏှာ ဖယ်ဖို့ကို ဒွါရငါးပေါက် အရင် ပိတ်ရသေးကြောင်း ပြထားသည်။ [နှာ-၄၁၂] မနောဒွါရဉာဏ်ပေါက်က ကြည့်လိုက်လျှင် ဝေဒနာက္ခန္ဓာကို တွေ့သည်။ ပုဂ္ဂိုလ်သတ္တဝါ မတွေ့တော့ [နှာ-၄၁၃] ထို့နောက် စိတ်နှင့် ဝေဒနာ တူပုံကို ပြသည်။ သဟဇာတ အတူဖြစ်တတ်ကြောင်း ပြသည်။ မနောပေါက်က ဉာဏ်ချင်းပြီး အဝိဇ္ဇာနှင့်တဏှာကို တွန်းလှန်လိုက်မှ ထိုနှစ်ခု လွင့်ထွက်သွားကြောင်း ပြသည်။ ခန္ဓာက နိဗ္ဗာန်ကို ဖုံးနေသေးသည်။ ထိုအဖုံးကိုပါ ဖွင့်ရဦးမည်။ [နှာ-၄၁၅]

ထို့နောက် ခန္ဓာအဖုံး ဖွင့်ပုံကို ဆက်ပြသည်။ ခန္ဓာကို သတိပဋ္ဌာန် တစ်ပါး ပါးနှင့် ရှုကြည့်လိုက်ပါ။ ထိုအခါ ပူအေး၊ တောင့်တင်းတာတွေ တွေ့သည်။ ထင်ရှားသော ဝေဒနာပဲ တွေ့သည်။ ဝေဒနာက္ခန္ဓာကြီး ပေါ်လာသည်။ ခန္ဓာပဲ တွေ့နေသေးသည်။ ခန္ဓာ ဖုံးနေပြန်သည်။ နိဗ္ဗာန်ကို မတွေ့သေးပါ။ [နှာ-၄၁၆] ခန္ဓာ တွေ့သောအခါ သူဘယ်လိုပြမလဲဟု ခန္ဓာသဘောကို စောင့်ကြည့်ရမည်။ စောင့်ကြည့်လိုက်တော့ ပေါ်သော ခန္ဓာက ပျောက်လည်းပျောက်ကြောင်း ပေါ်ပျောက် (ဖြစ်ပျက်)ကို တွေ့ရမည်။

ဖြစ်ပျက်က အနိစ္စ ဖြစ်သည်။ အနိစ္စခန္ဓာကြီး ဖုံးနေသေးသည်။ သောတာပတ္တိမဂ် မရသေး၊ ဝိပဿနာမဂ်ပဲ ရသေးသည်။ [နှာ-၄၁၇] ထို့ကြောင့် အဖုံး

http://www.dhammadownload.com



အကုန်ပွင့်အောင် ဝေဒနာဖြစ်ဖြစ်၊ စိတ်ပဲဖြစ်ဖြစ် စောင့်ကြည့်ပါ၊ ဖြစ်ပျက် အနိစ္စကို တွေ့ရသည်။ ဒုက္ခ၊ အနတ္တ သဘောကို တွေ့ရသည်။ အသုဘကို တွေ့ရသည်။ (သေတာက အသုဘဖြစ်ကြောင်း ပြသည်) ဖြစ်ပျက် တစ်ခုကို အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ အသုဘ လေးနာမည် တပ်နိုင်ပုံကို ဟောသည်။ [နှာ–၄၁၉]

တစ်ခါ အနိစ္စက နိဗ္ဗာန်ကို ကွယ်နေပြန်သည်။ လက္ခဏာရေးသုံးပါး မြင်နေ ရုံဖြင့် နိဗ္ဗာန်ကို မတွေ့သေးဟု ဆိုသည်။ နိဗ္ဗာန်သည် သုခလား၊ ဒုက္ခလား မေးပါ သုခဖြစ်သည်။ အတ္တလား၊ အနတ္တလား မေးပါ အနတ္တဖြစ်သည်။ သုဘ လား၊ အသုဘလား သုဘ၊ သုဘဆိုလျှင် ဖြစ်ပျက်မြင်ဆဲမှာ အသုဘက ကွယ်နေ သေးသည်။ ဒီအနိစ္စ၊ ဒုက္ခ၊ အနတ္တတွေကို ရှုပေး၊ ရှုပွားဖန်များတော့ ဉာဏ်ရင့် လာသည်။ ထိုအခါ ယထာဘူတဉာဏ် ဖြစ်ပေါ်လာသည်။ ထိုအခါ ဝိပဿနာဉာဏ် များ ဖြစ်သော သမ္မာသန၊ ဥဒယဗ္ဗယ၊ အင်္ဂ၊ ဘယ၊ နိဗ္ဗိန္ဒဉာဏ်တွေ ပေါ်လာပုံကို ပြသည်။

ထိုအခါ ဒုက္ခသစ္စာဉာဏ် ပေါ်လာသည်။ ခန္ဓာသည် ဆင်းရဲတာ အမှန်ပဲဟု သိမြင်နားလည်သွားသည်။ ဉာဏ်ပြောင်းသွားပြီ။ ဘာဝေတဗ္ဗကိစ္စကြောင့် ဝိပဿနာ မဂ်တွေ ဖြစ်ပေါ်လာသည်။ [နှာ–၄၂၂] ဒုက္ခသစ္စာဉာဏ်ပေါ်လို့ ဒုက္ခအစစ်ပဲဟု ပိုင်ပိုင်မြင်လျှင် ဖြစ်ပျက်ကို မုန်းသော နိဗ္ဗိန္ဒဉာဏ်ပေါ်လာသည်။ ဒုက္ခသစ္စာကို ပိုင်းခြားသိပြီ။ [နှာ–၄၂၃] ပွားသော အလုပ်ကို များများလုပ်လျှင် ဉာဏ်ရင့်သည်။ ဉာဏ်ရင့်လျှင် ဒိဋ္ဌိဝိစိကိစ္ဆာ ပြုတ်ထွက်သွားသည်။ ဉာဏ်က ကိလေသာရော၊ ခန္ဓာကိုရော ဖြတ်ချလိုက်သည်။ နှစ်ဖြတ် ဖြတ်သည်။ ဤတွင် ဉာဏ်က ခန္ဓာကို ပယ်ပြီးလျှင် နိဗ္ဗာန်ကို သက်ဝင်သွားပုံကို ပြသည်။ အနိစ္စကို ပွားပြီး ခန္ဓာအဖုံးကို လှန်လိုက်တော့ နိရောဓသစ္စာကို တွေ့ရတော့သည်။

အချိန်စေ့၍ တရားနားသည်။

*

## ၁၀။ တရားတုက တရားစစ်ကို ဖျက်ဆီးပုံ

[၁၉–၆–၆၂ နေ့က မိုးကုတ်မြို့ မင်္ဂလာတိုက်မှာ ဟောသောတရား]

"သတိပေးတရား ပြောမယ်" ဟု ဆိုပြီး ဤတရားကို စတင် ဟောကြား သည်။ သတိပေးတရားဆိုတာ ကိုယ့်ကိုယ်ကိုယ် စစ်ဆေးဖို့ပါပဲဟုလည်း မိန့်ကြား သည်။

http://www.dhammadownload.com



မြတ်စွာဘုရားကို (နိဒါနဝဂ္ဂသံယုတ်၊ သဒ္ဓမ္မပဋိရူပကသုတ်တွင်) အရှင်မဟာကဿပက အရှင်ဘုရား ဝိနည်း သိက္ခာပုဒ်တွေ နည်းတုန်းက ရဟန္တာတွေ များသည်။ ဝိနည်းသိက္ခာပုဒ်တွေ များလာသောအခါ ရဟန္တာအဖြစ် နည်းသွားသည်။ ဘာကြောင့်လဲ ဘုရားဟု မေးသည်။ [နှာ–၄၂၇] ဘုရားက သဒ္ဓမ္မပဋိရူပက ခေါ်သော တရားတုတွေ ပေါ်လာသည့်အတွက် ရဟန္တာအဖြစ် နည်းသည်ဟု ဖြေကြားတော်မူသည်။ ဤတရားကို ဟောရခြင်းမှာ တရားအားထုတ်နေကြသော ပုဂ္ဂိုလ်များ အနေနှင့် ကိုယ့်ကိုယ်ကိုယ် စစ်ဆေးနိုင်ရန်ဖြစ်ကြောင်း ဟောကြားသည်။ [နှာ–၄၂၈]

အလုပ် လုပ်နေသော ပုဂ္ဂိုလ်မှာ ဖြစ်ပျက်မြင်စဉ် တရားတုတွေက ဝင်ပြီး နှောင့်ယှက်တတ်သည်။ ဥဒယဗ္ဗယဉာဏ်မှာ ဝင်လာတတ်သည် နိဗ္ဗာန်တု မဂ်ကို ဝင်တတ်သည်။ ဖြစ်ပျက်မြင်တာကို မဂ်ရပြီ နိဗ္ဗာန်မြင်ပြီဆိုပြီး ရပ်လိုက်ပါက ဆုံးရှုံးမှု ဖြစ်နိုင်သည်။ တရားတုက ဆယ်ခု လာတတ်သည်။ အရောင်အလင်းလည်း လာတတ်သည် (ဩဘာသ) ကိုယ့်ခန္ဓာက အရောင်အလင်း ထွက်လာတာကို မဂ်ဟု ထင်တတ်သည်။ အတုဖြစ်သည် [နှာ–၄၃၀/၄၃၁] ဒီအရောင်အလင်းပေါ်မှာ နှစ်သက် သာယာမှု (နိကန္တိ) ဖြစ်သွားတတ်သည်။ သူ့ကိုလည်း ဖြစ်ပျက်ပဲ ရှုပေးရမည်။ [နှာ–၄၃၃]

မဂ်တုဆယ်မျိုးထဲက တစ်မျိုးမျိုး လာတတ်သည်။ ပီတိ လာတတ်သည်။ ပဿဒ္ဓိ လာတတ်သည်။ ပီတိလာလျှင် ခန္ဓာကိုယ်ကြီး ကြွသွားသလို ပေါ့ပါးပြီး၊ ကြက်သီး ထသည်။ ကောင်းကင်ကို ပျံကြွတော့မလိုလည်း ဖြစ်တတ်သည်။ ဒါလည်း ဥဒယဗ္ဗယဉာဏ် အစမှာ ပေါ်တတ်သော တရားပင် ဖြစ်၏။ [နှာ–၄၃၄] ဝိပဿနာ ဉာဏ်ပဲ ရှိသေးသည်။ [နှာ–၄၃၅] ဉာဏ်လည်း ထက်မြက်လာတတ်သည်။ ပဿဒ္ဓိ ကိုယ်စိတ်ငြိမ်းအေးပြီး ကျောက်တိုင်ကြီးလို ဖြစ်နေတတ်သည်။

ထိုသို့ဖြစ်လျှင်လည်း တရားတု(အဓိဂမပဋိရူပက)ပင် ဖြစ်သည်။ လေးချက် ရှိပြီ (အရောင်အလင်း၊ ပီတိ၊ ဉာဏ်ကြည်လင်ခြင်း၊ ပဿဒ္ဓိ ကိုယ်စိတ်ငြိမ်းချမ်းခြင်း တို့ ဖြစ်သည်) ထို့နောက် သုခချမ်းသာခြင်းသဘော လာသည်။ [နှာ–၄၄၀] ဤမဂ်တု ငါးခုလာလျှင်လည်း ဖြစ်ပျက် ရှုပစ်ရမည်။ [နှာ–၄၄၁] တရားတုပဲ ရှိသေးသည်။ ဉာဏ်ကလည်း ဥဒယဗ္ဗယဉာဏ်ပဲ ရှိသေးသည်။ နိဗ္ဗိန္ဒာဉာဏ်တောင် မရောက်သေး [နှာ–၄၄၂] တရားတု ငါးခုရှိပြီ။ [နှာ–၄၄၅]

နောက်ပြီး အဓိမောက္ခဆိုသော ယုံကြည်မှု သဒ္ဓါတရားကလည်း ထက်သန် လာတတ်သည်။ သူလာလည်း မတင်းတိမ်ရဘူး။ [နှာ–၄၄၆] ပြီးလျှင် အလွန်

http://www.dhammadownload.com



အားကြီးသော သတိကလည်း ဖြစ်လာသည်။ ဒါလည်း မဂ်စစ် မဟုတ်သေး၊ ဤတရားများ ပေါ်လည်း ပေါ်ရမည်။ မပေါ်လျှင် မိမိ အားထုတ်နေတာ မမှန်သေး၊ ပေါ်လျှင် မှန်ပြီ။ သို့သော် ပေါ်သော ထိုတရားတုများကို ပယ်ပစ်ရမည်။ လက်ခံပြီး နှစ်သက် ကျေနပ်မနေရ။ [နာ–၄၄၈]

ထို့နောက် ပဂ္ဂဟဆိုသော ဝီရိယလည်း ထက်သန်လာသည်။ ဝီရိယအား ကောင်းလာခြင်းမှာလည်း တရားစစ် မဟုတ်သေး အတုယူ၍ပင် ယူရမည်။ ထို ဝီရိယကိုလည်း ဖြစ်ပျက် ရှုပစ်ရမည်။ [နာ–၄၅၀] ထို့နောက် တတြမဇ္ဈတ္တာ ဆိုသော ဥပေက္ခာသဘော ပေါ်တတ်သေးသည်။ ထိုဥပေက္ခာလည်း မဂ်မဟုတ်ပါ။ သာယာမှု၊ ပြစ်မှားမှု ကင်းရှင်းနေသော သဘောသည် ဥပေက္ခာ ဖြစ်သည်။

ဤကိုးချက်သည် တရားတုများ ဖြစ်သော်လည်း မဆိုးသေး၊ တရားစစ်များ မဟုတ်သေးသောကြောင့် ပယ်ပစ်ရမည်။ အဆိုးဆုံးမှာ နောက်ဆုံးလာသော နိကန္တိ ဖြစ်သည်။ နိကန္တိကား တဏှာပင် ဖြစ်သည်။ ရှေးက ဖြစ်ခဲ့သော တရားကိုးမျိုး အပေါ်၌ သာယာနှစ်သက်ခြင်း(တဏှာ)သည် နိကန္တိ ဖြစ်၏။ ဤကား မဂ်တု ဆယ်မျိုး ဖြစ်၏။

ဝိနည်းသိက္ခာပုဒ် များလာခါမှ ဘာကြောင့် ရဟန္တာအဖြစ် နည်းသွားသလဲ ဆိုသော အမေးကို မြတ်ဗုဒ္ဓက တရားတု မဂ်တုတွေ များလာလို့ဟု ဖြေကြောင်း ဟောထားသည်။ [နာ–၄၅၄] ဤသို့ ဖြစ်ရခြင်းမှာ ရွှေတု၊ ရွှေရည်စိမ်တွေ ပေါ်လာသောအခါ ရွှေအစစ် ရှားသွားပုံနှင့် နှိုင်းပြထားသည်။ ဒါတွေကို တရားစစ် မဂ်စစ် ထင်လျှင် ဖြစ်ပျက် မြင်စမှာ တဏှာ ဝင်လာခြင်းဖြစ်သည်။ [နာ–၄၆၀] ပြင်သစ် ချက်ကျောက်အတုတွေ ပေါ်လာသောအခါ မိုးကုတ် ကျောက်အစစ်တွေ ရှားသွား ပုံနှင့်လည်း နှိုင်းပြထားသည်။ ဤသို့ တရားတုနှင့် တရားစစ် ခွဲခြားနိုင်ဖို့ အရေးမှာ ဆရာကောင်း လိုပုံကို ရှင်းထားသည်။

အချိန်စေ့၍ တရားနားသည်။

*

## ၁၁။ သာသနာတွင်းနှင့် သာသနာပ တရား ကွာခြားပုံ

[၂၀–၆–၆၂ နေ့က မိုးကုတ်မြို့ မင်္ဂလာတိုက်တွင် ဟောသောတရား]

"ကိုယ့်ကိုယ်ကိုယ် အဖိုးတန်အောင် ဝေဖန်တတ်သော ဉာဏ်သည် အရေး ကြီးသည်" ဆိုသော စကားဖြင့် ဤတရားကို စတင် ဟောကြားသည်။ သာသနာ

http://www.dhammadownload.com



တွင်း သာသနာပ ခွဲခြားသိဖို့လည်း အရေးကြီးသည်။ ပြီးမှ သာသနာတွင်း သဘော နှင့် သာသနာပ သဘောကို ရှင်းပြသည်။

သာသနာပမှာ ကမ္မဿကတဉာဏ်နှင့် လမ်းဆုံးသည်။ ကောင်းတာ လုပ်လျှင် ကောင်းကျိုးပေးတယ် ဆိုတာပဲ သိကြသည်။ ကိုယ် လုပ် ကိုယ် ရမှာပေါ့ ဆိုသော အသိလောက်သာ ရှိသည်။ သာသနာပမှာ ပေလာမ ပုဏ္ဏားကြီး အလှူကြီး လှူခဲ့ဖူးကြောင်း၊ ကမ္မဿကတဉာဏ်ဖြင့် လှူခဲ့ကြောင်း လက္ခဏာရေးသုံးပါး မပါ မပါ၊ သစ္စာနုလောမိကဉာဏ် မပါဘဲ လှူခဲ့သည်။ (သာသနာတွင်းကျမှ သစ္စာ နုလောမိဉာဏ် ပေါ်သည်) ဝိပဿနာ အလုပ်သည်သာ သာသနာတွင်းတရား (အလုပ်) ဖြစ်ကြောင်း ဖော်ပြထားသည်။ [နှာ–၄၆၈] သစ္စာမသိဘဲနှင့် ဘယ်သူမှ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာ မဖြစ်ဘူး။ သာသနာပတရားက ဒိဋ္ဌိမပြုတ်ဘူး [နှာ–၄၆၉] ဟု ထောက်ပြသည်။

ကမ္မဿကတဉာဏ်သည် ဒိဋ္ဌိ မပြုတ်ပါ။ ဒိဋ္ဌိ မပြုတ်လျှင် မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ကို မရနိုင်ပါ။ [နှာ–၄၇၁] ခန္ဓာကို ဖြစ်ပျက် မြင်အောင်ရှုသော ဝိပဿနာဉာဏ်သည်သာ သစ္စာနုလောမိကဉာဏ် ဖြစ်သည်။ ဒုက္ခသစ္စာကို သိသော ဉာဏ်ဖြစ်သည်။ ဒုက္ခသစ္စာကို ပိုင်ပိုင်သိမှ မဂ်ရသည်။ [နှာ–၄၇၃]

အနိစ္စ၊ ဒုက္ခ၊ အနတ္တကို သိမှ ခန္ဓာဒုက္ခသစ္စာကို မလိုချင်တော့။ မလိုချင်မှ အတ္တဒိဋ္ဌိ ပြုတ်သည်။ [နှာ–၄၇၃] ကမ္မဿကတဉာဏ်က အတ္တဒိဋ္ဌိ မပြုတ်သည့် အတွက် နိဗ္ဗာန်ကို ကန့်ကွက်သည်။ ဒိဋ္ဌိက ပထမမဂ်ကို ကန့်ကွက်သည်။ အတ္တ ဒိဋ္ဌိဆိုသည်မှာ ရုပ်နာမ်ကို ငါဟုထင်သော ဒိဋ္ဌိဖြစ်သည်။ [နှာ–၄၇၄] ဤဒိဋ္ဌိကို ကမ္မဿကတဉာဏ်က မပယ်နိုင်ပါ။ ဤဉာဏ်သည် သာသနာပဉာဏ် ဖြစ်သည်။

သာသနာတွင်းဉာဏ်ဖြစ်အောင် လုပ်ဖို့ လိုသေးသည်။ ခန္ဓာဉာဏ်ရောက်မှ သာသနာတွင်းဉာဏ် ဖြစ်မည်။ [နှာ–၄၇၅] ခန္ဓာက ဖြစ်ပြီးပျက်သော အနိစ္စတရား ဖြစ်သည်။ ခန္ဓာသည် ဖြစ်ပျက်တရား ငါ မဟုတ်၊ ငါ့ဟာ မဟုတ်ကြောင်း သိသော အခါ အတ္တဒိဋ္ဌိ ပြုတ်တော့သည်။ ထိုအခါ သစ္စာနှင့်လျော်သော ဉာဏ်ကို ရသည်။ သစ္စာဉာဏ်ရမှ နိဗ္ဗာန်ရမည်။ [နှာ–၄၇၆] ဤတွင် ဆရာတော်က ကမ္မဿကတ ဉာဏ် လုပ်သောအခါမှာလည်း ဝိပဿနာဉာဏ် ပါရမည်ဟု ညွှန်ပြထားသည်။ [နှာ–၄၈၂] အင်္ဂုတ္တိုရ်ပါဠိတော်ကို ကိုးကား ပြထားသည်။

ဒါနသီလတွေ လုပ်သောအခါ ဝိပဿနာဉာဏ် မပါလျှင် အလကားပဲဟု မိန့်ဆိုထားသည်။ [နှာ–၄၈၃] ဝိပဿနာကို လက်မလွှတ်နဲ့ဟုလည်း တိုက်တွန်း

http://www.dhammadownload.com



သည်။ သစ္စာနုလောမိကဉာဏ် မပါလျှင် နိဗ္ဗာန် မရဘူးဟုလည်း ယတိပြတ် ဟောပါသည်။ [နှာ-၄၈၅] နိဗ္ဗာန်ကို ရချင်လျှင် ဒုက္ခသစ္စာကို သိပြီး ဒုက္ခအဆုံးကို မြင်မှရသည်။ [နှာ-၄၈၆] ဒါကြောင့် ကိုယ့်ကိုယ်ကိုယ် ဝေဖန်ရမည်။ သာသနာတွင်းသား ဖြစ် မဖြစ် စိစစ်ရမည်။ သာသနာတွင်းဉာဏ် မရသေးလျှင် ကိုယ်ကျိုး နည်းလိမ့်မည်ဟု ဆုံးမသည်။

ထို့နောက် ပေလာမပုဏ္ဏား ဝတ္ထုကို ဆက်ဟောသည်။ ပြီးနောက် သာသနာတွင်း တရားဖြစ်အောင် ပြမည်ဟုဆိုပြီး စိတ္တာနုပဿနာရှုနည်းကို ပြန်ကောက်သည်။ [နှာ-၄၉၄] အရှင်သာရိပုတ္တရာနှင့် အရှင်ကောဋ္ဌိတတို့ ဆွေးနွေးပုံကို ပြသည်။ စိတ်တစ်လုံးကို ရှုလျှင် အကုန်ပြီးသည်ဟု မိန့်သည်။ [နှာ-၄၉၄]

အရှင်မြတ်ကြီးနှစ်ပါး ဆွေးနွေးကြသည်။ ရှင်ကောဋ္ဌိတက ဇရာမရဏကို မိမိ လုပ်တာလား သို့မဟုတ် သူတစ်ပါး လုပ်တာလား၊ မိမိ သူတစ်ပါး နှစ်ဦးသား လုပ်တာလား အရှင်သာရိပုတ္တရာက ထိုအမေးများကို မဟုတ်ကြောင်း ဖြေသည်။ ဒါဆို အလိုလို ဖြစ်တာလားဟု မေးသည်။ အရှင်သာရိပုတ္တရာက မဟုတ်ဘူးဟု ဖြေသည်။ ဇရာမရဏသည် ဇာတိကြောင့်ဖြစ်ကြောင်း ရှင်းထားသည်။ ဇာတိ ဒုက္ခသစ္စာ ဖြစ်သည်။ ဒါကြောင့် ထိုဇာတိကို မကြိုက်တတ်လျှင် သစ္စာနုလောမိက ဉာဏ် ဖြစ်ပြီ။ [နှာ-၄၉၆] ဇာတိ ဘယ်သူလုပ်တာလဲ၊ ကံက လုပ်တာဖြစ်သည်။ ဒါဆို ကမ္မဘဝသည် မိမိပြုတာလား၊ သူတစ်ပါး ပြုတာလား၊ မိမိ သူတစ်ပါး နှစ်ဦးသား ပြုတာလား ဒါမှမဟုတ် အလိုအလျောက် ဖြစ်တာလား။ [နှာ-၄၉၉] ဒါလည်း တစ်ခုမှ မဟုတ်ဘူး။ ပဋိစ္စသမုပ္ပါဒ်အရ ကမ္မဘဝသည် ဥပါဒါန်ကြောင့် ဖြစ်သည်။

ထိုအခါ အရှင်ကောဋ္ဌိတက ဥပါဒါန်ကို ဘယ်သူ လုပ်တာလဲ၊ ဘယ်သူမှ မလုပ်လျှင် အလိုအလျောက် ဖြစ်တာလား မေးပြန်သည်။ ဥပါဒါန်ကို တဏှာက လုပ်ကြောင်း၊ တဏှာကြောင့် ဥပါဒါန်ဖြစ်ကြောင်း အရှင်သာရိပုတ္တရာက ဖြေသည်။ တဏှာ ဘာကြောင့် ဖြစ်တာလဲ၊ ဘယ်သူ လုပ်တာလဲ မေး။ ဝေဒနာကြောင့် တဏှာဖြစ်ကြောင်း ဖြေသည်။ ဒါဆို ဒီဝေဒနာ ဘယ်သူလုပ်တာလဲ ဖဿကြောင့် ဝေဒနာ ဖြစ်သည်။ ဤနည်းဖြင့် ပဋိစ္စသမုပ္ပါဒ်ကို ပဋိလုံ(အပြန်) မေးသွားသည်။ နောက်ဆုံး သင်္ခါရကြောင့် ပဋိသန္ဓေဝိညာဉ် ဖြစ်သည်။

ဤတွင် ဆရာတော်က ဝိညာဉ်ကြောင့် နာမ်ရုပ်ဖြစ်ပုံကိုလည်း ပြထားသည်။ [နှာ-၅၀၄] ဤတွင် နာမ်ရုပ် မရှိရင်လည်း ဝိညာဉ် မပေါ်ဘူး၊ ဝိညာဉ် မရှိရင်

http://www.dhammadownload.com



လည်း နာမ်ရုပ်မပေါ်ဘူးဟု ဆိုထားသည်။ [နှာ-၅၀၄] (ဝိညာဉ်ကြောင့် နာမ်ရုပ်၊ နာမ်ရုပ်ကြောင့် ဝိညာဉ်ဖြစ်ပုံကို အကျယ်ပြထားသည်။) [နှာ-၅၀၅] ထို့နောက် ဝိညာဉ်ကြောင့် နာမ်ရုပ်ဖြစ်တာက ဟိုဘက် ဘဝကဟာ ဒီဘဝ ဖြစ်နေတာက အပြန် နာမ်ရုပ်ကြောင့် ဝိညာဉ်ဖြစ်ကြောင်း ရှင်းထားသည်။ [နှာ-၅၀၆]

ဝိပဿနာရှုသောအခါ ဟိုဘက်ဘဝကဟာကို ရှု၍ မဖြစ်ကြောင်း၊ ယခုဘဝ နာမ်ရုပ်ကြောင့် ဝိညာဉ်(စိတ်) ဖြစ်ပေါ်ပုံကိုသာ ဝိပဿနာ ရှုရကြောင်း ပြထားသည်။ [နှာ-၅၀၆] ဝိပဿနာ ရှုရမှာက ဝိညာဉ်ကြောင့် နာမ်ရုပ်၊ နာမ်ရုပ်ကြောင့် ဝိညာဉ်ပဲ ရှု၍ဖြစ်ကြောင်း ပြသည်။ [နှာ-၅၀၇] ဒီဘဝမှာ ဝိညာဉ်နှင့် နာမ်ရုပ်က မှီနေသည်။ ဝိညာဉ်ကို ဖြစ်ပျက်ရှုလိုက်လျှင် နာမ်ရုပ်လည်း ပါသွားသည်ဆိုသော အချက်ကို ပေါ်အောင် ပြထားသည်။

"ခင်ဗျားတို့ အားတက်စရာ ဝိညာဉ်ဖြစ်ပျက် ရှုလိုက်လျှင် နာမ်ရုပ် ပါသွားသည်။ နာမ်ကို ဖြစ်ပျက် ရှုလိုက်ပါက ရုပ်လည်း ပါသွားကြောင်း ပြထားသည်။ [နှာ-၅၀၈] နာမ်နှင့်ရုပ်က ကျူ့စည်းနှစ်စည်းကို ထိပ်ချင်းတိုက်ပြီး ထောင်ထားသလိုပဲ ဖြစ်သည်။ တစ်စည်းလဲလျှင် ကျန်တစ်စည်း လဲတော့သည်။ [နှာ-၅၀၈] ဒါကြောင့် ရုပ်ပဲဖြစ်ဖြစ်၊ နာမ်ပဲဖြစ်ဖြစ် တစ်ခုခု ရှုချင်တာ ရှုပါ၊ တစ်ခုကို ရှုလိုက်လျှင် ဒုက္ခ အကုန်သိမ်းတာပဲဟု ဆိုသည်။ ဒါကြောင့် ဝိညာဉ်(စိတ်) တစ်ခုတည်း ဖြစ်ပျက်ရှု၊ နာမ်ရုပ် ပါသွားလိမ့်မည်ဟုလည်း ဟောသည်။

သတိပဋ္ဌာန်လေးပါးဟု အပြားအားဖြင့် ဆိုသော်လည်း တစ်ခု ကြိုက်ရာ ရှုပါ။ တစ်ခုရှုလျှင် အကုန် ပါသွားကြောင်း ပြထားသည်။ [နှာ-၅၀၉] ရဟန္တာကြီးနှစ်ပါးက နောင်လာနောင်သားတွေ ဝိပဿနာ ရှုတတ်အောင် အပြန်အလှန် ဆွေးနွေးထားခြင်း ဖြစ်သည်။ စိတ္တာနုပဿနာကို ဖြစ်ပျက်မြင်အောင်၊ ဖြစ်ပျက်မုန်းအောင်၊ ဖြစ်ပျက်ဆုံးအောင် ရှုဖို့ တိုက်တွန်းရင်း အချိန်စေ့၍ တရားရပ်နားသည်။

*

## ၁၂။ အနုဗောဓဉာဏ်နှင့် ပဋိဝေဓဉာဏ်

[၂၁-၆-၆၁ နေ့က မိုးကုတ်မြို့ မင်္ဂလာတိုက်မှာ ဟောသောတရား]

(မှတ်ချက်။ ။ ၁၉-၆-၆၂ နေ့ ဟောသောတရားက ၁၉၆၂ခုနှစ် ဟောတရားဖြစ်ပြီး ၂၀-၆-၆၁ နှင့် ၂၁-၆-၆၁ တရားများက ၁၉၆၁ ခုနှစ် တရားများ

http://www.dhammadownload.com



ဖြစ်နေသည်။ တစ်နှစ် ကွာခြားနေသည်။ ၁၉၊ ၂၀၊ ၂၁ ခြောက်လပိုင်း နေ့စွဲများ ကသာ အစဉ်အတိုင်း ဖြစ်သည်။ မိုးကုတ်မြို့မှာ ဟောသော တရားချည်းဖြစ်သည်။ ဘာကြောင့် ခုနှစ် ကွဲပြားနေသလဲ မသိပါ။ တစ်နှစ်တည်း ဟောတာလား၊ မဟုတ်ဘူးလား ဆုံးဖြတ်ရခက်သည်။ ပထမနေ့စွဲက ၁၉၆၂ ဖြစ်ပြီး နောက်ရက်စွဲက ၁၉၆၁ ဖြစ်နေသည်မှာလည်း ဘာကြောင့်မှန်း မသိပါ။ ခုနှစ် အရေးမှားခြင်းလား မဆိုနိုင်ပါ။)

သစ္စာကို အများဆုံး သိစေချင်တယ်ဆိုသော စကားဖြင့် ဤတရားကို စတင်သည်။ သစ္စာသိမှ နိဗ္ဗာန်ရမှာပဲဟုလည်း မိန့်သည်။ သစ္စာဉာဏ်သည် ဗုဒ္ဓ မြတ်စွာဘုရား ပွင့်မှ ပေါ်ထွန်းသည်။ ဤတရားတွင် ဆရာတော်က သစ္စာ မသိလျှင် ဝါဋ္ဋမ်းဖြစ်သွားမယ်ဆိုသော စကားကို ထူးထူးခြားခြား သုံးထားသည်။ ဝါဋ္ဋမ်း ဖြစ်သွားမည်ဆိုတာက သူများပြောတိုင်း လေတိုက်ရာ လွင့်ပါသွားပြီး ယုံမည်ဟု ဆိုခြင်း ဖြစ်သည်။ သူများ ပါးစပ်ဖျားမှာ လမ်းဆုံးလိမ့်မည်ဟု ဆိုခြင်းဖြစ်သည်။ သစ္စာမသိသော သူများက ပါရမီအကြောင်း၊ နိဗ္ဗာန်အကြောင်း တလွဲ ပြောကြပုံများကို ပြသည်။ ပါရမီပြည့်မှ နိဗ္ဗာန်ရသည်။ ဒါကြောင့် နိဗ္ဗာန် မရမီစပ်ကြား ဆင်းရဲကင်းအောင် လူ့ပြည်နတ်ပြည် အကြိမ်ကြိမ် ခံစားရေးကို တောင့်တကြသည်။ [နှာ–၅၁၅]

မိုးမိတ်က ဘုန်းကြီးတစ်ပါး သားရှင်ပြု သမီးနားထွင်း အလှူပေးသော ဒါယကာတစ်ဦးကို နိဗ္ဗာန်လက်မှတ် ထုတ်ပေးကြောင်းကို ဝေဖန် ပြောဆိုသည်။ သစ္စာမသိဘဲ လက်မှတ်ရရုံဖြင့် နိဗ္ဗာန် မရောက်နိုင်ပုံကို ရှင်းပြသည်။ သစ္စာ မသိလျှင် ဝါဋ္ဋမ်းဖြစ်မည်။ သစ္စာဖြစ်မှ ကျောက်တိုင်ဖြစ်မည်ဟုလည်း မိန့်ထားသည်။ [နှာ–၅၁၇] ဒုက္ခသစ္စာကို မမုန်းဘဲနှင့် နိရောဓသစ္စာ မဆိုက်နိုင်ပုံကို ဟောသည်။ ဘုရားကလည်း သစ္စာမသိခင်က သူသည် ဘုရားဟူ၍ ဝန်မခံခဲ့ကြောင်း ဖော်ပြသည်။

ထို့နောက် အနုဗောဓဉာဏ်နှင့် ပဋိဝေဓဉာဏ် နှစ်ဉာဏ်ရှိပုံကို ခွဲခြားပြသည်။ [နှာ–၅၁၉] ဤဉာဏ်နှစ်ဉာဏ်သည် သစ္စာသိနည်းနှစ်မျိုး ဖြစ်သည်။ အနုဗောဓ ဉာဏ်သည် ဆရာသမားထံ နည်းခံ၍ ဝိပဿနာရှုသောဉာဏ် ဖြစ်သည်။ [နှာ–၅၂၀] ဆရာထံက ရသော သင်ကြားသော ဉာဏ်အစဉ်အတိုင်းလိုက်၍ သိခြင်းသည် အနုဗောဓဉာဏ် ဖြစ်သည်။ ဖြစ်ပျက် ဒုက္ခသစ္စာကို သိသော ဝိပဿနာဉာဏ်သည် အနုဗောဓဉာဏ် ဖြစ်သည်။ ဖြစ်ပျက်အဆုံးကို မိမိဘာသာ ထိုးထိုးထွင်းထွင်း သိသော ဉာဏ်သာလျှင် ပဋိဝေဓဉာဏ် ဖြစ်သည်။ [နှာ–၅၂၂] ထိုသစ္စာကို ထိုးထွင်း

http://www.dhammadownload.com



သိသောဉာဏ် ဖြစ်ပေါ်လာလျှင် သောတာပန်တည်ပြီဟု မှတ်နိုင်ကြောင်းလည်း ဟောသည်။ ဆရာ့နည်းကို ယူပြီး ဝိပဿနာရှုသော ဉာဏ်သည် အနုဗောဓဉာဏ်၊ နည်းလွတ်ပြီး မိမိဘာသာ ထိုးထွင်းသိသောဉာဏ် ပေါ်လာတာသည် ပဋိဝေဓဉာဏ် ဖြစ်သည်။ ပဋိဝေဓဉာဏ်ရောက်မှ သောတာပန် တည်သည်။ [နှာ-၅၂၄]

**မိုးကုတ်ဆရာတော်ကြီးက ဝိပဿနာအလုပ်မှာ အဘိဓမ္မာတတ်ရုံဖြင့် တရားရဖို့ ဝေးပါသေးတယ်** ဟု မိန့်ထားသည်။ [နှာ-၅၂၄] အနုဗောဓဉာဏ် မဖြစ်ဘဲနှင့်လည်း ပဋိဝေဓဉာဏ်ကို မရနိုင် [နှာ-၅၂၅] ဟုဆိုကာ၊ ကိုယ်ပိုင်ထိုးထွင်းသိသော ပဋိဝေဓဉာဏ် ဖျတ်ခနဲ ပေါ်လာတတ်ပုံကို ရှင်းပြထားသည်။ [နှာ-၅၂၈]

အနုဗောဓဉာဏ်က သာမည သိတာ၊ ပိုင်ပိုင်နိုင်နိုင် မသိဘူး၊ ပဋိဝေဓဉာဏ်က ပိုင်ပိုင်နိုင်နိုင် သိသော ဉာဏ်ဖြစ်သည်။ တစ်ဖန် ထိုဉာဏ်နှစ်ဉာဏ်ကို ကိလေသာ ဝေးမှုနီးမှုဖြင့် ဝေဖန်ပြသည်။ [နှာ-၅၃၆] အနုဗောဓဉာဏ်(ဝိပဿနာဉာဏ်) က ကိလေသာကို အဝေးကြီး မနှင်နိုင်ဘူး။ ပဋိဝေဓဉာဏ်ကသာ ကိလေသာ ဘယ်တော့မှ မလာအောင် နှင်နိုင်သည်ဟု ဟောထားသည်။ [နှာ-၅၃၇]

ထို့နောက် ဝိပဿနာဉာဏ်နှင့် မဂ်ဉာဏ် ထူးခြားပုံကို ရှင်းပြသည်။ အနုဗောဓဉာဏ်က ဝိပဿနာဉာဏ်၊ ပဋိဝေဓဉာဏ်က မဂ်ဉာဏ်ဖြစ်သည်။ [နှာ-၅၃၉] ပြီးမှ ဝိပဿနာဉာဏ်နှင့် ရှုဖန်များလျှင် ကိလေသာ အစေးခြောက်သည်။ ခြောက်သောအခါကျမှ မဂ်မီးနှင့် ရှို့လိုက်လျှင် ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာအားလုံး ပြောင်သွားသည်။ [နှာ-၅၄၄] ဝိပဿနာဖြင့် ကိလေသာခြောက်အောင် မလုပ်သဖြင့် မဂ်မီးဖြင့် ရှို့၍မရ ဖြစ်နေသူများက ပါရမီကို ပုံချတတ်ပုံ၊ မိမိကိုယ်ကို တရားမရနိုင်သူ ပဒပရမပုဂ္ဂိုလ်ဟု ထင်တတ်ကြပုံများကို ဟောသည်။

သစ္စာတရားကို နာကြားချင်စိတ် ရှိလျှင် မိမိသည် တိဟိတ်ပုဂ္ဂိုလ်ဖြစ်ပြီဟု မှတ်ရမည်။ [နှာ-၅၄၆] တရားအလုပ် အားထုတ်ရာမှာ အသက်ကြီးသူများ အားမလျှော့အောင်လည်း တိုက်တွန်းထားသည်။ [နှာ-၅၄၇] ထို့နောက် ဝိပဿနာရှုသောအခါ ဝေဒနာရှုရှု၊ စိတ်ရှုရှု လက်စသတ်တော့ ဆင်းရဲ ဒုက္ခသစ္စာချည်းသာ ဖြစ်ကြောင်း သိရပုံ၊ ထိုအခါ ပဋိဝေဓဉာဏ် ဖြစ်လာပုံကို ပြသည်။ [နှာ-၅၅၄] အနုဗောဓဉာဏ်က ပဋိဝေဓဉာဏ်တက်ဖို့မှာ လှံ့လပယောဂပေါ် တည်မှီတယ်လို့ ဆုံးဖြတ်ချက် ချရမည်။ ပါရမီ မလိုဘူး ရိုးရိုးသာဝကဉာဏ် ရဖို့မှာ ပါရမီ မလိုဘူး၊ အားထုတ်ဖို့သာ လိုတယ်ဟု ဟောရင်း အချိန်စေ့၍ တရားနားလိုက်သည်။

ဝ

ဤတွင် အလုပ်စဉ်တရား စာအုပ်အမှတ်(၁၁) ပြီး၏။

http://www.dhammadownload.com

အနှစ်ချုပ်

# မိုးကုတ်ဝိပဿနာအလုပ်စခန်းတရား

စာအုပ်အမှတ်(၁၂)

http://www.dhammadownload.com

http://www.dhammadownload.com

## မိုးကုတ်ဝိပဿနာအလုပ်စဉ်တရား စာအုပ်အမှတ်(၁၂)

**နိဒါန်း**

ဤအမှတ်(၁၂)တွင် သစ္စာတရားအကြောင်း ဟောကြားချက် အများအပြားကို တွေ့ရသည်။ ဆရာကြီးဦးသံဒိုင်က နိဒါန်း ရေးခဲ့သည်။ ဦးသံဒိုင်ကလည်း ဆရာတော် ဘုရားကြီး တရားဟောတိုင်း သစ္စာဆိုက်အောင် ဟောကြားလေ့ ရှိပုံကို ညွှန်ပြထားသည်။ သစ္စာသည် လမ်းဆုံးတရား ဖြစ်သည်ဟုလည်း ဖော်ညွှန်းထားသည်။ သစ္စာသိမှ ဘုရားဖြစ်တော်မူသည်။ လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းတို့ ပတ်လုံး သစ္စာသိဖို့အတွက် မြတ်ဗုဒ္ဓပါရမီ ဖြည့်ခဲ့ရသည်။ သစ္စာသံယုတ်ပါဠိတော်မှာ သစ္စာတရားကို သိသော ဆရာက တစ်နေ့လျှင် နံနက် လှံအချက်ပေါင်း ၃၀၀၊ ည လှံအချက်ပေါင်း ၃၀၀ အနှစ်တစ်ရာတို့ ပတ်လုံး အထိုးခံမှ သစ္စာတရားကို ဟောမည် ဆိုလျှင် ခံသာခံလိုက်ပါဟု တိုက်တွန်းထားသည်ကိုလည်း ဖော်ပြသည်။

သစ္စာမသိဘဲ သောတာပန် ဖြစ်သည်၊ သကဒါဂါမ်ဖြစ်သည်၊ အနာဂါမ် ဖြစ်သည်၊ ရဟန္တာဖြစ်သည်ဆိုလျှင် ယုံနိုင်ဖွယ် မရှိကြောင်း မဖြစ်နိုင်ကြောင်းကိုလည်း ပြထားသည်။ ကျေးဇူးရှင် မိုးကုတ်ဆရာတော်ဘုရားကြီးသည် ဗုဒ္ဓဘာသာ မြန်မာလူမျိုးများ သံသရာဘေး၊ အပါယ်ဘေး စိတ်ချရအောင် အောက်ထစ်ဆုံး သောတာပန်ဖြစ်ရေးကို ရှေးရှုပြီး သစ္စာတရား၊ ပဋိစ္စသမုပ္ပါဒ်တရားများကို ဖိ၍ ဟောတော်မူသည်။ ခန္ဓာအပေါ် သစ္စာဉာဏ်ရောက်အောင် ဟောတော်မူသည်။ သစ္စာသည် မိမိတို့ ခန္ဓာပဲဟု သိအောင် ပြသည်။ ဇာတိကြောင့် ဒုက္ခသစ္စာ ဖြစ်ရပုံကို

http://www.dhammadownload.com



ထင်ရှားအောင် ပြတော်မူသည်။ ခန္ဓာ၏ ဖြစ်ပျက်ကို သိနေခြင်းမှာ ဘာဝေတဗ္ဗ ကိစ္စဖြစ်သည်။ ကိစ္စဉာဏ်အရ မဂ္ဂသစ္စာ ဖြစ်သည်။

ဤတွင် ပေဋကောပဒေသကျမ်းလာ 'ဒုဝေ ဒုဝေပစ္စယာ သာဝကဿ သမ္မာ ဒိဋ္ဌိယာ ဥပဒါယ ပရတော ဃောသော၊ သစ္စာနုသန္ဓိ၊ အဇ္ဈတ္တဥ္စ ယောနိသော မနသိကာရော' ဂါထာကို ကိုးကားပြီး သစ္စာတရား နာမှုကင်း၍ သောတာပန် သကဒါဂါမ် မဖြစ်နိုင်ပုံကို ဟောသည်။ သစ္စာတရားကို နှလုံးသွင်းမှု ကင်း၍လည်း မဂ်ဉာဏ်ဖိုလ်ဉာဏ် မရနိုင်ပုံကို ပြသည်။

ဤစာအုပ်တွင် 'နားက တရားနာ၊ ဉာဏ်က ခန္ဓာလှည့်' ဖို့ကို သတိပေးထားသည်။ ခန္ဓာသည် သစ္စာ။ ခန္ဓာအရှိကို အရှိအတိုင်း ဉာဏ်က သိအောင် ကြိုးစားရေးကို တိုက်တွန်းထားသည်။ ခန္ဓာက ဖြစ်ပျက်ပြီး ဒုက္ခသစ္စာကို ပြနေသည်။ ထိုသစ္စာကို မိမိက သန္တိဋ္ဌိကော (ကိုယ်တိုင်မျက်မှောက်) သိအောင် အားထုတ်ရမည်။ ထိုအခါ ဝိဇ္ဇာဉာဏ်အလင်းကို ရမည်။ 'ရူပ ဘိက္ခဝေ၊ အနိစ္စတော၊ ဓာနတော ပဿတော အဝိဇ္ဇာပဟီယတိ ဝိဇ္ဇာဥပ္ပဇ္ဇတိ' ဂါထာအရ ခန္ဓာတစ်ပါးပါးကို အနိစ္စ၊ ဒုက္ခ၊ အနတ္တအားဖြင့် ရှု၍ မြင်သောပုဂ္ဂိုလ်သည် အဝိဇ္ဇာ အမှောင်ပျောက်၍ ဝိဇ္ဇာဉာဏ် ရောက်ကြောင်း ဟောထားသည်။

သစ္စာကို သိချင်လျှင် ဝိပဿနာ ရှုရမည်။ 'သစ္စာနုယောမိက ဉာဏန္တိ ဝိပဿနာ ဉာဏ်' အရ သစ္စာကိုသိသော ဉာဏ်သည် ဝိပဿနာဉာဏ် ဖြစ်သည်။ ပရိယတ်ကို အခြေပြု၍ ဝိပဿနာတည်းဟူသော ပဋိပတ်လုပ်ငန်းဖြင့် သစ္စာသို့ အစဉ်လိုက်သော အနုဗောဓဉာဏ် ရင့်သန်လျှင် ပဋိဝေဓဉာဏ်သို့ ဆိုက်ရောက်ကြောင်းကိုလည်း ဆရာတော်ကြီးက ပြထားသည်။ သစ္စာတရားတော်သည် မိမိတို့အတွင်းစိတ်ဓာတ် ဖြူစင်နေသည့် အခါ၌သာ ခန္ဓာဉာဏ် ရောက်နိုင်ကြောင်းကိုလည်း ဖော်ပြထားသည်။ ဤစာအုပ်တွင် သစ္စာကို အခြေခံသော တရားများစွာကို လေ့လာ ဖတ်ရှုကြရပေမည်။

## ၁။ အပေါင်းအသင်း မလွှဲကြစေနှင့်

[၂၂-၆-၆၁ နေ့က မိုးကုတ်မြို့ မင်္ဂလာတိုက်မှာ ဟောသောတရား]

(အမှတ်စဉ်(၁၁)မှာ ၂၁-၆-၆၁ နေ့စွဲပါ တရားဖြင့် ပြီးဆုံးသည်။ ယခု ဤတရားတွင် ၂၂-၆-၆၁ နေ့စွဲ ပါရှိသည်။ မိုးကုတ်မြို့ မင်္ဂလာတိုက်တွင် နေ့စဉ် ရက်ဆက် ဟောနေသော တရားများ ဖြစ်ဟန်တူသည်။)

http://www.dhammadownload.com



"ဒုက္ခရောက်တဲ့ ကုသိုလ်ကို ဆရာဘုန်းကြီးက ကောင်းတယ်လို့ ချီးမွမ်းပြီး မဟောနိုင်ပါဘူး" ဟု ဤတရားအစတွင် မိန့်ဆိုထားသည်။ ဒုက္ခရောက်သော ကုသိုလ်၊ ဒုက္ခလွတ်သော ကုသိုလ်ဟူ၍ နှစ်မျိုးရှိပုံကို ပြသည်။ အပါယ် ရောက်သော ကုသိုလ်နှင့် အပါယ် မရောက်သော ကုသိုလ်နှစ်မျိုး ခွဲနိုင်ပုံကို ပြသည်။ နိဗ္ဗာန် မရောက်သော ကုသိုလ်၊ နိဗ္ဗာန် ရောက်သော ကုသိုလ်ဟူ၍လည်း နှစ်မျိုး ရှိနိုင်သည်။ ဤသို့ ကုသိုလ်နှစ်မျိုး ခွဲခြားနိုင်ကြောင်းကို နားမလည်ပါက ကြောက်သင့်တာကို မကြောက်ဘဲ၊ မကြောက်သင့်တာကို ကြောက် ဖြစ်တတ်သည်။ [နှာ–၃]

ဤသို့ ဖြစ်ရခြင်းသည် အပေါင်းအသင်း လွဲခြင်းကြောင့် ဖြစ်ရကြောင်း ဖော်ပြသည်။ [နှာ–၄] ဘာနှင့် ပေါင်းသင်းရမလဲဟု မေးလျှင် ကိုယ့်ကိုယ်တွင်းမှာ ပေါ်သော ပရမတ်နှင့် ပေါင်းရမည်။ သဒ္ဓါတရားနှင့် ပေါင်းရမည်။ ဘုရား၊ တရား၊ သံဃာ အပေါ်၌ လေးလေးနက်နက် ယုံကြည်သော သဒ္ဓါတရားနှင့် ပေါင်းရမည်။ သဗ္ဗညုတဉာဏ်တော်ကြီးကို ယုံကြည်မှုကို ဆိုလိုသည်။ ကိလေသာကို သတ်နိုင်သော သတ္တိစွမ်းရည်ကို ယုံကြည်ခြင်း ဖြစ်သည်။ [နှာ–၅] ဘုရား ဟောထားသော တရားအတိုင်း ကျင့်ကြံ အားထုတ်သော သူအား ချမ်းသာသုံးမျိုးကို ရရှိစေနိုင်ကြောင်းကို ယုံကြည်ရမည်။ ရတနာသုံးပါးအပေါ် မတုန်မလှုပ် ယုံကြည်လျှင် အပါယ်သွားသော တရားကို ပယ်နိုင်သည်။ [နှာ–၆] သဒ္ဓါတရားနှင့် ပေါင်းလျှင် 'ပညာစေနံ ပဿာသတိ' ပညာနှင့်ပါ ပေါင်းပြီး ခန္ဓာကို ရှုရမည်။ ခန္ဓာမှာ ဖြစ်ပျက်မှတစ်ပါး ဘာမှမရှိဘူးဆိုတာ တွေ့ရမည်။ [နှာ–၇]

သဒ္ဓါနှင့် ပညာကို ပေါင်းစပ်ပြီး ခန္ဓာကို ဝိပဿနာ ရှုရမည်။ ထိုသို့ ရှုလျှင် ခန္ဓာ၏ ဖြစ်ပျက်ကို တွေ့မည်။ သစ္စာသံယုတ်ပါဠိတော်မှာ အကုသိုလ်ကို ကြောက်တာဟာ အပေါင်းအသင်း လွဲလို့သာ ကြောက်တာဟုလည်း ဖော်ပြထားသည်။ [နှာ–၈] အကုသိုလ်တိုင်းကို ကြောက်ရမည်ဟု ဘုရားက မဟောကြောင်း ၊ အပါယ်ပို့သော အကုသိုလ်ကိုတော့ ကြောက်ရမည်။ [နှာ–၉] သဒ္ဓါနှင့်ပညာကို ပေါင်းမိလျှင် ထိုပုဂ္ဂိုလ်အား နိဗ္ဗာန်ကို မြင်၏ (နိဗ္ဗာနာဘိရတော နိဗ္ဗာန်နှင့် မွေ့လျော်သောသူ) ဖြစ်လာမည်။ [နှာ–၁၀] သဒ္ဓါနှင့်ပညာကိုသာ ပေါင်းပါ။ ဒုက္ခအားလုံး ချုပ်ဆုံးသွားနိုင်ပါသည်။ ပထမနိဗ္ဗာန်နှင့် အပေါင်းအသင်း ဖြစ်လာနိုင်သည်။ [နှာ–၁၀] (သံဗုဒ္ဓက္ခပမုစ္စတိ) ခန္ဓာငါးပါးရှိသည်ဟု ယုံကြည်ပါ။

ထို့နောက် ပညာမျက်စိဖြင့် ရှုပါ။ ခန္ဓာငါးပါးသည် ဖြစ်ပျက် ဒုက္ခသစ္စာ ဖြစ်ကြောင်း တွေ့မြင်ရမည်။ ဖြစ်ပျက်ကို သိမြင်ပြီဆိုလျှင် ဖြစ်ပျက်က ဒုက္ခသစ္စာ၊

http://www.dhammadownload.com



သိမြင်တာက မဂ္ဂသစ္စာ ဖြစ်ပျက်နှင့် မင်္ဂကိုက်သွားပြီ။ [နှာ–၁၂] လောဘ ဖြစ်လာလျှင်လည်း လောဘစိတ်ကို သဒ္ဓါပညာဖြင့် ရှုပါ။ ရှုလိုက်ပါက လောဘလည်း ဖြစ်ပျက်ပဲဟု သိမည်။ လောဘလည်း အနိစ္စ ဖြစ်သွားပြီ။ လောဘက အကုသိုလ် ဖြစ်သော်လည်း ဖြစ်ပျက်ဟု သိလိုက်သောကြောင့် လောဘ(အကုသိုလ်)က အပါယ် မပို့တော့ဘူး။ [နှာ–၁၃] သဒ္ဓါပညာနှင့် လောဘစိတ်ကလေးကို ရှုလိုက်ပါ၊ ရှုလိုက်ပါက လောဘ မရှိတော့ဘူး။ မရှိတာနဲ့ ပညာနှင့် သွားတွေ့သည်။

မရှိတာက အနိစ္စ၊ သိတဲ့ပညာက မဂ္ဂဖြစ်သည်။ လောဘကို ပညာနှင့် ပေါင်းလိုက်တတ်သောကြောင့် အနိစ္စအဖြစ် မြင်လိုက်ရသည်။ 'သရာဂံဝါစိတ္တံ၊ သရာဂံ စိတ္တန္တိ ပဇာနာတိ' လောဘစိတ်ကို သိအောင်လုပ်ပါ၊ ထိုအခါ လောဘကို ပညာနှင့် သိတာ ဖြစ်သဖြင့်၊ အနိစ္စကို သိတာ ဖြစ်သွားသည်။ ထိုအခါ လောဘက အပါယ်သို့ မပို့တော့ဘဲ နိဗ္ဗာန်ကို ပို့တတ်သော တရားဖြစ်သွားသည်။

အပေါင်းအသင်း မမှားလျှင်၊ လောဘကို ကြောက်စရာ မလိုတော့ပါ။ သဒ္ဓါပညာနှင့်သာ ပေါင်းတတ်ဖို့ အရေးကြီးသည်။ လောဘကို လောဘအတိုင်း ထားလျှင်သာ အပါယ်ကို ပို့တတ်သော တဏှာ၊ ဥပါဒါန်ကံ ဖြစ်သွားနိုင်သည်။ သဒ္ဓါပညာနှင့် ပေါင်းလိုက်ပါက လောဘက အနိစ္စ ဖြစ်သွားပြီး ကြောက်စရာ မလိုတော့ပါ။ [နှာ–၁၇]

လောဘပဲ ဖြစ်ဖြစ်၊ ဒေါသပဲ ဖြစ်ဖြစ်၊ အကြောင်း တိုက်ဆိုင်လျှင် ခန္ဓာတွေ ပေါ်မည်သာ ဖြစ်၏။ ပေါ်သော ခန္ဓာကို သဒ္ဓါပညာနှင့် ပေါင်းပြီး ရှုတတ်ပါက အကုသိုလ်စိတ်ပင် ဖြစ်သော်လည်း အပါယ်သို့ မပို့တော့ဘဲ နိဗ္ဗာန်ဘက်ကို ဦးလှည့်သွားသည်။ ရန်သူတွေ မိတ်ဆွေ ဖြစ်ကုန်ကြသည်။ [နှာ–၁၉] အကုသိုလ်စိတ်ပင် ဖြစ်စေကာမူ သဒ္ဓါပညာနှင့် ရှုလိုက်တော့ လောဘက အနိစ္စ ဖြစ်သွားသည်။ အနိစ္စပဲဟု သိတာက မဂ်ဖြစ်သွားသည်။

မဂ်ဆိုတာ 'ကိလေသေ မာရေန္တော ဂစ္ဆတီတိ မဂ္ဂေါ' ဆိုသောကြောင့် ကိလေသာကို သတ်ပြီး နိဗ္ဗာန်သို့သွားသော တရားဖြစ်သွားသည်။ အပါယ်မသွားတော့ဘူး ' ပဋိစ္စသမုပ္ပါဒ် ပြတ်သွားပြီ။ [နှာ–၂၃] တပည့်တော်တို့ ဘယ်အချိန် ရှုရမလဲ မမေးနှင့်၊ ပေါ်သောအချိန်မှာ ရှုရမည်။ လောဘစိတ် ပေါ်လျှင် လောဘစိတ်ကို ဖြစ်ပျက်ရှု၊ ဒေါသစိတ် ပေါ်လျှင် ဒေါသစိတ်ကို ဖြစ်ပျက် ရှုပါ။ ဖြစ်ပျက်ကို မင်္ဂနှင့် မပယ်နိုင်သေးသရွေ့ သူ ပေါ်ဦးမည်သာ ဖြစ်၏။ [နှာ–၂၆]

သဒ္ဓါက ပေါ်တာကို သိသည်။ ဖြစ်တာကို သိသည်။ ပညာက ပျက်တာကို မြင်သည်။ [နှာ–၂၈] အကုသိုလ်ဖြစ်ရင် တို့အပါယ်သွားရတော့မှာပဲဆိုသော စကား

http://www.dhammadownload.com



သည် သဒ္ဓါပညာနှင့် ပေါင်းတတ်လျှင် မသွားရဘူးဟု မိန့်ထားသည်။ [နာ–၂၈] ဤတရားသည် သံယုတ်ပါဠိတော်နှင့်ရော သတိပဋ္ဌာန်ပါဠိတော်နှင့်လည်း ကိုက်ကြောင်း ဟောထားသည်။ [နာ–၂၉] အနိစ္စတော သစ္စာရာနှင့်လည်း ကိုက်၊ ယဒါပညာယပဿတိနှင့်လည်း ကိုက်ပြီ။ ဒါကြောင့် အကုသိုလ်ဖြစ်မှာ မကြောက်ရ၊ အပေါင်းအသင်း လွဲမှာကိုသာ ကြောက်သင့်ကြောင်း ဆုံးမသည်။ [နာ–၂၉]

အပေါင်းအသင်း လွဲလျှင် ပဋိစ္စသမုပ္ပါဒ် တန်းသည်။ တဏှာ၊ ဥပါဒါန်၊ ကံ ဖြစ်သွားသည်။ အပါယ်ဇာတိသို့ ပို့သည်။ အပေါင်းအသင်း မလွဲလျှင်၊ သဒ္ဓါ၊ ပညာနှင့် ပေါင်းတတ်လျှင် ပဋိစ္စသမုပ္ပါဒ် ပြတ်သည်။ [နာ–၃၀] အပေါင်းအသင်း ပြင်နိုင်လျှင် မဂ်ရသွားသည်။ [နာ–၃၁] ခန္ဓာမှာ ပေါ်တာအားလုံး ဖြစ်ပျက်ပဲ၊ အနိစ္စပဲဟု မြင်လျှင် မဂ်ဖြစ်သည်။ အပါယ်သို့ မပို့ပါ။ ခန္ဓာမှာ ပေါ်တာ ငါပဲဟု မြင်လျှင် ဒိဋ္ဌိဖြစ်ပြီး အပါယ်သို့ မုချ ပို့မည်ဖြစ်သည်။ [နာ–၃၄] အနိစ္စကို မြင်ကတည်းက ခိုင်တယ်မြဲတယ်ဟူသော ဒိဋ္ဌိအမြင်စင်သွားပြီ။ ခန္ဓာထဲ ဘာပဲပေါ်ပေါ် သဒ္ဓါပညာနှင့်သာ ပေါင်းမိအောင် လုပ်ပါ။ အကုသိုလ်ကို ကြောက်စရာ မလိုတော့ဘူးဟု ယတိပြတ် မိန့်ဆိုထားသည်။ [နာ–၃၅]

အကုသိုလ်ကို မကြောက်နှင့်၊ အပေါင်းအသင်း လွဲမှာသာ ကြောက်ပါဟုလည်း ဆုံးမသည်။ [နာ–၃၆] အပေါင်းအသင်း တည့်လျှင် ရန်သူသည် မိတ်ဆွေ ဖြစ်ပြီ။ ရှုလို့ မရဘူး ဝိတက်တွေ များနေသည် ဆိုလျှင်လည်း ဝိတက်ကို ဖြစ်ပျက် ရှုပါ။ သဒ္ဓါပညာနှင့် ပေါင်းလိုက်ပါ။ ဒေါမနဿဖြစ်လျှင် ဒေါမနဿကို ရှုပါ။ [နာ–၃၇] ပျော်ရင်လည်း ရှု၊ ပျင်းရင်လည်း ရှု၊ ဖြစ်ပျက်နှင့်မဂ် ကိုက်အောင်သာ လုပ်ပါ။ သဒ္ဓါပညာ လက်မလွတ်ပါနှင့်၊ သဒ္ဓိန္ဒြေ၊ ပညိန္ဒြေ ဖြစ်လျှင် ကျန်တရား အားလုံးအပေါ် အစိုးရသည်။ [နာ–၄၁]

သဒ္ဓိန္ဒြေဖြစ်လျှင် သဒ္ဓါဗိုလ်၊ သဒ္ဓါမဂ္ဂင်ဖြစ်ပြီး လုပ်စမှာ သဒ္ဓါလို့ မှတ်ပါ။ ရှုပါများလာတော့ သဒ္ဓိန္ဒြေ ဖြစ်လာသည်။ တော်တော်ရင့်လာတော့ သဒ္ဓါဗိုလ် ဖြစ်သည်။ နောက် ဒီထက် ရင့်လာတော့ သဒ္ဓါမဂ္ဂင် ဖြစ်သွားသည်။ ဗောဓိပက္ခိယ အသင်းအပင်းမဂ္ဂင် ဖြစ်သွားသည်။ [နာ–၄၃] ပညာကလည်း ပညိန္ဒြေ၊ ပညာဗိုလ်၊ ပညာမဂ္ဂင် အဆင့်ဆင့် မြင့်သွားသည်။ [နာ–၄၄] ကိလေသာတွေကို တွန်းလှန်နိုင်သော အခြေအနေ ဖြစ်ပေါ်လာသည်။ ဣန္ဒြေတွေ အဆင့်ဆင့် ရင့်လာပြီး မဂ္ဂင်ထိုက်လျှင် သောတာပန်တည်တယ်ဟု မိန့်ပြီး တရားကို သိမ်းသည်။

*

http://www.dhammadownload.com



## ၂။ သမ္မာဒိဋ္ဌိနှစ်မျိုး

[၂၃–၆–၆၁ နေ့ မိုးကုတ်မြို့ မင်္ဂလာတိုက်မှာ ဟောသောတရား]

သမ္မာဒိဋ္ဌိ နှစ်ခုကို နားလည်အောင် ရှင်းပြမည်ဆိုသော စကားဖြင့် ဤတရားကို စတင် ဟောကြားတော်မူသည်။ သမ္မာဒိဋ္ဌိဆိုသည်မှာ အမြင်မှန်ကို ဆိုခြင်းဖြစ်၏။ အမြင်မှန် နှစ်မျိုးမှာ (၁) ဖြစ်ပျက် ဒုက္ခသစ္စာကို မြင်သော အမြင်မှန် တစ်မျိုး၊ (၂) နိဗ္ဗာန်ကို မြင်သော အမြင်မှန် တစ်မျိုး ဖြစ်သည်။ [နှာ–၄၇] ဖြစ်ပျက်ကို မြင်သော ဉာဏ်က နိဗ္ဗာန်ကို မမြင်ပါ။ နိဗ္ဗာန်ကို မြင်သော ဉာဏ်က ဖြစ်ပျက်ကျ မမြင်ပါ။

ဖြစ်ပျက် မြင်တာသည် သင်္ခါရဒုက္ခကို မြင်ခြင်းဖြစ်သည်။ လောကုတ္တရာ မဂ်၏ ရှေ့ပြေးအမြင် ဖြစ်သည်။ [နှာ–၅၁] ထိုသမ္မာဒိဋ္ဌိကို စာလိုပြောလျှင် 'ပုရေစာရိကသမ္မာဒိဋ္ဌိ' ဟု ခေါ်သည်။ ဥပရိပဏ္ဏာသပါဠိတော် မဟာစတ္တာလီသသုတ်မှာ လာကြောင်း ဖော်ပြသည်။ [နှာ–၅၂] ဖြစ်ပျက် သင်္ခါရဒုက္ခကို မြင်သော အမြင်ဖြင့် သေလျှင် အပါယ်မသွားဘူးဟု ရဲရဲ ဝန်ခံထားသည်။ [နှာ–၅၅] သင်္ခါရဒုက္ခအမြင်သည် မဂ်အစစ် မဟုတ်သေးသော်လည်း သုဂတိကို အကျိုးပေးသည်။

ဤအမြင်သည် သစ္စာနုလောကဉာဏ်ပင် ဖြစ်၏။ [နှာ–၅၆] ဤအမြင် ရလျှင်ပင် သံသရာပြတ်ပြီ။ ဤကား ဝိပဿနာဉာဏ်အမြင် ဖြစ်၏။ [နှာ–၅၇] သင်္ခါရဒုက္ခကို မြင်တတ်သူအား မြတ်စွာဘုရားက ကယ်ချွတ်တော်မူပုံကို စူဠပန်ဝတ္ထုကို ဥပမာထားပြီး ဟောသည်။ [နှာ–၅၉] သင်္ခါရဒုက္ခကို မမြင်သေးလျှင် လူ ဖြစ်ရကျိုး မနပ်ဘူးဟုလည်း မိန့်သည်။ [နှာ–၆၁] သင်္ခါရဒုက္ခ အမြင်ရအောင် လုပ်ဖို့ အရေးကြီးပုံကို လေးလေးနက်နက် ဟောသည်။ [နှာ–၆၂]

ဤအမြင် 'ပုရေစာရိကသမ္မာဒိဋ္ဌိ' ရမှသာ မဂ်သမ္မာဒိဋ္ဌိ ဖြစ်ပေါ်လာနိုင်သည်။ မဂ်၏ ရှေ့ပြေး သမ္မာဒိဋ္ဌိ ဖြစ်၏။ [နှာ–၆၅] သင်္ခါရဒုက္ခကို မမြင်ဘဲ အရိမေတ္တေယျဘုရားကို ဖူးရစေကာမူ ကျွတ်တန်းမဝင်နိုင်ဘူးဟု ဆိုသည်။ သင်္ခါရဒုက္ခကို များများမြင်ပြီဆိုလျှင် လောကုတ္တရာမဂ် လာတော့မည်ဟု မှတ်ရမည်။ [နှာ–၆၈] သင်္ခါရဒုက္ခအဆုံးမှာ မဂ်သမ္မာဒိဋ္ဌိ လာသည်။ [နှာ–၇၀] ဖြစ်ပျက် သင်္ခါရဒုက္ခကို မြင်လျှင် မဂ်နှင့် အနီးကလေး ကပ်နေပြီဟု မှတ်ရမည်။ [နှာ–၇၁] နှစ်လုံးတည်း ရှိသည်။ သင်္ခါရဒုက္ခ မြင်တာက ဝိပဿနာမဂ်၊ ဖြစ်ပျက်အဆုံး အသခ်တသုခကို မြင်တာက လောကုတ္တရာမဂ်ဉာဏ် ဖြစ်သည်။ ဝိပဿနာ သမ္မာဒိဋ္ဌိနှင့် မဂ်သမ္မာဒိဋ္ဌိ နှစ်မျိုးကို ပြခြင်းဖြစ်သည်။ [နှာ–၇၂]

http://www.dhammadownload.com



ခန္ဓာမှာ ပေါ်သမျှ စိတ်ပဲဖြစ်ဖြစ်၊ ဝေဒနာပဲဖြစ်ဖြစ်၊ ဘာပဲဖြစ်ဖြစ် ရှုလိုက်ပါက ဖြစ်ပြီး ပျက်သွားသော သင်္ခါရဒုက္ခချည်းပဲဆိုတာ တွေ့မည်။ [နှာ-၇၅] သင်္ခါရဒုက္ခကို မြင်အောင် အားထုတ်နေစဉ် သင်္ခါရဒုက္ခတွေ ချုပ်ဆုံးသွားတာကို မြင်ရလိမ့်မည်။ ထိုအခါ မဂ်သမ္မာဒိဋ္ဌိ ဖြစ်ပေါ်လာလိမ့်မည်။ [နှာ-၇၇] ဖြစ်ပျက်ဆုံးသော အချိန်မှာ မဂ်သမ္မာဒိဋ္ဌိ ပေါ်သည်။ [နှာ-၇၈] ထို့ကြောင့် ဖြစ်ပျက်မြင်အောင်ရှု၊ ဖြစ်အောင်ရှုဖို့ တိုက်တွန်းထားသည်။ ဖြစ်ပျက်ဆုံးလျှင် ဝဋ်ကျွတ်ပြီ။ [နှာ-၈၂] 'တေဘူမကဝဋ္ဋဂူပသမာယ မာနာ' ဝဋ်ကို ငြိမ်းစေသည်။ [နှာ-၈၂]

ဝဋ်ကျွတ်ပြီဆိုလျှင် ခန္ဓာကိုယ်ထဲမှာ ဘယ်လို ဖြစ်တတ်ပါသလဲ။ ရေအိုးတစ်ထောင်နှင့် လောင်းချလိုက်သလို ငြိမ်းအေးသွားသည်။ [နှာ-၈၃] အဋ္ဌကထာဆရာက ဥပမာပြခြင်း ဖြစ်သည်။ မဂ်သမ္မာဒိဋ္ဌိကို ကူးသွားသောအခါ စိတ်ထဲမှာ ဝန်ကျသလို ဖြစ်သွားတယ်ဟု ဆိုသည်။ [နှာ-၈၄] **ရေအေးသလို အေးတာမဟုတ်ဘူး။ ဥပမာ ပြလိုက်တာ** ဟုလည်း ရှင်းပြထားသည်။ ခန္ဓာကိုယ်ထဲမှာ ဝန်ထုပ်ကြီး ကျသွားလို့ ချမ်းသာသွားသလို လွတ်ကျွတ်သွားသလို ခံစားလိုက်ရတာကို ဆိုလိုသည်။

အမှန်ကတော့ နိဗ္ဗာန်ချမ်းသာသည် ပြောစရာ အတုမရှိဘူးဟု မိန့်ပါသည်။ [နှာ-၈၅] ရေအေးသလို အေးတာ မဟုတ်ဘူး၊ စိတ်ထဲမှာ ငြိမ်းအေးသွားတာ စိတ်ချလက်ချ ဖြစ်သွားတာသာ ဖြစ်သည်။ [နှာ-၈၆] အပါယ်လေးပါးမှ လွတ်သွားခြင်းအတွက် စိတ်ထဲမှာ ငြိမ်းအေး ချမ်းသာသွားခြင်း သဘောကို ဆိုလိုခြင်းဖြစ်သည်။ ဤအေးငြိမ်းမှုကို အချောင်မရဘူး၊ ကြိုးစားအားထုတ် လုပ်ဆောင်ယူမှ ရသည်။ [နှာ-၈၇] နိဗ္ဗာန်မြင်တယ်ဆိုတာ ဖြစ်ပျက်မမြင်ဘဲ ဘဝင်အေးသွားခြင်းသာ ဖြစ်သည်။ [နှာ-၈၈] ထိုသို့ မိမိဘာသာ ဘဝင်ကျပြီး ငြိမ်းအေးသွားပြီဆိုလျှင် သောတာပန် တည်တာပဲဟု ဆုံးဖြတ်ချက်ချဟု ယတိပြတ် ဟောထားသည်။

ရှေ့ပြေး ဝိပဿနာမဂ်ကို တွေ့ပြီဆိုလျှင် နောက်လိုက် လောကုတ္တရာမဂ်သည် အနုတ္တရပစ္စည်း အဖြစ်ပါသည်။ ဘုရားဟော ဖြစ်သည်။ ဆင်ခြေတက်စရာ မလိုပါ။ [နှာ-၈၉] ဤအလုပ်သည် ဆုတောင်းရမည့် အလုပ် မလုပ်ပါ။ အစဉ်အတိုင်း လုပ်ရမည့် အလုပ်သာ ဖြစ်ကြောင်းလည်း သတိပေးထားသည်။ စိတ်ဖြစ်ဖြစ်၊ ဝေဒနာ ဖြစ်ဖြစ် ဖြစ်ပျက်မြင်အောင်သာကြည့်၊ ဖြစ်ပျက်ဒုက္ခအဆုံးမှာ နိဗ္ဗာန်ကို တွေ့မှာပဲ [နှာ-၉၀]ဟု ဆိုရင်း အချိန်စေ့၍ တရားသိမ်းသည်။

*

http://www.dhammadownload.com



## ၃။ ဝိပဿနာအလုပ် မလုပ်ရင် နိဗ္ဗာန်မရှိ

[၂၄-၆-၆၁ နေ့က မိုးကုတ်မြို့ မင်္ဂလာတိုက်မှာ ဟောသောတရား]

ဝိပဿနာအလုပ် မလုပ်ဘဲ နိဗ္ဗာန်ရတဲ့ ပုဂ္ဂိုလ် ဘယ်မှာမှ မရှိဘူးဆိုပြီး ဤတရားကို စတင် ဟောကြားတော်မူသည်။ နိဗ္ဗာန်သည် ကာလသုံးပါးမှ ကင်းလွတ်ကြောင်း နိဗ္ဗာန်သည် ရှိတော့ရှိသည်။ ဝိပဿနာ မလုပ်သော ပုဂ္ဂိုလ် အတွက် ဘယ်ကာလမှာမှ မရနိုင်ကြောင်း ဟောသည်။ (ကာလဝိမုတ္တိ)

ထို့နောက် မိလိန္ဒမင်းကြီး၏ အမေးကို ညွှန်းဆို၍ ဟောသည်။ [နှာ-၉၂] နိဗ္ဗာန်ရှိလျှင် အတိတ်က လူတွေ တွေ့ခဲ့ပြီးဖြစ်မည်။ ရှိဆဲဆိုလျှင်လည်း ယခုကာလ လူတွေ တွေ့ရမည်။ ရှိနေဦးမည်ဆိုလျှင်လည်း နောက်လူတွေ တွေ့နိုင်ပေဦးမည်။ နိဗ္ဗာန် ဘယ်ကာလမှာ ရှိပါသလဲဟု မေးသောအခါ အရှင်နာဂသိန်က နိဗ္ဗာန် ဘယ်ကာလမှာမှ မရှိဘူးဟု ဖြေသည်။ ဒါဖြင့် နိဗ္ဗာန် မရှိဘူးလို့ပဲ ယူဆရမလားဆိုသောအခါ အရှင်နာဂသိန်က ထိုသို့လည်း မဟုတ်ကြောင်း အတ္ထိဘိက္ခဝေ အဇာတံ အဘူတံ ဆိုသော ဥဒါန်းပါဠိတော်အရ ဘုရားက နိဗ္ဗာန်သည် အမှန်ရှိကြောင်း ကိုလည်း ပြထားသည်။ ထိုအခါ ဥပမာအားဖြင့် ဝါးထဲမှာ မီးမရှိ။ သို့သော် ဝါး နှစ်လုံးကို ပွတ်သောအခါ မီးထွက်ပေါ်လာသကဲ့သို့ ဖြစ်ကြောင်း၊ ဝိပဿနာ အားထုတ်သော ပုဂ္ဂိုလ်မှာ သူ၏ အားထုတ်မှုကြောင့် နိဗ္ဗာန် ပေါ်လာပုံကို ရှင်းပြ သည်။ ဘယ်အချိန် မီးထွက်မလဲဆိုတော့ မလုပ်သော ပုဂ္ဂိုလ်၊ မပွတ်သော ပုဂ္ဂိုလ်မှာ ဘယ်အချိန်မှ မီးမထွက်၊ ပွတ်သောပုဂ္ဂိုလ်မှာ ပွတ်ဖန်များလျှင် မီးထွက်ပေါ်လာ သည်။ [နှာ-၉၅]

နိဗ္ဗာန်ကိစ္စမှာလည်း ခန္ဓာဖြစ်ပျက်နှင့် ဝိပဿနာမဂ်နှင့် ကြပ်ကြပ် ပွတ်ပေး၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တနှင့် ဉာဏ်နှင့် ပွတ်ပေး အနိစ္စအဆုံးမှာ (နိစ္စ)နိဗ္ဗာန် ပေါ်သည်။ ဒုက္ခအဆုံးမှာ (သုခ) နိဗ္ဗာန် ပေါ်သည်။ အနတ္တဉာဏ်အဆုံးမှာ - (အနတ္တ)နိဗ္ဗာန် ပေါ်သည်။ [နှာ-၉၆] နိဗ္ဗာန်သည် အတိတ်ကတည်းက တည်ရှိနေသော တရား လည်း မဟုတ်၊ ပစ္စုပ္ပန်မှာ တည်ရှိသော တရားလည်း မဟုတ် အနာဂတ်မှာ တည်ရှိမည့် တရားလည်း မဟုတ်။(ကာလဝိမုတ္တိ) [နှာ-၉၇] သို့သော် နိဗ္ဗာန်သည် မရှိသော တရားလည်း မဟုတ်၊ ခန္ဓာနှင့် ဉာဏ်နှင့် တိုက်မှ ပေါ်လာသောတရား ဖြစ်သည်။ ဆုတောင်း၍ ရကောင်းသော တရားလည်း မဟုတ်ကြောင်း အခိုင်အမာ ဆိုသည်။ ခန္ဓာဖြစ်ပျက်နှင့် ဉာဏ်မဂ်နှင့် မခွဲဘဲ တွဲထားရမည်။ ခန္ဓာဖြစ်ပျက်လည်း

http://www.dhammadownload.com



ဆုံးရော မီးပွင့်တာနဲ့ တစ်ပြိုင်နက် နိဗ္ဗာန်ဟာ ပေါ်တာပဲဟု ဟောသည်။ [နှာ-၁၀၃]

ပြီးမှ ဒကာ ဒကာမတွေ နိဗ္ဗာန်ရချင်လျှင် ဝိပဿနာအလုပ်ကို များများ လုပ်ကြဟေ့ဟု တိုက်တွန်းပါသည်။ [နှာ-၁၀၄] အနိစ္စနှင့် မဂ်နှင့် မတိုက်လျှင် နိဗ္ဗာန် ရကို မရဘူးဟု ဆိုသည်။ [နှာ-၁၀၆] ကြပ်ကြပ်ရှုပေးပါ ကိလေသာ ဝေးသွားလျှင်(ပါးသွားလျှင်) နိဗ္ဗာန် ပေါ်လာပါလိမ့်မည်။ [နှာ-၁၀၇] ပါရမီစကား ကို မသုံးပါနှင့်၊ ဝါးကို ကြပ်ကြပ်ပွတ်လျှင် မီးထွက်သလို အားထုတ်လျှင် နိဗ္ဗာန် ပေါ်လာပါလိမ့်မည်။ [နှာ-၁၀၈] မီးပွတ်တာ နှေးနေသေးလျှင် မီး မထွက်ဘူး၊ တိဟိတ်ပင် ဖြစ်ပါစေ အားမထုတ်ဘဲ နိဗ္ဗာန် မရနိုင်ကြောင်းကိုလည်း ပြသည်။ [နှာ-၁၀၈]

ဤတွင် ဝီရိယနှင့် ဆန္ဒကို အဓိကထားဖို့ လိုသည်။ ဝိပဿနာ ရှုဖန် များလာလျှင် ဖြစ်ပျက်မြင်(ဥဒယဗ္ဗယဉာဏ်) ထိုမှ အစဉ်အတိုင်း တက်သွားတော့ ဖြစ်ပျက်မုန်း(နိဗ္ဗိန္ဒဉာဏ်) ပေါ်သည်။ ထိုအခါ အားကြီးသော ဗလဝ ဝိပဿနာ ဖြစ်လာသည်။ ဝိပဿနာဉာဏ် ရင့်ကျက်လာသည်။ [နှာ-၁၁၁] နိဗ္ဗိန္ဒပြီးလျှင် ဖြစ်ပျက်ဆုံး မဂ်ဉာဏ်လာတော့မှာပဲဟု မိန့်ထားသည်။ [နှာ-၁၁၃] ပြီးမှ နာမရူပ ပရိစ္ဆေဒကျမ်းကို ကိုးကားပြီး အစဉ်အတိုင်း အားထုတ်သွားပါဟု မိန့်သည်။ 'ပရိပက္ကာက မေနေစ၊ ပရိဘာဝိတ ဘာဝနာ၊ ပရိစ္စဇန္တိ သင်္ခါရေ၊ ပက္ခန္ဒတိ အသင်္ခတေ' အရ နောက်ဆုံး ဖြစ်ပျက်အဆုံးမှာ ဉာဏ်က အသင်္ခတဘက်ကို ပြေးဝင်သွားပုံကို ဖော်ပြထားသည်။ ထုံးစံအတိုင်း နိဗ္ဗာန်ကို ပန်းကလေး လှူ၊ ရေချမ်းကလေး လှူပြီး ဆုတောင်းနေကြသော ရှီးရာသမားများကို ပြုပြင်ရေး တရား ဟောသည်။ [နှာ-၁၁၉] အားမလျှော့ကြပါနှင့် ကြိုးစားကြစမ်းပါဟုလည်း အထပ်ထပ် တိုက်တွန်းသည်။

နေထွက်မည့် ပုဗ္ဗနိမိတ်ကို အရုဏ်တက်က ပြသည်။ ထို့အတူ ဝိပဿနာကို သာ ရှေ့ထားပါ၊ နောက်က မဂ်ဉာဏ် သေချာပေါက် လာမည်ဖြစ်သည်။ [နှာ-၁၂၃] မဟာဝဂ္ဂသံယုတ်ပါဠိတော်မှာ ဘုရားဟောထားကြောင်း ကျမ်းညွှန်းပြသည်။ 'ဝိပဿနံ့ပုရေက္ခိတွာ၊ မဂ္ဂမ္မောပဝတ္တတိ' ဝိပဿနာဉာဏ် ရှေ့သွားရှိလျှင် မဂ်ဉာဏ် နောက်က ဖြစ်၏။ [နှာ-၁၂၄] ခန္ဓာနှင့် ဉာဏ်နှင့် တိုက်။ တိုက်ဖန်များတော့ ခန္ဓာကို စွန့်ပြီး ဉာဏ်သည် နိဗ္ဗာန်ဘက်သို့ ပြေးသည်။ [နှာ-၁၂၆] ဝိပဿနာ ရှေ့သွားရှိလျှင် နောက်က လောကုတ္တရာမဂ် လိုက်သည်။ [နှာ-၁၂၈]

http://www.dhammadownload.com



ပြီးမှ မုဆိုးကြီးမိလက္ခတိဿ ဝတ္ထုကို ဥပမာ ပြသည်။ ငရဲသွားမည့် အကုသိုလ်တွေကြောင့် ရေအိုးထဲ ရေခပ်သောအခါ ရေမရဘဲ လူ့ပြိတ္တာ ဖြစ်နေသူ ဖြစ်သည်။ ထိုသူသည် ဝိပဿနာအလုပ်ကို သံဝေဂဖြင့် လုပ်သည်။ လုပ်စမှာ သူ လုပ်ထားသော အကုသိုလ်တွေချည်း ကုက္ကုစ္စအဖြစ် ပေါ်သည်။ ရဟန္တာပုဂ္ဂိုလ်ကြီးက သူ့ကို ငရဲမီးပြင်းထန်ပုံကို လက်တွေ့ ပြလိုက်သည်။ သူ အကြီးအကျယ် တုန်လှုပ်သွားသည်။ ထိုအခါမှ သူသည် ဝိပဿနာကို အားထုတ်သည်။ ခြေအေးလျှင် မငိုက်အောင် အဝတ်ပတ်ပြီး ခြေကို ရေဆွတ်ကာ အားထုတ်သည်။ ထိုမုဆိုး ဝိပဿနာ အားထုတ်လိုက်တာ အနာဂါမ်တည်သွားသည်။ မဂ်သုံးတန် ပေါ်တော့ ငရဲဘေးက လွတ်သွားပုံကို ဟောထားသည်။ [နှာ–၁၃၄] ဝိပဿနာသာ လုပ်နေ မဂ်ဆိုသော နေထွက်ပါစေဟု ဆုတောင်းနေစရာ မလို သူ့အလိုလို နောက်က မဂ်ဉာဏ် ပေါ်လာပါသည်ဟု ဟောရင်း အချိန်စေ့၍ တရားနားသည်။

*

## ၄။ သစ္စာသိဖို့ အရေးအကြီးဆုံး

[၂၅–၆–၆၁ နေ့က မိုးကုတ်မြို့ မင်္ဂလာတိုက်မှာ ဟောသောတရား]

သစ္စာသိအောင် လုပ်ပါဆိုသော စကားသည် အရေးအကြီးဆုံးဆိုသော စကားဖြင့် ဤတရားကို စတင် ဟောကြားပါသည်။ သစ္စာတွင် ဒါန၊ သီလ၊ သမထကို သစ္စာဟု မဟောကြောင်း၊ ဝိပဿနာကိုသာ သစ္စာဟု ဟောကြောင်း ပြသည်။ သစ္စာတရားကို နာရဖို့ အရေးမှ ဆရာကောင်းကိုလည်း တွေ့မှ၊ မိမိမှာလည်း ထောင်တတ်သော နားရှိဦးမှ ဖြစ်ကြောင်းလည်း ဟောသည်။ [နှာ–၁၃၇] သစ္စာမသိလျှင် သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာ ဘာမှ မဖြစ်နိုင်ဘူးဟူ၍ ဆုံးဖြတ်ချက် ချနိုင်သည်။ သစ္စာမသိဘဲနှင့် နိဗ္ဗာန်ကို ဘယ်သူမှ မရနိုင်ကြောင်း ဟောသည်။ [နှာ–၁၃၉]

'နိဗ္ဗာနန္တိ ခန္ဓာ ပဋိဗဒ္ဓမေဝနိဗ္ဗာနန္တိ' ပါဠိတော်အရ နိဗ္ဗာန်သည် ခန္ဓာနှင့် ဆက်စပ်နေသည်။ ခန္ဓာနှင့် ဆက်စပ်နေတာက နိရောဓသစ္စာ၊ ဒါကြောင့် ခန္ဓာကို မသိဘဲ နိဗ္ဗာန်ကို ရနိုင်ရောက်နိုင်စရာ အကြောင်းမရှိဟု ဆိုသည်။ [နှာ–၁၄၀] ကထာဝတ္ထုကျမ်းမှာ လာသော 'အသေခတ္တ အညံနိဗ္ဗာနန္တိ၊ နယောဝံဝတ္တဗ္ဗေ' ဆိုသော ဂါထာကိုလည်း ကိုးကား ဖော်ပြသည်။ (အဓိပ္ပာယ်မှာ နိဗ္ဗာန်နှင့် ခန္ဓာကို တခြားစီဟု

http://www.dhammadownload.com



မယူအပ်ကြောင်း) ပြသည်။ ဒါကြောင့် သစ္စာသိမှ နိဗ္ဗာန်ရှိသည်ဟု နားလည်ရမည်။

ဒုက္ခသစ္စာကို မတွေ့ဘဲနှင့် နိရောဓသစ္စာကို မတွေ့နိုင်ပါ။ ဒုက္ခသစ္စာကို တွေ့ပြီးမှ နိရောဓသစ္စာ(နိဗ္ဗာန်) ကို တွေ့နိုင်သည်။ [နှာ–၁၄၁] ဒါကြောင့် နိဗ္ဗာန်ကို ရှာလို့ရှိရင် ခန္ဓာကို အရင်တွေ့အောင် ဖမ်းဟု မိန့်ထားသည်။ [နှာ–၁၄၂] ပဏ္ဍာသပါဠိတော် အလဂဒ္ဒူပမသုတ်တွင် ဘုရားတရားသံဃာကို ယုံကြည် ကိုးကွယ်ဆည်းကပ်လျှင် သုဂတိကို ရောက်နိုင်သည်။ နိဗ္ဗာန်ကိုတော့ မရောက်နိုင်သေးကြောင်း ဟောထားပုံကို နမူနာ ပြသည်။

ပြီးမှ ဝက္ကလိရဟန်းက ဘုရားကို ကြည်ညိုလွန်းပြီး သစ္စာ မသိမှာစိုးသောကြောင့် ဘုရားက ဝက္ကလိကို နှင်ထုတ်ကြောင်း ဝတ္ထုကိုလည်း ဖော်ပြထားသည်။ သီလကို လေးစားပြီး အပြစ်လွတ်အောင် နေသည်ဆိုရာ၌ သစ္စာ မသိခြင်း၊ အဝိဇ္ဇာအပြစ်သင့်နေသေးကြောင်း ပြသည်။ [နှာ–၁၄၈] အဝိဇ္ဇာကို ဝိဇ္ဇာဖြစ်အောင် လုပ်မှသာ သစ္စာကို သိနိုင်သည်။ ဝိဇ္ဇာဉာဏ် မရသေးသရွေ့ ဒုက္ခအကုန်ရှိတယ်ဟုလည်း ဆိုသည်။ [နှာ–၁၅၁]

လောကီစည်းစိမ် ချမ်းသာတွေ ရနေတာကို ဝမ်းသာရသော်လည်း သစ္စာမသိဘဲ သေလျှင် ယနေ့ သူဌေး၊ နက်ဖြန် ခွေး ဖြစ်တတ်ကြောင်း တောဒေယျပုဏ္ဏားကြီးဝတ္ထုကို ထုတ်ပြပြီး ဟောသည်။ [နှာ–၁၅၃] ထို့နောက် သစ္စာဆိုတာတခြား မမှတ်နှင့်၊ ခန္ဓာငါးပါး တစ်ပါးပါးသည် သစ္စာပဲဟု ထောက်ပြသည်။ [နှာ–၁၅၄] ဒုက္ခသစ္စာ ဖြစ်၏။ ခန္ဓာမှာ ဒုက္ခသစ္စာတွေ ပေါ်နေသော်လည်း အဝိဇ္ဇာဖုံးနေသော ပုထုဇဉ်သည် ဒုက္ခမှန်း မသိဘဲ ဒုက္ခကို ခံစားတတ်အောင်သာ အားထုတ်သည်။ စာထဲက သစ္စာကို မယူနှင့် ခန္ဓာက ပြသော သစ္စာကိုသာ ယူရမည်ဟုလည်း မိန့်ကြားထားသည်။ [နှာ–၁၅၇] ခန္ဓာပေါ် ဉာဏ်ရောက်ဖို့ အရေးကြီးသည်ဟုလည်း ဆိုသည်။

ထို့နောက် ခန္ဓာ ပဋိစ္စသမုပ္ပါဒ်ကို ပြသည်။ မြင်စိတ်ပေါ်တာ၊ ကြားစိတ်ပေါ်တာ၊ ခု ပစ္စုပ္ပန်မှာ ခန္ဓာပေါ်တာ ဖြစ်သည်။ ခု ကြားတာ၊ ခု မြင်တာ၊ ခု ခန္ဓာပေါ်တာသည် သစ္စာပင် ဖြစ်သည်။ ကြားစိတ်ကလေးသည် ခု ကြားပြီး ခု ချက်ချင်းချုပ်သွားသည်။ ကြားစိတ်ကလေး ချုပ်သွားပြီးနောက် ကြားစိတ်အပေါ် နှစ်သက်ခင်မင်သော ဝေဒနာနှင့် ဆက်ပြီး အသက်ရှင်ပြန်သည်။ ဒါလည်း ဒုက္ခသစ္စာပဲဟု သိရမည်။

http://www.dhammadownload.com



ခံစားသော ဝေဒနာချုပ်လျှင် လိုချင်သော တဏှာလာသည်။ တဏှာချုပ်သွားတော့ စွဲလမ်းသော ဥပါဒါန်လာသည်။ ဒါတွေအားလုံး ဒုက္ခသစ္စာတွေချည်းပဲဟု ဖော်ပြထားသည်။ [နာ–၁၆၂] ကြားစိတ်ကလေး စပေါ်ပြီးကတည်းက ခန္ဓာ ပဋိစ္စသမုပ္ပါဒ် တန်းပြီးဖြစ်သွားသည်။ ဒုက္ခသစ္စာတွေချည်း လျှောက်ဖြစ်နေတယ်ဟု ဆိုသည်။ [နာ–၁၆၇] ဒုက္ခသစ္စာ အတန်းကြီး ဖြစ်သွားပုံကို ပြသည်။ ဒီဒုက္ခသစ္စာ အတန်းကြီး ဖြစ်နေသော်လည်း မသိဘဲ ဖြစ်နေကြသည်။ [နာ–၁၆၅]

ပြီးမှ ခွေးကိုက်တာ သိ၊ ထမင်းစားလို့ မကောင်းတာ သိပုံ၊ ထိုအသိသည် ဉာဏ်သိမဟုတ်၊ ဒေါသသိ ဖြစ်ပုံကို ရှင်းပြထားသည်။ [နာ–၁၆၆] ဉာဏ်သိက ဒုက္ခကို ဖြတ်ချသည်။ သစ္စာပေါ်တိုင်း နောက်က သိသိပေးရမည်။ ဒုက္ခသစ္စာ ဆိုတာ ဒုက စက်ဆုပ်စရာ၊ ခ က အသုံးမကျတာကို ဆိုကြောင်းလည်း ဉာဏ် ရှင်းအောင် ပြသည်။

အာရုံနှင့် ဒွါရတိုက်သောအခါ မြင်စိတ်၊ ကြားစိတ် ပေါ်သည်။ ထိုမြင်စိတ် ကြားစိတ်လည်း စက်ဆုပ်စရာ၊ အသုံးမကျတာတွေပဲ ဖြစ်သည်။ ခုပေါ်ပြီး ခု ပျောက်တာတွေ ဖြစ်သည်။ ခုမွေးပြီး၊ ခုသေနေသော ခန္ဓာဒုက္ခသစ္စာ၊ အသုဘတွေ ဖြစ်သည်။ [နာ–၁၆၇] လူတွေက ထိုမြင်စိတ်ကြားစိတ်ကလေးကို အသုဘတွေ၊ ဒုက္ခသစ္စာတွေဟု တစ်ခါမှ မပြောပါ။ ထိုသို့ မသိ၍ မပြောခြင်းဖြစ်၏။ လူတွေသည် ကိုယ့်ခန္ဓာ၏ အသေကို ကိုယ်က မသိကြ။ သူများ အသုဘကိုသာ မြင်တတ်ကြ သည်။ ဒါကြောင့် ဒုက္ခသစ္စာကို မသိတတ်ကြ။ အမှန်မှာ ကြားစိတ်ကလေး ပေါ်ပြီး ပျောက်သွားတာသည် ဒုက္ခသစ္စာပဲဟု သိတတ်ရမည်။

ထိုသို့ ကြားသိ ဖြစ်ပြီး ပျက်သွားတာကို ရှု၍ သိလိုက်လျှင် ဝိညာဉ်နောက်ဇာ ဝေဒနာ၊ တဏှာ၊ ဥပါဒါန်၊ ကံတွေ ဆက်တိုက် လိုက်မလာကြတော့ပါ။ ပဋိစ္စ သမုပ္ပါဒ် ပြတ်သည်။ (ဝေဒနာနိရောဓာ၊ တဏှာနိရောဓော ဖြစ်သွားသည်) ဒုက္ခ သစ္စာ နောက်က မဂ်ဝင်လိုက်သောကြောင့် ဒုက္ခက္ခန္ဓာဿနိရောဓော ဟောတိ ဖြစ်သွားသည်။ [နာ–၁၇၀] သစ္စာကို သိလိုက်တာသည် မဂ်ဖြစ်သည်။ ထိုသို့ ရှုလိုက်ခြင်းသည် ဓမ္မာနုပဿနာ သတိပဋ္ဌာန်ဖြစ်ကြောင်းလည်း ဟောကြားသည်။ [နာ–၁၇၂]

ခန္ဓာမှာ ဘာစိတ်ပဲ ပေါ်ပေါ်၊ ဒုက္ခသစ္စာပဲလို့ ဉာဏ်လှည့်ပြီး ရှုလိုက်ပါ။ ရှုလိုက်တာနှင့် တစ်ပြိုင်နက် ဒုက္ခက္ခန္ဓာဿနိရောဓောဟောတိ (ဒုက္ခချုပ်ဆုံးခြင်း) ဖြစ်သွားသည်။ [နာ–၁၇၃] ဤသို့ သိလိုက်ခြင်းသည် ဝိဇ္ဇာဥဒပါဒိ ဖြစ်သွားခြင်း ဖြစ်သည်။ ဉာဏံဥဒပါဒိ၊ ပညာဥဒပါဒိ၊ အာလောကောဥဒပါဒိ သစ္စာဉာဏ် အလင်း

http://www.dhammadownload.com



ပေါ်သွားခြင်း ဖြစ်သည်။ [နာ–၁၇၃] သစ္စာကို သိလျှင် ဒုက္ခချုပ်သည်။ မသိသော ပုဂ္ဂိုလ်မှာ ပဋိစ္စသမုပ္ပါဒ် ခန္ဓာဒုက္ခသစ္စာတွေ မရေမတွက်နိုင်အောင် ဆက်ပြီး ဖြစ်သွားသည်။ ကြားသိစိတ်ကို သိလိုက်တာက မဂ်၊ မဂ်ဝင်လျှင် တဏှာဥပါဒါန် ကံချုပ်သည်၊ တဏှာဥပါဒါန်က ကိလေသာဝဋ်၊ ကံက ကမ္မဝဋ်၊ ဇာတိ၊ ဇရာ၊ မရဏက ဝိပါကဝဋ် ဖြစ်သည်။ ကြားစိတ်ကို ဉာဏ်ကသိပြီး ဖြတ်တတ်လျှင် ဝဋ်ကျွတ်ပြီ။ [နာ–၁၇၅] သစ္စာသိသော ကိုယ့်မဂ္ဂင်ဖြင့် ကိုယ့်ဒုက္ခကို ကိုယ်ဖြတ် ရသည်။ သစ္စာကို သိလျှင် နောက်လာလတ္တံ့ ဒုက္ခတွေကိုလည်း အကုန်ဖြတ်သည်။ တဏှာ ဥပါဒါန်ကံတွေ အကုန် ဖြတ်သောကြောင့် ခန္ဓာ မလာတော့ဘူး။ ခန္ဓာ ပျောက်သွားပြီ၊ ခန္ဓာရှိမှ အတိတ်ကံက အကျိုးပေးသည်။ အပရာပရိယကံတွေလည်း ခန္ဓာချုပ်လျှင် အကုန်ပြတ်သည်။

ဒါကြောင့် ဖြစ်ပျက်ဒုက္ခသစ္စာကို သိသော ဉာဏ်သည် အတိတ်ကံတွေကို လည်း တားမြစ်သည်။ [နာ–၁၇၉] အကျိုးပေးမည့် အတိတ်တွေကိုလည်း သစ္စာ သိသော ဉာဏ်က ဖြတ်လိုက်သည်။ မဂ်ဉာဏ်က ဖြတ်လိုက်ခြင်း ဖြစ်သည်။ [နာ–၁၇၉] ဒါကြောင့် ဒုက္ခ ကုန်ချင်လျှင် သစ္စာသိအောင်လုပ်ဟု တိုက်တွန်းထား သည်။ [နာ–၁၈၀] သစ္စာ မသိတာ အဝိဇ္ဇာ၊ သစ္စာသိတာက ဝိဇ္ဇာ ဖြစ်သည်။ သစ္စာသိပြီး ခန္ဓာဒုက္ခသစ္စာပဲဟု ရှုပွားလိုက်ပါက အတိတ် ဝဋ်ကြွေးတွေ အကုန် ပြေသည်။ ဝဋ်ကျွတ်သွားသည်ဟု ဟောသည်။ [နာ–၁၈၁]

ကိုယ့်ပဋိစ္စသမုပ္ပါဒ်တန်းနေလို့ ဝဋ်က လိုက်နေတာ ဖြစ်သည်။ ကိုယ့်ပဋိစ္စ သမုပ္ပါဒ်ကို ဉာဏ်နှင့် ဖြတ်လိုက်တော့ ဝဋ်ကို ဖြတ်ချလိုက်သည်။ [နာ–၁၈၃] ကံဖြတ်ဝဋ်ဖြတ် ဖြစ်သွားသည်။ အတိတ်ကံတွေကြောင့် ဝဋ်လိုက်မှာ စိုးရိမ်နေလျှင် သစ္စာသိအောင်သာ လုပ်လိုက်ပါဟု တိုက်တွန်းထားသည်။ ဒါကြောင့် မဂ်သည် အားကိုးရာ အစစ်ဖြစ်သည်ဟု ဆုံးဖြတ်ချက် ချပါဟု တိုက်တွန်းရင်း အချိန်စေ့သည်။ တရားနားလိုက်သည်။

*

## ၅။ သစ္စာမသိတာ ကြောက်စရာ အကောင်းဆုံး

[၂၆–၆–၆၁ နေ့က မိုးကုတ်မြို့ မင်္ဂလာတိုက်မှာ ဟောသည့်တရား]

မြတ်ဗုဒ္ဓ အမြင်မှာ ကြောက်စရာ အကောင်းဆုံး ဘယ်သူတုံးဆိုလျှင် သစ္စာမသိတာ ကြောက်စရာ အကောင်းဆုံးပဲဟု အဖြေပေးကာ ဤတရားကို

http://www.dhammadownload.com



စတင် ဟောကြားပါသည်။ သစ္စာ မသိတော့ လူပြန်ဖြစ်ချင်သည်။ လူပြန်ဖြစ်တာသည် ဇာတိ ဒုက္ခသစ္စာကို ရခြင်းဖြစ်သည်။ လူပြန်ဖြစ်ချင်တာသည် ဒုက္ခသစ္စာကို မသိ၍ ဖြစ်ကြောင်း ထောက်ပြသည်။ [နှာ-၁၈၆] သစ္စာမသိလျှင် သံသရာ ရှည်သည်။ သစ္စာ မသိသောသူ ဒုက္ခကို ဆုတောင်းနေသည်။ ဒါကြောင့် သစ္စာ မသိမှုသည် အရုပ်အဆိုးဆုံးပဲဟု ဟောသည်။ [နှာ-၁၈၇] မကောင်းကောင်းသော ဆုကို သစ္စာမသိသူ တောင်းနေသည်။ သစ္စာမသိသောသူသည် အကန်းလမ်းသွားနှင့် တူသည်ဟုလည်း နှိုင်းပြသည်။ [နှာ-၁၈၈] သားအတွက် ပူ၊ သမီးအတွက် ပူပြီး သူတို့အတွက် ခက်တယ်ဟု ညည်းညူနေသူသည် သစ္စာ မသိသူ ဖြစ်သည်။

အမှန်မှာ ကိုယ့်အတွက် ခက်တာကို ဆင်ခြင် တွေးတောသင့်ကြောင်း ဟောသည်။ [နှာ-၁၈၉] ကိုယ့်အတွက် သစ္စာမသိလျှင် ခက်ကြောင်း သတိပေးသည်။ သစ္စာ မသိလို့ ပဋိသန္ဓေ နေချင်သူ အိုနာသေဘေး၊ သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ၊ ဥပါယာသဘေးက မလွတ်နိုင်ပါ။ တောင်ကမ်းပါးက ကျပြီး သေတာက တစ်ခါပဲ သေသည်။ သစ္စာမသိဘဲ သေလျှင် မရေမတွက်နိုင် အကြိမ် ပေါင်း များစွာ သေရပုံကို ဟောသည်။ [နှာ-၁၉၁] (သံယုတ်ပါဠိတော်) ဒါကြောင့် သစ္စာသိအောင် လုပ်ရမည်ဟု ဆုံးမသည်။

ကိုယ့်ဇာတ်ဆိုတာ ယခု ရထားသော ခန္ဓာဒုက္ခသစ္စာ ဖြစ်သည်။ ကိုယ့်ဇာတ် ကို အသိတစ်လုံး ပိုင်လျှင် သိမ်းနိုင်သည်။ [နှာ-၁၉၂] သူများ(သားသမီး)အတွက် မစိုးရိမ်နှင့် ကိုယ့်အတွက် ကိုယ်စိုးရိမ်ပါ။ သူတို့က သေဖို့ ဝေးသေးသည်။ ကိုယ်က သေဖို့ နီးပြီ။သေခါနီးက သေခါဝေးအတွက် စိုးရိမ်မနေသင့်။ သစ္စာဉာဏ်နှင့် ပြောလိုက်တော့ လူတွေ ပြောနေကြတာ အပိုချည်းပဲဟု မိန့်သည်။ [နှာ-၁၉၄] သစ္စာသိဖို့သာ အရေးကြီးသည်။ မသိလျှင် ကုသိုလ်ပြုရာမှာလည်း အလွဲချည်းပဲဟု ဟောထားသည်။

ကုသိုလ်လွဲ ဆိုသည်မှာ ကုသိုလ်ပြုပြီး ဘဝသမ္ပတ္တိ၊ ဘောဂသမ္ပတ္တိကို တောင်းတနေခြင်းကို ဆိုသည်။ အဲဒီ လုပ်ပုံကိုင်နည်းကို ပြောင်းလဲပစ်ရမည်။ [နှာ-၁၉၅] ကုသိုလ်လွဲလုပ်လျှင် ယခုဘဝ ငွေကုန်ပြီး နောက်ဘဝ လူပန်းမည်ဟု မိန့်သည်။ စက်ရှင်အမှုမှာ ငွေထိုးပြီး သေဒဏ်ကျအောင် လုပ်သလို ဖြစ်နေသည် ဟု သရုပ်ပြသည်။ ဤသို့ တလွဲ ဖြစ်နေကြသည်။ သစ္စာမသိလို့ ဖြစ်နေကြတာဟု ဆိုသည်။ [နှာ-၁၉၇]

သစ္စာသိဖို့ အရေးမှာ သစ္စာအရိုကို အလျင်ပြောမှ ဖြစ်မည်။ အရိုကို အရင် ပြောမှ အသိက နောက်က ပါမည်။ ခြုံပြောလျှင် ရှင်းသည်။ ခန္ဓာက ဒုက္ခသစ္စာ

http://www.dhammadownload.com



ဖြစ်သည်။ ဝိညာဉ်ပဲ ပေါ်ပေါ်၊ ဝေဒနာပဲ ပေါ်ပေါ်၊ သညာပဲ ပေါ်ပေါ်၊ သင်္ခါရပဲ ပေါ်ပေါ်၊ ဘာပဲ ပေါ်ပေါ် ဒုက္ခသစ္စာချည်း ဖြစ်သည်။ ခန္ဓာသည် ဒုက္ခပဲဟုသိလျှင် ထိုဉာဏ်သည် သစ္စာဉာဏ် ဖြစ်သည်။ [နာ–၁၉၉] ခန္ဓာထဲမှာ နှိပ်စက်တတ်သော တရားပဲ ရှိနေတာပဲဟု သိခြင်းမှာ ကိစ္စဉာဏ် ဖြစ်၏။ ခန္ဓာအားလုံး ဖြစ်ပြီး ပျက်နေကြတာပဲဟု သိလျှင် ကိစ္စဉာဏ်၊ သစ္စာဉာဏ်နှင့် ကိစ္စဉာဏ် ရင့်သန်လာပြီ ဆိုပါက ကတဉာဏ် ပေါ်လာသည်။ ထိုဉာဏ်သည် မဂ်ဉာဏ်ဖြစ်သည်။ ထိုဉာဏ် ရလျှင် သောတာပန် ဖြစ်ပြီ။ [နာ–၂၀၀]

သတိပဋ္ဌာန်လေးပါး တစ်ပါးပါးနှင့် ရှုနေ၊ ဖြစ်ပျက်မြင်အောင် ရှုနေခြင်းသည်လည်း ကိစ္စဉာဏ်၊ ဖြစ်ပျက် မြင်ပြီးနောက် ဆုံးအောင် လိုက်လိုက်ပါက ကတဉာဏ် ဖြစ်ပေါ်လာသည်။ ခန္ဓာငါးပါး အပေါင်းကြီးကို ဒုက္ခပဲဟု သိခြင်းသည် သစ္စာဉာဏ်၊ သတိပဋ္ဌာန်လေးပါး၊ တစ်ပါးပါးဖြင့် စိတ်ကြိုက်စိတ်၊ ဝေဒနာကြိုက် ဝေဒနာ ရှုနေခြင်းသည် ကိစ္စဉာဏ်၊ သူတို့ ဖြစ်ပျက်နေတာပဲ နှိပ်စက်နေကြတာပဲဟု သိလျှင် ကိစ္စဉာဏ် ပေါ်ပြီ။ ဖြစ်ပျက်ကို ဆုံးအောင် လိုက်လိုက်လျှင် ကတဉာဏ် ပေါ်သည်။ ထိုအခါ သောတာပန် တည်ပြီဟု ဆိုသည်။ [နာ–၂၀၂]

အလုပ်လုပ်ပုံ ဉာဏ်သုံးဆင့် တက်ပုံကို အတိုနည်း ပြလိုက်ခြင်းဖြစ်ကြောင်းလည်း ဟောသည်။ သစ္စာဉာဏ်က သိရမည့်ဉာဏ်၊ ကိစ္စဉာဏ်က အလုပ် လုပ်ရမည့် ဉာဏ်၊ ကတဉာဏ်က ဒုက္ခဆုံးသွား၍ ဝမ်းမြောက်ဝမ်းသာ ဖြစ်ရမည့် ဉာဏ်ဟုလည်း ထပ်ဆင့် ရှင်းပြထားသေးသည်။ [နာ–၂၀၃] ဤဉာဏ်သုံးဉာဏ်သည် ဓမ္မစကြာမှာ လာသည်။ ပဉ္စဝဂ္ဂီငါးဦး ဉာဏ်သုံးဉာဏ်ဖြင့် ကိစ္စပြီးသွားကြပုံကို သာဓက ပြသည်။ ထို့နောက် ဒဏ္ဍပါဏိဝတ္ထုကို ထုတ်ဟောသည်။ ဒဏ္ဍပါဏိက မြတ်စွာဘုရားကို ပုစ္ဆာထုတ်သည်။ ရှင်ကြီးဂေါတမ အယူဝါဒဟာ ဘာလဲဟု မေးသည်။ ဒဏ္ဍပါဏိသည် ဒေဝဒတ်ဘက်တော်သား ဖြစ်နေသည်။ သို့သော် သူ ကျွတ်တမ်းဝင်မည်ကို သိသဖြင့် ဟောသည်။ ငါ့ဝါဒက ဘယ်သူနှင့်မှ ရန်မဖြစ်တဲ့ ဝါဒပဲဟု ဖြေသည်။ [နာ–၂၀၆] ဘယ်သူနှင့်မှ ရန် မဖြစ်တာ ဝါဒစစ် ဝါဒမှန်ဖြစ်ကြောင်း ဆရာတော်က မှတ်ချက်ချသည်။

ပြီးမှ ဘုရားက ဒုက္ခသစ္စာပဲ ဟောကြောင်း၊ သစ္စာသိတာက သစ္စာဉာဏ်၊ ဖြစ်ပျက် သိတာက ကိစ္စဉာဏ်၊ ဖြစ်ပျက် ဆုံးတာက ကတဉာဏ်ဟုလည်း ထပ်ဆင့် ခွဲခြမ်းပြသည်။ [နာ–၂၀၇] ဤအမြင်ကို မကြိုက်သူတွေကသာ ဘုရားနှင့် ပြိုင်ပြီး ရန်ဖြစ်ကြသည်။ ပညာရှိတွေက အကုန် လက်ခံသည်။ ဘုရားဝါဒက ရန်မဖြစ်

http://www.dhammadownload.com



သော ဝါဒဖြစ်သည်။ ငါသည် သံသယဝိစိကိစ္ဆာ ကင်းပြီး အလုံးစုံအပေါ်မှာ တဏှာကင်းပြတ်သော ပုဂ္ဂိုလ်ဖြစ်သည်ဟု မှတ်ပါဟု ဒဏ္ဍပါဏိကို ဟောသည်။ သံသယ ကင်းရှင်းပြီး တဏှာပြတ်သောအလုပ် ငါ့အလုပ်ပဲ မှတ်ပါဟုလည်း ဘုရားက မိန့်သည်။

ဘုရားက သူ့ဝါဒနှင့် သူ့အကျင့်ကို မိန့်ကြားလိုက်သည်။ [နှာ-၂၁၀] ဒဏ္ဍပါဏိအား ဘုရားက သူ့ဝါဒနှင့် အလုပ်စဉ်ကို ပြောခဲ့ကြောင်း ကျောင်းပြန်ရောက်သောအခါ ရဟန်းတစ်ပါးအား ပြန်ပြောပြတော်မူသည်။ ရဟန်းက ဗဟုသုတ နည်းသည်။ ဘုရားက သူ့ဝါဒနှင့် အလုပ်စဉ်ကို ပြောပြသော်လည်း နားမလည်ပါ။ ဒါကြောင့် ဘုရား အကျဉ်း ဟောသွားသည်ကို အကျယ် ဟောရန် အရှင်မဟာကစ္စည်းထံ သွားမေးသည်။ [နှာ-၂၁၁] ထိုအခါ အရှင်မဟာကစ္စည်းက အကျယ်ဖွင့်ဟောသည်။

အဆင်းရူပါရုံကို ကြည့်တော့ မြင်စိတ်ပေါ်သည်။ (စက္ခုံစ ပဋိစ္စရူပေစ ဉပ္ပဇ္ဇတိစက္ခုဝိညာဏံ) ထိုအခါ ဖဿဖြစ်သည်။ ဖဿပေါ်တော့ ဖဿပစ္စယာ ဝေဒနာ လာသည်။ ဖဿ၊ ဝေဒနာ၊ သညာ၊ သင်္ခါရ နာမ်ခန္ဓာလေးပါးလုံး ဖြစ်သည်။ ခန္ဓာ ပေါ်သောအခါ တဏှာ၊ မာန ဒိဋ္ဌိလာသည်။ [နှာ-၂၁၅] တဏှာလာတော့ တဏှာပစ္စယာ ဉပါဒါန် ကမ္မဘဝ၊ ဇာတိ၊ ဇရာ၊ မရဏ ပဋိစ္စသမုပ္ပါဒ် တန်းသွားပြီး ပစ္စုပ္ပန်မှ အနာဂါတ် ဘဝကျအောင် အကြောင်းအကျိုး ဆက်သွားသည်။ ထိုအခါ တဏှာ မာန ဒိဋ္ဌိ ဆိုသော ပပဉ္စ လိုက်လာသည်။ မိုးကုတ်ကျောက် တစ်လုံးကို ကြည့်ပြီး ဝယ်ပုံကို နမူနာထားပြီး ဟောသည်။

ဘုရားက သူ့ဝါဒသည် တဏှာဖြတ်တဲ့ ဝါဒပဲဟု ဆိုခဲ့သည်။ ထို့ကြောင့် တဏှာ မာန ဒိဋ္ဌိ ပပဉ္စမလာခင်၊ မြင်စိတ် ဖဿ၊ နှစ်သက်စိတ် ဝေဒနာများကို ဖြစ်ပျက် ရှုရမည်။ ဖြစ်ပျက် ရှုလိုက်တော့ ဖြစ်ပျက်က ဒုက္ခသစ္စာ၊ သိလိုက်တာက မဂ္ဂသစ္စာ ဖြစ်သွားသည်။ ထိုအခါ တဏှာ မာန သိမ်းသွားသည်။ ဝေဒနာနိရောဓ တဏှာနိရောဓ ဖြစ်သွားသည်။

ဒီမှာ အဆင်းကြိုက် အဆင်းရှု၊ ကာယာနုပဿနာ၊ မြင်စိတ်ကြိုက်လျှင် မြင်စိတ်ကို ရှု၊ စိတ္တာနုပဿနာ ဖြစ်သည်။ [နှာ-၂၁၉] ထိုသို့ ရှုလိုက်လျှင် တဏှာ၊ မာန၊ ဒိဋ္ဌိ ပြတ်သွားသည်။ ပဋိစ္စသမုပ္ပါဒ် အတန်းကြီး ပြတ်သွားသည်။ တဏှာ၊ မာန၊ ဒိဋ္ဌိ သေအောင် ဝိပဿနာမဂ်(ကိစ္စဉာဏ်)က သတ်လိုက်သည်။ [နှာ-၂၂၁] ဖြစ်ပျက်ရှုတော့ ကိစ္စဉာဏ်ရသည်။ စိတ်တွေပေါ်တိုင်း ကိစ္စဉာဏ်နှင့်

http://www.dhammadownload.com



ဖြစ်ပျက် ရှု။ ကိစ္စဉာဏ်က မဂ္ဂသစ္စာ ဖြစ်သည်။ [နှာ–၂၂၃] တဏှာ၊ မာန၊ ဒိဋ္ဌိ သုံးမျိုးက ချဲ့ထွင်သော သံသရာအစဉ်ကို မဂ္ဂသစ္စာက ဖြတ်သည်။ ကိစ္စဉာဏ်ရသော ပုဂ္ဂိုလ်မှာ ပြတ်သည်။ [နှာ–၂၂၅] ပပဉ္စနိရောဓာ နိဗ္ဗာနံ ဆိုသောကြောင့် ပပဉ္စ ပြတ်ရင် နိဗ္ဗာန် ရောက်သည်။ [နှာ–၂၂၆] ဒါကြောင့် အလုပ်လုပ်သော ပုဂ္ဂိုလ် နိဗ္ဗာန် ရသည် မှတ်ရမည်။ [နှာ–၂၂၇]

ဤသို့ အားထုတ်သော ပုဂ္ဂိုလ်မှာ ဝိပရိဏာမကိစ္စ၊ ဖြစ်ပျက်တွေကို မမြင်တော့ဘူး။ ဖြစ်ပျက်ဆုံးသွားပြီဆိုလျှင် ကတဉာဏ် ပေါ်ပြီ။ [နှာ–၂၂၈] နိဗ္ဗာန်ကို မြင်သောဉာဏ်သည် ကတဉာဏ် ဖြစ်သည်။ ထို့နောက် ခန္ဓာငါးပါးအပေါင်းကို သိတာက သစ္စာဉာဏ်၊ ဖြစ်ပျက်ကို မြင်တာက ကိစ္စဉာဏ်၊ ဖြစ်ပျက်အဆုံးကို မြင်တာက ကတဉာဏ်ဖြစ်ကြောင်း ထပ်မံ ရှင်းပြပြန်သည်။ [နှာ–၂၂၉] ဝိပဿနာမှာ ဤဉာဏ်သုံးဉာဏ်ဖြင့် တက်လည်း ရသည်ဟု မိန့်ထားသည်။ [နှာ–၂၃၀] ပဉ္စဝဂ္ဂီတို့သည် ဤဉာဏ်သုံးဉာဏ်ဖြင့် တရားနာရင်း ပွားသွားကြခြင်းဖြစ်ကြောင်း ဟောရင်း အချိန်ကုန်၍ တရားနားသည်။

*

## ၆။ ပုဂ္ဂိုလ်လေးမျိုးဖြင့် ဝေဖန် ဟောကြားခြင်း

[၂၇–၆–၆၁ နေ့က မိုးကုတ်မြို့ မင်္ဂလာတိုက်မှာ ဟောသောတရား]

"ဒကာ ဒကာမများ ကိုယ့်အတွက် ကိုယ်ပါးဖို့ အရေးကြီးတယ်" ဆိုပြီး ဤတရားကို စတင် ဟောကြားတော်မူသည်။ ဤသို့ ဆိုပြီးနောက် ပါးသည်ဆိုသော စကား၏ အနက်ကို ဖွင့်ပြသည်။ သားတွေ၊ သမီးတွေ ကျွေးဖို့ လည်လည်ပတ်ပတ် ရောင်းဝယ် ဖောက်ကားပြီး ရှာဖွေ စုဆောင်းတတ်တာက သူများအတွက် ပါးတာ။ ကိုယ့်အတွက်ပါးဖို့ ပိုအရေးကြီးသည်ဟု ညွှန်ပြသည်။ [နှာ–၂၃၁] အမှန်က ကိုယ့်မှာ ကိလေသာ ပါးအောင် လုပ်ဖို့က ပဓာနကျသည်။ ထို့နောက် ပုဂ္ဂိုလ် လေးမျိုးရှိကြောင်း ဝေဖန်ပြသည်။ အရှင်သာရိပုတ္တရာနှင့် အရှင်မောဂ္ဂလာန်တို့ အမေးအဖြေ ဝတ္ထုကြောင်းကို တင်ပြသည်။ ပုဂ္ဂိုလ်လေးမျိုး–

၁။ ပထမအမျိုးက မိမိမှာ ကိလေသာ အညစ်အကြေး ရှိတာကို ရှိမှန်း မသိသူဖြစ်၏။

၂။ ဒုတိယပုဂ္ဂိုလ်က မိမိမှာ ကိလေသာ အညစ်အကြေး ရှိတာကို ရှိမှန်းသိသူ ဖြစ်၏။

http://www.dhammadownload.com



၃။ တတိယအမျိုးက မိမိမှာ ကိလေသာ အညစ်အကြေး မရှိတာကို မရှိမှန်း မသိသူ ဖြစ်၏။

၄။ စတုတ္ထအမျိုးက မိမိမှာ ကိလေသာ အညစ်အကြေး မရှိတာကို မရှိမှန်း သိသူဖြစ်၏။ [နှာ-၂၃၅] အရှင်သာရိပုတ္တရာက ပုဂ္ဂိုလ်လေးမျိုး ခွဲခြား ပြသည်။

ထိုအခါ အရှင်မောဂ္ဂလာန်မထေရ်မြတ်ကြီးက ပုဂ္ဂိုလ်လေးမျိုးကို ခွဲခွဲခြားခြား သိရအောင် ရှင်းပြဖို့ တောင်းပန်သည်။ အရှင်သာရိပုတ္တရာက ရှင်းပြသည်။

- အညစ်အကြေး ကိလေသာ ကိုယ့်မှာ ရှိပါလျက် ရှိမှန်း မသိသော ပထမ ပုဂ္ဂိုလ်သည် ယုတ်ညံ့သော ပုဂ္ဂိုလ်သူယုတ် ဖြစ်သည်။
- အညစ်အကြေး ကိလေသာ ကိုယ့်မှာရှိသည်ကို ရှိမှန်းသိသော ဒုတိယ ပုဂ္ဂိုလ်ကို သူမြတ်ဟု ခေါ်နိုင်သည်။
- အညစ်အကြေး ကိလေသာ ကိုယ့်မှာ မရှိသည်ကို မရှိမှန်း မသိသော တတိယပုဂ္ဂိုလ်သည်လည်း ယုတ်သော ပုဂ္ဂိုလ်၊ သူယုတ်ပင် ဖြစ်၏။
- ကိလေသာ အညစ်အကြေး ကိုယ့်မှာ မရှိသည်ကို မရှိမှန်းသိသော စတုတ္ထ ပုဂ္ဂိုလ်သည်လည်း သူမြတ်ပင်ဖြစ်ကြောင်း ရှင်းပြသည်။ [နှာ-၂၃၇]

ပုဂ္ဂိုလ်လေးမျိုး ခွဲပြခြင်းမှာ ကိုယ်ဘယ်ပုဂ္ဂိုလ်မျိုးထဲ ပါသလဲဟု ဝေဖန် တတ်ရန် ဖြစ်၏။ ထို့နောက် ပုဂ္ဂိုလ်လေးမျိုး၏ သဘောသဘာဝကို ထပ်မံ ရှင်းပြ သည်။

- ပထမပုဂ္ဂိုလ်၊ ကိုယ့်မှာ ကိလေသာ အညစ်အကြေး ရှိပါလျက် ရှိမှန်းမသိ။ မသိသောကြောင့် ကိလေသာ အညစ်အကြေး စင်ကြယ်အောင် ဆေးကြော သုတ်သင်ရမှန်း မသိ၊ ဆေးကြောချင်စိတ်လည်း မရှိတတ်။
- ဒုတိယပုဂ္ဂိုလ်သည် ကိလေသာ အညစ်အကြေး ကိုယ့်မှာ ရှိမှန်းသိသည်။ သိသဖြင့် အညစ်အကြေး စင်ကြယ်အောင် ဆေးကြောချင်စိတ် ရှိသည်။ ဆေးကြောရမှန်း သိသည်။
- တတိယပုဂ္ဂိုလ်သည် ကိလေသာ အညစ်အကြေး မရှိ၊ မရှိသော်လည်း မရှိမှန်း မသိ။ မသိသောကြောင့် ဆေးကြောချင်စိတ် မရှိ၊ ဆေးကြောရမှန်း လည်း မသိ။
- စတုတ္ထပုဂ္ဂိုလ်သည် ကိလေသာ အညစ်အကြေး ကိုယ့်မှာ မရှိ၊ မရှိမှန်း လည်း သိသည်။ သိသောကြောင့် သူ့ကိုယ်မှာ နောက်ထပ် အညစ်အကြေး မတင်အောင် ဆေးကြော သုတ်သင်နေလေ့ ရှိသည်။

http://www.dhammadownload.com



ဤသို့ ရှင်းပြသောအခါ အရှင်မောဂ္ဂလာန်ကိုယ်တော်ကြီးက လောကီဥပမာဖြင့် ထင်ရှားအောင် ပြပါဟု တောင်းပန်သည်။ [နှာ-၂၄၁] အရှင်သာရိပုတ္တရာက လောကီ ဥပမာ ပြသည်။ လူတစ်ယောက် ဈေးထဲမှာ ကြေးဖလားကြီး တစ်လုံး တွေ့၍ ဝယ်လာခဲ့သည်။ ကြေးညှိတွေ တက်ပြီး ညစ်ပေနေသည်။ ဝယ်လာသူက ဤကြေးဖလားကို လောလောဆယ် အသုံးမပြုလိုသေး အသုံးမပြုသေးသောကြောင့် တိုက်ရချွတ်ရမှန်း မသိဘဲ ချောင်ထိုးထားလိုက်သည်။ ထို့ကြောင့် ကြေးဖလားသည် ညစ်သည်ထက် ညစ်ပေသွားသည်။ ပထမလူပုဂ္ဂိုလ်မျိုး ဖြစ်၏။

ဒုတိယပုဂ္ဂိုလ်သည် ဈေးက ကြေးဖလား ဝယ်လာသည်။ ညစ်ပေနေမှန်း သိသည်။ လောလောဆယ် အသုံးချချင်သည်။ ထို့ကြောင့် ကြေးဖလားကို ပြောင်အောင် တိုက်ချွတ် ပွတ်သပ်ရသည်။ ထိုပုဂ္ဂိုလ်သည် မိမိမှာ ကိလေသာ အညစ်အကြေး ရှိမှန်းသိသဖြင့် ဝိပဿနာဉာဏ်ဖြင့် တိုက်ချွတ် ပွတ်သပ်၍ သန့်စင်အောင် လုပ်သူနှင့် တူသည်။

တတိယပုဂ္ဂိုလ်သည် အညစ်အကြေး မရှိ ပြောင်လက်နေသော ကြေးဖလား တစ်လုံးကို ဈေးမှ ဝယ်လာသည်။ လောလောဆယ် အသုံးမပြုဘဲ ချောင်မှာ ထိုးထားလိုက်သည်။ ကြာတော့ ကြေးဖလား ကြေးချေးတက်လာသည်။ ထို့အတူ ထိုတတိယပုဂ္ဂိုလ်သည် မိမိမှာ ကိလေသာ အညစ်အကြေး မရှိသည်ကို မရှိမှန်း မသိသောကြောင့် သူ့ကိုယ်သူ ထပ်ပြီး အညစ်အကြေး စင်ကြယ်အောင် မလုပ်တော့၊ အပေါင်းအသင်းမှားပြီး ကိလေသာချေး တက်လာသည်။ တရားလက်လွှတ် နေသောကြောင့် ကိလေသာ ထူလာသည်။

စတုတ္ထပုဂ္ဂိုလ်က သူ့ကြေးဖလား အညစ်အကြေး မရှိ ပြောင်လက်နေမှန်း သိသည်။ လောလောဆယ် အသုံးချလို စိတ်လည်း ရှိသည်။ ထို့ကြောင့် ကြေးဖလားကို ပိုပြီး ပြောင်လက်အောင် တိုက်ချွတ်သည်။ သုံးဆောင်သည်။ အညစ်အကြေး မတက်မည့် နေရာမှာ ထားသည်။ ထိုပုဂ္ဂိုလ်သည် မိမိ ကိုယ်ကို ဝိပဿနာဉာဏ်၊ မဂ်ဉာဏ်တွေနှင့် ဆေးကြောနေသူ ဖြစ်သည်။ ထိုပုဂ္ဂိုလ်သည် အရိယာပုဂ္ဂိုလ်မျိုး ဖြစ်သည်။

ဤတွင် ဒုတိယအမျိုးပုဂ္ဂိုလ်သည် ဤဘဝတွင် ကျွတ်ထိုက်သော ပုဂ္ဂိုလ် ဖြစ်သည်။ ဆဗ္ဗပုဂ္ဂိုလ်ဟု ခေါ်သည်။ [နှာ-၂၅၁] ဆရာတော်ကြီးက ဒကာ ဒကာမများကို ပထမပုဂ္ဂိုလ်မျိုး၊ တတိယပုဂ္ဂိုလ်မျိုး မဖြစ်ကြဖို့၊ ဒုတိယနှင့် စတုတ္ထပုဂ္ဂိုလ်မျိုး ဖြစ်ကြဖို့ တိုက်တွန်းထားသည်။ ကိလေသာ အညစ်အကြေး စင်ကြယ်

http://www.dhammadownload.com



အောင် ဝိပဿနာ အလုပ်ကို မပြတ် လုပ်ကြဖို့လည်း နှိုးဆော်ထားသည်။ [နှာ-၂၆၃] ပုဂ္ဂိုလ်လေးဦး ခွဲပုံကို မူလပဏ္ဏာသပါဠိတော်ကို ကိုးကားပြီး ဟောခြင်း ဖြစ်သည်။ အချိန်စေ့၍ တရားသိမ်းသည်။

*

## ၇။ ယနေ့အရေးအကြီးဆုံး တရား

[၂၈-၆-၆၁ နေ့က မိုးကုတ်မြို့ မင်္ဂလာတိုက်မှာ ဟောသောတရား]

ဤတရားမှာလည်း 'သစ္စာသိဖို့ အရေးအကြီးဆုံး' ဖြစ်ကြောင်း စ ဟောသည်။ ရှေ့မှာလည်း ဤအကြောင်းကို ဟောခဲ့ပြီးပြီ။ ဒါန၊ သီလ၊ ဘာဝနာ(သမထ) ဝိပဿနာလုပ်ကြတာ ဘာအတွက်လဲ၊ သစ္စာသိဖို့အတွက် အခြံအရံများ ဖြစ်၏။ [နှာ-၂၆၅] သစ္စာသိမှ နိဗ္ဗာန်ရမည်။ ဒါကြောင့် သစ္စာတရားကို ဟောတတ်သော ဆရာ တွေ့ဖို့၊ သစ္စာတရားကို နာတတ်သော နားရှိဖို့ အလွန် လိုအပ်သည်။ [နှာ-၂၆၇] ယခုအခါ သစ္စာသိသော ဆရာလည်းရှိ၊ သစ္စာနာလိုသော နားလည်းရှိ၊ သာသနာတွင်း ဝိမုတ္တိယုဂကာလလည်း ဖြစ်နေသောကြောင့် သုံးချက်ညီနေသည်။ ဒကာ ဒကာမများ အခွင့်ကောင်း အခါကောင်းကို လက်မလွှတ်စေသင့်ကြောင်း သတိ ပေးထားသည်။ [နှာ-၂၆၈]

ပုထုဇဉ်တွေမှာ ပစ္စည်းရှာကြ၊ လင်ရှာကြ၊ မယားရှာကြနှင့် ရှာမိုးခြင်း လွဲနေသည်။ တကယ်ရှာရမှာက 'သစ္စာရှာရမှာ' ဖြစ်သည်။ [နှာ-၂၆၉] သစ္စာ သိသော ပုဂ္ဂိုလ် ဒုက္ခငြိမ်းရာ(နိဗ္ဗာန)သို့ သွားသည်။ သစ္စာမသိသော ပုဂ္ဂိုလ် ဒုက္ခရှိရာ သို့ သွားသည်။ သံယုတ်ပါဠိတော်မှာ မြတ်စွာဘုရားက သစ္စာဟောတတ်သော ဆရာရဖို့၊ သစ္စာကို နာတတ်သော နားရှိဖို့၊ ဝိမုတ္တိယုဂနှင့် ဆုံဖို့ ကိစ္စသည် အလွန် ခဲယဉ်းကြောင်း ထောက်ပြသည်။ [နှာ-၂၇၀] ဤသို့ သုံးချက်ညီ အခွင့်ကောင်း အခါကောင်းကို လက်လွှတ် ဆုံးရှုံးသွားလျှင် ဝမ်းနည်းစရာကောင်းကြောင်း ဆုံးမ ထားသည်။ [နှာ-၂၇၁]

သစ္စာသာသနာ မကွယ်မီ၊ သေမင်းလက်တွင်း မသက်ဆင်းမီ အခွင့်ကောင်း ကြုံခြင်းမှာ လေးချက်ညီခြင်း ဖြစ်သည်။ [နှာ-၂၇၃] ဤလေးချက်ညီလျှင် မဂ်ဉာဏ် ဖိုလ်ဉာဏ် ရထိုက်ပြီ။ ဤအချိန်အခါသည် အကောင်းဆုံး အခွင့်အခါ ဖြစ်သည်။ လက်မလွှတ်သင့်။ အာဠာရနှင့် ဥဒက ဆိုသော ရသေ့ဆရာကြီးများ အသေဦး သွားသည်။ ဒါကြောင့် သူတို့ သစ္စာဉာဏ်ကို မရလိုက်ကြပါ။ သူတို့ အကြီးအကျယ်

http://www.dhammadownload.com



နစ်နာသွားကြသည်။ သူတို့က ရျာန်သမားတွေဆိုတော့ အရူပဗြဟ္မာတွေ ဖြစ်သွားကြသည်။ ရုပ်ပြစ်ရှစ်ပါး ရောက်ကုန်ကြသည်။ သစ္စာတရားကို မသိလိုက်ကြရ။

ခု ဒကာ ဒကာမတွေမှာ ဤလေးချက် အကွက်ညီပြီး သာသနာနှင့် ကြုံ၊ ဆရာကောင်းလည်း ရ၊ သစ္စာကို ထောင်တတ်တဲ့နားလည်း ရှိ၊ အသေလည်း မစောသေး။ အခွင့်ကောင်း ကြုံနေကြသည်။ သိပ်ဝမ်းသာဖို့ ကောင်းသည်။ သစ္စာသိအောင် လုပ်ဖို့ပဲ လိုတော့သည်။ သစ္စာသိလျှင် ကိစ္စ အကုန်ပြီးပြီဟု ယတိပြတ် ဆိုထားသည်။ [နှာ–၂၇၉] သစ္စာကို သိလျှင် ယခုဘဝမှာ ပြုထားသော အပရာပရိယဝေဒနီယကံတွေ အကုန် အဟောသိကံ ဖြစ်သည်။ သီလ သမာဓိ ရှိစေကာမူ သစ္စာမသိပါက အပါယ်ကျတတ်ပုံ တိဿရဟန်း သင်္ကန်းပေါ် သန်းဖြစ်သွားပုံ ဥပမာ ပြသည်။ ယခုအခါအထိ လေးပါး ညီနေသည် [နှာ–၂၈၁]ဟုလည်း ထောက်ညွှန်ပြသည်။

သစ္စာသိမှ ကတိမြဲကြောင်း၊ ဝိနိပါတဘေး လွတ်အောင် သစ္စာသိသော ဉာဏ်ကသာ ကယ်နိုင်ကြောင်း၊ သစ္စာမသိလျှင် သံသရာ ရှည်ကြောင်းများကို ထပ်တလဲလဲ ဟောသည်။ [နှာ–၂၈၃] ပါရမီရင့်ပြီးသား ဘုရားလောင်းပင်လျှင် သစ္စာ မသိခင်က စမွေယျ၊ ဘူရိဒတ်နဂါး တိရစ္ဆာန်တွေ ဖြစ်ခဲ့ရပုံကို သာဓက ထုတ်ပြသည်။ သစ္စာ သိပြီးမှ အပါယ်က လွတ်သည်။

ဤသို့ ဆိုဆုံးမပြီးမှ ယမန်နေ့က အကျဉ်းဟောခဲ့သော သစ္စာဉာဏ်၊ ကိစ္စဉာဏ်၊ ကတဉာဏ်ကို အကျယ်ဟောသည်ဟု မိန့်ကြားသည်။ [နှာ–၂၈၅] ပဋိသမ္ဘိဒါမဂ်ကို ကိုးကားထားသည်။ ထို့နောက် သစ္စာဉာဏ်က အညှာစားဉာဏ်၊ ကိစ္စဉာဏ်က အလတ်စားဉာဏ်၊ ကတဉာဏ်က အထက်တန်းစားဉာဏ်ဖြစ်ကြောင်း ပြသည်။ [နှာ–၂၈၆]

သစ္စာဉာဏ် ဆိုတာက သစ္စာကို သိသောဉာဏ်၊ ကိစ္စဉာဏ်က ဘာကို ပိုင်းခြားသိရမလဲ၊ ဘာကို ပယ်ရမလဲ၊ ဘာကို မျက်မှောက်ပြုရမလဲ၊ ဘာကို ပွားများရမလဲဆိုတာကို သိသောဉာဏ်သည် ကိစ္စဉာဏ် ဖြစ်သည်။ ကတဉာဏ်ကို ခပ်ကျဉ်းကျဉ်း ပြောရဦးမည်ဆိုလျှင် ပိုင်းခြားသိပြီးပြီ။ ပယ်လည်း ပယ်ပြီးပြီ၊ မျက်မှောက်လည်း ပြုနိုင်ပြီ၊ ပွားလည်း ပွားများပြီးပြီဟု သိသော ဉာဏ်သည် ကတဉာဏ် ဖြစ်သည်။

ထို့နောက် သစ္စာဉာဏ်ကို အကျယ်ဟောသည်။ [နှာ–၂၈၇] ခန္ဓာထဲမှာ ရုပ်ကလည်း ဖောက်ပြန် ပျက်စီးတတ်သော သဘောအစု ဖြစ်သည်။ ဝေဒနာ

http://www.dhammadownload.com



ကလည်း ခံစားပြီး ပျက်တတ်သော သဘောရှိသည်။ သညာကလည်း မှတ်ပြီး ပျက်တတ်သော သဘောရှိသည်။ သင်္ခါရ(စေတနာ)ကလည်း စေ့ဆော်ပြီး ပျက်တတ် သော သဘောရှိသည်။ စိတ်ကလည်း သိပြီး ပျက်တတ်သောသဘော ရှိသည်။ ခန္ဓာအားလုံး ဖြစ်ပျက်ချည်းပဲ၊ အနိစ္စချည်းပဲ။ ဒုက္ခချည်းပဲဟု ပိုင်းခြား သိမြင်ခြင်း သည် သစ္စာဉာဏ် ဖြစ်၏။ ဒုက္ခသစ္စာကို သိသောဉာဏ်က သစ္စာဉာဏ်၊ ဤခန္ဓာ ငါးပါး ပေါ်လာသောအခါ ခံစားတတ်သော ဝေဒနာပေါ်ပြီး လိုချင်တပ်မက်သော တဏှာက လိုက်လာသည်။ မိုက်ဆာလာသည်။ စားချင်လာသည်။ စားချင်သော တဏှာ၊ သောက်ချင်သော တဏှာ၊ စားသောက်ပြီး ဆေးလိပ် ဖွာချင်တာ၊ ကွမ်းစား ချင်တာ တဏှာ ဒါတွေဟာ သမုဒယတွေပါလားဟု သိရမည်။ ထိုအသိသည် သစ္စာဉာဏ် ဖြစ်သည်။

သားမြင်လျှင် ခင်၊ သမီးမြင်လျှင် ခင်၊ မွှေးချင်၊ ဖက်ချင်၊ ချီချင်၊ နမ်းချင် တာ သမုဒယသစ္စာတဏှာပင် ဖြစ်သည်။ ဤသို့သိလျှင် သစ္စာဉာဏ် ဖြစ်၏။ သမုဒယတဏှာ အကြောင်းရှိ၍ ဒုက္ခသစ္စာ ဖြစ်ရသည်။ ထိုသမုဒယတဏှာ ချုပ်ငြိမ်း သွားလျှင် 'တဏှာနိရောဓော နိဗ္ဗာနံ' အရ သမုဒယကို ပယ်လျှင် နိရောဓ ဖြစ်သည်ဟု သိလိုက်ခြင်းသည် သစ္စာဉာဏ် ဖြစ်၏။ [နှာ–၂၈၉] တဏှာချုပ်၊ ခန္ဓာချုပ်လျှင် နိဗ္ဗာန်ပဲဟု သိလျှင် နိရောဓသစ္စာကို သိသောဉာဏ် ဖြစ်၏။ ထို့နောက် ထိုနိရောဓ နိဗ္ဗာန်ကို ရောက်ကြောင်း အကျင့်ကို သိသော မဂ်ဉာဏ်(မဂ္ဂသစ္စာ)ကို နားလည် လာသည်။ ဤဉာဏ်ကိုလည်း သစ္စာဉာဏ်ပင် ခေါ်ရမည်။ [နှာ–၂၉၀] သစ္စာ လေးပါးကို သိတာသည်(သစ္စာဉာဏ်)ပဲ ဖြစ်သည်။ [နှာ–၂၉၁] ယမန်နေ့က တရားထက် ပိုပြီး ကျယ်ပြန့်သည်။

ထို့နောက် ဆရာတော်ကြီး လက်ထက်ကျမှ သိလာသော အချက်ကို ထောက်ပြသည်။ (ဖြစ်ပျက်က ဒုက္ခသစ္စာ၊ ရှုလို့ သိတာက မဂ္ဂသစ္စာ၊ သေသွား တာက သမုဒယသစ္စာ၊ နောက်ခန္ဓာက လာတာက နိရောဓသစ္စာ) ဆိုသော အချက် ဖြစ်သည်။ မိုးကုတ်ဆရာတော် မတိုင်မီက ဤစကားကို ဆိုတတ် ပြောတတ်သူ မရှိခဲ့။ [နှာ–၂၉၃] ဒုက္ခသစ္စာ တစ်ချက်သိလိုက်လျှင် သစ္စာလေးပါးလုံး ပေါ်သည် ဆိုသော အချက်ကို ရှေးက သိခဲ့ကြသူ မရှိကြောင်းလည်း အတိအလင်း ဟောထား သည်။ မသိခဲ့ကြသောကြောင့် ရှေ့က လူတွေ၊ သစ္စာဉာဏ်တောင် ရမသွားကြပုံကို လည်း ဟောထားသည်။

http://www.dhammadownload.com



'အထိလေးပါး ညီနေသည်' ဆိုသော ထူးခြားသော စကားကိုလည်း သတိပြုမိအောင် ထပ်မံ ဟောကြားထားသည်။ [နှာ-၂၉၅] ဆရာတော်က ဤတရားကို အလွတ်ဟောသည် မဟုတ်၊ ပဋိသမ္ဘိဒါမဂ် ပါဠိတော်ကို ကိုးကားပြီး ဟောသည်။ **'ဧတ္တကာဒံ ဒုက္ခံ၊ ဣဒံဒုက္ခ သမုဒယံ၊ ဣဒံ ဒုက္ခနိရောဓံ၊ ဣဒံ နိရောဓဂါမိနီ ပဋိပဒါ တိဉာဏံ သစ္စာဉာဏံ နာမ'**

သစ္စာမသိဘဲ လူတွေ အများကြီး သေသွားကြသည်။ ဘာကြောင့် သစ္စာ မသိခဲ့ကြသလဲ။ 'အဝိဇ္ဇာ ဒုက္ခေ၊ အညာဏံ' အဝိဇ္ဇာကြောင့် ဒုက္ခကို သိသော သစ္စာဉာဏ် မဖြစ်ကြခြင်းဖြစ်ကြောင်း ရှင်းထားသည်။ [နှာ-၂၉၈] အဝိဇ္ဇာနှင့် သေသွားကြခြင်း ဖြစ်သည်။ သစ္စာမသိဘဲ သေတာသည် အကန်းတစ်ယောက် သေသွားခြင်းပင် ဖြစ်သည်။ လူဖြစ် ရှုံးသွားရခြင်း ဖြစ်သည်။ ဆရာတော်က အရှုံးမခံကြပါနှင့်ဟု သတိပေး တိုက်တွန်းတော်မူသည်။ [နှာ-၃၀၀]

ထို့နောက် ကိစ္စဉာဏ်ကို ဟောသည်။ လောကမှာ ဖြစ်ပေါ်လာသော ဓမ္မတိုင်းသည် ဖြစ်ပြီး ပျက်ကြသည်ချည်း ဖြစ်သည်။ ဤသို့ ဖြစ်ပျက်(အနိစ္စ)ကို သိသောဉာဏ်သည် ကိစ္စဉာဏ် ဖြစ်၏။ ဒုက္ခဖြစ်ပြီး ဒုက္ခပျက်ခြင်း သဘောကို ပိုင်ပိုင်သိလျှင် ကိစ္စဉာဏ်ဖြစ်ပြီ။ [နှာ-၃၀၂] ခန္ဓာထဲ ပေါ်သမျှ တရားအားလုံးက သူတို့မှာ ဒုက္ခကိစ္စမှတစ်ပါး အခြား မရှိကြောင်း ပြသသည်ကို ဉာဏ်က သိလျှင် ထိုဉာဏ်သည် ကိစ္စဉာဏ် ဖြစ်သည်။ ဤဉာဏ် အရေးကြီးသည်။ ကိစ္စဉာဏ်က အလုပ်စခန်းပဲဟု ဆိုသည်။ [နှာ-၃၀၃] ခန္ဓာ၏ ကိစ္စကို သိတာသည် ကိစ္စဉာဏ် ဖြစ်သည်။ တရားအားထုတ်နေတာ၊ ရှုပွားနေတာသည် ကိစ္စဉာဏ် လုပ်နေတာ ဖြစ်သည်။ [နှာ-၃၀၅] ဒုက္ခကို ပိုင်ပိုင်နိုင်နိုင် ပိုင်းပိုင်းခြားခြား သိသောဉာဏ်သည် ကိစ္စဉာဏ်ပဲဟု ဆိုသည်။ ကိစ္စဉာဏ်ကို ဟောရင်း အချိန်စေ့သွားသည်။ ကတဉာဏ် အကြောင်းကို မပြောလိုက်ရဘဲ တရားပြီးဆုံးသည်။

*

## ၈။ သစ္စာဉာဏ်အကြောင်း

[၂၈-၆-၆၁ နေ့က မိုးကုတ်မြို့ မင်္ဂလာတိုက်တွင် ဟောကြားသောတရား]

"တရားထဲမှာ အရေးအကြီးဆုံး အချက်ကို သိပြီနော်" ဟု အစချီ၍ ဤတရားကို ဟောကြားတော်မူသည်။ ဤတွင် သစ္စာဉာဏ် အကြောင်းကို တစ်မျိုး

http://www.dhammadownload.com



ဟောသည်။ ဘုရားက တရားဟောသောအခါ ဒါနကောင်းကြောင်း၊ ဒါနကထာ၊ သီလကောင်းကြောင်း၊ သီလကထာ နတ်ပြတ်နတ်စည်းစိမ် ကောင်းကြောင်း သဂ္ဂကထာ အစဉ်လိုက် ဟောသည်။

ထို့နောက် ကိလေသာတွေ ထကြွလာပြီ ဆိုသောအခါ၊ နိက္ခမကထာ ကိလေသာအာရုံ ကာမဂုဏ်တောက ထွက်ဖို့ကို ဟောသည်။ ထို့နောက် ကာမဂုဏ်အာရုံတွေ၏ အပြစ်တွေကို ဆက်ဟောသည်။ ကာမာနံအာဒီနဝကထာ ကာမဂုဏ်တို့၏ အပြစ်များကို ဟောသည်။ ဘုရား၏ တရားဟောစဉ် ဖြစ်၏။ [နှာ–၁၁၃] လူ့စည်းစိမ်၊ နတ်စည်းစိမ်၏ အပြစ်များကို ပြရာတွင် အသားကုန်အောင် ခြစ်ထားသော အမည်းရိုးကို လျက်နေသော ခွေးနှင့်တူပုံ၊ ကာမဂုဏ်အာရုံတွေကို ခံစားခြင်းသည် ခွေးအမဲရိုးကို လျှာနှင့် လျက်သကဲ့သို့ မောသာမောပြီး အာသာမပြေ၊ အငတ်မပြေ၊ မိုက်မဝ ဖြစ်ရပုံကို သရုပ်ဖော်ပြသည်။ သားသမီး၊ ပစ္စည်းဥစ္စာတို့နှင့် စည်းစိမ်ခံပြီး ပျော်ရွှင်ခြင်းသည် ခွေးအမဲရိုး လျက်သည်နှင့်သာ တူပုံကို ပြသည်။ ဝသည် မရှိဘူး ပန်းရုံပဲ ရှိသည်။ [နှာ–၁၀၄]

လူ့စည်းစိမ် နတ်စည်းစိမ် ခံစားခြင်း အပြစ်ကို ပြပြီး ဖျက်ချလိုက်သောအခါ ဉာဏ်ထဲမှာ ကိလေသာတွေ စင်သွားသည်။ ကိလေသာအာရုံ ကာမဂုဏ်တောမှ ထွက်မှုဆိုသော သံဝေဂ ဉာဏ်ကလေး ဖြစ်ပေါ်လာသည်။ ဝမ်းထဲမှာ ကိလေသာ စင်ကြယ်သွားမှ သစ္စာဉာဏ်ကို စတင်ပြီး ဘုရားက ဟောသည်။ ကိလေသာ အာရုံကာမဂုဏ်ချမ်းသာတွေကို လက်မလွှတ်ချင်ဘဲနှင့် သစ္စာကို ဟော၍ မရကြောင်း ဟောသည်။ [နှာ–၁၁၆] မြက်မီးရှူးကို မီးရှို့ပြီး လေလာသောဘက်ကို လှည့်ထားလျှင် ကိုယ့်လက်ကို လောင်သလိုပဲဟု ဆိုသည်။ ကာမဂုဏ် ချမ်းသာ၏ အပြစ်တွေကို ပြခြင်းဖြစ်သည်။

နောက်ဥပမာ တစ်ခုပြသည်။ တောထဲမှာ သရက်ပင်တစ်ပင် အသီးတွေ ဝေဆာနေသည်။ တစ်ယောက်သောသူက သစ်ပင်ပေါ်တက်ပြီး ခူးဆွတ်ယူငင်စားသောက်သည်။ နောက်လူတစ်ယောက် ရောက်လာသည်။ သူက အပင်ပေါ် တက်ပြီး မခူးစားနိုင်။ သူ့မှာ ဓားပါသည်။ သူက သရက်သီး စားချင်တော့ အပင်ကို ခုတ်လှဲသည်။ ဤသို့ ခုတ်လှဲ၍ သစ်ပင် လဲသွားပါက ပထမအပင်ပေါ် တက်နေသော ပုဂ္ဂိုလ် မြန်မြန်ဆင်းမှ ဖြစ်မည်။ သို့မဟုတ်ပါက ခြေကျိုးလက်ကျိုး ဖြစ်တော့မည်။ မသေသော်မှ မလှဖြစ်တော့မည်။ [နှာ–၁၁၇] ခင်ဗျားတို့ သားနှင့်ပျော် သမီးနှင့် ပျော်နေကြသူတွေ ဒီအပင်ပေါ်က ဆင်းလျှင်ဆင်း၊ မဆင်းလျှင် မရဏာ

http://www.dhammadownload.com



မင်းက အရင်းက လုံတော့မည်၊ လုံလျှင် သေခြင်းဆိုး သေပြီး အပါယ်သွားရတော့မည်။ ဘုရားက ကာမဂုဏ် အပြစ်တွေကို အကုန်ပြသည်။ [နှာ-၃၁၈]

တရားနာသူတွေ၏ စိတ်ထဲမှာ ရာဂဒေါသတွေ၊ မောဟ ကိလေသာတွေ ပါးသွားသောအခါကိုမှ ဘုရားက သစ္စာဉာဏ်၊ ကိစ္စဉာဏ်၊ ကတဉာဏ်ကို ဟောသည်။ သစ္စာကို အရမ်း ဟောလို့မရဘူးဟု မိန့်ဆိုတော်မူသည်။ [နှာ-၃၁၉] အဝတ်ကို ပန်းဆိုးဆရာက လျှော်ပြီး ဖြူစင်သောအခါမှ လိုသော အရောင်ပန်းကို ရိုက်နှိပ်ရသလို ဖြစ်ကြောင်း ဟောသည်။ ရင်ထဲမှာ ကိလေသာ အညစ်အကြေးခံနေသော ပုဂ္ဂိုလ်ကို သစ္စာကို ဟော၍ မရဘူးဟု သတိပေးစကား ဆိုထားသည်။ ကိလေသာ ဖြူစင်သော အချိန်မှာ သစ္စာတရားကို ဟောလိုက်လျှင် တစ်ချက်တည်း စွဲသွားပြီး သောတာပန်တည်ကြောင်း ထင်ရှား ဖော်ပြသည်။ [နှာ-၃၂၁]

ပြီးမှ ဆရာတော်က တရားနာတဲ့အခါ သားရေး၊ သမီးရေး၊ စီးပွားရေး၊ ပျော်ရွှင်ရေးတွေကို စိတ်ထဲမှာ မထားနဲ့ဟု သတိပေးသည်။ စိတ်ထဲမှာ ကိလေသာတွေ ဖြူစင်နေချိန်ကျမှ သစ္စာဉာဏ်၊ ကိစ္စဉာဏ်၊ ကတဉာဏ်ကို ဟောလိုက်ပါက ဆေးဆိုးပန်းစွဲသလို စွဲသွားသည်။ [နှာ-၃၂၁] **ဒကာဒကာမတွေ တရားနာစဉ်မှာ မိမိစိတ်ကို ဖြူဖြူစင်စင် ထားပြီး နာတတ်လျှင် တရားပွဲထဲမှာပင် သောတာပန် တည်နိုင်တယ် ဟု** ထူးထူးခြားခြား မိန့်ဆိုထားသည်။ (ဤစကားသည် အားမထုတ်ဘဲနှင့် တရားထူး မရ၊ မဂ်ဉာဏ်ဖိုလ်ဉာဏ်ကို မရနိုင်ဆိုသော ရှေးက ပြပြီးသော စကားများနှင့် တစ်မူ ထူးခြားပါသည်- စာရေးသူ)

ကိလေသာ မရှိတုန်း သစ္စာက ဉာဏ်ထဲ ဝင်အောင်းလိုက်သောကြောင့် သောတာပန် တည်နိုင်ကြောင်း ဆရာတော်က အကြောင်းပြ စကားလည်း ဆိုထားသည်။ [နှာ-၃၂၁] ကိလေသာ စင်ကြယ်နေသော အချိန်မှာ သစ္စာဉာဏ်၊ ကိစ္စဉာဏ်၊ ကတဉာဏ် ကိုယ်ထဲ(စိတ်ထဲ) ရောက်လျှင် သောတာပန် တည်တာပဲဟုလည်း မိန့်ထားပါသည်။ [နှာ-၃၂၂] ဝမ်းထဲမှာ ကိလေသာ စင်ကြယ်နေဖို့ပဲ အရေးကြီးတယ်။ ဤကား သတိပေးစကား ဖြစ်သည်။ ကိလေသာအာရုံ ကာမဂုဏ်တို့၏ အပြစ်ကို သိမြင်ပြီး၊ ကိလေသာတောက ထွက်ချင်သော သံဝေဂဉာဏ်ကလေး ပေါ်နေချိန်၊ အညစ်အကြေး မရှိသောအချိန် ပန်းဆိုးလျှင် အရောင်စွဲလွယ်သည် ပမာဖြစ်၏။ ဤတရားသည် သောတာပန်တည်အောင် တရား နာပုံနာနည်းကို သင်ပြခြင်း ဖြစ်သည်။ [နှာ-၃၂၄]

တရားနာသော အချိန်မှာ ကိလေသာ ဖြူစင်နေဖို့ အရေးကြီးသည်။ တရားမနာခင် တရားနာတတ်အောင် သင်ဖို့ အရေးကြီးသည်ဟု ဆိုသည်။ (မိုးကုတ်

http://www.dhammadownload.com



ဆရာတော်ကြီး၏ တရား အစတိုင်းမှာ သံဝေဂဉာဏ်ဖြစ်အောင် ဦးစွာ အလေး ထားပြီး ဟောကြားသည်ချည်းပင် ဖြစ်၏– စာရေးသူ) ဤတရားသည် တရား နာနည်း နိဿရည်းသင်တရား ဖြစ်သည်ဟုလည်း ဆိုထားသည်။ [နှာ–၃၂၉]

ဘုရားလက်ထက်မှာ တရားနာရင်း သောတာပန် တည်သူတွေ အများကြီး ရှိသည်။ ပါရမီရှင်တွေမို့လား မမေးနှင့်ဟုလည်း သတိပေးသည်။ တရားနာတုန်း စိတ်မှာ ကိလေသာ ဖြူစင်နေ၍ တရားရခြင်း ဖြစ်သည်ဟု ဆိုသည်။ [နှာ– ၃၃၀] ပါရမီ လိုရင်းမဟုတ်၊ တရားနာရင်း ကိလေသာ ဖြူစင်နေဖို့ လိုရင်းဖြစ်၏။ သရက်ပင်ကို လှဲနေစဉ် သရက်ပင်ပေါ်မှလူ လွတ်အောင် ဆင်းလျှင်ဆင်း၊ မြက်မီး ရှူး ကိုင်ထားသူ လွှတ်ချလျှင်ချ၊ မဆင်းဘူး၊ မချဘူးဆိုလျှင် ကိုယ်ကျိုးနည်းမည်။

ထို့အတူ တရားနာချိန်မှာ (အိမ်မှာမဆိုလို) ကိလေသာအာရုံ တွယ်ငြိနေတာ တွေကို အကုန် စွန့်ထား ပယ်ထားပါ။ တရားနာချိန်မှာ ကိလေသာကို စွန့်ပါ။ [နှာ–၃၃၂] ခန္ဓာက ဒုက္ခသစ္စာကြီးမို့ ဒုက္ခတွေ ပြနေသည်။ ခန္ဓာပြောတာ အတည် ပြုပါ။ [နှာ–၃၃၆] ဒုက္ခမို့ ဒုက္ခပဲ သူပြသည်။ ဒုက္ခတွေ ပြနေတာကိုက ဉာဏ်က လိုက်ပြီး သိ သိနေပါ။

ထိုသို့ သိနေလျှင် သစ္စာဉာဏ်ဖြစ်ပြီ။ ခန္ဓာက ပြောတာ၊ ခန္ဓာက ပြတာကို သိသောဉာဏ်သည် သစ္စာဉာဏ် ဖြစ်၏။ [နှာ–၃၃၇] ခန္ဓာက ဒုက္ခရောက်နေပုံတွေ ကို မပြဘဲနေသော အချိန်မရှိပါ။ ထိုပြနေသော ဒုက္ခကို သိနေလျှင် သစ္စာဉာဏ် ဖြစ်သည်။ ဒုက္ခနှင့်ဉာဏ်နှင့် တွဲလိုက်တာကို သစ္စာဉာဏ်ဟု ခေါ်သည်။ [နှာ– ၃၃၉] သစ္စာဉာဏ်က နုသောဉာဏ် ဖြစ်သည်။ ကိလေသာကို အမြစ်ပြတ်အောင် မပယ်နိုင်ဘူး။ ဤဉာဏ် ပေါ်နေတုန်းပဲ တားနိုင်သည်။ [နှာ–၃၄၀] သစ္စာဉာဏ် ရသော ပုဂ္ဂိုလ်မှာ ခဏတာမျှသာ ပဋိစ္စသမုပ္ပာဒ် ပြတ်သည်။ အပြီးအပိုင် ပြတ်အောင် ဤဉာဏ်က မတတ်နိုင်သေး။ ခန္ဓာကိုယ် ပြောင်းတိုင်းရွှေ့တိုင်း ဒါဟာ ဒုက္ခတွေပဲဟု သိပေးရမည်။

ထိုသို့ သိဖို့မှာ သစ္စာဉာဏ်ရမှ ဖြစ်သည်။ သိသည်။ [နှာ–၃၄၂] ဤသို့ နေရတာ မသက်သာဘူး၊ ဟိုဘက် ပြောင်းပေးမှဆိုပြီး ပြောင်းရွှေ့ပေးသည်။ ဘာကြောင့် ခန္ဓာပြောင်းခိုင်းတိုင်း ပြောင်းနေရသလဲ။ ခန္ဓာကို ခင်သော သမုဒယ ကြောင့် ဖြစ်သည်။ [နှာ–၃၄၃] ခန္ဓာကိုခင်နေတာလည်း အမှန်ပဲဟု ဉာဏ်က သိပေးပါ။ သမုဒယသစ္စာကို သိသောဉာဏ်ဖြစ်ပြီ။ ဒုက္ခသစ္စာကိုလည်း အမှန်သိ၊ သမုဒယသစ္စာကိုလည်း အမှန်သိခြင်းသည် သစ္စာဉာဏ် ဖြစ်သည်။ [နှာ–၃၄၄]

http://www.dhammadownload.com



အမှန်နှစ်ချက် ရှိသွားပြီး သစ္စာဉာဏ်နှစ်ချက် ရပြီ။ စာလိုသိတာ သစ္စာဉာဏ် မဟုတ် ခန္ဓာကို သိမှ သစ္စာဉာဏ် ဖြစ်ကြောင်းလည်း ဟောသည်။ [နှာ–၃၄၅] ဆင်းရဲတာ အမှန်ကိုသိသောဉာဏ် ဟဒယဝတ္ထုမှာ ပေါ်လျှင် သစ္စာဉာဏ်၊ မဂ်ဉာဏ် ဖြစ်ပြီ။ [နှာ–၃၄၆] သိတာက မဂ္ဂသစ္စာ။ သစ္စာဉာဏ် သုံးချက်ရပြီ။ ဆင်းရဲတာ အမှန်၊ ခင်မင်နေတာ အမှန်ပဲဟု သိတာ မဂ္ဂသစ္စာဉာဏ် ဖြစ်သည်။ ဒုက္ခသစ္စာဉာဏ်နှင့် သမုဒယသစ္စာဉာဏ်နှစ်ခုကို သိသော မဂ္ဂသစ္စာဉာဏ် ရပြီဆိုလျှင် ခင်ဗျားတို့ သန္တာန်မှာ လောကုတ္တရာ မဂ်ဉာဏ်ဖိုလ်ဉာဏ် မရပါနှင့်ဆို၍ မရတော့ကြောင်း အတိအလင်း ဟောသည်။ [နှာ–၃၄၇]

မဂ်ဉာဏ် ရောက်နေသော အချိန်မှာ သမုဒယ ချုပ်သည်။ သမုဒယချုပ်လျှင် နိရောဓသစ္စာ ပေါ်ပြီ။ ဒီအချိန်မှာ သစ္စာလေးပါးသိသော ဉာဏ်ပေါ်ပြီဟု ဟောထားသည်။ [နှာ–၃၄၈] သစ္စာလေးပါးကို ဒကာ ဒကာမတွေ ဉာဏ်က သိသွားပြီ။ သို့သော် ဤသို့သိခြင်းသည် စာသိ ဖြစ်နေသေးသည်။ ခန္ဓာသိ သိဖို့ လိုသေးသည်။ [နှာ–၃၄၉] 'အရိယာသစ္စံ ယထာဘူတဉာဏံ သစ္စာဉာဏံ နာမ' ဆိုသောကြောင့် ယထာဘူတဉာဏ် ထည့်ရဦးမည်။ ထမင်းဆာတာ ဒုက္ခသစ္စာ၊ ကျွေးချင်တာ သမုဒယသစ္စာ၊ ထမင်းဆာလို့ ကျွေးချင်တာပဲဟု သိပေးတာ မဂ္ဂသစ္စာ၊ သိလိုက်သော အချိန် ဆာစိတ်၊ ကျွေးချင်စိတ် ချုပ်ပျောက်သွားတာ နိရောဓသစ္စာ။ [နှာ–၃၅၅]

ထိုသို့ သစ္စာလေးချက်ကို အပိုင်သိခြင်းသည် သစ္စာဉာဏ် ဖြစ်၏။ ပေါ်တိုင်း ပေါ်တိုင်း သိသိနေတာ သစ္စာဉာဏ်ဖြစ်ကြောင်း ထပ်မံ အတည်ပြု ပြောထားသည်။ [နှာ–၃၅၆] အချိန်စေ့၍ တရားနားသည်။

*

## ၉။ ကိစ္စဉာဏ် ပိဋ္ဌနဒ္ဒသဘော

[၂၉–၆–၆၁ နေ့ မိုးကုတ်မြို့ မင်္ဂလာတိုက်မှာ ဟောသောတရား]

ဤတရားကို "သစ္စာမသိရင် အလကားပဲ" ဆိုသော စကားဖြင့် စတင် ဟောကြားသည်။ သစ္စာကို မသိလျှင် လူ ဖြစ်ကျိုးလည်း မနပ်ကြောင်း၊ သစ္စာကို မသိလျှင် အဝိဇ္ဇာနှင့်နေပြီး အဝိဇ္ဇာနှင့် သေရကြောင်း အကန်း လမ်းသွားသလို ဖြစ်နေကြောင်း ရှင်းပြသည်။ [နှာ–၃၅၉] အဝိဇ္ဇာ ပစ္စယာ သင်္ခါရာ ဆိုသောကြောင့် သစ္စာကို မသိသော ပုဂ္ဂိုလ်သည် သင်္ခါရအမျိုးမျိုးကို လုပ်သည်။ နတ်ပြည်ရောက်သော ကုသိုလ်၊ အပါယ်ရောက်သော အကုသိုလ် လုပ်ချင်ရာ လုပ်သည်။ ကုသိုလ် လုပ်လျှင်လည်း အဝိဇ္ဇာ အုပ်ချုပ်သော ကုသိုလ်ဖြစ်သည်။ ထိုကုသိုလ်သည် နိဗ္ဗာန်ကို

http://www.dhammadownload.com



ပို့ဆောင်နိုင်ခြင်း မရှိဟု မိန့်ထားသည်။ [နှာ-၃၆၀] အဝိဇ္ဇာ အုပ်ချုပ်သော ပုဂ္ဂိုလ်၏ ကုသိုလ်တစ်ဖက်၊ အကုသိုလ်တစ်ဖက် လှမ်းသော ခြေလှမ်းများသည် ဒုက္ခဆီသို့သာ သွားသည်။ ပုညာဘိသင်္ခါရ (ပုည+အဘိသင်္ခါရ)၊ ခန္ဓာ(ဒုက္ခသစ္စာ) ရအောင် ပြုပြင် စီမံသော ကုသိုလ် ဖြစ်သွားသည်။ [နှာ-၃၆၁] အပုညာဘိသင်္ခါရကလည်း အပါယ်ခန္ဓာကို ရအောင် ပြုပြင် စီမံသော အကုသိုလ်ဖြစ်သည်။ ဒါကြောင့် ကုသိုလ်နှင့် လှမ်းသော ခြေလှမ်းရော၊ အကုသိုလ်နှင့် လှမ်းသော ခြေလှမ်းရော မှားသည်။ [နှာ-၃၆၂]

ပြီးမှ သင်္ခါရကြောင့် ပဋိသန္ဓေဝိညာဉ် ဖြစ်ပုံကို ဟောသည်။ ပဋိသန္ဓေစိတ်သည် ဇာတိဖြစ်ခြင်းပင် မည်သည်။ [နှာ-၃၆၃] သစ္စာဖွဲ့လျှင် ဒုက္ခသစ္စာပဲ ရသည်။ အဝိဇ္ဇာကို အကန်း၊ သင်္ခါရကို ခြေလှမ်းပြီး လမ်းသွားတာ၊ ဝိညာဉ်ကို ချော်လဲခြင်းဟု တင်စားပြီး အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊ သင်္ခါရပစ္စယာဝိညာဏံသည် အကန်းလမ်းသွား၍ ချော်လဲခြင်း ဖြစ်ပုံကို ပုံနှိုင်းပြသည်။ [နှာ-၃၆၄] လဲပြီးလဲလျှင် ဘာဖြစ်သလဲ၊ အနာရသည်။ ဝိညာဉ်ကြောင့် နာမ်ရုပ်ဖြစ်တာက အနာရခြင်းဖြစ်ကြောင်း နှိုင်းပြသည်။ [နှာ-၃၆၅] နာမ်ရုပ်က ဒုက္ခသစ္စာ ဖြစ်သည်။ သစ္စာကို ပြမည်ဆိုလျှင် ခန္ဓာ၏ အပြစ်များကို ပြရမည်ဆိုသော ရှေးစကားအရ ဆရာတော်က ခန္ဓာအပေါ် အပြစ်မြင်အောင် ဟောခြင်းဖြစ်၏။ [နှာ-၃၆၇]

ယနေ့ ကိစ္စညာဏ်ကို ဟောလို၍ ခန္ဓာ၏ အပြစ်များကို ဦးစွာ ပေါ်လွင်အောင် ပြခြင်းဖြစ်၏။ ကိစ္စညာဏ် အကြောင်းကို နာရင်း သောတာပန် သကဒါဂါမ်တွေ တည်နိုင်အောင်လို့ဟုလည်း သူ့ရည်ရွယ်ချက်ကို ဟောသည်။ [နှာ-၃၆၇] ထို့နောက် သဠာယတန ခေါ် ဒွါရခြောက်ပေါက်သည် အိုင်းအနာတွေနှင့် တူပုံကို ဟောသည်။ ဖဿက အိုင်းအနာပေါ် ဆူးထိုးမိတာနှင့် တူပုံကို ပြသည်။ [နှာ-၃၆၉] ဖဿကြောင့် ပြည်တည်နာပေါ် ဆူးထိုးသည်နှင့် တူပုံ၊ မသက်သာပုံများကို ပြပြီး ခန္ဓာကို အပြစ် မြင်အောင်ဟောသည်။ အနာကို ဆူးထိုး၍ နာကျင်ပြီး မျက်ရည်ကျရပုံမှာ ဝေဒနာ ခံစားရခြင်း ဖြစ်သည်။ [နှာ-၃၇၁]

ထို့နောက် ပဋိသန္ဓေနေခြင်း ဆင်းရဲကို ပုံကြီးချဲ့ပြီး ဟောသည်။ ခန္ဓာအပေါ် ခင်တွယ်မှု ကင်းအောင် ခန္ဓာကို မလိုချင်သောစိတ်ဖြစ်အောင် ဟောခြင်းဖြစ်၏။ [နှာ-၃၇၄] ခန္ဓာကို မလိုချင်မှ ဘဝတဏှာ သေသည်။ ယနေ့တရားတွင် ပဋိစ္စသမုပ္ပါဒ်ကို ပြပြီး ဘဝတဏှာ ကင်းပြီး ဖြူစင်အောင် ဟောသည်။ [နှာ-၃၇၅] မသိခင်က ဘဝကို ခင်တွယ်သည်။ သိသောအခါ ဘဝကို မခင်တွယ်တော့၊ သိတာ

http://www.dhammadownload.com



က ဝိဇ္ဇာ၊ မခင်တာက အလေဘာ ဖြစ်၏။ [နှာ-၃၇၆] ဤကား ဖြူစင်သော တရား သုက္ကောဓမ္မ ဖြစ်၏။ ပန်းဆိုးသမားသည် အဝတ်ကို ဖြူစင်အောင် လုပ်ပြီးမှ လိုရာ အရောင်ကို ဆိုးရကြောင်း ရှေ့က တရားတွင် ဖော်ပြခဲ့ပြီးပြီ။ ယခု ဆရာတော်ကြီးကလည်း သစ္စာတရားကို မဟောမီ၊ နှလုံး ဖြူစင်အောင် ဆေးကြောပေးခြင်း ဖြစ်သည်။ [နှာ-၃၇၇] ဟဒယဝတ္ထုအပေါ်မှာ ဖြူစင် သန့်ရှင်းနေချိန်ကျမှ သစ္စာဉာဏ်၊ ကိစ္စဉာဏ်၊ ကတဉာဏ် အကြောင်းကို ဟောရကြောင်းလည်း ထပ်ရှင်းထားသည်။ [နှာ-၃၇၉]

ယနေ့တရားတွင် ကိစ္စဉာဏ်ကို အသားပေးပြီး ဟောသည်။ ကိစ္စဉာဏ်သည် ဒုက္ခသစ္စာမှာ ဘာကိစ္စ ရှိသလဲ၊ သမုဒယသစ္စာမှာ ဘာကိစ္စ ရှိသလဲ မေးရမည်။ ဒုက္ခ၊ သမုဒယ၊ နိရောဓ၊ မဂ္ဂသစ္စာတို့၏ ကိစ္စကိုသိသော ဉာဏ်သည် ကိစ္စဉာဏ်ပဲဟု ဆိုသည်။ [နှာ-၃၈၀] သစ္စာဉာဏ်ထက် ကိစ္စဉာဏ်က ပိုပြီး အရေးကြီးသည်ဟု ဆိုသည်။ ဟဒယဝတ္ထု အဖြူခံပေါ်မှာ သစ္စာဉာဏ်အမြင် ထင်သွားပြီဆိုလျှင် အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန် ကိလေသာ အကုန်ပြတ်ပြီ။ [နှာ-၃၈၁] ဒါကြောင့် တရားနာနေစဉ် ဟိုစိတ်သည်စိတ် ဝင်မလာစေနှင့်ဟုလည်း သတိပေးသည်။

ထို့နောက် မဇ္ဈိမပဏ္ဏာသပါဠိတော်မှ ပေယဝတ္ထုကို ထုတ်ပြသည်။ ပေယ ပရိဗိုဇ် တရားနာ၍ နှလုံးဖြူစင်လာချိန် သစ္စာဟောခါနီးကျမှ အိမ်က အရေးကြီးလို့ ဆိုပြီး လာခေါ်သည်။ ပေယ ပြန်သွားသည်။ သစ္စာတရား မနာလိုက်ရဘဲ ဖြစ်သွားသည်။ [နှာ-၃၈၄] နှလုံးဖြူဖြူစင်စင်နှင့် တရားနာပါ၊ ပေယလို မဖြစ်ပါစေနဲ့ဟု သတိပေးသည်။

ပြီးမှ ကိစ္စဉာဏ်ကို ဟောသည်။ ယခုဉာဏ်နှင့် ခန္ဓာကိုယ် လှည့်ပြီး ရှုရတော့မည်။ (ဤတရားတွင် တရားနာရင်း ဉာဏ်က ခန္ဓာကို လှည့်လိုက်ပါဟု တိုက်တွန်းထားသည်) နှလုံးကို ဖြူစင်အောင် ဆေးကြောပြီး အာရုံ တစ်ပါး စိတ်မသွားအောင် တရားနာတတ်ရမည်။ တရားနာရင်း ကိုယ်ခန္ဓာ ဘယ်လိုနေသလဲဟု စိုက်ကြည့်တတ်ရမည်။ [နှာ-၃၈၈] ထိုအခါ ခန္ဓာ ဒုက္ခသစ္စာမှာ နိပ်စက်တတ်သော ကိစ္စရှိပုံကို သိမြင်လာမည်။ [နှာ-၃၈၉] ဒုက္ခဿပီဠနဋ္ဌော သဘော ဖြစ်၏။

ခန္ဓာ ဒုက္ခသစ္စာ၏ ကိစ္စသည် နိပ်စက်တတ်သော သဘောအစစ်ဖြစ်ကြောင်း သိလာရသည်။ ဒုက္ခဝေဒနာပေါ်စဉ် ဝေဒနာက္ခန္ဓာက သဟဇာတ ဖြစ်သော သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာ အကုန်ကို နိပ်စက်သည်။ [နှာ-၃၉၁] ရုပ်ကို လည်း ဝေဒနာက နိပ်စက်သည်။ ဒုက္ခသစ္စာမှာ နိပ်စက်တတ်သော ကိစ္စမှတစ်ပါး ဘာမှ မရှိဘူးဟု ဆိုသည်။ ဒုက္ခသစ္စာမှာ နိပ်စက်တတ်သော ကိစ္စပဲ

http://www.dhammadownload.com



ရှိသည်ဟု ကောန်သိလျှင် သမုဒယသစ္စာ မိမိတို့ သန္တာန်မှာ မလာတော့ဘူး။ သေသွားပြီ။ [နှာ-၃၉၅]

နိုပ်စက်ခြင်း ကိစ္စကို သိသော ဉာဏ်သည် မဂ်ဉာဏ်ဖြစ်၏။ ထိုမဂ်ဉာဏ်က သမုဒယ ခင်လုံးကို ပယ်ထားသည်။ သိကိစ္စက ပယ်ကိစ္စကိုပါ လုပ်သည်။ [နှာ-၃၉၆] ကိစ္စဉာဏ်သည် နိရောဓကိုပါ ဖြစ်စေသည်။ နှိပ်စက်ခြင်း ကိစ္စကို သိသော အခါ နှိပ်စက်တာကို မလိုချင်သောစိတ် ဖြစ်သည်။ ထိုစိတ်က လိုချင်သော တဏှာ (သမုယဒ) ကို ပယ်သည်။ တဏှာနိရောဓ ဖြစ်သွားပြီ။ [နှာ-၃၉၆]

နှိပ်စက်သော ကိစ္စကို အဖန်ဖန် ရှုနေတာက ဘာဝေတဗ္ဗ ကိစ္စဖြစ်၏။ ဒါက ဝိပဿနာမဂ် ဖြစ်သည်။ နှိပ်စက်တာက ဒုက္ခသစ္စာ၊ သိပေးနေတာက မဂ္ဂသစ္စာ၊ သိပေးနေတာ ဘာဝေတဗ္ဗကိစ္စလည်း ဖြစ်၏။ (မဂ္ဂသစ္စာ၊ ဘာဝေတဗ္ဗ ကိစ္စ) [နှာ-၃၉၇] ဒုက္ခသစ္စာကို နှိပ်စက်တာက အကြိမ်များစွာ နှိပ်စက်နေတာကို အကြိမ်များစွာ သိပေးနေတာက မဂ်ကိစ္စ၊ ထိုသို့ အကြိမ်များစွာ သိနေလျှင် ကိလေသာလည်း အကြိမ်များစွာ ချုပ်တော့သည်။ [နှာ-၃၉၈] ကိလေသာချုပ်တိုင်း နိရောဓဖြစ်သည်။ ကိစ္စဉာဏ်လေးချက် ဖြစ်သည်။ ဒုက္ခသစ္စာ၏ ကိစ္စက နှိပ်စက်ခြင်း ကိစ္စ၊ ထိုကိစ္စကို သိအောင် ပွားများတာက မဂ်ကိစ္စ(ဘာဝေတဗ္ဗကိစ္စ) သိလိုက်တော့ ကိလေသာ မလာဘဲ ချုပ်သည်။

ဒါက နိရောဓကိစ္စ (နိဿရဏ ကိစ္စ) ထွက်မြောက်ကြောင်းဖြစ်၍ ကျေးဇူး ပြုခြင်း ဖြစ်၏။ [နှာ-၄၀၀] ထိုအခါ သမုဒယသစ္စာကို ပယ်ခြင်းကိစ္စလည်း ပြီး၏။ လေးကိစ္စပြီးသည်။ ဤကိစ္စဉာဏ်ကို ကိုယ်အိမ်မှာ နားလည်အောင် ပွားများ ပါက ပါရမီ မလိုဘဲ၊ အလုပ် လုပ်ခြင်းအားဖြင့် သောတာပန်၊ သကဒါဂါမ် ဖြစ်နိုင်ကြောင်း အတိအလင်း ဟောတော်မူသည်။ အချိန်ကုန်၍ တရားနားသည်။

*

## ၁၀။ ကိစ္စဉာဏ် သစ်ပင်သဘော

[၃၀-၆-၆၁ နေ့က မိုးကုတ်မြို့ မဂ်လာတိုက်မှာ ဟောသည်]

သစ္စာဖြစ်လျှင် တရားမှန်သည် ဆိုသော စကားဖြင့် ဤတရားကို စတင် ဟောကြားသည်။ သစ္စာတရားက နိရောဓသစ္စာ၊ ဒုက္ခချုပ်တာ အမှန်ဖြစ်သည်။ သစ္စာတရားကို မနာရဘဲ၊ အားမထုတ်ရဘဲ နိဗ္ဗာန်ကို မရနိုင်ဘူးဟု ဟောသည်။ မနေ့က ပဋိစ္စသမုပ္ပာဒ်နှင့် စိတ်ဖြူစင်အောင် ပြခဲ့သည်။ သစ္စာမသိတာ အဝိဇ္ဇာက

http://www.dhammadownload.com



စပြခဲ့သည်။ သစ္စာမသိသူ သံသရာတစ်လျှောက်လုံး မျက်စိကန်း လမ်းသွားဖြစ်ခဲ့သည်ဟုလည်း ဟောခဲ့သည်။

ထိုအကြောင်းကိုပင် ယနေ့ တရားအစပိုင်းမှာ ထပ်ဟောပြန်သည်။ မျက်စိကန်း လမ်းသွား၊ ချော်လဲ၊ အနာရ၊ အနာပြည်တယ်၊ အနာဆူးထိုး ခံရပုံကို ပြန်ဟောသည်။ [နှာ-၄၁၀-၄၁၄] ဟောပြီးမှ ဒီတစ်ခါ ဆရာက သစ္စာမျက်လုံး တပ်ပေးမည် ဆေးရှာပေးမည်ဟု ဝန်ခံသည်။ ဝေဒနာ အနာတွေ ကုသချင်၍ အကန်း ဆေးရှာပြန်တော့လည်း တလွဲ၊ ဆေးမှားဖြစ်ခဲ့ပုံကို ဟောသည်။ လူ့ပြည် နတ်ပြည်ထဲ သွားရှာနေပုံကို ပြသည်။ [နှာ-၄၁၆] ယခုတရားသည် ဆေးရှာနည်း နိဿရည်းဖြစ်သည်ဟု ဆိုသည်။ [နှာ-၄၁၇] သံဝေဂဉာဏ် ဖြစ်အောင် အစ ဟောပြီးမှ ယနေ့ ကိစ္စဉာဏ်ကို ဟောမည်ဟု ကတိပြုသည်။

ပုထုဇဉ်၏ အကန်းလမ်းသွား အနာရဖြစ်ပုံကို မျောက်အနာရသလို ဖြစ်နေပုံနှင့် နှိုင်းပြသည်။ [နှာ-၄၂၁] နောက်ဘဝ ချမ်းသာကို လုပ်လျှင် အနာရှိလျက် အနာရှာသလို ဖြစ်ကြောင်းပြသည်။ ယခု တရားနာ လာကြသူများမှာ ကန်းမှန်း သိသူများ၊ အနာပျောက်ချင်၍ ဆေးလာရှာသူများနှင့် တူပုံကို အားရှိအောင် ပြသည်။ [နှာ-၄၂၅] အကန်းကောင်းအောင် ဝိဇ္ဇာဆေးနှင့် ဖွင့်ပေးရမည်ဟု ဆိုသည်။ [နှာ-၄၃၃] ညာတာမဖက် အမြဲ နှိပ်စက်နေတာသည် ဒုက္ခသစ္စာပဲ၊ တဏှာ ပြုပြင်ရာ ခံနေရတာက မြင်စိတ်။ မြင်စိတ်ပေါ်လျှင် တဏှာ ပြုပြင်တာ ခံနေရကြောင်း သိရမည်။ 'သစ်တခွေ'သဘော ဖြစ်သည်။

မနေ့က ပိဋ္ဌနခွေသဘောကို ပြပြီးခဲ့ပြီ။ [နှာ-၄၃၇] တဏှာ စီမံသလို ခံနေရတာ မြင်စိတ်၏ ကိစ္စဖြစ်၏။ ထိုကိစ္စကို ဉာဏ်က သိလိုက်ရမည်။ သိလိုက်တာက ဉာဏ်။ ကိစ္စနှင့် ဉာဏ် ပေါင်းလိုက်တော့ ကိစ္စဉာဏ် ဖြစ်သည်။ [နှာ-၄၃၈] ကုသလဝိပါက် စက္ခုဝိညာဉ်၊ အကုသလ ဝိပါက် စက္ခုဝိညာဉ်၊ တဏှာ ကံစီမံသလို ပေါ်ရသည်။ တဏှာ စီမံသလို ခံနေရတာကို ဉာဏ်နှင့် ကြည့်လိုက်သောအခါ မြင်စိတ် ပျောက်သွားသည်။ သူ့ကိစ္စ ဇာတ်သိမ်းသွားသည်ဟု ဆိုသည်။ ထိုဉာဏ်သည် ကိစ္စဉာဏ်ပဲဟု ဆိုသည်။ [နှာ-၄၃၉] ပဋိသမ္ဘိဒါမဂ် ပါဠိတော်ကို ကိုးကားပြီး ဟောထားခြင်း ဖြစ်၏။

တဏှာစီမံရာလည်း မျက်လုံးက ခံရသည်။ ကံစီမံရာလည်း ခံရသည်။ မျက်လုံး ကွယ်သွားတာ ကံကြောင့်ပါသည်။ ၉၆ ပါးရောဂါ နှိပ်စက်မှုကိုလည်း

http://www.dhammadownload.com



ခံရသည်။ မျက်စိအမြင်မှာ အကြောင်းတရား အမျိုးမျိုး စိမ်ရာခံနေရသည်။ ၎င်းမှာ သူ၏ ကိစ္စဖြစ်သည်။ သူ့ကိစ္စကို သိတာက ကိစ္စဉာဏ်ဖြစ်သည်။ [နှာ–၄၄၁] ကိစ္စက ဒုက္ခသစ္စာ၊ ဉာဏ်က မဂ္ဂသစ္စာ ထိုအခါ ဤဒုက္ခမျိုး နောက်ထပ် မလိုချင်တော့ပါ။ ထိုအခါ သမုဒယတဏှာ ချုပ်သွားသည်။ သမုဒယ သေပြီ။ တဏှာချုပ်လျှင် ဥပါဒါန်ချုပ်၊ ကံချုပ်ပြီ။ ထိုအခါ ဇာတိ၊ ဇရာ၊ မရဏ မလာတော့ပြီ။ ဇာတိ၊ ဇရာ၊ မရဏ မလာတာသည် နိရောဓ ဖြစ်သည်။ ကိစ္စဉာဏ် တစ်ချက်တည်းက လေးချက် ပြီးသွားသည်။ [နှာ–၄၄၁]

မြင်စိတ်ကိစ္စက ဒုက္ခသစ္စာ၊ သိသောဉာဏ်က မဂ္ဂသစ္စာ၊ မဂ္ဂသစ္စာပေါ်တော့ သမုဒယသစ္စာ သေ၊ သမုဒယ သေတော့ နိရောဓသစ္စာလည်း ပေါ်သည်။ [နှာ–၄၄၂] သစ္စာလေးချက် တစ်ပြိုင်နက် ပြီးသည်။ ဒါကြောင့် ကျုပ်တို့ အလုပ်က ကိစ္စကို သိဖို့ပဲဟုလည်း မိန့်ထားသည်။ မြင်စိတ်သည် ဖြစ်ပြီး ပျောက်သဖြင့် ဖြစ်ပြီး ပျောက်သော ကိစ္စလည်း သူ့မှာရှိသည်။ ပျောက်ပျက် အနိစ္စကို သိတာလည်း ကိစ္စဉာဏ်ဖြစ်ကြောင်း ဟောသည်။ [နှာ–၄၄၃] ကိစ္စဉာဏ် ပေါ်လျှင် သမုဒယကို ပယ်ခြင်း ပဟာတဗ္ဗကိစ္စလည်း ပြီးသည်။ [နှာ–၄၄၅] နိရောဓနိဗ္ဗာန်ရသော ကိစ္စလည်း ပြီးသွားသည်။ ကိစ္စဉာဏ်ရလျှင် တဏှာကို တမင် မပယ်ရတော့ပါ။ [နှာ–၄၄၇] မဂ္ဂသစ္စာပေါ်လျှင် သမုဒယသစ္စာကို ပယ်ခြင်းပဟာတဗ္ဗ တစ်ချက်တည်း ပြီးသည်။ နိရောဓသစ္စာကိုလည်း မျက်မှောက်ပြုခြင်း ကိစ္စပြီးသည်။ [နှာ–၄၄၈]

ကိစ္စနှင့်ဉာဏ် တွဲရမည်။ မြင်စိတ်၊ ကြားစိတ်၊ နံစိတ်၊ စားစိတ်၊ ယားစိတ်၊ နာစိတ် အားလုံး ကိစ္စဉာဏ်နှင့် ရှုပါ။ ဝမ်းထဲ လောဘ၊ ဒေါသ ပေါ်လျှင်လည်း ကိစ္စဉာဏ်နှင့် ရှု၊ သစ္စာလေးချက် တစ်ပြိုင်နက်တည်း ပြီးသည်။ ကတဉာဏ်ရောက်ပုံကိုလည်း နက်ဖြန်ကျမှ ရှင်းဦးမည်ဆို၍ တရားသိမ်းသည်။

*

## ၁၁။ ကိစ္စဉာဏ် သန္တာပဋ္ဌသဘော

[၃၁–၆–၆၁ နေ့ မိုးကုတ်မြို့ မဂ်လာတိုက်မှာ ဟောသည်ဟု ဖော်ပြထားသည်]

သစ္စာမသိတဲ့ အဝိဇ္ဇာက ဒီချောက်ထဲ ခုန်ချ၊ အောက်ကျရင် မင်း နတ်သမီးရမယ် ဆိုရင် ပုထုဇဉ်သည် အဝိဇ္ဇာကြောင့် နတ်သမီး မရခင် အရင်သေမည့်ဘေးကို

http://www.dhammadownload.com



မမြင်ဘဲ ခုန်ချမည်ဖြစ်ကြောင်း စတင် ဟောကြားသည်။ ဝိဇ္ဇာက သစ္စာ မသိ၍ လူ့ပြည်ရောက်ကြောင်း၊ နတ်ပြည်ရောက်ကြောင်းတွေ လုပ်ပုံကို ပြသည်။ [နှာ–၄၅၁] နောက်ဘဝ ချမ်းသာချင်လို့ မဏ္ဍပ်ထိုးပြီး ကုသိုလ်လုပ်ကြသည်။ ဒုက္ခသစ္စာကို မသိ၍ဖြစ်ကြောင်း ဟောသည်။ အဝိဇ္ဇာနှင့် လှူသော အလှူဖြစ်သွားသည်။ [နှာ–၄၅၄] လူ့ပြည်နတ်ပြည် အသေ ရှိတဲ့ဆီ ခုန်ချသော အလှူဖြစ်သွားသည်။ [နှာ–၄၅၅] ဒုက္ခနိရောဓအညာဏ် ဒုက္ခအဆုံးကို မသိတာ အဝိဇ္ဇာဖြစ်သည်။ အဝိဇ္ဇာ ဒဏ်ချက်ကြောင့် သံသရာ ရှည်ခဲ့ရခြင်းဖြစ်ကြောင်း ဟောသည်။

ဤတရားတွင် အဝိဇ္ဇာ၏ အပြစ်များကို ပဓာနထားပြီး ဟောတော်မူသည်။ အဝိဇ္ဇာချုပ်မှ ဘုရားဖြစ်သည်။ [နှာ–၄၅၈] အဝိဇ္ဇာကြောင့် ဒုက္ခရောက်ရကြောင်းကို ဘုရား စ သိသောအခါ အဝိဇ္ဇာလည်း ချုပ်သည်။ ဘုရားလည်း ဖြစ်သည်။ ပဋိစ္စသမုပ္ပာဒ်ကို သိခြင်းဖြစ်သည်။ ဖြစ်ကြောင်းသိ၍ ချုပ်ကြောင်း သိသွားသည်။ [နှာ–၄၅၉] အဝိဇ္ဇာကြောင့် ဒုက္ခဖြစ်သည်။ အဝိဇ္ဇာချုပ်မှ ဒုက္ခချုပ်မည်ဟု သိလျှင် သောတာပန် တည်မည်ဟုလည်း ပြဋ္ဌန်းထားသည်။ [နှာ–၄၅၉]

ပြီးမှ ဓမ္မစကြာတွင် အဝိဇ္ဇာကို မသိခင်၊ ကိစ္စဉာဏ်ကို မရခင် ဘုရားဖြစ်ပြီဟု ဝန်မခံခဲ့ပုံကို ထင်ရှားအောင် ပြသည်။ အဝိဇ္ဇာကို သိပြီး အဝိဇ္ဇာချုပ်အောင် ကျင့်လိုက်သောအခါ ငါ ဘုရားဖြစ်ပြီဟု ကြေညာသည်။ [နှာ–၄၆၀] အဝိဇ္ဇာချုပ်မှာ ဘုရားဖြစ်ပုံကို ပြသည်။ ဒုက္ခသစ္စာ၏ အနက်လေးချက်မှ ပီဠနဋ္ဌောကို ယမန်နေ့က ဟောသည်။ သင်္ခတဋ္ဌောကို မနေ့က ဟောသည်။ ယနေ့ သန္တာပဋ္ဌောဆိုသော ကိစ္စဉာဏ်ကို ဟောမည်ဟု ဆိုသည်။ [နှာ–၄၆၁]

သန္တာပဋ္ဌောဆိုတာ ပူလောင်ခြင်း သဘောကို ဆိုသည်။ ဒုက္ခသစ္စာကြီး ရှိနေလျှင် အမြဲ ပူလောင်နေရသည်။ ကိလေသာမီး လောင်နေ၍ ဖြစ်သည်။ ခန္ဓာကြီးမှာ ကိလေသာမီး အမြဲ လောင်ညီးနေတာကို မြင်ရမည်။ ကိလေသာမီး လောင်နေပုံ အမျိုးမျိုးကို ပြသည်။ ကိလေသာမီးလောင်နေ၍ မေ့လျော့ခြင်း ဖြစ်သည်။ အဝိဇ္ဇာက လောင်တာဖြစ်သည်။ [နှာ–၄၆၄] ကိလေသာမီးက စိတ်ကို ရော ရုပ်ကိုပါ လောင်နေသည်။ ဒုက္ခသစ္စာမှာ လောင်ခြင်းကိစ္စ ရှိသည်။ ခန္ဓာသည် ကိလေသာမီး အမြဲလောင်ခြင်းကို ခံနေရသည်။ [နှာ–၄၆၇] ကတဉာဏ်ရောက်ပြီး ဒုက္ခတွေ ဆုံးသွားသောအခါကျမှ သူနေခဲ့ရတာတွေဟာ ကျက်သရေ မရှိမှန်း သိသည်။ [နှာ–၄၆၉] ကိစ္စဉာဏ်တုန်းက အလောင်ခံနေရသော ကိစ္စကိုသာ သူ သိသည်။ လောင်ခြင်းကိစ္စကိုချည်း မြင်ဖန် များလာသောအခါ လောင်တာတွေ၊

http://www.dhammadownload.com



ပူတာတွေ၊ ဆွေးတာတွေ၊ ငိုနေရတာတွေနှင့် မဆုံချင် မကြုံချင်တော့ပါ။ လောင်စာသိမ်း၍ မီးငြိမ်းခြင်းကိုသာ လိုချင်သော ဉာဏ်က ရောက်သွားသည်။ [နှာ-၄၇၀]

ကိစ္စဉာဏ်တုန်းက အသိနည်းသေးသည်။ ကတဉာဏ်ရောက်မှ အဖိုးတန်သွားသည်ဟု မိန့်ဆိုထားသည်။ သို့သော် ကိစ္စဉာဏ် မပါဘဲနှင့်လည်း ကတဉာဏ် မပေါ်နိုင်ကြောင်း ဖော်ပြထားသည်။ [နှာ-၄၇၁] ကတဉာဏ်ကျမှ မဂ်က ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာကို သိမ်းပစ်လိုက်သည်။ ကိစ္စဉာဏ်က လောင်စာနှင့်မီး တွဲလျက်ကြီးသာ မြင်နေသည်။ ကိစ္စဉာဏ် ရင့်လာမှ လောင်စာလည်း မရှိ၊ မီးလည်း မရှိတော့ခြင်း သဘော၊ ဖြစ်ပျက်လည်း မရှိတော့ခြင်း သဘောကို ဉာဏ်က သက်ဝင်သွားသည်။ ထိုအခါမှ လောင်စာသိမ်း မီးငြိမ်းသော နိဗ္ဗာန်ကို မျက်မှောက်ပြုရသည်။

နိဗ္ဗာန်ဆိုတာ လောင်စာသိမ်း၍ မီးငြိမ်းခြင်းပင် ဖြစ်၏။ [နှာ-၄၇၄] လောင်စာနှင့်မီး တွဲပြီး လောင်နေတာကို မမြင်ချင်မှ ကတဉာဏ် ပေါ်သည်။ မီးလောင်နေတာကို မြင်နေတာက ကိစ္စဉာဏ်၊ မီးငြိမ်းသွားတာကို မြင်တာကမှ ကတဉာဏ် ဖြစ်သည်။ [နှာ-၄၇၅]

ဖြစ်ပျက် မြင်နေတာသည် ကိစ္စဉာဏ်၊ ဖြစ်ပျက် ဆုံးသွားတာကို မြင်မှ ကတဉာဏ် ဖြစ်သည်။ ကိစ္စဉာဏ် ရှေ့သွားရှိမှ ကတဉာဏ် ပေါ်သည်။ သံယုတ်ပါဠိတော်ကို ကိုးကားပြီး ကိစ္စဉာဏ်ရှိလျှင် နိဗ္ဗာန်သည် အနီးကလေးဖြစ်ကြောင်း ဟောသည်။ ဖြစ်ပျက် မြင်နေတာက ကိစ္စဉာဏ်၊ ဖြစ်ပျက် ဆုံးသွားတာကို မြင်တာက ကတဉာဏ် ဖြစ်ကြောင်း ဟောရင်း တရားပြီးဆုံးသည်။

*

## ၁၂။ မဟာပစ္စဝေက္ခဏာ ခုနစ်ချက်

[၁-၇-၆၂ က မိုးကုတ်မြို့ မဂ်လာတိုက်မှာ ဟောကြောင်း ပြထားသည်]

"ဒုက္ခချုပ်အောင် လုပ်ပါ" ဆိုသော တိုက်တွန်းချက်ဖြင့် ဤတရားကို စတင် ဟောကြားပါသည်။ ထို့နောက် ဒုက္ခချုပ်သူ ပုဂ္ဂိုလ်၏ စိတ်နေသဘောထားကို ပြောမည်ဟု ဆိုသည်။ မိမိမှာ ဒုက္ခချုပ်ပြီး ဖြစ် မဖြစ်ကို အချက်ခုနစ်ချက်ဖြင့် တိုက်ဆိုင်ကြည့်ရန် ဖြစ်ကြောင်း ဟောသည်။ [နှာ-၄၇၇] ကောသမ္ဗီသုတ်လာ သောတာပန်၏ အင်္ဂါခုနစ်ပါးကို ဟောခြင်းဖြစ်သည်။ (မူလပဏ္ဏာသ) ဤအင်္ဂါ (လက္ခဏာ) ရပါသည် ပုထုဇဉ်နှင့် သောတာပန်တို့၏ စိတ်နေသဘောထား ကွာခြားချက်များ ဖြစ်၏။

http://www.dhammadownload.com



ထို့နောက် ကောသမ္ဗီပြည်သား ရဟန်းများ ကုဋီတက်ရာက အငြင်းပွားရန်ဖြစ်ကြပုံ၊ မြတ်စွာဘုရား တားဆီးမရ ဖြစ်ပုံ။ မြတ်စွာဘုရား ပလလဲတောသို့ ကြွသွားပုံ၊ တောမှာ ပလလဲဆင်ကြီး၏ အလုပ်အကျွေး ခံယူပြီး နေပုံ။ ဝါကျွတ်သောအခါ အရှင်အာနန္ဒာက သင်းကွဲနေသော ရဟန်းများကို စေ့စပ်ပြီး ဘုရားကို ပြန်ပင့်ပုံကို အခြေခံသည်။ ဘုရားက ကောသမ္ဗီပြည်ကို ပြန်လာပြီး ပုထုဇဉ်အဖြစ် ကြောက်စရာကောင်းပုံကို ဟောသည်။ ပုထုဇဉ်သည် သေမင်းနိုင်ငံ လိုက်သော အလုပ်ချည်း လုပ်နေကြပုံကို ဟောသည်။ [နှာ–၄၈၂] ပြီးမှ ပုထုဇဉ်နှင့် သောတာပန် စိတ်နေသဘောထား ကွာခြားပုံကို ဟောသည်။ ဤတရားကို တရားထိးတင်ခြင်း အဖြစ် အပြီးသတ် ဟောခြင်းဖြစ်သည်။

ဤစိတ်နေသဘောထား ခုနစ်ချက်ရှိလျှင် ကိုယ့်ကိုယ်မှာ အပါယ်တံခါး ပိတ်ပြီဟု ဆုံးဖြတ်နိုင်ကြောင်း အတိအလင်း ဆိုသည်။ [နှာ–၄၈၃] ခန္ဓာဖြစ်ပျက် အဆုံး၊ ဒုက္ခအဆုံးကို မြင်လျှင် သောတာပန် တည်သည်။ သစ္စာတရားများကို ဟောပြီးနောက် သစ္စာတရားကို နာပြီးသူများ မိမိသည် သောတာပန် တည်မတည် ဆန်းစစ်နိုင်ရန် ဤတရားကို ဟောဟန်တူသည်။ ကိုယ့်ကိစ္စ ပြီးတယ်မပြီးတယ်ကို သိရအောင် ဟောတာဟု ဆိုသည်။ [နှာ–၄၈၄]

ထို့နောက် ဆရာတော်က ဝိပဿနာရှုနည်းကို သင်ကြား ပြသသည်။ [နှာ–၄၈၆] ခန္ဓာထဲမှာ ဝေဒနာဖြစ်ဖြစ်၊ စိတ်ဖြစ်ဖြစ်၊ ရုပ်ဖြစ်ဖြစ် ဖြစ်ပြီးရင် ပျက်သည်။ ပျက်လျှင် အထည်မကျန်ပါ။ [နှာ–၄၈၇] လူသေလျှင် အလောင်းက ပစ်စရာ ကျန်သည်။ ခန္ဓာ သေနေတာက အလောင်းမကျန်၊ ပစ်စရာ အထည်မကျန်ပုံကို ဟောသည်။ ဖြစ်ပျက်မြင်ပြီး ဉာဏ်ရင့်လာပါက ဖြစ်ပျက်မုန်း အဆင့်ကို ရောက်သည်။

ထို့နောက် ဖြစ်ပျက်ဆုံး(ခန္ဓီသုခ)ကို ရောက်ပုံကို ဟောသည်။ [နှာ–၄၈၈] ဝိပရိဏာမ ဒုက္ခသစ္စာ ဖြစ်ပျက်ကို မြင်နေစဉ်မှာ ကိစ္စဉာဏ် ဖြစ်၏။ ဝိပရိဏာမ ဆုံးသွားတာမြင်တော့ ကတဉာဏ်ကို ရောက်သည်။ သောတာပန် တည်ပြီ။ [နှာ–၄၈၉] သစ္စာဉာဏ်၊ ကိစ္စဉာဏ်၊ ကတဉာဏ်ကို ယနေ့ အပြီးသတ် ဟောခြင်းဖြစ်၏။ သောတာပန် တည်သည်ဆိုသည်မှာ စိတ်သဘောထား အမြင် ပြောင်းခြင်းသာ ဖြစ်ကြောင်း ဟောသည်။ [နှာ–၄၉၀] သောတာပန်စိတ် ဖြစ်ပေါ်တာ ဖြစ်သည်။ သောတာပန် စိတ်သဘောထား ခုနစ်မျိုး ရှိကြောင်း ဘုရား ဟောထားခဲ့သည်။ မဟာပစ္စဝေက္ခဏာ ခုနစ်ချက် ဖြစ်၏။

http://www.dhammadownload.com



၁။ လောဘ၊ ဒေါသ၊ မောဟ ကိလေသာစိတ်တွေ ပေါ်တိုင်း ပေါ်တိုင်း နောက်က ဉာဏ်ဖြင့် ချက်ချင်းသိသည်။ (လောဘ၊ ဒေါသ၊ မောဟထဲ ပါမသွားဘဲ လောဘပဲ၊ ဒေါသပဲ၊ မောဟပဲဟု ဉာဏ်က မိပြီး သိလိုက်သည်။)

၂။ သိလိုက်သည်နှင့် တစ်ပြိုင်နက် လောဘ၊ ဒေါသ၊ မောဟများ ချုပ်သွားသဖြင့် ကိုယ့်ကိုယ်ကိုယ် ငြိမ်းအေးအောင် လုပ်နိုင်သည်။

၃။ သောတာပန်သည် ဤဘုရားသာသနာ(ဗုဒ္ဓသာသနာ) မှအပ ဘယ်သာသနာမှာမှ သံသရာ ထွက်လမ်းမရှိ၊ ကိုယ့်ကိုယ်ကိုယ် အပါယ်မကျအောင် ရှက်ဆောင်နိုင်သော နည်းလမ်းမရှိဟု သိနေသည်။

၄။ အပြစ် တစ်စုံတစ်ရာကို ကျူးလွန်မိပါက မိမိမှာ အပြစ်-ဖြစ်သွားပြီဟု ချက်ချင်း သိသည်။ သိလျှင်သိချင်း ထိုအပြစ်ကို ကုစားလိုသော စိတ်ရှိသည်။ မပယ်နိုင်သေးသော ကိလေသာများ ထကြွ သောင်းကျန်းလာလျှင်လည်း ချက်ချင်း ကုစား သုတ်သင်လိုသော စိတ် ရှိသည်။

၅။ မလွဲသာ၍ သူတစ်ပါးအတွက် သက်သေလိုက်ရစေကာမူ မိမိ၏ သီလ၊ သမာဓိ၊ ပညာကို အပျက်မခံဘဲ မှန်သောအတိုင်းသာ ရှက်ဆောင်သည်။

၆။ မြတ်စွာဘုရား၏ တရားတော်များကို နာကြားရသောအခါ အာရုံတစ်ပါးသို့ စိတ်မသွားဘဲ စူးစူးစိုက်စိုက် နာသည်။ အနက် အဓိပ္ပာယ်ပေါက်အောင် နာသည်။

၇။ တရားနာပြီးနောက် မိမိ သိသမျှကို ဆင်ခြင်မိတိုင်း ဉာဏ်ပေါ်သဖြင့် ဝမ်းသာ ကြည်နူးမဆုံး ဖြစ်သည်။ ကြည်ညိုမဆုံး ဖြစ်နေတတ်သည်။

ဤသည်မှာ ပုထုဇဉ်နှင့် ကွာခြားသော သောတာပန်၏ စိတ်နေသဘောထား ခုနစ်ချက် ဖြစ်၏။ [နှာ–၅၁၆] ဤခုနစ်ချက် မိမိ အဇ္ဈတ္တသန္တာန်မှာ တည်ပြီဆိုမှ သောတာပန် ဖြစ်ပြီဟု မုချ ဆုံးဖြတ်ချက် ချနိုင်ကြောင်း အကျယ် ဟောထားသည်။ နာရီစေ့၍ တရား ရပ်နားသည်။

*

ဤတွင် အလုပ်စခဲ့တရား စာအုပ်အမှတ်(၁၂) ပြီး၏။

http://www.dhammadownload.com

အနှစ်ချုပ်

# မိုးကုတ်ဝိပဿနာ အလုပ်စဉ်တရား

စာအုပ်အမှတ်(၁၃)

http://www.dhammadownload.com

http://www.dhammadownload.com

# မိုးကုတ်ဝိပဿနာ အလုပ်စဉ်တရား စာအုပ်အမှတ်(၁၃)

**နိဒါန်း**

ဤနိဒါန်းကို ဆရာကြီးဦးသံဒိုင် ရေးသည်။ ဤအမှတ်စဉ်စာအုပ်သည် ၁၉၆၁ ခု ၁၀ လပိုင်း ဟောတရားများ ဖြစ်သည်။ မန္တလေးမြို့ ဦးချစ်ဆွေ ဓမ္မာရုံမှာ ဟောသောတရားများ ဖြစ်သည်။ တရားသဘောအရ အမှတ်စဉ် ၃-၄-၅ စာအုပ်များနှင့် တစ်ဆက်တည်း ဖြစ်သည်။ အကြောင်း မညီညွတ်၍ အမှတ်စဉ် ၃-၄-၅နှင့် တစ်ဆက်တည်း မထုတ်နိုင်ဘဲ အမှတ်စဉ် ၁၃ ကျမှ ထုတ်ဝေနိုင်ကြောင်း နိဒါန်းတွင် ဝန်ခံထားသည်။ ၃-၄-၅ စာအုပ်များနှင့် ဤစာအုပ်ကို တစ်ဆက်တည်း ဖတ်လျှင် ပိုကောင်းကြောင်း ဦးသံဒိုင်က မှာထားသည်။

ရခဲသော လူ့ဘဝကို ကံကောင်း အလှည့်ကြုံ၍ ရကြောင်း၊ လူ့ဘဝ ရခိုက်မှာလည်း သာသနာတော်နှင့် ကြုံရသည်။ ရတနာသုံးပါးကို သဒ္ဓါ ကြည်ညိုသော စိတ်လည်း ရှိသည်။ တရားကို ထောင်တတ်သော နားလည်းရှိသည်။ ဤတစ်ကြိမ်တွင် လူ့ဘဝကို မရစဖူး အရထူးခိုက် လူဖြစ်မရှုံးအောင် လုပ်ဖို့ ဤစာအုပ်တွင် ပဓာနထား၍ ဆရာတော်ကြီး ဆုံးမတော်မူကြောင်း ဖော်ပြထားသည်။

လူ့ဘဝမှာ အိုနာသေဘေး၊ ဝိပရိဏာမဘေးလည်း ရှိသည်။ သေလျှင် အပါယ်သို့ လွင့်စဉ်ကျမည့် ဝိနိပါတဘေးလည်း ရှိသည်။ ထိုဘေးတို့မှ လွတ်အောင် မသေခင် အနည်းဆုံး အောက်ထစ် သောတာပန်ဖြစ်အောင် လုပ်ကြဖို့ကို ဆရာတော်ကြီး တိုက်တွန်းသည်။ ဝိနိပါတဘေးက လွတ်ရန်မှာ သက္ကာယဒိဋ္ဌိကို အနုသယနှင့်တကွ ပယ်သတ်ရမည်။ ဒိဋ္ဌိကို ပထမ ဉာတပရိညာဖြင့် ပယ်ရမည်။ နောက်တစ်ခါ

http://www.dhammadownload.com



အပွားဖြင့် ပယ်ရမည့် အကြောင်းများကို ဆရာတော်သည် သစ္စာဉာဏ်၊ ပဋိစ္စသမုပ္ပာဒ် အမြင်များကို လက်မလွှတ်ဘဲ ဟော်တော်မူသည်ချည်း ဖြစ်၏။ ဒိဋ္ဌိကို သိမှုဖြင့် ဖြုတ်နိုင်အောင် ဟောတော်မူသည်။

ပေဋကောပမ ပါဠိတော်မှာ သောတာပန်ဖြစ်ရန် နည်းနှစ်နည်း ရှိပုံကို ဟောသည်။ သစ္စာတရားကို နာမှုနှင့် သစ္စာတရားကို နှလုံးသွင်းမှု ဖြစ်၏။ ရုပ်နာမ်တွေ အားလုံး အိုနာသေဘေး မလွတ်၊ ဒါကြောင့် ဝိပရိဏာမ လက္ခဏာ၊ ဒုက္ခသစ္စံ ဆိုသည့်အတိုင်း ရုပ်နာမ် ဓမ္မအားလုံးသည် ဒုက္ခသစ္စာချည်းပင် ဖြစ်၏။ ဒုက္ခသစ္စာကို သိမှ သစ္စာဉာဏ်ရမည်။ ဝိနိပါတဘေးက လွတ်အောင် ဒိဋ္ဌိဖြုတ်ရမည်။ သောတာပန်ဖြစ်မှ ဒိဋ္ဌိ အပြီးပြုတ်သည်။ ဒိဋ္ဌိပြုတ်အောင် ဝိပဿနာအလုပ်ကိုလည်း အားထုတ်ရမည်။ ဒါမှသာ အသေဖြောင့်မည်။ ဝိပဿနာသာလျှင် မဂ်ဖိုလ်နိဗ္ဗာန်ရောက်ကြောင်း အကျင့်ကောင်း ဖြစ်ပုံ၊ သမထဖြင့် နိဗ္ဗာန်ကို မရောက်နိုင်ပုံကို သုသိမပရိဗိုဇ်ဝတ္ထုဖြင့် ထင်ရှားအောင် ဟောထားသည်။

## ၁။ ဒိဋ္ဌိပြုတ်အောင် ရှုနည်း

[၁၀–၃–၆၁ နေ့က မန္တလေးမြို့ ဦးချစ်ဆွေဓမ္မာရုံမှာ ဟောသောတရား]

မိမိတို့ ရထားသော လူ့ဘဝကို အလွဲသုံးစား မဖြစ်ရအောင် အထူး ဂရုစိုက်ပါ ဆိုသော သတိပေး တိုက်တွန်းစကားဖြင့် ဤတရားကို စတင် ဟောကြားပါသည်။ ဤလူ့ဘဝသည် မရစဖူး အရထူးသော ဘဝဖြစ်သည်။ ရခဲသော ဘဝတွင် တဏှာခိုင်းတာလုပ်ရင်း အလကား အချိန်တွေ ကုန်နေပါက ဤဘဝကို အလွဲသုံးရာကျမည်။ တဏှာလှည့်တိုင်း ယောင်ချာချာပါပြီး မနေသင့်၊ မှန်းခြေပေါက် အလုပ်ကလေး လုပ်ထားသင့်ကြောင်း ဟောသည်။ [နှာ–၁၉] သံသရာမှာ သတ္တဝါတွေ ကျချင်သလို ပရမ်းပတာ ကျနေကြသည်။ မှန်းခြေပေါက်အလုပ် မရှိသေး၍ ဖြစ်သည်ဟု ဆိုသည်။ [နှာ–၂၁]

ရည်မှန်းချက် နှစ်ခု ရှိရမည်။ ယခုဘဝမှ စုတေမနေ သေလွန်လျှင် အပါယ်တံခါး ပိတ်ပြီး သုဂတိကို သွားမည်။ သို့မဟုတ် ခန္ဓာဇာတ်သိမ်း ဒုက္ခချုပ်ငြိမ်းသော နိဗ္ဗာန်ကို သွားမည်ဟု ရည်မှန်းချက် ထားသင့်ကြောင်း ဟောသည်။ [နှာ–၂၂] ဝိပဿနာအလုပ်ကို ကိုယ်တိုင် မဂ်ဆိုက်အောင် မလုပ်သေးသရွေ့ မှန်းခြေ မပေါက်သေး၊ ဂတိမမြဲသေး၊ သံသရာမှာ ကျချင်သလို ပရမ်းပတာ ကျနိုင်သေးသည်။

http://www.dhammadownload.com



မှန်းခြေပေါက်အောင် လုပ်ရေးသည် ကိုယ့်အရေး ဖြစ်သည်။ မီးလောင်လျှင် ကိုယ့်ခန္ဓာကို မီးမလောင်အောင် အလျင် ဆွဲထုတ် ပစ္စည်းကို ကမ္ဘာသကာထားရသလို ဖြစ်သည်ဟု ဆိုသည်။ သဘောပါအောင် ပြယုဂ် ထင်ရှားပြပုံ ကောင်းလှသည်။ [နှ၁–၂၅]

ပြီးမှ ဆရာတော်က မှန်းခြေပေါက်အလုပ်ကို ပြောတော့မည်ဟု ဆိုသည်။ [နှ၁–၂၉] သုသိမပရိဗိုဇ်ကို ဝတ္ထုကြောင်း ထုတ်ပြီးဟောသည်။ သုသိမဝတ္ထုကို မဟောမီ ငါ၊ ငါ့ဥစ္စာနှင့် ငါ့ဥစ္စာမဟုတ်ဆိုသော သဘောအမြင် သုံးခုကို ၁–၂–၀ ဟု မှတ်နိုင်းသည်။ [နှ၁–၃၀] တရားသည် မများကြောင်း ကျင့်ရမှာက ၁–၂ ကို ဖြုတ်(ငါနှင့် ငါ့ဥစ္စာစွဲကို ဖြုတ်)ပြီး ဝ– ငါ့ဥစ္စာ ဘာမှမရှိဆိုသော အမြင်ရအောင် လုပ်ဖို့သာ လိုကြောင်း ရှင်းထားသည်။ [နှ၁–၃၁]

အင်္ဂုတ္တိုရ်ပါဠိတော်မှာ မြတ်စွာဘုရားအား မောဃရာဇာရဟန်းက မေးသည်။ ဂတိ မြဲချင်ပါသည်။ ရောက်ရာအရပ် မြဲချင်ပါသည်။ ဘာလုပ်ရမလဲဟု မေးသော အခါ ဘုရားက ငါနှင့် ငါ့ဥစ္စာ (အတ္တနှင့် အတ္တနိယ)ကို ဖြုတ်ပြီး ငါ ငါ့ဥစ္စာ မရှိသော သုည(၀) ဖြစ်အောင်လုပ်ဟု မိန့်တော်မူကြောင်း ပြထားသည်။ အတ္တ အတ္တနိယ ပြုတ်လျှင် သောတာပန် တည်သည်။ သောတာပန်တည်လျှင် ဂတိမြဲသည်။ [နှ၁–၃၃] 'သုညတော လောကံအဝေက္ခဿု' အစချီသော ဂါထာကို ထုတ်ပြထားသည်။ [နှ၁–၃၅] အာရုံနှင့် ဒွါရ တိုက်မှ အကြောင်းအားလျော်စွာ ဝိညာဉ်စိတ် ပေါ်သည်။ ဝိညာဉ်စိတ်သည် ငါလား၊ ငါ့ဥစ္စာလား၊ ငါလည်းမဟုတ်၊ ငါ့ဥစ္စာလည်း မဟုတ်ပါ။ စိတ်သည် စိတ်ပဲဖြစ်သည်။ အာရုံနှင့်ဒွါရ တိုက်ဆိုင် ဖန်တီးမှ ဖြစ်လာသော ထိုဝိညာဉ်စိတ်သည် ပေါ်ပြီး ဖျတ်ဆို ပျောက်တတ်သော သဘောရှိသည်။ ငါ ငါ့ဥစ္စာမှ ဆိတ်သုဉ်းသော သဘောဖြစ်၏။ သုညတ သဘောပဲ။ ဤသို့ ဉာဏ်မှာ ထင်အောင် ရှုရမည်။ [နှ၁–၃၆]

စိတ်ကလေး ချုပ်ပျောက်သွားတာ မရှိတာကို မြင်အောင်ကြည့်ပါ။ သုညတ ဖြစ်သွားတာကို မြင်အောင် မဂ္ဂင်ငါးပါး ရှုဉာဏ်တရားဖြင့် ရှု [နှ၁–၃၇] အိပ်ချင် စားချင်သော စိတ်ပေါ်လျှင် ထိုစိတ် ဖြစ်ပြီး ပျက်သွားတာကို မြင်အောင်ရှုပါ (သမုဒယဓမ္မာနုပဿီဝါ ဝယ ဓမ္မာ နုပဿီဝါ) ရှုလိုက်တာနှင့် ထိုစိတ်ကလေး မရှိတော့ဘဲ သုညတ ဖြစ်သွားတာ မြင်ရမည်။ ငါ ငါ့ဥစ္စာ မဟုတ်ဘူး။ သုညတပဲ ဆိုတာကို အထင်အရှား ပြသည်။ [နှ၁–၄၀] သုညတကို မြင်လျှင် ငါ ငါ့ဥစ္စာဆိုသော

http://www.dhammadownload.com



ဒိဋ္ဌိ တွေ အကုန်ပြုတ်သည်။ [နှာ-၄၁] ရှေ့က သုညတ နောက်က မဂ္ဂ ဖြစ်ရမည်။ [နှာ-၄၁]

ထိုသို့ဖြစ်လျှင် အတ္တ ငါနှင့် အတ္တနိယ ငါ့ဥစ္စာ သေသည်။ တဏှာနှင့် ဒိဋ္ဌိ သေသည်။ မြင်တိုင်းမြင်တိုင်း သုညတဖြစ်အောင် ရှုပါ။ ထိုအခါ အတ္တနှင့် အတ္တနိယ ပြုတ်သည်ဆိုရာ၌ အတ္တက ငါ(ဒိဋ္ဌိ) အတ္တနိယက ငါ့ဥစ္စာ(တဏှာ) ဖြစ်သည်။ ဒိဋ္ဌိတဏှာ ပြုတ်ပြီ။ ဒိဋ္ဌိပြုတ်လျှင် ဝိစိကိစ္ဆာ အလိုအလျောက် ပါသွားသည်။ [နှာ-၄၃] ဒိဋ္ဌိ ဝိစိကိစ္ဆာပြုတ်ပြီ ဆိုပါက သောတာပန် ဖြစ်ပါပြီ။ သေလျှင် သုဂတိပဲဟုလည်း ဆိုသည်။ ဝိနိပါတ အလား မကျတော့ဘူး မှန်းခြေပေါက်ပါပြီ။ ဝေဒနာပေါ်လျှင် ဝေဒနာကို ရှုပါ။ ငါ ငါ့ဥစ္စာ မဟုတ်ကြောင်း သုညတပဲဟု မြင်အောင် ရှုပါ။ အတ္တနှင့် အတ္တနိယ ပြုတ်ပါသည်။ ဒိဋ္ဌိနှင့် တဏှာ သေပါသည်။ [နှာ-၄၅]

ထိုအခါ ထိုပုဂ္ဂိုလ် ယောဂီသည် သံသရာမှာ မြုပ်သမား မျောသမား မဟုတ်တော့ပြီ။ သံသရာ အဆန်တက်နိုင်သူ ဖြစ်သွားပြီ။ [နှာ-၄၇] ဓမ္မ(တရား) မှာ ဆောင်ယူနိုင်သော အစွမ်းသတ္တိ ရှိသည်။ တရားကို နှလုံးသွင်းတတ်ဖို့သာ လိုသည်။ မောဃရာဇာရဟန်းအား ဘုရားက အခါခပ်သိမ်း သတိရှိသည်ဖြစ်၍ ရုပ်နာမ်လောကကို သုညတဆိုက်အောင် ရှုလိုက်စမ်းပါ (သဒါ၊ သတော၊ သုညတော လောကံ၊ အဝေက္ခဿု) လောကံ လောကကို၊ အဝေက္ခဿု စေ့စေ့ရှုသောသူကို၊ အစ္စုရာဇာ သေမင်းသည်၊ နပဿတိ မမြင်ပြီ။ [နှာ-၅၀] အတ္တကို သုညတလို့ မြင်တာက မဂ္ဂ၊ သေတာက တဏှာ၊ ဥပါဒါန်ကံ(အတ္တနိယ) ဇာတိ၊ ဇရာ၊ မရဏ မလာတော့ဘူး။ ဇာတိ ဇရာ မရဏ ချုပ်ရာ သိမ်းရာသည် နိဗ္ဗာန်ပင် ဖြစ်၏။ [နှာ-၅၂] ဆရာတော်က ဝိပဿနာ ရှုသောအခါ ရုပ်နာမ်ဓမ္မတို့၏ ဖြစ်ပျက်ကို မြင်ဖို့ အရေးကြီးသည်ဟု မိန့်ထားသည်။ [နှာ-၅၅] ဒါကိုမြင်လျှင် မဂ္ဂင်ငါးပါးက မဂ္ဂင်ရှစ်ပါး ဖြစ်လိမ့်မည်ဟု ဆိုသည်။ [နှာ-၅၇] ထိုအခါ မိမိတို့မှာ နိဗ္ဗာန်မှတစ်ပါး လားရာ အခြားဂတိ မရှိတော့ဘူးဆိုတာ သိလိမ့်မည်ဟု ဆိုပါသည်။ [နှာ-၅၇]

ဆရာတော်ကြီးက ဒီနေ့ ရှုနည်း သေသေချာချာ ပြနေသည်။ သုညတ ဆိုက်အောင် ရှုဆိုက်လျှင် ပြီးတာပဲဟုလည်း တိတိကျကျ ဆိုထားသည်။ ငါ ငါ့ဥစ္စာ မဟုတ်ကြောင်း သိလျှင်ပြီးပြီ။ [နှာ-၅၉] သုညတတွေချည်း ဆက်ကာ ဆက်ကာ မြင်နေလျှင် ပထမတော့ သုညတ၊ နောက်ကျတော့ သုညတ နိဗ္ဗာန်ဘက်

http://www.dhammadownload.com



ဉာဏ်ကူးသွားသည်။ [နာ–၆၅] မဂ္ဂင်ရှစ်ပါး ပြည့်သွားပြီ။ သုညတက နေပြီး သုညတနိဗ္ဗာန်ကို ကူးပါတယ်ဟု ဟောရင်း အချိန်စေ့၍ တရားရပ်နားသည်။

*

## ၂။ တဏှာဇာတ်မင်းကြီး ဖန်တီးနေပုံနှင့် လွတ်ရာလမ်းစဉ်

[၁၁–၃–၆၁ နေ့ မန္တလေးမြို့ ဦးချစ်ဆွေဓမ္မာရုံမှာ ဟောသောတရား]

လူ့ဘဝကို ရခဲတယ်ဆိုပြီး ဤတရားကို စတင် ဟောကြားထားသည်။ ရခဲသည့် ဘဝကို ရတာပဲဆိုပြီး ဤဘဝမှာ တင်းတိမ် ရောင့်ရဲမနေသင့်၊ ဒုက္ခ အဆုံး နိဗ္ဗာန် ရှိသေးသည်။ ရထားသော ဘဝသည် ဒုက္ခရထားခြင်း ဖြစ်သည်ဟု လည်း သိဖို့ လိုသေးကြောင်း ဟောထားသည်။ ဤဘဝမှာ အိုဘေး၊ နာဘေး၊ သေဘေးတွေ ရှိသေးသည်။ [နာ–၆၉] တဏှာဇာတ် လောင်နေသည်။ တဏှာ လောင်၍ အိုရသည်။ တဏှာသတ်၍ သေရသည်။ တဏှာသတ်၍ ရုပ်တစ်ခု သေလျှင် အနန္တ ရပစ္စည်းအဖြစ် နာမ်တစ်ခုလည်း ချုပ်ရသည်။ နောက်နာမ်တစ်ခုက အနန္တ ရပစ္စယပ္ပန် အဖြစ်နှင့် ဖြစ်လာပြန်သည်။ ဖြစ်ပျက် ဒုက္ခသစ္စာပင် ဖြစ်၏။ တဏှာ လောင်ကျွမ်းပြီး သေခဲ့ရသော ဘဝပေါင်းလည်း မနည်းတော့ပါ။ ခန္ဓာ ကိုယ်ထဲ စမ်းကြည့်လျှင် နွေးနေတာ တဏှာ။ ခန္ဓာကိုယ်ထဲ သေမင်း ရောက်နေခြင်း ဖြစ်၏။

ဤသို့ ပြဆိုပြီးနောက် တဏှာ လှည့်ဖြား၍ ကံက လုပ်ချပေးလိုက်တာ၊ ဝိပါကဝဋ် ပဋိသန္ဓေရပြီ လူ့ပြည် ရောက်လာပုံ၊ ပဋိစ္စသမုပ္ပါဒ်ကို ပြပြန်သည်။ [နာ–၇၃] ဇာတိထောင် အကျဉ်းထဲ ကျရောက်ရသည်။ ပဋိသန္ဓေဆင်းရဲကို ပြသည်။ ဇာတိရှိလျှင် အဇာတိရှိပုံကို ပြသည်။ ပဋိသန္ဓေ မနေရခြင်း သဘောရှိသည်။ [နာ–၇၄] တဏှာ လှည့်ဖြား၍ ကံစီမံတာကြောင့် ဇာတိ ပဋိသန္ဓေနေရတာ နာသည်။ သစ္စာ မသိသောကြောင့် ထောင်ကျရခြင်းဖြစ်ကြောင်း ဆိုသည်။ အဝိဇ္ဇာကြောင့် သင်္ခါရတွေ လုပ်သည်။ ထိုသင်္ခါရတွေက ဇာတိပဋိသန္ဓေကို ဖန်တီးပြီး ထောင် အကျဉ်းထဲ(အမိဝမ်းခေါင်းထဲ) ပို့လိုက်သည်။ [နာ–၇၅] ဇာတိ၊ ဒုက္ခသစ္စာ ဖြစ်ရ သည်။

ပဋိသန္ဓေနေပြီး ပြင်ဘက် ရောက်သောအခါ ကိုယ့်ကို အိုအောင်၊ နာအောင် ဒဟတဏှာက နှိပ်စက်ပြန်သည်။ အိုအောင်နာအောင် ရိုက်နှက်ပြီးမှ တဏှာ

http://www.dhammadownload.com



ဆိုသော မရဏာမင်းက သေအောင် သတ်ပြန်သည်။ [နှာ-၇၉] လူ့ဘဝသည် ဇာတိဒုက္ခ၊ ဇရာဒုက္ခ၊ မရဏာဒုက္ခ ဒုက္ခသုံးချက်နှင့် အရိုက်နက် ခံနေရသည်။ အရတော်သည်ဟု မဆိုသင့်ကြောင်း ပြသည်။

ခန္ဓာထဲမှာ ပါလာသော တေဇောသည် အိုမင်းလည်း ဖြစ်သည်။ နာမင်းလည်း ဖြစ်သည်။ သူတို့က ခန္ဓာထဲမှာ အမြဲရှိနေသည်။ ပြေး၍ မလွတ်ပါ။ [နှာ-၈၀] သေမင်းနှင့် အတူတူ နေကြရသည်။ ရာဇသံယုတ်မှာ လာသော ရူပံ မာရော ဆိုသော စကားအရ ခန္ဓာမှာရှိသော ရုပ်တရား (တေဇော) လည်း သေမင်း ဖြစ်ကြောင်း ဆိုသည်။ ခန္ဓာရှိနေသရွေ့ အိုမင်း၊ နာမင်း၊ သေမင်း ဖြစ်သော တေဇောနှင့် ခွဲခွာ၍ မရပါ။ သေမင်းနိုင်ငံက လွတ်တာ နိဗ္ဗာန်ပဲ ရှိသည်။ [နှာ-၈၂] အိုနာသေ လွတ်ရာလမ်းကို ရှာရမည်။

မဂ္ဂင်လမ်းသည် မအိုရာ၊ မနာရာ၊ မသေရာကို ပို့ဆောင်သော တစ်ကြောင်းတည်းသော လမ်းဖြစ်သည်။ [နှာ-၈၅] မဂ်လမ်းဆိုတာသည် ဝိပဿနာမဂ်က နေပြီး လောကုတ္တရာမဂ်ကို ကူးသောလမ်း ဖြစ်သည်။ မဂ်လမ်းမှာလည်း မိစ္ဆာမဂ်လမ်း၊ သမ္မာမဂ်လမ်း နှစ်မျိုးရှိသည်။ သားရေး၊ သမီးရေး၊ စီးပွားရေး၊ ကြီးပွားရေးက မိစ္ဆာမဂ်လမ်း ဖြစ်သည်။ ထိုလမ်းသည် အိုနာသေလမ်း ဖြစ်သည်။ သမ္မာမဂ်လမ်းက ကောယနော်ယံ ဘိက္ခဝေမဂ္ဂေါ သတ္တာနံဝိသုဒ္ဓိယာ ဆိုသောကြောင့် သတ္တဝါတို့အား စင်ကြယ်စေသော လမ်းဖြစ်သည်။ သောက၊ ပရိဒေဝတို့ကိုလည်း ငြိမ်းအေးစေပါသည်။ ဒုက္ခ ဒေါမနဿကိုလည်း ငြိမ်းစေပါသည်။ ညာယဿအဓိဂမာယ နိဗ္ဗာန်ကိုလည်း ရနိုင်ပါသည်။ [နှာ-၈၆] ဤလမ်း၊ သမ္မာမဂ်လမ်းကို လိုက်ကြရမည်။

နေ့စဉ် အိုမင်း၊ နာမင်း၊ သေမင်း ရှိနေသော ခန္ဓာက နှိပ်စက်နေသည်။ စားဖွယ်သောက်ဖွယ် ချိုချဉ်ရသာ၊ သားငါးတို့နှင့် ပူဇော် ဆက်ကပ်ပြီး မနှိပ်စက်အောင် တောင်းပန်နေရသည်၊ နတ်ချော့သလို ချော့နေရသည်။ ခင်ဗျားတို့ အဖြစ်က မျက်နှာငယ်လိုက်တာဟု ဆရာတော်က သုံးသပ်ပြသည်။ [နှာ-၈၈] အိုမင်း၊ နာမင်း၊ သေမင်း သုံးယောက်ကို အချိန်တိုင်းမှာ တောင်းပန် တိုးလျှိုးနေရသည်။ ပူဇော် ဆက်သနေရသည်။ သည်ကြားထဲက စိန်ရွှေရတနာ၊ ကားတွေ၊ တိုက်တွေနှင့် ဘဝင် မြင့်နေကြသည်။ ပြုံးပျော်နေနိုင်ကြသေးသည်။ အံ့သြဖို့ ကောင်းသည်ဟု ဆရာတော်က သုံးသပ်ပြထားသည်။ [နှာ-၈၈]

ပြီးမှ အိုမင်း၊ နာမင်း၊ သေမင်း လွတ်ရာသို့ သွားဖို့ စိတ်ကူးသင့်ကြောင်း နှိုးဆော် တိုက်တွန်းထားသည်။ [နှာ-၈၉] အိုမင်းကို အစာနှင့် တောင်းပန်ရသည်။

http://www.dhammadownload.com



နာမင်းကို ဆေးနှင့် တောင်းပန်ရသည်။ သေမင်းကို ဘာနှင့်မှ တောင်းပန်၍ မရကြောင်း လက်လွှတ်ထားရကြောင်း ဟောသည်။ [နှာ–၉၀]

ပြုံးမည်ကြံလျှင် ခန္ဓာကို စမ်းကြည့်ပါဟုလည်း ဆရာတော်က သတိပေးစကားဆိုသည်။ ကိုယ့်ကိုယ်ကိုယ် စမ်းသပ်ကြည့်၊ ပူနေနွေးနေလျှင် ကိုယ်ခန္ဓာထဲမှာ တေဇောသေမင်း ရှိနေပြီဟု သိပါ။ သိပြီး မသေရာရှာသော ဝိပဿနာအလုပ်ကို လုပ်ပါဟု တိုက်တွန်းထားသည်။ [နှာ–၉၃] ဝိပဿနာလုပ်မှ ကိုယ်ထဲ မဂ်ရောက်လာမည်ဟု ဆိုသည်။

ပထမ ဝိပဿနာမဂ်၊ နောက် ရင့်လာတော့ လောကုတ္တရာမဂ် ဖြစ်ပေါ်လာသည်။ [နှာ–၉၄] ဒကာ၊ ဒကာမတွေ **ခန္ဓာစမ်းပြီး လွတ်လမ်း** ရှာပါဟု သနားသောအားဖြင့် တိုက်တွန်းထားသည်။ [နှာ–၉၅] ကိုယ်ကို စမ်းတိုင်း သတိပဋ္ဌာန် ကိုင်ရမည်ဟုလည်း သတိပေးထားသည်။

ထို့နောက် သုသိမအကြောင်း ဆက်ဟောသည်။ သုသိမပရိဗိုဇ် ဓာတ်သိမ်းခန်းကို ဟောခြင်းဖြစ်သည်။ [နှာ–၁၀၁] သုသိမပရိဗိုဇ်က သာသနာ့ဝန်ထမ်းရဟန်းအဖြစ် ခံယူပြီး သာသနာကို ကြည်ညို၍ မဟုတ်ဘဲ တရားခိုးရန် ဝင်လာခြင်းဖြစ်သည်။ ဓမ္မတ္ထေနက အဖြစ် ဝင်လာခြင်းဖြစ်သည်။ ဘုရားက သိသည်။ သို့သော် တရားခိုးရင် မတ္တသုသိမ ရဟန္တာဖြစ်သွားမည့် အရေးကိုလည်း မြင်သည်။ ထို့ကြောင့် သုသိမရဟန်းခံခြင်းကို ဘုရားက ခွင့်ပြုတော်မူသည်။ သူ ရဟန်းပြုပြီး မကြာမီတောက ရဟန္တာများ ဘုရားထံ ကြွလာကြသည်။ ရဟန္တာများက မိမိတို့မှာ ဇာတိကုန်ပြီ ခီဏာဇာတိဖြစ်ပြီးကြောင်းကို လျှောက်ကြသည်။ [နှာ–၁၀၄] ကတံကရဏီယံ ပြုဖွယ် ကိစ္စအားလုံး ပြီးပါပြီဟု လျှောက်ထားကြသည်။ သုသိမကနောက်က လိုက်လာပြီး ရဟန္တာများ လျှောက်ထားချက်ကို ကြားသည်။ ရဟန္တာများ ဘုရားထံက ပြန်ကြွသွားသောအခါ သူက နောက်က လိုက်မေးသည်။ အရှင်ဘုရားတို့ နိဗ္ဗာန် ရပြီဆိုတာ ရဟန်းကိစ္စပြီးပြီဆိုတာ ဈာန်ပျံနိုင်သလား အဘိညာဉ်တွေ ရကြသလားဟု မေးသည်။ [နှာ–၁၀၅] ရဟန္တာများက မိမိတို့သည် ဈာန်ခြောက်သောပညာ ဝိမုတ္တိပညာနှင့် ကိလေသာတွေကို သိမ်းပြီးသူများဖြစ်ကြောင်းကို ဖြေသည်။

ထို့နောက် သုသိမဝတ္ထုကို အကြောင်းပြုပြီး မဂ္ဂင်ငါးပါးဖြင့် ဝိပဿနာရှုရပုံကို ဟောသည်။ မဂ္ဂင်ငါးပါးကမှ မဂ္ဂင်ရှစ်ပါး တက်ရသည်။ ဘယ်သူမှ မဂ္ဂင်ရှစ်ပါးကို တိုက်ရိုက် တက်၍မရဟု ဆိုသည်။ [နှာ–၁၀၅] 'ဉာယဿအဓိက

http://www.dhammadownload.com



မာယ' နိဗ္ဗာန်ကို ရခြင်းဌာ တတ်နိုင်တာသည် မဂ္ဂင်ပဲဟုလည်း မိန့်ထားသည်။ [နှာ–၁၀၆] ဝေဒနာကို ဖြစ်တာသိအောင် ရှု၊ ပြီးမှ ပျက်တာကို မြင်အောင်ရှုဖို့ တိုက်တွန်းသည်။ ဖြစ်ပျက်မြင်၊ ဖြစ်ပျက် မုန်းပြီး၊ ဖြစ်ပျက် ဆုံးသွားမည်။ ဖြစ်ပျက် ဆုံးလျှင် မဂ္ဂင်ရှစ်ပါး ပြည့်သည်။ [နှာ–၁၁၀] ခန္ဓာကိုယ်ထဲမှာလည်း တဖောဖော ပျောက်ထွက်သွားသည်။ သေမင်း ပျောက်သွားသည်။ ဤတွင် သမာဓိမဂ္ဂင် ပါသော်လည်း အပ္ပနာဈာန်ထိ မဆိုက်ကြောင်း ဥပစာယသမာဓိအထိသာ ရောက်ကြောင်း ရှင်းထားသည်။ [နှာ–၁၁၁]

ပညာဝိမုတ္တာမှာ မြေလျှိုးမိုးပျံသော အပ္ပနာဈာန် မပါကြောင်း သဘောရှင်းအောင် ပြထားသည်။ [နှာ–၁၁၂] ပညာပြဌာန်းသည်။ ဤသို့ ရှုခြင်းအားဖြင့် ဒိဋ္ဌိ၊ ဝိစိကိစ္ဆာ၊ သီလဗ္ဗတပရမာသ သုံးပါး လွတ်သွားသည်။ စရေဟာပါယေဟိစ ဝိပမုတ္တော အပါယ်လေးပါးတံခါး ပိတ်သွားသည်။ ဘာကြောင့် လွတ်သွားသလဲ၊ ဒဿနသမ္ပဒါယ တဖောဖောချုပ်တာကို မြင်ပြီး လွတ်သွားခြင်း ဖြစ်သည်။ [နှာ–၁၁၃] ရှုရင်း ချုပ်သွားမည်ဟု ဆိုသည်။ နိဗ္ဗာန်ကို ကြိုးစားလျှင် ရနိုင်ကြောင်းလည်း အာမခံထားသည်။

ရှေ့ဦးစွာ ဝိပဿနာ ရှုရမည်။ ဝိပဿနာဉာဏ် ရင့်သန်လာလျှင် မဂ်ဉာဏ် ပေါ်လာသည်။ မဂ်ဉာဏ်ကို ယောဂီက လုပ်၍ မရကြောင်း ပြသည်။ [နှာ–၁၁၉] မိလိန္ဒပဉှာမှာ ဝါးနှစ်လုံးကို ပူအောင်ပွတ်၊ လုံ့လဝီရိယ ထည့်ပြီး ပွတ်ရုံပဲ လုပ်ရမည်။ မီးထွက်တာက သူ့အချိန်ကျ သူထွက်သည်။ ဤအတိုင်း ဝိပဿနာကိုသာ အားထုတ်ပါ။ မဂ်ဉာဏ်ပေါ်ဖို့ အလုပ်က မဂ်အလုပ်ဟု ဆိုသည်။ ဝိပဿနာဉာဏ်က အနန္တရပစ္စည်း၊ မဂ်ဉာဏ်က အနန္တရပစ္စည်း၏ ပစ္စယုပ္ပန်ဖြစ်ကြောင်း ဟောသည်။ ဝိပဿနာ အဆုံးမှာ မဂ်လာသည်။ အခြား မရှိဘူးဟု ဟောရင်း အချိန်စေ့၍ တရားနားသည်။

*

## ၃။ သုသိမဝတ္ထုအဆုံးသတ်

[၁၂–၃–၆၁ နေ့ မန္တလေးမြို့ ဦးချစ်ဆွေဇမ္ဗူရုံမှာ ဟောသောတရား]

"သစ္စာဆိုက်ရင် နိဗ္ဗာန်ဝင်တာပဲ" ဆိုစကားဖြင့် ဤတရားကို စတင် ဟောကြားလေသည်။ ဘုရားက ငါသည် သစ္စာ မသိသေး၊ ထိုအခါက ဘုရားဟူ၍ ဝန်မခံသေးဟု ဓမ္မစကြာမှာ မိန့်တော်မူခဲ့ကြောင်းကို ပြောပြီး သစ္စာသိဖို့ အရေးကြီး

http://www.dhammadownload.com



ကြောင်း ဟောသည်။ ခန္ဓာကိုယ်ထဲမှာ ဝေဒနာကလေးတွေ ဖြစ်မှုပျက်မှုသည် သစ္စာပဲဟု မှတ်ပါဆိုသည်။ [နှာ-၁၂၂] စိတ်ကိုရှုသော ပုဂ္ဂိုလ် စိတ် ဖြစ်ပျက်တွေ့ရင် သစ္စာဆိုက်ပြီ 'ဝိပရိဏာမလက္ခဏံ ဒုက္ခသစ္စံ' ဖြစ်ပုံကို ကိုးကားပြသည်။

ပင်ကိုသဘောကို စွန့်သွားတာ ဒုက္ခသစ္စာပဲဟု မှတ်ပါဟူ၍ မိန့်သည်။ ဒါကြောင့် သစ္စာနှင့် အနိစ္စကို တခြားစီ မယူလိုက်ပါနှင့်ဟု ဝိဘင်းအဋ္ဌကထာကို ကိုးကားပြီး မိန့်သည်။ **'သစ္စာနုလောမိကဉာဏန္တိ ဝိပဿနာ ဉာဏံ၊ တံဟိစတုန္နံ သစ္စာနံ၊ အနုလောမတော၊ သစ္စာနုလောမိက ဉာဏန္တိ ဝုစ္စတိ'** ဒုက္ခသစ္စာကို သစ္စာနုလောမိကဉာဏ်ဆိုသောကြောင့် ဒါသစ္စာနုလောမိကဉာဏ်ပဲဟု ဆုံးဖြတ်ပြသည်။ [နှာ-၁၂၃]

ထို့နောက် ဆက္ကနိပါတ် အင်္ဂုတ္တိုရ်မှ **'သောဝတ ဘိက္ခဝေ ဘိက္ခုကိဉ္စိ သင်္ခါရံ နိစ္စတော၊ သမနုပဿန္တော'** ဂါထာအရ တစ်ခုသော တရားကို သင်္ခါရ တစ်ခုကို နိစ္စဟု ထင်မြင်နေလျှင် သစ္စာသိသော အနုလောမိကဉာဏ် မရနိုင်ဟု ဆိုထားသည်။ ဖြစ်ပျက်ကို မမြင်သေးဘဲနှင့် မဖောက်မပြန် မြဲသော မဂ်ကို မရနိုင်ဘူး [နှာ-၁၂၄]ဟု ဆိုသည်။ မဂ်လေးပါး မရဘဲနှင့်လည်း ဖိုလ်လေးပါးကို ရလိမ့်မည် မအောက်မေ့နှင့်ဟု သတိပေးထားသည်။ [နှာ-၁၂၅]

ဒါဖြင့် တစ်ခုသော သင်္ခါရတရားကို မမြဲဘူး အနိစ္စ မြင်မှသာလျှင် သစ္စာနှင့် လျော်သော ဉာဏ်ရပြီဟု မှတ်လိုက်ပါဟု ဆိုသည်။ [နှာ-၁၂၅] ဤသို့ဆိုသောကြောင့် မိုးကုတ်ဆရာတော်ဘုရားကြီးက ဖြစ်ပျက်မြင်အောင် ကြိုးစားလိုက်စမ်းပါဟု ဤတရားတွင် အလေးအနက် တိုက်တွန်းထားလေသည်။

သံခိတ္တေနပဥ္စုပါဒါနက္ခန္ဓာဒုက္ခာ ဆိုသောကြောင့် ဖြစ်ပျက်ခန္ဓာသည် ဒုက္ခသစ္စာပဲ ဖြစ်သည်။ ဒုက္ခသစ္စာနှင့် လျော်သောဉာဏ်ကို ရပြီ။ အနိစ္စလည်း ဖြစ်ပျက်၊ အနတ္တလည်း ဖြစ်ပျက်ပဲ။ ခန္ဓာငါးပါး တစ်ခုခုကို ဖြစ်ပျက်မြင်လျှင် အနိစ္စ မြင်ပြီလို့မှတ် [နှာ-၁၂၆]ဟု ဆိုသည်။ အနိစ္စနှင့် သစ္စာနှင့် အတူတူပဲဟုလည်း ဆုံးဖြတ်ချက် ပေးထားသည်။ ကိုယ်ပေါ်မှာ ဝေဒနာကလေး တစ်ခု ဖြစ်ပေါ်လာလျှင် ဉာဏ်နှင့် လိုက်ကြည့်ပါ။ ဘာပါလိမ့်ဟု ဉာဏ်နှင့် စိုက်ကြည့်လိုက်သည်နှင့် ဝေဒနာ ချုပ်သွားသည်။ အဲဒါ အနိစ္စပဲ ဖြစ်သည်။

ဉာဏ်ထဲမှာ မရှိတာကလေးကို သိလိုက်သည်။ ဖဿကြောင့် ဝေဒနာ ဖြစ်သည်။ ဖဿချုပ်လျှင် ဝေဒနာချုပ်သည်။ ဝေဒနာက အနိစ္စ၊ မြင်တာက မဂ္ဂ ဖြစ်သည် (အဋ္ဌသာလိနီ အဋ္ဌကထာ) ခန္ဓာငါးပါး အနိစ္စမှာ လမ်းဆုံးသည်။

http://www.dhammadownload.com



ဝေဒနာက္ခန္ဓာလည်း အနိစ္စမှာ လမ်းဆုံးသည်။ ဤခန္ဓာမမြဲတာ၊ ပျောက်ပျက်နေတာ တွေကို မြင်ပြီဆိုလျှင် ခန္ဓာကိုခင်သော တဏှာ၊ ဥပါဒါန်လည်း သေပြီ။ တဏှာ၊ ဥပါဒါန် သေလျှင် ကံလည်းသေပြီ။ [နှာ-၁၂၉] ကံသေလျှင် ဇာတိ၊ ဇရာ၊ မရဏ မပေါ်နိုင်တော့ဘဲ ပဋိစ္စသမုပ္ပါဒ် အလယ်က ပြတ်ပြီ။

တိုတိုပြောရို့ဆိုလျှင် အနိစ္စမြင်လျှင် လောဘစင်သည်။ လောဘစင်လျှင် သမုဒယသစ္စာ ချုပ်ပြီ။ [နှာ-၁၃၀] **'ယံ အနိစ္စံ၊ တံ ဒုက္ခံ'** ဟု သံယုတ်ပါဠိတော်မှာ လာသည်။ အနိစ္စနှင့် ဒုက္ခ မထူးကြောင်း ဟောသည်။ [နှာ-၁၃၁] ဒုက္ခကို မြင်တော့ ဒေါသစင်သည်ဟု ဆိုသည်။ ဒုက္ခစင်လျှင် သောကပရိဒေဝ ဒုက္ခ ဒေါမနဿ၊ ဥပါယာသ၊ ပဋိစ္စသမုပ္ပါဒ်အဆုံးက ပြတ်သည်။ ခန္ဓာကို ရှုသာရှု၊ အနိစ္စကို မြင်လျှင် ဒုက္ခပါသွားပြီ။ ဖဿချုပ်လျှင် ဝေဒနာချုပ်သည်။ တားလို့ ဆီးလို့ မရပါ။ အနတ္တပဲဟု သိရမည်။ အနတ္တကို မြင်လျှင် မောဟစင်သည်။ [နှာ-၁၃၄]

သုသိမ တရား ခိုးဖို့လာတာ ဤသုံးချက် မြင်သောအခါ၌ ရဟန္တာ ဖြစ်သွားသည်ဟု ဆိုသည်။ အနိစ္စ၊ ဒုက္ခ၊ အနတ္တကို မြင်လျှင် လောဘ၊ ဒေါသ၊ မောဟကို ပယ်နိုင်သည်။ [နှာ-၁၃၄] မြင်မှ ပယ်နိုင်သည်။ **'ယံ အနိစ္စံ၊ တံ ဒုက္ခံ၊ တဒေဝ အနတ္တံ'** ဆိုသောအတိုင်း အနိစ္စသည် ဒုက္ခပဲ၊ ထိုဖြစ်ပျက် ဒုက္ခကို တားဆီး၍ မရသဖြင့် အနတ္တ ဖြစ်သည်။ [နှာ-၁၃၅] အနတ္တကို မြင်၍ မောဟစင်လျှင် ပဋိစ္စသမုပ္ပါဒ် အစက ပြတ်ပြီ။ ပဋိစ္စသမုပ္ပါဒ် ပြတ်သည်ဆိုတာ ခန္ဓာ နောက်ထပ် မဆက်တာဖြစ်ကြောင်း ရှင်းပြထားသည်။ [နှာ-၁၃၆]

တရားနာစဉ် ပူအိုက်နေသည်။ ဒုက္ခဝေဒနာ ပေါ်သည်။ ပန်ကာလေး တစ်ချက် လှည့်လိုက်တော့ သုခဝေဒနာကလေး တစ်ချက်ပေါ်သည်။ သုခနှင့် ဒုက္ခကြားမှာ တစ်ခါတလေ ဥပေက္ခာဝေဒနာ ပေါ်သည်။ ပန်ကာတစ်ချက် လှည့်တိုင်း ဝေဒနာသုံးပါး လှည့်နေသည်။ ဝေဒနာက္ခန္ဓာတွေ ဖြစ်သည်။ ခန္ဓာတွေ ခဏခဏ ပြောင်းနေသည်။ [နှာ-၁၃၈]

ထိုဝေဒနာတွေကို ဉာဏ်နှင့် ရှုလိုက်သဖြင့် ဝေဒနာနိရောဓ ဖြစ်သွားလျှင် မဂ်ပေါ်ပြီ။ [နှာ-၁၃၉] ဝေဒနာချုပ်တာ မြင်အောင်ကြည့်တတ်လျှင် မဂ်ပေါ် သောကြောင့် နောက်က တဏှာ မလာဘဲ ချုပ်သည်။ တဏှာနိရောဓ ဖြစ်သွားသည်။ သုခဝေဒနာ ချုပ်လျှင် လောဘစင်သည်။ ဒုက္ခဝေဒနာချုပ်လျှင် ဒေါသစင်သည်။ ဥပေက္ခာဝေဒနာ ချုပ်လျှင် မောဟစင်သည်။ အနိစ္စတစ်ချက် မြင်လျှင် သမုဒယနှင့်

http://www.dhammadownload.com



ဒုက္ခချုပ်ပါသည်။ [နှာ–၁၄၀] ဒေါသစင်လျှင်လည်း သောကပရိဒေဝ အဝိဇ္ဇာတွေ ချုပ်တော့သည်။ ပဋိစ္စသမုပ္ပာဒ် အပိုင်းပိုင်း ပြတ်ပြီ။ မဝိုင်းနိုင်တော့ပါ။ [နှာ–၁၄၀] ဒါကြောင့် ဒကာ ဒကာမတွေ တစ်လုံးတည်းရှုဟု ညွှန်ပြထားသည်။

ဝေဒနာကြိုက် ဝေဒနာရှု၊ စိတ်ကြိုက် စိတ်တစ်လုံးတည်း ရှုဟု ဆိုသည်။ [နှာ–၁၄၁] ဖြစ်ပျက် အနိစ္စ၊ ဖြစ်ပျက် ဒုက္ခ၊ ဖြစ်ပျက် အနတ္တ မိအောင် ရှုတော့ ဟုလည်း ထပ်ဆင့်မိန့်မှာပါသည်။ [နှာ–၁၄၂] ဤသို့ မရှုလျှင် ပဋိစ္စသမုပ္ပာဒ် သုံးမျိုး လာသည်။ လောဘကြောင့် ဖြစ်လျှင် ပြိတ္တာ၊ ဒေါသကြောင့် ဖြစ်လျှင် ငရဲဇာတိ၊ မောဟကြောင့် ဖြစ်လျှင် တိရစ္ဆာန်ဇာတိဖြစ်ကြောင်း ဟောထားသည်။ လောဘ၊ ဒေါသ၊ မောဟပြတ်မှ အပါယ်ဇာတိ ပြတ်သည်။ ဒါကြောင့် ဖြစ်ပျက် ပိုင်ဖို့ အရေးကြီးသည်ဟု မိန့်သည်။ [နှာ–၁၄၃]

ပြီးမှ သုသိမဇာတ်သိမ်းကို ဟောသည်။ ဘုရားက သုသိမအား ရှေ့ပိုင်းက ဝိပဿနာဉာဏ် ချုပ်သွားလျှင် နောက်က မဂ်ဉာဏ် လာကြောင်း ဟောပုံကို ပြသည်။ ဝိပဿနာဉာဏ်က အမှိုက်တွေ စုပုံတာနှင့် တူသည်။ မဂ်ဉာဏ်က မီးရှို့တာနှင့် တူကြောင်း ရှင်းသည်။ [နှာ–၁၄၄] ဝိပဿနာဉာဏ်က ကိလေသာ တွေ စုပေးသည်။ မဂ်ဉာဏ်က မီးရှို့ပစ်သည်။ ကိလေသာ မရှိလျှင် ကံ မရှိတော့ဘူး။ ကံမရှိလျှင် အကျိုးပေး ခန္ဓာလည်း မရှိတော့ဘူးဟု ရှင်းအောင် ပြထားသည်။ [နှာ–၁၄၄] ခန္ဓာဇာတ်သိမ်းပြီး ငြိမ်းတာသည် နိဗ္ဗာန်ဖြစ်၏။ သုသိမက နားမလည် ဘူးဆိုမှ ဘုရားက သုသိမ ကိုယ်တိုင် ရဟန္တာဖြစ်အောင် ဟောတော်မူကြောင်း ပြသည်။

ဤတရားအရ ဝိပဿနာဉာဏ်ရအောင် မလုပ်ဘဲ မဂ်ဉာဏ်ရအောင် ဘုရား လည်း မလုပ်ပေးနိုင်ကြောင်း ပြသည်။ [နှာ–၁၄၇] ပြောနေတာက ကြာသေးသည်။ လုပ်လိုက်တာက ပိုပြီး မြန်သည်ဟုလည်း သတိပေး ဆုံးမထားသည်။ [နှာ–၁၄၉] မဂ်ဉာဏ်ဖိုလ်ဉာဏ် ရချင်လျှင် ဝိပဿနာဉာဏ် ရအောင် လုပ်ရမည်။ အပြောနှင့် တော့ မပြီးဘူးဟု ဟောထားသည်။ ဝဋ်ပြတ်ချင်ရင်လည်း ရှေ့ပိုင်းက ဝိပဿနာ ဉာဏ် လုပ်၊ နောက်က မဂ်ဉာဏ် ရလိမ့်မည်။ ကိလေသာဝဋ် ပြတ်သည်။ ကမ္မဝဋ် ပြတ်ချင်လျှင်လည်း ရှေ့က ဝိပဿနာ၊ နောက်က မဂ်ဉာဏ် ရအောင် လုပ်ပါဟု ဆိုသည်။ [နှာ–၁၅၁]

ဝဋ်ဘဝတိုတိုနှင့် မဂ်ဖိုလ်ကို ရပါလို၏လို့ ဆုလည်း တောင်းပါ၊ လုပ်လည်း လုပ်ပါဟု တိုက်တွန်းထားသည်။ ပြီးမှ သုသိမအား ဘုရားက ဖြစ်ပျက်မြင်အောင်၊

http://www.dhammadownload.com



အနိစ္စမြင်အောင်၊ ဒုက္ခမြင်အောင်၊ အနတ္တမြင်အောင် အဆင့်ဆင့် ပြပုံကို ဟောသည်။ သုသိမဉာဏ်ထဲမှာ အလုံးစုံ ဒုက္ခချည်းပဲဟု မြင်လာသည်။ ဖြစ်ပျက် ဒုက္ခသစ္စာမှ တစ်ပါး ခန္ဓာထဲမှာ ဘာမှမရှိ ဆိုသည်ကို သိလာသည်။ သုသိမမှာ ဝိပဿနာဉာဏ် ဖြစ်ပေါ်ပြီးနောက် မဂ်ဉာဏ်ကို ရသွားသည်။ သုသိမရဟန္တာ ဖြစ်သည်။ [နှာ-၁၅၇] သစ္စာဆိုက်သည့်တွက် မဂ်ဉာဏ်လေးချက် ပေါ်လာသည်။ [နှာ-၁၅၈]

သုသိမရဟန္တာ ဖြစ်မဖြစ်ကို ဘုရားက စစ်ဆေးသည်။ ရောမရဏ ဘယ်သူ့ကြောင့် ဖြစ်တာလဲဟု မေးသည်။ ဇာတိကြောင့် ဖြစ်တာပါဟု ဖြေသည်။ (ဘယ်ဘာသာမှာမှ ဤအဖြေ မထွက်ပါ) ဇာတိ ဘာကြောင့်ဖြစ်သလဲ၊ ကမ္မဘဝကြောင့် ဖြစ်ကြောင်း ဖြေသည်။ [နှာ-၁၅၉] ကံသည် ပုဂ္ဂိုလ်သတ္တဝါလား မေးသည် မဟုတ်ပါဟု ဖြေသည်။ ပုဂ္ဂိုလ်သတ္တဝါ အကုန် ပျောက်သည်။ ရဟန္တာဖြစ်၍ ဤသို့ ဖြေနိုင်ခြင်း ဖြစ်သည်။ [နှာ-၁၆၂] သူ့အမြင်မှာ ပုဂ္ဂိုလ်သတ္တဝါ ပျောက်ပြီး အကြောင်းအကျိုးချည်း မြင်နေသည်။ [နှာ-၁၆၃] သုသိမ သူ့ကိုယ်သူ ရဟန္တာ ဖြစ်မှန်းသိမှ ဘုရားက မင်း ကောင်းကင်ပျံနိုင်သလားဟု မေးသည်။ [နှာ-၁၆၄]

ဤတရားတွင် သမထ မပါဘဲ ဝိပဿနာဉာဏ်၊ ပညာဖြင့် လွတ်မြောက်နိုင်ပုံကို ပြသည်။ ဈာန်သည် နှစ်မျိုးရှိကြောင်း၊ လက္ခဏာရေး သုံးပါးကို ရှုသော ဈာန်။ (အာရမ္မဏူပ နိဇ္ဈာန ဈာန်) တစ်မျိုး၊ ကောင်းကင်ပျံ မြေလျှိုးဈာန်က တစ်မျိုး (အာရမ္မဏိက ဈာန်)က တစ်မျိုးဖြစ်ကြောင်း ပြထားသည်။ [နှာ-၁၆၅] သုသိမလည်း ရဟန္တာဖြစ်ပြီး သူ့တရားခိုးဖို့လာကြောင်း အပြစ်ကို ဝန်ချ တောင်းပန်သည်။ ဤဝတ္ထုအရ ဉာဏ်နှစ်ဉာဏ်နှင့် ကိစ္စပြီးကြောင်း သိသာရန် ဟောခြင်း ဖြစ်သည်။

အချိန်စေ့၍ တရားရပ်နားသည်။

*

## ၄။ ဒိဋ္ဌိခွာပြီး နိဗ္ဗာန်ဝင်ရန်

[၁၃-၁-၆၁ နေ့က မန္တလေးမြို့ ဦးချစ်ဆွေ ဓမ္မာရုံတွင် ဟောသောတရား]

"နားက တရားနာပြီး ဉာဏ်က ခန္ဓာလှည့်ပါ" ဆိုသော စကားဖြင့် ဤတရားကို စတင် ဟောကြားပါသည်။

ဤသို့ ရှေးဦး တိုက်တွန်းစကား ဆိုပြီးနောက်မှ ယနေ့တရားသည် ဒိဋ္ဌိ ခွာပြီး နိဗ္ဗာန်ဝင်မည့် တရားဖြစ်ကြောင်း ဟောကြားလေသည်။ ဤတရားကို

http://www.dhammadownload.com



နားလည်ရန်မှာ ခန္ဓာပဋိစ္စသမုပ္ပါဒ်ကို သိမှ ဖြစ်သည်။ [နာ-၁၇၀] ခန္ဓာပဋိစ္စသမုပ္ပါဒ်ကို နားလည်မှသာလျှင် ပုဂ္ဂိုလ် သတ္တဝါ ပျောက်မည်။ သို့ပုဂ္ဂိုလ်စွဲ သတ္တဝါစွဲ ပျောက်မှသာလျှင် ဒိဋ္ဌိစင်သည်။ ခန္ဓာဆိုတာ ဘာလဲမေးလျှင် ပဋိစ္စသမုပ္ပါဒ် ဖြစ်စဉ်ပင် ဖြစ်၏။

ယနေ့ ဝတ္ထုကြောင်းမှာ အစေလကဿပ ဝတ္ထု ဖြစ်သည်။ [နာ-၁၇၁] ပြီးမှ ပဋိစ္စသမုပ္ပါဒ်မှ အဝိဇ္ဇာအကြောင်းကို အကျယ်ဟောသည်။ သစ္စာလေးပါး မသိတာ အဝိဇ္ဇာဖြစ်ပုံကို ရှင်းသည်။ [နာ-၁၇၂] အဝိဇ္ဇာပစ္စယာ သင်္ခါရာဖြစ်ပုံ၊ သင်္ခါရကြောင့် ပဋိသန္ဓေဝိညာဉ် ဖြစ်သည်။ ဝိညာဉ်ဖြစ်တော့ ဖြစ်ဖော်ဖြစ်ဖက်က နာမ်ရုပ် ဖြစ်လာသည်။ နာမ်ရုပ်ဖြစ်မှ (သက်ရှိရုပ်ဖြစ်မှ) မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ မနောအကြည်ဓာတ်တွေ ဖြစ်သည်။ (သဠာယတန ဖြစ်သည်) ဤအကြည်ဓာတ် ဒွါရများနှင့် သက်ဆိုင်ရာ အာရုံတိုက်တော့ ဖဿဖြစ်သည်။ ဖဿထဲမှာ ဝိညာဉ်စိတ်တွေ ပေါ်သည်။ ဝိညာဉ်စိတ် ဖြစ်တာနှင့် တစ်ပြိုင်နက် ဝေဒနာလည်း တစ်ပေါင်းတည်း ဖြစ်သည်။

ဝေဒနာပေါ်လျှင် (ဆရာကောင်း သမားကောင်းနှင့် မတွေ့ပါက) တဏှာ၊ ဥပါဒါန်၊ ကံ ဆက်ဖြစ်သွားသည်။ ကံ(ကမ္မဘဝ) ဖြစ်လျှင် နောက်ဘဝ ဇာတိ၊ ဇရာ၊ မရဏ လာတော့သည်။ [နာ-၁၇၅] သောက၊ ပရိဒေဝ၊ ဒေါမနဿ ဆက်ဖြစ်ပြီ။ အာသဝသမုဒယ၊ အဝိဇ္ဇာသမုဒယော ဆိုသောကြောင့် တဏှာ၊ ဥပါဒါန်၊ ကံ (အာသဝေါတရား)တွေဖြစ်လျှင် ဟိုဘက်မှာ အဝိဇ္ဇာ ပြန်ဖြစ်ရပြန်သည်။ ဤကား အဝိုင်းပြေးဖြစ်စဉ် ဖြစ်၏။ ဤဖြစ်စဉ်ကား ထွက်ပေါက် မရှိသော သံသရာ အဝိုင်းပြေး ဖြစ်စဉ်ပင်တည်း။ [နာ-၁၇၆] ဘုရားပွင့်သောအခါကျမှ ဒီသံသရာ အဝိုင်းပြေး ဖြစ်စဉ် ဇာတ်သိမ်းတော့သည်။ [နာ-၁၇၇]

ဆရာတော်က အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်ဘဝ သုံးပါးပြန်ဆက်ပြီး သံသရာ လည်ပုံ၊ အဝိုင်းပြေး ဖြစ်ပုံကို ပြသည်။ သင်္ခါရနှင့် ဝိညာဉ်ကြားမှာ အသေ(စုတိ) ကို ထည့်ရမည်။ [နာ-၁၇၉] သုံးဘဝမှာ သုံးခါသေသည်။ သေပြီးလည်း မကျွတ် မလွတ်သေး။ လာလမ်းကိုပဲ ပြန်ကြရပြန်သည်။ အဝိဇ္ဇာသင်္ခါရက မွေ၊ ၎င်းအထဲမှာ ယောက်ျား မိန်းမ မပါပါ။ [နာ-၁၈၁] အဝိဇ္ဇာက သမုဒယသစ္စာ၊ သင်္ခါရက ဒုက္ခသစ္စာ ဖြစ်သည်။ အဝိဇ္ဇာက အကြောင်းသမုဒယ၊ သင်္ခါရက အကျိုးဒုက္ခသစ္စာ ဖြစ်သည်ဟုလည်း ဟောထားသည်။ သင်္ခါရက အကြောင်းသမုဒယ ဖြစ်ပြန်တော့ ဝိညာဉ်က အကျိုးဒုက္ခ ဖြစ်ပြန်သည်ဟုလည်း ပြသည်။

http://www.dhammadownload.com



ပရမတ္ထဒေသနာတော်မှာ ပုဂ္ဂိုလ် သတ္တဝါ မရှိဘူး၊ သမုတိဒေသနာမှာသာ ရှိသည်။ ဒိဋ္ဌိဖြုတ်ခန်းမှာ ပရမတ္ထအစစ်ကိုပဲ ပြောရမည်။ [နာ–၁၈၂] ဒုက္ခသမုဒယ တွေပဲ ဆက်ဖြစ်နေခြင်း ဖြစ်သည်။ ဒါတွေ ဆုံးသွားတော့ ဒုက္ခနိရောဓောဟောတိ ဖြစ်သွား၏။ ခန္ဓာဒုက္ခသစ္စာ ချုပ်ဆုံးသွားပါလိမ့်မည်။ [နာ–၁၈၃] ခန္ဓာထဲ ပေါ်နေ တာတွေက ဒုက္ခဖြစ်တာ တစ်ခါတလေ ဒုက္ခက ချုပ်သွားသည်။ သို့ဆိုလျှင် ပုဂ္ဂိုလ်၊ သတ္တဝါ၊ ယောက်ျား၊ မိန်းမတွေလား ဒုက္ခဖြစ်၍ ဒုက္ခချုပ်နေတာတွေလား။ ဒုက္ခဖြစ်ပြီး ဒုက္ခချုပ်နေတာတွေပဲ ဖြစ်သည်။ [နာ–၁၈၅] ဖြစ်ဒုက္ခ၊ ပျက်ဒုက္ခတွေ [နာ–၁၈၆] သို့သော် 'ဒုက္ခေအညာဏံ' ဆိုသောကြောင့် ဒုက္ခဖြစ် ဒုက္ခပျက်နေတာကို မသိပါ။ ကိုယ်ထဲမှာ ဘာပဲဖြစ်ဖြစ်၊ ဘာပဲပျက်ပျက် ဒုက္ခချည်းပဲဟု သိရမည်။ ဤသို့ သိလျှင် အဝိဇ္ဇာ နှလုံးသွင်းချိန်မှာ ချုပ်သွားသည်။ ဒုက္ခဖြစ်ကြောင်းကို သိသောဉာဏ်၊ ဒုက္ခဖြစ်ကြောင်း ချုပ်ခြင်းကို သိသောဉာဏ် ဖြစ်ပေါ်လျှင် မဂ်ဉာဏ် (မဂ္ဂသစ္စာဉာဏ်)ရပြီ။ [နာ–၁၈၉]

လောကထဲမှာ ဒုက္ခဖြစ်ကြောင်းနှင့် ဒုက္ခဖြစ်ကျိုးပဲ ရှိသည်။ ပဋိစ္စသမုပ္ပာဒ် ကြောင်းကျိုးဆက်ပုံအတိုင်း ဖြစ်သည်။ ဒုက္ခဖြစ်ကြောင်းနှင့် ဒုက္ခဖြစ်ကျိုးပဲ ဆက်နေ သည်။ ဒုက္ခ မိမိလုပ်တာလည်း မဟုတ်၊ သူတစ်ပါး လုပ်တာလည်း မဟုတ် အကြောင်းအကျိုးအားဖြင့် ဖြစ်သည်သာ ဖြစ်၏။ [နာ–၁၉၃]

ဤတွင် ဒိဋ္ဌိခွာတရား ဟောပြန်သည်။ သက္ကာယဒိဋ္ဌိကွာရင် ပထမ စူဠ သောတာပန် ဖြစ်မည်။ တကယ် ခွာနိုင်လျှင် မဟာသောတာပန် ဖြစ်မည်။ [နာ–၁၉၃] ပြီးမှ စေလကာဃပကို ဟောမည်ဟု ဆိုသည်။ [နာ–၁၉၅] ဤသို့ ဆိုပြီးမှ ဒုက္ခဖြစ်၊ ဒုက္ခပျက်ပုံ အကြောင်းအကျိုး ဆက်ပုံကို ထပ်ဆင့် ဟောနေ ပြန်သည်။ ထို့နောက် အနာဂတ် ခန္ဓာပြတ်ချင်လျှင် **ပစ္စုပ္ပန် ခန္ဓာနောက်က မဂ်လိုက် ရမည်ဟု** ဆိုသည်။ [နာ–၂၀၁] ခုတရားနာနေတာသည် ပစ္စုပ္ပန်ခန္ဓာပဲ ဖြစ်သည်။ ဤခန္ဓာနောက်ကို ဝိပဿနာဉာဏ် လိုက်ပေးပါ။ ဝိပဿနာဉာဏ် ရင့်လာလျှင် မဂ်ဉာဏ်လိုက်မှာပဲဟု မိန့်သည်။ [နာ–၂၀၄]

လက်ရှိ ခန္ဓာဒုက္ခသစ္စာကို မသိမ်းနိုင်လျှင် အနာဂတ်ဒုက္ခ မပြတ်နိုင်ဘူး။ ပစ္စုပ္ပန်ဒုက္ခက အနတ်ဂတ်ဒုက္ခကို ပြန်လုပ်သည်။ အတိတ်ဒုက္ခက လွန်ခဲ့ပြီ။ ပစ္စုပ္ပန်ဒုက္ခကိုပဲ အပြစ်မြင်ရမည်။ ပုန်းရမည်။ [နာ–၂၀၇] ဒါကြောင့် ပစ္စုပ္ပန် ဒုက္ခသိမ်းအောင်လုပ်မှ တော်မည်။ အနာပေါက်တာ သိမှ အနာပျောက်ချင်စိတ်

http://www.dhammadownload.com



လာမည်။ ဒုက္ခကိုသိမှ ဒုက္ခပျောက်ချင်စိတ် ဖြစ်မည်။ အနာပေါက်တာက ခန္ဓာငါးပါး၊ အနာပျောက်ဆေးက ဝိပဿနာဉာဏ်၊ မဂ်ဉာဏ်ဖြစ်သည်။ [နှာ-၂၀၈]

ထို့နောက် အရိယာမျက်လုံး ရဖို့အတွက် သူတော်ဆည်းကပ်၊ မြတ်တရားနာ၊ လွန်စွာအားထုတ်၊ နာမ်နှင့်ရုပ်ကို၊ ဖြစ်ချုပ်ဉာဏ်မြင်၊ ဤငါးအင်၊ အမှန်ပင် မဂ်ရကြောင်းကို ဟောသည်။ [နှာ-၂၁၂]

ပြီးမှ အစေလကဿပဝတ္ထုကို ထုတ်သည်။ ရာဇဂြိုဟ်ပြည်မှာ မြတ်စွာဘုရား ဆွမ်းခံကြွစဉ် အစေလကဿပ တက္ကဒွန်းကြီးက ပုစ္ဆာလိုက်မေးသည်။ ဘုရားက ဆွမ်းခံကြွနေသည်။ မဖြေနိုင်သေးဆို၍ နောက်ကတန်းတန်း လိုက်မေးသည်။ သုံးကြိမ်မေးမှ ဘုရားက ဖြေသည်။ အစေလကဿပ မေးခွန်းမှာ ရှင်ကြီးဂေါတမ ဒုက္ခကို မိမိ ပြုတာလားဟု မေးသည်။ ဘုရားက မဟုတ်ဘူး အကြောင်းကြောင့် အကျိုးဖြစ်တာဟု ဖြေသည်။ (မိမိ သူတစ်ပါး မပါကြောင်း ပြခဲ့ပြီ) [နှာ-၂၁၇] အစေလကဿပက ဒါဖြင့် ဒုက္ခ သူတစ်ပါး ပြုတာလားဟု မေးပြန်သည်။ ဘုရားက မဟုတ်ဘူးဟု ဖြေသည်။ (ပုဂ္ဂိုလ် သတ္တဝါ မပါ၊ အကြောင်းကြောင့် အကျိုးဖြစ်သည်) ဒါဆို ဒုက္ခကို မိမိသူတစ်ပါးနှစ်ဦး ပြုတာလားဟု မေးပြန်သည်။ ဘုရားက မဟုတ်ဘူးဟု ဖြေသည်။ ဒါဖြင့် ဒုက္ခ သူ့အလိုလို ဖြစ်တာလားဟု မေးသည်။ မဟုတ်ဘူးဟု ဘုရားက ဖြေသည်။ ဒါဆို ဒုက္ခမရှိဘူးလားဟု မေးသည်။ ဒုက္ခရှိကြောင်း ဘုရားက ဖြေသည်။ ရှင်ကြီးဂေါတမ ဒုက္ခကို မသိဘူးလားဟု မေးပြန်သည်။ ဘုရားက သိသည်ဆိုပြီး အလုပ်စခန်း ပြလိုက်ကြောင်း ဟောရင်း နာရီစေ့၍ တရားနားသည်။

*

## ၅။ လောင်စာသိမ်း၍ မီးငြိမ်းရန် သဿတဉစ္ဆေဒ ဒိဋ္ဌိဖြုတ်နည်း

[၁၅-၃-၆၁ နေ့က မန္တလေးမြို့ ဦးချစ်ဆွေဓမ္မာရုံမှာ ဟောသောတရား]

ရောဂါ ရောက်တဲ့အခါ ဆရာရှာတာ ဆေးရှာတာ ဓမ္မတာပဲ အစချီပြီး ဤတရားကို ဟောကြားတော်မူသည်။ သတ္တဝါတွေမှာလည်း ခန္ဓာရှိသောကြောင့် အိုဘေး၊ နာဘေး၊ သေဘေး ရှိနေကြသည်။ ထိုအိုနာသေဘေးရှိသူ ဆေးမရှာလျှင် ရောဂါသည် သည် ရှူး၍အ၍ ဖြစ်လိမ့်မည်ဟု ဆိုသည်။ [နှာ-၂၂၀] ခန္ဓာကိုယ်မှာ တဓောဓာတ် လောင်နေသည်။ ခန္ဓာတွင်းက လောင်ကျွမ်းသောဓာတ်ကြောင့်

http://www.dhammadownload.com



သူ့ဘာသာ သေရသည်။ ဝက်များ အသားတိုးလေ သေဖို့ဦးလေ ဖြစ်သလိုပဲဟု ဆိုသည်။ ဇာတိရ၍ အိုနာသေ ဝေဒနာတွေ မပျောက်ခင် လောဘ၊ ဒေါသ၊ မောဟ တွေကြောင့် နောက်ထပ် ဝေဒနာတွေ ဘေးတွေရောက်အောင် ထပ်လုပ်နေသလို ဖြစ်နေသည်။ [နှာ-၂၂၃] ရောဂါပျောက်ဆေး မရှာဘဲ ရောဂါရောက်ဆေး ရှာနေကြပုံကို ပြသည်။ [နှာ-၂၂၄]

ယခု ရထားသော ဘဝမှာ ရောဂါပျောက်ဆေး မရှာဘဲ သေသွားကြလျှင် လူဖြစ်ရှုံးမည့် အရေးကို ပြလိုသဖြင့် လိပ်ကန်းထမ်းပိုးပေါက် ခေါင်းလျှိုမိခြင်း ဥပမာကို ပြ၍ လူ့ဘဝရခဲပုံကို ဟောသည်။ [နှာ-၂၂၆] ဒီဘဝ ရခိုက်မှာ အိုနာသေဘေး လွတ်ရာ နိဗ္ဗာန်ကို မျက်မှောက်ပြုရအောင် ကြံဆောင်ဖို့ အရေးကြီးပုံကို ပြသည်။ ဒီဘဝက အလျှော့မခံကြပါနှင့်ဟုလည်း တိုက်တွန်းတော်မူသည်။ [နှာ-၂၂၈] အရင်း အရှုံးမခံကြပါနှင့်ဟု ဆိုသည်။ သစ္စာသိဖို့ အရေးကြီးကြောင်း၊ သစ္စာသိမှ အပါယ်လေးပါးက လွတ်နိုင်မည်ဖြစ်ကြောင်း ဟောသည်။ [နှာ-၂၃၀]

ဤတွင် သစ္စာသိတရားကို အစေလကဿပဝတ္ထုကို ထုတ်ပြီး ထပ်မံဟောကြားပြန်သည်။ [နှာ-၂၃၁] ရှေးဘဝက မသိတာ အဝိဇ္ဇာ၊ မသိလို့ လုပ်ချင်ရာ လုပ်ခဲ့တာ သင်္ခါရဖြစ်ပုံကို ပြသည်။ ပြုပြင်၍ ပေါ်လာတာသည် ခန္ဓာငါးပါး ဖြစ်၏။ [နှာ-၂၃၁] ခန္ဓာငါးပါးက ဘာလဲဆိုလျှင် **ဒုက္ခသစ္စာ** ဖြစ်၏။ [နှာ-၂၃၂] ခန္ဓာမှာ ဇာတိ ဒုက္ခသစ္စာကြောင့် ဇရာ၊ မရဏ ကပ်ပါလာသည်။ ဒုက္ခအမှန် ဖြစ်သည်။ 'ဝိပရိဏာမလက္ခဏံ ဒုက္ခသစ္စံ' ဖြစ်သည်ကို ပြသည်။ ကိလေသဝဋ်၊ ကမ္မဝဋ်ကြောင့် ဝိပါကဝဋ် သင့်နေပုံကို ပြသည်။ [နှာ-၂၃၄] ဒုက္ခ လုံးလည်လိုက်နေသည်။ ဝဋ်ခန္ဓာ ရနေဆဲမှာပင် နောက်ထပ် ဒုက္ခရောက်ကြောင်းတရား (သမုဒယသစ္စာ) ကိလေသဝဋ်တွေ ထပ်ဖြစ်အောင် လုပ်နေကြသည်။ မိမိခန္ဓာကို ခင်သော တဏှာကြောင့် ဖြစ်သည်။ ကိလေသာဝဋ်ရှိတော့ ရောင်းမှု၊ ဝယ်မှု၊ စိုက်မှု၊ ပျိုးမှု ကမ္မဝဋ်တွေ လုပ်ရပြန်ပြီ။ [နှာ-၂၃၇] လုံးလည်လိုက်နေပုံ ဖြစ်သည်။ ဂျာအေး သူ့အမေရိုက် ဖြစ်ကုန်ပြီဟု မိန့်သည်။ [နှာ-၂၃၉] မဆုံးတော့ဘူးဟု ဆိုသည်။

တစ်သံသရာလုံး သမုဒယ ဒုက္ခချည်း ဖြစ်ခဲ့ကြရသည်။ မီးနှင့်လောင်စာချည်း တွဲလျက်ကြီး ဖြစ်ခဲ့ကြရသည်။ [နှာ-၂၄၁] သံသရာတစ်လျှောက်လုံးမှာ နိရောဓနှင့် မဂ္ဂသစ္စာ ကွယ်နေခဲ့ကြသည်။ [နှာ-၂၄၂] ဒါကြောင့် ဒကာဒကာမတွေ လောင်စာ

http://www.dhammadownload.com



သိမ်း၍ မီးငြိမ်းတာ ရှာရလိမ့်မယ်ဟု ဆိုသည်။ သံသရာ တစ်လျှောက်လုံးမှာ လောင်စာနှင့်မီး တွဲလျက်ချည်း နေခဲ့ရသောကြောင့် နေခြင်းဆိုး နေခဲ့ရသည်။ သေခြင်းဆိုး သေခဲ့ရသည်။ [နှာ-၂၄၄]

ပြီးမှ သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိနှင့် လူတွေနေကြပုံ၊ သားရေးသမီးရေးအတွက် လုပ်ရင်ပဲ အချိန်ကုန်ကြရပုံတွေကို ဟောသည်။ [နှာ-၂၄၈] သံသရာတစ်လျှောက်လုံး လောင်စာနှင့်မီး တွဲလျက်ချည်း နေခဲ့သည်။ ယခု ဆရာဘုန်းကြီးက လောင်စာ သိမ်း၍ မီးငြိမ်းသော တရားကို ဟောတော့မည်ဟု ဟောသည်။ [နှာ-၂၄၉] လောင်စာသိမ်း၍ မီးငြိမ်းတရားကို စကြစို့၊ အစေလကဿပဝတ္ထု ပြန်ကောက်သည်။ ယခင် အမေးများအတိုင်း အစေလကဿပအကြောင်းကို ပြန်ဟောသည်။ (ရှေ့မှာ ဖော်ပြခဲ့ပြီးပြီ) ဒုက္ခကို မိမိ ပြုတာလား မဟုတ်ပါ။ ကိလေသဝဋ်၊ ကမ္မဝဋ်၊ ဝိပါကဝဋ်ကြောင့် ဖြစ်တာ။ [နှာ-၂၅၄] ပဋိစ္စသမုပ္ပာဒ်က ပြု၍ဖြစ်တာပဲဟု ဖြေလျှင် ရသည်။ [နှာ-၂၅၆] ဒုက္ခ ဘယ်သူလုပ်တာလဲ၊ သူများလုပ်လို့ ဖြစ်တာလား မဟုတ်ပါ။ ကိလေသာဝဋ်၊ ကမ္မဝဋ်ကြောင့် ဝိပါကဝဋ် ဖြစ်တာ ဤသို့ ဖြေရှင်းထားသည်။ [နှာ-၂၅၇]

ငါပြုလို့ ငါရတာဆိုလျှင် သဿတဒိဋ္ဌိ သူများပြု၍ ငါရတာဆိုလျှင် ပြုသူတခြား ဖြစ်သူတခြား၊ ဥစ္ဆေဒဒိဋ္ဌိ ဖြစ်ပြီ။ အကြောင်းအကျိုး မဆက်ဘူးဆိုသော အမြင် ဖြစ်သွားသည်။ [နှာ-၂၅၉] ဒုက္ခ အလိုလို ပေါ်လာတာလား မေးပြန်သည်။ မဟုတ်၊ အကြောင်းအကျိုးအားဖြင့် ပေါ်ရခြင်းဖြစ်ကြောင်း ရှင်းပြသည်။ [နှာ-၂၆၁]

သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိ စင်သွားလျှင် ဒီဘဝမှာ စူဠသောတာပန် ဖြစ်ပြီး နောက်ဘဝမှာ မဟာသောတာပန် ဖြစ်နိုင်တယ် [နှာ-၂၆၂]ဟု အတိအလင်း ဆိုပါသည်။ ဉာဏ်ထက်လာလျှင် ဤဘဝမှာပင် မဟာသောတာပန် ဖြစ်နိုင်သည်။ ဘယ်အခါမှ အရိယာ မဆိတ်သုဉ်းဘူးဟု မိန့်ထားသည်။ ပြီးနောက် အစေလကဿပက ဒုက္ခ မရှိဘူးလားဟု မေးပြန်သည်။ ရှိကြောင်း ဘုရားက ဟောသည်။ [နှာ-၂၆၃] နောက် ကဿပက ဒုက္ခကို မသိနိုင်ဘူးလားဟု မေးသည်။ ဘုရားက သိနိုင်ကြောင်း ဟောသည်။ [နှာ-၂၆၃] ဒိဋ္ဌိစင်ပြီးမှ ဝိပဿနာ ကြိုးစားလျှင် ခရီးပေါက်နိုင်ကြောင်း ဟောသည်။ [နှာ-၂၆၄]

ဤတွင် အချိန်စေ့၍ တရားကို နားလိုက်သည်။

*

http://www.dhammadownload.com



## ၆။ နားက တရားနာ ဉာဏ်က ခန္ဓာလှည့်

[၁၆-၃-၆၁ နေ့ မန္တလေးမြို့ ဦးချစ်ဆွေမမွှာရုံမှာ ဟောသောတရား]

"ခန္ဓာဉာဏ်လှည့်ပြီး ဘုန်းကြီးဟောတဲ့ တရားကို နာလို့ သတိပေးလိုက်တယ်" ဤတရားကို ဤစကားဖြင့် အစပြုထားသည်။ ဉာဏ်က ခန္ဓာဘက်လှည့်ကြည့်လိုက်လျှင် ကိုယ်မှာပေါ်သော ပူမှုအိုက်မှု ဒုက္ခဝေဒနာတွေ တွေ့ရမည်။ ပုဂ္ဂိုလ်သတ္တဝါတွေ မဟုတ်ဘဲ ဝေဒနာတွေကို တွေ့ရမည်။ ဝေဒနာတွေ ဒုက္ခသစ္စာမှာ လမ်းဆုံးနေကြသည်။ ဖြစ်ပျက် ဒုက္ခသစ္စာမှာ လမ်းဆုံးသည်။ ဉာဏ်က ခန္ဓာဘက် လှည့်ပြီး ကြည့်လိုက်လျှင် သစ္စာကို တွေ့ရသည်။ [နှာ-၂၆၆] ယောက်ျား မိန်းမတွေ မဟုတ်၊ ဒုက္ခသစ္စာတွေ အဖန်ဖန် ဖြစ်နေကြတာကို အထပ်ထပ် ပြနေတာ တွေ့ရမည်။

ဒုက္ခဆိုတာ ဒုက စက်ဆုပ်စရာ ခ က အသုံးမကျတာ အမှန်ဖြစ်ကြောင်း ခန္ဓာက ပြောသည်။ တစ်ကိုယ်လုံးမှာ စက်ဆုပ်စရာရယ်၊ အသုံးမကျတာရယ်ပဲ ရှိသည်ကို တွေ့ရသည်။ ပေါ်နေသည် ကာယဝိညာဉ် ထိသိစိတ်အားလုံး စက်ဆုပ်စရာ အသုံးမကျတာတွေပဲဟု ဉာဏ်က သိလာလိမ့်မည်။ [နှာ-၂၆၇] ဉာဏ်က သစ္စာကို သိတာဖြစ်သည်။ ပေဋကောပဒေသမပါဠိတော်မှာ 'ပရတော ဃောသောစ သစ္စာနု သန္ဓိ'သစ္စာ' တရားကို နာဖြစ်အောင် နာပါ။ သစ္စာတရားကို နာဖြစ်အောင် နာပြီးလျှင် အဇ္ဈတ္တဥ္စယောနိသော မနသိကာရောစ ယောနိသော မနသိကာရဖြင့် အဇ္ဈတ္တသန္တာန်မှာ နှလုံးသွင်းရမည်။ [နှာ-၂၆၈] သစ္စာတရားကို နာပြီးနောက် ခန္ဓာကိုယ်ကို နှလုံးသွင်းကြည့်လိုက်သောအခါ သစ္စာတရားကိုပဲ တွေ့ရမည်။ ဒီလိုဆိုလျှင် သာဝကပါရမီဉာဏ် ပြီးတာပဲဟု မိန့်ထားပါသည်။

သစ္စာတရားကို နားက နာ (ဃောသောစ သစ္စာနုသန္ဓိ) ပြီးလျှင် ခန္ဓာကို ဉာဏ်လှည့်ပါ (အဇ္ဈတ္တဥ္စ ယောနိသောမနသိကာရော) နှလုံးသွင်း မှန်ပြီဆိုလျှင် နာသောတရားနှင့် တွေ့သော ဉာဏ်နှင့် ကိုက်ညီသွားပြီ။ [နှာ-၂၇၀] နာသောအခါ သစ္စာစကားကို နာ၊ နှလုံးသွင်းသောအခါ သစ္စာကို ဉာဏ်နှင့် တွေ့ရမည်။ ရုပ်နာမ်တွေသည် ဘယ်တရားပဲဟောဟော သစ္စာချည်း ဖြစ်သည်။ ခန္ဓာမှာ ဖြစ်ပျက်နေတာ တွေ့ပြီဆိုလျှင် ဝိပရိဏာမလက္ခဏာ ဒုက္ခသစ္စ ဖြစ်သည်။ နာသောတရားနှင့် ခန္ဓာမှာ ဉာဏ်နှင့်ရှု၍ သိတာနှင့် ကိုက်သွားလျှင် ပြီးပြီ။ [နှာ-၂၇၃] ဤအတိုင်း နှလုံးသွင်း တတ်လျှင် သစ္စာဉာဏ်ရပြီ။ ထိုဉာဏ်မှတစ်ဆင့် ကိစ္စဉာဏ်ကို တက်သွားပါလိမ့်

http://www.dhammadownload.com



မည်။ ကိစ္စဉာဏ်ဆုံးတာနှင့် ကတဉာဏ် ပေါ်ပါသည်။ [နာ၁–၂၇၃] ကိုယ့်ဒုက္ခကို ကိုယ်သိမ်းချင်သည်ဆိုလျှင် သစ္စာတရားနာမှုနှင့် သစ္စာနှလုံးသွင်းမှု ကိုက်အောင် လုပ်ပါဟု တိုက်တွန်းထားသည်။ [နာ၁–၂၇၄]

နာတုန်းက သစ္စာလို့ မှတ်ပြီ၊ ဉာဏ်က ခန္ဓာကို လှည့်ပြီး ရှုလိုက်တော့ အတွေ့ခံရတာက ဒုက္ခသစ္စာ၊ တွေ့သော ဉာဏ်က မဂ္ဂသစ္စာ ဖြစ်သွားသည်။ သာဝကပါရမီဉာဏ် ရဖို့ရာ အလွယ်ကလေးဟု ပြတ်ပြတ်သားသား ဟောထားသည်။ [နာ၁–၂၇၅] မဟာနာမ်မင်းကြီးကို အထောက်အထား သာဓက ထုတ်ပြထားသည်။ [နာ၁–၂၇၆] (မဟာဝဂ္ဂ သံယုတ်) မဟာနာမ်မင်းကြီးက သူ့ကိုယ်သူ သောတာပန်ဖြစ်ပြီးကြောင်း မသိပါ။ ထို့ကြောင့် ကပ္ပိလဝတ်ပြည်ထဲမှာ အလွန် စည်ကားသည်။ သွားရင်းလာရင်း ဆင်းနင်း၊ မြင်းနင်း၊ ရထားနင်း၍ သေလျှင် မကောင်းသော သေခြင်းဖြစ်လေမလားဟု သူစဉ်းစားကြောင်း ဘုရားအား လျှောက်ထားသည်။ [နာ၁–၂၇၆] မဟာနာမ်မင်းကြီး သစ္စာတရား နာထားပြီး၍ သောတာပန် ဖြစ်နေကြောင်းကို ဘုရားက သိတော်မူသည်။

ဘုရားက မင်းကြီး သင့်မှာ ရုပ်ခန္ဓာကြီးကသာ သေလျှင် မြေမြုပ်၊ မီးရှို့၊ ကျီး၊ လင်းတစာ ဖြစ်မည်။ သင်၏ သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ၊ ပညာတွေကမူ အထက်သို့ ဆန်လိမ့်မည် သုဂတိနိဗ္ဗာန်ပဲ သွားမည်ဟု ဟောကြောင်း ပြသည်။ ပဏ္ဍုသာတိတို့ ဒါရုစိယတို့သည် ရဟန္တာဖြစ်ပြီးမှ နွားဝှေ့၍ သေကြရသည်။ သေခြင်း မကောင်းစေကာမူ သူတို့၏ သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ၊ ပညာတို့သည် အပါယ်သို့ မကျဘဲ အထက်သို့ ဆန်ပြီး နိဗ္ဗာန်ကိုသာ မျက်မှောက်ပြုကြောင်း ဟောသည်။ [နာ၁–၂၇၈]

ထို့နောက် ထောပတ်အိုး ကွဲပြီး ရေထဲကျသွားလျှင် အိုးကွဲက အောက်သို့ ကျသွားစေကာမူ ထောပတ်က ရေပေါ်သို့သာ တက်လာကြောင်း ဥပမာ ပြသည်။ ပြီးမှ သစ္စာတရားကို နာပြီး သစ္စာကို နှလုံးသွင်းတတ် သစ္စာဉာဏ်နှင့် ကိစ္စဉာဏ်၊ ကတဉာဏ် ဆက်၍ ပေါ်လာပါက ကိစ္စပြီးတော့သည်။ ပရိညာတဗ္ဗန္တိမေ၊ ပရိညာတန္တိမေ ဆိုသောကြောင့် ပိုင်းခြားဖို့သာ လိုသည်။ 'ဒါ သိရင် ပြီးတာပဲ' ဟု ပြတ်သားစွာ မိန့်ဆိုထားပါသည်။ [နာ၁–၂၈၁]

သောတာပန် ကိစ္စက သိလျှင်ပြီးသည်။ ရုပ်နာမ်တရားကို ဟောလျှင် သစ္စာချည်း ဖြစ်သည်။ ဟောထားသောအတိုင်း ခန္ဓာကို ဉာဏ်နှင့်ရှု၊ ခန္ဓာထဲမှာ ဒုက္ခသစ္စာချည်း တွေ့လျှင် စိတ်ချရပြီဟု ဆိုသည်။ [နာ၁–၂၈၃] သစ္စာဉာဏ်၊

http://www.dhammadownload.com



ကိစ္စဉာဏ်၊ ကတဉာဏ်တွေကို မြန်မြန်ရအောင် လုပ်ပါဟု တိုက်တွန်းတော်မူသည်။ ဖြစ်ပျက်ကို ရှုတော့ ဖြစ်ပျက်ကို မြင်တာက သစ္စာဉာဏ်၊ ဖြစ်အောင်ပျက်အောင် လုပ်တဲ့တရားက နိပ်စက်လို့ ပျက်စီးကုန်တာပဲဟု အကြောင်းအကျိုးနှင့်တကွ သိမ်းဆည်းလိုက်သောအခါ ဖဿချုပ်၍ ဝေဒနာချုပ်သွားကြောင်း သိမြင်ရသည်။ ဝေဒနာနိရောဓာ၊ တဏှာနိရောဓော ဖြစ်သွားသည်ကို မြင်သိရသည်။ ကိစ္စဉာဏ် ရပါပြီ။ ပဋ္ဌဝဂ္ဂိတွေ ဒီဉာဏ်နှင့် ကိစ္စပြီးသွားသည်ဟု ဆိုသည်။ အလုပ်ပေးတရား ဟောနေခြင်းက ဖြစ်သည်ဟုလည်း ဆိုသည်။

ထို့နောက် ဖြစ်ပျက်နေတာ၊ ဒုက္ခသစ္စာဟု မသိတာ အဝိဇ္ဇာဖြစ်ကြောင်း၊ သမုဒယဆိုသော တဏှာ ဉပါဒါန်၊ ကံ အကြောင်းကြောင့် ဒုက္ခဖြစ်နေရတာဟုလည်း မသိပါ။ ဒုက္ခချုပ်ကြောင်းကိုလည်း မသိပါ။ ဒုက္ခချုပ်ငြိမ်း ရုပ်သိမ်းအောင် မလုပ်တတ်တာလည်း အဝိဇ္ဇာပင် ဖြစ်၏။ ဒါကြောင့် အဝိဇ္ဇာက ဘုံဘဝရကြောင်း သံသရာလည်ကြောင်း သင်္ခါရတွေကို လုပ်မိအောင် ဖန်တီးနေတော့သည်။ ပဋိစ္စသမုပ္ပာဒ်ကို ထပ်ပြပြန်သည်။ အဝိဇ္ဇာကြောင့် သင်္ခါရ ဖြစ်ပုံကို ဟောသည်။ [နှာ–၂၈၇] အဝိဇ္ဇာသင်္ခါရက ပြုပြင် စီမံလိုက်သောကြောင့် ယခုဘဝ ခန္ဓာငါးပါး ရနေသည်။ ခန္ဓာက ဒုက္ခသစ္စာ ဖြစ်၏။

ကိလေသာဝဋ်နှင့် ကမ္မဝဋ်က လုပ်လိုက်သောကြောင့် ခန္ဓာငါးပါးက ဝိပါက ဝဋ်လိုက်ခြင်း ဖြစ်သည်။ [နှာ–၂၈၈] သံသရာတစ်လျှောက်လုံး ဝဋ်လိုက်နေတာ ယခုတိုင် ဝဋ်မကျွတ်ကြသေးကြောင်း ပြသည်။ ခန္ဓာ ရှိနေသရွေ့တော့ ဘယ်တော့မှ ဝဋ်မကျွတ်ပါ။ ခန္ဓာ မရှိမှဘဲ ဝဋ်ကျွတ်နိုင်သည်။ [နှာ–၂၉၀] အညီရှိလျှင် ယင်အုံမှာပဲဟုလည်း သာဓက ပြသည်။ ခန္ဓာရှိ၍သာ ဒုက္ခတွေ ဝိုင်းအုံနေတာဟု ဟောသည်။ [နှာ–၂၉၁] ဒါကြောင့် ဒုက္ခရောက်ရတာ ဘယ်သူ့ဘယ်ဝါကြောင့်ဟု ပုဂ္ဂိုလ်သတ္တဝါကို စွဲချက်တင်နေတာသည် သစ္စာမသိ၍ ဖြစ်သည်။ ကိုယ့်ကိုယ်ကိုယ် စွဲချက်တင်မှသာ အမှန်ဖြစ်ကြောင်း ပြထားသည်။ ဆရာတော်ကြီး ဉပမာ ပေးပုံကို စူးစူးရှရှ ရှိလှသည်။ အမှိုက် ရှိလို့ ခွေးချေးလာတာဟု ဆိုသည်။ [နှာ–၂၉၂] ခန္ဓာဒုက္ခသစ္စာဖြစ်ပုံ၊ ပင်ကိုက မကောင်းခဲ့ပုံကို သရုပ်ပေါ်အောင် ဟောပြသည်။ စကားပရိယာယ် အလွန် ကြွယ်ပါ၏။ [နှာ–၂၉၄]

ဤခန္ဓာက ဒုက္ခမှန်သမျှ လက်ခံနေသည်ဟု သဘောပါအောင် ပြဆိုပါသည်။ အဝိဇ္ဇာ အုပ်ချုပ်သော ကံတွေ လုပ်နေကြရတာပဲ ဘယ်တုန်းက ကောင်းနိုင်ပါ့မလဲဟု မေးထားသည်။ သစ္စာတရားပေါ်အောင် သံဝေဂဉာဏ်ပေါ်အောင် ဟောနေခြင်း ဖြစ်၏။ အဝိဇ္ဇာသင်္ခါရက ရေသောက်မြစ်နှစ်ခု ဖြစ်သည်။ ထိုနှစ်ခုရှိလျှင်

http://www.dhammadownload.com



ဒီဒုက္ခသစ်ပင် ပြန်ပေါက်ပေဦးမည်။ ဒီအပင်ပေါက်လျှင် ဒီအသီးပဲ ပြန်သီးဦးတော့မည် ဖြစ်ကြောင်း ပြသည်။ [နာ–၂၉၇] ဤတွင် ရေသောက်မြစ်ဖြတ်နည်း နိဿရည်းကို ပြမည်ဟုဆို၍ ပြသည်။

ခန္ဓာရလျှင် တဏှာလာမည်။ တဏှာလာလျှင် ဥပါဒါန် လာမည်။ ဥပါဒါန်လာလျှင် ကံလာမည်။ ဤအပင်ပေါက်၍ ဤအသီးတွေ ပြန်သီးသည်ဟု မှတ်။ (ကိုယ့်ကိုယ်ကိုယ် ခင်ကြ၊ သားခင်ကြ၊ သမီးခင်ကြ၊ လင်ခင်ကြ၊ မယားခင်ကြ၊ ရောင်းကြ၊ ဝယ်ကြ၊ လုပ်ကြကိုင်ကြတာတွေ) ဒါတွေသည်။ ခန္ဓာအပင်က ဖြစ်သော အသီးအပွင့်တွေ (တဏှာ၊ ဥပါဒါန်၊ ကံတွေ) ဖြစ်၏။ [နာ–၂၉၈] ပုထုဇဉ်တွေက သားကိစ္စ၊ လင်ကိစ္စ၊ အိုးကိစ္စ၊ အိမ်ကိစ္စတွေ များလွန်းလို့ သေမှပဲ ဝဋ်ကျွတ်မည် ထင်တတ်ကြသည်။ မကျွတ်ဘူးဆိုတာ သေချာမှတ်ပါဟု ဆရာတော်က သတိပေးသည်။ ပြီးမှ ဒိဋ္ဌိခွာခိုင်းသည်။ [နာ–၃၀၀]

ဒုက္ခသစ္စာဆိုတာ ကိန်းရာပုဂ္ဂိုလ်ကို နှိပ်စက်တတ်သည်။ အသဿထိုရ်မြင်းမသား ရွေးလို့ သေရသလို၊ သေခြင်းတရားကို ခန္ဓာက ယူလာသည်။ 'ရူပံမာရော၊ ဝေဒနံ မာရော' ဆိုသောအတိုင်း ရုပ်၊ ဝေဒနာ အားလုံးသည် သေမင်းချည်းဖြစ်၏။ [နာ–၃၀၂] ခန္ဓာငါးပါး ဘယ်သူပြုတာလဲ၊ ကမ္မဝဋ်က ပြုတာ၊ ကမ္မဝဋ် ဘယ်သူပြုကိလေသာဝဋ်က ပြုသည်။ [နာ–၃၀၅] ဤဖြစ်စဉ်မှာ ငါ မပါဘူး၊ ဤသို့သိလျှင် သဿတဒိဋ္ဌိက လွတ်ပြီ။ အဝိဇ္ဇာသင်္ခါရက လုပ်တာဟု နားလည်ရမည်။ ကိုယ်ပြုလို့ ကိုယ်ခံရသည်ဆိုလျှင် သဿတဒိဋ္ဌိ ဖြစ်၏။ [နာ–၃၀၆] ပဋိစ္စသမုပ္ပာဒ်ကို နားလည်မှ သဿတဒိဋ္ဌိ စင်သည်။ ဒုက္ခကို မိမိ မပြုလျှင် တစ်ပါးသူ ပြုတာလား (အစေလကဿပ မေး) ဤအပြင် ဥစ္ဆေဒဒိဋ္ဌိအမြင် ဖြစ်သည်။ ဤအကြောင်းကြောင့် ဤအကျိုးဖြစ်ခြင်း ဖြစ်၏။ [နာ–၃၀၇]

ဤသို့ သဿတ၊ ဥစ္ဆေဒဒိဋ္ဌိကို ဖယ်ရှင်းပြီးမှ ဝိပဿနာ ရှုပါက မဂ်ဉာဏ်နား နီးသွားသည်။ (မစင်ဘဲ ရှုလျှင် ရကို မရဘူး) ဟု ဆိုသည်။ [နာ–၃၁၀] ဤဒိဋ္ဌိအမြင် စင်ကြယ်ရေးကို သုံးလေးရက် ဆက်ဟောသည်။ အစေလကဿပ ဝတ္ထုကို အခြေခံပြီး ရှင်းသည်။ [နာ–၃၁၃] ပြခဲ့ပြီးသောအတိုင်း ဒုက္ခမရှိဘူးလား၊ ဒုက္ခ မသိဘူးလား ဆက်မေးသည်။ ခန္ဓာဒုက္ခသစ္စာ ရှိသည်။ ဒုက္ခသစ္စာကို ယခုသိပြီ ဖြစ်၏။ သိလျှင် ကိစ္စပြီးတော့မည်ဟုဆို၍ အချိန်စေ့သည်။ တရားကို ရပ်နားလိုက်ပါသည်။

*

http://www.dhammadownload.com



## ၇။ ဒိဋ္ဌိကို အရင်ခွာရမည်

[၁၇-၃-၆၁ မန္တလေးမြို့ ဦးချစ်ဆွေ့ဗွေမှာရုံမှာ ဟောသောတရား ဖြစ်သည်]

'ဒိဋ္ဌိကို အရင်ခွာရမယ်' ဟု ဆိုပြီး ဤတရားကို စတင် ဟောကြားတော်မူသည်။ ဒိဋ္ဌိကို အရေးတကြီး ခွာသင့်ကြောင်း သံယုတ်ပါဠိတော်မှာ လာသော ရင်ဝလှံစူး ထိပ်ဦးမီးလောင် ဥပမာဖြင့် ပြပြီးဟောသည်။ ရင်ဝကို လှံနှင့်ထိုးလျှင် အမြန်ရှောင်ရသလို ခေါင်းကို မီးလောင်လျှင် အမြန် မီးငြိမ်းရသလို ဒိဋ္ဌိကို ထို့ထက် အမြန် ဖယ်ခွာဖို့ အရေးတကြီး ပြုအပ်ကြောင်း ဟောသည်။ [နှာ-၃၁၉] ဒိဋ္ဌိ ခံနေလျှင် ပထမမဂ်ကို မရနိုင်ပါ။ ထို့ကြောင့် ဒိဋ္ဌိခွာနည်း နိဿရည်းကို အရေးတကြီး ပြုရမည်ဟု ဆိုသည်။ **'ရင်ဝလှံစူး ထိပ်ဦးမီးလောင်၊ ဒိထက်အမြန် ဒိဋ္ဌိရှောင်'** ဟု အမှာစကား ထားခဲ့သည်။ [နှာ-၃၂၁]

'သတ္တိယာ ဝိယဩမဋ္ဌော၊ ဒယှမာနေဝ မတ္တကေ၊ သက္ကာယဒိဋ္ဌိ ပဟာနာယ သတော ဘိက္ခုပရိဗ္ဗဇေ' ဂါထာကို ထုတ်ပြသည်။ သတိရှိရှိဖြင့် ဒိဋ္ဌိကို အမြန် ပယ်ရှင်းပစ်ရမည်။ သို့မဟုတ်လျှင် ဒိဋ္ဌိက မဂ်တားဖိုလ်တား ဖြစ်နေမည်ဟု သတိပေးသည်။ [နှာ-၃၂၁] ဒိဋ္ဌိ ပယ်နိုင်လျှင် အပါယ်ဘေးက လွတ်သည်။ ဒိဋ္ဌိကို ပယ်လျှင် ဝိစိကိစ္ဆာကို အလိုလို ပယ်ပြီးဖြစ်ကြောင်းကိုလည်း အင်္ဂုတ္တိုရ်မှာ ဆိုထားကြောင်း အထောက်အထား ပြ၍ဟောသည်။ [နှာ-၃၂၂]

ဘုရားက ဒိဋ္ဌိခြောက်ဆယ့်နှစ်မျိုး ရှိကြောင်း ဟောသည်။ သို့သော် အရင်းခံက သက္ကာယဒိဋ္ဌိ၊ သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိပင် ဖြစ်သည်။ ထိုသုံးမျိုးထဲ ဒိဋ္ဌိ ၆၂မျိုး အားလုံး အကျုံးဝင်သည်။ သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိ ရှိနေလျှင်လည်း အပါယ်ဘေးက မလွတ်ပါ။ [နှာ-၃၂၄] သောတာပတ္တိမဂ် အမြင်မှန်(ဒဿနသမ္ပဒါယ) ရမှ အပါယ် လေးပါးက လွတ်နိုင်ကြောင်း ဟောသည်။ **မဂ်ရမှ ဒိဋ္ဌိပယ်၊ ဒိဋ္ဌိပယ်မှ အပါယ်လွတ်** ကြောင်း စကားစဉ် ထားခဲ့ပါသည်။ [နှာ-၃၂၅]

ထို့နောက် မဇ္ဈိမပဏ္ဏာသပါဠိတော် ဒီဃနခသုတ်မှာ သဿတဒိဋ္ဌိရှိသူနှင့် ဥစ္ဆေဒဒိဋ္ဌိရှိသူတို့၏ စိတ်နေသဘောထားကို ဖွင့်ထားတာရှိကြောင်း ရည်ညွှန်း ပြောဆိုသည်။ ဤအချက်ကို သေသေချာချာ မှတ်ခိုင်းသည်။ ကိုယ့်ကိုယ်ကိုယ် သုံးသပ်ဖို့အတွက်ဟု ဆိုသည်။ [နှာ-၃၂၆] ငါသည် သဿတဒိဋ္ဌိ ရှိသူလား၊ ဥစ္ဆေဒဒိဋ္ဌိ ရှိသလား စစ်ဆေးရမည်။ ဒိဋ္ဌိ ရှိမရှိ ကိုယ့်ဘာသာ စစ်ဆေးပြီး၊ ကိုယ့်ဘာသာ ဖြုတ်ရမည်။ သဿတဒိဋ္ဌိ ရှိသူမှာ အပြစ်မကြီးသော်လည်း ကျွတ်ခဲသည်။

http://www.dhammadownload.com



(အပ္ပဿာဝဇ္ဇံ၊ ဒိန္နဝိရာဂံ) ဂင်္ဂါဝါဠု သဲစုမက ဘုရားတွေ ပွင့်ခဲ့ကြတဲ့အထဲ ငါ မပါတာ ဘာကြောင့်လဲ စစ်ကြည့်ပါ။ ဒိဋ္ဌိ ခံနေလို့ဖြစ်ကြောင်း သိရမည်။ [နှာ-၃၂၈] သဿတဒိဋ္ဌိသမားက အပြစ်တော့ သေးသည်။ နိဗ္ဗာန်နှင့်လည်း ဝေးသည်ဟု ပြထားသည်။ ဥစ္ဆေဒဒိဋ္ဌိရှိသော ပုဂ္ဂိုလ်ကျတော့ အပြစ်ကြီးသည်။ နိဗ္ဗာန်နှင့် နီးသည်ဟု ဆိုသည်။ [နှာ-၃၂၉]

ထို့နောက် သဿတဒိဋ္ဌိရှိသူ၏ စိတ်နေစိတ်ထား သဘောသွားကို ပြသည်။ သဿတဒိဋ္ဌိရှိသူသည် ဤလောကလည်း ရှိသည်။ တစ်ပါးသော လောကလည်း ရှိသည်ဟု ယုံကြည်သည်။ ဟိုဘဝ ဒီဘဝ လူ့ပြည် နတ်ပြည် ရှိသည်ဟု ယုံကြည်သည်။ ကံ ကံ၏အကျိုး၊ ကုသိုလ် အကုသိုလ်၏ အကျိုးရှိသည်ဟုလည်း ယုံကြည်သည်။ [နှာ-၃၃၂] ကောင်းတာလုပ်လျှင် ကောင်းကျိုးပေးသည်။ မကောင်းတာလုပ် မကောင်းကျိုး ပေးသည်ဟုလည်း ယုံကြည်သည်။ ထို့ကြောင့် သူသည် ကုသိုလ်ကို အင်မတန် လုပ်တတ်သည်။ အကုသိုလ် ပြုရမှာကိုတော့ ကြောက်တတ်သည်။ ဝဋ်ကျတော့ သာယာသည်။ လူချမ်းသာ နတ်ချမ်းသာကို တောင့်တသည်။ သူ့ကို နိဗ္ဗာန်ရောက်ကြောင်း သစ္စာတရားတွေ ဟောလျှင် မနာချင်၊ ထိုသူ ဝဋ်မှာ သာယာသောစိတ်ကြောင့် ဝဋ်ကျွတ်ခဲသည်။ ဝဋ်ဘဝထဲမှာ ပုန်းအောင်း၍သာ နေချင်သောစိတ် များသည်။ ဒိဋ္ဌိနှင့်ရှုတော့ နတ်ရွာသုဂတိ ရောက်သည်။ နိဗ္ဗာန်ကိုတော့ မရောက်ပါ။ ဒိဋ္ဌိဖြုတ်ပြီး လှူမှသာ နတ်ရွာသုဂတိလည်း ရောက်သည်။ နိဗ္ဗာန်လည်း ကူးနိုင်သည်။ [နှာ-၃၃၇] ဒိဋ္ဌိဖြုတ်ပြီး ကုသိုလ်လုပ်ပါဟု ဆရာတော်က တိုက်တွန်းသည်။ သဿတဒိဋ္ဌိသမား၏ စိတ်နေသဘောထားကို သိပြီးနောက် ကိုယ့်ကိုယ်ကိုယ် အကဲခတ်ရမည်။

ထို့နောက် ဥစ္ဆေဒဒိဋ္ဌိသမား၏ စိတ်နေသဘောထားကို ဟောသည်။ (မဇ္ဈိမပဏ္ဏာသအဋ္ဌကထာ) ဥစ္ဆေဒဒိဋ္ဌိသမားလည်း ဟိုလောက ဒီလောက ရှိသည်ဟု ယုံကြည်ပါ၏။ လူ့ပြည် နတ်ပြည် ဗြဟ္မာပြည် ရှိသည်ဟု လက်ခံသည်။ [နှာ-၃၃၈] ကောင်းတာလုပ် ကောင်းကျိုးပေးသည်။ မကောင်းတာ လုပ်လျှင် မကောင်းကျိုး ပေးသည်ဟုလည်း ယုံကြည်သည်။

သို့သော် သူက ဘဝပြတ်သမားဖြစ်၍ ကုသိုလ်ကို ပြုလေ့ မရှိပါ။ အကုသိုလ်ကိုတော့ အလွန်အကျွံ ပြုတတ်သည်။ ဘုံဘဝကို မသာယာပါ။ ဝဋ်ကိုလည်း မတောင့်တပါ။ မသာယာပါ။ လုပ်ပြီးပြီးသည် ပြတ်သည်ဟု ယူဆသည်။ အကျိုးဝိပါက ရှိသည်ဟုလည်း လက်မခံပါ။ သို့သော် သစ္စာတရားကို နာရလျှင် သူက

http://www.dhammadownload.com



ကျွတ်လွယ်သည်။ [နှာ–၃၃၉] သူက အပြစ်ကြီးသည်။ သို့သော် ကျွတ်မှုကျတော့ လွယ်ကူသည်။ [နှာ–၃၄၀] အကဲခတ်ကြည့်ပါ၊ ဘယ်ဒိဋ္ဌိမှ မကောင်းကြောင်း ပြထားသည်။ [နှာ–၃၄၂] အပါယ်ဘေးက မလွတ်၍ ဖြစ်၏။

ထို့နောက် ဤတရားမှာလည်း အစေလကဿပဝတ္ထုကို ဟောပြန်သည်။ [နှာ–၃၄၅] ကိလေသာဝဋ်ကြောင့် ကမ္မဝဋ်ဖြစ်ပုံ၊ ကမ္မဝဋ်ကြောင့် ဝိပါကဝဋ် ဖြစ်ပုံ၊ ဝိပါကဝဋ်ကြောင့် ကိလေသာဝဋ် ပြန်ဖြစ်ပြီး လုံးလည်လိုက်နေပုံကို ပြသည်။ ဝိပဿနာ ရှုသောအခါ စိတ်ကိုရှုလျှင် မရှိတာ(အနိစ္စ)ကို မြင်အောင် ကြည့်ရမည် မရှိတာ သိမှပြီးသည်။ နောက်ဟာ ရှိနေတာ ရှိပါစေ၊ အရင်ဟာ မရှိကြောင်း သိလျှင်ပြီးသည်ဟု ဟောထားသည်။ [နှာ–၃၅၀]

ဝိပဿနာ ရှုသောအခါ မရှိတာကို မြင်ပုံအကျယ်ကို ဟောသည်။ တစ်ခု ဖြစ်ပြီးမှ တစ်ခု နောက်ထပ် ဖြစ်ပေါ်ပုံကို မြင်အောင် ရှုတတ်ဖို့ သင်ပေးသည်။ [နှာ–၃၅၃] အလုပ်လုပ်တတ်အောင် သင်ပေးခြင်း ဖြစ်သည်။ ပြီးမှ အစေလကဿပ ကို ဆက်ဟောပြန်သည်။ [နှာ–၃၅၅] အစေလကဿပ၏ မေးခွန်းများကို ရှေ့မှာ ပြခဲ့ပြီးပြီ။ ငါ ပြုလို့ ငါ ရတာပဲဆိုလျှင် ပြုသူငါသည် တစ်ဆက်တည်း တည်နေပြီး အကျိုးကို ရသည်။ ငါက ခိုင်မြဲသည်ဟု အမိပ္ပာယ်အမြင်ကို မြင်စေသည်။ ထိုအမြင် သည် သဿတဒိဋ္ဌိအမြင် ဖြစ်၏။ [နှာ–၃၅၅] ခန္ဓာငါးပါးသည် သင်္ခါရဆိုသော ကံတွေ ပြုပြင်လိုက်၍ ဖြစ်လာသော တရားဖြစ်သည်။

အဝိဇ္ဇာကြောင့် သင်္ခါရ၊ သင်္ခါရကြောင့် ဝိညာဉ်(ခန္ဓာငါးပါး) ပေါ်ရသည်။ ပုဂ္ဂိုလ်သတ္တဝါ ယောက်ျားမိန်းမ လုံးဝ မပါပါ။ ဤသို့ သိလိုက်မှသာလျှင် သဿတ ဒိဋ္ဌိ စင်သည်။ ငါ လုပ်လို့ ငါ ရတာ မဟုတ်ကြောင်း ပေါ်လွင်သွားပြီ။ [နှာ– ၃၅၉] အကြောင်းရှိ၍ အကျိုးဖြစ်လာခြင်း ဖြစ်သည်ဟု သိမြင် နားလည်ပါလျှင် ပြီးတာပဲဆိုသော ဥစ္ဆေဒဒိဋ္ဌိအမြင် ကင်းစင်သွားသည်။ ဒီအကြောင်းကြောင့် ဒီအကျိုး ဖြစ်သည်ဟု သိသောဉာဏ်သည် ကမ္မဿကတဉာဏ် ဖြစ်သည်။ ကမ္မဿကတ ဉာဏ်လည်း လက်က မလွှတ်သင့်၊ သို့သော် ကံအကျိုးကိုလည်း မသာယာသင့်၊ ဝဋ်ကို မသာယာမှ ဝိပဿနာဉာဏ် ဖြစ်သည်ဟု ဆိုသည်။ [နှာ–၃၆၁]

ခန္ဓာငါးပါးသည် ဒုက္ခသစ္စာတရားဟု သိမြင်နေရမည်။ ထိုဒုက္ခသစ္စာတရား သည် မိမိတို့ ပြုတာလား၊ ပဋိစ္စသမုပ္ပါဒ် ဖြစ်စဉ်ထဲမှာ မိမိ သူတစ်ပါး ယောက်ျား မိန်းမ မပါပါ။ ခန္ဓာငါးပါး ဒုက္ခသစ္စာကြီးကို သူတစ်ပါး ပြုတာလားဆိုသော အမေးအတွက်လည်း အဖြေပေးစရာ မလို။ ပဋိစ္စသမုပ္ပါဒ်ထဲမှာ သူ ငါ ပုဂ္ဂိုလ်

http://www.dhammadownload.com



သတ္တဝါ မပါ ပါ။ ပြုသူက တခြား၊ ခံသူက တခြားဟုလည်း မယူရ၊ အကြောင်းကြောင့် အကျိုးပေါ်ခြင်းမျှသာ ဖြစ်၏။ [နှာ–၃၆၃] သင်္ခါရကြောင့် ဒုက္ခစန္ဒာ ဖြစ်ရခြင်းသာ ဖြစ်၏။ ထို့ကြောင့် ဒုက္ခချုပ်ချင်လျှင် အဝိဇ္ဇာသင်္ခါရ (သမုဒယ သစ္စာ) ချုပ်အောင် လုပ်ရမည်။ သမုဒယ မချုပ်လျှင် ဒုက္ခ မချုပ်ဘူးဟု ဟောရင်း အချိန်စေ့၍ တရားနားသည်။

*

## ၈။ ပုထုဇဉ် နှစ်မျိုးရှိပုံ

[၁၈–၃–၆၁ နေ့က မန္တလေးမြို့ ဦးချစ်ဆွေဓမ္မာရုံမှာ ဟောသောတရား]

သာသနာတွင်း ပုထုဇဉ်၊ သာသနာပ ပုထုဇဉ်ဟူ၍ နှစ်မျိုးရှိကြောင်း ပြောဆိုပြီး ဤတရားကို အစပြု ဟောတော်မူသည်။ (ပဋ္ဌာနသအဋ္ဌကထာမှာ လာသည်) 'ပုထုဇ္ဇနော ဒုဝိဓောဟိ၊ သာသနိကော၊ ဗာဟိရကောစ' သာသနာတွင်း သာသနာပ ပုထုဇဉ်နှစ်မျိုးရှိကြောင်း အဋ္ဌကထာ စကားဖြစ်သည်။ သာသနာပမှာ ကမ္မသကတ သမ္မာဒိဋ္ဌိပဲ ရှိသည်။ သစ္စာနုလောမိက သမ္မာဒိဋ္ဌိ မရှိဟု ဖော်ပြထားသည်။ ကမ္မ သကတ သမ္မာဒိဋ္ဌိမှာ အတ္တဒိဋ္ဌိ ငြိနေသည်။ [နှာ–၃၆၇] သာသနာတွင်းမှာ ကမ္မ သကတ သမ္မာဒိဋ္ဌိရော၊ သစ္စာနုလောမိက သမ္မာဒိဋ္ဌိရော နှစ်မျိုးစလုံး ရသည့်အတွက် သာသနာတွင်းက အခွင့်သာကြောင်း ဖော်ပြထားသည်။ သမ္မာဒိဋ္ဌိနှစ်မျိုး သာသနာ တွင်းကာလမှာ နတ်ပြည်ချမ်းသာကို ခံစားရပြီးနောက် နိဗ္ဗာန်ကိုလည်း မျက်မှောက် ပြုနိုင်ကြကြောင်း ဖော်ပြထားသည်။ [နှာ–၃၆၈]

ထို့နောက် သစ္စာနုလောမိက သမ္မာဒိဋ္ဌိကို ပြမည်ဟု ဟောသည်။ [နှာ–၃၆၉] ပြီးမှ ပဋိစ္စသမုပ္ပာဒ်အရ သင်္ခါရကြောင့် ဝိညာဉ်၊ နာမ်ရုပ် စသည် ခန္ဓာငါးပါး ဖြစ်ပုံကို ပြသည်။ ထိုခန္ဓာငါးပါးမှ တစ်ပါးပါးကို အနိစ္စ ဖြစ်ပျက်မြင်အောင် ရှုလိုက်လျှင် သစ္စာနုလောမိကဉာဏ် ရပြီဟု ဆိုသည်။ [နှာ–၃၇၁] သစ္စာနုလောမိက ဉာဏ် ရမှသာလျှင် သံသရာ ပြတ်သည်။ အဝိဇ္ဇာသင်္ခါရ အကုန်ချုပ်ပြီး ဇာတိ ဇရာ မရဏတွေ မလာနိုင်တော့ကြောင်း ပြသည်။ သစ္စာနုလောမိကဉာဏ် ရလိုလျှင် ဒီဘဝမှာပင် မဂ်ဉာဏ်ဖိုလ်ဉာဏ်ကို ရအောင် ကြိုးစားကြပါဟု တိုက်တွန်းထား သည်။

ထို့နောက် အစေလကဿပဝတ္ထုနှင့် တွဲ၍ ဟောပြန်သည်။ အစေလကဿပ ဝတ္ထုတွင် ခန္ဓာငါးပါး ဒုက္ခသစ္စာ မိမိ ပြုတာလား၊ သူတစ်ပါး ပြုတာလား၊ မိမိ

http://www.dhammadownload.com



သူတစ်ပါး နှစ်ဦးသား ပြုတာလား သူ့အလိုလို ဖြစ်လာတာလား စသော အမေးများ မေးခဲ့သည်။ အဖြေမှာ ပုဂ္ဂိုလ်သတ္တဝါ၊ ငါ သူတစ်ပါး မပါ အကြောင်းကြောင့် ဖြစ်သော အကျိုးတရားတွေသာ ဖြစ်ကြောင်း မြတ်ဘုရား ဖြေကြားတော်မူခဲ့သည်။ (ရှေ့မှာ အကြိမ်ကြိမ် ဖော်ပြပြီးပြီ) ရှင်ကြီးဂေါတမ ဒါဆို ခန္ဓာငါးပါး ဒုက္ခသစ္စာ သည် မရှိဘူးလားဟု မေးပြန်သည်။ ဘုရားက ခန္ဓာကြီးဖြစ်ပျက် ဒုက္ခသစ္စာ ရှိနေကြောင်း ဖြေသည်။ ဒါဆို ခန္ဓာဒုက္ခသစ္စာကို ရှင်ကြီးဂေါတမ သိနိုင်သလားဟု ကဿပက မေးပြန်သည်။ ဘုရားက သိကြောင်း၊ သိနိုင်ကြောင်း ဖြေသည်။ ဒုက္ခသစ္စာတွင် ဒုက စက်ဆုပ်စရာ၊ ခ က အသုံးမကျတာ ဖြစ်သည်။ ခန္ဓာငါးပါး သည် စက်ဆုပ်စရာ အသုံးမကျတာကြီးပါကလားဟု သိပြီဆိုလျှင် သစ္စာနုလောမိက ဉာဏ်ရပြီ။ ထိုသစ္စာဉာဏ်ကို ရပြီဆိုပါက ကိစ္စဉာဏ်၊ ကတဉာဏ်ကိုလည်း ရနိုင်ပြီ ဖြစ်၏။ [နှာ–၃၇၆]

ထိုအခါ အစေလကဿပက ဒုက္ခကို သိလျှင် ပြောပါဟု လျှောက်ထား ပြန်သည်။ ထိုအခါ ဘုရားက ခန္ဓာငါးပါးသည် ဒုက္ခသစ္စာဖြစ်ကြောင်းကို ရှင်းပြ သည်။ ခန္ဓာချုပ်လျှင် ဒုက္ခချုပ်ငြိမ်းပုံကိုလည်း ဟောသည်။ ခန္ဓာငါးပါးက သူ့ကို ခင်သော ပုဂ္ဂိုလ်ကို အမြဲ နှိပ်စက်နေတတ်ပုံကို ထင်ရှားအောင် ပြသည်။ [နှာ– ၃၇၈] ခန္ဓာ ဒုက္ခသစ္စာက ခင်သောပုဂ္ဂိုလ်ကိုသာ နှိပ်စက်သည်၊ မခင်သော ပုဂ္ဂိုလ်ကို မနှိပ်စက်ဟု ဆိုသည်။ [နှာ–၃၇၉] ပုထုဇဉ်သည် နှိပ်စက်သော ခန္ဓာကို အလွန် ခင်တတ်သည်။ ကိုက်တတ်သော ကျားကို ခင်နေပုံနှင့် တူကြောင်းကို ပြသည်။ [နှာ–၃၈၀] 'ဒုက္ခသ ပိဠနဋ္ဌော' ခင်သောပုဂ္ဂိုလ်ကို ညှာတာမဖက် အမြဲ နှိပ်စက် တတ်သော သဘောသာရှိကြောင်း ပြသည်။ [နှာ–၃၈၁] ဤခန္ဓာကြီးက စက်ဆုပ် စရာ အသုံးမကျတာကြီး ဖြစ်သည်။

သို့သော် သူ့ကကို စက်ဆုပ်စရာ၊ အသုံးမကျတာပဲဟု မမြင်ပါ။ မမြင် တာက အဝိဇ္ဇာ၊ မမြင်လို့ ခင်တာက တဏှာ။ [နှာ–၃၈၇] ထို့နောက် သာသနာ တွင်းသားဖြစ်အောင် သစ္စာနုလောမိတဉာဏ် ရအောင် ကြိုးစားကြပါဟု တိုက်တွန်း သည်။ [နှာ–၃၈၈]

ထို့နောက် ခန္ဓာငါးပါး တစ်ပါးစီ၏ နှိပ်စက်တတ်ပုံကို ပြသည်။ သားဆိုးက ငါးယောက်၊ ထိန်းသူက တစ်ယောက် ဖြစ်နေပုံနှင့် နှိုင်းပြသည်။ ဤခန္ဓာငါးပါးနှင့် နေ့တိုင်း တည့်အောင် ပေါင်းနိုင်တာ၊ နှိပ်စက်တတ်တာကို မသိလို့ ပေါင်းနိုင်တာဟု မိန့်ထားသည်။ [နှာ–၃၉၁]

http://www.dhammadownload.com



ထို့နောက် သစ္စာနုလောမိကဉာဏ်ရအောင် ပြမည်ဆိုပြီး ခန္ဓာမှာ ရုပ်က ၂၈၊ စိတ်က ၈၉၊ စေတသိက်တာ ၅၂ အားလုံးပေါင်း ၁၆၉ သားဆိုး ၁၆၉ ယောက်ကို မိခင်တစ်ယောက်တည်းက ထိန်းနေကျောင်းနေရသည်နှင့် တူကြောင်း ပြသည်။ ခင်တဲ့ချစ်တဲ့လူက တစ်ယောက်တည်း၊ သားဆိုးက ၁၆၉ ယောက် ဖြစ်နေပုံကို ပြသည်။ [နာ–၃၉၆] ဆရာတော်က ထိုသားဆိုးသမီးဆိုးတွေသည် သူငယ်နာ ဝမ်းပျက်ချည်း မှတ်ပါဟု ဆိုသည်။ [နာ–၃၉၇] သစ္စာနုလောကဉာဏ်၊ ကိစ္စဉာဏ် ပေါ်အောင် ဟောပြောနေခြင်း ဖြစ်သည်။ [နာ–၃၉၈] ခန္ဓာကိုယ် အလုပ်သည် သေသည့်တိုင် လုပ်၍ မပြီးနိုင်သော အလုပ်ဖြစ်ကြောင်း ပြသည်။ သားဆိုးသမီးဆိုး ၁၆၉ ယောက် နှိပ်စက်လိုက်တာ မိခင်တစ်ယောက် ကျွမ်းထိုးမှောက်၍ အပါယ်ကို ရောက်သွားသည်ဟု သရုပ်ပေါ်အောင်လည်း ဟောသည်။ [နာ–၃၉၉] ခန္ဓာသည် နှိပ်စက်တတ်သော သဘောမှတစ်ပါး ဘာမှ မရှိကြောင်း မြင်အောင်ကြည့်ပါဟု နှိုးဆော်ထားသည်။ [နာ–၄၀၁]

နှိပ်စက်တာကို မမြင်သရွေ့ ခန္ဓာကို မလိုချင်သော ဉာဏ်မရနိုင်ပါ။ [နာ–၄၀၂] နှိပ်စက်တတ်သော တရားပဲဟု မသိသေးသရွေ့ ခန္ဓာကို ခင်နေကြမည်သာ ဖြစ်သည်။ ဤသို့ မသိသရွေ့ ကာလပတ်လုံး သေရင် အပါယ်ချည်း သွားနေမည် ဖြစ်၏။ [နာ–၄၀၄] **(စတ္တရော အပါယာသက ဂေဟာသဒိယာ)** အပါယ်လေးပါး အမြဲနေအိမ် ဖြစ်နေမည်သာ ဖြစ်၏။ [နာ–၄၀၅] သစ္စာဉာဏ် မရလျှင် အပါယ်အိမ် ပြန်မလှ ဖြစ်ပုံကိုလည်း ပြသည်။ ခန္ဓာ၏ အဖြစ်ဆိုးပုံ အမျိုးမျိုးကို ပေါ်အောင် ဟောသည်။ အချိန်စေ့၍ တရားရပ်နားသည်။

*

## ၉။ ကျေးနှင့် ကေန်း စရီးသွားပုံ

[၁၉–၃–၆၁ နေ့က မန္တလေးမြို့ ဦးချစ်ဆွေ ဓမ္မာရုံတွင် ဟောသော တရား]

ကမ္မဿ–ကံကို၊ ကာရကာ– ပြုလုပ်တတ်သော ပုဂ္ဂိုလ်သတ္တဝါသည် နတ္ထိ– မရှိ၊ ဝိပါကဿ– အကျိုးတရားကို၊ ဒေဝကော– ခံစားသော ပုဂ္ဂိုလ်သတ္တဝါသည်၊ နတ္ထိ– မရှိ၊ သုဒ္ဓ ဓမ္မာဝ– သက်သက်သော ရုပ်နာမ်ဓမ္မ အကြောင်းအကျိုးတို့သည် သာလျှင် ပဝတ္တန္တိ ဖြစ်ကြကုန်၏။ ဝေမေတံ သမ္မဒဿနံ ဤသို့ ရှုမြင်သော သူအား ရုပ်နာမ်ဓမ္မများ အကြောင်းအကျိုး ဆက်၍ ဖြစ်နေသည်ကို မြင်ပါက

http://www.dhammadownload.com



မဂ်အမြင်မှန်၏။ ဝိပဿနာမဂ်အမြင် ဖြစ်ကြောင်း ဝိသုဒ္ဓိမဂ် အဋ္ဌကထာမှာ ရေးသားထားကြောင်းဖြင့် အစချီ၍ ဤတရားကို ဟောတော်မူသည်။

ဒါကြောင့် ပုဂ္ဂိုလ်သတ္တဝါစွဲ ကင်းလျှင် ဒိဋ္ဌိပြုတ်သည်ဟု ဆိုသည်။ [နှာ-၄၁၄] ဒိဋ္ဌိပြုတ်အောင် ကြိုးစားကြပါဟုလည်း တိုက်တွန်းသည်။ သို့မဟုတ်ပါက **'ဒိဋ္ဌိဗန္ဓနဗဒ္ဓါတေ၊ တဏှာသောတေနဝုယှရေ'** ဆိုသော စကားနှင့်အညီ တဏှာက ကြိုးချည်၍ တဏှာက သံသရာရေထဲ မျှောလိုက်ပါက တက်လမ်း မမြင်တော့ကြောင်း ဟောသည်။

ထို့နောက် အဝိဇ္ဇာသည် မျက်စိကန်း လမ်းသွားတာနှင့် တူပုံကို ရှင်းပြသည်။ [နှာ-၄၁၅] အဝိဇ္ဇာရှိသော ပုဂ္ဂိုလ်သည် ဒုက္ခသစ္စာကိုလည်း မသိ၊ သမုဒယသစ္စာကိုလည်း မသိ၊ နိရောဓသစ္စာကိုလည်း မသိ၊ မဂ္ဂသစ္စာကိုလည်း မသိနိုင်ပါ။ မသိဘဲ ဘဝလမ်းမှာ လျှောက်သွားနေသောကြောင့် သူကန်းပမာ ဘာမှန်း မသိဘဲ ကုသိုလ်လုပ်လိုက် ဘုံဘဝတွေ တောင့်တလိုက် လုပ်နေကြသည်။ ကုသိုလ်လုပ်လျှင် ဘုံဘဝကို မတောင့်တဘဲ ဣဒံမေ ပုညံ၊ အာသဝက္ခယံ ဝဟံတု ဖြစ်အောင် လုပ်သင့်ပုံကို ဟောထားသည်။ [နှာ-၄၁၆]

ဝိဝဋ္ဋကုသိုလ်ဖြစ်အောင် လုပ်သင့်ပုံကို ဟောသည်။ အဝိဇ္ဇာ သင်္ခါရ၏ သတ္တိကြောင့် ခန္ဓာငါးပါး ရုပ်နာမ်တရားကြီးကို ရနေကြသည်။ **ပဉ္စဝေါကာရဘုံသည် ခန္ဓာငါးပါးရှိသော ဘုံဖြစ်၏။ ကာယဘာဝ၊ ဝတ္ထုဒသက ကလာပ်ပြီးမှ ပဋိသန္ဓေစိတ်၊ ပဋိသန္ဓေ နာမက္ခန္ဓာ ပေါ်သည်ဆိုတော့ ခန္ဓာငါးပါး ပြည့်သည်**ဟု ထင်ထင်ရှားရှား ပြထားသည်။ ဤအကြောင်းများကို ဟောနေခြင်းသည် ဒိဋ္ဌိခွာနေခြင်းဖြစ်သည် ဆို၏။ [နှာ-၄၁၈] ဒိဋ္ဌိကွာလျှင် ဝိစိကိစ္ဆာ အလိုလိုပါသည်ဟုလည်း အင်္ဂုတ္တိုရ်မှာ ဆိုထားကြောင်း ပြသည်။

ထို့နောက် အစေလကဿပ မေးပုံကို ပြန်ညွှန်းသည်။ ဒုက္ခကို မိမိ ပြုတာလား ဆိုသော အမေးကို ဖြေတတ်ပြီ။ မဟုတ်ပါ အဝိဇ္ဇာသင်္ခါရ လုပ်ခြင်းဖြစ်သည်။ အကြောင်းကြောင့် အကျိုးဖြစ်သည်။ ဤသို့ နားလည်လျှင် သဿတဒိဋ္ဌိ ဝင်သည်ဟုလည်း ပြသည်။ [နှာ-၄၁၉] သုတမယဉာဏ်နှင့် စင်ပြီးလျှင် ဘာဝနာမယဉာဏ်ဖြင့် စင်ပါက ပဟာတဗ္ဗ ကိစ္စပြီးလိမ့်မည်။ ထို့နောက် အစေလကဿပ၏ ဒုတိယမေးခွန်းဖြင့် ဥစ္ဆေဒဒိဋ္ဌိကို ပယ်သည်။ ဒုက္ခကို သူတစ်ပါး လုပ်တာလား၊ မဟုတ်ပါ။ အဝိဇ္ဇာ သင်္ခါရကြောင့် ဖြစ်တာဟု သိလျှင် ပြုသူ တခြား၊ ခံရသူ တခြားလား ဆိုသော အမြင် ဥစ္ဆေဒဒိဋ္ဌိ စင်သွားနိုင်ကြောင်း ရှင်းထားသည်။ ဤတွင် ဒုက္ခဟု

http://www.dhammadownload.com



ဆိုလျှင် နာကျင်တာကို မယူပါနှင့် ဖြစ်ပျက်ကို ယူပါဟုလည်း သတိပေးထားသည်။ [နာ-၄၂၁]

ထို့နောက် ရှေ့မှာ ပြခဲ့ပြီးသောအတိုင်း အစေလကဿပ၏ မေးခွန်းများကို ဖြေထားသည်။ ခန္ဓာငါးပါးသည် (ယောက်ျား မိန်းမ မဟုတ်) ဒုက္ခသစ္စာချည်းပဲဟု နားလည်ရမည်။ ဤသို့သိလျှင် သစ္စာသိသော အဓိပ္ပာယ် ရောက်ပြီဆို၏။ [နာ-၄၂၃] ပြီးမှ သစ္စာဉာဏ်မှ ကိစ္စဉာဏ်ကို တက်ပေးသည်။ ခန္ဓာငါးပါးသည် ဒုက္ခသစ္စာဟု သိတာက သစ္စာဉာဏ်၊ ထိုခန္ဓာငါးပါးမှာ နှိပ်စက်တတ်ခြင်း ကိစ္စသဘောသာ ရှိသည်ဟု သူ့ကိစ္စကို သိလျှင် ကိစ္စဉာဏ်ဖြစ်ပြီ။ ခန္ဓာကို ခင်သော ပုဂ္ဂိုလ်ကိုသာ နှိပ်စက်သည်။ မခင်သော ပုဂ္ဂိုလ်ကို မနှိပ်စက်ပါ။ ထို့ကြောင့် သစ္စာကို မသိသူ ခန္ဓာ ခင်သည်။ သစ္စာသိလျှင် မခင်တော့ဟု ဖော်ပြသည်။

ထို့နောက် ရုပ်နာမ်နှစ်ပါးတွင် ရုပ်တရားက အကန်းနှင့် တူပုံ၊ နာမ်တရားက အကျိုးနှင့် တူပုံကို ပြသည်။ ရုပ်က ကန်းလည်းကန်း ရူးလည်း ရူးသေးသည်။ ဘယ်အခါမှာမှလည်း ရုပ်မှာ ရောဂါ မကင်းဘူးဟု ဆိုသည်။ [နာ-၄၂၇] နာမ်တရားက မျက်စိမြင်သော်လည်း ကျိုး ဖြစ်နေသည်။ သူကလည်း စိတ်ဖောက်ပြန် ရူးနေသူနှင့် တူသည်။ [နာ-၄၂၈] ထို့နောက် ကန်းနှင့်တူသော ရုပ်က နှိပ်စက်ပုံများကို ပြသည်။ [နာ-၄၃၀] ထို့နောက် ခန္ဓာကို ဆုတောင်းယူနေတာသည် အကျိုးနှင့် အကန်းဖြစ်ရပါလို၏ဟု ဆုတောင်းရာ ကျနေပုံကို ပြသည်။ ကိစ္စဉာဏ် ရအောင် သရုပ်ဖော် ဟောကြားခြင်း ဖြစ်သည်။

ကိစ္စဉာဏ် မရလျှင် မဂ်ဉာဏ်နှင့် ဝေးသေးကြောင်းလည်း ပြထားသည်။ [နာ-၄၃၄] ဤသို့ နှိပ်စက်နေသည်ဟု သိမှသာ ထိုခန္ဓာကို မလိုချင်သော မဂ်ဉာဏ် ဖြစ်ပေါ်လာမည် ဖြစ်၏။ သစ္စာနုလောမိကဉာဏ်၊ ကိစ္စဉာဏ်ဖြင့် ခန္ဓာကို ရှုနိုင်း နေခြင်း ဖြစ်သည်ဆို၏။ နှိပ်စက်တတ်တာကို သိခြင်းသည် ကိစ္စဉာဏ် ဖြစ်သည်။ သစ္စာ မသိ၍ အနှိပ်စက် ခံနေခြင်းဖြစ်သည်။ [နာ-၄၄၀] အကန်းနှင့်အကျိုးကို မခင်မှ ဝဋ်ကျွတ်မည်ဟု ဆိုသည်။ [နာ-၄၄၇] ကန်းနှင့် ကျိုးကို ခင်မင်နေလျှင် တော့ ထွက်ရပ်လမ်း ပေးမည်မဟုတ်ဟု ဆိုသည်။ [နာ-၄၄၈] ခန္ဓာဝန်ထုပ်ကြီး လေးလံပုံကို အရှင်သာရိပုတ္တရာ ဟောကြားခြင်း အကြောင်း ဟောသည်။ [နာ-၄၅၇] လောကီအလုပ်တွေ လုပ်ရတိုင်း ခန္ဓာက နှိပ်စက်ပြန်ပြီဟု တွေးသင့် ကြောင်း ဟောသည်။ ဤတရားတွင် 'ဖြစ်ပျက်သမျှ သင်္ခါရ ဒုက္ခသစ္စာမှတ်၊

http://www.dhammadownload.com



ဖြစ်ပျက်ရှုတွင် ငါကောင်ထင် ခင်မင်သမုဒယမှတ်' ဆိုသော ဆောင်ပုဒ် လင်္ကာကလေးကို ရှင်းပြထားသည်။ အချိန်စေ့၍ တရားပြီးဆုံးသည်။

*

## ၁၀။ သစ္စာသိဖို့ အရေးအကြီးဆုံး

[၂၀-၃-၆၁ နေ့က မန္တလေးမြို့ ဦးချစ်ဆွေဓမ္မာရုံမှာ ဟောသောတရား]

သစ္စာသိအောင် လုပ်ဖို့ အရေးအကြီးဆုံးဆိုသော တရားကို မိုးကုတ်ဆရာတော် ဘုရားကြီးသည် အကြိမ်ကြိမ် ဟောပါသည်။ (အမှတ်စဉ်(၁၂) စာအုပ်တွင်လည်း ၂၅-၆-၆၁ နေ့စွဲဖြင့် ဟောခဲ့ပြီးပါပြီ) အမှန်မှာ ဤတရားက ယခင်တရားထက် ဦးစွာ ဟောသောတရား ဖြစ်ပါသည်။ စာအုပ် စီစဉ်သူများ၏ အထားအသိုကြောင့် ရှေ့က စာအုပ်မှာ မပါဘဲ နောက်ထုတ်စာအုပ်ထဲ ရောက်နေခြင်း ဖြစ်ဟန်တူပါသည်။ သစ္စာသံယုတ်ပါဠိတော်မှာ သစ္စာမသိဘဲ သောတာပန်၊ သကဒါဂါမ်ဖြစ်နိုင်သည်ဆိုလျှင် မယုံသင့်ဟု ဟောထားပုံကို ပြသည်။ [နှာ-၄၆၅] သစ္စာမသိသောသူ မိုးပေါ်မြောက်လိုက်သော တုတ်ပမာ အရင်းက ကျမလား၊ အဖျားက ကျမလား၊ ဘယ်လို ပရမ်းပတာ ကျမည်ဆိုသည်ကို မသိနိုင်ကြောင်း ထပ်မံဟောသည်။ သစ္စာ သိပြီး ဖြစ်ပါက သံသရာမှာ ကျချင်သလို ကျပါစေ၊ အပါယ်ဘေး (ဝိနိပါကဘေး)က လွတ်ပြီဟု ဆိုသည်။ [နှာ-၄၆၆]

သစ္စာကို ပြောတိုင်း ဆရာတော်သည် ပဋိစ္စသမုပ္ပာဒ်ကို အခြေခံ၍သာ ဟောပါသည်။ ပဋိစ္စသမုပ္ပာဒ် တစ်ခုလုံးသည် (ဧဝမေတဿ၊ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ) ဆိုသောကြောင့် ဒုက္ခသစ္စာချည်းပဲ ဖြစ်သည်။ [နှာ-၄၆၈] ခန္ဓာက ဒုက္ခသစ္စာ၊ သူ့အလုပ်က နိပ်စက်တာပဲ ဖြစ်၏။ [နှာ-၄၆၉] ပြီးနောက် သစ္စာမသိ၍ ပရမ်းပတာဘေးသင့်ပုံ သာဓကများကို ပြသည်။ သစ္စာသိအောင် ပရမ်းပတာဘေးက လွတ်အောင် လုပ်ကြဖို့လည်း တိုက်တွန်း နှိုးဆော်ထားသည်။ [နှာ-၄၇၀]

သတိပဋ္ဌာန် အလုပ် လုပ်ကြပါဟု ဆိုသည်။ သတိပဋ္ဌာန်အလုပ်သည် သစ္စာသိသော အလုပ်ဖြစ်ကြောင်းလည်း ဟောသည်။ [နှာ-၄၇၁] သစ္စာသိချင်လျှင် အဝိဇ္ဇာကို ဝိဇ္ဇာဖြစ်အောင် လုပ်ရမည်ဟုလည်း ဟောသည်။ [နှာ-၄၇၂] အဝိဇ္ဇာက မသိတာ၊ ပြုတာက သင်္ခါရ၊ ပေါ်တာက ဒုက္ခသစ္စာ၊ ဤကား ခန္ဓာ၏ ဖြစ်စဉ်

http://www.dhammadownload.com



(ပဋိစ္စသမုပ္ပါဒ်) ဖြစ်၏။ [နာ-၄၇၃] ခန္ဓာကိုယ် ဒုက္ခသစ္စာကြီးကလည်း အကျိုး (နာမ်)နှင့် အကန်း(ရုပ်)ပဲ ဖြစ်သည်။ (ယမန်နေ့က ပြခဲ့ပြီ) [နာ-၄၇၃] အကျိုးနှင့် အကန်း ပေါင်းထားသော ရုပ်နာမ်ခန္ဓာက သူ့ကို ခင်သူအား နှိပ်စက်တတ်သည်။ 'ဝိရာဂေါတိ မဂ္ဂေါ' ဆိုသဖြင့် မခင်သူ၊ မခင်ခြင်းသည်သာ မဂ်ဖြစ်၏။ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်ရဟန္တာ ဖြစ်သွားသည်။ [နာ-၄၇၆] ရုပ်နာမ်ခန္ဓာကို မခင်သောအခါ သစ္စာကို သိသောအခါကျမှ သူက မနှိပ်စက် နိုင်တော့ကြောင်း ရှင်းပြထားသည်။ [နာ-၄၇၈]

ခန္ဓာဖြစ်စဉ်က နှိပ်စက်နေတာတွေကို ဉာဏ်နှင့် မြင်အောင် ကြည့်ရမည်။ ကြည့်သောအခါ ရုပ်ကလည်း ဖြစ်ပျက်၊ နာမ်ကလည်း ဖြစ်ပျက်နေတာပဲ တွေ့ရမည်။ ခန္ဓာငါးပါး သင်္ခါရတရားတို့၏ ဖြစ်မှု ပျက်မှုကို မြင်လျှင် ဒုက္ခသစ္စာ နှိပ်စက်တာကို မြင်နိုင်ကြောင်း ဟောသည်။ [နာ-၄၈၁] **'ဖြစ်ပျက်သမျှ သင်္ခါရ ဒုက္ခသစ္စာမှတ်'** ဆိုသော ဆောင်ပုဒ်ကို ပေးသည်။ **'နာညတြ ဒုက္ခသမ္ဘောတိ'** ဒုက္ခကို ကြဉ်ထား၍ဖြစ်သော တရားသည် နတ္ထိ မရှိဟုလည်း ပြထားသည်။ [နာ-၄၈၃]

ဖြစ်တာလည်း ဒုက္ခပဲ၊ ပျက်တာလည်း ဒုက္ခပဲ ဖြစ်သည်။ ခန္ဓာမှာ ဘာပေါ်ပေါ် ဖြစ်ပျက်ပဲ ဒုက္ခသစ္စာပဲ။ သားရေးသမီးရေး၊ စီးပွားရေးထက် ဒုက္ခသစ္စာ မြင်ရေးကို ဂရုစိုက်လိုက်စမ်းပါဟု အားမရဘဲ တိုက်တွန်းထားသည်။ [နာ-၄၈၄] ဝေဒနာရှုရှု၊ စိတ်ရှုရှု၊ ဖြစ်ပျက်မြင်အောင် ရှုရမည်။ ဖြစ်ပျက် မြင်စေချင်တယ်ဟု ဆန္ဒ ပြုထားသည်။ သတိပဋ္ဌာန် လေးပါး တစ်ပါးပါး ကြိုက်ရာ ရှုပါ။ ရှုလိုက်လျှင် သစ္စာဆိုက်တာပဲဟု ဆိုသည်။ [နာ-၄၈၉]

'ဖြစ်ပျက်သမျှ သင်္ခါရ ဒုက္ခသစ္စာ မှတ်' လင်္ကာကို သုံးခေါက်ဆိုခိုင်းသည်။ ဖြစ်ပျက်မြင်နေလျှင် သစ္စာဆိုက်နေပြီ။ [နာ-၄၉၀] ဖြစ်ပျက် ဒုက္ခသစ္စာမြင်တာသည် မဂ္ဂသစ္စာ၊ ဤမဂ်က လောကီမဂ်၊ ဝိပဿနာမဂ် ဖြစ်သည်။ နောက်ကျတော့ လောကုတ္တရာမဂ်ကို ရောက်လာမည်ဟု ဆိုသည်။ ပြီးမှ **'ဖြစ်ပျက်မှုတွင် ငါကောင်ထင်၊ ခင်မင်သမုဒယ မှတ်'** ဟု ဆောင်ပုဒ်လင်္ကာကို ထပ်ပေးသည်။ [နာ-၄၉၀]

ခင်ဖျားတို့ သစ္စာလည်း ကွယ်ပါရော ဘဝဆက်သွားပြီ ဆိုပြီး တဏှာ၊ ဥပါဒါန်၊ ကံ၊ ဇာတိ၊ ဇရာ၊ မရဏ ဆက်သွားပုံကို ပြသည်။ သံသရာဆက်ပုံ ဖြစ်၏။ သင်္ခါရကို ငါကောင်ထင်လျှင် ပဋိစ္စသမုပ္ပါဒ်ကို ဖြတ်၍ မရတော့ပါ။ [နာ-၄၉၆] ငါကောင်ထင်သော အပြစ်ကြောင့် အပါယ် သွားနေကြရသည်။

http://www.dhammadownload.com



[နာ-၄၉၇] ခဏ္ဍက သုသာန်သွားတာမြန်လှသည်။ သုသာန်မရောက်ခင် သစ္စာဉာဏ် ရအောင် အလျင် ဦးစားပေး လုပ်သင့်ကြောင်း တိုက်တိုက်တွန်းတွန်း ဟောသည်။ [နာ-၄၉၉] ဒါကြောင့် သင်္ခါရကို ငါကောင် မထင်အောင် ဝိပဿနာအလုပ် မြန်မြန် လုပ်ရမည်။ [နာ-၅၀၀]

'ဖြစ်ပျက်သမျှ သင်္ခါရ ဒုက္ခသစ္စာမှတ်' ဤသံပေါက်ကို ရှုရမည်။ 'ဖြစ်ပျက်မှု တွင် ငါကောင်ထင် ခင်မင် သမုဒယ မှတ်' ဤသံပေါက်မှ သမုဒယကို ပယ်ရမည်။ ဖြစ်ပျက်မြင်သော ဥဒယဗ္ဗယဉာဏ်က အထက်ကို ဉာဏ်အဆင့်ဆင့် တက်သွားလျှင် ရုပ်နာမ်သင်္ခါရအားလုံး ချုပ်ဆုံးသွားတာ မြင်ရလိမ့်မည်။ [နာ-၅၀၃] ထိုအဆင့်ကို ဆရာတော်က **'ရုပ်နာမ်အားလုံး ဖြစ်ပျက်သုဉ်း၊ ချုပ်ဆုံးနိဗ္ဗာန် မှတ်'** ဟု လင်္ကာ ဆောင်ပုဒ် ပေးထားသည်။ ကိုယ်ဟာ တိဟိတ်လည်း မှန်မယ်၊ အလုပ်လည်း မှန်မယ်၊ ဝီရိယလည်း မလျှော့ဘူးဆိုလျှင် မဂ်ဉာဏ်ဖိုလ်ဉာဏ် နိဗ္ဗာန်ကို ရပါသည်။ ဘယ်အထိ လုပ်ရမလဲ၊ ပထမ ဖြစ်ပျက် မြင်အောင်လုပ်၊ ဒုတိယ ဖြစ်ပျက် ဆုံးအောင် လိုက်၊ ကြားက ဉာဏ်တွေ သူ့ဟာသူ ပေါ်လာလိမ့်မည်။ [နာ-၅၀၆] ရုပ်နာမ် အားလုံး ချုပ်ဆုံးသွားမှုကို ဉာဏ်က မြင်လိုက်လျှင် မဂ်ရပြီဟု မှတ်ရမည်။

ဆောင်ပုဒ်သံပေါက်မှာ **'ချုပ်ဆုံးမှုတွင် ဉာဏ်သက်ဝင်၊ သိမြင် မဂ်ဟုမှတ်'** ဟူ၍ ဖြစ်ပါသည်။ [နာ-၅၀၇] မဂ်ဖိုလ်ရလျှင် သောတာပန် ဖြစ်ပြီ။ [နာ-၅၀၉] မဂ်ပြီးလျှင် ဖိုလ်လာသည်။ အကာလိကော အခါမလင့် အကျိုးပေးသည်။ ဆုတောင်းစရာ မလိုပါ။ ဤလင်္ကာသံပေါက်များသည် အလုပ်စဉ် ဖြစ်၏။ ဖြစ်ပျက် မြင်အောင် လုပ်၊ ဖြစ်ပျက်မြင်လျှင် လောကီမဂ်(ဝိပဿနာမဂ်) ဖြစ်ပြီ။ ဖြစ်ပျက် သင်္ခါရတွေကို ငါ မထင်ပါစေနှင့်၊ သဿတဒိဋ္ဌိ ဥစ္ဆေဒဒိဋ္ဌိကို ခွာပါ။ [နာ-၅၁၁] ဒိဋ္ဌိခွာပြီး ရှုလိုက်လျှင် ဖြစ်ပျက်ဆုံး နိဗ္ဗာန်ကို လောကုတ္တရာမဂ်ဖြင့် မျက်မှောက် ပြုသွားလိမ့်မည်။ [နာ-၅၁၂] ဒိဋ္ဌိခွာပြီး ဝိပဿနာအလုပ်ကို လုပ်ပါ။ ခရီးပေါက် လိမ့်မည်ဟု ဟောရင်း အချိန်စေ၍ တရားနားသည်။

*

## ၁၁။ ကိုယ့်အကြောင်း ကိုယ်သိရမည် (၁)

[၂၁-၃-၆၁ နေ့က မန္တလေးမြို့ ဦးချစ်ဆွေဝမ္မာရုံမှာ ဟောသောတရား]

"ကိုယ့်အကြောင်းကို ကိုယ်စဉ်းစားရမည်" ဆိုပြီး ဤတရားကို စတင် ဖွင့်လှစ်သည်။ ဘယ်ဘဝက လာကြသလဲဆိုလျှင် မသိပါဘုရားဟုသာ ဖြေတတ်

http://www.dhammadownload.com



ကြသည်။ ကောင်းပြီ ဒါဖြင့် ဤဘဝက စုတေမနေ သေလွန်လျှင် ဘယ်ကို သွားကြမှာတုံး မသိပါဘုရားပဲ ဖြေရလိမ့်မည်။ ဘယ်ကလာ၍ ဘယ်သွားရမှန်း မသိ ဖြစ်နေကြပုံကို ဟောသည်။ [နှာ-၅၁၄] ထို့နောက် ဓမ္မပဒမှာ လာသော ရက်ကန်းသည်မကလေး ကုမ္မာရီဝတ္ထုကို ဟောသည်။

အာဠဝီပြည်က ရက်ကန်းသမကလေး ကုမ္မာရီကို တွေ့သောအခါက ချစ်သမီး ဘယ်ကလာလဲ၊ မသိပါ ဘုရား။ ဘယ်ကို သွားမှာလဲ၊ မသိပါ ဘုရား။ မသိဘူးလား၊ သိပါသည် ဘုရား။ တကယ်ပဲ သိရဲ့လား၊ မသိပါဘုရားဟု ဖြေပုံ။ ဘုရားက ဘယ်ဘဝက မင်းလာတာလဲ၊ သေရင် ဘယ်ကို သွားမှာလဲ၊ သေမှာ မသိဘူးလား၊ ဘယ်မှာ ဘယ်အခါ သေမလဲ ဆိုသည်ကို မသိပါ၊ မသိပါ၊ သိပါသည်၊ မသိပါဟု ဖြေပုံ ဝတ္ထုဖြစ်သည်။ [နှာ-၅၁၅]

ဆရာတော်က လူဖြစ်နေစဉ် ဘယ်က လာသလဲ မသိလျှင်ထား၊ ဘယ်ကို သွားမလဲတော့ သိဖို့ကောင်းကြောင်း ဟောသည်။ ဒါကို လုပ်လျှင်ရသည်။ လုပ်ဖို့ အချိန် ရှိသေးသည်။ သေလျှင် ဘယ်ကိုသွားမည် ဆိုသည်ကို သိအောင်လုပ်သော နည်းရှိသည်။ [နှာ-၅၁၇] စိတ္တသူကြွယ်တို့မှာ သေလျှင် သူ သွားရမည့်လမ်းကို သိနှင့်ပုံကို ဟောသည်။ ဤတွင် သွားရာလမ်း သိအောင် လုပ်ဖို့အတွက် **'ငါသည် မုချ သေရမည် အချိန်ပိုင်းသာ လိုတော့သည်'** ဟု မရဏာနုဿတိတရားကို လက်ကိုင် ထားသင့်ကြောင်းကို ဟောသည်။ [နှာ-၅၂၁] တရားဟောနေသော ဘုန်းကြီးရော၊ တရားနာ ပရိသတ်ရော သုဿန်သွားရင်း တရားဟော၊ တရားနာ နေကြခြင်း ဖြစ်သည်။ သေဖို့မှာ အချိန်ပိုင်းသာ လိုတော့သည်ဟု နှလုံးသွင်းထားကြမှ သင့်ပါလိမ့်မည်။ [နှာ-၅၂၄] သွားရမည့် ခရီးလမ်းကို သိထားပါက ပြုံးသေ ဖြစ်နိုင်သည်။

နိဗ္ဗာန်သည် ရဟန္တာတို့၏ လားရာဂတိ ဖြစ်သည်။ နိဗ္ဗာန် မရသေးစေကာမူ သုဂတိရောက်အောင် သုဂတိကနေ ဘုံစဉ်စံပြီး (အောက်သို့ ပြန်မဆင်းဘဲ) နိဗ္ဗာန် ကူးအောင် လုပ်ထားနိုင်လျှင် ပြုံးသေဖြစ်ပြီ။ [နှာ-၅၂၄] ဤတွင် ဆရာတော်က **"အသေမဦးမီ ဉာဏ်ဦးအောင် လုပ်"** ဆိုသော ဆုံးမစကားကို သုံးထားသည်။ [နှာ-၅၂၅]

မသေခင် နိဗ္ဗာန်အမြင်၊ သောတာပန်အမြင် ရထားလျှင်ပင် အပါယ်တံခါး ပိတ်ပြီ။ သွားရာ ခရီးလမ်းကို သိပါပြီ။ [နှာ-၅၂၆] သေရန် အချိန်သာလိုသူတွေချည်း ဖြစ်သည်။ သေခါနီးနေသူတိုင်း မိမိ သွားရာခရီးလမ်းကို သိဖို့ရာသာ အရေးတကြီး

http://www.dhammadownload.com



လုပ်ကြရပေမည်။ [နှာ-၅၂၇] သေကံနီးက သေကံဝေး သားရေး သမီးရေးတွေ တွေးပြီး ပူမနေ၊ ငဲ့မနေသင့်ကြောင်း ဟောသည်။ [နှာ-၅၂၈]

သေကံဝေးကို သေကံနီးက ငဲ့နေသည် ဆိုခြင်းမှာ ကြား၍ မတော်သော စကား၊ ဉာဏ်ရှိလျှင် ရှက်စရာကောင်းသော စကားဖြစ်သည်။ [နှာ-၅၂၉] ရေနစ်နေသူက ကုန်းပေါ်က လူတွေကို စိတ်မချသလို ဖြစ်နေကြောင်း နမူနာ ပြထားပုံမှာ သရုပ် ပါလှသည်။ [နှာ-၅၃၀]ကိုယ့်အရေး ကိုယ် လွတ်အောင်ရှန်းဖို့ အရေးကြီးကြောင်း ပြသည်။ သံဝေဂဉာဏ် ရလောက်အောင် စကား တန်ဆာဆင်၍ ဟောသည်။ ဘုရားဟော သစ္စာစကားကို ယုံသင့်ပုံ၊ တဏှာ ပြောတာ မယုံသင့်ပုံကို ဟောသည်။ ဉာဏ်နောက်လိုက်မှ ချမ်းသာမည်။ တဏှာနောက်ကို လိုက်လျှင် သောကရောက်မည်ဟု ဟောသည်။ [နှာ-၅၃၅] တရားနာပြီး အိမ်ပြန်လျှင် သတိပဋ္ဌာန် လက်ကိုင်ထားပြီး ပြန်ပါ။ တဏှာနှင့် မပြန်ပါနှင့်ဟုလည်း သတိပေး တိုက်တွန်းထားသည်။ [နှာ-၅၃၇]

ထို့နောက် ရဟန္တာကြီးလေးပါး နိဗ္ဗာန်မြင်ပုံ ဝတ္ထုကို ဟောသည်။ (သဠာယတန သံယုတ်ပါဠိတော် ကိံသုကောပမသုတ်) ပေါက်ပင်ကို နမူနာထားပြီး ဟောသော သုတ်ဖြစ်သည်။ [နှာ-၅၃၇] ရဟန်းတစ်ပါးက ဘုရားလက်ထက်တော် အခါက နိဗ္ဗာန်မြင်ပုံ အလွန် သိချင်သည်။ သူက ရဟန္တာကြီးလေးပါးထံမှာ သွားပြီး စုံစမ်းမေးမြန်းသည်။ ပထမနံပတ်(၁) ရဟန္တာထံသွားပြီး အရှင်ဘုရားတို့ အမြင်မှန် ရပုံကို သနားသဖြင့် ရှင်းပြပါဘုရားဟု လျှောက်ထားသည်။ ပထမ ရဟန္တာက ခန္ဓာငါးပါး ဖြစ်ပျက်မြင်လျှင် အမြင်မှန် ရတာပဲဟု ဖြေလိုက်သည်။ ဒုတိယရဟန္တာထံ သူက သွားမေးပြန်သည်။ ဒုတိယရဟန္တာက အာယတန ခြောက်ပါး၏ ဖြစ်ပျက်ကို ရှုလျှင် အမြင်မှန်ဖြစ်ကြောင်း ဟောလိုက်သည်။

ထိုအခါ ပုထုဇဉ်ရဟန်း စိတ်ထဲမှာ ရဟန္တာ အမှတ်(၁)က ငါးပါး ရှု၊ ရဟန္တာ အမှတ်(၂)က ခြောက်ပါးရှုဟု ဆိုသည်ထင်ပြီး သူ့အထင် ငါးပါးခြောက်ပါး ကိုသာ ယူသည်။ ဖြစ်ပျက်မြင်အောင် ရှုပါဆိုသော စကားကို အရေးမထားတော့ပေ။ ပုထုဇဉ်ရဟန်းက ငါးနှင့်ခြောက်ကိုသာ ပဓာန ထားနေလေသည်။ [နှာ-၅၄၉] စင်စစ် ဖြစ်ပျက်ကို ကျအောင် သူ စဉ်းစားလျှင် ငါးခြောက်က အရေးမကြီး၊ ဖြစ်ပျက်မြင်မှုကသာ အရေးကြီးကြောင်း သူ နားလည်နိုင်သည်။ သူက **'သမုဒယဓမ္မ အတ္ထင်္ဂမဓမ္မ'** ဖြစ်ပျက်ကို ဉာဏ် မရောက်ပါ။ [နှာ-၅၅၁] ပုထုဇဉ်ရဟန်းစိတ်တွင်

http://www.dhammadownload.com



သည်။ သူက နောက်ရဟန္တာတစ်ပါးကို မေးပြန်သည်။ ထိုပုဂ္ဂိုလ်က ဓာတ်ကြီးလေးပါး၏ ဖြစ်ပျက်ကို မြင်လျှင် အမြင်မှန်ဖြစ်ကြောင်း ဟောလိုက်သည်။ ပုထုဇဉ်ရဟန်းက မရိပ်မိ။ သူက ငါးပဲ၊ ခြောက်ပဲ၊ လေးပဲ စွဲနေသည်။ စတုတ္ထရဟန္တာထံသူ သွားပြန်သည်။ ထိုရဟန္တာက တရားအားလုံး ဖြစ်ပျက်ချည်းပဲဟု ဖြေသည်။ ဖြစ်ပျက်မြင်လျှင် အမြင်မှန်ပဲဟု ဖြေပြန်သည်။ အနိစ္စ မရှိတာကို ဉာဏ်က သိရမည်။ မရှိတာထက် မသိတာခက် မလုပ်ပါနှင့် မရှိတာ(အနိစ္စ)ကို သိအောင် လုပ်ပါဟု ဟောသည်။ ရဟန္တာလေးပါးစလုံးက ဖြစ်ပျက်မြင်မှုကိုချည်း ပဓာနထားပြီး ဟောသည်။ ပုထုဇဉ်ရဟန်းက ဉာဏ်မရောက် ခြောက်၊ ငါး၊ လေး၊ နှစ်မှာ သောင်တင်နေသည်။ ထိုရဟန်း မကျေနပ်၍ ဘုရားထံ သွားမေးဦးမည်။ ဘုရား၏ အဖြေ မနက်ဖြန်မှ ဟောမည်ဆိုပြီး အချိန်စေ့၍ တရားနားလိုက်သည်။

*

## ၁၂။ ကိုယ့်အကြောင်း ကိုယ်သိရမည်(၂)

[၂၁-၃-၆၁ နေ့က မန္တလေးမြို့ ဦးချစ်ဆွေမွှေ့ရုံတွင် ဟောသောတရား]

ကိုယ်အရေး ကိုယ်မှတ်ကြပါဟူသော သတိပေး တိုက်တွန်းချက်ဖြင့် ဤတရားကို ဟောသည်။ ယမန်နေ့က ဟောသောတရားမှာ အဆုံးမသတ်နိုင်ဘဲ အချိန်စေ့၍ တရားနားခဲ့လေသည်။ ကိုယ့်အရေးဆိုတာ မလွဲသာသော အိုနာသေဘေးကို ဆိုကြောင်း ဖော်ပြသည်။ ဒါကြောင့် အိုနာသေဘေးကင်းသော နိဗ္ဗာန်ကို ရောက်ဖို့ အရေးကို ရှာသင့်ကြောင်း ဟောသည်။ [နှာ-၅၆၅] ဉပရိပဏ္ဏာသပါဠိတော်မှာ ဘုရားက အရှင်သာရိပုတ္တရာကို ဟောကြားချက် အားကိုးအားထားသည် 'ယောခေါသာရိပုတ္တ ဣမံ ကာယံ နိက္ခိပတိ' သာရိပုတ္တရာ ဤခန္ဓာကြီးမှာ ပစ်ခဲ့ရမည့် ခန္ဓာကြီး ဖြစ်သည်။ ဤခန္ဓာကို စွန့်ပြီးနောက် ခန္ဓာရခြင်းသည်လည်း မဖြစ်သင့်ခြင်းသာ ဖြစ်၏။ [နှာ-၅၆၆]

'သဉပဝဇ္ဇောတိဝဒါမိ' ဤသို့ ဆိုသောကြောင့် ဤခန္ဓာကို စွန့်ပစ်ပြီးပါက နောက်ခန္ဓာ မရမှသာလျှင် အကောင်းဆုံးဖြစ်ကြောင်းကို ဟောသည်။ [နှာ-၅၆၉] ဒါကြောင့် ဒကာ ဒကာမများသည် ဘဝကူးကောင်းဖို့ထက် ဘဝဝဋ်ကျွတ်ဖို့ကိုသာ ရည်မှန်းသင့်သည်။ [နှာ-၅၇၀] ဘဝကူးကောင်းဆိုတာ ဘုရားကြိုက် မဟုတ်ကြောင်း ပြထားသည်။ ဘဝပြတ်အောင်လုပ်ဖို့ နောက်ထပ် ဘဝမရအောင် လုပ်ဖို့

http://www.dhammadownload.com



ကိုသာ ဆန္ဒပြင်းပြစွာ ထားသင့်သည်။ သို့မှသာ ဘုရားအကြိုက်ဖြစ်ကြောင်း ဟောသည်။[နှာ-၅၇၁] ဆန္ဒသုတ်မှာ ဟောသောတရားဖြစ်သည်။ ထို့နောက် အင်္ဂုတ္တိုရ်၊ ဆက္ကနိပါတ်လာ သေနည်းကို သင်ပေးမည်ဟု ဆိုသည်။ [နှာ-၅၇၃] နောက်ခန္ဓာ မရအောင် အပြစ်ရှောင်နည်း ဖြစ်သည်ဟုလည်း ဆိုထားသည်။ [နှာ-၅၇၄]

ဒီခန္ဓာအပေါ် အနိစ္စလက္ခဏာမြင်အောင် ဖြစ်ပျက်တင်ရှုဖို့ ကြိုးစားပါဟု တိုက်တွန်းသည်။ ဒီဘဝမှာ သားရေးသမီးရေး၊ စီးပွားရေးကြောင့် မဂ်ဉာဏ်ဖိုလ်ဉာဏ် မရနိုင်ဘူး။ ဝိပဿနာဉာဏ်လောက်ပဲ ရသည် ဆိုပါစို့။ ဝိပဿနာဉာဏ် ရလျှင် သေပေါက်သေဝ သေခါနီးမှာ သောတာပန် သကဒါဂါမ် ဖြစ်နိုင်သည်ဟု ဆိုသည်။ [နှာ-၅၇၅] ရှင်စဉ်အခါကပင် ဝိပဿနာအလုပ်ကို အာစိဏ္ဏကံဖြစ်အောင် အားထုတ်ထားသူများအတွက်ကို ဆိုလိုသည်။ ရထားသော ဤခန္ဓာကြီးသည် အနိစ္စပဲ၊ ဒုက္ခပဲ၊ အနတ္တပဲဟု ရှုမြင် ဆင်ခြင်၍ သေတတ်လျှင် သေခါနီးမှာပင် သောတာပန် ဖြစ်နိုင်သည်ဟု ဟောထားသည်။ [နှာ-၅၇၅] သေခါနီးမှာ ဘုရားကိုလည်း မတွေ့၊ သံဃာတော်တွေလည်း မတွေ့လျှင် ကိုယ့်ကိုယ်ကိုယ် ဆင်ခြင် သုံးသပ်ပြီး သေတတ်ရမည်ဟု မိန့်ထားသည်။ ဝိပဿနာ ရှုပြီး သေခြင်းကို ဆိုလိုသည်။ [နှာ-၅၇၆]

သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်လည်း တစ်ပါးသော ခန္ဓာ ရပါသေး၏။ သို့သော် အရပ်ဆိုး ခန္ဓာ မဟုတ်တော့ပါ။ အနာဂါမ်ဖြစ်ပြီးသော ပုဂ္ဂိုလ် သေခါနီးမှာ ခန္ဓာကိုယ်ကို ဆင်ခြင်သုံးသပ်ပြီး လက္ခဏာရေးသုံးပါး ထင်တတ်လျှင် သေခါနီးမှာ ရဟန္တာဖြစ်နိုင်သည်ဟုလည်း ဟောတော်မူသည်။ [နှာ-၅၇၇] ဖဂ္ဂုန သုတ်ကို ရည်ညွှန်းပြီး ဟောသည်။ သေခါနီးမှာ ဝေဒနာ တစ်ခုခု လာမည်။ ထိုဝေဒနာကို ကျော်ပြီး အနိစ္စဖြစ်ပျက် မြင်အောင် ရှုရမည်။ [နှာ-၅၇၈] ထို့နောက် နာဗုကလာပီသုတ်(သံယုတ်)ကို ကိုးပြီး ဝေဒနာ၊ သညာ၊ သင်္ခါရ ချုပ်လျှင် ဝိညာဉ် လည်း ချုပ်ကြောင်း ဟောသည်။ ဝိညာဏနိရောဓာ၊ နမရူပနိရောဓော နာမ်ရုပ်ချုပ်ပြီး။ **'ရုပ်နာမ်အားလုံး ဖြစ်ပျက်သုဉ်း ချုပ်ဆုံးနိဗ္ဗာန်မှတ်'** ဆိုသော လင်္ကာဆောင်ပုဒ်ကို ပေးထားသည်။ [နှာ-၅၇၉]

သေခါနီး ကိုယ့်ကိုယ်ကိုယ် ဆင်ခြင်ပြီး သေလျှင် သေခါနီးမှာ ကပ်ပြီး သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ် ဖြစ်နိုင်ကြောင်း ထပ်ဟောပြန်သည်။ ဖဂ္ဂုနကို အကြောင်းပြုပြီး ဘုရားက ဤသို့ ဟောကြားကြောင်း ဝတ္ထု သာဓက ထုတ်ပြသည်။ [နှာ-၅၈၂] ဤသို့ သေပေါက်သေဝကျလျှင် တရားရှုမှတ်နိုင်ရန်အတွက် အာစိဏ္ဏကံ

http://www.dhammadownload.com



ဖြစ်အောင် လေ့ကျင့်ထားရမည်။ [နာ–၅၈၃] အာစိဏ္ဏကံ လုပ်ထားပါက သေခါနီး အာသန္နကံမှာ အကျိုးရလဒ် လာထင်နိုင်သည်။ သေခါနီးမှာ ဖြစ်ပျက် ဝိပဿနာ ရှုတတ်မည် ဖြစ်၏။ ထိုအချိန် သေပေါက်သေဝမှာ အားစိုက်ပြီး ရှုလိုက်လျှင် ရှင်တုန်းက ပုထုဇဉ်လည်း သေခါနီးမှာ သောတာပန် ဖြစ်နိုင်ပုံကို ဟောသည်။ [နာ–၅၈၄] ကိံသုကောပမသုတ်ကို ပြန်ကောက်ပြီး ဟောသည်။

ရဟန်းတစ်ပါးက ရဟန္တာကြီး လေးပါးကို ဘယ်အမြင်သည် မှန်သော အမြင် ဖြစ်ပါသလဲဟု မေးသော ကိစ္စဖြစ်သည်။ [နာ–၅၈၆] ရဟန္တာကြီးများ အဖြေပေးကြပုံကို ရှေ့က တရားတွင် ဖော်ပြခဲ့ပြီးပြီ။ ဤတွင် ရဟန်း၏ အမေး ပုစ္ဆာကို တည်ပြီး အလုပ်စဉ်များကို ဆရာတော်က ကြားညှပ်ဟောသည်။ ခန္ဓာ ဒုက္ခသစ္စာ၏ အပြစ်များကို ပြသည်။ ရဟန္တာပုဂ္ဂိုလ်များ၏ အဖြေများကို ပုထုဇဉ် ရဟန်းက မကျေနပ်၊ သူက ခြောက်၊ ငါး၊ လေးကိုပဲ မှတ်နေသည်။ ဖြစ်ပျက်မှု ဆိုသော စကားကို အရေးမထား၊ နောက်ဆုံး စိတ်မကျေနပ်၍ မြတ်စွာဘုရားထံသို့ ရောက်သည်။ သို့သော် ဤတရားမှာလည်း ဘုရား၏ အဖြေကို ရောက်အောင် မဟောဘဲ စတုတ္ထရဟန္တာ၏ ဖြေပုံ၊ ခန္ဓာမှာ ဖြစ်ပျက်ပဲ ရှိသည်။ ဖြစ်ပျက်မြင်လျှင် အမြင်မှန်ပဲဆိုသော အကြောင်းကို ပြောရင်း တရားပြီးဆုံးပြန်သည်။ ဘုရားထံ မရောက်ဘဲ ဆုံးသွားပြန်သည်။

*

## ၁၃။ ဝိပဿနာရှုဖို့ အကြိမ်ကြိမ် မှာခြင်း

[၂၂–၃–၆၁ နေ့က မန္တလေးမြို့ ဦးချစ်ဆွေဓမ္မာရုံမှာ ဟောသောတရား]

ဘုရားသခင် ကိုယ်တော်မြတ်ကြီးသည် တရားနာသူများအား ၁၇၉၂ ကြိမ် တိုင်တိုင် အရေးကြီးသော စကားကို ခဏခဏ မှာကြားတော်မူခဲ့ကြောင်းဖြင့် စ၍ ဤတရားကို ဟောခဲ့ပါသည်။ 'ဈာယထ ဘိက္ခဝေ မာပမာဒတ္ထ' ရဟန်းတို့ ခန္ဓာကိုယ်ကို ဝိပဿနာ ရှုကြပါ။ သားရေးသမီးရေး၊ စီးပွားရေးကြောင့် မေ့မနေကြ ပါနှင့်ဟု မှာတော်မူကြောင်း ဟောသည်။

မေ့မေ့လျော့လျော့ ပေါ့ပေါ့ဆဆ နေခဲ့ကြလျှင် ပစ္ဆာ၊ သေရာ ညောင်စောင်း၌ လဲလျောင်းကြရသောခါကျမှ ဝိပ္ပဋိသာရီနော နှလုံး မသာယာခြင်း ရှိကြကုန်သည်။ မာအဟုဝတ္ထ မဖြစ်ကြပါကုန်လင့်ဟု မှာတော်မူကြောင်း သတိပေး ဆုံးမထားသည်။

http://www.dhammadownload.com



ထို့နောက် သေခါနီး မရဏာ သန္နဇော စောချိန် ကြုံရတွေ့ရတတ်ပုံများကို ဟောသည်။ ထိုအချိန်ကျမှ ငါ နေခြင်းဆိုး နေခဲ့မိပြီဟု သံဝေဂရလည်း နောက်ကျသွားပြီ။ ကိုယ်ကျိုးနည်းချေပြီဟု အသိနောက်ကျသွားပြီ ဖြစ်ကြောင်း ဖော်ပြထားသည်။ [နှာ–၆၁၇] သေပေါက်သေ၀ မရဏာသန္နကျလျှင် အသေဆိုး သေရတော့မည့် အရေးကို နိမိတ်များ မြင်ပြီး သိရတော့မည်။ ထိုအချိန်ကျမှ သိလျှင် အသိနောက်ကျ သွားပြီ။ ယခုအချိန်သည်ကား ကယ်နိုင်ယူနိုင်သော အချိန် ဖြစ်နေသေး၏။ [နှာ–၆၁၉] ထို့ကြောင့် မိမိကိုယ်ကို ကယ်တင်ဖို့ ကိစ္စကို ဦးစားပေး၍ စဉ်းစားသင့်ကြောင်း အကျယ်ဟောတော်မူသည်။ [နှာ–၆၂၂–၆၂၃]

မသေခင်က ဝိပဿနာ အလုပ်ကို ရှုကြ၊ မမေ့ကြနှင့် သေခါနီး အိပ်ရာဖျာကပ်ဖြစ်မှ မျက်ရည် မကျကြနှင့် ဤကား **အယံ ဝေါ အမှာကံ၊ အနုသာသနီ** အမှာကံ ငါ၏၊ အနုသာသနီ ကြီးသော အဆုံးအမပေတည်း။ [နှာ–၆၂၃] ဤတွင် ပရိဗိုဇ်တွေက အရှင်သာရိပုတ္တရာကို သုခနှင့်ဒုက္ခ ဆိုတာကို ရှင်းပြပါဟု မေးပုံဝတ္ထုကြောင်းကို အကိုးအကား ပြသည်။ [နှာ–၆၂၆] ထိုအမေးကို ဖြေကြားရာ၌ ဘုရားက **'အဘိနိဗ္ဗတ္တိဒုက္ခံ'** နောက်တစ်ဖန် ပဋိသန္ဓေ နေရခြင်းသည်၊ ဒုက္ခံ ဒုက္ခပဲ၊ **'အနဘိနိဗ္ဗတ္တိ သုခံ'** နောက်တစ်ခါ ပဋိသန္ဓေ မနေရခြင်းသည် သုခပဲဟု ဖြေတော်မူခဲ့လေသည်။ [နှာ–၆၂၆] ပရိဗိုဇ်က ထိုအခါ ကျဉ်းလွန်းလှပါသည် ဘုရား အကျယ်မိန့်တော်မူပါဦးဟု လျှောက်ထားသည်။

ထိုအမေးအတွက် အဖြေကို ပေးရာ၌ နောင်တစ်ဖန် ပဋိသန္ဓေနေလျှင် ခန္ဓာ ရဦးမည်။ ခန္ဓာရလျှင် ခန္ဓာ၏ ဒုက္ခကြီးမားပုံကို အကျယ်ပြသည်။ ခန္ဓာကို ကျွေးမွေး သုတ်သင် ပြုပြင်နေရသည့် ဒုက္ခ၊ ခန္ဓာကို ကျန်းမာအောင် ထားရသည့် ဒုက္ခ၊ ခန္ဓာကို သက်သာအောင် ထားရသည့် ဒုက္ခ၊ ထိုသို့ ထားနိုင်အောင် ပရိယေသန ရှာမှီးရခြင်း ဒုက္ခ၊ ၉၆ ပါး ရောဂါတွေက အမြဲ နှိပ်စက်ခြင်း ခံနေရသည့် ဒုက္ခအဖုံဖုံကို ပြသည်။ ရန်သူမျိုး ငါးပါးဘေးနှင့် ကြုံရသည့် ဒုက္ခ၊ အမျိုးမျိုး အဖုံဖုံ အစုံစုံသော ဒုက္ခအပေါင်းမှာ မရေမတွက်နိုင်အောင်ပင် ဖြစ်ပုံ၊ ဤသို့ ဖြစ်ရခြင်းမှာ ခန္ဓာရ၍ ဖြစ်ရပုံကို အကျယ် ပြသည်။ ထိုဒုက္ခအပေါင်းက ကင်းဝေးကြောင်းမှာ နောက်ထပ် တစ်ဖန် ပဋိသန္ဓေ မနေရမှ ဖြစ်သည်။ သို့မှသာ ချမ်းသာခြင်းကို ရနိုင်ကြောင်း ပြသည်။ (ဒသက နိပါတ် ပါဠိတော်– အင်္ဂုတ္တိုရ်) ဤကဲ့သို့– ရှင်းပြပြီးမှ ဆရာတော်ကြီးက နောက် တစ်ဖန် မဖြစ်အောင် ကယ်တင်ပါမည်ဟု မိန့်ထားသည်။ [နှာ–၆၂၉]

http://www.dhammadownload.com



ခန္ဓာက ဒုက္ခသစ္စာကြီး၊ ထိုဒုက္ခကြီးကို ယခု တွေ့နေရသည်။ နောင်မှာ မတွေ့ရအောင် လုပ်ခြင်းသည်သာ ကိုယ့်ကိုယ်ကိုယ် ကယ်တင်ခြင်းအလုပ် ဖြစ်သည်။ ကယ်တင်မည်ဆိုလျှင် ဒုက္ခချုပ်ကြောင်း မဂ္ဂင်အလုပ်ကို လုပ်ရုံသာ ရှိကြောင်း ရှင်းပြထားသည်။ [နှာ-၆၂၉] ယဉ်ကျေးသူသည် ကိုယ့်ကိုယ်ကိုယ် သနားပြီး ကယ်တင်ရကောင်းမှန်း သိသူသာ ဖြစ်သည်။

ထို့ကြောင့် နောက်တစ်ဖန် ပဋိသန္ဓေ မနေသော အလုပ်ကို လုပ်ကြရမည်ဟု မိန့်သည်။ နောက်တစ်ဖန် ပဋိသန္ဓေ မနေမှ ဇာတိ၊ ဒုက္ခ၊ ဗျာဒိဒုက္ခ၊ ဇရာဒုက္ခ၊ မရဏဒုက္ခ ကင်းငြိမ်းမည်ဖြစ်၏။ [နှာ-၆၃၃] ခန္ဓာ၏ ဖြစ်ခြင်းပျက်ခြင်း (မမြဲခြင်း) သဘောကို ဟုတ်တိုင်းမှန်စွာ မြင်တာသည် အမြင်မှန်ဖြစ်ကြောင်း ရဟန္တာကြီးများ ဖြေပုံကို ပြန်ဟောသည်။ ဖြစ်ပျက်မြင်လျှင် ယောက်ျားစွဲ၊ မိန်းမစွဲ၊ သူစွဲ၊ ငါစွဲ ပုဂ္ဂိုလ် သတ္တဝါစွဲများ (ဒိဋ္ဌိ)ပြုတ်ပုံကို ဟောသည်။ [နှာ-၆၃၄]

ပရိဗိုဇ်ရဟန်း ပုထုဇဉ်ရဟန်းတစ်ပါး ရဟန္တာကြီးလေးပါးကို အမြင်မှန်နှင့် စပ်၍ မေးမြန်း စုံစမ်းပုံကို ဟောသည်။ နောက်ဆုံးရဟန်းက ဖြစ်သော တရား အားလုံး ပျက်တာချည်းပဲ **'ယံ ကိဉ္စိ သမုဒယ ဓမ္မာ သဗ္ဗံကံ နိရောဓ ဓမ္မန္တိ'** ဟု ဟောလိုက်ပုံကို ပြသည်။ ပုထုဇဉ်ရဟန်း မကျေနပ်သေး ထိုအမြင်မှန်တရားကို မိမိတို့ဘာသာ ထိုးထွင်းပြီး သိတာလား သို့မဟုတ် တခြားက ရတာလားဟု မေးပြန်သည်။ နောက်ဆုံး ရဟန္တာတို့က ဒီနည်းကို မြတ်ဘုရားထံက ရကြောင်း ပြောလိုက်ကြသည်။ ပုထုဇဉ်ရဟန်းလည်း ဘုရားထံ ချဉ်းကပ်ပြီး မေးပြန်သည်။

ဘုရားက ပုထုဇဉ်ရဟန်း နားလည်အောင် ပေါက်ပင်ဥပမာပြင့် ပြသည် ဆို၏။ ဤတရား၏ အဆုံးကို ဤနေ့တွင်မှ ရောက်သည်။ ဘုရားက ပုထုဇဉ် ရဟန်းအား သင်သည် ပေါက်ပင်ကို နားမလည်သူနှင့်တူကြောင်း ဟောသည်။ တီဘီရောဂါရှင် လာသောအခါ ဆေးဆရာက ဆေးပေးသည်။ ပြီးမှ ပေါက်သားကို သုံးခွက်တစ်ခွက်တင် ကျိုပြီး ဆေးနှင့်အတူ သောက်၊ တီဘီပျောက်မည်ဟု မှာသည်။ ထိုပုဂ္ဂိုလ်က ပေါက်ပင်သွားရှာသည်။ ပေါက်ပင်က အရွက်ကြွေချိန် ဖြစ်နေသည်။ ပေါက်ပင်သည် မီးလောင်ငုတ်ကြီးလို ဖြစ်နေသည်။ သို့သော် ထိုသူက နားလည် သည်။ ပေါက်သားကို ယူပြီး အရည်ကျိုသည်။ ထိုအရည်နှင့် ဆေးကို အတူ တွဲ သောက်သဖြင့် ရောဂါ ပျောက်သွားသည်။ ဆရာကြီးပေးသော ဤဆေးကို သောက်သုံးသူအားလုံး (အရှေ့၊ အနောက်၊ တောင်၊ မြောက်က လာသူတွေ) ပျောက်ကင်းကြသည်။ ထိုအခါ ဇနပုဒ်သားတစ်ယောက်သည် တီဘီရောဂါ အကု ကောင်းသော ဆရာထံ လာပြန်သည်။

http://www.dhammadownload.com



သို့သော် ယခင် လူလေးယောက်က ပေါက်သားယူစဉ် ပေါက်ပင်ကို သူတို့ မြင်တွေ့ရသော အနေအထား ကွာနေသည်။ တစ်ယောက်က ပေါက်ပင်အရွက် ချတုန်း ယူသည်။ နောက်လူက ပေါက်ပင် ပွင့်တုန်းမှာ အသားယူသည်။ တတိယ လူက ပေါက်ပင်သီးတွဲတုန်း ယူသည်။ စတုတ္ထလူက ပေါက်ပင်အရွက်တွေ ဖားပြီး ဝေနေတုန်း ယူသည်။ သူတို့လေးယောက် ပေါက်ပင်ကို တွေ့ရတာ အခြေအနေခြင်း မတူကြပါ။ သို့သော် ပေါက်သားက အတူတူပဲ ဖြစ်သည်။ နောက်ဆုံး တောသားက ရှေ့လူလေးယောက် ရောဂါပျောက်တာကို မြင်ပြီး ဆရာကြီးထံ အကုသခံ ရောက် သည်။ ဆရာကြီးကလည်း ပေါက်သားရည်နှင့် တွဲသောက်ရသော ဆေးကို ပေးသည်။ ဇနပုဒ်သားက နားမလည်၍ ယခင်လူများထံမှာ သွားမေးသည်။ ပေါက်သား ဘယ်လိုဟာလဲ မေးသည်။ တစ်ယောက်တစ်မျိုး ပြောလိုက်သည်။

ထို့နောက် ပုထုဇဉ် အယူသီးပုံကို ပြောသည်။ တစ်ယောက်က ပေါက်ပင်ဟာ မီးလောင်ငုတ်လို အပင်၊ နောက်တစ်ယောက်က ပေါက်ပင်ဟာ တစ်ပင်လုံး နီနေ တာ ပေါက်ပင်ပဲ၊ တတိယပုဂ္ဂိုလ်ထံ သွားပြန်သည်။ ပေါက်ပင်ဆိုတာ ဓားအိမ်ကြီး တွေလို အသီးတွေ တွဲလောင်းကျနေတာပဲဟု ပြောလိုက်သည်။ စတုတ္ထပုဂ္ဂိုလ်က ပေါက်ပင်ဆိုတာ ရွက်ဖားကြီးတွေနှင့် ညောင်ပင်ဝိုင်းကြီးလိုပဲဟု ပြောလိုက်သည်။ ဇနပုဒ်သား ပုထုဇဉ် မျက်စိလည်သွားသည်။ သူ့စိတ်ထဲမှာ ပေါက်ပင်သည် အမျိုးမျိုး ပါကလားဟု သံသယ ဝင်သွားသည်။ ထိုရောဂါသည် ဇနပုဒ်သား ပေါက်သား ရှာမရသကဲ့သို့ ပုထုဇဉ်ရဟန်း ဖြစ်နေပုံကို ဘုရားက နမူနာပြ ဟောကြောင်း ရှင်းပြသည်။ [နှ၁–၆၂၃] ဘုရားဟာ ပုထုဇဉ်ရဟန်း နားလည်အောင် ရှင်းပြပြီး ဖြစ်ပျက်ရှုဖို့သာ ပဓာနကျကြောင်း ဟောရသည်။

ရဟန္တာတွေက သူတို့ ကျင့်စဉ်အတိုင်း ပြောတာ အမှန်ချည်း ဖြစ်သည်။ ဖြစ်ပျက်မြင်အောင် ရှုဖို့သာ အရေးဖြစ်၏။ ဖြစ်ပျက်မြင်လျှင် ယထာဘူတဉာဏ်၊ ထို့နောက် ဖြစ်ပျက်မုန်းလျှင် နိဗ္ဗိန္ဒာဉာဏ်၊ ဖြစ်ပျက်ဆုံးလျှင် မဂ်ဉာဏ်ရပုံကို ရှင်းပြ ထားသည်။ နိဗ္ဗာန်မြင်လျှင် နောက်ခန္ဓာ ဒုက္ခ၊ ဇာတိလည်း မရတော့ပြီ။ ဇာတိ ကင်းသော ချမ်းသာစစ်ကို ရပြီဖြစ်ကြောင်း ဟောရင်း တရားဆုံးသည်။

၁

ဤတွင် အလုပ်စဉ်တရား စာအုပ်အမှတ်(၁၃) ပြီးပြီ။

http://www.dhammadownload.com

အနှစ်ချုပ်

# မိုးကုတ်ဝိပဿနာ အလုပ်စဉ်တရား

စာအုပ်အမှတ်(၁၄)

http://www.dhammadownload.com

## မိုးကုတ်ဝိပဿနာအလုပ်စဉ်တရား စာအုပ်အမှတ်(၁၄)

**နိဒါန်း**

ဖော်ပြခဲ့ပြီးသော တရားစာအုပ်(၁၃)အုပ်တွင် တရားခေါင်းစဉ် အမည်တူသော်လည်း ဟောပုံပြောပုံ မတူ၊ မထပ်ဘဲ၊ သဘောတစ်မျိုးစီဖြင့် ဆရာတော်၏ ဉာဏ် ကစားသွားပုံများကို အံ့မခန်း တွေ့ခဲ့ရပြီးပြီ။ စာပေပိဋကတ်၌ နှံ့စပ်တော်မူသလောက် ခန္ဓာဉာဏ်ရောက် ခရီးပေါက်ပြီးသော ဆရာတော်ကြီးအဖို့ ဟောစရာတရားများမှာ မကုန်နိုင် မခန်းနိုင်ကြောင်း သိသာ ထင်ရှားသည်။

ထူးခြားသည်မှာ ဆရာတော်ကြီး ဟောကြားတော်မူသော တရားများသည် စာကျက်ပြီး ဟောသော တရားမျိုး မဟုတ်ဘဲ၊ ပလ္လင်ပေါ်ရောက်မှ ကောက်ကာငင်ကာ ဟောလိုက်သော တရားများဖြစ်ကြောင်းလည်း ပေါ်လွင်ပါသည်။ ဆရာတော်သည် (လယ်တီဆရာတော်ကဲ့သို့) ပဋိစ္စသမုပ္ပါဒ် တရားတော်ကို အလွန်တန်ဖိုးထားပြီး ဟောတော်မူသည်။ မြတ်စွာဘုရားက အရှင်အာနန္ဒာအား ပဋိစ္စသမုပ္ပါဒ် ဒေသနာကို သိရန် မိမိသည် လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း ကြိုးပမ်း၍ ပါရမီ ဖြည့်ခဲ့ရသည်။ ထိုတရားတော်မြတ်ကို သိတော်မူသောအခါမှ ဤမဟာပထဝီမြေကြီး တုန်လှုပ်ခဲ့သည်။ ပဋိစ္စသမုပ္ပါဒ် ကြောင်းကျိုးဆက်တရားကို မသိနိုင်လျှင် သံသရာကို မလွန်မြောက်နိုင်ကြောင်း ဟောကြားခဲ့ကြောင်း ဖော်ပြထားသည်။

၁။ ပဋိစ္စသမုပ္ပါဒ် ဆက်ပုံနှင့် ပြတ်ပုံကို သိမှ သက္ကာယဒိဋ္ဌိကို အသိဖြင့် ဖြုတ်ပယ်နိုင်သည်။

၂။ ပဋိစ္စသမုပ္ပါဒ်ကို နားလည်မှ သစ္စာကို သိမည်။

http://www.dhammadownload.com



၃။ သစ္စာကို သိမှ သံသရာ ပြတ်မည်။

၄။ သံသရာပြတ်မှ ဇာတိ၊ ဇရာ၊ မရဏ(ဝိပရိနာမ)ဘေး ကင်းဝေးမည်။

ဤတရားများကို အဆီထုတ်၍ ဟောတော်မူစဉ်အခါ ဆရာတော်ကြီးမှာ ပဋိဝေဓဉာဏ်ကို ပေါက်မြောက် အောင်မြင်တော်မူပြီးပြီ။ ဆရာကောင်း ကလျာဏမိတ္တ ဖြစ်နေပြီ။ သစ္စာဉာဏ် ရရှိရေး ကိစ္စတွင် ကလျာဏမိတ္တ ရရှိရေးသာ အလွန်အရေးကြီးသည်။ ကလျာဏမိတ္တကို ရမှသာ ကိစ္စအားလုံး ပြီးနိုင်ပါသည်။ ခန္ဓာ ပဋိစ္စသမုပ္ပါဒ်ကို သိမှ ခန္ဓာ၏ ဖြစ်ပျက် ဒုက္ခသစ္စာကို သိမြင်နိုင်ပါသည်။ ဖြစ်ပျက်ရှုမှ ဖြစ်ပျက်မြင်မှ ဝိပဿနာဖြစ်ကြောင်းကိုလည်း ဆရာတော်ကြီး တိတိကျကျ ဟောတော်မူခဲ့လေသည်။

ဝိပဿနာအလုပ်သည် ခန္ဓာ၏ ပဋိစ္စသမုပ္ပါဒ်သံသရာကို ဖြတ်သော အလုပ်ဖြစ်သည်။ ထို့ကြောင့် ရမ်းရှမ်းရှ လုပ်၍ မရပါ။ ခန္ဓာ ပဋိစ္စသမုပ္ပါဒ်ကို ကောင်းစွာ သိမှသာ သံသရာကို အဆက်ဖြတ်နိုင်ပါလိမ့်မည်။ ဆရာကြီးဦးသံဒိုင်က သူ၏ နိဒါန်းတွင် အသိနှင့်(ဉာတပရိညာနှင့်) ဒိဋ္ဌိပြုတ်လျှင် စူဠသောတာပန် ဖြစ်သည်။ စူဠသောတာပန် များလေလေ၊ ပဋိပတ်သာသနာပြုရကျိုး နပ်လေလေဖြစ်ကြောင်း ဖော်ပြထားသည်။

*

## ၁။ ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာ သတ်ခန်း

[၁–၉–၆၂ နေ့က အမရပူရမြို့ မင်္ဂလာတိုက်ဟောင်းတွင် ဟောသော ညအလုပ်ပေးတရား]

သက္ကာယဒိဋ္ဌိကို ပြုတ်ချင်လျှင် ပဋိစ္စသမုပ္ပါဒ်ကို သိရမည်။ ပဋိစ္စသမုပ္ပါဒ်ကို သိမှ သစ္စာကို သိသည်။ သစ္စာသိမှ သံသရာပြတ်မည်။ ဤအစီအစဉ်အတိုင်း တရားအားထုတ်ရမည်။ သို့မှသာ လိုရာခရီး အမြန်ကြီး ရောက်နိုင်သည်ဆိုသော လမ်းညွှန်စကားဖြင့် ဤတရားကို စတင် ဟောကြားတော်မူသည်။

ထို့ကြောင့် တရားအားမထုတ်မီ ရှေးဦးစွာ သက္ကာယဒိဋ္ဌိကို ခွာရမည်။ သက္ကာယဒိဋ္ဌိသည် ခန္ဓာ ပဋိစ္စသမုပ္ပါဒ်မှာ ကပ်နေသည်။ ဒါကြောင့် ခန္ဓာ ပဋိစ္စသမုပ္ပါဒ်ကို သိမှ သက္ကာယဒိဋ္ဌိ ပြုတ်သည်။ သက္ကာယဒိဋ္ဌိ မပြုတ်ဘဲ တရားအားထုတ်၍ အနိစ္စ၊ ဒုက္ခ၊ အနတ္တတွေ ဘယ်လိုပင် မြင်သော်လည်း ဒိဋ္ဌိ အပင်းခံနေပါက မဂ်မရ အချိန်ကုန်ပြီး ခရီးမရောက်ကြောင်း ဟောသည်။ [နှာ၁–၃]

http://www.dhammadownload.com



ရှေးဦးစွာ သက္ကာယဒိဋ္ဌိကို ဖြုတ်ရမည်။ 'သန္တောကေယော သက္ကာယော' ဆိုသော စကားအရ ထင်ရှားရှိသော ခန္ဓာငါးပါးကို ငါ ငါ့ဉစ္စာဟု ထင်မြင် ယူဆ စွဲလမ်းနေခြင်းသည် သက္ကာယဒိဋ္ဌိ ဖြစ်၏။ [နှာ-၄] သက္ကာယဒိဋ္ဌိ ခံနေလျှင် သမ္မာဒိဋ္ဌိ မဖြစ်နိုင်ပါ။

ဒါကြောင့် တရားအားမထုတ်ခင် သက္ကာယဒိဋ္ဌိကို ဦးစွာ ပထမ ဖြုတ်ရမည်။ ဒိဋ္ဌိဖြုတ်ဖို့ ဆိုလျှင်လည်း ခန္ဓာပဋိစ္စသမုပ္ပာဒ်ကို သိအောင် လုပ်ရမည်။ သိမှ ဖြစ်မည်။ ဆန္ဒအမတ်(နောင်ရဟာန်း)သည် ဘုရားလက်ထက်အခါက ဖြစ်ပျက် အနိစ္စကို မြင်သော်လည်း ဒိဋ္ဌိ သူ့မှာ ခံနေသောကြောင့် မဂ်ဉာဏ် ဖိုလ်ဉာဏ် မရဘဲ ဖြစ်ပုံ သာဓကကို ပြသည်။ [နှာ-၅] ထို့နောက် ခန္ဓာဝဂ္ဂသံယုတ်မှ အနုရာဓ ရဟန်းကလေးကို သာဓက ပြသည်။ ဒိဋ္ဌိ မပယ်နိုင်၍ ဖြစ်ပျက်မြင်ပြီး မဂ်မရပုံ ဥပမာ ဖြစ်သည်။ ထို့ကြောင့် ဖြစ်ပျက်မြင်ဖို့ထက် ပိုပြီး ဒိဋ္ဌိကို ဉာတပရိညာနှင့် ခွာဖို့က ပိုပြီး အရေးကြီးသည်။ မှတ်သင့်ကြောင်း ဟောသည်။

တရားအစဉ်၏ သဘောကို ပြပြီး ဒိဋ္ဌိခွာရန်အတွက် ပဋိစ္စသမုပ္ပာဒ်ကို (စက်ဝိုင်းကို ထောက်၍) ပြပါသည်။ အဝိဇ္ဇာ သစ္စာ မသိဘဲနှင့် ကုသိုလ်သင်္ခါရ၊ အကုသိုလ်သင်္ခါရတွေ လုပ်ကြပုံကို ဟောသည်။ ကုသိုလ်လုပ်ရင်း ဘုံဘဝတွေ ဆုတောင်းသည်။ ဆုတောင်းက တဏှာ(အကုသိုလ်) ဖြစ်သည်။ ကုသိုလ်လုပ်ရင်း အကုသိုလ်တွေ မိဿကအားဖြင့် ရောပါနေပုံကို ဟောသည်။ သစ္စာဖွဲ့ပြသည်။ ကုသိုလ်အပေါင်း အကုသိုလ်သည် သမုဒယသစ္စာ ဆိုက်သွားသည်။ [နှာ-၁၆] အဝိဇ္ဇာနှင့် လုပ်သမျှ ကံတွေသည် အမှားချည်းဖြစ်ပုံကို ပြသည်။ [နှာ-၁၇] အတိတ်က ကိလေသဝဋ်၊ ကမ္မဝဋ်တွေချည်း လုပ်ခဲ့ကြပုံကို စက်ဝိုင်းပေါ် ထောက်ပြီး ပြသည်။ ဝဋ်ပြတ်မှ နိဗ္ဗာန်ရောက်မည့် ကိစ္စမှာ ဝဋ်တွေချည်း လုပ်နေကြသည်ဟု အပြစ်ကို ပြသည်။

'စေတနာနံ ဘိက္ခဝေ ကမ္မံဝဒါမိ' ဆိုတာ ကမ္မဝဋ်ကို ဟောခြင်းဖြစ်ကြောင်း လည်း ဖော်ပြထားသည်။ [နှာ-၁၉] အတိတ်ဘဝက ပြုခဲ့သော ကုသိုလ် သင်္ခါရ၊ အကုသိုလ် သင်္ခါရကြောင့် ပဋိစ္စသမုပ္ပာဒ် နှစ်အကွက်ထဲမှာ ပဋိသန္ဓေဝိညာဉ် ပေါ်ရသည်။ ခန္ဓာ ဒုက္ခသစ္စာကို ဝိပါကဝဋ်အဖြစ် ရပုံကို ပြသည်။ ထို့နောက် ဝိညာဉ်ကြောင့် နာမ်ရုပ်၊ နမ်ရုပ်ကြောင့် သဠာယတန (အာရုံဒွါရခြောက်ခု ဖြစ်လာ

http://www.dhammadownload.com



ပုံ) ပြီးမှ ပစ္စုပ္ပန်ခန္ဓာ(ပဝတ္တိခန္ဓာ)မှာ သဠာယတနကြောင့် အာရုံနှင့်ဒွါရ တိုက်ဆိုင်၍ အကြောင်းပြုသောကြောင့် ဖဿဖြစ်ပုံ၊ ဖဿကြောင့် ဝေဒနာ၊ နှစ်အကွက်ထဲမှာ ခန္ဓာငါးပါး ပေါ်ပုံကို ပြသည်။ [နှာ-၂၆] ကုသိုလ်လုပ်တာ ဒုက္ခသစ္စာ ရပုံကို ပြသည်။ ပစ္စုပ္ပန် အကျိုးခြင်းရာငါးပါး (ဝိညာဉ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ)သည် ခန္ဓာငါးပါး ဖြစ်သည်။ ဒုက္ခသစ္စာ ဖြစ်သည်။

ဒုက္ခသစ္စာမို့ အိုဘေး၊ နာဘေး၊ သေဘေးတွေ ပါနေသည်။ အဝိဇ္ဇာသင်္ခါရ ကြောင့် ခန္ဓာဒုက္ခသစ္စာရခြင်း ဖြစ်သည်။ [နှာ-၂၉] ဘယ်ဖန်ဆင်းရှင်ကမှ ခန္ဓာ ဒုက္ခသစ္စာကို မဖန်ဆင်းဘူး။ သမုဒယအကြောင်းကြောင့် ခန္ဓာ ဒုက္ခသစ္စာရခြင်းသာ ဖြစ်သည်။ ဤသို့ သိလိုက်လျှင် ငါ ဘယ်ကလာပါလိမ့်ဆိုသော ဒွိဟ သံသယ (ဝိစိကိစ္ဆာ) မလာတော့ပါ။ ဝိစိကိစ္ဆာ သေပြီ။ [နှာ-၃၀] အကြောင်းကြောင့် အကျိုး ဖြစ်လာတာကို သိလျှင် သံသယဖြစ်စရာ မရှိတော့ပါ။ [နှာ-၃၀]

ပြီးမှ ခန္ဓာရှိလျှင် ဒုက္ခသစ္စာ အမြဲတမ်း ရှိနေပုံကို ပြသည်။ [နှာ-၃၆] ဉာဏ်နှင့်ကြည့်၊ ဒုက္ခသစ္စာတွေ့လျှင် ဝိဇ္ဇာဖြစ်ပြီး ကိစ္စပြီးပြီဟုဆိုသည်။ [နှာ-၃၇] ထို့နောက် ဖြစ်ပျက်မြင်ခြင်းသည် ဒုက္ခသစ္စာကို သိခြင်းဖြစ်သည်။ ဖြစ်ပျက်က ဒုက္ခသစ္စာ၊ သိတာက မဂ္ဂသစ္စာ ဖြစ်သည်။ ခန္ဓာ၏ ဖြစ်ပျက်ချည်း မြင်နေလျှင် ငါ၊ သူတစ်ပါး၊ ယောကျ်ား၊ မိန်းမ၊ ပုဂ္ဂိုလ် သတ္တဝါစွဲတွေ ပျောက်သည်။ ဒိဋ္ဌိ ကွာပြီ။ [နှာ-၃၈] ဖြစ်ပျက်တွေ့လျှင် ဒိဋ္ဌိကွာသည်။ ဖြစ်ပျက်သိတော့ ဒိဋ္ဌိကွာသည်။ အကြောင်းအကျိုး ဆက်ဖြစ်နေတာ သိလျှင် ဝိစိကိစ္ဆာ ကွာသည်။ ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာကို သတ်ပြီး ဝိပဿနာရှုမှ နိဗ္ဗာန် မဂ်ဖိုလ်ကို မျက်မှောက် ပြုနိုင်သည်။

ထို့နောက် စိတ္တာနုပဿနာ ရှုပုံကို ပြသည်။ ဒိဋ္ဌိမခွာဘဲ ပဋိစ္စသမုပ္ပာဒ်များ လည်းပဲ ဝိပဿနာကို ရှုသောကြောင့် အနှစ်လေးဆယ်ကျော် ကြာအောင် ဆန္ဒရဟန်း (မြင်းခြံးဆွဲ မောင်ဆန်) တရားမရပုံကို ဟောပြန်သည်။ အကြောင်းအကျိုး မသိမ်း ဆည်း တတ်သောကြောင့် ဝိစိကိစ္ဆာ မပြုတ်ဘဲ ခံနေပုံကို ပြသည်။ [နှာ-၄၁] ယခုလောက် နားလည်ပြီး ဒိဋ္ဌိပြုတ်တတ်လျှင်ပင် စူဠသောတာပန် ဖြစ်ပြီဟုဆိုသည်။ [နှာ-၄၁] နောက်ဝိပဿနာ ပွားများအားထုတ်ခြင်းဖြင့် ဖြစ်ပျက်တွေမြင်ပြီး ဒိဋ္ဌိပြုတ် သွားလျှင် မဟာသောတာပန် ဖြစ်ပုံကို ဟောရင်း အချိန်စေ့၍ တရားနားသည်။

*

http://www.dhammadownload.com



## ၂။ သစ္စာသိမှ သံသရာပြတ်ပုံ

[၂-၉-၆၂ က အမရပူရမြို့ မင်္ဂလာတိုက်ဟောင်းမှာ ဟောသော ညအလုပ်ပေး တရား]

အနမတဂ္ဂသံယုတ်မှာ ခန္ဓာကို မလိုချင်အောင် ငြီးငွေ့အောင် ဟောထားကြောင်း အစချီလျက် ဤတရားကို ဟောပါသည်။ သစ္စာသိမှ ကိစ္စပြီးကြမည်။ ဘုရားတစ်ဆူနှင့်တစ်ဆူ ကြားမှာ သေခဲ့ရသောအကြိမ် မရေတွက်နိုင်၍ အရိုးတွေ တောင်လိုပုံခဲ့ကြပြီ။ ဝေပုလ္လာတောင်လောက် ရှိသည်။ ထိုသို့ ဖြစ်ခဲ့ရခြင်းသည် သစ္စာ မသိ၍ ဖြစ်ခဲ့ရခြင်း ဖြစ်သည်။ [နှာ-၄၄] သစ္စာသိဖို့ အရေးကြီးကြောင်း ပေါ်အောင် ဟောသည်။ စိတ်ရှုရှု၊ ရုပ်ရှုရှု၊ ဝေဒနာပဲ ရှုရှု၊ ဖြစ်ပျက်ကို တွေ့လျှင် ဒုက္ခသစ္စာကို တွေ့ပြီ သစ္စာဖြစ်ပျက်က ဒုက္ခသစ္စာ၊ သိလိုက်တာကလေးက မဂ္ဂသစ္စာ ဖြစ်သွားပြီ။ ဖဿမှာ ခန္ဓာပေါ်သည်။ ပေါ်သော ခန္ဓာကို ဖြစ်ပျက်မြင်အောင် ရှုလိုက်တော့ မဂ်ဖြစ်သွားသည်။ ဖဿနှင့် ဝေဒနာ ကြားမှာ ဝေဒနာနှင့် တဏှာ ကြားမှာ မဂ်ဝင်လိုက်သောကြောင့် ပဋိစ္စသမုပ္ပါဒ် နှစ်အကွက်မှ သုံးအကွက်သို့ မကူးတော့ဘဲ ပြတ်သည်။ ဤသို့ သမုဒယ ချုပ်သွားပါက ဒီတစ်ခါ သေပြီး နောက်ခန္ဓာ မပေါ်တော့သောကြောင့် နောက် မသေရတော့ဘူးဟု မိန့်ထားသည်။ [နှာ-၄၇] နှစ်အကွက်က သုံးအကွက်ကို မကူးအောင် မဂ်က ဝင်ဖြတ်လိုက်သည်။ မဂ်သည် ဉာဏ်ဖြစ်၏။ သံသရာကို အသိဉာဏ်က ဖြတ်သည်။ [နှာ-၄၉]

သံသရာရှည်တာ ဒုက္ခသစ္စာကို မသိခဲ့လို့ ရှာတာဟုဆိုသည်။ [နှာ-၄၉] သံသရာဝဋ်ဆင်းရဲက ကယ်နိုင်တာသည် သစ္စာကိုသိသော မဂ်ဖြစ်သည်။ သစ္စာကို သိသော မဂ်ဉာဏ်ပေါ်လျှင် တဏှာဥပါဒါန်ကံတွေ မလာဘဲ ပြတ်သည်။ သမုဒယ သစ္စာပြတ်လျှင် ဒုက္ခသစ္စာ မလာတော့ပါ။ ခန္ဓာ မရတော့ပါ။ ခန္ဓာမရလျှင် အိုဘေး၊ နာဘေး၊ သေဘေးတွေ မရတော့ပါ။ ဤသို့ သံသရာပြတ်ပြီး နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်းမှာ သစ္စာသိမှုကြောင့် ဖြစ်ပါသည်။ [နှာ-၅၆] လောကီကြီးပွားရေး လုပ်တာသည် အမှတ်လွဲကာ အရိုးကြီးပွားရေး လုပ်တာဖြစ်သည်ဟုဟောသည်။ [နှာ-၅၆]

ထို့နောက် စိတ်ကို ဖြစ်ပျက်ရှုဖို့ တိုက်တွန်းသည်။ [နှာ-၅၈] ရှုလိုက်လျှင် စိတ်ဖြစ်ပျက်က ဒုက္ခသစ္စာ၊ ဒုက္ခသစ္စာလို့ သိတာက မဂ္ဂသစ္စာ ဖြစ်သွားပြီ။ တဏှာ ဥပါဒါန် ကံ မလာတော့ အကြောင်း သမုဒယချုပ်လျှင် အကျိုးဒုက္ခ ချုပ်သည်။ [နှာ-၅၈] ထိုအခါ သံသရာအဝိုင်းကြီး ပြတ်သွားသည်။

http://www.dhammadownload.com



ထိုအခါ ရှေးက ဖြစ်ခဲ့သော အဝိုင်းပြေးဘဝက လွတ်ပြီ။ [နှာ–၆၃] သမုဒယနှင့် ဒုက္ခ လှည့်နေသော ဓာတ်လမ်းကြီး ပြီးသွားပြီ။ ဘာကြောင့် သမုဒယနှင့် ဒုက္ခချုပ်သလဲ။ မဂ္ဂနှင့် နိရောဓ နိဗ္ဗာန်ပေါ်လို့ဖြစ်ကြောင်း ရှင်းထားသည်။ [နှာ–၆၄] သမုဒယနှင့် ဒုက္ခသည် သစ္စာနှစ်ခု ဖြစ်သည်။ [နှာ–၆၅] သစ္စာလေးပါး သိဖို့ အရေးကြီးသည်။ သို့သော် ဒုက္ခသစ္စာကို မဂ္ဂသစ္စာနှင့် သိလျှင် ကျန်ကိစ္စ အားလုံး ပြီးသွားပါသည်။ ဘုရားပွင့်လာတာသည် ပဋိစ္စသမုပ္ပါဒ် နှစ်အကွက်က သုံးအကွက်ကို မကူးသောဉာဏ်ကို ပေးဖို့ ပွင့်လာတာဖြစ်ကြောင်း ဟောသည်။ [နှာ–၇၁]

ဤတွင် သုံးအကွက် သမုဒယချုပ်လည်း နိဗ္ဗာန်၊ လေးအကွက် ဒုက္ခသစ္စာ မလာလည်း နိဗ္ဗာန်ဖြစ်ပုံကို ပြသည်။ ထိုအခါ သံသရာစရီးလမ်းဆုံးပုံကို ပြသည်။ 'ဂတဒ္ဓိနောဝိသောကဿ' ဂတဒ္ဓိနော– ခရီးဆုံးပြီးသူအား ဝိသောကဿ– သောက ပရိဒေဝ ဒုက္ခ ဒေါမနဿတွေ မရှိတော့ဘူးဟု ရှင်းပြထားသည်။ ထိုသူမှာ 'ဝိပ္ပမုတ္တဿ သဗ္ဗဓိ' အလုံးစုံ ဘေးရန်တွေက လွတ်သွားပြီ။ ဘာကြောင့်တုံးဆိုတော့ 'သဗ္ဗဂန္ထပ္ပဟီနဿ' နှောင်ဖွဲ့တတ်သော တရားများ (သုံးနံပါတ်ထဲက တရားများ) တွေကို ပယ်လိုက်သောကြောင့် ဖြစ်သည်ဟုလည်း ပါဠိတော် အကိုးအကားဖြင့် ရှင်းထားပါသည်။ [နှာ–၇၃]

ထို့ကြောင့် ဝိပဿနာ အလုပ်ကို လျော့ပေါ့ပြီး မလုပ်သင့်ကြောင်း ဟောပြန်သည်။ [နှာ–၇၄] သစ္စာသိသော ဉာဏ်ကိုရအောင် ဤဘဝမှာ မလုပ်လိုက်မိပါက ဘဝ အရှုံးကြီး ဖြစ်နိုင်ကြောင်း ညွှန်ပြ ဆုံးမထားသည်။ [နှာ–၇၅]

ထို့နောက် မြတ်စွာဘုရားက သူ့ကို မိတ်ဆွေကောင်း တစ်ယောက်အဖြစ် ယုံကြည် လက်ခံပြီး သူပြောသည့်အတိုင်း လုပ်ကြဖို့ မှာကြားခဲ့ကြောင်းကို ဟောသည်။ [နှာ–၇၇] ဖြစ်ပျက်နှင့်မဂ် ကိုက်အောင် လုပ်သော ဝိပဿနာ အလုပ်ကို အရေးတကြီး ကိစ္စဟု သဘောထားပြီး လုပ်သင့်ကြောင်းကို ဆုံးမ တိုက်တွန်းထားသည်။ အိုနာသေဘေး မရောက်ခင် ဝိပဿနာကို လုပ်ပါ။ လောကီစီးပွားရှာ အလုပ်လုပ်တာသည် စားဖို့၊ စားတာတွေကလည်း အားလုံး ကျင်ကြီး ဖြစ်ရသည်။ ကျန်တာတွေကလည်း အားလုံး ပစ်ခဲ့ရသည်။ လောကီစီးပွား ဆိုတာသည် ကုဋ္ဌိကြီးပွားရေးပဲ ဖြစ်ပုံကို သံဝေဂ ရအောင် ဟောသည်။ [နှာ–၈၂] အဝတ်များများ ဝတ်တော့ ဒိဘိကြီးပွားရေး၊ အစားများများစားတော့ ကုဋ္ဌိကြီးပွားရေးဟု မှတ်လောက်သားလောက်အောင် တိုရှင်းလိုရင်းဖြင့် သဘောပါအောင် ပြသည်။

http://www.dhammadownload.com



လူ့ဘဝ ဘာကောင်းသလဲ၊ ဘာမှ မကောင်းဘူး။ ဒါကြောင့် သစ္စာသိဖို့ ကိစ္စ လုပ်မှ အကောင်းဆုံးဖြစ်ကြောင်း ထင်ရှားအောင် ဟောသည်။ [နှာ–၈၃] ဒုက္ခသစ္စာကို သိမှ မဂ်ဖြစ်သည်။ မဂ်ရပြီဆိုလျှင် သုံးအကွက် သမုဒယကို ငြိမ်းသွားအောင် လေးအကွက် ခန္ဓာဒုက္ခကို သိမ်းပစ်ပါသည်။ မဂ်က လောင်စာသိမ်း၍ မီးငြိမ်းစေပုံကို ပြသည်။ အချိန်စေ့၍ တရားသိမ်းလိုက်ပါသည်။

*

## ၃။ သစ္စာသိမှ သံသရာပြတ်ပုံ

[၃–၉–၆၂ နေ့က အမရပူရမြို့ မဂ်လာတိုက်ဟောင်းတွင် ဟောသောတရား]

ဒိဋ္ဌိသည် အဆိုးဆုံးပဲဆိုသော စကားဖြင့် ဤတရားကို စတင် ဟောကြားလေသည်။ ခန္ဓာငါးပါး၊ ရုပ်နာမ်နှစ်ပါးကို ခိုင်သည်မြဲသည်ဟု ယူသော သဿတဒိဋ္ဌိ၊ ရုပ်နာမ်သည် တစ်ခါဖြစ်ပြီးလျှင် ပြီးပြီ၊ ပြတ်ပြီဟု ယူသော ဥစ္ဆေဒဒိဋ္ဌိ စသည်ဖြင့် ဒိဋ္ဌိလေးမျိုးရှိကြောင်း ဟောသည်။ သောတာပတ္တိမဂ်ကို တားသော ဒိဋ္ဌိများ ဖြစ်သည်။ [နှာ–၈၆] သံသရာတစ်လျှောက် မဂ်ဉာဏ်ဖိုလ်ဉာဏ်နှင့် ဝေးခဲ့ရခြင်းမှာ ကံမကောင်း၍ မဟုတ်၊ ဒိဋ္ဌိခံနေသောကြောင့် ဖြစ်သည်ဟု ရှင်းပြထားသည်။ ပထမ သောတာပတ္တိမဂ်ကို ရမှသာလျှင် ကျန်အထက်မဂ်များကို ရနိုင်ကြောင်း ဟောသည်။ ထို့နောက် သဿတဒိဋ္ဌိနှင့် ဥစ္ဆေဒဒိဋ္ဌိ သဘောကို ထပ်ရှင်းပြန်သည်။ [နှာ–၈၇] ထိုဒိဋ္ဌိကို မဖြုတ်တတ်၊ မပယ်တတ်လျှင် ဘာပဲလှူလှူ နိဗ္ဗာန်မရဟု အတိအလင်း ဟောသည်။ [နှာ–၈၈] ဒိဋ္ဌိခံနေ၊ တားနေလျှင် ဖြစ်ပျက်မြင်လည်း နိဗ္ဗာန်မရဆိုသော စကားကို လေးနက်အောင် ထပ်ဟောသည်။ (မှတ်ချက် ထိုစကားကို မိုးကုတ်ဆရာတော်ကြီး တစ်ပါးတည်းသာ ရဲရဲဝံ့ဝံ့ ဟောကြားတော်မူခဲ့ဖူးလေသည်။)

ဒါကြောင့် ဒိဋ္ဌိကို သိမှုနှင့် စင်ကြယ်အောင် သုတ်သင်ရမည်။ ပြီးမှ ဝိပဿနာအလုပ်ကို အားထုတ်ရမည်ဟု ဆိုသည်။ [နှာ–၈၉] ဒိဋ္ဌိမဖြုတ်ဘဲ တရားအားထုတ်ပါက အနှစ်လေးဆယ်ကြာ အားထုတ်သောသူလည်း မရကြောင်း သာဓက ပြသည်။ သိမှုဖြင့် ဒိဋ္ဌိကို ပယ်ခြင်းသည် ဉာတပရိညာ ဖြစ်၏။ တီရဏပရိညာက ပွားများအားထုတ်မှု ဖြစ်၏။ ပဟာနပရိညာသည် ပယ်မှုဖြစ်သည်။ ဤတွင် သိမှု (ဉာတပရိညာ) ကို ရှေ့မှာထားပြီး အားထုတ်ရမည်ဟု ညွှန်ပြသည်။ ပရိညာသုံးပါး

http://www.dhammadownload.com



သည် အင်္ဂုတ္တိုရ်မှာ လာကြောင်း ဖော်ပြပြီး သိမှုမပါဘဲနှင့် ကျင့်မှု မဖြစ်နိုင်ကြောင်း သဘောပါအောင် ဟောသည်။ ဘာကို သိမှုလဲဟု မေးပါက၊ ဒိဋ္ဌိပယ်ရေးကို သိမှုဟု ဖြေထားသည်။ [ နှာ-၉၃ ]

ခန္ဓာဝဂ္ဂသံယုတ်ပါဠိတော်လာ အနုရာဓရဟန်းဝတ္ထုကို ပြပြီး ဟောသည်။ အရှင်အနုရာဓအား တိတ္ထိများက လာပြီး မေးခွန်းပုစ္ဆာ ထုတ်ကြသည်။ သူတို့မေးခွန်းမှာ သတ္တဝါသေရင် ဖြစ်သေးသလား ဆိုသော အမေးပုစ္ဆာ ဖြစ်သည်။ ထို့နောက် သတ္တဝါ သေရင် မဖြစ်တော့ဘူးလားဆိုသော မေးခွန်း၊ သတ္တဝါသေရင် တချို့ဖြစ်ပြီး တချို့ မဖြစ်ဘူးလားဆိုသော မေးခွန်း သတ္တဝါသေရင် မဖြစ်သည်မဟုတ် ဖြစ်သေးသလား ဆိုသော မေးခွန်းများ ဖြစ်သည်။ ထိုအခါ အနုရာဓ ရဟန်းက ပြေလည်အောင် မဖြေတတ်ပါ။ ထိုအခါ အနုရာဓရဟန်းက ဝေ့လည်ကြောင်ပတ် ဖြေသည်။ ဘုရားက ဒီလို မဟောဘူး။ အဲဒီ အယူ မယူဘူးဟု ဖြေသည်။ ဤအဖြေကို တိတ္ထိများက မကြိုက်ကြ။ အနုရာဓရဟန်းကိုယ်တိုင်က ဒိဋ္ဌိ မပြုတ်သေးသောကြောင့် ပြတ်ပြတ်သားသား မဖြေနိုင်ခြင်း ဖြစ်သည်။

ထိုအခါ ဆရာတော်က ပဋိစ္စသမုပ္ပါဒ်စက်ဝိုင်းကို ထောက်ပြီး ဟောသည်။ တစ်အကွက်ထဲမှာ အဝိဇ္ဇာသင်္ခါရပဲ ပါသည်။ ပုဂ္ဂိုလ်သတ္တဝါ မပါပုံကို ပြသည်။ နှစ်အကွက်ထဲမှာ အတိတ်က ပြုခဲ့သော အဝိဇ္ဇာသင်္ခါရကြောင့် ပဋိသန္ဓေဝိညာဉ် ပေါ်ပုံ၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ ပေါ်ပုံကို ပြသည်။ ထိုအထဲမှာလည်း ပုဂ္ဂိုလ်သတ္တဝါ မပါကြောင်း ရှင်းသည်။ [ နှာ-၉၄ ] ဝိညာဉ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာသည် ပုဂ္ဂိုလ်သတ္တဝါ မဟုတ်ပါ။

ထို့ကြောင့် သတ္တဝါသေရင် ဖြစ်သေးသလားဆိုသော အမေးကို ဖြေစရာ မရှိပါဟု ငြင်းရမည်။ [ နှာ-၉၆ ] အကြောင်းထဲလည်း သတ္တဝါမပါ၊ အကျိုးထဲမှာလည်း သတ္တဝါ မပါ ပါ။ အနုရာဓရဟန်း ဘုရားအနားက ကျောင်းကလေးမှာ နေပြီး တရားအားထုတ်နေသော်လည်း သူ ကိုယ်တိုင် ဒိဋ္ဌိမကွာဘဲ ဖြစ်နေသည်။ ဒါကြောင့် သတ္တဝါကို ကိုင်ပြီး မေးသောအခါ သူ မရှင်းပြတတ်ခြင်း ဖြစ်သည်။ [ နှာ-၉၉ ]

ဒိဋ္ဌိပြုတ်ပြီးသူမှာ သတ္တဝါဆိုသော အမှတ်သည် ဆိတ်သုဉ်းနေသူ ဖြစ်ရမည်ဟု ဆိုလိုသည်။ [ နှာ-၁၀၁ ] အသိနှင့်ဒိဋ္ဌိကို ဖြုတ်ပြီး ဖြစ်ရမည်။ တိတ္ထိများ၏ အမေးပုစ္ဆာကို ရှင်အနုရာဓ မဖြေတတ်ခြင်းမှာ သူ ဒိဋ္ဌိ မဖြုတ်သေး၍ ဖြစ်သည်ဟု ဆိုသည်။ [ နှာ-၁၀၂ ] ဒိဋ္ဌိကို ပထမသိမှုနှင့် ဖြုတ်ရမည်။ ထို့နောက် ကျင့်မှု၊

http://www.dhammadownload.com



ပွားမှုဖြင့် ပယ်ဖြုတ်ရမည်။ သို့မှသာ ပယ်မှုကိစ္စပြီးကြောင်းကိုလည်း ရှင်းပြထားပါသည်။ ဤတွင် ဆရာတော်က ရှေ့နောက် မလွဲစေနှင့်ဟုလည်း သတိပေးထားသည်။

အနုရာဓသည် ဘုရားနှင့် နီးစပ်စွာ တွေ့နေလျက်ကပင် ရှေ့နောက် လွဲနေ၍ မဂ်မရဖြစ်နေသည်ဟု ဆိုသည်။ [နှာ–၁၀၃] သတ္တဝါဆိတ်သုဉ်းသော အမြင်ရမှ တိတ္ထိတို့၏ အမေးအားလုံး ဖြေစရာ မရှိပုံ ပေါ်အောင်ပြသည်။ [နှာ–၁၀၅] ပြီးမှ အနုရာဓ ဝတ္ထုကြောင်းကို ပြန်ကောက်သည်။ ရှင်အနုရာဓသည် တိတ္ထိများ အမေးကို မဖြေနိုင်သောအခါ ဘိတ္ထိများ အလိုမကျဘဲ ပြန်သွားကြသည်။

ထိုအခါ ရှင်အနုရာဓစိတ်ထဲမှာ သံသယ ဝင်လာသည်။ သံသယကို ဖြေဖျောက်ရန်အတွက် ရှင်အနုရာဓသည် ဘုရားထံသို့ သွားသည်။ ဘုရားထံ၌ တိတ္ထိများ မေးသော အမေးပုစ္ဆာများ အကြောင်းကို လျှောက်ထားလေသည်။ ထိုအခါ ဘုရားက အနုရာဓရဟန်းမှာ ဒိဋ္ဌိမပြုတ်သေးကြောင်း ရိပ်မိသည်။ ဤတွင် စကားချုပ်ပြီး ကျင့်မှုနှင့်သိမှုမှာ သိမှုကို ပထမ ထားသင့်ကြောင်း မသိဘဲ ကျင့်လျှင် အလကား ဖြစ်တတ်ကြောင်းကို ရှင်းပြထားသည်။ [နှာ–၁၀၈]

ထိုအခါ ဘုရားက အနုရာဓရဟန်းအား မြင်စိတ်သည် အနိစ္စလား၊ နိစ္စလားဟု မေးတော်မူသည်။ အနုရာဓက အနိစ္စဖြစ်ကြောင်းကို ဖြေသည်။ အနိစ္စဖြစ်သော တရားသည် သုခလား၊ ဒုက္ခလား ဆိုတော့ ဒုက္ခဖြစ်ကြောင်း ဖြေသည်။ ထိုအနိစ္စဒုက္ခ ဖြစ်သော မြင်စိတ်ကို ငါပဲ၊ ငါ့ဥစ္စာပဲဟု ဆို၍ ရမလားဟု မေးရာ၊ မရနိုင်ကြောင်း ဖြေသည်။ ငါ ငါ့ဥစ္စာ မဟုတ်ကြောင်း ထင်ရှားလျှင် ထိုတရားသည် အနတ္တ ဖြစ်သည်။ [နှာ–၁၀၉] ဤသို့ ပြလိုက်သောအခါတွင်မှ အရှင်အနုရာဓသည် ဖြစ်ပျက်ကို မြင်လာသည်။ ထို့နောက် ဖြစ်ပျက်ကို မုန်းလာသည်။ ထိုအခါ ဖြစ်ပျက်တွေ ဆုံးပြီး သူရဟန္တာ ဖြစ်သွားပုံကို ပြသည်။ [နှာ–၁၁၀] ဘုရားက ဒိဋ္ဌိခွာပေးလိုက်သောကြောင့် ကိစ္စပြီးသွားသည်ဟု ဆိုသည်။

ဖြစ်ပျက်ဆိုတာ ဒုက္ခသစ္စာဖြစ်၍ ဒုက္ခသစ္စာချုပ်ခြင်းဖြစ်သည်။ [နှာ–၁၁၂] သတ္တဝါ မပါကြောင်း ထင်ရှားသည်။ ဒုက္ခဖြစ်၍ ဒုက္ခပျက်ပုံကို ဉာဏ်အမြင်နှင့် မြင်လိုက်ပါက မဂ်ပေါ်သည်။ [နှာ–၁၁၂] မဂ်ပေါ်သောကြောင့် သုံးအကွက်ကို မကူးတော့ ပစ္စုပ္ပန်တည်သွားပြီ။ ဖြစ်ပျက်မြင်အောင် ရှု၊ ဖြစ်ပျက်မြင်လျှင် အနိစ္စ၊ ဒုက္ခ၊ အနတ္တ သုံးခုကို မြင်သည်။ ဤတွင် အချိန်စေ့၍ တရားနားသည်။

*

http://www.dhammadownload.com



## ၄။ အကြားအမြင် မရှိတဲ့ ပုထုဇဉ်နှင့် အကြားအမြင် ရှိတဲ့ ပုထုဇဉ်

[၄–၉–၆၂ နေ့က အမရပူရမြို့ မင်္ဂလာတိုက်ဟောင်းမှာ ဟောသောတရား]

'အသုတဝါ ပုထုဇ္ဇနော' အကြားအမြင်(သစ္စာဉာဏ်) မရှိသော ပုထုဇဉ် ဖြစ်၍ သံသရာရှည်တယ် ဆိုသော စကားဖြင့် ဤတရားကို စတင် ဟောကြားပါသည်။ အကြားအမြင် မရှာတာ၊ ကိလေသာ ပေါတာ ပုထုဇဉ် ဖြစ်သည်။ သစ္စာစကားကို အကြားလည်း မရှိ၊ သစ္စာကို အမြင်လည်း မရှိ၊ ပုထုဇဉ်က ကိလေသာ ပေါများသူဖြစ်ကြောင်း ရှင်းထားသည်။ ထိုသူသည် သံသရာ ရေသောက်မြစ်ကို တည်ထောင်ဖြစ်သည်။ ကိလေသာထူပြောသော ပုထုဇဉ်မှာ ဘယ်တော့မှ ကိစ္စ မပြီးဘူး။ အမြဲတမ်း အလုပ်ရှုပ်နေသည်။ [နာ–၁၁၉] အသုတဝါ က သစ္စာကို မသိတာ၊ ပုထုဇ္ဇနောက ကိလေသာ ပေါများတာဟု ရှင်းရှင်း အဓိပ္ပာယ် ဖွင့်ပြထားသည်။ [နာ–၁၂၀] ပုထုဇဉ်မှာ ကိလေသာပေါ၍ ကိစ္စများမြောင်ပုံကို သရုပ်ဖော်ပြထားသည်။ [နာ–၁၂၁]

ကိလေသာ ပေါသောကြောင့် ခန္ဓာက သစ္စာကို ဘယ်လိုပင် ပြောသော်လည်း ပုထုဇဉ်က မသိပါ။ [နာ–၁၂၂] အကြားအမြင်(သစ္စာဉာဏ်) မရှိတော့ ဒုက္ခ ရောက်နေတာကိုလည်း ဒုက္ခမှန်း မသိ၊ ကိလေသာက များနေတော့၊ ဒုက္ခကို ဒုက္ခမှန်း မသိဘဲ ဒုက္ခရောက်မည့် ကိလေသာနောက်ကိုသာ လိုက်နေကြရသည်။ [နာ–၁၂၃] ပုထုဇဉ် အရုပ်ဆိုးတာ ကမ်းကုန်နေပြီဟု ဆိုသည်။ သံသရာရှည်ရသည့် အကြောင်းသည် အကြားအမြင် မရှိဘဲ ကိလေသာများနေ၍ ဖြစ်သည်။ (အဝိဇ္ဇာနှင့် တဏှာကြောင့်ဖြစ်ကြောင်း နားလည်သင့်သည်။) ခန္ဓာက အတူနေတာ၊ အတူနေက ဒုက္ခသစ္စာအကြောင်း ပြောနေတာတောင် ပုထုဇဉ်က မကြားတတ်ဘူး၊ အချိန်ရှိ သရွေ့ တဖျပ်ဖျပ်ပြနေ၊ ပြောနေသည်။ မကြားတတ်၊ မမြင်တတ်ဘူး။ [နာ–၁၂၅]

ဘာကြောင့် မကြားသလဲ၊ ကြားတတ်တဲ့ဉာဏ် နားမပါ၍ ဖြစ်သည်။ [နာ–၁၂၆] ခန္ဓာက ဒုက္ခသစ္စာတွေကို ပြနေတာကို ပြမှန်းမသိ၊ ဒါတွေက ဖြစ်ရိုး ဖြစ်စဉ်တွေ၊ ထုံးစံတွေပဲ၊ ဒါ ဓမ္မတာပဲ၊ ဖြစ်မြဲ ဖြစ်တတ်တာတွေပဲဟု ထင်နေသည်။ မကြားမမြင်တတ်သည်မှာ သိတတ်သောဉာဏ် မရှိ၍ ဖြစ်သည်။ (အသုတဝါ– ဖြစ်၍ဖြစ်၏) [နာ–၁၂၈] လိုချင် တပ်မက်မှု ကိလေသာတွေ ပေါနေတော့ ခန္ဓာက ဒုက္ခသစ္စာတွေ ပြနေတာကို ဂရုမစိုက်နိုင်တော့။ ကိလေသာအလို လိုက်နေရသည်။

http://www.dhammadownload.com



ခန္ဓာက အချိန်တိုင်း ပြနေသော ဒုက္ခသစ္စာတွေကို မမြင်အောင် ကိလေသာ (တဏှာ)က မှောင်ချထားသည်။ [နှာ–၁၃၀] အသုတဝါ ပုထုဇ္ဇနော ဘာကြောင့် ဖြစ်နေရသလဲ၊ 'အရိယာနံ အဒဿာဝီ' အရိယာကို မမြင်ဘူးလို့ 'အရိယာ ဓမ္မဿ အကောဝိဒေါ' အရိယာတရားကို မကြားဘူး မနာဘူးလို့ ဖြစ်ကြောင်း ဖော်ပြထား သည်။ [နှာ–၁၃၈] ပုထုဇဉ်သည် အရိယာအနားကို မကပ်ရဘူး၍ ဖြစ်သည်။ အရိယာသစ္စာကို ပြောပြနိုင်သော ဆရာသမားကို မဆည်းကပ်ရ၍ ပုထုဇဉ်မှာ အကြားအမြင် မရှိ၊ ကိလေသာပဲ များနေခြင်း ဖြစ်သည်။ သုတဝါအရိယာသာဝက ကျတော့ အရိယာတရားကို ဘယ်မှာဟောဟော ကြားနိုင်သူဖြစ်သည်။ [နှာ–၁၃၉] ထို့ကြောင့် အသုတဝါ ပုထုဇ္ဇနောသည် သုတဝါ အရိယာသာဝကော ဖြစ်အောင် လုပ်ရမည်။ သုတဝါအရိယာသာဝကော မဖြစ်ဘဲ အသုတဝါ ပုထုဇ္ဇနော ဖြစ်နေလျှင် ဘုရားနှင့် ကိုယ်တိုင် တွေ့ကြုံရသော်လည်း အလကားပဲ၊ တရား မရဘူးဟု မိန့်သည်။ [နှာ–၁၄၉]

သစ္စာကို သိမှသာ အရိယာတို့၏ သားတပည့် ဖြစ်သည်။ သစ္စာသိမှ ကိလေသာပါးမည် ဖြစ်သည်။ ကိလေသာ ပါးမှလည်း မဂ်ဉာဏ်ဖိုလ်ဉာဏ်ရမည်။ [နှာ–၁၅၀] သံယုတ်ပါဠိတော်မှာ အရိယာသာဝက ဖြစ်အောင်လုပ်နည်း ဟောသည်။ အကြားအမြင် များအောင် သစ္စာဉာဏ်ရအောင် ဘုရားက တရား ဟောသည်။ သုတဝါအရိယာသာဝက ဖြစ်အောင် မိမိကိုယ်ကို ပြုပြင်ရမည်။ [နှာ–၁၅၁] ပဋိစ္စသမုပ္ပါဒ်ကို ပြပြီး ရှင်းပြန်သည်။ အတိတ်က အဝိဇ္ဇာနှင့် နေခဲ့ ကြကြောင်း၊ သစ္စာ မသိဘဲ နေခဲ့ကြတာ အသုတဝါဖြစ်ကြောင်း ပြသည်။ အသုတဝါ ပုထုဇ္ဇနောသည် သမုဒယသစ္စာတွေချည်း လုပ်ခဲ့သည်။ အကန်း လမ်းသွားသလို သွားခဲ့ကြသည်။ ဤသို့ ကိုယ်လာခဲ့သော လမ်းကို ကိုယ်သိရသဖြင့် သုတဝါ ဖြစ်သွားပြီဟု ဆိုသည်။ [နှာ–၁၅၆]

အဝိဇ္ဇာနှင့် အကန်းဘဝဖြင့် လမ်းသွားခဲ့ရသလိုဖြစ်ကြောင်း သိ၍ သုတဝါ ဖြစ်ပြီ။ အိုနာသေဘေးရှိသော ခန္ဓာဒုက္ခသစ္စာ ရခဲ့ခြင်းဖြစ်သည်ဟု သိရပြီ။ သိရ သောကြောင့် အရိယာသာဝက ဖြစ်ပြီ။ [နှာ–၁၅၈] ဤအသိဉာဏ် ရလျှင် သုတဝါ အရိယာသာဝက ဖြစ်ပြီ။ အရိယာစင်စစ် မဖြစ်သေးပါ။ အရိယာတို့၏ တပည့်ပဲ ဖြစ်သေးသည်။ အရိယာသာဝကသည် မိမိ လာရာလမ်းကိုလည်း သိသည်။ ရနေ သော ခန္ဓာ မကောင်းကြောင်း ဒုက္ခသစ္စာ ရနေကြောင်းကိုလည်း သိသည်။ မကောင်း တာကို ကောင်းမှန်းသိလျှင် လူလိမ္မာဖြစ်ပြီ။ လာတာက သမုဒယသစ္စာက လာတာ၊

http://www.dhammadownload.com



ရောက်တာက ဒုက္ခသစ္စာအကွက်ထဲ ရောက်တာဖြစ်သည်။ [နာ-၁၆၁] ထိုအခါ စိတ်ပေါ်လျှင် စိတ်ကို ဖြစ်ပျက် ရှုပြီး ဖြစ်ပျက် ဒုက္ခသစ္စာကို သိသော မဂ်ပေါ်အောင် အားထုတ်နေသည်။ နောက် ဒုက္ခရအောင် မလုပ်တော့ပါ။ ဝိပဿနာ လုပ်နေသော ပုဂ္ဂိုလ်သည် သုတဝါအရိယာသာဝက ဖြစ်သည်ဟု မိန့်ဆိုထားသည်။ [နာ-၁၆၂]

ဖြစ်ပျက်မြင်လျှင် အရိယာသာဝကော ဖြစ်ပြီး၊ ဖြစ်ပျက်တွေ မုန်းအောင် ရှုလို့ဖြစ်ပျက်အဆုံးရောက်သွားပြီဆိုပါက၊ အရိယာစင်စစ်ဖြစ်သွားပြီ။ [နာ-၁၆၂] ကိုယ်တိုင် အရိယာဖြစ်ပြီ၊ တပည့် မဟုတ်တော့ဘူးဟု ဟောသည်။ ဉာဏ်မျက်စိ အမြင်ရသွားသောကြောင့် အရိယာ ဖြစ်သွားခြင်း ဖြစ်၏။ ထိုအခါ ဒုက္ခ ရောက်ကြောင်း တရားသမုဒယတွေကို မလုပ်တော့ဘူးဟု ဆိုသည်။ သုံးနံပါတ် သမုဒယအကွက်ကို ပယ်ရှားနိုင်ပြီဖြစ်၏။ [နာ-၁၆၃] အရိယာသာဝက ဖြစ်သော အခါ ဖြစ်ပျက်မဂ် ကိစ္စကို အဓိက ထားပြီး လုပ်တော့သည်။ ဒုက္ခသစ္စာကို သိလျှင် သုတဝါဖြစ်ပြီ။ ဆရာသမား ပြောသည့်အတိုင်း လုပ်လျှင် အရိယာသာဝက ဖြစ်ပြီ။ နောက်အလုပ် ခရီးပေါက်ပြီး ဖြစ်ပျက်အဆုံး နိဗ္ဗာန်ကို ရောက်လျှင် အရိယာအစစ်ကြီး ဖြစ်ကြောင်း ဟောရင်း အချိန်စေ့၍ တရားနားသည်။

*

## ၅။ နဒီသုတ်

[၅-၉-၆၂ နေ့က အမရပူရမြို့ မင်္ဂလာတိုက်ဟောင်းမှာ ဟောသောတရား]

မနေ့က ပြောခဲ့သော 'အသုတဝါ ပုထုဇ္ဇနော' ဆိုသော နာမည် အလွန်ဆိုးသည် ဆိုသော စကားဖြင့် ဤတရားကို စတင် ဟောကြားတော်မူသည်။ သစ္စာတရား အကြားအမြင် မရှိတာ၊ အကောင်းအဆိုး မတွေးတတ်ဘဲ 'အသုတဝါ' ဖြစ်ကြောင်း ဟောသည်။ ပဋိစ္စသမုပ္ပာဒ် တစ်အကွက်သည် အသုတဝါပုထုဇ္ဇနော အကွက်ဖြစ်သည်ဟု ဆိုသည်။ 'အဝိဇ္ဇာပစ္စယာ သင်္ခါရာ'သည် အသုတဝါ ပုထုဇ္ဇနော ၏ ဖြစ်ရာဌာန ဖြစ်သည်။ [နာ-၁၆၆] သစ္စာမသိဘဲ(အဝိဇ္ဇာနှင့်) ပြုချင်ရာပြုမှု (သင်္ခါရ)ကြောင့် အတိတ်ဘဝက စတောပြီး ပစ္စုပ္ပန်မှာ ဒုက္ခသစ္စာ ခန္ဓာရပြီး သံသရာမှာ မျောလာခဲ့ရသည်။ ဤဘဝမှာ ကလျာဏမိတ္တ(ဆရာကောင်းမိတ်ကောင်း)နှင့် မတွေ့လျှင် အသုတဝါ ပုထုဇ္ဇနောပဲ ဖြစ်နေဦးမည်။ [နာ-၁၆၈] ပြီးမှ အသုတဝါ ပုထုဇ္ဇနော၏ ဘဝမှာ သားသမီးအားကိုး၊ ပစ္စည်းအားကိုး မှားနေကြပုံကို သရုပ်ပေါ်အောင် ဟောသည်။ [နာ-၁၇၄]

http://www.dhammadownload.com



အားကိုးများပြီး မနိုင်မမြဲတာတွေ ဒုက္ခသစ္စာတွေကို ဆွဲမိဆွဲရာ ဆွဲနေကြသည်။ အဆွဲများတော့ ပြုလဲကုန်ကြသည်။ သောကပရိဒေဝမီး လောင်ခံကြရသည်။ [နာ–၁၇၆] ဘာကြောင့် သောက ရောက်ရသလဲ၊ ဒုက္ခသစ္စာကို မသိဘဲ အားကိုးလွဲ၍ ဖြစ်သည်ဟု ဟောသည်။ ဒုက္ခရောက်တာ ကံမကောင်း၍ မဟုတ်။ အားမကိုးသင့်တာတွေကို အားကိုးမိများ၍ ဖြစ်သည်ဟု ဟောသည်။ [နာ–၁၇၈] ထို့နောက် ဘုရားဟော နဒီသုတ်ကို ညွှန်းသည်။ ကမ်းပါးသစ်ပင်နှင့် တူသော ပစ္စည်းဥစ္စာနှင့် လူခန္ဓာကို အားမကိုးသင့်၊ အားကိုးများ၍ သောကပရိဒေဝ၊ ဒေါမနဿမီး လောင်နေကြရသည်။ ဝိပဿနုပေက္ခာ၊ မဇ္ဈိမပဋိပဒါနှင့် နေတတ်ဖို့ အရေးကြီးသည်။

ထိုသို့ နေတတ်ရန်မှာ သစ္စာသိမှ ဖြစ်သည်။ သစ္စာကို သိသူသာလျှင် ထိုသို့ နေတတ်သည်။ [နာ–၁၈၃] ဖြစ်ပျက်က ဒုက္ခသစ္စာ၊ သိလုံးကလေးက မဂ္ဂသစ္စာ၊ ဤသို့ ဒုက္ခသစ္စာကို မဂ္ဂသစ္စာနှင့် သိပြီးနေမှသာ ဝိပဿနုပေက္ခာ ဖြစ်ပုံကို ရှင်းထားသည်။ [နာ–၁၈၃] ခန္ဓာ၏ ပင်ကိုသဘော ပစ္စည်းဥစ္စာ၏ ပင်ကိုသဘောက ဒုက္ခသစ္စာပဲ ဖြစ်သည်။ [နာ–၁၈၄] ပင်ကိုသဘောကို ပင်ကိုသဘောအတိုင်း (ရှိရှိအတိုင်းတိုင်း) သိနေသော ပုဂ္ဂိုလ်မှသာ အကြားအမြင်များသော အရိယာသာဝက ဖြစ်သွားသည်။ သို့မှသာ မဇ္ဈိမပဋိပဒါ ကျသည်။

ထို့နောက် မဇ္ဈိမပဋိပဒါ နှစ်မျိုးရှိသည်ဟု ဆိုပြီး အဓိပ္ပာယ် ဖွင့်ဆိုထားသည်။ ပထမအမျိုးက ဒုက္ခသစ္စာကို ဒုက္ခသစ္စာမှန်း သိခြင်း၊ ဖြစ်ပျက်နှင့်မဂ် ကိုက်အောင် ရှုခြင်းဖြစ်သည်။ ဒုတိယအမျိုးက ဖြစ်ပျက်နှင့်မဂ် ကိုက်အောင် ရှုတတ်သောအခါ အရှုးပြုးလည်း မပြုးတော့၊ အကန်းမဲ့လည်း မမဲ့တော့၊ ပြုးခြင်း မဲ့ခြင်းက လွတ်သွားပုံကို ပြထားသည်။ [နာ–၁၈၅] သစ္စာသိသော ဉာဏ်ကို အဖော်လုပ်၍ နေတတ်ခြင်းသည် မဇ္ဈိမပဋိပဒါကျခြင်း ဖြစ်သည်။ ဒါကလေး သိလိုက်လျှင် သေပျော်ပြီ မှတ်ပါဟု ဆိုသည်။ [နာ–၁၈၇] မဇ္ဈိမပဋိပဒါကို ဤတွင် ဝိပဿနုပေက္ခာအဖြစ် ရှုမြင် သုံးသပ်ပြထားသည်။

ဝိပဿနာ လုပ်တာသည် မဇ္ဈိမပဋိပဒါ အလုပ်ပင် ဖြစ်သည်။ သဘော၀၏ ရှိအတိုင်း ဖြစ်အတိုင်းတိုင်း ပင်ကိုသဘောကို သူ့ပင်ကို သဘောအတိုင်း သိနေတာသည် မဇ္ဈိမပဋိပဒါဖြစ်ကြောင်း ပြထားသည်။ ကာမသုခလ္လိကာနုယောဂ ဆိုတာ ပြုးသော ပုဂ္ဂိုလ်၏ အလုပ်၊ အတ္တကိလမထာနုယောဂါဆိုတာ မဲ့သောပုဂ္ဂိုလ်၊ ကိုယ့်ကိုယ်ကိုယ် ရင်ထုပြီးငိုသော ပုဂ္ဂိုလ်၏ အလုပ်ဖြစ်သည်ဟုဆိုသည်။ [နာ–၁၈၈] အရှုးက ဒုက္ခကို သုခထင်ပြီး ပြုးသည်။ အကန်းက ဒုက္ခကို ဒုက္ခသစ္စာမြင်အောင်

http://www.dhammadownload.com



ပြလိုက်လျှင်လည်း ဝမ်းနည်းပြီး မဲ့သည်။ သစ္စာမသိသရွေ့မှာ အရှုးပြုးနှင့် အကန်းမဲ့ပဲ ရှိသည်ဟု ဟောသည်။ [နှာ–၁၉၀] ကလျာဏမိတ္တက ပြုပြင်ပေးမှ အလယ်လမ်း မဇ္ဈိမပဋိပဒါကို ရောက်နိုင်သည်။ [နှာ–၁၉၁]

ပြီးမှ စိတ္တာနုပဿနာ ရှုရန် တိုက်တွန်းသည်။ ထိုသို့ ရှုတတ်မှသာလျှင် အရှုးအကန်း ဘဝက လွတ်သည်။ 'သုတဝါ အရိယာ သာဝက' ဖြစ်နိုင်ကြောင်း ဖော်ပြထားသည်။ [နှာ–၁၉၂] မဇ္ဈိမပဋိပဒါကျမှ သုတဝါ အရိယာ သာဝက ဖြစ်သည်။ ထိုအခါကျမှ ရင်ထုမြေလူးအဖြစ်က လွတ်မြောက်နိုင်သည်ဟု ဟောထား သည်။ [နှာ–၁၉၂]

မနေ့က အသုတဝါ ပုထုဇ္ဇနေနှင့် သုတဝါ အရိယာသာဝကော ပုဂ္ဂိုလ် နှစ်မျိုး ကွာခြားပုံကို ဟောသည်။ ယနေ့ အလယ်လမ်း မဇ္ဈိမပဋိပဒါပုဂ္ဂိုလ်ဖြစ်မှ ခရီးပေါက်ပုံကို ပြသည်။ [နှာ–၁၉၃] အလယ်လမ်းသာလျှင် နိဗ္ဗာန်ရောက်သော လမ်းဖြစ်ကြောင်းလည်း ဟောသည်။ [နှာ–၁၉၇]

ထို့နောက် မဇ္ဈိမပဋိပဒါ အလယ်လမ်း (ဖြစ်ပျက်ဒုက္ခသစ္စာကို မြင်သော လမ်း) သို့ ရောက်အောင် စိတ်ကို ဖြစ်ပျက် ရှုရိုင်းသည်။ [နှာ–၁၉၉] ဖြစ်ပျက် ရှုတော့ ပြုံးလည်း မပြုံးဘူး၊ မဲ့လည်း မမဲ့ဘူး၊ အရှုးအကန်းအဖြစ်က လွတ်ပြီ။ အသုတဝါ ပုထုဇ္ဇနေ အဖြစ်က ကျွတ်ပြီ။ သုတဝါ အရိယာသာဝက အဖြစ်သို့ ရောက်ပြီ။ ထိုအခါ မဇ္ဈိမပဋိပဒါလမ်းပေါ်ကို ရောက်ပြီ။ ထိုအခါ နိဗ္ဗာန်လမ်းပေါ်သို့ ရောက်ပြီဖြစ်၏။ ဒကာ ဒကာမတွေ နိဗ္ဗာန်ကို အဖြောင့်ဆိုက်နိုင်သော မဇ္ဈိမပဋိပဒါ စခန်း မဂ္ဂင်လမ်းပေါ် ရောက်အောင် ကြိုးစားကြပါဟု တိုက်တွန်းရင်း အချိန်စေ့၍ တရားနားသည်။

*

## ၆။ ဒိဋ္ဌိစင်မှ နိဗ္ဗာန်မြင်

[၈–၉–၆၂ နေ့က အမရပူရမြို့ မင်္ဂလာတိုက်ဟောင်းမှာ ဟောသောတရား]

"ယခု တရားနာနေတာ ဘာခန္ဓာတုံးဟု မေးလျှင် ပဋိစ္စသမုပ္ပာဒ်ခန္ဓာဟု ဖြေရမည်" ဤစကားသည် ဤတရား၏ အစဖြစ်သည်။ *အကြောင်းကြောင့် ဖြစ်နေ* သော အကျိုးတရားများ ဖြစ်သောကြောင့် ဖြစ်၏။ အကျိုးတရားတစ်ခု ချုပ်သွား လျှင် နောက်အကျိုးတရား တစ်ခု ထပ်မံ ပေါ်ပေါက်လာသည်မှာ ဓမ္မတာ ဖြစ်သည်။

http://www.dhammadownload.com



အကြောင်းကြောင့် အကျိုးတစ်ခုပေါ်၊ ထိုပေါ်သော အကျိုးက အကြောင်းပြန်ဖြစ်ပြီး နောက်ထပ် အကျိုးတစ်ခုကို ပေါ်စေပြန်သည်။ [နှာ-၂၀၂] အကြောင်းအကျိုး ဆက်နေတာကြောင့် ဤခန္ဓာသည် အစဉ်အဆက် မပြတ်တော့ပါ။ အကြောင်းအကျိုး ဆက်ပြီး ဖြစ်ပျက်နေတာ မသိသောကြောင့် မနေ့ကလည်း ငါပဲ၊ ယနေ့လည်း ငါပဲဆိုပြီး ပေါ်ရာ ခန္ဓာကို ငါစွဲ သန်နေကြခြင်း ဖြစ်သည်။

မြင်စိတ်တစ်ခု ပေါ်ပြီး ချုပ်သွားသည်။ ကြားစိတ်တစ်ခု ပေါ်လာသည်။ ကြားစိတ်လည်း ပေါ်ပြီး ချုပ်သည်။ နံစိတ် ပေါ်လာပြန်သည်။ ဤသို့ ပေါ်လိုက် ပျောက်လိုက် ဖြစ်နေတာကိုပင် ငါမြင်၊ ငါကြား၊ ငါနံ၊ ငါစား ငါချည်း မှတ်ထင်နေတော့သည်။ [နှာ-၂၀၃] ပဋိစ္စသမုပ္ပာဒ်အားဖြင့် ခန္ဓာအစဉ် ဖြစ်နေတာပါကလား ဟု နားမလည်သဖြင့် သဿတဒိဋ္ဌိ ဖြစ်နေရပုံကို ရှင်းထားသည်။

ပဋိစ္စသမုပ္ပာဒ်ကို နေ့တိုင်း လမ်းထွင်ပြီး ပြနေခြင်းမှာ သဿတဒိဋ္ဌိကို ခွာနေခြင်း ဖြစ်၏။ ဆရာကောင်း မတွေ့သူမှာ ဝေဒနာ ပစ္စယာ တဏှာ ဖြစ်သည်။ ဆရာကောင်း တွေ့သူမှာ ဝေဒနာ ပစ္စယာ ပညာ ဖြစ်သွားသည်။ ဖြစ်ပျက်ရှုတဲ့ ဝိပဿနာပညာ ပေါ်လာသည်။ ဝေဒနာ ပစ္စယာ တဏှာ လူတိုင်းမှာ ဖြစ်နေသည်။ ကမ္ဘာနှင့် မြေစာဟု မှတ်ပါ ဆိုသည်။ [နှာ-၂၀၅] သတ္တဝါသည် စိတ်တစ်ခုခုနှင့် အသက်ရှင်ခြင်း ဖြစ်သည်။ 'ဧက စိတ္တ သမာယုတ္တာ' ပဋိစ္စသမုပ္ပာဒ် ခန္ဓာသည် စိတ်ကနေ လှည့်လိုက်လည်း ကံကို ရောက်သည်။ (ဖဿ၊ ဝေဒနာ၊ တဏှာ၊ ဥပါဒါန်၊ ကံ) ကံက ပြန်လှည့်လိုက်တော့ စိတ်နဲ့ အသက်ရှင်ပြန်သည်။ [နှာ-၂၀၄] အကြောင်းချုပ်ပြီး အကျိုးပေါ်နေခြင်း ဖြစ်၏။ ဤသို့ သိပါက သဿတဒိဋ္ဌိ စင်သွားသည်။ ခိုင်တာမြဲတာ ဒီခန္ဓာမှာ ဘာမှ မရှိဟု သိသွားသောကြောင့် ဖြစ်သည်။ ဒိဋ္ဌိစင်မှ သောတာပန် ဖြစ်မည် ဖြစ်၏။ [နှာ-၂၁၀]

သဿတဒိဋ္ဌိ စင်ကြယ်အောင် ဟောပြီးနောက် ဥစ္ဆေဒဒိဋ္ဌိ စင်အောင် ဟောပြန်သည်။ အကြောင်းဝေဒနာဖြစ်ပြီး ချုပ်လျှင် တဏှာသည် အကျိုးအဖြစ် ပေါ်လာသည်။ နိယာမဖြစ်၏။ ဝေဒနာကွန္ဓာ ချုပ်ပြီး ဘာမှ မပေါ်ဘူး၊ ပြတ်ပြီဆိုမှ ဥစ္ဆေဒဒိဋ္ဌိ ဖြစ်၏။ [နှာ-၂၀၅] တဏှာပေါ်တာ အကြောင်းကင်းသလား၊ မကင်းပါ၊ မပြတ်ပါ။ အကျိုးဆက်တဏှာသည် အကြောင်းဝေဒနာကြောင့် ပေါ်ခြင်း ဖြစ်သည်။ ဤသို့သိလျှင် ဥစ္ဆေဒဒိဋ္ဌိ စင်သည်။ တဏှာချုပ် ဥပါဒါန်ပေါ်၊ ဥပါဒါန်ချုပ် ကံပေါ်သည်။ မပြတ်ပါ။ ဒိဋ္ဌိနှစ်မျိုးစင်အောင် ရှင်းပြသည်။ ဒိဋ္ဌိ ခံနေလျှင် နိဗ္ဗာန် မရကြောင်း ထပ်ပြောပြန်သည်။

http://www.dhammadownload.com



တရားအားထုတ်မည် ဆိုလျှင် ဒိဋ္ဌိကို ရှေ့ပိုင်းမှာ အသိနှင့် ရှင်းပြီး ဖြုတ်ရမည်။ သို့မှသာ အမြင် စင်ကြယ်မည်။ အမြင် စင်ကြယ်ပြီး တရားအားထုတ်မှသာ မဂ်ဉာဏ်ကို ရနိုင်သည်။ ဤတရားတွင် တတိယဒိဋ္ဌိအဖြစ် **ဧကစ္စ သဿတဒိဋ္ဌိ** ကိုပါ ထည့်ဟောသည်။ ထိုဒိဋ္ဌိမှာ အကြောင်းချုပ်ပြီးလျှင် အကျိုးတရားသည် ဖြစ်တဲ့အခါ ဖြစ်၊ မဖြစ်တဲ့အခါ မဖြစ်ဘူးဟု ယူသော အမြင်မှား ဖြစ်၏။ ဆရာတော်က ဤသဿတဒိဋ္ဌိကို(တစ်ပိုင်းကြောင်သဿတဒိဋ္ဌိ)ဟု သမုတ်သည်။[နှာ-၂၁၅] ဤဒိဋ္ဌိခဲနေလျှင်လည်း မဂ်ဉာဏ်ဖိုလ်ဉာဏ် မရဟု ဆိုသည်။ ဤတရားတွင် နောက်ထပ် တစ်ခု၊ စတုတ္ထဒိဋ္ဌိ (**အပရာပရိက္ခေပဒိဋ္ဌိ**) ကိုလည်း ထည့်ရှင်းထားသည်။

အကြောင်းတစ်ခု ချုပ်သွားလျှင် အကျိုးတစ်ခု ဖြစ်သည်လည်း မဟုတ်၊ မဖြစ်သည်လည်း မဟုတ်၊ မတင်မကျ ယူသော အယူ ဖြစ်သည်။ [နှာ-၂၁၆] ဒိဋ္ဌိခံနေလျှင် နိဗ္ဗာန်ကို မရပါ။ ဒိဋ္ဌိပြုတ်မှ ဒိဋ္ဌုပါဒါန် ချုပ်သည်။ [နှာ-၂၁၈] တဏှာနှင့် ဒိဋ္ဌိဟာ တွဲလျက်ပဲဟုမှတ်ပါ ဆိုသည်။

ထို့နောက် ဝတ္ထုသာဓက ထုတ်ပြသည်။ ဓမ္မပုဏ္ဏားဝတ္ထု ဖြစ်၏။ ခန္ဓာဝဂ္ဂ ပါဠိတော်မှာ လာသည်။ ဓမ္မပုဏ္ဏားက သေလျှင် နောက်ထပ် ဖြစ်သေးသလားဟု မေးသည်။ ဘုရားက တဏှာဥပါဒါန် ချုပ်သော ပုဂ္ဂိုလ် သေလျှင် ဒုက္ခခပ်သိမ်း ငြိမ်းသော နိဗ္ဗာန်ကို ရောက်ကြောင်း ဖြေသည်။ ပုဏ္ဏားက နိဗ္ဗာန်ကို နားမလည်။ ဘုံဘဝကိုသာ နားလည်သည်။ ပဋိစ္စသမုပ္ပါဒ်ကို မသိသောကြောင့် ဖြစ်၏။ ဥပါဒါန် ရှိမှ ဘုံဘဝကို သွားသည်။ ဥပါဒါန် မရှိသော ပုဂ္ဂိုလ်မှာ သွားရာဘုံဌာန မရှိပါ။ [နှာ-၂၃၇]

ထိုအခါ ပုဏ္ဏားက မီးဥပမာဖြင့် မေးသည်။ မီးဖိုကြီး တစ်ခုမှ မီးပွားကလေး စဉ်ထွက်သွားတာ ဘာဥပါဒါန် ရှိသလဲဟု မေးသည်။ ဘုရားက လေတည်းဟူသော ဥပါဒါန် ရှိပုံကို ဟောသည်။ [နှာ-၂၃၈] ဘုံဘဝကို သွားသော ပုဂ္ဂိုလ်များမှာ ဥပါဒါန်၏ သတ္တိပါသွားကြောင်း ဟောသည်။ ထိုအခါ ပုဏ္ဏားက တစ်ယောက်သော ပုဂ္ဂိုလ်သည် ဤဘဝတွင် သူ့ခန္ဓာကို မစွဲဘူး၊ နောက်ခန္ဓာကိုလည်း မတောင့်တဘူး၊ အဲဒီလို သေတဲ့ ပုဂ္ဂိုလ်ဆို ဘယ်နှယ်လုပ်မလဲဟု မေးပြန်သည်။ ဘုရားက အဲဒါလည်း ဝိဘဝတဏှာ ဥစ္ဆေဒဒိဋ္ဌိ ဖြစ်ကြောင်း ဟောသည်။ [နှာ-၂၄၀] ဘဝပြတ်ခြင်းကို အလိုရှိခြင်းလည်း ဒိဋ္ဌိပင် ဖြစ်၏။ နိဗ္ဗာန်၏ သဘောကို နားမလည်သေး၍ ဖြစ်၏။ နိဗ္ဗာန်ကို သဘောမကျသေးသရွေ့ ငါ သေရင် ဘာဖြစ်ဦးမလဲ

http://www.dhammadownload.com



ဆိုသော အမေးက လာနေဦးမည် ဖြစ်၏။ ဤအမေးသည် ဝမ်းထဲမှာ ဒိဋ္ဌိ ရှိနေသော အမေး ဖြစ်သည်။ [နှာ-၂၄၂]

ထိုသို့ ဒိဋ္ဌိ မစင်ဘဲ ဝိပဿနာလုပ်လည်း ဝိပဿနာမဂ်ပဲ ပေါ်သည်။ လောကုတ္တရာမဂ် မပေါ်နိုင်ကြောင်း ရှင်းပြသည်။ နိဗ္ဗာန်မြင်အောင် ဤတရားတွင် ဟောနေခြင်း ဖြစ်၏။ [နှာ-၂၄၃] ပြီးနောက် ဒုတိယအကွက်မှာ ဝိပဿနာ ရှုပါ၊ စိတ်ကြိုက် စိတ်ရှု၊ ဝေဒနာကြိုက် ဝေဒနာရှုပါဟု ဆိုသည်။ [နှာ-၂၄၃] ရှုလိုက်လို့ ဖြစ်ပျက်နှင့်မဂ် ကိုက်သွားလျှင် ဒုတိယ အဆက်ပြတ်သည်။ ဝေဒနာ နိရောဓ တဏှာနိရောဓော ဖြစ်သွားသည်။

ထိုအခါ သမုဒယ ချုပ်သည်။ သုံးအကွက် သမုဒယချုပ်လျှင်၊ လေးအကွက်မှာ ဒုက္ခသိမ်းသည်။ လောင်စာသိမ်း၍ မီးငြိမ်းခြင်း ဖြစ်သည်။ ဒုက္ခသိမ်းသော ဉာဏ်ရနိုင်ပြီ။ [နှာ-၂၄၄] ဖြစ်ပျက်မဂ်ကိုက်အောင်သာ လုပ်ပါ။ တဏှာဥပါဒါန် ချုပ်ပါသည်။ ဥပါဒါန် ချုပ်အောင် လုပ်သည့်အတွက် ခန္ဓာ မရှိတော့ဘူး။ ခန္ဓာက ဒုက္ခသစ္စာ၊ ဒုက္ခသစ္စာ လောင်စာသိမ်းသွားလျှင် သမုဒယမီးလည်း ငြိမ်းရတော့သည်။ [နှာ-၂၄၆] ဒါဖြင့် ဤအလုပ်မှတစ်ပါး ကယ်မည့်ယူမည့်သူ တခြားမရှိကြောင်း ဟောရင်း အချိန်စေ့၍ တရားနားသည်။

*

## ၇။ ကံကို အတ္တလုပ်ပြီး အားမကိုးသင့်

[၉-၉-၆၂ နေ့က အမရပူရမြို့ မင်္ဂလာတိုက်ဟောင်းမှာ ဟောသောတရား]

ပဋိစ္စသမုပ္ပာဒ်ကို နားလည်မှ အနတ္တကို နားလည်သည်ဆိုပြီး ဤတရားကို စတင် ဟောကြားတော်မူသည်။ ပဋိစ္စသမုပ္ပာဒ်ထဲမှာ ငါ ပြုတာ ဘာမှ မပါဘူး။ အဝိဇ္ဇာကြောင့် သင်္ခါရ ဖြစ်လာတာ၊ သင်္ခါရကြောင့် ဝိညာဉ်နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ ခန္ဓာငါးပါး ဖြစ်လာခြင်း ဖြစ်သည်။ သူ့အကြောင်းနှင့် သူ့အကျိုး ဖြစ်ခြင်းဖြစ်သည်။ [နှာ-၂၄၉] ဤအကြောင်းကြောင့် အကျိုးပေါ်သော ဖြစ်စဉ်ထဲမှာ အတ္တသဘောအားဖြင့် ငါပြုတာ ဘာမှ မပါသောကြောင့် အနတ္တသဘောသည် ထင်ရှားပေါ်လာသည်။ [နှာ-၂၅၀] ငါ လုပ်လို့ ငါခံရတာ သူ လုပ်လို့ သူ ခံရတာ ဟု ဆိုနေခြင်းသည် ပဋိစ္စသမုပ္ပာဒ်ကို နားမလည်၍ ဖြစ်သည်ဆို၏။ [နှာ-၂၅၁]

မသိသောကြောင့် ရုပ်နာမ်တွေကို ငါစွဲ စွဲနေကြခြင်း ဖြစ်၏။ ငါလုပ် ငါ ရမှာပဲဆိုပြီး လှူဒါန်းနေကြရာမှာလည်း စေတနာကို ငါ လုပ်ပြီး စွဲနေကြသည်။

http://www.dhammadownload.com



[နာ၁-၂၅၂] သစ္စာ မသိဘဲ အလှူလုပ်တော့ လှူသရွေ့မှာ ငါရောပါနေသည်။ သက္ကာယဒိဋ္ဌိ ပါနေသည်။ ဒိဋ္ဌိ မကွာသော ဒါန၊ သီလ၊ သမထတွေ ဖြစ်နေပုံကို ဟောသည်။ [နာ၁-၂၅၄] ဒိဋ္ဌိပါသော အလှူ အကျိုးပေးလျှင် သုဂတိ ရောက်ပါ၏။ နိဗ္ဗာန်ကိုကား မရောက်ပါ။ [နာ၁-၂၅၅] ငါလုပ် ငါရ ဆိုသည်မှာ ကမ္မဿကတ ဉာဏ်သာ ဖြစ်သည်။ ထိုဉာဏ်၌ ဒိဋ္ဌိမပြုတ်သေးဟု ဆိုသည်။ ဗုဒ္ဓဘာသာ မြန်မာ လူမျိုးများ လုပ်သော အလုပ်တွေမှာ ဒိဋ္ဌိ မပြုတ်သော အလုပ်က များနေသည်ဟု ဟောထားသည်။ [နာ၁-၂၅၇]

အမှန်က အကြောင်းလုပ်လို့ အကျိုးပေါ်နေတာ ဖြစ်သည်။ ထိုအကြောင်းကို ငါ လုပ်နေကြခြင်းလည်း ဖြစ်၏။ စေတနာခြောက်မျိုးကို အကြောင်းပြုပြီး အကျိုး ပေါ်နေကြရခြင်း ဖြစ်၏။ စေတနာဟူက အနတ္တချည်းသာ ဖြစ်၏။ သို့သော် ပုထုဇဉ်တွေက ငါ လုပ်ထားတာတွေ မနည်းဘူး။ ဒါတွေ ဘယ်သွားမလဲ၊ ငါ့နောက် လိုက်မှာဟု စွဲယူနေကြသည်။ အတ္တသံတွေ ဖြစ်၏။ [နာ၁-၂၆၁]

ထို့နောက် ပုဏ္ဏမသုတ်ကို ညွှန်ပြပြီး ဟောသည်။ [နာ၁-၂၆၄] ရဟန်းတစ်ပါး က ဘုရားကို မေးလျှောက်သည်။ ဘယ်ပုံဘယ်နည်း ရှုမှ ငါ့ဟာ ငါ့ဥစ္စာ (အတ္တနှင့် အတ္တနိယ) ပျောက်ပါသလဲ။ (အဟံကာရ မမံကာရာနုသယ ဟောန္တိ) ဘုရားက အတိတ် အနာဂတ် ပစ္စုပ္ပန် ကာလသုံးပါးစလုံးမှာ အတွင်းရော၊ အပြင်ရော ရုပ်၊ ဝေဒနာ၊ သညာ အားလုံးသည် နေတံမမ၊ နေသောဟမသ္မိ နမေသောအတ္တ ငါ့ကိုယ် ငါ့ဟာ ငါ့ဥစ္စာ မဟုတ်ဘူးလို့ ရှုပါဟု ဖြေလိုက်သည်။ [နာ၁-၂၆၅] ထိုသို့ ရှုလျှင် အနုသယကိလေသာတွေ ချုပ်ကြောင်းကို ဟောသည်။

ငါ ငါ့ဥစ္စာစွဲ ပျောက်ချင်လျှင် ဖြစ်ပျက် ရှုရမည်။ [နာ၁-၂၆၇] ဖြစ်ပျက်ကို ရှုလိုက်တော့ ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ စိတ်၊ ခန္ဓာအားလုံး အနတ္တဆိုက်သွား သည်။ ထိုအခါ တရားနာသော ရဟန်းတစ်ပါးက အားလုံး အနတ္တချည်းဆိုလျှင် ဘာကို အားကိုးရမလဲ၊ အားကိုးစရာ မရှိတော့ဘူးဟု တွေးတော ဆင်ခြင်လာသည်။ [နာ၁-၂၆၉] ထိုအခါ သူ့စိတ်ထဲမှာ ခန္ဓာငါးပါးက အနတ္တ၊ ဘာမှ အားကိုးစရာ မရှိတော့လျှင် အားကိုးစရာ ကံသာလျှင် ရှိတော့သည်။ (ကမ္မနိ ကမ္မတ္တာနံ ဖုသန္တိ)

ကံလည်း အနတ္တပဲ၊ သို့သော် ကံကိုပဲ အားကိုးတော့မည်ဆိုပြီး သူက ကံကို အားကိုးပြုလိုက်သည်။ ကံအမိ၊ ကံအဖဟု ဆိုနေကြခြင်းမှာ ကံကို အားကိုး ခြင်း ဖြစ်သည်။ အားကိုးခြင်း အဓိပ္ပာယ်မှာ အတ္တလုပ်ခြင်း ဖြစ်၏။ လောကထဲမှာ အားလုံးက ကံအားကိုးသူတွေချည်း ဖြစ်နေကြသည်။ ထို့ကြောင့် ဤတရားကို

http://www.dhammadownload.com



ဟောရခြင်းသည် လောကကို ကန့်လန့်တိုက်ရသလို ဖြစ်နေသည်ဟုလည်း မှတ်ချက်ပေးထားသည်။ [နာ၁–၂၇၁]

ဘုရားက သဗ္ဗေဓမ္မာအနတ္တာဟု ဆိုထားသည်။ ဓမ္မအားလုံး အနတ္တချည်းဖြစ်သည်။ [နာ၁–၂၇၂] အနတ္တကို အားမကိုးကောင်းပါ။ ထို့ကြောင့် ထိုတရားကိုလည်း အားမကိုးကောင်းသော တရားအဖြစ် ရှုရမည်ဟု ဆိုသည်။ ကိုယ် လုပ်ထားသော ကောင်းမှုကုသိုလ်တွေသည် ကိုယ်သွားရာ ဘဝတိုင်းမှာ ကံက အရိပ်ပမာပါသည်ဟု ဆိုခြင်းသည် ဆောင်၍ ဟောခြင်းသာဖြစ်ကြောင်း၊ နေယျတ္ထဒေသနာဖြစ်ကြောင်း ရှင်းပြထားသည်။ [နာ၁–၂၇၃]

အမှန်မှာ ကံသည် အတ္တ မဟုတ်ပါ။ ကံလည်း အနတ္တသာ ဖြစ်၏။ [နာ၁–၂၇၄] နီတတ္ထဆိုသည်မှာ တိုက်ရိုက် အဓိပ္ပာယ်ဖြင့် အဖြောင့်ဟောတာဖြစ်သည်။ နေယျတ္ထမှာ သွယ်ဝိုက်၍ အဓိပ္ပာယ် ယူရသော တရားဖြစ်သည်။ ဆောင်၍ ဟောခြင်းဖြစ်သည်။ ဓမ္မ၏ ပင်ကိုအရှိကို အရှိအတိုင်း ဟောပုံက တစ်မျိုး၊ ပုဂ္ဂိုလ်၏ နားလည်မှုကို လိုက်၍ ဆောင်ပြီး ဟောသောတရားက တစ်မျိုးဖြစ်သည်။ [နာ၁–၂၇၅] ကံသာလျှင် မိမိ ဥစ္စာရှိသည်ဟူသော စကားမှာလည်း ဆောင်၍ ဟောသောတရားဖြစ်၍ ကံကို အတ္တ မလုပ်သင့်ကြောင်း ရှင်းပြထားသည်။ ကံကို အတ္တလုပ်ပြီး အားမကိုးရ။ သူ့ကိုလည်း ဖြစ်ပျက်ပဲ ရှုရမည်။ [နာ၁–၂၇၉] ကံကို အားကိုးလျှင် ကံကို ဥပါဒါန် လုပ်ရာကျသည်။ ထိုရဟန်းသည် ကံကို အတ္တလုပ်ပြီး အားကိုးအားထား ပြုသည်ကို ဘုရားက သိတော်မူသောကြောင့် ကံလည်း အနတ္တပဲ ဖြစ်ကြောင်း၊ အနတ္တတရားကို အားမကိုးထိုက်ကြောင်း၊ ဖြစ်ပျက်ကို ရှုသော မဂ္ဂင်ဓမ္မကိုသာ အားကိုးထိုက်ကြောင်း ဟောတော်မူသည်။ [နာ၁–၂၈၂]

အနတ္တတရားကို အတ္တလုပ်ပြီး အားကိုးနေလျှင် မှုဂ်တားဖိုလ်တား ဖြစ်သည်။ [နာ၁–၂၈၆] ပညာမရှိ၊ အဝိဇ္ဇာ ဦးစီးပြီး တဏှာကြီးစိုးနေသူ၊ ဘုံဘဝမှ လွတ်သွားမှာကို စိုးရိမ်သည်။ ကံကို အားကိုးမှားသည်။ ထိုသို့ ပြုလုပ်ခြင်းသည် 'သတ္ထုသာသနံ အတိဓာဝိတဗ္ဗံ' ငါဘုရား ဟောကြားသော သာသနာကို လွန်ထွက်သွားပြီဟု မိန့်ထားသည်။ [နာ၁–၂၈၈] ကမ္မဿကတဉာဏ် ကံ ကံ၏ အကျိုးကို ယုံကြည်ပြီး လုပ်သော ဒါန သီလသည် ဘယ်တော့မှ ဒိဋ္ဌိ မပြုတ်ဘူး၊ နိဗ္ဗာန် မရောက်ဘူးဟု ဆိုသည်။ [နာ၁–၂၈၉]

ဒုက္ခသစ္စာကို မြင်မှ ဝိပဿနာဉာဏ် ဦးစီးသည်။ ဉာဏ်အမိ ဉာဏ်အဖ လုပ်ရမည်။ သို့မှသာ ဒုက္ခချုပ်ပြီး မဂ်ရသည်။ [နာ၁–၂၉၀] ထိုအခါ သစ္စာနုလောမိက

http://www.dhammadownload.com



ဉာဏ်ဖြစ်သည်။ ဤဉာဏ်ရမှ ဒိဋ္ဌိကွာသည်။ ထိုအခါ ခန္ဓာငါးပါးမှာ ဘာမှ ငါ့ကိုယ် ငါ့ဟာ ငါ့ဥစ္စာ မဟုတ်မှန်း သိပြီး၊ ဝိပဿနာရှုရန် ဘုရားက ညွှန်ကြားသည်။ ရဟန်းငါးရာ ထိုအခါမှ အနတ္တဉာဏ် ပေါက်ပြီး နိဗ္ဗာန်ရောက်သည်။ အချိန်စေ့၍ တရားနားလိုက်သည်။

*

## ၈။ သောတာပန်ဖြစ်ကြောင်း နှစ်ပါး

[၁၀-၉-၆၂ နေ့က အမရပူရမြို့ မင်္ဂလာတိုက်ဟောင်းမှာ ဟောသော တရား]

"နိဗ္ဗာန်ဆိုတာ ဒုက္ခဟူသရွေ့ ဘာမှမရှိတာလို့ မှတ်ထားရမည်" ဤတရားကို ဤစကားဖြင့် အစပြုထားသည်။ ရုပ်ဒုက္ခ၊ နာမ်ဒုက္ခ ဘာမှ မရှိဘူး။ ထိုသဘောမှာ ခန္ဓာရုပ်သိမ်း ချုပ်ငြိမ်းသွားခြင်း ဖြစ်၏။ နိဗ္ဗာန်ရခြင်း၏ အကြောင်းမှာ မိမိနှင့် လျောက်ပတ်သော သစ္စာတရားကို နာရလို့ ဖြစ်သည်။ ဒုက္ခသစ္စာကို ပိုင်ပိုင်သိလျှင် နှလုံးသွင်း မှန်သွားသည်။ [*နှာ-၂၉၆*] သစ္စာတရားကို နာမှုနှင့် နှလုံးသွင်း မှန်မှု နှစ်ခုသည် နိဗ္ဗာန်ရကြောင်း နှစ်ပါး ဖြစ်သည်။ သစ္စာတရားကို နာပြီး၊ ဒုတိယအကွက်ထဲ(ပဋိစ္စသမုပ္ပါဒ် နှစ်အကွက်)ထဲ ပေါ်သရွေ့ ဒုက္ခချည်းသာ မှတ်ပါ။ ထိုအခါ သာဝကပါရမီဉာဏ် ပြည့်ပြီ။ သောတာပန် တည်ဖို့ နီးစပ်သွားပြီ။ [*နှာ-၂၉၇*] ဥပရိပဏ္ဏာသပါဠိတော်မှာ လာသည်ဟု ဆိုသည်။

ပဋိစ္စသမုပ္ပါဒ် နှစ်အကွက်ထဲမှာ ဝိညာဉ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ ပေါ်ချင်ရာပေါ် ပေါ်လာသမျှ ဒုက္ခသစ္စာချည်းပဲဟု မှတ်သားထား၊ နာထားပြီး ခန္ဓာကိုယ်ကို ဝိပဿနာတင်ပြီး ဖြစ်ပျက် ရှုလိုက်တော့လည်း နာထားသော အတိုင်း မိမိ ကိုယ်တွေ့မှာ ကိုက်ညီနေပါက၊ နှလုံးသွင်း မှန်ပြီ။ ဒုက္ခလွတ်တာ ဘာတစ်ခုမှ မရှိဘူးဟု ပိုင်ပိုင် သိသွားပြီ။ ခန္ဓာအရှိနှင့် ဉာဏ်အသိ ကိုက်ပြီဟု နှလုံးသွင်း တည့်သွားလျှင် သောတာပန် တည်ပြီဟု ဆုံးဖြတ်ချက် ပေးထားသည်။ [*နှာ-၂၉၈*]

မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ် ဘယ်နေရာပေါ်သော စိတ်ကိုပဲ ကြည့်ကြည့် ဖြစ်ပျက်ပဲ တွေ့နေလျှင် ဒုက္ခသစ္စာဆိုတာ အမှန်ပါကလားဟု ဉာဏ်က သိသွားပါလိမ့်မည်။ ထိုသို့ အရှိနှင့် အသိ ကိုက်သွားလျှင် နှလုံးသွင်း တည့်ပြီ။ သမ္မာဒိဋ္ဌိ

http://www.dhammadownload.com



ဖြစ်ခြင်းအကြောင်း သောတာပန်တည်ခြင်း အကြောင်း ဘယ်နှစ်ပါး ရှိသလဲဟု အရှင်မဟာကောဋ္ဌိတ က အရှင်သာရိပုတ္တရာကို မေးသည်။ အရှင်သာရိပုတ္တရာက နှစ်ပါး ရှိသည်ဟု ဖြေသည်။ [နှာ-၃၀၁] သစ္စာတရားကို နာခြင်းနှင့် နှစ်အကွက်မှာ ခန္ဓာ ဒုက္ခသစ္စာပဲဟု နှလုံးသွင်းခြင်း အကြောင်းနှစ်ချက် ဖြစ်ကြောင်း ဖြေသည်။

မိုးကုတ်ဆရာတော်က ဒုတိယ အကွက်ထဲကို သစ္စာရယ်လို့ ဟောတတ်တဲ့ ဆရာနဲ့ တွေ့ရမည်။ ဆရာ ဟောတာကို နာ၊ ပြီးမှ ကိုယ်ခန္ဓာမှာ ဆရာ ဟောသော အတိုင်း ဟုတ်မဟုတ် သတိပဋ္ဌာန်လေးပါး တစ်ပါးပါးဖြင့် နှလုံးသွင်းလိုက်ရမည်။ နှလုံးသွင်းလိုက်သောအခါ ဒုက္ခသစ္စာချည်း တွေ့ရသော အချိန်၊ ဉာဏ်ထဲမှာ သံသယ ဝိစိကိစ္ဆာ ရှင်းပြီ၊ ဟုတ်လိုက်တာ ဖြစ်ပျက်နေကြတာ အားလုံး ဒုက္ခသစ္စာ တွေပဲ ဆိုတာဖြင့် မှန်လိုက်တာဟု ဆုံးဖြတ်ချက် ကျသွားလျှင် သမ္မာဒိဋ္ဌိ ဖြစ်ပြီ။ သောတာပန် တည်ပြီဟု ယတိပြတ် ဟောထားသည်။ [နှာ-၃၀၂] ဒုက္ခသစ္စာကို မြင်လိုက်ပြီးလျှင် ဒုက္ခချုပ်သည်ဟုလည်း မိန့်ထားသည်။ [နှာ-၃၀၃] ပြီးမှ ဤ အလုပ်ကို လုပ်ဖြစ်အောင် လုပ်ပါ မလျှော့ကြပါနှင့်ဟုလည်း တိုက်တွန်းသည်။ ထို့နောက် 'ယေဓမ္မာဟေတုပ္ပဘဝါ' ဂါထာကို အရှင်အဿဇိထံက ကြားရပုံ၊ အကြောင်းသမုဒယ ရှိလျှင် အကျိုး ဒုက္ခဖြစ်သည်ဟု သစ္စာတရား နာရပြီး ခန္ဓာ ကိုယ်ကို နှလုံးသွင်းကြည့်လိုက်တော့လည်း ဟောသည့်အတိုင်း တွေ့သည်။

ထိုအခါ သောတာပန် တည်သွားပုံကို ပြသည်။ [နှာ-၃၀၄] ဒုတိယ အကွက်ထဲ ဖြစ်တာအားလုံး ဒုက္ခသစ္စာချည်း ဖြစ်ကြောင်း၊ တရားကို နာထားဖို့ အရေးကြီးသည်ဟု ဆိုသည်။ ထိုသို့ နာပြီးနောက် ခန္ဓာကို ရှုလိုက်၊ ဖြစ်ပျက် ဒုက္ခသစ္စာချည်း တွေ့လျှင်၊ ဟောသည့်အတိုင်း အယုတ်ချည်းပဲဟု ဆုံးဖြတ်ချက် ချသည်နှင့် သောတာပန် တည်ပြီဟု ဟောတော်မူသည်။ [နှာ-၃၀၅] ဒုက္ခသစ္စာကို သိတာနှင့် ဒုက္ခချုပ်သည်။ ဒုက္ခချုပ်လျှင် အိုနာသေ လွတ်သောနေရာ နိဗ္ဗာန် (နိရောဓသစ္စာ) ရှိကြောင်း သိလာသည်။ အားထုတ်သော ပုဂ္ဂိုလ်များသည် ဒုက္ခ ချုပ်သော နေရာ ဖြစ်ပျက်ဆုံးသည့်တိုင် ဒုက္ခ လိုက်ရမည်ဟုလည်း အလုပ်သဘောကို ဟောထားသည်။ ဒုတိယအကွက်မှာ ဒုက္ခသစ္စာဟု ဟောသောတရားကို မနာဘဲနှင့် သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာ မဖြစ်နိုင်ကြောင်း ဟောထားသည်။

ဘုရား(ဗုဒ္ဓ)နှင့် ပစ္စေကဗုဒ္ဓါ နှစ်ပါးသာလျှင် သစ္စာတရား မနာရဘဲ ကိုယ်တိုင် သစ္စာဉာဏ်ကို ရကြသော ပုဂ္ဂိုလ်နှစ်ပါး ဖြစ်မည်။ [နှာ-၃၀၆] သောတာ

http://www.dhammadownload.com



ပန် တည်ကြောင်း (သမ္မာဒိဋ္ဌိဖြစ်ကြောင်း တရား)သည် နှစ်ပါးပဲ ရှိသည်။ (၁) ဒုတိယအကွက်သည် ဒုက္ခသစ္စာပဲဟု တရားနာပြီး သိမှု (ဉာတပရိညာ)နှင့် (၂) ဒုတိယအကွက်ထဲ ဝိပဿနာ ရှုလိုက်တော့ နာထားသည့်အတိုင်း ဒုက္ခသစ္စာချည်း ရှိနေတာ အမှန်ပဲဟု မိမိဘာသာ ဆုံးဖြတ်ချက်ချမှု၊ ဤနှစ်ခုပင် ဖြစ်သည်။ ဤတရား၏ အနှစ်ချုပ် ဖြစ်၏။ [နှာ-၃၀၉] ဒုက္ခသစ္စာပဲဟု ဆုံးဖြတ်ချက် ချသည်နှင့် တစ်ပြိုင်နက် ဒုက္ခချုပ်သွားသည်။ နိရောဓသစ္စာ နိဗ္ဗာန် ဤနေရာမှာ ပေါ်သည်။ [နှာ-၃၁၀]

ထို့နောက် တရားအားထုတ်သူများ အနေနှင့် ရှေးလူကြီးများ ယောင်ပြီး ပြောသော စကားတွေကို နားယောင်မနေဘဲ သစ္စာတရားကို နာမှုနှင့် ဒုတိယအကွက်မှာ ဒုက္ခသစ္စာချည်းပဲဆိုတာ သိအောင် ဉာဏ်နှင့် နှလုံးသွင်းတတ်ပြီ အမှန်ကို သိသွားလျှင် ကိစ္စပြီးသည်။ ဘုရားဟောပါဠိတော်မှာ 'သမ္မာဒိဋ္ဌိယာ ဥပါဒါယ ပရတောစ ဃောသော အဇ္ဈတ္တဉ္စ ယောနိသောမနသိကာရော' ဖြစ်သည်။ သစ္စာတရားကိုနာဖို့ ပြီးလျှင် ဒုက္ခသစ္စာပဲဟု အမှန်ကို နှလုံးသွင်းဖို့ပဲ ဖြစ်သည်။ သမ္မာဒိဋ္ဌိယာ ဥပါဒါယ- သမ္မာဒိဋ္ဌိ ဖြစ်တာပဲဟု ဆိုသည်။ [နှာ-၃၁၃] သမ္မာဒိဋ္ဌိဖြစ်တယ်ဆိုတာ သောတာပတ္တိမဂ်ရခြင်းကို ဆိုခြင်းဖြစ်သည်ဟု ဖွင့်ပြထားသည်။ ဝေဒလ္လသုတ်ကို ညွှန်း၍ ဟောခြင်းဖြစ်သည် ဆို၏။ [နှာ-၃၁၆]

ထိုသဘောကိုပင် ဒုက္ခေဉာဏံ- ပါဠိဖြင့် ရှင်းပြန်သည်။ ဒုက္ခကို ဒုက္ခမှန်းသိသော မဂ်ပေါ်လျှင် ဒုက္ခကို မလိုချင်တော့သဖြင့် ဒုက္ခ ချုပ်ပုံကို ပြသည်။ [နှာ-၃၂၅] ဒုက္ခတစ်လုံးကို သိလိုက်လျှင် သစ္စာလေးပါး တစ်ပြိုင်နက် အကုန်သိသွားပုံကို ပြသည်။ [နှာ-၃၂၇] ဒုက္ခကို သိလျှင် ဒုက္ခချုပ်သည်။ [နှာ-၃၂၈] ထို့နောက် ဒုက္ခသိလျှင် ပြီးကြောင်း၊ မြေလျှိုးမိုးပျံနေစရာ မလိုဘဲ ပညာဖြင့် လွတ်မြောက်ပုံအကြောင်း သုသိမသုတ်ကို ညွှန်း၍ ဟောပြန်သည်။ [နှာ-၃၂၉]

နှစ်ဉာဏ်တည်းနှင့် မဂ်ရပုံကို ယနေ့ ဟောသည်။ [နှာ-၃၃၀] ဤတရားကို ဘုရားက သံယုတ်ပါဠိတော် သုသိမသုတ်မှာ တစ်ခါ၊ မဟာဝေဒလ္လသုတ်မှာ တစ်ခါ ဘုရား ဟောကြောင်း သာဓက အထောက်အထား ပြသည်။ [နှာ-၃၃၁] ဒုက္ခေဉာဏံ ပြီးလျှင် ဒုက္ခနိရောဓေဉာဏံဖြစ်၍ ကိစ္စပြီးသည်။ မဂ်ဆိုက်ပြီဟု ဆိုသည်။ ဤနှစ်ဉာဏ်ထဲနှင့် မဂ်ဉာဏ်ဖိုလ်ဉာဏ် ရပုံကို စကားပရိယာယ် အသွယ်သွယ်ဖြင့် ဟောပြသည်။ အချိန်စေ့၍ တရားရပ်နားသည်။

*

http://www.dhammadownload.com



## ၉။ ယမကရဟန်းဝတ္ထု

[၁၁–၉–၆၂ နေ့က အမရပူရမြို့ မင်္ဂလာတိုက်ဟောင်းတွင် ဟောသော တရား]

ဒုက္ခအားလုံး ချုပ်ငြိမ်းခြင်း အကျိုးငှာ ဝိပဿနာ အလုပ်ကို အားထုတ်ကြတာဆိုပြီး ဤတရားကို အစပြုပါသည်။ ငြိမ်းအေးတာသည် နိဗ္ဗာန်ပဲ၊ ထိုငြိမ်းအေးခြင်း သဘောကို ကိုယ်တွေ့ မကြုံဘူး၍ ရှင်းရှင်း မသိကြပါ။ ပဋိသန္ဓေ နေခြင်း ဆင်းရဲ၊ အိုခြင်း ဆင်းရဲ၊ နာခြင်း ဆင်းရဲ၊ သေခြင်း ဆင်းရဲ၊ မွဲခြင်း ဆင်းရဲ၊ ကျွဲခြင်း ဆင်းရဲဆိုသော ဒုက္ခဆင်းရဲ ဟူသရွေ့ ဘာမှ မရှိတာ နိဗ္ဗာန်ဖြစ်ကြောင်း ရှင်းပြသည်။ [နာ–၃၄၄]

နာဘေး၊ အိုဘေး၊ သေဘေး ဒုက္ခတွေ ရောက်တာသည် ခန္ဓာရှိနေ၍ ဖြစ်သည်။ ထိုအနာတွေ ပျောက်ကင်းရေးမှာ ခန္ဓာမရှိမှ ဖြစ်သည်။ ထိုဒုက္ခသစ္စာ ခန္ဓာကိုယ်ကြီး ချုပ်ပျောက်သွားမှသာ နိဗ္ဗာန်ဟု မှတ်ရမည်။ [နာ–၃၄၅] ရုပ်နာမ် ခန္ဓာအားလုံး ချုပ်ဆုံးသွားတာသာ နိဗ္ဗာန်ဖြစ်သည်။ အနာပေါက်လို့ ဒုက္ခ ရောက်နေသော ခန္ဓာမှာ အနာပျောက်သွားပြီး နေရသော ချမ်းသာသည် နိဗ္ဗာန်ဖြစ်သည်။ နိဗ္ဗာန်ကို သိနားလည်ရန်မှာ ဒုက္ခသစ္စာကို နားလည်မှ ဖြစ်သည်။ ဒုက္ခတွေ ချုပ်သွားပြီး သုခ ပေါ်လာတာကို နိဗ္ဗာန်ဟု ခေါ်ခြင်းဖြစ်သည်။ [နာ–၃၄၇] သို့သော် ဒုက္ခကို ဒုက္ခမှန်း မသိသောကြောင့် နိဗ္ဗာန်အကြောင်း ပြောရခက်သည်။

ထို့နောက် ယမကဝတ္ထုကို ဟောသည်။ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်မှာ ယမကရဟန်းက မြတ်စွာဘုရား၏ ဇာတကဝတ္ထုတရားကို နာရသည်။ တေမိဖြစ်လိုက်၊ မဟာဇနက္က ဖြစ်လိုက်၊ သုဝဏ္ဏသာမ၊ နေမိ၊ မဟော်သဓာ နောက်ဆုံး ဝေဿန္တရာဘဝက တုသိတာနတ်ပြည်မှာ နတ်သားဖြစ်ပုံ၊ နတ်သားဘဝက စုတေပြီး မယ်တော်မာယာ ဝမ်းမှာ ပဋိသန္ဓေယူကာ ယခုဘဝ သိဒ္ဓတ္ထမင်းသား ဘုရားလောင်းက ဗုဒ္ဓမြတ်စွာဘုရား ဖြစ်လာပုံ တရားကို နာရသည်။

ဤတရားကို နာရသောအခါ ယမကရဟန်း စိတ်ထဲမှာ ရုပ်နာမ်ခန္ဓာ ဖောက်ပြန် ပျက်စီးသောအခါ ရုပ်ကသာ ပျက်စီးပြီး၊ ရုပ်ထဲက ဝိညာဉ်ကောင်ကလေး က ဟိုဘုံသည်ဘုံ ပြောင်းပြီး ဆက်ဖြစ်နေတာပဲကိုးဟု ယူဆနေလေသည်။ [နာ–၃၅၀] ယမကစိတ်ထဲမှာ 'ဝိညာဏံ အတ္တတော သမနုပဿတိ' ဖြစ်သွားသည်။ ဝိညာဉ်ကို အတ္တကောင်ဟူ၍ ခိုင်မြဲ၏ ဟူ၍ သမနုပဿတိ ရှု၏။ [နာ–၃၅၁] သက္ကာယဒိဋ္ဌိ ဖြစ်သွားလေသည်။

http://www.dhammadownload.com



ထိုအခါ သူ့စိတ်ထဲမှာ ပရိနိဗ္ဗာန် မစံခင်က ထိုဝိညာဉ်ကောင်ကလေးသည် ဟိုခန္ဓာ ဝင်အောင်း ဒီခန္ဓာကို ပြောင်းပြီး ရှင်သန်နေသည်။ ပရိနိဗ္ဗာန်စံမှ ထိုဝိညာဉ်ကောင် အတ္တကလေး ချုပ်ပျောက်သွားသည်ဟု ယူပစ်လိုက်သည်။ ပရိနိဗ္ဗာန် စံလျှင် ဝိညာဉ်ကောင် ချုပ်ပျောက်ပြီး ဘာမှ မရှိတာပဲဟု ယူဆလိုက်ခြင်း ဖြစ်သည်။ သူ့စိတ်မှာ ပရိနိဗ္ဗာန် မပြုခင်က ဝိညာဉ်ကောင် အတ္တသည် ခိုင်မြဲသည်။ ခန္ဓာပြောင်း ပြီး ရှင်သန်နေသည် (သဿတဒိဋ္ဌိ) ပရိနိဗ္ဗာန်ပြုတော့ ချုပ်ပြီး ပျောက်သွားသည်၊ ပြတ်သွားသည် (ဥစ္ဆေဒဒိဋ္ဌိ)ဖြင့် နှစ်ချက် ယူလိုက်ခြင်း ဖြစ်သည်။ [နှာ-၃၅၂] နိဗ္ဗာန် မရောက်ခင် သဿတဒိဋ္ဌိ နိဗ္ဗာန်ရောက်တော့ ဥစ္ဆေဒဒိဋ္ဌိအဖြစ် ယူခြင်း ဖြစ်၏။

ယမကမထေရ်သည် ဤသို့ သဿတဒိဋ္ဌိအယူ၊ ဥစ္ဆေဒဒိဋ္ဌိအယူကို ယူပြီး နောက် သီတင်းသုံးဖော်ရဟန်းတို့အား ရဟန္တာပရိနိဗ္ဗာန်စံရင် နောက်ထပ် ဘာမှ မဖြစ်တော့တာ နိဗ္ဗာန်ပဲဟု ဟောပြောလေတော့သည်။ [နှာ-၃၅၃] ရုပ်လည်း မရှိ၊ နာမ်လည်း မရှိ၊ ဆင်းရဲလည်း မရှိ၊ ချမ်းသာလည်း မရှိတာ နိဗ္ဗာန်ဟု သူ့ စိတ်မှာ နားလည်နေခြင်း ဖြစ်သည်။ ထိုအခါ အခြားရဟန်းများက ယမကရဟန်း အား ဘုရားက ဤသို့ မဟောကြောင်း ဘုရားကို မကောင်းသဖြင့် မစွပ်စွဲသင့်ကြောင်း ပြောကြသည်။ သူက ဘုရားဟောတာ ဒီအတိုင်းပဲဆိုပြီး သူ့အယူကို မစွန့်ဘဲ ခေါင်းမာ၍ နေလေသည်။ [နှာ-၃၅၄]

ထိုအယူကို ဝေဖန်ရန် ပဋိစ္စသမုပ္ပာဒ်ကို ပြသည်။ ပဋိစ္စသမုပ္ပာဒ်အရ နှစ် အကွက်ထဲမှာ ဒုက္ခသစ္စာ ရသည်။ အားထုတ်လိုက်သောအခါ ခရီးပေါက်သွားတော့ လည်း နှစ်အကွက်ထဲပဲ နိရောဓ ဆိုက်သွားသည်။ [နှာ-၃၅၆] ဘာနိရောဓလဲ ဆိုတော့ ဒုက္ခနိရောဓ ဖြစ်သည်။ ဒုက္ခသာ ချုပ်တာ၊ ကျန်တာ မချုပ်ဘူးဟု ဆုံးဖြတ်ချက် ပေးထားသည်။ [နှာ-၃၅၆] ဆင်းရဲတာသာ ချုပ်တာ၊ ချမ်းသာတာ ကျန်နေတယ်ဟုလည်း သဘောရှင်းအောင် ဟောထားသည်။

ဒုက္ခနိရောဓကိုပင် နိဗ္ဗာန်ဟု ခေါ်ရသည်။ [နှာ-၃၅၇] နိဗ္ဗာန်ဆိုတာ ဒုက္ခ ချုပ်တာ သက်သက်ပဲဟု တိတိကျကျ ဆိုထားသည်။ သုခ မချုပ်ဘူး၊ သုခ ချမ်းသာ တာ ကျန်နေသည်။ [နှာ-၃၅၈] ဒုက္ခတွေ့ပြီး၊ ဒုက္ခကိုမုန်းမှ ဒုက္ခအဆုံးသို့ ရောက် သည်။ ဒုက္ခနိရောဓက နိဗ္ဗာန်ဖြစ်သည်။ ဒါကြောင့် ဒုက္ခ မတွေ့သေးသော ပုဂ္ဂိုလ် နိဗ္ဗာန်ကို မတွေ့နိုင်ဟု ဆိုသည်။ ဒုက္ခသစ္စာကို တွေ့မှ နိဗ္ဗာန်ကို မြန်မြန် ရချင်

http://www.dhammadownload.com



ပုံကို ခွေးသေကောင်ပုပ် တွေ့သောသူ ပုပ်စော်မခံအောင် မြန်မြန်သွားသော ဥပမာဖြင့် နှိုင်းပြထားသည်။ [နာ၁–၃၆၂]

ထို့နောက် နှစ်အကွက် ဒုက္ခသစ္စာခန္ဓာမှာ စိတ်ကြိုက် စိတ်ဖြစ်ပျက်ရှု၊ ဝေဒနာကြိုက် ဝေဒနာ ဖြစ်ပျက်ရှုဖို့ တိုက်တွန်းသည်။ ဒုက္ခမှန်းသိလာတော့ ဒုက္ခကို စွန့်ချင်သော စိတ်ရှုရင်း ပေါ်လာသည်။ [နာ၁–၃၆၅] ထို့နောက် ရှုဖန်များလျှင် ဒုက္ခတွေ ချုပ်သွားတာကို တွေ့ရမည်။ ချုပ်သွားလျှင် နှစ်အကွက်ထဲမှာပင် ဒုက္ခနိရောဓ ဖြစ်သွားသည်။

ပြီးမှ ယမကဝတ္ထု ပြန်ဆက်သည်။ ရဟန္တာပရိနိဗ္ဗာန် ပြုလျှင် ဘာမှ မဖြစ်တော့ဘူးဆိုသော သူ၏ ဥစ္ဆေဒ အယူကို ပြန်ပြသည်။ အမှန်မှာ နှစ်အကွက်မှာ ဒုက္ခချုပ်သွားတာသာ ဖြစ်သည်။ ဘာမှ မရှိတာ မဟုတ်၊ သုခ ရှိသည်။ နိဗ္ဗာန်ကို သိမှ ဥစ္ဆေဒဒိဋ္ဌိ ကွာသည်။ [နာ၁–၃၆၆] ယမကရဟန်း၏ ဒိဋ္ဌိကပ်နေခြင်းကို အရှင်သာရိပုတ္တရာက ကြွသွားပြီး ဒိဋ္ဌိခွာတရားကို ဟောရသည်။ ခန္ဓာငါးပါးသည် အနိစ္စ၊ ဒုက္ခ၊ အနတ္တ ဖြစ်ပုံ၊ ပုဂ္ဂိုလ်သတ္တဝါ မရှိပုံ (ရဟန္တာ၁စွဲ ပျောက်အောင်) ဟောသည်။ အရှင်သာရိပုတ္တရာက ဖြစ်ပျက် ဒုက္ခသစ္စာကို မြင်အောင်၊ ဒုက္ခသစ္စာကို မုန်းအောင်၊ ဆုံးအောင်အထိ ပြသည်။ [နာ၁–၃၇၁] အလုပ်စဉ်ကို ပြသည်။ ဖြစ်ပျက်ကိုသာ ရှုနေ၊ ရှုဖန်များလျှင် ဖြစ်ပျက်ကို မုန်းလာမည်။ မုန်းဖန်များလျှင် ဖြစ်ပျက် အဆုံးသို့ ဉာဏ်သက်ဝင်သွားမည်။ ဒုက္ခ ဆုံးလျှင် ဒုက္ခနိရောဓ ဖြစ်သွားပြီ။ [နာ၁–၃၇၂] ဒုတိယအကွက်မှာပင် ဒုက္ခသစ္စာက ဒုက္ခနိရောဓသစ္စာသို့ ပြောင်းသည်။ နိဗ္ဗာန်သည်လည်း နှစ်အကွက်ထဲမှာပင် ပေါ်ရမည်။

ဤသို့ ပြပြီးမှ အရှင်သာရိပုတ္တရာက ယမကရဟန်းကို ရဟန္တာ မရှိပုံကို ခွဲခြားပြသည်။ ရုပ်ဖြစ်ပျက်ပဲ ဒါကို ရဟန္တာ ခေါ်မလား၊ ဝေဒနာလည်း ဖြစ်ပျက်ပဲ၊ ဝေဒနာသည် ရဟန္တာလား၊ သညာ၊ သင်္ခါရ၊ ဝိညာဉ်လည်း ဖြစ်ပျက်ပဲ ဒါတွေကကော ရဟန္တာတွေလား။ ယမကက မဟုတ်ပါဟု ဖြေရသည်။ ဒါဆိုလျှင် ရဟန္တာဆိုတာ ပရမတ်အားဖြင့် ထင်ရှားရှိသလား၊ မရှိပါ။ အခေါ်ပညတ်အားဖြင့်သာ ရှိသည်။ [နာ၁–၃၇၅] ရဟန္တာ မရှိကြောင်း ထင်ရှားလျှင် ရဟန္တာသေလျှင် ပြတ်သည်။ ဘာမှ မဖြစ်တော့ဘူးဆိုသော စကားသည် အဓိပ္ပာယ် မရှိကြောင်း အရှင်သာရိပုတ္တရာက ယမကရဟန်း သဘောကျအောင် ရှင်းပြလိုက်သည်။

ဤတွင် ယမကရဟန်းလည်း မိမိ ဥစ္ဆေဒဒိဋ္ဌိ အမြင်မှားကြောင်း သိပြီးလျှင် ထိုအယူကို စွန့်လိုက်လေသည်။ [နာ၁–၃၇၆] ပြီးမှ ရဟန္တာ ပရိနိဗ္ဗာန်စံလျှင်

http://www.dhammadownload.com



ဘာမှ မဖြစ်တော့ဘူးဆိုသော အမြင်အစား ရဟန္တာ ပရိနိဗ္ဗာန်ပြုလျှင် ဒုက္ခချုပ်ဆုံးပြီး (နိဗ္ဗာန်)သို့ စံဝင်သည်ဟု ဖြေနိုင်တော့သည်။ [နှာ-၃၇၇] ဒုက္ခချုပ်ဆုံးတာ နိဗ္ဗာန်ဆိုသောသဘောကို ရှင်းအောင် ပြသည်။

ပြီးမှ စိတ်ဖြစ်ပျက် မြင်အောင်ရှုဖို့ ပြောသည်။ ဖြစ်ပျက်မြင်ခြင်းသည် ဒုက္ခသစ္စာကို မြင်ခြင်း ဖြစ်သည်။ ဒုက္ခသစ္စာ ဖြစ်ပျက်မြင်ပြီဆိုလျှင် မပေါ့နှင့်တော့၊ မုန်းအောင် ဆက်ရှုရမည်။ စိတ်ဖြစ်ပျက် ဆုံးသွားလျှင် ခန္ဓာငါးပါး ဖြစ်ပျက် အကုန်ချုပ်သည်။ ရုပ်လဲလျှင် နာမ်လည်း လဲသည်။ နိဗ္ဗာန် ဒုတိယအကွက်ထဲ ပေါ်သည်။ ခန္ဓာဒုက္ခသစ္စာ အဆုံးမှာ နိရောဓသစ္စာ(နိဗ္ဗာန) ပေါ်သည်။

ထို့နောက် ဝိပဿနာ အားထုတ်၍ မဂ်ဉာဏ်ဖိုလ်ဉာဏ် ရပုံကို မိုးကုတ်ကျောက်တူးပုံ ဥပမာဖြင့် ပြသည်။ ပတ္တမြားကျောက်ကောင်း ရအောင် အပေါ်က ပတ္တမြား မဟုတ်တာတွေ ဖယ်ရသည်။ တူးရဖယ်ရတာလည်း ဒီနေရာ ကျောက်ကောင်းရတာလည်း ဒီနေရာပဲ ဖြစ်သည်ဟု ရှင်းထားသည်။ [နှာ-၃၈၆] ပြီးမှ 'ဖြစ်ပျက်သမျှ သင်္ခါရ၊ ဒုက္ခသစ္စာ မှတ်၊ ဖြစ်ပျက်မှုတွင် ငါကောင်ထင် ခင်မင် သမုဒယ မှတ်၊ ရုပ်နာမ်အားလုံး ဖြစ်ပျက်သုဉ်း၊ ချုပ်ဆုံး နိဗ္ဗာန်မှတ်၊ ချုပ်ဆုံးမှုတွင် ဉာဏ်သက်ဝင်၊ သိမြင်မဂ်'ဟု မှတ် ဆိုသော သံပေါက်လင်္ကာလေးကို ရှင်းပြရင်း အချိန်ကုန်၍ တရားရပ်နားသည်။

*

## ၁၀။ ကုသိုလ်စစ်ကိုရအောင်ရှာ

[၁၂-၉-၆၂နေ့က အမရပူရမြို့ မဂ်လာတိုက်ဟောင်းတွင် ဟောသော တရား]

"တရားနာတယ်ဆိုတာ မတရားတာ ကာကွယ်တာဟု မှတ်ပါ" ဆိုသော ဩဝါဒဖြင့် ဤတရားကို စတင် ဟောကြားသည်။ မိမိကိုယ်မှာ လောဘ၊ ဒေါသ၊ မောဟ၊ ဣဿာမစ္ဆရိယ၊ မာန၊ အကုသိုလ်တွေကို မဂ္ဂင်ရေစင်နှင့် ဆေးကြောခြင်း ဖြစ်ကြောင်း ရှင်းလင်း ဟောကြားလေသည်။ ကိလေသာတွေကို မဂ်ရေစင်နှင့် ဆေးမှ စင်ကြယ်သည်။ အကုသိုလ်ကို ကုသိုလ်နှင့် ဆေး၍ မစင်ကြယ်ကြောင်း ဟောသည်။ ကုသိုလ်နှင့် အကုသိုလ်သည် တခြားစီ ဖြစ်သည်ဆို၏။ [နှာ-၃၈၉] မဂ်တစ်ချက် ရလိုက်တာနှင့် အကုသိုလ်ကြွေး အကုန်ကျေသည်။ 'ကုသလာ ကုသလ်

http://www.dhammadownload.com



ဓာပဟ်' ကုသိုလ်၊ အကုသိုလ်တွေကို မဂ်က အကုန် စွန့်သည်ဟု ဟောသည်။ [နှာ-၃၉၀]

ကုသိုလ်ဆို အကောင်းချည်း မထင်သင့်၊ ဓာတိ ဇရာ မရဏာကို ကျေးဇူး ပြုသော ကုသိုလ်သည် ကုသိုလ်စစ်(ကုသိုလ်ကောင်း) မဟုတ်ဟု ဆိုသည်။ သစ္စာ သိသော ပုဂ္ဂိုလ်သည် ထိုကုသိုလ်ကိုလည်း သဘောမကျနိုင်ပါ။ ကုသိုလ်တိုင်း ကောင်းတယ်ဟု မယူသင့်ပုံကို ရှင်းပြသည်။ [နှာ-၃၉၁] ကံလေးပါးမှာ မည်းလည်း မမည်း၊ ဖြူလည်း မဖြူသော အကဏှ အသုက္က ကံမှ ဘုရားကြိုက်သည်။ ထိုကံသည် မဂ္ဂင်ရှစ်ပါးဖြစ်ကြောင်း ရှင်းပြထားသည်။ [နှာ-၃၉၂] ဤသို့ဆိုသောကြောင့် ကုသိုလ်ကို ပယ်သည်ဟု မယူဆရန် သတိပေးထားသည်။ ဒုက္ခငြိမ်းစေသော ကုသိုလ်သည်သာ ကုသိုလ်စစ်ဖြစ်ကြောင်း၊ ဘုံဘဝကို အကျိုးပေးသော ကုသိုလ် သည် သစ္စာဉာဏ် အမြင်ရှိသူအဖို့ နှစ်သက်ဖွယ် မရှိပုံကို ဟောသည်။ [နှာ-၃၉၃]

ပုထုဇဉ်တွေက ကံကောင်းချင်သည်။ ကံဆက်ချင်ကြသည်။ ဒုက္ခတွေ ဆက်ပြီး ရနေချင်သည့် သဘောဖြစ်နေသည်။ အမှန်မှာ ကုသိုလ်လုပ်လျှင် ဒုက္ခဝဋ်က ကျွတ်ချင်သော စိတ်ဖြင့် လုပ်သင့်သည်။ သစ္စာမြင်ပြီးမှ လုပ်သင့်သည်ဟု သတိပေး တိုက်တွန်း၍ ဟောထားသည်။ [နှာ-၃၉၆] နောက်ခန္ဓာ မရသော ကုသိုလ်ဖြစ်မှ ကုသိုလ်စစ်ဟု မှတ်ရမည် ဖြစ်ကြောင်းလည်း ဟောသည်။

ဒါကြောင့် ကုသိုလ်ဟူ၍ အကောင်းချည်း မှတ်ထား၍ မဖြစ်ဟုဆိုသည်။ ဤနေရာမှာ ရှေးက အမြင်ကို ပြင်ဆင်ရမည်။ ချမ်းသာလိုချင်၍ လုပ်မှ ဆင်းရဲ ရတာမျိုး မဖြစ်သင့်ပါ။ ကုသိုလ်လုပ်တာ နောက်ဘဝ ခန္ဓာရပြီး သေပွဲဝင်ရတာကို ပုံခိုင်းပြသည်။ လူသတ်မှုနှင့် ထောင်ကျနေသော တရားခံက ကြိုးမိန့်ချအောင် ငွေထိုးပြီး သတ်ခိုင်းသလို ဖြစ်နေသည်ဟု ပြသည်။ [နှာ-၃၉၈] ဤသို့ တလွဲဖြစ်ရ ခြင်းမှာ သစ္စာမသိ၍ ဖြစ်သည်ဆို၏။ [နှာ-၃၉၉] ပါးစပ်က နိဗ္ဗာနပစ္စယောဆိုပြီး ကုသိုလ်လုပ်လည်း နောက်ဘဝ နောက်ခန္ဓာ ကြိုက်နေလျှင် လွဲချော်နေသေးကြောင်း ဟောထားသည်။ ကိုယ့်ခန္ဓာ ကိုယ့်ဒုက္ခသစ္စာကို ကိုယ့်ဉာဏ်နှင့် သိရမည်။ [နှာ-၄၀၀] ဤသို့ သိပြီးလှူသော အလှူသည်သာလျှင် ဝိဝဋ္ဋဖြစ်ကြောင်း ရှင်းပြ ထားသည်။

ဤသို့ ဟောပြီးနောက်မှ ယမန်နေ့က ဟောသော ယမကရဟန်းဝတ္ထုကို ပြန်ကောက်ပြီး ဟောပြန်သည်။ ယမကသည် ရဟန္တာသေလျှင် နောက်ထပ် ဘာမှ မဖြစ်တော့ဘူး ဆိုသော ဥစ္ဆေဒဒိဋ္ဌိ အမြင်ကို ယူနေခြင်းမှာ နိဗ္ဗာန်ကို သဘာဝကျကျ

http://www.dhammadownload.com



နားမလည်၍ဖြစ်သည် ဆို၏။ [နှာ–၄၀၂] ထို့နောက် ရုပ်နာမ်က ဆင်းရဲ၊ ရုပ်နာမ် မရှိခြင်းသာ ချမ်းသာဖြစ်ကြောင်း ရှင်းထားသည်။

ထို့နောက် အိပ်မောကျသူသည် ရုပ်နာမ်ရှိလျက် အိပ်ပျော်နေစဉ် ရှိမှန်း မသိ၍ ချမ်းသာသည်ဟု ထင်ပုံကို ဥပမာ ပြထားသည်။ [နှာ–၄၀၃/၄၀၄] (ဤ ဥပမာကို တစ်ခါမှ မပေးဘူးသေးကြောင်း ထည့်ဟောထားသည်) ဤချမ်းသာကား အတုဖြစ်သည်။ ဒါက ရုပ်နာမ်ရှိလျက် မသိချိန်မှုရသော ချမ်းသာဖြစ်သည်။ အမှန် တကယ် ရုပ်နာမ် မရှိတော့သောအခါ ဘယ်မှာ ချမ်းသာမည်ဖြစ်ကြောင်း စဉ်းစား နိုင်ရန် သရုပ်ဖော် ဟောကြားခြင်း ဖြစ်သည်။ [နှာ–၄၀၅] ရုပ်နာမ် မရှိသော ချမ်းသာသည် နိဗ္ဗာန်ဖြစ်သည် ဆို၏။ နိဗ္ဗာန်သည် ရုပ်ရောနာမ်ရော ချုပ်ငြိမ်း ရုပ်သိမ်းတာကို ခေါ်ကြောင်း အဓိပ္ပာယ် ဖွင့်ထားသည်။ [နှာ–၄၀၆] ပြီးမှ ယမက ရဟန်း၏ မူလအမြင် ရဟန္တာသေရင် ဘာမှ မဖြစ်တော့ဘူးကို ပြောင်းပြီး နားလည် အောင် ဟောသည်။ ရဟန္တာ ပရိနိဗ္ဗာန်ပြုလျှင် ဘာဖြစ်သေးသလဲ။ ရုပ်နာမ်ခန္ဓာ ချုပ်ငြိမ်း၍ ချမ်းသာသွားသည်ဟု ဖြေရပုံကို ပြသည်။ [နှာ–၄၀၇]

ထို့နောက် ယမကရဟန်းအား အရှင်သာရိပုတ္တရာက ဒိဋ္ဌိသတ်ပြီး သောတာ ပန် တည်အောင် ဟောသည်။ သောတာပန် တည်သောအခါ တဏှာသတ်ပြီး အထက်မဂ်များ ရအောင် ဟောသည်။ လူ့ဘဝ ရချင်၍ ဆုတောင်းခဲ့ပုံ၊ ဆုတောင်း သဖြင့် ခန္ဓာငါးပါး ရပုံ၊ ခန္ဓာငါးပါးသည် အယုံသွင်း၍လာသော လူသတ်သမား ငါးယောက်နှင့် တူပုံကို သူဌေးသားတစ်ယောက် သတ်ချင်သူ ငါးယောက် အယုံသွင်း အတွင်းလူ ဖြစ်လာကြပုံနှင့် ပုံနိုင်းပြီး ဟောသည်။ [နှာ–၄၁၂] ခန္ဓာကို ခင်နေကြခြင်း သည် သတ်မည့်လူတွေကို ခင်ပြီး ယုံကြည် အားထားနေပုံနှင့် တူကြောင်းဟောသည်။ [နှာ–၄၁၃]

ခန္ဓာငါးပါးသည် သူသတ်ယောက်ျားငါးယောက်မှန်း မသိ၍ ခင်နေကြသည် ဟု ဆိုသည်။ ခန္ဓာငါးပါး အရတော်လေစွဟု မသိ၍ ထင်မြင်ကာ အားကိုးနေကြ သည်။ ခန္ဓာငါးပါး သတ်၍ သေနေကြပုံကို အကျယ်ဟောသည်။ [နှာ–၄၁၇] သစ္စာ မသိသည့်အတွက် သတ်မည့်လူကို အတွင်းလူယုံထားပြီး ပေါင်းသင်းနေကြ သလို ဖြစ်နေပုံကို သတ်မည့်ပုဂ္ဂိုလ်ကို ပူဇော်နေသည်ဟု ဆိုသည်။ [နှာ–၄၂၂] အရှင်ယမကကို အရှင်သာရိပုတ္တရာက ခန္ဓာကြီးကို လူသတ်ယောက်ျားအဖြစ်နှင့် ရှုရမည်ဟု ဆိုပြီး တဏှာသတ်ကို ဟောသည်။ အထက်မဂ်က တဏှာ သတ်မှ ရသည်။ [နှာ–၄၂၃] တဏှာက ခန္ဓာကို အခင်ဆုံးဟု မိန့်သည်။

http://www.dhammadownload.com



ကယ်မည့်သူက မင်္ဂ၊ မင်္ဂကိုတော့ မခင်တတ်၊ ခင်ရမှန်း မသိ၊ နှိပ်စက်မည့်သူ၊ သတ်မည့်သူ ခန္ဓာကိုတော့ ခင်လွန်းနေသည်။ [နှာ–၄၂၄] ထို့နောက် သစ္စာဉာဏ် မရသဖြင့် မြူးထဲကငါး အစာစားလို့ ကံကောင်းတယ် ထင်သလို၊ နွားသတ်ရုံ သွားသော နွားတွန်သလို၊ သေတွင်းရောက်နေမှန်း မသိဘဲ ပုထုဇဉ်မာန်ဝင်နေပုံ များကို သံဝေဂဖြစ်အောင် ဟောပြန်သည်။ အဝိဇ္ဇာက ဝိဇ္ဇာမဖြစ်သေးသရွေ့ ပုထုဇဉ် သေမင်းချည်း လိုက်ရှာနေဦးမည် ဖြစ်၏။ [နှာ–၄၃၂] ဝိပဿနာ ဖြစ်ပျက်ရှုတတ် သွားလျှင် ဤဘဝမှာ တစ်ခါပဲ သေတော့မည်။ နောက်ထပ် သေစရာ မရှိတော့ဘူးဟု ဟောသည်။

အရှင်သာရိပုတ္တရာက ခန္ဓာငါးပါးကို သူသတ်ယောက်ျားဟု ရှုခိုင်းသည်။ ယမကရဟန်းက ရှုသည်။ တဏှာ သုံးမျိုးစလုံး သေသည်။ ကာမတဏှာ၊ ဘဝ တဏှာ၊ ဝိဘဝတဏှာ။ ယမကရဟန်း ဖြစ်ပျက်မြင်၊ ဖြစ်ပျက်မုန်း၊ ဖြစ်ပျက်အဆုံး မှာ ရဟန္တာ ဖြစ်သွားသည်။ [နှာ–၄၃၄] ဤတရားတွင် ခန္ဓာငါးပါးသည် လူသတ် ယောက်ျားဟု သေသေချာချာ ရှုတတ်လျှင် အထက်မင်္ဂ အထက်ဖိုလ်ကို သေသေ ချာချာ ရကြောင်း ဟောရင်း အချိန်စေ့၍ တရားရပ်နားလိုက်သည်။

*

## ၁၁။ ပပဉ္စချုပ်ပျောက်ကြောင်း

[၁၄–၉–၆၂ နေ့က အမရပူရမြို့ မင်္ဂလာတိုက်ဟောင်းတွင် ဟောသော တရား]

ဒကာ ဒကာမများ၏ ခန္ဓာမှာ ခန္ဓာကို ခင်မှုတဏှာ ရှိသည်။ ပစ္စည်းခင်၊ သားခင်၊ သမီးခင်၊ လင်ခင်၊ မယားခင်မှု တဏှာလည်း ရှိသည်။ ဤစကားဖြင့် ဤတရားကို စတင် ဟောကြားလေသည်။ တဏှာအပြင် ကိုယ့်ကိုယ်ကိုယ် အထင် ကြီးသော မာနလည်း ရှိသည်။ ခန္ဓာကြည့်ပြီး ငါနိုင်တယ်၊ မြဲတယ်ထင်သော ဒိဋ္ဌိလည်း ရှိသည်။ခန္ဓာကို စွဲပြီး တဏှာ၊ မာန၊ ဒိဋ္ဌိဆိုသော တရားများ ပေါ်လာ ကြသည်။ ထိုတရားများသည် သံသရာ၌ ဆင်းရဲဒုက္ခ အဆက်ဆက်ကို ဖြစ်ပေါ် အောင် ချဲ့ထွင်တတ်သော ပပဉ္စတရားများ ဖြစ်သည်။ [နှာ–၄၃၉]

ခန္ဓာသည် တဏှာ၊ မာနဒိဋ္ဌိတို့၏ မှီခိုရာဌာန ဖြစ်၏။ ခန္ဓာကို အကြည့်များ၊ အမြင်များ၍ တဏှာ မာနဒိဋ္ဌိ ပေါ်ရခြင်း ဖြစ်သည်။ [နှာ–၄၄၁] တဏှာ မာနဒိဋ္ဌိ သေလျှင် နိဗ္ဗာန်ပဲလို့ မှတ်ပါ ဆိုသည်။ [နှာ–၄၄၄] အရာဝတ္ထု တစ်ခု၊ ပစ္စည်း

http://www.dhammadownload.com



တစ်ခု ကြည့်လိုက်သောအခါ မြင်စိတ်ပေါ်သည်ကို ငါမြင်သည်ဟု အကြည့်မှာ ဖြစ်လာသည်။ ထိုပစ္စည်းသည် ငါ့ဟာ ငါ့ဥစ္စာဟု အမြင်မှား ဖြစ်လာပုံကို ရှင်းပြထားသည်။ [နှာ-၄၄၅] နှလုံးသွင်း မှားတော့သည်။ ခန္ဓာနှင့် နှလုံးသွင်းမှားမှု ပေါင်းမိမှ ပပဉ္စတရားများ ပေါ်လာသည်။ နှလုံးသွင်းမှား၍ ပဋိစ္စသမုပ္ပါဒ် နှစ်အကွက် မှ သုံးအကွက်ကို ကူးရမည်ဟု ဆိုသည်။ [နှာ-၄၄၆]

ထို့နောက် အရှင်ပုဏ္ဏဝဏ္ဏ အကြောင်းကို ဟောသည်။ ဤတရားသည် အရှင်ပုဏ္ဏ ဟောသောတရား ဖြစ်သည်ဆို၏။ အရှင်ပုဏ္ဏက ဥပမာ ပြသည်။ မှန်ရိပ် ဘယ်က လာသလဲ၊ မှန်ရယ်၊ မှန်ရှေ့ရပ်သောသူရယ် ပေါင်းမှ မှန်ရိပ် ဖြစ်သည်။ အလားတူပင် တဏှာ၊ မာန၊ ဒိဋ္ဌိ ပေါ်ရာမှာလည်း ခန္ဓာနှင့် နှလုံးသွင်း များချက် ပေါင်းမှ ဖြစ်ပုံကို ထင်ရှားအောင် ပြသည်။ ထိုတဏှာ၊ မာန၊ ဒိဋ္ဌိသည် ငါလား ဆိုလည်း မဟုတ်၊ သူတစ်ပါးလား ဆိုလည်း မဟုတ်၊ ငါသူတစ်ပါး မဟုတ်သော တရား ဖြစ်သည်။ မှန်ထဲက အရိပ်ဟာ ငါသူတစ်ပါးနှင့် ကင်းသလား ဆိုတော့လည်း မကင်းပုံကို ပြသည်။ ခန္ဓာအပေါ် နှလုံးသွင်းမှား၍ ပပဉ္စတရားများ ဖြစ်ရပုံကို ရှင်းထားသည်။ တဏှာကိုရော၊ မာနကိုရော၊ ဒိဋ္ဌိကိုရော အနတ္တ ရှုရမည်။ [နှာ-၄၅၈]

မဏ္ဍာနိပုဏ္ဏေးမ၏သား အရှင်ပုဏ္ဏက ဤတရားကို ဟောလိုက်သော ကြောင့် ရဟန်းတစ်ရာ သောတာပန် တည်သွားကြသည် ဆို၏။ [နှာ-၄၆၂] 'ဥပါဒါယ အသ္မိဟောတိ နော အနုပါဒါယ' ဆိုသော ပါဠိကို ရှင်းပြခြင်း ဖြစ်သည်။ ဥပါဒါယ- ခန္ဓာကိုယ်ကို စွဲ၍၊ အသ္မိ- တဏှာ၊ မာန၊ ဒိဋ္ဌိ ဖြစ်၏၊ 'နောအနုပါဒါယ' နောအနု ပါဒါယ- မစွဲသော ပုဂ္ဂိုလ်အား အသ္မိ- တဏှာ၊ မာန၊ ဒိဋ္ဌိသည်၊ နော ဟောတိ- မဖြစ်ဘူးဆိုသော အနက်ဖြစ်၏။ ခန္ဓာငါးပါး ပေါ်ရာ (စိတ်ပေါ်စိတ်၊ ဝေဒနာပေါ် ဝေဒနာ) ကို ဖြစ်ပျက် ရှုပေးလျှင် တဏှာ၊ မာန၊ ဒိဋ္ဌိ မလာတော့ပါ။ [နှာ-၄၆၆] ဒါကြောင့် နှလုံးသွင်းမှန်လျှင် တဏှာ၊ မာန၊ ဒိဋ္ဌိ မလာတော့ပါ။ [နှာ-၄၆၇]

ဝိပဿနာ ရှုနေတုန်း ပေးချင်ကမ်းချင်သော အလောဘ စေတနာကလေး လာလျှင်ပင် ဖြစ်ပျက်သာ ရှုပါ။ [နှာ-၄၆၈] နှလုံးသွင်း မှန်လျှင် နှစ်အကွက်နှင့် သုံးအကွက် အဆက်ပြတ်သည်။ တရားအားထုတ်ရင်း မေတ္တာပို့ချင်စိတ် ပေါ်လည်း ဖြစ်ပျက်ပဲ ရှု၊ မပို့ရဘူးဟု ဟောထားသည်။ နှလုံးသွင်းမှားနှင့် ကြည့်လျှင် တဏှာ မာနဒိဋ္ဌိ ပေါ်သည်။ နှလုံးသွင်းမှန်စွာ ကြည့်လိုက်လျှင် မဂ်ပေါ်သည်။ [နှာ-၄၆၉]

http://www.dhammadownload.com



ခန္ဓာပေါ်သမျှ ဖြစ်ပျက် ရှုလိုက်တော့ မှန်ကို ထုချေပြီး ခွဲလိုက်သလို ဖြစ်သည်။ အရိပ်ပေါ်စရာ မရှိတော့ပါ။ တဏှာ၊ မာန၊ ဒိဋ္ဌိ မပေါ်တော့ပါ။

ဘာမှ ရှုစရာ မရှိလျှင် ဝင်လေစိတ်၊ ထွက်လေစိတ်ကို ဖြစ်ပျက် ရှုရမည်။ လေကို ရှုလျှင် ငါ ရှူလို့ကောင်း၊ ရှိုက်လို့ကောင်းတယ် လာနေဦးမည်။ တဏှာ၊ မာန၊ ဒိဋ္ဌိသည် ခန္ဓာကို မှန်လိုကြည့်လို့ ပေါ်လာခြင်းဖြစ်သည်ဆို၏။ [နှာ-၄၇၂] ခန္ဓာမှန်ကို အနိစ္စဉာဏ်၊ ဒုက္ခဉာဏ်၊ အနတ္တဉာဏ်နှင့် ထုချေပစ်ရမည်။ ထိုဉာဏ်များနှင့် မထုချေနိုင်သရွေ့ ပပဉ္စ မချုပ်ဘူး။ နှလုံးသွင်း မှန်သွားလျှင် မဖြစ်သေးသော အကုသိုလ်တွေ မဖြစ်ဘူး။ ဖြစ်ပြီးသား အကုသိုလ်တွေကိုလည်း ပယ်နိုင်သည်။ [နှာ-၄၇၅] ဒုက္ခသစ္စာပေါ်တိုင်း နှလုံးသွင်းမှန်စွာ ကြည့်တတ်လျှင် မဂ္ဂသစ္စာ ဖြစ်သည်။ [နှာ-၄၇၉]

မဂ်ဉာဏ်ပေါ်လျှင် တတိယအကွက် သမုဒယချုပ်သည်။ စတုတ္ထအကွက် မလာနိုင်တော့ပါ။ မလာသောကြောင့် နိရောဓ သစ္စာ(နိဗ္ဗာန်) ပေါ်သည်။ ခန္ဓာမှန်ကို အနိစ္စ၊ ဒုက္ခ၊ အနတ္တ မှန်နှင့် ထုချေလျှင် တဏှာ၊ မာန၊ ဒိဋ္ဌိ အရိပ်မပေါ်တော့ပါ။ မပေါ်လျှင် နိပ္ပပဉ္စ ဖြစ်ပြီ။ နိပ္ပပဉ္စဖြစ်လျှင် နိဗ္ဗာန်ပဲဟု ဟောရင်း အချိန်စေ့၍ တရားရပ်နားလိုက်သည်။

*

## ၁၂။ အနတ္တထင်အောင် ရှုရန်

[၁၅-၉-၆၂ နေ့က အမရပူရမြို့ မင်္ဂလာတိုက်ဟောင်းမှာ ဟောသောတရား]

ယောဂီများ တရား ရှုပွားကြသောအခါ တချို့က ရုပ်ရှုမှ ဖြစ်ပျက်မြင်သည်၊ တချို့က စိတ်၊ တချို့က ဝေဒနာ ရှုမှ ဖြစ်ပျက် မြင်တတ်ကြသည်။ ဘာပဲရှုရှု နောက်ဆုံးမှာတော့ 'သဗ္ဗေဓမ္မာ အနတ္တာ' အလုံးစုံသော ဓမ္မတို့သည် အနတ္တပဲ၊ ပုဂ္ဂိုလ်အလို သတ္တဝါအကြိုက် အကျင့်စရိုက်ကို မလိုက်သော တရားချည်းပဲ ဖြစ်သည်ဟု ဆိုကာ ဤတရားကို ဟောတော်မူသည်။

အနတ္တသည် သူ့သဘောကိုသာ သူဆောင်သည်ဟု မှတ်ရမည်။ [နှာ-၄၈၄] အနတ္တမှာ အင်္ဂါသုံးပါးပဲ ရှိသည်။ ပုဂ္ဂိုလ်အလို၊ သတ္တဝါအကြိုက်၊ စရိုက်နှင့် မကိုက်သော တရားကို အနတ္တဟု ခေါ်ရကြောင်း အထပ်ထပ် ရှင်းထားသည်။ [နှာ-၄၉၃] အလုပ်သဘောအရ ဝေဒနာပေါ်လျှင် ရှုလိုက်ပါ၊ ကိုယ့်အလိုကျ ပေါ်

http://www.dhammadownload.com



သလား၊ သူ့သဘောအတိုင်း ပေါ်သလား၊ ဘယ်သူ့အကြိုက်၊ ဘယ်သူ့စရိုက်နှင့်မှ မလိုက်ဘဲ သူ့သဘောအတိုင်း သူဖြစ်နေတာ မှန်သမျှ အနတ္တချည်းသာ မှတ်ပါ။ [နှာ-၄၉၆] အနတ္တဆိုတာ ဓမ္မက ပြောသည်ဟုလည်း ဆိုသည်။ [နှာ-၄၉၈]

ဤသို့ ပြောသောကြောင့် စိစစ်ကြည့်ပါ။ ကြည့်လျှင် ခန္ဓာတစ်ခုလုံးမှာ ငါ သူတစ်ပါး ယောကျ်ား မိန်းမ ပုဂ္ဂိုလ်သတ္တဝါလည်း ဘယ်မှာမှ မရှိ၊ သူ့အလို၊ ကိုယ့်အကြိုက်၊ ကိုယ့်စရိုက်နှင့် ကိုက်တာလည်း ဘာမှ မရှိကြောင်း ဉာဏ်မှာ ထင်မြင်လာမည် ဖြစ်သည်။ သဗ္ဗေဓမ္မာ အနတ္တချည်းပါကလားဟု သိနားလည် လာမည်။ [နှာ-၄၉၉] တစ်ဖန် အနတ္တသဘောကို အကြောင်းအကျိုးဖြင့် ဝေဖန် ပြသည်။ အကြောင်းဖြစ်လျှင် အကျိုးပေါ်သည်။ အကြောင်းချုပ်လျှင် အကျိုး ချုပ်ရသည်။ အကြောင်းလည်း အနတ္တ၊ အကျိုးလည်း အနတ္တပင် ဖြစ်၏။ [နှာ-၅၀၃]

ပဏ္ဍာသမှာလာသော အနတ္တသဘောနှင့် သံယုတ်မှာ ဟောသော အနတ္တ သဘောကို ခွဲပြသည်။ [နှာ-၅၀၄] ခန္ဓာက ယားပြလိုက်၊ နာပြလိုက်၊ စူးပြလိုက်၊ တောင့်ပြလိုက်၊ တင်းပြလိုက်လျှင် ငါဘာဖြစ်သလဲဆိုပြီး ဒိဋ္ဌိ ဝင်မရှုပါနှင့်ဟု မိန့်ထားသည်။ အနတ္တကို သဘောကျမှ သဿတ၊ ဥစ္ဆေဒဒိဋ္ဌိ ကင်းစင်ကြောင်းလည်း ရှင်းပြထားသည်။ [နှာ-၅၀၈] သဿတ၊ ဥစ္ဆေဒဒိဋ္ဌိ စင်သွားတာသည် အနတ္တကို မြင်လို့ဖြစ်ကြောင်းလည်း ဟောထားသည်။ [နှာ-၅၀၉]

ဒါကြောင့် အနတ္တကို တကယ် မြင်လျှင် သောတာပတ္တိမဂ် ရတာပဲဟု ဆိုသည်။ အနတ္တမြင်လျှင် သောတာပန် တည်သည်ဆို၏။ ကုသိုလ်ပြုရာမှာပင် ဒိဋ္ဌိ မပြုတ်ဘဲ ငါ လုပ်လို့ ငါ ရတာဟု ယူဆလျှင် ထိုအမြင်သည် နိဗ္ဗာန်ကို မရ စေနိုင်ပုံကို ရှင်းထားသည်။ [နှာ-၅၁၈] ကုသိုလ်ဆိုလျှင် ကောင်းတယ်ဟု ဆိုရ စေကာမူ၊ နိဗ္ဗာန်ရသော ကုသိုလ်နှင့် နိဗ္ဗာန် မရသော ကုသိုလ် ကွာခြားသေးသည်ဟု ဆိုသည်။ [နှာ-၅၁၉]

ဤတွင် ထူးခြားသော ဟောပြောချက်မှာ အရှုခံရတဲ့ သင်္ခါရကလည်း အနတ္တပဲ၊ သင်္ခါရ အနတ္တဆိုတာ ရုပ်နာမ်အနတ္တပေါ့၊ အဲဒီ အရှုခံ အနတ္တကို မြင်ပြီး မုန်း၊ ပြီးတော့ အဲဒီ အနတ္တကြီးကို မလိုချင်မှ၊ ဆုံးတယ်။ အဲဒီလိုဆုံးမှ ဘယ်သူ ပြုလုပ်လို့မှ မဖြစ်တဲ့၊ ဘယ်သူ့မှ ကြံစည်လို့ မရတဲ့ **နိဗ္ဗာန် အနတ္တ** ကို ရမယ် [နှာ-၅၂၁] ဟု မိန့်ကြားထားလေသည်။ သင်္ခါရအနတ္တ အဆုံးမှာ အသင်္ခတ အနတ္တ ရှိပါတယ်ဟုလည်း အဆုံးအဖြတ် ပေးထားသည်။ ဒါကြောင့် အသင်္ခတ

http://www.dhammadownload.com



အနတ္တနိဗ္ဗာန်ကို လိုချင်လို့ရှိရင်ဖြင့် သင်္ခါရအနတ္တကို ဆုံးအောင် လိုက်မှသာလျှင် အသင်္ခတအနတ္တကို ရောက်ဖြစ်တော့မယ်ဟု ဟောထားပါသည်။ [နှာ-၅၂၂] သင်္ခါရ အနတ္တကို မတွေ့သော ပုဂ္ဂိုလ် အသင်္ခတအနတ္တကို တွေ့ကို မတွေ့ဘူးဟူ၍လည်း ယတိပြတ် ဆိုထားသည်။

ပြီးမှ ဆရာတော်က မြင်နည်း အနတ္တက နှစ်မျိုး၊ ကျင့်နည်း အနတ္တက နှစ်မျိုးဖြစ်ကြောင်း ရှင်းပြသည်။ [နှာ-၅၂၃] ထိုအချက်ကို ပေါ်အောင်ပြန်၍ အကျဉ်း သုံးသပ်ထားသည်။ (မြင်နည်း အနတ္တက ပုဂ္ဂိုလ်အလို၊ သတ္တဝါအကြိုက် အကျင့်စရိုက်နှင့် မကိုက်တဲ့ အနတ္တက တစ်မျိုး၊ အကြောင်း အနတ္တမို့ အကျိုးအနတ္တ လို့ မြင်တာက တစ်မျိုး)

ကျင့်နည်း အနတ္တကလည်း နှစ်မျိုး။ (ဖြစ်ပျက်က အနတ္တ၊ သင်္ခါရ မှန်သမျှ အနတ္တ၊ 'သဗ္ဗေဓမ္မာ အနတ္တာ' အဲဒီဖြစ်ပျက် အနတ္တကို မြင်ပြီး မုန်းလာ၊ ရွံလာ၊ ငြီးငွေ့လာသည်အထိ ရှု၊ ဒီအနတ္တဆိုတာ တခြား မဟုတ်ပါလား၊ ဒုက္ခရောက်နေ တာတွေပဲ၊ ဒီပြင် ဘာမှ မရှိဘူး။ ဒီအနတ္တတွေဟာ ဒုက္ခမှန်းသိပြီး ဆုံးသွားသော အခါ သင်္ခါရအနတ္တ အဆုံးမှာ အသင်္ခတအနတ္တ ရှိတာကို သိရတာ ကျင့်စဉ် အနတ္တ) [နှာ-၅၂၄] အကြောင်းချုပ်လျှင် အကျိုးချုပ်သောကြောင့် ဝေဒနာကြောင့် တဏှာဖြစ်ရမှာ၊ ဝေဒနာနောက်က မဂ်ဝင်လိုက်လျှင် တဏှာ ချုပ်ပြတ်သွားသည်။ ဒီလို ရှုနည်းက တစ်မျိုးဟု ဆိုသည်။ [နှာ-၅၂၅] ထိုအခါ ဖြစ်ပျက် သင်္ခါရအနတ္တ တွေ ကင်းသွားသည်။ ဖြစ်ပျက် သင်္ခါရကင်းသော အသင်္ခတနိဗ္ဗာန်ကြီး ပေါ်လာ သည်။ အလုပ်စဉ်နှင့် တက်သွားလျှင် ဤနေရာကို ရောက်ကြောင်း ဟောရင်း အချိန်စေ့၍ တရားနားလိုက်သည်။

*

## ၁၃။ တစ်မဂ်တစ်ဖိုလ် ရပုံ အစီပွဲ့ာယ်

[၁၇-၉-၆၂နေ့က အမရပူရမြို့ မဂ်လာတိုက်ဟောင်းမှာ ဟောသောတရား]

ဤတရားသည် နေ့အလုပ်ပေးတရား ဖြစ်သည်။ ရှေးက အနှစ်ချုပ် ရေးခဲ့ သော တရားများက ညအလုပ်ပေးတရားများ ဖြစ်ကြသည်။ ဤတရားအစတွင် ဗုဒ္ဓ၏ ဖွားဖက်တော် မောင်ဆန်အကြောင်းကို အစချီလာသည်။ အရှင်ဆန္နသည် တရား အားထုတ်စဉ် အနိစ္စ၊ ဒုက္ခ၊ အနတ္တ ဖြစ်ပျက်ကိုမြင်သည်။ သို့သော် အားလုံး

http://www.dhammadownload.com



အနတ္တပဲ ဆိုလျှင် ဘာကို အားကိုးရမလဲဆိုပြီး အနတ္တကို ဆင်ခြင်တိုင်း သူ့မှာ ဆုပ်ကိုင်ရာမဲ့ ဖြစ်နေလေသည်။ အနတ္တကို သူ့စိတ်မှာ မနှစ်သက်ပါ။ [နာ-၅၂၈] အနိစ္စ၊ ဒုက္ခ၊ အနတ္တကို မြင်သော်လည်း အနတ္တကို ဘဝင်မကျသောကြောင့် အရှင်ဆန္န မဂ်ဉာဏ်ဖိုလ်ဉာဏ်ကို မရပါ။

ထိုအခါ အရှင်ဆန္နသည် သာဝတ္ထိပြည်က ရဟန်းများကို လိုက်လံ မေးမြန်းသည်။ ရဟန်းများကလည်း သင်္ခါရာ အနိစ္စ၊ သဗ္ဗေဓမ္မာ အနတ္တ ဖြစ်ပုံကို ဟောကြသည်။ သို့သော် အရှင်ဆန္န ဘဝင်မကျပါ။ နောက်ဆုံး ကောသမ္ဗီပြည်ကို ရောက်နေသော အရှင်အာနန္ဒာထံ လိုက်သွားသည်။ ဤနေရာတွင် ဆရာတော်က အရှင်ဆန္နကို သုံးသပ်ပြထားသည်။

အနတ္တဆို ဘာအားကိုးရမလဲလို့ မေးနေတာ၊ အားကိုးရှာနေတာမှာ တဏှာ ပါနေသည်ဟု ဆိုသည်။ [နာ-၅၃၃] အရှင်ဆန္နကို ထောက်သောအားဖြင့် အနိစ္စ၊ ဒုက္ခ၊ အနတ္တကို မြင်သော်လည်း နိဗ္ဗာန်ကို မမြင်နိုင်ခြင်းမှာ ပဋိစ္စသမုပ္ပါဒ်ကို နားမလည်၍ဖြစ်ကြောင်း ရှင်းထားသည်။ [နာ-၅၃၅] ဝိပဿနာ ရှုရုံနှင့် နိဗ္ဗာန် မရသေးပါကလား ပဋိစ္စသမုပ္ပါဒ်ကို နားမလည်ဘဲ ရှုသည့်အတွက် အားကိုးရာ မရှိပါကလားဆိုသော ခံစားချက် ပေါ်လာပုံကို ဆရာတော်က ထောက်ပြသည်။ ပဋိစ္စသမုပ္ပါဒ် နားလည်မှု အရေးကြီးကြောင်း အသားပေး ဟောသောတရား ဖြစ်သည်။

ပြီးမှ ဝိပဿနာကို ရှေ့မထားနှင့် ပဋိစ္စသမုပ္ပါဒ် နားလည်မှုကို ရှေ့မှာ ထားပါဟုလည်း သတိပေး တိုက်တွန်းသည်။ [နာ-၅၃၉] အနတ္တဆိုလျှင် ဘာမှ အားကိုးစရာ မရှိဘူး၊ ပြတ်သွားတာပဲဆိုသော ဥစ္ဆေဒဒိဋ္ဌိ ဝင်ပုံကိုလည်း ပြသည်။ [နာ-၅၄၀] ပဋိစ္စသမုပ္ပါဒ် သိမှ ဒိဋ္ဌိကွာသည်။ တရားအားမထုတ်မီ အသိဖြင့် (ဉာတပရိညာ) ဒိဋ္ဌိ အရင်ခွာရမည်။ သို့မှသာ မဂ်ဉာဏ်ဖိုလ်ဉာဏ်ကို ရနိုင်သည်။ [နာ-၅၄၁] တရားအားထုတ်ရာမှာ ရှေ့နောက် အစဉ်တည့်ဖို့ (မလွဲဖို့)လိုကြောင်း ဟောသည်။ သိမှုက အလျင်၊ ကျင့်မှုက နောက် ဖြစ်ရမည်။ [နာ-၅၄၂] ကောသမ္ဗီပြည် အရှင်အာနန္ဒထံ ရောက်မှ အရှင်အာနန္ဒာက အရှင်ဆန္နပြဿနာကို စဉ်းစားပြီး၊ ပဋိစ္စသမုပ္ပါဒ် နားလည်ဖို့လိုကြောင်း သိသောအခါ ပဋိစ္စသမုပ္ပါဒ်ကို ပြလိုက်သည်။

လောကဖြစ်စဉ်ကို သိလျှင် ဥစ္ဆေဒဒိဋ္ဌိ ကွာသည်။ လောကချုပ်စဉ်ကို သိလျှင် သဿတဒိဋ္ဌိ ကွာသည်။ လောကမှာ ပုဂ္ဂိုလ်သတ္တဝါ မရှိ၊ အကြောင်းအကျိုးသာ ရှိကြောင်းပြသည်။ အကြောင်းအကျိုးပဲ ရှိသည်ဟု သိလျှင် သက္ကာယဒိဋ္ဌိ ကွာသည်။

http://www.dhammadownload.com



[နှာ–၅၅၂] ရှေ့တရားက ချုပ်သွားသော်လည်း ပြတ်မသွားဘဲ၊ နောက်တရားကို ကျေးဇူးပြုသွားသည်။ ထို့ကြောင့် မပြတ်၊ ဥစ္ဆေဒဒိဋ္ဌိ စင်သည်။ [နှာ–၅၅၅]

ဤသို့ အရှင်အာနန္ဒာ ဟောလိုက်သောအခါ ဒိဋ္ဌိသုံးမျိုး စင်သွားသည်။ အရှင်ဆန္န ရင်ထဲမှာ ဒိဋ္ဌိဝိသုဒ္ဓိ၊ ကင်္ခါဝိတရဏ ဝိသုဒ္ဓိပြီးမှ မဂ္ဂါမဂ္ဂညာဏဒဿနဝိသုဒ္ဓိ အစဉ် လိုက် ဖြစ်သည်။ တရားအားထုတ်ရာမှာ ရှေ့နောက် အစီအစဉ် လွဲလျှင်လည်း မဂ်ဉာဏ်ဖိုလ်ဉာဏ် မရပုံကို ပြသည်။ [နှာ–၅၆၀] ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာက မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို တားသည်။ ဉာတပရိညာ နားလည်ပြီးမှ တီရဏပညာ လုပ်ရသည်။ သိပြီးမှ ကျင့်ရသည်ဟု ဆိုသည်။

ထို့နောက် စိတ္တာနုပဿနာ ရှုနည်းကို ဆက်ဟောသည်။ ပေါ်သောစိတ် အားလုံးကို ဖြစ်ပျက်ရှုဖို့ ပြသည်။ ပင့်ကူလို ကျင့်ဖို့ ဟောသည်။ ပင့်ကူသည် အိမ်အလယ်မှာမှ ထိုင်နေပြီး၊ ပိုးကောင်တိုးရာ နေရာကို လိုက်ဖမ်းသည်။ ပြီးလျှင် အလယ်မှာ ပြန်ထိုင်သကဲ့သို့ ယောဂီသည် ရှုစရာ မရှိလျှင် အိမ်ရှင်စိတ်(နှာသီးဖျား)မှာ ပြန်ရှု၊ ပြီးမှ ဘာစိတ်ပဲ ပေါ်ပေါ် ပေါ်ရာစိတ်ကို လိုက်ရှုရန် ဟောထားသည်။ [နှာ–၅၆၅]

စိတ်တစ်မျိုးတည်း ရှုလည်း ခန္ဓာငါးပါး ပါသွားကြောင်း ပြသည်။ ခန္ဓာငါးပါး ဖြစ်ပျက်မြင်အောင် ရှု၊ ကိုယ့်အဲသေတွေကို မြင်အောင်ရှု၊ မုန်းသွားလိမ့်မည်။ ဓမ္မသဘောအတိုင်း ဉာဏ်ထက်လာလို့ မုန်းတာဟု ဆိုသည်။ ဒုက္ခမှတစ်ပါး ခန္ဓာမှာ ဘာမှ မရှိဘူး။ ဤသို့ ပိုင်ပိုင်သိလျှင် ဖြစ်ပျက်အဆုံးမှာ ခန္ဓာပျောက်သွားလိမ့်မည်။ [နှာ–၅၆၇] ခန္ဓာအဆုံးမှာ နိဗ္ဗာန်ပဲဟု ဟောရင်း အချိန်စေ့၍ တရားသိမ်းသည်။

ဝ

ဤတွင် အလုပ်စဉ်တရား စာအုပ်အမှတ်(၁၄) ပြီး၏။

http://www.dhammadownload.com

http://www.dhammadownload.com

အနှစ်ချုပ်

# မိုးကုတ်ဝိပဿနာအလုပ်စဉ်တရား

စာအုပ်အမှတ်(၁၅)

http://www.dhammadownload.com

http://www.dhammadownload.com

## မိုးကုတ်ဝိပဿနာအလုပ်စဉ်တရား စာအုပ်အမှတ်(၁၅)

**နိဒါန်း**

တရားမှန်သမျှ သစ္စာဥ္စသာ လမ်းဆုံးသည်။ ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ ရဟန္တာ၊ အရိယာအားလုံး သစ္စာတရားကို အနုလောမဉာဏ်ဖြင့် ဦးစွာ သိနားလည်ပြီးမှ ထိုးထွင်းသိသော အနုဗောဓဉာဏ်ဖြင့် ပိုင်းခြား နားလည်ရသည်။ ထိုအခါမှ မဂ်ဉာဏ်ဖိုလ်ဉာဏ်ကို ရသည်။ သစ္စာကို မသိဘဲ ကျွတ်တမ်းဝင်သူ မရှိပါ။ ဤသာသနာ ထွန်းပချိန်တွင် သစ္စာသိပြီး မဂ် ဆိုက်သော ပုဂ္ဂိုလ်ဖြစ်ရန် အလွန်အရေးကြီးသည်။ ပေဒ္ဒကောပမပါဠိတော်၌ သစ္စာတရားကို နာရန်နှင့် သစ္စာကို နှလုံးသွင်းရန် အချက်နှစ်ချက်သည် သောတာပန်ဖြစ်ရန် လိုအပ်သော အချက်နှစ်ချက်ဖြစ်ကြောင်း ဟောထားသည်။ ဤတွင် သစ္စာက တခြား၊ ပဋိစ္စသမုပ္ပာဒ်က တခြားဟု မယူပါနှင့်။ ပဋိစ္စသမုပ္ပာဒ်ကို ဟောတတ်သော ဆရာသည် သစ္စာကို ဟောတတ်သော ဆရာပင် ဖြစ်ပါသည်။ မိုးကုတ်ဆရာတော် ဘုရားကြီးကလည်း သစ္စာ တခြား၊ အနိစ္စ တခြားဟု မမှတ်လိုက်ပါနှင့်ဟု ဆိုသည်။

ဤတွင် နိဒါန်းရေးသူ ဆရာကြီး ဦးသံဒိုင်က ယခုအခါ ဖြစ်ပျက် မပါသော ဝိပဿနာ၊ ပဋိစ္စသမုပ္ပာဒ် မပါသော ဝိပဿနာတွေ ထွန်းကားနေကြောင်း ဒိဋ္ဌိ မဖြုတ်ဘဲ အားထုတ်နေသော ဝိပဿနာတွေ ရှိနေကြောင်းကိုလည်း ဖော်ပြထားသည်။ တချို့မှာ သမာဓိနှင့် ဝိပဿနာ မကွဲဖြစ်နေကြပုံများကို တင်ပြထားသည်။ ခန္ဓာအရှိကို ဉာဏ်အသိနှင့် ကိုက်အောင် ရှုရမည်။ ရထားသော ခန္ဓာသည် ဒုက္ခသစ္စာပဲဟု သိမှသာလျှင် ထိုခန္ဓာကို မလိုချင်သောစိတ် ဖြစ်မည်။

http://www.dhammadownload.com



နောက်ဆုံး သစ္စာ သိမြင်မှု၌ ဓမ္မာနုပဿနာမှာ လမ်းဆုံးရကြောင်းလည်း ဖော်ပြထားသည်။ ဝိပဿနာမှာ ဉာဏ်ဦးစီးသည်။ အသိဖြင့် ဒိဋ္ဌိ မဖြုတ်ဘဲ ရှုနေသော ဝိပဿနာသည် ခရီးမပေါက်ကြောင်း ဖော်ပြထားသည်။ ဒုတိယအဆင့်မှာ သစ္စာနှင့် လျော်သော သစ္စာနုလောမိကဉာဏ်ရရေးသည် အရေးကြီးကြောင်း သဘောပေါက်ရမည်ဟု ဆိုသည်။ သစ္စာနုလောမိကဉာဏ်ဆိုသည်မှာ သစ္စာတရားကို နာမှုနှင့် သစ္စာတရားကို နှလုံးသွင်းမှုပင် ဖြစ်သည်ဟုလည်း ဖော်ပြထားသည်။

ထို့နောက် ဆရာကြီးဦးသံဒိုင်က မိုးကုတ်ဆရာတော်ဘုရားကြီး မရှိသည့်နောက် အဖိုးတန်သော ဟောခဲ့သည့် တရားများ ပျောက်ပျက်မသွားရအောင် သူကြိုးပမ်း အားထုတ်ခဲ့ပုံများကို ဖော်ပြထားသည်။ ဤတရားများကို ဖတ်ရှု လေ့လာပြီး နားလည်အောင် ကြိုးစားကြပါ။ နားလည်သလို အားလည်း ထုတ်ကြပါဟု ဦးသံဒိုင်က တိုက်တွန်းထားပါသည်။

*

## ၁။ သံသရာခရီးသည် ထွက်လမ်း

[၁၈–၉–၆၂ နေ့ အမရပူရမြို့ မင်္ဂလာတိုက်ဟောင်းမှာ ဟောသောတရား]

**(ဤတရားများသည် အမှတ်စဉ်(၁၄) စာအုပ်ပါ တရားများနှင့် အချိန်ကာလအားဖြင့် တစ်ဆက်တည်းဟောသော (၁၉၆၂ ခု စက်တင်ဘာလ) ဟော တရားများ ဖြစ်ပါသည်။ ထိုအချိန်မှာ ဆရာတော်ကြီး ခန္ဓာဝန် မချမီ တစ်လအလို ဖြစ်ပါသည်။ အမရပူရမြို့ မင်္ဂလာတိုက်ဟောင်းမှာ သီတင်းသုံးပြီး နေ့စဉ် ဟောနေခြင်းဖြစ်ဟန်တူပါသည်။ သို့သော် ဤတရားများမှာ ညတရား မဟုတ်ဘဲ၊ နေ့အလုပ်ပေး တရားများဖြစ်ကြောင်း ဖော်ပြထားလေသည်)**

ပဋိစ္စသမုပ္ပါဒ်ကို စကြည့်ပါ။ တစ်အကွက်မှာ အဝိဇ္ဇာက စသည်။ သုံးအကွက်မှာ တဏှာက စသည်။ တစ်နံပါတ်က အတိတ်၊ သုံးနံပါတ်က ပစ္စုပ္ပန် ဖြစ်သည်ဟု အစချီ၍ ဤတရားကို ဟောကြားသည်။ အတိတ်ကလည်း မသိမှု (အဝိဇ္ဇာ)ကြောင့် မလိမ္မာခဲ့၊ ပစ္စုပ္ပန်မှာလည်း တဏှာကြောင့် မိုက်မဲကြပြန်ဆိုတော့ လွတ်ရေးကျွတ်ရေးကို မမြင်တော့ဘူးဟု ဆိုသည်။ အဝိဇ္ဇာနှင့်တဏှာသည် ဘဝရသောက်မြစ် နှစ်ခုဖြစ်သည်။ အတိတ်က သစ္စာမသိသော အဝိဇ္ဇာနှင့် စခဲ့သည်။ ပစ္စုပ္ပန်မှာ ရောက်ရာ ပျော်သော တဏှာနှင့် စသည်။ [နာ–၂] အဝိဇ္ဇာနှင့် တဏှာ

http://www.dhammadownload.com



သည် သံသရာဘီး လည်ရသော ဝင်ရိုးနှစ်ခုနှင့် တူကြောင်း နှိုင်းပြသည်။ အာသဝ ဝင်ရိုးနှစ်ချောင်း မကျိုးသော ပုဂ္ဂိုလ် ဘယ်တော့မှ နိဗ္ဗာန် မရဘူး။ [နာ-၅] ပဋိစ္စသမုပ္ပဒ်မှာ အစပ်ဆိုသော နေရာများသည် သေသောနေရာများ ဖြစ်သည်။ သေပြီးရင် သေခဲ့ကြရပြီ။ အဝိဇ္ဇာနှင့်တဏှာ ဝင်ရိုးနှစ်ခုကို ချိုးနိုင်မှ အိုနာသေဘေး ရပ်တော့မည်။

ရှေးဘဝက ဒုက္ခသစ္စာ မသိ၍ ခန္ဓာရပါလို၏ ဆုတောင်းခဲ့ကြသည်။ ထို့ကြောင့် ပစ္စုပ္ပန်မှာ ခန္ဓာရနေသည်။ အဝိဇ္ဇာဒဏ်ချက်ဟု ဆိုသည်။ [နာ-၈] ဤနည်းဖြင့် ပဋိစ္စသမုပ္ပာဒ် တစ်ကွက်က တစ်ကွက် လည်ပုံကို ပြသည်။ အဝိဇ္ဇာနှင့် တဏှာကို ပယ်ဖို့ ကိစ္စ လိုသေးသည်ဟု ဆိုသည်။ [နာ-၁၀] အသေရပ်ခဲ့သည်။ အလုပ်ကို မလုပ်ရသေးပါ။ ကိုယ့်ဘဝ ရတာနှင့် ပျော်ပြီး တော်သေးတယ် ထင်မနေကြနှင့်ဟု မိန့်ဆိုထားသည်။ [နာ-၁၁]

သစ္စာသိမှ အဝိဇ္ဇာနှင့် တဏှာကို ပယ်နိုင်မည်။ ဝင်ရိုးနှစ်ခု ကျိုးမည်ဆို၏။ [နာ-၁၂] သစ္စာ သိတာတောင် ဆရာ ပြောသိလို့ မပြီးသေး၊ ကိုယ့်ဉာဏ်နှင့် သိရဦးမည်။ [နာ-၁၃] ဝိပဿနာ အလုပ်ကို ရပ်လိုက်သည်နှင့် အဝိဇ္ဇာနှင့် တဏှာ ဝင်ရိုးက လှည့်တော့သည်။ သုံးဆယ့်တစ်ဘုံထဲက ထွက်ပေါက်မရှိဘူးဟု ဆိုသည်။ [နာ-၁၅] ရုပ်နာမ်ဒုက္ခသစ္စာကို မမြင်သော အချိန်မှာ အဝိဇ္ဇာက လှည့်သည်။ သားရေး၊ သမီးရေး၊ စီးပွားရေး တွေ့ကြုံလာလျှင် တဏှာက လှည့်သည်။ [နာ-၁၆] ဝိပဿနာ လွတ်သွားလျှင် အဝိဇ္ဇာ၊ လောကီကိစ္စ ဝင်လျှင် တဏှာ ဖြစ်တော့သည်။ [နာ-၁၇]

ထို့နောက် ဒါနက အဝိဇ္ဇာ တဏှာကို မနိုင်ပုံကို ပြသည်။ ဝိပဿနာပဲ အားကိုး မရှိပုံကို ပြသည်။ [နာ-၁၈] နတ်လူ သာရခေါ်ဖို့ အရေးမကြီး၊ ကိုယ့် ပဋိစ္စသမုပ္ပာဒ်ကို ရပ်အောင် လုပ်ဖို့သာ ပဓာနဖြစ်ကြောင်း ဟောသည်။ [နာ-၂၁] ထို့နောက် ရောက်ရာဘဝမှာ ခန္ဓာကို ခင်ကြပုံကို ပြသည်။ သံသရာတစ်လျှောက် သေလိုက်၊ မွေးလိုက် ဖြစ်ခဲ့ရပုံ၊ အစ မထင်ပုံ၊ ကိုယ့်မသာ ကိုယ်ထမ်း၍ ပြေးနေရပုံကို သရုပ်ဖော်ပြသည်။ [နာ-၂၇]

ထို့နောက် ချည်တိုင်တစ်ခုမှာ ဝါးလုံးစွတ်ကြိုးဖြင့် ချည်ထားသော ခွေးကို ဥပမာ ပြသည်။ ခွေးက ကြိုးကို ကိုက်မဖြတ်နိုင်၍ တိုင်ကို ပတ်ပြေးနေရသည်။ ထို့အတူ ပုထုဇဉ်မှာလည်း ခန္ဓာငါးပါးက ချည်တိုင်နှင့် တူသည်။ တဏှာက ကြိုးနှင့် တူသည်။ ဒိဋ္ဌိက လည်ပတ်နှင့် တူသည်။ ဒါကြောင့် ဤခွေး တစ်နေ့ကုန်

http://www.dhammadownload.com



ပြေးလည်း ဘယ်ကိုမှ မရောက်ဘဲ သည်နေရာ တဝဲလည်လည် ဖြစ်နေရသည်။ ပုထုဇဉ် သံသရာအပြင်ဘက် ရောက်စရာ မမြင်ပုံကို ဟောသည်။ [နှာ-၂၉]

အဝိဇ္ဇာဒဏ်ချက်က တိုက်ရိုက်ပါပြီ။ တဏှာဒဏ်ချက်က ကြိုးချည်မိပြီ။ ဒိဋ္ဌိဒဏ်ချက်က လည်ပတ်တပ်မိပြီ။ သံသရာခရီးသည် ခွေးဟာဖြင့် ဒီတိုင် လှည့်ပြေး၊ ဒီတိုင်ခြေ မွေး၊ ဒီတိုင်ခြေ သေ ဖြစ်နေရသည်။ [နှာ-၃၁] ဤအမြင်ကို ဘုရားဖြစ်မှ မြင်သည်ဆို၏။ ဒါဖြင့် တိုင်ကျိုး၊ ကြိုးဖြတ်၊ လည်ပတ်ပြုတ်မှသာလျှင် ကိစ္စပြီးတော့မည်။ ဤသို့ဆိုပြီး အလုပ်တရားကို ပြသည်။ [နှာ-၃၃] သံသရာခရီးသည်သည် ဝိပဿနာဉာဏ်ရမှသာ တိုင်ကျိုး၊ ကြိုးပြတ်၍ လည်ပတ်ပြုတ်ပေတော့မည်ဟု ဆိုသည်။ [နှာ-၃၄]

ဝိပဿနာ ရှုခြင်းအားဖြင့် နှစ်အကွက်မှာ ရသောခန္ဓာသည် ဒုက္ခသစ္စာပဲဟု သိသောမဂ်ဉာဏ်ကို ရမှသာ ခန္ဓာတိုင်ကျိုးသော အဓိပ္ပာယ်ကို ရောက်သည်။ [နှာ-၃၆] ရှုရုံ ဉာဏပရိညာနှင့် မနေနှင့် ပွားများမှု (တီရဏ ပရိညာ)ကို လုပ်ပါဟု ဆိုသည်။ [နှာ-၃၇] ဖြစ်ပျက်ရှု၍ မမြဲမှု အနိစ္စကို မြင်လျှင် မြဲသည်ထင်သော ဒိဋ္ဌိပြုတ်သည်။ လည်ပတ်ပြတ်ပြီ။ ပထမ ဒုက္ခသစ္စာကို သိစဉ် အဝိဇ္ဇာပြုတ်သည်။ [နှာ-၃၈] ခန္ဓာဒုက္ခကို မြင်ပြီး ခန္ဓာကို မခင်တော့သောအခါ တဏှာ သေသည်။ ထိုအခါ ကြိုးပြတ်သည်။ သုံးနံပါတ် မလာတော့ပေ။ [နှာ-၃၉]

ထိုအခါ သံသရာခရီးသည်မှာ ခန္ဓာတိုင်လည်းကျိုး၊ တဏှာကြိုးလည်း ပြတ်၍ ဒိဋ္ဌိလည်ပတ်လည်း ပြုတ်တော့သည်။ [နှာ-၃၉] ဤကား သံသရာခရီးသည်၏ ထွက်လမ်းဖြစ်ပြီ။ [နှာ-၄၀] **'ဝေဒနာ နိရောဓာ၊ တဏှာနိရောဓော နိဗ္ဗာနံ'** ဖြစ်ပြီ။ တီရဏပရိညာဖြင့် ရှုပွား၍ အထမြောက်သွားလျှင် ပဟာနပရိညာ၊ ဒိဋ္ဌိ ဒိဋ္ဌုပါဒါန်၊ ကံ အကုန်ချုပ်သည်။ အလုပ်သဘောမှာ တရားနာတာက သိမှု (ဉာတ ပရိညာ)၊ တရားအားထုတ်တာက ပွားမှု(တီရဏပရိညာ)၊ ပွားများလို့ ဉာဏ်ရင့်လာတော့ ပယ်မှု(ပဟာနပရိညာ) ဖြစ်လာသည်။ အချိန်စေ့၍ တရားနာသည်။

*

## ၂။ သံသရာခရီးသည်ထွက်လမ်း

[၁၉-၉-၆၂ နေ့က အမရပူရမြို့ မဂ်လာတိုက်ဟောင်းမှာ ဟောသည့်တရား]

(မှတ်ချက်။ ။ မာတိကာမှာ **'အာသဝေါ ချုပ်ကြောင်း'** ဟု ပြထားသည်။ အတွင်းစာကိုယ်၌ ဤသို့ ခေါင်းတပ်ထားသည်။)

http://www.dhammadownload.com



အာသဝေါတရားကုန်သည် ဆိုခြင်းမှာ စင်စစ် အကြောင်းကုန်ခြင်းကို ဆိုလိုသည်ဟု အဓိပ္ပာယ် ဖွင့်ဆိုချက်ဖြင့် ဤတရားကို အစပြုထားပါသည်။ ဣတိဝုတ်ပါဠိတော် အာသဝက္ခယသုတ်ကို ရည်ညွှန်းပြီး ဟောခြင်းဖြစ်သည်။ [နှာ-၄၅] ပြီးမှ အာသဝေါတရား၏ နယ်အကျယ်ကို ဖော်ပြသည်။ အောက်အဝီစိမှ အထက် နေဝသညာ နာသညာယတန ဘုံတိုင်အောင် ကျယ်သည်။ ကာမာသဝ၊ ဘဝါသဝ၊ ဒိဋ္ဌာသဝ၊ အဝိဇ္ဇာသဝဆို၍ အာသဝတရား လေးပါးရှိသည်။

ကာမာသဝက ကာမဘုံမှာ ပျော်အောင်မြုပ်အောင် လုပ်သော လောဘ ဖြစ်သည်။ ဘဝါသဝက ရူပဘုံ၊ အရူပဘုံမှာ မြုပ်အောင်လုပ်သော တရား၊ ဒိဋ္ဌာသဝက အပါယ်ဘုံမှာ မြုပ်ပျော်အောင် လုပ်သောတရား၊ အဝိဇ္ဇာသဝက ၃၁ ဘုံမှာ မြုပ်အောင်ပျော်အောင် လုပ်သောတရား ဖြစ်သည်။ [နှာ-၄၆] **'ဇာနတော ဟံ ဘိက္ခဝေ ပဿတော အာသဝါနံ ခယံဝဒါမိ'** (ရှုသောပုဂ္ဂိုလ်၊ မြင်သောပုဂ္ဂိုလ်အား အာသဝေါတရားတို့၏ ကုန်ရာကို ဝဒါမိ ရောက်နိုင်၏)ဟု ဟောတော်မူကြောင်း ပါဠိတော်ကို ထုတ်ပြထားသည်။ ဝိပဿနာရှု၊ ဖြစ်ပျက်မြင်မှ အာသဝေါတရား ကုန်ကြောင်း ဟောသည်။ [နှာ-၄၇] စိတ်(မြင်စိတ်၊ ကြားစိတ်) ဝိညာဏက္ခန္ဓာကို ဝိပဿနာရှုပါ။ စိတ်တွေ ဖြစ်ပြီးပျက်တာ မြင်လျှင် အာသဝကုန်ပြီး နိဗ္ဗာန် မြင်လိမ့်မည်ဟု ဆိုထားသည်။ [နှာ-၄၈]

စိတ္တာနုပဿနာ ရှုမှုကို အဓိကထားပြီး ဟောပါသည်။ စိတ်ကို ရှုလို့ စိတ် ဖြစ်ပျက်ကို မြင်လိုက်တာနှင့် တစ်ပြိုင်နက် အဝိဇ္ဇာ(အဝိဇ္ဇာ သဝ) ချုပ်သည်။ အဝိဇ္ဇာချုပ်ပြီး ဝိဇ္ဇာဖြစ်လျှင် တဏှာ၊ ဥပါဒါန်၊ ကံ မလာတော့ပါ။ မလာသောကြောင့် ကာမာသဝ၊ ဘဝါသဝ၊ ဒိဋ္ဌာသဝ ချုပ်ပါသည်။ [နှာ-၅၃] ဤတွင် မဂ်နှင့်မြင်ပြီး ချုပ်သော အာသဝေါက တစ်ပါး၊ မဂ်နောက်က ပါပြီး ချုပ်တာက သုံးပါးဖြစ်ကြောင်း ရှင်းပြထားသည်။ [နှာ-၅၄] ဒါကြောင့် မဂ်တစ်ချက်ပေါ်လျှင် အာသဝေါတရား လေးပါးချုပ်သည်။ မဂ္ဂင်ငါးပါးထဲမှာ သမ္မာဒိဋ္ဌိမဂ္ဂင် ပေါ်လာသည်။ [နှာ-၅၅]

ထို့နောက် အာသဝေါတရား ကုန်အောင် ပါးစပ်နှင့် ဆုတောင်း၍ မရ၊ ဖြစ်ပျက်မြင်အောင် ဝိပဿနာလုပ်မှ ရသည်ဟု ဘုရားဟောပါဠိတော်ကို ကိုး၍ အကျယ်ဟောထားသည်။ [နှာ-၅၈] **'နယောတဲ သိထိလံ မာရဒ္ဓ'** လျော့လျော့ပေါ့ပေါ့ အားထုတ်၍လည်း မရ။ **'နဟိဒံ အပ္ပေနထာမသ'** သာမညဝီရိယဖြင့် အားထုတ်ခြင်းဖြင့် ဒုက္ခဝဋ်ကြီး မကျွတ်နိုင်ဟု မိန့်ဆိုသည်။ [နှာ-၅၈] တော်တော် ပြင်းပြင်း ထန်ထန် တစ်ချီတစ်ပွဲ လုပ်မှ ရနိုင်သော တရားဖြစ်သည်။ [နှာ-၅၉] ရှုလည်း

http://www.dhammadownload.com



ရှမှ၊ ဖြစ်ပျက်လည်း မြင်မှ အာသဝေါတရား လည်သော နိဗ္ဗာန်ကို ရသည်။ မရှု မမြင်သော ပုဂ္ဂိုလ်(ဆုတောင်းရုံဖြင့်) မရကြောင်း ဟောသည်။ [နှာ–၆၀]

ကြက်မကြီးက ကြက်ဥတွေ ဥပြီး အတောင်ဖြန့် ကိုယ်ငွေ့ပေးမဝပ်ဘဲနှင့် ကြက်သားငယ်တွေ ပေါက်မလာနိုင်ပုံကို ဥပမာ ပေးသည်။ [နှာ–၆၁] ဝိပဿနာ အလုပ်သာလုပ်၊ အလုပ်လုပ်လျှင် ဆုတောင်းနေစရာ မလိုပါ။ ရသင့်သော တရား အချိန်ရမည် ဖြစ်ပါသည်။ အနိစ္စ၊ ဒုက္ခ၊ အနတ္တ အလုပ်ကို လုပ်ပါက အဝိဇ္ဇာ အခွံပါး၊ တဏှာ အစေးခြောက်ပြီး နိဗ္ဗာန် အလင်းပေါက်မည်ဟု ဟောသည်။ [နှာ–၆၅] ဤအကြောင်းကို ပြောရင်း အချိန်စေ့၍ တရားရပ်နားသည်။

*

## ၃။ သံသရာစရိုးသည်ထွက်လမ်း

[၁၉–၉–၆၂ နေ့က အမရပူရမြို့ မင်္ဂလာတိုက်ကျောင်းမှာ ဟောသောတရား]·

(မှတ်ချက်။ ။ မာတိကာမှာ ဤတရားကို 'ဒိဋ္ဌိကွာပြီးမှ ဝိပဿနာ ရှု ရန်' ဟု ခေါင်းတပ်ထားသည်။ ခေါင်းစဉ် ကွဲလွဲနေသည်။)

ရုပ်နာမ်တို့၏ ဒုက္ခသိမ်းတာ နိဗ္ဗာန်ဟု မှတ်ပါဆို၍ ဤတရားကို စတင် ဟောကြားတော်မူခဲ့လေသည်။ သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ၊ ဥပါယာသ အပူတွေ သိမ်းတာသည် နိဗ္ဗာန်ဟု မှတ်ပါ ဆိုသည်။ ထိုဒုက္ခခပ်သိမ်း အပူခပ်သိမ်း ငြိမ်းသော နိဗ္ဗာန်ကို (ဂင်္ဂါသဲစုအမျှ ပွင့်ခဲ့ပြီး ဘုရားအဆူဆူနှင့် လွဲပြီး) မရခဲ့တာ ဘာကြောင့်လဲ၊ လက်သည်ရှာလိုက်တော့ ဒါနလုပ်ရာမှာပင် ငါစွဲအတ္တ ဒိဋ္ဌိရော လုပ်လို့ မရတာဖြစ်ကြောင်း ပေါ်လာသည်။ [နှာ–၇၈] အတ္တဒိဋ္ဌိဆိုတာ ငါ ငါ့ဥစ္စာစွဲ ကို ဆိုခြင်းဖြစ်သည်။ အတ္တဒိဋ္ဌိသာသနာပ (သာသနာ မရှိသူ)မှာ မင်းမူနေသည်။ အတ္တဒိဋ္ဌိ နှစ်ခုက **အတ္တ**(ငါ)နှင့် **အတ္တနိယ**(ငါ့ဥစ္စာ) ဖြစ်သည်။ ထိုအတ္တဒိဋ္ဌိ မဖြုတ်ခဲ့ ကြမိ၍ နိဗ္ဗာန် မရခဲ့ကြတာ၊ အတ္တရှိလျှင် အတ္တနိယ လိုက်လာသည်။ ထိုဒိဋ္ဌိသည် ဝိပဿနာ အလုပ်ကို ရပ်လိုက်တာနှင့် ချက်ချင်း ရောက်လာတတ်သည်။ [နှာ–၈၇] အတ္တဒိဋ္ဌိက နတ်ပြည်လူ့ပြည် သွားသာသွား မတားဘူး။ သူက နိဗ္ဗာန် ကိုပဲ တားသည်။ ဒီဒိဋ္ဌိက ၃၁ ဘုံကို ကြိုက်သည်။ နိဗ္ဗာန်တို့သာ မကြိုက်ပါ။ [နှာ–၈၈]

http://www.dhammadownload.com



ထို့နောက် ခန္ဓာပဋိစ္စသမုပ္ပာဒ်ကို နားမလည်ကြ၍ ဒိဋ္ဌိဖြုတ်နည်း မသိဖြစ်ခဲ့ကြရပုံများကို ဟောသည်။ [နာ-၉၀] ပဋိစ္စသမုပ္ပာဒ်ကို နားမလည်သေးသရွေ့ ဒိဋ္ဌိ မပြုတ်ဘူး။ ဘာကြောင့်လဲဆိုလျှင် နာမ်ရုပ်တွေ အစဉ်အတိုင်း ဖြစ်ပျက်နေတာကို ငါ လုပ်ပစ်၍ဖြစ်သည်။ [နာ-၉၁]

ဒိဋ္ဌိ မပြုတ်လည်း ကုသိုလ်ရသည်။ သို့သော် ထိုကုသိုလ်သည် နိဗ္ဗာန်ရသော ကုသိုလ် မဟုတ်ဟု မိန့်ထားသည်။ [နာ-၉၂] အတ္တဒိဋ္ဌိ မဖြုတ်တတ်လို့ အပါယ်ရောက်နေကြရတာဟု ရှင်းပြထားသည်။ [နာ-၉၃] ဘုရားအဆူဆူနှင့် လွဲခဲ့တာ (က) ဒိဋ္ဌိ မပြုတ်၍ အပါယ်ရောက်နေသည့်အတွက် လည်းကောင်း၊ (ခ) ဘုရားနှင့် တွေ့တာတောင် ဒိဋ္ဌိ အပင်းခံနေသည့်အတွက် မဂ်မရသဖြင့် အလွဲကြီး လွဲခဲ့ရပုံကို ရှင်းရှင်းပြထားသည်။ [နာ-၉၄] ထိုအလွဲနှစ်လွဲကို တွေ့လွဲ မတွေ့လွဲဟု သမုတ်ပါသည်။

သာသနာတွင်းမှာ ကမ္မဿကတဉာဏ်လောက်နှင့် နေသော ပုဂ္ဂိုလ်များမှာ ဒိဋ္ဌိ မင်းမူတာပဲ သူသည် သာသနာပပဲဟု မှတ်ရမည်။ [နာ-၉၅] ထို့နောက် 'ဒိဋ္ဌိ ဗန္ဓန ဝဒ္ဓါတော၊ တဏှာ သောတေနဝုယှရေ' ပါဠိတော်ကို ပြပြီး၊ ဒိဋ္ဌိက ကြိုးနှင့် တုပ်ပြီး တဏှာရေကြော မျှောခဲ့ပုံကို ဟောသည်။ [နာ-၁၀၁] ဝိပဿနာ လုပ်တာ ဒိဋ္ဌိသတ်တာဖြစ်ကြောင်း ပြသည်။ [နာ-၁၀၄] ဒိဋ္ဌိ ပါနေလျှင် နိဗ္ဗာန်ကို မရဘူးဟု ယတိပြတ်ဆိုသည်။ ဒါကြောင့် ဒိဋ္ဌိခွာဖို့ အရေးသည် ရင်ဝလှံစူး ထိပ်ဦး မီးလောင်သလို အလျင်အမြန် လုပ်ရမည့် အရေးဟု သဘောထားအပ်ကြောင်း ဟောပါသည်။ [နာ-၁၀၅]

ထို့နောက် အဗျာကတသံယုတ်မှ ဝစ္ဆပရိဗိုဇ်က ဘုရားကို **အတ္တရှိသလား** မေးပုံဝတ္ထုကို ဟောသည်။ မြန်မာလိုတော့ ငါရှိသလားဟု မေးခြင်းဖြစ်ကြောင်း ရှင်းပြသည်။ ဘုရားက မဖြေဘဲ နေသည်။ ထိုအခါ ဝစ္ဆပရိဗိုဇ်က ဒါဖြင့် အတ္တ(ငါ) မရှိဘူးလားဟု မေးပြန်သည်။ [နာ-၁၀၉] ဘုရားက လုံးဝ မဖြေဘဲ နေသည်။ (အတ္တရှိတယ်ဟု ဖြေလျှင် သဿတဒိဋ္ဌိ ဖြစ်မည်။ မရှိဘူးဟု ဖြေလျှင် ဥစ္ဆေဒဒိဋ္ဌိ ဖြစ်မည်။) [နာ-၁၁၁] ဒိဋ္ဌိ အမြစ်ပြတ်အောင် တူးဆွနေတာသည် လောကုတ္တရာ မဂ် ဖြစ်သည်။ [နာ-၁၁၅]

ပဌမမဂ်က ဒိဋ္ဌိကိုပဲ ဖြတ်သည်။ လောဘ၊ ဒေါသ၊ မောဟ မဖြတ်သေးကြောင်း ပြသည်။ [နာ-၁၁၇] ဝိပဿနာ ရှု၍ ဖြစ်ပျက်မြင်မှ ဒိဋ္ဌိစင်သည်။ (အဖြစ်ကို မြင်လျှင် ဥစ္ဆေဒ စင်သည်။ အပျက်ကို မြင်လျှင် သဿတ စင်သည်။)

http://www.dhammadownload.com



[နှာ–၁၁၈] ဖြစ်ပျက်မြင်အောင်သာ လုပ်ပါဆိုတာ ဒိဋ္ဌိ သတ်နိုင်းတာဖြစ်ကြောင်း ပြီးနောက် ဒိဋ္ဌိမှုန်းအောင်၊ ဖြစ်ပျက်မှုန်းအောင် လုပ်ဖို့ တိုက်တွန်းရင်း အချိန်စေ့၍ တရားနားသည်။

*

## ၄။ ကံကို ဉာဏ်ဖြင့်သတ်နည်း

[၂၁–၉–၆၂ နေ့က အမရပူရမြို့ မင်္ဂလာတိုက်ဟောင်းမှာ ဟောသောတရား]

ဒီဘုံဒီဘဝကို ဘာကြောင့် ရောက်လာကြသလဲဟု မေးလျှင် ကံပစ်ချ၍ ရောက်လာကြသည်ဟု ဖြေကြလိမ့်မည်။ ဤစကားသည် ဤတရား၏ အစ အဖွင့် စကားဖြစ်သည်။ ကံက အမိဝမ်းခေါင်းထဲ ပစ်ချလိုက်သည်။

အမိဝမ်းခေါင်းထဲ အောင်းနေရသော အဖြစ်၏ စက်ဆုပ်ဖွယ်၊ ကျဉ်းကျပ်ပုံ၊ ဒုက္ခရောက်ပုံများကို သံဝေဂဖြစ်အောင် ဟောသည်။ [နှာ–၁၂၁] သို့သော် ပုထုဇဉ် စိတ်ထဲမှာ ကံကောင်းလို့ လူဖြစ်တာဟု ထင်နေကြသည်။ ကံကို လူ(ဗုဒ္ဓဘာသာဝင်)တွေက အလွန်အားကိုးတတ်ကြပုံကို ဟောသည်။ အမှန်မှာ အမိဝမ်းခေါင်းထဲ ပဋိသန္ဓေ နေရခြင်းသည် ကံကောင်းတာ မဟုတ်ပါ။ ကံဆိုးခြင်းသာ ဖြစ်ပါသည်။ [နှာ–၁၂၄] ဇာတိ ဖြစ်ရခြင်းသည် ဒုက္ခရောက်ခြင်းသာ ဖြစ်သည်။ ဉာဏ်ဖြင့် စဉ်းစားတတ်လျှင် ဤသို့ မြင်ရပါသည်။

ဇာတိ ဒုက္ခသစ္စာ ဖြစ်နေသည်။ ကံက သမုဒယသစ္စာ ဖြစ်သည် (တဏှာ၊ ဥပါဒါန်၊ ကံ) ကံကြောင့် ဇာတိဖြစ်ရသည်။ ဇာတိဒုက္ခရတော့၊ ဇရာဒုက္ခ၊ မရဏ ဒုက္ခက လာသည်။ ဇာတိ၊ ဇရာ၊ မရဏ ရန်ဘေးသုံးခု၊ ရန်သူသုံးယောက် ဖြစ်သည်။ သူတို့ လက်အောက်ရောက်နေကြရသည်။ [နှာ–၁၂၅] ကံကုန်လို့ သေတယ် ဆိုတာလည်း ကံက သတ်တာသာ ဖြစ်ကြောင်း ရှင်းထားသည်။ ကံကောင်းလို့ လူဖြစ်လာတယ်ဟု ဆိုခြင်းမှာ သစ္စာကို မမြင်၍ ဖြစ်သည်။ [နှာ–၁၂၆] ကံကို ကြောက်စရာ ကောင်းအောင် ဟောသည်။ [နှာ–၁၂၇]

ပြီးမှ ဒီကံနှင့် အိုးစားမကွဲသေးသရွေ့ ဒုက္ခပွဲ နွှဲကြရဦးမည်ဟု မိန့်ဆိုထား သည်။ [နှာ–၁၂၈] သစ္စာ မသိသေးသရွေ့ ဘာပဲလှူလှူ နိဗ္ဗာန် မရကြောင်းကိုလည်း ဟောသည်။ [နှာ–၁၄၀] **'ကုသလာ ကုသလံ ဇာဟံ'** ကုသိုလ်ရော အကုသိုလ်ရော အကုန် စွန့်ရမည်ဟု ဆိုသည်။ ကံ၏ အပြစ်ကို သိရမည်။ ကံကို ကျေးဇူးရှင်

http://www.dhammadownload.com



ထင်ခဲ့ကြတာ ခု သစ္စာသိမှ ကံက တကယ့်ရန်သူ ဖြစ်နေကြောင်း သိရတော့သည်။ ကံဟာ ကျေးဇူးရှင် မဟုတ်ပါ။ နှိပ်စက်တတ်သော ရန်သူမျိုးပင် ဖြစ်ပါသည်။ [နှာ–၁၄၃] ကံခေလိုက်တာဆိုပြီး ကံကို မျှော်မနေသင့်ပုံကိုလည်း ဆုံးမထားသည်။ [နှာ–၁၄၄]

သစ္စာသိသော ပုဂ္ဂိုလ် ကံကို မမျှော်တော့ပါ။ ကံကို အားကိုးလေသမျှ ဒုက္ခချည်းပဲ မှတ်ရမည်ဟုလည်း ဆုံးမသည်။ [နှာ–၁၄၈] ထို့နောက် ကံ မလာအောင် လုပ်သောနည်းကို ရှင်းပြမည်ဆိုပြီး ဝိပဿနာ ရှုနည်းကို ပေးသည်။ [နှာ–၁၅၁] စိတ္တာနုပဿနာကိုပင် ပေးသည်။ စိတ်ကို ရှု၊ စိတ်ကလေး ဖြစ်ပြီးပျက်တာ အနိစ္စလက္ခဏာကို မြင်လိုက်လျှင် ဝိပဿနာဉာဏ် ဖြစ်သည်။ ထိုဉာဏ်ကို ရလျှင် တဏှာ ဥပါဒါန် ကံ ပြတ်သည်။ သံသရာတစ်လျှောက်လုံး ဝိပဿနာ ကင်းခဲ့၍ ကံစီမံရာ ခံနေခဲ့ရသည်။ [နှာ–၁၅၃] မြင်လျှင် လိုချင်သော တဏှာ မလာအောင် ဖြစ်ပျက် ရှုရမည်။ ဖြစ်ပျက်က အနိစ္စ၊ ရှုလို့ မြင်တာက မဂ္ဂ ဖြစ်သည်။ [နှာ–၁၅၄] ဝိပဿနာသာလျှင် သာသနာတွင်း တရားအမှန် ဖြစ်၏။ [နှာ–၁၅၅] ကံစီမံရာ လိုက်နေကြလျှင် သာသနာတွင်းသား မဖြစ်ဟု ဆိုပါသည်။ ဝိပဿနာ ရှုတာသည် ကိုယ့်ကို နှိပ်စက်သော ရန်သူကို သတ်ခြင်းဖြစ်သည်။ ကံကို သတ်နေခြင်း ဖြစ်သည်။ ရန်သူကို သတ်သော တရားကို မြန်မြန် လုပ်သင့်သည်ဟု ဆိုသည်။

ဖြစ်ပျက်မြင်သော ဉာဏ်က သတ်သည်။ ထိုဉာဏ်သည် ကံကို ဖြတ်သည်။ ကံ မလာအောင် စိတ္တာနုပဿနာရှုဟု ဆိုသည်။ [နှာ–၁၆၁] ကံသည် ရန်သူမှန်း မသိ၍ ရှေးက ဝိပဿနာ ခေတ်မစားခဲ့ကြောင်း ဟောသည်။ ဖြစ်ပျက်ကို မရှုလျှင် မေတ္တာလိုလိုနှင့် နောက်က တဏှာ လိုက်လာနိုင်သည်။ [နှာ–၁၆၅] မေတ္တာစိတ်ပေါ်လျှင်လည်း အဒေါသစိတ် ဖြစ်၍ ဖြစ်ပျက် ရှုရမည်ဖြစ်ကြောင်း နည်းပေးသည်။ [နှာ–၁၆၇] ကံက သမုဒယသစ္စာထဲ ပါသည်။ ထိုကံသည် ဒုက္ခဖြစ်ရခြင်းအကြောင်း ဖြစ်သည်။ သူ့ကို ရန်သူဟု သိသင့်ကြောင်း ဟောပါသည်။

စိတ်ကို ရှုလျှင် ဖြစ်ပျက်မြင်အောင် ရှု၊ ဖြစ်ပျက်မြင်လည်း မရပ်နှင့် မုန်းအောင် ရှု၊ ဖြစ်ပျက်မြင်လျှင် ယထာဘူတဉာဏ်၊ ဖြစ်ပျက်မုန်းလျှင် နိဗ္ဗိန္ဒာဉာဏ်၊ ဖြစ်ပျက်ဆုံးလျှင် မဂ်ဉာဏ်ဖြစ်ကြောင်း ပြသည်။ မဂ်ဉာဏ်ရလျှင် အနာဂတ်ကံတွေ အားလုံး ပြတ်တော့သည်။ ဤဉာဏ်သည် ကံကို သတ်သောဉာဏ်ဖြစ်ကြောင်း ဟောရင်း အချိန်စေ့၍ တရားကို ရပ်နားလိုက်သည်။

*

http://www.dhammadownload.com



## ၅။ ခန္ဓာကိုယ်ရှိက ကျန်းမာမှုမရှိ

[၂၂-၉-၆၂နေ့က အမရပူရမြို့ မဂ်လာတိုက်ဟောင်းတွင် ဟောသော တရား]

တေဇောဓာတ်က ပူလောင်သည်။ ရင့်ကျက်လာလျှင် ဖောက်ပြန် ပျက်စီးသည်။ ဝါယောက တွန်းကန်သည်။ လှုပ်ရှားသည်။ သူလည်း သူ့သဘောကို သူ စွန့်တတ်သည်။ ဖောက်ပြန် ပျက်စီးခြင်းပင် ဖြစ်သည်။ ဤတရား အစဥ် ဤသို့ ဟောကြားလေသည်။ ခန္ဓာငါးပါးလုံး (ရုပ်ရယ်နာမ်ရယ်) အားလုံးပဲ ဖြစ်ပျက်ချည်းသာ ဖြစ်၏။ ဤရုပ် ဤနာမ်သည် အမြဲ ဖောက်ပြန် ပျက်စီးနေသည်။ ဒါကို ကျန်းမာသည်ဟု ပြော၍ ရမည်လားဟု မေးထားသည်။ [နှာ-၁၇၃] တိုတို ပြောရလျှင် ဆင်းရဲမှုဖြင့် ပျောက်ပျက်သွားတာချည်းပဲဟု မိန့်ထားပါသည်။ ဝိပဿနာ ဉာဏ်နှင့်ကြည့်လိုက်တော့ မကျန်းမာ၍ ပျက်စီးကုန်ကြတာချည်းပင်။ [နှာ-၁၇၄] ဒါကြောင့် ဘယ်အချိန် ကျန်းမာသလဲ မေးလျှင် ဘယ်အချိန်မှ မကျန်းမာဘူးဟု ဆုံးဖြတ်ပြပါသည်။ အရိယာမျက်လုံးနှင့် ကြည့်လျှင် ခန္ဓာ ဘယ်အခါမှ မကျန်းမာပါကလားဟု မြင်ရသည်။ သဘာဝယုတ္တိ အသင့်ယုတ္တိကို ဆိုရလျှင် ခန္ဓာရှိသမျှ မကျန်းမာပါ။ ခန္ဓာ မရှိမှဘဲ ကျန်းမာပေတော့မည်။ လက်ရှိခန္ဓာကို ဖောက်ပြန် ပျက်စီး လူနာကြီးဟု မကြည့်တတ်၍သာ နောက်ခန္ဓာကို တောင့်တနေကြခြင်း ဖြစ်ကြောင်း ပြသည်။ [နှာ-၁၇၇]

ဒီခန္ဓာကြီးနှင့် မနေရမှသာလျှင် ဝဋ်ကျွတ်နိုင်ကြောင်း ဉာဏ်မှာ ပေါ်လာသည်။ [နှာ-၁၇၈] ဒါကြောင့် အရိယာပုဂ္ဂိုလ်များ ခန္ဓာဝန်ကို ချချင်ခြင်း ဖြစ်ကြောင်း ပေါ်လာသည်။ (ဤတရားတွင် ခန္ဓာဝန်ချခြင်း သဘောကို ဟောထားသည်။ **(ဆရာတော်ကြီး ခန္ဓာဝန် မချမီ ၂၅ ရက် အလိုမှာ ဟောသောတရား ဖြစ်သည်။ မှတ်ချက်)** ခန္ဓာအပေါ် ဝိပဿနာတင်ပြီး ရှုလိုက်လျှင် အားလုံး ဖောက်ပြန်နေတာ၊ ပျက်စီးနေတာတွေပဲ တွေ့သည်။ ဤသို့ မမြင်တတ်သော ပုဂ္ဂိုလ်များမှာ ခန္ဓာကြီးနှင့် ပျော်နေနိုင်ကြသည်။ ဤခန္ဓာကို နောက်ထပ် လိုချင်ဦးမည် ဖြစ်သည်။ ဆရာတော်ကြီးက ခန္ဓာကြီးနှင့် အတူတူ နေတာသည် အသုဘနှင့် အတူတူနေရခြင်းပင် ဖြစ်သည်ဟု ရွံရှာစဖွယ်ဖြစ်အောင် ဟောသည်။ [နှာ-၁၈၀]

ထိုကဲ့သို့ ခန္ဓာကို ကွင်းကွင်းကွက်ကွက် မြင်သော ပုဂ္ဂိုလ်သည် ဤခန္ဓာနှင့် ကွဲရတာမှ ပိုကောင်းသည်ဟု ထင်မြင်လာသည်။ ခန္ဓာကို သာယာသောစိတ် မရှိ

http://www.dhammadownload.com



တော့ပါ။ အရိယာတို့၏ တပည့်သား (စုဋ္ဌသောတာပန်) မျက်လုံးနှင့် ကြည့်လိုက်မှ မော့ပြီး သေနေတာတွေချည်း မြင်သည်ဟုလည်း ဟောသည်။ [နှာ-၁၈၁] ထိုအမြင်ကို ရောက်အောင် ယောဂီသည် အားထုတ်ရမည် ဆို၏။ ထိုအခါ လက်ရှိခန္ဓာလည်း မလိုချင်တော့ လက်မဲ့ခန္ဓာကိုလည်း မတောင့်တတော့ပါ။ ဝိပဿနာ ရှုပါဟု တိုက်တွန်းခြင်းသည် လက်ရှိခန္ဓာကို မလိုချင်ဘဲ၊ လက်မဲ့(နောင်) ခန္ဓာကိုလည်း မတောင့်တစေရန် ဖြစ်၏။ [နှာ-၁၈၂] ထိုအခါမှ ဝိပဿနာအစစ် ဖြစ်၏။ လက်ရှိခန္ဓာ မလိုချင်တာက မဂ်၊ လက်မဲ့ခန္ဓာ မတောင့်တတာက မဂ်ကြောင့် တဏှာသေတာကို ပြောတာဟု အဓိပ္ပာယ်ပါအောင်လည်း ရှင်းပြထားသည်။ [နှာ-၁၈၄]

လက်ရှိခန္ဓာ မလိုချင်ဆိုတာ ဝိပဿနာမဂ်ဉာဏ် ပေါ်တာဖြစ်သည်။ ပဋိစ္စသမုပ္ပာဒ်အရ ရှေ့က မဂ်၊ နောက်က တဏှာ သေတာဖြစ်သည် ဆို၏။ ဤသို့ မြင်ခြင်းသည် သမ္မာဒိဋ္ဌိ ဖြစ်သည်။ [နှာ-၁၈၅] အမြင်မှန် ရပြီ။ ပဋိစ္စသမုပ္ပာဒ် အကွက် နှစ်နှင့် သုံးကြားမှာ မဂ်ဝင်လိုက်ခြင်း ဖြစ်၏။ ဒီမဂ်မှာ ကိစ္စနှစ်ခု ရှိသည်။ နှစ်အကွက် ပစ္စုပ္ပန်ခန္ဓာကို မလိုချင်မှုနှင့် သုံးအကွက် တဏှာကို သတ်မှု ကိစ္စများ ဖြစ်၏။ [နှာ-၁၈၅] မဂ်ဉာဏ်သည် ရှေ့ပိုင်းက ဒုက္ခသစ္စာကို မြင်ပြီး နောက်ပိုင်းက တဏှာကို သတ်သည်။ [နှာ-၁၈၆]

ထို့နောက် နကုလပိတာ၊ နကုလမာတာ ဝတ္ထုကို ဟောသည်။ ဘုရားလောင်း နကုလပိတာ၊ နကုလမာတာဝမ်းမှာ ဘဝပေါင်းငါးရာ ပဋိသန္ဓေ နေခဲ့ရပုံ၊ သံသရာ ရှည်ပုံကို ဟောသည်။ [နှာ-၁၈၉] ထိုအဘိုးကြီး အဘွားကြီးက ဘုရားနှင့် တွေ့သောအခါ သူတို့ အသက်ကြီးပြီ။ တိုတိုနှင့် ကိစ္စပြီးမည့် တရားကို ဟောပါဟု လျှောက်ထားသည်။ [နှာ-၁၉၀] ထိုအခါ ဘုရားက သည်ရုပ်၊ သည်နာမ်၊ သည်ခန္ဓာသည် ဘယ်အခါမှ မကျန်းမာကြောင်း၊ ကျန်းမာသည်ဟု ထင်နေခြင်းမှာ လူမိုက်များသာ ဖြစ်သည်။ [နှာ-၁၉၂] ခန္ဓာ မကျန်းမမာ ဖြစ်နေတာကို ဉာဏ်မျက်စိ မရှိ၍ မမြင်ခြင်းသာ ဖြစ်သည်။ ထိုးထွင်းသိသော ဉာဏ်မျက်လုံးနှင့် ကြည့်မှ ခန္ဓာ၏ ပင်ကို အရှိသဘော အကုန်ပေါ်သည်။ [နှာ-၁၉၄] အမြင်မှားနှင့် အမြင်မှန် အလွန် ခြားနားသည်။

ဤတွင် **ကိုယ်သာနာ၍ စိတ်မနာစေနှင့်** တရားကို ဟောသည်။ ကိုယ်က နာနေသော်လည်း၊ ရှုသောစိတ်ကို ပင်ကိုအတိုင်း ထားပါဟု ဆိုသည်။ [နှာ-၁၉၇] ဤကား ကျင့်စဉ်ကလေး ဖြစ်သည်။ ကိုယ်နာသောကြောင့် သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ၊ ဥပါယာသ ဤငါးခု မလာစေနှင့်၊ ရှုဉာဏ်မှာ ဘာမှ မလှုပ်ရှားစေ

http://www.dhammadownload.com



နှင့် သူ သသောအတိုင်းပဲ တည်ငြိမ်အောင် ထားပါ။ (သမာဓိ မပျက်စေရ) ယောဂီတွေ ခန္ဓာကိုယ်ကို ရှုသောအခါ ဥပေက္ခာသဘောနှင့် ကြည့်ရမည်ဟု ဆိုသည်။ ဝိပဿနာ ဥပေက္ခာဟု မှတ်ရမည်။ [နာ–၁၉၉] (ဝိပဿနုပေက္ခာ)ဟုလည်း ခေါ်နိုင်သည်။ [နာ–၂၀၀] ဝိပဿနုပေက္ခာဉာဏ်နှင့် ရှုရင်း သင်္ခါရုပေက္ခာဉာဏ် ဖြစ်ပေါ်လာကြောင်း ဟောသည်။

ထို့နောက် နိဗ္ဗာန်ကို မြင်သော မဂ်ဉာဏ်ပေါ်သည်။ ဆရာတော်ကြီးက တရားက နှစ်လုံးတည်းပဲ 'ကိုယ်သာနာ၍ စိတ်မနာစေနဲ့' ဒါပဲ ဖြစ်သည်ဆို၏။ [နာ–၂၀၄] အတိုဟောလိုက်သော ထိုတရား၏ အဓိပ္ပာယ်ကို အရှင်သာရိပုတ္တရာထံ မေးမှ၊ အရှင်မြတ်က အကျယ် ဟောတော်မူသည်။ [နာ–၂၀၅] အရိယာမျက်လုံး မရှိသူသည် ဤရုပ်နာမ်ခန္ဓာကို ငါ ငါ့ဥစ္စာ ထင်သည်။ ထိုကိုယ် ပျက်စီးသွားသောအခါ ငါ ကိုယ်ကျိုးနည်းပြီ ထင်ပြီး၊ သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿတွေ ဖြစ်သည်။ ထိုသို့ဖြစ်လျှင် ကိုယ်သာနာ၍ စိတ်နာခြင်း ဖြစ်သည်။ [နာ–၂၀၆] ထိုဖောက်ပြန် ပျက်စီးမှုကို ဝိပဿနုပေက္ခာဉာဏ်ဖြင့် ရှုရမည်။ သို့မှသာ စိတ်မှာ သောက ပရိဒေဝ ငြိမ်းသည်။ စိတ်မနာတော့ပုံကို ဟောသည်။ [နာ–၂၀၈]

မဂ်စိတ်သည် နာတတ်သော စိတ် မဟုတ်ပါ။ ဖြစ်ပျက်ရှုသော စိတ်သည် အမှန်ကို သိသော စိတ်သာ ဖြစ်သည်ဟု သဘောကျအောင် ပြသည်။ [နာ–၂၁၁] စိတ် သို့မဟုတ် ဝေဒနာကို ဖြစ်ပျက်မြင်လျှင် တဏှာ ဥပါဒါန် ကံ မလာတော့၊ မလာလျှင် ဇာတိ၊ သောက၊ ပရိဒေဝ ချုပ်သည်။ အဝိဇ္ဇာ သင်္ခါရလည်း ချုပ်ပြီ။ ပဋိစ္စသမုပ္ပာဒ် သုံးခုပြတ်သည်။ ထိုသုံးခု ပြတ်လျှင် ကိုယ်သာနာ စိတ်မနာတတ်တော့ပြီ။ [နာ–၂၁၂]

ဤတွင် တရားပြီးဆုံးသည်။

*

## ၆။ ဝေဒနာနုပဿနာ ရှုနည်း

[၂၄–၉–၆၂ နေ့က အမရပူရမြို့ မဂ်လာတိုက်ဟောင်းတွင် ဟောသော တရား]

ဤတရားအစတွင် ဝေဒနာကမ္မဋ္ဌာန်းကို စဟောမယ်ဟု ဆို၍ သတ္တဝါတွေရဲ့ ခန္ဓာသည် မွေးကတည်းက သေဘေးဆီသို့သာ သွားနေကြောင်း ပြသည်။ သေခါနီးလျှင်လည်း အန္တရာယ် မကင်းသေး။ သေခါနီးမှ ဝေဒနာက အပြင်းအထန် ရောက်

http://www.dhammadownload.com



လာမည် ဖြစ်ပါသည်။ သေပေါက်သေဝမှာ ကြုံရမည့် ဝေဒနာကို ကျော်လွှားနိုင်ရန် အတွက် ယခုကတည်းက ကျော်လွှားတတ်အောင် လုပ်ထားရမည်။ ခုကတည်းက လုပ်မထားလျှင် သေခါနီးကျမှ မလွယ်တော့ဘူး။ [နှာ-၂၁၅] ထို့ကြောင့် ဝေဒနာ နုပဿနာလည်း အရေးကြီးပါသည်။

**'သတောဘိက္ခဝေ ဝိဟာရေယျ သမ္ပဇာနောကာလံ အာဂမေယျ'** ဤ ဂါထာကို အခြေခံ၍ ဟောသည်။ သဘောမှာ ရဟန်းတို့ သတိရှိကြပါစေ၊ ပညာ ရှိကြပါစေ၊ ကာလကိုလည်း မလွန်ကြစေနှင့်ဟု ဆိုလိုခြင်း ဖြစ်၏။ အကြောင်းချုပ် မှ အကျိုးချုပ်သည်ဟု ခန္ဓာပေါ် ဉာဏ်ရောက်ထားမှ သေသောအခါ ဝေဒနာ ချုပ်သည်၊ ခန္ဓာချုပ်သည်ဟု မှတ်ရမည်။ ဝေဒနာချုပ်လျှင်၊ ခန္ဓာချုပ်သည်။ ခန္ဓာ ချုပ်လျှင် နိဗ္ဗာန်ပဲ။ ဒုက္ခဝေဒနာ၊ သုခဝေဒနာ၊ ဥပေက္ခာဝေဒနာ၊ ဝေဒနာပေါ်လာလျှင် သတိထားရမည်။ သတိထားပြီးလျှင် ပညာဖြင့် ဆင်ခြင်ကြည့်ရမည်။ ပေါ်တာကိုသိ သတိ၊ ပျက်တာမြင် ပညာဖြစ်သည်။ [နှာ-၂၁၇]

ဤတွင် ကာလံအာဂမေယျ ကာလကို မလွန်စေနှင့် ဆိုသော စကားသည် အရေးကြီးသည်။ ဘာဝေဒနာပေါ်ပေါ် မိုတတ်သော သဘောရှိမှ ပေါ်သည်။ ကိုယ်ပေါ်(ဖဿပေါ်) ဝေဒနာမိုသည်။ ခန္ဓာအနိစ္စ၊ ဖဿအနိစ္စ အနိစ္စနှစ်ခုကြောင့် ပေါ်သောဝေဒနာ အကြောင်းအနိစ္စ ဖြစ်သောကြောင့် အကျိုးဝေဒနာလည်း အနိစ္စပင် ဖြစ်၏။ [နှာ-၂၂၀] ဝေဒနာနောက်က ဉာဏ်လိုက်နေလျှင် ကာမရာဂနုသယ ဆိုသော လောဘ မလိုက်နိုင်တော့ပါ။ [နှာ-၂၂၃] အကြောင်းအကျိုးကို သိမ်းဆည်း လိုက်သောကြောင့် မလိုက်ခြင်း ဖြစ်သည်။ လောဘတဏှာ မလာလျှင် ဉပါဒါန် ကံလည်း မလာတော့ပါ။ တဏှာ ဥပါဒါန် ကံချုပ်လျှင် ဇာတိ ဇရာ မရဏ ချုပ်ပြီး သုံးချုပ်လျှင် လေးချုပ်သည်။

ဝေဒနာကို ဖြစ်စေသော ကာယရော ဖဿပါ နှစ်ခုစလုံး အနိစ္စဖြစ်သော ကြောင့် ဝေဒနာလည်း အနိစ္စပင် ဖြစ်၏။ ဝေဒနာကို ရှုလိုက်လျှင် ရှေ့က ဒုက္ခဝေဒနာ က အနိစ္စ ရှုသောဉာဏ်က ဝိပဿနာမဂ္ဂ ဖြစ်သွားသည်။ ထို့ကြောင့် ဒေါမနဿ မပေါ်နိုင်တော့ပါ။ ဒေါသ သေလျှင် သောက၊ ပရိဒေဝ ဥပါယာသ အားလုံး သေသည်။ ဝေဒနာပေါ်တိုင်း ဖြစ်ပျက်ရှုလျှင် ပဋိစ္စသမုပ္ပာဒ် နောက်ခန္ဓာ အဆက် ပြတ်သည်။ [နှာ-၂၂၈] ဖဿကို စွဲ၍ ဥပေက္ခာဝေဒနာလည်း ပေါ်သည်။ ဥပေက္ခာ ဝေဒနာကို ဖြစ်ပျက်ရှုတော့လည်း အနိစ္စဒုက္ခသစ္စာပဲ ပေါ်သည်။ အနတ္တပဲ ပေါ်သည်။ [နှာ-၂၃၁] ဒုက္ခသစ္စာကို သိလျှင် သစ္စာနုလောမိကဉာဏ်ကို ရပြီ။ ထိုဉာဏ်ကို

http://www.dhammadownload.com



ရလျှင် ဝိပဿနာသည် သစ္စာထိုက်ပြီဟု ဆိုပါသည်။ [နာ–၂၃၁] **'တေသံ သစ္စာနံ အနုလောမတော၊ သစ္စာနုလောမိက ဉာဏန္တိ ဝုစ္စတိ'** သစ္စာနုလောမိကဉာဏ်သည် တခြားလားဆိုတော့ ဝိပဿနာရှုသော ဉာဏ်ပင်ဖြစ်၏။ [နာ–၂၃၂]

ဥပေက္ခာဝေဒနာလည်း အနိစ္စပဲဟု သိလိုက်လျှင် သိနေသောကြောင့် အဝိဇ္ဇာလည်း ချုပ်သည်။ အဝိဇ္ဇာချုပ်လျှင် သင်္ခါရလည်း ချုပ်သည်။ ဥပေက္ခာ ရှုလျှင်လည်း ပဋိစ္စသမုပ္ပာဒ် အစက ပြတ်သည်။ [နာ–၂၃၆] အကြောင်းချုပ်လျှင် အကျိုးသည် တစ်ပြိုင်နက် တစ်ကာလတည်း ချုပ်သည်။ သုခဝေဒနာ ရှုတုန်းက ပဋိစ္စသမုပ္ပာဒ် အလယ်က ပြတ်သည်။ ဥပေက္ခာကို ရှုတော့၊ အစက ပြတ်သည်။ [နာ–၂၃၈] ဒုက္ခဝေဒနာကို ရှုလျှင် ဒေါမနဿ၊ သောက ပြတ်သည်။ အဆုံးက ပြတ်သည်။ ဒါကြောင့် ဥပေက္ခာဝေဒနာကို ဝိပဿနာ ရှုလျှင် လောဘ၊ ဒေါသ၊ မောဟ အကုန် သေသည်။ [နာ–၂၃၉] ရေသောက်မြစ်သုံးခု ပြသည်။ လောဘ၊ ဒေါသ၊ မောဟသည် စိတ်လည်းဖြစ်သည်။

ဝေဒနာရှုလျှင် စိတ်လည်းပါသွားသည်။ [နာ–၂၄၀] ဆီမီးခွက် မီးထွန်းသလိုပဲ ဖြစ်၏။ ဆီလည်း ခန်းတတ်သော တရား၊ မီးစာလည်း ကျွမ်းတတ်သော တရား ပျောက်ပျက်တတ်သော တရားချည်း ဖြစ်၏။ မီးကျမှ ခိုင်မြဲ ရပါတော့မည်လော။ [နာ–၂၄၁] သုခဝေဒနာ ရှိလျှင် လောဘပေါ်သည်။ ဒုက္ခဝေဒနာ ရှိလျှင် ဒေါသပေါ်သည်။ ဥပေက္ခာဝေဒနာ ရှိလျှင် မောဟပေါ်သည်။ [နာ–၂၄၂] ထို ဝေဒနာ သုံးခုကို ပေါ်ရာလိုက်ရှုရမည်။ [နာ–၂၄၃] ရှုလိုက်လျှင် ဝေဒနာသုံးခုကို မဂ်က သတ်သည်။

ဤသို့ ပြပြီးမှ နိဗ္ဗာန် ရောက်ပုံကလေးကို ပြဦးမည်ဟု ဆိုပါသည်။ [နာ–၂၄၄] ဝေဒနာကို ရှုတော့ ဝေဒနာ သေ၊ ဝေဒနာ သေတော့ လောဘ၊ ဒေါသ၊ မောဟ အနုသယသုံးပါး နောက်က အကျိုးဆက်အဖြစ် သေသည်။ ဝေဒနာက ဖြစ်ပျက်၊ ရှုတာက မဂ်၊ သေတာက အနုသယ ဖြစ်သည်။ [နာ–၂၄၅] ဝေဒနာ မရှိတော့ ဝမ်းထဲက အပူဓာတ်တွေ ငြိမ်းသွားသည်။ ထို့ကြောင့် ဝေဒနာချုပ်အောင် ရှုနိုင်လျှင် ဝမ်းထဲမှာ အေးသွားသည်။ အေးငြိမ်းတာက ကိလေသာ သိမ်းသွားခြင်း ဖြစ်၏။ ကိလေသာငြိမ်းတော့ မဂ်ဉာဏ် ပေါ်သည်။ [နာ–၂၄၈] ဝေဒနာကို ယထာဘူတဉာဏ်နှင့် ကြည့်၊ နိဗ္ဗိန္ဒဉာဏ်နှင့် လိုက်၊ မဂ်ဉာဏ်နဲ့ ရှုလိုက်နိုင်ပြီဆိုလျှင် ဝေဒနာ အကုန်ငြိမ်းပြီ။ မဂ်ဉာဏ်ပေါ်လို့ အေးသွားပြီ။ [နာ–၂၅၀]

http://www.dhammadownload.com



ထိုအေးငြိမ်းခြင်းသည် နိဗ္ဗာန်ပဲဟု မှတ်ရမည်။ [နှာ-၂၅၀] အကြောင်းချုပ်တာလည်း ပစ္စုပ္ပန်ပဲ အကျိုးချုပ်တာလည်း ပစ္စုပ္ပန်ပဲ ဖြစ်သည်။ ကာလကို မလွန်အောင် ကြည့်ပေးရမည်။ ပေါ်လာသမျှကို ပေါ်သော အချိန်မှာ ရှုလျှင် ကာလကို မလွန်ပါ။ ကာလကို မလွန်လျှင် ဝေဒနာဆုံး နိဗ္ဗာန်ပဲဟု မိန့်ဆိုရင်း၊ ဤတရားကို နိဂုံးချုပ်ထားသည်။

*

## ၇။ ကိုယ့်ခန္ဓာကို ကိုယ်သုံးသပ်နည်း

[၂၅-၉-၆၂ နေ့က အမရပူရမြို့ မင်္ဂလာတိုက်ကျောင်းမှာ ဟောသောတရား]

အလုပ်စဉ် ပြတယ်ဆိုတာ ခန္ဓာကိုယ်ပေါ်မှာ ဉာဏ်နှင့် အလုပ်လုပ်ပုံကို ပြခြင်းဖြစ်ကြောင်း စတင် ဟောကြားသည်။ ခန္ဓာမှာ ဖြစ်ပျက်နေသော ဓမ္မတွေ အမှန်ရှိလျက် အမှန်ကို မမြင်သေးလျှင် မျက်ကန်းပင် ဖြစ်သည်။ အန္ဓပုထုဇဉ် အကန်းအဖြစ် မသေကြဘဲ သေက္ခပုဂ္ဂိုလ်အဖြစ် သေသင့်ပုံ၊ သေက္ခပုဂ္ဂိုလ် ဆိုသည်မှာ သောတာပန် သကဒါဂါမ်၊ အနာဂါမ်ကို ဆိုလိုကြောင်း ပြသည်။

ကိုယ့်ကိုယ်ကိုယ် စစ်ဆေးရမည်။ ကိုယ့်ခန္ဓာ ဒုက္ခသစ္စာဆိုတာ သိရမည်။ သစ္စာကို မသိလျှင် သံသရာမှာ အိုဘေး၊ နာဘေး၊ သေဘေးနှင့် အဖော်လုပ်၍ နေရမည် ဖြစ်သည်။ [နှာ-၂၅၅] ဒါကြောင့် ကိုယ့်ကိုယ်ကိုယ် စစ်ဆေးခြင်းကို အဓိက ထားရမည်ဟု ဆိုသည်။ ဤတရားကို ဘုရားရှင် ကုရုတိုင်းမှာ ဟောသည်။

ဘုရားက ကိုယ့်ကိုယ်ကိုယ် စစ်ဆေးပါဆိုသောအခါ ရဟန်းတစ်ပါးက သူစစ်ဆေးပုံကို လျှောက်သည်။ သူက သုံးဆယ့်နှစ်ကောဋ္ဌာသတွေ စစ်ဆေးကြောင်း လျှောက်သည်။ [နှာ-၂၅၆] ဘုရားက သစ္စာဉာဏ် ရှိမရှိ စစ်ဆေးချင်သည်။ သူက ကောဋ္ဌာသတွေကို စစ်ဆေးနေသည်။ လွဲချော်နေသည်။ ဘုရားက အလိုမကျ။ ကိုယ့်ကိုယ်ကိုယ် သုံးသပ်နည်းကို နိဒါနဝဂ္ဂသံယုတ်ပါဠိတော်မှာ ဟောသည်။ [နှာ-၂၅၇] ဘုရားက ကိုယ့်ကိုယ်ကိုယ် သုံးသပ်သောအခါ ရုပ်နာမ်အားလုံး ဒုက္ခတုံးကြီး ဖြစ်နေပုံကို သိမြင်ရန် ဟောသည်။

ခန္ဓာကိုယ်ထဲမှာ ဒုက္ခသစ္စာပဲ ရှိသည်။ [နှာ-၂၅၉] ထိုခန္ဓာ ဒုက္ခသစ္စာကို သိလျှင် လောကီမဂ္ဂသစ္စာကလေး ပေါ်သည်။ ကိုယ့်သန္တာန်မှာ နိဗ္ဗာန်ရောက်ကြောင်း၊ မဂ္ဂင်တရားကလေး ပေါ်လာသည်။ အိုနာသေ ဘယ်က လာသလဲ၊ ခန္ဓာက

http://www.dhammadownload.com



လာသည်။ [နှာ-၂၆၀] အိုသောက ဒုက္ခသစ္စာ၊ ခန္ဓာက သမုဒယသစ္စာဖြစ်ကြောင်း ဖော်ပြထားသည်။ လူ့ခန္ဓာ၊ နတ်ခန္ဓာ ရရပါလို၏ဟု ဆုတောင်းကြတာသည့် ဒုက္ခသစ္စာကို အရယူနေကြခြင်း ဖြစ်သည်။ ဒီထက် မိုက်မဲတာ မရှိဘူးဟု ဟောထားသည်။ [နှာ-၂၆၃]

**'ယထာဘူတ ဉာဏာယ သတ္တာ ပရိယေသိတဗ္ဗော'** ဒါကြောင့် ဟုတ်တိုင်းမှန်စွာ ဟောတတ်သော ဆရာကို မတွေ့တွေ့အောင် ရှာရမည်ဟု ဘုရားဟောခဲ့ကြောင်း ဆုံးမသည်။ [နှာ-၂၆၄] ဘယ်ခန္ဓာရရ မကောင်းပါ။ ခန္ဓာ ရုပ်သိမ်းချုပ်ငြိမ်းရာကိုသာ အလိုရှိကြပါဟုလည်း တိုက်တွန်းထားသည်။ [နှာ-၂၆၅] ပြီးနောက် ဒီခန္ဓာ ဘယ်ကလာသလဲ တွေးဖြစ်အောင် တွေးကြပါဟု ဟောပြန်သည်။ ပဋိစ္စသမုပ္ပာဒ်အရ ခန္ဓာ ဘယ်ကလာ တဏှာက လာသည်။ (ဆုတောင်းတဏှာက လာသည်) တဏှာသည် သမုဒယသစ္စာ ဖြစ်သည်။ ပြောင်းပြန် စဉ်းစားမှ (ပဋိလုံ) ကျင့်နည်း ပေါ်လာသည်။ ဒီလို ခန္ဓာကို သုံးသပ်ပုံပြသော သုတ်မှာ သမ္မာသနသုတ် ဖြစ်ကြောင်းလည်း ပြထားသည်။ [နှာ-၂၇၀] ဤသို့ သုံးသပ်မှ ကျင့်နည်းရသည်။ ကျင့်နည်းရမှသာလျှင် လမ်းဆုံးမည်ဟု မိန့်ထားသည်။ [နှာ-၂၇၀]

ထို့နောက် ပုထုဇဉ်ခန္ဓာကို ခင်နေပုံများကို ဟောသည်။ မခင်သင့်တာကို ခင်နေခြင်းအား အမြင်ဖြောင့်ပေးမည် ဆရာကောင်း မရှိလျှင် ခက်ခဲပုံကို ဟောသည်။ ပုထုဇဉ်သည် နှစ်အကွက် ဒုက္ခသစ္စာကို သုခသစ္စာဟု ထင်နေသည်။ အမြင်ဖြောင့်ပေးဖို့ လိုသည်။ /နှာ-၂၈၀/ ဒုတိယအကွက်မှာ မြင်ခန္ဓာ၊ ကြားခန္ဓာတွေ ပေါ်ပြီး ထိုခန္ဓာ(စိတ်)တွေကို သာသာနေကြပုံကို ပြသည်။ ထိုသာယာမှုက နောက်ဇာတိကို ဖြစ်စေဦးမည်။ ဇာတိဖြစ်လျှင် အိုနာသေ လာဦးမည်။ နှစ်အကွက်မှာ ပွားနေကြသည်။ ဒါကြောင့် သံသရာရှည်နေခြင်း ဖြစ်သည်။ နှစ်အကွက်မှာ အမြင်ပြောင်းပြီး ဒုက္ခသစ္စာကို ဒုက္ခသစ္စာဟု သိအောင် လုပ်ရမည်။ [နှာ-၂၈၇] ဒုက္ခသစ္စာကို သိလျှင် မဂ္ဂသစ္စာဖြစ်ပြီး ဒုက္ခမှန်း သိသောကြောင့် နောက်ဒုက္ခ မလိုချင်တော့၊ မလိုချင်လျှင် သမုဒယသစ္စာကို ပယ်နိုင်ပြီ။ နှစ်အကွက်က အမှားကြီးကို ပြင်ပြီး သေလျှင် အရိယာသေ ဖြစ်ပြီဆို၏။ [နှာ-၂၈၈]

အရူးသေ အကန်းသေ ဘဝက လွတ်ပြီ။ ဒုက္ခကို သုခထင်တာ အရူး၊ ဒုက္ခကို ဒုက္ခမှန်း မသိတာ၊ မမြင်တာက အကန်းဖြစ်သည်။ နေခြင်းဆိုးခဲ့၍ သေခြင်းဆိုး သေကြရသည်။ [နှာ-၂၈၈] ဒုက္ခသစ္စာကို သိလျှင် သံသရာစခန်း သတ်ပြီ။ [နှာ-၂၉၀] ပီယသာတ မလာတော့ပါ။ အရင်တုန်းက ဤနေရာမှာ မှားနေကြတာ

http://www.dhammadownload.com



ဟု ဆိုသည်။ [နာ-၂၉၁] ဒါဖြင့် ဘာစိတ်ပဲပေါ်ပေါ် ပေါ်သောစိတ်ကို ဖြစ်ပျက်ရှုပါ။ ဖြစ်ပျက်က ဒုက္ခသစ္စာ၊ ဒုက္ခသစ္စာပဲဟု သိတာက မဂ္ဂသစ္စာ၊ မဂ်ဝင်သောကြောင့် နှစ်အကွက်က သုံးအကွက် သမုဒယသစ္စာဘက်ကို မကူးတော့ပါ။ မဂ်ကကြားက ဝင်ဖြတ်လိုက်ပြီ။

ဤတွင် အချိန်စေ့၍ တရားရပ်နားသည်။

*

## ၈။ ဝေဒနာနုပဿနာ ရှုနည်း

[၂၆-၉-၆၂ နေ့က အမရပူရမြို့ မဂ်လာတိုက်ဟောင်းမှာ ဟောသောတရား]

(မှတ်ချက်။ ။ မာတိကာတွင် ဤတရားကို 'လူ့ပြည်မှ လမ်းသုံးသွယ်' ဟု ခေါင်းစဉ် တပ်ထားသည်။)

လူ့ဘဝက နေပြီး အပါယ်လေးဘုံကို တည်ဆောက်သည်။ လူ့ဘဝကနေပြီး အပါယ်စခန်း သိမ်းအောင်လည်း လုပ်နိုင်သည်။ ဒီနေရာသည် ဗဟိုချက်ပဲ၊ လမ်းဆုံပဲဟု အစပြုပြီး ဤတရားကို ဟောသည်။ နတ်ပြည်ရောက်ကြောင်း ကံကိုလည်း လူ့ပြည်က လုပ်တာပင် ဖြစ်သည်။ နိဗ္ဗာန်ကို ရောက်ချင်လျှင်လည်း လူ့ပြည်က လုပ်ရသည်ပင်။ ဒါကြောင့် လူ့ပြည်ကို အသုံးချတတ်လျှင် အဖိုးတန်သည်။ [နာ-၂၉၅] အပါယ်ကျတာ၊ နတ်ပြည်ရောက်တာ၊ နိဗ္ဗာန်ရောက်တာ အပေါင်းအသင်းပေါ် မူတည်ကြောင်း ပြသည်။ လူ့ပြည်က သွားရာ လမ်းသုံးသွယ်ရှိကြောင်း ဟောသည်။ [နာ-၂၉၇] ဘယ်လမ်းသွားမလဲ ဆိုသည်မှာ ကလျာဏမိတ္တ၊ ပါပမိတ္တအပေါ် တည်သည်။ တောင်ဝှေးဆွဲရာ နောက်ကို လိုက်သည်။ [နာ-၂၉၈] မိမိစိတ်အပေါ်လည်း မူတည်သည်။ မကောင်းသောစိတ်က အပါယ်ပို့သည်။ အလတ်စား ကောင်းသောစိတ် နတ်ပြည် သုဂတိ ပို့သည်။ အလွန် ကောင်းမြတ်သောစိတ်က နိဗ္ဗာန်ပို့သည်။ [နာ-၂၉၈]

စိတ်ပေါ် မူတည်ပြီး လူ့ဘဝမှာ လမ်းသုံးသွယ် ဖြစ်နိုင်ပုံကို ရှင်းထားသည်။ စိတ်အစဉ်အတိုင်း အပါယ်သွားသည်။ စိတ်အစဉ်အတိုင်း နတ်ရွာသုဂတိသို့ သွားသည်။ စိတ်အစဉ်ကို ဝိပဿနာမဂ်ဖြင့် ဖြတ်ပစ်လိုက်နိုင်လျှင် နိဗ္ဗာန်ကို ရောက်သည်။ [နာ-၃၀၃] စိတ်အစဉ် သုံးမျိုးတွင် ပထမနှစ်မျိုးကို ရှောင်၊ တတိယမျိုးကို ဆောင်ရမည်ဟု ဆိုသည်။ [နာ-၃၀၄] ဆရာနည်းပြ ကောင်း၍ စိတ်ကို

http://www.dhammadownload.com



ပြင်လိုက်လျှင် နိဗ္ဗာန်ကို ရောက်သည်။ နိဗ္ဗာန်ရောက်ကြောင်းမှာ ကလျာဏမိတ္တက အလုံးစုံ ကူညီသည်။ [နှာ–၃၀၆]

ထို့နောက် မာလုကျပုတ္တရဟာန်းဝတ္ထုကို ပြသည်။ သူက အသက်ကြီးပြီ။ နိဗ္ဗာန်ရောက်ကြောင်း ကောင်းမြတ်သော တရားကို တိုတိုရှင်းရှင်း လိုချင်သည်။ 'သာဓု မေ ဘန္တေ၊ ဘဂဝါသံခိတ္တေန ဓမ္မံဒေသေတု' ဘုရားက မြင်စိတ်ပေါ်လျှင် မြင်စိတ်ကို ရှု၊ မြင်ကာမတ္တ၊ မြင်လို့ လိုချင် စွဲလမ်း ပြုလုပ် မလုပ်စေနှင့်ဟု ဟောသည်။ [နှာ–၃၁၀] **'ရူပံ ဒိသွာ သတိမုဋ္ဌာ'** သတိလွတ်မှသာလျှင် လိုချင်ရချင် စိတ် ဖြစ်ပေါ်သည်။ သတိမလွတ်စေရ၊ သတိရလျှင် တဏှာ၊ ဥပါဒါန်၊ ကံ မလာတော့ပါ။ သတိလွတ်လျှင် သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ လာသည်။ ပဋိစ္စသမုပ္ပါဒ်သုံးမျိုး ပြတ်အောင် သတိကပ်ထားရမည်။ မာလုကျပုတ္တရဟာန်း 'ဒိဋ္ဌေဒိဋ္ဌမတ္တံ' နည်းဖြင့် ရှုတတ်သွားသောကြောင့် ရဟန္တာဖြစ်သွားသည်။

ဤတရားကို မာလုကျပုတ္တနှင့် ဗာဟိရဒါရုစရိယ နှစ်ဦးကိုသာ ဤတရားကို ဟောသည်။ ဤတရားတွင် လက္ခဏာရေးသုံးပါး မပါ၊ ကျန်သော လူများကို ဟောသောအခါ လက္ခဏာရေး သုံးပါး တင်ရမည်ဟု ဟောသည်။ သူတို့က ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်ချွန်တွေ ဖြစ်၍ ထူးခြားသော ဤတရားကို ဟောသည်။ [နှာ–၃၁၄] စိတ္တာနုပဿနာမှာ မြင်စိတ်ပေါ်လျှင် မြင်စိတ်ကို ဖြစ်ပျက် ရှုရသည်။ ဒိဋ္ဌေ ဒိဋ္ဌမတ္တံ၊ သုတေသုတမတ္တံ တရားသည် အများနှင့် ဆက်ဆံသော တရားမဟုတ်၊ လူတိုင်း လုပ်နိုင်ခဲသော တရားဖြစ်ကြောင်း ဟောသည်။ သီးခြား ဟောသောတရားကို လူတိုင်း အားထုတ်၍ မရကြောင်း၊ အများနှင့် ဆက်ဆံသော တရားသာ အကောင်းဆုံးဖြစ်ကြောင်း ဟောထားသည်။ [နှာ–၃၁၆]

စိတ်ကိုဖြစ်ပျက်ရှုတတ်လျှင် ပဋိစ္စသမုပ္ပါဒ် သုံးချက်ပြတ်သည်။ [နှာ–၃၁၇] စိတ်ကို ဖြစ်ပျက်ရှုလျှင် လောဘ၊ ဒေါသ၊ မောဟ ချုပ်သည်။ လောဘချုပ် နိဗ္ဗာန်၊ ဒေါသချုပ်လည်း နိဗ္ဗာန်၊ မောဟချုပ်လည်း နိဗ္ဗာန်ဖြစ်ကြောင်း ပြသည်။ [နှာ–၃၁၉] စိတ်ကို ဖြစ်ပျက်ရှုလျှင် သာယာမှု၊ ပြစ်မှားမှု၊ တွေဝေမှု အားလုံးချုပ်သည်။ 'ဝိရာဂ စိတ္တံ၊ ဝိရာဂ စိတ္တန္တိ ပဇာနာတိ' ရာဂစိတ်၊ လောဘစိတ်လာလျှင် ထိုစိတ်ကို သတိကပ်ပြီး ဖြစ်ပျက် ရှုရမည်။ [နှာ–၃၂၃] မေတ္တာစိတ်(အဒေါသ)ပေါ်လည်း ဖြစ်ပျက် ရှုရမည်။ ဘာစိတ်ပဲပေါ်ပေါ် (ကုသိုလ်စိတ်၊ အကုသိုလ်စိတ်) အားလုံးကို ဖြစ်ပျက် ရှုရမည်။ ရှုလိုက်လျှင် ဖြစ်ပျက်က ဒုက္ခသစ္စာ၊ မြင်လိုက်တာက မဂ္ဂသစ္စာ ဖြစ်သည်။ နိဗ္ဗာန်သွားကြောင်း တစ်ခုတည်းသောလမ်း မဂ္ဂသစ္စာ ပေါ်ပြီ။ 'ကော

http://www.dhammadownload.com



ယနော အယံ ဘိက္ခဝေ မဂ္ဂေါ' ဟု ဆိုသည်။ [နှာ-၃၂၇] ကမ္မသကတဉာဏ် လောက်နှင့် နိဗ္ဗာန်ကို မရောက်ကြောင်း သစ္စာနုလောမိကဉာဏ်ရမှ နိဗ္ဗာန် ရောက်နိုင်ကြောင်း ပြထားသည်။

သံသရာတွင်းမှာ ဒုက္ခသာ ရှိသည်။ သံသရာပြင်ဘက်ရောက်မှ နိဗ္ဗာန်ရှိသည်ဟု ဆိုသည်။ [နှာ-၃၃၁] ဖြစ်ပြီးပျက်တာကို မမြင်ဘူး၊ အပျက်ချည်းပဲ မြင်လျှင်လည်း အပျက်နှင့်မဂ်နှင့် ကိုက်သည်။ ကိလေသာ ကြားမခိုလျှင် ခုနစ်ရက် တည်းနှင့် သောတာပန် တည်နိုင်ကြောင်း ပြသည်။ [နှာ-၃၃၄] ဒါကြောင့် ဖြစ်ပျက်နှင့် မဂ်ကိုက်ဖို့ အရေးကြီးသည်။ ကိလေသာ ကြားခိုသည် ဆိုခြင်းမှာ လောဘ၊ ဒေါသ၊ မောဟ လာတာကို ဆိုခြင်းဖြစ်ကြောင်း ရှင်းပြထားသည်။ [နှာ-၃၃၅] ဤသို့ ပြပြီးနောက် ပေါ်တဲ့စိတ်ကို ဖြစ်ပျက်ရှုတာ မှန်သည်ဟု ဆိုသည်။ အချိန်စေ့၍ တရားနားသည်။

*

## ၉။ နိဗ္ဗာန်ကို ခန္ဓာဖုံးပုံ

[၂၈-၉-၆၂ နေ့က အမရပူရမြို့ မင်္ဂလာတိုက်ကျောင်းမှာ ဟောသောတရား]

ဘုရားရှင် ကိုယ်တော်တိုင် သိပြီး ဟောသောတရားကို ဆရာဘုန်းကြီး ကလည်း တစ်လုံးမှ မလွဲအောင် ဟောမည်ဟူသော စကားဖြင့် ဤတရားကို စတင် ဟောကြားပါသည်။ ဘုရားဟောတရားကို ယုံကြည်စွာ နှလုံးသွင်းပြီး နာယူ ကျင့်ကြံ ပွားများပါက ကိလေသဝဋ်၊ ကမ္မဝဋ်၊ ဝိပါကဝဋ်ကြီး သုံးခု ပြတ်ကြောင်း ဟောသည်။ [နှာ-၃၃၉] ကိုယ်တိုင်သိသော သစ္စာကို ကိုယ်တိုင် ပြ၍၊ တရားနာပရိသတ်က နားလည်ကြလျှင် အိုနာသေဘေး လွတ်ရာ နိဗ္ဗာန်သည် ကိုယ်ပိုင်ပစ္စည်း ဖြစ်နိုင် ကြောင်း ဖြစ်မည်ဟု ဆိုသည်။ နိဗ္ဗာန်နှစ်မျိုး မရှိဘူး၊ ဘုရားရသော နိဗ္ဗာန်နှင့် ဒကာ ဒကာမတွေရသော နိဗ္ဗာန် အတူတူပင် ဖြစ်သည်။ [နှာ-၃၃၉]

သစ္စာ မသိလျှင်သာ ဆိုးသည်။ ဒုက္ခသစ္စာကို အမှန်သိလျှင် နိရောဓသစ္စာကို သိသည်။ ဒုက္ခသစ္စာကို တစ်ချက်မြင်လျှင် သစ္စာလေးချက် တစ်ပြိုင်နက် ပြီးသည်။ [နှာ-၃၄၀] ကိစ္စပြီးတာ ကိုယ်တိုင်သိမှ၊ အပါယ်လေးပါး တံခါးပိတ်တာကို ကိုယ်တိုင် မြင်ပြီး သိမှ၊ စိတ်ချ ယုံကြည်ပါ။ သူများပြောတာ မယုံပါနှင့်ဟု

http://www.dhammadownload.com



သတိပေးသည်။ ဒိဋ္ဌိဓမ္မောဟု ဘုရားဟောသောကြောင့် ကိုယ်ဒိဋ္ဌိ မြင်ဖို့ အရေးကြီးသည်။ [နှာ-၃၄၁]

ထို့နောက် နိဗ္ဗာန်အကြောင်းကို ဆက်ဟောသည်။ နိဗ္ဗာန် ဘယ်မှာ ရှိသလဲ ခန္ဓာအဆုံးမှာ ရှိသည်။ [နှာ-၃၄၂] ဒုက္ခသသအန္တံ ကရိဿတိ ဒုက္ခ၏ အဆုံးကို မျက်မှောက်ပြုလိမ့်မည် ဆိုသောကြောင့် ခန္ဓာအဆုံးမှာ နိဗ္ဗာန်ရှိကြောင်းကို ပြသည်။ [နှာ-၃၄၃] ဘာကြောင့် ထိုနိဗ္ဗာန်ကို မမြင်ပါလိမ့်။ နိဗ္ဗာန်ကို ခန္ဓာ ဖုံးနေသည်။ ခန္ဓာ ကွယ်နေသည်။ ဒါကြောင့် ခန္ဓာကို ထိုးထွင်းနိုင်သော ဉာဏ်ရလျှင် နိဗ္ဗာန်ကို မြင်ပါလိမ့်မည်။ ရူပက္ခန္ဓာ၊ ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာ ခန္ဓာငါးပါးက လှည့်ပတ် ပေါ်နေသည်။ ရုပ်ရှင်ကြည့်သောအခါ အရိပ်တွေ ဖုံးနေသောကြောင့် ပိတ်ကားအဖြူကြီးကို မမြင်ရသလို ဖြစ်ကြောင်း ဥပမာ ပြထားသည်။ [နှာ-၃၄၆]

ခန္ဓာသံသရာကြီး ဖုံးနေ၍ နိဗ္ဗာန်ကို မမြင်တာဖြစ်ကြောင်းလည်း ဖော်ပြထားသည်။ ဝိပဿနာ အလုပ်ကို လုပ်သူများမှာ ဖျတ်ခနဲ ခန္ဓာလည်း ချုပ်ရော၊ နိဗ္ဗာန်လည်း ချက်ချင်း ပေါ်သည်ဆို၏။ [နှာ-၃၄၇] ဒါကြောင့် တရား နှလုံးသွင်းကြပါဟု တိုက်တွန်းထားသည်။ [နှာ-၃၄၈] တစ်ဖန် ခန္ဓာကို မမြင်အောင် ဘာက ဖုံးထားသလဲဟု မေးပါလျှင် အဝိဇ္ဇာက ဖုံးထားသည်ဟု ဖြေရမည်။

ဒါကြောင့် အဝိဇ္ဇာကို ခွာပေးနိုင်လျှင် ခန္ဓာကို တွေ့မည်ဆိုသည်။ အဝိဇ္ဇာကို ဝိဇ္ဇာဉာဏ်နှင့် ပယ်ရမည်။ ဝိဇ္ဇာဉာဏ်သည် ခန္ဓာ ဒုက္ခသစ္စာကို သိသော သစ္စာဉာဏ်ပင် ဖြစ်၏။ [နှာ-၃၅၁] သစ္စာလေးပါး မသိတာသည် အဝိဇ္ဇာဖြစ်၏။ မသိသော အဝိဇ္ဇာနှင့် နေရင်းက ဆတ်ဆော့မှု သင်္ခါရကို ပြုသည်။ ကုသိုလ်၊ အကုသိုလ်တွေကို လုပ်သည်။ ကုသိုလ် လုပ်ရာမှာလည်း လူ့ပြည်၊ နတ်ပြည်ကို ရောက်ချင်သော အကုသိုလ်ကိုသာ လုပ်သည်။ နိဗ္ဗာန်ကို ရောက်သော ကုသိုလ်ကိုမူ မလုပ်ပါ။ [နှာ-၃၅၄] ဒါကြောင့် သံသရာတစ်လျှောက်လုံး အဝိဇ္ဇာသင်္ခါရနှင့် နေခဲ့သော စုံလုံးကန်း လမ်းသွားဖြစ်ခဲ့ကြသည်ဟု ဆိုသည်။ [နှာ-၃၅၅]

စုံလုံးကန်း လမ်းသွားသောကြောင့် သစ္စာ မသိသော သမုဒယသစ္စာတွေ လုပ်ခဲ့သည်။ သမုဒယသစ္စာသည် ပယ်ရမည့် သစ္စာ၊ ပယ်ရမှာကို သွားပြီး လုပ်မိနေကြသည်။ [နှာ-၃၅၈] အတိတ်ဘဝက စုံလုံးကန်း လမ်းသွားတော့၊ ပစ္စုပ္ပန်မှာ ဒုက္ခ ရောက်ရသည်။ [နှာ-၃၆၀] ဒီခန္ဓာသည် ဘယ်အခါမှ ရောဂါ မကင်းပါ။ ခန္ဓာငါးပါး ဖြစ်ပြီးပျက်ပဲ ရှိသည်။ ခန္ဓာအဆုံးမှာ နိဗ္ဗာန်ရှိသည်။ ထို့ကြောင့်

http://www.dhammadownload.com



နှစ်အကွက်ထဲမှာ နိဗ္ဗာန်ရှိသည်။ [နှာ–၃၆၅] နိဗ္ဗာန်ကို ခန္ဓာကွယ်နေသည်။ မကွယ်အောင် လုပ်ချင်လျှင် စိတ်ကလေး ပေါ်စိတ်ကို ဖြစ်ပျက်ရှု ခန္ဓာသည် ဒုက္ခသစ္စာပဲဟု သိလျှင် မကွယ်တော့ဘူးဟု ဆိုသည်။ [နှာ–၃၆၆]

ခန္ဓာငါးပါးကို သိသဖြင့်လည်း ပုဂ္ဂိုလ်သတ္တဝါနှဲ့ ဒိဋ္ဌိစင်သွားသည်။ ခန္ဓာ ဒုက္ခသစ္စာဟု မသိ၍သာ ခန္ဓာကွယ်နေသည်။ ဒုက္ခသစ္စာပဲဟု သိလျှင် မကွယ်နိုင်တော့ပါ။ [နှာ–၃၆၇] ဒုက္ခသစ္စာ မြင်လျှင် အဝိဇ္ဇာ လွင့်စဉ်သွားသည်။ ဒုက္ခသစ္စာကို မြင်အောင် စိတ္တာနုပဿနာ ရှုရလိမ့်မည်။ မနာယတနဆိုသော စိတ်သည် သံသရာ ချဲ့တတ်သည်။ [နှာ–၃၆၉] စိတ်ကို ဖြစ်ပျက် မသိလိုက်လျှင် သံသရာ ကွယ်သွားသည်။ တဏှာ ဥပါဒါန် ကံ ဆက်သွားသည်။ စိတ်က ဖြစ်ပျက်၊ ရှုတာက မဂ်၊ မဂ်က သံသရာအဆက်ကို ဖြတ်သည်။ သုံးနံပါတ် သမုဒယချုပ်လျှင် လေးနံပါတ် ဒုက္ခသစ္စာ မလာတော့ပါ။ [နှာ–၃၇၁]

ထိုနေရာမှာ နိဗ္ဗာန်ပေါ်သည်။ လက်ငင်း နိဗ္ဗာန်(သဥပါဒိသေသနိဗ္ဗာန်) ပေါ်သည်။ စိတ်တွေ ပေါ်တိုင်းပေါ်တိုင်း ရှုတော့ ကိုယ့်အသေ ကိုယ် မြင်သည်။ ဒုက္ခသစ္စာကို မြင်လျှင် ယထာဘူတဉာဏ် ရပြီ။ ကိုယ့်အသေ ကိုယ်မြင်နေသော ကြောင့် ခန္ဓာကို မုန်းလာသည်။ မုန်းလျှင်လည်း ဆက်ရှုရမည်။ ရှုလျှင် ဖြစ်ပျက်ဆုံး၊ ခန္ဓာဆုံးမှာ နိဗ္ဗာန်ပေါ်သည်။ [နှာ–၃၇၈] ခန္ဓာဆုံးလျှင် ဒုတိယအကွက်မှာ သဥပါဒိသေသ နိဗ္ဗာန်ပေါ်သည်။ လေးအကွက်မှာ အနုပါဒိသေသနိဗ္ဗာန် ပေါ်သည်။

သစ္စာမြင်အောင် ရှုရမည်။ သစ္စာမြင်လျှင် သံသရာ ရှုပ်စရာ မရှိတော့ပါ။ ဒုက္ခသစ္စာကို ဒုက္ခနိရောဓသစ္စာ ဖြစ်အောင်ရှုပါဟု ဆိုသည်။

အချိန်စေ့၍ တရားနားလိုက်သည်။

*

## ၁၀။ ရှေ့သွားခေါင်းဆောင်စိတ်

[၃၀–၉–၆၂ နေ့က အမရပူရမြို့ မင်္ဂလာတိုက်ယောင်းမှာ ဟောသောတရား]

တရားအားထုတ်သည် ဆိုခြင်းမှာ ကိုယ့်စိတ် ကိုယ်နိုင်ပြီး စိတ်ကို ငြိမ်သက်အောင် လုပ်သော အလုပ်ပင်ဖြစ်ကြောင်းဖြင့် စတင် ဟောကြားတော်မူသည်။ ‘စိတ္တေန နီယျတေလောကော’ လောကကို စိတ်က ပြုပြင်သည်။ အလုံးစုံသော သတ္တဝါတို့သည် စိတ်ဆောင်ရာသို့ လိုက်ကြရသည်။ စိတ်က ခေါင်းဆောင်ရာကို

http://www.dhammadownload.com



ရုပ်နာမ်က လိုက်ရမည်။ 'ပါပသ္မိံရမတိမနော' စိတ်သည် မကောင်းမှုနှင့်သာ ပျော်မွေ့တတ်သည်။ ထိန်းမနိုင်သော စိတ်ကို ဆိုလိုသည်။ (သံယုတ်ပါဠိတော်) စိတ်ကို မနိုင်လျှင် ဒုက္ခရောက်တော့မည် သေချာသည်။ [နှာ-၃၈၅] 'စိတ္တံ ခန္တံ သုခါဝဟံ' စိတ်ကို ယဉ်ကျေးအောင် ဆုံးမ၍ရလျှင် ထိုစိတ်ပင် နိဗ္ဗာန်ကို ဆောင်ပို့သည်။ စိတ်တစ်လုံးကို အဓိပ္ပာယ်သုံးမျိုးဖြင့် ဟောထားသည်။ စိတ်ကို မနိုင်သရွေ့ ကာလပတ်လုံး နိဗ္ဗာန် မရဘူးဆိုတာ သေချာသည်။ [နှာ-၃၈၉]

ထိုစိတ်ကို အနိစ္စပဲ၊ ဒုက္ခပဲ၊ အနတ္တပဲဟု ရှုတတ်လျှင် နောက်က တဏှာ ဉပါဒါန် ကံလည်း မလိုက်နိုင်၊ သောကပရိဒေဝ ဒုက္ခ၊ ဒေါမနဿ၊ ဉပါယာသ၊ အဝိဇ္ဇာ၊ သင်္ခါရလည်း မလိုက်နိုင်တော့ပါ။ ဒါကြောင့် စိတ်၏ ဖြစ်ပျက်ကို မြင်အောင် ရှုရမည်။ ဖြစ်ပျက်(သမုဒယ၊ ဝယ)ကို ရှုမိ၍ စိတ်၏ ပင်ကိုသဘောကို သိလိုက်ပြီ ဆိုပါက ယထာဘူတဉာဏ် ရပြီ။ [နှာ-၃၉၁] သီလက စိတ်ကို အကြမ်းထိန်းသည်။ ဝိပဿနာက ထိုစိတ်ကို ဖျက်ချပစ်သည်။ နိဗ္ဗာန် ရချင်လျှင် စိတ်ကို ချေမှုန်း ပစ်နိုင်ရမည်။ လူမနောစိတ်က အရှုပ်ကိုမှ ကြိုက်သည်။ စိတ်ကို မနိုင်လျှင် အရှုပ်ထဲက မထွက်နိုင်ပါ။

ဤတွင် ခြောက်ဒွါရမှာ ပေါ်သော စိတ်များကို တိရစ္ဆာန်ခြောက်ကောင်နှင့် ပုံခိုင်းပြောသော ဝတ္ထုကို ဟောသည်။ သစ္စာမသိသော ပုထုဇဉ်သည် စရိုက်ချင်း၊ အကြိုက်ချင်း မတူသော တိရစ္ဆာန်ခြောက်ကောင်ကို ကြိုးနှင့်ချည်ပြီး ထိန်းကျောင်းရသူနှင့် တူပုံကို ပြသည်။ [နှာ-၃၉၉] စိတ်ကို နိုင်အောင် စိတ္တာနုပဿနာ ရှုဖို့ တိုက်တွန်းထားသည်။ [နှာ-၄၀၅] စိတ်ပေါ်တိုင်းပေါ်တိုင်း ဖြစ်ပျက်ရှုရမည်ဟု ဆိုသည်။ စိတ္တာနုပဿနာသည် သားကောင်ခြောက်ကောင်ကို ချည်တိုင်မှာ ဖမ်းချည်ခြင်း ဖြစ်သည်ဟု ဆိုသည်။ [နှာ-၄၀၈] မဂ်ဝိဇ္ဇာဉာဏ်က တဏှာကြိုးကို ဖြတ်ချနိုင်သည်။ စိတ္တာနုပဿနာချည်တိုင်မှာ ပဋိစ္စသမုပ္ပာဒ် သုံးမျိုးသေလျှင် ဖြစ်ကြောင်း တဏှာ ဉပါဒါန် ကံတွေ လောဘ၊ ဒေါသ၊ မောဟတွေ သေပြီ။ စိတ္တာနုပဿနာကို ရှုလိုက်လျှင် သမုဒယသစ္စာ သေသည်။ ဝိပဿနာဉာဏ်က တဏှာနှင့် အဝိဇ္ဇာကို ဖြတ်ချသည်။ ဝိပဿနာမဂ် သွင်းနိုင်မှ သာသနာတွင်းသား ဖြစ်သည်။ [နှာ-၄၁၃]

ထို့နောက် ဘုရားပွင့်တာ ဗောဓိပင်နှင့် ရွှေပလ္လင်မှာဟု နေရာအားဖြင့် ပြောရသော်လည်း ဓမ္မအားဖြင့်မူ ဝေဒနာနှင့်တဏှာကြားမှာ ဘုရားပွင့်သည်ဟု ဟောသည်။ [နှာ-၄၁၆] ပရမတ်စစ်စစ် ပြောလိုက်တော့ ဝေဒနာနှင့် တဏှာကြားမှာ

http://www.dhammadownload.com



အာသဝေါ ကုန်သည်။ [နှာ-၄၁၇] ဒါကြောင့် ယောဂီသည် ဝေဒနာနှင့် တဏှာ ကြားမှာ မင်္ဂပေါ်အောင် အားထုတ်ရမည်။ စိတ္တာနုပဿနာ အောင်မြင်ပြီးသော ဒကာ ဒကာမများကို ဝေဒနာနုပဿနာ ပေးမည်ဟု ဆိုသည်။ [နှာ-၄၂၅] ဆရာ တော်ကမူ စိတ္တာနုပဿနာကို ပိုပြီး အားသန်စွာ ဟောပါသည်။ ဘယ်စိတ်လာလာ ဖြစ်ပျက်ရှုပါ။ ရှုစရာ မရှိလျှင် အိမ်ရှင်စိတ် ပြန်ရှုဟု လုပ်နည်းကို ပြသည်။ စိတ်ဖြစ်ပျက်ကို မြင်လျှင် သစ္စာနုလောမိကဉာဏ် ရပြီ။ ထိုဉာဏ်ရောက်လျှင် သာသနာတွင်းသို့ ရောက်ပြီဟု ဆိုသည်။ [နှာ-၄၂၃]

ပြီးမှ သာသနာတွင်း၊ သာသနာပ ထူးခြား ကွဲပြားပုံကို ဟောသည်။ [နှာ-၄၂၄] ဖြစ်ပျက်မြင်ပြီးလျှင် ဖြစ်ပျက်မုန်းသည်။ မုန်းပြီးမှ ဖြစ်ပျက်ဆုံး နိဗ္ဗာန်ကို မြင်သည်။ ဖြစ်ပျက်မှုသည် ဒုက္ခသစ္စာအစစ်ပဲဟု သိလျှင် ဉာဏ်နှင့် ဆုံးဖြတ်ချက် ချနိုင်လျှင် ဖြစ်ပျက်ဆုံးပြီး နိဗ္ဗာန် ပေါ်လာသည်ဟု ဟောရင်း အချိန်ကုန်၍ တရားကို နားလိုက်သည်။

*

## ၁၁။ ပဋိစ္စသမုပ္ပါဒ်မှ ထွက်လမ်း

[၁-၁၀-၆၂ နေ့က အမရပူရမြို့ မင်္ဂလာတိုက်ဟောင်းမှာ ဟောသောတရား]

သတ္တဝါတွေရဲ့ ဘဝကို အလောင်းတော် ဘဝတုန်းက ဆင်ခြင်ကြည့်လိုက် တော့ အိုရ၊ နာရ၊ သေရ၊ မွေးရနှင့် အလွန် ပင်ပန်း ဆင်းရဲနေကြပုံကို ဆင်ခြင်မိခဲ့ သည်။ ဖြစ်ရာဘဝ ဘာကြောင့် ဒါလောက် ဒုက္ခရောက်ရသလဲ ဤပြဿနာကို အဖြေရှာချင်စိတ် ဖြစ်ပေါ်ခဲ့သည်။ ဒုက္ခဖြစ်ရခြင်း အကြောင်း၊ သတ္တဝါဖြစ်ရခြင်း အကြောင်းရင်းကို ရှာခဲ့လေသည်။

အရင်းရှာတော့ ကံကိုပဲ ရှာတွေ့သည်။ [နှာ-၄၃၂] အိုသေ(ဇရာမရဏ) ဘယ်က လာသလဲ ရှာလိုက်တော့၊ ဇာတိ ပဋိသန္ဓေ နေမိ၍ ဖြစ်ရကြောင်း တွေ့ရ သည်။ ဇာတိ ဘယ်က လာသလဲ ရှာပြန်တော့၊ ကမ္မဘဝက လာသည်။ ကမ္မဘဝ ဆိုတာ ကံပစ်ချသလို ဇာတိဖြစ်ရတာ၊ ဒီကမ္မဘဝ ဘယ်ကလာသလဲ၊ မေးလိုက်တော့ ဓွဲလမ်းမှု ကာမုပါဒါန်၊ ဒိဋ္ဌုပါဒါန်၊ သီလဗ္ဗတုပါဒါန်၊ အတ္တဝါဒုပါဒါန် ဆိုသော ဥပါဒါန်လေးပါးကြောင့် ဖြစ်ရခြင်း ဖြစ်သည်ကို သိမြင်လာသည်။ အရာရာ ကံကြောင့် ဖြစ်ရသည်ဟု ထင်ခဲ့သော အထင် မဟုတ်တော့ပြီ။ ကံက အဖျားပဲ။

http://www.dhammadownload.com



အဖျားကို အရင်းလုပ်ထားလျှင် ခက်သည်။ တဏှာဥပါဒန်ကြောင့် ကံဖြစ်ရသည်။ ဒါဆိုလျှင် တဏှာကကော ဘာကြောင့် ဖြစ်ရသလဲ။ ဝေဒနာကြောင့် ဖြစ်ရကြောင်း သိလာသည်။ ဝေဒနာဆိုတာသည် ဝေဒနာက္ခန္ဓာ ဒီကျမှ ခန္ဓာကို တွေ့တော့သည်။ ထို့ကြောင့် ကံကို ရိုးမယ်ဖွဲ့နေခြင်းသည် အရင်းသတ် မဟုတ်ဘဲ၊ အဖျားဖြတ် ဖြစ်နေသည်။ ကမ္မဝါဒီဒိဋ္ဌိလည်း ဆိုးသည်။ [နှာ-၄၃၅]

မြန်မာ ဗုဒ္ဓဘာသာဝင်တွေထဲမှာ ကမ္မဝါဒီဒိဋ္ဌိက များသည်။ အရင်း လက်သည်က ဝေဒနာ ဖြစ်နေသည်။ ဝေဒနာက ခန္ဓာဖြစ်သည်။ တစ်ခါ ဝေဒနာ ဘယ်က လာသလဲ၊ အရင်းစစ်လိုက်တော့ ဖဿက လာသည်။ ဖဿထဲမှာ ဝိညာဉ် ပေါ်သည်။ ဝိညာဏက္ခန္ဓာ ဖြစ်သည်။ ဝေဒနာနှင့်ဖဿသည် ခွဲ၍ မရသော သဟ ဇာပါတရား ဖြစ်သည်။ [နှာ-၄၃၆] တစ်ဖန် ဖဿကကော ဘယ်က လာသလဲ၊ ဆက်လိုက်ပြန်တော့ သဠာယတနကြောင့် ဖဿဖြစ်ရတာကို တွေ့ရသည်။ အာယ တနတွေကြောင့် ဖဿ ဖြစ်ရသည်။ အာယတနတွေ ဘာကြောင့် ပေါ်ရသလဲ ဆိုလျှင် နာမ်ရုပ်ကြောင့် ပေါ်ရသည်။ ပဋိလုံ အပြန်အားဖြင့် တွေးလိုက်တော့၊ နာမ်ရုပ်ရှိ၍ ဖြစ်ရသည်ကို တွေ့ရ၏။ ဒါကြောင့် နာမ်ရုပ်မရှိလျှင် အိုနာသေ မလာဘူးဟု ဆိုသည်။ [နှာ-၄၃၉]

နာမ်ရုပ် ဘာကြောင့် ဖြစ်ရသလဲဆိုတော့ ပစ္စုပ္ပန်ဘဝမှာ ဝိညာဉ်(ပဋိသန္ဓေ ဝိညာဉ်) ပေါ်၍ ဖြစ်သည်။ ဝိညာဉ်ရှိလို့ နာမ်ရုပ်ပေါ်သည်။ နာမ်ရုပ်ပေါ်၍ အိုသေ လာသည်။ ဝိညာဉ်နှင့် နာမ်ရုပ်၊ နာမ်ရုပ်နှင့် ဝိညာဉ် အပြန်အလှန် အညမည အကြောင်းအကျိုးတွေ ဖြစ်နေရသည်။ ဒါကြောင့် ဖဿမှာ ပေါ်သော ဝိညာဉ် ခြောက်မျိုး (စက္ခုဝိညာဏ်၊ သောတဝိညာဏ် စသည်)ကို ဖြစ်ပျက် ရှုလိုက်လျှင် ဝိညာဉ် ချုပ်လျှင် နာမ်ရုပ်ချုပ်ရတော့သည်။ [နှာ-၄၃၉] ဝိညာဉ်ကြောင့် နာမ်ရုပ်၊ နာမ်ရုပ်ကြောင့် ဝိညာဉ် အပြန်အလှန် ဖြစ်ရသည်။ အတူတူပင် ဖြစ်သည်(နဠ ကလာပီ သုတ်) ဝိညာဉ်နှင့် နာမ်ရုပ်သည် ကျူရိုးစည်း နှစ်စည်းကို ထောင်ထားသလို ပဲ ဖြစ်ကြောင်း တစ်ခုလဲလျှင် တစ်ခုလဲကြောင်း ဖော်ပြသည်။ [နှာ-၄၄၀]

ဝိညာဉ်ကို ပဋိသန္ဓေဝိညာဉ်၊ ပဝတ္တိဝိညာဉ်ဟု နှစ်ခု ခွဲလိုက်ရမည်။ ပစ္စုပ္ပန်မှာ ဘာစိတ်ပဲ ပေါ်ပေါ်၊ ပဝတ္တိဝိညာဉ်ဟု မှတ်ရမည်။ [နှာ-၄၄၀] ဝိညာဏ် (စိတ်) ကို ဖြစ်ပျက် ရှုတတ်လျှင် အိုသေဇာတ်သိမ်းကြောင်းလည်း ပြထားသည်။ ဝိညာဉ် နောက်က မင်္ဂလိုက်လိုက်လျှင် ဝေဒနာ၊ တဏှာ၊ ဥပါဒါန်၊ ကံ မလာနိုင်တော့ပါ။ [နှာ-၄၄၁] ဇာတိ ဇရာ မရဏလည်း မလာနိုင်တော့ပါ။

http://www.dhammadownload.com



ဝိညာဉ်ကို ဝိပဿနာ ရှုလျှင် စိတ္တာနုပဿနာ ဖြစ်ပြီ။ စိတ္တာနုပဿနာကို ရှုလျှင် အမြစ်ပြတ်ပြီဟု ဆိုသည်။ [နှာ-၄၄၂] ဝိညာဉ်တစ်ခုကိုပဲ ဖြစ်ပျက် ရှုလိုက်လျှင် ဝိညာဉ်ပြတ်သဖြင့် နာမ်ရုပ် ပြတ်တော့သည်။ စိတ္တာနုပဿနာသည် ဝိညာဏာနုပဿနာပင် ဖြစ်သည်။ ထိုနောက် စိတ္တာနုပဿနာ၏ အရေးပါမှုကို ဟောသည်။

ဖဿထဲ ပေါ်လာ ဝိညာဉ်ကို ဖြစ်ပျက်မြင်သော မဂ်က ဝေဒနာနှင့် တဏှာကြားမှာ ဝင်လိုက်သောကြောင့်၊ တဏှာလည်း မလာနိုင်ဘဲ ချုပ်သည်။ မဂ်သည် ဝိဇ္ဇာဖြစ်သောကြောင့် အဝိဇ္ဇာလည်း ချုပ်သည်။ ဒါကြောင့် အာသဝဝင်ရိုး ကျိုးပြီ။ ဒါဟာ သံသရာဝင်ရိုး ချိုးသော အလုပ်ဟု ဆိုသည်။ [နှာ-၄၄၇] ဝိညာဉ်တစ်ခုကို ရှုလိုက်လျှင် အကုန်ပါသွားသည်။ တရားရှုပွားသောအခါ ဒုက္ခသစ္စာ နောက်က မဂ္ဂသစ္စာ လိုက်ရမည်။

ပြီးမှ ပဋိစ္စသမုပ္ပါဒ် စက်ဝိုင်းထဲမှာ ဒုက္ခသစ္စာ အကွက် နောက်က မဂ္ဂသစ္စာကို ဘာကြောင့် ထည့်မရေးရသလဲ ဆိုသည်ကို ရှင်းပြထားသည်။ [နှာ-၄၄၈] သံသရာ ခရီးစဉ်ကို ပြချင်၍ ထည့်မရေးဟု ဖော်ပြထားသည်။ ထို့နောက် သံသရာပြတ်ရေး ကိစ္စမှာ သိရုံကလေးနှင့် မပြီးကြောင်း ပွားမှပြတ်ကြောင်းကို ဟောသည်။ [နှာ-၄၅၁] ကိုယ်တိုင်ပွားမှသာ ကိုယ့်သန္တာန်မှာ မဂ်ရောက်မည်ဟု ဆိုသည်။ [နှာ-၄၅၂] မဂ်မရောက်သမျှ ကံမြောက်နေသည်။ ကံတွေကို တဏှာက စုဆောင်းထားသည်။ ကမ္မသမင်္ဂီဆိုတာ ကံကို ထိန်းသိမ်းထားသော ပုဂ္ဂိုလ်ဟု ဆိုလိုသည်။ [နှာ-၄၅၃] ပုထုဇဉ်သည် ကံကို သိမ်းဆည်းထားသူ ဖြစ်သည်။ တဏှာရှိတော့ ကံက အဟောသိကံ မဖြစ်ဘူးဟု ဆိုသည်။ တဏှာကုန်မှ အဟောသိကံ ဖြစ်သည်။ တဏှာ ဥပါဒါန် ကံ အားလုံး သမုဒယသစ္စာချည်း ဖြစ်သည်။ သမုဒယသစ္စာကို ပယ်လိုက်မှ တဏှာကို ပယ်နိုင်သည်။

ထို့နောက် ဝိပဿနာ ရှုသောအခါ ပစ္စုပ္ပန် တည့်အောင်ရှုဖို့ မှာသည်။ [နှာ-၄၅၇] ခုပေါ်သော တရားကို ခုမဂ်နှင့် ရှုရမည်။ ကံဖြတ်သည် ဆိုခြင်းမှာ ကံကို တိုက်ရိုက်ဖြတ်ခြင်း မဟုတ်။ တဏှာကို ဖြတ်လိုက်ခြင်း ဖြစ်သည်။ တဏှာပြတ်လျှင် ကံပြတ်သည်။ [နှာ-၄၅၈] ထို့နောက် လောကန္တိ ဒုက္ခသစ္စာ လောကဆိုတာ ဒုက္ခသစ္စာ ဖြစ်သည်။ လောကဿအန္တံ လောကဆုံးမှ နိဗ္ဗာန်ရောက်သည်။ [နှာ-၄၅၉] ခန္ဓာသိမ်းမှ နိဗ္ဗာန်ရောက်ပုံကို ဟောသည်။ [နှာ-၄၆၁] အိုနာသေဘေး မကြောက်နှင့် ဝိညာဉ်ကို မသိမှာ ကြောက်ဟု ဆိုသည်။ စိတ်(ဝိညာဏ်)ကို သိမှ ခန္ဓာအဆုံးကို မြင်ကြောင်း ရှင်းထားသည်။

http://www.dhammadownload.com



ဤတရားတွင် စိတ်ကို ဝိပဿနာ ရှုရေးကို အဓိကထား ဟောသည်။ ကိုယ့်စိတ် ကိုယ် ရှုတော့ အသေကို အရှင်နှင့် ရှုရသည်။ အသေကို အရှင်နှင့်ရှု ဆိုသည်မှာ ရှေ့စိတ်(ဖြစ်ပျက်)ကို နောက်စိတ်နှင့် သိအောင် မင်ဖြစ်အောင်ရှုဟု ဆိုသည်။ ရှေ့စိတ်က အသေ၊ နောက်စိတ်က အရှင် ဖြစ်သည်။ [နှာ-၄၆၇] ဆရာတော်က ရှေ့စိတ်ကို နောက်စိတ်နှင့် ရှုဖို့ကို စကားအမျိုးမျိုးနှင့် ဟောနေသည်ဟု ဆိုသည်။ [နှာ-၄၆၈] ရှေ့က ဖြစ်ပျက်၊ နောက်က မင်ဖြစ်နေပါစေ၊ ကိလေသာ ကြားမခိုပါစေနှင့်၊ ကြားမထိုးခဲ့သော် တရားထူးကို ခုနစ်ရက်တည်းနှင့် ရမည်ဟု ဆိုသည်။ ဖြစ်ပျက်နှင့်မင် ကိုက်ရမည်။ ဟေဝိပဿီကော နောက်က သန္တိဋ္ဌိကော ချက်ချင်း လိုက်ရမည် အချိန်စေ့၍ တရားနားသည်။

*

## ၁၂။ လောဘ ဒေါသ မောဟ ချုပ်ကြောင်း

[၂-၁၀-၆၂ နေ့က အမရပူရမြို့ မင်္ဂလာတိုက်ဟောင်းမှာ ဟောသောတရား]

တရားနှလုံးသွင်းကြပါ ဆို၍ ဤတရားကို စတင် ဟောကြားလေသည်။ တရားက ဘုန်းကြီး မဟောခင်ကတည်းက ရှိနေသည်။ တရားနာနေတာသည် ခန္ဓာငါးပါးနှင့် နာနေတာ ဖြစ်သည်။ တရားနှလုံးသွင်းပါ ဆိုသည်မှာ ခန္ဓာကို ကြည့်ပါဟု ဆိုခြင်း ဖြစ်သည်။ ခန္ဓာသည်ပင် တရားဖြစ်သည်။ [နှာ-၄၇၃] ခန္ဓာက စိတ်တွေ ဝေဒနာတွေ ပေါ်ပြမည်။ ခန္ဓာသည် ဒုက္ခသစ္စာ ဖြစ်သောကြောင့် ခန္ဓာထဲ ဘာပဲပေါ်ပေါ် ဒုက္ခသစ္စာ ပေါ်သည်ဟု မှတ်ရမည်။ 'သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာပိ ဒုက္ခာ' အကျဉ်းအားဖြင့် ဥပါဒါန် အစွဲကို ဖြစ်စေသော ခန္ဓာအားလုံး ဒုက္ခချည်းပဲ ဖြစ်သည်။ [နှာ-၄၇၀]

ခန္ဓာက ဒုက္ခသစ္စာ၊ တွေ့အောင် ရှာနိုင်သော ဉာဏ်က မဂ္ဂသစ္စာ ဖြစ်သည်။ ဒုက္ခနောက်က မဂ္ဂလိုက်နေသည့်အတွက် တဏှာ မလာတော့ပါ။ သောကပရိဒေဝလည်း မလာတော့ပါ။ ဤတစ်ချက်ကို သိလျှင် လောဘ၊ ဒေါသ၊ မောဟ အကုန်ချုပ်ပြီး သေပျော်ပြီဟု ဆိုသည်။ [နှာ-၄၇၈] ခန္ဓာက ဒုက္ခသစ္စာ၊ ခန္ဓာမှာ ပေါ်သော ဒုက္ခဝေဒနာသည် ဒုက္ခပင်က ဒုက္ခအသီးသီးတာ ဖြစ်သည်ဟု ဆိုသည်။ ခန္ဓာက ဒုက္ခသစ္စာ ဖြစ်သောကြောင့် ခန္ဓာမှာ ဘာပဲ ပေါ်ပေါ် ဒုက္ခချုပ်ပဲဟု မှတ်ရမည်။ ခန္ဓာမှာ ဘာပေါ်ပေါ်၊ ဒုက္ခပေါ်ပြီး ဒုက္ခပျက်ချည်းပဲသာ မှတ်ပါ။ [နှာ-၄၈၃]

http://www.dhammadownload.com



ခန္ဓာက အသုဘကောင်ကြီး ဒါကြောင့် ခန္ဓာက ပေါ်လာသမျှ အသုဘချည်းပဲ ဖြစ်သည်။ ခန္ဓာမှာ ဘာပေါ်ပေါ် ပေါ်တိုင်း မသိလျှင် အဝိဇ္ဇာ၊ ပေါ်တိုင်းသိလျှင် ဝိဇ္ဇာ(မဂ္ဂသစ္စာ) ဖြစ်သည်။ [နာ–၄၈၅] ပေါ်တိုင်းသိမှ နိဗ္ဗာန်ရသည်။ ဆုတောင်း မနေနှင့် ဆုတောင်းရုံနှင့် နိဗ္ဗာန် မရပါ။ ဒုက္ခကို သိမှ မင်္ဂဉာဏ်ဖိုလ်ဉာဏ် ပေါ်သည်။

သစ္စာရှာ(တရားရှာ) ခန္ဓာမှာပဲ တွေ့ရသည်။ [နာ–၄၈၈] မဂ်သည် ဒုက္ခသစ္စာကို ရှာသောအလုပ် ဖြစ်သည်။ ဒေါသဖြစ်လျှင် နောက်က မဂ်လိုက်ပါက ဒေါမနဿ မလာတော့ပါ။ ဒေါသ ချုပ်သွားသည်။ အပါယ်တံခါး ပိတ်တယ် ဆိုတာ ဒေါသ မလာတာကို ဆိုတာဟုလည်း ဟောသည်။ [နာ–၄၉၁]

ဒုက္ခတွေ့၍ ဒုက္ခက လွတ်ချင်စိတ်(လောဘ) ပေါ်လျှင် ထိုစိတ်ကို ရှုလိုက် ပါက လောဘချုပ်သွားသည်။ မဂ္ဂသစ္စာ ဆိုတာက ဝိဇ္ဇာနှင့် သိသောကြောင့် အဝိဇ္ဇာ ချုပ်ပါသည်။ မောဟ သေပြန်ပြီ။ [နာ–၄၉၃] ခန္ဓာမှာ ပေါ်သော ပူအိုက်မှု၊ ဒုက္ခကလေး တစ်ခုကို ဖြစ်ပျက် ရှုတတ်လျှင် လောဘ၊ ဒေါသ၊ မောဟတွေ သေသည်။ [နာ–၄၉၁] လောဘဖြင့် သေလျှင် ပြိတ္တာ၊ ဒေါသဖြင့် သေလျှင် ငရဲ၊ မောဟဖြင့် သေလျှင် တိရစ္ဆာန်ဘုံကို ရောက်ရသည်။

ကုသိုလ်စိတ်ကလေးတွေ ပေါ်လာလျှင်လည်း သစ္စာနှင့် ရှုလိုက်တော့ ဒုက္ခ သစ္စာချည်းပင် ဖြစ်၏။ ဒါကြောင့် ကုသိုလ်စိတ်ကိုလည်း ဖြစ်ပျက် ရှုရမည်။ (ဝီတရာဂံဝါ စိတ္တံ၊ ဝီတရာဂ စိတ္တန္တိ ပဇာနာတိ) ခန္ဓာမှာ ပေါ်သမျှ ဒုက္ခသစ္စာချည်းပဲ ဟု ရှုပါ၊ မဂ်မျက်လုံးပေါ်တော့ စက္ခုံဥဒပါဒိ ဖြစ်၏။ မဂ်မျက်လုံးရမှသာ လောဘ၊ ဒေါသ၊ မောဟ ကင်းသည်။ အမေ မိဖပေးတာက ဝေယျာဝစ္စ သီလမျက်လုံး၊ ဆရာသမား ပေးတာကမှ ပညာမျက်လုံး ဖြစ်သည်။ ထိုမျက်လုံး ရမှသာ သံသရာ ရေသောက်မြစ် ပြတ်သည်။ [နာ–၅၀၁] သမုဒယ ချုပ်၍ ဒုက္ခသိမ်းသည်။ [နာ–၅၀၂] တောင်တွေးမြောက်တွေး အတွေးတွေ ပေါ်လာလျှင်လည်း ပေါ်လာ သော အတွေးများကို ဖြစ်ပျက် ရှုရမည်။ တွေးလုံးကလေးက မဂ် ဖြစ်သွားသည်။

ပြီးမှ ဝတ္ထုသက်သေ ထုတ်ပြသည်။ ဝဇီရာဘိက္ခုနီမ အကြောင်း ဖြစ်သည်။ ဝဇီရာဘိက္ခုနီမ တရားအားထုတ်နေသော အန္ဓဝန်တောကို သွားပြီး မာရ်နတ်က တရားစမ်းသည်။ သူက 'ကေနာယံ ပကတော သတ္တော' အစရှိသော ဂါထာကို ရွတ်ပြီး၊ သတ္တဝါကို ဘယ်သူ ပြုလုပ်သလဲဟု မေးသည်။ (ကုဝံ သတ္တဿ ကောရ ကော) ဘာကြောင့် သတ္တဝါတွေ ဖြစ်လာသလဲ၊ ဘာကြောင့် သတ္တဝါ ချုပ်သွားသလဲ စသည်ဖြင့် မေးသည်။ ဝဇီရာ ရဟန္တာထေရီမက မာရ်နတ် သူ့ကို သမာဓိစမ်းမှန်း

http://www.dhammadownload.com



ပညာပျက်အောင် လုပ်မှန်း သိသွားသည်။ ဝဇိရာရဟန္တာမက သတ္တဝါမှ မရှိဘဲ ဘာကြောင့် သတ္တဝါဆိုပြီး မေးနေရသလဲဟု မေးသည်။ မာရ်နတ် ဒိဋ္ဌိစွဲနေပုံကို ဖော်ပြသည်။

ခန္ဓာငါးပါးသည် ဒုက္ခသစ္စာတရားသာ ဖြစ်၏ဟု ဆိုသည်။ (သဂါထာဝဂ္ဂ သံယုတ်ပါဠိတော် ဘိက္ခုနီသံယုတ်) ခန္ဓာထဲ ဘာပေါ်ပေါ် ဒုက္ခချည်းသာ ဖြစ်ကြောင်း ဘိက္ခုနီမက မာရ်နတ်ကို ဟောသည်။ [နာ-၅၁၃] ဒုက္ခမှတစ်ပါး ခန္ဓာထဲမှာ ဘာမျှ မရှိကြောင်း ဟောသည်။ [နာ-၅၀၈] ဖြစ်ပျက်ကို မြင်အောင် ကြည့်တတ်လျှင် လောကီမဂ် ဖြစ်သည်။ မုန်းအောင် ရှုလျှင် နိဗ္ဗိန္ဒာဉာဏ် လောကီမဂ် ဖြစ်သည်။ ဖြစ်ပျက်ဆုံးအောင် ကြည့်လျှင် ဒုက္ခပျောက်၊ ခန္ဓာပျောက် နိဗ္ဗာန်ပေါ်သည်။ ထိုအခါ ဉာဏ်က ဒုက္ခပျောက်သော နေရာကို မျက်မှောက်ပြုသွားသည်။ [နာ-၅၁၉] ဤကား တရား နှလုံးသွင်းပုံ ဖြစ်သည်။ အချိန်စေ့၍ တရားနားသည်။

*

## ၁၃။ ယမမင်းစစ်ခန်း

[ရက်စွဲမပါ အမရပူရမြို့ မင်္ဂလာတိုက်ဟောင်းမှာ ဟောသောတရား]

ဤတရားသည် ဘုရားတစ်ဆူ ပွင့်မှ တစ်ခါ ဟောသောတရားဟု မှတ်ပါ ဆိုပြီး အစချီထားသည်။ ကြားရခဲသော တရား အရေးကြီးသော တရားဖြစ်သည်။ အရိယာတို့၏ အလုပ်ကို မမေ့ဖို့ ဟောသောတရား ဖြစ်၏။ ခန္ဓာကိုယ်ကို ဉာဏ်လှည့် ရမည်။ ခန္ဓာဉာဏ် လှည့်ရာမှာ ပုထုဇဉ်သည် အနိစ္စပဲ၊ ဒုက္ခပဲ၊ အနတ္တပဲဆိုသောဘက် ကို မလှည့်၊ ရုပ်လည်း ငါ၊ ဝေဒနာလည်း ငါ၊ သညာလည်း ငါ ဆိုသော သက္ကာယ ဒိဋ္ဌိဘက်ပဲ လှည့်သည်။ ဒိဋ္ဌိနှင့် မလှည့်ဘဲ ဉာဏ်နှင့် ခန္ဓာကို လှည့်ပါဟုဆိုသည်။ [နာ-၅၂၄] လူတွေ နေ့တိုင်း ခန္ဓာဘက်ကို လှည့်ပါ၏။ သို့သော် တဏှာနှင့်သာ လှည့်နေကြသည်။ ဒိဋ္ဌိနှင့်သာ လှည့်နေကြသည်။ အပါယ်သွားမလို့ ဧည့်ခံနေကြ တာဟု ထူးထူးခြားခြား စကားသားပါ ဟောသည်။ [နာ-၅၃၀]

ရိုးရိုး စီးပွားရှာနေတာ သီလနှင့် ကြည့်လျှင် အပြစ် မရှိဘူး။ ဝိပဿနာနှင့် ကြည့်မှ တဏှာဒိဋ္ဌိ ပါနေလို့ အပြစ်ရှိသည် ဆို၏။ [နာ-၅၃၃] ငါကိုယ်ဟူသော အစွဲကို မဖြုတ်နိုင်သရွေ့ ဒိဋ္ဌိလာမည်။ စီးပွားရှာတော့ ငါစားဖို့၊ ငါ့သားသမီး စားဖို့၊ ဝတ်ဖို့ ဆိုတာကြောင့် ဒိဋ္ဌိ ဦးစီးသော ကံတွေ ဖြစ်နေသည်။ [နာ-၅၃၇] ဒီနေရာမှာ ဉာဏ်ဝင်လိုက်မှ တစ်ချက်တည်း ပြီးပါသည်။ အရိယာဓမ္မကသာ

http://www.dhammadownload.com



ပဋိစ္စသမုပ္ပာဒ်ကို ဖြတ်နိုင်သည်။ အရိယာမဂ္ဂက ဒိဋ္ဌိကိုရော၊ တဏှာကိုရော ဖြတ်သည်၊ ပယ်သည်။ [နှာ-၅၄၈] တရားမဂ္ဂ ရဖို့ ကြိုးစားကြ၊ အချိန်မီသေးသည်။ ထို့ကြောင့် ဝမ်းသာသည်ဟု မိန့်ထားသည်။ [နှာ-၅၄၉]

ဘုရားတစ်ဆူမှ အရိယာမဂ္ဂ တစ်ခါပေါ်သည်။ ဝတ္ထုကြောင်းကို ပြသည်။ မြတ်စွာဘုရား သာဝတ္ထိပြည် ဇေတဝန်ကျောင်းမှာ သီတင်းသုံးစဉ်က ဟောသည်။ [နှာ-၅၅၀] သဗ္ဗညုတဉာဏ်ဖြင့် ကြည့်လိုက်သောအခါ သတ္တဝါတွေ အရိယာမဂ္ဂကို မသိ၍ အပါယ်သွားနေကြရတာ အလွန်များပုံကို ပြသည်။ ယမမင်းဆီကို ရောက်သွားကြသည်။ လူ့ပြည်က သေသူများ အပါယ်ငရဲမှာ ဘွားခနဲ ပေါ်ကြသည်။ ထိုသူများကို ယမမင်းကြီးက ထုံးစံအတိုင်း စစ်သည်။ ပုထုဇဉ် အရိယာမဂ္ဂကို မေ့လျော့နေပုံကို ယမမင်း စစ်၍ ပေါ်လာပုံကို ပြသည်။ ပုထုဇဉ် အိုတာ နာတာ မြင်သည်။ ဒုက္ခမှန်း မသိ၊ မသေရာ မနာရာ ရှာရမှန်း မသိ မေ့နေသည်။ (ဒေဝဒူတသုတ် ဖြစ်သည်) မေ့ပြစ်က အလွန် ကြီးမားသည်။ မေ့သဖြင့် အပါယ်လေးပါးသို့ သွားတတ်သည်။ မမေ့သော သတိပဋ္ဌာန် အလုပ်ကို လုပ်မှ စိုးရိမ်ကင်းတော့သည်။ ဖြစ်ပျက်တစ်ချက် မြင်လျှင် ကျွတ်တန်းဝင်ပြီဟု ဆိုသည်။ [နှာ-၅၇၃]

ထို့နောက် မေ့ပြစ်သင့်၍ ငရဲ၌ ကျခံရပုံကို ကြောက်လန့်အောင် သရုပ်ဖော် ဟောကြားလေသည်။ [နှာ-၅၇၅] မေ့ခြင်းသည် အဝိဇ္ဇာမောဟ ဖြစ်သည်။ အရိယာမဂ္ဂတွေကို မမေ့မှု အရေးကြီးသည်။ ဖြစ်ပျက်မြင်ဖို့ အရေးကြီးသည်။ ငရဲဒုက္ခကြီးကျယ်ပုံကို ဟောပြီး၊ အပါယ်လေးပါး တံခါးပိတ်လျှင် တော်ပြီဟု မိန့်ဆိုသည်။ [နှာ-၅၇၈] ဤတွင် မေ့မှုကို မမေ့မှုဖြစ်အောင် အဝိဇ္ဇာကို ဝိဇ္ဇာဖြစ်အောင် လုပ်ဖို့ အရေးကြီးကြောင်းကို ဟောသည်။

အနိစ္စတစ်ချက် မြင်လျှင် ကိစ္စပြီးသည်။ ငရဲဒုက္ခ ကင်းသည်။ အနိစ္စကို မြင်လျှင် (ဖြစ်ပျက်ကို မြင်လျှင်) ဝိပဿနာမဂ်ဖြစ်တာ သေချာပြီဟု ဆိုသည်။ ထိုသို့ မြင်လျှင် **'စတုဟာ ပါယေဟိ ဝိပ္ပမုတ္တော'** အပါယ်လေးပါး တံခါးပိတ်ပြီ ဟူလို။ [နှာ-၅၇၉] ဒါကြောင့် ဖြစ်ပျက်မြင်အောင် လုပ်၍ဖို့ မမေ့ကြပါနှင့်ဟု သတိပေးသည်။ [နှာ-၅၈၀] ကြိုးစားကြစမ်းဟုလည်း တိုက်တွန်းတော်မူသည်။ [နှာ-၅၈၁]

မမေ့နှင့် ဆိုတာ ခန္ဓာကို မမေ့ဖို့ ပြောခြင်းဖြစ်သည်။ ခန္ဓာ၏ အနိစ္စကို မြင်အောင် ဝိပဿနာဉာဏ် တင်ပြီး ရှုဖို့ မမေ့နှင့်ဟု ဆိုလိုသည်။ [နှာ-၅၈၂] သတိပဋ္ဌာန်ဆိုတာ မမေ့တာပင် ဖြစ်ကြောင်း၊ မမေ့မလျော့မှုသာလျှင် မေ့ပြစ်ကို

http://www.dhammadownload.com



ကယ်တင်နိုင်ကြောင်းလည်း ဟောသည်။ မမေ့လျှင် မေ့တတ်သော အဝိဇ္ဇာချုပ်သည်။ အဝိဇ္ဇာချုပ်ပါက ဝိဇ္ဇာဖြစ်သည်။ ဝိဇ္ဇာဖြစ်လျှင် သခါ်ရလည်း လုပ်သည်။ [နာ-၅၈၄] အပါယ်ဘေးက ကယ်တင်နိုင်တာ အရိယာမဂ္ဂပဲ ရှိသည်။ အရိယာမဂ္ဂကိုက မမေ့ကြလျှင် အပါယ်ငရဲက လွတ်ပြီ။ မေ့လျှင် အပါယ်ငရဲသည် မိမိ အမြဲနေသော အိမ်ပဲဟု မှတ်ရမည်။ [နာ-၅၈၆] ဤတရားကို အလုပ် လုပ်မှရသည်။ [နာ-၅၈၇]

ထို့နောက် စိတ္တာနုပဿနာ ရှုဖို့ ဟောသည်။ ဝိပဿနာဆိုတာ အလွယ်ကလေးပါ။ ကိုယ့်စိတ်ကို ကိုယ်အကဲခတ် တတ်လျှင် ဝိပဿနာ ဖြစ်သည်ဟု မိန့်ဆိုသည်။ [နာ-၅၈၉] ဘာစိတ်ပေါ်ပေါ် သတိကပ်ပြီး အကဲခတ်လိုက်ပါ။ အကဲခတ်လိုက်လျှင် ထိုပေါ်သောစိတ် မရှိတော့ပြီကို သိမည်။ သိလျှင် မဂ္ဂဖြစ်ပြီ။ [နာ-၅၉၀] စိတ်ပေါ် စိတ်ရှု၊ မရှိတာတွေ့လျှင် အနိစ္စကို သိပြီ။ သိလျှင် ဝိဇ္ဇာဖြစ်ပြီ။ ဝိဇ္ဇာဖြစ်လျှင် ဒိဋ္ဌိချုပ်သည်။ တဏှာလည်း ချုပ်သည်။ [နာ-၅၉၁] အပါယ်ခန္ဓာ ဇာတ်သိမ်းပြီ။ ဝိဇ္ဇာ (ဖြစ်ပျက်သိသော ဉာဏ်)နှင့် အပါယ်ကြွေး ဆပ်လိုက်လျှင် ပြီးသည်။ [နာ-၅၉၂] ဝိဇ္ဇာတစ်လုံးနှင့် ကြွေးဆပ်လိုက်လျှင် ကြွေးတစ်သိန်း တင်တာ ဆားတစ်လျက်နှင့် ကျေသည်ဟု ဆိုသည်။ အချိန်စေ့၍ တရားနားသည်။

*

## ၁၄။ ရှင်ပြု အလှူနှင့်ရေစက်ချ

[၁၂-၁၀-၆၂ နေ့က အမရပူရမြို့ မင်္ဂလာတိုက်ဟောင်းမှာ ဟောသော တရား]

အလှူပေးတာ၊ အလှူခံပုဂ္ဂိုလ် လက်ထဲ ရောက်သွားတာပဲဆိုလျှင် လွဲကြောင်း စတင် ဟောကြားသည်။ သူများ ရလိုက်တာ မဟုတ်ဘူး ကိုယ်ရလိုက်တာ ဖြစ်ကြောင်း ရှင်းပြသည်။ ဤအယူအဆကို ပေါ်လွင်အောင် ဥပမာ ပြသည်။ အိမ်တစ်အိမ် မီးလောင်နေသည်။ ရပ်ကြည့်နေလျှင် အကုန် မီးထဲ ပါသွားမည်။ ရသလောက် ဆွဲထုတ်လျှင် မီးမလောင်ဘဲ ကျန်တာကို မိမိ ရသကဲ့သို့ပင် ဖြစ်သည်။ [နာ-၅၉၅]

ထိုနည်းတူစွာ ခန္ဓာကြီးက ဇာတိမီး၊ ရောမီး၊ ဗျာဒိမီး၊ မရဏမီး လောင်နေသည်။ ရာဇတောဝါ ဆိုသော မီး၊ စောရတောဝါ ဆိုသော မီး၊ မင်းဘေး၊ ခိုးသားဘေး မီးတွေ ဝိုင်းနေသည်။ ရန်သူမျိုးငါးပါးမီးတွေ လောင်နေသည်။ ဒါကြောင့် လှူခြင်း

http://www.dhammadownload.com



သည် မီးမလောင်သော နေရာကို အလှူရှင်က မီးလောင်မည့် ပစ္စည်းကို အလှူရှင်က ဆွဲထုတ်လိုက်သည်နှင့် တူကြောင်း ရှင်းပြထားသည်။ [နာ-၅၉၇] ဒါကြောင့် အလှူပေးတာသည် သူများ ရတာလား၊ ကိုယ် ရတာလား၊ စဉ်းစားသင့်ပုံကို ဟောသည်။ ကိလေသာမီးက ဆယ့်တစ်ပါး၊ ထိုမီးများက အမြဲ လောင်နေသည်။ ပစ္စည်းကလည်း ရေ၊ မီး၊ မင်း၊ ခိုးသူ၊ မနှစ်သက်သူ စသော မီးလောင်၍ ပျက်စီး ဆုံးရှုံးနိုင်သည်။ ဒီပစ္စည်းတွေကို မိမိဘာသာ သုံးဖြုန်း ပစ်လိုက်လျှင်လည်း မီးလောင် သွားသည်နှင့် တူသည်။ [နာ-၆၀၁] ဤပစ္စည်းများကို သံဃာတော် အရှင်မြတ်များကို လှူလိုက်ပါက အလှူခံပုဂ္ဂိုလ်မှာ ပစ္စည်းသာ ရသည်။ သူတော်ကောင်းတရား ကို မရ၊ အလှူရှင်ကသာ အရိယာဓမ္မကို ရကြောင်း ရှင်းပြထားသည်။ [နာ-၆၀၂] အလှူပေးသော ပုဂ္ဂိုလ်မှာ သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ၊ ပညာ သူတော် ကောင်း ရတနာတွေကို ရသည်။ ယနေ့ ဆရာတော်က ဒါနနှင့် ပတ်သက်၍ ဉာဏ်မျက်စိ ဖွင့်ပေးလိုက်သည်။

ဉာဏ်မျက်စိ ပွင့်သွားပါက အကွဲလွဲကြီး လွဲချော်နေပုံကို မြင်ရနိုင်သည်။ [နာ-၆၀၃] လူတွေကြားမှာ မင်းအလှူ ဘယ်လောက် ကုန်သလဲ မေးနေတာ လွဲနေ သည်။ မင်းအလှူ ဘယ်လောက်ရသလဲ မေးသင့်ကြောင်းကို အမြင် ပြုပြင်၍ ဟောသည်။ [နာ-၆၀၄] မီးထဲက ဆွဲထုတ်လို့ ဘယ်လောက်ရလိုက်သလဲဟု မေးသင့်သည်။ ဤတွင် ဒါန မီးထဲက ဆွဲထုတ်ပုံ နှစ်မျိုးရှိသည်။ နိဗ္ဗာန် ရတနာ မြတ်ကြီးကို လိုချင်၍ ဆွဲထုတ်ပုံက တစ်မျိုး၊ လူ့ပြည်နတ်ပြည် ရောက်ချင်၍ ဆွဲထုတ်တာက တစ်မျိုးရှိကြောင်း ခွဲခြားပြသည်။ [နာ-၆၀၄]

ဤတွင် ဆွဲထုတ်ဖို့ တတ်ဦးမှ ဖြစ်သည်။ မီးလောင်နေတုန်း စဉ့်အိုးတွေကို ဆွဲထုတ်နေလျှင် အလကား ဖြစ်ပုံကို ပြသည်။ နိဗ္ဗာန်ရောက်ကြောင်း၊ ရတနာ ကောင်းတွေကို ဆွဲထုတ်တတ်မှ အကျိုးရကြောင်းကို ပြသည်။ လူ့ပြည်နတ်ပြည် ရောက်ကြောင်း ရည်ရွယ်ပြီး ဆွဲထုတ်ပါက ရောက်ရာဌာန မီးကူးပြီး လောင်ဦးမည် ဖြစ်သည်။ [နာ-၆၀၅] ဤတွင် ဒါနပြုရာမှာ ကုန်တာနှင့်ရတာကို ဝေဖန်တတ် ရမည်။ နောက် ဆွဲထုတ်နည်း မှန်အောင်လုပ်တတ်ဖို့ နားလည်ရမည်ဟု ပိုင်းခြား၍ ဟောသည်။ ဒါကြောင့် ဆွဲထုတ်သော အမှု၊ ဒါနကို ပြုကြရာမှာ မဂ္ဂင်ထိုက်သော ဒါနကို ပြုတတ်ဖို့ ဆုံးမသည်။

အလှူပေးသော အလုပ်မှာ ဉာဏ်ပါဖို့ အလွန် အရေးကြီးသည်။ နိဗ္ဗာန်ကို ရည်မှန်းပြီး လှူမှသာ ကိလေသာလောင်မီး ကင်းရာကို ရောက်သည်။ နောက်ထပ်

http://www.dhammadownload.com



မီးမလောင်ရာသို့ ရောက်သည်။ ပုထုဇဉ် အကန်းပြသလို လူပြည်နတ်ပြည် ရည်မှန်းပြီး လှူပါက မီးလောင်ရာ မီးကူးရာသို့ ပစ္စည်းဆွဲထုတ်သည်နှင့် တူပုံကို နားလည်အောင် ရှင်းပြသည်။ [နှာ-၆၀၈] ထို့ကြောင့် အလှူပြုတာမှာ မီးထဲက ပစ္စည်းကို အမြင်မှန်နှင့် ဆွဲထုတ်တတ်ဖို့ အရေးကြီးပါသည်။ [နှာ-၆၀၉] ကိုးကားသော ပါဠိတော်မှာ **'အာဒိတ္တသ္မိံ ယံ နိဟရတိ ဘာဇနံ၊ တံတဿဟောတိ၊ အတ္တာယနော၊ စယံ တတ္ထဍ ယှတိ'** ဖြစ်သည်။

အကြင် မီးလောင်နေသော အိမ်မှ အဖိုးတန် ပစ္စည်းကို ထုတ်ဆောင်၏ ထိုထုတ်ဆောင်သော ပစ္စည်းသည် ထိုသယ်ယူသော ပုဂ္ဂိုလ်၏ အကျိုးငှာသာလျှင် ဖြစ်၏။ (သံယုတ်ပါဠိတော်) ဖြစ်ကြောင်း ဟောသည်။ [နှာ-၆၁၁] ဒါကြောင့် ယနေ့ အလှူပွဲကြီးသည် မီးလောင်ရာက ဆွဲထုတ်သော အလှူဖြစ်ကြောင်း ပြသည်။ [နှာ-၆၁၂] ဒါကြောင့် လှူသောအခါ သဒ္ဓါနောက်က ပညာလိုက်ပြီး ဒုက္ခသစ္စာကို ငြီးငွေ့ မုန်းတီးပါသဖြင့် မဂ်ဉာဏ်ဖိုလ်ဉာဏ်ကို ရပါစေခြင်း အကျိုးငှာ လှူသည်ဟု နှလုံးသွင်းသင့်ပုံကို ဟောသည်။ [နှာ-၆၁၇]

ဒုက္ခကို မလိုချင်၍ လှူသည်ဟု သဘောထားရမည်။ ဒုက္ခကို ကြောက်မှ၊ မုန်းမှ နိဗ္ဗာန်ကို ရသည်။ [နှာ-၆၂၄] သံသရာ ပြတ်ချင်သော ဉာဏ်ဖြင့် လှူတတ်ဖို့ အရေးကြီးသည်။ ဤသို့ ဟောကြားပြီးမှ ရေစက်ချတရားကို ဟောသည်။ ရေစက်ချတရား ဟောပြီးနောက် တရားသိမ်းသည်။

၀

ဤတွင် အလုပ်စဉ်တရား စာအုပ်အမှတ်(၁၆) ပြီး၏။

http://www.dhammadownload.com

အနှစ်ချုပ်

# မိုးကုတ်ဝိပဿနာအလုပ်စဥ်တရား

စာအုပ်အမှတ်(၁၆)

http://www.dhammadownload.com

http://www.dhammadownload.com

## မိုးကုတ်ဝိပဿနာ အလုပ်စဉ်တရား စာအုပ်အမှတ်(၁၆)

**နိဒါန်း**

မိုးကုတ်ဆရာတော်ဘုရားကြီးသည် ဒကာ၊ ဒကာမများ လှူဒါန်းပြီး နိဗ္ဗာန်ကို ရလိုကြောင်း ဆုတောင်းနေကြသည်ကို မကြာခဏ ဝေဖန်ပြစ်တင်လေ့ ရှိသည်။ နိဗ္ဗာန်သည် ဆုတောင်း၍ ရအပ်သော အရာမဟုတ်ကြောင်း ဟောသည်။ အမှားတွေကို အရင် ပြုပြင်ရန် တိုက်တွန်းသည်။ ဝိပ္ပလ္လာသ ၁၂ မျိုး ပျောက်အောင် အရင် လုပ်ကြဦးဟု တိုက်တွန်းထားသည်။

ထို့နောက် ဆရာကြီးဦးသံဒိုင်က အမှားအကြောင်းကို စူးစမ်းထားသည်။ အမှတ်မှား၊ အသိမှား၊ အယူမှား ဝိပ္ပလ္လာသ တရားသုံးပါးကို ပြသည်။ ဘယ်လိုမှားသလဲ၊ အနိစ္စကို နိစ္စ၊ ဒုက္ခကို သုခ၊ အနတ္တကို အတ္တ၊ အသုဘကို သုဘဟု အမှတ်မှား၊ အသိမှား၊ အယူမှားကြပုံကို ပြသည်။ ဤအမှားတော်ပုံ ၁၂ မျိုးကြောင့် သတ္တဝါတွေ အပါယ်သို့ ပရမ်းပတာ ကျနေကြရသည်။ လူတစ်သိန်း သေ၍ တစ်ယောက်ပင် သုဂတိသို့ မရောက်ကြဟု ဘုရားဟောသည်။ လူတွေ အပါယ် ဒုဂ္ဂတိဘေးမှ လွတ်အောင် ကယ်ယူမည်ဆိုလျှင် **သတ္တနဝါဒ**ဘေးမှ ကယ်တင်ရမည်။ ဒါကြောင့် ဒိဋ္ဌိပြုတ်တရားကို အဓိကထား၍ ပဋိစ္စသမုပ္ပါဒ်နှင့် လည်းကောင်း၊ သစ္စာနှင့် လည်းကောင်း ဟပ်၍ ဟောရမည်။

ဤအမှတ်စဉ်(၁၆) စာအုပ်တွင် ဝိပ္ပလ္လာသ ခေါ်သော အမှား ၁၂ ပါး တရားကို အဓိကထား၍ ဟောသည်။ ဒိဋ္ဌိပြုတ်ရေးပင် ဖြစ်၏။ ဤအမှား ၁၂ ပါး ဝိပ္ပလ္လာသတရားကား မြင့်မားစွာ ကာဆိုင်းထားသော တံတိုင်းကြီးနှင့် တူသည်။

http://www.dhammadownload.com



ကျော်ဖြတ်သွားရန် မလွယ်ပုံကို ပြသည်။ ဝိပ္ပလ္လာသဆိုသော အမှတ်မှားမှု၊ အသိမှားမှု၊ အယုံမှားမှုကြောင့် တဏှာဖြစ်ရသည်။ သားမို့ ခင်သည်၊ လင်မို့ အားကိုးသည် ဆိုခြင်းမှာ အခင်မှား၊ အားကိုးမှားခြင်း ဖြစ်သည်။ အခင်မှား၊ အားကိုးမှားလျှင် စွဲလမ်းမှား၊ ပြုလုပ်မှား၊ အရမှား ဖြစ်ရသည်။ ကမ္မဘဝ ပစ္စယာ ဇာတိ– အပါယ်ဇာတိ ရတော့သည်။ ဤအမှားတော်ပုံကြောင့် ယခုဘဝကနေပြီး အပါယ်သွားမည့်ကံတွေကို စုဆောင်း ရယူနေခြင်း ဖြစ်သည်။

သောတာပန်ဖြစ်မှ ဤအမှားသံသရာက ထွက်နိုင်မည် ဖြစ်သည်။ သောတာပန် ဖြစ်ပြီဆိုပါက ဒိဋ္ဌိဝိပ္ပလ္လာသက ကွင်းလုံးကျွတ် လွတ်ပြီ။ ထိုသို့ ကွင်းလုံးကျွတ်ရန် မဂ္ဂင်အလုပ်၊ ဗောဓိဇ္ဈင်အလုပ်ကို လုပ်ရမည်။ ဗောဇ္ဈင်ဆိုသည်မှာ မဂ္ဂင်တရားပင် ဖြစ်သည်။ ဗောဇ္ဈင်သည် အလုပ်တရား ဖြစ်၏။

ဤတွင် ဦးသံဒိုင်က သုဗြဟ္မာနတ်သားဝတ္ထုကို ထုတ်ပြထားသည်။ နတ်သမီးတစ်ထောင် ခြံရံ၍ နတ်ဥယျာဉ်ထဲမှာ ပျော်ပါးနေစဉ် နတ်သမီး ငါးရာ နတ်သက်ကုန်ပြီး အပါယ်ငရဲသို့ ကျသွားလေသည်။ နတ်မျက်စိဖြင့် ကြည့်လိုက်သောအခါ ငရဲကျသွားသော နတ်သမီးများကို မြင်ရသည်။ မိမိနှင့် ကျန်သော နတ်သမီးများလည်း နောက်ခုနစ်ရက်ဆိုလျှင် ငရဲကျမည့် အရေးကိုပါ မြင်သည်။ ထိုဘေးမှ ကယ်တင်မည့်သူကို ရှာသည်။

လူ့ပြည်မှာ ဗုဒ္ဓဘုရား ပွင့်နေသည်။ ဘုရားထံသွားပြီး ကယ်တင်ရန် တောင်းပန်သည်။ ဘုရားက မဂ္ဂင်(ဗောဇ္ဈင်အကျင့်) မှတစ်ပါး ကယ်တင်နိုင်မည့် တရား မရှိကြောင်း ဟောလိုက်သည်။ နတ်သားသည် တရားနာရင်း ဒေသနာ အစဉ်လိုက်၍ ခန္ဓာကို ဉာဏ်လှည့်၍ ရှုသည်။ ဖြစ်ပျက်မြင်၊ ဖြစ်ပျက်မုန်းပြီး၊ ဖြစ်ပျက်ဆုံးကာ သောတာပတ္တိမဂ်၌ တည်သည်။ အပါယ်ဘေးမှ လွတ်သွားလေသည်။ နတ်သမီးငါးရာလည်း အသေမဦးမီ ဉာဏ်ဦး၍ အပါယ်ငရဲဘေးက လွတ်မြောက်ကြသည်။ သုဗြဟ္မာနတ်သားထုံးကို နှလုံးမှုပြီး မဂ္ဂင်အလုပ်ကို အားထုတ်သင့်ကြောင်း တိုက်တွန်းထားသည်။

အကြံကောင်းတုန်း၊ ဉာဏ်ကောင်းတုန်း၊ ကျန်းမာရေးကောင်းတုန်းမှာ ဝိပဿနာအလုပ်၊ သတိပဋ္ဌာန်အလုပ်ကို လုပ်ဖြစ်အောင် လုပ်သင့်ကြောင်း နှိုးဆော်သည်။ ယခုကာလသည် ဝိမုတ္တိယုဂ ဝိပဿနာခေတ်ကြီး ဖြစ်၏။ ဤတရားထွန်းကားတုန်းမှာ အားထုတ်မှသာ ဤတရားကို ရကြမည်။ ဆရာကြီးက ဖြစ်ပျက်မြင်မှ ဝိပဿနာဖြစ်ကြောင်း၊ စိတ်ချရကြော ်းကိုလည်း သတိပေးထားသည်။

http://www.dhammadownload.com



ဖြစ်ပျက်ဆိုရာမှာလည်း ပရမတ်ဖြစ်ပျက်၊ ခန္ဓာဖြစ်ပျက် ဖြစ်ရမည်။ ပညတ်ဖြစ်ပျက် မဖြစ်ရဟု ဆိုသည်။ ဤတွင် ဖြစ်ပျက် မရှုခင် ရုပ်နာမ်ကွဲဖို့ လိုကြောင်းကိုလည်း အလုပ်သဘော သိအောင် ဖော်ပြထားသည်။

ထို့ပြင် ဖြစ်ပျက်ကို မရှုခင် ဒိဋ္ဌိကို အသိနှင့် ပယ်ထားရဦးမည်။ ထိုသို့ ပယ်နိုင်ရန်မှာ ပဋိစ္စသမုပ္ပာဒ်ကို နားလည်မှုလည်း ဖြစ်သည့်အကြောင်းကို မှတ်သား ရ လွယ်အောင် နိဒါန်းသွယ်၍ ပြထားပါသည်။ ဆရာတော်ကြီးက ဝိပဿနာကို နောက်ထား၊ ဒိဋ္ဌိကို အရင်ဖြုတ်ဟု မှာကြားပုံကိုလည်း ထောက်ပြသည်။ ဤနိဒါန်း တွင် အောက်ပါအချက် ငါးချက်ကို အဓိက ထား၍ ဖော်ပြထားသည်။

(၁) ဝိပဿနာသည် ဖြစ်ပျက်ပါသော ဝိပဿနာ ဖြစ်ပါစေ။

(၂) ခန္ဓာအပေါ်၌သာ ဖြစ်ပျက် ရှုသော ဝိပဿနာ ဖြစ်ပါစေ။

(၃) ရုပ်နာမ်ကို ခွဲခြားတတ်ပါစေ။

(၄) ဒိဋ္ဌိဝိစိကိစ္ဆာကို အသိနှင့် ပယ်နိုင်ပါစေ။

(၅) ဒိဋ္ဌိကို ပယ်ရန်အတွက် ပဋိစ္စသမုပ္ပာဒ်ကို ပြတတ်သော ဆရာကို ဆည်းကပ်ပြီး သင်ယူနိုင်ပါစေဟူ၍ တိုက်တွန်းထားလေသည်။ ဤကား တရား အားထုတ်ပုံ အလုပ်စဉ်ကို အကျဉ်း ဖော်ပြခြင်း ဖြစ်ပါသည်။

*

## ၁။ ခန္ဓာငါးပါး သူသတ်ယောက်ျား

[၂၇-၇-၆၁ နေ့က အမရပူရမြို့ မင်္ဂလာတိုက်ဟောင်းမှာ ဟောသော ညအလုပ်ပေးတရား]

သံသရာမှာ အတူတူ ကျင်လည်ခဲ့ကြသူတွေ ဆွေမျိုးမတော်သူ မရှိကြောင်း ဘုန်းကြီးက ရဟန်း ဖြစ်ခဲ့၍ အသိဉာဏ်သာကြောင်း၊ ဒကာ ဒကာမတွေကတော့ တဏှာခိုင်းတာ လုပ်ရင်း အချိန်ကုန်နေရသဖြင့် အသိဉာဏ် မွဲနေကြောင်းဖြင့် ဝေဖန်၍ ဤတရားကို စ ဟောလေသည်။ အသိဉာဏ်မွဲနေခြင်းမှာ မသိမှု အဝိဇ္ဇာ တရားက ခြယ်လှယ်နေ၍ဖြစ်ကြောင်း ကိုယ့်အိမ်၊ ကိုယ့်ယာ၊ ကိုယ့်ဥစ္စာနှင့် မိသားစု နှင့် ပျော်ပျော်ရွှင်ရွှင် နေရတာကို အကျိုးကောင်းတယ် ထင်နေကြကြောင်း အဝိဇ္ဇာကြောင့် တဏှာနှင့် ပျော်နေတာကို အကျိုးပေး ကောင်းတယ် ထင်နေခြင်းမှာ ဉာဏ်အလင်း မရ၍ ဖြစ်သည်။ ယခု ဆရာတော်က သံသရာခရီး အတူ သွားခဲ့

http://www.dhammadownload.com



ကြသော ဆွေမျိုးများကို ဉာဏ်မျက်လုံး တပ်ပေးမည်ဟု ဆိုသည်။ [နှာ-၂] ဉာဏ်မျက်လုံး တပ်ပြီး ခန္ဓာဘက်ကို လှည့်ကြည့်ပြီး ကိုယ်လွဲနေ မှားနေသည် များကို ပြုပြင်မည်ဟု ဆုံးဖြတ်ချက် ချပါဟု မိန့်သည်။ [နှာ-၃]

အလွဲပြင်ပြီး အမှန်ရောက်မှသာ မဂ္ဂင်ဆိုက်တော့မည်ဟု ဆိုသည်။ မဂ္ဂင် ဆိုက်လျှင် ဘဝများစွာ သံသရာက ပါလာသော မိုက်ပြစ်တွေ၊ အပါယ်သွားမည့် ကံတွေအားလုံး အဟောသိကံ ဖြစ်ပြီ။ ကိလေသာကြွေးတွေက များသည်။ အားလုံး ကျေအောင် သစ္စာဉာဏ်နဲ့သာ ဆပ်နိုင်သည်။ အဝိဇ္ဇာရောဂါကို ဝိဇ္ဇာဆေးနှင့် ကုမှ ပျောက်ကင်းမည်။ ယနေ့ အဝိဇ္ဇာမျက်လုံးကို ဝိဇ္ဇာမျက်လုံးဖြစ်အောင် ပြောင်း ပေးမည်ဟု ဆိုသည်။ [နှာ-၄]

ပြီးမှ ပုထုဇဉ်တွေ မိုက်ပြစ်သင့်နေပုံကို ပဋိစ္စသမုပ္ပာဒ်ဖြင့် ဟပ်ပြီး ထင်ရှား အောင် ပြပြန်သည်။ မိဖများ အိပ်ရာက နိုးတော့ သားကို မြင်သည်။ မျက်လုံးနှင့် သားနှင့် တွေ့တော့ ဖဿဖြစ်သည်။ ဖဿဖြစ်တော့ ဝေဒနာ လာသည်။ သားကို မြင်၍ သားကို ခင်မှုပေါ်သည်။ သားကိုခင်တော့ သားကို လိုချင်သော ချစ်သော တဏှာက လာသည်။ ဒီသားကို မျက်ခြည်ပြတ် မခံနိုင်မှု ဥပါဒါန် လာပြန်သည်။ သားကို စွဲလမ်းမှုကြောင့် ကာယကံမြောက် ပွေ့ပိုက်မှုတွေ ဖြစ်လာသည်။ မျက်လုံး ပေါက်က ဖြစ်သော ပဋိစ္စသမုပ္ပာဒ် တန်းသွားပုံ ဖြစ်သည်။ [နှာ-၆]

ဒီအတိုင်းပဲ နားပေါက်က တန်းသော ပဋိစ္စသမုပ္ပာဒ်၊ နှာခေါင်းပေါက်၊ လျှာပေါက်၊ ကိုယ်ပေါက်၊ မနောပေါက်က တန်းသော ပဋိစ္စသမုပ္ပာဒ်များကို ပြသည်။ တစ်နေ့ တစ်နေ့မှာ အပါယ်သွားသော ကံတွေ မရေမတွက်နိုင်အောင် ဖြစ်ပေါ်နေပုံကို ပြသည်။ [နှာ-၈] သူများ ပစ္စည်းကို မခိုးဘဲ၊ မလိမ်ဘဲနှင့် ဤကံတွေ ဖြစ်နေကြရ သည်။ ကမ္မဘဝပစ္စယာဇာတိ ဆိုသောကြောင့် ဇာတိဆိုလျှင် ခန္ဓာငါးပါး ပေါ်ပြီဟု သိရမည်။ ဒါကြောင့် ဇာတိ မရောက်ခင်မှာ ကံတွေ ဘယ်လောက်များနေသလဲ ဆင်ခြင် ကြည့်သင့်သည်။ [နှာ-၉] ဒါက သတ္တဝါ၏ ဖြစ်စဉ်ပဲ ဖြစ်၏။ ကမ္မဘဝ ပစ္စယာ အပါယ်ဇာတိကို ချဉ်းသွားပြီသာ မှတ်ပါဟု ဆိုသည်။ [နှာ-၁၀]

ထို့ကြောင့် ကိုယ်မှာ အကျိုးပေးသန်တယ် ဆိုနေခြင်းသည် အပါယ် သွားသော ကံတွေချည်း သန်နေခြင်းပဲဟု မှတ်သင့်ကြောင်း ပြထားသည်။ ဤကံတွေ ကို ဒါန၊ သီလနှင့် ပယ်၍ မရပါ။ ဝိပဿနာမဂ်ဉာဏ် တစ်ခုတည်းဖြင့်သာ ပယ်၍ရသည်။ [နှာ-၁၁] ပဋိစ္စသမုပ္ပာဒ် ဖြတ်နည်းကို ဆရာသမားက မပေးလျှင် ကိုယ်ကျိုးနည်းပြီ၊ ဝိပဿနာက ခက်တယ်၊ မဂ်ရဖို့ကလည်း ခက်တယ်ဆိုရုံဖြင့်

http://www.dhammadownload.com



မပြီးပါ။ လုပ်ကြည့်ရမည်။ လုပ်ကြည့်မှ ခန္ဓာထဲမှာ အနိစ္စ ရှိသည်။ အနိစ္စ ရှိသည်ဟု သိလျှင် ဝိပဿနာမဂ် ဖြစ်ပြီ။ [နှာ–၁၄] ထိုအနိစ္စကို ဆက်ပြီး လိုက် လိုက်လျှင်၊ အနိစ္စ(ဖြစ်ပျက်) ဆုံးလျှင် မဂ်ဖြစ်ပြီ။ နိဗ္ဗာန်ဆိုတာ အဝေးကြီး မဟုတ်ပါ။

ဒီကံတွေ အဟောသိကံ ဖြစ်ချင်ရင် ဝိပဿနာ လုပ်ရမည်။ မဂ်ဉာဏ် ရအောင် လုပ်ရမည်။ ဝိပဿနာမဂ်နှင့် လောကုတ္တရာမဂ် ရအောင် လုပ်ရမည်။ [နှာ–၁၄] ဤတရားသည် ကံဖြတ်တရား ဖြစ်သည်။ သုဂတိပို့သော ကံလည်း ဇာတိ၊ ဇရာ၊ မရဏပဲ ရသည်။ အပါယ်ပို့သော ကံလည်း ဇာတိ၊ ဇရာ၊ မရဏ ဒုက္ခသစ္စာပဲ ရသည်။ [နှာ–၁၅] ဘယ်ကံ ကြိုက်သလဲ၊ ကံအမိ ကံအဖဆိုတဲ့ အပြောတွေ ရပ်ဆိုင်းပါဟု ဆိုသည်။ [နှာ–၁၆]

ကံသည် ဥပါဒါန်က လာသည်။ ဥပါဒါန်သည် တဏှာက လာသည်။ တဏှာသည် ဝေဒနာက လာသည်။ ဝေဒနာသည် ဖဿက လာသည်။ ဒါကြောင့် ဖဿကို ဖြစ်ပျက်မြင်လျှင် ဖဿဖြစ်ပျက်က အနိစ္စ၊ မြင်တာက မဂ္ဂ ဖြစ်သွားသည်။ မဂ်ပေါ်လာလျှင် ဝေဒနာ ချုပ်သည်။ ဝေဒနာချုပ်လျှင် တဏှာ ဥပါဒါန် ကံတွေ မလာနိုင်ဘဲ ချုပ်ရသည်။ [နှာ–၁၇] ကံကို ဝိပဿနာဉာဏ်က ဖြတ်လိုက်ပြီ။ တရားနာမှ ဤသို့ အသိဉာဏ်ပေါ်ပြီး နားလည်မည်။ နားမလည်ဘဲနှင့် တရား ထိုင်လျှင် ဘာမှ မဖြစ်နိုင်ပါ။ [နှာ–၁၈] ကံတွေ တန်းပြီး ဖြစ်နေသည်ကို ကံနှင့် ဖြတ်မှ ပြတ်သည်။ [နှာ–၁၉]

ခု ရထားသော ခန္ဓာကို နောက်ခန္ဓာနှင့် မဆက်အောင် ဉာဏ်ဝင်မှ ရသည်။ [နှာ–၂၀] နိဗ္ဗာန် အလုပ်သည် ဉာဏ်အလုပ်ဖြစ်သည်။ အတ္တဒီပ သံယုတ်ပါဠိတော်မှာ **'အတ္တဒီပါ ဘိက္ခဝေ ဝိဟရထ၊ အတ္တ သရဏာ'** ဆိုသောကြောင့် ဓမ္မဒီပ ဆိုသော မဂ္ဂင်သောင်ကျွန်းကိုသာ အားကိုးသင့်ကြောင်း ပြသည်။ [နှာ–၂၁] ထို နိဗ္ဗာန် မဂ္ဂင်သောင်ကျွန်းပေါ် ရောက်အောင် ပို့မည့်တရားက လောကီမဂ္ဂင်ငါးပါး (သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊ သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိ) ဖြစ်၏။ [နှာ–၂၂] ခန္ဓာငါးပါးကို လောကီမဂ္ဂင်ငါးပါးနှင့် ရှုမှ မဂ်ပေါ်သည်။ ဆုတောင်း နေ၍ မရပါ။ အလုပ်နှင့် ဖြတ်မှပြတ်သည်။ [နှာ–၂၃] ဝေဒနာကို ဖြစ်ပျက် ရှုလျှင်လည်း တဏှာ၊ ဥပါဒါန်၊ ကံ ပြတ်သည်။ ဝေဒနာ ဖြစ်ပျက် အနိစ္စမြင်လျှင် ဉာဏ်က မဂ်ဉာဏ် ဖြစ်ပြီ။

သို့ဆိုလျှင် တဏှာပြတ်ပြီ၊ နောက်ခန္ဓာ မလာတော့ပါ။ နောက်ခန္ဓာ (လူ့ခန္ဓာ၊ နတ်ခန္ဓာ) ဘာပဲ တောင်းတောင်း မသာ ဖြစ်ရပါလိမ့်၏။ အသုဘ ဖြစ်ရပါလိမ့်၏

http://www.dhammadownload.com



ဟု ဆုတောင်းနေခြင်းနှင့် တူကြောင်း ဟောသည်။ [နှာ–၂၆] ဒါကြောင့် မသာစာတ်ကို သိမ်းနိုင်တာ ဝိပဿနာဉာဏ် မဂ်ဉာဏ်ပဲ ရှိသည်။ [နှာ–၂၇] ဒါဆို ဝိပဿနာလုပ်တာသည် ကိုယ့်ကိုယ်ကိုယ် ကယ်တင်ခြင်း ဖြစ်သည်ဟု နားလည်ရမည်။ ကိုယ့်ဒုက္ခ ကိုယ်သိမ်းနိုင်မှသာ ကိုယ့်ကိုယ်ကိုယ် ကယ်တင်ခြင်းမည်ပုံကို ပြသည်။ [နှာ–၂၉]

သံသရာမှာ မိဖ မတော်ဖူးသူ မရှိ၍ ဘုန်းကြီးက ကယ်တင်ချင်သော်လည်း နည်းသာ ပေးနိုင်သည် ဆိုပြီး ဝေဒနာနုပဿနာ ရှုနည်းကို ပေးသည်။ ဝေဒနာဖြစ်ပျက် ရှုရမည်။ ဝေဒနာ နောက်က မဂ်လိုက်ရမည်။ ဒါ ကိုယ့်ကိုယ်ကိုယ် ကယ်တင်ခြင်းပင် ဖြစ်သည်ဆို၏။ [နှာ–၃၁] ရေနည်းသော အိုင်ထဲက ငါးကို ရေများရာ ပို့ဖို့ ကယ်တင်ချင်သူက လိုက်ဖမ်းလျှင် အဖမ်းမခံဘဲ ရှောင်ပြေးသည်။ ထို့အတူ တရားနာပရိသတ်ကလည်း ကယ်တင်နည်းကို ဆရာက ပေးသည်ကို မယူကြလျှင် တိရစ္ဆာန်နှင့် တူနေမည်ဟု ခပ်ကြမ်းကြမ်း ဟောသည်။ [နှာ–၃၃]

ထို့နောက် ခန္ဓာသည် လူသတ်ယောက်ျားနှင့် တူပုံကို ပြသည်။ ဘယ်လောက်ပဲ ကျွေးကျွေး၊ ဘယ်လောက်ပဲ ဆင်ဆင်ပြင်ပြင်၊ ကျွေးရှင်မွေးရှင်မို့ မငဲ့တတ်ပါ။ အသေသတ်ပြီး အပါယ်ကို ချတတ်ပုံကို ပေါ်အောင် ပြသည်။ [နှာ–၃၇] ပထဝီဓာတ်ကလည်း သတ်သည်။ အာပေါဓာတ်ကလည်း သတ်သည်။ ဝါယောဓာတ်၊ တေဇောဓာတ်များကလည်း သတ်နေကြသည်။ [နှာ–၃၇] ဝေဒနာကလည်း သတ်သည်။ သညာကလည်း သတ်သည်။ ခန္ဓာငါးပါး သူသတ်သမား ဖြစ်သည်။ ခန္ဓာက အမြဲသတ်နေသည်။ ဒကာ ဒကာမတွေက အသက်ရှည်အောင် ဆိုပြီး ပင်ပန်းကြီးစွာ အလုပ်လုပ်ရင်း ခန္ဓာသေမင်းကို အခွန် ဆက်နေရသည်။ ဘယ်လောက်ပဲ ပူဇော်ပူဇော်၊ ပသပသ အချိန်ကျတော့ ခန္ဓာက သတ်တာပဲ ဖြစ်သည်။ ပုထုဇဉ်ဘဝ အရူးထနေကြသည်။ ဒီခန္ဓာ ကျန်းမာဖို့ ဆရာဝန်ခ ဘယ်လောက် ပေးရပေးရ ပေးသည်။ လူသတ်သမားက ငါးယောက် ရှိသည်။ ဘာနဲ့မှ ပြုပြင်၍ မရပါ။ ဆရာဝန်လည်း မတတ်နိုင်ပါ။ နောက်ဆုံး ဆရာဝန်ကိုယ်တိုင်လည်း မသာ ဖြစ်ရသည်ပင်။ [နှာ–၄၂]

ဒါဖြင့် နောက်ဘဝ လူဖြစ်ရပါလို၏၊ နတ်ဖြစ်ရပါလို၏ဟု ဆုတောင်းနေခြင်းသည် လူသတ်ယောက်ျားနှင့် တွေ့ရပါလို၏ဟု ဆိုခြင်းနှင့် တူကြောင်း ပြသည်။ [နှာ–၄၃] လူတွေ သေနေကြတာ စားစရာ မရှိလို့ သေတာလား၊ ခန္ဓာသတ်လို့ သေတာလား၊ ဤတရားများကို ဟောနေခြင်းမှာ ခန္ဓာကို မခင်ဖို့ တဏှာ

http://www.dhammadownload.com



သတ်ဖို့လို၍ ပြောဟောနေခြင်း ဖြစ်ကြောင်း ဟောသည်။ [နှာ–၄၅] ခန္ဓာငါးပါး သူသတ်ယောက်ျားပဲ သူ့ကို ဖြစ်ပျက် ရှုရမည်။ ဖြစ်ပျက် ရှုလိုက်လျှင် မဂ်က အကုန်တားသည်။ [နှာ–၄၇] နောက်ထပ် ဇာတိ ပဋိသန္ဓေ မလာတော့ဘူး။ မလာအောင်ဆိုလျှင် ဝိပဿနာ ရှုရမည်။

ဝိပဿနာ မရှုဖြစ်အောင်၊ သားရေး သမီးရေး၊ စီးပွားရေး စသော တဏှာက ပိတ်ပင်တားဆီးသည်။ ဘယ်တော့မှ ခန္ဓာကို မလိုချင်ပါနှင့် ခန္ဓာသည် ဒုက္ခသစ္စာ ဖြစ်၏။ ဒုက္ခသစ္စာ ချုပ်သော နိဗ္ဗာန်သည် မဂ်နှင့် ဖြတ်မှ ပေါ်သည်။ [နှာ–၄၉] ခန္ဓာကိုယ်ကို ဖြစ်ပျက်ရှုလျှင် ခန္ဓာဇာတ်သိမ်းသည်။ အထက်မဂ်ကို လိုချင်လျှင် တဏှာသတ်၊ အောက်မဂ်ကို လိုချင်လျှင် ဒိဋ္ဌိသတ်ရမည်။ [နှာ–၅၈] ဒိဋ္ဌိကို သောတာပတ္တိမဂ်၊ အောက်မဂ်က ပယ်သည်။ တဏှာကို အထက်မဂ်ကသာ ပယ်နိုင်သည်။ ခန္ဓာကိုယ်ကို လူသတ်ယောက်ျားပါကလားဟု ရှုပါ။ လူသတ်ယောက်ျား ဆိုတာက ဒုက္ခသစ္စာ၊ ရှုတာက မဂ္ဂသစ္စာ၊ ပြတ်တာက သံသရာ ဖြစ်၏။ [နှာ–၅၃] သစ္စာသိလျှင် ထိုပုဂ္ဂိုလ်မှာ သံသရာစခန်း သတ်ပြီ။ တဏှာ ဥပါဒါန် ကံချုပ်သော ပုဂ္ဂိုလ်မှာ နောက်ခန္ဓာ မလာတော့ပါ။ သမုဒယ သေလျှင် နောက်ခန္ဓာ မလာပါ။ သူသတ်ယောက်ျား မပေါ်တာ နိဗ္ဗာန်ဖြစ်၏။ ဤတွင် တရား ရပ်နားသည်။

*

## ၂။ ခန္ဓာကယ်တင်ရမည့်တရား

[၂၈–၇–၆၁ နေ့က အမရပူရမြို့ မင်္ဂလာတိုက်ဟောင်းမှာ ဟောသောတရား]

**(မှတ်ချက်။ ။ အလုပ်စဉ်တရား စာအုပ်အမှတ်(၁၅)မှာ ညအလုပ်ပေး တရားများ ဖြစ်သည်။ ဤစာအုပ်အမှတ်(၁၆)မှာ ညအလုပ်ပေးတရား တစ်ပုဒ်သာ ပါသည်။)**

တရားနာကြတာ၊ တရား အားထုတ်ကြတာ ဘာအကျိုးအတွက် နာသလဲ၊ အားထုတ်သလဲ မေးပါ မေးလျှင် ကိုယ့်ကိုယ်ကိုယ် ကယ်တင်သော အလုပ်လုပ်ခြင်း ဖြစ်သည်ဟု မှတ်ပါ ဆိုပြီး ဤတရားကို စတင် ဟောကြားသည်။ ကိုယ့်ကိုယ်ကိုယ် ကယ်တင်သော အလုပ်ကို လူတွေ သိခဲသည်။ ကိုယ့်ကိုယ်ကိုယ် မသနားသော ပုဂ္ဂိုလ်သည် ကယ်တင်ရကောင်းမှန်း မသိသော ပုဂ္ဂိုလ်ဖြစ်ကြောင်း ဟောသည်။

http://www.dhammadownload.com



စားဝတ်နေရေး၊ စီးပွားရေး၊ လူမှုရေးတွေနှင့် မအားမလပ်အောင် ခန္ဓာကြီးကို ဘယ်လိုပင် ပြုစု လုပ်ကျွေးနေစေဦး၊ ဒီခန္ဓာက ညည်းဆဲ သတ်ဖြတ်နေသည်။ ဒါကြောင့် ခန္ဓာ စည်ပင်ရေးကို ကြိုးစားနေတာသည် အဆိပ်ပင်ကို ရေလောင်းနေခြင်းနှင့် တူသည်။ [နှ၁-၆၀] ဗာဟိရကိစ္စတွေ ပွေလီပြီး ကိုယ့်ကိုယ်ကိုယ် ကယ်တင်ရေး အလုပ်ကို မလုပ်မိဘူးဆိုလျှင် လူ့ပြည်ကို လာတာ လူ့တိရစ္ဆာန် အဖြစ်လာတာနှင့် တူသည်ဟု ခပ်ကြမ်းကြမ်း ဟောသည်။ [နှ၁-၆၁]

ပုထုဇဉ်သည် ကိုယ့်ကိုယ်ကိုယ် ခင်ရတာကို အသားယူတတ်သည်။ လက်ရှိ ခန္ဓာကို ခင်လေ နောက်ခန္ဓာ ဒုက္ခသစ္စာကို ရလေဖြစ်သည်။ ဤအမြင်လွဲမှု၊ အထင်လွဲမှုကို ဆရာသမားက တည့်ပေးရမည်။ မတည့်ပေးလျှင် ပုထုဇဉ်သည် ချော်သည် ထက် ချော်၊ လွဲသည်ထက် လွဲကုန်တော့မည်။ ကိုယ့်ကိုယ်ကိုယ် ကယ်မည်ဆိုလျှင် မဂ္ဂင်တရား ပွားများအားထုတ်ရမည်။ ဆုတောင်းနေရုံဖြင့် မရပါ။ မဂ္ဂင်ကိုပဲ အားကိုးရမည်။ [နှ၁-၆၃] မဂ္ဂင်ဖြင့်သာ ကိလေသာရန်သူကို အောင်ပွဲယူရမည်။ ကိလေသာ ဘယ်မှာ အောင်းသလဲ။ ကိလေသာ ခန္ဓာမှာ အောင်းပါသည်။ [နှ၁-၆၅]

ခန္ဓာ၏ ဒုက္ခသစ္စာ၊ ခန္ဓာ၏ အစိုးမရမှု အနတ္တကို မမြင်သရွေ့၊ ကိလေသာကို မပယ်နိုင်ပါ။ ခန္ဓာဖြစ်စဉ်ကို မဖြတ်သမျှ ကာလပတ်လုံး ခန္ဓာအစဉ်က မပြတ်ဘူး၊ တဏှာက ခန္ဓာကို ပြုလုပ်နေသော လက်သည်ဖြစ်သည်။ ဒါကြောင့် တဏှာသိမ်းမှ ခန္ဓာသိမ်းမည်။ [နှ၁-၆၆] ကိလေသာ မကုန်သရွေ့ ခန္ဓာမကုန်ပါ။ ကိလေသာက သမုဒယသစ္စာ၊ ခန္ဓာက ဒုက္ခသစ္စာ။ [နှ၁-၆၇] ဒီနှစ်ခု ချုပ်ပြီး မဂ္ဂသစ္စာနှင့် နိရောဓသစ္စာ ကျန်မှ ကိစ္စပြီးသည်။ ဝဋ်သစ္စာနှစ်ခုကို သိမ်းရမည်။

ခန္ဓာဒုက္ခသစ္စာကို သိသောဉာဏ်၊ ဖြစ်ပျက် အနိစ္စကို သိသောဉာဏ် ရဖို့ အရေးကြီးသည်။ တရားဆိုတာ ဘယ်မှာရှာရမလဲ၊ ခန္ဓာထဲမှာ ရှာရမည်။ ခန္ဓာထဲမှာ အနိစ္စကို တွေ့လျှင်၊ အနိစ္စကို တွေ့ပြီဟု မှတ်ပါ။ [နှ၁-၇၀] အနိစ္စက ဖြစ်ပျက်၊ တွေ့တာက မဂ်ဖြစ်ပြီ။ ဒီဉာဏ်ရအောင် ဒီဝိပဿနာ အလုပ်ကို အရေးတကြီး လုပ်ရမည်။ သားရေးသမီးရေး၊ စီးပွားရေး၊ လူမှုရေးတွေကြောင့် မအားဘူးဆိုပြီး အကြောင်းပြနေလျှင် ကိုယ်ကျိုးနည်းပြီ မှတ်ပါ။ ဉာဏ်နားဖြင့် နာပါ၊ ဒါမလုပ်လို့ မဖြစ်သည့် အလုပ်ဟု သိပါ။ သိပြီးလည်း လုပ်ပါ [နှ၁-၇၂]ဟု တိုက်တွန်းထားသည်။

ထို့နောက် ခန္ဓာကို မုန်းအောင် ဟောသည်။ ခန္ဓာဝန်ထုပ်ကြီး ထမ်းပြီး သွားနေရတာ မိုက်ထဲမှာ ကျင်ကြီးကျင်ငယ်တွေနှင့် အသုဘကောင်ကြီး ထမ်းပြီး

http://www.dhammadownload.com



သွားနေရသည်နှင့် တူပုံကို ဟောသည်။ တဏှာ မြောက်ပင့်လို့ လူ့ခန္ဓာနတ်ခန္ဓာ ရချင်လျှင် အသုဘထမ်းပဲ ဖြစ်နေမည်။ ဝဋ်ကျွတ်ချင်ပြီး လုပ်မှ အသုဘသူကောင် ထမ်း အဖြစ်က လွတ်မြောက်မည်ဟု ဆိုသည်။ [နှာ-၇၃] ခန္ဓာဇာတ် မသိမ်းသေး သရွေ့ အသုဘဇာတ် မသိမ်းသေးဘူးဟု သံဝေဂရဖွယ် ဟောသည်။ ထို့နောက် အားထုတ်ကြည့်ပါဟု တိုက်တွန်းပြန်သည်။

ခုအချိန်မှာ စိတ်မချရသေး စိတ်ချရသော အဖြစ်ကို ရောက်အောင် ဝိပဿနာ အားထုတ်ဖို့ တိုက်တွန်းသည်။ [နှာ-၇၄] ဤသို့ ရှေ့ပိုင်းတရားကို ဟောပြီး၊ နောက်ပိုင်းတရားကို စ ဟောသည်။ ထုံးစံအတိုင်း ပဋိစ္စသမုပ္ပာဒ်ကို စပြသည်။ မျက်စိအကြည့်နှင့် ကြည့်လိုက်တော့ အဆင်း(သားကလေး)ကို မြင်သည်။ တွေ့မြင် လျှင် ခန္ဓာထဲမှာ ဖဿ နာမ်ဓမ္မ ဖြစ်ပေါ်လာသည်။ ဖဿသည် ဩ်သည်ဓမ္မဟု မှတ်လိုက်ပါ ဆိုသည်။ သားကလေးကို တွေ့လိုက်ရလို့ ဝမ်းမြောက်သွားသည်။ စိတ်ချမ်းသာသွားသည်။ ဝေဒနာ ပေါ်လာသည်။ ဒါက မိမိ၏ ခန္ဓာ ပဋိစ္စသမုပ္ပာဒ် ဖြစ်စဉ် ဖြစ်၏။ တွေ့တာက ဖဿ၊ ဝမ်းသာတာက ဝေဒနာ၊ တစ်ခါတလေ တွေ့လျှင် ဝမ်းနည်းသည်။ ဒုက္ခဝေဒနာ ဖြစ်၏။ ဖဿပစ္စယာဝေဒနာ ဒါက မိမိ ဖြစ်စဉ်ပဲ ဖြစ်သည်။ [နှာ-၇၇]

ဤတွင် အာရုံနှင့်ဒွါရ တိုက်ဆိုင်လျှင် ဖဿပေါ်တာဟု သိမှ ပုဂ္ဂိုလ်သတ္တဝါ ပျောက်သည်။ သားကို မြင်တော့ သားကို ခင်သောစိတ် ပေါ်သည်။ ခင်တာက တဏှာဖြစ်သည်။ ဝေဒနာကြောင့် တဏှာပေါ်လာသည်။ တဏှာလာတွေ့ စွဲလမ်း ဥပါဒါန်လာသည်။ ဥပါဒါန်ချုပ်သွားတော့ ကံက လာသည်။ (ကံသုံးပါးလာသည်) မျက်လုံးပေါက် ဖွင့်လိုက်တာ ကံမြောက်သွားသည်။ [နှာ-၈၀] ဒီကံကို စဉ်းစားရမည် ဟု ဆိုသည်။ အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန် ဦးစီးသော ကံတွေက အပါယ်ကိုချည်း ပို့မည်ဖြစ်၏။ မျက်စိပေါက် ဖွင့်လိုက်တာနှင့် အပါယ်ကို တောက်လျှောက်ရောက် သည်။ ဒါကြောင့် ကံဖြတ်နိုင်သော ပုဂ္ဂိုလ်သာ ချမ်းသာလိမ့်မည်ဟု ဟောသည်။ [နှာ-၈၂]

သက္ကာယဒိဋ္ဌိနှင့် သေသွားခြင်းသည် အယူမှား၊ အမှတ်မှား၊ အသိမှားနှင့် သေခြင်းဖြစ်၏။ အယူမှားနှင့် သေလျှင် အပါယ်လေးပါး ကိုယ်ပိုင်ပစ္စည်းသာ မှတ်တော့ဟု ဆိုသည်။ [နှာ-၈၅] ဒိဋ္ဌိပြုတ်ဖို့ အရေးကြီးသည်။ ဖဿ၊ ဝေဒနာ၊ တဏှာ၊ ဥပါဒါန်၊ ကံသည် ပုဂ္ဂိုလ်သတ္တဝါ၊ ယောက်ျားမိန်းမ မဟုတ်၊ ဓမ္မများသာ

http://www.dhammadownload.com



ဖြစ်သည်။ ဤသို့သိမှသာ ပုဂ္ဂိုလ်သတ္တဝါစွဲ ပြုတ်ပြီး သုညတ ဆိုက်သည်။ သုညတ ဆိုက်လျှင် နိဗ္ဗာန်ကို ကပ်သွားပြီဟု မိန့်ဆိုထားသည်။ [နာ၁–၈၇]

သက္ကာယဒိဋ္ဌိပြုတ်မှ အပါယ်နှင့် အိုးစားကွဲသည်။ တစ်နေ့ကို တဏှာ၊ ဥပါဒါန် အုပ်ချုပ်သော ကံတွေက မျက်လုံးပေါက်၊ နားပေါက် ခြောက်ဒွါရမှာ မရေမတွက်နိုင် ဖြစ်ပေါ်နေသည်။ အပါယ်ပို့မည့် ကံတွေချည်း ဖြစ်သည်။ သံသရာ တစ်လျှောက်လုံးမှာ ကယ်တင်မည့် မဂ္ဂင်တရားဆိုတာ အသံတောင် မကြားဘူးခဲ့ပါ။

ယနေ့တရားက ကယ်တင်မည့်တရား ဖြစ်သည်ဟု မှတ်ပါ [နာ၁–၉၄]ဟု ဆိုသည်။ ဒီတရား ကိုယ့်ဉာဏ်ထဲကို ရောက်မှ ကယ်တင်နိုင်သည်။ ဆုတောင်း၍ မရ၊ ကိုယ်တိုင် ပွားများအားထုတ်မှ ရမည်။ [နာ၁–၉၅] မဂ္ဂသစ္စာ ဘာဝေတဗ္ဗကိစ္စ ဆိုတာ မဂ်ကို ပွားများရေးကို ဆိုခြင်းဖြစ်၏။ ဤမဂ်ဉာဏ်ကို ဝိပဿနာအလုပ် မလုပ်ဘဲနှင့် မရပါ။ ဝိပဿနာအလုပ် လုပ်တာသည် လှေထဲမှာ အင်ဂျင်စက် တပ်ထားတာနှင့် တူသည်ဟု ပြသည်။ [နာ၁–၉၇] အမေလည်း အားကိုးစရာ မဟုတ်ပါ၊ အဖေလည်း အားကိုးစရာ မဟုတ်ပါ၊ အားကိုးစရာ အစစ်က မဂ္ဂင်သာ ဖြစ်၏။ [နာ၁–၉၈] မဂ္ဂင်သာ အားကိုးစရာ အစစ်ဖြစ်ပုံကို ဟောရင်း အချိန်စေ့ပြီး တရားနားလိုက်သည်။

*

## ၃။ ဝင်္ကျွတ်ကပ်ပြွတ်

[၂၉–၇–၆၁ နေ့က အမရပူရမြို့ မဂ်လာတိုက်ကျောင်းမှာ ဟောသောတရား]

ဒကာဒကာမတွေကို ကယ်ယူမည့် တရားသည် မဂ္ဂင်တရားဖြစ်ကြောင်း အစချီ၍ ဤတရားကို ဟောသည်။ ဒါနသီလက ယာယီအားဖြင့်တော့ ကယ်နိုင်ပါသည်။ သို့သော် အပါယ်အမြစ် မပြတ်သေးကြောင်း ဟောသည်။ ဝိပဿနာဉာဏ်ကသာ အပါယ်လေးပါးမှ လုံးဝ ကင်းလွတ်နိုင်သည်။ ဒီတရားသည် ပွားများမှ ရသည်။ ပွားများခြင်းသည် နီးသောအကြောင်းဟု မှတ်ရမည်။ [နာ၁–၁၀၀] ခန္ဓာက ရောဂတော ဆိုသောကြောင့် ရောဂါမျိုးစုံ ဖြစ်နေသော ခန္ဓာကြီး ဖြစ်သည်။ ထို ရောဂါမျိုးစုံကို မဂ္ဂင်ဆေးနှင့် ကုမှ ပျောက်ကင်း၍ ချမ်းသာစစ်ကို ရနိုင်သည်။ ရောဂါရှိသည့် ပုဂ္ဂိုလ် စီးပွားရှာနေဖို့ မသင့်၊ ရောဂါ ပျောက်ပြီးမှသာ တခြား အလုပ်တွေကို လုပ်သင့်ကြောင်းကိုလည်း ဝေဖန် ပြထားသည်။

http://www.dhammadownload.com



ကိုယ့်ကိုယ်ကိုယ် ကယ်တင်မည့် အရေးသည် မဂ္ဂင်ဖြစ်ကြောင်း ထပ်ဟောသည်။ ခန္ဓာဓာတ်သိမ်း ငြိမ်းမှ ချမ်းသာစစ်နိဗ္ဗာန် ပေါ်သည်။ နိဗ္ဗာန်ရောက်ကြောင်းက လုပ်မှ ရသည်။ မလုပ်လျှင် သံသရာမှ အိုဘေး၊ နာဘေး၊ သေဘေးချည်း ကြုံနေရမည် ဖြစ်သည်။ [နှာ-၁၀၂] ဒါကြောင့် အချိန်ကောင်း၊ အခါကောင်း၊ အခွင့်ကောင်း ကြုံနိုက်မှာ ပြုပြင်လိုက်ကြပါဟု တိုက်တွန်းတော်မူသည်။ ရှိးရာနေပုံကဖြင့် အပါယ် သွားပုံ ဖြစ်သည်။

ထို့နောက် ခန္ဓာပဋိစ္စသမုပ္ပါဒ်ကို ပြပြန်သည်။ အသံနှင့်နားနှင့် တိုက်တော့ ဖဿဖြစ်ပုံ၊ ဖဿကြောင့် ဝေဒနာ (သုခဝေဒနာ၊ ဒုက္ခဝေဒနာ) ဖဿ မရှိလျှင် ဝေဒနာ မရှိပါ။ ဖဿနိရောဓာ၊ ဝေဒနာနိရောဓော ဖြစ်ပုံကို လူသေသော ဥပမာဖြင့် ပြသည်။ ဝေဒနာ မရှိလျှင် တဏှာလည်း မလာတော့ပြီ။ တဏှာလာလျှင် ဥပါဒါန်၊ ကံဖြစ်စဉ် တန်းသွားပြီ။ ဒါ နားပေါက်က ဖြစ်သော ခန္ဓာပဋိစ္စသမုပ္ပါဒ် ဖြစ်သည်။ တစ်နေ့ကို နားပေါက်က ဖြစ်သောကံ မရေမတွက် ဖြစ်နိုင်ပုံကို ပြသည်။ ကံဖြစ်လျှင် အပါယ်ဇာတိရကြောင်း ဟောသည်။ [နှာ-၁၀၇] ဤကား လူတိုင်း၏ ခန္ဓာဖြစ်စဉ် ဖြစ်သည်။

ဒီအတိုင်းသာ ဖြစ်စဉ်တန်းနေလျှင် လူတစ်သိန်း သေတာတောင် သုဂတိကို တစ်ယောက် မရောက်ပါ။ မိဖများ အိမ်ရောက်သွားတော့ သားသမီးအသံ ကြားရလျှင် စိတ်အေးသွားသည်။ ဤအသံ ကြားရလို့ သူတို့ အပါယ် ရောက်သွားရမှန်း မသိပါ။ [နှာ-၁၀၈] တဏှာ၊ ဥပါဒါန်၊ ကံ ဆိုတော့ မည်းသော ကံတွေ ဖြစ်သည်။ မည်းသော ကံက မည်းသော အကျိုးကို ပေးသည်။ [နှာ-၁၀၉] သားသံ၊ သမီးသံ၊ ဓနိးခင်ပွန်း အသံတွေ ကြား၍ ဖြစ်သောကံတွေ သေလျှင် ဤကံတွေ အကျိုးပေးမည် ဖြစ်၏။ မဂ်ဉာဏ်ဖိုလ်ဉာဏ် ရထားမှ အပါယ်ကျမည့် ကံအကျိုးပေးက သက်သာမည်၊ လွတ်မြောက်မည်။ မဟုတ်လျှင် ယခု လူဖြစ်တာ အပါယ်က ခဏ အလည် လာတာသာ ဖြစ်သည်။ သေလျှင် ကိုယ့်နေမြဲအိမ် အပါယ်သို့သာ ပြန်ကြရမည်။ [နှာ-၁၁၂] ပုထုဇဉ်ရှိးရာအတိုင်း နေသွားလျှင် လူပြည်လာပြီး အပါယ်သွားမည့် ကံတွေကို စနေကြသည်နှင့် တူသည်ဟု ဆိုသည်။ ကံသတ္တိတွေကို စဆောင်းနေကြခြင်း ဖြစ်၏။ [နှာ-၁၁၃]

သစ္စာသံယုတ်မှာ လူတစ်သိန်း သေ၍ တစ်ယောက် သုဂတိကို မရောက်နိုင်ကြောင်း ဟောထားသည်။ ဒါကြောင့် ကြွေးဟောင်း မကျေခင်၊ ကြွေးသစ် မတင်ပါစေနှင့်ဟု မိန့်ထားသည်။ [နှာ-၁၁၄] ဒါကြောင့် ယနေ့ ကံဖြတ်တရားကို ဟောမည်

http://www.dhammadownload.com



ဟု ဆိုသည်။ ကုသိုလ်ရရုံ တရား မနာပါနှင့် ကိုယ့်ကိုယ်ကိုယ် ကယ်တင်နိုင်အောင် နာပါဟု ဆိုသည်။ [နှာ–၁၁၅] ကုသိုလ်ရရုံကတော့ ရေအိုးစင် တည်လည်း ရသည်ဟု ဟောသည်။ ဤတရားကို အရေးထားစေလို၍ ဖြစ်၏။ ကိုယ့်ပဋိစ္စသမုပ္ပာဒ်ကို ကိုယ်က ဖြတ်နိုင်မှ ကိုယ့်ကိုယ်ကိုယ် ကယ်တင်သည်မည်ကြောင်း ဆုံးမထားသည်။ [နှာ–၁၁၆] ကံဖြတ်မည်ဆိုလျှင် မဂ္ဂင်တရားကို ပွားများရမည်။

လူ့ခန္ဓာ အဆုံးလည်း ဒုက္ခ၊ နတ်ခန္ဓာ အစလည်း ဒုက္ခ၊ ကုသိုလ်က လူ့ခန္ဓာ၊ နတ်ခန္ဓာ ဆက်ပေးသည်။ ဒုက္ခကို ဆက်ဖြစ်အောင် လုပ်နေပုံကို ပြသည်။ ဒုက္ခ သိမ်းမှ ပြီးသည်။ လောင်စာသိမ်းမှ မီးငြိမ်းသည်။ ခင်ဗျားတို့ လုပ်နေတာက လောင်စာနှင့်မီး တွဲလျက်ချည်း ဖြစ်သည်။ [နှာ–၁၁၈] ဒါကြောင့် ပဋိစ္စသမုပ္ပါဒ် ကြားထဲ မဂ်ဝင်မှ ပဋိစ္စသမုပ္ပာဒ် ပြတ်သည်။ ဒီတစ်လုံးကို သိဖို့ အရေးကြီးသည်။ ပွားများနည်းကို ဘုန်းကြီးပြမည် ဆိုပြီး ဖဿက စပြီး ဖြစ်ပျက် အနိစ္စရှုပုံကို ပြသည်။ ဝေဒနာလာရင် ဝေဒနာကို ဖြစ်ပျက် ရှုရမည်။ ဖြစ်ပျက်ကို မြင်လျှင် မဂ်ဝင်သည်။ မဂ်ဝင်လျှင် ဖဿ၊ ဝေဒနာ နောက်က တဏှာ၊ ဥပါဒါန်၊ ကံ မလာဘဲ ပဋိစ္စသမုပ္ပာဒ် ပြတ်တော့သည်။ နောက်ဘဝ ဇာတိ အကုန်ချုပ်ပြီ။ [နှာ–၁၁၉] ကိုယ့်ပဋိစ္စသမုပ္ပာဒ်ကို ကိုယ့်ဉာဏ်နှင့် ဖြတ်ရသည်။ နည်းပဲ ပေးနိုင်သည်။ ဘုန်းကြီးက ဝင်ပြီး ဖြတ်မပေးနိုင်ဟု ဆိုသည်။ [နှာ–၁၂၀] ပစ္စတ္တံဝေဒိတဗ္ဗော ဝိညူဟိ အားထုတ်သော ပုဂ္ဂိုလ်တို့သာလျှင် အသီးသီး မဂ္ဂင်ကို ရထိုက်၏။ ကိုယ်လုပ်မှ ကိုယ်ရ၏။ [နှာ–၁၂၀]

ပြီးမှ ဒီပြင် ကုသိုလ်ကို အမျှပေးလို့ ရကြောင်း၊ မဂ်ကုသိုလ်ကို အမျှ ပေး၍ မရကြောင်း ဟောသည်။ [နှာ–၁၂၃] ဝေဒနာနောက်က မဂ်ဝင်လိုက်သည့် အတွက် တဏှာ၊ ဥပါဒါန်၊ ကံ မလာတော့ပါ။ ကိလေသာဝဋ်၊ ကမ္မဝဋ်၊ ဝိပါကဝဋ် တစ်ချက်တည်း ကျွတ်တော့သည်။ [နှာ–၁၂၅] မဂ္ဂင်အလုပ် လုပ်သော ပုဂ္ဂိုလ် ဝဋ်ကျွတ်သည်။ ကျင်ကြီးကျင်ငယ် သုတ်သင်ရာမှာ တစ်ယောက်ကို တစ်ယောက် ကူညီ၍ ရသည်။ မဂ်ပညာမှာတော့ တစ်ယောက်က တစ်ယောက်အတွက် လုပ်ပေး၍ မရကြောင်းလည်း သဘောပါအောင် ပြသည်။ ဒါကြောင့် ဆရာသမားက နည်းပဲ ပေးနိုင်ကြောင်း ဒကာ၊ ဒကာမက ကိုယ်တိုင် အားထုတ်မှ ရကြောင်း ရှင်းပြထား သည်။ [နှာ–၁၃၀] **တရားနာရုံနှင့်လည်း ရောဂါ မပျောက်သေးဘူး၊ တရား အားထုတ်မှသာ ပျောက်သည်။*** ***[နှာ–၁၃၀]***

* မိုးကုတ်ယောဂီများ ဤအချက်ကို အလေးအနက်ထား၍ စဉ်းစားသင့်သည်။ (မှတ်ချက်)

http://www.dhammadownload.com



ထို့နောက် ဆရာတော်က အမြင်အထင် ပြောတော့ ဘုရား၊ အတွင်းက အလုပ်သမားက တရားဟု မိန့်ထားသည်။ [နှာ–၁၃၄] ဘုရားက အပြောနှင့်သာ ကယ်တင်သည်။ အလုပ်နှင့် ကယ်တင်တာက တရားဖြစ်သည်။ ယုံယုံကြည်ကြည်နှင့် တရားသာ အားထုတ်ပါ။ တရားကြောင့် ဘုရားဖြစ်တာ တရားပဲ ကိုးကွယ်ရမည်ဟုလည်း လမ်းညွှန်ပြထားသည်။ [နှာ–၁၃၆] တရားကို ကိုးကွယ်ရင်း သုဂတိရောက်မည်။ တရားကို အားထုတ်လျှင် နိဗ္ဗာန်ရောက်မည်ဟုလည်း တိုရှင်းလိုရင်းကို ဆိုပါသည်။ [နှာ–၁၃၇]

တရားကို ကိုးကွယ်လျှင် ဓမ္မနုဿတိ ဖြစ်သည်။ တရားကို အားထုတ်လျှင် ဝဋ်ပြတ်သည်ဟုလည်း ထပ်ဆင့် ရှင်းပြသေးသည်။ [နှာ–၁၃၈] ထို့နောက် သရာဂံဝါ စိတ္တံ သရာဂံ စိတ္တန္တိ ပဇာနာတိ ဆိုပြီး စိတ္တာနုပဿနာ ရှုရေးကို ဟောပြန်သည်။ ပေါ်သောစိတ်ကို ဖြစ်ပျက် ရှုလိုက်လျှင် ပဋိစ္စသမုပ္ပါဒ်ကြားထဲ မဂ်ဝင်ပြီး တဏှာ ဥပါဒါန် ကံ ဖြတ်သည်။ ထို့နောက် ဆရာတော်က တရားကို ကိုးကွယ်တာက သမထ၊ တရားကို အားထုတ်မှ ဝိပဿနာဟု မိန့်ထားသည်။ [နှာ–၁၄၁] ကိုးကွယ်ဖို့ထက် အားထုတ်ဖို့ကို အရေးထားပါဟုလည်း တိုက်တွန်းထားသည်။ ဤတွင် ရှုပုံကို ထူးထူးခြားခြား ပြသည်။

"ဖဿနဲ့ ဝေဒနာက တွဲလျက် တွဲရှု၊ တဏှာကိုတော့ ခွဲရှု၊ တဏှာနဲ့ ဥပါဒါန် မခွဲချင်ဘူးဆိုရင်လည်း တစ်စုတည်းလုံး ရှု၊ ကံနဲ့တော့ ရောလို့ မရဘူး ကံကို သီးသန့်ရှုဟု ပိုင်းခြား ဟောထားပါသည်။ [နှာ–၁၄၃] ဤသို့ ပြပြီးနောက် ဝိပဿနာ ရှုတယ်ဆိုတာ ကိုယ့်မသာ ကိုယ်အကြည့်ခိုင်းတာ ရှင်းပြီနော်။ ကိုယ့်သစ္စာကို ကိုယ်အကြည့်ခိုင်းတာ ဖြစ်တာလည်း ဒုက္ခသစ္စာပဲ၊ ပျက်တာလည်း ဒုက္ခသစ္စာပဲ၊ ဒုက္ခသစ္စာကို အကြည့်ခိုင်းတာလို့ မှတ်ပါ" ဟု မိန့်ကြားပြီး ဖြစ်ပျက်က ဒုက္ခသစ္စာ၊ ရှုတာက မဂ္ဂသစ္စာ၊ သေတာက သမုဒယသစ္စာ၊ နောက် ခန္ဓာ မလာတာက နိရောဓသစ္စာ ဖြစ်ကြောင်း ပြရင်း အချိန်စေ့၍ တရားနားသည်။

*

## ၄။ ကံဖြတ် တဏှာဖြတ် ဝဋ်ဖြတ်

[၁၀–၇–၆၁ နေ့က အမရပူရမြို့ မင်္ဂလာတိုက်ဟောင်းမှာ ဟောသောတရား]

ခန္ဓာကြီး အမှန်သွားနေတာက သုသာန်လမ်း ဖြစ်ကြောင်းဖြင့် အစချီ၍ ဤတရားကို ဟောကြားပါသည်။ ခန္ဓာက ဆင်းရဲသည့် နေရာချည်း သွားနေသည်။

http://www.dhammadownload.com



[နှာ-၁၄၈] တရားနာတာ အသေ(သုသာန်) ဇာတ်သိမ်းချင်လို့ နာကြတာဟု မှတ်ရမည်။ [နှာ-၁၄၉] လူတွေက ဘဝကူး ကောင်းချင်ကြသည်။ ဆရာတော်က ဘယ်ဘဝ ဘာဖြစ်ချင်တယ်ဆိုတာ မလာပါစေနှင့်ဟု တားမြစ်သည်။ [နှာ-၁၅၀] စုတိပြီး နောက်ဘဝ ပဋိသန္ဓေ လာခြင်းသည် သစ္စာဖွဲ့ကြည့်လျှင် ဒုက္ခသစ္စာ ရခြင်း ဖြစ်သည်။ ဘဝကူးကောင်းချင်တယ် ဆိုတာ သစ္စာ မသိလို့ ပြောတာဟု ဆရာတော်က ပြောသည်။ [နှာ-၁၅၁] အမှန်မှာ ဘဝကူးတာ ဘယ်တော့မှ မကောင်းဘူးဟု ပြတ်ပြတ်သားသား ဟောထားသည်။ ဇာတိပိဒုက္ခာ ဆိုသောကြောင့် ဘဝကူး ကောင်းဖို့ မလုပ်ပါနှင့် ဆရာတော်က တားသည်။ [နှာ-၁၅၃] ဘဝပြတ်ဖို့ လုပ်ပါဟု တိုက်တွန်းထားသည်။ သစ္စာသိလျှင် ဘဝကူးမှာကို ကြောက်သည်။

ဒါကြောင့် သစ္စာကို သိအောင်လုပ်ပါ။ သစ္စာ မသိလျှင် အရှုံးမပျောက်ဘူးဟု မိန့်ထားသည်။ သစ္စာဉာဏ် ရလျှင် ဘဝတဏှာ သေသည်။ [နှာ-၁၅၅] သစ္စာ မသိသော ပုဂ္ဂိုလ်သည် သဘော်ပျက်သော ပုဂ္ဂိုလ်နှင့်တူကြောင်း ပြသည်။[နှာ-၁၅၆] ကာမဝစရကုသိုလ်ကံ၊ အကုသိုလ်ကံတွေတောင် တောင်မျောလိုက် မြောက်မျော လိုက်နှင့် သုဂတိ ဘဝ၊ ဒုက္ခတိဘဝများကို လူးလာခေါက်ပြန် ရောက်နေရသည်။ ဒါ့ကြောင့် သစ္စာ မသိသရွေ့ ကာလပတ်လုံး မြုပ်လိုက်၊ မျောလိုက်နှင့်ပဲ ဇာတ်သိမ်း ကြရမည်ဟု ဆိုသည်။

လူတွေ လုပ်နေကြသော အမှားပုံတွေကို ပြသည်။ အရောင်းအဝယ် မကောင်းဘူး တိုင်းပြည်က ဘာဖြစ်တယ် စသည်ဖြင့် ပြောတတ်ကြသည်။ ဆရာ တော်က တိုင်းပြည်ဆိုတာ အစကတည်းက အထည်ရှိတာ မဟုတ်ဘူး။ ရုပ်ဓမ္မ နာမ်ဓမ္မတွေ ဖြစ်နေကြတာ တိုင်းပြည်က ဘာမှ မဖြစ်ဘူး။ ခင်ဗျားတို့ ကိလေသာက ဝဲလှည့်နေတာဟုလည်း ကိုယ့်ကိုယ်ကိုယ် ဆင်ခြင်တတ်အောင် ပြသည်။ [နှာ-၁၅၉] တိုင်းပြည်က ဘာဖြစ်တာပဲလို့ ဘယ်တော့မှ မတွေးနှင့်၊ ခန္ဓာက တဏှာ မငြိမ်တာသာ မှတ်ပါဟု ဆိုသည်။ အဲဒီ အမှားတော်ပုံတွေကို ဝိပဿနာ ဉာဏ်နှင့် ဖြတ်မှ ပြတ်သည်။ မဖြတ်တတ်လျှင် ဝဲထဲနစ်သော သစ်ရွက်ကလေးလို ပေါ်စရာလမ်း မရှိတော့ဟု ပြသည်။ [နှာ-၁၆၀] လူတွေမှာ အဝိဇ္ဇာ သင်္ခါရနှင့် လောဘ၊ ဒေါသ၊ သောက ပရိဒေဝ အဝိုင်းပြေး ပြေးနေကြသည်။ လင်ပန်းထဲ ပုရွက်ဆိတ် လျှောက်သကဲ့သို့ ဖြစ်ကြောင်း သရုပ်ပြသည်။ [နှာ-၁၆၁] ဒီအဝိုင်း ပြတ်အောင် ဘယ်သူ ဖြတ်ပေးမလဲ၊ တရားနာမှ အဝိုင်းဖြတ်နည်း နိဿရည်းကို

http://www.dhammadownload.com



ရမည်။ ဉာဏ်မျက်လုံး တပ်ပေးသော ပုဂ္ဂိုလ်နှင့် တွေ့မှဖြစ်ကြောင်း ဖော်ပြထားသည်။ [နာ-၁၆၂]

ပြီးမှ ကလျာဏမိတ္တ အရေးကြီးပုံကို ဟောသည်။ [နာ-၁၆၃] တရားရှည်တယ်ဟု မမှတ်သင့်ကြောင်း ဓမ္မကထိကဆရာမှာလည်း သုသာန်သွားရင်း ကမန်းကတန်း ဟောနေရတာဖြစ်ကြောင်း ပါးစပ်ပေါက်က ကျဉ်းနေတော့ ထမင်းလုတ်သေးသေးကလေးတွေ ခွံ့နေရတာနှင့် တူကြောင်း ဟောသည်။ [နာ-၁၆၇] ထို့နောက် အလုပ်ပေးတရားကို ဟောသည်။ ထုံးစံအတိုင်း ဖဿက စပြီး ပဋိစ္စသမုပ္ပါဒ်ပေါ်ပုံ၊ ခန္ဓာအစဉ်တန်း ဖြစ်ပုံကို ပြသည်။ ဤတရားတွင် လျှာပေါက်က ပဋိစ္စသမုပ္ပါဒ် တန်းပုံကို ပြသည်။

ထမင်းစားရင်း ဖဿ၊ ဝေဒနာ၊ တဏှာ၊ ဥပါဒါန်၊ ကံ ဖြစ်ပုံကို ပြသည်။ [နာ-၁၇၃] ထမင်းစားရင်း အပါယ်သွားမည့် ကံတွေ ဖြစ်နေပုံကို ပြသည်။ ထမင်း စားတာလား၊ အပါယ်သွားနေတာလားဟု မေးသည်။ [နာ-၁၇၄] ဝိပဿနာဉာဏ် မပါလျှင် ထမင်းစားတာ မဟုတ်တော့၊ အပင်းစားတာ ဖြစ်သွားပုံကို ပြသည်။ ဝိပဿနာဉာဏ်နှင့် သတိကပ်ပြီး ထမင်းစားရင်း ဖဿ၊ ဝေဒနာကို ဖြစ်ပျက်ရှုမှသာ ထမင်းစားရင်း အပါယ်သွားမည့် ကံကို ဖြတ်နိုင်ကြောင်း ပြသည်။ [နာ-၁၇၅] ဝဋ်ကြွေးတွေကို ကံနှင့် ဆပ်၍ မပြေပါ။ ဉာဏ်နှင့် ဆပ်မှ ကျေသည်။ ထင်ရှားအောင် ပြသည်။ မဂ်ဉာဏ်နှင့် ဆပ်မှ အတိတ်ကံ၊ ပစ္စုပ္ပန်ကံ အနာဂတ်ကံ အားလုံး ကျေသည်။ [နာ-၁၇၈] ဉာဏ်နှင့် မဆပ်လျှင် ဘယ်တော့မှ ဝဋ်မကျွတ်ဘူးဟု ဟောထားသည်။ [နာ-၁၇၉] အင်္ဂုလိမာလ(ဟိံသက)ကို ဥပမာ ပြသည်။

ဒါကြောင့် ဝိပဿနာဉာဏ်နှင့် မဂ်ဉာဏ်ပဲ အားကိုးရာ ရှိသည်ဟု မှတ်သင့်သည်။ [နာ-၁၇၉] ကံက ဘဝဆက်အောင်၊ ယုတ်အောင်၊ မြတ်အောင် လုပ်နိုင်သည်။ ဉာဏ်ကသာ ဘဝပြတ်အောင် လုပ်နိုင်သည်။ [နာ-၁၈၂] ကမ္မဘဝ ပစ္စယာ ဇာတိ ဆိုသောကြောင့် ကံနှင့် ခွဲခွာမှသာ ဇာတိ သံသရာပြတ်မည်။ ကံနှင့် ခွာမှ ဒုက္ခသစ္စာ ပြတ်မည်။ [နာ-၁၈၄] အလုပ်စဉ်တရား ပြမည်ဆိုပြီး ကိုယ့်သန္တာန်မှာ ပဋိစ္စသမုပ္ပါဒ် ဘယ်လို အစဉ်တန်းနေသလဲ မသိလျှင် စုံလုံးကန်း ဖြစ်သည်။ ခန္ဓာအစဉ်ကို ကိုယ်တိုင် မြင်အောင် ကြည့်ပါ။ (သာမံပဿိတဗ္ဗော) သန္ဒိဋ္ဌိကော ဖြစ်အောင် ကြည့်ရမည်။ [နာ-၁၈၇] ကိုယ့်သန္တာန်(ခန္ဓာ)မှာ ဖြစ်သော တရားကို ကိုယ်တိုင်မြင်အောင် (သန္ဒိဋ္ဌိကော သာမံပဿိတဗ္ဗော) ဖြစ်အောင် ရှုနိုင်လျှင် ဝိပဿနာ ဖြစ်ပြီ။ [နာ-၁၈၉]

http://www.dhammadownload.com



ဖဿ၊ ဝေဒနာ ဘာပဲလာလာ ဖြစ်ပျက် အနိစ္စမြင်အောင် ရှုပါ။ မြင်လျှင် မဂ်ဝင်ပြီ မဂ်ဝင်လျှင် ခန္ဓာပြတ်၊ တဏှာပြတ်၊ ကံပြတ်ပြီ။ ကိလေသာ အားလုံးကို မဂ်ဉာဏ်က ဖြတ်ချလိုက်သည်။ ဖြစ်ပျက်မြင်အောင် ရှု၊ သန္တိဋ္ဌိကောဖြစ်လျှင် ဝဋ်အားလုံး ကျွတ်ပြီဟု ဟောရင်း အချိန်စေ့၍ တရားနားလိုက်သည်။

*

## ၅။ တဏှာ ဥပါဒါန် ကံဖြတ်

[၁၁-၇-၆၁ နေ့က အမရပူရမြို့ မဂ်လာတိုက်ဟောင်းမှာ ဟောသောတရား]

သက္ကာယဒိဋ္ဌိ ကွာချင်လျှင် ခန္ဓာပဋိစ္စသမုပ္ပါဒ်ကို နားလည်ရမည်ဟု အစ ချီကာ ဤတရားကို ဟောပါသည်။ သက္ကာယဒိဋ္ဌိဆိုတာ ငရဲမျိုးစေ့၊ အပါယ်မျိုးစေ့ ဖြစ်သည်။ သက္ကာယဒိဋ္ဌိကို ပယ်ရှင်းနိုင်ခြင်း မရှိဘဲ ဒါနလုပ်လုပ်၊ သီလလုပ်လုပ်၊ သမထလုပ်လုပ်၊ ဝိပဿနာလုပ်လုပ်၊ ကုသိုလ်ပဲ ရသည်။ နိဗ္ဗာန် မရဘူး၊ မဂ်ဉာဏ် ဖိုလ်ဉာဏ် မရဘူးဟု ယတိပြတ် ဆိုသည်။

ဘာကြောင့် ဤသို့ဆိုသလဲ ဆိုလျှင် သောတာပတ္တိမဂ်သည် ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာကို ပယ်သောကြောင့် ဖြစ်၏။ ပဋိစ္စသမုပ္ပါဒ်ကို နားလည်မှ ပုဂ္ဂိုလ် သတ္တဝါ ဆိတ်သုဉ်းသည်။ ရုပ်နာမ်သည် ပုဂ္ဂိုလ်သတ္တဝါ မဟုတ်၊ အတ္တ မဟုတ်မှန်း သိမှ ဖြစ်ပျက်မြင်အောင် ရှုနိုင်ကြောင်း ပြဆိုထားသည်။ ဖြစ်ပျက်မြင်၊ ဖြစ်ပျက်မုန်း၍၊ ဖြစ်ပျက်ဆုံးပြီဆိုလျှင် သက္ကာယဒိဋ္ဌိ ပြုတ်ပြီဟု မှတ်ရမည်။ [နာ-၁၉၈] ဒါကြောင့် ဒိဋ္ဌိ မဖြုတ်ဘဲ ဝိပဿနာ လုပ်နေစေကာမူ မဂ်ဉာဏ်ကို မရပါ။ ဒါကြောင့် ဝိပဿနာ လုပ်မှုထက် ဒိဋ္ဌိဖြုတ်မှုကို ရှေ့ထားရမည်ဟု ဆိုသည်။ (မှတ်ချက်– ဤဟောကြား ချက်သည် မိုးကုတ်ဆရာတော်ဘုရားကြီး၏ သူများ အမြင်နှင့်မတူ တစ်မူ ထူးခြား သော အမြင် (unique and profound view) ဖြစ်၏။)

ပြီးနောက် မနေ့က လျှာပေါက်က ပဋိစ္စသမုပ္ပါဒ် ဖြစ်စဉ်တန်းပုံကို ပြခဲ့ ကြောင်း၊ ယနေ့ ကိုယ်ပေါက်က ပဋိစ္စသမုပ္ပါဒ် ဖြစ်ပုံကို ပြမည်ဖြစ်ကြောင်း ဆိုသည်။ [နာ-၁၉၈] ဝယ်ချင်ဝတ်ချင်သော အဝတ်အထည် တစ်ခုကို ဝယ်ပြီး ဝတ်လိုက်တော့ အထည်နှင့်ကိုယ် ထိတော့ ဖဿပေါ်သည်။ ဖဿသည် ယောက်ျား မဟုတ်၊ မိန်းမ မဟုတ်၊ ပုဂ္ဂိုလ်သတ္တဝါ မဟုတ်ဟု မြင်ရမည်။ ဒီလို မြင်လိုက်လျှင် ဖဿဟာ ငါ မဟုတ်၊ သူ မဟုတ်၊ ငါ့ဥစ္စာလည်း မဟုတ်ဟု သိမည်။ ထိုအမြင်သည် ပုဂ္ဂိုလ်သတ္တဝါ ဆိတ်သုဉ်းသော အမြင်ဖြစ်သည်။ ဒါ သက္ကာယဒိဋ္ဌိကို အသိနှင့် ဖြုတ်လိုက်တာ ဖြစ်ကြောင်း ဟောသည်။ [နာ-၁၉၉]

http://www.dhammadownload.com



သင်္ခါရဒိဋ္ဌိ ဖြုတ်ပုံ သုံးမျိုးရှိသည်။ အသိနှင့် ဖြုတ်တာ(ဉာတပရိညာ)၊ အပွားနှင့် ဖြုတ်တာ(တီရဏပရိညာ)၊ အပယ်နှင့် ဖြုတ်တာ(ပဟာနပရိညာ) ဖြစ်သည်။ ပထမဦးစွာ အသိနှင့် ဖြုတ်တတ်အောင် ဆရာက ပြနေခြင်း ဖြစ်သည် ဆို၏။ နောက်အားထုတ်တော့ အပွားနှင့် ဖြုတ်ခြင်းဖြစ်သည်။ ဖြစ်ပျက်တွေ ဆုံးသွားတော့ ဒိဋ္ဌာနုသယကို အပြီးအပြတ် ပယ်လိုက်သဖြင့် ပထမသောတာပန် အဖြစ်သို့ ရောက်တော့သည်။ အပါယ်တံခါး ပိတ်သွားပြီ။ ဤသို့ ဖဿ ဖြစ်တာကို ဖဿ ဖြစ်သည်ဟု မသိတော့ ဖဿက ဝေဒနာဖြစ်ပြီး၊ ငါနှင့် အထည်နှင့် တွေ့သည်ဟု မှတ်ပြီး သည်အထည်ကို နှစ်သက်မှု၊ စွဲလိုချင်မှု(တဏှာ)၊ စွဲလမ်းမှု(ဉပါဒါန်)တွေ ဖြစ်လာတော့သည်။

အမှန်က ဝတ်လို့ကောင်းလိုက်တာဟု ဆိုတာက ဝေဒနာ ဖြစ်သည်။ ပုဂ္ဂိုလ် သတ္တဝါ မပါဘူး။ ထိုသို့ သိပြီဆိုလျှင် သင်္ခါရဒိဋ္ဌိသည် အသိနှင့် ပြုတ်သည်။ ဒါမဖြုတ်ဘဲနှင့် ဝိပဿနာ အားထုတ်လည်း မဂ်ဉာဏ်ဖိုလ်ဉာဏ် မရပါဟု ထပ်မံ ဆိုသည်။ [နှာ–၂၀၁] ဖဿ၊ ဝေဒနာ၊ တဏှာ၊ ဉပါဒါန် တရားများသည် ခန္ဓာ များသာ ဖြစ်သည်။ ငါလည်း မဟုတ်၊ ငါ့ဥစ္စာလည်း မဟုတ်ဟု သိမှ ပထမနိဗ္ဗာန် ပေါ်သည်။ အပါယ်လေးပါး တံခါးပိတ်သည်။ သို့မသိပါက အပါယ်လေးပါး မိမိ အမြဲနေရာ အိမ်ဖြစ်သည်။ **(စတ္တာရော အပါယသကဂေဟ သဒိသာ)** ဒိဋ္ဌိကို မပယ်ဘဲ လုပ်နေသမျှ ထမင်းချက်စားလည်း အပါယ်တံခါး ပွင့်လျက်ပဲ၊ ဖြီးလိမ်း ပြုပြင်လျှင်လည်း အပါယ်တံခါး ပွင့်လျက်ပဲဟု ဆိုသည်။ [နှာ–၂၀၃] ဒါကြောင့် ဒကာ၊ ဒကာမတွေ ရှေ့ရေးနောက်ရေး ခွဲကြပါ ရှေ့ရေးက သင်္ခါရဒိဋ္ဌိ ဖြုတ်ရေး၊ နောက်ရေးက ကျင့်ရေးကြံရေး၊ လှူရေးတန်းရေး ဖြစ်ကြောင်း ခွဲခြားပြထားသည်။

ဤယခုပြောတာ၊ တရားရတနာတွေ ဖြစ်သည်။ ဤတရားရတနာတွေကို အိမ်ပြန်ရောက်လို့ ပျောက်ပျက်သွားလျှင် အမွဲနှင့် ဆင်းရဲပဲ ကျန်လိမ့်မည်ဟု ဆိုသည်။ [နှာ–၂၀၄] ဒါကြောင့် ဖဿပေါ်လျှင် ဖဿသိဖို့က ဒကာ ဒကာမတို့ အရေး ဝေဒနာ၊ တဏှာ၊ ဘာပဲပေါ်ပေါ် ပေါ်တိုင်း သိရမည်။ အဝတ်ဝတ်တိုင်း ပဋိစ္စသမုပ္ပါဒ် ဖြစ်စဉ်ပေါ်သည်။ နလုံးသွင်းတော့ ဒိဋ္ဌိကွာသည်။ ယောနိသောမန သိကာရ အရေးကြီးသည်ဟု မိန့်ဆိုသည်။

ပြီးမှ အလှူဒါန ပြုရုံနှင့် အပါယ်ဘေး စိတ်မချရကြောင်း ကောသလမင်း ၏ မိဖုရားခေါင်ကြီး မလ္လိကာဝတ္ထုကို ပြသည်။ အတုမရှိသော အသဒိသ အလှူ လှူခဲ့ပါလျက် မလ္လိကာ မရဏာသန္နဇောမှာ ကုက္ကုစ္စပေါ်၍ အပါယ်ကျသွားပုံကို

http://www.dhammadownload.com



ပြသည်။ ဒါနတွေ တို့လုပ်ထားပြီးပြီ၊ သေပျော်ပြီ ပြောတာ မသိလို့ ပြောတာဟု မိန့်ဆိုသည်။ [နာ-၂၀၆] အသိဉာဏ်ကို ရှေ့ကထား၊ အလုပ်က နောက်က လိုက်ပါဟု ဆိုသည်။ [နာ-၂၀၇] အသိကို ရှေ့မထားဘဲ အလုပ်ကို ရှေ့ကထားလျှင် အလွဲနှင့် အချော်ချည်းပဲ ဖြစ်သည်ဟု ဆိုသည်။ ခုဆရာသမားက ပြုပြင်ပေးနေတာ ဖြစ်ကြောင်းလည်း ဟောသည်။ [နာ-၂၀၈]

အဝတ် ဝတ်တာ သက္ကာယဒိဋ္ဌိ မပြုတ်ဘဲ ဝတ်လျှင် ကမ္ဗာဝ ပစ္စယာဇာတိ (အပါယ်ဇာတိ) ဖြစ်သွားသည်။ [နာ-၂၀၉] ဒါကြောင့် ဖဿပေါ်တိုင်း အသိကလေး နောက်က လိုက်ပေးတော့ ဖဿကလည်း ဖြစ်ပျက် (ပုဂ္ဂိုလ်သတ္တဝါမပါ) သိတာက မဂ်ချည်း ဖြစ်သည်။ အပါယ်သွားမည့်ကံတွေ အားလုံး ပြတ်သည်။ [နာ-၂၁၀] ဖဿ၊ ဝေဒနာ ပေါ်လျှင်ပေါ်မှန်း သိတော့ သိပြုတ်၊ အနိစ္စ သိအောင် ရှုလိုက်လို့ ဉာဏ်ပေါ်တော့ ပွားပြုတ် ဖြစ်သွားသည်ဟု သိပြုတ်နှင့် ပွားပြုတ် ပြုတ်ပုံနှစ်မျိုးကို ခွဲခြားပြသည်။ [နာ-၂၁၁] ဒါကြောင့် ဒီတရားပွဲမှာ ငါတို့ ပထမ နိဗ္ဗာန်ရောက်အောင် နာမယ်၊ ကျင့်မယ်၊ ကြိုးစားမယ်ဟု အားခဲလိုက်ပါဟု တိုက်တွန်းသည်။

ထို့နောက် ဆရာတော်က ပထမနိဗ္ဗာန်ကို ရောက်အောင် ဟောမည်ဟု မိန့်သည်။ နည်းပေးလိုက်လျှင် ဉာဏ်ကောင်းသော ပုဂ္ဂိုလ် အိမ်မှာ အားထုတ်လျှင် ခုနစ်ရက်နှင့် တရား ရနိုင်သည်ဟုလည်း အားပေးအားမြှောက် ပြုထားသည်။ [နာ-၂၀၂] ခန္ဓာ၏ ဖြစ်ပျက်အဆုံးမှာ နိဗ္ဗာန်ရှိသည်။ တစ်လံအကွာမှာ နိဗ္ဗာန်ရှိသည်။ နိဗ္ဗာန် မဝေးပါ။ [နာ-၂၁၃] (သဂါထာဝဂ္ဂ သံယုတ်၊ ရောဟိတဿသုတ်) ပထမနိဗ္ဗာန်သည် သက္ကာယဒိဋ္ဌိ ပြုတ်တာနှင့် ရောက်သည်။ သောတာပတ္တိမဂ်ကို မြင်တာနှင့် အပါယ်လေးပါး တံခါးပိတ်သည်။ [နာ-၂၁၅] ကံထူး၍ ယခု အချိန်မှာ ဆရာကောင်းနှင့် တွေ့ရသည်။ ကံထူးသော်လည်း ဉာဏ်မထူးလျှင် မရဘူးဟု ဆိုသည်။ [နာ-၂၁၆] ဉာဏ်ဖြင့်သာ နိဗ္ဗာန်ကို ရောက်သည်။

ဉာဏ်က ဒိဋ္ဌိဖြုတ်သည်။ ဒိဋ္ဌိပြုတ်လျှင် အပါယ်လေးပါး တံခါးပိတ်သည်။ ဝေါ်ပြီး သေမှာ မကြောက်နှင့် ဒိဋ္ဌိ မပြုတ်လျှင်သာ ကြောက်ပါ။ ဒိဋ္ဌိပြုတ်ဖို့ အလွန် အရေးကြီးကြောင်း ပြသည်။ လောကီစီးပွားရေး ဆိုတာက ဘယ်တော့မှ မပြီးသော အလုပ်ဖြစ်သည်။ အလုပ်မအားလို့ တရားအားမထုတ်နိုင်ဘူး ဆိုလျှင် တော့ အပါယ်သာ သွားတော့ဟု ဆရာတော်က ကရုဏာဒေါသောဖြင့် ဟောသည်။ [နာ-၂၁၈] သတိပဋ္ဌာန်တရားမှာ 'သရာဂံဝါ စိတ္တံ၊ သရဂံ စိတ္တန္တိ၊ ပဇာနာတိ'

http://www.dhammadownload.com



ဆိုသောကြောင့် တဏှာပေါ်လျှင် တဏှာမှန်းသိ၊ ဤသို့ သိလိုက်လျှင် တဏှာက အပါယ် မပို့တော့ပါ။ မဂ်ပေါ်သွားသည်။ တဏှာက ဖြစ်ပျက်၊ သိလိုက်တာက မဂ် ဖြစ်သွားသဖြင့် ဥပါဒါန်၊ ကံ မလိုက်လာဘဲ ပဋိစ္စသမုပ္ပာဒ် ပြတ်ထွက်သွားသည်။ [နာ၁–၂၂၀] တဏှာကို တဏှာလို့ သိသဖြင့် ပုဂ္ဂိုလ်သတ္တဝါ အတ္တစွဲ ပြုတ်တော့သည်။ သကာဒါဂါမ်၊ အနာဂါမ်မှာ တဏှာ မကုန်သေးပါ။ သို့သော် တဏှာနောက်က အသိကလေး လိုက်တတ်သဖြင့် အပါယ်မသွားတော့ပါ။ [နာ၁–၂၂၁] ဘယ့်နှယ် ကြောင့် တဏှာသည် အပါယ်ကို မပို့ပါလိမ့်။ အသိကလေး လိုက်တတ်လို့ဟု ဖြေရမည်။ [နာ၁–၂၂၂]

အသိနှင့် ပယ်ပုံကို ပြပြီးနောက် အကျင့်(အပွား)နှင့် ပယ်ပုံကို ပြသည်။ ဖဿက ဒီနေရာပေါ် ဒီနေရာပဲ ပျောက်သည်။ အနိစ္စပဲ ရှိပါကလားဟု ရှုသွားပါ။ ဖြစ်ပျက်နောက်က မဂ်ဖြစ်နေပြီ။ [နာ၁–၂၂၄] ဖြစ်မှုပျက်မှု အနိစ္စကို မြင်အောင် ရှုတတ်လျှင် အပါယ်မကျတော့ပါ။ မဂ်က ဖြတ်လိုက်လို့ မကျတာ ဖြစ်သည်။ ဤတရားတွင် ထူးထူးခြားခြား အောက်ပါအတိုင်း ဟောထားသည်မှာ အံ့သြစရာပင် "နောက်ဥပဒေနဲ့ဆိုရင် သေတာတောင် အခွန်ဆောင်ပြီးမှ မြေမြှုပ်ရမှာဗျ၊ သေသွား တာတောင် အခွန်ဆောင်ခဲ့ဦးကွ ဆိုပြီး မှတ်တမ်းတွေ အကုန် ရေးပြီးမှ အလောင်း ချစေဆိုတဲ့ အမိန့်က လာမှာ စိတ်သာချ" ဟု မိန့်ထားလေသည်။ အနာဂတ်ကို ကြိုတင် ရှုမြင်ထားကြောင်း ပေါ်သည်။ [နာ၁–၂၂၉]

ကာယကံလည်း ဖြစ်ပျက်ရှု၊ စေတနာလည်း ဖြစ်ပျက်ရှု၊ စေတနာက ကံ၊ ဖြစ်ပျက်ရှုတာက မဂ်၊ ဟိုဘက်မှာ ဇာတိ၊ ဇရာ၊ မရဏ မလာနိုင်တော့ပါ။ အပါယ်တံခါးကို မဂ်နှင့် ပိတ်မှုရတယ်ဟု မိန့်ထားသည်။ [နာ၁–၂၃၁] ဒီအလုပ်ကို လုပ်ရကောင်းမှန်း မသိလျှင်တော့ ခင်ဗျားတို့ စားနေတာ၊ အိပ်နေတာ၊ ရောင်းနေ ဝယ်နေတာ အားလုံး အပါယ်ကံတွေချည်းသာ မှတ်ပါဟု ဆိုပြီး ပွားမှုနှင့် အပါယ် လေးပါး တံခါးပိတ်ဖို့ တိုက်တွန်းထားသည်။ [နာ၁–၂၃၂]

ပြီးမှ ပယ်မှုနှင့် ပြမည်ဆိုပြီး ပြပြန်သည်။ ဤတွင် ဆရာတော်က အားလုံးကို မရှုနှင့် ဝေဒနာ တစ်လုံးတည်း ရှုဟု ဟောထားသည်။ [နာ၁–၂၃၃] 'ဥပေက္ခာ သဟဂတံ စက္ခု ဝိညာဏံ' ဆိုသောကြောင့် ဥပေက္ခာဝေဒနာနှင့် ဖဿနှင့် တွဲနေ သည်။ ဝေဒနာကလေးကိုပဲ ဖြစ်ပျက် ရှုပေးပါ။ ဝေဒနာကို ဖြစ်ပျက် ရှုလိုက်တော့ ဖဿလည်း ပါသွားသည်။ ရောပြီး ချုပ်သွားသည်။ ဒီပြင်ဟာတွေ မလိုက်နှင့်၊ ဝေဒနာ ပေါ်တိုင်း ပေါ်ရာမှာ ဖြစ်ပျက်ရှု၊ ဘာဝေဒနာပဲ ပေါ်ပေါ် ရှု၊ ဖြစ်ပျက်နောက်

http://www.dhammadownload.com



က မင်္ဂလိုက်တော့ ဝေဒနာနိရောဓ ဖြစ်သည်။ ထိုအခါ တဏှာနိရောဓ ဖြစ်ပြီ။ တဏှာဥပါဒါန် အကုန်ချုပ်သည်။ ဒီအခါ ခန္ဓာကို မမြင်တော့ဘဲ ဖြစ်ပျက်ချည်းသာ မြင်တော့သည်။ ဖြစ်ပျက်ချည်း မြင်လျှင် နိဗ္ဗာန်ရောက်ဖို့ နီးပြီဟု ဆိုသည်။ [နှာ–၂၃၆] ရှုဖန်များတော့ ကိုယ့်အသေချည်း ကိုယ်မြင်တော့သည်။ ထိုအခါ သည် ခန္ဓာကို မုန်းလာသည်။ မုန်းပြီးသည်၏ အခြားမဲ့၌ မဂ္ဂင်ရှစ်ပါး ဖြစ်ပေါ်လာ သောကြောင့် ဖြစ်ပျက် ခန္ဓာအားလုံး ပျောက်ထွက်သွားသည်။ [နှာ–၂၃၇] ဖြစ်ပျက် တွေလည်း ချုပ်သွားရော ဖြစ်ပျက် အဆုံးမှာ ဒုက္ခကင်းရာ နိဗ္ဗာန် ဘွားခနဲ ပေါ်လာ သည်။ လောင်စာသိမ်း၍ မီးငြိမ်းသွားသည်။

လောင်စာက ခန္ဓာဒုက္ခသစ္စာ၊ မီးက တဏှာသမုဒယသစ္စာ၊ ဝေဒနာ တစ်လုံး ပဲ ရှုပါ။ ဒုက္ခဆုံးတာက နိဗ္ဗာန်၊ မြင်တာက မဂ်ဉာဏ်ဖြစ်သည်။ [နှာ–၂၄၁] နိဗ္ဗာန်မြင်မှ အပါယ်လေးပါးတံခါး ပိတ်သည်။ ဉာဏ်ထက်လျှင် ခုနစ်ရက်ပဲဟု ဆိုသည်။ ဉာဏ်နည်းလျှင်သာ ခုနစ်လ၊ ခုနစ်နှစ် လုပ်ရတတ်ကြောင်း ဟောသည်။ ပယ်ပြုတ်ဆိုတာ ဒုက္ခဆုံးတာကို မြင်မှ ပြုတ်ကြောင်း ပြသည်။ ဖြစ်ပျက်မြင်၊ ဖြစ်ပျက်မုန်းပြီး၊ ဖြစ်ပျက်ဆုံးမှ ပယ်ပြုတ်ဖြစ်ကြောင်း ဟောရင်း အချိန်စေ့၍ တရားကို နားလိုက်သည်။

*

## ၆။ ကိုယ့်ခန္ဓာ သုံးသပ်ပုံ

[၁–၈–၆၁ နေ့က အမရပူရမြို့ မင်္ဂလာတိုက်ဟောင်းမှာ ဟောသောတရား]

ကိုယ့်ကိုယ်ကိုယ် လူဖြစ် မဖြစ် ဝေဖန်ကြစို့ဟု ဆိုကာ ဤတရားကို စတင် ဟောကြားလေသည်။ ဝေဖန်သော ဉာဏ်နှင့် ခန္ဓာငါးပါးကို သုံးသပ်လိုက်လျှင် ရူပက္ခန္ဓာပဲဖြစ်ဖြစ်၊ ဝေဒနာက္ခန္ဓာပဲ ဖြစ်ဖြစ်၊ သညာက္ခန္ဓာပဲ ဖြစ်ဖြစ်၊ သင်္ခါရက္ခန္ဓာ ဝိညာဏက္ခန္ဓာ အားလုံး ဖြစ်ပျက်ပဲ အဆုံးရှိသည်ကို တွေ့ရမည် ဖြစ်၏။ ခန္ဓာမှာ ဖြစ်ပျက်ရှိသောကြောင့် ဖြစ်ပျက်ပဲ သိနေလျှင် မျက်စိနှစ်ကွင်း အလင်းရပြီဟု ဆိုသည်။

မိရိုးဖလာ ရိုးရာမျက်လုံးနှင့် ကြည့်မှုကား ခန္ဓာငါးပါး ဖြစ်ပျက်ကို မမြင်ဘဲ သားမြင်၊ သမီးမြင်၊ လင်မြင်၊ မယားမြင်ပဲ ရှိနေကြမည် ဖြစ်သည်။ အန္ဓပုထုဇဉ်သည် အမှန်တရားကို မမြင်တတ်၊ အကန်းနှင့် တူသည်။ [နှာ–၂၄၅] အရှူးနှင့်လည်း

http://www.dhammadownload.com



တူသည်။ ခန္ဓာငါးပါး ဖြစ်ပျက် (အနိစ္စ၊ ဒုက္ခ၊ အနတ္တ) ကို မြင်လျှင် အန္တပုထုဇဉ်သည် အကန်းအဖြစ် ရွေးခဲ့သော်လည်း အလယ်ပိုင်းမှာ ဉာဏ်မျက်စိ ရသွားပြီဟု မှတ်ရမည်။ [နာ-၂၄၇]

ဤသို့ ဉာဏ်မျက်စိရပြီး သေလျှင် အပါယ်တံခါး ပိတ်ပြီး သေတာကြောင့် အသေကောင်း ဖြစ်ပြီဟု ဆိုသည်။ ခန္ဓာအရှိကို ဉာဏ်အသိနှင့် ကိုက်အောင် ကြည့်တတ်လျှင် သမ္မာဒိဋ္ဌိမျက်လုံး ဖြစ်ပြီ။ အရိယာမျက်လုံး ရပြီဟု ဟောထားသည်။ [နာ-၂၄၈] သမ္မာဒိဋ္ဌိမျက်လုံး၊ သမ္မာသင်္ကပ္ပမျက်မှန်ကောင်း ရပြီး သမ္မာဝါယမ၊ သမ္မာသတိ၊ သမ္မာသမာဓိ မဂ္ဂင်သုံးပါး အကူအညီရလျှင် အရိယာ မျက်လုံး စုံပြီ။ ထိုအခါ ဖြစ်ပျက်အဆုံး နိဗ္ဗာန်ကို ထိုးထွင်း သိမြင်နိုင်ပြီ။ ဤသို့ မြင်ပြီး သေပါမူကား ပြုံးသေဖြစ်သည် ဆို၏။ [နာ-၂၄၈] အနေကောင်း နေခဲ့၍ အသေကောင်း သေသည်ဟု မှတ်ရမည်။

ဘုရားမြတ်စွာက ဝိပဿနာ ရှုကြပါ။ မမေ့မလျော့ကြပါနှင့် သေရာညောင်စောင်းကျမှ နှလုံးမသာ မဖြစ်ကြလေနှင့်ဟု အကြိမ်ပေါင်း ၁၇၉၂ ကြိမ်တိတိ ဆုံးမ မှာကြားခဲ့ကြောင်းကို ပြထားသည်။ [နာ-၂၄၉] ဆရာတော်ကြီးကလည်း ဝိပဿနာ ရှုကြပါဟု အကြိမ်ကြိမ် တိုက်တွန်းတော်မူသည်။ မရှုလျှင် မဲ့သေ သေရလိမ့်မည်။ သားက ငယ်သေးတယ်။ သမီးက အရွယ် မရောက်သေးဆိုသော အပိုတွေကို လုပ်မနေကြပါနှင့်၊ အဲဒါတွေက ကယ်မည့်သူတွေ မဟုတ်။ ရန်သူ အကြီးစားတွေ၊ အပါယ်ပို့မည့်ဟာတွေဟု ပြတ်ပြတ်ဆိုသည်။ [နာ-၂၅၀] လူတွေက လောကီစည်းစိမ် ချမ်းသာတွေကို ရရှိခံစားရလျှင် အကျိုးပေး သန်သည်ဟု ထင်တတ်ကြသည်။ ဉာဏ်အမြင် မရှိ၍ ဖြစ်၏။ အမှန်မှာ လောကုတ္တရာ အမြင်နှင့် ကြည့်ပါက ထိုစည်းစိမ်ချမ်းသာတွေသည် မဂ်ဉာဏ်ဖိုလ်ဉာဏ်က တားတာတွေ ဖြစ်နေကြောင်း ဟောသည်။ [နာ-၂၅၁] မှားနေကြတာတွေဟု ဆိုသည်။ မသိခင် မှားကြတာ ဓမ္မတာ ဖြစ်သည်။ သိလျှင် မှားသက် မရှည်စေနှင့်ဟု ဆုံးမတော်မူသည်။ [နာ-၂၅၂]

ဉာဏ်မျက်စိနှင့် တပ်ကြည့်လိုက်မှ သံသရာမှာ ကိုယ်အသုဘကောင်ကြီး ထမ်းပြီး လာခဲ့ကြရတာ ပေါ်သည်။ သူကောင်ထမ်းပဲ မထူးဘူးဟု ခန္ဓာ၏ အပြစ်ကို မြင်လွယ်အောင် စကားလုံးရှင်းရှင်းဖြင့် ပြသည်။ [နာ-၂၅၄] ပြီးမှ နိဗ္ဗာန်ကျမှ ထမ်းစဉ်နှင့် အသုဘ မရှိတော့ဘူးဟု ဆိုသည်။ [နာ-၂၅၉] ခန္ဓာဇာတ်သိမ်းမှ ငြိမ်းအေးသော နိဗ္ဗာန်ကို ရောက်မည်ဟု ဟောသည်။

http://www.dhammadownload.com



ဉာဏ်မျက်လုံး တပ်ကြည့်မှ ဒီခန္ဓာသည် အသုဘာ ဒုက္ခသစ္စာကြီးပါလားဟု မြင်လာသည်။ အသုဘာ ဒုက္ခသစ္စာကြီး နေရတာ ရွံမုန်းစရာကြီးပါကလားဟု ဒုတိယဉာဏ် ဖြစ်ပေါ်လာနိုင်သည်။ ထိုအခါ အသုဘာ ဒုက္ခသစ္စာနှင့် အိုးစားကွဲချင်သော မလိုချင်သောစိတ် ဖြစ်လာသည်။ ထိုအခါမှ မဂ်ဉာဏ် ပေါ်လာသည်။ မဂ်ဉာဏ်ဖြစ်လာမှ ခန္ဓာကြီး အကုန်ပျောက်သည်။ နိဗ္ဗာန်မှာ ခန္ဓာ မရှိတော့ဘူး၊ အဆိုးတွေ အားလုံး ပျောက်ငြိမ်းသွားပြီ။ အဆိုးပျောက်သွားလျှင် ကျန်တာက အကောင်းချည်းသာ မှတ်ပါ။ [နာ-၂၆၁] ဒီလို မြင်ဖို့က အဟောတရားနှင့် မရပါ။ အလုပ်ပါမှ ဖြစ်နိုင်ကြောင်းလည်း ဟောထားသည်။

ဤတရားတွင် မနောပေါက်က စဖြစ်သော ပဋိစ္စသမုပ္ပာဒ်ကို ပြသည်။ အိပ်ရာပေါ် ပက်လက်လှန်ပြီး နဖူးပေါ် လက်တင်လိုက်လျှင် သေတ္တာထဲက ငွေတွေ၊ ရွှေတွေ၊ စိန်တွေဆီ ရောက်သွားသည်။ ဖဿဆိုသော ဓမ္မကလေး မနောပေါက်မှာ ပေါ်သည်။ ဖဿပေါ်တော့ ဒီငွေတွေနှင့် ဘာကို ဘယ်လို ရင်းနှီးလိုက်လျှင် ဘယ်လောက် မြတ်မည်ဆိုပြီး ဝမ်းသာမိသည်။ ဝေဒနာပေါ်ပြီ။ အိပ်ရာထဲက ပဋိစ္စသမုပ္ပာဒ်ဟု ဆရာတော်က ခေါ်သည်။ [နာ-၂၆၂]

ထိုအခါ ပစ္စည်းဥစ္စာတွေပေါ်မှာ စွဲလမ်းသော ဥပါဒါန်က ဖြစ်လာပြန်သည်။ အရင်းတော့ အပျောက်မခံနိုင်ဘူး၊ ဥပါဒါန်ကြောင့် ကာယကံ၊ ဝစီကံတွေ ပေါ်လာပြန်သည်။ အိပ်ရာထဲ ဝင်ပြီး နဖူးပေါ် လက်တင်မှ အပါယ်သွားတော့သည်။ [နာ-၂၆၄] အိပ်ရာထဲက စိတ်ကူးတာများ ဘာအပြစ်ရှိသလဲဟု ပုထုဇဉ်က မေးမည်။ ဘာဝနာအလိုမှာဖြင့် အကြီးဆုံး အပြစ်သင့်နေပြီဖြစ်ကြောင်း ပြသည်။ [နာ-၂၆၅] ကာယကံ၊ ဝစီကံထက် မနောကံက ပိုပြီး အပြစ်ကြီးကြောင်းကို မဇ္ဈိမပဏ္ဏာသ ပါဠိတော် ဥပါလိသုတ်ကို ကိုးကား၍ ဟောသည်။

လူသတ်လျှင် ကာယကံနှင့် တစ်ယောက်ပဲ သတ်နိုင်သည်။ ဝစီကံဖြင့်မူ မန်းမှုတ် ကျိန်စာတိုက်ပြီး သတ်လျှင် ရာထောင် သတ်နိုင်သည်။ မနောကံဖြင့် သတ်မှုကား တစ်တိုင်းတစ်ပြည်လုံးကို သတ်နိုင်သည်။ မနောကံက အကြီးဆုံး ဖြစ်ကြောင်း ပြထားသည်။ အကြံအစည်တွေကြောင့် အပါယ်သွားရပုံကို ပြခြင်း ဖြစ်သည်။ ကြံချင်လျှင် ကာမဝိတက်၊ ဗျာပါဒဝိတက်၊ ဝိဟိံသဝိတက်တွေကို မကြံပါနှင့် ခန္ဓာသည် ဘာသစ္စာတုံးဟု သိအောင်ကြံပါဟု ဆိုသည်။

သစ္စာသံယုတ်မှာ ဘုရားက ဤသို့ ကြံရမည်ဟု ဟောထားကြောင်းကို လည်း ပြသည်။ [နာ-၂၆၆] အိပ်ရာထဲက နေပြီး အပါယ်သွားကြရပုံကို ဤတရား

http://www.dhammadownload.com



မှာ ဟောသည်။ ဒွါရခြောက်ပေါက်မှာ ဘယ်အပေါက်ကပဲ သွားသွား၊ အပါယ်ချည်း သွားသည်။ ကြံပါဆိုတာ ဝိပဿနာ ရှုပါဟု ဆိုကြောင်း နားလည်ရန် ဟောပြန်သည်။ [နာ၁-၂၆၈] ခန္ဓာမှာ ပေါ်သရွေ့ အကုန် ဒုက္ခသစ္စာချည်းသာ မှတ်ပါဟု ဆိုသည်။ ဒုက္ခသစ္စာကို ကြံ၊ ဉာဏ်က မဂ္ဂသစ္စာ ဖြစ်သည်၊ သေတာက သမုဒယ သစ္စာ၊ ရောက်တာက နိရောဓသစ္စာ။

နွေခါ လှောင်၊ ဆောင်းကျတော့ ရောင်းဆိုသော အကြံကောင်း ဆိုတာက အပါယ်ပို့သော အကြံ ဖြစ်ပုံကိုလည်း ပြသည်။ ဒုက္ခသစ္စာကို သိရမည်။ အပါယ် တံခါးကို ဉာဏ်နှင့် ပိတ်ရမည်။ ဖြစ်ပျက် ရှုနိုင်သော ပုဂ္ဂိုလ်သာလျှင် အပါယ်တံခါး ပိတ်သည်။ [နာ၁-၂၇၄] ခန္ဓာကိုယ်ထဲမှာ အပါယ်တံခါး ဖွင့်တဲ့ တရားလည်း ရှိသည်။ အပါယ်တံခါး ပိတ်တဲ့ တရားလည်း ရှိသည်ဟု ထင်ရှားအောင် ပြသည်။ [နာ၁-၂၇၆]

ပြီးမှ "ကိုင်း ကြံချင်ရင် ဒုက္ခသစ္စာပဲ ကြံပါဟု ဆုံးမပြီး။ ခန္ဓာထဲ စားချင် စိတ် ပေါ်လည်း ဖြစ်ပျက်၊ အိပ်ချင်စိတ် ပေါ်လည်း ဖြစ်ပျက်ရှု။ အားလုံး ဒုက္ခသစ္စာ ချည်းပဲဟု ရှုရန် တိုက်တွန်းထားသည်။ ဖြစ်ပျက်က ဒုက္ခသစ္စာ၊ နောက်က ကြံလုံး ကလေးက မဂ္ဂသစ္စာ ဒီလို ရှုလျှင် အပါယ်တံခါးက အမြဲပိတ်တယ်ဟု ရှင်းအောင် ဟောသည်။ [နာ၁-၂၇၈] သည်လိုကြံ သည်လိုရှုလျှင် အိပ်ရာထဲက နိဗ္ဗာန် သွားသည်။ ခန္ဓာမှာ ပေါ်သမျှ ဒုက္ခသစ္စာချည်းပါလားဟု ကြံလုံး ထုတ်ရမည်။ ဝိတက်တွေကို သာ မကြံပါနှင့်ဟု ဆိုဆုံးမသည်။ ခန္ဓာကို ဉာဏ်လှည့်တတ်လျှင် ဟင်းရွက်စိမ်း ကလေးကို ဆိနှင့်ကြော်ရင်းတောင် နိဗ္ဗာန်ဆက်ကူးတယ်ဟု ဟောတော်မူသည်။ [နာ၁-၂၈၁]

အကြံကောင်းလျှင် တစ်ချက်ဆိုတာ ဒါကို ဆိုလိုခြင်း ဖြစ်ကြောင်း၊ အကြံ ကောင်းရင် မဂ်ပေါ်ကြောင်း ပြသည်။ [နာ၁-၂၈၂] မကြံတတ်လျှင် အပါယ်ကျသည်။ အတွေးမှန်(အကြံတတ်)လျှင် နိဗ္ဗာန် ရောက်သည်။ သို့သော် လူတွေက သားရေး သမီးရေး၊ စီးပွားရေးတွေ ကြံရင်းပဲ သေသည်။ ဒုက္ခသစ္စာကြံလုံးနှင့် သေသူ ရှားသည်။ [နာ၁-၂၈၄] အကြံကောင်းတာက သမ္မာသင်္ကပ္ပ၊ အမှန်မြင်တာက သမ္မာဒိဋ္ဌိရလည်း မှတ်ရလွယ်အောင် ပြပါသည်။ [နာ၁-၂၈၅] ကာမဝိတက်၊ ဗျာပါဒ ဝိတက်၊ ဝိဟိံသဝိတက်ကို မဂ်အကြံကောင်း၊ နိက္ခမ္မဝိတက်၊ အဗျာပါဒဝိတက်၊ အဝိဟိံသဝိတက်သို့ အကြံပြောင်းပါဟု တိုက်တွန်းသည်။ [နာ၁-၂၈၆]

http://www.dhammadownload.com



ဤသို့ အကြံပြောင်းတတ်လျှင် မဂ္ဂသစ္စာဖြစ်အောင် ကြံတတ်လျှင် အိပ်ရာထဲက နိဗ္ဗာန် ကူးနိုင်ကြောင်း ပြ၍ ဟောသည်။ [နှာ-၂၈၉] အကြံကောင်းလျှင် နိဗ္ဗာန်ရောက်တယ်ဟုလည်း ထပ်ဆင့် ဆိုပြန်သည်။ [နှာ-၂၉၀] သစ္စာကြံမှုမှ တစ်ပါး လောကီကြံမှုစည်မှုတွေကို အိပ်ရာထဲ ယူမလာနှင့်ဟုလည်း သတိပေးသည်။ သမ္မာသင်္ကပ္ပနှင့် သမ္မာဒိဋ္ဌိ နှစ်ပါးသည် ပညာမဂ္ဂင်နှစ်ပါး ဖြစ်သည်။ သမ္မာသင်္ကပ္ပ မျက်မှန်ကောင်းနှင့် သမ္မာဒိဋ္ဌိ မျက်လုံးနှင့် တွဲရမည်။ အိပ်ရာထဲ ရောက်တာနှင့် ဤသို့သာ ကြံမည်ဟု ဆုံးဖြတ်ချက်ချဟု ဆိုရင်း အချိန်စေ့သဖြင့် တရားကို နားလိုက်ပါသည်။

*

## ၇။ ဝိပ္ပလ္လာသတံတိုင်းအတွင်း မှောင်ကျနေပုံ

[၂-၈-၆၁ နေ့က အမရပူရမြို့ မင်္ဂလာတိုက်ဟောင်းမှာ ဟောသောတရား]

တရား နှလုံးသွင်းကြ၊ အလုပ်တရား ပေးမည်။ အလုပ်တရား မပေးမီ အမှားတွေကိုလည်း ပြင်ပေးမည်ဟု ဆိုကာ ဤတရားကို စတင် ဟောကြားပါသည်။ ဆရာတော်က အမှားပြင်ပြီးမှ အလုပ်ပေး၊ အလုပ်ပေးမှ ဉာဏ်ထက်၊ ဉာဏ်ထက်မှ ကိလေသာကို သတ်နိုင်သည်။ ကိလေသာ သေမှ နိဗ္ဗာန်မြင်ပုံကို အဆင့်ဆင့် ထားပြီး ဟောသည်။

ပြီးမှ ထုံးစံအတိုင်း ရူပက္ခန္ဓာအစ၊ ဝိညာဏက္ခန္ဓာအဆုံး ခန္ဓာငါးပါး ရှိပုံ၊ ယခု တရားနာတွေတာ ယောကျ်ားမိန်းမတွေ မဟုတ်၊ ခန္ဓာငါးပါးဟု မြင်အောင် ပြသည်။ ဒီခန္ဓာငါးပါးပေါ်မှာ အမှားဝိပ္ပလ္လာသသုံးမျိုး ဖြစ်နေသည်။ (၁) အမှတ်မှားသည်၊ (၂) အသိမှားသည်၊ (၃) အယူမှားသည်။ မွေးထားသောကလေး၊ ခန္ဓာငါးပါး ရုပ်နာမ်တရားတွေကို သားပဲ၊ သမီးပဲဟု အမှတ်(သညာ) မှားနေကြသည်။ သားကို မြင်တော့ သားကိုခင်၊ သမီးကို မြင်တော့ သမီးကို ခင်တာက အသိမှားတာ ဖြစ်သည်။ ငါ့သား ငါ့သမီးဟု ရှုမြင်ပြီး သိနေကြသည်။ အသိမှား ဖြစ်၏။ အသိမှားတော့ ဒီသား ဒီသမီးပဲ အားကိုးရမည်ဟု အယူအဆ မှားတော့သည်။ [နှာ-၂၉၇] အမှတ်မှားတော့ အသိမှားတယ်။ အသိမှားတော့ အယူမှားတယ်ဟု ဆိုသည်။ [နှာ-၂၉၈] အမှားသုံးချက် ဝိုင်းနေသည်။ တံတိုင်းကြီး သုံးထပ်ဆင့်ပြီး ကာရံထားသည်နှင့် တူသည်ဟု ဟောသည်။ [နှာ-၃၀၀]

http://www.dhammadownload.com



သတ္တဝါတွေသည် ဘဝတိုင်း ဘဝတိုင်း ဤအမှားတံတိုင်း ကြားမှာပဲ ဖြစ်နေ ရသည်။ မှောင်တိုက် တံတိုင်းကြီးထဲမှာ မှောင်ထဲမွေး မှောင်ထဲသေ ဖြစ်နေကြရ သည်။ [နှာ-၃၀၂] ဤဝိပ္ပလ္လာသတံတိုင်းတွေသည် သူများကာသော တံတိုင်း မဟုတ်၊ ကိုယ့်ဘာသာ ကာထားသော တံတိုင်းများသာ ဖြစ်သည်။ ကိုယ့်ကိုယ်ကိုယ် လုံခြုံရေးအတွက် ဤအမှားတံတိုင်းတွေ ကာနေကြခြင်း ဖြစ်၏။ တရားနာဖို့ မလာနိုင်ဘူး သားတံတိုင်း၊ သမီးတံတိုင်းတွေက ကာနေသည်။ တရားနာဖို့တောင် ထွက်ခွင့် မရဘူး။ [နှာ-၃၀၄] ဒီတံတိုင်းတွေ ကာရံထား၍ ဘုရားအဆူဆူနှင့် လွဲခဲ့ရတာဟု ဆိုသည်။

ဘုရားက တံတိုင်းအပြင်ဘက်မှာ ပွင့်သည်။ သညာဝိပ္ပလ္လာသ၊ စိတ္တဝိပ္ပလ္လာသ၊ ဒိဋ္ဌိဝိပ္ပလ္လာသ (အမှတ်မှား၊ အသိမှား၊ အယူမှား) တံတိုင်းကြီး သုံးထပ်ဖြစ်သည်။ ပိတ်ပင်ထားသော အကာအဆီးများ ဖြစ်ကြသည်။ [နှာ-၃၀၅] ယခု ကံအား လျော်စွာ တရားနာဖို့ ခေတ္တ ဒီတံတိုင်းကြီးထဲက ထွက်လာတာ၊ အိမ်ရောက်တော့ ဒီအကျဉ်းထောင် တံတိုင်းကြီးထဲ ပြန်ဝင်မှာပဲဟု ဆိုသည်။ [နှာ-၃၀၇] ဒါကြောင့် ဤတံတိုင်းတွေကို ဖောက်ပေးရမည်၊ ချိုးပေးရမည်။ မဖောက်မချိုးနိုင်သရွေ့ နောက် ဘုရားအဆူဆူနှင့် လွဲကြရဦးမည်။ ဒီတံတိုင်းတွေက အထပ်ထပ် ဆင့်ပြီး ကာရံထားသောကြောင့် ဘုရား မတိုးနိုင်ဘူးဟု မိန့်သည်။

ဘာကြောင့် ဒီလောက်တောင် ကာရံထားသလဲ မေးတော့၊ အဖြေက ရှင်းသည်။ မကျွတ်ချင်လို့ ဖြစ်ကြောင်း ပြသည်။ [နှာ-၃၀၉] ဒီဝိပ္ပလ္လာသတံတိုင်း သုံးထပ်ကြားထဲမှာ ၃၁ ဘုံ ရှိသည်။ ၃၁ ဘုံထဲ အိုပွဲ၊ နာပွဲ၊ သေပွဲ၊ ငိုပွဲ ရှိသည်။ [နှာ-၃၀၉] ဝိပ္ပလ္လာသတံတိုင်းကြီးက စကြဝဠာတံတိုင်းထက် ထူသည်၊ မြင့်လည်း မြင့်သည်။ မဂ်ဉာဏ်ဖိုလ်ဉာဏ် မရသေးလျှင် သည်တံတိုင်းထဲမှာပဲ ရှိသေးသည်။ ဒီတရားကို ဟောပြမှ တံတိုင်းအဆင့်ဆင့် ပယ်တတ်မည်။ တစ်ရက်ထဲ ဟော၍ လည်း ပြီးမည် မဟုတ်ပါ။ သညာပယ်ပြီးမှ စိတ်ကို ပယ်ရမည်။ စိတ်ကို ပယ်ပြီးမှ ဒိဋ္ဌိကို ပယ်ရမည်။ မဂ်နှင့် ပယ်ရမည်။ [နှာ-၃၁၂] သောတာပန်ဖြစ်မှ တံတိုင်း တစ်ထပ်ပဲ ကျော်နိုင်သည်။ သကဒါဂါမ်၊ အနာဂါမ် ဖြစ်မှ ဒုတိယတံတိုင်း နှစ်ထပ် ကျော်နိုင်သည်။ ရဟန္တာဖြစ်မှ တံတိုင်းသုံးထပ်လုံး ကျော်နိုင်သည်ဟု ပြထားသည်။ [နှာ-၃၁၅]

ပုထုဇဉ်မှာ ဝိပ္ပလ္လာသတံတိုင်းတွေ အထပ်ထပ် ကာနေသည်။ ခင်ပွန်း သေတာ နှစ်စေ့၊ လစေ့ ဆွမ်းတွေ ကျွေးနေတာ လင်အမှတ် မပျောက်လို့ ဝိပ္ပလ္လာသ

http://www.dhammadownload.com



တွေ ထပ်ဆင့်နေခြင်းပင် ဖြစ်ကြောင်း ပြသည်။ [နှာ-၃၁၇] သူက ဝိပ္ပလ္လာသ ထပ်ပြီး တံတိုင်းကာတာ ခင်ဗျားတို့က သာခု ခေါ်လိုက်သေးတယ်ဟုလည်း ဝေဖန်ပြသည်။ ဆွမ်းကျွေးတာ ကုသိုလ်တော့ ရပါသည်။ သို့သော် ဝိဝဋ္ဋကုသိုလ် မရဘူး၊ ဝဋ္ဋကုသိုလ်ပဲ ရသည်ဟုလည်း ဆိုသည်။ [နှာ-၃၁၈] ဘုရားအဆူဆူကို ဖူးခွင့်မရဘဲ လွဲခဲ့သည်။ [နှာ-၃၂၀] ဒီဝိပ္ပလ္လာသတံတိုင်းတွေက မျက်စိဖွင့်လိုက်တိုင်း အဆင့်ဆင့် ကာသည်။ နားစွင့်လိုက်တိုင်း၊ နှာခေါင်းမှာ နံလိုက်တိုင်း ဆင့်ဆင့်ကာနေကြသည်။ ပုထုဇဉ် အမှားဝင်နေကြပုံ အမျိုးမျိုးကို ပေါ်အောင် နည်းအမျိုးမျိုးဖြင့် ပြသည်။

ဒီတံတိုင်းကြီးတွေ ပြိုအောင် ဖြိုဖို့မှာ ဝိပဿနာဉာဏ်၊ သစ္စာဉာဏ် ရမှ ဖြစ်သည်။ အနိစ္စဉာဏ်၊ ဒုက္ခဉာဏ် ရမှ ဒီဝိပ္ပလ္လာသတံတိုင်းကြီးကို ပယ်လှန်နိုင်မည် ဖြစ်၏။ [နှာ-၃၂၇] ဝိပ္ပလ္လာသတံတိုင်းကြီး မြင့်မောက်လွန်းသည်၊ ထူလွန်းသည်၊ ချိုးဖောက်ရန် မလွယ်ပါ။ ဘုရားအဆူဆူ ပွင့်တာတောင် တွေ့ခွင့်ဖူးခွင့် မရဘဲ လွဲခဲ့ရသည်။ ဒီတစ်ခါ လွဲရင်ဖြင့် အမွဲနှင့် ဆင်းရဲဟာ ကိုယ်ပိုင်ပစ္စည်းလို့ မှတ်ကြဟု ဆိုသည်။ [နှာ-၃၃၅] အမွဲဆိုတာ လိုချင်မှု တဏှာရှိသရွေ့၊ သိန်းတစ်ထောင် ချမ်းသာလည်း အမွဲပဲဟု ဆိုသည်။ အိုဘေး၊ နာဘေး၊ သေဘေးက ဆင်းရဲချည်း ဖြစ်သည်။ [နှာ-၃၃၅] မိုက်ပြစ်တွေကို ပြောတုန်း ရှိသေးသည်ဟု ဆိုသည်။ [နှာ-၃၃၆] ကိုယ့်ဟာကို မိုက်မှန်း မသိလျှင် ပိုမိုက်သည်။ မိုက်မှန်းသိမှ ပညာရှိ ဖြစ်သည်။

ထို့နောက် ဘုရားလက်ထက်က တရားပွဲကြီး ဟောနေတုန်း ခါးပိုက်နှိုက်နှစ်ယောက်က လာသည်။ တရားနာပုဂ္ဂိုလ်တွေကို ခါးပိုက်နှိုက်ဖို့ ဖြစ်သည်။ ခါးပိုက်နှိုက် တစ်ယောက်က ဘုရားဟောတရားကို နာရင်း သောတာပန် တည်သွားသည်။ ကျန်ခါးပိုက်နှိုက် တစ်ယောက်က နှိုက်လိုက်တာ တစ်ပဲရသည်။ တစ်ပဲရသော ခါးပိုက်နှိုက်က ငါ့မှာ တစ်ပဲရလို့ တစ်ပဲဖိုး စားစရာ ရှိသေးသည်။ မင်းမှာ ဘာစားစရာ ရှိသလဲဟု မေးသည်။ ထိုအခါ သောတာပန်ခါးပိုက်နှိုက်က ဘုရားထံ သွားလျှောက်သည်။ ဘုရားက 'ယောဗာလော မညတိ ဗာလျံ' အစရှိသော ဂါထာကို ဟောသည်။ မိုက်သောပုဂ္ဂိုလ် မိုက်မှန်းသိလျှင် ပညာရှိ ဖြစ်ပုံကို ဟောသည်။ [နှာ-၃၃၈] ကိုယ်မိုက်မဲတာကို ပညာရှိသည်ဟု ထင်သော ပုဂ္ဂိုလ်သည် အလွန့်အလွန် မိုက်မဲသူ ဖြစ်၏ဟု ဘုရားဟောကြောင်းကို ပြသည်။ [နှာ-၃၃၉]

http://www.dhammadownload.com



ထို့နောက် ဝိပဿနာ မပါလျှင် ဝိပ္ပလ္လာသတံတိုင်းကို မကျော်နိုင်ကြောင်း ဟောသည်။ [နာ–၃၄၂] ဝိပ္ပလ္လာသတံတိုင်းကို ဝိပဿနာနှင့် ဖွင့်ရမည်။ အလုပ်နှင့် ဖွင့်မှရမည်။ ဉာဏ်စူး ဉာဏ်ဆောက်နှင့် ဖောက်မှရသည်။ ဉာဏ်အလင်း ရမှသာ အမှောင်ထဲက ထွက်နိုင်ကြောင်း ဟောရင်း အချိန်စေ့၍ တရားနားသည်။

ဝိပ္ပလ္လာသအကြောင်း တစ်ရက်ထဲ ဟော၍ မပြီးကြောင်း ဆက်ဟောမည် ဖြစ်ကြောင်းလည်း မိန့်သွားသည်။

*

## ၈။ ဝိပ္ပလ္လာသ ဆယ့်နှစ်ပါး

[၃–၈–၆၁ နေ့က အမရပူရမြို့ မင်္ဂလာတိုက်ယောင်းမှာ ဟောသောတရား]

ဤတရားတွင် ဝိပ္ပလ္လာသကြောင်းကိုပင် ဆက်ဟောသည်။ ပြင်ဖို့ အရေးကြီး တယ်ဟု နှိုးဆော် တိုက်တွန်းသော စကားဖြင့် စသည်။ မှားမှန်းသိမှ ပြင်ချင်စိတ် ပေါ်သည်။ မှားမှန်း မသိသရွေ့ ပြင်ချင်စိတ် မပေါ်ဟု မိန့်သည်။ အမှားနှင့်နေပြီး အမှားနှင့် သေသွားကြလျှင် အပါယ်လေးပါးမှ တခြား လားရာလမ်း မရှိပါ။ အမှန် ဆိုတာက သမ္မာဒိဋ္ဌိဖြစ်၏။ [နာ–၃၄၆] အမှန်သိမှ လမ်းကောင်းမြင်သည်။ လမ်းကောင်းမြင်မှ နိဗ္ဗာန်သို့ ရောက်သည်ဟု ဆိုသည်။ ဤကမ္ဘာမှာ ဘုရား အကြိမ်ကြိမ် ပွင့်သော်လည်း ကိုယ်က အမှား မပြင်ဘဲ ၊ အမှားနှင့်သာ နေသော ကြောင့် ဘုရားအဆူဆူနှင့် လွဲခဲ့ကြရသည်။ ကံမကောင်း အကြောင်းမလှ၍ မကျွတ် ဘဲ ကျန်ရစ်တာလား မဟုတ်ပါ။ မိမိက ဝိပ္ပလ္လာသတရားတွေနှင့် ကာဆီးနေ၍ ဘုရားနှင့် လွဲခဲ့ရခြင်းသာ ဖြစ်သည်။ [နာ–၃၅၃]

နာမရူပ ပရိစ္ဆေဒကျမ်းကို ကိုးကားပြီး ဆရာတော်က 'အနောကပ္ပ နပါဏာရ ဝိပ္ပလ္လာသ ပုရိက္ခိတ္တံ' ဂါထာကို ပြသည်။ ခန်ကျော်လွှား၍ သွားဖို့ မလွယ် ကြီးကျယ် မြင့်ဆိုင်း၊ တံတိုင်းပမာ ဝိပ္ပလ္လာသဖြင့် ကွယ်ကာ ရစ်ဆိုင်း ဝိုင်းကာ၍နေခြင်းကြောင့် လည်းကောင်းဟု ပြထားပုံကို ထုတ်ပြသည်။ [နာ–၃၅၄] ပြီးမှ ကိုယ့်အမှား ကိုယ်မြင်ပြီး ကိုယ့်ကိုယ်ကိုယ် ပြင်ရန် တိုက်တွန်းချက်များကို ဟောသည်။

ဝိပ္ပလ္လာသက ၁၂ ပါး ရှိသည်။ ပထမမဂ် ရလျှင် ရှစ်ပါးသေသည်။ ဒုတိယ၊ တတိယမဂ်ရလျှင် နောက်ထပ် နှစ်ပါးသေသည်။ စတုတ္ထမဂ် ရပြီဆိုပါက နောက်ဆုံး ကျန်နှစ်ပါးကို ပယ်ပြီး ရဟန္တာ ဖြစ်တော့သည်။ [နာ–၃၆၅] ဒိဋ္ဌိပယ်မှ ပထမ

http://www.dhammadownload.com



နိဗ္ဗာန် (သောတာပန်) ရောက်သည်။ သညာ ပယ်ပါက ဒုတိယ၊ တတိယ နိဗ္ဗာန်ကို ရောက်သည်။ သုဘ၊ သုခ၊ စိတ္တတွေကို ပယ်မှ စတုတ္ထနိဗ္ဗာန်ကို ရောက်သည်။ (အင်္ဂုတ္တိုရ်မှာ လာသည်) [နှာ-၃၆၇] ဝိပဿနာ အလုပ်ဖြင့်သာ အမှတ်မှား(သညာ)၊ အသိမှား(စိတ္တ)၊ အယူမှား(ဒိဋ္ဌိ)ကို ပယ်နိုင်ကြောင်း ပြထားသည်။ ခန္ဓာကိုယ်ထဲမှာ ရှိတာက ရုပ်နာမ်အားလုံး အနိစ္စ၊ ဒုက္ခ၊ အနတ္တချည်း ဖြစ်သည်။ ပင်ကိုအားဖြင့် ဒါတွေပဲ ရှိသည်။

သို့သော် ပုထုဇဉ် အထင်၊ အမြင်၊ အသိမှာ အနိစ္စကို နိစ္စ၊ ဒုက္ခကို သုခ၊ အနတ္တကို အတ္တ၊ အသုဘကို သုဘဟု ထင်မြင် စွဲလမ်းနေကြသည်။ [နှာ-၃၇၁] အနိစ္စနှင့် ပတ်သက်၍ အမှတ်မှား၊ အသိမှား၊ အယူမှားသည်။ ဒုက္ခကိုလည်း အမှတ်မှား၊ အသိမှား၊ အယူမှားသည်။ အနတ္တကိုလည်း ထိုနည်းသုံးချက် မှားသည်။ အသုဘမှာလည်း သုံးချက်မှားသည်။ ထို့ကြောင့် ဝိပ္ပလ္လာသ အမှား ၁၂ ချက် ဖြစ်ရသည်။ [နှာ-၃၇၂] ဤအမှား ၁၂ ပါးသည် တစ်နေ့မှာ အကြိမ်ပေါင်း မရေမတွက်နိုင်အောင်ပဲ ဖြစ်နေကြရသည်။ ဤအမှား ၁၂ ချက်ကို ပယ်ချင်လျှင် အလုပ်နှင့်မှ ပယ်၍ရသည်။ အသံနှင့်လည်း ပယ်၍မရ၊ အပွားနှင့်လည်း ပယ်၍မရ၊ အပယ်နှင့်မှ ပြုတ်သည်။

ဤတွင် ဆရာတော်က တချို့ ဆရာများ၏ အမြင်ကိုလည်း ဝေဖန်ထားသည်။ **(တချို့ တရားဟော ဆရာတွေက သိရင် ပြီးတာပဲဆိုပြီး ပြောနေကြတယ်။ ဉာတပရိညာနှင့် နိဗ္ဗာန် ရောက်နိုင်တယ်လို့ ပြောနေကြတာ)** ဟု မိန့်ထားသည်။ [နှာ-၃၇၅] ထို့နောက် လိုရင်းကို မရောက်သော ဆရာများနှင့် တွေ့၍ ချောက်ကျရသည့် အရေးသည် ကြောက်စရာကောင်းကြောင်းကို ပြသည်။ ဤတွင် ဒိဋ္ဌိဝိပ္ပလာသကို မပယ်ဘဲနှင့် ဘယ်တော့မှ သောတာပန် မဖြစ်ကြောင်း၊ သညာဝိပ္ပလ္လာသ မပယ်ဘဲနှင့် ဘယ်တော့မှ သကဒါဂါမ်၊ အနာဂါမ် မဖြစ်ကြောင်း စိတ္တဝိပ္ပလ္လာသ မပယ်ဘဲနှင့် ဘယ်တော့မှ ရဟန္တာ မဖြစ်ကြောင်း အတိအကျ ဟောတော်မူသည်။ [နှာ-၃၇၆] ဝိပ္ပလ္လာသတွေကို ကံက မပယ်နိုင်ပါ။ ဉာဏ်ကသာ ပယ်နိုင်ကြောင်းကိုလည်း ဟောထားသည်။ [နှာ-၃၇၈]

ဤတွင် ဆရာတော်က လူ့ပြည်နတ်ပြည်ကို ပန်းတစ်ပွင့် လှူပြီး ဆုတောင်းလည်း ရသည်။ နိဗ္ဗာန်ကိုတော့ မရပါ။ ဘဝေတဗ္ဗကိစ္စနှင့် ပွားများမှသာ ရကြောင်း ရှင်းလင်း ဟောကြားပြန်သည်။ [နှာ-၃၈၃] သတိပဋ္ဌာန်တရား လေးပါးကို အားထုတ်မှ ရသည်။ [နှာ-၃၈၄] ထို့နောက် ဒိဋ္ဌိဖြုတ်မှ သောတာပန် တည်မည်

http://www.dhammadownload.com



ဆိုပြီး ဒိဋ္ဌိဖြုတ်ခန်း ဝိပဿနာကို ဟောပြန်သည်။ [နှာ–၃၈၆] ဒိဋ္ဌိ ဖြုတ်ချင်လျှင် ပဋိစ္စသမုပ္ပာဒ် ပြရကြောင်း ထုံးဟောင်းကို ပြန်ဟောသည်။ ဝိပ္ပလ္လာသ ၁၂ ပါး ရှိသည့်အနက် ဒိဋ္ဌိဝိပ္ပလ္လာသကို အရင် ဖြုတ်ရမည်ဟု နည်းစနစ်ကို ပြသည်။

တရားသည် တစ်ဆင့်ပြီးတစ်ဆင့် ရှေ့နောက် မလွဲမကျော်အောင် လုပ်မှ ရသည်။ ကုသိုလ်ရတာနှင့် မဂ်ရတာ တခြားစီ ဖြစ်သည်။ ကုသိုလ်ရချင် စာအုပ် ဖတ်လည်း ရသည်။ ရေအိုးစင်တည်လည်း ရသည်။ မဂ်ရချင်လျှင်တော့ အလုပ်စဉ် မမှားမှ ရသည်ဟု တိတိကျကျ ဆိုသည်။ [နှာ–၃၈၉] လာဘ်ရသော အလုပ်က တခြား၊ နိဗ္ဗာန်ရောက်ကြောင်း အလုပ်က တခြား၊ မတူပုံကိုလည်း ဓမ္မပဒကို ကိုးကား၍ ပြသည်။ [နှာ–၃၉၀] ဒိဋ္ဌိပယ်ရေးမှာ ခန္ဓာကို အနိစ္စမြင်အောင် ပြရ မည်။ ဒုက္ခမြင်အောင်၊ အနတ္တမြင်အောင် ပြရမည် အသုဘပေါ်အောင် ပြရမည်။ ခန္ဓာမှာ အားကိုးစရာ ဘာမှ မရှိကြောင်း သိမှ ဒိဋ္ဌိပြုတ်မည်။ ဒိဋ္ဌိပြုတ်မှ ပထမ နိဗ္ဗာန်ကို ရကြောင်း ဟောရင်း အချိန်စေ့၍ တရားကို နားလိုက်ပြန်သည်။

*

## ၉။ မဂ်မှတစ်ပါး ကယ်မည့်ယူမည့်သူ မရှိ

[၄–၈–၆၁ နေ့က အမရပူရမြို့ မင်္ဂလာတိုက်ဟောင်းမှာ ဟောသောတရား]

ဆရာတော်ကြီး၏ တရားပွဲမှာ လူအလွန် စည်ကားပြီး နေရာမလပ် ကျပ်တည်းနေဟန် တူသည်။ ကိုယ့်အရေးမို့ သည်းခံပြီး နာကြပါဟု ဆရာတော်ကြီး က မေတ္တာရပ်ခံ စကားဖြင့် ဤတရားကို ဟောတော်မူသည်။ ပူတာ၊ အိုက်တာ၊ စပ်တာက ငရဲအပူလောက် မဆိုးကြောင်း၊ ကိုယ့်ကိုယ်ကိုယ် ငရဲဘေးက ကယ်တင်ဖို့ လာကြတာလို့ သည်းခံကြဖို့ ဟောသည်။ ထို့နောက် ပူအိုက်စပ်လောင်တာ လူကျပ် လို့ နေရခက်တာ၊ ကျင်ကြီးကျင်ငယ်သွားရေး မလွယ်တာ ခန္ဓာက လာသော ဒုက္ခချည်းသာ မှတ်ဟု ဆိုသည်။ [နှာ–၃၉၅] ဒီခန္ဓာဒုက္ခတွေကို မြင်ခြင်းအားဖြင့် ခန္ဓာသိမ်းရာ၊ တဏှာသိမ်းရာ၊ ဒုက္ခအားလုံး အေးငြိမ်းရာ အမှန် မြတ်နိဗ္ဗာန်ကို ရယူနိုင်သည်ဟု ဆုံးဖြတ်ပါဟုလည်း တိုက်တွန်းသည်။ [နှာ–၃၉၆]

ပြီးနောက် ဒီအရေးဟာ ဒိဋ္ဌိခွာဖို့ အရေးပဲဟု မိန့်ကြားသည်။ ဒိဋ္ဌိခွာရေး ကိစ္စကို နက်ဖြန်မှ ပြမည်။ (လူများလွန်း၍ အားလုံး မမြင်သာ၍) ယနေ့တော့ မဂ်က ကယ်တင်ပုံ၊ မဂ်မှတစ်ပါး အားကိုးစရာ မရှိပုံကို ပြမည်ဟု ဟောသည်။

http://www.dhammadownload.com



သုပြဟ္မာနတ်သား ဝတ္ထုကို ဟောသည်။ လူ့ပြည်က ကုသိုလ်ကောင်းမှုတွေ လုပ်ပြီး ထိုနတ်သား ဒိဋ္ဌိမပြုတ်ဘဲ နတ်ပြည်တက်သွားသည်။ သူ့မှာ ဓနီးပေါင်း နတ်သမီး တစ်ထောင် ရှိသည်။ ထိုနတ်သမီး ဓနီးများနှင့် ဉယျာဉ် ကစားကြသည်။ ဒိဋ္ဌိ မပြုတ်တော့ ကုသိုလ် အရှိန်အဟုန် ကုန်သည်နှင့် ဖြုန်းဆို နတ်သမီးငါးရာ စုတိစိတ်ကျပြီး ငရဲကျကုန်ကြသည်။ နတ်မျက်စိဖြင့် နတ်သားက ကြည့်လိုက်သောအခါ စောစောက နတ်သမီးတွေ အဝီစိမှာ ခံနေကြရတာကို မြင်သည်။ နတ်သား သူ့ကိုယ်သူ ပြန်ကြည့်လိုက်တော့လည်း နောက်ခုနစ်ရက် ဆိုလျှင် နတ်သားရော၊ ကျန်နတ်သမီးများပါ အပါယ်ကျမည့် အရေးကို နတ်မျက်စိဖြင့် မြင်သည်။ အနာဂတ်အတွက် စိုးရိမ်ရပြန်သည်။ ဒိဋ္ဌိ မပြုတ်သော ကုသိုလ်များသည် စိတ်မချရသေးပုံကို ပြခြင်းဖြစ်၏။ [နှာ-၄၀၃] ဤဝတ္ထုကြောင်းကို ထုတ်ခြင်းမှာ စိတ်နှင့်ဒိဋ္ဌိ ဖြုတ်နည်းကို ဟောလို၍ဖြစ်ကြောင်း ဟောသည်။ [နှာ-၄၀၃]

မိစ္ဆာဒိဋ္ဌိ(သက္ကာယဒိဋ္ဌိ)ကို သမ္မာဒိဋ္ဌိဖြင့် မပယ်နိုင်၊ မဖြုတ်နိုင်သေးသရွေ့ ယနေ့ စကြဝတေးမင်းကြီး နက်ဖြန် အဝီစိကောင်ကြီး ဖြစ်နိုင်သည်ဟု မှတ်ရမည်။ ဒါကြောင့် လူဘယ်လောက် ကျပ်ကျပ်၊ ချွေးဒီးဒီးကျကျ ဒိဋ္ဌိဖြုတ်နည်း နိဿရည်းကို အရယူမည်ဟု စိတ်သန်ကြရန် တိုက်တွန်းပြန်သည်။ [နှာ-၄၀၅] သုပြဟ္မာနတ်သားမှာ အတိတ်က ခင်ပွန်း ငါးရာကြောင့်လည်း သူ့သောက ရောက်ရသည်။ အနာဂတ်မှာ သူနှင့်တကွ ကျန်နတ်သမီး ငါးရာအတွက်လည်း ပူပန်သောက ရောက်ရပြန်သည်။

လူ့ပြည်မှာ ဘုရားမြတ်စွာကလည်း ပွင့်နေသည်။ အရေးကြုံတော့ ဘုရားထံ နတ်သား အပြေးအလွှား သွားရသည်။ ဘုရားနှင့်တွေ့တော့ နတ်သားက 'နိစ္စံ ဥတြသတမိဒံ စိတ္တံ နိစ္စံ ဥဗ္ဗိဂ္ဂမိတိတောသုဓ' အစရှိသော ဂါထာဖြင့် သူ့ရင်ထဲမှာ သောကမီး တောက်လောင်နေရခြင်း အကြောင်းကို လျှောက်ထားသည်။ ဖြစ်ပြီးသော ကိစ္စအတွက်လည်း သူ့ရင်ထဲမှာ ပူလောင်သည်။ ဖြစ်လတ္တံ့ ကိစ္စအတွက်လည်း သူ့စိတ်တွေ ပူလောင်နေရကြောင်း လျှောက်ထားသည်။ ဒီအရေးကို ဘယ်သူ ကယ်နိုင်မလဲဟု ဘုရားက သဗ္ဗညုတဉာဏ်တော်ကြီးနှင့် ကြည့်လိုက်သည်။ ဘုရားလည်း မကယ်နိုင်ကြောင်း သိလိုက်သည်။ [နှာ-၄၀၉] ဘုရားက ကယ်နိုင်မည့် အားကိုးစရာ ကယ်နည်းကိုပဲ ပေးနိုင်သည်။ [နှာ-၄၁၀] တရားပဲ ပေးသည်။ ပြီးမှ ဘုရားက **'နိစ္စံ ဥတြသတ မိစ္စံ စိတ္တံ၊ နိစ္စံ ဥဗ္ဗိဂ္ဂမိဒံ မနော၊ အနုပ္ပန္နေသုကိစ္စေသု အထောဥပ္ပတိတေသုဓ'** အစရှိ ဂါထာကို ဟောလိုက်သည်။ [နှာ-၄၁၀] ဖြစ်ပျက်

http://www.dhammadownload.com



ရှုသော မဂ်ဖောဓ္ဓင် အကျင့်ကို ကြည်ထား၍ သင်နတ်သား နတ်သမီးများ၏ ချမ်းသာကို ပေးနိုင်သော တရားကို ငါ မမြင်ဟု မိန့်သည်။

ဖြစ်ပျက်ပဲရှု၊ အဲဒါ ကယ်မည့်တရားပဲဟု ဟောလိုက်ခြင်း ဖြစ်သည်။ မဂ္ဂင် အကျင့်ကို မကျင့်ဘဲနှင့် မင့်ဒုက္ခက လွတ်အောင် ကယ်မည့်တရားကို ငါ မမြင်ဟု မိန့်တော်မူသည်။ [နာ-၄၁၁] ထို့နောက် ထုံးစံအတိုင်း ဒွါရခြောက်ပေါက်မှ နေ့စဉ် ပဋိစ္စသမုပ္ပာဒ်တန်းဖြစ်ပြီး အပါယ်သွားမည့် ကံတွေ မရေမတွက်နိုင် ဖြစ်နေပုံကို ပြသည်။ ပြပြီးနောက် ဖြစ်ပျက်နှင့်မဂ် ကိုက်အောင် လုပ်သင့်ကြောင်းကို ဟောသည်။ [နာ-၄၁၂] မဂ်ပဲ အားကိုးရှိကြောင်းကို ဝတ္ထုသက်သေ ထုတ်ပြီး ခိုင်မာအောင် ဟောခြင်းဖြစ်သည်။ ထို့နောက် ဆရာတော်က သဘောသိရုံမျှ ပြပြီး တန်းလန်း မထားလိုကြောင်း လုပ်နည်း နိဿရည်းကိုလည်း ပေးမည်ဖြစ်ကြောင်း ဆိုသည်။ [နာ-၄၁၃] မဂ္ဂင်အလုပ်ကို လုပ်ပုံကို ပြရာ၌-

(၁) သီလကို ကြည်ထား၍ ချမ်းသာကြောင်းဖြစ်သော တရားကို ငါ မမြင် (နာဍတြိန္ဒိယသံဝရာ)

(၂) နိဗ္ဗာန်ကို ကြည်ထား၍ ချမ်းသာခြင်းကိုလည်း ငါ မမြင် ဟု မိန့်တော်မူသည်။ မဂ္ဂင်အလုပ် လုပ်ပြီး ဒုက္ခချုပ်သော နိဗ္ဗာန်ကို မြင်မှ အပါယ်ဘေးက လွတ်ကင်းနိုင်ကြောင်း ပြသည်။ [နာ-၄၁၉] ဗောဇ္ဈင်မဂ္ဂင် အကျင့်ကို ကျင့်လျှင် အပါယ်ဘေးက လွတ်ပုံ သုပြဟ္မာနတ်သားဝတ္ထုကို ထုတ်ပြခြင်း ဖြစ်သည်။ ထို့နောက် သဂါထာဝဂ္ဂသံယုတ် ပါဠိတော်မှ ကောသလသံယုတ်လာ ကောသလ မင်းကြီးက ဘုရားကို လျှောက်ထားပုံကို ပြသည်။

လူတွေဟာ စီးပွားရှာကြရာမှာ သူတို့ ချမ်းသာဖို့ သူတို့ကိုယ် သူတို့ သနားလို့ လိမ်လည် ကောက်ကျစ် ညစ်ပတ်ကြရသည်ဟု ဆိုသည်။ ထိုသို့ ပြုခြင်းသည် ကိုယ့်ကိုယ်ကိုယ် သနားရာ ရောက်ပါသလားဟု မေးလေသည်။ ဘုရားက ထိုသို့ လိမ်လည် ကောက်ကျစ်နေကြခြင်းသည် ကိုယ့်ကိုယ်ကိုယ် သနားရာ မရောက်ကြောင်း ဖြေတော်မူသည်။ ဒါဆို ကိုယ့်ကိုယ်ကိုယ် သနား၍ ကယ်တင်ချင်လျှင် ဘာလုပ်ရမလဲ ဘုရားဟု ကောသလမင်းက လျှောက်ထားပြန်ရာ၊ ဘုရားက မဂ္ဂင် အလုပ်ကသာ ကယ်တင်နိုင်ကြောင်း ဖြေတော်မူသည်။ [နာ-၄၂၄]

ပြီးနောက် ဆရာတော်က နည်းပေးတာက ဆရာ့အရေး၊ ကယ်တင်တာက ကိုယ့်အရေး၊ ကိုယ်လုပ်မှ ရမည့်အရေး ဖြစ်ပုံကို ဟောသည်။ [နာ-၄၂၅] ထို့နောက် 'ပဋိစ္စသမုပ္ပာဒ်ကို ဟောပြန်သည်။ စိတ္တာနုပဿနာ ရှုနည်းကို ရှင်းပြခြင်း ဖြစ်သည်။

http://www.dhammadownload.com



[နှာ-၄၂၇] ဖြစ်ချင်သော စိတ်ဖြစ်၊ ဖြစ်သမျှကို ဉာဏ်နဲ့သိအောင် မှန်ထောင်ကြည့်ဟု ဆိုသည်။

ထိုသို့ ကြည့်လိုက်တော့ နောက်စိတ်(ရှုဉာဏ်) ပေါ်တော့၊ ရှေ့စိတ်က မရှိတော့ဘူး။ မရှိတာက အနိစ္စ၊ မရှိမှန်း သိတာက မဂ္ဂ။ မဂ်ပေါ်ပြီ ထိုမဂ်က ကယ်တင်မည့် တရားဖြစ်သည်။ [နှာ-၄၂၈] ဘယ်လို ကယ်တင်သလဲဆိုလျှင် စားချင်တာ တဏှာ၊ မစားရလျှင် မနေနိုင်တာက ဥပါဒါန်၊ စားစရာ လိုက်ရှာတာက ကံ။ ဒါဆို စားချင်စိတ်ပေါ်လျှင် ထိုစိတ်ကို ဖြစ်ပျက် ရှုလိုက်ပါ။ စားချင်စိတ် တဏှာက ဖြစ်ပျက်၊ ရှုလိုက်တာက မဂ်ဖြစ်သောကြောင့် တဏှာနောက်က ဥပါဒါန်၊ ကံတွေ မလာဘဲ ပြတ်ထွက်သွားသည်။ ဘယ်သူ ဖြတ်လိုက်သလဲ၊ မဂ်က ဖြတ်လိုက်သည်။ [နှာ-၄၃၁] ဖြစ်ပျက် မြင်လိုက်ကတည်းက ဒိဋ္ဌိကွာသွားသည်။ ဖြစ်ပျက် အနိစ္စကို မြင်ကတည်းက မြဲတယ်နိုင်တယ် ထင်သော သဿတနိစ္စဒိဋ္ဌိကို ပယ်လိုက်ပြီ။ [နှာ-၄၃၂] ဥပါဒါန်၊ ကံတွေကို ပယ်လိုက်သောကြောင့် အပယ်သွားမည့် ကံတွေ မလာတော့ကြောင်း ပြသည်။ ကံရှိမှသာလျှင် နောင်ဘဝ ပဋိသန္ဓေ နေသည်။ [နှာ-၄၃၃] ဒါကြောင့် ဘယ်စိတ်ပေါ်ပေါ် ဖြစ်ပျက်မြင်လျှင် တဒင်္ဂဝိပဿနာမဂ်နှင့် သတ်လိုက်တယ်လို့ ဆုံးဖြတ်ချက်ချဟု မိန့်ဆိုထားသည်။ [နှာ-၄၃၅] ဒါက ဝိပဿနာမဂ်နှင့် ဖြတ်ပုံဖြစ်သည်။ [နှာ-၄၃၆]

ဖြစ်ပျက်မြင်ဖန်များတော့ ဉာဏ်က ရင့်လာသည်။ ဖြစ်တာလည်း ဒုက္ခ၊ ပျက်တာလည်း ဒုက္ခဟု ဒုက္ခသစ္စာကို မြင်လာသည်။ ဖြစ်ပျက်က ဒုက္ခသစ္စာ၊ မြင်တာက မဂ္ဂသစ္စာ၊ စိတ်ရှုနေလျှင် စိတ်ချုပ်ခြင်းနှင့် အတူ ရုပ်ပါချုပ်သည်ဟု ဆိုသည်။ [နှာ-၄၃၈] ရှုဉာဏ်ရင့်လာလျှင် ဖျတ်ဆို ဖြစ်ပျက်ပါ ရှာမတွေ့တော့ဘူး အဲဒါ ဒုက္ခ ဆုံးသွားတာဖြစ်ကြောင်း ဒုက္ခဆုံးသွားရင် နိဗ္ဗာန်ဖြစ်ကြောင်း ပြသည်။ [နှာ-၄၃၉] မဂ်ဉာဏ် ဖိုလ်ဉာဏ် ရလျှင် ဒိဋ္ဌိပြုတ်သည်။ ဒိဋ္ဌိပြုတ်လျှင် ဝိစိကိစ္ဆာ လည်း တွဲပြီး ပြုတ်သွားသည်။ [နှာ-၄၃၉] ဤတရားအဆုံးမှာ သုဖြဟ္မာနတ်သား သောတာပန် တည်ပြီး မဂ်က သူ့ကို ကယ်တင်လိုက်တော့သည်။

ထို့နောက် ဆရာတော်က "ခင်ဗျားတို့ ဖြစ်ပျက် ဒုက္ခတွေကို ပိုင်ပိုင်မြင်ပြီး လျှင် တစ်ခါတည်း ဆုံးအောင်သာ လိုက်ပစ်လိုက်၊ ဒီဒုက္ခနှင့် မနေချင်ပါဘူးဆိုလျှင် ဆုံးတော့သည်။ ဆုံးတာသည် နိဗ္ဗာန်ပဲဟု ဆိုသည်။ [နှာ-၄၄၀] သောတာပတ္တိမဂ္ဂင် မှတစ်ပါး ငရဲဘေးကို ကယ်မည့် အခြားတရား မရှိကြောင်း ဟောသည်။ တရား အဆုံးတွင် ဆရာတော်ကြီးက ကိုယ့်စိတ် ကိုယ်ရှုတာ ဝိပဿနာဖြစ်ကြောင်း ရှေ့စိတ်

http://www.dhammadownload.com



ကို နောက်စိတ်နှင့် ရှုရမည်ဖြစ်ကြောင်း၊ ရှေ့စိတ်က ဖြစ်ပျက်၊ နောက်စိတ်က မဂ်ဖြစ်ကြောင်း ရှင်းအောင် ပြသွားသည်။ အချိန်စေ့၍ တရားနားလိုက်သည်။

*

## ၁၀။ သဿတ ဥစ္ဆေဒ ကင်းစင်ရေး

[၅–၈–၆၁ နေ့က အမရပူရမြို့ မဂ်လာတိုက်ဟောင်းမှာ ဟောသောတရား]

အို၊ နာ၊ သေ၊ ဘေးနှင့် နေရခြင်းသည် ဆိုးဝါးသော အပြစ်သင့်ခြင်း ဖြစ်သည်ဆို၍ ဤတရားကို စတင် ဟောကြားလေသည်။ ဘာကြောင့် အိုဘေး၊ နာဘေး၊ သေဘေးနှင့် အမြဲယှဉ်တွဲ၍ နေရသလဲ။ အဖြေမှာ ဤဘေးများက လွတ်ကြောင်းဖြစ်သော အလုပ်ကို မသိ၍ဖြစ်သည် ဆို၏။ [နှာ–၄၄၅] ယနေ့ ဟောမည့် တရားမှာလည်း ဒိဋ္ဌိဖြုတ်ရေး တရားပင် ဖြစ်သည်ဆို၏။ [နှာ–၄၄၆] အိုနာသေဘေး အပါယ်ဘေးက လွတ်ချင်လျှင် မဂ်ဓားနှင့် ဖြတ်မှ ပြတ်ကြောင်းလည်း ဟောသည်။ [နှာ–၄၄၆] အို၊ နာ၊ သေဘေးတို့၏ ဇာစ်မြစ်သည် ဝိပ္ပလ္လာသတရား ၁၂ ပါးပင် ဖြစ်ကြောင်း ထပ်ပြသည်။ ဘာကြောင့် မိမိတို့ သန္တာန်မှာ ဝိပ္ပလ္လာသ တရားကြီး သန်ရထွားရပါလိမ့်ဟု ဆိုလျှင် မိမိခန္ဓာ၏ ဖြစ်စဉ်ကို အမှန်အတိုင်း မမြင်လို့ဟု ဖြေရမည်။ [နှာ–၄၄၇] အို၊ နာ၊ သေဘေး၏ လက်သည်တရားခံသည် ဝိပ္ပလ္လာသ ၁၂ ပါးပင် ဖြစ်ကြောင်းပြသည်။ ဝိပ္ပလ္လာသ ဘယ်က လာသလဲ၊ ခန္ဓာကို အမှတ်မှား၊ အသိမှား၊ အယူမှားက လာသည်။ [နှာ–၄၄၈]

ပုထုဇဉ်သည် သံသရာတစ်လျှောက်လုံး ဤအမှားတွေနှင့် အဖော်ပြု၍ နေခဲ့ကြသည်။ ခန္ဓာငါးပါးဆိုလျှင် ပဉ္စုပ္ပန် ခန္ဓာငါးပါးကို ယူရမည်။ အရိယာ မျက်လုံးနှင့် ကြည့်လိုက်လျှင် လက်ရှိ ခန္ဓာငါးပါးက အနိစ္စတွေ၊ ဒုက္ခတွေပင် ဖြစ်သည်။ အနတ္တတရားလည်း ဖြစ်၏။ ခန္ဓာသည် အသုဘတရားလည်း ဖြစ်၏။ သို့သော် ပုထုဇဉ် အကြားအမြင် မရှိသူ 'အသုတဝါ'သည် ထိုခန္ဓာကို နိစ္စ၊ သုခ၊ အတ္တ၊ သုဘဟု အမှတ်မှားသည်၊ အသိမှားသည်၊ အယူမှားနေသည်။ [နှာ–၄၅၁] ထို့နောက် သူတော်ဆည်းကပ်၊ မြတ်တရားနာ၊ လျော်စွာကျင့်၊ မဂ်ဖိုလ်ခွင့် ရလင့် ဧကန်သာဆိုသော ဆောင်ပုဒ်အတိုင်း ကျင့်ကြံမှသာ အကြားအမြင်များသော သုတဝါအရိယာသာဝက ဖြစ်ပုံကို ပြသည်။ [နှာ–၄၅၂]

ပုထုဇဉ်တစ်ယောက်မှ အရှုး ၁၂ မျိုး ဖြစ်နေသည်။ သောတာပန်ဖြစ်လျှင် အရှုးရှစ်မျိုး ပျောက်သည်ဟု ဆိုသည်။ [နှာ–၄၅၈] သကဒါဂါမ်၊ အနာဂါမ်ဖြစ်လျှင်

http://www.dhammadownload.com



အရှူးဆယ်မျိုး ပျောက်မည်။ ရဟန္တာဖြစ်သောအခါမှသာ အရူး ၁၂ ပါးလုံး ပျောက်ကင်းကြောင်းကို ပြသည်။ [နှာ-၄၅၈]

ပြီးမှ လူတွေ ဝိပ္ပလ္လာသ ၁၂ မျိုးကြောင့် ရူးနေကြပုံ အမျိုးမျိုးကို စကားပရိယာယ် အမျိုးမျိုး သုံးပြီး ပြသည်။ [နှာ-၄၆၃] အမှတ်မှား၊ အသိမှား၊ အယူမှားတို့တွင် ဒိဋ္ဌိ အယူမှားကို အလျင် ပယ်ရမည်ဖြစ်ကြောင်း ပြသည်။ (ဤတွင် **ဘုန်းကြီးက ဒါချည်းပဲ အထပ်ထပ် ဟောနေသည် မထင်ပါနှင့်ဟုလည်း သတိပေးထားသည်။ တရားနာပရိသတ်၏ ဉာဏ်ပေါက်က ကျဉ်းနေသောကြောင့် ဖြည်းဖြည်းဝင်အောင် နားသွင်းနေကြောင်းကို ဟောသည်။ [နှာ-၄၆၄] )**

ပဋာစာရီလို အဝတ်မကပ်မှ ရူးတယ် မထင်နှင့် ခင်ဗျားတို့လည်း အဝတ်ကပ်ပြီး ရူးနေကြတာဖြစ်ကြောင်း ထောက်ပြသည်။ [နှာ-၄၆၅] သားပဲ၊ သမီးပဲ၊ လင်ပဲ၊ မယားပဲ စွဲလမ်းနေကြတာသည် ဒိဋ္ဌိ ရူးထနေကြတာ ဖြစ်သည်။ ဒိဋ္ဌိရူးပျောက်အောင် ဝိပဿနာဉာဏ်သွင်းမှ ရပုံကိုလည်း ပြသည်။ [နှာ-၄၆၈] သည်ဝိပဿနာ အလုပ်ကို မြန်မြန် လုပ်ကြပါဟုလည်း တိုက်တွန်းထားသည်။ အသေမဦးမီ ဉာဏ်ဦးအောင် ဖြစ်၏။ [နှာ-၄၆၉] ဒိဋ္ဌိက ၆၂ ပါးတောင် ရှိသည်။ သို့သော် မယူပါနှင့် သဿတ၊ ဥစ္ဆေဒဒိဋ္ဌိ နှစ်မျိုးကို ပယ်နိုင်လျှင် ကိစ္စပြီးကြောင်း ဟောပါသည်။ [နှာ-၄၇၀] ဤဒိဋ္ဌိနှစ်ပါးက အစရာကျသည်။ သူတို့ကို ပယ်ရမည်။ ပယ်မည် ဆိုလျှင် ပဋိစ္စသမုပ္ပာဒ် ပြရလိမ့်မည်ဟု ထုံးစံအတိုင်း ဆိုပြန်သည်။ [နှာ-၄၇၁]

ထို့နောက် သဿတသဘော၊ ဥစ္ဆေဒသဘောကို ထပ်မံ ရှင်းပြပြန်သည်။ စာဖတ်သူ နားလည်ပြီးဖြစ်၍ ထပ်မံ မဖော်ပြတော့ပြီ။ ရုပ်မွေ့၊ နာမ်မွေ့တွေသည် မပျက်စီးဘူး၊ ခိုင်တယ်မြဲတယ်ဟု ယူလျှင် သဿတဒိဋ္ဌိ၊ သေပြီးရင် နောက်အဆက် မရှိတော့ဘူး။ ပြတ်ပြီဟု ယူလျှင် ဥစ္ဆေဒဒိဋ္ဌိ ဖြစ်သည်။ [နှာ-၄၇၂] ဉာဏ်ထဲမှာ အမြင်ရှင်းအောင် ပြပြီးနောက် သစ္စာကို ပြလိုက်လျှင် ဒိဋ္ဌိ ကွာသွားမည်ဟု ဆိုသည်။

ပြီးမှ မြင်စိတ်ပေါ်ပုံ၊ ဖဿ၊ ဝေဒနာ၊ တဏှာ၊ ဥပါဒါန်၊ ကံ ဖြစ်စဉ်တန်းပုံ ပဋိစ္စသမုပ္ပာဒ်ကို ပြန်ပြသည်။ ပြီးနောက် စုတိနှင့် ပဋိသန္ဓေစိတ် နှစ်စိတ်ကြားမှာ သဿတဒိဋ္ဌိ ဖြစ်ပုံကို ရှင်းပြသည်။ [နှာ-၄၇၆] စုတိချုပ်ပြီး ကံက ပဋိသန္ဓေစိတ်ကို တည်ထောင်သည် ဆိုတာမှာလည်း ကံချုပ်ပြီးမှ ပဋိသန္ဓေစိတ်သစ် ပေါ်လာပုံကို ဟောသည်။ တချို့ ဗုဒ္ဓဘာသာတွေက တစ်သက်လုံး အတိတ်ကံက မပျက်စီးဘဲ

http://www.dhammadownload.com



တောက်လျှောက်လိုက်ပြီး မစနေသည်ဟု ယူနေကြခြင်းမှာ သဿတဒိဋ္ဌိ ဖြစ်ပုံကို ပြသည်။ [နှာ–၄၇၉] ကလည်း အနိစ္စဖြစ်ကြောင်း နားလည်အောင် ရှင်းပြထားသည်။ [နှာ–၄၈၂] ကလည်း အနိစ္စပဲဟု နားလည်မှ သဿတဒိဋ္ဌိ စင်သွားပုံကို ပြသည်။

ကကေ ချုပ်သွားသော်လည်း အကြောင်းပြုသွားသောကြောင့် အကျိုးပေါ်ရပုံကို ပြသည်။ ဥစ္ဆေဒဒိဋ္ဌိကို ဖြုတ်ပေးခြင်း ဖြစ်သည်။ [နှာ–၄၈၃] ကက အထည်ဒြပ်နှင့်တော့ မလိုက်ဘူး။ ပြတ်လည်း မပြတ်ဘူး၊ အကြောင်းအကျိုးတော့ ဆက်သည်ဟု ရှင်းပြထားသည်။ ထို့နောက် ပရိသတ်နား စွဲအောင် ထပ်ဟောပြန်သည်။

ဤတွင် ဗုဒ္ဓဘာသာဝင်တွေမှာ သဿတဒိဋ္ဌိ ရှိနေပုံကို ဖော်ပြသည်။ [နှာ–၄၈၈] ဘဝကူးတယ်၊ အသက်ထွက်တယ် စသော စကားများ သုံးနှုန်းနေကြပုံကို ထုတ်ဖော်ပြသည်။ ဒီအယူ မစွန့်သမျှ ကာလပတ်လုံး ဘယ်တော့မှ နိဗ္ဗာန် မရဘူးဟုလည်း သတိပေးသည်။ [နှာ–၄၉၀] အမှန်က ကသည် အကြောင်းအကျိုးတော့ ဆက်သည်။ အထည်တော့ မလိုက်ဘူးဟု ရှင်းရှင်းပြပါသည်။ ဒီလိုမြင်မှ သဿတ ဥစ္ဆေဒဒိဋ္ဌိက လွတ်သည်။ ဤသို့ ဒိဋ္ဌိ လွတ်မြင်မှ သစ္စာနုလောမိက ဉာဏ်ကို ရသည်။

ထိုဉာဏ်ရမှ သောတာပန် ဖြစ်သည်။ [နှာ–၄၉၁] ကက အကြောင်းအကျိုးတော့ ဆက်သည်။ အထည် မလိုက်ဘူး ဆိုသည်ကို ဥပမာများဖြင့် ထင်ရှားအောင် ပြသည်။ မြွေကိုက်သည်ကို ကုသဖို့ ဆရာခေါ်ရာ ဆရာက မအား၍ မလိုက်နိုင် မန္တန်ကို ပေးလိုက်သည်။ မန္တန်စုတ်၍ ကုတော့ပျောက်သည်။ ဆရာထံမှာ မန္တန် ကုန်မသွားပါ။ အထည်မလိုက်ဘဲ အကြောင်းဆက် ဖြစ်ပုံကို ပြသည်။ ဤအကြောင်းကို ဟောရင်း အချိန်ကုန်၍ တရားကို ရပ်နားလိုက်သည်။

*

## ၁၁။ သဿတနှင့်ဥစ္ဆေဒ သိမှုနှင့် ဖြုတ်ရေး

[၆–၈–၆၁ နေ့က အမရပူရမြို့ မင်္ဂလာတိုက်ဟောင်းမှာ ဟောသောတရား]

သံသရာထဲမှာ အိုဘေး၊ နာဘေး၊ သေဘေးနှင့် အဖော် လုပ်နေရသည် ဆိုသည်ကို အားလုံး နှလုံးသွင်းကြဟူသော တိုက်တွန်းစကားဖြင့် ဤတရားကို အစပြု၍ ဟောကြားလေသည်။ အိုဘေး၊ နာဘေး၊ သေဘေး သာမက အပါယ်ဘေးနှင့်ပါ ကြုံရတယ် သကြောင်း ဟောသည်။ ဘာကြောင့် ဤဘေးဆိုးကြီးတွေနှင့်

http://www.dhammadownload.com



ရင်ဆိုင်နေကြရသနည်းဆိုလျှင် အမှား မပြင်နိုင်ကြ၍ ဖြစ်သည်ဆို၏။ အိုဘေး၊ နာဘေး၊ သေဘေးက လွတ်အောင် ဘယ်လို လုပ်ရမည်ကို သိအောင် အမြင်မှား၊ အသိမှား၊ အယူမှားတွေ ပြင်ပြီးသော ပုဂ္ဂိုလ်က သိသည်။ ခန္ဓာရှိနေသရွေ့တော့ အို၊ နာ၊ သေဘေး မလွတ်နိုင်ပါ။ ခန္ဓာချုပ်ငြိမ်း ဇာတ်သိမ်းမှသာ ဤဘေးများက လွတ်နိုင်သည်ဟု သိသည်။ [နာ-၄၉၇] ထို့အတူ ခန္ဓာဇာတ်သိမ်းမှသာ အပါယ်ဘေးက လွတ်သည်။

လူတွေ(ဗုဒ္ဓဘာသာဝင်)တွေက ဘဝကောင်းဖို့ကို လုပ်နေကြသည်။ အမှန်က ဘဝချုပ်ငြိမ်း ရုပ်သိမ်းဖို့ကိုသာ လုပ်ရမည်။ ထို့နောက် စုတိမှ ပဋိသန္ဓေ ဖြစ်ရာ၌ သဿတဒိဋ္ဌိသမားက ဘဝကူးသည်ဟု ယူပုံကို ပြသည်။ ဤကား အမြင်အယူ လွဲခြင်း ဖြစ်သည်။ ဗုဒ္ဓ၏ အမြင်တွင် ဘဝကူးသည် မရှိပါ။ စိတ်တစ်ခုသည် ဘဝတစ်ခုကနေ တစ်ခုကို မကူးနိုင်ပါ။ စိတ်တစ်ခုသည် ဒီနေရာဖြစ်ပြီး ဒီနေရာမှာ ပင် ပျက်သည်။ ဒါကြောင့် ဘဝကူးကောင်းဖို့ဆိုသော အမြင်သည် နှစ်ချက်ဆင့်ပြီး မှားသော အမြင်ဖြစ်ကြောင်း ရှင်းပြထားသည်။ [နာ-၅၀၀]

ဘဝကူးတယ်ဆိုတာ သဿတဒိဋ္ဌိ အမြင် ဘဝကောင်းဖို့ ဆိုတာက သစ္စာ မသိသော (အဝိဇ္ဇာ၊ တဏှာ) ဖြစ်သည်။ နှစ်ဆင့်မှား ဖြစ်သည်။ ဒါကြောင့် **ဘဝကူးကောင်းဖို့** ဆိုသော အမြင်ကို အကြီးအကျယ် ပြင်ပါဟု သတိပေး တိုက်တွန်းထားသည်။ ဘဝကောင်းချင်တာ သစ္စာ မသိတာ ရထားသော ခန္ဓာကြီးက ဒုက္ခသစ္စာကြီး ဖြစ်သည်။ ဘယ်လိုမှ မကောင်းနိုင်ပါ။ ဘဝကောင်းအောင် လုပ်ချင်တာ သစ္စာကို မသိ၍ ဖြစ်သည်။ [နာ-၅၀၁] လူ့ဘဝ ရနေတာ ဒုက္ခသစ္စာကြီး ရနေတာ ဖြစ်သည်။ သစ္စာ မသိသူတွေက "ခင်ဗျား အသက်လည်း ကြီးပြီ၊ ဘဝကူးကောင်း အောင် လုပ်ဖို့ အရေးကြီးသည်" ဟု ပြောကြသည်။

တရားသံလိုလိုနှင့် ဒိဋ္ဌိ အသံထွက်နေပုံကို ဆရာတော်က တိတိပပ ပြသည်။ ကူးဆိုတာ သဿတဒိဋ္ဌိကောင်းဆိုတာ သစ္စာဉာဏ် မရှိမှု ဖြစ်သည်။ [နာ-၅၀၁] သစ္စာသိအောင် ပြမည့်ဆရာ မရှိလျှင် အမှားကိုပင် အကြိုက်တွေ့နေတတ်သည်။ ကျင်ကြီးနှင့် ဆော့ကစားနေသော ကလေးနှင့် တူကြောင်း ပြသည်။ [နာ-၅၀၃]

ဤတွင် ဆရာတော်က ဘဝကူးဆိုတာ (ဘဝကူးချင်တာ)သည် အပြစ် အကြီးဆုံး သင့်တာဖြစ်သည်ဟု မိန့်ဆိုထားသည်။ [နာ-၅၀၄] ဟိုဘဝက ဇာတိ ဒုက္ခ နောက် စုတိဒုက္ခ ပြီးလျှင် ဇာတိဒုက္ခ ပြန်လာသည်။ ဒါကြောင့် ဘဝကူးချင် တာ၊ ဘဝကူးကောင်းချင်တာ သစ္စာမသိလို့ ဖြစ်သည်ဟု မှတ်ချက်ချ ပေးထား

http://www.dhammadownload.com



လေသည်။ [နှာ–၅၀၅] စုတိဒုက္ခ၊ ပဋိသန္ဓေဒုက္ခကို ရှင်းပြပြီး သစ္စာသိသော သူသည် ဘဝမကူးချင်ကြောင်း ဟောသည်။

ဘာကြောင့် ဘဝကူးချင်ပါလိမ့်။ ဝိပ္ပလ္လာသကြောင့် ဖြစ်သည်။ အမှတ်မှား၊ အသိမှား၊ အမြင်မှားကြောင့် ဖြစ်သည်။ ဝိပ္ပလ္လာသနယ် အလွန် ကျယ်သည်။ အထက်မဂ်တွေကျမှ ပယ်နိုင်သည်။ [နှာ–၅၀၆]

ထို့နောက် အလုပ်တရားကို စတင် ဟောကြားသည်။ ထုံးစံအတိုင်း ဒိဋ္ဌိ ပယ်မှုက စသည်။ ဒိဋ္ဌိဝိပ္ပလ္လာသ ဒိဋ္ဌိအပင်းခံနေရင် ဘယ်လိုပင် အားထုတ်ငြား သော်လည်း မဂ်ဉာဏ်ဖိုလ်ဉာဏ်ကို မရနိုင်ကြောင်း ပြသည်။ သုတဝါအရိယာသာဝ ဆိုသော အကြားအမြင် (သစ္စာဉာဏ်) ရသူ မဖြစ်လျှင် ခန္ဓာငါးပါး အမှား လိုက်လာ တာပဲဟု ဆိုသည်။ [နှာ–၅၀၇] အကြားအမြင် မရှိသောကြောင့် ခန္ဓာငါးပါး အနိစ္စကို နိစ္စဟု မှတ်သည်။ ဒီခန္ဓာကို ခိုင်တယ်၊ မြဲတယ်ဟု မှတ်ထင်တော့သည်။ ခန္ဓာငါးပါး ဒုက္ခကို သုခဟု မှတ်ထင်တော့သည်။ ခန္ဓာငါးပါး အနတ္တကို အတ္တဟု မှတ်ထင်တော့သည်။ သညာဝိပ္ပလ္လာသ၊ စိတ္တဝိပ္ပလ္လာသ၊ ဒိဋ္ဌိဝိပ္ပလ္လာသတွေ ဖြစ်တော့ ၏။ [နှာ–၅၀၉] ဤဝိပ္ပလ္လာသတွေကို ပယ်ရှင်းပြီး ပွားများ အားထုတ်မှသာ မဂ်ဉာဏ်ဖိုလ်ဉာဏ်ကို ရနိုင်သည်။ ဝိပ္ပလ္လာသ ၁၂ မျိုးကို မပယ်နိုင်ပါက အရှုး ၁၂ မျိုး ဖြစ်နေသည်ဟု မှတ်ရမည်။

လူတွေ လုပ်နေကြတာ၊ စီးပွားရှာနေကြတာ၊ အိမ်ထောင်ပြုနေကြတာ၊ သမီးသား မွေးဖွားနေကြတာ၊ ပညာသင်ပေးနေကြတာ၊ ဘာတွေလဲ ဒုက္ခသစ္စာ တွေပဲ မဟုတ်လား။ ဒုက္ခရှာသော အလုပ်တွေပဲ ဖြစ်သည်။ [နှာ–၅၁၄] ဒါက ဒုက္ခကို သုခထင်သော အမှားများ ဖြစ်သည်။ အသုဘကို သုဘ ထင်နေကြပုံများ သေတာတောင် မသာလှချင်သည်။ အလောင်းလှချင်ပုံတွေကို ပြသည်။ ရူးပုံတွေသာ လျှောက်ပြောလျှင် နာရီသာ ကုန်သွားမည်။ ဆုံးမည် မဟုတ်ကြောင်း ဟောသည်။ [နှာ–၅၁၇] အသူမှား ဒိဋ္ဌိနှင့် သေလျှင် အပါယ်သို့ ရောက်သည်။ ဒါကြောင့် ပထမဦးစွာ မိမိ ရူးနေပုံကို ရူးမှန်းသိဖို့ လိုသည်။ ဒါမှ ကုစားရန် ဆေးရှာလိုစိတ် ဖြစ်ပေါ်မည်။ [နှာ–၅၂၀] သောတာပတ္တိမဂ်နဲ့ ကုလိုက်မှ ဒိဋ္ဌိရူး ပျောက်သည်။ ပဌာစာရီ ရူးတာ ဒိဋ္ဌိရူး ဖြစ်သည်။ ဒိဋ္ဌိရူးကြောင့် သချိုင်းမြေပုံ များပြီး ငိုသူ ရှိသေးသည်။ [နှာ–၅၂၅] ဒီဒိဋ္ဌိရူး ပျောက်အောင် ကုသမည်ဆိုလျှင် ပဋိစ္စသမုပ္ပါဒ်ကို ပြရမည်။ ဤကား ဆရာတော်၏ ဟောစဉ် ဖြစ်သည်။

ခန္ဓာ ပဋိစ္စသမုပ္ပါဒ်ကို နားမလည်လျှင် ကိုယ့်ခန္ဓာ၏ ဖြစ်စဉ်အမှန်ကို မသိပါ။ မသိလျှင် မသိသလို နေပြီး မသိဘဲ သေသွားရသည်။ ခန္ဓာက အချိန်ရှိတိုင်း

http://www.dhammadownload.com



မှာ ခုဖြစ်၊ ခုပျက်ပြီး သေနေသည်။ ဝိပဿနာ ဆိုတာက ကိုယ့်အသေကို ကိုယ်သိအောင် အားထုတ်ခြင်း ဖြစ်သည်။ ဤသို့ နားလည်ရမည်။ [နှာ–၅၃၁]

ပဋိစ္စသမုပ္ပာဒ်မှာ ဖဿ၊ ဖဿချုပ်ပြီး ဝေဒနာ၊ ဝေဒနာချုပ်ပြီး တဏှာလာပုံကို ထပ်ပြသည်။ ဖဿလည်း မမြဲဘူး၊ ဖြစ်ပြီး ချုပ်သွားသည်။ ဖဿ၊ ဝေဒနာ အားလုံး မမြဲတာ မြင်သဖြင့် သဿတဒိဋ္ဌိ ချုပ်သည်။ (ပဋိစ္စသမုပ္ပာဒ်ကို ပြတာ၊ ဒိဋ္ဌိဖြုတ်တာ မှတ်ပါဟု ဆိုသည်။) [နှာ–၅၃၃] ဖဿချုပ်တော့ ဝေဒနာ ပေါ်သည်။ ဝေဒနာချုပ်တော့ တဏှာပေါ်သည်။ အကြောင်းချုပ်သွား၍ အကျိုးပေါ်ခြင်း ဖြစ်သည်။ [နှာ–၅၃၄] ဤသို့ အဆက်မပြတ်၊ အကြောင်းအကျိုး ဆက်ပြီး ခန္ဓာတွေ ဖြစ်ပျက်နေခြင်း ဖြစ်သည်ဟု မြင်လျှင်၊ သေလျှင် ပြတ်ပြီဟု မြင်သော ဥစ္ဆေဒဒိဋ္ဌိ စင်သည်။

ဤသို့ သဿတ ဥစ္ဆေဒ ဒိဋ္ဌိ စင်သော နာမ်ရုပ်အမြင် ကြောင်းကျိုးအမြင် ရပြီဆိုလျှင် ဒီတရားပွဲက အပြန်မှာ သေဦးတော့ အပါယ် မကျတော့ဘူး။ စူဠသောတာပန် ဖြစ်ပြီဟု ယတိပြတ် ဆုံးဖြတ်ပေးထားသည်။ [နှာ–၅၃၆] စိတ်တစ်ခု ဖြစ်ပြီး ချုပ်သွားတာ မြင်လျှင် သဿတဒိဋ္ဌိ စင်သည်။ အကြောင်းအကျိုး ဆက်ပြီး အစားထိုး ပေါ်လာတာကို မြင်လျှင် ဥစ္ဆေဒဒိဋ္ဌိ စင်ပြီ။ ဤသို့ ဒိဋ္ဌိစင်အောင် ပြသည်။ ဤသို့ ပြသည်ကို သိမှု(ဉာတပရိညာ)ဖြင့် ဒိဋ္ဌိပယ်ခြင်း ဖြစ်ကြောင်း ဟောရင်း အချိန်စေ့၍ တရားကို ရပ်နားလိုက်သည်။

*

## ၁၂။ အမှတ်မှားကြောင့် ကျန်အမှားတွေ ဆက်တိုက် ဖြစ်လာပုံ

[၈–၈–၆၁ နေ့က အမရပူရမြို့ မင်္ဂလာတိုက်ဟောင်းမှာ ဟောသောတရား]

တရားနာကြတာ ဘယ်သူတွေတုံး မေးတော့ ပရမတ္ထနယ်က ပြောတော့ ခန္ဓာငါးပါး ဖြစ်သည် ဤစကားဖြင့် ဤတရားကို စတင် ဟောကြားသည်။ ယခု တရားနာသူတွေသည် ပရမတ် ခန္ဓာငါးပါးကို သိကြသည်။ အိမ်ပြန်ရောက်သွားတော့ ခန္ဓာငါးပါး ပျောက်ပြီး ယောက်ျား မိန်းမဟူ၍ မှတ်ကြသည်။ ထိုသို့ ခန္ဓာငါးပါးကို ယောက်ျား၊ မိန်းမ၊ သားသမီး၊ ဇနီး၊ ခင်ပွန်းဟု ပညတ်တွေ တတ်ပြီး မှတ်ကြခြင်းသည် သညာဝိပ္ပလ္လာသ အမှတ်မှား ဖြစ်သည်။ အမှတ်မှားတာကြောင့် ငါ ငါ့ဥစ္စာဟူသော အသိမှား ဝင်လာသည်။ စိတ္တဝိပ္ပလ္လာသ ဖြစ်သည်။ ငါ့မယား၊ ငါ့လင်၊ ငါ့သား၊ ငါ့သမီးဟု သိမှားမှုကြောင့် လင်အားကိုး၊ မယားအားကိုး၊ သားအားကိုး၊ သမီးအားကိုး ကြသည်။ အားကိုးမှား ဖြစ်သည်(ဒိဋ္ဌိဝိပ္ပလ္လာသ)ဟု ဆိုသည်။

http://www.dhammadownload.com



[နှာ–၅၄၂] ဝိပဿနာ အလုပ်ကို မလုပ်သောသူတိုင်းမှာ ဤအမှားသုံးချက် ရှိလျက်ပဲဟု ပြသည်။

ဤအမှားသုံးချက်က အမြဲ နှိပ်စက်နေသည်။ သူတို့ ရှိနေသရွေ့ ပဋိစ္စသမုပ္ပာဒ် ခန္ဓာအစဉ်အဆက်လည်း ဖြစ်နေသည်။ သူတို့ကို ပယ်မှသာ ပဋိစ္စသမုပ္ပာဒ်လည်း ပြတ်ထွက်သွားသည်ဟု ဟောသည်။ [နှာ–၅၄၃] လင်ရယ်၊ မယားရယ်ဟု မှတ်လိုက်တာက သညာဝိပ္ပလ္လာသ လင်ဆို ခင်ရမှာပဲ၊ မယားဆို ချစ်ရမှာပဲ အားကိုးရမှာပဲ မြတ်နိုးရမှာပဲ ဆိုလျှင် တဏှာက လိုက်လာသည်။ အားကိုးတာက အတ္တဒိဋ္ဌိ။ [နှာ–၅၄၅] ပထမ အမှတ်မှား သညာက္ခန္ဓာ ဖြစ်သည်။ နောက်ဆက်ပြီး တဏှာ ဒိဋ္ဌိ သင်္ခါရက္ခန္ဓာ ဖြစ်ပေါ်လာသည်။ ခန္ဓာတွေ အစဉ်တန်း သွားသည်။ တဏှာနှင့် ဒိဋ္ဌိက တွဲနေသည်။ ပစ္စုပ္ပန် အမှတ်မှားကနေပြီး အသိမှား၊ စွဲလမ်းမှား၊ အားကိုးမှားတွေ ရောက်လာသည်။ [နှာ–၅၄၆] အားထုတ်မှား၊ ပြုမှားကြောင့် အရမှားဖြစ်သည်။ ဒုက္ခသစ္စာကို ရလာသည်။ အမှတ်မှားမှု ကြောင့် သံသရာမှာ ဘဝတစ်ခုနှင့် တစ်ခု ဆက်စပ်ကုန်သည်။ ဒိဋ္ဌိ အုပ်ချုပ်သော ကံကြောင့် ဇာတိ ဖြစ်ပေါ်ရခြင်း ဖြစ်သည်။

တစ်ချက်မှားရုံနှင့် သံသရာမှာ မျောသွားရတော့သည်။ [နှာ–၅၄၈] တစ်နေ့ တစ်နေ့ မျက်စိပေါက်က အမှတ်မှားတာ အကြိမ် မရေမတွက်နိုင်ပါ။ နားပေါက်၊ နှာခေါင်းပေါက် စသော ဒွါရခြောက်ပေါက်မှာ မှားနေကြပုံကို ပြသည်။ အားလုံး အမှတ်မှားက စတာ၊ တဏှာ ဉပါဒါန် ကံ ပြောက်သွားသည်။

ဒီနေရာမှာ ဉာဏ်မျက်လုံး ဖွင့်ပေးမည့် ဆရာနှင့် မတွေ့လျှင် လူပြည်အလည်လာတာ သေရင် အပါယ်သွားမယ်ဟု သတိပေးရင်း ဆုံးမစကား ဆိုသည်။ [နှာ–၅၅၁] ဤတွင် အမှတ်သညာ ပညတ်နှင့် ပတ်သက်၍ ခေါ်ရ ပြောရလွယ်အောင် အခေါ်ရှိ ပညတ်နှင့် တကယ်ရှိကို ခွဲခြား သိရမည်။ သီလသဘောမှာ ပညတ်နှင့် ပြောရသည်။ ဝိပဿနာကျတော့ ပရမတ်နှင့် ပြောရသည်။ [နှာ–၅၅၇]

ဤတွင် ပညတ်သိနှင့် ပရမတ်သိ ကွာပုံကို ရှင်းပြသည်။ “ဟိုဘက်အိမ်က လင်မယား မယားကလည်း လင့်ဝတ်ကျေသည်။ လင်ကလည်း မယားဝတ်ကျေသည်။ အဆင်ပြေလိုက်ကြတာ၊ ပျော်စရာ ကောင်းလိုက်ကြတာ” အိမ်နီးချင်း စကားကို မယုံပါနှင့် ဆရာတော်က ဆိုသည်။ ပရမတ် အမြင်နှင့် ကြည့်တော့ ထိုလင်မယားသည် တဏှာ ဉပါဒါန် ကံတွေ လုပ်ပြီး အပါယ်သွားနေကြတာဟု ပြသည်။ [နှာ–၅၆၀] မသိတဲ့လူ ချီးမွမ်းတာ၊ မလိမ္မာသူက ဝမ်းမြောက်နေကြတာဟု ဆိုသည်။ ကိုယ့်ငါးချဉ် ကိုယ်ချဉ်နေကြတာ သူတော်ကောင်း မကြိုက်ဘူးဟု

http://www.dhammadownload.com



ပောသည်။ ဒီအတိုင်း ရိုးရာနှင့် နေပြီး သေသွားကြမည်ဆိုလျှင် အပါယ်လေးပါး သွားပြီသာ မှတ်၊ သူ့ဉာဏ်အမြင်ကို ပြင်ဖို့ အချိန် မရလိုက်တော့ဘူးဟု မိန့်သည်။ [နာ-၅၆၁] သိပ်ပြီး လင်မယားသားသမီးတွေကို ချစ်ခင်စွဲလမ်းနေခဲ့ကြသူတွေ သားသမီး၊ ခင်ပွန်းတစ်ယောက် သေကြည့်ပါ တစ်ခါတည်း စိုးရိမ် ငိုကြွေး ပူဆွေးလို့ ဆုံးပါ့မလားဟု ဉာဏ်ရှင်းအောင် ပြသည်။

ဘာကြောင့် သောကပရိဒေဝဒုက္ခ၊ ဒေါမနဿ ကြီးကြီးကျယ်ကျယ် ပူလောင်ခံစားရသလဲ။ အားကိုးမှားခဲ့လို့ ဉာဏ်အမြင် မပြင်ခဲ့လို့ဟု ဆိုသည်။ ဒီအမှတ်မှား၊ အသိမှား၊ အယူမှားက ကြီးမားလွန်းသည်။ ဒီအမှား ပြုပြင်ချင်လျှင် ဝိပဿနာကို ပြင်းပြင်းထန်ထန် ရှုရမည်။ ဝါးနှစ်လုံးကို မီးပွတ်သလို မီးမထွက်မချင်း ပွတ်ရမည်။ ထို့နောက် ဆရာတော်က ကျန်းမာရေးကို ဂရုစိုက်ပါ။ ဒီတရားကို အားမထုတ်ဘဲနှင့် သေသွားလျှင် ဒီကြွေးတွေ မပြေဘူးဟု မှတ်ပါဆိုသည်။ ကျန်းမာအောင် ကြိုးစားပြီး တရားအားထုတ်ရမည်။

ဘုရားက **'ယုံကြည်ကျန်းမာ၊ စိတ်ဖြောင့်ကာဖြင့်၊ လွန်စွာအားထုတ်၊ နာမ်နှင့်ရုပ်ကို ဖြစ်ချုပ်ဉာဏ်မြင် ဤငါးအင် မှန်ပင် မဂ်ရကြောင်း'** ဟု ဆရာတော်က လင်္ကာရေးပြထားသည်။ ပုထုဇဉ်သံသရာက တစ် လျှောက်လုံး မှားသက်ရှည်လာတာကို ဖြုန်းခနဲ ချက်ချင်း ပြုပြင်၍ မရပါ။ ကျန်းမာပြီး အချိန်ကြာကြာ အားထုတ်မှ ရသည်။

ထို့နောက် ဥပရိပဏ္ဏာသပါဠိတော်ကို ကိုးပြီး ခွေးတစ်ကောင် ကျင်ကြီးပုံ တစ်ပုံ ရ၍ မာန်တက်ကာ တခြား ခွေးတွေလာလျှင် ဟိန်းဟောက်ပုံ ဥပမာကို ပြသည်။ ကျင်ကြီးပုံကလည်း အဖိုးမတန်၊ ခွေးကလည်း တိရစ္ဆာန်မို့ မာန်တက်သည်။ ဒကာ ဒကာမတွေက စိန်ကလေး၊ မြကလေး ဝတ်သွားရလျှင် ခြေတောက် မြေမထိ ဖြစ်သည်။ မာန်တက်ခြင်း ဖြစ်၏။ အဲဒါ ကျင်ကြီးပုံကြောင့် ခွေးမာန်တက်သလိုပဲဟု နှိုင်းပြသည်။ [နာ-၅၇၀] ဒါ နှိမ့်ချပြောတာ မဟုတ်။ စိန်ကလည်း အနိစ္စ၊ ခန္ဓာကလည်း အသုဘ၊ အနိစ္စနှင့် အသုဘ တွဲသွားတာ ဘာမာန်တက်စရာ ရှိသလဲဟု ဆိုသည်။ ဒါတွေသည် အမှတ်မှား၊ အသိမှား၊ အယူမှားတာတွေ ဖြစ်သည်။ စိန်ကို အားကိုးမှားပြီး မာန်တက်တာကို ပေါ်အောင်၊ အပြစ်မြင်အောင် ပြထားသည်။ [နာ-၅၇၀] ဒါ့ကြောင့် အမှတ်မှားတာ တစ်ခုကို မပြုပြင်နိုင်လျှင် အပါယ်က ခေါင်းပြူတက်စရာ လမ်းမရှိတော့ဟု သဘောပါအောင် ပြသည်။ ဤသို့ ဆိုးပြစ်တွေ သိပြီးလျှင် ကယ်တင်ဖို့ တရားကို ရှာပါဟု တိုက်တွန်းသည်။ [နာ-၅၇၃]

http://www.dhammadownload.com



မဂ္ဂင်မှတစ်ပါး ကယ်တင်နိုင်သော တရား မရှိပါ။ မဂ္ဂင်ကသာ ကံကို ဖြတ်နိုင်သည်။ အမှတ်မှားတာကို ပြုပြင်လျှင် အသိလည်း မှန်၊ အားထုတ်မှုလည်း မှန် သွားသည်။ အမှားလေးချက်ကို အမှန်လေးချက် ဖြစ်အောင် လုပ်ရမည်။ အမှား ပြင်ဖို့ အမှန်လေးချက် ရောက်ဖို့မှာ ဆရာကူမှ ရသည်။

ဤသို့ ဆိုပြီးနောက် ခန္ဓာငါးပါးကို ဝိပဿနာရှု၍ မဖြစ်နိုင်ကြောင်း၊ ခန္ဓာတစ်ပါးပါးကို ရှုရမည်။ သို့သော် ခန္ဓာငါးပါးဟု သိပြီးကတည်းက သားလင် ယောက်ျားစွဲ၊ မိန်းမစွဲတွေ ပျောက်ပြီ။ အမှတ်မှားတွေ ပယ်ပြီးပြီ။ အမှတ်မှန် သွားပြီ။ အသိမှန်သွားပြီ။ အားထုတ်မှုလည်း မှန်တော့မည်။ ထို့နောက် ယမန်နေ့က ဟောခဲ့သော ဘဝကူးကောင်းကို ပယ်ပါ။ ဘဝချုပ်ငြိမ်းရာ ရုပ်သိမ်းရာ နိဗ္ဗာန်ကိုသာ အရယူပါဟု တိုက်တွန်းပြန်သည်။

ခန္ဓာ ငါးပါးရှု ဆိုသော်လည်း ငါးပါးလုံး ပြုပြီး မရှုရ၊ ရူပက္ခန္ဓာ၊ ဝေဒနာက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာ ကြိုက်ရာ ခန္ဓာတစ်ပါးကိုသာ ရှုရမည် ရူပက္ခန္ဓာကို ရှုတာက ကာယနုပဿနာ။ ဝေဒနာက္ခန္ဓာကို ရှုတာက ဝေဒနာနုပဿနာ။ ဝိညာဏက္ခန္ဓာကို ရှုတာက စိတ္တာနုပဿနာ၊ သညာဏက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာကို ရှုတာက ဓမ္မာနုပဿနာ ဖြစ်သည်။ ခန္ဓာငါးပါးကို သတိပဋ္ဌာန်းလေးပါးနှင့် ဝေပုံ ချပြသည်။ [နာ–၅၈၄] သတိပဋ္ဌာန်လေးပါးသည်လည်း သစ္စာလေးပါးထဲ လမ်းဆုံး သည်။ [နာ–၅၈၅] ဒါဆိုလျှင် ဝိပဿနာရှုတာ သစ္စာကို ရှုတာဖြစ်ကြောင်း ဟောသည်။ ခန္ဓာငါးပါး ဘယ်ခန္ဓာရှုရှု ဒုက္ခသစ္စာချည်း ဖြစ်သွားသည်။ **'သင်္ခိတ္တေန ပဉ္စုပါဒါ နက္ခန္ဓာ ဘိ ဒုက္ခာ'** ထဲ ဝင်သွားသည်။

ဒါကြောင့် ဒုက္ခသစ္စာတစ်လုံးတည်း ရှု၊ အရှုးလည်း ပျောက်သည်။ အပါယ် တံခါးလည်း ပိတ်သည်ဟု ဆိုသည်။ ဖြစ်ပျက်ကို မြင်အောင်ရှုလျှင် ဒုက္ခသစ္စာကို ရှုတာပဲဟု ရှင်းအောင် ဖွင့်ပြသည်။ [နာ–၅၈၇] သစ္စာတစ်ပါးတည်း ရှုလိုက်လျှင် အမှန်လေးချက် တစ်ပြိုင်နက် ဖြစ်ပုံကို ပြရင်း အချိန်စေ့၍ တရားနားလိုက်သည်။

*

## ၁၃။ မိုကိုးရားအားထားရာ မှီခိုရာ အစစ် ရှာသင့်ကြောင်း

[၈–၈–၆၁ နေ့က အမရပူရမြို့ မင်္ဂလာတိုက်ဟောင်းမှာ ဟောသောတရား]

( မှတ်ချက်။ ။ ဤစာအုပ်မှာ နောက်ဆုံးတရား နှစ်ပုဒ်ကို နေ့စွဲထပ်နေ ပြန်သည်။ နေ့တရားချည်း ဖြစ်နေသည်။ ဖြစ်နိုင်ပါ့မလား။)

http://www.dhammadownload.com



ပင်လယ်ထဲမှာ သင်္ဘောပျက်သောအခါ ကူမည့်ကယ်မည့်သူ မရှိ၊ ကျွန်းသောင်မရှိ၊ ဖောင်မရှိ၊ လှေမရှိ၊ တုံးမရှိ ဆွဲကိုင်ရာ မရှိလျှင် အားကိုးရာမဲ့ ဖြစ်တတ်သည်။ ထို့ကြောင့် အဂုတ္တိုရ်ပါဠိတော်မှာ **'သနာထာ ဘိက္ခဝေ ဝိဟာရထ၊ မာအနာထာ၊ အနာထော ဘိက္ခဝေ ဒုက္ခံ ဝိဟရတိ'** ဟု ဟောကြောင်း ပြသည်။ ချစ်သားချစ်သမီးတို့ ကိုးကွယ်ရာ၊ အားထားရာ ရှိကြကုန်သည် ဖြစ်ကြကုန်လော့ဟု ဆိုသည်။ [*နာ–၅၉၁*]

ဤတွင် သံသရာဝဲသြဃထဲ မျောကြသူများအတွက် ဒါနဖောင်၊ သီလဖောင်တို့ထက် မဂ္ဂင်ဖောင်သာလျှင် အားကိုးရာ အစစ်ဖြစ်ကြောင်း ပြထားသည်။ [*နာ–၅၉၂*] သေရမည့်သူချည်း ဖြစ်သည်။ သေခါနီးမှာ ဟိုရမ်းဆွဲ ဒီရမ်းဆွဲ ဆွဲမနေဘဲ ကိုယ်ရထားသော ခန္ဓာသည် အနိစ္စ ခန္ဓာကြီးပါတကားဟု ရှုတတ်လျှင် ဝမ်းထဲကို မဂ္ဂင် ရောက်လာပြီ [*နာ–၅၉၃*] ဟု မိန့်ကြားထားသည်။ ဒုက္ခသစ္စာ ခန္ဓာကြီးပဲဟု သိသောကြောင့် မဂ်ဉာဏ် ဝင်လျှင် ဤဒုက္ခသစ္စာ ခန္ဓာကြီးကို နောက်ထပ် မလိုချင်တော့ပါ။ ထိုသို့ဆိုလျှင် ဘဝမကူးတော့ပါ။ ဝိညာဉ်ချုပ်ခါနီးမှာ မဂ်ရသည်နှင့် သမသီသီ ရဟန္တာပင် ဖြစ်နိုင်သေးသည်ဟု အားရှိစဖွယ် ဟောထားလေသည်။ [*နာ–၅၉၃*]

အသက်ရှင်စဉ်မှာ ဝိပဿနာ အလုပ်လုပ်၍ မဂ်မရသေးစေကာမူ အာစိဏ္ဏကံ ဖြစ်အောင် လုပ်ထားသူမှာ၊ သေခါနီးကျလျှင် မလွဲသာ မရှောင်သာ ရှုရမည့်အခါနှင့် ကြုံရပါက မလုပ်မဖြစ်ဘူးဆိုသော သဒ္ဓါကြောင့် ဝီရိယတွေ တက်လာသည်။ ဉာဏ်ပညာတွေ ထက်လာသည်။ ထိုအချိန်တွင် စုတိစိတ်နှင့် မဂ် ချက်ချင်း ရနိုင်ကြောင်း ထူးထူးခြားခြား ဟောထားသည်။ [*နာ–၅၉၄*] ထိုအချိန်တွင် လက်ရှိခန္ဓာကို စွန့်ရတာကို ဝမ်းသာသည်။ နောက်ခန္ဓာ မရတော့မှန်း သိ၍လည်း ဝမ်းမြောက်သည်။ မဂ္ဂင်တရား အားကိုးစရာ ရှိပြီးသူမှာ ဤသို့ ဖြစ်သည်။ နို့မဟုတ်လျှင် သေခါနီးကျမှ အရှက်တကွဲ အကျိုးနည်း ဖြစ်တတ်သည်ဟု ဟောထားသည်။ [*နာ–၅၉၅*]

မဂ္ဂင်အားကိုး မရှိလျှင် သေခါနီးမှာ ပေါ်သော ပရမ်းပတာ ကျမည့် အတိတ်နိမိတ် ကမ္မနိမိတ်တွေ မြင်ပြီး ကယောင်ကတမ်း ဖြစ်နိုင်သည်။ ဝိနိပါတဆိုသော အပါယ်သို့ ပရမ်းပတာ လွင့်စဉ် ကျနိုင်သော ဘေးကရှိသည်။ [*နာ–၅၉၆*] ဥပရိမိဖုရားတို့၊ မလ္လိကာမိဖုရားတို့ သေခါနီး ကုက္ကုစ္စဖြစ်ပြီး အပါယ်သို့ ပရမ်းပတာ ကျသွားပုံကိုက နမူနာ ထုတ်ပြသည်။ [*နာ–၅၉၇*]

http://www.dhammadownload.com



ပိုးကောင်ကလေးတွေ သစ်ပင်ရင်း ပြေးနေကြတာ၊ ခိုးကိုးရာ ရှာကြတာ၊ ပုတ်သင်၏ ခံတွင်းသို့ သက်ဆင်းနေရသကဲ့သို့ သံသရာခရီးသည်မှာလည်း သံသရာထဲ ပြေးလွှားရင်းပင် သေမင်းခံတွင်းသို့ သက်ဆင်းရပုံကို နှိုင်းပြသည်။ ရောက်ရာမမြဲ သေပွဲချည်းပဲဟု ဆိုသည်။ [နှာ-၅၉၈] ဒါကြောင့် ခိုကိုးရာ အစစ်ဖြစ်သော မဂ်ရအောင် လုပ်ပါဟု တိုက်တွန်းထားသည်။ [နှာ-၆၀၁] မဂ်ကို ဆုတောင်း၍ မရ၊ လုပ်ယူမှ အားထုတ်မှသာ ရကြောင်းကိုလည်း ရှင်းရှင်း ဟောထားသည်။ ထိုသို့ ပွားများပါက အမှားတွေ အကုန်ပျောက်ပြီး၊ အမှန်တွေ အကုန်ရောက်ကြပါလိမ့် မည်ဟုလည်း ဆိုသည်။

အနိစ္စကို နိစ္စလို့ မှတ်နေလျှင်၊ သိနေလျှင်၊ ယူဆနေလျှင် ထိုစိတ်ကို ဆရာတော်က မယဉ်ကျေးသောစိတ်ဟု သမုတ်သည်။ [နှာ-၆၀၂] 'စိတ္တံ ဒန္တံ သုခဝဟံ' ဒန္တံ – ယဉ်ကျေးသောစိတ် (ဝိပ္ပလ္လာသ ပျောက်သော) စိတ္တံ– စိတ်သည် သုခဝဟံ– နိဗ္ဗာန်ကို ဆောင်နိုင်သည် ဟောတိ ဖြစ်သည်။ [နှာ-၆၀၄]

ထို့နောက် တစ်ဖန် ဝိပ္ပလ္လာသ ၁၂ပါး ဖြစ်ပုံကို ထပ်ဟောပြန်သည်။ ဤဝိပ္ပလ္လာသ ၁၂ပါး အမှားဟုရားများသည် ဘုရားကို မတွေ့ချင် မဖူးချင်အောင်လည်း ကာကွယ်သည်။ တွေ့လျှင် ရန်ဖြစ်ချင်အောင်လည်း လှုံ့ဆော်သည်ဟု ဆိုသည်။ [နှာ-၆၀၆] ဤဝိပ္ပလ္လာသတရားတွေကို ပယ်ချင်လျှင်၊ သတိပဋ္ဌာန် လေးပါး တစ်ပါးပါးကို ရှုရမည်။ ကြိုက်ရာ ခန္ဓာတစ်ခုကို ရှုပါ၊ ရှုလျှင် ခန္ဓာ၏ ဖြစ်ပျက် ဒုက္ခသစ္စာကို မြင်မည်။ ဒုက္ခသစ္စာတစ်လုံးကို မြင်အောင်သာ ရှုပါ။ ဟေပိပဿိကော– ခန္ဓာတွေက ငါ့ကို ရှုပါဟု ခေါ်နေသည်။ ရှုပါဆိုလျှင် ရှုသာရှု။ ရှုလျှင် ဘယ်ခန္ဓာက မဆို သူသည် အနိစ္စပဲ ပြလိမ့်မည်။ ဘာစိတ်ပဲ ပေါ်ပေါ်၊ ပေါ်သောစိတ်ကို ရှုသာရှုပါ။ ဟေပိပဿိကော ခေါ်ရာကို သန္ဒိဋ္ဌိကောနှင့် လိုက်ပါဟု လုပ်နည်းပြသည်။ မဂ္ဂင်နှင့် ခန္ဓာ ဖြစ်ပျက်ကို ရှုရမည်။ မဂ်စိတ်က အရှင်၊ အရှုခံစိတ်က အသေ။ အသေကို အရှင်နှင့် ရှုပါ။

ရှုလိုက်လျှင် အရှုခံစိတ် မရှိတာကို တွေ့ရမည်။ မရှိတာက အနိစ္စဖြစ်၏။ [နှာ-၆၂၂] ဘာနုပဿနာပဲ ဖြစ်ဖြစ် ဖြစ်ပျက်တွေ့လျှင် သစ္စာတွေ့ခြင်း ဖြစ်သည်။ အားလုံး သစ္စာ တွေ့ကြတာချည်း ဖြစ်သည်။ [နှာ-၆၂၃] သစ္စာတွေ့လျှင် ဓမ္မာနုပဿနာ ဖြစ်သွားတာပဲဟုလည်း ပြသည်။ ဝေဒနာ တစ်ခုပေါ်လျှင် မဂ်နှင့်ရှု။ ဒီဝေဒနာကလည်း နိုပ်စက်ပြန်ပြီ။ ပျောက်ကို မပျောက်ဘူးဟု ရန်မဖြစ်ပါနှင့်ဟု သတိပေးသည်။ [နှာ-၆၂၄] အနိစ္စမြင်လျှင် သညာဝိပ္ပလ္လာသ ပြုတ်သည်။ ဒုက္ခ

http://www.dhammadownload.com



မြင်လျှင် စိတ္တဝိပ္ပလ္လာသ ပြုတ်သည်။ အနတ္တမြင်လျှင် ဒိဋ္ဌိဝိပ္ပလ္လာသ ပြုတ်သည်။ [နှာ–၆၂၅]

ပေါ်ချင်ရာပေါ်၊ ပေါ်တာကို လိုက်ရှုရမည်။ ရှုလျှင် ပဋိစ္စသမုပ္ပာဒ် ပြတ်ပါသည်။ (ဖဿနောက်က မဂ်ဝင်ပြီးပြတ်၊ ဝေဒနာနောက်က မဂ်ဝင်ပြီးလည်း ပြတ်သည်။) မဂ်နှင့် မဖြတ်နိုင်လျှင် ပဋိစ္စသမုပ္ပာဒ် ဆက်သည်။ ဟေိပဿိကော ဓေါ်ရာ သန္ဒိဋ္ဌိကောနှင့် လိုက်ရမည်။ ကိုယ်တိုင်မြင်အောင် ဉာဏ်နှင့်လိုက်ခြင်း ဖြစ်သည်။ ဤသို့ လိုက်ခြင်းဖြင့်သာ ပဋိစ္စသမုပ္ပာဒ်ကို ဖြတ်ချနိုင်သည်။ [နှာ–၆၃၀] ဟေိပဿိကော ဓေါ်ရာ သန္ဒိဋ္ဌိကောနှင့် လိုက်သောကြောင့် ပဋိစ္စသမုပ္ပာဒ် ဖြတ်ခြင်းကို အခါမလင့် အကျိုးပေးသည်(အကာလိကော)။ [နှာ–၆၃၃]

အကာလိကောသည် မဂ်ဉာဏ်ဖိုလ်ဉာဏ် ဖြစ်၏။ ဝိပလ္လာသ ပြတ်၍ ပဋိစ္စသမုပ္ပာဒ် ပြတ်ခြင်း ဖြစ်သည်။ ဒါကြောင့် ဝိပဿနာ ရှုမှုသာလျှင် နိုကိုးရာ အစစ်ဖြစ်သော မဂ်ကို ရသည်။ [နှာ–၆၃၄] ဒါတောင် မဂ်အစစ် မဟုတ်သေးဘူး။ ဝိပဿနာမဂ်ပဲ ရှိသေးသည်။ လောကုတ္တရာမဂ်ကို ဟောလျှင် သည်ထက် ရှင်းဦးမည် ဟု ဟောရင်း အချိန်စေ့၍ တရားကို ရပ်နားလိုက်သည်။

၀

ဤတွင် အလုပ်စဉ်တရား စာအုပ်အမှတ်(၁၆) ပြီး၏။

http://www.dhammadownload.com

အနှစ်ချုပ်

# မိုးကုတ်ဝိပဿနာ အလုပ်စဉ်တရား

စာအုပ်အမှတ်(၁၇)

http://www.dhammadownload.com

http://www.dhammadownload.com

# မိုးကုတ်ဝိပဿနာ အလုပ်စဉ်တရား စာအုပ်အမှတ်(၁၇)

## နိဒါန်း

ကဿပမြတ်စွာဘုရားသည် အနှစ် နှစ်သောင်းတန်း၌ ပွင့်တော်မူခဲ့သည်။ သက်တော် ၁၆၀၀၀ တွင် ပရိနိဗ္ဗာန် ပြုသည်။ ကဿပဘုရားရှင်၏ သာသနာသည် သာဝကတစ်ဆက်သာ တည်တံ့ပြီးနောက် သာသနာ ကွယ်ခဲ့လေသည်။ ခန္ဓာနာမ်ရုပ်၊ အာယတန၊ ဓာတ်၊ သစ္စာ၊ ပဋိစ္စသမုပ္ပါဒ်ဆိုသော စကားကိုမျှပင် ထို့နောက်ပိုင်းမှာ မကြားရတော့။ ဝိပဿနာ ကွယ်ပျောက်သည်။ ဒါန၊ သီလ၊ သမထကား ကွယ်ပျောက်ခြင်း မရှိခဲ့။ ဈာန် အဘိညာဉ်ရ ရသေ့များ ထွန်းကားခဲ့သည်။ သာသနာ ကွယ်ပချိန် အခါ၌ သစ္စာဆိုက်အောင် ခန္ဓာဉာဏ်ရောက် ဟောကြားနိုင်သူလည်း မရှိပါ။ ယခုအခါမှ သာသနာလည်း ထွန်းနိုက်၊ သစ္စာဆိုက်အောင် ဟောကြား ပြသနိုင်သူများလည်း မရှားပါ။ ထိုအချိန်တွင် ဗုဒ္ဓဘာသာ အမည်ခံသူများသည် သာသနာတွင်းသား ဖြစ်အောင် အားထုတ်သင့်ကြကြောင်းကို ဆရာကြီးဦးသံဒိုင်က ဤနိဒါန်းတွင် တိုက်တွန်းထားသည်။

ထို့နောက် ငါလှူငါရ၊ ငါပြုငါခံ ဆိုသော သဿတဒိဋ္ဌိ မကင်းသော ကမ္မသကတဉာဏ်သည် ဒိဋ္ဌိပြုတ်အောင် မတတ်နိုင်ကြောင်း၊ မဂ်ဖိုလ်ရအောင် မစွမ်းနိုင်ကြောင်း၊ သုဂတိဘုံသို့သာ အစွမ်းကုန် ပို့ဆောင်နိုင်ကြောင်းကို ပြသည်။ လူ့သက်တမ်း နှစ်သောင်းတန်းဖြစ်သော ကဿပဘုရားရှင် လက်ထက်မှ လူ့ သက်တမ်း တစ်ရာတန်းဖြစ်သော ဂေါတမဗုဒ္ဓဘုရားရှင် လက်ထက်တိုင် နှစ်ပရိစ္ဆေဒ မရေမတွက်နိုင် ကြာအောင် ဒိဋ္ဌိတန်းလန်းဖြင့် သံသရာမှာ အကြာကြီး အပါယ်ဘဝ

http://www.dhammadownload.com



များ၌ မျှော်ပါ၍ နေခဲ့ကြရသည်။ ဂေါတမဗုဒ္ဓဘုရားရှင် ပွင့်တော်မူလာမှ ခန္ဓာ၊ အာယတန၊ ဓာတ်၊ သစ္စာ၊ ပဋိစ္စသမုပ္ပါဒ် တရားတော်များ အသံကို ကြားရသည်။

ထိုတရားတော်များကို ဘုရား ပရိနိဗ္ဗာန် ပြုပြီးနောက် အနှစ် ၂၅၀၀ ကျော် ကြာအောင် ဘုရားသားတော် သာသနာ့ဝန်ထမ်း ရှင်ရဟန်းများက နည်းအမျိုးမျိုးဖြင့် သာသနာတော် မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက် လာခဲ့ကြသည်။ ကျေးဖူးတင်ဖွယ် ကောင်းလှသည်။ မိုးကုတ်ဆရာတော်ကြီးသည် စာပေ သင်ကြား ပို့ချသော ဂန္ထဓုရလုပ်ငန်းကို အနှစ် ၃၀ ကျော် ထမ်းရွက်ပြီးနောက် ပဋိပတ်လုပ်ငန်းကို မိမိ ကိုယ်တိုင် ပေါက်အောင် အားထုတ်ခဲ့လေသည်။

ထို့နောက် သတ္တဝါဝေနေယျအား ဝိနိပါတ အပါယ်ဘေးမှ ကယ်တင်ရေး အတွက် ခန္ဓာဉာဏ်ရောက် မဂ်ပေါက်ဖိုလ်ပေါက် တရားများကို နေ့စဉ် ရက်ဆက် ဟောကြား ပြသတော်မူခဲ့လေသည်။ ဆရာတော်ကြီးသည် ဒိဋ္ဌိပြုတ်မှုကို အဓိက ထား၍ ဟောသည်။ ပဋိစ္စသမုပ္ပါဒ်နှင့် သစ္စာကို တွဲပြသည်။ ဝဋ်သုံးပါး လည်ပုံကို ပြသည်။ တချို့လူတွေက မိုးကုတ်ဆရာတော်ဘုရားကြီး၏ တရားများကို နား ကြီးကြီးနှင့် မနာတတ်ဘဲ မိုးကုတ်ဆရာတော်သည် ဒါနကို ပယ်သည်ဟု စွပ်စွဲ ကြသည်။ ထိုစွပ်စွဲချက် မမှန်ကြောင်း ရှင်းထားသည်။

*

## ၁။ သာသနာတွင်းနှင့် သာသနာပ

[၉–၈–၆၁ နေ့က အမရပူရမြို့ မင်္ဂလာတိုက်ဟောင်းမှာ ဟောသောတရား]

(အလုပ်စဉ်တရား စာအုပ်(၁၆)နှင့် (၁၇)သည် ၁၉၆၁ ခုနှစ် ရှစ်လပိုင်း ဟောသောတရားများကို အစဉ်အတိုင်း တွဲစပ်၍ တင်ပြထားသော စာအုပ်များ ဖြစ်သည်။)

ဤတွင် သာသနာတွင်းသားနှင့် သာသနာပသားကို ဉာဏ်အဆင့်ဖြင့် ခွဲခြား ပြထားသည်။ သာသနာ မကွယ်သေးသော အချိန်မှာ လူဖြစ်ပြီး ဗုဒ္ဓဘာသာ အမည်ခံ ရိုးရာသမားသည် သစ္စာနုလောမိကဉာဏ် မရှိသေးပါက သာသနာတွင်း မွေးသော်လည်း သာသနာပသားပဲ ဖြစ်ကြောင်းပြ၍ ဤတရားကို စတင် ဟောကြား လေသည်။ ကောင်းတာလုပ်လျှင် ကောင်းကျိုးရသည် ဆိုခြင်းမှာ ကမ္မသကတဉာဏ်

http://www.dhammadownload.com



သာ ဖြစ်၏။ ထိုဉာဏ်သည် သာသနာပဉာဏ် ဖြစ်သည်ဟု မှတ်ရမည်။ [နာ၁–၂] ကမ္မဿကတဉာဏ်ဖြင့် မဂ်ဉာဏ်ဖိုလ်ဉာဏ်ကို မရောက်နိုင်ကြောင်း ပြသည်။

ခန္ဓာငါးပါး ဖြစ်ပျက်မြင်သော အနိစ္စကို သိသောဉာဏ်၊ ဒုက္ခကို သိသော ဉာဏ်၊ အနတ္တကို သိသောဉာဏ်သည်သာ သစ္စာနုလောမိကဉာဏ် (သစ္စာနှင့် လျော်သော ဉာဏ်) ဖြစ်သည်။ သာသနာတွင်းမှာ ပေါ်သောဉာဏ် ဖြစ်သည်။ [နာ၁–၃] မြန်မာဗုဒ္ဓဘာသာဝင်တွေထဲမှာ သာသနာပဉာဏ်နှင့် လမ်းဆုံးနေသူတွေက များကြောင်း၊ သာသနာတွင်းဉာဏ်ကို ရောက်သောပုဂ္ဂိုလ် ရှားကြောင်းဟောသည်။ [နာ၁–၄] သာသနာတွင်းမှာ ကမ္မဿကတဉာဏ်လည်း ရမည်။ သစ္စာနုလောမိက ဉာဏ်လည်း လုပ်ရမည်ဟု ဆိုသည်။ [နာ၁–၅]

ခန္ဓာ ဖြစ်ပျက်ကို ရှုသော ဝိပဿနာကို လုပ်မှသာလျှင် သာသနာတွင်းသား ဖြစ်ပြီး သမ္မာဒိဋ္ဌိဖြစ်သည်ဟု ဟောထားသည်။ [နာ၁–၆] သစ္စာနုလောမိကဉာဏ် ရပြီဆိုမှ နိဗ္ဗာန်ဝင်ဝသို့ ရောက်သွားပြီဟုလည်း မိန့်ထားသည်။ ကမ္မဿကတဉာဏ် သည် သက္ကာယဒိဋ္ဌိ မပြုတ်ဘူး။ နတ်ပြည် ရောက်နိုင်ပါ၏။ သို့သော် သက္ကာယဒိဋ္ဌိ မပြုတ်ဘဲ ဒိဋ္ဌာနုသယက ပါသွားသောကြောင့် ကံအရှိန်အဟုန် ကုန်၍ နတ်ပြည်က စုတိလျှင် အပါယ်သို့ ပြန်ကျနိုင်သည်။ ဒါကြောင့် အပါယ်လေးပါးသို့ ပြန်မကျ နိုင်သော အလုပ်ကို လုပ်ကြရမည်။

သစ္စာနုလောမိကဉာဏ်က တက်ပြီး မဂ်ဉာဏ်ဖိုလ်ဉာဏ် ရမှသာ သာသနာ တွင်းသား ဖြစ်သည်။ [နာ၁–၇] သာသနာတွင်းသား အဖြစ်နှင့် အပါယ်မကျဘဲ သုဂတိမှ နိဗ္ဗာန်ကို တောက်လျှောက် ကူးချင်လျှင် ဒါနလည်း လုပ်ပါ.. ဝိပဿနာ လည်း လုပ်ပါဟု တိုက်တွန်းသည်။ [နာ၁–၈] ဝိပဿနာကို ချန်ထားပြီး ဒါနသီလပဲ လုပ်နေလျှင် သာသနာပသားပဲ ဖြစ်သေး၏။ အပါယ် စိတ်မချရကြောင်း ဖော်ပြ ထားသည်။ [နာ၁–၉] သာသနာတွင်း အလုပ်ဆိုတာ သမ္မာဒိဋ္ဌိ အလုပ်ဖြစ်ကြောင်း သာသနာတွင်းသား ဖြစ်မှသာ နိဗ္ဗာန်ကို ရောက်နိုင်ကြောင်းကိုလည်း တိတိကျကျ ဆိုထားသည်။ [နာ၁–၁၀]

ခန္ဓာဉာဏ်ရောက် တရားကို ပြတော့မည် ဆိုသောကြောင့် ဝိပ္ပလ္လာသ အမှား ၁၂ ချက် ဖြစ်ပုံများကို ပြသခဲ့ကြောင်း နားလည်အောင် ဟောပြန်သည်။ ပုထုဇဉ်တွေသည် ခန္ဓာကြီးပေါ်မှာ အမှတ်မှား၊ အသိမှား၊ အယူမှား နေသည်။ အနိစ္စကို နိစ္စ၊ ဒုက္ခကို သုခ၊ အနတ္တကို အတ္တ၊ အသုဘကို သုဘ ထင်နေတတ်ပုံကို ပြန်ဟောထားသည်။ ဤတွင် ဆရာတော်ကြီးက အသုဘကို သုဘ ထင်နေတာသည်

http://www.dhammadownload.com



(အသေ၀နာစ ဗာလာနံ) ဖြစ်သည်ဟု ဟောသည်။ [နှာ-၁၅] နလုံးသွင်း မှားနေကြခြင်းကို ဆိုလိုသည်။ ဤအမှတ်မှား၊ အသိမှား၊ အယူမှားနေကြတာတွေသည် အ၀ိဇ္ဇာတွေ ဖြစ်ပြီး အမိုက်အမဲတွေ ဖြစ်ပုံကို ပြသည်။

ထိုအ၀ိဇ္ဇာကို ၀ိဇ္ဇာဉာဏ်ဖြစ်အောင် ဆရာသမားက ပြုပြင်ပေးဖို့ လိုပုံကို ဟောသည်။ အ၀ိဇ္ဇာကို ၀ိဇ္ဇာဖြစ်အောင် အသိနှင့် အပွားနှင့် အပါယ်နှင့် လုပ်ပေးဖို့ လိုကြောင်း ရှင်းထားသည်။ [နှာ-၁၆] ထိုသို့ ဖြစ်စေရန် ပဏ္ဍိတာနဉ္စသေ၀နံ ပညာရှိကို မှီ၀ဲရသည်။ ၀ိပဿနာ ရှုလျှင် ပဏ္ဍိတနဉ္စသေ၀နာ ဖြစ်သွားကြောင်း ဟောသည်။ [နှာ-၁၇] ဖြစ်ပျက်အဆုံး မြင်ပြီး သေသောသူသာလျှင် ပဏ္ဍိတနဉ္စ သေ၀န ဖြစ်သည်ဟုလည်း ဆိုသည်။ [နှာ-၁၈] သမ္မာဒိဋ္ဌိ ရောက်လာလို့ ဖြစ်ပျက် မြင်ခြင်းဖြစ်သည်။ ဒါ ပညာရှိ ဖြစ်သွားခြင်းပဲဟုလည်း ဟောသည်။ [နှာ-၁၉]

ခုသေနေကြသော မသာတွေမှာ လူမိုက်မသာက များသည်။ လူမိုက်သေလျှင် အပါယ်သွားရာလမ်းပဲ ရှိသည်ဟု ဆိုသည်။ ဤတွင် ထူးထူးခြားခြား ဟောထားသော စကားပါသည်။ "အေး ဒါတွေ သိသဖြင့် တို့လူမိုက်မသာတော့ အဖြစ် မခံဘူး။ ပညာရှိမသာပဲ ဖြစ်အောင် လုပ်မည်ဆိုလျှင် မသာချင်း ခြားနားသည်။ ပုပ်ရိတဲ့ မသာနှင့် ဓာတ်တော်ဖြစ်တဲ့ မသာ ကွာခြားသည်။ (နိမိတ်ပြ ဟောသောတရား ဖြစ်ဟန် တူသည်။ ရဟန်းကိစ္စပြီးကြောင်း သိသာအောင် သက်သေထားသော စကားဖြစ်ပုံ ပေါ်သည်- စာရေးသူ)

ပြီးမှ ပုပ်ရိတဲ့ မသာက လူမိုက်မသာ၊ ဓာတ်တော်ကျတဲ့ မသာက လူလိမ္မာ မသာ၊ တစ်သက်လုံး ဖုံးလေသမျှ သေခါမှပေါ်ဆိုတာ ဒါပဲဟုလည်း ရိပ်စားမိအောင် ထူးထူးခြားခြား ဟောထားသည်။ [နှာ-၂၀] လူမိုက် မသာက ပုပ်ရိ ညှီဟောင် နံစော်ပြီး မြေမြှုပ်ရသည်။ ဓာတ်တော် မကျပါ။ လူလိမ္မာမသာက ခန္ဓာ၏ ဖြစ်ပျက် မြင်၊ ဖြစ်ပျက်မုန်း၊ ဖြစ်ပျက်ဆုံးပြီး သေသောကြောင့် ဓာတ်တော်ကျသည်။ သမ္မာ ဒိဋ္ဌိက လုပ်လိုက်တာဟုလည်း ဆိုသည်။ [နှာ-၂၁] တစ်သက်လုံး ဖုံးပြီး၊ သေမှ ဓာတ်တော်တွေ ကျတာဖြင့် ပူဇနေယျနံ- ပူဇော်ထိုက်သူ ဖြစ်သွားပြီဟုလည်း သိသာအောင် ဟောတော်မူသည်။ (မိမိ ခန္ဓာ၀န်ချသောအခါ ဤတရားနှင့် ကိုက် မကိုက် တိုက်ဆိုင် ကြည့်နိုင်ကြရန် ကြိုတင်၍ မှတ်ကျောက်တရား ဟောထားခြင်း ဖြစ်သည်ဟု ထင်မိပါ၏- စာရေးသူ)

ဤသို့ သေခြင်းသည်သာ ဧတံ မင်္ဂလ မုတ္တမံ- ပူဇော်ထိုက်သော မင်္ဂလာ မည်၏ဟု သုံးသပ်ပြထားပါသည်။ [နှာ-၂၂] ဤတရားက အလွန် ထူးခြားသည်

http://www.dhammadownload.com



ထင်၏။ ဆရာတော်သည် ဤမျှ ဖော်ပြရုံဖြင့် အားရတော် မမူသေးဘဲ ထပ်ဆင့် ဆိုပြန်သည်။

"အသေဝနာစဇာလာနံဖြင့် သေတဲ့အခါ ပုပ်တယ်ကွ၊ ပဏ္ဍိတ နဥ္စသေဝနာ ဆိုတာ သေတဲ့အခါ ဓာတ်တော်ကျသကွ အဲဒါကြောင့် ပူဇာစပူဇနေယျာနံ ပူဇော် ထိုက်တဲ့အဖြစ်ကို သူ ရောက်တယ်ကွ။ သေသေချာချာ ဟောထားတယ်" [နှာ–၂၃] ဤတရားသည် ရွတ်ရမည့်တရား မဟုတ်၊ အလုပ်စဉ်တရားသာ ဖြစ်ကြောင်းကို ဟောသည်။ ပရိတ်ရွတ်တာက အပြင်ဘေးကိုသာ ကာကွယ်သည်။ အတွင်းဘေးရန် ကို မကာကွယ်နိုင်၊ အတွင်းကိုလေသာဘေးတွေကို ဝိပဿနာအလုပ် အားထုတ်မှ ကာကွယ်နိုင်ပုံကို ဟောသည်။

ထို့နောက် အလုပ်ပေးတရားကို ဟောသည်။ ပုထုဇဉ်သန္တာန်မှာ ပေါ်သော စိတ်မှန်သမျှကို ဝိပဿနာရှုပုံ စိတ္တာနုပဿနာကို ပြသည်။ စိတ်ဖြစ်ပျက် မြင်လျှင် သက္ကာယဒိဋ္ဌိကို ပယ်သည်။ [နှာ–၂၉] သစ္စာနုလောမိကဉာဏ်ဖြင့် ပေါ်သော စိတ်တွေကို ဖြစ်ပျက်ရှုလျှင် သက္ကာယဒိဋ္ဌိကို ပယ်သည်။ [နှာ–၂၉] ရှေ့စိတ် ဖြစ်ပျက်ကို နောက်စိတ် မဂ်နှင့် ရှုရမည်။ ဖြစ်ပြီး ပျက်တာပဲဟု ရှုနေလျှင် ဒိဋ္ဌိ ဝိပ္ပလ္လာသ လေးမျိုးပြုတ်သည်။ **'ဝိညာဏံ အနိစ္စတော ဓာနတော ပဿတော သက္ကာယဒိဋ္ဌိ ပဟီယတိ'** စိတ်ဝိညာဉ်ကို အနိစ္စအားဖြင့် သိသော ရှုသော ပုဂ္ဂိုလ်အား ဒိဋ္ဌိဝိပ္ပလ္လာ လေးပါးကို ပယ်အပ်၏။ ကိုယ်စိတ်ကို ဖြစ်ပျက် ရှုရမည်။ စိတ်က ဖြစ်ပျက်၊ ရှုတာက မဂ် ဖြစ်သည်။ ဖြစ်ပျက်က အနိစ္စ၊ ရှုတာက မဂ္ဂ၊ သေတာက ဒိဋ္ဌိ [နှာ–၃၃] သက္ကာယဒိဋ္ဌိ ပြုတ်ပြီဟု ပြထားသည်။

ဖြစ်ပျက်ရှုတော့ ဒိဋ္ဌိကို ပယ်သည်။ 'သမ္မာနုကာရိယောတိ' ဆိုသောကြောင့် သတိပညာဖြင့် စောင့်ရှုရမည်။ ရှုလျှင် ဒိဋ္ဌိကို ပယ်သည်။ ဒိဋ္ဌိပြုတ်လျှင် အပါယ် မျိုးစေ့ ပြုတ်ပြီ။ [နှာ–၃၄] ငရဲမျိုးစေ့ကို မဂ်က ပယ်လိုက်သည်။ [နှာ–၃၅] ယနေ့ ဖြစ်ပျက်ရှုပြီး ဒိဋ္ဌိဖြုတ်တာ ဖြစ်သောကြောင့် အပွားနှင့် ဖြုတ်တာဟု ဆိုသည်။ [နှာ–၃၈] အိမ်မှာနေရင်း အပွားနှင့် ပြုတ်အောင် လုပ်နေလျှင် ဒီအပွား ကြီး ကျယ်လာရင် မဂ်ဖြစ်တယ်ဟုလည်း နည်းပြထားသည်။ [နှာ–၃၉] ပွားများ ထားသော စိတ်သည် ပေါ်လာသမျှ စိတ်၏ ဖြစ်ပျက်ကို ရှုမိသည်ချည်း ဖြစ်တော့၏။ အဲဒါ သစ္စနုလောမိကဉာဏ် ရသွားပြီဟု ဆုံးဖြတ်ပြထားပါသည်။ [နှာ–၃၉] ဖြစ်ပျက်သည် တခြား မဟုတ်၊ ဒုက္ခသစ္စာပဲ။ ဒုက္ခသစ္စာပဲဟု သိ၍ ဤဒုက္ခကြီးကို

http://www.dhammadownload.com



မလိုချင်တော့ပါဘူး ဆိုလျှင် ဒုက္ခမုန်း၊ ဒုက္ခဆုံးတော့သည်။ ဒုက္ခဆုံးတာ နိဗ္ဗာန် ဖြစ်၏။ [နှာ–၄၀]

ဤသို့ မြင်လျှင် ဒိဋ္ဌိမျိုးစေ့ ပြုတ်ပြီး၊ အပါယ်မျိုးစေ့ ဝမ်းထဲမှာ မရှိတော့ပါ။ အပါယ်တံခါး ပိတ်ပြီ ဖြစ်၏။ ဒုက္ခသစ္စာကို ပိုင်ပိုင်သိလျှင် ဒုက္ခလည်း ချုပ်သည်။ ဒိဋ္ဌာနုသယလည်း ချုပ်သည်။ မဂ်က အလယ်က ဖြတ်ချလိုက်သည်။ [နှာ–၄၁] ထိုအခါ မဂ္ဂင်ရှစ်ပါး ပြည့်စုံသွားသည်။ မဂ္ဂင်ငါးပါးနှင့် အားထုတ်စဉ်မှာ ပွားပြုတ်ပဲ ရှိသေးသည်။ ရှစ်ပါးပြည့်မှ ပယ်ပြုတ်ဖြစ်ပုံ ရှင်းထားသည်။ [နှာ–၄၂] ပယ်ပြုတ် ဆိုတာ မဂ်က ပယ်လိုက်တာဖြစ်ကြောင်း၊ ပယ်ပြုတ်ကိုမှ စိတ်ချရကြောင်း ဟောရင်း အချိန်စေ့၍ တရားနားသည်။

*

## ၂။ အခြားအရေးထက် ငရဲမျိုးစေ့ပြုတ်ရေးက ပိုအရေးကြီးပုံ

[၁၀–၈–၆၁ နေ့က အမရပူရမြို့ မဂ်လာတိုက်ကျောင်းမှာ ဟောသောတရား]

သက္ကာယဒိဋ္ဌိနှင့် ဒိဋ္ဌိဝိပ္ပလ္လာသ အတူတူပဲဆိုသော စကားဖြင့် ဤတရားကို စတင် ဟောကြားလေသည်။ အတ္တဒိဋ္ဌိ ဆိုလျှင်လည်း အဓိပ္ပာယ်မှာ အတူတူပင် ဖြစ်ကြောင်း ရှင်းပြထားသည်။ ဤသက္ကာယဒိဋ္ဌိ၊ အတ္တဒိဋ္ဌိသည် ကြောက်စရာ အကောင်းဆုံး အဆိပ်လက်နက် ဖြစ်ကြောင်း၊ ဒီတရား ဘယ်က လာသလဲ အမှတ်များ၊ အသိများ၊ အယူများက လာသည်။ ဒီအတ္တဒိဋ္ဌိ၊ သက္ကာယဒိဋ္ဌိ၊ မိစ္ဆာဒိဋ္ဌိတွေကို ဖြုတ်ပေးမှ အပါယ်လေးပါး တံခါးပိတ်သည်။ [နှာ–၄၅] ဒိဋ္ဌိပြုတ်လျှင် ဝိစိကိစ္ဆာ လည်း ပြုတ်သည်။ ဤတရားများသည် မဂ်တားဖိုလ်တား တရားများ ဖြစ်သည်။

ရုပ်နာမ်နှစ်ပါး ခန္ဓာငါးပါးကို ငါ၊ သူတစ်ပါး၊ ယောကျ်ား၊ မိန်းမဟု အမှတ်များ၊ အသိများ၊ အယူများခြင်းသည် သက္ကာယဒိဋ္ဌိ၊ အတ္တဒိဋ္ဌိ ဖြစ်သည်။ ဤဒိဋ္ဌိများကို ပထမ အသိဖြင့် ဖြုတ်ရမည်။ ဒုတိယ အပွားနှင့် ဖြုတ်ရမည်။ တတိယ အပယ်နှင့် ဖြုတ်ရမည်။ [နှာ–၄၆] မဖြုတ်ကြဘဲ သေသွားလျှင် သေသူ အတွက် စိတ်မချ၍ သပိတ်သွတ်၊ ဆွမ်းသွတ် နေကြရသည်။ အမှန်မှာ အသေ စိတ်ချရအောင်၊ အပါယ်တံခါး ပိတ်အောင် လုပ်ပြီး၊ ငါသေလျှင် ဆွမ်းမသွတ်ကြနှင့်၊ အရုက်မခွဲကြနှင့် ဆိုပြီး သေနိုင်အောင် ကြိုးစားသင့်ပုံကို ဟောထားသည်။ [နှာ–၄၇]

http://www.dhammadownload.com



ပြီးမှ သက္ကာယနှင့် ဒိဋ္ဌိကို ရှင်းပြထားပြန်သည်။ [နာ၁–၄၉] ဤသက္ကာယ ဒိဋ္ဌိသည် အပါယ်လေးပါး၏ ရေသောက်မြစ်ဖြစ်ကြောင်း ထပ်ဟောပြန်သည်။ ခန္ဓာငါးပါးကို သူ၊ ငါ၊ သတ္တဝါပဲ၊ ယောကျ်ားပဲ၊ မိန်းမပဲဟု မမြင်ဘဲ ဖြစ်ပျက် အနိစ္စပဲ၊ ဒုက္ခပဲ၊ အနတ္တပဲဟု မြင်လိုက်လျှင် မိစ္ဆာဒိဋ္ဌိ ပြုတ်သည်။ သမ္မာဒိဋ္ဌိ ဖြစ်သည်။ [နာ၁–၅၁] ခန္ဓာငါးပါး ဖြစ်ပျက်မြင်လျှင် မိစ္ဆာဒိဋ္ဌိသည် သမ္မာဒိဋ္ဌိ ပြောင်းသွားသည်။ မဂ္ဂင်ငါးပါး ပေါ်လာသည်။ ဒိဋ္ဌိပြုတ်သွားလျှင် ငါ သေလျှင် အပါယ်သွားဦးမလားဟု သံသယ မဖြစ်နိုင်တော့ဟု မိန့်သည်။ သာသနာတွင်းမို့ ဤတရားမျိုး ကြားရသည်။

လူဖြစ်ဖို့ ခဲယဉ်းတာထက် သစ္စာတရားကို ဟောတတ်ပြောတတ်သော ဆရာနှင့် တွေ့ဖို့ မိမိမှာလည်း သစ္စာကို ထောင်တတ်သော နားရှိဖို့က ပိုခက်ကြောင်း ဟောသည်။ [နာ၁–၅၃] ဖြစ်ပျက်ရှိလို့ ဖြစ်ပျက်သိဖို့ အလုပ်ကို မပေါ့ကြနှင့် မလျော့ကြနှင့်ဟု သတိပေးပြန်သည်။ [နာ၁–၅၄]

သက္ကာယဒိဋ္ဌိက ဒကာဒကာမများ ကိုယ်မှာ အနုသယသဘောဖြင့် ကိန်းနေ သည်။ ထိုအနုသယကိလေသာကို သမ္မာဒိဋ္ဌိနှင့် ပယ်ရမည်။ 'အနိစ္စေ အနိစ္စန္တိ ပဿတိ သာယံဝုစ္စတိ သမ္မာဒိဋ္ဌိ' (သဠာယတန သံယုတ်) ပါဠိကို ထုတ်ပြထား သည်။ (အနိစ္စဖြစ်သော ခန္ဓာ၌၊ အနိစ္စန္တိ ဖြစ်ပြီး ပျက်သော တရားပဲဟူ၍ ပဿတိ ရှု၏။ သာယံဒိဋ္ဌိ– ဤသို့ အမှန်ကို ရှုခြင်းကို သမ္မာဒိဋ္ဌိဟူ၍ ဝုစ္စတိ– ဆိုအပ်၏။) [နာ၁–၅၅]

ဤသို့ ရှုတတ်လျှင် ငရဲမျိုးစေ့ ဝမ်းထဲမှာ မရှိတော့ဘူး။ အနိစ္စကို အနိစ္စဟု သိသော အလုပ်ကို မြန်မြန်လုပ်ပါဟု တိုက်တွန်းသည်။ ဤဒိဋ္ဌိ မပြုတ်ဘဲ သေသွား လျှင် အပါယ်ငရဲကို ရောက်မည်။ ဆရာတော်သည် ဤတရားကို ဟောစဉ် ကမ္ဘာမှာ စစ်အေးကာလ ဖြစ်နေသည်။ ထို့ကြောင့် အနုမြူဗုံးကြီးလို့ ဟိုက်ဒရိုဂျင်ဗုံးကြီးလို့ အကုန်သေ၊ ဒိဋ္ဌိပြုတ်ပြီးသား လူက အပါယ် မသွားဘူးဟု ခေတ်ကာလကိုပါ သုံးသပ်ပြီး ဟောထားသည်။ [နာ၁–၅၇]

ဒီလို စစ်ရိပ်စစ်ငွေ့တွေ ဖြစ်ပေါ်နေသော အချိန်မှာ ပိုပြီး အရေးကြီးကြောင်း၊ ဋ္ဌိကို ဖြုတ်ထားလျှင် ဝဋ်မကျွတ်သေး၍ သေပွဲဝင်တာတောင်မှ အပါယ်မသွားဘူး ု တိတိကျကျ ဆုံးဖြတ်ချက်ဖြင့် ဟောထားသည်။ သက္ကာယဒိဋ္ဌိက တစ်ကမ္ဘာလုံး ဟာ၊ ငါ့ဥစ္စာဖြစ်ဖို့ ကြိုးစားသည်။ သက္ကာယဒိဋ္ဌိ တိုက်တွန်းတာနှင့် စစ်တိုက်

http://www.dhammadownload.com



ကြတာဟု မိန့်သည်။ [နှာ-၅၈] သူတို့ နိုင်တာ ရှုံးတာ မိမိတို့နှင့် မဆိုင်ပါ။ သက္ကာယဒိဋ္ဌိ ပြုတ်ဖို့ အလုပ်၊ အပါယ်တံခါး ပိတ်ဖို့ အလုပ်သာ မိမိတို့နှင့် ဆိုင်သည်။

သားရေး၊ သမီးရေး၊ စီးပွားရေးတို့ထက် ဒိဋ္ဌိပြုတ်ရေးက ပိုအရေးကြီးသည်။ ဒီသက္ကာယဒိဋ္ဌိကြောင့် မတရားသဖြင့် စီးပွားရှာမှု၊ အသက်မွေးမှုတွေ ဖြစ်လာရသည်။ သက္ကာယဒိဋ္ဌိ လည်သည် ဖြစ်သည်။ ငွေရဖို့ အရေးကြီးသည်။ ငွေမရှိ လူအောက်ကျသည် ဆိုလျှင် သက္ကာယဒိဋ္ဌိကြောင့် ဖြစ်သည်။ [နှာ-၆၁] ဤဒိဋ္ဌိ ရှိလျှင် မလုပ်နိုင်သော အကုသိုလ်ဟူ၍ မရှိတော့ပါ။ [နှာ-၆၁]

ဒီသက္ကာယဒိဋ္ဌိ ဘယ်က လာသလဲ၊ ခန္ဓာငါးပါးကို အနိစ္စဟု မသိရာက လာသည်။ မသိရာက သက္ကာယဒိဋ္ဌိ လာသည်ဟု သိလိုက်လျှင် သမ္မာဒိဋ္ဌိ ဖြစ်သွားသည်။ ကိုယ်ကိုယ်တိုင် သိသောဉာဏ်ရအောင် လုပ်ပါဟု တိုက်တွန်းထားသည်။ [နှာ-၆၃] ရှင်အာနန္ဒက လူသေတိုင်း သူဘယ်ဘဝရောက်သွားသလဲချည်း မေးနေသဖြင့် ဘုရားက ကိုယ့်ဘာသာ မှန်ထောင်၍ ကြည့်တတ်အောင် ဘုရားက မှန်တစ်ချပ် ပေးထားမည် ဆိုပြီး သေလျှင် ငါ ဘယ်ရောက်မလဲ ဆုံးဖြတ်တတ်အောင် စံကို ပေးသည်။ ခန္ဓာငါးပါး ကြိုက်ရာကို ဝိပဿနာ ရှုပါ။ ရှုလျှင် ဖြစ်ပျက်ပဲ တွေ့မည်။

ဖြစ်ပျက် မြင်ပြီးနောက် ဖြစ်ပျက်တွေ မုန်းလာမည်။ မုန်းပြီး ဖြစ်ပျက်ဆုံးသွားလျှင် နိဗ္ဗာန်ပဲဟု ဟောသည်။ [နှာ-၆၅] ဤနည်းကို တရားကြေးမုံ ဓမ္မာဒါသနည်းဟု ဆိုသည်။ ငါ သေလျှင် အပါယ်ကျ မကျ ဆုံးဖြတ်နိုင်သော နည်းဖြစ်၏။ [နှာ-၆၇] ဤတွင် ဆရာတော်က "ရှုလိုက်တိုင်း ဒုက္ခဆုံးတဲ့ နေရာကို ရောက်ပြီ။ ဖြစ်ပျက် ရှာမတွေ့တော့ဘူး။ ခန္ဓာကိုယ် ပျောက်သွားပြီဆိုလျှင် နိဗ္ဗာန်ကို မြင်ပြီ။ ဒုက္ခဆုံးသော နေရာကို မြင်ပြီဆိုလျှင် မေးမနေနှင့်တော့ ငါ သောတာပန် တည်ပြီဟု ဆုံးဖြတ်ချက်ချပါ" ဟု ဆိုသည်။ [နှာ-၆၈]

လူတွေက မသာလုဖို့ မသာစည်ဖို့ကိုသာ အရေးထားနေကြသည်။ အပါယ်မကျဖို့က ပိုပြီး အရေးကြီးကြောင်းကို ထပ်တလဲလဲ ဟောသည်။ အပါယ်မကျဖို့ ဆိုတာလည်း ဒိဋ္ဌိကို ပယ်နိုင်မှ ဖြစ်သည်။ အသိနှင့် ပယ်နည်း တစ်မျိုး၊ အပွားနှင့် ပယ်နည်း တစ်မျိုး၊ အပယ်နှင့် ပယ်နည်းက တစ်မျိုးဖြစ်ကြောင်း ပြသည်။ [နှာ-၇၃]

ပြီးမှ အသိနှင့် ဖြုတ်ပုံကို ပြသည်။ သက္ကာယဆိုတာ ခန္ဓာငါးပါးဟု သိသည်။ ဤသို့သိလျှင် အမှန်သိ ဖြစ်သည်။ ငါ ငါ့ဥစ္စာ မဟုတ်ဘူး၊ အနိစ္စပဲ၊ ဒုက္ခပဲ၊

http://www.dhammadownload.com



အနတ္တပဲဟု သိခြင်းသည် အသိနှင့် ဖြတ်ခြင်း ဖြစ်သည်။ [နာ–၇၄] အသိနှင့် ပယ်ရုံဖြင့်လည်း စိတ်လုံးလုံး မချရသေး၊ အပွားနှင့် ပယ်ဖို့ လိုသေးသည်။ စိတ်ဖြစ်ဖြစ်၊ ဝေဒနာဖြစ်ဖြစ် ဖြစ်တိုင်း သတိကပ်ပြီး ရှုပေးပါ။ ရှုပေးလိုက်သောအခါ ဖြစ်ပျက်နှင့် သမ္မာဒိဋ္ဌိမဂ်နှင့် ကိုက်သွားသည်။

'ဝေဒနံ အနိစ္စတော၊ ဇာနတော၊ ပဿတော၊ သက္ကာယဒိဋ္ဌိ၊ ပဟီယတိ' ဟု သဠာယတနဝဂ္ဂသံယုတ် ပါဠိမှာ လာပုံကို ပြသည်။ ဤသည်မှာ သက္ကာယဒိဋ္ဌိကို ရှုပြီး ပယ်နည်းဖြစ်သည်။ ဤသို့ ပွားများဖန် များလျှင် ပြုတ်သည်။ [နာ–၇၇] ပွားများပြီး ပြုတ်တာတောင်မှ စိတ်မချရသေးဟု ဆိုသည်။ ကြောင်က ကြွက်မမြင်ခင်သာ လူနားကပ်သည်။ ကြွက်မြင်လျှင် ကြွက်နောက်လိုက်သလိုပဲ ဥပမာ ပေးသည်။

ဤသက္ကာယဒိဋ္ဌိကို အမြစ်ပြုတ်အောင် ပယ်မှ စိတ်ချရသည်။ လောကုတ္တရာ မဂ်ဉာဏ်ရောက်မှ အနုသယနှင့် တကွ အမြစ်ပြုတ် ပယ်နိုင်သည်။ ထိုအခါမှ အပါယ်လေးပါးစလုံး တံခါးပိတ်သည်။ ဖြစ်ပျက်အားလုံး ဒုက္ခသစ္စာချည်းပဲဟု ဉာဏ်မှာ ပိုင်ပိုင်သိပြီဆိုမှ ပဋိဝေဓဉာဏ်ဖြင့် ဒုက္ခသစ္စာကို ကိုယ်တိုင် ထိုးထွင်း သိသည်။ ဤသို့ သိလိုက်ပြီဆိုလျှင် ဖြစ်ပျက်အားလုံး ဖျတ်ဆို ချုပ်ဆုံးသွားသည်။ ထိုဒုက္ခချုပ်ဆုံးသည်နှင့် ဒိဋ္ဌိအားလုံး ချုပ်တော့သည်။

ဤသို့ ပြုတ်ခြင်းသည် ပယ်ပြီးပြုတ်ခြင်း ဖြစ်၏။ [နာ–၈၂] သိပြုတ်၊ ပွားပြုတ်၊ ပယ်ပြုတ်ကို ရှင်းပြခြင်း ဖြစ်သည်။ ပယ်ပြုတ် ပြုတ်နိုင်လျှင် အပါယ်သွားမည့် ကံအားလုံး ဒိဋ္ဌိနှင့်အတူ ရောပြုတ်သည်။ အဟောသိကံ ဖြစ်သွားသည်။ ဒုက္ခအားလုံး ချုပ်ဆုံးသွားတာ ဉာဏ်နှင့် မြင်လိုက်မှ ဒိဋ္ဌိ(ဝိပ္ပလ္လာသ) အားလုံး ချုပ်တော့သည်။ ကိုယ့်အလုပ်ကို ကိုယ့်ဘာသာ မှန်ထောင်ကြည့်တတ်အောင် ဟောသောတရား ဖြစ်သည်။ ဤတွင် ပြီးသည်။

*

## ၃။ ဝဋ်သုံးပါး လည်ပုံ

[၁၁–၈–၆၁ နေ့က အမရပူရမြို့ မဂ်လာတိုက်ဟောင်းမှာ ဟောသောတရား]

တရားနာနေကြတာ ခန္ဓာဇာတ်သိမ်းချုပ်ငြိမ်းဖို့ လုပ်နေကြတာဟု အစချီ၍ ဤတရားကို ဟောကြားလေသည်။ ခန္ဓာအဖြစ်ကို ရာသီသဥတုက ပြသည်။ အပူ

http://www.dhammadownload.com



ကလည်း နှိပ်စက်သည်။ အအေးကလည်း နှိပ်စက်သည်။ ခန္ဓာရှိနေသရွေ့ ခန္ဓာက နှိပ်စက်နေမည်။ ခန္ဓာမရှိမှဘဲ အေးမည်။ တရားနာ လာတာသည် ခန္ဓာမရှိအောင် လုပ်သောနည်းကို ရှာဖို့လာခြင်း ဖြစ်သည်ဟု ဟောသည်။ [နှာ-၈၈] ဤတွင် ခန္ဓာကို ဘယ်သူ တည်ထောင်သလဲဆိုသော မေးခွန်းပုစ္ဆာကို ထုတ်သည်။ အဝိဇ္ဇာနှင့် တဏှာက တည်ထောင်သည်။ ဒါကြောင့် အဝိဇ္ဇာနှင့် တဏှာ မပြုတ်သရွေ့ ဒီခန္ဓာ ရှိနေဦးမည် ဖြစ်၏။ [နှာ-၈၉] သို့ဆိုလျှင် အဝိဇ္ဇာနှင့် တဏှာကို သတ်မှသာ ဒီခန္ဓာ အဆက်ပြတ်တော့မည် ဖြစ်၏။

ထိုသို့ ခန္ဓာကို ပြတ်အောင် ငြိမ်းအောင် လုပ်လိုလျှင် ခန္ဓာ၏ ဖြစ်ပျက်ကို မြင်အောင် ကြိုးစားရမည်။ အဝိဇ္ဇာက ခန္ဓာ ဒုက္ခသစ္စာကို မသိအောင် မမြင်အောင် ဖုံးကွယ်ထားသည်။ ဒုက္ခေ အညာဏံ ခန္ဓာမှာ ကာယိကဒုက္ခ၊ စေတသိကဒုက္ခတွေ စုပုံနေသည်။ [နှာ-၉၀] နှိပ်စက်တတ်သော တရားများချည်း ဖြစ်၏။ သစ္စာကို မသိ၍ ဤခန္ဓာကြီး ရခဲ့သည်။ သစ္စာမသိလျှင် နောက်ခန္ဓာလည်း ရဦးမှာပဲဟု မိန့်သည်။ [နှာ-၉၂]

မသိတာက အဝိဇ္ဇာဖြစ်၏။ မသိဘဲ ဘဝကို လိုချင်မှု တဏှာက ဆုတောင်းသောကြောင့် လက်ရှိ ခန္ဓာကို ရခဲ့ခြင်း ဖြစ်သည်။ ခန္ဓာကို ရတော့ ၉၆ ပါးသော အနာတွေ လာသည်။ ပုထုဇဉ်ခန္ဓာ ခိုင်းသမျှ ကျိုးနွံလုပ်ကိုင်နေရပုံ ဆင်းရဲကို ဟောသည်။ [နှာ-၉၅] ခန္ဓာက အချိန်တိုင်း နှိပ်စက်နေပုံကို ပြသည်။ 'ဒုက္ခသပိဋ္ဌနဒ္ဓော' ခန္ဓာငါးပါး ဒုက္ခသစ္စာသည် ခင်သောပုဂ္ဂိုလ်အား ညှာတာမဖက် အမြဲ နှိပ်စက်နေကြောင်းကို ပြသည်။

ခန္ဓာ၏ သဘောမှာ အလိုလိုက် အကြိုက်ဆောင်လေ နှိပ်စက်လေ ဖြစ်၏။ ဘုရား၊ ရဟန္တာလို အာသဝေါတရား ကုန်ပြီးသား ခန္ဓာကို မခင်သော ပုဂ္ဂိုလ်များကိုမူ ခန္ဓာက မနှိပ်စက်နိုင်တော့ပါ။ [နှာ-၉၇] ထိုပုဂ္ဂိုလ်များသည် ဓမ္မပီတိကို အစာ လုပ်နေကြသည်ဟု ဆိုသည်။ ထိုပုဂ္ဂိုလ်တို့သည် ခန္ဓာကို အခွန်ဆက်သော အလုပ်ကို မလုပ်လိုကြတော့ကြောင်း ပြသည်။

ဤအကြောင်းနှင့် ပတ်သက်၍ မာရ်နတ် လှည့်ဖြားထားသောကြောင့် ဘုရား ဆွမ်းခံမရဖြစ်ပုံ ဝတ္ထုကို ပြသည်။ [နှာ-၉၇] အရိယာပုဂ္ဂိုလ်များ၊ ခန္ဓာသည် နှိပ်စက်နေမှန်း သိသောပုဂ္ဂိုလ်များသည် ခန္ဓာ၏ အလိုကို မလိုက်တော့ကြောင်း ဟောသည်။ ခန္ဓာ၏ မသိဘဲ လိုချင်မှု၊ မိုက်မဲမှု သဘောများကို ဟောသည်။ စစ်ပြေးတုန်းက စားစရာ မရှိဘူးဆိုလေ စားချင်လေ ဖြစ်ပုံကို သံဝေဂယူဖွယ်

http://www.dhammadownload.com



ဟောသည်။ [ နာ-၁၀၀ ] ပြီးမှ အဝိဇ္ဇာနှင့်တဏှာကို မသတ်သမျှ ကာလပတ်လုံး ဒုက္ခမကင်းဘူးဟု မိန့်သည်။

အဝိဇ္ဇာနှင့်တဏှာက ကိလေသဝဋ်၊ ကိလေသဝဋ်ကြောင့် ကမ္မဝဋ်လိုက်နေကြပုံကို ထပ်ဟောသည်။ [ နာ-၁၀၁ ] ကိလေသဝဋ်၊ ကမ္မဝဋ်ကြောင့် အပါယ်ဘေးဆိုက်ရောက်နေသော ခန္ဓာကိုယ် ဝိပါကဝဋ်အဖြစ်ရကြောင်း ပြသည်။ ဒါကြောင့် ဝိပါကဝဋ် လိုက်နေတာကို လိုက်မှန်း သိရမည်။ သိလျှင် ဝိဇ္ဇာဖြစ်ပြီ။ ဝိဇ္ဇာဉာဏ်နှင့် အလောဘကို ရမှ ကမ္မဝဋ် မလုပ်တော့ပါ။ ကမ္မဝဋ်ကျွတ်မှ ဝိပါကဝဋ် ကျွတ်ပါလိမ့်မည်။ အကြောင်းအကျိုး သဘောပဲဟု ဆိုသည်။ [ နာ-၁၀၃ ]

ဤခန္ဓာသည် ဒုက္ခသစ္စာမှန်း သိတာက ဝိဇ္ဇာဉာဏ်၊ ဒုက္ခမှန်း သိသဖြင့် မလိုချင်တာက အလောဘ၊ မလိုချင်လို့ ရအောင် မလုပ်လျှင် ကမ္မဝဋ်ကျွတ်ပြီ။ ကမ္မဘဝ ပြတ်လျှင် နောက်ဘဝ ဇာတိ ပဋိသန္ဓေ ပြတ်သည်။ ဝိပါကဝဋ် ကျွတ်တော့၏။ ဤကား ဝဋ်သုံးပါး လည်ပုံ၊ ဝဋ်သုံးပါး ပြတ်ပုံဖြစ်၏။ ဤဝဋ်သုံးပါးမှ ကျွတ်အောင် မလုပ်ဘဲ၊ လက်ရှိခန္ဓာ ဝိပါကဝဋ်ထဲမှာ ပျော်နိုင်မော်နိုင်နေကြတာကို ဆရာတော်က ကဲ့ရဲ့သည်။ စုံလုံးကန်း၏ ပျော်ရွှင်မှုဟု ခေါ်သည်။ [ နာ-၁၁၅ ]

လက်ရှိခန္ဓာ ရထားတာသည် ဝိပါကဝဋ် လိုက်နေမှန်း မသိသဖြင့် နောင်ဘဝ ကောင်းစားရေးအတွက် လှူကြတန်းကြ လုပ်နေတာတွေကိုလည်း နောက်ထပ် ဝဋ်ဒုက္ခကို တမ်းတနေကြခြင်းဖြစ်ကြောင်း ဆရာတော်က ရှုံ့ချပြီး ဟောသည်။ [ နာ-၁၁၉ ]

ထို့နောက် လူအများ နားလည်နေကြသော ဝဋ်လည်သည်ဆိုသော စကား၏ အဓိပ္ပာယ်အမှန်ကို ရှင်းပြသည်။ လူတွေ ထင်တာက ခွေးတစ်ကောင်က ခွေးတစ်ကောင်ကို အနိုင်ကျင့်ပြီး လိုက်ကိုက်သည်။ လိုက်ကိုက်သော ခွေးကို လူက လိုက်ရိုက်ခံရလျှင် ဒီခွေး ချက်ချင်း ဝဋ်လည်တာပဲဟု ဆိုတတ်ကြသည်။ ထိုအဆိုများကြောင်း ရှင်းပြသည်။ ကိုယ့်အိမ်ပေါ်မှာ လင်နှင့်မယား ထိုင်ပြီး အရောင်းအဝယ် ကိစ္စတွေကို တိုင်ပင်နေကြတာသာ ဝဋ်လည်နေတာဖြစ်ကြောင်း ရှင်းပြထားသည်။ [ နာ-၁၂၁ ] အဝိဇ္ဇာနှင့်တဏှာကြောင့် ဝဋ်လည်နေကြရသဖြင့် အဝိဇ္ဇာနှင့်တဏှာကို တူးဖြိုပစ်ရမည်။ သို့မှသာ ဝဋ်ကျွတ်နိုင်ကြောင်း ဟောသည်။ [ နာ-၁၂၅ ]

အဝိဇ္ဇာနှင့်တဏှာကို သတ်မှ ကိလေသဝဋ် ကျွတ်သည်။ ကိလေသဝဋ် ကျွတ်မှသာ ကမ္မဝဋ် ကျွတ်နိုင်သည်။ ကမ္မဝဋ်ကျွတ်မှသာ ဝိပါကဝဋ် ကျွတ်ပုံကို ပြန်ရှင်းပြသည်။ ထို့နောက် ဝေဒနာသုံးမျိုး ခန္ဓာမှာ လှည့်ပြီး ပေါ်နေကြောင်းကို

http://www.dhammadownload.com



ရှင်းသည်။ ဘယ်ဝေဒနာပေါ်ပေါ်၊ ဖြစ်ပြီးပျက်တာပဲဟု သိရမည်။ သုခဝေဒနာ၊ ဒုက္ခဝေဒနာ၊ ဥပေက္ခာဝေဒနာ ဘာပဲပေါ်ပေါ် ပေါ်ရာ အကုန် ရှုရမည်။ [နာ–၁၃၂] ခန္ဓာကြီးသည် ဝေဒနာက္ခန္ဓာလည်း ဖြစ်၏။ ဝေဒနာကို ရှု၍ ဖြစ်ပျက်မြင်လျှင် သမ္မာဒိဋ္ဌိ ဖြစ်ပြီဟု ဆိုသည်။ [နာ–၁၃၄] အမှန်အကန် မြင်၍ ဖြစ်သည်။ ဖြစ်ပျက်ကို ရှုလျှင် အဝိဇ္ဇာနှင့်တဏှာ သေသည်ဟုလည်း ဆိုသည်။ ဘယ်ဝဋ်ပြတ်သလဲ၊ ကိလေသဝဋ် ပြတ်သည်။ ဒါဝဋ်ပြတ်သော တရားကို ဟောနေသည်ဟုလည်း မိန့်သည်။ [နာ–၁၃၅]

ဝဋ်ကျွတ်ချင်လျှင် ဘာလုပ်ရမလဲ။ ဝိပဿနာ ရှုရပါမည်။ [နာ–၁၃၆] ခန္ဓာက ဖြစ်ပျက်၊ မြင်တာက မဂ်။ ကိလေသဝဋ်ကို မဂ်က ဖြတ်ချလိုက်သည်။ ဒါကြောင့် ဖြစ်ပျက်နှင့်မဂ် ကိုက်အောင် လုပ်ပါဟု တိုက်တွန်းထားသည်။ ဝေဒနာ ခြောက်မျိုးကို ဖြစ်ပျက်မြင်အောင် ရှုပါဟု တိုက်တွန်းရင်း အချိန်စေ့၍ တရားကို ရပ်နားလေသည်။

*

## ၄။ ဒုက္ခမှ လွတ်မြောက်ကြောင်း လမ်းခွဲရှာရန်

[၁၃–၈–၆၁ နေ့က အမရပူရမြို့ မင်္ဂလာတိုက်ဟောင်းမှာ ဟောသောတရား]

လမ်းရိုးကြီး လိုက်မနေဘဲ လမ်းခွဲရှာကြဆိုသော တိုက်တွန်းစကားဖြင့် ဤတရားကို စတင် ဟောကြားတော်မူသည်။ လမ်းရိုးကြီး လျှောက်တယ်ဆိုသော စကား အဓိပ္ပာယ်မှာ ဇာတိပဋိသန္ဓေက စပြီး ဇရာမရဏ အဆုံးရှိသော ဘဝလမ်းကို ခေါ်ကြောင်း ရှင်းထားသည်။ ဇာတိပိဒုက္ခာ– ပဋိသန္ဓေနေခြင်း ဆင်းရဲမှုစ၍ မွေးဖွားလာခြင်းဆင်းရဲ၊ မွေးဖွားပြီးစ ကလေးငယ်၏ ပက်လက်ယက်ကန် ဘဝ ဆင်းရဲများကို သရုပ်ဖော်ပြသည်။

ကြီးရင့်လာတာလည်း သေဖို့ နီးလာတာဖြစ်ပုံကို ဟောသည်။ ဇိရဏာ တေဇော ကိုယ်မှာ လောင်ကျွမ်းနေမှုကြောင့် အိုဆင်းရဲ ရောက်လာပုံ၊ ဆံဖြူ သွားကျိုး၊ အရေတွန့်လိပ်၊ အိပ်ရာဖျာကပ် ဖြစ်လာပုံ ဆင်းရဲကို သရုပ်ဖော်သည်။ နာခြင်းဆင်းရဲ ဗျာဓိဒုက္ခရောက်ပုံကိုလည်း ပြသည်။ ရပ်ဆင်းမလှ၊ အရုက်ရလောက် အောင် အိပ်ရာဖျာကပ် နာမကျန်း ဖြစ်နေစဉ် သစ္စာမသိသော ပုထုဇဉ်က လူနာ လာမေးမည့် ဧည့်သည်ကို မျှော်တတ်ပုံကို သံဝေဂဖြစ်အောင် ဟောသည်။ ဗျာဓိက

http://www.dhammadownload.com



နေပြီး မရဏလမ်းကို သွားရပြန်သည်။ မရဏမှိဒုက္ခသစ္စာ ဖြစ်ပုံကို ပြသည်။ ပဋိသန္ဓေက စပြီး စုတိအဆုံး တစ်လမ်းလုံး ဒုက္ခချည်းဖြစ်ပုံကို ပြသည်။ ဤကား ပုထုဇဉ်တွေ လျှောက်နေကြသော လမ်းရိုးဖြစ်သည်။ [နာ-၁၄၉] ဆရာတော်က ဒီလမ်းပဲ သွားစရာ ရှိသလား၊ လမ်းခွဲ မရှာကြတော့ဘူးလားဟု အမေးပုစ္ဆာ ထုတ်ထားသည်။

ဘုရားကတော့ မပြတ် ဆင်ခြင်ရှုပါ။ ဒါမှသာ ဘဝဆင်းရဲက လွတ်ချင် လိမ့်မည်။ **'ဇာတိ ဧမွောမို၊ ဇာတိ အနတီတောတိ'** ဇာတိ ပဋိသန္ဓေနေရခြင်း ဆင်းရဲကို မပြတ် ဆင်ခြင်ပါ။ သို့မှသာ ထိုဆင်းရဲမှ လွတ်ချင်ပေလိမ့်မည်။ **'ဇရာ ဧမွောမို၊ ဇရံ အနတီတောတိ အဘိဏှံ ပစ္စဝေက္ခိတဗ္ဗံ'** အိုခြင်းဆင်းရဲကို မပြတ် ဆင်ခြင်ရမည်။ သို့မှသာ အိုခြင်းဆင်းရဲမှ လွတ်ချင်လိမ့်မည်။ **'ဗျာဒိ ဧမ္မောမို ဗျာဓိ အနတီတောတိ'** နာခြင်းဆင်းရဲကလည်း ဘယ်သူမှ မလွတ်သာဘူး။ ဒါကို လည်း မပြတ်ဆင်ခြင်ရမည်။ ဒါမှ နာခြင်းဆင်းရဲက လွတ်ချင်လိမ့်မည်။ [နာ-၁၅၁]

ထိုအခါ ဗျာဓိမရဏသို့ မရောက်ခင်၊ မနာခင်၊ မသေခင် လမ်းခွဲရှာရမည်ဟု ဉာဏ်က သိလိမ့်မည်။ ယခု တရားနာသူတွေ ဇရာထဲ ရောက်နေသော်လည်း အိပ်ရာဖျာကပ်၊ ဗျာဒိမရဏ မရောက်သေး၍သာ တရားလာနာနိုင်ကြတာ ဖြစ်သည်။ အသေမဦးခင် ဉာဏ်ဦးအောင် လမ်းခွဲရှာသင့်ပုံကို ပြသည်။ [နာ-၁၅၃] ပုထုဇဉ် လျှောက်နေကျ လမ်းရိုးက သံသရာအဝိုင်းပြေးလမ်း ဖြစ်သည်။ လမ်းခွဲမတွေ့လျှင် ဤလမ်းပေါ်မှာချည်း ကချွတ်ကင်းလျှောက် သွားနေရလိမ့်မည် [နာ-၁၅၅] ဟု ဟောသည်။ ကြောက်အောင်၊ လန့်အောင် သံဝေဂတွေ ဟောနေသည် မထင်နှင့်၊ အမှားပြင်အောင် ဟောနေခြင်း ဖြစ်သည်ဟု မိန့်ထားသည်။ [နာ-၁၅၆]

ဘုံဘဝတွေ ဆုတောင်းနေကြသူတွေသည် လမ်းရိုးဟောင်း လျှောက်နေ ကြသူတွေ ဖြစ်ကြောင်းပြသည်။ သစ္စာမသိလို့ လမ်းရိုးလျှောက်နေကြသော ရှေးအမူ၊ ရှေးအယူတွေကို ယနေ့ပြင်ကြပါဟု ထပ်မံ တိုက်တွန်းထားပြန်သည်။ [နာ-၁၅၈] ဇာတိ၊ ဇရာ၊ မရဏ ပြီးနောက် ဇာတိဒုက္ခကို ဆုတောင်းနေကြခြင်းမှာ ဝိပ္ပလ္လာသ တရားများကြောင့် ဖြစ်ပုံကို ပြသည်။ [နာ-၁၆၀] အမှန်မှာ ဒုက္ခသစ္စာလမ်းက မလျှောက်ကောင်းသော လမ်းဖြစ်သည်။ သစ္စာဉာဏ် မရှိ၍ လျှောက်နေကြခြင်း ဖြစ်သည်။ ထို့နောက် ခန္ဓာဝဋ္ဋသံယုတ်၊ မာရဝဂ်ဘိရသုတ်ကို ထုတ်ပြပြီး ခန္ဓာဝန်ထုပ် ချရာ လမ်းခွဲရှာဖို့ ဘုရားတိုက်တွန်းတော်မူခဲ့ပုံကို ပြသည်။ [နာ-၁၆၂]

http://www.dhammadownload.com



သစ္စာဉာဏ် မရှိသော ပုထုဇဉ် ခန္ဓာဝန်ကြီးထမ်းသော ကူလီခေါင်း လုပ်ပြီး တခြားလူတွေကိုပါ ဩဝါဒပေးနေပုံများကို သရုပ်ဖော် ဟောကြားထားသည်။ ကိုယ့်ကိုယ်ကိုယ် တရားနှလုံးသွင်းကြပါဆိုတာ ဝန်ထုပ်ကြီး ထမ်းနေသော ဝန်ထမ်းသမား ကူလီအကြီးစား လူမိုက်ကြီး ဖြစ်နေပါကလားဆိုတာ သိအောင် လုပ်ပါဟု ဆိုခြင်းဖြစ်ကြောင်း ရှင်းထားသည်။ [နှာ-၁၇၀] ဤအမြင်သည် ဒုက္ခမရှိလျှင် မနေတတ်သော ပုဂ္ဂိုလ်မှာ သစ္စာကို သိလျှင် မြင်လာသော အမြင်ဖြစ်ကြောင်း ရှင်းထားသည်။ လမ်းရိုးဟောင်း လျှောက်နေသူများ၏ အနေမှားပုံ၊ သရုပ်ကို ပေါ်အောင် သရုပ်ဖော်ပြပြီး လမ်းခွဲရှာဖို့ တိုက်တွန်းသည်။ အမှန်က ဝန်ထမ်းသွားရတာကလည်း ဇွဖပါးရောဂါ လမ်းမှာ မနိုင်ဝန် ထမ်းပြီး သွားနေရသော ဒုက္ခိတများ ဖြစ်နေကြသည်။ သစ္စာကို သိအောင် ပြောနေသော စကားများဖြစ်သည် ဆို၏။ [နှာ-၁၇၂]

လမ်းခွဲ မရှာလျှင် ပုထုဇဉ်သည် တစ်သံသရာလုံး ဤလမ်းပေါ်မှာ မနိုင်ဝန် ထမ်းပြီး ဟပ်ထိုးလဲပြီး သေရမည်ဖြစ်ကြောင်း ပြပြန်သည်။ [နှာ-၁၇၃] မနာခင်၊ မသေခင် မဂ္ဂင်လမ်းခွဲ ရှာရမည်ဟု ဟောသည်။ [နှာ-၁၇၅] ထို့နောက် မဂ္ဂင်လမ်းကို ပြမည်ဟု ဆိုပြီး ကံကို စပြီး ဝေဖန်ပြသည်။ မိမိတို့ သန္တာန်မှာ ကံလေးမျိုး ရှိကြောင်း၊ မည်းသော ကံ၊ ဖြူသော ကံ၊ အဖြူအမည်း ရောသော ကံ၊ မဖြူမမည်းသော ကံ ဖြစ်သည်။ အကျိုးပေးတစ်မျိုးစီ ဖြစ်သည်။ **'ကမ္မံသတ္တေဝိဘဇတိ ဟီနပဏီတ ဘာဝါယ'** ကံ အကျိုးပေးအတိုင်းပဲ ဆိုပြီး၊ ကံစီမံရာ မလိုက်နှင့် ဉာဏ်စီမံရာကို လိုက်ရမည်ဖြစ်ကြောင်း ပြသည်။ [နှာ-၁၇၈] ဉာဏ်စီမံရာ လိုက်မှ မြဲသော နိဗ္ဗာန်ကို ရောက်မည်ဖြစ်၏။

ထို့နောက် ကံလေးမျိုး အကျိုးပေးပုံကို ပြသည်။ အမည်းကံ အပါယ်လေးပါး အကျိုးပေးသည်။ အဖြူကံက နတ်ရွာသုဂတိကိုတော့ အကျိုးပေးပါ၏။ ဝဋ်ကံ ဖြစ်နေသောကြောင့် ပဋိစ္စသမုပ္ပာဒ်က မလွတ်ဘူး၊ ဝဋ်မကျွတ်ဘူး။ [နှာ-၁၈၁] အဖြူအမည်း ရောသောကံက ကုသိုလ်အကုသိုလ် ရောပြီး အကျိုးပေးသည်။ ဝိပဿနာမဂ်ကမူ အဖြူအမည်း မဟုတ်သောကြောင့် အပါယ်ကိုလည်း အကျိုးမပေး၊ နတ်ရွာသုဂတိကိုလည်း အကျိုးမပေးပါ။ ဝိပဿနာမဂ်က ကံကို ဖြတ်သည်။ ကံနယ် သုံးဆယ့်တစ်ဘုံထဲက ကျွတ်လွတ်သွားသည်။ [နှာ-၁၈၃] အဖြူအမည်း မရောသော ကံသည် မဂ္ဂင်ရှစ်ပါး ဖြစ်သည်။ သူက ကံကို ဖြတ်သည်။ ဒါကြောင့် မဂ္ဂင်အလုပ်ကို လုပ်ကြရမည်။ မဂ္ဂင်အလုပ်ကို မလုပ်လျှင် ခင်ဗျားတို့ တစ်နေ့

http://www.dhammadownload.com



လုပ်ထားသော ကံတွေသည် အပါယ်မှာ ခင်ဖျားတို့ ခန္ဓာနှင့် ဆပ်လို့ မကုန်ဘူး [နှာ–၁၈၈] ဟု မိန့်ဆိုတော်မူသည်။

မဂ်တစ်ချက်ပေါ်လျှင် ထိုအပါယ်ကံကြွေး အကုန်ကျေသည်။ ဝိပဿနာ အလုပ်ကို လုပ်စေချင်တာ ကြွေးတွေ ဆပ်ခိုင်းတာဟုလည်း ဟောသည်။ [နှာ–၁၈၉] ခန္ဓာနှင့် မဆပ်ရတော့ဘဲ ဉာဏ်နှင့် ဆပ်လိုက်ပါက အပါယ်လေးပါး တံခါးပိတ်သည်။ သုဂတိသိမ်း၊ ဒုဂ္ဂတိလည်း ငြိမ်းသည်။ သုံးဆယ့်တစ်ဘုံပြင်ဘက် ရောက်သည်။ သုံးဆယ့်တစ်ဘုံ ပြင်ပမှာသာ နိဗ္ဗာန်ရှိသည်။ နိရောဓသစ္စာ ရှိသည်။ ထိုနိရောဓ ဆိုက်အောင် ကံပြတ်လမ်းက လိုက်လျှင် မရောက်မရှိပါဟု ဟောရင်း အချိန်စေ့၍ တရားကို ရပ်နားသည်။

*

## ၅။ ကံပြတ်တရား(၁)

[၁၄–၈–၆၁ နေ့က အမရပူရမြို့ မင်္ဂလာတိုက်ဟောင်းမှာ ဟောသောတရား]

တရားနာကြတာ မှတ်မိအောင် နာကြပါ။ မှတ်မိရုံနှင့် မပြီးသေးဘဲ သိအောင် အားထုတ်ကြပါဆိုပြီး ဤတရားကို အစပြု ဟောကြားတော်မူသည်။ တရား အားထုတ်တယ်ဆိုတာ ဝဋ်ကျွတ်အောင် ကယ်တင်ခြင်းပဲဟု မှတ်သင့်ကြောင်းလည်း ဟောသည်။ တရားနာခြင်းနှင့် တရားအားထုတ်ခြင်းလည်း ကွာခြားသည်။ တရား နာခြင်းဖြင့် နတ်ရွာသုဂတိကို ရသည်။ တရားအားထုတ်မှသာ ဝဋ်ကျွတ်နိုင်သည်။ [နှာ–၁၉၃] တရားလည်း ကြိုးစားပြီး နာပါ၊ အပါယ်လေးပါး ဝဋ်ဆင်းရဲမှ လွတ်ကျွတ်အောင် ကိုယ့်ကိုယ်ကိုယ် ကယ်တင်သောအလုပ် တရားအားထုတ်ခြင်း ကိုလည်း လုပ်ပါဟု ဆုံးမထားသည်။ ထို့ပြင် တရားနာပြီးမှ တရားအားထုတ်ပါ။ တရားနာမှုကို ရှေ့ထားပါဟုလည်း နည်းပေးလမ်းပြ ပြုထားသည်။ [နှာ–၁၉၄]

ခန္ဓာဆိုတာ ဒုက္ခမှန်သမျှကို လက်ခံထားသော ဒုက္ခသစ္စာကြီးပဲဟု သိပြီးလျှင် ခန္ဓာဘက်ကို ဉာဏ်လှည့်ပြီး ရှုရမည်။ ခန္ဓာဆိုတာ ဖြစ်ပြီးပျက်တဲ့ တရားကြီးပါ ကလားဟု မြင်လာလိမ့်မည်။ ခန္ဓာကို ဉာဏ်နှင့် စိုက်ကြည့်မှ ခန္ဓာထဲမှာ ကောင်းတာ တစ်ခုမှ မရှိကြောင်း၊ ငြီးငွေ့စရာ၊ ရွံစရာ၊ မုန်းစရာတွေချည်းပါကလားဟု မြင်လာ ရမည်။ အရိယာမျက်လုံး တပ်ကြည့်မှ ခန္ဓာထဲမှာ မလိုချင်စရာတွေချည်းပဲ ဖြစ်ကြောင်း သိမြင်လာမည်။ [နှာ–၁၉၅] ထိုကဲ့သို့ မလိုချင်စရာတွေချည်းပဲဟု

http://www.dhammadownload.com



မြင်ပြီး တကယ် မလိုချင်ပြီ ဆိုပါက ခန္ဓာပျောက်ပါလိမ့်မည်ဟု ဟောထားသည်။ [နှာ–၁၉၆] ခန္ဓာချုပ်၊ ဒုက္ခချုပ်ပြီဆိုပါက ထိုနေရာမှာ နိဗ္ဗာန်ချမ်းသာ ပေါ်လိမ့်မည်။ ထိုသို့ပေါ်လာလျှင် ထိုနေရာမှာ ဉာဏ်စိုက်ထားရမည်။ ထိုအခါ ငါ ငါ့ဉစ္စာ ဆိုသော ဒိဋ္ဌိစွဲ အကုန်ပြုတ်ပြီး အပါယ်လေးပါး ပျောက်ထွက်သွားလိမ့်မည်ဟု ဟောထားသည်။ [နှာ–၁၉၇] ခန္ဓာအဆုံး နိဗ္ဗာန်ကို မြင်လို့ အပါယ်လေးပါး ပျောက်ကွယ်သွားသည်ဟု မိန့်ကြားထားသည်။

ထို့နောက် နိဗ္ဗာန်လေးမျိုး ရှိကြောင်းဟောသည်။ [နှာ–၁၉၈] ပထမ မဂ်ဉာဏ် (သောတာပတ္တိမဂ်)ဖြင့် မြင်သော နိဗ္ဗာန်က တစ်မျိုး၊ ဒုတိယမဂ်ဉာဏ် (သကဒါဂါမိမဂ်)ဖြင့် မြင်သော နိဗ္ဗာန်တစ်မျိုး၊ တတိယမဂ်ဖြင့် မြင်သော နိဗ္ဗာန်တစ်မျိုး၊ စတုတ္ထမဂ်ဖြင့် မြင်သော နိဗ္ဗာန်တစ်မျိုးဖြစ်ကြောင်း ရှင်းပြသည်။ ပထမ နိဗ္ဗာန်သည် အပါယ်လေးပါး တံခါးပိတ်အောင် စွမ်းဆောင်နိုင်ကြောင်း၊ အလွန် အကျိုးအမြတ်များကြောင်း ဟောထားသည်။ ပထမနိဗ္ဗာန်ကို ဘာကြောင့် မရောက်တာလဲဟု မေးလျှင် ခန္ဓာငါးပါးအပေါ် ဉာဏ်မရှင်းလို့ဟု ဖြေထားသည်။ [နှာ–၁၉၉]

ထို့နောက် ဉာဏ်မရှင်းပုံ နှစ်မျိုးဖြစ်ကြောင်း ရှင်းပြသည်။ မသိလို့ မရှင်းတာ တစ်မျိုး၊ မလုပ်လို့ မရှင်းတာတစ်မျိုး ဖြစ်ကြောင်း ခွဲပြသည်။ ခန္ဓာငါးပါးကို ငါ၊ ငါ့ဉစ္စာ၊ ငါ့လင်၊ ငါ့မယား၊ ငါ့သား၊ ငါ့သမီး အဖြစ်ဖြင့် မြင်နေသရွေ့ အပါယ်လေးပါး တံခါးမပိတ်ဘူး။ ဒါက မိစ္ဆာဒိဋ္ဌိ မျက်လုံးနှင့် ကြည့်တာဟု ဆိုသည်။ [နှာ–၂၀၀] ငါ ငါ့ဉစ္စာစွဲ(အတ္တနှင့် အတ္တနိယ) မပြုတ်ဘဲ ကြည့်တာသည် အမြင်မှား ဖြစ်သည်။ မိစ္ဆာဒိဋ္ဌိ ဖြစ်သည်။ ငါ ငါ့ဉစ္စာစွဲ ရှိနေသမျှ ဘာလှူလှူ ဘာတန်းတန်း အပါယ်လေးပါး ငရဲမျိုးစေ့ ရှိလျက်ပဲဟု ဆိုသည်။ [နှာ–၂၀၂] ငါ၊ ငါ့ဉစ္စာ အစွဲပြုတ်သွားသောအခါ ရောင်းဝယ် ဖောက်ကားနေသော်လည်း အပါယ်လေးပါးတံခါး ပိတ်သည်။ ဒိဋ္ဌိကသာ အပါယ်လေးပါးကို ပို့သည်။ တဏှာ က မပို့ဘူးဟုလည်း ရှင်းအောင် ပြထားသည်။ [နှာ–၂၀၂]

ထို့နောက် ပဋိစ္စသမုပ္ပါဒ်ကို ပြသည်။ မြင်မှုတစ်ခု ဖြစ်တိုင်း မြင်၊ တွေ့၊ ခံစား (ဝိညာဉ်၊ ဖဿ၊ ဝေဒနာ) သုံးမျိုးဖြစ်ပုံကို ပြသည်။ [နှာ–၂၀၃] ဖဿ၊ ဝေဒနာ၊ ဝိညာဉ် တစ်ပြိုင်နက် ဖြစ်သည်။ ဝေဒနာပါနေသောကြောင့် နှစ်သက် လိုချင်မှု တဏှာက နောက်က လိုက်ပါလာသည်။ တဏှာပါတော့ ဉပါဒါန် ရောက်လာရသည်။ ဝေဒနာ၊ တဏှာ၊ ဉပါဒါန်၊ ကံလေးမျိုး လာသည်။ ထိုကံက နောက်ဘဝ အပါယ်ဇာတိကို အကျိုးပေးသည်။ ဤဖြစ်စဉ်သည် တစ်နေ့လျှင်

http://www.dhammadownload.com



အကြိမ်ပေါင်း မရေမတွက်နိုင်အောင် ဖြစ်သည်။ ဒီတော့ လူ့ပြည် ဘာလာလုပ်တာ တုံးဟု မေးလျှင် အပါယ်သွားဖို့ ကံတွေ လာစုတာဟု ဖြေရမလို ဖြစ်နေပုံကို ပြသည်။ [နှာ–၂၀၇] ဝိပဿနာဉာဏ် မဝင်သရွေ့ ကာလပတ်လုံး ကံစုနေတာပဲဟု ဆုံးဖြတ်ချက် ချပါဟု ဟောသည်။

သည်ကံက အကောင်းကံလား၊ အဆိုးကံလား မေးလျှင် အဆိုးကံဟု ဖြေရမည်။ အပါယ်ပို့သော ကံဖြစ်သောကြောင့်ဟု မှတ်ရမည်။ [နှာ–၂၀၈] ထို့ကြောင့် မိမိတို့ လူ့ပြည်မှာ ပြုလုပ်ထားသော ကံတွေ နောက်ဘဝ ပဋိသန္ဓေ အကျိုးမပေးခင် အဟောသိကံ ဖြစ်သွားအောင် မင်္ဂမီးနှင့် ရှို့ပစ်ရမည်။ အပါယ်ပို့သော ကံသည် ကိုယ့်ရန်သူပဲမို့ ဒီကံကို မင်္ဂနှင့် မီးရှို့ပြီး ဖျက်ဆီးပစ်ရမည်။ ယနေ့ ကံဖြတ်အလုပ်ကို လုပ်ရတော့မည်ဟု မှတ်ပါ။ ဤသို့ တိုက်တွန်းပြီးနောက် မဇ္ဈိမပဏ္ဏာသမှ ကုက္ကုရဝတိကသုတ်ကို ထုတ်ဟောသည်။ ကံပြတ်တရား ဖြစ်၏။ [နှာ–၂၁၃]

သီလသဘောမှာ သတ်မှု၊ ခိုးမှု အပြစ် ဖြစ်သော်လည်း ဝိပဿနာသဘောမှာ ပဋိစ္စသမုပ္ပါဒ် ဖြစ်စဉ်တန်းသွားလျှင် အပါယ်ပို့သော ကံဖြစ်သွားသောကြောင့် အိမ်မှာနေရင်း ငုက်သင့်သလို ဖြစ်နေပုံကို ပြသည်။ [နှာ–၂၁၄] ဆွမ်းခံသွားမှ ငုက်သင့်တာ မဟုတ်၊ အိမ်နေရင်း ငုက်သင့်နေသည်ဟု ဆိုသည်။

မြတ်စွာဘုရား ကောလိယတိုင်းမှာ သီတင်းသုံးနေစဉ်က ဖြစ်သည်။ နွားလို ကျင့်သော ပုဏ္ဏဆိုသူနှင့် ခွေးလိုကျင့်သော သေနိယဆိုသူ နှစ်ဦးနှင့် တွေ့ဆုံရသည်။ သူတို့က နွားလိုကျင့်လျှင်၊ ခွေးလိုကျင့်လျှင် နတ်ပြည်ရောက်မည်ဟု အထင်ရှိပြီး ကျင့်နေကြခြင်း ဖြစ်သည်။ ထိုလူနှစ်ယောက်က သူတို့သေလျှင် ဘယ်ဘဝ ရောက်မလဲဟု လားရာဂတိကို ဘုရားအား မေးမြန်းကြသည်။ [နှာ–၂၁၆] ဘုရားက မမေးကြပါနှင့်ဟု တားသည်။ ထိုနှစ်ယောက်ကလည်း ထပ်တလဲလဲ မေးသည်။ ထိုအခါ ဘုရားက ခွေးလိုကျင့်သူသည် သေသည်၏ အခြားမဲ့၌ ခွေးဖြစ်ရမည်။ နွားလိုကျင့်သူသည် နောက်ဘဝမှာ နွားပဲဖြစ်မည်ဖြစ်ကြောင်း ဟောလိုက်သည်။ နှစ်ယောက်စလုံး ယူကျုံးမရဖြစ်ပြီး ငိုသည်။ ကိုယ့်ကိုယ်ကိုယ် ညှဉ်းဆဲသော အလုပ်ဖြင့် နိဗ္ဗာန်မင်္ဂဖိုလ်ကို မရနိုင်ကြောင်း ပြခြင်းဖြစ်သည် ဆို၏။ [နှာ–၂၁၉] မဇ္ဈိမပဋိပဒါ အကျင့်ကိုသာ ကျင့်သင့်ကြောင်း ပြသည်။

ကိုယ့်ကိုယ်ကိုယ် ညှဉ်းဆဲခြင်းဖြင့် တရား မရပါ။ ဉာဏ်အမြင် ဖြစ်ပေါ်လာမှ တရားရသည်။ ခန္ဓာပြောတာကို ဉာဏ်နှင့် ကြည့်တတ်မှသာ မဇ္ဈိမပဋိပဒါ ဖြစ်ကြောင်း ပြသည်။ [နှာ–၂၂၁] ခန္ဓာနှင့်ဉာဏ်နှင့် ဟပ်တတ်ရမည်။ ခန္ဓာ၏

http://www.dhammadownload.com



ဖြစ်ပျက်ကို မြင်လျှင်'ယထာဘူတဉာဏ် ရပြီ။ ခန္ဓာက ရွံစရာ၊ မုန်းစရာ၊ မလိုချင်စရာတွေ ပြသဖြင့် ဉာဏ်က ထိုသို့ အမှန်ကို မြင်လျှင် နိဗ္ဗိန္ဒာဉာဏ် ရပြီ။ ခန္ဓာအဆုံး မြင်ပြီဆိုပါက မဂ်ဉာဏ်ကို ရသည်။ ဒါကြောင့် ခန္ဓာ၏ အလိုကို လိုက်ခြင်း၊ ကာမသုခလ္လိက နုယောဂလည်း မဟုတ်၊ ခန္ဓာကို ညှဉ်းဆဲသော အတ္တကိလမထာနုယောဂလည်း မဟုတ်။ အစွန်းနှစ်ဖက်ကို ပယ်သော အလယ်လမ်း၊ မဇ္ဈိမပဋိပဒါကို ပြသည်။ [နှာ–၂၂၂] အလယ်လမ်းဆိုတာ ခန္ဓာနှင့် ဉာဏ်နှင့် တည့်သောလမ်းဟု ဆရာတော်က ဆိုသည်။ [နှာ–၂၂၃]

ထို့နောက် ကံလေးမျိုး ရှိပုံကို ထပ်၍ ဟောပြန်သည်။ (ရှေ့မှာ ပြပြီးပြီ) ထို့နောက် မဂ္ဂင်အလုပ်သာလျှင် ကံဖြတ်တရားဖြစ်ကြောင်း ဟောသည်။ မဂ္ဂင်အလုပ်သာလျှင် အဖြူအမည်း မရောသောကံဖြစ်ကြောင်း ကမ္မက္ခယဖြစ်ကြောင်း ပုဏ္ဏနှင့် သေနိယကို ဘုရားဟောကြောင်း ရှင်းပြထားသည်။ [နှာ–၂၃၃] မဂ္ဂင်ရှစ်ပါးမှာလည်း ပွားများမှ ရကြောင်း၊ ဆုတောင်း၍ မရကြောင်း၊ ယနေ့တရားသည် အားကိုးစရာ အစစ်ကို ရှာသော တရားဖြစ်ကြောင်း ဟောသည်။

ထို့နောက် လူတွေ ကံကို အားကိုးနေပုံကို ရေကန်ကလေး တစ်ကန်ထဲမှာ ပျော်နေသော ငါးတွေနှင့် တူပုံကို နှိုင်းယှဉ်ပြီး ဟောသည်။ ရေကန်ကလေးက နွေမှာ ခန်းလာသည်။ ငါးတွေက မသိဘဲ ပျော်နေသည်။ နောက်ဆုံး ကန်ရေခန်းသွားတော့မှ ကျီး၊ စွန်၊ လင်းတ အစာ ဖြစ်ကြရပုံကို နမူနာပြသည်။ [နှာ–၂၃၇] လူတွေမှာလည်း တစ်ရက် အသက်ရှင်တာ တစ်နေ့ ရှင်ကံ ကုန်သွားခြင်းဖြစ်သည်။ ကန်ရေခန်းသလို ကံကလည်း လျော့နည်း ခန်းခြောက်လာသည်။ လူတွေက သေဖို့ နီးလာမှန်း မသိဘဲ ငါးတွေလို မသိပျော်ပျော်နေကြသည်။ အမှန်က နောက်ဘဝ အကျိုးပေးဖို့ စောင့်နေသော ကံသတ္တိတွေကိုပါ အဟောသိကံ ဖြစ်သွားအောင် မဂ်ဖြင့် မီးရှို့ပစ်ရမည်။ မဂ်ဆိုက်အောင် လုပ်ဖို့သာ အရေးကြီးကြောင်း ဟောရင်း အချိန်စေ့သဖြင့် တရားကို ရပ်နားလေသည်။

*

**၆။ ကံပြတ်တရား(၂)**

[၁၅–၈–၆၁ နေ့က အမရပူရမြို့ မင်္ဂလာတိုက်ကျောင်းမှာ ဟောသောတရား]

သတ္တဝါတွေ ကံကြောင့် ငရဲမှာ ဖြစ်သည်။ နတ်ပြည်၊ ဗြဟ္မာပြည်မှာ ဖြစ်ကြသည်ဆိုသော စကားဖြင့် ဤတရားကို အစပြုသည်။ ဤတရားတွင်လည်း

http://www.dhammadownload.com



ကံလေးမျိုးရှိကြောင်း ဟောပြန်သည်။ ထို့နောက် အကုသိုလ်ကံများ ကာယကံ သုံးပါး၊ ဝစီကံ လေးပါး၊ မနောကံ သုံးပါးကို ပြသည်။ [နှာ-၂၄၂] အားလုံး အကုသိုလ်ကံ ဆယ်ပါးဖြစ်သည်။ (မနောကံ သုံးပါးမှာ အဘိဇ္ဈာ၊ ဗျာပါဒ၊ မိစ္ဆာဒိဋ္ဌိ တို့ ဖြစ်သည်။)

ထို့နောက် ဒသဝတ္ထုက သမ္မာဒိဋ္ဌိ အကြောင်းကို ဟောသည်။ ထိုသမ္မာဒိဋ္ဌိသည် မဂ်သမ္မာဒိဋ္ဌိ မဟုတ်သေးကြောင်း၊ အကုသိုလ်ဆယ်ပါးက မည်းသောကံ ဆယ်မျိုး၊ အကျိုးပေး ဆယ်မျိုးရှိသည်။ ဒသဝတ္ထုက သမ္မာဒိဋ္ဌိ၊ ကုသိုလ်ကံက ဆယ်ပါး၊ ဖြူသောကံ အကျိုးပေးလည်း ဆယ်ပါးပင်။ [နှာ-၂၂၄] အဖြူအမည်း ရောသော (ကုသိုလ်၊ အကုသိုလ် ယှဉ်တွဲကံ) ကလည်း အဖြူအမည်း အကျိုးပေးသည်။ ဤတရားကို သေနိယတို့၊ ပုဏ္ဏတို့ကို ဟောခဲ့ကြောင်း ပြန်ပြောသည်။ ရှေ့မှာ ဖော်ပြခဲ့ပြီးပြီ။ မဂ္ဂင်ရှစ်ပါးက အဖြူအမည်း မရောသောကံ ဖြစ်သည်။ နိဗ္ဗာန်ကို အကျိုးပေးသည်။ အမည်းကံ ကျူးလွန်လျှင် အပါယ်အကျိုးပေးသည်။ အဖြူကံက နတ်ရွာသုဂတိ အကျိုးပေးသည်။ အဖြူအမည်း ရောသောကံက အဖြူ အမည်း ရောပြီး အကျိုးပေးသည်။ (ဥပမာ ရွှေအင်တုံနှင့် စားရသော ဆင်ဖြူရတနာ ဖြစ်သည်။) မဂ္ဂင်ရှစ်ပါးက အဖြူအမည်း မဟုတ်တော့ အပါယ်ရော၊ နတ်ရွာသုဂတိပါ အကျိုးမပေးတော့ပါ။ သူက နိဗ္ဗာန်ကို အကျိုးပေးသည်။ မဂ္ဂင်က အဖြူကံ၊ အမည်းကံ အားလုံးကို ဖြတ်သည်။ [နှာ-၂၅၀]

ကံနှင့် ပတ်သက်သော အမြင်မှန် ကမ္မဿကတ သမ္မာဒိဋ္ဌိဖြစ်လျှင် အတ္တဒိဋ္ဌိ ပြုတ်သည်။ [နှာ-၂၅၂] အတ္တဒိဋ္ဌိ ရှိနေလျှင် ကုသိုလ်လုပ်လည်း ဝဋ္ဋကုသိုလ်ပဲ ဖြစ်သည်။ ဝဋ်မကျွတ်နိုင်ပါ။ [နှာ-၂၅၃] မဂ္ဂင်ရှစ်ပါး(အဖြူအမည်း မရောသောကံ) သာလျှင် သံသရာထွက်လမ်း ဖြစ်သည်။ တစ်သက်လုံး မုဆိုးလုပ်လာသောသူ မဂ်အလုပ်ကို လုပ်၍ အပါယ်မကျပုံကို ဟောသည်။ [နှာ-၂၅၇] မဂ်အလုပ်ကသာ ဒိဋ္ဌိ ပြုတ်စေသည်။ [နှာ-၂၅၉] ကုက္ကုရဝတိကသုတ်ကိုပင် အခြေခံ၍ ဟောနေခြင်း ဖြစ်သည်။ [နှာ-၂၆၀] အားကိုးရာအစစ်က မဂ်သာလျှင်ဖြစ်ကြောင်း ပြသည်။

မဂ္ဂသစ္စာဆိုတာ ပွားများရသော အလုပ်ဖြစ်သည်။ [နှာ-၂၆၁] ပွားရမည် ဆိုတာသည် လောကီမဂ် ဖြစ်သည်။ [နှာ-၂၆၂] ဤတွင် ခန္ဓာနှင့် ဉာဏ်နှင့် တည့်လို့ရှိလျှင် ကံပြတ်ပါတယ် [နှာ-၂၆၆]ဟု ဟောထားသည်။ ထို့နောက် ဘုရားနှင့် တွေ့ဆုံလိုက်ရပါလျက် မဂ်ဉာဏ်ဖိုလ်ဉာဏ်ကို မရလိုက်သောသူများ နစ်နာပုံကို ဟောသည်။ [နှာ-၂၆၉]

http://www.dhammadownload.com



ဤတွင် ထူးထူးခြားခြား ဟောပုံမှာ "ဒကာ၊ ဒကာမများ စကားများ မနေကြနဲ့၊ ဓမ္မာရုံထဲမှာ ဓမ္မကိုသာ အာရုံပြုပြီး နေကြပါ" ဟု တိုက်တွန်းသော စကားဖြစ်သည်။ (တရားအားထုတ်သော ယောဂီများ စကားပြောခြင်း၏ အပြစ်ကြီးပုံကို သိသင့်သည်။) ဓမ္မက ဘာလဲ ဖြစ်ပျက်ဖြစ်၏။ သို့ဆိုလျှင် ဓမ္မကို အာရုံပြုပါ ဆိုခြင်းသည် ဖြစ်ပျက် ဒုက္ခသစ္စာကို အာရုံပြု၍ နေရခြင်းကို ဆိုလိုသည်။ [နာ၁–၂၇၃] သံသရာတစ်လျှောက် တင်လာသော ကံကြွေးတွေ အားလုံးကို မဂ္ဂင်နှင့် ဆပ်မှကျေသည်။ [နာ၁–၂၇၅]

ထို့နောက် ခန္ဓာပဋိစ္စသမုပ္ပာဒ် ဖြစ်ပုံကို အလုပ်ပေးတရားအဖြစ် ပြသည်။ ဖဿဖြစ်ပုံ၊ ဖဿကြောင့် ဝေဒနာဖြစ်ပုံ၊ ထိုဝေဒနာကြောင့် သုံးအကွက်ထဲမှာ တဏှာဥပါဒါန်ကံ ဖြစ်ပုံကို ပြသည်။ ထိုကံသည် တဏှာ၊ ဥပါဒါန် ဦးစီးသော ကံဖြစ်သည်။ သီလရှုထောင့်က ကြည့်လျှင် ထိုကံမှာ အပြစ်ဆိုစရာ မရှိပါ။ ဝိပဿနာရှုထောင့်က ကြည့်မှ အပြစ်ရှိသည်။ အပါယ်ကို ပို့သော ကံတွေဖြစ်သည်။ ဒါကြောင့် ထိုကံပြတ်အောင် မဂ်နှင့် ဖြတ်ရမည်။

စိတ်ဖြစ်ပျက်၊ ဝေဒနာဖြစ်ပျက်ကို ဉာဏ်မှာမြင်အောင် ကြည့်ရမည်။ ဝိပဿနာ ဖြစ်သည်။ ထိုဝိပဿနာက ကံကို ဖြတ်ချလိုက်သည်။ ကံမျိုးစေ့ မအောင်တော့ဘူးဟု ဆိုသည်။ ဝိပဿနာသည် ပေါ်ရာရှုလျှင် ကံပြတ်ကြောင်း မိန့်ထားသည်။ [နာ၁–၂၈၄] ဖြစ်ပျက်က ဒုက္ခသစ္စာ၊ ရှုတာက မဂ္ဂသစ္စာ၊ ပြတ်တာက သမုဒယသစ္စာ ကံပြတ်သွား၍ နောက်ခန္ဓာ အကျိုးမပေးတာက နိရောဓသစ္စာ ဖြစ်ကြောင်း ပြရင်း အချိန်စေ့၍ တရားကို နားလိုက်သည်။

*

## ၇။ လူသံယောဇဉ် စွန့်ပြီးမှ တရားအားထုတ်ရန်

[၁၇–၈–၆၁ နေ့က အမရပူရမြို့ မင်္ဂလာတိုက်ဟောင်းမှာ ဟောသောတရား]

ကမ္မသကတ သမ္မာဒိဋ္ဌိနှင့် ဝိပဿနာ သမ္မာဒိဋ္ဌိ တခြားစီဟု မှတ်ရမည် ဆိုသော စကားဖြင့် ဤတရားကို စ ဟောသည်။ ကမ္မသကတ သမ္မာဒိဋ္ဌိက ကံနှင့် ပတ်သက်ပြီး အမှန်သိတာ၊ ဝိပဿနာ သမ္မာဒိဋ္ဌိက ခန္ဓာဖြစ်စဉ်ကို အမှန်သိတာ ဖြစ်ကြောင်း ရှင်းထားသည်။ [နာ၁–၂၈၆] ကမ္မသကတ သမ္မာဒိဋ္ဌိက စေတနာနှင့် အကျိုးပေးကိုသာ သိသည်။ ရုပ်နာမ်၏ ဖြစ်ပျက် ဒုက္ခသစ္စာကို မသိပါ။ ကမ္မ

http://www.dhammadownload.com



သကာတသမ္မာဒိဋ္ဌိက ခန္ဓာကို ဉာဏ်မရောက်ဘူး။ ခန္ဓာကို ဉာဏ်မရောက်သေးသမျှ ခန္ဓာ၏ ဒုက္ခသစ္စာကို သိရန် ဝေးသေးကြောင်းကို ဟောသည်။

ကမ္မသကတ သမ္မာဒိဋ္ဌိက သက္ကာယဒိဋ္ဌိကို မခွာနိုင်ပါ။ ဝိပဿနာမဂ်၊ သမ္မာဒိဋ္ဌိကသာ သက္ကာယဒိဋ္ဌိကို ခွာနိုင်သည်။ ဒိဋ္ဌိကွာမှ အပါယ်လေးပါး တံခါး ပိတ်သည်။ ဒါကြောင့် ကမ္မသကတ သမ္မာဒိဋ္ဌိလောက်နှင့် မသေကြနှင့်ဟု သတိပေး ဆုံးမထားသည်။ [နှာ–၂၈၉] သေနိယနှင့်ပုဏ္ဏ ဝတ္ထုကြောင်းကို ပြန်ဟောသည်။ [နှာ–၂၉၂] အဖြူကံ၊အမည်းကံ အကြောင်းကို ထပ်မံ ဟောပြန်သည်။ [နှာ–၂၉၈] စတုတ္ထကံ၊ မဖြူမမည်း ကံသည်သာ ဝိပဿနာမဂ်ဖြင့် ကံကိုဖြတ်သော ဉာဏ် သဘောဖြစ်ကြောင်း ရှင်းသည်။ နိဗ္ဗာန်ကို မဂ်က လုပ်တာတော့ မဟုတ်ဘူး။ နိဗ္ဗာန်ရောက်အောင်သာ မဂ်က ပို့ကြောင်းဟောသည်။ [နှာ–၃၀၀]

နိဗ္ဗာန်ကို ဖြစ်စေတတ်သော အကြောင်းတရား မရှိဘူး။ ရှိလျှင် နိဗ္ဗာန်သည် အသင်္ခတ မဟုတ်ဘဲ သင်္ခတ ဖြစ်သွားမည်။ [နှာ–၃၀၀] မဂ်သည် သမ္ပတ္တနိယတာ ဓမ္မာဖြစ်သည်။ မဖောက်မပြန် နိဗ္ဗာန်သို့ ပို့ဆောင်သော တရားဖြစ်သည် ဆို၏။ [နှာ–၃၀၅] သံကိစ္စသာမနေဝတ္ထုကို ထုတ်ပြီး ယခုဘဝ ရဟန်းကိစ္စ ပြီးမည့်ပုဂ္ဂိုလ်၊ သေလောက်အောင် မီးရှို့တာတောင် မလောင်ပုံ၊ ဤမဂ်ရမည့် ကံက တားလိုက်ပုံ၊ သတ္တိကြီးပုံကို ပြသည်။ [နှာ–၃၀၆] ကြားဖြတ်ပြီး အဖြတ်ကံ ဝင်၍ မရပုံကို သာဓကပြခြင်း ဖြစ်၏။

မဂ်ရသော ပုဂ္ဂိုလ်ကို အမည်းကံတွေ ကျူးလွန်ပါဆိုလည်း မကျူးလွန်တော့ ကြောင်း ဖော်ပြသည်။ အဖြူအမည်း မရောသောကံ(မဂ်)သည် အဖြူကံ၊ အမည်းကံ၊ အဖြူအမည်း ရောသောကံ သုံးကံကိုလည်း ဖြတ်သည်။ နိဗ္ဗာန်ကိုလည်း ရောက် အောင် ပို့ဆောင်နိုင်သော သတ္တိရှိသည်။ စရေတ္တကံကို အားကိုး၊ မဂ်ကို အားကိုးရပုံကို ပြသည်။ [နှာ–၃၁၁] ဝဋ္ဋကုသိုလ်ကံလောက်နှင့် မတော်ပါ။ ဝိဝဋ္ဋကုသိုလ် သစ္စာ နုလောမိကဉာဏ် ရောက်အောင်လုပ်ပါဟု တိုက်တွန်းပြန်သည်။ [နှာ–၃၁၄] ဒါကြောင့် အဖြူအမည်း မရောသောကံဖြစ်အောင် လုပ်ရမည်။

ဝိပဿနာဉာဏ်က စ ရမည်။ ဆရာတော်က နာမရူပ ပရိစ္ဆေဒဉာဏ်၊ ပစ္စယပရိဂ္ဂဟဉာဏ် (အောက်ဉာဏ်နှစ်ဉာဏ်) က သိပြီးသားဟု သဘောထားပြီး ဝိပဿနာဉာဏ်(ဥဒ္ဒယဗ္ဗယဉာဏ်)က စ ရကြောင်း ရှင်းထားသည်။ [နှာ–၃၂၀] စိတ်ကို စပြီး ဝိပဿနာရှုပုံကို ဟောသည်။ မြင်စိတ်၊ ကြားစိတ် စသော အပြင် ညွှတ်သည်စိတ် ငါးပါး၊ အတွင်းညွှတ်သည်စိတ် ခြောက်မျိုး ဤစိတ်များသည် အရှုခံ

http://www.dhammadownload.com



တရားများဖြစ်ကြောင်း ထို့နောက် စိတ္တာနုပဿနာနှင့် ဆိုင်သော အကြောင်းများကို ဟောသည်။ ရှေ့စိတ်ကို နောက်စိတ်(ရှုဉာဏ်)နှင့် ရှုလိုက်လျှင် မရှိတာဘဲ သိရပုံကို ရှင်းပြသည်။ မရှိတာက အနိစ္စ၊ သိတာက မဂ္ဂဖြစ်ကြောင်း၊ မဂ္ဂင်ငါးပါးဖြင့် သိပုံကို ပြသည်။ ဖြစ်ပျက် မြင်ပြီဆိုလျှင် ဆက်ရှုရမည်။ စိတ်တစ်စိတ်နှင့် အသက်ရှင်နေသည်။ ခဏကြာတော့ ထိုစိတ် သေသွားသည်။ ပျောက်ပျက်သွားသည်။ ယောဂီဉာဏ်မှာ ကိုယ့်အသေ ကိုယ်မြင်လာသည်။ ထိုအခါ ကိုယ့်အသေကို ကိုယ်မုန်းလာသည်။ နိဗ္ဗိန္ဒဉာဏ် ပေါ်လာသည်။ စိတ္တာနုပဿနာမို့ စိတ်ကို ပြသော်လည်း စိတ်နှင့်ရုပ်ဟာ ခွဲ၍ မရပါ။ စိတ်ချုပ်လျှင် ရုပ်ပါ ချုပ်သည်။

ဒုက္ခသစ္စာကို ပိုင်ပိုင်သိပြီ ဆိုပါက ဒုက္ခရှိသောဘက်က ဒုက္ခ မရှိသော ဘက်ကို ဉာဏ်က ပြောင်းသွားသည်။ ဒုက္ခ မရှိတာ နိဗ္ဗာန်ဖြစ်သည်။ [နာ–၃၂၉] ဤဉာဏ်လှည့်လျှင် သောတာပန်တည်ပြီဟု ဆိုသည်။ [နာ–၃၃၀] ရှေ့က ဝိပဿနာဉာဏ် နှစ်ဉာဏ် မပါဘဲ၊ မဂ်ဉာဏ် မပေါ်နိုင်ကြောင်း ဟောရင်း အချိန်စေ့၍ တရားနားသည်။

*

## ၈။ ဒိဋ္ဌိပြုတ် အဂ္ဂိဝစ္ဆသုတ်

[၁၈–၈–၆၁ နေ့က အမရပူရမြို့ မင်္ဂလာတိုက်ဟောင်းမှာ ဟောသော တရား]

လူ့သံယောဇဉ်ကို မစွန့်ဘဲနှင့် ဒုက္ခခပ်သိမ်း ငြိမ်းသော နိဗ္ဗာန်ကို ရနိုင်မလားဟု ဝေသာလီပြည်မှာ မြတ်စွာဘုရားအား ဝစ္ဆပရိဗိုဇ်က မေးကြောင်း အစချီ၍ ဤတရားကို ဟောသည်။ **(ပြီးခဲ့သော တရားခေါင်းစဉ်ကို လူ့သံယောဇဉ်ကို စွန့်ပြီးမှ တရားအားထုတ်ရန်ဟု ပေးထားသော်လည်း လူ့သံယောဇဉ် အကြောင်းကို မဟောမီ အချိန်စေ့၍ တရား ပြီးဆုံးခဲ့ပါသည်။ ယခု ဤတရားကျမှ လူ့သံယောဇဉ် အကြောင်းကို စတင် ဟောကြားကြောင်း တွေ့ရသည်။)**

ဘုရားက လူ့သံယောဇဉ် မစွန့်ဘဲ တရားအားထုတ်လျှင် နိဗ္ဗာန်ကို မရောက်နိုင်ဘူးဟု ဟောကြားသည်။ ဤသို့ ဘုရား ဖြေသဖြင့် တရားအားထုတ်နေသော ယောဂီများမှာ အားငယ်စရာ ဖြစ်သည်။ ဤတွင် ဘုရား ဖြေကြားရာ၌ ထားအပ်သော အာဘော်၊ နှလုံးသွင်းကို ဆရာတော်ကြီးက အဓိပ္ပာယ် ဖွင့်ဆိုရန် ကြိုးပမ်းထားကြောင်း တွေ့ရသည်။

http://www.dhammadownload.com



ဆိုလိုသည်မှာ တရားအားထုတ်နေစဉ် ယောဂီ၏ ဝိပဿနာဉာဏ်၌ ဖြစ်ပျက်နှင့်မင်္ဂ ကိုက်နေလျှင် ထိုအချိန်၌ လူ့သံယောဇဉ် ပြတ်နေသည်။ သံယောဇဉ် ကင်းကွာနေသည်။ ထိုအချိန်တွင် ဝိပဿနာမဂ်မှ လောကုတ္တရာမဂ်သို့ ကူးသွားအောင် ဆက်ပြီး ကြိုးစားလိုက်ပါမှုကား နိဗ္ဗာန်ကို ရနိုင်ပုံကိုပြသည်။ [နှာ-၃၃၃]

သဘောမှာ တရားအားထုတ်သော ယောဂီသည် တရားအားထုတ်နေစဉ် အချိန်ကာလ အပိုင်းအခြား အတွင်းမှာ သံယောဇဉ် ပြတ်နေသည်။ အားမထုတ်သော သူမှာ မပြတ်ဟု ဆိုသည်။ လူ့ဝတ်ကြောင်နှင့်ပင် ဝိပဿနာကို အားထုတ်သော သူသည် (အားထုတ်နေစဉ် အချိန်အတွင်း သံယောဇဉ် ပြတ်သောကြောင့်) ဝိပဿနာမဂ် နိဗ္ဗိန္ဒာဉာဏ်က ဝိပဿနာဉာဏ်ကို ကူးသွားအောင် လုပ်နိုင်လျှင် နိဗ္ဗာန်ကို ရောက်နိုင်သည်။ [နှာ-၃၃၅] ဤတွင် ကိလေသာ ကြားက မခြားအောင် လုပ်ရမည်။ တရားတော့ အားထုတ်နေသည် စိတ်က သံယောဇဉ်ဘက်ကို လှည့်သွားလျှင် မရပါ။ [နှာ-၃၃၆] ကိလေသာ ကြားမခိုလျှင် မနက်အားထုတ် ညနေ တရားထူး ရသည်ဆို၏။

တရား အားထုတ်နေစဉ် သားစိတ်၊ သမီးစိတ်၊ အိုးစိတ်၊ အိမ်စိတ် စိုးရိမ်ကြောင့်ကြစိတ်၊ ပူပင်သောကစိတ်တွေ ဝင်လာလျှင်တော့ ကြာလိမ့်မည်ဟု ဆရာတော်ကြီး မိန့်ကြားထားသည်။ [နှာ-၃၃၇] ပြီးမှ ယောဂီအနေနှင့် ဤအချိန်နှင့် ဤအချိန် အတွင်းမှာ ဘာသံယောဇဉ်မှ အဝင် မခံဘူးဟု စိတ်အဓိဋ္ဌာန် တင်ပြီး လုပ်ပါဟုလည်း ဆရာတော်ကြီး တိုက်တွန်းထားသည်။ ကိုယ်လုပ်နေသည့် အချိန်အတွင်း (အားထုတ်နေစဉ်) သံယောဇဉ် ဝင်မရှုပ်လျှင် ပြီးတာပဲဟု ဆိုသည်။ [နှာ-၃၃၈] ထိုသို့ အားထုတ်နေပါက ဝိပဿနာမဂ် အဆုံးနှင့် လောကုတ္တရာမဂ် အစ သွားတွေ့မှာပဲဟု ဆုံးဖြတ်ပြသည်။ ဝိပဿနာဉာဏ်က ဖြစ်ပျက်ကို တွေ့တာ လောကုတ္တရာဉာဏ်က နိဗ္ဗာန်ကို တွေ့တာဟုလည်း ဟောသည်။ [နှာ-၃၃၉]

သစ္စာဉာဏ် မရှိသရွေ့ ကာလပတ်လုံး ဒီဘဝက ဟိုဘဝ၊ ဒီနေရာက ဟိုနေရာ ပြောင်းရရင် ကောင်းမှာပဲဟု ထင်ကြပါလိမ့်မည်။ အမှန်ကတော့ ဘယ်နေရာမှာနေနေ စားပြီး စွန့်ရသော ကျင်ကြီးကိစ္စ မလွယ်ကြောင်း မှတ်သားလောက်အောင် ဟောသည်။ [နှာ-၃၄၁] ဘယ်ဘုံမှာပဲ နေနေ ဤခန္ဓာကြီးက ဒုက္ခသစ္စာ၊ အသုဘာသာဖြစ်ကြောင်းလည်း ပေါ်အောင်ပြသည်။ လူ့ခန္ဓာ၊ နတ်ခန္ဓာကို ရချင်တာ ဒုက္ခသစ္စာကြီးကို မစွန့်ချင်တာ သံယောဇဉ် ဖြစ်သည်။ ထို့နောက် လူသည် လူ့သံယောဇဉ်ကို မစွန့်ဘဲ နိဗ္ဗာန်ကို မရောက်နိုင်သော်လည်း နတ်ရွာ

http://www.dhammadownload.com



သုဂတိသို့မူကား ရောက်နိုင်သည်။ တဏှာပါလည်း နတ်ပြည် ရောက်နိုင်သည်။ တဏှာပါလျှင် နိဗ္ဗာန်ကို မရောက်နိုင်ဟု ဆိုသည်။ [နှာ-၃၄၄] သက္ကာယဒိဋ္ဌိ ရှိသူများလည်း နိဗ္ဗာန်ကို မရောက်နိုင်ပါ။ [နှာ-၃၄၅]

သို့သော် ဖြစ်ပျက်မြင်လျှင် ဒိဋ္ဌိသုံးမျိုး (သက္ကာယ၊ ဥစ္ဆေဒ၊ သဿတ) လုံးစင် သည်။ ဒိဋ္ဌိ မစင်သူ နိဗ္ဗာန်ကို မမြင်နိုင်သော်လည်း နတ်ရွာသုဂတိကိုမူကား ရောက်နိုင်သည်။ ဝိပဿနာအလုပ်ဆိုတာ ကံနှင့် အကျိုးပေး ပြတ်နေတာ ဖြစ်ကြောင်း [နှာ-၃၄၇] လူတွေက ကံဘယ်တော့ကောင်းမလဲ၊ ဘယ်တော့ အကျိုး ပေးမလဲ၊ မျှော်နေကြသည်။ ကံပေါ်မှာ သံယောဇဉ် တွယ်နေသည်။ ထိုသံယောဇဉ် ကိုလည်း ဉာဏ်ဖြင့် ဖြတ်ရမည်။ ကံဖြတ်မှ မဂ်ဉာဏ် ဖြစ်ပေါ်သည်။ [နှာ-၃၅၀] ကံပေါ်မှာ ကိလေသာ အုပ်ချုပ်သည်။

ထို့နောက် စရိုက်နှင့် ဝိပဿနာ တွဲ၍ ဟောသည်။ ဒိဋ္ဌိစွဲ၊ ငါစွဲများသူ စိတ်ကို ရှုပါဟု ဆိုသည်။ တဏှာများသူ ဝေဒနာ ရှုပါ၊ အနာနှင့်ဆေး လျော်အောင် ပေးပါဟု ဟောသည်။ [နှာ-၃၅၃] ဤတရားတွင် ဝေဒနာနုပဿနာ ရှုနည်းကို ဟောသည်။

ဝေဒနာကို လိုက်တော့ ဝေဒနာက ဖြစ်ပျက်၊ ရှုတာက မဂ်ဖြစ်သည်။ ဝေဒနာ ရှုလျှင် လောဘ၊ ဒေါသ၊ မောဟ သေသည်။ [နှာ-၃၅၈] ဝေဒနာ ရှုရှု၊ စိတ်ရှုရှု လိုရင်းက ဖြစ်ပျက်တွေ့ဖို့ပင် ဖြစ်၏။ ဖြစ်ပျက်ကို တွေ့လျှင် ဝိပဿနာ ဖြစ်တာပဲဟု ဆုံးဖြတ်ထားသည်။ [နှာ-၃၆၀] ခန္ဓာက ဖြစ်ပျက်၊ သိတာက မဂ်၊ ဖြစ်ပျက်နှင့်မဂ် ကိုက်နေလျှင် ကိလေသာ ကြားမခိုနိုင်ပါ။ အဲဒါ ပစ္စုပ္ပန်တည့်ခြင်း ဖြစ်၏။ [နှာ-၃၆၂] ဝေဒနာ ဖြစ်ပျက်ရှုမှ ဝေဒနာနိရောဓာ၊ တဏှာနိရောဓော ဖြစ်သည်။ ဘဝနှစ်ခု အဆက်ပြတ်သွားသည်။ မရှုလျှင် ဝေဒနာက တဏှာကို ကူးမည်။ ဘဝနှစ်ခု ဆက်သွားမည်ဖြစ်၏။ [နှာ-၃၆၆]

ပြီးမှ သစ္စာမသိသော ပုဂ္ဂိုလ် ကံကို မျှော်သည်။ သစ္စာသိသော ပုဂ္ဂိုလ် ကံကို ဖြတ်သည်။ ကံမျှော်သူ ဗေဒင်မေးတတ်ပုံကိုလည်း ဟောသည်။ [နှာ-၃၆၇] ဘုရား က ကံဖြတ်တာကို ကြိုက်သည်။ ခင်ဗျားတို့က ကံမျှော်ရတာ ကြိုက်ကြောင်း ဘုရားနှင့် ကျောချင်းကပ် ဖြစ်နေကြောင်း ပြသည်။ ဘုရားက နိဗ္ဗာန်ဘက် လှည့်ခိုင်း သည်။ ခင်ဗျားတို့က ငရဲဘက် လှည့်သည်ဟုလည်း ဝေဖန်ပြသည်။ ဝေဒနာသုံးပါး လှည့်ပြီး ရှုရမည်ဟုလည်း ဟောသည်။ [နှာ-၃၇၀]

http://www.dhammadownload.com



ဝေဒနာကို မရှုဘဲ တဏှာ မသေပုံ၊ တဏှာ မသေဘဲ နိဗ္ဗာန် မရပုံကိုလည်း ရှင်းအောင်ပြသည်။ ဝေဒနာ ဖြစ်ပျက်တွေ့လျှင် ဖြစ်ပျက်ဆုံးအောင် လိုက်ရန် ဟောသည်။

ဖဿရှိလျှင် ဝေဒနာ ရှိသည်။ ဝေဒနာ ဘယ်အခါမှ မကင်းပါ၊ ဝေဒနာ ရှု၍ ဖြစ်ပျက်မြင်လျှင် ဖြစ်ပျက် မုန်းအောင်လိုက်၊ ဖြစ်ပျက်မုန်းလျှင် ဖြစ်ပျက် ဆုံးအောင်လိုက်ဟု ပြသည်။ [နှာ–၃၇၄] ဝေဒနာသည် လူသတ်သမားနှင့် တူကြောင်း ပြသည်။ ဝေဒနာကို ဆုံးအောင် ရှုမှသာ ဝေဒနာအဆုံး နိဗ္ဗာန်ရောက်ကြောင်း ပြသည်။ အချိန်စေ့၍ တရားရပ်နားသည်။

*

## ၉။ နိဗ္ဗာန်အကြောင်း

[၁၉–၈–၆၁ နေ့က အမရပူရမြို့ မင်္ဂလာတိုက်ဟောင်းမှာ ဟောသောတရား]

ဗုဒ္ဓဘာသာ မြန်မာလူမျိုး နှုတ်ထဲမှာ နိဗ္ဗာန်ဆိုသော စကားကို နှုတ်တက် နေကြသည်။ နိဗ္ဗာန်ကို မသိဘဲ ရောက်ချင်သည်ဟု ဆိုနေကြသည်။ သို့သော် နိဗ္ဗာန်ကို တကယ် လိုချင်တာလားဆိုလျှင် သဘောမကျသူ၊ မလိုချင်သူက များသည် ဆိုပြီး ဤတရားကို စတင်ထားသည်။

ထို့နောက် နိဗ္ဗာန်ကို သဘောမကျလျှင် ဥစ္ဆေဒဒိဋ္ဌိ ဖြစ်တတ်သည်ဟု ဆိုထား သည်။ [နှာ–၃၈၂] လူတွေ ပြောတတ်ကြသော စကားမှာ နိဗ္ဗာန်ဆိုတာ ဘာမှ မရှိတာပေါ့ဟု ပြောလေ့ရှိသည်။ ရုပ်နာမ်ချုပ်ငြိမ်း၊ ခန္ဓာချုပ်ငြိမ်းတာသည် ဘာမှ မရှိတာဘဲဟု ယူတတ်သည်။ ဘာမှ မဖြစ်တော့ဘူး၊ ဘာမှ မရှိဘူး ဆိုပြီး ယူလိုက် လျှင် လူတွေက မကြိုက်တတ်တော့၊ သဘောမကျတတ်တော့ပါ။ [နှာ–၃၈၃] ရုပ်နာမ်ပြတ်စဲသွားတာ နိဗ္ဗာန်ပဲဟု ယူလိုက်လျှင် ဥစ္ဆေဒဒိဋ္ဌိ ဖြစ်သည်။ တချို့ ကျတော့ ရမ်းပြီး ကြိုက်သည်။ နိဗ္ဗာန် ဘယ်သဘောရှိသလဲ ပြောတော့ မသိဘူး။ နိဗ္ဗာန်ကို မသိသူက တစ်မျိုး၊ နိဗ္ဗာန်မှာ ဘာမှ မရှိဘူးဟု ယူသူတစ်မျိုးရှိကြောင်း ပြသည်။ နိဗ္ဗာန်ကို မသိမှု အဝိဇ္ဇာနှင့် ဘာမှ မရှိဘူးဟု ယူသော ဥစ္ဆေဒဒိဋ္ဌိ ဖုံးနေ သည်။ နိဗ္ဗာန်ဆိုတာ ဘာမှန်း မသိလို့ မလိုချင်တာက တစ်မျိုး၊ နိဗ္ဗာန်မှာ ဘာမှ မရှိလို့ မလိုချင်တာက တစ်မျိုး ဖြစ်သည်။ မသိတာက အဝိဇ္ဇာ၊ တလွဲ သိတာက ဒိဋ္ဌိ ဖြစ်သည်။ [နှာ–၃၉၁]

http://www.dhammadownload.com



ဒါကြောင့် ယခု ဟောသောတရားသည် ဒိဋ္ဌိခွာပြီး အဝိဇ္ဇာ သတ်ပေးသော တရား ဖြစ်သည်ဟု ဟောသည်။ ဒိဋ္ဌိခွာတာလည်း နိဗ္ဗာန်၊ အဝိဇ္ဇာ ချုပ်တာလည်း နိဗ္ဗာန်ဖြစ်သည်။ နိဗ္ဗာန်ရှိကြောင်း ကိုယ့်ဉာဏ်နှင့် ကိုယ်အမှန်သိဖို့ အရေးကြီးသည်။

ပြီးမှ ခန္ဓာငါးပါး ရှိသည်။ ကိလေသာမီး ဆယ်ပါးရှိကြောင်း ပြသည်။ [နှာ-၃၉၆] ကိလေသာက မီး၊ ခန္ဓာက ထင်းဖြစ်သည်။ ပုထုဇဉ်မှာ ကိလေသာ မကုန်သေးတော့ခန္ဓာထင်းနှင့်ကိလေသာမီးက တွဲလျက်ဖြစ်နေသည်။ [နှာ-၃၉၇] ကံကောင်းလို့ လူဖြစ်လာတာလား၊ ထင်းနှင့်မီး တွဲပြီး ဖြစ်လာတာလားဟု မေးထားသည်။ [နှာ-၃၉၈] ဒုက္ခနှင့် သမုဒယ တွဲနေသည်။ ဒုက္ခက ခန္ဓာ၊ သမုဒယက ကိလေသာ၊ ခန္ဓာမှာ ကိလေသာမီး လောင်ညီးနေသည်။ သုံးဆယ့်တစ်ဘုံ ဘယ်ဘုံမှာပဲ ဖြစ်ဖြစ်၊ ထင်းနှင့်မီး တွဲလျက်ချည်း ဖြစ်နေသည်။ [နှာ-၄၀၀]

ထို့နောက် ခန္ဓာမှာ ကိလေသာ (လောဘမီး၊ ဒေါသမီး၊ မောဟမီး၊ မာနမီး) လောင်နေပုံကို ပြသည်။ ဒါကြောင့် နိဗ္ဗာန်ဆိုတာ ကိလေသာ သိမ်း၊ ခန္ဓာငြိမ်းတာ ဖြစ်ကြောင်း အဓိပ္ပာယ် ဖွင့်ပြသည်။ [နှာ-၄၀၉] တစ်နည်း လောင်စာ သိမ်းပြီး မီးငြိမ်းတာ ဖြစ်ပုံကို ပြသည်။

ခန္ဓာ(ထင်း) လောင်စာမရှိမှသာ ကိလေသာ(မီး)ငြိမ်းသည်။ [နှာ-၄၁၀] ဒါကြောင့် နိဗ္ဗာန်သည် အမှန်ရှိသည်။ လောင်စာသိမ်း မီးငြိမ်းသဘောလည်း မှန်သည်။ နိဗ္ဗာန်ကို သိချင်လျှင် ကိုယ့်ခန္ဓာ ဒုက္ခသစ္စာဟု သိမှ နိရောဓသစ္စာ၏ သဘောကို နားလည်သည်။ [နှာ-၄၁၂] ဤတွင် နိဗ္ဗာန်၏ အဓိပ္ပာယ်ကို လောင်စာ သိမ်း၍ မီးငြိမ်းတာ နိဗ္ဗာန်ပဲဟု ဖွင့်ပြသည်။ [နှာ-၄၁၃] ထို့နောက် ပုထုဇဉ်သည် လောင်စာနှင့်မီး တွဲလျက်ကြီး ဖြစ်နေရတာကို ကျေနပ်သည်။ လောင်စာနှင့်မီး ခွဲပြီး ခြားထားမည်လာလျှင် မကြိုက်ပုံကို ဟောသည်။ [နှာ-၄၁၈]

ထို့နောက် ဝိပဿနာ လုပ်မှသာ လောင်စာသိမ်း၍ မီးငြိမ်းနိုင်ကြောင်း ဟောသည်။ လောင်စာသိမ်း၍ မီးငြိမ်းသော သဘောသည် ငြိမ်းအေးခြင်းအဖြစ် ရှိသည်။ ရှိသည်ဟု သိသဖြင့် ဥစ္ဆေဒဒိဋ္ဌိ ကင်းသည်။ ဘယ်ခန္ဓာမှ မလိုချင်ဘူး ဆိုတာက အဝိဇ္ဇာချုပ်တာ ဖြစ်သည်။ ဒုက္ခသစ္စာကို သိသော ဝိဇ္ဇာပေါ်လာ၍ အဝိဇ္ဇာ ချုပ်သည်။ အသိနှင့် ချုပ်တာဖြစ်သည်။ အကျင့်နှင့် ချုပ်တာ မဟုတ်သေးဟု ဟောသည်။ [နှာ-၄၂၄] နိဗ္ဗာန်ရှိကြောင်း သိလျှင် အဝိဇ္ဇာချုပ်သည်။ နိဗ္ဗာန်ရှိသည် ဆိုလျှင် ဘာမှ မရှိဘူးဆိုသော ဒိဋ္ဌိလည်း ပြုတ်သည်။ [နှာ-၄၂၆] နိဗ္ဗာန်ရှိကြောင်း သိပြီးမှ အားထုတ်ရမည်ဟု ဆိုသည်။ ဘာမှန်း မသိဘဲ အားထုတ်နေလျှင် ပြောသံ

http://www.dhammadownload.com



ကြားနှင့် လမ်းသွားနေသည်နှင့် တူသည်။ ခြေလှမ်း မသွက်ပါ။ ယခု နိဗ္ဗာန်ရှိတာကို သိပြီဖြစ်ကြောင်း ပြရင်း အချိန်စေ့၍ တရားနားသည်။

*

## ၁၀။ မိစ္ဆာဒိဋ္ဌိသည် ကြောက်စရာ အကောင်းဆုံး

[၁၉–၈–၆၁ နေ့က အမရပူရမြို့ မင်္ဂလာတိုက်ကျောင်းမှာ ဟောသောတရား]

ဒိဋ္ဌိသည် ကြောက်စရာ အကောင်းဆုံးဟု မှတ်သင့်ကြောင်းဖြင့် ဤတရားကို စတင် ဟောကြားသည်။ ထို့နောက် သက္ကာယဒိဋ္ဌိမှ သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိ ပွားလာကြောင်း ဟောသည်။ ထို့နောက် ထုံးစံအတိုင်း ဒိဋ္ဌိအကြောင်းကို ထပ်ရှင်းသည်။ ဆရာတော်၏ ဟောစဉ်အတိုင်း ဖြစ်သည်။ ဒိဋ္ဌိရှင်းအောင် ဦးစွာ လုပ်သင့်ကြောင်း ဟောသည်။ ဒိဋ္ဌိသည် ပုထုဇဉ်သန္တာန်မှာ မသိဘဲ ရှိနေသည်။ လူသည် ကိုယ်မှာ ဒိဋ္ဌိ ကပ်နေကြောင်း မသိပါ။ ဆရာတော်ကြီး၏ အာဘော်မှာ ဒါန၊ သီလ၊ သမထ၊ ဝိပဿနာ ဘာပဲလုပ်လုပ် ဒိဋ္ဌိကို အရင်ဖြုတ်ပြီးမှ လုပ်သင့်ကြောင်း ဖြစ်၏။ [နှာ–၄၃၂]

လူတွေ စိတ်ထဲမှာ ကိုယ်စားဖို့ ကိုယ်လုပ်နေသည်။ ကိုယ့်သားသမီး စားဖို့ ကိုယ်လုပ်နေသည်ဟု ထင်နေကြသည်။ ဒိဋ္ဌိကျွန် ခံနေရပါကလားဟု မသိတတ်ကြပုံကို ပြသည်။ [နှာ–၄၃၃] ဆရာတော်ကြီးက ဒိဋ္ဌိသည် လူကို ကျွန်လို ခိုင်းပြီး ကျွန်သေ သေခိုင်းသည်ဟု ဆိုသည်။ ဗုဒ္ဓဘာသာဝင် ဆိုသူတွေလည်း ဒိဋ္ဌိရှိလျက် မရှိဘူး ထင်နေကြသည်။ ဤသို့ ဆိုပြီးနောက် နိဗ္ဗာန်ကို အဝိဇ္ဇာနှင့် ဒိဋ္ဌိ ဖုံးနေပုံ အကြောင်း (ရှေးက ဟောပြီး) ကို ပြန်ဟောသည်။ [နှာ–၄၄၀] နိဗ္ဗာန်ကို မသိဘဲ တရားအားထုတ်နေသူများသည် သနားစရာ ကောင်းကြောင်းကိုလည်း ဟောသည်။ [နှာ–၄၄၁]

ပြီးမှ ဒိဋ္ဌိသတ် နိဗ္ဗာန်အကြောင်း ပြောပါတော့မည် ဆိုပြန်သည်။ ယောဂီ ဉာဏ်မှာ နိဗ္ဗာန်ရှိသည်ဟု သိလျှင် နိဗ္ဗာန်မှာ ဘာမှ မရှိဘူးဆိုသော ဥစ္ဆေဒဒိဋ္ဌိ သေသည်။ [နှာ–၄၄၄] ဒိဋ္ဌိပြုတ်လျှင် အပါယ်တံခါး ပိတ်သည်။ လူပြည်ရောက်ခိုက်မှာ ဒိဋ္ဌိခွာပြီး နိဗ္ဗာန်အရောက် သွားမည်ဟု ရည်ရွယ်ခဲ့သမျှ စားမှု၊ သောက်မှု၊ ဂုဏ်တင်မှု နှိပ်စက်နေသဖြင့် အကုန် ပျက်ရသည်။ နိဗ္ဗာန် လိုချင်တာပဲ ရှိပြီး နိဗ္ဗာန်ရောက်ကြောင်းကို မသိသောကြောင့် အဝိဇ္ဇာနှင့် ဥစ္ဆေဒဒိဋ္ဌိက လွှမ်းမိုးနေ

http://www.dhammadownload.com



သည်။ [နှာ–၄၄၈] ဆရာဘုန်းကြီးက နိဗ္ဗာန်ကို ရှင်းပြမှသာ အဝိဇ္ဇာချုပ်၍ ဒိဋ္ဌိ ပြုတ်မည်ဟု ဆိုသည်။

ထို့နောက် နိဗ္ဗာန်ရှိကြောင်း ရှင်းသည်။ နိဗ္ဗာန်ရှိလျက် မသိပါဆိုလျှင် အဝိဇ္ဇာ ဖြစ်သည်။ နိဗ္ဗာန်မှာ ဘာမှ မရှိဘူးဟု ယူလျှင် ဥစ္ဆေဒဒိဋ္ဌိဖြစ်ကြောင်း ဆိုပြန်သည်။ တရားနာပရိသတ် နားရည်ဝအောင် ထပ်ခါဆိုခြင်း ဖြစ်ဟန်တူသည်။ [နှာ–၄၄၉] ဆရာတော်ကြီး အမြင်မှာ နိဗ္ဗာန်အကြောင်း ကောင်းကောင်းသိမှ ဒိဋ္ဌိကို ခွာနိုင်မည် ဖြစ်၏။ ဒါကြောင့် ဆရာတော်ကြီးက ဒိဋ္ဌိခွာချင်လျှင် နိဗ္ဗာန်ကို မှုတည် ပြောရမည်ဟု ဆိုသည်။ [နှာ–၄၅၂]

ဤတရားတွင် ဆရာတော်ကြီးက "ဗုဒ္ဓဘာသာနိုင်ငံဖြစ်ဖို့ထက် နိဗ္ဗာန်ကို သိဖို့က ပိုအရေးကြီးသည်" ဟု ဟောထားသည်။ (ထိုအချိန်က ဦးနုအစိုးရ လက်ထက် ဗုဒ္ဓဘာသာကို နိုင်ငံတော်ဘာသာ ပြုလုပ်ခြင်း ကိစ္စကို ရည်ညွှန်းဟန် တူသည်။) ထို့နောက် နိဗ္ဗာန်အကြောင်း ရှင်းဖို့ အဂ္ဂိဝစ္ဆသုတ်ကို ကိုးကား၍ ဟောသည်။ နိဗ္ဗာန် တကယ်ရှိကို တကယ်သိပြီး ဉာဏ်ထဲက တကယ်ကြိုက်လျှင် ဒိဋ္ဌိပြုတ်သည်ဟုလည်း ဟောသည်။ [နှာ–၄၅၄]

နိဗ္ဗာန်အကြောင်း ရှင်းရာ၌ နိဗ္ဗာန်သည် ငြိမ်းအေးခြင်းလက္ခဏာ ရှိသည်။ ခန္ဓာလောင်စာသိမ်း၍ ကိလေသာမီးငြိမ်းခြင်း သဘောဖြစ်သည်။ ဤတွင် ခန္ဓာမှာ ကိလေသာ လောဘ၊ ဒေါသမီးလောင်နေပုံများကို ရှင်းပြသည်။ ဆရာတော်က နိဗ္ဗာန်အကြောင်း ဟောမည်ဆိုလျှင် ဒုက္ခသစ္စာကို ပိုင်ပိုင်သိမှသာ နိဗ္ဗာန်၏ အေးချမ်းခြင်း သဘောကို သိသည်ဟု မိန့်ထားသည်။ [နှာ–၄၆၈]

ထို့နောက် နိဗ္ဗာန် ပြောပါဆို ဘုန်းကြီးက ဒုက္ခအကြောင်းချည်း ပြောနေတယ်ဟု မယူကြနှင့်ဟုလည်း တိုက်တွန်းသည်။ [နှာ–၄၇၀] ဒုက္ခကို မသိကြ၍ ပြောနေရသည်ဟု ဆိုသည်။ ဤတွင်လည်း နိဗ္ဗာန်ဆိုတာ အရိယာမျက်လုံးဖြင့် ကြည့်သောသူမှာ လောင်စာသိမ်း၍ မီးငြိမ်းခြင်းပဲဟု နားလည်ပုံကို ရှင်းသည်။ [နှာ–၄၇၃] နိဗ္ဗာန်၏ အေးငြိမ်းခြင်း (ကိလေသာ အပူမီးငြိမ်းခြင်း) သဘောကို သရုပ်ဖော်၍ ရှင်းထားသည်။

ဝိပဿနာ အားထုတ်သောအခါ ယထာဘူတဉာဏ်(ဖြစ်ပျက်မြင်) နိဗ္ဗိန္ဒ ဉာဏ်(ဖြစ်ပျက်မုန်း) အထိ လောင်စာနှင့်မီးချည်း မြင်နေရသည်။ နောက် ဒုက္ခသစ္စာ ကို ဉာဏ်ထဲမှာ ပိုင်ပိုင်နိုင်နိုင်လည်း သိရော ခန္ဓာကို မလိုချင်တော့ပါဘူးဆိုတော့ လောင်စာရော၊ မီးရော ပျောက်ထွက်သွားတယ်ဟု ဆိုသည်။ [နှာ–၄၇၈] ယောဂီမှာ

http://www.dhammadownload.com



ဉာဏ်ကလေးပဲ ကျန်နေသည်။ နိဗ္ဗာန်သည် အငြိမ်းဓာတ်၊ အအေးဓာတ် အဖြစ် အမှန်တကယ် ရှိနေသည်။ ဒုက္ခအဆုံး၊ ခန္ဓာအဆုံးမှာ နိဗ္ဗာန်ရှိသည်။ ဒါကြောင့် ဒိဋ္ဌိရော၊ အဝိဇ္ဇာရော ချုပ်ငြိမ်း ရုပ်သိမ်းသွားပြီ။ နိဗ္ဗာန်ရှိမှန်း သိ၍ အဝိဇ္ဇာနှင့် ဒိဋ္ဌိပြုတ်ခြင်း ဖြစ်၏။ [နှာ-၄၈၀]

ခဏ ခဏ မီးလောင်ပြီး ချုပ်ပျောက်နေသော ခန္ဓာ၏ ဒုက္ခသဘောကို ပိုင်ပိုင်သိသောအခါ ခန္ဓာသည် ငါလည်း မဟုတ်၊ ငါ့ဥစ္စာလည်း မဟုတ်ဟု သိသွားသည်။ ထိုအခါ သက္ကာယဒိဋ္ဌိလည်း ပြုတ်တော့သည်။ [နှာ-၄၈၅] နိဗ္ဗာန်ရှိကြောင်း သိလိုက်တာနှင့် ဒိဋ္ဌိသုံးမျိုးလုံး ပြုတ်ထွက်သွားသည်။ ဤတရားကို သိရုံဖြင့် (အားမထုတ်သေးသည့်တိုင်) တစ်ဘဝ အပါယ်တံခါး ပိတ်ကြောင်းလည်း အားတက်ဖွယ် ဖြစ်အောင် ဟောထားသည်။ အချိန်စေ့သဖြင့် တရားကို နားလိုက်လေသည်။

*

## ၁၁။ ဒိဋ္ဌိနွာနည်း

[၂၀-၈-၆၁ နေ့က အမရပူရမြို့ မင်္ဂလာတိုက်ဟောင်းတွင် ဟောသော တရား]

သာသနာတွင်းတရား၊ သာသနာပတရားဟူ၍ တရားနှစ်မျိုးရှိကြောင်း ဆို၍ တရား စတင် ဟောသည်။ သာသနာပမှာ ဒါန၊ သီလ၊ သမထ ရှိသည်။ ဝိပဿနာ မရှိပါ။ သာသနာတွင်းတရားက ဝိပဿနာ ဖြစ်သည်။

'ဝိပဿနာ ဉာဏံ သာသနာ သမ္ဘဝေ ဟောတိ' ဝိပဿနာဉာဏ်သည် သာသနာတွင်း၌သာလျှင် ဟောတိဖြစ်၏။ သာသနာ ဆုတ်ယုတ်သွားလျှင် ဝိပဿနာဉာဏ် မရှိတော့ဘူး။ [နှာ-၄၈၈] ယခုဘဝ လူ့ဘဝ ရပြီး သဒ္ဓါသမ္ပတ္တိဘာဝ ဒုလ္လဘနှင့်လည်း ပြည့်စုံပါသည်။ သို့သော် ပြည့်စုံသွားအောင် ဝိပဿနာဉာဏ် ဖြည့်ရမည်။ ထို့နောက် ဝိပဿနာဉာဏ်၊ မဂ်ဉာဏ်ဖိုလ်ဉာဏ် မရသေးလျှင် ဘဝ အရှနာပုံများထဲတွင် မိမိတို့လည်း ပါနိုင်ပုံများကို ဟောသည်။ ဝိပဿနာ အလုပ်ကို လုပ်ဖြစ်အောင် လုပ်ဖို့၊ လုပ်ချင်လာအောင် တိုက်တွန်း ဟောကြားခြင်း ဖြစ်၏။ [နှာ-၄၉၇] ဝိပဿနာအလုပ်ကို မလုပ်လျှင် ပါရမီ အညွန့်တုံးလို့ အပါယ်လေးပါး စုံးစုံးမြုပ်မည်ဟု ဆိုသည်။

ထို့နောက် နိဗ္ဗာန်အကြောင်းကို ဆက်ဟောပြန်သည်။ [နှာ-၅၀၀] ဝိပဿနာ အလုပ်လုပ်မည် ဆိုလျှင် စိတ္တာနုပဿနာ၊ ဝေဒနာနုပဿနာကို လုပ်ရမည်။ 'သရာဂ

http://www.dhammadownload.com



စိတ္တံ သရာဂစိတ္တန္တိ ပဇာနာတိ'၊ 'သုခံ ဝါ ဝေဒနံ၊ ဝေဒယမာနော သုခံ ဝေဒနံ၊ ဝေဒယာမိတိ' စိတ်ဖြစ်ပျက်၊ ဝေဒနာဖြစ်ပျက်ကို မြင်အောင်ကြည့်၊ သိအောင် လုပ်ရမည်။ [နှာ-၅၀၀]

ထို့နောက် နိဗ္ဗာန်ကို အဝိဇ္ဇာနှင့် ဒိဋ္ဌိ ဖုံးနေကြောင်း ဟောပြန်သည်။ နိဗ္ဗာန် ဆိုတာ ဘာမှန်းမသိဘူး (နိဗ္ဗာန်ဆိုတာ ဘာမှ မရှိဘူး) ဆိုပြီး အားထုတ်သော ပုဂ္ဂိုလ် နိဗ္ဗာန် မရောက်နိုင်ကြောင်း ဟောသည်။ [နှာ-၅၀၄] ဒါကြောင့် တရား အားမထုတ်မီ နိဗ္ဗာန်သိမှု၊ ဒိဋ္ဌိခွာမှုကို ရှေ့ထားရမည်။ ဦးစွာ လုပ်ရမည်။ [နှာ-၅၀၅] နိဗ္ဗာန်မသိဘဲ၊ ဒိဋ္ဌိမဖြုတ်ဘဲ အားထုတ်နေလျှင် နိဗ္ဗာန် မရနိုင်ပါ။ ကုသိုလ်သာ ရနိုင်သည်ဟု ဆိုသည်။ [နှာ-၅၀၆]

ထို့နောက် အဂ္ဂိဝစ္ဆသုတ်ကို ဟောသည်။ သာဝတ္ထိပြည် ဇေတဝန်ကျောင်း တော်မှာ သိတင်းသုံးစဉ် အခါတစ်ပါး၌ အဂ္ဂိဝစ္ဆပုဏ္ဏားသည် ဘုရားထံလာ၍ မေးခွန်းများ မေးလေသည်။ အဂ္ဂိဝစ္ဆက ရှင်ကြီးဂေါတမ ရုပ်နာမ်လောကဟာ မြဲသလားဟု မေးသည်။ ဘုရားက ငါ ဒီအယူ မယူဟု ဖြေသည်။ ပုဏ္ဏားက ဒါဆို ရုပ်နာမ်လောကဟာ မမြဲဘူးလားဟု မေးပြန်သည်။ ဘုရားက ယခင်အတိုင်း ငြင်းပြန်သည်။ (ဤအယူ ငါ မယူ) ဟု ဖြေသည်။ ထို့နောက် အဂ္ဂိဝစ္ဆက ရုပ်နာမ် လောကသည် အဆုံးရှိသလားဟု မေးပြန်သည်။ ဘုရားက ထိုအယူလည်း ငါ မယူဟု ဖြေပြန်သည်။ ဒါဆို ရုပ်နာမ်လောကသည် အဆုံး မရှိဘူးလားဟု မေးပြန်သည်။ ဘုရားက ဤအယူလည်း ငါ မယူဟုသာ ဖြေသည်။ ပုဏ္ဏားက ရှင်ကြီးဂေါတမ အသက်နှင့် ကိုယ်ဟာ တခြားစီလား မေးပြန်သည်။ ဘုရားက ငါ့မှာ ဤအယူ မရှိဘူးဘဲ ဖြေသည်။

ထိုအခါ ပုဏ္ဏားက ရှင်ကြီးဂေါတမ ဒါဆို အသက်နဲ့ကိုယ်ဟာ အတူတူလား ဟု မေးသည်။ ဘုရားက ငါ့မှာ ဒီအယူလည်း မရှိဟု ဖြေသည်။ ပုဏ္ဏားလည်း မကျေနပ်ဖြစ်ပြီး မေးပြန်သည်။ ရှင်ကြီးဂေါတမ သတ္တဝါသေရင် ဖြစ်သေးသလားဟု မေးသည်။ ဘုရားက ငါ ဒီအယူလည်း မယူကြောင်း ဖြေသည်။ ထို့နောက် ပုဏ္ဏားက သတ္တဝါ သေရင် မဖြစ်တော့ဘူးလား၊ ဖြစ်ချည်တစ်လှည့် မဖြစ်ချည် တစ်လှည့်လား၊ မဲဖြစ်သည် မဟုတ် ဖြစ်သေးသလား စသည်အားဖြင့် မေးခွန်း ဆယ်မျိုး မေးသည်။

ဘုရားက ရှေးနည်းအတိုင်းချည်း ဖြေသည်။ ဘုရားက ဒိဋ္ဌိအစွန်း မငြိအောင် ဖြေခြင်းဖြစ်သည်။ ပုဏ္ဏားက ဘာကြောင့် ဒီအယူ မယူသလဲဟု ထပ်မေးသည်။ ဘုရားက ဒါတွေက ဒိဋ္ဌိအမေးတွေဖြစ်ကြောင်း ဖြေသည်။ ဒါဆို ပုဏ္ဏားက ရှင်ကြီး

http://www.dhammadownload.com



ဂေါတမ အယူက ဘာလဲဟု မေးပြန်သည်။ ငါ့အယူပြပါဆိုလျှင် ရုပ်နာမ်နှစ်ပါး၊ ခန္ဓာငါးပါး ဖြစ်ပျက်ပဲလို့ ငါ ယူကြောင်း ဖြေလိုက်သည်။ ထိုအခါ ပုဏ္ဏားက ရှင်ကြီးဂေါတမ အဲဒီအယူကို ယူခြင်းအားဖြင့် ဘာအကျိုး ရှိသလဲဟု မေးပြန်သည်။ [နှာ–၅၂၀] ဘုရားက ဤအယူ ယူသဖြင့် တဏှာ၊ ဒိဋ္ဌိ ချုပ်သည်။ ဥပါဒါန်ချုပ်၊ ကံချုပ်သည်။ ပဋိစ္စသမုပ္ပါဒ် ပြတ်သည်။ [နှာ–၅၂၂] ပဋိစ္စသမုပ္ပါဒ် ပြတ်သည် ဆိုခြင်းမှာ နိဗ္ဗာန်ရောက်ခြင်း ဖြစ်သည်။ [နှာ–၅၂၃]

ထိုအခါ ပုဏ္ဏားက ဆက်မေးသည်။ ဥပါဒါန်ချုပ်သွားသော ပုဂ္ဂိုလ် ဘယ်မှာ သွားဖြစ်သလဲဟု မေးသည်။ ထိုအခါ ဘုရားက ငါ ဖြေတာ ဒီသဘော မဟုတ်ဘူး ဒီအဓိပ္ပာယ် မဟုတ်ဘူးဟု ဖြေသည်။ ထိုအဖြေကို ပုဏ္ဏား နားမလည်ပါ၊ ဉာဏ် မမီတော့ကြောင်း ဝန်ခံသည်။ ဘုရားက မင်း နားမလည်ဘူးဆိုလျှင် ငါ လက်ခံသည်။ မင်း ပဋိစ္စသမုပ္ပါဒ်တတ်သော ဆရာထံမှာ သင်ဦးဟု မိန့်လိုက်သည်။ ပဋိစ္စသမုပ္ပါဒ် ဖြစ်စဉ်ကို သိလျှင် ဒုက္ခသစ္စာသဘောကို နားလည်သည်။ ပဋိစ္စသမုပ္ပါဒ် ချုပ်ပုံကို သိလျှင် နိဗ္ဗာန်ကို နားလည်သည်။ [နှာ–၅၂၇] ဥပါဒါန်ချုပ်သော ပုဂ္ဂိုလ် သံသရာ ခရီးဆုံးပြီ၊ ထိုပုဂ္ဂိုလ် ဘယ်သွားသလဲဟု မေးစရာ မလိုပြီ။ ဒုက္ခအားလုံး ချုပ်ဆုံး နိဗ္ဗာန်ကို ရောက်ပြီ။

ထိုအခါကျမှ ဘုရားက အဂ္ဂိဝစ္ဆအား မီးကို ဥပမာပြ၍ နိဗ္ဗာန်သဘောကို ဟောသည်။ ပုဏ္ဏားဉာဏ်ထဲမှာ ဒိဋ္ဌိပြုတ်အောင် ဟောပြီးမှ နိဗ္ဗာန်သဘောကို ဟောသည်။ နာရီစေ့၍ ဤတွင် တရားကို နားလိုက်လေသည်။

*

## ၁၂။ နိဗ္ဗာန်ရောက်ကြောင်း

[၁၉–၈–၆၁ နေ့က အမရပူရမြို့ မင်္ဂလာတိုက်ကျောင်းမှာ ဟောသောတရား]

**(မှတ်ချက်။ ။ ရှေ့မှာ ၁၉–၈–၆၁ ဟော နေ့တရား နှစ်ပုဒ် ဖော်ပြခဲ့ပြီးပြီ။ ယခုတစ်ခါ ၁၉–၈–၆၁ နေ့ ဟောတရားကို ၂၀–၈–၆၁ နေ့ ဟောသောတရား နောက်မှာ ထည့်သွင်း ဖော်ပြထားပြန်သည်။ တစ်နေ့တည်း တရားသုံးပုဒ်၊ (နေ့တရား) ဟောပါ့မလားဟု စဉ်းစားမိသည်။ မဆုံးဖြတ်တတ်ပါ။ ဘာမှားနေသလဲဟု စဝေဝေါ ဖြစ်မိသည်။)**

"ဒုက္ခငြိမ်းတာ နိဗ္ဗာန်လို့ မှတ်ကြ" ဟု အစချီ၍ ဤတရားကို ဟောသည်။ ခန္ဓာနှင့် ကိလေသာ မတွဲမိဖို့ အရေးကြီးသည်။ ကိလေသာနှင့် ခန္ဓာတွဲလျှင် သောက

http://www.dhammadownload.com



ပရိဒေဝ ဖြစ်သည်။ [နှာ-၅၃၆] ခန္ဓာက လောဘနှင့် တွေ့လျှင် ပျာယာခတ်သည်။ ဒေါသနှင့်တွေ့လျှင် ကြမ်းတမ်းသည်။ သောကနှင့် တွေ့လျှင် မျက်ရည်ကျသည်။ နိဗ္ဗာန်ဆိုတာက လောင်စာသိမ်း၍ မီးငြိမ်းခြင်းဖြစ်ကြောင်း ထပ်ပြောပြန်သည်။ [နှာ-၅၃၈] ခန္ဓာထင်းနှင့် ကိလေသာမီး တွဲပြီး လောင်နေသရွေ့ ချမ်းသာခြင်း မရှိပါ။ လောင်ခြင်းအမျိုးမျိုးဖြင့် လောင်နေသည်။ [နှာ-၅၃၉] လောဘမီး၊ ဒေါသမီး၊ မောဟမီး လောင်နေပုံများကို ဟောသည်။

ပုထုဇဉ်သည် ဝင်ငွေလမ်းဖြောင့်ပါက လောဘမီး လောင်တာကို ကြိုက်သည်။ လောဘမီးက ပြိတ္တာဘဝ ပို့သည်။ ဒေါသမီးက ငရဲကို ပို့သည်။ ပုထုဇဉ်ငရဲကို မကြိုက်သော်လည်း ပြိတ္တာကိုတော့ ကြိုက်သလို ဖြစ်နေသည်။ [နှာ-၅၄၃] ရန်သူအကြီးဆုံးသည် လောဘဖြစ်ကြောင်း။ လောဘသည် ကြီးပွား အောင် လုပ်သလိုလိုနှင့် ပုထုဇဉ်ကို အပယ်သို့ပစ်ချပုံကို ဟောသည်။ [နှာ-၅၄၆] မိတ်ဆွေလိုလိုနှင့် အပါယ်ပစ်ချတာ လောဘဖြစ်သည်။

လူကြီးတွေက လောဘစကား(ကြီးပွားကြောင်း)တွေ ပြောတော့၊ လူငယ် တွေက ကြိုက်သည်။ မျောက်နှစ်ကောင် သစ်ပင်ပေါ် ရန်ဖြစ်သလို သစ်ကိုင်းလွတ်ပြီး နှစ်ကောင်စလုံး မြေပေါ်ကျသေရသလို လောဘစကား ပြောပြီး သဘောကျနေသော လူကြီးရော လူငယ်ပါ အပါယ်သွားရပုံကို ပြသည်။ [နှာ-၅၄၇] လူကြီးက ဆုံးမ သလိုလိုနှင့် အပါယ်ဆွဲချနေသည်ဟု ဝေဖန်ပြသည်။ တဏှာပါးစပ်နှင့် ပြောတာကို တဏှာနားနှင့် ထောင်နေကြသည်ဟု ဆိုသည်။ [နှာ-၅၄၉] ဒါကြောင့် ဤတရား သည် အရိယာမျက်လုံးနှင့် အရိယာနား တပ်ဆင်ပေးသော တရားဟု မှတ်သင့်သည်။ 'သုတဝါ အရိယာ သာဝကော' ဖြစ်မှ အရိယာမျိုးစေ့ စ ရသည်။ [နှာ-၅၅၀]

ပြီးမှ ပညာမျက်လုံးရအောင် လုပ်ပါ။ အလုံးစုံသော လောကကြီးကို ငြီးငွေ့ သော ဉာဏ် ရအောင် နှလုံးသွင်းပါဟု ဆိုသည်။ [နှာ-၅၅၁] ဤတွင် ပုထုဇဉ် လူမိုက်က ဘုရားကို ဘက်တိုက်ပုံကို မစင်လူးထားသော ဝက်က ခြင်္သေ့ကို စစ်တိုက် တော့ ခြင်္သေ့ပြေးရပုံနှင့် နှိုင်းပြသည်။ ခြင်္သေ့က ကြောက်လို့ ပြေးတာမဟုတ်၊ ရွံလို့ ပြေးတာဟု နှိုင်းပြသည်။ [နှာ-၅၅၂] ပုထုဇဉ် အမြင်တည့်မှန်အောင် ပြုပြင် ပေးနေခြင်း ဖြစ်သည်။ [နှာ-၅၅၃]

ထို့နောက် အဂ္ဂိဝစ္ဆပုဏ္ဏား မေးပုံများကို ဟောပြန်သည်။ (ရှေ့မှာ ပြခဲ့ပြီ) ပုဏ္ဏား၏ နောက်ဆုံးမေးခွန်းမှာ ဒိဋ္ဌိချုပ်၊ တဏှာချုပ်သော ပုဂ္ဂိုလ် ဘယ်သွားဖြစ် သလဲ ဆိုသော အမေးဖြစ်သည်။ သူ့ဉာဏ်မှာ နိဗ္ဗာန်သဘောကို နားမလည်၊

http://www.dhammadownload.com



ပဋိစ္စသမုပ္ပာဒ်ကို နားမလည်၍ မေးခြင်းဖြစ်သည်။ ပဋိစ္စသမုပ္ပာဒ်နှင့် သစ္စာကို နားမလည်လျှင် နိဗ္ဗာန်ကို သဘောမပေါက်နိုင်ပါ။ [နှာ–၅၆၈] ခန္ဓာ၏ ပစ္စုပ္ပန် ဖြစ်စဉ်(ပဋိစ္စသမုပ္ပာဒ်)ကို နားလည်ရမည်။ ဖဿ ဝေဒနာ တဏှာ ဥပါဒါန် ကံ ဖြစ်ပုံ ပဋိစ္စသမုပ္ပာဒ်ကို ထပ်ရှင်းပြန်သည်။ (စာဖတ်သူ သိပြီး ဖြစ်လိမ့်မည်။) ပဋိစ္စသမုပ္ပာဒ်ဖြစ်စဉ် ဖဿ၊ ဝေဒနာ၊ တဏှာ၊ ဥပါဒါန်၊ ကံထဲမှာ ပုဂ္ဂိုလ်သတ္တဝါ မပါ ပါ။ ဓမ္မသဘောဖြစ်၊ ဓမ္မသဘောပျက်ခြင်းသာ ဖြစ်သည်။ [နှာ–၅၇၂] ဖြစ်တာ မြင်လျှင် ဥစ္ဆေဒဒိဋ္ဌိ ပယ်နိုင်ပုံ၊ ပျက်တာမြင်လျှင် သဿတဒိဋ္ဌိ ပယ်နိုင်ပုံကို ထပ်ပြီး ရှင်းပြန်သည်။ [နှာ–၅၇၃]

ပုဏ္ဏားက တဏှာ၊ ဥပါဒါန်၊ ကံချုပ်သော ပုဂ္ဂိုလ်သေလျှင် ဘယ်သွားသလဲ ဟု မေးထားသည်။ ဘယ်မှ မသွားဘူး။ ဒုက္ခသိမ်းပြီး ငြိမ်းသွားသည်။ ဤသဘောကို ပဋိစ္စသမုပ္ပာဒ်တရားကို နားလည်မှ နိဗ္ဗာန်ကို မြင်သည်။ [နှာ–၅၇၇]

ဒုက္ခရှိသောပုဂ္ဂိုလ် ဒုက္ခသိမ်းသွားခြင်း သဘောသည် နိဗ္ဗာန်ဖြစ်၏။ အနာ ရောဂါ ရှိသူ၊ အနာရောဂါ ပျောက်ကင်းသွားခြင်း သဘောပင် ဖြစ်၏။ တဏှာ၊ ဥပါဒါန်ချုပ်တော့ ကံချုပ်သည်။ ကံချုပ်လျှင် နောက်ဘဝ ဇာတိပဋိသန္ဓေ ချုပ်သွား သည်။ ကမ္မဘဝ နိရောဓ၊ ဇာတိ နိရောဓော ဖြစ်သွားခြင်း ဖြစ်၏။ နောက်ဇာတိ မဖြစ်၊ နောက်ခန္ဓာ မရသဖြင့် လောင်စာသိမ်း၍ မီးငြိမ်းသွားခြင်း ဖြစ်တော့၏။ [နှာ–၅၈၁] ထိုသဘောသည်ပင် နိဗ္ဗာန်ဖြစ်ပုံကို ရှင်းပြထားသည်။ အဂ္ဂိဝစ္ဆလည်း ပဋိစ္စသမုပ္ပာဒ်ကို နားလည်မှ နိဗ္ဗာန်ကို သဘောကျသွားကြောင်း ဟောသည်။ လောင်စာသိမ်း၍ မီးငြိမ်းတာ နိဗ္ဗာန်ဖြစ်ကြောင်း ဟောရင်း အချိန်စေ့၍ တရား နားလိုက်သည်။

*

## ၁၃။ အပြစ်ကင်းသော သေခြင်းအကြောင်း

[ရက်စွဲမပါ အမရပူရမြို့ မင်္ဂလာတိုက်ဟောင်းမှာ ဟောသောတရားဟု ဆိုသည်]

တရားနာတာ သိပါစေ၊ သိပြီးလည်း သိသောအတိုင်း ကျင့်နိုင်ပါစေဆိုသော စေတနာဖြင့် ဟောခြင်းဖြစ်ကြောင်း စတင် ဟောကြားသည်။ ယနေ့ ဆန္နသုတ်ကို ဟောမည်ဟု ဆိုသည်။ [နှာ–၅၈၉] သေပြီး နောက်ခန္ဓာ မရသော သေနည်းသည်

http://www.dhammadownload.com



သာ အပြစ်အကင်းဆုံး သေနည်းဖြစ်ကြောင်း သတိပေးသည်။ ဒီဘဝ သေပြီး၊ နောက်ဘဝ လူ့ခန္ဓာ၊ နတ်ခန္ဓာ ရချင်သော သေနည်းသည် မကောင်းသော သေနည်း၊ အပြစ်မကင်းဟု ဟောသည်။

ဉာဏ်မလွဲစေနှင့် ဉာဏ်လွဲလျှင် ကိုယ်ကျိုးနည်းမည်ဟု ဆိုသည်။ [နှာ–၅၉၀] ဤတရားကို ဥပရိပဏ္ဏာသပါဠိတော် ဆန္နသုတ်မှာ ဟောကြောင်း ထောက်ထား ပြသည်။ [နှာ–၅၉၁] ခုဘဝ စုတိပြီး အနန္တ ရပစ္စည်းဖြင့် နောက်ဘဝ ပဋိသန္ဓေ ရခြင်းသည် ဒုက္ခသစ္စာပြီး နောက်ဒုက္ခသစ္စာကို ပြန်ရခြင်းဖြစ်သည်။ အမှန်မှာ ဒုက္ခ လွတ်ရာကိုသာ ရှာသင့်သည်။ [နှာ–၅၉၄]

ထို့နောက် တစ်ချက်မှားလျှင် လေးချက် ခံရသည်ဆိုသော အချက်ကို ရှင်းပြသည်။ ဇာတိတစ်ချက် မှားလိုက်တာနှင့် ဇရာ၊ ဗျာဒိ၊ မရဏ ပေါင်းလိုက်တော့ လေးချက်ခံရသည်။ [နှာ–၅၉၆] သစ္စာကို သိမှ စုတိ ဒုက္ခပြီး အခြားမရှိဖြစ်သော ဇာတိ ပဋိသန္ဓေဒုက္ခကို မလိုချင်တော့ပါ။ [နှာ–၅၉၈] ဒါကြောင့် သစ္စာမသိလျှင် သံသရာ ရှည်သည်။ သစ္စာသိမှ သံသရာပြတ်သည်။ ပဋိသန္ဓေ ပြတ်သော အလုပ်ကို လုပ်ရမည်ဟု ဆိုသည်။ [နှာ–၆၀၀] ထို့နောက် ပဋိသန္ဓေပြတ်သော အလုပ်ကို လုပ်လိုက်စမ်းပါဟု ဆိုသည်။ [နှာ–၆၀၁] ဆန္နောဝါဒသုတ်မှာ သည်ခန္ဓာစွန့်ပြီး ဟိုခန္ဓာ မရတာ အကောင်းဆုံးဖြစ်ကြောင်းကို ဟောသည်။

ပြီးနောက် မလှူနှင့် မတန်းနှင့်ဟု မဆို။ သစ္စာသိပြီးလှူဟု ဆိုသည်။ သစ္စာ သိပြီး လှူလျှင် ဓမ္မာနုပဿနာ ဖြစ်သည်။ [နှာ–၆၀၃] ဝိပဿနာ လုပ်နေတာ ဒုက္ခလွတ်ချင်လို့ လုပ်နေတာ ဖြစ်သည်။ အမြင်မှန်လျှင် လွတ်ပြီကျွတ်ပြီ။

ထို့နောက် ရှေ့စိတ်ကို နောက်စိတ်ဖြင့် ရှုပုံကို ပြသည်။ ရှေ့စိတ်ကို နောက် စိတ်နှင့် ရှုလျှင် အရှုခံစိတ် မရှိတော့ပါ။ ရှုဉာဏ်ထဲမှာ မရှိတာဘဲ ပေါ်သည်။ မြင်စိတ်ပေါ်၍ မြင်စိတ်ကို ရှုလျှင် မြင်စိတ် မရှိတာဘဲ ပေါ်သည်။ [နှာ–၆၀၅] ရှေ့ကဟာ (မြင်စိတ်)က နာမ်၊ နောက်စိတ်က ဉာဏ်ဟု ဆိုသည်။ နာမ်ကို ဉာဏ်ဖြင့် ရှုသဖြင့် မရှိတာဘဲ သိရသည်။ [နှာ–၆၀၆] 'နိရောဓံ ဒိသွာ နိရောဓံ အဘိညာယ' ချုပ်သွားတာကို မြင်သည် ဟူလို ချုပ်ပျောက်သွားတာက အနိစ္စ၊ သိလိုက်တာက မဂ္ဂ ဖြစ်သည်။ ဒါဝိပဿနာအမြင်ပဲဟု ဆိုသည်။

ပြီးမှ ဝိပဿနာ ရှုတတ်လျှင် မသာဇာတ်သိမ်းပုံကို ချဲ့ဟောသည်။ [နှာ–၆၁၄] စိတ်၊ ဝေဒနာ ဘာပဲရှုရှု ချုပ်သွားတာကလေး၊ သေသွားတာကလေးကို မြင်လျှင် ဝိပဿနာအမြင် ဖြစ်ပြီ။ [နှာ–၆၁၈] ဝိပဿနာဆိုတာ အသေကို အနေ

http://www.dhammadownload.com



(အရှင်)က ကြည့်တာပဲဟုလည်း ဆိုသည်။ [နာ–၆၁၉] တစ်နည်းဆိုတော့ ကိုယ့်အသေ ကိုယ်ကြည့်နိုင်းတာ ဝိပဿနာဟုလည်း ဆိုသည်။ အလုပ်စခန်းချည်း ပြောသေးသည်။ ဝတ္ထု မစရသေးကြောင်း [နာ–၆၂၀] ကိုယ့်အသေကို ကိုယ့်အနေနှင့်ရှုလိုက်တော့ တဏှာမာနဒိဋ္ဌိ(ပပဉ္စ)ချုပ်ပြီး သေသွားသည်။ [နာ–၆၂၃] ပပဉ္စက သံသရာရဲ့သောတရား၊ ပပဉ္စ သေပြီဆိုလျှင် မသာဇာတ်သိမ်းပြီ။

ဒါကြောင့် ခန္ဓာမှာ ဘာပဲပေါ်ပေါ် ချုပ်သွားပျက်သွားတာသာ မြင်အောင်ကြည့်ပါ။ ကြည့်လိုက်လျှင် အထည်မရှိတော့ မရှိတာဘဲ မြင်ရမည်။ ဒါ အရှင်ဆန္ဒ ပြောသောအသိဟု ဆိုသည်။ [နာ–၆၂၃] တရားနိဂုံးချုပ်တွင် အသေမှာ ဘယ်အသေ အကောင်းဆုံးလဲဟု ထပ်မေးသည်။ ယခု ခန္ဓာပစ်ချပြီး နောက်ခန္ဓာ မရတာ အကောင်းဆုံး။ သစ္စာကို သိလျှင် နောက်ခန္ဓာ ပြတ်စဲသည်ဟု ဟောရင်း အချိန်စေ၍ တရားနားလိုက်သည်။

၀

ဤတွင် အလုပ်စဉ်တရား စာအုပ်အမှတ်(၁၇) ပြီး၏။

http://www.dhammadownload.com

http://www.dhammadownload.com

အနှစ်ချုပ်

# မိုးကုတ်ဝိပဿနာ အလုပ်ပေးတရား

စာအုပ်အမှတ်(၁၈)

http://www.dhammadownload.com

http://www.dhammadownload.com

# မိုးကုတ်ဝိပဿနာ အလုပ်ပေးတရား စာအုပ်အမှတ်(၁၈)

**နိဒါန်း**

ဘုရားရှင် အဆုံးအမက သာသနာဖြစ်၏။ ဒါန၊ သီလ၊ သမထ၊ ဈာန် အဘိညာဉ်တရားများသည် ဘုရားမပွင့်မီကပင် ရှိသည်။ ဒါန၊ သီလ၊ သမထသည် ကိလေသာ နူနာကြီးကို ပျောက်ကင်းအောင် ကုသနိုင်သော ဆေးများ မဟုတ်ကြကြောင်း။ ဝိပဿနာဆေး၊ မဂ္ဂင်ဆေးကသာ ကိလေသာနူနာကြီးကို ပျောက်ကင်းစေနိုင်ကြောင်း ရှင်းပြသည်။ ထို့နောက် ဒိဋ္ဌိကိလေသာကို အလျှင် ပယ်အပ်ကြောင်း ဖော်ပြသည်။ ဒိဋ္ဌိပြုတ်မှ အပါယ်ဘေးက လွတ်မြောက်နိုင်သောကြောင့် ဖြစ်၏။ ဒိဋ္ဌိပြုတ်မှုတွင်လည်း ပဋိစ္စသမုပ္ပာဒ်ကို သိမှုပါမှ ဖြစ်သည်။ ပဋိစ္စသမုပ္ပာဒ်ဖြစ်စဉ်ကို သိမှ အသိနှင့်အရှိ ကိုက်မည်။ အသိနှင့်အရှိ ကိုက်မှ ဟုတ်တိုင်းမှန်စွာ သိမည်။ ဟုတ်တိုင်းမှန်စွာ သိမှ၊ နှလုံးသွင်းမှန်မည်။ နှလုံးသွင်းမှန်မှသာ ဒုက္ခသစ္စာကို ပိုင်းခြားနိုင်မည်။ ဒုက္ခသစ္စာကို ပိုင်းခြားနိုင်မှ သမုဒယသစ္စာ သေမည်။ သမုဒယ သေမှ နောင်ဘဝ တစ်ဖန် ဖြစ်ခြင်း (ဇာတိ) ချုပ်ငြိမ်းမည်ဟု ဆိုသည်။

ဆရာတော်ကြီး အာဘော်မှ ဒိဋ္ဌိပြုတ်ချင်လျှင် စိတ္တာနုပဿနာ ရှုရမည်ဟု ဆိုသည်။ စိတ္တာနုပဿနာကို ဦးစားပေးသည်။ ခန္ဓာမှာ ဘာပေါ်ပေါ် ဒုက္ခသစ္စာ တန်းကြီး ပေါ်သည် မှတ်ပါ။ ဖြစ်ပျက်မှာ လမ်းဆုံးသော တရားချည်း ဖြစ်၏။ ဖြစ်ပျက်ကို မြင်ပြီး အနိစ္စကို သိလျှင် ထိုအသိသည် မဂ္ဂသစ္စာ ဖြစ်၏။ ပစ္စည်းတစ်ခု မြင်သည်၊ လိုချင်သည်၊ စွဲလမ်းသည်၊ မရမနေ အားထုတ်သည်။ ဤကား သမုဒယ သစ္စာတန်း ဖြစ်ခြင်းဖြစ်၏။ ရပြီ ဆိုပါက ပစ္စည်းရသည် မဟုတ်၊ ဒုက္ခသစ္စာကို

http://www.dhammadownload.com



ရခြင်းပင်ဖြစ်ကြောင်း ရှင်းပြထားသည်။ ဤမျှ သိလျှင်ပင် မိစ္ဆာဒိဋ္ဌိပျောက်၍ သမ္မာဒိဋ္ဌိ ရောက်ပြီဟု ဆိုနိုင်သည်။ မိမိခန္ဓာသည် ဒုက္ခတုံး၊ ဒုက္ခခဲကြီးဖြစ်ကြောင်း မြင်အောင် ရှု၊ မြင်ပြီဆိုလျှင် မုန်းအောင် ရှု၊ မုန်းပြီ၊ ရွံပြီ၊ မလိုချင်ပြီဆိုသောဉာဏ် (နိဗ္ဗိန္ဒဉာဏ်) ဖြစ်ပေါ်လာလိမ့်မည်။ နိဒါန်းတွင် ဤမျှသာ ရေးသားထားသည်။

*

၁။ ဒိဋ္ဌိပြုတ်ရေး

[၂၂-၈-၆၁ နေ့က အမရပူရမြို့ မင်္ဂလာတိုက်ကျောင်းမှာ ဟောသောတရား]

မြတ်စွာဘုရားသည် ဆေးသမားကြီးနှင့် တူသည်ဟု မှတ်ပါဆိုသော စကားဖြင့် ဤတရားကို စတင် ဟောကြားသည်။ ကိလေသာရောဂါကို ကုသည်။ သံသရာခရီးသည် လူနာကြီးကို ဘုရားက ရှောင်ကြဉ်စရာတွေ၊ မှိဝဲ သောက်သုံးစရာဆေးတွေကို ညွှန်ပြသည်။ သီလက ရှောင်ကြဉ်တာ၊ ဝိပဿနာက သောက်ဆေးပေးတာ။ ဝိပဿနာမဂ်ဉာဏ်နှင့် ကုမှ ကိလေသာရောဂါကြီးက ပျောက်ကင်းနိုင်သည်။ အနိစ္စဆေး၊ ဒုက္ခဆေး၊ အနတ္တဆေး သောက်မှ ကိလေသာရောဂါ ပျောက်သည်။ [နှာ-၃] ဒကာ ဒကာမတွေထဲမှာ သီလရှိလျှင် တော်လောက်ပြီ၊ ရှောင်ကြဉ်ရင် ပြီးတာပဲဟု ထင်နေကြသူများ၏ အမှားများကို သရုပ်ဖော်ပြီး အကျယ် တင်ပြသည်။ ဝိပဿနာ သောက်ဆေးသောက်မှ ရောဂါပျောက်ကြောင်းကို ထပ်ကာထပ်ကာ ဟောသည်။

ထို့နောက် ဘုရားရှင်လက်ထက်က သုရာမုဋ္ဌဆိုသော အမှုသမားကြီး ဝိပဿနာသောက်ဆေး သောက်၍ သောတာပန်ဖြစ်ပြီး ကျွတ်တန်းဝင်သွားပုံကို ဟောသည်။ [နှာ-၁၄] ဝိပဿနာလုပ်သော ပုဂ္ဂိုလ်သည် ဝိသေသ ဘာဂိယသီလ အထူးသီလနှင့် ပြည့်စုံပုံကို ဟောသည်။ [နှာ-၁၅]

ထို့နောက် နိဗ္ဗာန်ကို သိပုံကို ဟောသည်။ နိဗ္ဗာန်ကို ဦးစွာ သိထားရမည်။ ဒါမှ ကိလေသာ အပူမီးလောင်တိုင်း နိဗ္ဗာန်ဆိုတာ ဒီအပူဇာတ်သိမ်းတာပါကလားဟု သိနိုင်ပုံကို ရှင်းသည်။ [နှာ-၂၂] ဤသို့သိလျှင် ဥစ္ဆေဒဒိဋ္ဌိ မဖြစ်တော့ဟု ဆိုသည်။ ထို့နောက် ထုံးစံအတိုင်း ပဋိစ္စသမုပ္ပာဒ် မပါဘဲနှင့် ခန္ဓာကိုလည်း မသိနိုင်၊ နိဗ္ဗာန်ကိုလည်း မသိနိုင်ပုံကို ရှင်းသည်။ [နှာ-၂၃]

ပဋိစ္စသမုပ္ပာဒ် ဖြစ်တာသိခြင်းသည် ခန္ဓာကို သိခြင်းဖြစ်၏။ ပဋိစ္စသမုပ္ပာဒ် ဆုံးခြင်းကို သိတာသည် နိဗ္ဗာန်ကို သိခြင်းဖြစ်၏။ ပဋိစ္စသမုပ္ပာဒ်ကို သိမှသာ ငါ ငါ့ဉစ္စာ ဆိတ်သုဉ်းသော သုညတဓမ္မကို သိသည်။ [နှာ-၂၅] သုညတ မဆိုက်

http://www.dhammadownload.com



သမ္မ သင်္ကာယဒိဋ္ဌိ၊ ပုဂ္ဂိုလ်သတ္တဝါစွဲ မပြုတ်ပါ။ နိဗ္ဗာန်ကို မသိသရွေ့ နိဗ္ဗာန်ကို မရနိုင်ပုံကို ထပ်ကာထပ်ကာ ဟောသည်။ [နာ–၂၇] စိတ်ဖြစ်ဖြစ်၊ ဝေဒနာဖြစ်ဖြစ် ဖြစ်ပျက် ရှုလျှင် (ငါ ငါ့ဥစ္စာ အတ္တ၊ အတ္တနိယ) ဆိတ်သုဉ်းသည်။ သုညတ ဆိုက်သည်။

သုညတကို မရှုဘဲနှင့် နိဗ္ဗာန်ရမည်ဆိုလျှင် ကြည့်ရှောင်သင့်ပုံကို ဟောသည်။ [နာ–၂၈] ဖြစ်ပျက်မြင်သော ဝိပဿနာဉာဏ်ရပြီဆိုလျှင် အပါယ်တံခါး တစ်ဘဝ ပိတ်သော စူဠသောတာပန် ဖြစ်ပြီဟု ထပ်ဆိုပြန်သည်။ [နာ–၃၁] ဖြစ်ပျက် ပဋိစ္စသမုပ္ပာဒ်ကို သိနေလျှင် တဏှာ၊ ဥပါဒါန်၊ ကံ ချုပ်သည်။ သူချုပ် (သမုဒယ သစ္စာချုပ်)လျှင် ဒုက္ခလည်း ဓာတ်သိမ်းသည်။ [နာ–၃၃] ပဋိစ္စသမုပ္ပာဒ်ကို မှတည် သဖြင့် သစ္စာလေးပါးကို သိရသည်။ (ဖြစ်ပျက်က ဒုက္ခသစ္စာ၊ သိတာက မဂ္ဂသစ္စာ၊ သေတာက သမုဒယသစ္စာ၊ နောက်ဒုက္ခ ထပ်မပေါ်တာက နိရောဓသစ္စာ ဖြစ်သည်။) ဤအကြောင်းများကို အဂ္ဂိဝစ္ဆပုဏ္ဏားအား ဘုရားက နိဗ္ဗာန်သဘောကို မသိလျှင် ပဋိစ္စသမုပ္ပာဒ်ကို နားလည်အောင် လေ့လာဦးဟု ဟောသောစကားနှင့် ဆက်စပ်၍ ဟောသည်။ [နာ–၃၅] အဂ္ဂိဝစ္ဆက ဥပါဒါန်ချုပ်သော ပုဂ္ဂိုလ်သေလျှင် ဘယ်ကို သွားသလဲ အမေးနှင့် ဆက်စပ်ပြီး ဟောသည်။

ထို့နောက် အဂ္ဂိဝစ္ဆအား ဘုရားက နိဗ္ဗာန်ကို သဘောကျအောင် မီးဥပမာဖြင့် ရှင်းပုံကို ဟောထားသည်။ ခန္ဓာထင်းကို ကိလေသာ လောင်မီးကျနေပုံဖြင့် နှိုင်းပြသည်။ အဂ္ဂိဝစ္ဆကို ဘုရားက မီးပုံကို ပြသည်။ လောင်စာရှိ၍ မီးတောက်နေကြောင်း၊ လောင်စာသိမ်းမှ မီးငြိမ်းနိုင်ကြောင်းကို ပြသည်။ ထိုအခါ ဒီမီးငြိမ်းပြီး ဘယ်ကို ရောက်သွားသလဲဟု မေးလျှင် လောင်စာသိမ်း၍ မီးငြိမ်းပုံကို ပြသည်။ သုံးဆယ့် တစ်ဘုံမှာ ကံပစ်ချရာ ခန္ဓာရတိုင်း ကိလေသာမီး လောင်ရသည်။ ခန္ဓာက လောင်စာ၊ ကိလေသာက မီး၊ မီးရှို့တာက ကံ ဤသုံးခုဖြစ်ပြီး မီးလောင်ရင်း သံသရာ လည်နေ ပုံကို ပြရင်း အချိန်စေ့၍ တရားနားသည်။

*

## ၂။ ဒိဋ္ဌိပြုတ်ရေး(၂)

[၂၃–၈–၆၁ နေ့က အမရပူရမြို့ မင်္ဂလာတိုက်ဟောင်းမှာ ဟောသောတရား]

ဗုဒ္ဓမြတ်စွာဘုရားသည် သူများကို ဆေးမကုမီ မိမိ၏ ဉာဏ်မျက်စိနှစ်ကွင်း အလင်းရအောင် ပါရမီဖြည့်ပြီး ကိုယ့်ဘာသာ ကုသည်ဆိုပြီး ဤတရားကို စတင်

http://www.dhammadownload.com



ဟောကြားသည်။ 'ဉာဏံ ဥဒါပါဒိ' ကို ဖွင့်ခြင်း ဖြစ်သည်။ အန္ဓပုထုဇဉ် အကန်းက ဘယ်သူ့ အားကိုးရမလဲဆိုလျှင် ဉာဏ်မျက်စိ အလင်းရသူကို အားကိုးရမည်။ ဉာဏ်မျက်စိ အလင်းရသော ပုဂ္ဂိုလ်က ခန္ဓာကို ကြည့်လိုက်လျှင် ဖြစ်ပြီး ပျက်နေတဲ့ ဒုက္ခသစ္စာကို တွေ့သည်။ ဒုက္ခသစ္စာကို ကိုယ်တိုင်မြင်တော့ သည်ဒုက္ခတွေကို မလိုချင်သော ဉာဏ်အမြင် ဖြစ်ပြန်သည်။ [နှာ–၅၁]

ပုထုဇဉ်ဉာဏ်မျက်စိ မရှိသောကြောင့် တစ်သံသရာလုံး ကိုယ်မွေးတာလည်း ကိုယ် မသိ၊ ကိုယ် သေတာလည်း ကိုယ် မသိခဲ့ပုံကို ဟောသည်။ ဝိပဿနာဉာဏ် မျက်လုံး တပ်ပေးလိုက်မှ ရုပ်နာမ်ဓမ္မများ မွေးနေတာ၊ သေနေတာ မြင်ကြရသည်။ ဤတရားတွင် ဆရာတော်က မြတ်စွာဘုရားကို တောင်ဝှေးဆွဲ ကိုယ်တော်ကြီးဟု ခေါ်ထားသည်။ ပုထုဇဉ်အကန်းတွေက တောင်ဝှေးဆွဲ ကိုယ်တော်ကြီးနောက်က တန်းတန်းလိုက်မှ တော်မည်ဖြစ်ကြောင်း ဆုံးမသည်။ ဘုရားနောက်က ဖြောင့်ဖြောင့် မလိုက်လျှင် ချောက်ကျချင်လို့ပဲဟု သုံးသပ်ပြသည်။ [နှာ–၅၃] ပြီးနောက် ပုထုဇဉ် အကန်းက မျက်စိနှစ်ကွင်း အလင်းရမည့် ဝိပဿနာအလုပ် မလုပ်နိုင်သေးကြောင်း၊ မအားမလပ်သေးလို့ တောင်ဝှေးဆွဲကိုယ်တော်ကြီးနောက်ကို မလိုက်နိုင်သေးကြောင်း အကန်းဆင်ခြေ ပေးတတ်ပုံများကို အကျယ်ချဲ့၍ ဟောသည်။ [နှာ–၆၀]

ဤတွင် 'အတ္တာဟိ ကိရဒုဒ္ဒမော' ပါဠိတော်ကို ပြသည်။ မိမိကိုယ်ကို ဆုံးမရ အခက်ဆုံးဖြစ်ကြောင်း ဟောခြင်းဖြစ်သည်။ ဝိပဿနာအလုပ်ကို အားထုတ်ကြဖို့ ဆရာတော်ကြီးက တိုက်တွန်းပြန်သည်။ အကန်းဆင်ခြေထူ ဖြစ်မှာစိုးလို့ဟု ဆိုသည်။ [နှာ–၆၁] ကုသိုလ် အကုသိုလ် ပြုရာမှာလည်း ဝိပဿနာမပါဘဲ ပြုကြသဖြင့် ဝဋ္ဋကုသိုလ် ဖြစ်ပုံများကို ပြသည်။ ကုသိုလ်ကိုရော အကုသိုလ်ကိုပါ ဖြစ်ပျက်ရှုရမည်ဖြစ်ကြောင်း နည်းပေးလမ်းပြသည်။ ကုသိုလ်ကို ဖြစ်ပျက် မရှုလျှင် အဝိဇ္ဇာ ပစ္စယာ တဏှာဖြစ်ကြောင်း အကုသိုလ်ကို ဖြစ်ပျက် မရှုလျှင် တဏှာ၊ ဥပါဒါန်၊ ကံ ဖြစ်ကြောင်း ဤတွင် ထူးထူးခြားခြား ပြသည်။ [နှာ–၆၅]

ပုထုဇဉ်ပဲ အကုသိုလ်လည်း လွန်ကျူးမိမှာပဲ။ လွန်မိလျှင်လည်း အကုသိုလ် ဖြစ်သွားပြီဟု သိပြီး ဖြစ်ပျက်ရှုချလိုက်ဟု မိန့်သည်။ ဖြစ်ပျက် ရှုချလိုက်သောကြောင့် ပဋိစ္စသမုပ္ပာဒ် ပြတ်သည်။ ထိုကံ အကျိုးမပေးတော့ဟု ဆိုသည်။ [နှာ–၆၆] ကုသိုလ်မှာလည်း တဏှာခြံရံပြီး လုပ်သော ဝဋ္ဋကုသိုလ်တွေ ဖြစ်နေသည်။ ဒါကြောင့် ကုသိုလ်ကိုလည်း ဖြစ်ပျက် ရှုချလိုက်ဟု နည်းလမ်းပြသည်။ ကုသိုလ် အကုသိုလ် လည်း ဖြစ်ပြီး ပျက်သည်။ ဖြစ်ပျက်ပဲ။ ဒါကို မသိလိုက်လျှင် (အနိစ္စကို မမြင်

http://www.dhammadownload.com



လိုက်လျှင်) အဝိဇ္ဇာ ဖြစ်သွားပြီ။ အဝိဇ္ဇာပစ္စယာသင်္ခါရ လာပြီ။ သင်္ခါရလာလျှင် နောက်ဘဝ ပဋိသန္ဓေဝိညာဉ် လာပြီး ဝိညာဉ်လာလျှင် ဇာတိဒုက္ခ လာပြီ။ ခန္ဓာရပြီ။ ဒါကြောင့် စုံလုံးကန်းက တောင်ဝှေးဆွဲ နှစ်ဖက်မြင် ကိုယ်တော်ကြီးနောက်ကို လိုက်ဖို့ တိုက်တွန်းသည်။ [နာ–၆၉]

ထို့နောက် အဂ္ဂိဝစ္ဆဝဂ္ဂုတ္တကိုပင် ပြန်ကောက်ပြီး ဟောပြန်သည်။ ဥပါဒါန် ချုပ်သော ပုဂ္ဂိုလ် သေလျှင် ဘယ်သွားသလဲ အမေးကို ပြန်ပြသည်။ ဘုရားက သူ့အမေးကို ဤသို့ မမေးနှင့် ထိုအဓိပ္ပာယ် မရကြောင်း ဖြေသည်။ ပုဏ္ဏား ဉာဏ်မမီတော့ပါ။ ဘုရားက မင်းဉာဏ်မမီလျှင် ပဋိစ္စသမုပ္ပာဒ်ကို တတ်ကျွမ်းသော ဆရာထံမှာ သင်ဦးဟု ဆိုသည်။ ပဋိစ္စသမုပ္ပာဒ် ဖြစ်တာနှင့် ချုပ်တာကို နားလည်မှ ဥပါဒါန်ချုပ်သော ပုဂ္ဂိုလ် ဘယ်သွားသလဲ၊ သင်နားလည်လိမ့်မည် မိန့်တော်မူသည်။ [နာ–၇၀] ဥပါဒါန်ချုပ်သော ပုဂ္ဂိုလ်သည် ငြိမ်းအေးသော သဘော(နိဗ္ဗာန်)ကို ရောက်သွားပုံကို နားလည်နိုင်ကြောင်း ပြသည်။ [နာ–၇၁] မဟုတ်ပါက (နားမလည်ပါက) နိဗ္ဗာန်ကို ဘာမှ မရှိတာ၊ ဘာမှ မဖြစ်တာဘဲဆိုသော ဥစ္ဆေဒဒိဋ္ဌိအယူ ယူသွားနိုင်သည်။

ထို့နောက် ပဋိစ္စသမုပ္ပာဒ် ဖြစ်စဉ်တန်းပုံ၊ ခန္ဓာအစဉ် ဖြစ်ပုံကို ပြပြန်သည်။ ဤတွင် ပစ္စုပ္ပန်ခန္ဓာ ဖြစ်ပုံကို မသိတာ အဝိဇ္ဇာ၊ ခန္ဓာကို ငါဟုထင်တာ ဒိဋ္ဌိ။ ခန္ဓာကို ငါ ထင်တာက ပဋိစ္စသမုပ္ပာဒ် စကြောင်း ဤတွင် ပြသည်။ [နာ–၇၉] ဒါကြောင့် ပစ္စုပ္ပန် ပဋိစ္စသမုပ္ပာဒ်သည် ခန္ဓာ မသိတာ(အဝိဇ္ဇာ)က စသည်။ ဒိဋ္ဌိသည် အဝိဇ္ဇာနှင့်တွဲလျက် ဖြစ်ပုံကို ထင်ရှားအောင် ပြသည်။

ထို့နောက် အဝိဇ္ဇာသည် အကုသိုလ် ၁၂ ပါးမှာ မပါတာ မရှိဟု ပြသည်။ ဒိဋ္ဌိက စသော်လည်း အဝိဇ္ဇာက သဟဇာတ မဖြစ်ပါသည်။ ဒိဋ္ဌိ ပြဋ္ဌာန်းသည်။ ဒါကြောင့် ဒိဋ္ဌိအုပ်ချုပ်သော ကံတွေ ဖြစ်ကုန်သည်။ [နာ–၈၀] ဒိဋ္ဌိ အုပ်ချုပ်သော ကံသည် အပါယ်ဇာတိပဲ ဖြစ်သည်။ ထို့နောက် ကိလေသာမီးငြိမ်းပုံကို (လောင်စာ သိမ်း၍ မီးငြိမ်းပုံ)ကို ပြပြန်သည်။ ဒီမီး ဘယ်သွားသလဲ၊ ဘယ်မှ မသွားပါ။ မီးငြိမ်းတာ နိဗ္ဗာန်ဖြစ်သည်။ မီး ဘာကြောင့် မငြိမ်းသလဲ။ လောင်စာမကုန်လို့ သုံးဆယ့်တစ်ဘုံမှာ လည်ပြီး ဘုရားအဆူဆူနှင့် လွဲခဲ့တာ ဘာကြောင့်လဲ။ လောင်စာ မကုန်လို့သာ မှတ်ဟု မိန့်သည်။ [နာ–၉၇]

(မှတ်ချက်။ ။ ဤနေရာတွင် စာမျက်နှာ နံပါတ်များ မှားနေသည်။ ၁၀၀၊ ၉၇၊ ၁၁၆ စသည် ဖြစ်နေသည်။ ၁၁၇ ပြီးမှ ၁၀၄ ဖြစ်ပြန်သည်။ ၁၀၄ ပြီးမှ

http://www.dhammadownload.com



၁၀၃၊ ၁၀၃ ပြီး ၁၂၀ ပြောင်းပြန်တွေ၊ ကမောက်ကမ ဖြစ်နေသည်။ အမှတ်(၁၈) ဒုတိယအကြိမ် ရိုက်ဖြစ်သည်။ ပြီးမှ စာမျက်နှာ ၉၇ ပြန်ပေါ်သည်။)

ဝဋ္ဋကံသမားတွေ လောင်စာရှာနေကြပုံကို ပြသည်။ ခန္ဓာ မလိုချင်သော ဉာဏ်ပေါ်လျှင် လောင်စာသိမ်း၍ မီးငြိမ်းသည်။ ဒါဖြင့် မီးရှိသော နေရာ ဒုက္ခသစ္စာ၊ မီးငြိမ်းသော နေရာ နိရောဓသစ္စာဟု ဆိုသည်။ [နှာ–၁၀၂] ဤတွင် အချိန်စေ့၍ တရားသိမ်းသည်။

*

## ၃။ နိဗ္ဗာန်လိုချင် အလုပ်နှစ်လုပ်ပဲလုပ်

[၂၅–၈–၆၁ နေ့ အမရပူရမြို့ မင်္ဂလာတိုက်ဟောင်းမှာ ဟောသောတရား]

ယခုဘဝမှာ ဒုက္ခခပ်သိမ်းငြိမ်းသော နိဗ္ဗာန်ကို လိုချင်လျှင် တရားအလုပ် နှစ်ခုပဲ လုပ်ပါဟု တိုက်တွန်းချက်ဖြင့် ဤတရားကို စတင် ဟောကြားလေသည်။

အင်္ဂုတ္တိုရ်ပါဠိတော်မှာ ဤသို့ မြတ်စွာဘုရား ဟောကြားထားကြောင်း ထောက်ပြသည်။ မဇ္ဈိမပဏ္ဏာသပါဠိတော်မှာလည်း တစ်ကြိမ် ဟောသည်ဟု ခိုင်မာအောင် ဆိုသည်။ အရှင်မဟာကစ္စည်းကလည်း ပေဋကောပဒေသမှာ တစ်ခါ ထပ်ဟောသည်။ အရှင်မဟာကစ္စည်းက **'ဒွေဟေတူ ဒွေပစ္စယာ သာဝကဿ သမ္မာဒိဋ္ဌိယာ ဥပ္ပါဒါယ'** ဟု ဆိုသည်။ သာဝကပါရမီဉာဏ် ဖြစ်ဖို့ရာက အကြောင်းနှစ်ခုပဲ ရှိသည် ဟူလို [နှာ–၁၀၇] အကြောင်းနှစ်ခု ဆိုရာတွင် (၁) က သစ္စာနှင့် ပတ်သက်သော တရားကို နာရမည်၊ (၂) သစ္စာတရား နာပြီးလျှင် ထိုတရားကို ကိုယ်တိုင် နှလုံးသွင်းရမည်။ သဘောမှာ သစ္စာကို နာပြီး၊ သစ္စာကို ကိုယ်တိုင်တွေ့လျှင် ပြီးတာပဲဟု ဆိုသည်။ [နှာ–၁၀၉] သစ္စာတရားကို နာပြီး ခန္ဓာမှာ သစ္စာကို ကိုယ်တိုင် တွေ့အောင် ဝိပဿနာ ရှုဖို့ အရေးပဲ လိုသည်။ [နှာ–၁၁၁]

ထို့နောက် ယနေ့ သစ္စာတရားကို ဟောမည်။ ဒကာ ဒကာမတွေက နားက တရားကို နာပြီး ဉာဏ်က ခန္ဓာကို လှည့်ပြီးရှုပါဟု ဆိုသည်။ [နှာ–၁၁၂] ဤတရား၏ တန်ဖိုးကြီးပုံကို ပြဆိုရာ၌ ဤတရားသည် ကြွေးဟောင်း အကုန်ကျေ၍ ကြွေးသစ် တွေ ပျောက်သောတရားဟု ဆိုသည်။ [နှာ–၁၁၃] ဤသို့ဆိုပြီး နောက်တရား သိလာလေလေ၊ မတရားသဘောက ပေါ်လာလေလေ ဖြစ်ပုံကို ပြောရင်း ကုက္ကုစ္စ

http://www.dhammadownload.com



ကြောင့် အပါယ်ကျရသော အကြောင်းများကို ဟောပြန်သည်။ [နာ–၁၁၃] အရွယ်ကြီးလာလို့ သေခါနီးလာလေ၊ ကုဏ္ဍုစ္စက လာလေ ဖြစ်တတ်ကြောင်းလည်း ပြသည်။ [နာ–၁၁၇]

ထို့နောက် သစ္စာတရားကို နာပြီး ခန္ဓာမှာ သစ္စာတွေ့အောင် နှလုံးသွင်းလိုက်ပြီဆိုမှ သံသယကုက္ကုစ္စ အကုန်ပျောက်ကြောင်း ဟောသည်။ [နာ–၁၁၈] သစ္စာတရားကို နာပြီး သစ္စာကို နှလုံးသွင်းလိုက်လျှင် သမ္မာဒိဋ္ဌိ ဖြစ်သည်။ အပါယ်တံခါး ပိတ်သည်။ [နာ–၁၂၀] ထို့နောက်မှ သစ္စာတရားကို ဟောတော့မယ်ဆိုပြီး သစ္စာမှာ ဒုက္ခသစ္စာ အကြီးဆုံးဟု ဆိုသည်။ [နာ–၁၂၆] ခန္ဓာမှာ စိတ်တွေပေါ်ပြီး ပျောက်သွားကြပုံကို ပြသည်။ ကိုယ့်သန္တာန်မှာ စိတ်ကလေးတွေ ပေါ်ပြီး ပျောက်မှုသည် ဒုက္ခသစ္စာပဲဟု ဆိုသည်။ 'သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာပိ ဒုက္ခာ' ခန္ဓာမှာ ပေါ်၍ ပျက်လေသမျှ ဒုက္ခသစ္စာချည်း ဖြစ်သည် [နာ–၁၂၇] ဟု မှတ်ရမည်။

ယခု သစ္စာတရားကို နာရပြီ။ [နာ–၂၃၀] ထိုနာရသော သစ္စာတရားကို မိမိကိုယ်မှာ ကိုယ်တိုင်တွေ့အောင် ရှုရမည်။ နှလုံးသွင်းမှန်လျှင် သစ္စာကို တွေ့သည်။ [နာ–၁၃၉] ရှေ့စိတ်ကို နောက်စိတ်နှင့် ရှုပြီး သုံးသပ်တာသည် အလုပ် လုပ်တာ၊ နှလုံးသွင်းတာ ဖြစ်သည်။ [နာ–၁၃၉] ဒါလောက်ဆိုလျှင် သာဝကပါရမီဉာဏ် ပြည့်သည်ဟု ဆို၏။ [နာ–၁၄၀] သစ္စာနှလုံးသွင်း ဘယ်အချိန်မှာ တည့်သနည်း။ သစ္စာကို ဟောရင် ဓမ္မာနုပဿနာ ဖြစ်သည်။ သစ္စာကို နှလုံးသွင်းတိုင်းမှာ ဒုက္ခသစ္စာချည်း တွေ့ရသည်။ အတွေ့ခံက ဒုက္ခသစ္စာ၊ တွေ့သော ဉာဏ်က မဂ္ဂသစ္စာ ဖြစ်သည်။ လောကီသမ္မာဒိဋ္ဌိ ဖြစ်ပြီ။ [နာ–၁၄၂] မိစ္ဆာဒိဋ္ဌိကို ပယ်ပြီးမှ လောကီသမ္မာဒိဋ္ဌိ ဖြစ်ရသည်။ လောကီသမ္မာဒိဋ္ဌိကမှ လောကုတ္တရာ သမ္မာဒိဋ္ဌိသို့ ကူးနိုင်သည်။ [နာ–၁၄၃]

ဖြစ်ပျက် ဒုက္ခသစ္စာကို မြင်ကတည်းက နှလုံးသွင်း မှန်ပြီ၊ တည့်ပြီ။ ဆက်ရှု။ ဒုက္ခသစ္စာကို မုန်းသော(နိဗ္ဗိန္ဒ)ဉာဏ် ပေါ်လာသည်။ ဒုက္ခသစ္စာကို မလိုချင်သော ဉာဏ် ပေါ်လာသည်။ အစက သမာဒိမဂ္ဂင်ငါးပါးနှင့် ရှုရာက ဖြစ်ပျက်လည်း မုန်းရော၊ မဂ္ဂင်ရှစ်ပါး ပြည့်သည်။ ရှစ်ပါးဖြစ်တော့ မလိုချင်တော့သော ဖြစ်ပျက် ဒုက္ခသစ္စာကြီး ဆုံးပြီး ပျောက်ထွက်သွားသည်။ [နာ–၁၄၅] တစ်သံသရာလုံး ဒုက္ခနှင့်မွေး၊ ဒုက္ခနှင့်နေ၊ ဒုက္ခနှင့် သေခဲ့ကြရသည်။ ယခု သစ္စာနှလုံးသွင်းမှန်ပြီး ဒုက္ခသစ္စာကို မလိုချင်မှ ဒုက္ခတွေ ပျောက်ထွက်သွားသည်။ [နာ–၁၄၆] ဒုက္ခ ပျောက်ပြီး ဝမ်းထဲ မက်ရောက်လာသည်။ မက်ပြီးနောက် ဖိုလ်လာသည်။ ဒုက္ခ

http://www.dhammadownload.com



ပျောက်တာ နိဗ္ဗာန် ဖြစ်သည်။ မဂ်ဉာဏ်ဖြစ်သည်။ ဒုက္ခပျောက်သွားတာကို မြင်တာ၊ ဆင်ခြင်တာက မဂ်ဉာဏ်ဖိုလ်ဉာဏ် ပစ္စဝေက္ခဏာဉာဏ် ဖြစ်သည်ဟု ဆိုသည်။ [နှာ–၁၄၇]

သစ္စာတရားကို နာပြီး သစ္စာကို နှလုံးသွင်းတာ တည့်သွားလျှင် သောတာပန် တည်သွားပြီ။ ဤအတိုင်း ဆက်ပြီး နှလုံးသွင်းသွားပါက အထက်မဂ် တစ်ဆင့်ပြီး တစ်ဆင့် တည်သွားမည်။ [နှာ–၁၄၈] သံသရာတစ်လျှောက်လုံး မိုက်ခဲ့သော မိုက်ပြစ် ကြွေးဟောင်းကြွေးသစ် အကုန်ကျေပြီ ဆိုၐ်။ 'ကုသလာ ကုသလံ ဇဟံ' ဆိုသောကြောင့် ကုသိုလ်ကံလည်း အကျိုးမပေးတော့ပြီ၊ အကုသိုလ်ကံလည်း အကျိုးမပေးတော့ပါ။ ဒါသည် သံသယကုက္ကုစ္စ အကုန်သတ်သော နည်းဖြစ်ကြောင်း ဟောရင်း အချိန်စေ့၍ တရားသိမ်းသည်။

*

## ၄။ ရန်သူနှစ်ယောက် အသေသတ်နည်း

[၂၆–၈–၆၁ နေ့က အမရပူရမြို့ မင်္ဂလာတိုက်ကျောင်းမှာ ဟောသောတရား]

တရားနာကြတဲ့ ဒကာဒကာမတွေ သံသရာစခန်းသတ်ရေးကို အမြဲတမ်း စိတ်ကူးထားကြ ဆိုသော တိုက်တွန်းစကားဖြင့် ဤတရားကို စတင် ထားသည်။ သံသရာစခန်းသတ်ဆိုတာ ရုပ်နာမ်ခန္ဓာကြီး ဇာတ်သိမ်းရေးပင် ဖြစ်သည်။ ခန္ဓာ ရသည်မှာ အိုနာသေဘေး ကြုံတွေ့ကြရသည်။ ဘဝတိုင်းမှာ ဤအတိုင်း ဖြစ်ခဲ့ ရသည်။

အိုနာသေဘေးကို ပို့သော လက်သည်တရားခံ ဘယ်သူလဲဆိုတာ ရှာကြ ရမည်။ လက်သည်က အဝိဇ္ဇာနှင့်တဏှာ ဖြစ်သည်။ အိုနာသေအောင် လုပ်တာ အဝိဇ္ဇာနှင့်တဏှာ၊ အပါယ်ပို့တာ အဝိဇ္ဇာနှင့်တဏှာ ဖြစ်သည်။ လက်သည်ကို တွေ့ပြီ။ သို့သော် အဝိဇ္ဇာနှင့်တဏှာ သုတ်သင်နည်းကို သိရဦးမည်။ [နှာ–၁၅၃] အဝိဇ္ဇာနှင့်တဏှာကို ပယ်မည်ဆိုလျှင် အဝိဇ္ဇာကို ဝိဇ္ဇာဖြစ်အောင်၊ လောဘတဏှာကို အလောဘဖြစ်အောင် လုပ်ရမည်ဟု ဆိုသည်။ [နှာ–၁၅၄] အဝိဇ္ဇာနှင့်တဏှာ ရှိသူမှာ အိုနာသေဘေးနှင့် အပါယ်ဘေးက ဘယ်တော့မှ မလွတ်ဘူး။ နေ ငါးစင်း ထွက်လျှင် ကမ်းမမြင်သော သမုဒ္ဒရာကြီးသာ ခန်းချင်ခန်းလိမ့်မည်ဟု သံယုတ် ပါဠိတော်မှာ မြတ်စွာဘုရား ဟောထားကြောင်း မိန့်သည်။ [နှာ–၁၅၅]

http://www.dhammadownload.com



ဤကဲ့သို့ တရားနာဖို့ အခွင့်အရေးသာတုန်းမှာ ဒကာ ဒကာမများ စိတ်ထဲ ငါတို့ အရိုးကြီးပွားရေးဓာတ်၊ မြေကြီးကြီးပွားရေးဓာတ်ကို သိမ်းပါတော့မယ်ဟု စိတ်ထားကြဖို့ တိုက်တွန်းသည်။ အဝိဇ္ဇာနှင့်တဏှာချုပ်အောင် လုပ်ဖို့ကို အားပေး တိုက်တွန်းသည်။ [နာ–၁၆၀]

ဆရာတော်က ပုထုဇဉ်တွေကို အဝိဇ္ဇာနှင့်တဏှာက ခိုင်းနေပုံများကို အမျိုးမျိုး စကားတန်ဆာ ဆင်ပြီး ဟောသည်။ အဝိဇ္ဇာတဏှာက ပုထုဇဉ်တွေကို သတ်နေပုံကို နွားသတ်ကုလားက နွားကို သတ်နေပုံနှင့် နှိုင်းပြသည်။ နွားက မသိဘဲ နွားသတ် ကုလားကို ခင်နေပုံနှင့် ပုထုဇဉ် စီးပွားရေးကို ခင်ပြီး မသိဘဲ လုပ်ကိုင် ရှာဖွေနေပုံနှင့် နှိုင်းပြသည်။ [နာ–၁၇၄] သတ်မှာက အဝိဇ္ဇာနှင့်တဏှာ၊ ဒီအဝိဇ္ဇာတဏှာနားက မခွာနိုင်၊ မခွာချင်တာက အသတ်ခံချင်သော ပုထုဇဉ်လူမိုက်ဖြစ်ကြောင်း ပေါ်အောင် ပြသည်။ [နာ–၁၇၅] အဝိဇ္ဇာနှင့် တဏှာသည် အကြီးဆုံး ရန်သူကြီးနှစ်ဦး ဖြစ်၏။ သူတို့ကို ကိုယ်က သတ်မှဖြစ်သည်။ ခန္ဓာကို ဒုက္ခသစ္စာလို့ မသိတာက အဝိဇ္ဇာ၊ မသိလို့ ရမ်းပြီး ခင်နေတာက တဏှာ၊ ရမ်းခင်တော့ နောက်ဘဝ ခန္ဓာရလိုမှုဖြင့် ဆုတောင်းပြန်သည်။ တောင်းတော့ တစ်ခါ သေထည်ပေါ်ပြန်သည်။ [နာ–၁၇၈]

ပြီးမှ အဝိဇ္ဇာတဏှာသတ်သောနည်းကို အလိုချင်ဆုံး ဖြစ်သင့်ကြောင်း ဟောသည်။ [နာ–၁၈၃] "အဝိဇ္ဇာတဏှာ သတ်တဲ့နည်းဟာ အလုပ်ခွင် ဝင်မှ ရတယ်" ဟု ဆိုသည်။ [နာ–၁၈၄] ခန္ဓာထဲကို ဉာဏ်သွင်းတာ အလုပ်ခွင်ဝင်တာ ဖြစ်ကြောင်းဟောသည်။ ဤတွင် ခန္ဓာထဲ ကမ္မသကတဉာဏ်လောက် သွင်းရုံဖြင့် လည်း မရသေးဟု ဆိုသည်။ [နာ–၁၈၅] ဤတွင် သစ္စာနုလောမိကဉာဏ်ကို သွင်းရမည်ဖြစ်ကြောင်း ရှင်းပြသည်။ [နာ–၁၈၇] သစ္စာနုလောမိကဉာဏ်သွင်းမှ အဝိဇ္ဇာက ဝိဇ္ဇာဖြစ်သည်။ တဏှာလည်း အလိုလို သေသည်ဟု ပြသည်။ [နာ–၁၈၈]

သစ္စာနုလောမိကဉာဏ် ရမှသာ အဝိဇ္ဇာနှင့် တဏှာချုပ်သည်။ ဤတစ်လုံးသည် သာသနာတွင်းတရား ဖြစ်သည်။ [နာ–၁၈၉] အဝိဇ္ဇာနှင့်တဏှာသည် သေလျှင် ခန္ဓာဓာတ်သိမ်းသည်။ ခန္ဓာဓာတ်သိမ်းတာ နိဗ္ဗာန်ဖြစ်သည်။ [နာ–၁၈၉] ခန္ဓာထဲ သစ္စာဉာဏ်သွင်းဖို့ တစ်လုံးတည်းကို ချဲ့ပြီး ဟောနေခြင်း ဖြစ်သည်။ [နာ–၁၉၀] သစ္စာဉာဏ်ဆိုတာ သမ္မာဒိဋ္ဌိ ဦးစီးသောဉာဏ် ထိုဉာဏ်ကို ခန္ဓာငါးပါးထဲ ထည့်လိုက်ပါ။ ဖြစ်ပျက်မြင်တာ သစ္စာနုလောမိကဉာဏ်၊ ဝိပဿနာဉာဏ်ဆိုလည်း ဟုတ်ပါသည်။ [နာ–၁၉၆] ဖြစ်ပျက် မမြင်တာက အဝိဇ္ဇာ၊ ဖြစ်ပျက်(သစ္စာ)ကို

http://www.dhammadownload.com



မြင်တော့ ဝိဇ္ဇာဉာဏ် ဖြစ်သွားသည်။ ဝိဇ္ဇာဉာဏ်၊ သစ္စာဉာဏ်ရလျှင် ဒုက္ခသစ္စာကို မလိုချင်တော့ပါ။ မလိုချင်မှ တဏှာသေသည်။ [နာ–၁၉၇] တဏှာသေမှ နောက်ခန္ဓာ မရတော့ပါ။ နောက်ခန္ဓာ မရမှသာ အိုဘေး၊ နာဘေး၊ သေဘေးက လွတ်သည်။

ဤဘေးဆိုးများက လွတ်အောင် ကိုယ့်ကိုယ်ကိုယ် ကာကွယ်လိုလျှင် သစ္စာဉာဏ် ရအောင် လုပ်ရမည်။ [နာ–၁၉၉] ဤတွင် သတိပဋ္ဌာန်လေးပါးကို ခန္ဓာငါးပါး တစ်ပါးပါးထဲ သွင်းပုံကို ပြသည်။ ရူပက္ခန္ဓာကို ရှုလျှင် ကာယာနုပဿနာ၊ ဝေဒနာက္ခန္ဓာကို ရှုလျှင် ဝေဒနာနုပဿနာ၊ ဝိညာဏခန္ဓာ(စိတ်)ကို ရှုလျှင် စိတ္တာနုပဿနာ၊ သညာ၊ သင်္ခါရကို ရှုလျှင် ဓမ္မာနုပဿနာ ဖြစ်သည်။ [နာ–၂၀၀] မိမိတို့ နှစ်သက်ရာ ခန္ဓာထဲ သစ္စာနုလောမိကဉာဏ်သွင်းပြီး ဖြစ်ပျက်မြင်အောင် ရှုရမည်။ သစ္စာသည် တခြားလားဆိုတော့ မဟုတ်ပါ။ ဖြစ်ပျက်သည် ဒုက္ခသစ္စာ ဖြစ်သည်။ ဒုက္ခသစ္စာကို ပျော်အောင် သိသောဉာဏ်သည် သစ္စာဉာဏ်ပဲ။ [နာ–၂၀၁] ဒုက္ခသစ္စာကို သိခြင်းသည် အဝိဇ္ဇာချုပ်ပြီး ဝိဇ္ဇာဉာဏ် ဖြစ်ပေါ်လာခြင်း ဖြစ်သည်။

ထိုဒုက္ခကို သိပြီး မလိုချင်လျှင် တဏှာ သေပြီ။ အလောဘ ဖြစ်ပြီ။ [နာ–၂၀၃] ခန္ဓာထဲ သစ္စာဉာဏ်သွင်းလိုက်တော့ ခန္ဓာက ဒုက္ခသစ္စာ၊ သိတာက မဂ္ဂသစ္စာ၊ သေတာက အဝိဇ္ဇာနှင့်တဏှာ၊ နောက်ခန္ဓာ မပေါ်တာက နိရောဓသစ္စာ ဖြစ်သွားသည်။ [နာ–၂၀၃] ဤကဲ့သို့ ဝိပဿနာ အလုပ်ဖြင့် သစ္စာဉာဏ် သွင်းလိုက်သောအခါ အဝိဇ္ဇာနှင့်တဏှာ သေသွားသည်။ ထိုအခါ ခန္ဓာဒုက္ခဇာတ် သိမ်းသည်။ နိဗ္ဗာန်ကို မျက်မှောက်ပြုရသည်။

ဤတွင် အချိန်စေ့၍ တရားနားလိုက်သည်။

*

## ၅။ ခန္ဓာတွေ ပြန်ပြန်ရနေခြင်းအကြောင်း

[၂၇–၈–၆၁ နေ့က အမရပူရမြို့ မင်္ဂလာတိုက်ဟောင်းမှာ ဟောသောတရား]

ခန္ဓာအပေါ် ခင်မှုတဏှာ၊ အထင်ကြီးမှု မာန၊ ငါထင်မှု ဒိဋ္ဌိ (တဏှာ မာန ဒိဋ္ဌိ) ရှိနေခြင်းကြောင့် သံသရာမှ ထွက်ရပ်လမ်း မတွေ့ခဲ့ရခြင်း ဖြစ်သည်ဆိုသော စကားဖြင့် ဤတရားကို စတင် ဟောကြားပါသည်။

တဏှာ၊ မာန၊ ဒိဋ္ဌိရှိလျှင် ခန္ဓာဘက်ချည်း ပြန်လှည့်သည်။ ခန္ဓာချုပ်ငြိမ်းရပ်သိမ်းသော နိဗ္ဗာန်ကို မရောက်နိုင်ပုံကို ဟောသည်။ ခန္ဓာဒုက္ခသစ္စာကြီးကို သေပြီးပြန်ရ ဖြစ်နေရသည်မှာ တဏှာ၊ မာန၊ ဒိဋ္ဌိ(ပပဉ္စတရား)ကြောင့်ပင် ဖြစ်၏။

http://www.dhammadownload.com



ဤတဏှာ၊ မာန၊ ဒိဋ္ဌိကြောင့် သံသရာမှာ ခန္ဓာချည်း ပြန်ရနေသောကြောင့် အိုသော၊ နာသော၊ သေသောကိုချည်း အဖော်လုပ်ပြီး နေခဲ့ရသည်။ အန္တရာယ် ကင်းသော ဘဝ မရှိခဲ့ပါ။ [နာ-၂၀၇] ဤတွင် ဆရာတော်ကြီးက အိုသောကို သားသမီး မုန်းတဲ့အဖြစ်၊ နာသောကို သူများ တံတွေး ထွေးတဲ့အဖြစ်၊ သေသောကို မြို့ထဲရွာထဲက နှင်ထုတ်ခြင်း ခံရသောအဖြစ်ဟု သရုပ်ပါအောင် ဟောပုံမှာ ထူးခြား၍ ပေါ်လွင်လှပါသည်။ [နာ-၂၁၀] ဤသို့ ဖြစ်ရသည်မှာ တဏှာ၊ မာန၊ ဒိဋ္ဌိ လက်ချက်ကြောင့် ဖြစ်ကြောင်း ရှင်းပြထားသည်။ [နာ-၂၁၂]

ဤခန္ဓာကို မခင်သင့်ကြောင်းကို ခွေးဥပမာဖြင့် ပြသေးသည်။ ခွေး တစ်ကောင်ကို လည်ပတ်တပ်ပြီး ဝါးလုံးစွပ်ထားသော ကြိုးဖြင့် တိုင်မှာ တုတ်ချည် ထားသည်။ တိုင်ကလည်း မြဲ၊ ကြိုးကလည်း ခိုင်၊ လည်ပတ်ကလည်း မပြတ်နိုင်၊ မပြုတ်နိုင်ပါ။ သည်ခွေး ဘယ်ကို ပြေးမလဲ။ တိုင်ပတ်ပြေး (အဝိုင်းပြေး) ပြေးရ မည်။ တိုင်လည်း မကျိုး၊ ကြိုးလည်း မပြတ်၊ လည်ပတ်လည်း မပြုတ်ဘူးဆိုလျှင် ဤခွေးအဖြစ်က ဆိုးပြီ။ [နာ-၂၁၄] ဤခွေး တိုင်ခြေမှာ ပြေးပြီး တိုင်ခြေမှာပဲ နေ၊ တိုင်ခြေမှာပဲ သေရှ ရှိတော့သည်။ [နာ-၂၁၆] ခန္ဓဝဂ္ဂသံယုတ်မှာ ဤဥပမာကို ဟောတော်မူသည်။ [နာ-၂၁၇]

ပြီးမှ ဥပမာနှင့် ဥပမေယျ (ခွေးနှင့်ပုထုဇဉ်) တူပုံကို နှိုင်းပြသည်။ ခန္ဓာက ချည်တိုင်၊ တဏှာက ကြိုး ငါစွဲဒိဋ္ဌိက လည်ပတ် ဖြစ်သည်။ မသိသော ပုထုဇဉ်က ခွေးနှင့် ဥပမာ ထားရမည်။ [နာ-၂၁၈] ပုထုဇဉ် အသိဉာဏ်ကင်းမဲ့ပုံ မိုက်ပုံသည် ခွေးနှင့် မထူးဘူးဟု ဘုရားက ဟောသည်။ [နာ-၂၂၀] ကြည့်ပါ ပုထုဇဉ်က ဒီခန္ဓာကြီး ခလုတ်မထိ ဆူးမငြိပါစေနှင့်ဟု ဆုတောင်းသည်။ ဆုတောင်းတဏှာ ဖြစ်သည်။ ခန္ဓာကို ခင်၍ ဖြစ်သည်။ ဤကား ပုထုဇဉ် မိမိကိုယ်ကို တဏှာကြိုးနှင့် ချည်နှောင်ခြင်း ဖြစ်၏။ ခန္ဓာငါးပါးက ချည်တိုင်။ ခန္ဓာကို ခင်သော တဏှာက ကြိုးဖြစ်ပြီး တိုင်နှင့်ကြိုး ရစ်ပတ်ပြီ။ ဤခန္ဓာကို ပုထုဇဉ်က ငါ့ကိုယ်ငါ့ဟာဟု ဒိဋ္ဌိစွဲသည်။ ဒိဋ္ဌိ လည်ပတ်တပ်ပြီ။ ဒိဋ္ဌိလည်ပတ်နှင့် တဏှာကြိုး ဆက်ပြီး ခန္ဓာ ငါးပါး တိုင်မှာ ချည်ပြီ၊ တုပ်ပြီ။ သည်တော့ ပုထုဇဉ်အဖြစ်သည် လည်ပတ်စွပ်ပြီး တိုင်မှာ ကြိုးနှင့် ချည်ထားခြင်း ခံရသော ခွေးအဖြစ်နှင့် တူကြောင်း ဟောသည်။ [နာ-၂၂၁] ဘာမှန်း မသိဘဲ ပုထုဇဉ် လူ့ဘဝ နတ်ဘဝ ဆုတောင်းကြသည်။

ထိုသို့ ဆုတောင်းခြင်းသည် တိုင်လည်း မကျိုးပါစေနှင့်၊ ကြိုးလည်း မပြတ် ပါစေနှင့် လည်ပတ်လည်း မပြုတ်ပါစေနှင့်ဟု ဆုတောင်းရာ ကျပုံကို ပြသည်။

http://www.dhammadownload.com



[နှာ-၂၂၆] ဒါကြောင့် ဒီတစ်ခါမှာ တိုင်ကျိုး၊ ကြိုးပြတ်၊ လည်ပတ်ပြုတ်အောင် လုပ်မှ တော်မည်။ မဟုတ်ပါက ဖြစ်ရာဘဝ၊ လည်ပတ်နှင့်တိုင်မှာ ကြိုးချည်ခံရသော ခွေးအဖြစ်ဖြင့်သာ ကျင်လည်ရပေတော့မည်။ [နှာ-၂၂၆] ဆရာတော်က ဤပဟာရား သည် တိုင်ကျိုး၊ ကြိုးပြတ်၊ လည်ပတ် ပြုတ်စေသော တရားဖြစ်ခြင်းကြောင့် လွတ်လပ်ရေးတရားဟု ခေါ်ထားသည်။ [နှာ-၂၃၀] ကိလေသဝဋ်၊ ကမ္မဝဋ်၊ ဝိပါကဝဋ် ကျွတ်စေမည့် တရားဟု ဆိုသည်။ ဤတွင် ခန္ဓာတိုင်ကြီးသည် ဒုက္ခသစ္စာ ဖြစ်ပုံ၊ တဏှာကြိုးနှင့် ဒိဋ္ဌိ လည်ပတ်သည် သမုဒယသစ္စာ ဖြစ်ပုံကို ပြသည်။

သစ္စာဉာဏ်ဖြင့် ကြည့်တတ်အောင် သင်ပေးခြင်း ဖြစ်သည်။ [နှာ-၂၃၂] သစ္စာဉာဏ်ဖြင့် ကြည့်လိုက်လျှင် ပုထုဇဉ်ချင်း ပြိုင်နေကြတာသည် ဆိတ်ဆုံလှည့်သည့် နွားချင်း အပြေးပြိုင်နေသည်နှင့် တူကြောင်း နှိုင်းပြပြန်သည်။ [နှာ-၂၃၃] ပုထုဇဉ် သစ္စာ မသိသောကြောင့် ဒုက္ခသစ္စာပြီး ဒုက္ခသစ္စာပဲ ဆုတောင်းယူနေကြကြောင်း ဟောသည်။ [နှာ-၂၃၉] အမှန်မှာ တိုင်လည်းကျိုးအောင်၊ ကြိုးလည်း ပြတ်အောင်၊ လည်ပတ်လည်း ပြုတ်အောင် လုပ်မှ သင့်တော်မည် ဖြစ်သည်။ [နှာ-၂၄၂] ဒီခန္ဓာ ကြီးမှာ နိစ္စသဘော ဘာမှမရှိဆိုပြီး ဝိပဿနာ ရှုရမည်။ စိတ်ကြိုက် စိတ်ရှု၊ ဝေဒနာကြိုက် ဝေဒနာ ရှုဖို့ တိုက်တွန်းသည်။ ခန္ဓာငါးပါး ဖြစ်ပျက်ပဲ၊ အနိစ္စဝတ သင်္ခါရာပဲဟု မြင်အောင် ရှုရမည်။

ဖြစ်တာက သင်္ခါရ၊ ပျက်တာက အနိစ္စ ဖြစ်၏။ ဖြစ်ပျက်မြင်လျှင် ဒီခန္ဓာ မမြဲပါကလား၊ ငါ့ဟာ ငါ့ဥစ္စာ မဟုတ်ပါကလားဟု သိမြင်သွားသည်။ ထိုအခါ တိုင်ကျိုးပြီ။ ခန္ဓာ မမြဲဘူးဆိုတာမြင်လျှင် ခန္ဓာကို ခင်သော တဏှာသေသည်။ ကြိုးပြတ်ပြီ။ ငါ မရှိလျှင် ငါ့ဟာ ငါ့ဥစ္စာလည်း မရှိတော့ပါ။ တဏှာ၊ မာန ပြတ်ပြီ။ ထိုအခါ ဒိဋ္ဌိစွဲလည်း ပြုတ်သည်။ လည်ပတ် ပြုတ်ပြီ။ [နှာ-၂၄၅] ဖြစ်ပျက်မြင်သော ပုဂ္ဂိုလ်မှာ တိုင်ကျိုး၊ ကြိုးပြတ်၊ လည်ပတ် ပြုတ်သည်။

ထိုအခါ အန္ဓပုထုဇဉ်သည် ကလျာဏပုထုဇဉ် ဖြစ်ပြီ။ ဖြစ်ပျက်မြင်သော ဥဒယဗ္ဗယဉာဏ်မှ တစ်ဆင့် နိဗ္ဗိန္ဒဉာဏ်ကို ရောက်ပြီဆိုလျှင် သောတာပန်မျိုးစေ့ ရပြီဆို၏။ [နှာ-၂၄၆] ကြိုက်ရာဝိပဿနာ တစ်ခုကို စိုက်ပြီး ရှုနေလျှင် ခန္ဓာကြီး မလိုချင်သောဉာဏ်က တက်လာပြီး ခန္ဓာဖြစ်ပျက် အဆုံးကို မြင်သွားသည်။ ထိုအခါ ဒိဋ္ဌိလည်ပတ်လည်း အမြဲတမ်း ပြုတ်ထွက်သွားသည်။ ထိုအခါ သောတာပန် တည်သည်။ [နှာ-၂၄၈] ဝိပဿနာမှတစ်ပါး အားထားစရာ မရှိကြောင်း ဟောသည်။ တိုင်ကျိုးချင်လည်း ဝိပဿနာရှု၊ ကြိုးပြတ်ချင်လည်း ဝိပဿနာရှု၊ လည်ပတ်

http://www.dhammadownload.com



ပြုတ်ချင်လည်း ဝိပဿနာ ရှုရမည်ဟု ဟောပြီး ကိုယ့်ကိုယ်ကိုယ် သနားလျှင် ဝိပဿနာ အလုပ်ကို မဖြစ်မနေ လုပ်ကြဖို့ တိုက်တွန်းထားသည်။ [နာ-၂၅၈]

မဂ်သည် သမုဒယသစ္စာကို ဖြတ်သည်။ သမုဒယ ပြတ်လျှင် နောက်ဒုက္ခ မလာတော့ပါ။ အဲဒါ နိရောဓသစ္စာ ဖြစ်သည်။ ဤအတိုင်းသာ အားထုတ်ပါ။ သစ္စာ မြင်လိမ့်မည်ဟု ဟောရင်း အချိန်စေ့၍ တရားနားလိုက်သည်။

*

## ၆။ အလုပ်စဉ် ဝိပဿနာတရား

[၁၀-၈-၆၁ နေ့က အမရပူရမြို့ မင်္ဂလာတိုက်ကျောင်းမှာ ဟောသောတရား]

အလုပ်စဉ် ဝိပဿနာတရားကို ယနေ့ ထပ်ပြီး နာကြရမည်ဆို၍ ဤတရားကို စတင် ဟောကြားလေသည်။ အလုပ်၏ အရေးကြီးပုံကို ပြသည်။ လောကမှာ ဘုရားဖြစ်ချင်လျှင် နိဗ္ဗာန်ရောက်ချင်လျှင်လည်း အလုပ်လုပ်မှ ရကြောင်းကို ဟောသည်။ မိမိတို့မှာ သာသနာနှင့်လည်းကြုံ၊ လူလည်းဖြစ်၊ ဆရာကောင်း သမားကောင်းကိုလည်း တွေ့ရ၊ ထောင်တတ်တဲ့ နားလည်းရှိ၊ သဒ္ဓါသမုတ္တိလည်း ပြည့်စုံလျက် အခွင့်ကောင်း အခါကောင်း ကြုံခိုက် နိဗ္ဗာန်ရအောင် အားထုတ်လိုက်မည်ဟု စိတ်ဆုံးဖြတ်ကြဖို့ တိုက်တွန်းထားသည်။ [နာ-၂၅၃] ဒကာ ဒကာမများက ဘုရားဟောတာ အမှန်ဟု ယုံကြည်ပြီး ဘုရားဟောသည့်အတိုင်း လိုက်နာ လုပ်ဆောင်အပ်ကြောင်း ဟောသည်။ [နာ-၂၅၅]

ထို့နောက် အင်္ဂုတ္တိုရ်ပါဠိတော် တစ်ပိုဒ်ကို ကိုးကားပြသည်။ '**ဣဓ ဘိက္ခဝေ အရိယ သာဝကော၊ ဝေဒနာယပိ အနိစ္စာ နုပဿီဝိဟရတိ အနိစ္စသညီ အနိစ္စ ပဋိ သံဝေဒီ၊ သကတံ သမိတံ အဗ္ဗော တိမဏ္ဍဲ စေတသာ အဓိမုစ္စမာနော၊ ပညာယ ပရိယော ဝါဟမာနောသော အာသဝါနံ ခယာ အနာသဝံ စေတော ဝိမုတ္တိံ ပညာဝိမုတ္တိံ ဒိဋ္ဌေဝ ဓမ္မေ ဝိဟရတိ**' ဤပါဠိကို ထုတ်ပြပြီး သတိပဋ္ဌာန်လေးပါး ရှိကြောင်း ကိုယ်(ရုပ်)ကို ရှုတာက ကာယာနုပဿနာဖြစ်ကြောင်း၊ ဝေဒနာကို ရှုတာက ဝေဒနာနုပဿနာဖြစ်ကြောင်း စသည် ခွဲပြသည်။ (ယခင်ပြပြီး)

ဤတရားတွင် သတိပဋ္ဌာန်၊ သတိပဋ္ဌာန်ဘာဝနာ၊ သတိပဋ္ဌာန်ကျင့်ထုံး လမ်းဆုံး သုံးမျိုး ရှိပုံကို ထူးထူးခြားခြား ခွဲပြထားသည်။ [နာ-၂၆၀] စိတ်တစ်ခု

http://www.dhammadownload.com



ဖြစ်လျှင် ဖြစ်တာပဲ သိပြီး အပျက်ကို မမြင်သေးလျှင် သတိပဋ္ဌာန်ပဲ ဖြစ်သေးသည်။ ခန္ဓာ၏ ဖြစ်ပျက်ကို တွေ့ပြီဆိုမှသာ သတိပဋ္ဌာန်ဘာဝနာ ဖြစ်သည်။ ဘာဝနာက ပွားများရတာ ဖြစ်သည်။ ဖြစ်ပျက်အဆုံးကို မြင်ပြီဆိုပါက သတိပဋ္ဌာန်လမ်းဆုံး (သတိပဋ္ဌာနဂါမိနီပဋိပဒါ) ဖြစ်၏။ ဤအဆင့်သို့ ရောက်လျှင် ဖြစ်ပျက်ဆုံးပြီး၊ မဂ္ဂင်ငါးပါးမှ မဂ္ဂင်ရှစ်ပါး ပြည့်သောအဆင့်သို့ ရောက်၏။ [နှာ-၂၆၁] ပထမ သမာဓိ မဂ္ဂင်ငါးပါးမှ ဖြစ်ပျက်ဆုံးမဂ် ပေါ်သည်နှင့် သီလမဂ္ဂင်သုံးပါး ပေါ်ပြီး၊ မဂ္ဂင်ရှစ်ပါး ပြည့်တော့သည်။

စောစောက ပြခဲ့သော ပါဠိတော်မှာ သတိပဋ္ဌာနဘာဝနာက စဟောသည်။ အဓိပ္ပာယ်မှာ ရဟန်းတို့ ငါဘုရားသာသနာ၌ အရိယာသာဝကသည် ဝေဒနာကို 'အနိစ္စ နုပဿီ ဝိဟာရတိ' အနိစ္စဟု ရှုလေ့ရှိသည် ဖြစ်၍နေ၏။ ဝေဒနာသည်လည်း ဖြစ်ပျက်နေသော အနိစ္စပါတကားဟုသာ ရှုပေးပါ။ ဝေဒနာဟု မလိုက်နှင့် အနိစ္စ ဟုသာ ရှုပေးပါ။ အနိစ္စဟုသာ ရှုမှတ်နေရမည်။ အနိစ္စဟုသာ ဉာဏ်နှင့် သိနေရမည်။ [နှာ-၂၆၄] အနိစ္စဟု မှတ်ဖန် သိဖန် များလာသောအခါ အနိစ္စဟု ဆုံးဖြတ်ချက် ကျသွားသောအခါ အနိစ္စထဲချည်း ဉာဏ်က သက်ဆင်းသွားသည်။ [နှာ-၂၆၇] အလုပ်စဉ်မှာ ရှေးဦးစွာ အနိစ္စဟု ရှု၊ အနိစ္စဟု မှတ်၊ အနိစ္စဟု သိပြီးနောက် အနိစ္စ အမှန်ပဲဟု ဆုံးဖြတ်ချက်ချသောဉာဏ် ပေါ်လာလိမ့်မည်။ [နှာ-၂၆၈] ဤကဲ့သို့ အနိစ္စသို့သာ ဉာဏ်သက်ဝင်သွားပြီ ဆိုပါက အာသဝေါကုန်တော့မည်ဟု မှတ်ပါ [နှာ-၂၆၉]ဟု မိန့်ထားသည်။

မလျှော့နှင့်တော့ မပြတ်လုပ်နေပါဟု တိုက်တွန်းသည်။ ဤနေရာမှာ ကိလေသာကြားခိုလျှင်ပျက်လိမ့်မည်ဟု ဆိုသည်။ ကိလေသာကလည်း ချက်ကောင်းမှ ဝင်တတ်သည်။ ကိလေသာ ကြားခိုသဖြင့် ကဿပဘုရားရှင်လက်ထက်က သေယျ ဆုံးရှုံးနစ်နာခဲ့ရပုံကို ဥပမာ ပြသည်။ [နှာ-၂၇၂] တရားအားထုတ်နေစဉ် ကိလေသာ အဝင်မခံဖို့၊ ငဲ့လုံးညာလုံးတွေ ဝင်မလာစေဖို့ အားထုတ်ရမည်ဖြစ်ကြောင်း ပြသည်။ [နှာ-၂၇၆] တစ်ပါးသော ကိစ္စများ မရောရအောင် ဖြစ်ပျက်အနိစ္စထဲမှာသာ ဉာဏ်စိုက်ထားရမည်။ ဆင်ခြေ လဲတာသည် ကိလေသာက လဲတာဖြစ်သည်။ [နှာ-၂၈၂] တရားအားထုတ်နေစဉ် တစ်ပါးသော ကိလေသာကိစ္စများ ဝင်လာလျှင် ၎င်းတို့သည် မဂ်ကို တားဆီးတတ်သည်။ ဤတွင် မဂ်တားဖိုလ်တား ဝင်လာသော

http://www.dhammadownload.com



နိဝရဏ ပေါ်လာလျှင် ထိုတရားများကိုပါ အရှုခံလုပ်ပြီး ဖြစ်ပျက် ရှုပစ်ရန် သင်ကြားပေးထားသည်။ [နှာ–၂၈၄]

ဤသို့ ရှုသင့်ကြောင်း အင်္ဂုတ္တိုရ်မှာ ဥပဝါဏကို ဘုရားဟောထားကြောင်း ဟောထားသည်။ [နှာ–၂၈၅] မဂ်တားသည် ဆိုရာမှာလည်း မရှုလိုက်လျှင် တားသည်၊ ရှုလိုက်လျှင် မတားတော့ပါ။ ဧဟိပဿိကောနှင့် လိုက်ပုံကို ပြသည်။ [နှာ–၂၈၆] အရှုခံလာသော တရားချည်း ဖြစ်သည်။ အရှုခံလာတာကို မရှုလိုက်မိလျှင် ပဋိစ္စသမုပ္ပာဒ် တန်းသွားသည်။ [နှာ–၂၈၇]

'ဧဟိပဿိကော' ပါဠိအရ ကိလေသာ ကြိုးထိုးလာတာကိုလည်း ဖြစ်ပျက် ရှုပစ်ရမည်။ [နှာ–၂၈၈] အသုံးချတတ်လျှင် ဆေးဖြစ်သည်ဟု ဆိုသည်။ အသုံးမချတတ်ပါက ဘေးသင့်တတ်ကြောင်း ဆုံးမသည်။ [နှာ–၂၈၉] အနိစ္စထဲ ဉာဏ်သက်ဝင်နေချိန်မှာ တစ်ပါးသော တရား ဝင်မလာစေနှင့် ဝင်လာလျှင်လည်း ထိုကြားဝင်လာသော တရားကိုပါ ဖြစ်ပျက်ထဲ ဝင်သွားအောင် မလွတ်စေဘဲ ရှုပစ်ရမည်။ မရှုမိလျှင် ပဋိစ္စသမုပ္ပာဒ်တန်းပြီး နှစ်ဘဝ ဆက်သွားလိမ့်မည် ဆို၏။ [နှာ–၂၉၂] အရေးကောင်း ဒိန်းဒေါင်းဖျက် ဆိုသလို အဖျက်လာသော တရားကိုပင် မိတ်ဆွေပြုပြီး ဖြစ်ပျက်ရှု၍ အသုံးချပစ်ရမည်။ [နှာ–၂၉၃]

ထိုအခါ ရှုဉာဏ်ထဲမှာအနိစ္စပဲတန်းသွားသည်။မပြတ်တော့ပါ။[နှာ–၂၉၄] ကိလေသာ ကြားမခိုတော့ပါ။ ကြားမခိုသော ပုဂ္ဂိုလ်သည် အနိစ္စပဲ သိနေသော ပုဂ္ဂိုလ်သည် အာသဝေါတရားတို့၏ ကုန်ရာ နိဗ္ဗာန်ကို သမာဓိပြဋ္ဌာန်းသော အရဟတ္တဖိုလ်သို့ ပညာဝိမုတ္တိ၊ ပညာပြဋ္ဌာန်းသော အရဟတ္တဖိုလ်သို့ ယခု ပစ္စက္ခခဏမှာပင် ကိုယ်တိုင် သိ၍ မျက်မှောက်ပြု၍ မုချနေရ၏ဟု ဖော်ညွှန်းထားသည်။ [နှာ–၂၉၄] ဖြစ်ပျက် မြင်နေလျှင် ကာမာသဝ၊ ဘဝါသဝ၊ ဒိဋ္ဌာသဝတွေ မလာနိုင်တော့ပါ။ [နှာ–၂၉၆] အနိစ္စထဲပဲ ဉာဏ်သက်နေသောကြောင့် အနိစ္စကို မုန်းသွားသည်။ နောက်တော့ အနိစ္စကြီး ဆုံးသွားတာ တွေ့ရမည်။ အနိစ္စအဆုံးမှာ နိဗ္ဗာန်ပဲ တွေ့ရသည်။ [နှာ–၂၉၇]

ဆရာတော်က ဖြစ်ပျက်မြင်လျှင် တိဟိတ်ပဲဟု ဆုံးဖြတ်ထားသည်။ [နှာ–၂၉၉] ကိလေသာတွေကို ဉာဏ်နှင့် ဆပ်ပစ်လျှင် ဝဋ်ကျွတ်ပါသည်။ ဝဋ်ကျွတ်ရေးသည် ကိုယ့်အရေးမို့ ဘယ်သူ့ကိုမှ ငဲ့မနေနှင့်ဟု တိုက်တွန်းရင်း အချိန်စေ့သဖြင့် တရားကို နားလိုက်သည်။

*

http://www.dhammadownload.com



## ၇။ အားထုတ်နည်းသုံးမျိုးအကြောင်း

[၁၁-၈-၆၁ နေ့က အမရပူရမြို့ မင်္ဂလာတိုက်ကျောင်းမှာ ဟောသောတရား]

မိမိတို့ ခန္ဓာကိုယ်ထဲမှာ အိုဘေး၊ နာဘေး၊ သေဘေး ရှိတယ်ဆိုတာ သိကြပါ့ သတိပေးစကားဖြင့် ဤတရားကို စတင် ဟောကြားပါသည်။ ဤဘေးများသည် ခန္ဓာကိုယ် ရကတည်းက ပါလာသည်။ သို့ဆိုလျှင် အစကတည်းက အမှားကျွံလာပြီ ဟု သိသင့်သည်။ လူ့ဘဝ နတ်ဘဝတွေကိုကြည့် လူချမ်းသာ၊ နတ်ချမ်းသာ ဖြစ်ချင်သော တဏှာနှင့်ကုသိုလ်တွေ လုပ်သည်။ ကုသိုလ်ကြောင့် ခန္ဓာအစဉ် ရတော့၊ ခန္ဓာမှာ အိုနာသေဘေးက စပြီး ပါလာတော့သည်။ [နှာ-၃၀၂] ခန္ဓာရတော့ ယခုဘဝ အိုဘေး၊ နာဘေး၊ သေဘေး ပါရသည်။ ဒုက္ခသစ္စာ ခန္ဓာကြီး ရထားသည်။ အမှားကျွံခဲ့ခြင်း ဖြစ်၏။

ဤတွင် ဆရာတော်က အိုနာသေဘေး ရောက်အောင်လုပ်သော အကြောင်း လက်သည်ကို ရှာပြသည်။ တဏှာအုပ်ချုပ်သောကံကြောင့် အိုနာသေ တွဲနေသော ဒုက္ခသစ္စာ ခန္ဓာကြီးကို ရခြင်းဖြစ်ကြောင်း ဟောသည်။ [နှာ-၃၀၅] ပြီးမှ တဏှာသည် အဝိဇ္ဇာလက်အောက်ခံဖြစ်ကြောင်း ပြသည်။ ထို့ကြောင့် အဝိဇ္ဇာအောက်က တဏှာ၊ တဏှာအောက်ကမှ ကံ၊ ကံအောက်ကမှ အိုနာသေဘေးပါသော ခန္ဓာကြီး ဖြစ်သည်။ [နှာ-၃၀၅] ဤတရားတွင် ခန္ဓာကိုယ်ထဲမှာ အိုအောင်လုပ်တာ၊ နာအောင် လုပ်တာ၊ သေအောင်လုပ်တာ တေဇောဓာတ်ဖြစ်ကြောင်း ထုတ်ဖော် ဟောကြား သည်။ [နှာ-၃၀၇]

ခန္ဓာကိုယ်ထဲမှာ ဓာတ်တွေကို ရင့်ကျက်စေသော တေဇောဓာတ် မီးလောင် ကျွမ်းနေသည်။ အပူမီးလောင်ခြင်းမှ ကင်းသော အလုပ် လုပ်မည်ဆိုတော့ အတောင် ကျိုးသော ကြိုးကြာအိုကြီးနှင့် တူနေပြီ ဆို၏။ ကန်ရေလည်း ခန်းပြီ၊ ငါးလည်း မရှိတော့၊ အတောင်ကလည်း ကျိုး၍ မပျံနိုင်၊ ကြိုးကြာအို လက်မှိုင်ချရသကဲ့သို့ ပုထုဇဉ် အဖြစ်လည်း ခုကျမှ မတတ်နိုင်သော အဖြစ်နှင့် ကြုံနေရကြောင်း ပြသည်။ [နှာ-၃၀၈] ဓမ္မပဒမှာ လာသည် ဆို၏။

အပူတေဇောဖြစ်တုန်းမှာ အိုရ၊ နာရသည်။ အအေးတေဇောလာတော့ သေရ သည်။ သည်တေဇောက ခုကျွမ်းအောင် လောင်အောင်လုပ်ပြီး နောက်တော့ သေအောင်လုပ်သည်။[နှာ-၃၀၉] သေမင်းက ကိုယ်ထဲမှာ အပြီးပါလာသည်။ ကိုယ်ယူလာသော လက်နက်ဖြင့် ကိုယ်အသတ်ခံရခြင်း ဖြစ်သည်ဆို၏။ [နှာ-၃၁၁]

http://www.dhammadownload.com



သေခါနီးမှာ ကမ္မဇရုပ်တွေ ချုပ်ကုန်သည်။ အဝိဇ္ဇာ၊ တဏှာ၊ ကံကြောင့် ဇရာ၊ မရဏ ဖြစ်ရပုံကို မသိလို့ လိုချင်၊ လိုချင်လို့ ပြုလုပ်၊ ပြုလုပ်လို့ သေခြင်းဆိုး သေရသည်ဟု မိန့်ပါသည်။ [နှာ-၃၁၂] အိုအောင်၊ နာအောင်၊ သေအောင်လုပ်တာ တေဇော၊ သည်တေဇော ဘယ်သူ စီမံသလဲ၊ ကံက စီမံသည်။ ဆရာတော်က သည်ကံကို အားကိုး သူများကို ဝေဖန်သည်။ ကံအမိ၊ ကံအဖ လုပ်သူများကို အရူးတွေဟု ခေါ်သည်။ [နှာ-၃၁၅]

အိုနာသေဘေးကို အဝိဇ္ဇာ၊ တဏှာနှင့် ကံက ပြုပြင်စီမံခဲ့ပုံကို ပဋိစ္စသမုပ္ပါဒ် အတိုင်း ပြသည်။ ဤကား လက်သည်များ ဖြစ်၏။ ဤအဝိဇ္ဇာ၊ တဏှာ၊ ကံကို မဂ်ဓားနှင့် ဖြတ်မှ ရသည်။ အဝိဇ္ဇာနှင့် တဏှာကို မဂ်ဉာဏ်ဓားဖြင့် ဖြတ်လိုက်လျှင် ကံအလိုလို ပြတ်သည်ဟု ဆိုသည်။ [နှာ-၃၂၁] ကံပြတ်လျှင် နောက်ခန္ဓာ မရတော့ ဘူး၊ ခန္ဓာ မရတော့လျှင် အိုနာသေ အလိုလို ဇာတ်သိမ်းသည်။ အိုနာသေ ဇာတ်သိမ်း အောင် ဆုတောင်း၍ မရပါ။ အလုပ်လုပ်မှ အားထုတ်မှ ရသည်ဟုလည်း ဆုံးမ ထားသည်။ [နှာ-၃၂၁] သုံးဆယ့်တစ်ဘုံပဲ ဆုတောင်း၍ ရသည်။ ဒါဖြင့် အိုနာသေ ဘေး လွတ်အောင် လုပ်ချင်လျှင် ဝိပဿနာမဂ်ကိုသာ အားကိုးရမည်။ ဝိပဿနာမဂ် ကို အိမ်နီးချင်း ရှိသေအောင် လုပ်ပုံမျိုးဖြင့် လုပ်၍ မရကြောင်း၊ ထို့နောက် စတုက္ကနိပါတ် အင်္ဂုတ္တိုရ်မှ ဝတ္ထုကြောင်းကို ထုတ်ပြသည်။

ဘိက္ခုနီမတစ်ဦး မမာမကျန်းဖြစ်၍ အရှင်အာနန္ဒာကို အနားသို့ ကြွဖို့ ဖိတ်ခေါ် ရန် အစေခံတစ်ဦးကို ခိုင်းသည်။ စုံစမ်းကြည့်တော့ လိုက်ရမည့် ပုဂ္ဂိုလ်ဖြစ်၍ အရှင်အာနန္ဒာ လိုက်သွားသည်။ ဘိက္ခုနီမက အကောင်း၊ အရှင်အာနန္ဒာလာမှ အိပ်ရာထဲ ခေါင်းမြီးခြုံပြီး အိပ်နေသည်။ အရှင်အာနန္ဒာက ရိပ်မိသည်။ ဒီဘိက္ခုနီမ ဖွေဖောက်တာပဲ ဆိုပြီး သိတာနှင့် တရားဟောလိုက်သည်။ “အာဟာရကြောင့် ဖြစ်သော ခန္ဓာကိုယ်ကို အာဟာရကြောင့် နိဗ္ဗာန်သွားအောင် လုပ်ပါ” ဟု ဟောသည်။ တဏှာကြောင့် ဖြစ်သော ခန္ဓာကိုယ်မှာ တဏှာကို သတ်ပြီး နိဗ္ဗာန်ကို သွားအောင် လုပ်ပါ။ မာနကြောင့်ဖြစ်သော ခန္ဓာကိုယ်မှ မာနကို ပယ်ပြီး နိဗ္ဗာန်ကို သွားပါဟု ဟောလိုက်သည်။

ဤတွင် ဝိပဿနာ ရှုနည်းကို သင်ပြသည်။ အာဟာရကြောင့်ဖြစ်သော ခန္ဓာ၌ စားသောက်သောအခါ စားချင်စိတ်နှင့် ရသကြောင့်ဖြစ်သော တဏှာကို ဖြစ်ပျက် ရှုရမည်။ ထိုသို့ ရှုလျှင် အာဟာရကို အကြောင်းခံပြီး နိဗ္ဗာန်ကို ရနိုင်သည်။

http://www.dhammadownload.com



[နှာ-၃၂၇] သို့သော် မစားဘဲ ကျင့်လျှင် ဒိဋ္ဌိဘက် ရောက်သည်။ [နှာ-၃၂၈] ဤသို့ သတိပေးသည်။ ဘာနှင့်စားစား ကြိုက်ရာနှင့်စား။ ခန္ဓာကိုယ်ကို ခိုင်မာအောင်တော့ လုပ်ရမည်။ အဓိကမှာ စားသောစိတ်ကိုသာ ဖြစ်ပျက် ရှုရမည်။ ဒါကြောင့် အစားက လိုရင်း မဟုတ်။ စားသောအခါ ဖြစ်သောစိတ် တဏှာကို ပယ်တတ်ဖို့က သာ လိုရင်း ဖြစ်သည်။ တစ်နေ့ တစ်လုတ်နှစ်လုတ် စားတာတို့ သက်သတ်လွတ် စားတာတို့ကို မလိုအပ်ကြောင်း ဆရာတော်က အတိအလင်း ဟောသည်။ [နှာ-၃၂၈]

သက်သတ်လွတ်တွေ ဘာတွေ ရှုပ်နေတာ၊ အဲဒါတွေ ဘာမှ မဆိုင်ဘူး။ အာဟာရကြောင့် စားတဲ့အခါ ဖြစ်သော တဏှာ အဲဒါကိုသာ ဖြစ်ပျက် ရှုလိုက်ရင် ပြီးတာပဲဟု ဆိုသည်။ [နှာ-၃၂၉] စားသောစိတ်ကို ဖြစ်ပျက် ရှုလိုက်လျှင် အပယ် သွားမည့် တရားတွေ ပြတ်သည်။ [နှာ-၃၃၀] လျှာပေါ်မှာ ပေါ်သောစိတ်ကို ဝိပဿနာ တင်ပြီး ဖြစ်ပျက်ရှုပုံကို ပြသည်။ ဘုရား သက်သတ်လွတ် စားခဲ့ခြင်း မရှိကြောင်း ပြပြီး၊ သက်သတ်လွတ် ဝါဒကို ကဲ့ရဲ့ထားသည်။ [နှာ-၃၃၂] ဝဠ်ကျွေး ရှိလို့သာ ပလလဲတောမှာ ဘုရားသစ်သီးစားပြီး နေခဲ့ကြောင်း ဟောသည်။ အာဟာရ က လိုရင်းမဟုတ်၊ ရသတဏှာ ဖြတ်ဖို့ကသာ လိုရင်းဖြစ်ကြောင်း ထပ်ကာ ဟောပြန် သည်။ [နှာ-၃၃၃]

အာဟာရကို ဖြတ်ရမည် မဟုတ်၊ အာဟာရကြောင့်ဖြစ်သော တဏှာကိုသာ ဖြတ်ရမည်ဟု မိန့်ဆိုတော်မူသည်။ [နှာ-၃၃၄] အစာစားတိုင်း ရှုတတ်ဖို့ကို ဟောခြင်း ဖြစ်၏။ ပဋိစ္စသမုပ္ပါဒ် စတာသည် အာဟာရက စသည်မဟုတ်၊ အစားအစာက စသည် မဟုတ်၊ လျှာပေါ်မှာ ပေါ်သော ဖဿ၊ ဝေဒနာ၊ တဏှာက စခြင်းသာ ဖြစ်၏။ [နှာ-၃၃၅] အရသာကြောင့်ဖြစ်သော ဓမ္မကို ဖြစ်ပျက်ရှုလျှင် ပြီးသည်။ ဤဘိက္ခုနီမကို ဟောသော တရားတွင် ဝိပဿနာ ရှုသောအခါ ဖြစ်ကောင်းသော တဏှာ၊ ဖြစ်ကောင်းသော မာန ရှိသေးကြောင်းလည်း ဟောထားသည်။ [နှာ-၃၃၆] တဏှာတိုင်းလည်း မကြောက်နှင့် မာနတိုင်းလည်း မကြောက်နှင့်ဟု ဟောသည်။ တဏှာကြောင့် ဖြစ်လာသော ခန္ဓာမှာ တဏှာကို ပယ်သတ်ရမည်။ တဏှာကို ပယ်သတ်လျှင် ပြီးသည်။

ထို့နောက် ဝိပဿနာ ရှုရာမှာ ထားကောင်းသော တဏှာ၊ ထားကောင်းသော မာနရှိပုံကို ဟောသည်။ [နှာ-၃၃၇] ဘယ်သူက ဖြစ်ပျက်မြင်ပြီ၊ ဘယ်သူက

http://www.dhammadownload.com



ဖြစ်ပျက် မှန်းတောင်မှန်းပြီ၊ ငါ ဘာမှ မမြင်သေးဘူးဆိုလျှင် သူတောင် ဒီတရား ရသေးတာပဲ ငါလည်း ရချင်လိုက်တာဆိုသော တဏှာ လာကောင်းကြောင်း။ သူတောင် ရသေးတာပဲ ငါလည်း ရကို ရရမယ်၊ ရအောင် လုပ်မယ်ဆိုသော တဏှာ၊ မာန ထားသင့်သည်။ လောကီနယ်မှာက သူ ဒီလောက် ရအောင် ရှာလျှင် ငါလည်း ရရမှာပေါ့ ဆိုပြီး တဏှာချင်း ပြိုင်သည်။ တဏှာသေးကို တဏှာကြီး ဖြစ်အောင် လုပ်သည်။ တရား အားထုတ်ရာမှာတော့ တဏှာ အကြောင်းရင်း ခံပြီး၊ တဏှာကို ပယ်ရမည်ဟု မိန့်ဆိုသည်။ [နှာ–၃၃၈] ရချင်သော တဏှာကို အကြောင်းခံပြီး ခန္ဓာကို ဖြစ်ပျက် ရှုလိုက်ပါက တဏှာသေသွားပုံကို ရှင်းထားသည်။ [နှာ–၃၃၉]

ဤတဏှာမျိုးက နောက်ဘဝ လိုက်ပြီး အကျိုးမပေးဟု ဟောသည်။ [နှာ–၃၄၀] ဤတဏှာသည် ပဝတ္တိအကျိုးသာ ပေးသည်။ ဇာတိ(ပဋိသန္ဓေ) အကျိုး မပေးပုံကို ပြထားသည်။ ပြီးမှ အရှင်အာနန္ဒာက မာနကို အကြောင်းခံပြီး မာနကို ပယ်တာကိုလည်း ဟောသည်။ [နှာ–၃၄၁] သူတောင် သောတာပန် ဖြစ်သေးတာပဲ။ ငါ ဘာကြောင့် မဖြစ်ရမလဲ၊ ဒီမာနမျိုး ဖြစ်ကောင်းသည်ဟု ဆိုသည်။ မခံချင်စိတ် မာနကို အကြောင်းခံပြီး ဝိပဿနာကို အားထုတ်ပါ။ ဖြစ်ပျက် ရှု၍ မဂ်ရလျှင် မာနကို ပယ်နိုင်သည်။ ဒီမာန ဖြစ်ကောင်းသည်။ [နှာ–၃၄၂] တရားအားထုတ်ရာမှာ မာန် ရှိရမည်။ စတုက္ကနိပါတ် အင်္ဂုတ္တိုရ်မှာ ဟောထားသည် ဆို၏။

ယောဂီက တဏှာမာနနဲ့ပဲ အားထုတ်ရမလား၊ သံဝေဂနှင့်ကော မရဘူးလား မေးလျှင် သံဝေဂနှင့်လည်း အားထုတ်၍ရကြောင်း ဟောသည်။ [နှာ–၃၄၇] ဤတွင် အားထုတ်နည်း သုံးနည်းကို သင်သည်။ အိုနာသေဘေးကို ကြောက်သော သံဝေဂဖြင့် အားထုတ်နည်း တစ်နည်း၊ တရားရချင်သော တဏှာနှင့် အားထုတ်နည်း တစ်နည်း၊ မခံချင်သော မာနနှင့် အားထုတ်နည်းက တစ်နည်း ဖြစ်ပုံ ရှင်းပြထားသည်။ [နှာ–၃၄၈]

မဂ်ဉာဏ်ဖိုလ်ဉာဏ်ရကြောင်း အားထုတ်နည်း သုံးနည်းကို ပြသည်။ အကောင်းဆုံးက သံဝေဂနှင့် အားထုတ်တာ အကောင်းဆုံးဟု ဆိုသည်။ [နှာ–၃၄၉] သို့သော် ယောဂီက ကြိုက်ရာနည်းဖြင့် အားထုတ်ပါ အပြစ် မရှိကြောင်း ဟောရင်း အချိန်စေ့၍ တရားနားသည်။

✱

http://www.dhammadownload.com



## ၈။ ဉာဏ်သုံးပါး ခွဲပြပုံ

[၁–၉–၆၁ နေ့က အမရပူရမြို့ မင်္ဂလာတိုက်ဟောင်းမှာ ဟောသောတရား]

တရားအားထုတ်ကြရာမှာ နိဗ္ဗာန်မင်္ဂဖိုလ်ကို ရောက်အောင် သွားရေး၌ ဆရာကောင်း၊ လမ်းပြကောင်း လိုအပ်ကြောင်းဖြင့် စတင် ဟောကြားလေသည်။ လမ်းပြဆိုတာ အရိယာသူတော်ကောင်းဟု မှတ်ရမည် ဆို၏။ မာဂဏ္ဍီပုဏ္ဏားကြီးကို မြတ်ဗုဒ္ဓက နိဗ္ဗာန်ရောက်ကြောင်း လမ်းကောင်းကို သိလိုလျှင် သူတော်ကောင်းကို ဆည်းကပ်ရန် မှာကြားကြောင်း ဟောထားသည်။ [နှာ–၃၅၂]

ထို့နောက် ဘုရားတည်းဟူသော လမ်းပြကောင်း ပေါ်သောအခါကျမှ လူတွေ ကျွတ်တန်းဝင်ကြရပုံကို ပြသည်။ [နှာ–၃၅၃] ကလျာဏမိတ္တ၊ လမ်းပြကောင်း လိုအပ်ပုံကို အမျိုးမျိုး ဟောသည်။ သူတော်ဆည်းကပ်၊ မြတ်တရားနာ ဆိုသည်နှင့် အညီ ကလျာဏမိတ္တ သူတော်ကောင်းကို ဆည်းကပ်ရာမှာလည်း ဝေယျာဝစ္စ လောက်ဖြင့် မဆည်းကပ်သင့်၊ သစ္စာတရားကို နာပြီး သစ္စာဉာဏ်၊ ပဋိစ္စသမုပ္ပါဒ် ဖြတ်ပုံကိုပါ သိအောင် နာသင့်ကြောင်း ဆုံးမသည်။ [နှာ–၃၅၄]

တရားနာရုံ နာပြီး နာသော တရားအတိုင်းလည်း ကျင့်ကြရဦးမည် ဖြစ်၏။ [နှာ–၃၅၅] သစ္စာတရားနှင့် လျော်သော အကျင့်ကို ကျင့်ကြရာမှာ ခန္ဓာကို ဒုက္ခ သစ္စာအဖြစ် မရှုတတ်သေးလျှင် လျော်သောအကျင့် မဟုတ်သေးဘူးဟု ဆိုသည်။ [နှာ–၃၅၇] ဤအချက်သည် အလုပ်စဉ်တရား ဖြစ်၏။ ခန္ဓာမှာ အဆင်းတစ်ခုကို မြင်လိုက်ပြီဆိုလျှင် မြင်စိတ်ပေါ်ပြီ။ ပဋိစ္စသမုပ္ပါဒ် စပြီ။ ဖဿ၊ ဝေဒနာ၊ တဏှာ၊ ဥပါဒါန်၊ ကံ စဉ်ဆက် ဖြစ်တော့မည်။ [နှာ–၃၅၈] ဝိပဿနာသမားသည် မြင်စိတ် ပေါ်လျှင် ထိုမြင်စိတ်ကို ဖြစ်ပျက် ရှုနိုင်ရမည်။ ပဋိစ္စသမုပ္ပါဒ် အစကို မိလိုက်လျှင် ဖြစ်စဉ် မတန်းတော့ပါ။ အစမိသဖြင့် ဖဿနောက်က မဂ်ဝင်လိုက်ပါက ဝေဒနာ ချုပ်သွားသည်။ ဝေဒနာ ချုပ်လျှင် တဏှာ၊ ဥပါဒါန်၊ ကံ အားလုံး ချုပ်ပြီ။ သံသရာ ကွင်းဆက်ပြတ်ပြီ။ [နှာ–၃၁၆]

ပဋိစ္စသမုပ္ပါဒ် အစကို မမိလိုက်လျှင် (မြင်စိတ်ကို ဝိပဿနာ တင်ပြီး ဖြစ်ပျက် မရှုလိုက်မိလျှင်) ပဋိစ္စသမုပ္ပါဒ် ဖြစ်စဉ်တန်းသွားသည်။ [နှာ–၃၆၃] မြင်စိတ်ကလေးသည် မြင်ပြီး ချုပ်သွားသည်။ (မင်္ဂက ဖြစ်ပျက်ကို မြင်လိုက်ခြင်း ဖြစ်သည်။) ပဋိစ္စသမုပ္ပါဒ် ပြတ်သွားခြင်း ဖြစ်သည်။ ပဋိစ္စသမုပ္ပါဒ် ဆက်ပုံ ပြတ်ပုံကို ပြခြင်း ဖြစ်၏။ [နှာ–၃၆၆] ဝိပဿနာ မရှုတတ်လျှင် ပဋိစ္စသမုပ္ပါဒ်

http://www.dhammadownload.com



ဆက်သွားသည်။ ရှုတတ်လျှင် ပဋိစ္စသမုပ္ပာဒ် ပြတ်သည်။ ကိုယ့်ပဋိစ္စသမုပ္ပာဒ်ကို (ဝိပဿနာ သမားသည်) ကိုယ့်ဉာဏ်ဖြင့် ဖြတ်နိုင်သည်။ [နှာ–၃၆၇] ဒါကြောင့် သာသနာပမှာ ပဋိစ္စသမုပ္ပာဒ် လည်လမ်းပဲ ရှိသည်။ သာသနာတွင်းကျမှ ပဋိစ္စသမုပ္ပာဒ် ဖြတ်လမ်း ပေါ်လာသည်။ [နှာ–၃၆၈]

ဤတွင် သာသနာတွင်း၊ သာသနာပကို ခုနှစ်၊ သက္ကရာဇ်ဖြင့် မခွဲဘဲ၊ ဖြစ်စဉ်ဖြင့် ခွဲအပ်ကြောင်းကို ဟောထားသည်။ [နှာ–၃၆၉] ဒါကြောင့် ဝိပဿနာ ရှုမိသော အချိန်သည် သာသနာတွင်း ဖြစ်၏။ ဝိပဿနာ မရှုမိသော အချိန်၌ သာသနာပဖြစ်ပြီဟု မှတ်ရမည် ဆို၏။ ကိုယ့်သန္တာန် ပြန်စစ်ကြည့်တော့၊ သာသနာပ ရောက်နေသော အချိန်က များသည်။ ထို့နောက် ပဋိစ္စသမုပ္ပာဒ် ဖြတ်သောဉာဏ် ကိုယ့်သန္တာန်မှာ ဝင်လာလျှင် သာသနာတွင်း၊ ပဋိစ္စသမုပ္ပာဒ် တန်းမြဲ တန်းနေလျှင် သာသနာပပဲဟု ဆုံးဖြတ်ချက် ချထားသည်။ [နှာ–၃၇၁] ထို့နောက် အဝိဇ္ဇာကြောင့် ချည်း သင်္ခါရဖြစ်သည် မဟုတ်၊ ကိုယ့်သန္တာန်ပေါ်တာ အားလုံး သင်္ခါရချည်းပဲဟု ဟောသည်။ [နှာ–၃၇၉] အကြောင်းမကင်းဘဲ ပေါ်လာသမျှ သင်္ခါရချည်း ဖြစ်သည်။ အလုံးစုံသင်္ခါရ (သဗ္ဗေသင်္ခါရ) ဟု ဘုရားဟောပုံကို ပြသည်။ [နှာ–၃၈၀] အားလုံး သင်္ခါရ တရားချည်း ဖြစ်သည် ဆိုသဖြင့် ပုဂ္ဂိုလ်သတ္တဝါ မရှိ၊ သက္ကာယဒိဋ္ဌိစွဲ ပြုတ်သည်။ ပေါ်နေသမျှ ရုပ်တနား၊ နာမ်တရား အားလုံး သင်္ခါရချည်း ဖြစ်သည်။ [နှာ–၃၈၁] ခန္ဓာမှာ သင်္ခါရတွေ ပြည့်နေသည်။ သင်္ခါရ ခန္ဓာကိုယ်ဟု မှတ်ရမည်။ [နှာ–၃၈၃]

ဆရာတော်ဘုရားက ယောဂီတွေသန္တာန်မှာ သင်္ခါရကို တွေ့လျှင် မပူနှင့်တော့ မင်္ဂရတော့မည်ဟု အားပေးစကား ဆိုထားသည်။ [နှာ–၃၈၄] မိမိ သန္တာန်မှာ ပေါ်လာသမျှ ပြုပြင်လို့ ပေါ်လာသော ဓမ္မများချည်း ဖြစ်သည်ဟု သိလျှင် ပုဂ္ဂိုလ် သတ္တဝါစွဲ သက္ကာယဒိဋ္ဌိ ပြုတ်သည်။ အကြောင်းမရှိ၊ အကျိုးမရှိ ဆိုသော ဥစ္ဆေဒဒိဋ္ဌိ ပြုတ်ပြီ။ [နှာ–၃၈၆] ဒါဆို သဗ္ဗေ သင်္ခါရာ အနိစ္စပဲဟု သိဖို့သာ လိုတော့သည်။ သင်္ခါရအားလုံး အနိစ္စမှာ လမ်းဆုံးသည်။ ထိုသို့သိလျှင် ဝိပဿနာဉာဏ် ဖြစ်ပြီ။ [နှာ–၃၈၉] သင်္ခါရအားလုံး အနိစ္စမှာ လမ်းဆုံးတာလည်း မြင်လိုက်ပါရော၊ သဿတဒိဋ္ဌိလည်း ပြုတ်ကရော ဖြစ်၏။ [နှာ–၃၈၉] သင်္ခါရ မြင်တုန်းက ဒိဋ္ဌိနှစ်ခု ချုပ်သည်။ အနိစ္စကို မြင်တော့ ဒိဋ္ဌိတစ်ခု ချုပ်သည်။

ဤသို့ ရှုမြင်နေခြင်းသည် ဒိဋ္ဌိကို သတ်၍ ပဋိစ္စသမုပ္ပာဒ်ကို ပြတ်အောင် အားထုတ်နေခြင်း ဖြစ်၏။ ဖြစ်ပျက်ကို မြင်လျှင် ဒိဋ္ဌိသုံးခု ပြုတ်သည်။ တစ်နည်း

http://www.dhammadownload.com



ဒိဋ္ဌိသုံးမျိုးကို အမြင်မှန်(သမ္မာဒိဋ္ဌိ)က သတ်လိုက်ပြီဟု နားလည်ရမည်။ [နာ–၃၉၁] ဖြစ်ပျက်နှင့်မဂ် ကိုက်လျှင် ဒိဋ္ဌိသုံးခု သေသည်။ **'သဗ္ဗေ သင်္ခါရာ အနိစ္စာ၊ ယဒါ ပညာယ ပဿတိ'** အရ သင်္ခါရဖြစ်ပျက်ကို ပညာ(မဂ်)ဖြင့် ရှုပါဟုလို။ [နာ–၃၉၃] ဒါအလုပ်စဉ်ပဲဟု ရှင်းပြထားသည်။ [နာ–၃၉၆] ဖြစ်ပျက်မြင်လျှင် သာသနာတွင်း ယထာဘူတဉာဏ် ရပြီဖြစ်၏။ သာသနာတွင်းမှာ ဝိပဿနာအလုပ် အားထုတ်နိုင်လျှင် အရှုံးအကန်း ပျောက်ပြီဆို၏။ ထိုသို့ ဖြစ်ပျက်ကို မြင်လျှင် **'အထ နိဗ္ဗိန္ဒတိ ဒုက္ခေ'** ထိုအခါ၌ ငြီးငွေ့အောင် ဆက်ရှုပါဟု ဆုံးမသည်။

ထိုသို့ ငြီးငွေ့အောင် ကြည့်ပြီးသောအခါ 'သေမဂ္ဂေါ ဝိသုဒ္ဓိယာ' ဤသို့ ငြီးငွေ့သောမဂ်သည် ဉာဏ်စင်ကြယ်သော နိဗ္ဗာန်ဖြစ်၏။ ရှေ့မှာ ဖြစ်ပျက် ဆုံးသွားပြီ။ စင်ကြယ်သွားပြီ။ ဖြစ်ပျက်ဆုံးအောင် လိုက်မှ မဂ်ရသည်။ ဉာဏ်သုံးဆင့် (ယထာဘူတဉာဏ်၊ နိဗ္ဗိန္ဒာဉာဏ်၊ မဂ်ဉာဏ်)ဖြင့် ရဟန်းငါးရာ ကျွတ်တန်းဝင်ကြောင်း ဟောရင်း အချိန်စေ့၍ တရားနားလိုက်သည်။

*

## ၉။ လုပ်နည်းအစနှင့်အဆုံး ပြသည့်တရား

[၂–၉–၆၁ နေ့က အမရပူရမြို့ မဂ်လာတိုက်ဟောင်းမှာ ဟောသောတရား]

အနိစ္စဝတ သင်္ခါရာ၊ ဥပ္ပါဒဝယ ဓမ္မိနော

ဥပ္ပဇ္ဇိတွာ နိရုဇ္ဈန္တိ တေသံဝူပသမော သုခေါ သိကြားမင်းက ဘုရား ပရိနိဗ္ဗာန်စံစဉ် ရွတ်သောဂါထာဖြင့် ဤတရားကို စတင် ဟောကြားသည်။ ဤဂါထာသည် အလုပ် အစနှင့်အဆုံးကို ပြသော ဂါထာဟု ရှင်းပြထားသည်။ ဝိပဿနာဉာဏ်နှင့် မဂ်ဉာဏ်ကို ပြမည်ဖြစ်သည်။ ဤဂါထာကို ရပြီး ဤဂါထာအတိုင်း လုပ်ကြလျှင် လိုရာခရီး အပြီးရောက်နိုင်သည်ဟု လမ်းညွှန်ပြထားသည်။ [နာ–၃၉၉]

အဓိပ္ပာယ်မှာ ဝတ– အမှန်ပြောရလျှင်၊ သင်္ခါရာ– ခန္ဓာ၌ ပြုပြင်၍ ဖြစ်သော တရားအားလုံးသည်၊ အနိစ္စ– ပျက်မည်ချည်းသာ ဖြစ်၏။ ပေါ်လာသမျှ သင်္ခါရ တရားအားလုံး အနိစ္စမှာ လမ်းဆုံးကြသည်။ ခန္ဓာမှာ ပေါ်သမျှ တရားအားလုံး ဖြစ်ပြီးလျှင် ပျက်မည်ဖြစ်၏။ စောင့်ကြည့်နေဖို့ အရေးကြီး၏။ [နာ–၄၀၀] ဝိပဿနာ အလုပ်ဆိုတာ ဉာဏ်နှင့် စောင့်ကြည့်တာ ဖြစ်၏။ ခန္ဓာကြည့် ဆိုတာ ရုပ်ကို ကြည့်ချင်ကြည့်၊ ဝေဒနာကို ကြည့်ချင်ကြည့်၊ စိတ်ဝိညာဉ်ကို ကြည့်ချင်ကြည့်၊

http://www.dhammadownload.com



ဖြစ်ပေါ်လာသော သင်္ခါရတရား မှန်သမျှ အနိစ္စချည်း၊ အပျက်ချည်း ဖြစ်ကြောင်း တွေ့ရမည်။ ဖြစ်ပျက်ကို တွေ့နေလျှင် ဝိပဿနာဉာဏ် ဖြစ်နေပြီ။ ရှေ့ပိုင်းက ဝိပဿနာဉာဏ်ပေါ်လျှင် နောက်က နိဗ္ဗာန်ပေါ်မည်။ [နှာ-၄၀၁]

ခန္ဓာထဲ စုနေတာအားလုံး သင်္ခါရတရားချည်းပဲ။ ယောက်ျား၊ မိန်းမ၊ ပုဂ္ဂိုလ်၊ သတ္တဝါ မရှိ၊ သင်္ခါရချည်း ရှိပုံကို ရှေ့တရားမှာလည်း ပြခဲ့ပြီးပြီ။ [နှာ-၄၀၅] လူဖြစ်ချင် နတ်ဖြစ်ချင်လို့ လှူနေကြတာသည် သင်္ခါရ ပေါ်ချင်သေးလို့ အနိစ္စ ရောက်ချင်သေးလို့ဖြစ်ကြောင်း ဖော်ပြသည်။ [နှာ-၄၀၈] အရိယာတွေကတော့ ဘာမှ မဖြစ်ချင်တော့ပါ။ သင်္ခါရဖြစ်လျှင် အနိစ္စမှာ လမ်းဆုံးသည်။ ဒါကြောင့် လှူလျှင်၊ ပေးကမ်း စွန့်ကြဲလျှင် သင်္ခါရတရားအားလုံး ချုပ်ငြိမ်းရာ အမှန်၊ မြတ်နိဗ္ဗာန် ကို မျက်မှောက်ပြုဖို့၊ သင်္ခါရဇာတ်သိမ်းဖို့ လှူပါဟု တိုက်တွန်းသည်။ [နှာ-၄၁၀]

သင်္ခါရကြိုက်လျှင် အနိစ္စမျက်ရည် အလိုလို ပေါ်လာသည်ဟု ဆိုသည်။ သင်တုန်းဓားသွား ပေါ်က ပျားရည်ကို လျှာနှင့် လျက်သလိုပဲ၊ သင်္ခါရကိုပဲ မြင်သည်။ အနိစ္စကို မမြင်သူမှာ ပျားရည်သာ မြင်ပြီး လျှာပြတ်ကိန်း မမြင်သည်နှင့် တူပုံကို နှိုင်းပြသည်။ [နှာ-၄၁၃] သင်္ခါရကို သဘောကျလျှင် အနိစ္စနှင့် နီးသလောက် အသခ်တနှင့် ဝေးသည်။ [နှာ-၄၁၆] ဒါဖြင့် မျက်ရည်နှင့်သာ နီးပြီး နိဗ္ဗာန်နှင့်တော့ ဝေးသည်ဟု မှတ်ချက်ချသည်။ ဉာဏ်နှင့် ဆင်ခြင်ကြည့်လျှင် သင်္ခါရ နှိပ်စက်လို့ မျက်ရည် ထွက်ရတာဟု ဆိုသည်။ [နှာ-၄၁၈] သင်္ခါရ၏ ဆိုးပုံများ၊ သင်္ခါရကို ပုထုဇဉ် သဘောကျမှုကြောင့် မှားကြပုံများကို အကျယ်ဟောသည်။ ပုထုဇဉ် ကုန်ကူး လျှင် အမြတ်များများ ရမှ ကြိုက်သည်။ ဆုံးရှုံးလျှင် များများ ဆုံးရှုံးပါက များများ သောက ရောက်ရပုံကို ပြသည်။ အထုပ်ကြီးနှင့် ပေါက်တာကို ကြိုက်သော ပုထုဇဉ် အထုပ်ကြီးပျောက်မှ ပိုပြီးထိခိုက်သည်ကိုသံဝေဂဖြစ်အောင်ဟောသည်။ [နှာ-၄၂၁]

ဒါကြောင့် သင်္ခါရကြီးလေ နှိပ်စက်လေ ဖြစ်၏။ အထုပ်ကြီးနှင့် ပေါက်တာ ကြိုက်ခြင်းမှာ ပက်လက်လန်ပြီး သေချင်လို့ဟု မှတ်လောက်အောင် ဟောသည်။ [နှာ-၄၂၂] ဒါကြောင့် အဖြစ်ကို သဘောကျလျှင် အပျက်ကျတော့ မျက်ရည် အမြတ်ထွက်မည်ဟု ဆုံးမသည်။ [နှာ-၄၂၃] ဒါကြောင့် ဘုရားက သင်္ခါရနယ် လွတ်သော အသခ်တနယ်ကို သွားဖို့ ဟောတော်မူသည်။ ထို့နောက် ဝိပဿနာ ရှုပုံ အလုပ်စဉ်ကို ပြသည်။ စားချင်စိတ် ပေါ်လာပုံကို ပြသည်။ စားချင်စိတ် သင်္ခါရ အနိစ္စမှာ လမ်းဆုံးမည်။ ခန္ဓာပျက်တာကို ဉာဏ်နှင့် လိုက်ရမည်။ သင်္ခါရက ဖြစ်တာ၊ အနိစ္စက ပျက်တာ ဒါကြောင့် ဖြစ်ပျက်ရှုပေးဟု ဆိုခြင်းမှာ သင်္ခါရနှင့်

http://www.dhammadownload.com



အနိစ္စကို ရှုနိုင်းတာဟု ဆိုသည်။ [နာ၁–၄၂၅] ဖြစ်ပျက်သင်္ခါရနှင့် အနိစ္စနယ်မှ လွတ်အောင် အားထုတ်ရမည်။ ဒါမှ နိဗ္ဗာန်ကို ရောက်မည်။ ဥပ္ပါဒနှင့် ဝယလည်း ဖြစ်ပျက်ကို ဟောသည်။

ဓမ္မိနော– တရားသဘော ပြောကြစို့ ဆိုလျှင် ဥပ္ပါဒနှင့် ဝယပဲ ရှိသည်။ (ဥပ္ပါဒ ဝယ ဓမ္မိနော) [နာ၁–၄၂၈] ထို့နောက် ဖြစ်ပျက်ပဲ ရှိသည်။ ပုဂ္ဂိုလ် သတ္တဝါ မပါပုံ၊ သက္ကာယဒိဋ္ဌိ ဖြုတ်ခန်းကို ဟောသည်။ ယခင် တရားအတိုင်းပင် ဥပ္ပဇ္ဇိတွာ၊ နိရုဇ္ဈန္တိ လည်း ဖြစ်ပျက်ကို ဟောခြင်းဖြစ်၏။ [နာ၁–၄၂၉] ပြီးမှ ဖြစ်ပြီးပျက်ခြင်း သဘောကို စိတ်နာအောင် ပြောသည်။ ခန္ဓာမှာ မသာ ပေါ်တာနှင့် မသာ ဖြစ်တာပဲ ရှိသည်ဟု နာအောင်ဆိုသည်။ [နာ၁–၄၃၀] ဒုက္ခဖြစ်၍ ဒုက္ခပျက်တာပဲ ရှိသည်။

ပြီးမှ အနိစ္စဝတ သင်္ခါရလည်း ဝိပဿနာဉာဏ်ကို ဟောသည်။ ဥပ္ပါဒဝယ ဓမ္မိနောလည်း ဝိပဿနာဉာဏ်ပဲ။ ဥပ္ပဇ္ဇိတွာ၊ နိရုဇ္ဈန္တိ လည်း ဝိပဿနာဉာဏ်ကို ဟောခြင်း ဖြစ်၏။ ဖြစ်ပျက်ချည်း ဖြစ်သည်။ [နာ၁–၄၃၁] မိမိတို့သန္တာန် ဘယ်အချိန် ကြည့်ကြည့် ဖြစ်ပျက်ပဲ တွေ့သည်။ ဖြစ်ပျက်က ဒုက္ခသစ္စာ၊ တွေ့တာက မဂ္ဂသစ္စာ (ဝိပဿနာမဂ်ဉာဏ် ဖြစ်၏) 'တေသံဝူပသမော သုခေါ' တေသံ– ထိုဖြစ်ပျက်တို့၏၊ ဝူပသမော– ချုပ်ငြိမ်းရာသည်၊ သုခေါ– ချမ်းသာခြင်း အမှန် မြတ်နိဗ္ဗာန်ပင်တည်း။ [နာ၁–၄၃၃] ဤပါဠိသည် နိဗ္ဗာန်ကို ဟောသောပါဠိဖြစ်၏။ ဝိပဿနာ ရှုသော ပုဂ္ဂိုလ်မှာ ဖြစ်ပျက်ကို မြင်အောင် ရှု၊ နောက် ဖြစ်ပျက်ကို မုန်းအောင် ရှု၊ နောက်ဆုံး ဖြစ်ပျက်ဆုံးသော ဉာဏ်ပေါ်လျှင် နိဗ္ဗာန်ပဲဟု ဆိုသည်။ [နာ၁–၄၃၄] ဤတွင် ဝိပဿနာဉာဏ်အဆုံးကိုလည်း ဟောသည်။ ဖြစ်ပျက်ဆုံးအောင် ရှုနိုင်လျှင် ဝိပဿနာ အလုပ် ပြီးပြီဟု ဆိုသည်။ [နာ၁–၄၃၆]

နှစ်ဉာဏ်ထဲ ဟောသည် ဆိုလျှင်လည်း ဟုတ်သည်။ ရှေ့က ဝိပဿနာဉာဏ် ပြီးလျှင် နောက်က မဂ်ဉာဏ်လာသည်။ အဓိပ္ပာယ်မှာ သင်္ခါရ(ဖြစ်ပျက်) ဆုံးအောင် လိုက်လျှင် အသင်္ခတနိဗ္ဗာန်ကို ရောက်သည်။ [နာ၁–၄၃၉] ဒါကြောင့် ဝိပဿနာဉာဏ် မပါဘဲ (ဖြစ်ပျက်ကို မမြင်ဘဲ) နိဗ္ဗာန်ကို ဘယ်တော့မှ မရဘူးဟု ဟောထားသည်။ [နာ၁–၄၄၀] နိဗ္ဗာန်သည် သင်္ခါရတရား အဆုံးမှာ ရှိသည်။ အရှိတရား ဖြစ်၏။ ဒါကြောင့် ဖြစ်ပျက်တွေ့လျှင် မပူနှင့်တော့ လမ်းစတွေ့လျှင် လမ်းဆုံးရောက်မည် ဖြစ်၏။ [နာ၁–၄၄၂] ဖြစ်ပျက်ဆုံး (သင်္ခါရအဆုံး)မှာ အသင်္ခတနိဗ္ဗာန် ရှိသည်။ [နာ၁–၄၄၃] ဖြစ်ပျက်တွေ့လျှင် နိဗ္ဗာန်အနီးကလေး ရှိတော့သည်။ ဒါကြောင့် ဝိပဿနာ ရှုမှ နိဗ္ဗာန်ရကြောင်း ဟောရင်း အချိန်စေ့၍ တရားနားသည်။

*

http://www.dhammadownload.com



## ၁၀။ ကိုယ့်ကိုယ်ကိုယ် သုံးသပ်နည်း

[၃-၉-၆၁ နေ့က အမရပူရမြို့ မင်္ဂလာတိုက်ဟောင်းမှာ ဟောသောတရား]

မိမိတို့ ခန္ဓာကိုယ်ထဲမှာ အိုဘေး၊ နာဘေး၊ သေဘေးကို ဖြစ်စေသော တရား အပြီးပါလာသည်။ ထိုတရားများကို ပယ်နိုင်ရန်အတွက် တရားနာကြတာဟု သဘောထား မှတ်ယူကြရန် တိုက်တွန်းသည်။ မအိုမနာမသေအောင် ပြုသော တရားလည်း ရှိသည်။ အိုဘေး၊ နာဘေး၊ သေဘေး ကင်းအောင် အားထုတ်သော နည်းကို ဆရာက ပေး၍ မိမိက အားထုတ်လိုက်လျှင် အိုနာသေဘေးကင်းသော နိဗ္ဗာန်ပေါ်လာမည် ဖြစ်သည်။ [နာ-၄၄၇]

ဝတ္တုကြောင်းမှာ မြတ်စွာဘုရား ကုရုတိုင်းမှာ သီတင်းသုံးစဉ်က ရဟန်းများကို ရဟန်းတို့ သင်တို့သည် မိမိ၏ အဇ္ဈတ္တအတွင်းသန္တာန်ကို သုံးသပ်ကြရဲ့လားဟု မေးသည်။ ရဟန်းတစ်ပါးက သူသုံးသပ်ကြောင်း လျှောက်သည်။ ဘယ်လို သုံးသပ်သလဲ မေးတော့ 'ကေသာ၊ လောမာ၊ နခါ၊ ဒန္တာ၊ တစော' ဆိုသော အင်္ဂါ အစိတ်အပိုင်းများကို သုံးသပ်ကြောင်း လျှောက်သည်။ ဘုရားက ထိုသို့ အသုဘသညာကို သုံးသပ်ခြင်းသည် သစ္စာမဆိုက်သေးကြောင်း ဟောသည်။ [နာ-၄၄၉] (ဤတရားကို ရှေ့မှာလည်း ဟောဖူးပြီ) ဘုရားက ရဟန်း၏ အဖြေကို သဘော မကျမှန်း အရှင်အာနန္ဒာက သိသဖြင့် မြတ်စွာဘုရားအား သစ္စာဆိုက်သော ခန္ဓာကိုယ် သုံးသပ်ပုံ တရားကို ဖွင့်ဟောပေးပါရန် ပန်ကြားလျှောက်ထားလေသည်။ [နာ-၄၄၉] နိဒါနဝဂ္ဂ သံယုတ် ပါဠိတော်မှာ လာသော တရားဖြစ်သည်။ [နာ-၄၅၀] ဘုရားက ခန္ဓာကိုယ်ကို စမ်းကြည့်ပါ။ ပူသော ဇေဗောဓာတ်ကို တွေ့လိမ့်မည်။ ထိုဇေဗောသည် ခန္ဓာကိုယ်ကို အိုအောင်၊ ပြုလုပ်နေသောဓာတ် ဖြစ်သည်။ ခန္ဓာမှာ ထိုဇေဗောလောင် လျက်ချည်း နေသည်။

ထိုဇေဗောကို ဆရာတော်က အိုအောင်လုပ်သောမင်း ဖြစ်၍ အိုမင်းဟု ခေါ်သည်။ [နာ-၃၅၂] ထိုအိုမင်းရင့်ရော်စေသော ဇေဗောကို ဒုက္ခသစ္စာဟု မှတ်ရမည်။ ခန္ဓာထဲမှာ ဇေဗော(အိုမင်း)က မွေးကတည်းက အပြီးပါလာသည်။ ဤအိုမင်း ဇေဗောက အမြဲ ကပ်ပြီး နှိပ်စက်နေသည်။ ပုထုဇဉ်မှာ ကိုယ့်အဖြစ်ကို ကိုယ် အမှန် မသိသောကြောင့် သားနှင့်ပျော်၊ သမီးနှင့်ပျော်၊ ပစ္စည်းနှင့်ပျော်နေသည်။ သေခါနီးပြုံး ပြုံးနေကြသည်ဟု နာလောက်အောင် ဟောသည်။ [နာ-၄၅၄]

http://www.dhammadownload.com



ဆရာတော်က အိုမင်း(တေဇော)နယ်က လွတ်သောတရားကို ဟောမည်ဟု ဆိုသည်။ [နာ၁-၄၅၇] ကိုယ့်ရင်ဘတ်ကို စမ်းကြည့်တော့ ပူနေလောင်နေတာ တွေ့ရမည်။ အိုအောင်ရင့်အောင် လောင်နေခြင်း ဖြစ်သည်။ သည်အပူငြိမ်းအောင် လုပ်ဖို့လိုသည်။ ဤတေဇောက အချိန်တိုင်း နှိပ်စက်နေသည်။ ဒုက္ခသစ္စာ ဖြစ်၏။ သံဝေဂရအောင် ဟောနေသည်။ အိုအောင် နှိပ်စက်နေတုန်း ပြုံးမနေဘဲ ဤတေဇော နယ်က လွတ်သော တရားကို ရှာဖို့လိုကြောင်း ဟောသည်။ [နာ၁-၄၆၀]

ဤတေဇောက ယခု နာအောင်လုပ်ပြီး မကြာမီ သေအောင် လုပ်ဦးမည် ဖြစ်၏။ အပူတေဇောပြောင်းပြီး အအေးတေဇော ရောက်သည်နှင့် သွေးဆုတ်ပြီး သေရသည်။ ဒါကြောင့် မိမိတို့သည် တေဇော အပူကင်းရာ နိဗ္ဗာန်ကို ရအောင် အားထုတ်ဖို့ ဆုံးဖြတ်ချက် ချရမည်။ နိဗ္ဗာန်မှာ တေဇော၊ ဝါယော၊ ပထဝီ၊ အာပေါ ဘာမှ မရှိပါ။ [နာ၁-၄၆၂] သေစရာ မရှိတာကို နိဗ္ဗာန်ဟု ခေါ်သည်။ လောက က သေစရာရှိသည်။ လောကုတ္တရာက သေစရာ မရှိပါ။ တေဇော ဒုက္ခသစ္စာ ဖြစ်ပုံကို ဟောသည်။ ပုထုဇဉ် သစ္စာ မသိပုံကို ဟောသည်။

ပြီးမှ ကယ်တင်မည့် နည်းလမ်းကို ဟောမည်ဆိုသည်။ [နာ၁-၄၆၄] ပုထုဇဉ် ခန္ဓာမှာ အိုမင်း၊ သေမင်း (ဥဏှတေဇော၊ သီတတေဇော) မင်းနှစ်ပါး အုပ်စိုးနေသည်။ တော်လှန်၍လည်း မရပါ။ [နာ၁-၄၆၇] လွတ်လပ်သော ဘဝမှာ နေရပုံ၊ ဒုက္ခသစ္စာ သာ ကိုယ်မှာ ရှိပုံကို ပြသည်။ ယနေ့ သစ္စာသိလျှင် အဖိုးတန်ပြီ ဖြစ်ကြောင်း ဟောသည်။ [နာ၁-၄၇၀] သစ္စာဉာဏ်နှင့် ကြည့်လိုက်မှ လူ့ပြည် ရောက်ပြီး အိုမင်း သေမင်းနှင့် မကွဲမကွာ နေ နေရတာ ကံကောင်းလို့ လူ့ပြည်ရောက်တာ မဟုတ်၊ မသိသော အဝိဇ္ဇာကြောင့် မျက်စိလည်ပြီး ရောက်နေရတာဖြစ်ကြောင်း ပေါ်လာ သည်။ [နာ၁-၄၇၂] ဘုရားက ခန္ဓာကိုယ် သုံးသပ်ပါဟု ဟောခြင်းမှာ သစ္စာကို သုံးသပ်ခိုင်းခြင်း ဖြစ်သည်။ [နာ၁-၄၇၆] အိုနာသေ ဘယ်က လာသလဲ။ ခန္ဓာငါးပါး က လာသည်။ ခန္ဓာ မရှိမှသာ အိုနာသေဘေးက လွတ်မည်။ ခန္ဓာ မရှိတာ နိဗ္ဗာန် ဖြစ်သည်။ အိုနာသေဘေး(ဒုက္ခသစ္စာ) လွတ်ရာသည် နိရောဓသစ္စာ ဖြစ်သည်။

ဒါဆို ခန္ဓာငါးပါး မရှိအောင်၊ လွတ်အောင် ဘယ်လို လုပ်ရမလဲ။ မဂ္ဂသစ္စာကို ကျင့်ရမည်။ [နာ၁-၄၇၈] ဤတွင် အိုနာသေ ဘယ်က လာသလဲ၊ ခန္ဓာငါးပါးက လာသည်။ ခန္ဓာငါးပါး ဘယ်က လာသလဲ။ တဏှာ၊ ဥပါဒါန်၊ ကံ (သမုဒယသစ္စာ) က လာသည်။ ဆရာတော်က ခန္ဓာကို လိုချင်ခဲ့သော ဆုတောင်းတဏှာက လာသည် ဟု ပြထားသည်။ တဏှာ ဘယ်ကလာသလဲ။ ခင်စရာ မင်စရာက လာသည်။

http://www.dhammadownload.com



ရထားသော ခန္ဓာသည် ခင်စရာ မင်စရာ မဟုတ်ကြောင်းကို သိမှ (သစ္စာဉာဏ် ဝင်လိုက်မှသာ) တဏှာသေမည်။ [နှာ–၄၈၂] ဤကား ပဋိစ္စသမုပ္ပာဒ် ဖြစ်စဉ်ကို ပြောင်းပြန် သုံးသပ်ခြင်း ဖြစ်၏။ [နှာ–၄၈၃] ဘုရားပွင့်လာတာ ပုထုဇဉ်တို့၏ အမှားကို ပြုပြင်ဖို့ ပွင့်တာဖြစ်ကြောင်း ဟောသည်။ [နှာ–၄၈၄]

ထို့နောက် ခန္ဓာကို ဝိပဿနာရှုဖို့ ဟောသည်။ ခန္ဓာငါးပါး တစ်ပါးပါး ဝိပဿနာ ရှုရမည်။ လူသည် ကိုယ့်ကိုယ်ကိုယ် အခင်ဆုံး ဖြစ်သည်။ ဒါကြောင့် ကိုယ့်ကိုယ်ကိုယ် ရှုရမည်ဟု ဆိုသည်။ [နှာ–၄၉၆] ကိုယ်ထဲက စိတ်၊ ဘယ်စိတ် လာလာ ဖြစ်ပျက် ရှုရမည်။ ဖြစ်ပျက်ရှု၍ အနိစ္စမှန်း သိသွားလျှင် အနိစ္စကို စွန့်ချင်လာလိမ့်မည်။ ခန္ဓာကို ခင်မှု ပျောက်သွားသည်။ တဏှာသေသွားမည်။ တဏှာ မရှိလျှင် ခန္ဓာမရတော့ပါ။ ခန္ဓာမရလျှင် အိုနာသေ လွတ်ပြီ။ [နှာ–၄၉၇] ဖြစ်ပျက် အနိစ္စ မြင်တာမဂ်။ သေတာ သမုဒယ(တဏှာ) နောက်ခန္ဓာ မလာတာက နိရောဓ အိုနာသေ လွတ်ပြီ။ ဤတွင် တရားရပ်နားသည်။

*

## ၁၁။ ပုဂ္ဂိုလ်လေးမျိုး ခွဲပြခြင်း

[၄–၉–၆၁ နေ့က အမရပူရမြို့ မင်္ဂလာတိုက်ဟောင်းမှာ ဟောသောတရား]

အိုဘေး၊ နာဘေး၊ သေဘေးသည် တဏှာ၏ လက်ချက်ဖြစ်သည်ဆိုသော စကားဖြင့် ဤတရားကို စတင် ဟောကြားသည်။ တဏှာကို သတ်မှရမည်။ တဏှာကို နိုင်တာ မဂ်ပဲရှိသည်။ မဂ်ဉာဏ်ပေါ်အောင် ကျင့်ရတာလည်း ဆင်းရဲသည်။ မဂ်ဉာဏ်ဖိုလ်ဉာဏ် ပေါ်ဖို့ကလည်း နှေးသည်။ [နှာ–၅၀၀] ဆင်းဆင်းရဲရဲ ကျင့်ပြီး မဂ်ဉာဏ်ပေါ်ဖို့ကျတော့ နှေးသောပုဂ္ဂိုလ်က တစ်မျိုး၊ ဒုတိယပုဂ္ဂိုလ် ကျတော့ ကျင့်ရာမှာ ဆင်းဆင်းရဲရဲ ကျင့်ရသည်။ သို့သော် မဂ်ဉာဏ်ဖိုလ်ဉာဏ် ပေါ်ဖို့ သူက မြန်သည်။ [နှာ–၅၀၀] ဤပုဂ္ဂိုလ်လေးမျိုး ကွဲပြားကြောင်းကို အင်္ဂုတ္တိုရ် စတုက္ကနိပါတ်မှာ ဟောသည်။ [နှာ–၅၀၁]

တတိယပုဂ္ဂိုလ်မျိုးက ချမ်းချမ်းသာသာ ကျင့်ရသည်။ သို့သော် မဂ်ဉာဏ် ဖိုလ်ဉာဏ် ပေါ်ဖို့ကျတော့ နှေးသည်။ စတုတ္ထအမျိုးမှာ ကျင့်ရာမှာလည်း ချမ်းချမ်း သာသာ ကျင့်ရသည်။ သူက မဂ်ဉာဏ်ဖိုလ်ဉာဏ် ရဖို့ကျတော့လည်း မြန်သည်။ [နှာ–၅၀၁] ဤသို့ ပုဂ္ဂိုလ်ချင်း မတူကြောင်း သိထားသဖြင့် တရားအားထုတ်ရာမှာ

http://www.dhammadownload.com



အားလျော့စရာ မရှိအောင် ဤတရားကို ဟောကြားဟန်တူသည်။ မိမိ တရားရမလား ဟု သံသယဖြစ်စရာ မလို။ အနေးထက် အမြန်ရမရကိုသာ မိမိဘာသာ အလုပ်ဖြင့် အကဲခတ်ရမည်။

ပထမပုဂ္ဂိုလ် ဆင်းဆင်းရဲရဲ ရင့်ကျက်ရပြီး မဂ်ဉာဏ်ဖိုလ်ဉာဏ်ရဖို့ နှေးရခြင်း အကြောင်းမှာ ကိလေသာ ကြားခိုရှုဖြစ်ကြောင်း ရှင်းထားသည်။ ကြာတော့ ရခဲ လိုက်တာဆိုပြီး စိတ်ဆင်းရဲပြန်သည်။ မိမိမှာ ကိလေသာ ထူပြော၍ ဖြစ်ရကြောင်း အကဲခတ်သင့်သည်။ [နာ–၅၀၄] ကိုယ့်အဖြစ်ကို ကိုယ်သိအောင် လုပ်ရမည်။ သဒ္ဓါကလည်း မတက်၊ ဝီရိယကလည်း မသန်၊ သတိကလည်း လစ်လစ်နေသည်။ သမာဓိကလည်း စူးစူးစိုက်စိုက် မရှိ၊ ပညာကလည်း နုံသေးသည်။ [နာ–၅၀၅] ပညိန္ဒြေနုံ့သော် ဆင်းဆင်းရဲရဲ ကျင့်ရပြီး အရနှေးသည်။ အချိန်ကြာသည်။ ဝိပဿနာ ဉာဏ် မထက်လို့ ဖြစ်သည်ဟု ဟောသည်။

ကိလေသာ ထူပြောသဖြင့် ဆင်းရဲသည်ဟု မှတ်ရမည်။ [နာ–၅၀၇] ကိလေ သာ ကြားခိုလာလျှင် ကြားဝင်လာသော ကိလေသာကိုပါ ဖြစ်ပျက်ရှုပစ်လိုက်ဟု ရှေ့မှာ သင်ခဲ့ပြီးပြီ။ [နာ–၅၀၈] ကိလေသာကိုပါ ဖြစ်ပျက် ရှုလိုက်လျှင် ဆင်းရဲလည်း ပျောက်၊ ဉာဏ်လည်း ရောက်သည်။ ဒါတရားအားထုတ်သော ယောဂီများကို အကူအညီပေးသော တရားဖြစ်ကြောင်း ဟောသည်။ [နာ–၅၀၉] ဤကား မိုးကုတ် ဆရာတော်ဘုရားကြီး၏ ထူးခြားသော နည်းပေးလမ်းပြမှု Unique Contribution ဖြစ်၏။

ဘုရားက ဆင်းရဲတာ ကိလေသာကြောင့် ဉာဏ်နှေးတာ ဣန္ဒြေ မရင့်လို့ (နုံလို့)ဟု ဟောသည်။ [နာ–၅၁၀] ဆရာတော်က ကြားထိုးသော ကိလေသာ ဝင်လာလျှင် ကိလေသာပါ ဖြစ်ပျက်ရှု။ ရှုစရာတွေ များသွားသည်။ နဂိုက ရုပ်ရှု၊ စိတ်ရှု၊ ဝေဒနာရှု ကြိုက်ရာရှုနေစဉ် ဝိပဿနာဉာဏ် ဖြစ်နေသည်။ နောက်ထပ် ဝင်လာသော ကိလေသာကိုပါ ရှုလိုက်သည့်အတွက် ဝိပဿနာဉာဏ် ဖြစ်သွားပြန် သည်။ ဉာဏ်ချင်း နီးစပ်ပြီး ဣန္ဒြေတက်လာသည်။ ဉာဏ်တက်လာနိုင်သည်ဟု ထူးထူးခြားခြား နည်းပေးထားသည်။ [နာ–၅၁၂]

ပထမပုဂ္ဂိုလ် **'ဒုက္ခ ပဋိပဒါ ဓန္ဓာဘိညာ'** ခေါ်သည်။ ဆရာဘုန်းကြီး ပေးသော နည်းဖြင့် အားထုတ်လိုက်ပါက **'သုခ ပဋိပဒါ ခိပ္ပါဘိညာ'** ချမ်းချမ်း သာသာနှင့် မဂ်ဉာဏ်ဖိုလ်ဉာဏ် မြန်မြန်ရသူ ဖြစ်သွားသည်။ (ဤတရားတွင် မိုးကုတ်ဆရာတော်ကြီးသည် ဘုရားဟောတရားကို သူများနှင့်မတူ တစ်မူထူးခြား

http://www.dhammadownload.com



စွာ ထိုးထွင်း နားလည်ပုံကို ထင်ထင်ရှားရှား ဖော်ပြသည်။ ပဋိဝေဓဉာဏ်၏ သတ္တိဖြစ်ဟန် တူသည်။ မှတ်ချက်)

ဒုတိယအမျိုးအစား ပုဂ္ဂိုလ် ဆင်းဆင်းရဲရဲ ကျင့်ရပြီး မဂ်ဉာဏ်ကို ရမြန်သော ပုဂ္ဂိုလ်ဖြစ်သည်။ ဆင်းဆင်းရဲရဲ ကျင့်ရတာ ကိလေသာ ထူလို့ဖြစ်သည်။ ဆရာတော်ကြီး နည်းပေးသောအတိုင်း ကိလေသာကိုပါ ဖြစ်ပျက် ရှုလိုက်လျှင် ချမ်းချမ်းသာသာနှင့် မဂ်ဉာဏ်ကို မြန်မြန် ရသွားမည် ဖြစ်၏။ ဆရာတော်က သူပေးသော နည်းအတိုင်း လိုက်နာပြီး အားထုတ်လျှင် တစ်ပုဂ္ဂိုလ်လည်း လေးပုဂ္ဂိုလ် ဖြစ်နိုင်သည်။ နှစ်ပုဂ္ဂိုလ်လည်း လေးပုဂ္ဂိုလ်ထဲ ဝင်သွားမည်ဟု ဆိုသည်။ [နှာ–၅၂၆] မဂ်ဉာဏ်ဖိုလ်ဉာဏ် အမြန် ရမှု မရမှုသည် ဆရာကောင်း နည်းပေးကောင်းပေါ်မှာ တည်ကြောင်း အရှင်သာရိပုတ္တရာနှင့် ရွှေပန်းထိမ်သည် သားရဟန်းငယ်ဝတ္ထုကို ပြပြီး ဟောသည်။ [နှာ–၅၂၈] နည်းပေးကောင်းလိုပုံကို ဟောသည်။ [နှာ–၅၃၄] ခန္ဓာမှာ ဘာလာလာ လာတာကို ရှုလျှင် အနိစ္စဉာဏ် မပြတ်တော့ပါ။ ပဋိစ္စသမုပ္ပါဒ် မဆက်နိုင်တော့ပါ။ မဆက်တော့လျှင် နိဗ္ဗာန်ကိုချည်း ကျေးဇူးပြုပါသည်။ [နှာ–၅၃၅] **'ယထာ ယထာ ပနဿ ကာယောပဏီ ဟိတော၊ တထာ တထာ ပဇာနာတိ'** ဆိုသောကြောင့် လာသမျှ ရှုသာ ရှုနေပါဟု ဆိုသည်။ [နှာ–၅၃၆] တတိယပုဂ္ဂိုလ်မှာ ချမ်းချမ်းသာသာ ကျင့်ရသော်လည်း မဂ်ဉာဏ် အရနှေးသော ပုဂ္ဂိုလ်ဖြစ်သည်။ ဒါဆို သူ့မှာ ကိလေသာ ပါးသည်။ သို့သော် သူ့ဉာဏ်က ဉာဏ်ဆက်ဝေးပြီး နှေးနေသည်။ [နှာ–၅၃၈] ဒါဆို သူ့ဉာဏ်ဆက်နီးလျှင် မြန်မြန်ရသည်။ ထိုသူမှာ ဝီရိယ ပေါ့နေသည်။ ဝီရိယ ပြင်းထန်အောင် ကမ္မဋ္ဌာန်း ပေးရမည်။ လာသမျှကို မလွတ်တမ်း ဖြစ်ပျက် ရှုရမည်။ [နှာ–၅၈၃] ကိလေသာ ပါးသော်လည်း ကိလေသာ ကြားထိုးမှု ရှိပေဦးမည်။ ကြားထိုးတာကိုလည်း ဖြစ်ပျက်ရှု၊ ဉာဏ်နဲ့ချည်း လာသမျှ ဖြစ်ပျက် ရှုချလျှင် ဉာဏ်ထက်လာသည်။ [နှာ–၅၄၁] ချမ်းချမ်းသာသာ ကျင့်ပြီး မြန်မြန် တရားရသော နည်းကိုပဲ ရအောင်လုပ်ဖို့ အားပေးသည်။

ထို့နောက် ဗာဟိရဒါရုစရိယ ဝတ္ထုကို ဟောသည်။ [နှာ–၅၄၄] ယခု ဘုန်းကြီး ပြောတာ ဒါရုစရိယကို ဘုရားဟောသောနည်းကို ပေးလိုက်တာဟု ဆိုသည်။ [နှာ–၅၄၅] ဤနည်းအတိုင်း အားထုတ်လျှင် ချမ်းချမ်းသာသာဖြင့် ဉာဏ်ထက်လာသောကြောင့် ဣန္ဒြေရင့်ပြီး မဂ်ရမြန်ကြောင်း ဟောရင်း အချိန်စေ့၍ တရားနားလိုက်သည်။

*

http://www.dhammadownload.com



## ၁၂။ မဂ္ဂင်္ဂလ္လဝီ ပရိဗိုဇ်ဝတ္တု(၁)

[၅-၉-၆၁ နေ့က အမရပူရမြို့ မင်္ဂလာတိုက်ဟောင်းမှာ ဟောသောတရား]

မျက်လုံးပေါက်က ပွားစည်းလျှင် မျက်လုံးပေါက်က သံသရာလည်သည် ဆိုပြီး ဤတရားကို စတင် ဟောကြားသည်။ မျက်လုံးပေါက်က ဖြတ်တတ်လျှင်လည်း (တဏှာ၊ ဉပါဒါန်၊ ကံ မပွားလျှင်) သံသရာပြက်ကြောင်း ဟောသည်။ ဤတရားကို မဇ္ဈိမပဏ္ဏာသပါဠိတော်မှာ မာဂဏ္ဍိပရိဗိုဇ်ကို အကြောင်းပြုပြီး ဟောသည်။ ဤတွင် သံသရာ၏ အဓိပ္ပာယ်ကို ဖွင့်ပြထားသည်။ သံသရာ ဆိုသည်မှာ စိတ်အစဉ် ရုပ်အစဉ် တန်းပြီးဖြစ်တာ၊ ခန္ဓာအစဉ်တန်းသွားတာ ဒုက္ခသစ္စာ အစဉ်တန်းသွားတာ ဖြစ်ကြောင်း ရှင်းသည်။ [နာ-၅၅၀]

ပြီးမှ မြင်စိတ်ပေါ်တာက စပြီး သံသရာ ပေါ်ပုံကို ပြသည်။ [နာ-၅၅၂] မြင်စိတ်ပေါ်တာသည် ဝိညာဏခန္ဓာ စခြင်းဖြစ်သည်။ သံသရာအစ ခန္ဓာဟု မှတ်ရမည်။ ခန္ဓာဆုံးလျှင်လည်း သံသရာ ဆုံးသည်။ မြင်လျှင် သံသရာ စသည်၊ မြင်ချစ်ခင်၊ မြင်လိုချင်လျှင် သံသရာ တိုးပွားပြီး လည်ပြီ၊ ဤသို့ သိရမည်။ [နာ-၅၅၃] မြင်ခန္ဓာနှင့် လိုချင်ခန္ဓာသည် သံသရာနှစ်ခု တိုးပွားသွားခြင်း ဖြစ်၏။ [နာ-၅၅၄]

ထို့နောက် လိုချင်၍ စွဲလမ်းခန္ဓာ ပေါ်လာပြန်သည်။ သံသရာသုံးခု တိုးသွားပြန်သည်။ ထို့နောက် ကာယကံ၊ ဝစီကံ၊ မနောကံတွေ ပေါ်လာသည်။ ကံသံသရာ ပေါ်ခြင်း ဖြစ်သည်။ [နာ-၅၅၅] ကံသံသရာ ပေါ်လာလျှင် ဤဘဝ စုတိပြီး နောက်ဘဝမှာ ဇာတိ ပဋိသန္ဓေ ဆက်ဖြစ်ပြန်သည်။ ဇာတိ သံသရာတစ်ခု ပေါ်ပြန်သည်။ ယခု ဘဝ နောက်ဘဝ ဆက်သွားပြီ။ သံသရာရှည်ပုံကို ပြခြင်းဖြစ်၏။ [နာ-၅၅၆] ယခု ပြသော ပဋိစ္စသမုပ္ပါဒ်သည် အလယ်(တဏှာ)က စသော ပဋိစ္စသမုပ္ပါဒ် ဖြစ်သည်။ ပစ္စုပ္ပန်နှင့် အနာဂတ်ကို နှစ်ဘဝ ဆက်သွားပုံ ပြသည်။ [နာ-၅၅၇]

ဒုက္ခသစ္စာနှင့် နေပြီး ဒုက္ခသစ္စာပဲ ပြန်ရောက်ရသည်။ ဤကား မျက်စိပေါက်က စခဲ့သော သံသရာ ဖြစ်၏။ [နာ-၅၅၈] မျက်လုံးပေါက်က စသော ပစ္စုပ္ပန် သံသရာ မရှိလျှင် အနာဂတ် သံသရာ မရှိပါ။ ဒါကြောင့် ပစ္စုပ္ပန်သံသရာကို ဖြတ်ရမည်။ ပစ္စုပ္ပန်သံသရာကို ဖြတ်လျှင် အနာဂတ်သံသရာ ချုပ်ပြတ်သည်။ [နာ-၅၅၈] ဘာကြောင့် ပစ္စုပ္ပန် သံသရာ (ပဋိစ္စသမုပ္ပါဒ်)ကို ဖြတ်နိုင်းသနည်း

http://www.dhammadownload.com



ဆိုလျှင် အနာဂတ် ဒုက္ခ သံသရာကြီး ဆက်မှာ စိုးသောကြောင့် ဖြစ်သည်ဆို၏။ [နှာ-၅၅၉]

သံသရာ ပွားပုံ ပြတ်ပုံ အကြောင်းကို ဟောပြီးနောက် မာဂဏ္ဍီပရိဗိုဇ်ဝတ္ထုကို ဟောသည်။ ဘုရားထံမှာ ရဟန္တာဖြစ်သွားသော မာဂဏ္ဍီပုဏ္ဏား၏တူ မာဂဏ္ဍီပရိဗိုဇ်ကို ကယ်ချွတ်တော်မူရန် မြတ်စွာဘုရား ကုရုတိုင်းမှာ သီတင်းသုံးစဉ် အကြံဖြစ်၏။ ထို့နောက် ဘာရဒွါဇ ပုဏ္ဏားတစ်ယောက် မီးကို ပူဇော်၍နေရာ တောတွင်းတစ်နေရာသို့ သွားပြီး နှစ်ရက်သုံးရက် သီတင်းသုံးနေလေသည်။ မြက်ခင်းကလေး တစ်ခုပေါ်မှာ ဘုရားက ထိုင်နေသည်။ ထိုနေရာသို့ မာဂဏ္ဍီပရိဗိုဇ် ရောက်လာသည်။ မြက်ခင်းကလေးကို မြင်သည်။ ဘာရဒွါဇပုဏ္ဏားက သာကီဝင်မင်းသား ဂေါတမဘုရားအတွက် သူခင်းထားကြောင်း ပြောပြသည်။ ထိုအခါ မာဂဏ္ဍီပရိဗိုဇ်စိတ်မှာ မကျေမနပ် ဖြစ်သည်။ သူမမြင်ချင်တာ မြင်ရသည့်အတွက် မကောင်းသဖြင့် မြင်ရတာဟု ယူဆသည်။ ထိုအခါ မာဂဏ္ဍီနှင့် ဘာရဒွါဇတို့ ဗုဒ္ဓအကြောင်းကို ပြောကြသည်။ မာဂဏ္ဍီက ဗုဒ္ဓသည် အလွန်ဆိုးကြောင်း ပွားစည်းခြင်းကို ဖြတ်သူဖြစ်ကြောင်း မကျေမနပ် ပြောသည်။ [နှာ-၅၆၈] ပွားစည်းခြင်းကို ဖျက်သောပုဂ္ဂိုလ်မို့ မကြည်ညိုထိုက်သူဖြစ်ကြောင်း ပြောသည်။

ဤတွင် တရား ကြားညပ်ပြီး တရားနာပရိသတ်လည်း ပွားစည်းခြင်းကို ကြိုက်တတ်သူများ မာဂဏ္ဍီအမျိုးများဖြစ်ကြောင်း သုံးသပ်ပြသည်။ [နှာ-၅၇၁] မာဂဏ္ဍီများကမူ လူ့ပြည်နတ်ပြည် အကြိမ်ကြိမ် ကူးပြောင်း ခံစားရခြင်း၊ ပွားစည်းခြင်းကို ကြိုက်သည်။ [နှာ-၅၇၂] ဘုရားက ပွားစည်းခြင်းကို မကြိုက်ပါ၊ သစ္စာအမြင် ကွာခြားနေခြင်း ဖြစ်၏။ မာဂဏ္ဍီနှင့် ဘာရဒွါဇတို့ အပြန်အလှန် ပြောနေသော စကားများကို ဘုရားက ဒိဗ္ဗသောတ အဘိညာဉ်ဖြင့် ဖလသမာပတ် ဝင်စားအပြီးမှာ ကြားသည်။ ထိုနေရာသို့ ဘုရား ကြွလာပြီး ဘာရဒွါဇပုဏ္ဏားအား ငါမရောက်လာခင် သင်တို့ ဒီမြက်ခင်းနှင့် စပ်သော စကားများကို ပြောနေကြတာ၊ ဘာများလဲဟု မေးသည်။

ဤသို့ မေးလိုက်သောအခါ ဘာရဒွါဇပုဏ္ဏားမှာ အံ့ဩ ထိတ်လန့် ဖြစ်သွားသည်။ မာဂဏ္ဍီကလည်း ဘုရားအနားသို့ ရောက်လာသောအခါ ဘုရားက မြင်စိတ်က စပြီး သံသရာ ပွားစည်းပုံ တရားကို ဟောတော့သည်။ မျက်လုံးပေါက်က မြင်စိတ်ကို အစပြုပြီး တဏှာ ဉပါဒါန် ကံ မလာအောင်၊ နောက်ဘဝ ဇာတိ၊

http://www.dhammadownload.com



ဇရာ၊ မရဏ မလာအောင် စောင့်ရှောက်ဖို့ ဟောကြောင်း သင် ဘာမေးချင်သလဲဟု မေးသည်။ မာဂဏ္ဍီက သူ ဘာမှ မမေးလိုကြောင်း လျှောက်သည်။ [နာ-၅၈၀]

ဆရာတော်က ဘုရား၏ ဝါဒကို ရှင်းပြသည်။ မြင်စိတ်လာလျှင် မြင်စိတ်ကို ဖြစ်ပျက်ရှုပါက ပွားစည်းမှုကို ဖြတ်တောက်ကြောင်း ပြသည်။ မာဂဏ္ဍီအယူက ပွားစည်းမှုကို ကြိုက်သောအယူ ဖြစ်၏။ သူ့အယူအတိုင်းဆိုလျှင် မြင်လျှင် လိုချင်ရမည်။ လိုချင်လျှင် စွဲလမ်း၊ စွဲလမ်းလျှင် မရ ရအောင် အားထုတ်ရမည်။ အားထုတ်ပြီး ကံတွေကို လွန်ကျူးရမည်။ သူ့အယူ ဖြစ်၏။ [နာ-၅၈၂] ဘုရားက ပွားစည်းမှုကို ဖျက်ချသော အယူကို ဟောလိုက်သည်။ ဆရာတော်က ပုထုဇဉ်သည် သစ္စာ မသိခင် ပွားစည်းမှု(ကြီးပွားမှု) ကို ကြိုက်တတ်ပုံကို ဟောသည်။ [နာ-၅၈၆]

ပြီးမှ စိတ္တာနုပဿနာဖြင့် ဘာစိတ်ပေါ်ပေါ် ပေါ်သောစိတ်ကို ဖြစ်ပျက်ရှုဖို့ တိုက်တွန်းသည်။ [နာ-၅၈၈] ဆရာတော်က စက္ခုန္ဒြေ စောင့်ပါဆိုတာ မျက်လုံး ပိတ်ထားရတာမျိုး၊ သက်သတ်လွတ် စားရမှာမျိုး ဇိဝှိန္ဒြေစောင့် ဆိုတာမျိုး မဟုတ်ဟုလည်း ရှင်းပြထားသည်။ [နာ-၅၈၉] မြင်စိတ်ပေါ်လျှင် (ဖဿမှာ ဘာစိတ်ပေါ်ပေါ်) ဖမ်းပြီး ဖြစ်ပျက် ရှုရမည်။ တဏှာ၊ ဥပါဒါန်၊ ကံကျမှ မိလျှင်လည်း မိရာကို ဖမ်းပြီး ဖြစ်ပျက် ရှုဟုဆိုသည်။ ယခုဘဝ ကံပြတ်လျှင်လည်း နောက်ဘဝ နောက်ဒုက္ခ မလာတော့ဟု ဆိုသည်။ [နာ-၅၈၉] မာဂဏ္ဍီပရိဗိုဇ်ကို ဘုရားက ဘာပြောချင်သေးသလဲဟု မေးရာ ဘာမှ မပြောလိုကြောင်း၊ သူတို့ ကျမ်းဂန်မှာ ပွားစည်းမှုကို အလိုရှိရမည်ဟု ဆိုထားကြောင်းကို ပြန်လျှောက်သည်။

ဆရာတော်က ဒါကြောင့် စာကို အမှန် မယူနှင့် ခန္ဓာက ပြောတာကိုသာ အမှန် ယူအပ်ကြောင်း ဟောသည်။ [နာ-၅၉၁] စာက မှတ်တမ်းမျှသာ ဖြစ်ကြောင်း ဟောသည်။ ဟောနေစဉ် အချိန်စေ့သဖြင့် မာဂဏ္ဍီဝတ္ထု မပြီးဘဲ တရားကို နားလိုက်ရသည်။

*

## ၁၃။ မာဂဏ္ဍီပရိဗိုဇ်(၂)

[၆-၉-၆၁ နေ့က အမရပူရမြို့ မင်္ဂလာတိုက်ဟောင်းမှာ ဟောသောတရား]

ခဏခဏ နားက တရားနားပါဟု သတိပေးကြောင်းဖြင့် ဤတရားကို စတင် ဟောကြားလေသည်။ နားက တရားနာပြီး ဉာဏ်က ခန္ဓာလှည့်ရမည်။ ခန္ဓာလှည့်ဆိုတာ စိတ်ဟောလျှင် စိတ်ကို လှည့်ပါ။ ဝေဒနာကို ဟောလျှင် ဝေဒနာကို

http://www.dhammadownload.com



လှည့်ပါ။ ဉာဏ်အလှည့်တည်သွားလျှင် တရားပွဲထဲမှာပင် သောတာပန် သကဒါဂါမ်၊ အနာဂါမ် ရဟန္တာဖြစ်နိုင်သည်ဟု ဟောသည်။ (ယခုခေတ်တွင် တရားနာရင်း ခန္ဓာကို ဉာဏ်လှည့်တတ်ဖို့ ကိစ္စမှာ နေ့ယျပုဂ္ဂိုလ်များအတွက် ပြောသလောက် မလွယ်ပါ။ ခေတ်ကာလကို ထည့်သွင်း စဉ်းစားသင့်ကြောင်း လယ်တီဆရာတော်ကြီး ဟောပါသည်။ မှတ်ချက်)

ထို့နောက် ဆရာတော်က တရားနာရင်း ခန္ဓာအပေါ် ဉာဏ်လိုက်ပုံကို ပြသည်။ စိတ်ဟောစဉ် စိတ်ကို ရှုလျှင် စိတ်၏ ဖြစ်ပျက် အနိစ္စကို မြင်သည်။ ဝေဒနာကို ဟောလျှင် ဝေဒနာ၏ ဖြစ်ပျက် အနိစ္စကို မြင်သည်။ ယထာဘူတဉာဏ်ကို နာရင်း မိတ္တက ရသည်ဟု ဆိုသည်။ [နာ-၅၉၄] ယထာဘူတဉာဏ် ရလျှင် ဒီခန္ဓာမှာ ဖြစ်ပြီးပျက်တာမှအပ ဘာမှ မရှိပါကလားဟု ဆုံးဖြတ်ချက် ကျလျှင် သက္ကာယဒိဋ္ဌိကွာကြောင်း ဟောသည်။ နာရင်းစိုက်ရှုတတ်လျှင် တရားက ပြောတာကို ဉာဏ်က သဘောကျသည်ဟု ဆိုသည်။ [နာ-၅၉၅]

ခန္ဓာကို ဉာဏ်စိုက်ထားစဉ် ဉာဏ်ကျယ်လာပြီး ဖြစ်ပျက် အတိပြီးသော ခန္ဓာကြီးကို မုန်းလာသည်။ မုန်းလာစဉ် ခန္ဓာကို ဉာဏ်က စိုက်လိုက်တော့ ဖြစ်ပျက် ခန္ဓာကြီး ဆုံးသွားတာကို မြင်လိုက်ရမည်။ **'ဒုက္ခဿ အန္တံ သန္တိကရိဿတိ'** ဆိုသော အတိုင်း ဖြစ်ပျက်အဆုံးမှာ နိဗ္ဗာန်ကို ဉာဏ်က မျက်မှောက်ပြုသည်ဟု ဟောထားသည်။ [နာ-၅၉၆]

ဤသို့ ဖြစ်ခြင်းမှာ တရားနာ၍ ကိစ္စပြီးခြင်း မဟုတ်၊ တရားနာစဉ် ခန္ဓာကို ဉာဏ်လှည့်တတ်သောကြောင့်သာ ကိစ္စပြီးသည်ဟု မှတ်ရမည်။ ဤတွင် ခွေးသေကောင်ပုပ်ကို ဥပမာထားပြီး ရှုပုံကို ပြသည်။ [နာ-၅၉၇] နိဗ္ဗာန်ကို ဉာဏ်က မျက်မှောက်ပြုသည်နှင့် ထိုဉာဏ်သည် အပါယ်ကို သွားစေသော ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာကိုလည်း ပယ်ပစ်လိုက်သည်။ [နာ-၅၉၈] ထိုကဲ့သို့ တရားနာရင် ဉာဏ်က သောတာပန် တည်သွားသော ပုဂ္ဂိုလ်များမှာ တရားပွဲပြီးလည်း မပြန်ချင်ဘဲ မိမိတို့၏ ဖြစ်စဉ်ကို ဆရာသမား(ဘုရား)ထံမှာ လျှောက်ချင်ကြသည်။ ဒါကြောင့် တရားကို နားက နာရင်း ဉာဏ်က ခန္ဓာကို လှည့်ရှုပါဟု ဆရာတော်ကြီးက ထပ်မံ တိုက်တွန်းပြန်သည်။ (နားက တရားနာ၊ ဉာဏ်က ခန္ဓာလှည့် သဘောကို စာအုပ်အမှတ်(၁၃)မှာ ဟောစဉ်ကမူ တရားမနာဘဲ တရားအားမထုတ်သင့် တရားနာပြီးမှသာ တရားအားထုတ်သင့်သော အဓိပ္ပာယ်ဖြင့် ဟောကြားခဲ့ပါသည်။ မှတ်ချက်) သုဿန်သွားရင် လမ်းမှာ ဆုံကြရ၍ တိုက်တွန်းရပုံကို ပြောသည်။ [နာ-၆၀၂]

http://www.dhammadownload.com



ထို့နောက် လူလိမ္မာနှင့် လူမိုက် ခွဲပြသည်။ ခန္ဓာကို ဉာဏ်စိုက်နေသည့် အချိန် လူလိမ္မာ၊ ခန္ဓာပေါ် ဉာဏ်မစိုက်ဘဲ အလိုက်ဘာသာနေချိန်မှာ လူမိုက်ဖြစ်ပုံ အဝိဇ္ဇာဦးစီးနေပုံကို ဟောသည်။ [နှာ–၆၀၃] ဖြစ်ပျက် မြင်နေချိန်မှာ တဏှာဖြတ်၊ ဥပါဒါန်ဖြတ်၊ ကံဖြတ်သည်။ ဒါကြောင့် နောက်လာမည့် ဇာတိ၊ ဇရာ၊ မရဏ ချုပ်နေသည်။ လိမ္မာသောပုဂ္ဂိုလ် ထိုခဏမှာ နိဗ္ဗာန်ကို ရောက်နေတာပဲဟု ဆိုသည်။ [နှာ–၆၀၄] ခဏနှင့် ဆုံးဖြတ်ရမည်။ နိဗ္ဗာန်ရောက်တဲ့ ပုဂ္ဂိုလ်လည်း မင်္ဂ ခဏပြီးတော့ နောက် ကိလေသာ ခဏ မလာတော့ဘူးဆိုလျှင် နိဗ္ဗာန် ရောက်တာပဲဟု ပြတ်ပြတ် သားသား မိန့်ဆိုထားသည်။ [နှာ–၆၀၄]

ဤတရားတွင် နိဗ္ဗာန် ရောက်မရောက် ဆုံးဖြတ်ပုံကို ပြထားသည်။ နိဗ္ဗာန် ရောက်မရောက်ကို ပဋိစ္စသမုပ္ပာဒ်ပြတ်သော ဉာဏ်ပေါ်မှာ တည်ပြီး ဆုံးဖြတ်ရမည် ဟု တိတိကျကျ ဆိုသည်။ [နှာ–၆၀၆] ကိုယ့်ပဋိစ္စသမုပ္ပာဒ် ကိုယ့်ဉာဏ်နှင့် ဖြတ်လိုက် လျှင် ကိုယ့်ဒုက္ခ သိမ်းသည်။ မပြတ်လို့ ရှိလျှင် ကိုယ့်ဒုက္ခ ဆက်သည်။ [နှာ–၆၀၈] ဒါကြောင့် ကိုယ်မိုက်နေသလား၊ လိမ္မာသလား သိအောင် ကိုယ့်ပဋိစ္စသမုပ္ပာဒ်ကို ကိုယ့်ဘာသာ အကဲခတ်ရမည် ဆို၏။ ဝတ်ဖြူစင်ကြယ် ဝတ်ပြီး သူတစ်ပါး ကြည်ညိုအောင် ဟန်လုပ်နေတာ ပင်ပန်းသည်။ ကိုယ့်ပဋိစ္စသမုပ္ပာဒ် ကိုယ် သိမှုက သာ ပဓာန ကျသည်။ ဤကား မာဂဏ္ဍီပရိဗိုဇ်အကြောင်း မစမီ ရှေ့ပိုင်းက ဆုံးမ စကားများဖြစ်၏။ မဂ်ဉာဏ်မှတစ်ပါး အားကိုးရာ ဘာမှ မရှိကြောင်း ဟောသည်။ ဤတွင် ဖြစ်ပျက်တွေ့လျှင် မဂ်တိုက်ရိုက် ဝင်သည်ဟု ဟောထားသည်။ [နှာ–၆၁၄] ထို့နောက် မာဂဏ္ဍီပရိဗိုဇ် အကြောင်းဆက်၍ ဟောသည်။

မာဂဏ္ဍီက ပွားစည်းမှု၊ ကြီးပွားမှုကို လိုသည်။ ဗုဒ္ဓက ပွားစည်းမှု၊ ကြီးပွားမှု ကို ဖြတ်ရမည်ဟု ဟောသည်။ မြင်စိတ်ပေါ် မြင်စိတ် ဖြစ်ပျက်ရှုလျှင် တဏှာ၊ ဥပါဒါန်၊ ကံ ပြတ်သည်။ အနာဂတ် ဇာတိရကြောင်း အကြောင်းသုံးပါးစလုံး ပြတ်သည်။ [နှာ–၆၂၇] အကြောင်းပြတ်သဖြင့် အနာဂတ်အကျိုးများလည်း မလာ တော့ပါ။ ပွားစည်းခြင်းဆိုတာ ဗုဒ္ဓအမြင်မှာ ဒုက္ခပွားတာပဲ မြင်သည်။ မာဂဏ္ဍီကို ဘုရားက ငါသည် ပွားစည်းခြင်းကို ဖြတ်ဖို့ ဟောသည်။ သင် ဘာပြောချင်သလဲ ဆိုတော့ ပြောစရာ မရှိပါ။ သူတို့၏ ကျမ်းဂန်မှာတော့ ပွားစည်းခြင်းကို လိုလားရမည်ဟု ဟောကြောင်း စာဖြင့် ကိုင်ပေါက်သည်။

ထိုအခါ ဗုဒ္ဓက သူ့အကြောင်း၊ သိဒ္ဓတ္ထမင်းသား ဖြစ်ခဲ့ကြောင်း ပြောသည်။ နန်းမသုံးဆောင်မှာနေခဲ့ကြောင်း၊ မောင်းမပေါင်း သောင်းခြောက်ထောင် ရှိခဲ့ကြောင်း၊

http://www.dhammadownload.com



ကာမဂုဏ်အာရုံ စည်းစိမ်တွေ များပြားခဲ့ကြောင်း၊ သို့သော် ဤကာမဂုဏ် အာရုံတွေသည် ဖြစ်ပြီးပျက်သည့် တရားများဖြစ်ကြောင်း၊ ဒုက္ခကို မသိသေးသော ပုဂ္ဂိုလ်မှာ ဤစည်းစိမ်မျိုး ပွားစည်းလိုကြောင်း၊ ဘုရားလောင်း မင်းသားဘဝတုန်းက ဤစည်းစိမ်များကို ခံစားခဲ့ဖူးကြောင်း၊ ထိုကာမဂုဏ် အာရုံများမှာ ဒုက္ခသစ္စာများသာ ဖြစ်ကြောင်း၊ နိဗ္ဗာန်သာလျှင် ချမ်းသာစစ်ဖြစ်ကြောင်း၊ ဒါကြောင့် မိမိသည် ပွားစည်းခြင်းကို ဖြတ်ခဲ့ကြောင်း ဟောလိုက်သည်။

ဘုရားက ဥပမာများဖြင့် ဟောသည်။ နတ်စည်းစိမ်ကို ခံစားနေရသောသူသည် လူ့စည်းစိမ်ကို ခံစားလိုပါသေးသလား၊ နတ်စည်းစိမ်နှင့် နှိုင်းစာလျှင် လူ့စည်းစိမ်သည် စက်ဆုပ်စရာ ဖြစ်တော့သည်။ ပွားစည်းခြင်းကို အလိုမရှိပြီ။ လူ့ချမ်းသာသည် နတ်ချမ်းသာနှင့် ကွာခြားသလို ပွားစည်းခြင်း ချမ်းသာနှင့် ပွားစည်းခြင်းကို ဖြတ်သော ချမ်းသာသည် ကွာခြားလွန်းလှကြောင်း ဟောလိုက်သည်။

ခွေးတွေက မစင်ပုံ စားရ၍ ပျော်နေသည်။ လူက ဒံပေါက်ထမင်း၊ ထောပတ်ထမင်း စားရ၍ ပျော်နေစဉ် မစင်စား၍ ပျော်သောခွေးကို မြင်ရသဖြင့် ခွေးစည်းစိမ်ကို လိုချင်ပါမည်လားဟု မေးသည်။ ဤနည်းတူစွာ ဖြစ်ပျက်ဆုံးသော နိဗ္ဗာန်ကို မြင်ရလျှင် လောကီ ကြီးပွားခြင်းသည် ခွေး ကျင်ကြီး စားသလိုပါကလားဟု သိမြင်လာနိုင်သည် ဆို၏။ အမြင်မှန်ရအောင် ကြိုးစားကြပါဟု တိုက်တွန်းသည်။ ပွားစည်းခြင်း ဆိုတာ မဟုတ်တာကို အားကျတာဟု ဆိုသည်။ [နှာ–၆၄၀]

ထို့နောက် ဥပမာ ထပ်ပေးသည်။ နူနာရသော ပုဂ္ဂိုလ် နူနာထစဉ်က ကုတ်ဖဲ့ မီးကင်နေမှ ချမ်းသာရသည်။ နောက်ဆရာနှင့် ကုသ၍ ရောဂါပျောက်သွားသောအခါ ထိုပုဂ္ဂိုလ် စိတ်ထဲမှာ ကုတ်ဖဲ့ မီးကင်နေသော နူနာသည်ကို မြင်သဖြင့် ကုတ်ဖဲ့ မီးကင်ချစ်စိတ် ပေါ်ဦးမလားဟု မေးသည်။ ဒီမှာလည်း သားသမီး စည်းစိမ်တွေနှင့် ပျော်ချင်တာ ကိလေသာနူနာရှိလို့ ပျော်ချင်တာ။ ထိုနူနာကို မဂ်ဖိုလ်ဆေးနှင့် ကုသပြီးသောအခါ ကိလေသာပိုး ကိုက်စဉ်က အလုပ်မျိုးကို မလုပ်ချင်တော့ကြောင်း ပြသည်။ နူနာ မပျောက်သေးသမျှ မီးဖိုနား ကပ်ပြီး မီးကင်နေရဦးမည်။ နူနာပျောက်လျှင် ကင်စရာ မလိုတော့ကြောင်း ဟောရင်း အချိန်စေ့၍ တရားကို ရပ်နားသည်။

ဝ

ဤတွင် အလုပ်စဉ်တရား စာအုပ်အမှတ်(၁၈) ပြီး၏။

http://www.dhammadownload.com

http://www.dhammadownload.com

အနှစ်ချုပ်

# မိုးကုတ်ဝိပဿနာ လုပ်ငန်းစဉ်တရား

စာအုပ်အမှတ်(၁၉)

http://www.dhammadownload.com

http://www.dhammadownload.com

## မိုးကုတ်ဝိပဿနာ လုပ်ငန်းစဉ်တရား စာအုပ်အမှတ်(၁၉)

**နိဒါန်း**

ဤစာအုပ် နိဒါန်းကို ဆရာကြီးဦးသံဒိုင်ပင် ရေးသည်။ **'ကာလေန ဓမ္မသာဝနံ၊ ဧတံ မင်္ဂလ မုတ္တမံ'** တရားနာခြင်းသည် မင်္ဂလာတစ်ပါးဟု ဘုရားဟောကြားတော်မူသည်။ ဒါကြောင့် မိုးကုတ်တရားတိတ်ခွေများကို နာကြားရခြင်း၊ တိတ်ခွေ မရှိသူများ ဤတရားစာအုပ်များကို ဖတ်ရှု လေ့လာရခြင်းသည် ဓမ္မသာဝန မည်ကြောင်း မင်္ဂလာတရား ဖြစ်နေကြောင်း ဖော်ပြသည်။ ဤတရားများသည် သစ္စာဆိုက်သော တရားများ၊ ပဋိစ္စသမုပ္ပါဒ်ကို ဉာဏ်အမြင် စင်ကြယ်အောင် ဟောထားသော တရားများဖြစ်၍ လေ့လာဖို့ တိုက်တွန်းရကြောင်း ဖော်ပြထားသည်။

'အရိယာသစ္စာန ဒဿနံ၊ နိဗ္ဗာနသစ္ဆိကရိယာစ၊ ဧတံ မင်္ဂလ မုတ္တမံ' ဟူ၍ မြတ်ဗုဒ္ဓ ဟောကြားတော်မူသေးကြောင်း၊ အရိယာတို့၏ သစ္စာတရားကို နာကြားရ၍ နိဗ္ဗာန်ကို မျက်မှောက်ပြုရခြင်းလည်း မင်္ဂလာတစ်ပါးဟု ဟောသောကြောင့် ဤမိုးကုတ်တရားများမှာ အရိယာ သစ္စာတရားများဖြစ်၍ သစ္စာတရားကို နှလုံးသွင်းခြင်းဖြင့် ပဋိစ္စသမုပ္ပါဒ် ဉာဏ်အမြင်ဖြင့် ဒုက္ခသစ္စာကို ပိုင်းခြားနားလည်၍ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ပါသည်။ ထို့ကြောင့် ဤတရားများကို နာကြားကြပါ လေ့လာကြပါဟု တိုက်တွန်းပြန်သည်။ ဤတွင် မိုးကုတ်ဝိပဿနာ တရားစဉ်နှင့် လုပ်ငန်းစဉ် ပြန့်ပွားရေး အဖွဲ့ကြီး၏ ရည်ရွယ်ချက်ကို သိသာအောင် ဖော်ပြထားသည်။

ဤခေတ်သည် ကိလေသာ အားကောင်းသောခေတ်၊ ဒိဋ္ဌိအားကောင်းသော ခေတ် ဖြစ်သည်။ သို့သော် လူတွေမှာ ဒိဋ္ဌိရှိမှန်း မသိသူတွေ၊ တချို့က မိမိတို့မှာ

http://www.dhammadownload.com



ဒိဋ္ဌိ အားသန်နေကြောင်းကို သိသည်။ သို့သော် ဒိဋ္ဌိဖြုတ်နည်းကို မသိကြပါ။ ဒိဋ္ဌိသည် အပါယ်ရေသောက်မြစ် ဖြစ်ကြောင်းသိမှ၊ ဒိဋ္ဌိဖြုတ်နည်းကိုလည်း သိမှ လူတွေက ဒိဋ္ဌိဖြုတ်ဖို့ အရေးကြီးကြောင်း သိမြင်လာနိုင်သည်။ ဒိဋ္ဌိဖြုတ်ရေးမှာ ပဋိစ္စသမုပ္ပာဒ် နားလည်ရေးသည် အရေးကြီးသည်။ ပဋိစ္စသမုပ္ပာဒ် ဆိုရာမှာ ခန္ဓာ ပဋိစ္စသမုပ္ပာဒ် (ပစ္စုပ္ပန် ပဋိစ္စသမုပ္ပာဒ်)ကို နားလည်ရန် ပိုပြီး အရေးကြီးသည်။ ပဋိစ္စသမုပ္ပာဒ် တရားကို နာကြားရလျှင် ဉာတပရိညာအားဖြင့် ဒိဋ္ဌိကို တဒင်္ဂ ခေတ္တအားဖြင့် ခွာထားနိုင်သည်။ တဒင်္ဂ ပယ်နိုင်လျှင် စူဠသောတာပန် အဆင့် အတန်းသို့ ရောက်သည်။ ထိုသူသည် ဤသာသနာဝယ် ထောက်တည်ရာ ရသူ ဖြစ်ပြီ။ ဦးသံဒိုင်က စူဠသောတာပန် ထွန်းကားရေးသည် မိုးကုတ်ဝိပဿနာ အဖွဲ့ကြီး၏ ပထမအဆင့် ရည်ရွယ်ချက်ဖြစ်ကြောင်း ဖော်ပြထားသည်။

အဖွဲ့ကြီး၏ ဒုတိယအဆင့် ရည်မှန်းချက်မှာ မဟာသောတာပန်တွေ ပေါ်ထွန်းရေး ဖြစ်သည်။ ဤရည်ရွယ်ချက် နှစ်ခုမှာ ကျေးဇူးတော်ရှင် မဟာထေရ် ဆရာတော်ဘုရားကြီး၏ ရည်ရွယ်ချက်လည်း ဖြစ်ကြောင်း ဖော်ပြထားသည်။ ကောင်းစွာ ကျင့်ကြံပွားများ အားထုတ်ပါက ဤသာသနာတော်ဝယ် ရဟန္တာ မဆိတ်သုဉ်းသေးဟု ဟောတော်မူခဲ့သည့်အတိုင်း ကျင့်ကြံ အားထုတ်သူများ၏ သဒ္ဓါ၊ ဝီရိယ၊ သတိ၊ သမာဓိ၊ ပညာအလျှောက် အထက်မဂ် အဆင့်ဆင့်ကိုလည်း ရရှိနိုင်ကြောင်း ဖော်ပြထားသည်။ ဝိပဿနာမှာ ရှေ့က ဖြစ်ပျက်၊ နောက်က မဂ်ဟူ၍ ခန္ဓာနှင့်ဉာဏ်နှင့် တည့်နေဖို့ အရေးကြီးသည်။ ကိလေသာ ကြားမခိုလျှင် နံနက်အားထုတ်၊ ညနေရနိုင်ကြောင်း ဗောဓိရာဇကုမာရသုတ်တွင် မြတ်စွာဘုရား ဟောကြားထားကြောင်း ဖော်ပြထားသည်။ သာဝကဉာဏ်မှာ ပါရမီ မလိုကြောင်း လည်း ထပ်ကာထပ်ကာ ပြသည်။

ထို့နောက် ဝိပဿနာ ရှုရာမှာ စိတ်တည်ငြိမ်မှု သမာဓိ၊ ထိုးထွင်းသိမှု ဉာဏ်ထက်မှသာ ခန္ဓာ၏ ဖြစ်ပျက်ကို အရှိအတိုင်း ပြက်ပြက်ထင်ထင် သိနိုင်သည်။ ထိုသို့ သိမြင်လျှင် ဝိပဿနာဉာဏ်သည် သမ္မာဒိဋ္ဌိ ဖြစ်သည်။ ထိုဉာဏ်ကသာ ဒုက္ခသစ္စာကို သိနိုင်သည်။ လျှဒါန်းရာမှာလည်း ခန္ဓာဒုက္ခသစ္စာကို သိပြီး လှူရန် အရေးကြီးကြောင်း ညွှန်ပြသည်။ မဂ်ဉာဏ်ဖိုလ်ဉာဏ်ကို ဒါနပြု ဆုတောင်းရုံဖြင့် လည်း မရကြောင်း ပြသည်။ မဂ်အလုပ်၊ ဖိုလ်အလုပ်မှာ မိမိတို့ဘာသာ ကြိုးကုတ် အားထုတ်မှရသော အလုပ်ဖြစ်သည်။ နိဗ္ဗာန်ကို လိုချင်လျှင် နိဗ္ဗာန်ရအောင် လုပ်သော အလုပ်ကို လုပ်မှရကြောင်း ဤနိဒါန်းတွင် ဖော်ပြထားသည်။

*

http://www.dhammadownload.com



## ၁။ မာဂဏ္ဍိယပရိဗိုဇ်ဝတ္ထု(၃)

[၇-၉-၆၁ နေ့က အမရပူရမြို့ မင်္ဂလာတိုက်ကျောင်းမှာ ဟောသောတရား]

ဘုရားသခင် ကိုယ်တော်မြတ်ကြီးသည် သူ့တစ်ယောက်တည်းအတွက် နိဗ္ဗာန်ယူမည်ဆိုလျှင် သုမေဓာ ရှင်ရသေ့ ဘဝကပင် မဂ်ဉာဏ်ဖိုလ်ဉာဏ် ရပြီး နိဗ္ဗာန်ကို ရနိုင်သည်။ သတ္တဝါများကို ကယ်ချွတ်လိုသော စိတ်ထားကြောင့် ပါရမီဆယ်ပါး၊ စွန့်ခြင်းကြီးများကို ပြုလုပ်ခဲ့သည်။ ပါရမီဖြည့်တာ၊ စွန့်ခြင်းကြီး စွန့်တာသည် နိဗ္ဗာန်အတွက် မဟုတ်၊ သတ္တဝါတွေကို ကယ်တင်ချင်၍ ဖြစ်သည်။ ဤစကားကို ပြောရခြင်းမှာ သတ္တဝါအများအပေါ် ငဲ့ညှာသော ဗုဒ္ဓ၏ မဟာကရုဏာတော်ကို သိစေလို၍ ဖြစ်သည်။ ဒါကြောင့် မြတ်စွာဘုရားကို မိမိတို့က ထော်လော်ကန့်လန့် မလုပ်သင့်ကြောင်း ဟောသည်။ [နှာ-၂] ဥပရိပဏ္ဏာသပါဠိတော် **မဟာသုညက သုတ်** ကို ကိုးကားထားသည်။

ဘုရားက သူ့ကို မိတ်ဆွေကောင်းတစ်ယောက်လို သဘောထားလျှင် တော်ပါပြီ။ ကြည်ညိုတာ၊ မကြည်ညိုတာ အရေးမကြီးဘူးဟု မိန့်ကြားခဲ့ကြောင်း ဟောသည်။ ငါ့ကို မဆန့်ကျင်လျှင် တော်ပြီဟု ဆိုခြင်းဖြစ်သည်။ ရှေ့ပိုင်းမှာ ဘုရား၏ ကျေးဇူးကို ထောက်ထားသောအားဖြင့် ဘုရားစကားကို နားထောင်ပြီး လိုက်နာကြဖို့ တိုက်တွန်း ဟောကြားသည်။ ဘုရားကို အရွဲ့မတိုက်မှ ခင်ဗျားတို့ ဒုက္ခသိမ်းလိမ့်မည်ဟု ဆိုသည်။ [နှာ-၁၁]

ဤတွင် ဆရာတော်ကြီးက တရားအားထုတ်သူမှာ ထားသင့်သော စိတ်ဓာတ်ကို ဟောသည်။ "မစားရချင် နေပေ့စေ၊ ငတ်သေပါစေ၊ မပြောရရင် နေပါစေ၊ မုန်းပေ့စေ ငရဲထက်တော့ ငါ မကြောက်ဘူး" ဟု သဘောထားရမည်ဟု ဆိုသည်။ [နှာ-၁၄] မာဂဏ္ဍိယပရိဗိုဇ်က ကြီးပွားတာ စည်းပွားတာ ကြိုက်သည်။ ဘုရားက ပွားစည်းမှုကို ဖြတ်တာ၊ သတ်တာကို ပိုကြိုက်သည်။ အကြိုက် မတူကြောင်း ပြန်ဟောပြန်သည်။ [နှာ-၁၅] ပွားစည်းလျှင် အနာဂတ်အကြောင်း သုံးခု (တဏှာ၊ ဥပါဒါန်၊ ကံ) ပေါ်သည်။ (မြင်ရင် လိုချင်တယ်၊ စွဲလမ်းတယ်၊ မရမနေလုပ်တယ်) [နှာ-၁၆] ဘုရားသဘောက မြင်စိတ်ကို ဖြစ်ပျက် ရှုရမည်။ ဖြစ်ပျက်နှင့်မဂ် ကိုက်အောင်လုပ်ရမည်။ [နှာ-၁၇] ဒါက ဘုရားဝါဒ၊ ပွားစည်း မှုကို ဖြတ်ခြင်းဖြစ်သည်။

မာဂဏ္ဍိဝါဒက ပွားစည်းမှုကို မဖြတ်ရ ပွားစည်းအောင် လုပ်ရမည်။ ဘုရားက မာဂဏ္ဍိကို ပဋိစ္စသမုပ္ပာဒ်နှင့် ပွားစည်းခြင်းကို ဖြတ်ခြင်း၏ အကျိုးကို ဟောပြီး

http://www.dhammadownload.com



ဒီအယူအဆအပေါ် သင် ဘယ်လို မြင်သလဲဟု မေးသည်။ မာဂဏ္ဍီပရိဗိုဇ်က ဘာမှ မဆိုလိုကြောင်း ဖြေသည်။ မာဂဏ္ဍီအယူက ဒုက္ခရှိလျက်နှင့် နောက်ထပ် ဒုက္ခရတာကို ပွားစည်းမှုဟု ယူဆသည်။ ဘုရားဝါဒက ဒုက္ခကို ဖြတ်သည်။ ပွားစည်းမှုကို ဖြတ်မှ ချမ်းသာသည်ဟု ယူသည်။ ပွားစည်းမှုဆိုတာ ပဋိစ္စသမုပ္ပါဒ် ဆက်တာ၊ ပွားစီးမှုကို ဖြတ်တာသည် ပဋိစ္စသမုပ္ပါဒ်ကို ဖြတ်ခြင်းဖြစ်၏။ [နှာ-၁၉] မာဂဏ္ဍီက မိမိတို့ ကျမ်းစာက ပွားစီးရမည်ဟု ဆိုကြောင်းသာ ပြောသည်။ (ရှေ့မှာ ပြခဲ့ပြီးပြီ) ဆရာတော်ကြီးက အကြောင်းအကျိုး လွှတ်ပြီး မစဉ်းစားနှင့် ပဋိစ္စသမုပ္ပါဒ်နှင့် သစ္စာကို မလွှတ်စေနှင့်ဟု ဆုံးမထားသည်။ [နှာ-၂၀]

ဗုဒ္ဓက မိမိသည် သိဒ္ဓတ္ထမင်းသားဘဝက ပွားစည်းခြင်းကို ခံစားခဲ့ပြီးပြီ။ ပွားစည်းခြင်း၏ အပြစ်များကို မြင်သဖြင့် ထီးနန်းစည်းစိမ်ကို စွန့်၍ တောထွက်ခဲ့ကြောင့် မာဂဏ္ဍီအား ပြောသည်။ (ရှေ့မှာ ဖော်ပြခဲ့ပြီးပြီ) ဗုဒ္ဓက ပွားစည်းခြင်း၏ အပြစ်များ၊ အနိစ္စ ဒုက္ခ လက္ခဏာများကို မြင်ခဲ့ပုံ။ ခန္ဓာ၏ ဖြစ်ပျက်ကိုမြင်၍ ဘုရား ဖြစ်ခဲ့ပုံများကို ဟောသည်။ ချမ်းသာအစစ်ကို မမြင်ခင်က အတုတွေကို သာယာနေခဲ့သည်။ အစစ် မမြင်ခင် မသိခင်မှာ အတုနှိပ်စက်သည်။ [နှာ-၂၃] အစစ်ကို မြင်မှ အတုကို မလိုချင်တော့ပါ။ အနာဂတ် တည်လျှင် အိမ်မှာ မပျော်တော့ပါ။ [နှာ-၂၅] အစစ်မြင်လို့ အတုကို စက်ဆုပ်တယ်ဟု ဆိုသည်။ ဘုရားက မာဂဏ္ဍီကို အစစ်မြင်၍ အတုကို မလိုချင်တော့ကြောင်း ဟောသည်။ [နှာ-၂၆]

ပြီးမှ ဘုရားက မာဂဏ္ဍီကို လူ့ပြည်က စည်းစိမ်ချမ်းသာသူတစ်ဦး သေပြီး နတ်ပြည်ရောက်သောအခါ နတ်စည်းစိမ်ကို ခံစားရသည်။ ထိုအခါ ထိုသူဌေးသည် လူ့စည်းစိမ်ကို လိုချင်ဦးမလားဟု မေးသည်။ ပွားစည်းခြင်းကို အလိုရှိနေတာဟာ အစစ်ကို မမြင်သေးလို့ ပြောတာဖြစ်ကြောင်း ဟောသည်။ [နှာ-၂၇] အစစ်ကို မြင်အောင် လုပ်ပါ၊ ပွားစည်းခြင်းကို အလိုရှိနေလျှင် အပါယ်ကို ရောက်ပါလိမ့်မည်ဟု သတိပေး ဟောကြားထားသည်။ [နှာ-၂၈]

ဤတရားမှာလည်း နူနာစွဲသူ ဥပမာကို ထပ်ဟောပြန်သည်။ နူနာရောဂါသည် နူနာရှိစဉ်က မီးနားကပ်ပြီး မီးကင်နေရတာ သက်သာသည်ဟု ထင်ပုံ၊ ရောဂါ ပျောက်သွားသောအခါ မီးကင်လိုစိတ် မရှိပုံ ကွဲပြား ခြားနားချက်ကို ဟောသည်။ ဟောပြီးနောက် ဘုရားက **'အာရောဂျ ပရမာ လာဘာ၊ နိဗ္ဗာနံ ပရမံ သုခံ၊ အဋ္ဌင်္ဂိကောစ မဂ္ဂါနံ၊ ခေမံ အမတဂါမိနံ'** ဤဂါထာကို ရွတ်လိုက်သည်။

http://www.dhammadownload.com



မာဂဏ္ဍီ ထိုဂါထာကို ရထားသည်။ မာဂဏ္ဍီ ထိုဂါထာ၏ အနက်အဓိပ္ပာယ်ကို တလွဲ သိထားသည်။ ဒီဂါထာကို သူ ရသည်၊ သူ သဘောကျကြောင်း ပြောသည်။

ဘုရားက အနာကင်းခြင်းသည် လာဘ်တစ်ပါး၊ နိဗ္ဗာန်သည် ချမ်းသာစစ် ဖြစ်သည်ဆိုတာ ဘာကိုဆိုလိုသလဲဟု ဘုရားက မေးသည်။ မာဂဏ္ဍီက ခန္ဓာကိုယ် ကြီး ပုတ်ပြသည်။ ဒီခန္ဓာကြီး အနာကင်းတာ နိဗ္ဗာန်ပဲဟု သူက အဓိပ္ပာယ်ကောက် ထားသည်။ ဘုရားက သူ့အယူမှားကြောင်း ဟောသည်။ သူ့အယူမှားလျှင် အနာကင်း အောင်၊ နိဗ္ဗာန်ရောက်အောင် လုပ်ပေးစမ်းပါဟု မာဂဏ္ဍီက ဆိုသည်။ ဘုရားက မင်းမျက်လုံးကို အရင် ကုပေးရဦးမည်ဟု ဆိုသည်။ မင်းသည် မွေးကတည်းက မျက်စိနှစ်ကွင်း အလင်းမရဘဲ မွေးလာသူဖြစ်ကြောင်း ဟောသည်။ အရိယာမျက်လုံး တပ်ပေးရဦးမည်။ မာဂဏ္ဍီစိတ်မှာ အာရောဂျာ ပရမာ လာဘာ ဆိုတာ ကျူပ်ခန္ဓာပဲ။ နိဗ္ဗာနံ ပရမံ သုခံဆိုတာ သားနဲ့သမီးနဲ့ စည်းစိမ်ချမ်းသာနှင့် နေရတာ ဒါ ကျူပ်ရဲ့ လောကနိဗ္ဗာန်ပဲဟု မာဂဏ္ဍီက သူ နားလည်ထားသည်ကို ပြောသည်။

ဘုရားက ကျန်းမာခြင်းသည် လာဘ်တစ်ပါးဆိုတာ ဒီခန္ဓာရောဂါကင်းတာ ဟု ယူပြီး စည်းစိမ်ချမ်းသာနှင့် နေရတာကို လောကနိဗ္ဗာန်ဟု ထင်နေမှုကို ပြုပြင် ရန်၊ မာဂဏ္ဍီအား ဝမ်းတွင်းက အကန်းပျောက်အောင် အရိယာမျက်လုံး တပ်ပြီး ကုသပေးဖို့ လိုကြောင်းဟောသည်။ ဤတွင် အချိန်စေ့သဖြင့် တရားကို ရပ်နားရ ပြန်သည်။

*

## ၂။ မာဂဏ္ဍီပရိဗိုဇ် ဝတ္ထု (၄)

[၈-၉-၆၁ နေ့က အမရပူရမြို့ မင်္ဂလာတိုက်ဟောင်းမှာ ဟောသောတရား]

မာဂဏ္ဍီပရိဗိုဇ်ကို ဘုရားသခင် ကိုယ်တော်မြတ်ကြီးက အရိယာမျက်လုံး ပြောင်းပေးလိမ့်မယ်ဆိုသော စကားဖြင့် ဤတရားကို စတင် ဟောကြားလေသည်။ ပုထုဇဉ်မျက်လုံးဖြင့် ကြည့်သောအခါ ကိုယ့်ခန္ဓာကြီး ရောဂါကင်းသည်ဟု ထင်သည်။ ရောဂါကင်းသော ခန္ဓာကြီးကိုပင် နိဗ္ဗာန်ဟု ထင်ပြန်သည်။

အရိယာမျက်လုံး တပ်ကြည့်မှ လက်ရှိ ခန္ဓာကြီးမှာ ဘယ်အချိန်မှ အနာ ရောဂါ မကင်းပါ။ ခန္ဓာကိုယ်မှာ အနိစ္စ၊ ဒုက္ခ၊ အနတ္တ ရောဂါတွေက အမြဲတမ်း ရှိနေသည်။ ဒီရောဂါတွေ ကင်းသွားမှသာ နိဗ္ဗာန်ဖြစ်သည်။ [နာ-၅၂]

http://www.dhammadownload.com



ခန္ဓာကို ကြည့်လိုက်လျှင် ဖြစ်ပျက် မတွေ့မှ၊ ဖြစ်ပျက် ချုပ်ငြိမ်းမှ နိဗ္ဗာန် ဖြစ်သည်။ ဖြစ်ပျက်ကို မြင်လျှင် ဝိပဿနာမဂ်။ ထိုမဂ်က ခန္ဓာမှာ ကျရောက်နေသော ရောဂါအနာတွေကို မြင်သည်။ ရောဂါအနာတွေ၊ ဖြစ်ပျက်တွေ ချုပ်ဆုံးသွားတာကို မြင်မှ လောကုတ္တရာမဂ်(အဋ္ဌင်္ဂိကမဂ်) ဖြစ်သည်။ ဘုရားသည် တိကစ္ဆကော ဆေးဆရာကြီး ဖြစ်သည်။ သံသရာအနာတွေကို ကုသပေးသည်။ [နှာ–၅၄]

ထို့နောက် အရိယာမျက်လုံးဖြင့် ကြည့်လျှင် ခန္ဓာ၏ ဖြစ်ပျက်ကို မြင်ပုံ၊ ဖြစ်ပျက်ကို မုန်းတီးပြီး ရှေ့ပုံ၊ ပြီးမှ ဖြစ်ပျက်ဆုံးသို့ ရောက်ရပုံကို ထုံးစံအတိုင်း ဟောသည်။ [နှာ–၅၈] ပထမ ဝိပဿနာမဂ်ဖြင့် ဖြစ်ပျက် ဒုက္ခသစ္စာကို မြင်သည်။ နောက်ဖြစ်ပျက် မုန်းလာသည်။ ပြီးမှ ဖြစ်ပျက်ဆုံးသည်။ နိဗ္ဗာန်သည် အမှန်အရှိတရားဖြစ်သည်။ ဉာဏ်နှင့်သွားမှ ရသည်။ ပထမဖြစ်ပျက်နှင့် ဉာဏ်နှင့် တည့်နေသည်။ နောက်တော့ ဖြစ်ပျက်မရှိတာနှင့် ဉာဏ်တည့်သွားသည်။ [နှာ–၆၀] မဂ်သည် ရှေ့ပြေး(ပုဗ္ဗဘာဂမဂ်) တစ်မျိုး၊ တကယ်ရောက်သော နိဗ္ဗာန်မြင်သော မဂ်က တစ်မျိုးဖြစ်သည်။ [နှာ–၆၁]

ယောဂီ၏ ဝတ္တရားမှာ ဖြစ်ပျက် မြင်ပြီးလျှင်၊ ဖြစ်ပျက် ဆုံးအောင် လိုက်ဖို့ပင် ဖြစ်သည်။ ဖြစ်ပျက်ဆုံးဆိုတာ ဒုက္ခသစ္စာဆုံး နိဗ္ဗာန်တွေ့ခြင်း ဖြစ်၏။ [နှာ–၆၂] ဤရှေ့ပိုင်းဟောတရားများမှာ အကြိမ်ကြိမ် အထပ်ထပ် ဟောခဲ့ပြီးပြီ။

ထိုသို့ ဟောပြီးမှ မာဂဏ္ဍီပရိဗိုဇ်ဝတ္ထုကို ဟောသည်။ မာဂဏ္ဍီပရိဗိုဇ်ကို ဘုရား ရွတ်ပြသောဂါထာ (အာရောဂျာ ပရမာလာဘာ၊ နိဗ္ဗာနံ ပရမံ သုခံ) မှာ ဝိပဿီဘုရားလက်ထက်က ဟောခဲ့သော ဂါထာဖြစ်ကြောင်း၊ ထိုဂါထာကို မိစ္ဆာဒိဋ္ဌိ အယူရှိသူများလည်း ရကြကြောင်း၊ ထိုဂါထာကို သူတို့က လာဘ်လာဘအတွက် ရွတ်ခဲ့ကြကြောင်း ဖော်ပြထားသည်။ [နှာ–၆၄] မာဂဏ္ဍီလိုပရိဗိုဇ်များက ခန္ဓာမှာ ဘာရောဂါမှ မရှိ၊ ရောဂါကင်းပြီး ကျန်းမာနေခြင်းသည် လောကနိဗ္ဗာန်ပဲဟု အဓိပ္ပာယ် ကောက်နေကြသည်။ [နှာ–၆၅]

ဘုရားက မာဂဏ္ဍီပရိဗိုဇ်အား သူ ဤသို့ ထင်မြင်နေခြင်းသည် မျက်စိနှစ်ကွင်း အလင်းမရ၍ဖြစ်ကြောင်း ဟောသည်။ မာဂဏ္ဍီက သူ့ကို အရိယာမျက်လုံး တပ်ပေးဖို့ လျှောက်သည်။ ဘုရားက အေး သူတော်ဆည်းကပ်ကွာဟု ဟောသည်။ ပြီးမှ မြတ်တရားနာဟု ဆိုသည်။ သူတော်ကောင်းထံမှာ ဆည်းကပ်ပြီး တရားနာပြီးလျှင်၊ သိစ္စာသိလျှင် ခန္ဓာမှာ ရောဂါရှိမှန်း သိလာမည်။ ထို့နောက် သစ္စာတရားကို

http://www.dhammadownload.com



သိမြင်လာအောင် ကျင့်ရမည်။ ထိုသို့ ကျင့်လျှင် အနုသယဓာတ်ဗီဇကျပ်လုံး ပျောက်ပြီး အရိယာမျက်လုံး ရောက်လာမည်။ [နှာ-၇၂]

ဤတရားတွင် ဆရာတော်က **'သူတော်ဆည်းကပ်၊ မြတ်တရားနာ၊ လျော်စွာကျင့်၊ မင်္ဂလိုလ်ခွင့်၊ ရလင့် ကောနိုသာ'** ဆိုသော လင်္ကာဆောင်ပုဒ်ကို ပေးထားသည်။ [နှာ-၇၃] ဤသုံးချက် ညီလျှင် အရိယာမျက်လုံး ပေါက်သည်။ အရိယာမျက်လုံး ပေါ်ပေါက်သည်နှင့် နိဗ္ဗာန်ကို မြင်တော့၏။ [နှာ-၇၄] ပြီးမှ လျော်စွာကျင့်ဆိုသော သဘောကို ရှင်းသည်။ ခန္ဓာငါးပါး ရှိသည်။ ထိုခန္ဓာငါးပါးသည် ဖြစ်ပြီးပျက်နေသော အနိစ္စသဘောပဲ ရှိသည်။ [နှာ-၇၈] တရားအားထုတ်သော ပုဂ္ဂိုလ်မှာ အနိစ္စ အရှိကို အနိစ္စဟု သိလျှင် လျော်စွာကျင့်ခြင်း မည်ပြီဖြစ်၏။ အရှိနှင့်အသိ ကိုက်အောင် လုပ်နိုင်ပြီ။ အရှိက ခန္ဓာငါးပါး ဖြစ်ပျက်၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တ ဒါကို အသိက ယောကျ်ား၊ မိန်းမတွေ၊ ကျန်းမာ ချမ်းသာတာတွေဟု သိနေလျှင် အရှိနှင့်အသိ မကိုက်တော့ပါ။ ခန္ဓာအရှိနှင့် ဉာဏ်အသိ ကိုက်ပုံကို ရှေ့မှာလည်း အထပ်ထပ် ဟောခဲ့ပြီးပြီ။ ခန္ဓာအရှိနှင့် ဉာဏ်အသိ ကိုက်သော ပုဂ္ဂိုလ်မှာ **ဓမ္မာနု ဓမ္မပဋိပတ္တိ** ဖြစ်ပြီ။ [နှာ-၇၉]

ထိုအခါ ဉာဏ်မျက်လုံး အလင်းရပြီ။ [နှာ-၈၀] **အာလောက ဥဒပါဒိ** ဖြစ်၏။ ဝိဇ္ဇာ ဥဒပါဒိ အာလောကော ဥဒပါဒိလို့ ဟောတာ သောတာပန် တည်ပြီး သား ပုဂ္ဂိုလ်ကို ဟောတာဟု ဆိုသည်။ [နှာ-၉၀] ဉာဏ်မျက်လုံးရမှ ခန္ဓာကိုယ်မှာ ရောဂါ အပြည့်ရှိသည်ဟု သိမည်ဖြစ်၏။ [နှာ-၉၃] ခန္ဓာအရှိနှင့် ဉာဏ်အသိ ကိုက်သော ပုဂ္ဂိုလ်ဖြစ်လျှင် ကံပစ်ချရာ မသွားရတော့ဘဲ၊ မိမိ လိုရာခရီး သွားနိုင် ကြောင်း ဟောရင်း အချိန်ကုန်၍ တရားနားပြန်သည်။

*

## ၃။ အရှင်အာနန္ဒာ သောတာပန် တည်ပုံ

[၉-၉-၆၁ နေ့က အမရပူရမြို့ မင်္ဂလာတိုက်ဟောင်းမှာ ဟောသောတရား]

အပါယ်လေးပါးရောက်ကြောင်း ချုပ်၍သာ အပါယ်လေးပါး တံခါးပိတ်တာ ဟု အစချီလျက် ဤတရားကို ဟောကြားလေသည်။ ထိုအပါယ်တံခါး ပွင့်သည့် အကြောင်းတရား လက်သည်ကို ရှာရမည်။ အပါယ်ကျတာ ဒိဋ္ဌိကြောင့်ဖြစ်ကြောင်း ရှေ့မှာ အကြိမ်ကြိမ် ဟောခဲ့ပြီးပြီ။ ထိုဒိဋ္ဌိကို ဖြတ်နိုင်လျှင် အပါယ်လေးပါးက

http://www.dhammadownload.com



လွတ်သည်။ မိုးကုတ်ဆရာတော်ကြီးသည် ဝိပဿနာ အားထုတ်ရာမှာ ဒိဋ္ဌိပြုတ်ရေးကို အလွန် အသားပေးကြောင်း စာဖတ်သူ သိပြီးပြီ။ ယခုလည်း ဒိဋ္ဌိ၏ အပြစ်များကို ဟောပြန်သည်။ [နှာ–၉၉] ဒိဋ္ဌိသည် အသိမှား၊ အမှတ်မှား၊ အယူမှားကြောင့် ဖြစ်ရကြောင်း ပြသည်။

ဘုရားလက်ထက်က အရှင်ပုဏ္ဏသည် တရားဟောရာမှာ တေဒဂ်ရ ကိုယ်တော် ဖြစ်သည်။ [နှာ–၁၀၀] သူသည် အရှင်အာနန္ဒာ၏ ဆရာလည်း ဖြစ်၏။ သောတာပန် မဖြစ်သေးလျှင် ဒိဋ္ဌိသည် ဝမ်းထဲမှာ ရှိလျက်ပဲ ဖြစ်သည်။ အရှင်အာနန္ဒာသည် အရှင်ပုဏ္ဏ ဟောမှုကြောင့် ဒိဋ္ဌိပြုတ်ပြီး သောတာပန်ဖြစ်သည်။ ပုထုဇဉ်မျက်လုံးဖြင့် ယောဂီက မိမိကိုယ်ကို ကြည့်ပုံကို ဥပမာအားဖြင့် မှန်ကြည့်ခြင်းနှင့် တူပုံပြသည်။ [နှာ–၁၀၃]

မှန်နှင့် မှန်ကြည့်သူ တည့်နေလျှင် မှန်ထဲမှာ အရိပ်ပေါ်သည်။ ဤအရိပ်သည် မိမိကိုယ်လားဟု ဆိုပါက မဟုတ်ဘူးဟု ဖြေရမည်။ ဒါဖြင့် သူတစ်ပါးလား ဆိုလျှင်လည်း မဟုတ်ဘူးဟု ဖြေရမည်။ မှန်ထဲက အရိပ်သည် မိမိလည်း မဟုတ်၊ သူတစ်ပါးလည်း မဟုတ်ဟု ဖြေရမည်။ မှန်ထဲက အရိပ်ကို မိမိဟုဆိုလျှင် မှန်ရှေ့ ရပ်နေသူသည် သူတစ်ပါး ဖြစ်မည်။ မှန်ထဲက အရိပ်ကို သူတစ်ပါး ဆိုပြန်လျှင်လည်း မှန်ရှေ့မှာ ရပ်နေသူနှင့် တူနေသဖြင့် ထိုသို့လည်း မဆိုနိုင်ပါ။ ဒါဆို မှန်ထဲက အရိပ်ဟာ မိမိလည်း မဟုတ်၊ သူတစ်ပါးလည်း မဟုတ်သော တရားသာ ဖြစ်၏။

မိမိခန္ဓာကို ပုထုဇဉ်မျက်လုံးနှင့် ကြည့်လိုက်တော့ ငါ ငါ့ဥစ္စာဆိုပြီး ထွက်လာသည်။ [နှာ–၁၀၇] ငါ့ကိုယ် ငါ့ဟာဆိုသော ဒိဋ္ဌိဖြစ်လာလျှင် ငါ့ကိုယ်ကို ငါ ခင်ရမှာပဲဆိုသော တဏှာ ပေါ်လာသည်။ ဒိဋ္ဌိထွက်လျှင် တဏှာလည်း ထွက်လာသည်။ ငါစွဲဝင်လာလျှင် ငါ လုပ်နိုင်သေးသည်။ ငါ တတ်နိုင်သေးသည်။ လူ့အောက် မကျသေး ဆိုသော မာနလည်း ထွက်လာသည်။ ကိုယ့်ကိုယ်ကိုယ် ပုထုဇဉ်မျက်လုံးဖြင့် ကြည့်လိုက်လျှင် တဏှာ၊ မာန၊ ဒိဋ္ဌိ ထွက်လာသည်။ [နှာ–၁၀၈] ကိုယ့်ခန္ဓာကို ပုထုဇဉ်မျက်လုံးနှင့် ကြည့်လိုက်သဖြင့် တဏှာ၊ မာန၊ ဒိဋ္ဌိ ထွက်လာသည်။ လက်သည်ပေါ်ပြီဟု ဆိုသည်။ [နှာ–၁၀၉]

မျက်လုံးမှားဖြင့် ကြည့်၍ တဏှာ၊ မာန၊ ဒိဋ္ဌိပေါ်ခြင်း ဖြစ်သည်။ ဤတဏှာ၊ ...န၊ ဒိဋ္ဌိကို ဒါနကလည်း မပယ်နိုင်၊ သီလကလည်း မပယ်နိုင်ပါ၊ သမထနှင့် ှုတ်လို့လည်း မရပါ။ [နှာ–၁၁၁] ကိုယ့်သန္တာန်မှာ တဏှာ၊ မာန၊ ဒိဋ္ဌိ ရှိမှန်း သိသော်လည်း ရောဂါရှိမှန်း သိပြီး၊ ဆေး မသိ၍ မပျောက်ကင်းသလို ဖြစ်နေရသည်။

http://www.dhammadownload.com



အပါယ်ပို့နိုင်သော အစွမ်းသတ္တိများ ခန္ဓာထဲမှာ ရှိနေသည်။ ရှိနေရုံ မကပါ၊ ဒိဋ္ဌိက ဒိဋ္ဌုပါဒါန် ဖြစ်ပြီး ဒိဋ္ဌိ ဦးစီးသော ကံများကို ဖြစ်စေပြန်သည်။ ထိုကံက အပါယ်ဇာတိကို ဖြစ်စေပြန်သည်။ [နှာ-၁၁၄] ကိုယ့်ကိုယ်ကိုယ် ပုထုဇဉ်မျက်လုံးနှင့် ကြည့်လိုက်တိုင်းမှာ အပြစ်သင့်နေတော့သည်။ [နှာ-၁၁၆] ဤတဏှာ၊ မာန၊ ဒိဋ္ဌိပြုတ်လျှင် သောတာပန် ဖြစ်ပြီ။ [နှာ-၁၁၇] ဒါကြောင့် ပုထုဇဉ်မျက်လုံးကို ပြင်ပေးဖို့ အရေးကြီးသည်။ [နှာ-၁၂၀] အကြည့်မှားခဲ့၍ ဒိဋ္ဌိဖြစ်ကြောင်း သိခဲ့ရပြီ။ [နှာ-၁၂၃] ဒါကြောင့် အရိယာသာဝက မျက်လုံးရအောင် မသေခင် ပြုပြင်သင့်ကြောင်း ချဲ့ပြောသည်။ [နှာ-၁၂၆]

မိမိကိုယ် မဟုတ်ဘူး ကံ၊ စိတ်၊ ဥတု၊ အာဟာရက ပြုပြင်ထားသော ခန္ဓာငါးပါး ဖြစ်၏။ [နှာ-၁၃၄] ခန္ဓာငါးပါးသည် ငါ့ကိုယ်၊ ငါ့ဟာ၊ ငါ့ဥစ္စာ မဟုတ်ဟု သိရမည်။ ဤသို့ သိမြင်လျှင် အရိယာမျက်လုံး စတင် ပေါ်ပေါက်လာပြီ။ ဒါက သိမှု ဉာဏပရိညာဖြင့် မျက်စဉ်းခတ်ရုံမျှသာ [နှာ-၁၃၆] ဖြစ်၏။ အတွင်းဆေးက ဝိပဿနာ ရှုခြင်းဖြစ်၏။ ဤတရားတွင် ဝေဒနာသုံးပါးကို စောင့်ရှုဖို့ ပြောသည်။ [နှာ-၁၃၈] စောင့်ရှုတော့ ဝေဒနာအနိစ္စကို တွေ့သည်။ နဂိုကလည်း ငါ့ဟာ၊ ငါ့ဥစ္စာ မဟုတ်။ ဒီဝေဒနာ ဖဿကြောင့် ဖြစ်သည်။ နဂိုကလည်း ငါ မဟုတ်၊ ဒီဝေဒနာ စောင့်ကြည့်လိုက်တော့လည်း အနိစ္စ ဖြစ်သွားသည်။ ငါ့ဟာ မဟုတ်ကြောင်း ပေါ်လာသည်။ အရိယာမျက်လုံးဖြင့် ကြည့်လိုက်မှ ဝေဒနာ ဖြစ်ပျက်ကို မြင်သည်။ ဖြစ်ပျက်ပေါ်လျှင် ဆုံးအောင်လိုက်ဟု ဆိုသည်။ [နှာ-၁၄၁]

နဂိုက ဒီခန္ဓာကြောင့် တဏှာ၊ မာန၊ ဒိဋ္ဌိ ဖြစ်သည်။ ယခု ဝိပဿနာ ရှုလိုက်တော့ ငါ့ကိုယ်၊ ငါ့ဟာလည်း မဟုတ် ဖြစ်ပျက် ဒုက္ခသစ္စာ ဖြစ်နေသည်။ [နှာ-၁၄၂] ဒုက္ခသစ္စာကို တွေ့ပြီဆိုပါက ခင်စရာတဏှာ၊ စွဲလမ်းစရာ ဥပါဒါန် မလာတော့ပါ။ ပဋိစ္စသမုပ္ပာဒ် အလယ်က ပြတ်ပြီ။ အရိယာသာဝက မျက်လုံးဖြင့် ကြည့်၍ ဤသို့မြင်ခြင်း ဖြစ်သည်။ ထိုသို့ ကြည့်လိုက်လျှင် ခန္ဓာငါးပါး ဖြစ်ပျက်ပဲ။ ငါ ငါ့ဥစ္စာ ဘာမှမပါဟု သိသည်။ ဒိဋ္ဌိပြုတ်ပြီ။ [နှာ-၁၄၅] မာနလည်း ပြုတ်ပြီ။ တဏှာ၊ မာန၊ ဒိဋ္ဌိ အကုန်ပြုတ်သည်။ [နှာ-၁၄၆] ဖြစ်ပျက်တွေသည် ဒုက္ခတွေပါကလားအထိ မြင်အောင် ကြည့်ပါ။ ထိုအခါ ဖြစ်ပျက်မုန်း၊ ဝေဒနာ ဆုံးသွားမည်။ **'ဝေဒနာနံ ခယော ဘိက္ခု၊ နိဗ္ဗာနော ပရိနိဗ္ဗုတော'** ဝေဒနာတို့ ကုန်အောင် ရှုနိုင်သည်ဖြစ်လျှင် တဏှာ မရှိသည်ဖြစ်၍ ကိလေသာ နိဗ္ဗာန်စံသော သောတာပန် တည်သည်ဟူလို။ [နှာ-၁၄၇]

http://www.dhammadownload.com



ဝေဒနာနုပဿနာ ရှုနည်းကို ဟောပြန်သည်။ ဖြစ်တာလည်း ငါ မဟုတ်၊ ပျက်တာလည်း ငါ မဟုတ်၊ ဖြစ်ပျက်ထဲလည်း ငါ မပါ၊ ငါ မပါအောင် ရှုနိုင်လျှင် ဒိဋ္ဌိသတ်သည်။ [နာ-၁၄၉] ဒိဋ္ဌိပြုတ်လျှင် (ငါ မပါလျှင်) တဏှာသေသည်။ ပဋိစ္စသမုပ္ပာဒ် ပြတ်သည်။ နိဗ္ဗာန် ရောက်သည်။ သောတာပန် တည်သည်။ အချိန်စေ့သဖြင့် တရားနားလိုက်သည်။

(မှတ်ချက်။ ။ မာဂဏ္ဍီဝတ္ထုကို အဆုံးမသတ်ဘဲ ဤတရားကို ကြားညှပ်ဟောထားသည်။ ဆရာတော်ကြီး ဉာဏ်တွင် သောတာပန် တည်မည့်သူ ရှိသည်ကို သိ၍ ဟောခြင်းလား မပြောတတ်ပါ။)

*

## ၄။ အရိယာမျက်လုံး အရေးကြီးပုံ မာဂဏ္ဍီပရိဗိုဇ်ဝတ္ထု(၅)

[၁၀-၉-၆၁ နေ့က အမရပူရမြို့ မင်္ဂလာတိုက်ဟောင်းမှာ ဟောသောတရား]

မာဂဏ္ဍီပရိဗိုဇ်ကို မြတ်စွာဘုရားက ဝိပဿနာ ရှုဖို့ အရေးကြီးကြောင်း ဟောသည် ဆိုသော စကားဖြင့် ဤတရားကို စတင် ဟောကြားသည်။ ပုထုဇဉ် မျက်လုံးကို ပြောင်းပြီး အရိယာမျက်လုံးကို တပ်ဆင်ရမည်။ အရိယာမျက်လုံးနှင့် ကြည့်မှ ခန္ဓာကြီးမှာ အမြဲတမ်း ရောဂါရှိတာ သိမြင်မည်။ အရိယာမျက်လုံး မတပ်သေးလျှင် မိမိခန္ဓာ ကျန်းမာလျှင် အနာကင်းသည် ဆိုလျှင်၊ အနာကင်းခြင်းကို လောကနိဗ္ဗာန်ပဲဟု ထင်နေလိမ့်မည်။ အရိယာမျက်လုံးဆိုတာ ဘာလဲ။ ဓမ္မာနုဓမ္မ ပဋိပတ္တိကို သဘောကျတာ ဖြစ်သည်။ ဓမ္မာနု ဓမ္မပဋိပတ္တိ၏ အဓိပ္ပာယ်မှာ တရားနှင့် လျော်စွာ ကျင့်ကြံပွားများ အားထုတ်ခြင်း ဖြစ်သည်။ [နာ-၁၅၁]

ခန္ဓာကိုယ်(ဓမ္မာ)နှင့် လျော်အောင် ကျင့်သော အကျင့်ဖြစ်သည်။ ခန္ဓာကိုယ်ကြီးမှာ ရောဂါရှိသည်၊ အနာရှိသည်၊ ဆူးငြောင့်တွေ ခဏခဏ ထိုးဆွခြင်း ခံနေသော ခန္ဓာကြီးဖြစ်သည်ဟု သိအောင် လုပ်ခြင်းသည် ဓမ္မာနု ဓမ္မပဋိပတ္တိ ဖြစ်၏။ ခန္ဓာထဲမှာ ရုပ်ကြည့်ပြန်လည်း ရုပ် မဟုတ်ဘူး၊ ဖောက်ပြန် ဖြစ်ပျက်နေမှုပဲ တွေ့သည်။ အနိစ္စပဲ တွေ့သည်။ စိတ်၊ ဝေဒနာ ကြည့်ပြန်လည်း ဖြစ်ပျက် အနိစ္စပဲ တွေ့သည်။ တစ်ခါ စေတနာ သင်္ခါရကြည့်လည်း ဖြစ်ပျက်အနိစ္စပဲ တွေ့သည်။ ထိုသို့ တွေ့မြင် သိရှိ နားလည်သွားလျှင် တရားနှင့်လျော်သော အမြင် (ဓမ္မာနု ဓမ္မပဋိပတ္တိ) ဖြစ်ပြီ။ ဘုရားက မာဂဏ္ဍီပရိဗိုဇ်ကို တရားနှင့်လျော်သော အမြင်ရအောင် ကြိုးစားပါဟု တိုက်တွန်းသည်။

http://www.dhammadownload.com



ဤတွင် မိုးကုတ်ဆရာတော်ကြီးက တရားနှင့် မလျော်သော အမြင်သဘောကိုလည်း ရှင်းပြသည်။ [နာ–၁၅၅] ခြေမြင်၊ လက်မြင်၊ ခေါင်းမြင်နေတာ တရားနှင့် မလျော်သော အမြင်ဖြစ်သည်။ ရှိတာနှင့် မြင်တာနှင့် တခြားစီဖြစ်သည်။ [နာ–၁၅၅] ဒါက စုံလုံးကန်း၏ အမြင်ဟု ဆိုသည်။ သံသရာတစ်လျှောက်လုံး ကန်းလာသဖြင့် ဘယ်တုန်းကမှ အရှိနှင့်အသိ ကိုက်သောအမြင်ကို မရခဲ့ပုံ၊ ဒါကြောင့် သံသရာ ရှည်ခဲ့ပုံကို ပြသည်။ [နာ–၁၅၆] ဒါကြောင့် ဒီပုထုဇဉ်မျက်လုံးကို ပြင်ပြီး အရိယာမျက်လုံး တပ်ဆင်ရမည်။ ရိုးရိုးပြောရလျှင် ဘုရား ပွင့်လာတာသည် အကန်းတွေကို ဆေးကုမလို့ ပွင့်လာခြင်း ဖြစ်သည်ဆို၏။ [နာ–၁၅၇] ကုသမည့် ဆေးကလည်း သာသနာတွင်းမှာသာ ပေါ်လာသော ဆေးဖြစ်၏။

ထို့နောက် ပုထုဇဉ်ဉာဏ် မျက်စိကန်းပုံများကို သရုပ်ဖော်၍ ဟောသည်။ [နာ–၁၅၈] ဓမ္မာနု ဓမ္မပဋိပတ္တိ အလုပ်ကို မလုပ်သေးသရွေ့ ဉာဏ်မျက်စိနှစ်ကွင်း အလင်း မရဘူး။ [နာ–၁၆၅] ကိုယ့်ကိုယ်ကိုယ် အနာကင်းသည်၊ ရောဂါကင်းသည်ဟု ထင်မြင်နေမည် ဖြစ်၏။ တရားအားထုတ်နေသောအခါ ကိုယ်ကို ဟိုရွှေ့ဒီပြောင်း လုပ်နေတာသည် ဝဲစွဲသောခွေး နေရာမရသလို ဖြစ်ပုံကို နှိုင်းပြသည်။ အရိယာမျက်လုံးဖြင့် ကြည့်လျှင် ဘယ်သူမှ အနာမကင်းပါ။ ဒါကြောင့် အိမ်မှာ ကုလားထိုင်၊ ဆိုဖာ၊ မွေ့ရာ၊ ဖျာတွေထားတာ လူမမာ သက်သာအောင် နေရာ ပြောင်းထားဖို့ အသင့်ထားရတာဟု ဆိုသည်။ ထိုအရာများကို ပုထုဇဉ် အမြင်မှာ အိမ်ကျက်သရေဟု ဆိုနေကြသည်။ အမှန်မှာ အိမ်ဆေးရုံကြီး ဖြစ်သည်။ [နာ–၁၆၉] ပုထုဇဉ်သည် အနာရှိလျက် အနာရှိမှန်း မသိသူ ဖြစ်၏။ အိမ်ပေါ်က ပရိဘောဂ အဖိုးတန်ပစ္စည်းတွေသည် စင်စစ် လူနာသုံးပစ္စည်းတွေ ဖြစ်မှန်း မသိတော့ ထိုပစ္စည်းများကို စွဲလမ်းနေသည်၊ မစွန့်နိုင်ပါ။ [နာ–၁၇၄]

ဉာဏ်မျက်စိ အမြင်ပေါက်မှ မျက်ကန်းဘဝက အထင်အမြင်တွေ ပျောက်ကင်းနိုင်သည်။ မျက်စိနှစ်ကွင်း ဉာဏ်အလင်းရအောင် သာသနာတွင်း ဆေးဖြင့် ကုသရမည်။ ဉာဏ်အလင်းရလျှင် စွဲလမ်းခဲ့သော အရာများကို မစွဲလမ်းတော့ပါ။ ဥပါဒါန် စပြီး ချုပ်သည်။ [နာ–၁၇၅] ဥပါဒါန်ချုပ်လျှင် ကမ္မဘဝ ချုပ်သည်။ ကံချုပ်လျှင် ဇာတိချုပ်သည်။ ဇာတိချုပ်လျှင် ဇရာ၊ မရဏ ဇာတ်သိမ်းပြီ။ ကားဝယ်စီးနေကြတာ လူနာတင်ယာဉ် စီးနေရတာဖြစ်ကြောင်း ရှင်းပြသည်။ ကားစီးရတာ အကြောင်းညီညွတ်လို့ စီးနိုင်တာဟု ထင်ကြသည်။ အမှန်မှာ အကြောင်း မညီညွတ်လို့ မစွမ်းမသန်၍ စီးရတာဖြစ်ကြောင်း ရှင်းပြသည်။

http://www.dhammadownload.com



[နှာ-၁၇၉] ဉာဏ်မျက်လုံး ပေါ်လာတော့ ကိုယ်က လူမမာကြီး ဖြစ်နေတာ၊ တဏှာ သတ်နေတာ၊ ဒိဋ္ဌိ သတ်နေတာ မြင်လာရသည်။

ဓမ္မာန ဓမ္မ ပဋိပတ္တိ မရသေးလျှင် ဉာဏ်မျက်စိနှစ်ကွင်း အလင်းမရသေး ကြောင်း ဟောပြသည်။ [နှာ-၁၈၄] မျက်စိနှစ်ကွင်း အလင်းရအောင် ဝိပဿနာ ဉာဏ်၊ မဂ်ဉာဏ်ဆေးဖြင့် ကုသရမည်။ [နှာ-၁၈၅] ထို့နောက် ဝေဒနာနုပဿနာကို ပြသည်။ ခန္ဓာမှာ ဒုက္ခ၊ သုခ၊ ဥပေက္ခာ ဝေဒနာတွေ ပေါ်နေသည်။ ပုထုဇဉ်တွေ အသုံးအနှုန်းမှာ ခန္ဓာမကျန်းမာ ဖြစ်နေသည်ကို တစ်နေ့ရွှေ၊ တစ်နေ့ငွေပဲဗျာဟု လုပ်နေတတ်ကြပုံကို ကဲ့ရဲ့သည်။ ဘာရွှေ၊ ဘာငွေမှ မရှိဘူး။ အနာရောဂါတွေပဲ ရှိသည်ဟု ဆိုသည်။ [နှာ-၁၈၉] ရူပက္ခန္ဓာ ဆေးရုံကြီးပေါ်မှာ ဝေဒနာ လူနာအမျိုးမျိုး ရောက်လာကြသည်ဟု သရုပ်ဖော်ပြသည်။ ဘယ်နေရာမှ ဝေဒနာမကောင်းဟု ဆိုသည်။ [နှာ-၁၉၀] ဒုက္ခဝေဒနာက ဒေါသ၊ သောက၊ ပရိဒေဝ၊ ဥပါယာသ၊ အဝိဇ္ဇာ သင်္ခါရ သံသရာဆက်ပြီး နှိပ်စက်သည်။ သုခဝေဒနာက တဏှာ၊ ဥပါဒါန်၊ ကံ၊ ဇာတိ၊ ဇရာ၊ မရဏဖြင့် သံသရာလည်ပြီး နှိပ်စက်သည်။ [နှာ-၁၉၁] ဥပေက္ခာ ဝေဒနာက မောဟ၊ အဝိဇ္ဇာသင်္ခါရဖြင့် လည်ပြီး နှိပ်စက်ပြန်သည်။ ဒီဝေဒနာတွေက ပစ္စုပ္ပန်မှာလည်း နှိပ်စက်သည်။ သံသရာမှာလည်း နှိပ်စက်သည်။ ဒါကြောင့် ခန္ဓာမရှိမှ ဝေဒနာမရှိမှ အေးမည်ဟု ဟောသည်။ [နှာ-၁၉၂]

ဝေဒနာနုပဿနာ ရှု၊ ဝေဒနာနောက်က မဂ်လိုက်၊ ဝေဒနာဖြစ်ပျက် ရှုနေ အကုန်ရှု၊ ပထမတော့ ဝေဒနာပဲ၊ နောက်ကျတော့ ဖြစ်ပျက် ဒုက္ခသစ္စာတွေပဲ ရှုနေရမည်။ ထိုသို့ ဝေဒနာကို ဝိပဿနာ ရှုလိုက်မှ ဤခန္ဓာသည် ခဏခဏ မွေးပြီး ခဏခဏ သေနေကြောင်း သိလာသည်။ ရောဂါသည်ပဲဟု မြင်လာမည်။ ဘယ်ဘုံ ဘယ်ဘဝကို ရောက်ရောက်၊ ဝေဒနာက္ခန္ဓာက တွဲပါလျက်ချည်း ဖြစ်၏။ [နှာ-၁၉၃] ဒီဘဝ ဒီဘုံမှာ ဝေဒနာ ရောဂါ အနာမကောင်းလို့ ဟိုဘုံ ဟိုဘဝကို ပြောင်းလည်း ဝေဒနာက ပါလျက်ချည်းသာ ဖြစ်သည်။ ဒီခန္ဓာကို ရောဂါသည်၊ ဖြစ်ပျက် ဒုက္ခသစ္စာကြီးပဲဟု အရိယာမျက်လုံးနှင့် မြင်မှ ဤခန္ဓာကို မစွဲလမ်းတော့ပါ။ မစွဲလမ်းလျှင် ဥပါဒါန နိရောဓော ဖြစ်သည်။ ဘဝနိရောဓာ(ဇာတိနိရောဓာ) ဖြစ်သွား သည်။ [နှာ-၁၉၆]

ခန္ဓာကို စွဲလမ်းတာ ပြုတ်ပြီဆိုလျှင် ဇာတိ၊ ဇရာ၊ နိရောဓာနိဗ္ဗာန် ဖြစ်သွား သည်။ [နှာ-၁၉၈] ဇာတိ၊ ဇရာ၊ မရဏ ချုပ်တာသာလျှင် နိဗ္ဗာန်ဖြစ်သည်။ [နှာ-၂၀၀] ဉာဏ်မျက်စိအလင်းကို ရမှ နိဗ္ဗာန်ကို မြင်သည်။ ရောဂါက ဒုက္ခသစ္စာ၊

http://www.dhammadownload.com



မြင်တာက မဂ္ဂသစ္စာ၊ သေတာက သမုဒယသစ္စာ (တဏှာ၊ ဉပါဒါန်၊ ကံ) နောက် ဇာတိ၊ ဇရာ၊ မရဏ မလာတာက နိရောဓသစ္စာ သစ္စာလေးပါး ဟောတာဖြစ်ကြောင်း ပြောရင်း အချိန်စေ့၍ တရားနားလိုက်သည်။

*

## ၅။ သုညတ တရားနာရမှ သုညတနိဗ္ဗာန်ရောက်မည်

[၁၁-၉-၆၁ နေ့က အမရပူရမြို့ မင်္ဂလာတိုက်ကျောင်းမှာ ဟောသောတရား]

သုညတ တရားကို နာရမှ အဖိုးတန်မည်ဆိုသော စကားဖြင့် ဤတရားကို စတင် ဟောကြားသည်။ သုညတ တရားကို နာရမှ သုညတနိဗ္ဗာန်ကို ရောက်မည်ဟု ဆိုသည်။ ဘုရားက ဤတရားကို မောဃရာဇာရဟန်းကို ဟောတာဟုလည်း ဖော်ပြသည်။ မောဃရာဇာသည် အလွန် ခေါင်းပါးသော အကျင့်ကို ကျင့်ရာ၌ တောဒဂ်ရသော ရဟန်းဖြစ်သည်။ သုညတ ဆိုက်သည်၊ သုညတ လောကဆိုသော စကား၏ အနက်ကို အရှင်အာနန္ဒာက ဘုရားကို မေးသည်။ ဘုရားက အောက်ပါ ဂါထာဖြင့် ဖြေသည်။

သုညောလောကော၊ သုညောလောကောတိ
ဘန္တေ ဝုစ္စတိ၊ ကိတ္တာဝတာနုခေါ၊ လောကော
ဘန္တေ သုညော လောကောတိ၊ ဝုစ္စတိ။
ယသ္မာ စခေါ အာနန္ဒာ သုညမေတံ
အတ္တေနဝါ အတ္တနိယေနဝါ

တစ်ခုသော တရားကို မြင်သောအခါ ထိုတရားသည် အတ္တမဟုတ်၊ အတ္တနိယ မဟုတ် (ဝါ) ငါ၊ ငါ့ဥစ္စာ မဟုတ်ဟု ရှုပေးရမည်။ မျက်လုံးထဲ မြင်စိတ် ပေါ်လျှင် ထိုမြင်ရုပ်သဘောသည် ငါမဟုတ်၊ ငါ့ဥစ္စာ မဟုတ်ဟု ရှုပေးရမည်။ 'ကိဉ္စသုညံ အတ္တေနဝါ အတ္တနိယေနဝါ၊ စက္ခု သုညံ အတ္တေနဝါ အတ္တနိယေနဝါ' [နှာ-၂၀၄]

မြင်သောအဆင်း ရူပါရုံသည်လည်း ငါမဟုတ်၊ ငါ့ဥစ္စာ မဟုတ်ဟု ရှုပေး ရမည်။ 'ရူပါသုညာ အတ္တေနဝါ အတ္တနိယေနဝါ' ဟု ရှုရမည်။ အဆင်းလည်း ငါမဟုတ်၊ ငါ့ဥစ္စာမဟုတ်ဟု မြင်အောင် ရှုရမည်။ စက္ခုဝိညာဏ မြင်စိတ်လည်း ငါမဟုတ်၊ ငါ့ဥစ္စာ မဟုတ်ဟု ရှု။ စက္ခုသမ္ဖဿ ပေါ်လာလျှင်လည်း ထိုဖဿသည်

http://www.dhammadownload.com



ငါ မဟုတ်၊ ငါ့ဥစ္စာ မဟုတ်ဟု ရှု၊ မြင်ခြင်းဖဿ ပေါ်သောအခါ ဒုက္ခဝေဒနာ၊ သုခဝေဒနာ ပေါ်သည်။ 'ယမိဒံ ဥပ္ပဇ္ဇတိ သုခံဝါ၊ ဒုက္ခံဝါ အဒုက္ခ မသုခံဝါ' ဝေဒနာ သုံးမျိုးစလုံး ငါ၊ ငါ့ဥစ္စာ ဆိတ်သုဉ်းအောင် ကြည့်ရမည်။ ဧဝံ– ဤသို့ ရှုသည်ရှိသော်၊ မစ္စုတရော– သေမင်းနိုင်ငံမှ လွန်မြောက်နိုင်သည်၊ သိယာ– ဖြစ်ရာ၏။ [နာ–၂၀၅] ဧဝံ လောကံ အဝေက္ခန္တံ– စက္ခုလောက၊ ရူပလောက၊ စက္ခုဝိညာဏ လောက၊ ဖဿလောက ဝေဒနာသုံးပါးလောက ထိုလောကသုံးပါးကို လွန်မြောက်လျှင် အဝေက္ခန္တံ– လောကသုံးပါးကို စေ့စေ့စပ်စပ် ရှုသောပုဂ္ဂိုလ်ကို သေမင်း မမြင်တော့ပါ (ရာဇာ၊ နပဿတိ) ဤတရားသည် သုညတ တရားဖြစ်၏။ [နာ–၂၀၆] ဤသုညတ တရားကွယ်လျှင် သုညတနိဗ္ဗာန်လည်း ကွယ်သည်ဆို၏။ ဤတရားသည် ကွယ်မည့်တရား ဖြစ်သည်ဟုလည်း ဆိုသည်။ [နာ–၂၀၇] ထိုတရား ကို မိမိသန္တာန်မှာ မကွယ်အောင် လုပ်နိုင်လျှင် နိဗ္ဗာန်ရောက်စေမည် ဖြစ်၏။ [နာ–၂၀၈] ခန္ဓာ၊ အာယတန၊ ဓာတ်နှင့်စပ်သော တရားအားလုံး သုညတချည်းသာ မှတ်ရမည်။ အင်္ဂုတ္တိုရ်ပါဠိတော် အနာဂတ်သသုတ်မှာ ဟောသည်ဆို၏။ [နာ–၂၀၉]

မိမိတို့ သန္တာန်မှာ အကြောင်းတိုက်တိုင်း ဝေဒနာသုံးမျိုး လှည့်ပေါ်နေသည်။ ပဋိစ္စသမုပ္ပာဒ် ဖြစ်စဉ်သည် ဝိပဿနာလွတ်သည်နှင့် တစ်ပြိုင်နက် တန်းပေါ်သည်။ [နာ–၂၁၃] ငါ ငါ့ဥစ္စာ မဟုတ်ဘူးဟု မသိလိုက်သည်နှင့် တစ်ပြိုင်နက် ဝေဒနာ တဏှာ၊ ဥပါဒါန်၊ ကံ ဖြစ်သွားသည်။ အနာဂတ် အကြောင်းသုံးပါး ဖြစ်သွားသည်။ သမုဒယ အကြောင်းသုံးခု ပေါ်လျှင် အနာဂတ်အကျိုးခန္ဓာ ဇာတိ၊ ဇရာ၊ မရဏ ပေါ်သည်။ တား၍ မရပါ။ တိုတိုပြောလျှင် သုညတ မဆိုက်လျှင် သမုဒယသစ္စာ သုံးခုနှင့် ဒုက္ခသစ္စာသုံးခု ပေါ်သည်။ ဒါကြောင့် သုညတကင်းလျှင် သံသရာတွင်းကို ဆင်းပြီဟု ဆိုသည်။ [နာ–၂၁၄] သုညတ တရားကို လူတိုင်း နားမလည်နိုင်၊ မနာနိုင်၊ ဒါကြောင့် သုညတ တရားကွယ်မည်။ ကွယ်လျှင် သာသနာပါ ကွယ်လိမ့် မည်ဟု အနာဂတ်သညာဏ်ဖြင့် ဘုရားဟောတော်မူခဲ့သည်။

ထို့နောက် ဒိဋ္ဌိက တန်းသော ပဋိစ္စသမုပ္ပာဒ်၊ တဏှာက တန်းသော ပဋိစ္စ သမုပ္ပာဒ်ကို ပြသည်။ [နာ–၂၁၅] ငါက ဒိဋ္ဌိ၊ ငါ့ဥစ္စာက တဏှာ။ ထိုသို့ ပဋိစ္စသမုပ္ပာဒ် တန်းသွားခြင်းမှာ သုညတ ဆိုက်အောင် မကြည့်နိုင်လို့ ဖြစ်သည်။ [နာ–၂၁၆] ပုထုဇဉ်တွေက ငါ မရှိရင် ခက်မယ်ဟု ထင်ကြ ပြောကြသည်။ ဆရာတော်က ငါ မရှိရင် မခက်ဘူး နိဗ္ဗာန်ရောက်သည်ဟု ဆိုထားသည်။ [နာ–၂၁၈] ဒိဋ္ဌိ ပဋိစ္စ

http://www.dhammadownload.com



သမုပ္ပါဒ်၊ တဏှာပဋိစ္စသမုပ္ပါဒ်ကို ပြပြီးနောက် မောဟ(အဝိဇ္ဇာ) ပဋိစ္စသမုပ္ပါဒ်ကို ပြသည်။ [နာ-၂၂၅] ဝေဒနာ တစ်ခုပေါ်လာသည်။ ဘာမှန်း မသိလိုက်လျှင် အဝိဇ္ဇာက ပဋိစ္စသမုကပ္ပါဒ် စပြီး အဝိဇ္ဇာပစ္စယာသင်္ခါရာ ဖြစ်ပြီ။ အနာဂတ် ဇာတိ ပဋိသန္ဓေ ဆက်သွားပြီ။ သုညတကို မသိလျှင် ပဋိသန္ဓေသုံးမျိုး ပေါ်လာသည်။ သုညတဆိုက်လျှင် သေမင်း မမြင်သော နိဗ္ဗာန်ရောက်ကြောင်း ဘုရားဟောပုံကို ထပ်ဟောသည်။ [နာ-၂၂၆]

သုညတဆိုက်ဖို့ အရေးကြီးသည် ဆရာတော်က ခန္ဓာမှာ ပေါ်လာသမျှ ဓမ္မတို့သည် ငါလည်းမဟုတ် (အတ္တလည်း မဟုတ်)၊ ငါ့ဥစ္စာ (အတ္တနိယ)လည်း မဟုတ်ဟု ဉာဏ်ဖြင့် သိလိုက်လျှင် သုညတ ဆိုက်ပြီဟု တိတိကျကျ ဆိုထားသည်။ [နာ-၂၂၆] အတ္တနှင့် အတ္တနိယ၊ ငါနှင့် ငါ့ဥစ္စာမဟုတ် ဆိုသော တရားနှစ်လုံး သိဖို့ အရေးကြီးသည်။

ထို့နောက် သုညတဆိုက်အောင် လုပ်နည်းကို သင်မည် ဆိုသည်။ [နာ-၂၂၈] ရှုနည်းမှတ်နည်း သင်မည်ဟု ဆိုသည်။ မိမိတို့ သန္တာန်မှာ ဝေဒနာသုံးမျိုးပဲ ပေါ်သည်။ ဝေဒနာပေါ်လျှင် ဝေဒနာမှန်း သိပါ။ ဝေဒနာပဲဟု သိလျှင် ငါစွဲ၊ ပုဂ္ဂိုလ် သတ္တဝါစွဲ ပျောက်သည်။ ငါ တစ်ခု ဆိတ်သုဉ်းသွားသည်။ ဝေဒနာကို ဆက်ရှုတော့ ဖြစ်ပြီး ပျက်သည်။ အပျက်ကို မြင်လိုက်ပြီဆိုပါက ငါ့ဥစ္စာ ထင်နေသော အတ္တနိယစွဲ ပြုတ်သည်။ [နာ-၂၃၁] ဖြစ်ပျက်မြင်ဖို့ပဲ အရေးကြီးသည်။ ၃၁ ဘုံထဲ ရှိသမျှ ဖြစ်ပျက်ချည်းပဲဟု ဆိုသည်။ ငါက ဒိဋ္ဌိ၊ ငါ့ဥစ္စာက တဏှာ (ပြပြီးခဲ့ပြီ) ငါ၊ ငါ့ဥစ္စာစွဲ မပြုတ်တာ၊ ဓမ္မအပေါ် သုညတ မမြင်လို့ဟု ဖြေသည်။ ဖြစ်ပျက်မြင်တာ အလွန် ကျေးဇူးများကြောင်း ဟောသည်။ [နာ-၂၃၃]

ဤတွင် အဖြစ်မြင်ရင် ငါ ပြုတ်သည်။ အပျက်မြင်ရင် ငါ့ဥစ္စာစွဲ ပြုတ်ပုံကို ပြသည်။ [နာ-၂၃၄] ဒိဋ္ဌိစွဲတွေ ပြုတ်သွားတာကို သုညတဆိုက်တယ်ဟု ပြောရကြောင်း၊ ရှုသောတရားက သုညတမဂ် ဖြစ်သွားသည်။ ထိုအခါ ပဋိစ္စသမုပ္ပါဒ် သုံးမျိုး ပြတ်ထွက်သွားသည်။ [နာ-၂၃၅] သမုဒယသစ္စာနှင့် ဒုက္ခသစ္စာ ချုပ်သွားသည်။ ထိုအခါ နိရောဓသစ္စာနှင့် မဂ္ဂသစ္စာ ကျန်ရစ်သည်ဟု ရှင်းပြထားသည်။ [နာ-၂၃၆] ထို့နောက် ရှေ့မှာဟောပြီးသား အကြောင်းများကို နားစွဲအောင် ထပ်ဟောသည်။ ဒိဋ္ဌိတဏှာကို ဉာဏ်နှင့် ဖြုတ်မှပြုတ်သည်။ [နာ-၂၃၉] ဤတရားတွင် ဆရာတော်က ထူးထူးခြားခြား အောက်ပါစကားကို ဆိုထားသည်။

http://www.dhammadownload.com



"ပထမနိဗ္ဗာန်ဟာ ဘာမှ ကျင့်စရာ မလိုဘူး၊ ဒိဋ္ဌိပြုတ်အောင် လုပ်နိုင်ရင် ပြီးတာပဲ။ ဒိဋ္ဌိနှင့် တွဲနေသော တဏှာပြုတ်သွားရင် ပြီးတာပဲ" [နှာ-၂၄၀] ဟု မိန့်ဆိုထားသည်။ (ဤတွင် ဒိဋ္ဌိပြုတ်အောင် ဘယ်လို လုပ်မလဲ ဉာတပရိညာဖြင့် သိရုံနှင့် ပြီးသလားဟု မေးစရာ ရှိသည်။ ရှေ့မှာ ဆရာတော်ကြီးက အသိတစ်ခု တည်းနှင့် မပြီးဘူး၊ အလုပ်မပါဘဲ မရဘူးဟု အထပ်ထပ် ဟောထားခဲ့သည်ကို ထည့်သွင်း စဉ်းစားရမည်။ မှတ်ချက်)

ထို့နောက် ထပ်ဆင့် ဟောသောစကားမှာ "ကျုပ်တို့ သုညတ တရား အားမထုတ်တဲ့ ပုဂ္ဂိုလ်များ ပထမနိဗ္ဗာန်ရဖို့ ဝေးပါသေးတယ်" ဟု ဟောထားပါ သည်။ ထို့ကြောင့် ဒိဋ္ဌိပြုတ်အောင် သုညတ တရားကိုတော့ အားထုတ်ရမည်ဟု နားလည်သင့်သည်။ (ဝေဒနာ နုပဿနာ ရှုနည်းကို ပြခဲ့ပြီ) ပြီးမှ ပထမနိဗ္ဗာန် ရမှုသည် သုညတ နားလည်မှုဟု ဆိုတော့ စာသိနှင့် မရပါဘူးဟု ထပ်ဆင့် မိန့်ကြား ထားပြန်သည်။ [နှာ-၂၄၁] သုခဝေဒနာ၊ ဒုက္ခဝေဒနာ၊ ဥပေက္ခာဝေဒနာ ခန္ဓာမှာ ဘာပဲ ပေါ်ပေါ် ဉာဏ်နှင့် သိရမည်။ ပေါ်တာ သိပြီးလျှင် ပျက်တာကိုလည်း မြင် အောင် ရှုရမည်။ ထိုအခါမှသာ ငါ ငါ့ဉစ္စာ ဆိတ်သုဉ်းသွားမည်။ ဒီဉာဏ်သည် ပထမ ဝိပဿနာဉာဏ် ဖြစ်သည်။ [နှာ-၂၄၂] ရှုဖန်များမှ မဂ်ဉာဏ် ဖြစ်လာမည်။ **'ဒုက္ခမေဝ ဥပ္ပဇ္ဇ မာနံ၊ ဥပ္ပဇ္ဇတိ၊ ဒုက္ခံ နိရုဇ္ဈမာနံ နိရုဇ္ဈတိ'** ဖြစ်ပျက်မြင်မှ ဖြစ်ပျက်မှန်းသို့ ဉာဏ်တက်လိုက် ဖြစ်တာလည်း ဒုက္ခ၊ ပျက်တာလည်း ဒုက္ခဟု ဉာဏ်ဖြင့် သိလိုက်ရမည်။

ထိုအခါမှ ဒုက္ခကို ပရိနေယျနှင့် ပိုင်းခြား သိလိုက်သည်။ ပရိနေယျဖြင့် ပိုင်ပိုင်နိုင်နိုင် သိမှသာ ဝိပဿနာမဂ်သည် လောကုတ္တရာမဂ် ဖြစ်သွားသည်။ မဂ်သည် ဒုက္ခကိုလည်း သိသည်။ နိဗ္ဗာန်ကိုလည်း မြင်သည်။ [နှာ-၂၄၃] လောကုတ္တရာမဂ် ပေါ်တော့ ဖြစ်ပျက်တွေ အားလုံး ချုပ်သည်။ သမုဒယလည်း ချုပ်ရော နိရောဓသစ္စာလည်း ပေါ်တာပဲ။ ဒုက္ခနိရောဓနိဗ္ဗာန် ဖြစ်စိတ်၊ တဏှာနိရောဓ လည်း နိဗ္ဗာန်ပဲ ဖြစ်သည်။

အဋ္ဌကထာဆရာက လှေပေါ်ဝန်တင်ပြီး မြစ်တစ်ဖက်ကမ်းကို ကူးပုံ ဥပမာ ပြသည်။ လှေသည် ဝန်ကို ဟိုဘက်ကမ်းကိုလည်း ပို့သည်။ ရေကိုလည်း ဖြတ်သည်။ ဟိုဘက်ကမ်းကိုလည်း ရောက်စေသည်။ [နှာ-၂၄၄] မဂ်ကလည်း တဏှာကို ဖြတ်သည်။ ဒုက္ခကိုလည်း ချုပ်ဆုံးစေသည်။ ဟိုမှာ ဘက်ကမ်း နိဗ္ဗာန်ကိုလည်း ပို့ဆောင်သည်ဟု မှတ်ရမည်။ ထို့နောက် ဥပေက္ခာဝေဒနာကို ဝိပဿနာ ရှုပုံကို

http://www.dhammadownload.com



ပြသည်။ မြင်ကာမတ္တ၊ ကြားကာမတ္တ၊ နံကာမတ္တ ဥပေက္ခာဝေဒနာ မှတ်ပါ။ ကမ္မသကာ ထားနိုင်တာလည်း ဥပေက္ခာပဲဟု ဆိုသည်။ [နာ-၂၄၅]

ဥပေက္ခာပေါ်တာ သိလျှင် ငါ ပြုတ်သည်။ (ဒိဋ္ဌိ) ဥပေက္ခာ ဝေဒနာ ပျက်တာ မြင်လျှင် တဏှာ(ငါ့ဥစ္စာစွဲ) ပြုတ်သည်။ အဖြစ်မြင်လျှင် ဥစ္ဆေဒဒိဋ္ဌိ ပြုတ်သည်။ အပျက်မြင်လျှင် သဿတဒိဋ္ဌိ ပြုတ်သည်။ ငါ ငါ့ဥစ္စာ မဟုတ်ဟု သိလျှင် သက္ကာယဒိဋ္ဌိ ပြုတ်သည်။ အကြောင်းဖြစ် အကျိုးပေါ်၊ အကြောင်းချုပ်လျှင် အကျိုးချုပ်မည်။ ဤတရားကို မြတ်စွာဘုရား မောဃရာဇရဟန်းအား ဟောသည်။ အချိန်စေ့၍ တရား ရပ်နားလိုက်သည်။

*

## ၆။ ဒိခန္ဓာစွန့်ပြီးနောက် ခန္ဓာရခြင်းသည် အကြီးဆုံး အပြစ်သင့်ကြောင်း

[၁၂-၉-၆၁ နေ့က အမရပူရမြို့ မင်္ဂလာတိုက်ဟောင်းမှာ ဟောသောတရား]

(မှတ်ချက်။ ။ စာအုပ်အမှတ်(၁၇)တွင် ဤတရားသဘောကို အပြစ်**ကင်းသော သေခြင်းအကြောင်း** ဆိုသော ခေါင်းစဉ်ဖြင့် ဟောကြားတော်မူခဲ့သည်။ ဆက်စပ်လေ့လာသင့်၏။)

ဘုရားရှင် ကိုယ်တော်မြတ်ကြီးက လက်ရှိ ခန္ဓာကိုယ်ကြီးကို သုသာန်သို့ ပစ်ချရ၏။ ပြီးနောက် တစ်ပါးသော ခန္ဓာကိုယ်ကြီးကို ယူရပြန်၏။ ထိုသို့ ခန္ဓာတစ်ခုကို ပစ်ချပြီး နောက်ခန္ဓာ ရယူရခြင်းကို ကြီးစွာသော အပြစ်သင့်ခြင်းပဲဟု ငါဘုရား ဟောကြား၏ဆိုသော စကားဖြင့် ဤတရားကို စတင် ဟောကြားလေသည်။ 'ဣမံ ကာယံ နိက္ခိပတိ၊ ပရဉ္စကာယံ ဂဏှာတိ တမဟံ မဟာသာဝဇ္ဇောတိ ဝဒါမိ' ဆိုသော ပါဠိတော်ကို ပြထားသည်။ ဘုရားက ဒိခန္ဓာ စွန့်ပြီး နောက်ခန္ဓာကို ရတာ အပြစ်အကြီးဆုံးဟု ဟောသည်။ လူတွေက စတေမနေ သေလွန်သည်ရှိသော လူ့ပြည်နတ်ပြည် အကြိမ်ကြိမ် ခံစားရပါလို၏ဟု ဆုတောင်းနေကြပုံ အမှားကို ထောက်ပြသည်။ [နာ-၂၅၂] ဤတရားသည် ဥပရိပဏ္ဏာသပါဠိတော်မှာ လာသည်ဆို၏။

ဤတွင် ဆရာတော်က ဒုက္ခသစ္စာကို နားလည်ရန် ဟောသည်။ သေခြင်းဆင်းရဲ ထို့နောက် ပဋိသန္ဓေနေခြင်း ဆင်းရဲ (မရဏံပိ ဒုက္ခံ၊ ဇာတိပိ ဒုက္ခာ)ကို ပြသည်။ [နာ-၂၅၃] ထောင်ကျပြီးနောက် ထောင်သို့ ပြောင်းရွှေ့ပြီး ထောင်ကျ

http://www.dhammadownload.com



ရသည်နှင့် ပမာတူပုံကို ပြသည်။ [နှာ-၂၅၄] ဉာဏ်မျက်လုံးပေါ်မှာ ကိလေသာမြူတွေ ဖုံးနေသောကြောင့် ဘဲဘဝကို ဆုတောင်းနေကြတာဟု ဖော်ပြထားသည်။ [နှာ-၂၅၈] ကိလေသာတိမ် ဖုံးနေသဖြင့် သစ္စာကို မြင်သော မျက်လုံး မရပါ။ [နှာ-၂၆၀] ဤတရားသည် သံသရာ ဖြတ်လိုက်သော တရားဖြစ်ကြောင်း ဟောသည်။ [နှာ-၂၆၄]

အမှန်မှာ ဤဘဝက သေလွန်သည်ရှိသော် ဒုက္ခငြိမ်းရာ နိဗ္ဗာန်သို့သာ ရောက်ရပါလို၏ဟု ပြင်သင့်သည်ဟု ဆိုသည်။ [နှာ-၂၆၅] တချို့က အရိမေတ္တေယျ ဘုရားသာသနာကို အကြောင်းပြုပြီး ဘဝတွေ ဆုတောင်းနေကြတာကိုလည်း ဆရာတော်ကြီးက ဝေဖန်ထားသည်။ အပိုအလုပ်တွေ မလုပ်ပါနှင့်ဟု ဆိုသည်။ [နှာ-၂၇၁] နောက်ဘုရားသာသနာကို စောင့်မနေဘဲ ယခု သာသနာပင် ကျွတ်တန်းဝင် လုပ်ဖို့ တိုက်တွန်းထားသည်။ [နှာ-၂၇၂] အမေကျော် ဒွေးတော်လွမ်း မလုပ်ကြဖို့ ဟောထားသည်။ [နှာ-၂၇၃]

ထို့နောက် ဉာဏ်မျက်လုံးပေါ်က ကိလေသာမြူမှုန်တွေကို ပယ်သော ဝိပဿနာ အလုပ်လုပ်ဖို့ အရေးကြီးကြောင်း ပြသည်။ [နှာ-၂၇၄] ဝိပဿနာဆိုတာ အဆိုးကို အကောင်းဖြစ်အောင် လုပ်တာပဲဟုလည်း ဆိုသည်။ [နှာ-၂၇၅] ထို့နောက် ဝိပဿနာ လုပ်ထိုက်ပုံကို ဟောသည်။ [နှာ-၂၇၇] ဤတွင် ဉာဏ်က ပြသော ဝိပဿနာနှင့် ဓမ္မက ပြသော ဝိပဿနာ နှစ်မျိုးကို ခွဲ၍ဟောသည်။ [နှာ-၂၇၈] ကိုယ်က ရှုလို့မြင်သော ဝိပဿနာ၊ ဓမ္မက ပြ၍မြင်သော ဝိပဿနာဆိုပြီး နှစ်မျိုး ခွဲပြသည်။ [နှာ-၂၇၈] ခန္ဓာကြီးသည် ရှုလည်းဖြစ်ပျက်၊ မရှုလည်းဖြစ်ပျက်ပဲ ရှိသည်။ ဤတွင် ကိုယ်က မရှုလျှင် ဝိပဿနာ မဖြစ်ဟု ဆိုသည်။ ဉာဏ်ကို ခန္ဓာဘက် လှည့်ရှုရသည်။ [နှာ-၂၇၉] ခန္ဓာဖြစ်စဉ် ဉာဏ်က မြင်သဘော ဖြစ်သည်။

ဤနည်းမှာ ရှုဉာဏ်ကို အသားယူ ပြောတာဟု ဆိုသည်။ [နှာ-၂၈၀] ဉာဏ်က ရှုနေစဉ် ခန္ဓာက ဓမ္မတွေ (ဖောက်ပြန် ပျက်စီးတာတွေ) ကို မပြလျှင်လည်း ဝိပဿနာဉာဏ် မဖြစ်နိုင်ပုံကို ရှင်းပြသည်။ [နှာ-၂၈၀] ဓမ္မကြောင့်လည်း ဝိပဿနာဉာဏ် ဖြစ်ရကြောင်းကို ပြသည်။ နှစ်ခုပေါင်းမှ ဖြစ်တယ်မှတ်ဟု ဟောသည်။ [နှာ-၂၈၁] ဓမ္မက မပြောတာ မရှိဘူး။ ဉာဏ်က ဓမ္မဘက်ကို လှည့်ကြည့်မိဖို့သာ လိုသည်ဟု ဆိုသည်။ ဤတွင် ဝိပဿနာ ကွယ်တယ်ဆိုတာ ဓမ္မက မပြလို့ ကွယ်တာ မဟုတ်။ ဉာဏ်မလှည့်တတ်လို့ ကွယ်တာဖြစ်ကြောင်း ဟောသည်။

http://www.dhammadownload.com



ဓမ္မက ဖောဋ္ဌဗ္ဗပဿိကောဖြင့် ခေါ်နေကြောင်း၊ ဓမ္မက ရူပါဆိုတာကို ယောဂီက ဉာဏ်နှင့် ရှုဖို့သာ လိုရင်းဖြစ်ကြောင်း ပြသည်။ [နာ–၂၈၂] ဖောဋ္ဌဗ္ဗပဿိကောနှင့် ကွဲလျှင် သံသရာမှာ မျောပြီမြုပ်ပြီ။ ဖောဋ္ဌဗ္ဗပဿိကောနှင့် ဉာဏ်တွဲလျှင် သံသရာ စခန်းသိမ်းပြီဟု မိန့်ထားသည်။ [နာ–၂၈၄] ဓမ္မက ဖောဋ္ဌဗ္ဗပဿိကောဖြင့် ခေါ်၍ ဉာဏ်က ရှုမိလျှင် ဝိဇ္ဇာ၊ မရှုမိလျှင် အဝိဇ္ဇာဖြစ်ကြောင်း ရှင်းပြသည်။ ဖောဋ္ဌဗ္ဗနှင့် ပဿကို တွဲလျှင် သံသရာ အစက ပြတ်သည်။ နေ့စဉ် ဒကာ၊ ဒကာမများ ဖောဋ္ဌဗ္ဗ ခေါ်ရာ ပဿက လိုက်သည်။ ခြင်ကိုက်လျှင် လက်က လိုက်ကုတ်ပြီး ဝေဒနာကို ဖျောက်ပေးသည်။ သို့သော် ဉာဏ်က လိုက်တာမဟုတ်ဘဲ၊ တဏှာက လိုက်တာ ဖြစ်သည်။ [နာ–၂၈၇] ယခုမှ ဉာဏ်နှင့် သွားတတ်ပြီ။ [နာ–၂၉၀]

ဖောဋ္ဌဗ္ဗနောက်က ဉာဏ်ဖြင့် ပဿလိုက်တတ်လျှင် မဂ်ဖိုလ်ကို ဆုတောင်းစရာ မလိုဘဲ ရသည်။ [နာ–၂၉၀] ဉာဏ်နှင့်သာ လိုက်တတ်လျှင် အနိစ္စနှင့် မဂ္ဂ တန်းနေသည်။ မဂ်ဝင်လာသောကြောင့် တဏှာ၊ ဥပါဒါန်၊ ကံတွေ ချုပ်သည်။ နောက်ခန္ဓာ မလာတော့ပါ။ နိရောဓ ဆိုက်ပြီ။ ရှုတတ်လျှင် သစ္စာလေးပါး တစ်ချက်တည်း ပြီးသည်။ [နာ–၂၉၁] ဖောဋ္ဌဗ္ဗ ခေါ်ရာ နောက်က ပဿလိုက်လျှင် သမုဒယချုပ်၍ ဒုက္ခသိမ်းသည်။ ဒါ ငြင်းစရာ မလိုကြောင်း ဟောရင်း အချိန်ကုန်၍ တရားနားသည်။

*

## ၇။ ကိလေသာဖယ်နည်း နိဿရည်း

[၁၃–၉–၆၁ နေ့က အမရပူရမြို့ မဂ်လာတိုက်ဟောင်းမှာ ဟောသောတရား]

ပညာမျက်စိပေါ်မှာ ကိလေသာမြူတွေ ဖုံးနေလို့ ဆုတောင်းများတာ ဆိုပြီး ဤတရားကို စတင် ဟောကြားပါသည်။ အနိစ္စအချက်၊ ဒုက္ခအချက်၊ အနတ္တအချက်၊ အသုဘအချက်၊ ဒုက္ခသစ္စာအချက်တွေကို မမြင်တာလည်း ဉာဏ်မျက်လုံးအပေါ် ကိလေသာ ဖုံးနေ၍ ဖြစ်သည်။ [နာ–၂၉၃] မျက်မမြင် လမ်းသွားဖြစ်ခဲ့သော် အပါယ်လေးပါး ချောက်ကမ်းပါးထဲ ကျမည်။

ယနေ့ ကိလေသာမြူဖယ်နည်း နိဿရည်းကို ပြမည်ဟု ဆိုသည်။ ဉာဏ်မျက်လုံး အပေါ်မှာ ကိလေသာမြူ ငါးမျိုးဖုံးသည်။ လောဘ၊ ဒေါသ၊ ဗျာပါဒ၊ ထိနမိဒ္ဓ၊ ဥဒ္ဓစ္စကုက္ကုစ္စ၊ ဝိစိကိစ္ဆာ နီဝရဏငါးမျိုး ဖုံးနေသည်။ [နာ–၂၉၆] ကိလေသာ ငါးမျိုး ဖြစ်၏။ ဤကိလေသာငါးမျိုး ဖယ်နည်းကို သိမှ ဉာဏ်မျက်စိနှစ်ကွင်း အလင်းရမည်။ လျှောက်ပတ်သောအခါ၌ တရားတော် နာရခြင်းသည် မင်္ဂလာ

http://www.dhammadownload.com



ဖြစ်ကြောင်း ကာလေန ဓမ္မဿဝနံ ဧတံမင်္ဂလ မုတ္တမံကို ထောက်ပြီး ဟောသည်။ ပြောရင်း စကား လမ်းချော်ပြီး မင်္ဂလာအကြောင်း ရောက်သွားပြန်သည်။ [နာ–၃၀၀] ဆရာတော်၏ သဘောမှာ မင်္ဂလသုတ် ရွတ်ရုံဖြင့် မင်္ဂလာမဖြစ်၊ တရားနာမှ ကျင့်ဖြစ်သည်။ ကျင့်ဖြစ်မှ နိဗ္ဗာန်ရသည်။ နိဗ္ဗာန်ရမှ မင်္ဂလာဖြစ်ပုံကို ဆုံးမသည်။ [နာ–၃၀၁] မင်္ဂလသုတ်ထဲမှာ ကိုယ်တိုင် လုပ်ယူဖို့ချည်း ဟောထားပုံကို ပြသည်။ [နာ–၃၀၂]

ကိုယ့်ကိလေသာ ရှင်းဖို့ အလုပ်ကို ကိုယ်တိုင်လုပ်မှ ရသည်။ အရိမေတ္တေယျ ဘုရားကို လက်ဦးအောင် ဖူးရရုံဖြင့်လည်း မပြီးကြောင်း ပြသည်။ [နာ–၃၀၇] ဘုရားနဲ့ တွေ့တိုင်းလည်း နိဗ္ဗာန် မရပါ။ ကိုယ်ကျင့်မှပဲ ရသည်။ ဒါကြောင့် ဘုရားနှင့် တွေ့ဖို့က ပဓာန မဟုတ်၊ ကိုယ်တိုင်ကျင့်ဖို့က ပဓာနဖြစ်ကြောင်း ဟောသည်။ [နာ–၃၀၈] လောဘ၊ ဗျာပါဒ၊ ထိနမိဒ္ဓ၊ ဥဒ္ဓစ္စကုက္ကုစ္စ၊ ဝိစိကိစ္ဆာ၊ နီဝရဏ ကိလေသာအဖုံးငါးချက် ဉာဏ်မျက်လုံးကို ဖုံးကွယ်နေသည်။ [နာ–၃၁၀] ဒါကြောင့် ဤငါးချက်ကို ဖယ်ရမည်။ ဒါမှ နိဗ္ဗာန်ကို မြင်မည်။ မဂ္ဂဗြဟ္မစရိယ၊ နိဗ္ဗာနဒဿန ဆိုသောကြောင့် ဗြဟ္မစရိယအကျင့် ကျင့်မှ နိဗ္ဗာန်ကို မြင်ကြောင်း ဟောသည်။ [နာ–၃၁၁] နိဗ္ဗာန်ရှိသည်။ ခန္ဓာအဆုံး တစ်လံအကွာလောက်မှာ ရှိသည်။ ရှိလျက်သားနှင့် မမြင်တာ၊ ဉာဏ်မျက်လုံးကို ကိလေသာ ဖုံးနေ၍ ဖြစ်သည်။ နိဗ္ဗာန်ကို မြင်သည်နှင့် အပါယ်လေးပါး တံခါးပိတ်သည်။ [နာ–၃၁၂]

ဤတွင် ဆရာတော်က ဖယ်တာတစ်မျိုး၊ ပယ်တာတစ်မျိုး ဆိုပြီး ခွဲခြား ပြသည်။ ဖယ်တယ်ဆိုတာ ခုမရှိအောင် လုပ်တာ၊ ပယ်တယ်ဆိုတာ ဘယ်တော့မှ မရှိအောင် လုပ်တာဟု ဖွင့်ပြသည်။ ဘုန်းကြီးက ဖယ်နည်းပဲ ပေးနိုင်သည်။ ပယ်တာ၊ ကိုယ်တိုင် အားထုတ်မှ ဖြစ်သည်ဟု ဆိုသည်။ ဤတွင် မျက်လုံးထဲ အမှိုက်မဖယ်ဘဲ ရှုခိုင်း၍ မရသလို၊ နီဝရဏကို မဖယ်ဘဲ ဝိပဿနာ ရှုခိုင်း၍ မရကြောင်း ဟောသည်။ [နာ–၃၁၄]

ပဉ္စကနိပါတ် အင်္ဂုတ္တိုရ်သင်္ဂါရဝ သတို့သားကို အကြောင်းပြု၍ ဟောရမည် ဖြစ်ကြောင်း ဆိုသည်။ သင်္ဂါရဝ သတို့သားက မြတ်စွာဘုရားကို တစ်ခါတလေ ဉာဏ်ကြည်သည် တစ်ခါတလေ ဉာဏ်မကြည်၍ ကျက်ထားသော စာများကိုပင် မရ ဖြစ်ပုံများ၏ အကြောင်းသည် ဘာကြောင့်လဲဟု မေးသည်။ ဘုရားက ရေခွက် ထဲ မျက်နှာအရိပ်ထင်ပုံ ဥပမာဖြင့် ရှင်းပြပြီး ဟောသည်။

http://www.dhammadownload.com



ရေထဲမှာ ဆေးနီ၊ ဆေးပြာ၊ ဆေးဝါတွေ ဆိုးထားလျှင် ရေနောက်ကျိနေ၍ မျက်နှာရိပ် မထင်နိုင်ကြောင်း၊ ယောဂီများမှာလည်း တစ်ခါတလေ ဖြစ်ပျက်ကလေးတွေ မတွေ့ရဘူး။ ပျောက်နေပြီ၊ ဘာဖြစ်တာလဲ၊ တရားများ ကျသွားသလား မေးတတ်သည်။ တရားက မကျပါ။ ဉာဏ်ထဲ ကာမစ္ဆန္ဒနီဝရဏတွေ ရောသွား၍ ဉာဏ်ထဲ မပေါ်ခြင်း ဖြစ်သည်။ တရားကျသွားလို့ မဟုတ်၊ ဉာဏ်ထဲ ကိလေသာတွေ ရောကုန်၍ဖြစ်ကြောင်း ဟောထားသည်။ [နှာ-၃၂၀] ဤသို့ ဝင်နေလျှင် ဆေးနီ၊ ဆေးဝါတွေ စင်သွားအောင် ရေကို ပြန်စစ်ရမည်။

နီဝရဏတွေ ဖယ်နည်းမှာ ပထမ ကိုယ့်ဖြစ်ပျက်ကို မရှုနှင့်ဦး။ လောဘစိတ်က ရောနေတာကို ပထမ ရှုပစ်ရမည်ဟု ဆိုသည်။ လောဘကို အရင် ဖြစ်ပျက်ရှုပါ။ [နှာ-၃၂၁] လောဘကို ဖြစ်ပျက်ရှုလျှင် သူ ပျောက်သွားလိမ့်မည်ဟု ဆိုသည်။ လောဘပျောက်သွားမှ မူလ ကမ္မဋ္ဌာန်းကို ပြန်ရှုပါ။

ကိလေသာမြူ ဖုံးတာကို အရင်ဖယ်ရမည်။ ပြီးမှ ပညာဖြင့် အနိစ္စ၊ ဒုက္ခ၊ အနတ္တအချက်တွေ၊ သစ္စာလေးပါး အချက်တွေကို မြင်အောင်ရှု ရမည်။ ပထမ အဖုံးအကွယ်တွေကို ဖျက်ဖို့ရှု၊ ပြီးမှ မူလ ဝေဒနာဆို ဝေဒနာ၊ စိတ်ဆိုစိတ်၊ ရုပ်ဆို ရုပ်ကို ပြန်ရှုရမည်။ ဒါနီဝရဏ ဖယ်နည်း ဖြစ်၏။ [နှာ-၃၂၂] ဉာဏ်မျက်လုံးပေါ် ကိလေသာမြူ ဖုံးနေလျှင် ထိုမြူကို အရင်ဖယ်ပစ်ရမည်။ သိင်္ဂါရဝ သတို့သားကို ဘုရားက ရေခွက် ဆူနေလျှင်လည်း ရေခွက်ထဲမှာ မျက်နှာရိပ် မပေါ်နိုင်ကြောင်း ဟောသည်။ [နှာ-၃၂၃] ဝမ်းထဲမှာ ဗျာပါဒ(ဒေါသ) နီဝရဏ ရှိနေလျှင်လည်း ရေမငြိမ်၍ မျက်နှာရိပ် မထင်နိုင်ပုံကို ပြသည်။

ဤတွင်လည်း ဗျာပါဒဒေါသကို ပထမ ဖြစ်ပျက် ရှုပစ်ရမည်။ ဉာဏ်ကြည်သွားမှ မူလကမ္မဋ္ဌာန်းကို ပြန်ရှုရမည်။ [နှာ-၃၂၄] ယောဂီ၏ ဉာဏ်ထဲမှာ တရားရပဲ ရပ့်မလား၊ ရက်တွေက နီးလာပြီ။ သူများရပြီး ငါ မရရင်တော့ ရှက်စရာကြီး စသည်ဖြင့် ပူပန်မှု ဗျာပါဒတွေ ဖြစ်နေလျှင်လည်း ဖြစ်ပျက်တွေ မမြင်တော့ပါ။ တစ်ခါတလေ ရေကန်ရေခွက်ထဲမှာ မှော်တွေ၊ အမှိုက်တွေ ဖုံးနေလျှင်လည်း မိမိ မျက်နှာရိပ်ကို မမြင်နိုင်ပါ။ မှော်တွေ၊ အမှိုက်တွေ ဖယ်လိုက်ပြီး ရေငြိမ်မှ ပြန်ရှုလျှင် မျက်နှာရိပ် ပေါ်သလို ထိနမိဒ္ဓ ဝင်နေလျှင် ထိုပျင်းရိ ငိုက်မျဉ်းမှုကို ဖယ်ပါ။

ဘုရားက **'သံစိတ္တံဝါ စိတ္တံ သံစိတ္တံ စိတ္တန္တိ ပ ဇာနာတိ'** ဟု ဟောတော်မူခဲ့သည်။ မြန်မာလို ထိနမိဒ္ဓဖြစ်လျှင် ထိုထိနမိဒ္ဓကို ဖြစ်ပျက် ရှုပစ်ပါ။ ပြီးမှ မူလ ကမ္မဋ္ဌာန်းကို ပြန်ရှုပါဟု နည်းပေးထားသည်။ [နှာ-၃၂၇] ထို့အတူ ရေကန်ပေါ်မှာ

http://www.dhammadownload.com



လှိုင်းဂယက်တွေ ထနေလျှင်လည်း မျက်နှာရိပ် မမြင်နိုင်ပါ။ ဥဒ္ဓစ္စကုက္ကုစ္စ ဖြစ်နေလျှင်လည်း ဉာဏ်အမြင် မကြည်လင်ပါ။ ဒါကြောင့် မူလကမ္မဋ္ဌာန်းကို လွတ်ပြီး ထိုနီဝရဏများကို ပထမ ဖြစ်ပျက်ရှုပြီး ဖယ်ရှင်းပစ်ရမည်။ [နှာ–၃၂၇] **'ဝိက္ခိတ္တံ ဝါ စိတ္တံ၊ ဝိက္ခိတ္တံ စိတ္တန္တိ ပဇာနာတိ'** ဟု ပြသည်။ [နှာ–၃၂၈] ဤနီဝရဏတရားများကို မဖယ်ရှားတတ်လျှင် ဝိပဿနာ ရှုလည်း ဖြစ်ပျက်တွေ မမြင်တော့ပါ။

ဝိစိကိစ္ဆာဆိုတာ ရေထဲမှာ အနည်အနှစ်တွေ ထိုင်နေတာ ဖြစ်သည်။ ထိုဝိစိကိစ္ဆာ ဖြစ်နေလျှင် ရေထဲ မျက်နှာရိပ် ဟပ်ကြည့်၍ မပေါ်သလို ဝိပဿနာ ရှုစဉ် ဖြစ်ပျက်ကို မမြင်တော့ပါ။ ဖြစ်ပဲ ဖြစ်ပါ့မလား၊ ရပဲ ရပါ့မလား ဆိုသော သံသယဒွိဟ ဝင်လာလျှင် ဝိပဿနာဉာဏ် မကြည်လင်တော့ပါ။ ထိုဝိစိကိစ္ဆာ အနည်အနှစ်များကို ဖယ်ပစ်ပြီးမှ မူလကမ္မဋ္ဌာန်းကို ပြန်ရှုရမည်။ [နှာ–၃၃၀] ဉာဏ်ထဲ အရောတွေကို အရင် ဖယ်ပစ်ပြီးမှ ဖြစ်ပျက် ရှုရမည်ဟု ပြဋ္ဌာန်းထားသည်။ [နှာ–၃၃၁] ဤတွင် ဆရာတော်က အဖျင်းနှင့် အဖျင်းနှင့် ရောသွားမှာ စိုးရိမ်ရတယ်ဟု ဆိုသည်။ [နှာ–၃၃၂] ဆရာတော်က တရားနာညံ့လို့ မဂ်ဖိုလ် မရတာ၊ တရား ဟောညံ့လို့ မဂ်ဖိုလ် မရတာ ရှိပုံကို ဟောသည်။ [နှာ–၃၃၃]

ပညာမျက်စိပေါ်က ကိလေသာမြူ ဖုံးတာ ဆရာက ဖယ်နည်းပေးလိုက်မှ မိမိကလည်း ဖယ်တတ်မှသာ အသိနှင့်အရှိ ကိုက်သွားတော့သည်။ [နှာ–၃၃၄] ဒီလို ကိုက်သွားလျှင် သင်္ခါရ ဖြစ်ပျက်အဆုံးမှာ အသခံတနိဗ္ဗာန်ကို တွေ့ရသည်။ ဆရာ့ဘက်ကလည်း သိသင့်တာ အကုန်သင်ပေး၊ ယောဂီဘက်ကလည်း အားထုတ်၊ ကိလေသာ ဖယ်ပြီး အားထုတ်ကြလျှင် မဂ်ဖိုလ်နိဗ္ဗာန် ကေန် ရနိုင်ကြောင်း၊ ကိလေသာ ဖယ်နည်း နိဿရည်း ပေးရင်း အချိန်စေ့၍ တရားနားသည်။

*

## ၈။ လောင်စာသိမ်း၍ မီးငြိမ်းရန် ဝိပဿနာ ရှုနည်း

[၁၂–၉–၆၁ နေ့က အမရပူရမြို့ မင်္ဂလာတိုက်ဟောင်းမှာ ဟောသောတရား]

(မှတ်ချက်။ ။ ဤခေါင်းစဉ်ပါ တရားကို စာအုပ်အမှတ်(၁၃)တွင်လည်း ဟောခဲ့ဖူးသည်။ စာမျက်နှာ(  )တွင် ရှုပါ။)

ခန္ဓာကိုယ်ကို ကျေးမွေးရာ၌ လူမိုက်၏ ကျေးမွေးခြင်းနှင့် လူလိမ္မာ၏ ကျေးမွေးခြင်း နှစ်မျိုး ခွဲခြားရမည်ဖြစ်ကြောင်းဖြင့် အစချီ၍ ဟောကြားပါသည်။

http://www.dhammadownload.com



လူမိုက်က အပြစ်ရှိသော ကာယကံသုံးပါးဖြင့် ခန္ဓာကိုယ်ကို လုပ်ကျွေးသည်။ ထိုသူအဖို့ အသက်ရှည်လေ ဆိုးလေ ဖြစ်သည်။ လောကီဥပမာ ပြောရလျှင် ဝက် အသားတိုးသလို ဖြစ်သည်။ အသားတိုးသော ဝက်သည် အရင် လှံချက်မိတာနှင့် တူပုံကို ပြသည်။ [နာ–၃၃၈] "မကောင်းသဖြင့် စားလို့ မကောင်းသဖြင့် ဘေးတွေ့ တယ်" ဟု မိန့်သည်။ လူမိုက်၏ ကျွေးမွေးခြင်းသည် ဒါပဲဟု ဆုံးမသည်။

လူလိမ္မာ၏ ကျွေးမွေးခြင်းက ကာယကံသုံးပါးကို ရှောင်ကြဉ်သည်။ ဝစီကံ လေးပါးကို ရှောင်ကြဉ်သည်။ မနောကံသုံးပါးကို ရှောင်ကြဉ်သည်။ သူတော်ကောင်း အလုပ်ဖြစ်သော မဂ်ဉာဏ်ဖိုလ်ဉာဏ်ရောက်ကြောင်း အလုပ်တွေကို ကျင့်ကြံ အားထုတ်သည်။ ခန္ဓာကိုယ်ကိုလုပ်ကျွေးပြီး နိဗ္ဗာန်ကိုပို့နိုင်းသည်ဆို၏။ [နာ–၃၃၉] သမ္မာအာဇီဝဖြင့် အသက်မွေးပြီး နိဗ္ဗာန်ရောက်ကြောင်း အလုပ်ကို လုပ်ရမည်ဟု ဆိုသည်။ ဒါကြောင့် တစ်ဘဝ တစ်ခဏကလေးမှာ ခန္ဓာကိုယ်ကို မတရားသဖြင့် မလုပ်ကျွေးပါနှင့်ဟု ဆိုသည်။ [နာ–၃၄၀] နိဒါနဝဂ္ဂသံယုတ် **အဂ္ဂိခန္ဓောပမသုတ်** ကို ကိုးကားပြီး ဟောသည်။ (ခေါင်းစဉ် တူသော်လည်း ဟောကြားသော တရားချင်း မတူပါ။ ကိုးကားသော ကျမ်းဂန်ချင်း မတူပါ။)

သုံးဆယ့်တစ်ဘုံမှာ ခန္ဓာရသူ၏ ကိုယ်၌ ဇာတိမီး၊ ဇရာမီး၊ မရဏမီးလောင် လျက်ပဲဖြစ်၏။ ကိလေသာမီးတွေကလည်း လောင်လျက်ကြီးဖြစ်နေ၏။ [နာ–၃၄၁] ခန္ဓာကြီးက ထင်းလို လောင်စာ ဖြစ်နေသည်။ ထာဝရလောင်သောမီးက ဇာတိမီး၊ ဇရာမီး၊ မရဏမီး ဖြစ်၏။ ခဏခဏ လောင်သော မီးက လောဘမီး၊ ဒေါသမီး၊ မောဟမီး၊ မာနမီး၊ သောကမီး စသည်တို့ ဖြစ်၏။ [နာ–၃၄၂]

သည်ခန္ဓာကြီး မီးနှင့် အမြဲ တွဲနေသည်။ ခန္ဓာကိုယ်မှာ ရောဂါအနာတွေ ဖြစ်နေတာက ဗျာဓိမီးလောင်ခြင်း ဖြစ်သည်။ ဟိုဘဝ၊ ဒီဘဝ ရောက်နေလျှင်လည်း ဘုံပြောင်းပြီး မီးနှင့်လောင်စာ တွဲပြီး ဖြစ်နေရသည်။ ဒါကြောင့် လောင်စာသိမ်း၍ မီးငြိမ်းသော နေရာသည် အကောင်းဆုံး ဖြစ်၏။ [နာ–၃၄၅] ပုထုဇဉ်တွေ ဒီဘဝ ကောင်းစားရေးဆိုပြီး ခန္ဓာကိုယ်ကို မတရားသဖြင့် ရှာကြံ ကျွေးကြတာတွေ၊ နောင်ဘဝ ကောင်းစားဖို့ဆိုပြီး ကုသိုလ် လုပ်ကြတာတွေသည် မီးငြိမ်းမှာစိုးသဖြင့် လောင်စာထင်း ထည့်ပေးနေကြခြင်း ဖြစ်သည်ဆို၏။ [နာ–၃၄၆] ဒီဘဝ မကောင်း လို့ နောင်ဘဝ ကောင်းမလား ဆိုပြီး ကုသိုလ် လုပ်ကြတာ၊ အေးချင်လို့ လုပ်တာ ဖြစ်သော်လည်း မီးမငြိမ်းအောင် ထင်းထပ်ထိုးပေးသလို ဖြစ်နေသည်။ ဒါကြောင့်

http://www.dhammadownload.com



ဘုရားက ပုထုဇဉ် လုပ်နေပုံကို ကြည့်ပြီး မီးကို လုပ်ကျွေးနေသူဟု ခေါ်ကြောင်း ဖော်ပြထားသည်။ [နှာ-၃၄၇]

သစ္စာမသိ၍ ဝဋ္ဋကုသိုလ်တွေ လုပ်ပြီး ဘဝဘဝတွေကို ဆုတောင်းနေကြသည်ဟု ဝေဖန်ပြသည်။ [နှာ-၃၄၇] ပုထုဇဉ်၏ အမှားကြီးပုံကို ပြခြင်းဖြစ်သည်။ ပုထုဇဉ် မီးငြိမ်းမှာစိုး၍ ထင်းထည့်သော ဝဋ္ဋကုသိုလ် လုပ်နေကြတာကို လူတွေက ရမ်းပြီး သာဓု ခေါ်နေကြပုံ အမှားကိုလည်း ပြသည်။ [နှာ-၃၅၁] ဆရာတော်က ကုသိုလ်လုပ်ပါ။ သို့သော် ထင်းထည့်သော ကုသိုလ်ကို မလုပ်ပါနှင့်၊ မီးငြိမ်းသော ကုသိုလ်ကိုသာ လုပ်ပါဟု ဆုံးမသည်။ [နှာ-၃၅၂] အကုသိုလ် လုပ်တာလည်း ထင်းထည့်ခြင်း ဖြစ်သည်။ ဝဋ္ဋကုသိုလ် လုပ်တာလည်း ထင်းထည့်ခြင်းပင် ဖြစ်သည်။ ထို့ကြောင့် အကုသိုလ်ကို ရှောင်ပါ။ ကုသိုလ် လုပ်လျှင်လည်း မီးငြိမ်းချင်လို့ လုပ်တာပါ ဆိုပြီး လုပ်ပါဟုလည်း တိုက်တွန်းသည်။ [နှာ-၃၅၃]

ဝဋ္ဋကုသိုလ် သို့မဟုတ် တဏှာအုပ်ချုပ်သော ကုသိုလ်သည် အာသဝနယ်ထဲမှာသာ အကျိုးပေးသည်။ နိဗ္ဗာန်ကို အကျိုးမပေးဟု ပြသည်။ [နှာ-၃၅၈] ဉာဏ်နားနှင့် နားထောင်ကြည့်မှ ပုထုဇဉ်တွေ လုပ်နေကြတာ အလွဲနှင့် အချော်ချည်းပဲ ဖြစ်ကြောင်း ထောက်ပြသည်။ [နှာ-၃၅၉] သာသနာတွင်းမို့သာ ဤတရားကို ဟောနိုင်သည်။ သာသနာပဆိုလျှင် ထင်းထည့်သည့် အလုပ်ချည်း ဖြစ်သည်။ သာသနာတွင်းမှာ ထင်းထည့်သည့် အလုပ်ကို ရပ်ပြီး မီးငြိမ်းသည့် အလုပ်ကို လုပ်ရမည်ဟု ဆိုသည်။ [နှာ-၃၆၀] ဒါနလုပ်လည်း ဝိဝဋ္ဋဖြစ်အောင် လုပ်ပါဟုလည်း တိုက်တွန်းသည်။

ခန္ဓာရထားတာ မီးပုံကြီး ရထားတာ ဖြစ်သည်။ ရထားသောမီးက မငြိမ်းသေး၊ နောက်ထပ် ခန္ဓာကို ခင်သော တဏှာကြောင့် မတရားသဖြင့် ရှာဖွေပြီး ခန္ဓာကို လုပ်ကျွေးကြပြန်သည်။ နောက် ဓာတ်ပဋိသန္ဓေနေ၍ ခန္ဓာသစ် ရပြန်သည်။ မီးလောင်နေဆဲ နောက်ထပ် ထင်းထည့်ပြန်ပြီ။ မီးကို အငြိမ်းမခံသလို လုပ်နေကြပုံကို ပြသည်။ [နှာ-၃၇၁]

မီးကို လုပ်ကျွေးနေသူ(အဂ္ဂိပရိစာရိကပုဂ္ဂိုလ်) ဖြစ်နေသည်။ ဘာကြောင့် မီးလုပ်ကျွေးသူ ဖြစ်ရသလဲ။ ခန္ဓာကြီးကို ခင်မိ၍ ဖြစ်သည်။ [နှာ-၃၇၃] ခန္ဓာကြီး မီးပုံဖြစ်နေမှန်း မသိ၍လည်း ဖြစ်သည်။ [နှာ-၃၇၄] ခန္ဓာကြီး မီးပုံဖြစ်မှန်းသိလျှင် ထင်းမရှာတော့ပါ။ ဒါကြောင့် ခန္ဓာကြီးကို ဝိပဿနာရှုဟု တိုက်တွန်းသည်။ မီးပုံကြီးမှန်း သိအောင် ရှုရမည်။ ဝိပဿနာရှုမှ အနိစ္စ၊ ဒုက္ခ၊ အနတ္တသဘောတွေကို

http://www.dhammadownload.com



သိလာသည်။ အနိစ္စနှင့်မဂ္ဂ သွားကိုက်သည်။ ထိုအခါ နောက်ထပ် ထင်းရှာသော သဘော ရပ်စဲသည်။ [နှာ–၃၇၅] နောက်ထပ် ထင်းမရှိပါက အရင် မီးငြိမ်းလျှင် ငြိမ်းတော့သည်။ ပဋ္ဌကဋ္ဌာ နိရောဓော နိဗ္ဗာနံဟု ဟောထားသဖြင့် ခန္ဓာသိမ်းလျှင် မီးငြိမ်းတော့သည်။ [နှာ–၃၇၆] ဒါကြောင့် ဆရာတော်က ဒီခန္ဓာမီးဖိုကို အပြစ်မြင်အောင် မရှုနိုင်သရွေ့ ထင်းရှာနေကြမှာပဲဟု ဆိုသည်။ [နှာ–၃၇၇]

ဤတွင် ဝေဒနာဖြစ်ပျက်ရှုမှုကို ဟောသည်။ ခန္ဓာမီးပုံကြီး ဖြစ်နေပုံကို သိမှ ဒီခန္ဓာမှာ လိုချင်စရာ၊ ရချင်စရာ ဘာမှ မရှိကြောင်း သိမည်။ ထိုလိုချင်စိတ်ချုပ်လျှင် မီးငြိမ်းသည်ဟု ဆိုသည်။ [နှာ–၃၇၇] မီးငြိမ်းတာက နိဗ္ဗာန်၊ မလိုချင်တာက မဂ်ဉာဏ်၊ နောက်ထပ် ထင်းမရှာတာက သမုဒယ ချုပ်ငြိမ်းခြင်း ဖြစ်သည်။

ပြီးနောက် တဏှာချုပ်လျှင် ဥပါဒါန်ချုပ်သည်။ ဥပါဒါန်ချုပ်လျှင် ဘဝချုပ်သည်။ ဘဝချုပ်လျှင် ဇာတိ၊ ဇရာ၊ မရဏ ချုပ်ပြီ။ [နှာ–၃၇၈] ဇာတိ၊ ဇရာ၊ မရဏ မီးလောင်ခန္ဓာကြီးကို မြင်လျှင် ထိုခန္ဓာကို မုန်းလာသည်။ ဤခန္ဓာမျိုးကို မရချင်တော့ပါ။ ထိုအခါ မလိုချင် မုန်းသောဉာဏ်လည်း ပေါ်ရော၊ ခန္ဓာအစဉ်လည်း ချုပ်တော့၏။ [နှာ–၃၇၉] ယခုဘဝ နိဗ္ဗာန်မြင်ပြီးသေသော ပုဂ္ဂိုလ်သာလျှင် နိဗ္ဗာန်အစစ်ကို ရောက်သည်။ ယခုဘဝ နိဗ္ဗာန်ကို မမြင်သေးသော ပုဂ္ဂိုလ်သည် နိဗ္ဗာန်စစ်ကို မရောက်နိုင်ဟု ဆိုသည်။ ဒါကြောင့် မီးကို လုပ်ကျွေးသော ပုဂ္ဂိုလ်အဖြစ်မှ လွတ်ကင်းအောင် ဝိပဿနာ လုပ်ကြဟု တိုက်တွန်းသည်။ အချိန်ကုန်၍ တရားကို ရပ်နားလိုက်သည်။

*

## ၉။ သုခနဲ့ဒုက္ခ ပရိဗိုဇ်မေး၊ အရှင်သာရိပုတ္တရာဖြေ

[၁၅–၉–၆၁ နေ့က အမရပူရမြို့ မင်္ဂလာတိုက်ယောင်းမှာ ဟောသောတရား]

အရှင်သာရိပုတ္တရာကို ပရိဗိုဇ်တွေက လောကမှာ သုခနှင့်ဒုက္ခ ရှိပါသည်။ တိုတိုရှင်းရှင်း သိလိုပါသည်ဟု မေးကြောင်းဖြင့် ဤတရားကို စတင် ဟောကြားလေသည်။ လူတွေက သုခကို လိုချင်သည်။ ဒုက္ခကို ရှောင်ချင်သည်။ ဘယ်ဟာ သုခလဲ၊ ဘယ်ဟာ ဒုက္ခလဲဟု ပရိဗိုဇ်တွေက မေးခြင်းဖြစ်သည်။ [နှာ–၃၈၂] အရှင်သာရိပုတ္တရာကလည်း တိုတိုရှင်းရှင်း ဖြေသည်။

နောက်တစ်ခါ ပဋိသန္ဓေနေရခြင်းသည် ဒုက္ခ၊ နောက်တစ်ခါ ပဋိသန္ဓေ မနေရခြင်းသည် သုခပဲဟု ဖြေသည်။ ပုထုဇဉ်တွေ စိတ်ထဲမှာတော့ လူ့ပြည်က

http://www.dhammadownload.com



ဒုက္ခ၊ နတ်ပြည်ကျရင် သုခ ချမ်းသာမှာပဲဟု ထင်နေကြသည်။ တဏှာက လှည့်စားနေကြောင်း ရှင်းပြသည်။ [နာ–၃၈၄] ဆရာတော်က တဏှာသည် (တဏှာသိပ္ပိနီ) အပ်ချုပ်သမားနှင့် တူသည်ဟု ဘုရားဟောကြောင်း ဆိုသည်။ စုတိနှင့် ပဋိသန္ဓေကို ဆက်စပ်ပေးသော သတ္တိရှိသည်။ [နာ–၃၈၅] လူတွေက တဏှာကို အရှင်သခင် မှတ်နေကြပုံ၊ သူခိုင်းတာကို လုပ်နေကြရပုံကို သရုပ်ဖော်၍ ဟောသည်။ [နာ–၃၈၆]

ပရိုဖိတ်တွေက အရှင်သာရိပုတ္တရာ၏ အဖြေကို ရှင်းပေးပါဦးဟု လျှောက်ပြန်သည်။ အရှင်သာရိပုတ္တရာက နောက်ပဋိသန္ဓေရတော့ ခန္ဓာရသည်။ ခန္ဓာရတော့ ခန္ဓာဒုက္ခတွေ ပေါ်လာသည်။ နေပူ၊ လေပူ၊ သားပူ၊ သမီးပူ၊ ဆွေပူမျိုးပူ၊ ဇာတိ၊ ဇရာ၊ မရဏ အပူတွေ၊ လောကအပူမျိုးစုံ ခံရပုံကို ဟောသည်။ မင်းဘေး၊ မီးဘေး၊ ရေဘေး၊ လေဘေး၊ ခိုးသားဓားပြဘေး၊ ဘေးရန်မျိုးစုံ ခံရသည်။ [နာ–၃၉၀] ဒါကြောင့် နောက်ပဋိသန္ဓေ နေရလျှင် ဒုက္ခ၊ နောက်ထပ် ပဋိသန္ဓေ မနေရမှ သုခဖြစ်ကြောင်း အရှင်သာရိပုတ္တရာက ဟောသည်ဆို၏။ [နာ–၃၉၁] ဘုရားက ဒုက္ခကို သိဖို့၊ ဒုက္ခလွတ်ကြောင်း လုပ်ဖို့ဟောသည်။ လူတွေက ဒုက္ခသစ္စာကို ဆုတောင်းယူနေကြကြောင်း ဝေဖန်ပြသည်။ ဘုရားကို ကန့်လန့် တိုက်နေကြသည်နှင့် တူသည်ဟု ဆိုသည်။ [နာ–၃၉၂] လူတွေမှာ တဏှာမရှိဘဲ မနေတတ်ပုံ၊ တဏှာ မရှိလျှင် ပျင်းနေကြပုံများကို ဖော်ပြသည်။ [နာ–၃၉၅] ဤတရားသည် ခန္ဓာပြုတ် ဟောရမည့်တရားဖြစ်ကြောင်း ဟောသည်။ နောက်တစ်ခါ ပဋိသန္ဓေ မနေမှ သုခဖြစ်သဖြင့် နောက်ပဋိသန္ဓေ နေရခြင်း ဒုက္ခ(ဆင်းရဲ)က လွတ်အောင် လုပ်ရမည်ဖြစ်ကြောင်း ဟောသည်။

လူတွေ၏ အထင်မှာ ခန္ဓာမရှိရင် ဘာနှင့် နေရမလဲဟု သံသယဝင်တတ်ကြပုံကိုလည်း ပြသည်။ ဘာကြောင့် ဒီသံသယ(အတွေး) ဝင်လာသလဲဆိုလျှင် ခန္ဓာသည် ဒုက္ခမှန်း မသိ၍ ဖြစ်သည်။ အဝိဇ္ဇာက လာသော ကြံလုံး တွေးလုံး ဖြစ်သည်။ [နာ–၃၉၆] ဒါကြောင့် ခန္ဓာ၏ ဒုက္ခကို သိမှသာ ခန္ဓာပြုတ်ကို သဘောကျနိုင်သည် ဆို၏။ ဒုက္ခသစ္စာကို မသိလျှင် နိရောဓသစ္စာကို မရနိုင်ကြောင်း ထောက်ပြသည်။ [နာ–၃၉၇] ခန္ဓာရှိလျှင် ဒုက္ခသစ္စာ၊ ခန္ဓာချုပ်ဆုံးပြီး မရှိမှ သုခနိဗ္ဗာန် (နိရောဓ)သစ္စာ ပေါ်လာသည်။ (ဤအချက်ကို ခံစားမှုသဘောဖြင့် နားမလည်နိုင်ပါ။ ဉာဏ်ဖြင့်သာ နားလည်နိုင်သည်။ မှတ်ချက်)

ထို့နောက် ဆရာတော်ကြီးက ခန္ဓာကို အဆိပ်ပင်ကြီးနှင့် တူပုံကို သံဝေဂ ရလောက်အောင် ရှင်းလင်း ဟောကြားပြန်သည်။ [နာ–၄၀၃] ခန္ဓာကိုယ်ထဲမှာ

http://www.dhammadownload.com



ဇရာ၊ ဗျာဓိ၊ မရဏ အဆိပ်တွေ ရှိပုံကို ပြသည်။ [နာ–၄၀၄] 'ဝိသဘူတ၊ ဒုက္ခ ဒသနေန အမတဒွါရ'ဟု ပဋိသမ္ဘိဒါမဂ် အဋ္ဌကထာဆရာ မိန့်ထားကြောင်း၊ ခန္ဓာအဆိပ်ပင်ကြီးကို ပြင်ပြီးနေမှ အမတဒွါရ– သေခြင်းကင်းသော နိဗ္ဗာန်ကို ရကြောင်း ဖော်ပြထားသည်။ [နာ–၄၀၅] ခန္ဓာထဲမှာ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဉ်တွေ ပေါ်လာလျှင် နှိပ်စက်တတ်သော အဆိပ်တွေ ပေါ်လာပြီဟု မှတ်ရမည် ဆို၏။ [နာ–၄၀၇] ခန္ဓာကို နှိပ်စက်တတ်သော တရားပဲဟု မြင်၍ ခန္ဓာကို လိုချင်သော တဏှာချုပ်တာနှင့် တစ်ပြိုင်နက် ဖျတ်ဆို ခန္ဓာဆုံး၊ နိဗ္ဗာန် ပေါ်လာ သည်။ [နာ–၄၁၀] ဖြစ်ပျက် မြင်ပါလျက် ခန္ဓာမဆုံး နိဗ္ဗာန် မပေါ်တာသည် ခန္ဓာတဏှာ အမျှင် မပြတ်သေးလို့ဖြစ်သည် ဆို၏။ [နာ–၄၁၁]

တဏှာနိရောဓာနိဗ္ဗာနံ ဖြစ်သည်။ ခန္ဓာစင်သော တဏှာလည်း ချုပ်ရော နိဗ္ဗာန်လည်း ဘွားခနဲ ပေါ်သည်ဆို၏။ [နာ–၄၁၂] ခန္ဓာ နှိပ်စက်မှုကို ကြပ်ကြပ် ကြည့်ပေး၊ ခန္ဓာကို ရွှေ့ရပြောင်းရတာ နှိပ်စက်လို့ပဲဟု သိပါ။ ခန္ဓာ နှိပ်စက်တာကို နက်နက်နဲနဲ သိလာလျှင် ခန္ဓာခင်သော တဏှာလျော့သွားသည်။ ဒုက္ခသစ္စာ တစ်လုံး ကို ပိုင်ပိုင်သိအောင် လုပ်ရမည်။ ခန္ဓာမှာ ပေါ်လာသမျှ ဓမ္မအားလုံး (မဂ်ကလွဲလျှင်) နှိပ်စက်တာချည်း ဖြစ်သည်။ [နာ–၄၁၃]

ဒုက္ခသစ္စာကို မြင်မှ သမုဒယချုပ်သည်။ နှိပ်စက်တတ်သော တရားကို ဘုရားက ခန္ဓဝဂ္ဂသံယုတ်ပါဠိတော် မလဂတ္တသုတ်မှာ ဥပမာ ပြသည်။ လက်သမား များ ကိုင်သော လက်ရိုက်တုတ်သည် ကိုင်ပါများလျှင် ပွန်းပြီးပါးသွားသလို ရှုပါ များလျှင် ဒုက္ခ၏ နှိပ်စက်ပုံကို သိပါများလျှင် ခန္ဓာကိုခင်သော တဏှာပါးသွား နိုင်ပုံကို ပြသည်။ [နာ–၄၁၉] ဒုက္ခသစ္စာကို ပိဋ္ဌနဒွါ(ကိစ္စဉာဏ်ဖြင့်) ကြည့်လိုက်၊ တစ်ကိုယ်လုံးမှာ သူ၏ နှိပ်စက်သော ကိစ္စပဲရှိကြောင်း ပေါ်လွင်လာသည်။ ခန္ဓာက နှိပ်စက်တတ်သော တရား၊ သိတာက မဂ်တရား၊ ပါးတာက ကိလေသာဟု ဟောသည်။ [နာ–၄၂၁] နှိပ်စက်တာ မြင်မှ မလိုချင်တာ ဖြစ်မည်။ [နာ–၄၂၂]

ခန္ဓာထဲမှာ နှိပ်စက်တတ်သော တရားတွေပဲ စနေပုံကို မြင်အောင် ရှုရမည်။ [နာ–၄၂၄] ဒွါရခြောက်ပေါက်မှာ နှိပ်စက်နေသည်။ ဝေဒနာက နှိပ်စက်၊ သညာက နှိပ်စက်၊ သင်္ခါရက နှိပ်စက်၊ စိတ်က နှိပ်စက်တာတွေကို သတိနှင့် မြင်အောင် ရှုရမည်။ နှိပ်စက်တာဒုက္ခသစ္စာ၊ သိတာက မဂ္ဂသစ္စာ၊ ပါးတာသေတာက ကိလေသာ သမုဒယသစ္စာ၊ သူသေမှ နိဗ္ဗာန်ရောက်သည်။ နှိပ်စက်တတ်သော ဒုက္ခသစ္စာတရား

http://www.dhammadownload.com



ကို မြင်အောင်ရှုတာ **ဓမ္မာနုပဿနာ** ဖြစ်ကြောင်း ဟောသည်။ [နှာ–၄၂၆] အချိန်စေ့၍ တရားနားသည်။

*

## ၁၀။ သုတဝါအရိယာ သာဝကဖြစ်မှ ဒိဋ္ဌိပြုတ်ကြောင်း

[၁၆–၉–၆၁ နေ့က အမရပူရမြို့ မင်္ဂလာတိုက်ဟောင်းမှာ ဟောသောတရား]

ဤတရားကို သုတဝါ အရိယာ သာဝကဖြစ်မှ ဒိဋ္ဌိပြုတ်မည်ဆိုသော စကားဖြင့် စတင် ဟောကြားသည်။ ဒိဋ္ဌိပြုတ်လျှင် တဏှာတော့ ကျန်ဦးမည်။ သို့သော် အပါယ်ကျသော တဏှာတော့ မရှိတော့ဘူးဟု ဆိုထားသည်။ အပါယ်ကျသော မာနလည်း မရှိတော့ဘူး။ ဒိဋ္ဌိထဲမှာ ရောပြီး ပါသွားလို့ပဲဟုလည်း ဟောသည်။ မြတ်စွာဘုရားသည် ဒိဋ္ဌိပြုတ်ခန်းတိုင်းမှာ သုတဝါ အရိယာ သာဝကောကို အကြိမ်ကြိမ် ဟောတော်မူခဲ့ကြောင်း ဆရာတော်က မိန့်ကြားထားသည်။ [နှာ–၄၂၈]

ဤတွင် သုတဝါကို ပညာနားနှင့် ကြားဖူးခြင်းဟု အဓိပ္ပာယ် ဖွင့်ထားသည်။ ရိုးရိုးနားက အလကားနားဟုလည်း ဆိုသည်။ သာဝကောကိုလည်း တပည့်ရိုးရိုး အဓိပ္ပာယ် မယူရ အရိယာတို့၏ တရားကို မှတ်သားကျင့်ကြံသောဟု အဓိပ္ပာယ် ယူရမည်ဖြစ်ကြောင်း ရှင်းထားသည်။ အရိယာတရားကို ပညာနားနှင့် ကြားနာခြင်းနှင့် ကြားနာသောအတိုင်း ကျင့်ကြံအားထုတ်ခြင်း အချက်နှစ်ချက် ပါဝင်ကြောင်း ပြသည်။ [နှာ–၄၂၉] ဤနှစ်ချက် တွဲမိလျှင် သောတာပတ္တိမဂ်သည် မခက်ခဲတော့ဟု ဆိုသည်။ [နှာ–၄၃၀]

ထို့နောက် မဂ်ဖြင့် မပယ်သေးလျှင် အနုသယ ကိလေသာ ရှိနေတတ်ပုံကို ပြသည်။ အကြောင်း မရှိလျှင် မသိသာသော်လည်း အကြောင်း တိုက်ဆိုင်က ဤကိလေသာ ဖျတ်ခနဲ ပေါ်လာသည်။ ၎င်းကို အနုသယကိလေသာ ခေါ်သည်။ ဒါကြောင့် ကိုယ့်မှာ အနုသယကိလေသာ ကင်းပြီး ဖြစ်မဖြစ် အရိယာတို့၏ တရားကို ပညာနားဖြင့် ကြားဖူးခြင်း ရှိရမည်ဟု ဆိုသည်။ [နှာ–၄၃၂] ပညာနားနှင့် ကြားပြီး ဒိဋ္ဌိပြုတ်မှ အပါယ်တံခါး ပိတ်သည်။ [နှာ–၄၃၃] ပညာနားနှင့် ကြားပြီး၊ ပညာနှင့်ပင် ကျင့်ကြံရမည်။

ထို့နောက် သံယုတ်ပါဠိတော် အနတ္တလက္ခဏာသုတ်ကို ထုတ်ဖော် ဟောပြန်သည်။ 'ရူပံဘိက္ခဝေအနတ္တာ၊ ဝေဒနာအနတ္တာ၊ သညာအနတ္တာ၊ သင်္ခါရာအနတ္တာ၊

http://www.dhammadownload.com



ဝိညာဏ်အနတ္တာ၊ စဝံပဿံ ဘိက္ခဝေ သုတဝါ အရိယာ သာဝကော’ အရိယာတို့၏ စကားကို နာကြား မှတ်သားပြီး ကျင့်သောပုဂ္ဂိုလ်မှာ ဝေဒနာကို ရှုလျှင် ဝေဒနာကို ငြီးငွေ့လာသည်။ သံဝေဂနှင့် ငြီးငွေ့တာက တစ်မျိုး၊ ဝိပဿနာနှင့် ငြီးငွေ့တာက တစ်မျိုး ဖြစ်သည်ဟုလည်း ခွဲခြား ဟောထားသည်။ [နှာ–၄၃၄] သံဝေဂဖြင့် ငြီးငွေ့တာက မဂ်နှင့် မဆိုင်ဘူးဟု ဆိုသည်။ ဝိပဿနာဉာဏ်ဖြင့် ငြီးငွေ့ခြင်းမှာ ခန္ဓာထဲ ကြည့်လိုက်တော့ ဝေဒနာတွေ ဖြစ်ပျက်တာချည်း တွေ့နေသည်။ ထိုအခါ ဖြစ်ပျက်ချည်း မြင်ပြီး ငြီးငွေ့လာသည်။ ဝိပဿနာဉာဏ်ဖြင့် ငြီးငွေ့ခြင်း ဖြစ်သည်။ [နှာ–၄၃၅] ဝေဒနာ ခံစားပြီး မပျော်နိုင်တာက သံဝေဂဖြင့် ငြီးငွေ့ခြင်း၊ ဝေဒနာ၏ ဖြစ်ပျက်မြင်ပြီး အစိုးမရ အနတ္တသဘော၊ အနိစ္စသဘောကို မြင်ပြီး ငြီးငွေ့ခြင်းက ဝိပဿနာ ငြီးငွေ့ခြင်းဖြစ်ပုံ ခွဲခြားပြထားသည်။ [နှာ–၄၃၆]

သံဝေဂဉာဏ်က ဝိပဿနာဉာဏ်ကို ဥပနိဿယပစ္စယော (အားကြီးသော အကြောင်း)အားဖြင့် ကျေးဇူးပြုသည်။ [နှာ–၄၃၇] ဝိပဿနာဉာဏ်ကမှ မုန်းဉာဏ် (နိဗ္ဗိန္ဒာဉာဏ်)ကို ကျေးဇူးပြုကြောင်း ရှင်းပြထားသည်။ [နှာ–၄၃၈] အနတ္တသဘောကို ပြသည်။ ပြရာ၌ ဒီခန္ဓာကြီး အစိုးမရ၊ အလိုမပါပုံကို ပြသည်။ ကိုယ်လည်းမဟုတ်၊ အတ္တလည်း မဟုတ် အနတ္တသာ ဖြစ်သည်။ ထိုဖြစ်ပျက် အနတ္တသဘောကို မုန်းလာမှ နိဗ္ဗိန္ဒာဉာဏ်ဖြစ်ကြောင်း ဟောသည်။ [နှာ–၄၄၀] အနတ္တဉာဏ်က အတ္တဒိဋ္ဌိ ဖြုတ်ချ လိုက်သည်။ [နှာ–၄၄၃] အနတ္တဉာဏ်ရှင်းမှ အတ္တဒိဋ္ဌိ ပါးလာသည်။ လက်ရိုက်တုတ် ပါးလာခြင်း ဥပမာကို ပြသည်။

အနတ္တမြင်၍ အတ္တပါးလာသော်လည်း ယောဂီစိတ်မှာ ကိလေသာ ဝင်ပြီး အားလျော့စိတ်ငယ် ဖြစ်တတ်ပုံကိုလည်း ဟောသည်။ [နှာ–၄၅၀] အဖျင်းထဲ အပျင်း မရောစေနှင့်ဟု သတိပေးထားသည်။ [နှာ–၄၅၁] ကိလေသာရန်သူက ယောဂီကို ချော့ကာမော့ကာဖြင့် နောက်ဆုတ်ခိုင်းတတ်ကြောင်း ဟောသည်။ [နှာ–၄၅၂] အနတ္တဉာဏ်ကို လက်မလွှတ်စေနှင့်ဟု မှာသည်။ [နှာ–၄၅၂]

ပြီးမှ တရားသား ဟောသည်။ ခန္ဓာငါးပါးမှာ ဝေဒနာက္ခန္ဓာသည် ကျန်ခန္ဓာ များကို မှီပြီး ဖြစ်ပေါ်ရသည်။ သူက အမှီတရား ဖြစ်သည်။ [နှာ–၄၅၅] ကောင်းကင် မှာ လျှပ်စစ်လင်းလက်လိုက်သလို ခုဖြစ်ပြီး ခုပျက်သော တရားဖြစ်သည်။ ဝေဒနာက ချေ့သည်ခန္ဓာဟု ဆိုသည်။ [နှာ–၄၅၆] ချေ့သည်ကို သိမှ ဝိပဿနာဉာဏ် ဝင်နိုင်သည်။ ဝိပဿနာ ရှုသောအခါ ခန္ဓာငါးပါး ချေ့သည်တရားကို ကြည့်ပြီး ရှုရမည်ဟုလည်း ပြသည်။ [နှာ–၄၅၈] ဝေဒနာနုပဿနာ ရှုနည်းကို ဟောသည်။

http://www.dhammadownload.com



ဒုက္ခ၊ သုခ၊ ဥပေက္ခာဝေဒနာ ဩ့သည်သုံးယောက် ရှိသည်။ ဝေဒနာကို ငါ လုပ်တတ်ပုံကို ဟောသည်။ [နှာ–၄၅၉] ဩ့သည်ကို ငါ လုပ်လိုက်ပြီဆိုလျှင် ဒိဋ္ဌိကပ်ပြီ။ ဒုက္ခဝေဒနာကိုလည်း ငါ လုပ်တတ်ပုံကို ပြသည်။ [နှာ–၄၆၀] ဝေဒနာမှန်းလည်း မသိ၊ ဩ့သည်မှန်းလည်း မသိ၊ အနတ္တမှန်းလည်း မသိဟု ဆိုသည်။ [နှာ–၄၆၀] ဒါကြောင့် ဝေဒနာကို ငါ ထင်ပုံ လောကဥပမာများကို ထုတ်ဖော် ဟောပြသည်။ [နှာ–၄၆၂]

ဤတရားတွင် အရိယာမျိုးစေ့ နှစ်ခုကို ပေးသည်ဆို၏။ ၁။ အရိယာတရားကို ပညာနားဖြင့် နာကြားခြင်း (သုတဝါ)လည်း တစ်ချက်၊ ၂။ အရိယာတရားကို နာကြားပြီး အရိယာအကျင့်ကို ကျင့်ခြင်း (အရိယာသာဝက)လည်း တစ်ချက် ဖြစ်သည်။ [နှာ–၄၆၅] ဝေဒနာဖြစ်ပျက်ကို မြင်အောင် အရိယာများ ကျင့်ကြံအားထုတ်သလို ကျင့်ကြံပွားများ အားထုတ်ရမည်။ [နှာ–၄၆၇] ဤတွင် အဖြစ်ကို မမြင်လျှင် နေပါစေ၊ အပျက်ကို (မရှိတာကို) မြင်အောင် ဖမ်းပြီး ရှုရမည်ဟု ဆိုသည်။ [နှာ–၄၆၈] ဒါမှ ဝေဒနာ၏ အနတ္တကို မြင်မည်။ ဝေဒနာ ဖြစ်ပျက်က အနတ္တ၊ ဝေဒနာ မရှိတော့မှန်း သိတာက မဂ္ဂဖြစ်သည်။ ထုံးစံအတိုင်း မဂ်ကို ဆုတောင်း၍ မရ၊ ဝေဒနာ မရှိတာကို သိအောင် လုပ်မှရကြောင်း ဟောရိုးအတိုင်း ဟောသည်။ ဩ့သည် ဝေဒနာ မရှိတော့ဘူးဆိုတာ သိလိုက်မှ ဝေဒနာနိရောဓ ဖြစ်ပြီး ပဋိစ္စသမုပ္ပါဒ် ပြတ်သည်။ မသိလိုက်လျှင် ပဋိစ္စသမုပ္ပါဒ် ဆက်သည်။ မသိမှု အဝိဇ္ဇာက ပဋိစ္စသမုပ္ပါဒ် တန်းပြီး အပါယ်ကို ပို့သည်။ ဒါကြောင့် ဩ့သည် ဝေဒနာ ဘာပဲပေါ်ပေါ်၊ ပေါ်တိုင်းသိ၊ ပျက်တိုင်း မြင်ရမည်။ [နှာ–၄၇၃] ဤတွင် အချိန်စေ့၍ တရားနားသည်။

*

## ၁၁။ သုဂတိနိဗ္ဗာန်သွားတဲ့နည်း

[၁၇–၉–၆၁နေ့က အမရပူရမြို့ မင်္ဂလာတိုက်ကျောင်းမှာ ဟောသောတရား]

လူများလို့ ကျပ်တာ၊ နေရာကျဉ်းလို့ မဟုတ်ဘူး၊ သည်းခံပြီး နာကြပါဟု အစချီပြီး ဤတရားကို ဟောလေသည်။ ဘုရားလေးဆယ့်ငါးဝါ အတွင်းမှာ ၃၂ကြိမ် တိုင်တိုင် အရေးတကြီး မှာတော်မူသော စကား 'ဈာယထ ဘိက္ခဝေ မာပမာဒတ္ထ၊ မာပစ္ဆာ၊ ဝိပ္ပဋိသာရိနော၊ အဟုဝတ္ထ၊ အယံဝေါအမှာကံ၊ အနုသာသနီ' ကို ဖော်ပြသည်။ ထိုစကားကို မဖော်ပြမီ အပါယ်မကျအောင် သုဂတိ ဘဝမှာလည်း ဒုက္ခတွေ

http://www.dhammadownload.com



ဇရပွဲနှင့် ကျေနပ်ပြီး မနေကြအောင် သုဂတိဘဝမှ နိဗ္ဗာန် (ဂတိချုပ်ငြိမ်းခြင်း)သို့ ရောက်အောင် ပို့ဆောင်ဖို့ အရေးကြီးကြောင်း၊ နိဗ္ဗာန်ကို သဘောကျအောင် ဟောသည်။

ဘိက္ခဝေ ချစ်သားရဟန်းတို့ ဈာယထ ဝိပဿနာကို လုပ်ကြ၊ မာပမာဒတ္ထ မမေ့မလျော့ကြနှင့် (သားရေး၊ သမီးရေး၊ စီးပွားရေးတွေကြောင့် ဝိပဿနာ လုပ်ဖို့ မေ့မနေကြပါနှင့်ဟု မှာခြင်းဖြစ်ကြောင်း ဟောသည်။ [နှာ-၄၉၅] ပစ္ဆာ၊ သေရာ ညောင်စောင်း၌ လဲလျောင်းရသော အခါကျမှ ကမ္မနိမိတ်တွေ၊ ဂတိနိမိတ်တွေ ထင်လာသော အခါကျမှ ဝိပ္ပဋိသာရိနော ငါဖြင့် ကိုယ်ကျိုးနည်းပြီဟူ၍ နှလုံး မသာခြင်း ရှိကြကုန်သည်။ မာအဟုဝတ္ထ မဖြစ်ကြကုန်လင့် ဤကား မြတ်စွာဘုရား ၄၅ ဝါအတွင်း ၃၂ ကြိမ် မှာတော်မူသော တရားစကား ဖြစ်သည်။ (ထိုစကားကို ဆရာတော်က မဖော်ပြမီ တရားထဲမှာ ဆုံးမစကားတွေ အများကြီး ထည့်ဟော သည်။)

လူတွေ ကြားထဲမှာ တဏှာ အားပေးစကားတွေ ပြောပြီးသာ အချိန်ကုန်နေပုံ၊ ဝိပဿနာ လုပ်ရကောင်းမှန်း မသိဘဲ ဖြစ်နေပုံများကို ဝေဖန် ဆုံးမသည်။ [နှာ-၅၀၆] ခင်ဗျားတို့က တဏှာအားပေး လုပ်မှ ကျေးဇူးရှင်ကြီး ထင်တတ်ကြသည်ဟုလည်း ပြစ်တင် ဆုံးမသည်။ ဘုရား မှာကြားသော စကားအရ သေပေါက်သေဝ ရောက်မှ မိမိ၏ အနေမှား၍ အသေမှားမည့် အရေးကြီးကို သိကြလျှင်၊ ပြုပြင်ဖို့ အချိန် မရသဖြင့် နောက်ကျသွားပြီဟု သတိပေးသည်။ [နှာ-၅၀၇] ဒါကြောင့် အမှား ပြင်စရာရှိလျှင် ယခုအချိန် သေပေါက်သေဝကို မရောက်မီ ပြင်ရမည်။ [နှာ-၅၀၉] ဝိပဿနာ ရှုခြင်းအားဖြင့် ဒုက္ခအဆုံးသို့ ရောက်ပြီဆိုပါက သေပေါက်သေဝ ရောက် သောအခါ ပြုံးနိုင်ပြီဟု ဆိုသည်။ [နှာ-၅၀၉] ထိုပုဂ္ဂိုလ် သေရမှာ မကြောက်တော့ပါ။

ဓာဏာသောဏိပုဏ္ဏားက သေမှာကို ကြောက်သော ပုဂ္ဂိုလ်ချည်းပဲဟု လျှောက်သောအခါ ဘုရားက မဟုတ်ဘူး ပုဏ္ဏား ကြောက်သူ ရှိသလို မကြောက် သူလည်း ရှိသည်ဟု ဖြေကြောင်း ထည့်ဟောသည်။ [နှာ-၅၁၀] ဘုရားက 'အယံ- ဤ ငါ ပြောသော သေခါနီး နှလုံးမသာခြင်းရှိသော အလုပ်သည်၊ ဝေါတုမှာက်- သင်ချစ်သားတို့အား၊ အမှာက်- ငါ ဘုရားတို့၏၊ အနုသာသနီ- အဆုံးအမ တရား ဖြစ်၏။ [နှာ-၅၁၁] တရားသဘောမှာ သေခါနီး အိပ်ရာဖျာကပ်ဖြစ်မှ မျက်ရည် ကျရသော နှလုံးမသာ ဖြစ်ခြင်းမှ ကာကွယ်နိုင်အောင်၊ ဝိပဿနာအလုပ်ကို လုပ်ထား ကြပါဟု ဘုရားရှင် မှာကြားတော်မူခြင်းဖြစ်ကြောင်း ဟောသည်။ [နှာ-၅၁၁]

http://www.dhammadownload.com



မဲ့သေအဖြစ်က ပြုံးသေအဖြစ် ပြောင်းဖို့ရာမှာ ဝိပဿနာလုပ်ရန်ပင် ဖြစ်သည်။ [နှာ–၅၁၂]

ပြီးမှ ဝိပဿနာကို ဟောသည်။ ဝိပဿနာအလုပ် အလွန် လွယ်ပါသည်။ သုဝဏ္ဏဝေဠုဝ ရွှေဝါးတောရွာမှာ မြတ်စွာဘုရား သီတင်းသုံးတော်မူစဉ် အရှင်အာနန္ဒာတို့က တရားနာဖို့ စောင့်နေသည်။ ၎င်းတို့ အထဲမှာ ပါရာသိဝိယ ဆရာကြီး၏ တပည့် ဥတ္တရလုလင်လည်း ပါသည်။ ဥတ္တရလုလင်ကို အကြောင်းပြုပြီး တရား ဟောတော်မူသည်။ ဥတ္တရလုလင်ကို မြတ်စွာဘုရားက သူ့ဆရာကြီးက သူတို့ကို ဣန္ဒြေနှင့် ပတ်သက်ပြီး ဘယ်လို ဟောသလဲဟု မေးလေသည်။ ဥတ္တရ လုလင်၏ ဆရာကြီးက မျက်စိ မဖွင့်လျှင် မျက်စိပေါက်က လောဘ၊ ဒေါသ၊ မောဟ မလာဘူး။ မျက်လုံးကို ပိတ်ထားဖို့ ဟောကြောင်း၊ နားကိုလည်း ပိတ်ထားဖို့ ဟောကြောင်း ဣန္ဒြိယ သံဝရသီလဆိုတာ ဒါပဲဟု ဟောကြောင်း ဥတ္တရလုလင်က ဖြေလေသည်။ ထိုအခါ မြတ်စွာဘုရားက ဒါဆိုရင် ဝမ်းတွင်းက မျက်စိကန်းလာသော ပုဂ္ဂိုလ်မှာ ဣန္ဒြိယဘာဝနာ အလုပ်ကြီး လုံခြုံပြီဟု မင်းဆိုမလားဟု ပြန်မေးလေသည်။ ဥတ္တလုလင် မဖြေနိုင်ဘဲ ငြိမ်နေလေသည်။ ထိုအခါ ဘုရားက ဣန္ဒြိယဘာဝနာကို ဟောရန် သံဃာတော်များ စုဝေးစေသည်။ [နှာ–၅၁၅]

ဝိပဿနာ အလုပ်ကို ပြရန်ဖြစ်၏။ မျက်လုံးပေါက်က အဆင်းကို မြင်လျှင် လောဘစိတ် လာသည်။ အမြင် မတော်လျှင် ဒေါသလာသည်။ တစ်ခါတလေ မြင်မှန်းပင် မသိ၊ မောဟ လာသည်။ မျက်လုံး ဖွင့်လျှင် ဤသုံးခု လာသည်။ ဤတွင် နာဂါဆာကီကို အနုမြူဗုံး(အက်တွမ်းမစ်ဗုံး) ချခြင်း ဥပမာကို ပေးပြီး ဟောသည်။ ဆရာတော်သည် ကမ္ဘာ့ အခြေအနေကိုလည်း မျက်ခြည်မပြတ်ကြောင်း သိသာသည်။

အမေရိကန်က အနုမြူဗုံး ချမည်၊ နို့တစ် ပေးသည်။ လက်နက်ချဖို့ ပြောသည်။ ဂျပန်က အနုမြူဗုံးအကြောင်းကို မသိ၍ မချခဲ့ကြောင်း ဟောသည်။ [နှာ–၅၁၇] ပုထုဇဉ်မျက်လုံးထဲ မျက်စိဖွင့်လျှင် အနုမြူဗုံးဒဏ်ထက် ပြင်းသော ဒဏ်ချက်တွေ ပေါ်သည်ဟု ဆိုသည်။ အပါယ်ငရဲက လွတ်ရက် မရှိတာတွေ ပေါ်ပုံကို ဟောသည်။ ဒါတွေကို ဒကာ၊ ဒကာမများက မသိဘဲ မျက်လုံး ဖွင့်လိုက်သည်။ ချစ်စရာကလေးကို မြင်သည်။ အနုမြူဗုံးတစ်လုံး ကျပြီဟု ဆိုသည်။ [နှာ–၅၁၈] ခင်ဗျားတို့ မြင်စိတ်တစ်ခါ ဖြစ်တာက အနုမြူဗုံး ကျသည်ထက် နာသည်ဟု ဟောသည်။ တဏှာ၊ ပစ္စယာ၊ ဥပါဒါန်၊ ကံ၊ ဇာတိ၊ ဇရာ၊ မရဏ

http://www.dhammadownload.com



အားလုံး ဒုက္ခသစ္စာချည်းပဲ၊ လောဘတဏှာကလေးတစ်လုံး ဖြစ်လိုက်တာ သံသရာမှာ သေလို့ မဆုံးတော့ဘူးဟု နှလုံးခိုက်အောင် ပြတော်မူသည်။ [ နှာ-၅၁၉ ]

မြင်မှု တစ်ခုမှ ပဋိစ္စသမုပ္ပာဒ် အမျိုးမျိုး ဖြစ်ပုံကို ပြသည်။ ဤတွင် ဆရာတော်၏ စကား အသုံးအနှုန်း ထက်သည်။ ခင်ဗျားတို့က မြင်စိတ်ပေါ်တာ ဘာဖြစ်သလဲ မေးသည်။ အဲဒါ ဂျပန်စိတ် ပေါ်တာဟု ဆိုသည်။ ဂျပန်က အနမြူ ဗုံးချတာ ဘာဖြစ်မှန်း မသိတော့ လူမျိုးပြုန်းရသည်ဟု ပြသည်။ ဘုရားက မြင်စိတ် ပေါ်ချင် ပေါ်ပါစေ။ လောဘ၊ ဒေါသ၊ မောဟ ပေါ်ချင် ပေါ်ပါစေ၊ ဓမ္မနိယာမ ပေါ်မှာပဲ ဖြစ်သည်။ သို့သော် မိမိတို့က နောက်က နှလုံးသွင်းလိုက် အကြောင်းကြောင့် ဖြစ်သော အကျိုးတရားတွေပဲဟု သိလိုက်ရမည်။ နှလုံးသွင်းလိုက်လျှင် ပဋိစ္စသမုပ္ပာဒ် ရှေ့မဆက်ဘဲ ရပ်သွားသည်။ အကြောင်း တိုက်ဆိုင်၍ဖြစ်သော တရား၊ အကြောင်းချုပ်လျှင် ပျက်ပြီး ချုပ်သည်။ [ နှာ-၅၂၂ ] မိမိတို့က လောဘလာလာ၊ ဒေါသလာလာ၊ မောဟလာလာ ဖြစ်ပျက် ရှုရမည်။ ဖြစ်ပျက်ရှုလျှင် ဝိပဿနုပေက္ခာဉာဏ် ဖြစ်သည်ဟု ဆိုသည်။ [ နှာ-၅၂၃ ]

ပဋိစ္စသမုပ္ပာဒ် ပြတ်သွားလျှင် ဒီခန္ဓာပြီးနောက် ခန္ဓာ မရတော့ပါ။ မျက်လုံး ပိတ်ထားသဖြင့် ဣန္ဒြိယဘာဝနာ မဖြစ်ကြောင်း၊ ဖြစ်ပေါ်လာသမျှ ဓမ္မများကို ဝိပဿနာ ဖြစ်ပျက်ရှုမှုရကြောင်း ပြောသည်။ [ နှာ-၅၂၄ ] ထိုသို့ ရှု၍ ပဋိစ္စသမုပ္ပာဒ် ပြတ်လျှင် နောက်ခန္ဓာ မလာတော့၊ နောက်ခန္ဓာ မလာသော ပုဂ္ဂိုလ် သေပေါက်သေဝမှာ နိမိတ် မထင်တော့ဟု ဟောသည်။ သုဂတိ ဘဝရစဉ် နိဗ္ဗာန်ဝင်အောင် လုပ်ရေးတရား ဖြစ်သည်။ ဤသို့ မျက်လုံးမှာ ပေါ်သော တရားအားလုံး ဖြစ်ပျက် ရှုမှုသာ ဣန္ဒြေလုံသည်။ [ နှာ-၅၂၇ ] ဘုရားဟော **'ရူပါယတနံ ဘိက္ခဝေ မာပမာဒတ္ထ'** အရ ဝိပဿနာ ရှုကြဆိုသော သဘောကို ပြန်ပြသည်။ ဖြစ်ပျက်မြင်ပြီး သေလျှင် စုတိစိတ်ကျသည်နှင့် သောတာပန် ဖြစ်သည်။ သောတာပန်ဖြစ်လျှင် သုဂတိ၊ ရဟန္တာဖြစ်လျှင် နိဗ္ဗာန်သွားကြောင်း ဟောသည်။ အချိန်စေ့၍ တရားနားသည်။

*

## ၁၂။ ပဉ္စာနန္တရိယကံမှ လွဲလျှင် ဝိပဿနာကုသိုလ်က ကယ်တင်နိုင်ပုံ

[ ၁၈-၉-၆၁ နေ့က အမရပူရမြို့ မင်္ဂလာတိုက်ဟောင်းမှာ ဟောသော တရား ]

တရားနာတာ တရားအားထုတ်တာ ကိုယ့်အရေးဟု မှတ်ရမည်ဆိုသော စကားဖြင့် ဤတရားကို စတင် ဟောကြားပါသည်။ ဤတွင် ကိုယ့်အရေးဆိုသည်မှာ

http://www.dhammadownload.com



ကိုယ်ပြုထားသော အမှားများကို ကိုယ်တိုင် ပြုပြင်ရေးကို ဆိုလိုကြောင်းလည်း ဟောထားသည်။ လူ့ပြည်မှာ မသိလို့ လုပ်ထားကြသော တဏှာ၊ မာန၊ ဒိဋ္ဌိအလုပ်တွေကို သိသောအချိန်တွင် ပယ်ဖျက်ပစ်ရမည်။ သို့မှသာ ငရဲကျမည့် ကံသတ္တိတွေကိုလည်း ပယ်ဖျက်နိုင်မည် ဖြစ်၏။ [နှာ–၅၃၁] ဝတ္ထုသာဓကအဖြစ် မိလက္ခရဟန်းကို ပြသည်။

မိလက္ခရဟန်းသည် တစ်သက်လုံး မုဆိုးလုပ်လာသူ ဖြစ်သည်။ တစ်နေ့သ၌ တောထဲမှာ အမဲလိုက်စဉ် ရေငတ်လာသည်။ အနီးရှိရဟန္တာတစ်ပါး၏ ကျောင်းသခ်မ်းကို သွားပြီး ရေအိုးထဲမှာ ရေသောက်ရန် ရေခပ်သည်။ ရေမပါဘဲ ဖြစ်နေသည်။ သူ့အကုသိုလ်ကြောင့် ရေအပြည့်ရှိသော ရေအိုးမှာ ရေမရှိ ဖြစ်နေသည်။ ရေမတွေ့သောအခါ မုဆိုးက ရဟန်းကို အပြစ်တင်သည်။ ရဟန္တာက ကြားသည်။ သူ ရေအပြည့် ခပ်ထားပါသည်။ ဘာကြောင့် ရေမရှိသလဲဆိုပြီး သွားခပ်တော့ ရေပါသည်။

ထိုအခါမှ မိလက္ခမုဆိုး ရေသောက်ရသည်။ ထိုအခါ မုဆိုး စဉ်းစားသည်။ ငါ မသေခင်ကပင် အကုသိုလ်တွေ အကျိုးပေးနေပြီ။ သေလျှင် အပါယ်ကျမည် မုချ ဖြစ်နေပြီဟု သိလိုက်သည်။ မုဆိုးလည်း ထိတ်လန့်စွာဖြင့် ရဟန္တာအား ဤအပြစ်များမှ ပပျောက်စေနိုင်သော တရားရှိသလားဟု မေးသည်။ ရဟန္တာက ရှိသည်ဟု ဖြေသည်။ မုဆိုးက ရှိလျှင် သူ ရဟန်းဝတ်ပြီး ထိုတရားကို အားထုတ်ချင်ကြောင်း လျှောက်ထားလေသည်။ [နှာ–၅၃၆] ထိုမုဆိုး ရဟန်းပြုပြီး တရားအားထုတ်သည်။ သဘာဝအတိုင်း တရားအားထုတ်နေစဉ် ကုက္ကုစ္စတွေ လာသည်။ ဆရာတော်က ကုက္ကုစ္စ လာလျှင်လည်း ဖြစ်ပျက်သာ ရှုပစ်ဖို့ မှာသည်။ [နှာ–၅၃၈] မိလက္ခမှာ ကုက္ကုစ္စတွေ လာနေသဖြင့် တရားအားထုတ်၍ မရပါ။ ဖြစ်ပျက် မမြင်ဘဲ ဖြစ်နေလေသည်။ ထိုအခါ လူထွက်ချင်စိတ် ပေါ်လာသည်။

ရဟန္တာထံ သွားပြီး လူထွက်ခွင့် တောင်းသည်။ ရဟန္တာက လူမထွက်ပါနှင့်ဦး ဆိုပြီး ရဟန်းဘဝ အပြစ်များ ပပျောက်ရန် ဒဏ်ထားရဦး ဆိုသည်။ ရေသဖန်းသား အစိများ လှည်းတစ်စီးစာ စုပုံခိုင်းသည်။ ပြီးမှ ရဟန္တာက ထိုရေသဖန်းသား အစို လှည်းတစ်စီးတိုက်ကို မီးရှို့ခိုင်းသည်။ မီး မတောက်ပါ၊ ထိုအခါမှ ရဟန္တာက တန်ခိုးဖြင့် ငရဲကို သူ့အားပြသည်။ မိလက္ခ ထိတ်လန့်လာသည်။ ထိုစဉ် ရဟန္တာက ငရဲကို သွားပြီး မီးကလေး ပိုးစုန်းကြူးလောက် ယူလာသည်။ ထိုငရဲက မီးကို ရေသဖန်းသားပုံကြီးပေါ် ချလိုက်သောအခါ ထင်းများအားလုံး ပြာကျသွားသည်။

http://www.dhammadownload.com



[နာ–၅၄၁] ထိုအခါ မိလက္ခရဟာန်း အကြီးအကျယ် ထိတ်လန့် တုန်လှုပ်သွားသည်။ ဒီငရဲက လွတ်ဖို့နည်းလမ်း ရှိသေးသလားဟု သူက ပြန်မေးသည်။ ရဟန္တာက ရှိကြောင်း တရားထူးရလျှင် လွတ်နိုင်ကျွတ်နိုင်ကြောင်း ပြောသည်။

ထိုအခါ မိလက္ခက တပည့်တော် သေချင် သေပါစေ၊ တရားထူးရအောင် ကြိုးစားပါ့မယ်ဟု ကတိပြုသည်။ ဝိပဿနာအလုပ်၊ မဂ်အလုပ်သည် ပဋ္ဌာန်္ဆရိယကံက လွဲလျှင် ကျန်သော အကုသိုလ်ကံတွေကို အကုန်ပျောက်စေနိုင်သော ဆေး ဖြစ်သည်ဟု ဟောသည်။ [နာ–၅၄၃] မိလက္ခရဟာန်းသည် တရားထူးရအောင် အပြင်းအထန် ကြိုးစားသည်။ မကြာမီ သူ အနာဂါမ် တည်သွားသည်။ အနာဂါမ် ဖြစ်မှ သူ ဂါထာရွတ်သည်။

'အလ္လံ ပလာလာ ပုဉ္ဇာဟံ၊ သီသေနာဒါယ စက်မိ' အစရှိသော ဂါထာကို ရွတ်လိုက်သည်။ [နာ–၅၄၇] အနာဂါမ်တည်တော့ သူ ကျမည့် ငရဲလည်း ပျောက် သွားသည် ဆို၏။ မဂ်ဉာဏ်ဖိုလ်ဉာဏ်က ကုသိုလ်၊ အကုသိုလ်ကို စွန့်နိုင်သည်။ မိလက္ခရဟာန်းကို နမူနာထားပြီး ဒုက္ခမချုပ်သေးလျှင် ခပ်တင်းတင်း လုပ်ပါဟု တိုက်တွန်းသည်။ [နာ–၅၄၈] သံသယ မရှိပါနှင့် ဝိပဿနာလုပ်လျှင် တင်ထားသော ကုသိုလ်၊ အကုသိုလ်ကြွေး အကုန်ကျေသည်ဟု ဟောထားသည်။ [နာ–၅၄၉] ကုက္ကုစ္စ မလာစေနှင့်။ ကုက္ကုစ္စလာလျှင် သူ့ကို ဖြစ်ပျက်ရှုပါဟု ဆုံးမထားသည်။ [နာ–၅၅၀] ဆရာတော်က ယနေ့ ဆေးတွေ့ပြီဟု ဆုံးဖြတ်ချက် ချခိုင်းသည်။ [နာ–၅၅၁]

ဤတွင် မဂ်ရအောင် အားထုတ်မည် ဆိုပါက **အားထုတ်နည်းသုံးနည်းကို** ပြသည်။ (၁) မိမိကိုယ်ကို အဓိပတိထားပြီး အားထုတ်ခြင်း၊ (၂) လောကကို အဓိပတိ ထားပြီး အားထုတ်ခြင်း၊ (၃) ဓမ္မကို အဓိပတိထားပြီး အားထုတ်ခြင်း နည်းသုံးနည်း ဖြစ်၏။ [နာ–၅၅၆] ရေကန်ထဲ ရေနည်းနေလို့ ရေခန်းလျှင် သေမည့် ငါးကို သနားသူက ဆယ်ယူပြီး ရေများရာမှာ လွှတ်ရန် ဆယ်သော်လည်း ငါးက အဆယ်မခံဘဲ ထွက်ပြေးနေလျှင် ထိုငါးသည် ငါးမိုက်ဟု ဆိုထိုက်သည်။ ထို့အတူ ဘုရားက အဓိပတိသုံးပါးထားပြီး အားထုတ်လျှင် ရကြောင်း ပြပါလျက် လူတွေက မလုပ်ဘဲ ထွက်ပြေးနေလျှင် ငါးမိုက်နှင့်တူသူ ဖြစ်လိမ့်မည်ဟု ဆိုသည်။[နာ–၅၅၃]

ဤတွင် စိတ္တာနုပဿနာ၊ ဝေဒနာနုပဿနာ ရှုဖို့ကို ဟောသည်။ ပထမနည်း အရ ငါသည် အကုသိုလ်ကြွေးတွေ ဆပ်မလို့ သံသရာဝဋ်ဆင်းရဲက ထွက်အောင်လို့

http://www.dhammadownload.com



အားထုတ်တာဟု မိမိကိုယ်ကို ပင့်မြှောက်ပါ။ စားစရာ၊ ဝတ်စရာ၊ နေစရာ မရှိလို့ အားထုတ်တာ မဟုတ်ဘူးဟု စိတ်သဘောထားပါ။ ဘဝကောင်းစားရေးအတွက် အားထုတ်တာ မဟုတ်ပါ။ ဘဝ လွတ်မြောက်ရေးအတွက် အားထုတ်တာဟု သဘောထားရမည်။ [ နှာ–၅၅၅ ] တဏှာ၊ မာန၊ ဒိဋ္ဌိ သတ်ပြီး အားထုတ်တာဟု သဘောထားပါ။

ဒုတိယ အချက်က လောကကို အဓိပတိထားခြင်း ဖြစ်သည်။ ဝိတက်တွေ လာလျှင် လောကကို အဓိပတိ ထားပြီး အားထုတ်ရမည်ဟု ဆိုသည်။ ကာမဝိတက်၊ ဗျာပါဒဝိတက်တွေ လာလျှင် မင်းမရှက်ဘူးလား၊ မင်းကိုယ်စောင့်နတ်က မင်း ဘာလုပ်နေတယ်ဆိုတာ သိတယ်။ လောကကြီးကို မျက်စောင်းထိုးပြီး ကြိုးစားရမည်ဟု ဆိုသည်။ [ နှာ–၅၅၇ ] မင်း တရားအားထုတ်နေတာကို သမာဒေဝနတ်တွေက စောင့်ကြည့်နေသည်၊ သိနေကြသည်။ ဒါကြောင့် လောကကြီးကို ရှက်ပြီး တရားအားထုတ်နေစဉ် မဟုတ်မဟတ် ဝိတက်တွေ ဝင်မလာအောင် တားဆီးရမည်။ တစ်ယောက်တည်း ဖွေဖောက်တတ်လို့ ဆားလူနှင့် ခြောက်ပါဟု ဆိုသည်။ [ နှာ–၅၆၀ ] ဘုရားက ကိလေသာ ကြားခိုလျှင် သံသရာ ရှည်မှာစိုးသောကြောင့် လောကကို အဓိပတိ ထားပါဟု ဟောကြောင်း အမိန့်ရှိသည်။ ထိုသို့ လောကကို အဓိပတိထားပြီး အားထုတ်လျှင်လည်း တရားပေါက်သည်ဟုဆိုသည်။ [ နှာ–၅၆၁ ]

တတိယအချက်မှာ ဓမ္မကို အဓိပတိထားရေး ဖြစ်၏။ ဘုရားဟော တရားများသည် သွာက္ခာတော ဘဂဝတာ ဓမ္မော ဆိုသောကြောင့် ကောင်းစွာ ဟောထားသော၊ ကောင်းရာ ပို့ဆောင်သော တရားများချည်း ဖြစ်သည်။ ဘုရားက ကောင်းစွာ ဟောထားသော တရားကို ကိုယ်က ကောင်းစွာ အားမထုတ်၍သာ တရားမတွေ့ ဖြစ်နေသည်ဟု သိပါ။ ဘုရားဟောတရားအပေါ် ယုံကြည်စိတ်ချစွာဖြင့် အားထုတ်ရမည်။ ကိုယ်တိုင်လုပ် ကိုယ်တိုင် သိရမည့် တရားကို ကိုယ်က အားမထုတ်၍သာ မမြင်တာ ဖြစ်သည်။ သဒ္ဓါတက်မှသာ ဝီရိယ တက်မည်။

ဤတရားသည် ကိုယ်လုပ်မှ ကိုယ် ရသော တရားဖြစ်ကြောင်း အကျယ် ဟောသည်။ (ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ) ကို ပြသည်။ ကာမာဝစရကုသိုလ်ကိုသာ ဝေမျှ၍ ရကြောင်း၊ မဂ်ကုသိုလ်ကို မျှဝေ၍ မရကြောင်း၊ ကိုယ်လုပ်မှ ကိုယ်ရကြောင်း ပြသည်။ ဓမ္မကို အဓိပတိ ထားပုံကို ပြောရင်း အချိန်စေ့၍ တရားနားသည်။

*

http://www.dhammadownload.com



## ၁၃။ ဝိသုဒ္ဓိ ခုနစ်ပါးကို ရည်ရွယ်၍ ဘုရားသာသနာဝယ် ကျင့်သည်မဟုတ် နိဗ္ဗာန်သာ ရည်ရွယ်ပုံ

[၁၉-၉-၆၁ နေ့က အမရပူရမြို့ မင်္ဂလာတိုက်ဟောင်းမှာ ဟောသောတရား]

ဒကာ၊ ဒကာမတွေ စိတ်ထားပြောင်းဖို့ အကြောင်းကိုလည်း မြတ်စွာဘုရားက ဟောကြားကြောင်းဖြင့် ဤတရားကို စတင် ဟောကြားပါသည်။ ဟိုဘဝ၊ ဒီဘဝကို လိုချင်သော သဘောဖြင့် တရား မနာရဘူးဟု ဆိုသည်။ အိုနာသေဘေး ကင်းဝေးငြိမ်းရာ နိဗ္ဗာန်ချမ်းသာကိုသာ လိုချင်၍ တရားနာကြရမည်။ ဤသို့ စိတ်ထားပြောင်း ကောင်းကြောင်း ဟောသည်။ [နာ-၅၈၂] သို့မဟုတ်ပါက တရားနာတာ ဝဋ္ဋကုသိုလ် သွားဖြစ်မည်။

ထို့နောက် ဝဋ္ဋကုသိုလ်ဆိုကြောင်းကို ဆက်ဟောသည်။ ခန္ဓာဝန်ကို ထမ်းရသော ဒုက္ခ၊ စုတေမနေ သေရသော ဒုက္ခ၊ သေပြီး နောက်တစ်ခါ ပဋိသန္ဓေ နေရသော ဒုက္ခ၊ နောက်ခန္ဓာ ဒုက္ခသစ္စာကို ရသော ဒုက္ခအားလုံးသည် ဝဋ္ဋကုသိုလ်ကြောင့် ဖြစ်ရသည်။ ဝဋ္ဋကုသိုလ်ကြောင့် ဒုက္ခသံသရာ လည်သွားပုံကို ပြသည်။ [နာ-၅၈၃] သုဂတိ ရောက်ချင်စိတ် လောဘနှင့် တရားမနာနှင့်၊ တရား အားမထုတ်ကြပါနှင့်၊ လျှော့ချေး မလုပ်ကြပါနှင့်ဟု ဟောသည်။ စိတ်သဘောထား ပြောင်းကြပါဟု တိုက်တွန်းသည်။ [နာ-၅၈၄] ဝိဝဋ္ဋဖြစ်အောင် တရားနာပါဟု ဆုံးမသည်။ ခုဒုက္ခ အိုနာသေ မလွတ်သေးဘဲ၊ နောက်ဒုက္ခ အိုနာသေ ရချင်တာသည် မသာအလောင်း လည်ပြသလို ဖြစ်ပုံကို ဟောသည်။ [နာ-၅၈၅] အရင်းများပြီး အမြတ်နည်းသော ကုန်ကို မကူးကောင်းဘူးဟု ဆိုသည်။ ခင်ဗျားတို့ တဏှာခိုင်းတိုင်း လိုက်မလုပ်ကြပါနှင့်ဟု တားမြစ်သည်။ အိမ်တိုင်းမှာ တဏှာ မင်းမူနေကြောင်း ပြသည်။ [နာ-၅၈၇]

ဟိုဘဝ ဒီဘဝ ဆုတောင်းသော ပုဂ္ဂိုလ်ကို ရာဂုမ္မတ္တက(ရာဂရူး)ဟု ခေါ်ကြောင်း ပြသည်။ ပုထုဇဉ်အိမ်မှာ ရာဂအရူး အုပ်ချုပ်နေသည်ဟု သရုပ်ဖော်၍ ဟောသည်။ [နာ-၅၈၈] တဏှာ ပြောတာ အယုံအကြည် မရှိကြပါနှင့်ဟု တိုက်တွန်းသည်။ တဏှာက သူတော်ကောင်းယောင် ဆောင်ပြီး ဝင်လာတတ်သည်။ သတိထားဟု မှာသည်။ [နာ-၅၉၁] ရန်သူတွေထဲမှာ အကြီးဆုံးရန်သူသည် အတွင်းရန် ကိလေသာရန် ဖြစ်သည်ဆို၏။ [နာ-၅၉၂] စစ်ဘေးစစ်ဒဏ်ထက် ကိလေသာ ရန်က ပိုပြီး ကြောက်ဖို့ကောင်းသည်ဟု ဆိုသည်။ [နာ-၅၉၅] တဏှာ၏ လှည့်ပတ် တတ်ပုံများကို အကျယ်ဟောသည်။

http://www.dhammadownload.com



ခုတော့ အသိက နောက်ကျသွားပြီဆိုလျှင် တဏှာက လှည့်သော စကားပဲ ဖြစ်သည်။ အသိနောက်မကျကြောင်း၊ အရှုံးပျောက်သောအချိန် ကံကောင်းချိန် ဖြစ်ကြောင်း ဟောသည်။ [နာ–၅၉၈] တဏှာအကြောင်း ရိပ်မိရင် ဘုရားက နိဗ္ဗာန်ရောက်တယ်ဟု ဟောသည်ဆို၏။ [နာ–၆၀၃] ဣတိဝုတ်ပါဠိတော်ကို ထောက်၍ ပြောခြင်းဖြစ်သည်။ (ပဋိဝိဒ္ဓါတဏှာ ဓာနတော) နိဗ္ဗာန်ဆိုတာ တဏှာ၏ ဆန့်ကျင်ဘက် ဖြစ်သည်။ တဏှာဆိုးကြောင်း ပြပြီးနောက် တဏှာလာတိုင်း ဝိပဿနာ ရှုဖို့မှာသည်။ [နာ–၆၀၆] ဝိပဿနာ ဖြစ်ပျက်မြင်မှု တစ်ချက် နားသည်နှင့် တဏှာဝင်သည်။ အလစ်ချောင်းနေကြောင်း ဟောသည်။

ထို့နောက် နန္ဒာခနိပုဏ္ဏေးမ၏သား အရှင်ပုဏ္ဏအကြောင်းကို ထုတ်ဟောသည်။ [နာ–၆၀၇] တရားဟော အလွန်ကောင်းသည်။ အရှင်ပုဏ္ဏက ကပ္ပိလဝတ်ပြည်မှာ သီတင်းသုံးနေသည်။ ဘုရားနှင့် အရှင်သာရိပုတ္တရာက သာဝတ္ထိပြည်မှာ သီတင်းသုံး နေသည်။ အရှင်ပုဏ္ဏ တရားဟောသဖြင့် သူ့ကျောင်းက သံဃာတွေ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ် တည်ကုန်ကြသည်။ တစ်နေ့သ၌ အရှင်ပုဏ္ဏ တပည့် ရဟန်း တစ်ဦး သာဝတ္ထိပြည်သို့ ကြွလာပြီး ဘုရားကို လာဖူးသည်။ ဘုရားက သူ့တပည့်ကို မေးသည်။ မင်းတို့ဆရာ ဘယ်သူလဲ၊ ဘာဟောသလဲ၊ ဆရာအရှင်ပုဏ္ဏဖြစ်ကြောင်း ရဟန်းသည် အလိုနည်းသော ဂုဏ်နှင့် ပြည့်စုံရကြောင်း ဟောသည်။ ရဟန်းများက ကျင့်ကြသည်ဟု လျှောက်ထားသည်။ ဘုရားက သာဓုခေါ်သည်။ အရှင်ပုဏ္ဏကို ဘုရားက သာဓုခေါ်ကြောင်း အရှင်သာရိပုတ္တရာက ကြားတော့ အရှင်ပုဏ္ဏနှင့် တွေ့မြင် လိုစိတ် ဖြစ်သည်။

နောက်သုံးလအကြာ ဝါကျွတ်တော့ အရှင်ပုဏ္ဏဘုရားထံသို့ ကြွလာသည်။ ဘုရားက အရှင်ပုဏ္ဏကို ချီးမွမ်းပြီး သာဓုခေါ်သည်။ အရှင်သာရိပုတ္တရာ သိသွားသောအခါ အရှင်ပုဏ္ဏနောက်ကို လိုက်သည်။ အရှင်ပုဏ္ဏက သုသာန်တောကို သွားပြီး ဖလသမာပတ် ဝင်စားနေသည်။ အရှင်သာရိပုတ္တရာကလည်း ဖလသမာပတ် ဝင်စားပြီး နေသည်။

ဤတွင် ဖလသမာပတ်၏ သတ္တိထူးပုံကို ဆရာတော်က ရှင်းပြသည်။ [နာ–၆၁၁] ဖလသမာပတ်မှ ထသောအခါ အရှင်သာရိပုတ္တရာက အရှင်ပုဏ္ဏထံ ချဉ်းကပ်ပြီး ပုစ္ဆာမေးသည်။ အရှင်ပုဏ္ဏကလည်း ဖြေချင်စိတ် ရှိသည်ဆို၏။ ရဟန္တာနှစ်ပါး အမေးအဖြေ လုပ်တာ မသိလို့ မဟုတ်၊ နောင်လာနောက်သားများ သိစေချင်၍ ဖြစ်ကြောင်း ရှင်းပြသည်။

http://www.dhammadownload.com



အရှင်သာရိပုတ္တရာက ငါ့ရှင် မြတ်သောအကျင့်တွေကို ကျင့်နေတာ သီလ စင်ကြယ်ဖို့ ကျင့်တာလားဟု မေးသည်။ အရှင်ပုဏ္ဏက မဟုတ်ဘူးဟု ဖြေသည်။ ဒါဖြင့် စိတ္တဝိသုဒ္ဓိဖြစ်ဖို့ ကျင့်တာလားတဲ့။ မေးပြန်သည်။ အရှင်ပုဏ္ဏက မဟုတ်ဘူးဟု ဖြေသည်။ ဒါဆို ဒိဋ္ဌိဝိသုဒ္ဓိဖြစ်ဖို့ ကျင့်တာလား ဆိုတော့ အရှင်ပုဏ္ဏက မဟုတ်ဘူးဘဲ ဖြေသည်။ [နှာ–၆၁၅]

ဒါဆိုရင် ယုံမှားခြင်း ဝိစိကိစ္ဆာတွေ ပယ်ဖို့ (ကင်္ခါဝိတရဏ ဝိသုဒ္ဓိ)အတွက် ကျင့်တာလား မေးပြန်သည်။ အရှင်ပုဏ္ဏက မဟုတ်ဘူးဟု ဖြေသည်။ ထိုအခါ အရှင်သာရိပုတ္တရာက ဒီလိုဖြင့် ဖြစ်ပျက်မြင်သော မဂ္ဂါမဂ္ဂဉာဏ ဒဿန ဝိသုဒ္ဓိ အတွက်လားဟု မေးသည်။ အရှင်ပုဏ္ဏက မဟုတ်ပါဘူးဘဲ ဖြေသည်။ သို့ဖြင့် ဝိပဿနာ အလယ်ဉာဏ်တွေ ရကြောင်းဖြစ်သော ပဋိပဒါဉာဏဒဿန ဝိသုဒ္ဓိ အတွက် ကျင့်တာလားဟု မေးပြန်သည်။ အရှင်ပုဏ္ဏက မဟုတ်ပါဘူးဘဲ ဖြေသည်။ ဒီလိုဆိုရင် မဂ်ဉာဏ် ဖိုလ်ဉာဏ် ရဖို့ ကျင့်တာကော မဟုတ်ဘူးလားဟု အရှင်သာရိပုတ္တရာက မေးပြန်သည်။ အရှင်ပုဏ္ဏက ဒါကိုလည်း ပယ်ချပြန်သည်။ ဝိသုဒ္ဓိ ခုနစ်ပါးကို ပယ်ချလိုက်သည်။

ထိုအခါ ဒီလိုဖြင့် ငါ့ရှင် ဘာအတွက် ကျင့်တာလဲဟု မေးလေသည်။ အရှင်ပုဏ္ဏက နိဗ္ဗာန်ရဖို့အတွက် ကျင့်ကြောင်း ဖြေသည်။ အရှင်သာရိပုတ္တရာက မဂ်ဉာဏ် ဖိုလ်ဉာဏ် ရတာ နိဗ္ဗာန် မဟုတ်ဘူးလားဆိုတော့ မဟုတ်ဘူး။ မဂ်ဉာဏ် ဖိုလ်ဉာဏ်က သင်္ခါရနယ်မှာပဲ ရှိသည်။ နိဗ္ဗာန်က မပျက်တော့ဘူး အသင်္ခတ ဖြစ်ကြောင်း ရှင်းထား သည်။ (ရထဝိနီတသုတ်) ဤတွင် ဝိသုဒ္ဓိ ခုနစ်ပါးသည် နိဗ္ဗာန် မဟုတ်သေးကြောင်း၊ ဥပါဒါန်ချုပ်မှ နိဗ္ဗာန်ဖြစ်ကြောင်း ဟောသည်။ [နှာ–၆၂၅] ဖြစ်ပျက်လုံးဝ ချုပ်ဆုံးမှ နိဗ္ဗာန်ဖြစ်သည်။ [နှာ–၆၂၇] ဤတွင် အရှင်ပုဏ္ဏက အရှင်သာရိပုတ္တရာကို ရထား ဥပမာပြပြီး ဟောမည်ဟု ဆိုသော်လည်း အချိန်စေ့ သဖြင့် တရားကို နားလိုက်သည်။

*

ဤတွင် အလုပ်စဉ်တရား တအုပ်အမှတ်(၁၉) ပြီး၏။

http://www.dhammadownload.com

http://www.dhammadownload.com

အနှစ်ချုပ်

# မိုးကုတ်ဝိပဿနာ အလုပ်စဉ်တရား

စာအုပ်အမှတ်(၂၀)

http://www.dhammadownload.com

http://www.dhammadownload.com

## မိုးကုတ်ဝိပဿနာ အလုပ်စဉ်တရား စာအုပ်အမှတ်(၂၀)

**နိဒါန်း**

ဤနိဒါန်းကိုလည်း ဆရာကြီးဦးသံဒိုင်က ရေးသားခဲ့လေသည်။ ပထမဦးစွာ မိုးကုတ်ဆရာတော်ဘုရားကြီးသည် ဒကာ၊ ဒကာမများအပေါ် ကရုဏာကြီးမားပုံကို ပြသည်။ ထို့နောက် သာသနာမှာ အနှစ်ကို ရှာဖို့အကြောင်းကို လှည်းဝင်ရိုး လုပ်ရန် တောထဲမှာ သစ်ရှာသော သစ်ခုတ်သမားများ ဥပမာကို ပြသည်။ အနှစ်ကို မသိသော ပထမလူက အပွေးကို ယူသည်။ ဒုတိယလူက အကာကို ယူသည်။ တတိယလူက အကိုင်းကို ယူသည်။ စတုတ္ထလူက အသားကို ယူသည်။ ထိုသူတို့သည် အနှစ်ကို မသိသဖြင့် အပွေး၊ အကာ၊ အကိုင်း၊ အသားကို ယူကြသော်လည်း လှည်းဝင်ရိုးအတွက် အသုံးမကျ ခရီးမရောက် ဖြစ်သကဲ့သို့ သာသနာမှာလည်း ဒါနလောက်၊ သီလလောက်၊ သမထလောက်ကို အနှစ်ထင်ပြီး ကျင့်ကြံ အားထုတ်ကြလျှင် ခရီးမရောက်၊ ကိစ္စမပြီးပုံကို ပြသည်။

သာသနာတော်၏ အနှစ်မှာ မဂ်လေးတန်၊ ဖိုလ်လေးတန် နိဗ္ဗာန်ကိုသာ ဆိုလိုသည်။ ထိုအနှစ်ကို ရနိုင်သော အလုပ်မှာလည်း ဝိပဿနာ အလုပ်သာ ဖြစ်ကြောင်း၊ သောတာပန် တည်မှ အပါယ်ဘေး စိတ်ချရကြောင်း၊ ထို့ကြောင့် ဝိပဿနာမဂ္ဂ ဗြဟ္မစရိယ အလုပ်ကို လုပ်ကြရန် တိုက်တွန်းထားသည်။

မိုးကုတ်ဆရာတော်ဘုရားကြီးသည် ဘဝကူးကောင်းရေးကို အားမပေးပါ။ ဘဝချုပ်ငြိမ်း ဓာတ်သိမ်းရေးကိုသာ ပဓာနထားပါသည်။ ဘဝကူးကောင်းလိုသည်မှာ ဒိဋ္ဌိအယူဖြစ်သည်။ ဒိဋ္ဌိ ခံနေလျှင် မဂ်ဉာဏ်ဖိုလ်ဉာဏ်ကို မရနိုင်ပါ။ ထို့ကြောင့်

http://www.dhammadownload.com



ဒိဋ္ဌိကို ပယ်သတ်ရပေမည်။ ပယ်သတ်ရန်မှာ ပဋိစ္စသမုပ္ပာဒ်ကို နားလည်မှုဖြစ်ကြောင်း ထို့ကြောင့် ပဋိစ္စသမုပ္ပာဒ် ကြောင်းကျိုးဆက် တရားကို ဗုဒ္ဓဘာသာဝင်တိုင်း နားလည် အပ်ကြောင်း ဟောသည်။ အရိယာသစ္စာတရားသည် ဗုဒ္ဓဘာသာမှအပ ဘယ်ဘာသာ မှာမှ မပါသော တရားဖြစ်သည်။ သစ္စာတရားကို နားလည်ရန်အတွက်လည်း ပဋိစ္စသမုပ္ပာဒ် တရားကို နားလည်သင့်သည် ဆို၏။ ဆရာတော်ကြီးသည် ဒိဋ္ဌိ တန်းလန်းဖြင့် သေလျှင် အပါယ်ကျမည့် အရေးကို မြင်သဖြင့် အပါယ်တံခါး ပိတ်ရေးကို လွန်စွာ အရေးထား၍ ဟောတော်မူခဲ့ပါသည်။ ထို့ကြောင့် အပါယ်ဘေး ကို ကြောက်သူတိုင်း ဒိဋ္ဌိပြုတ်တရားများကို နားလည်အောင် လေ့လာသင့်ကြောင်း နိဒါန်းတွင် ရေးသားထားသည်။

*

## ၁။ ဝိသုဒ္ဓိ ခုနစ်ပါး ရထား ခုနစ်စင်း ဥပမာ

[၂၀-၉-၆၁ နေ့က အမရပူရမြို့ မင်္ဂလာတိုက်ကျောင်းမှာ ဟောသောတရား]

နားက တရားနာရင်း ဉာဏ်က ခန္ဓာဘက် လှည့်ပြီး ရှုတတ်လျှင် တရားပွဲ အဆုံးမှာ သောတာပန် တည်နိုင်ကြောင်း ဘုရား ဟောတော်မူခဲ့သည်ဟု ဆိုပါသည်။ တရားနာပရိသတ်မှာ တရားပွဲ လာပြီး ဤတရား နာရကောင်းမှန်း သိသည် ဆိုကတည်းက ပါရမီပြည့်ပြီးသားဟု ယုံကြည်သင့်ကြောင်း ဟောသည်။ [နှာ-၂] ဘုရားသာသနာနှင့် ကြုံရတာလည်း ပါရမီ ပြည့်လို့ပဲဟု မှတ်ရမည် ဆို၏။ သာသနာ အလင်းရောင်ကလေး မြင်တုန်းမှာ အားထုတ်ပြီး ရုန်းလိုက်လျှင် ကိစ္စပြီးနိုင်ကြောင်း ကိုလည်း ပြသည်။ [နှာ-၄]

တရား ရနိုင်သောအကြောင်း ပြည့်စုံနေစေကာမူ ဝီရိယနှင့် သမာဓိ မညီဘဲ တစ်ခုခု လွန်နေလျှင် တရား မရနိုင်ကြောင်း အရှင်အာနန္ဒာကို ဥပမာ ပြ၍ ဟောပြန်သည်။ [နှာ-၅] ဝီရိယလွန်လျှင် ဥဒ္ဒစ္စ ဖြစ်သည်။ သမာဓိ လွန်လျှင် ထိနမိဒ္ဓ ဖြစ်သည်။ [နှာ-၆] သမာဓိနှင့် ဝီရိယကို ညီအောင် ညှိပြီး ခန္ဓာ၏ ဖြစ်ပျက်ရှုရာသို့ ဉာဏ်ကို လွှတ်ရမည်။ [နှာ-၇] ထို့အတူ သဒ္ဓါနှင့် ပညာလည်း ညီမျှမှ ရသည်။ သဒ္ဓါလွန်တော့ တဏှာဘက် သွားတတ်သည်။ ပညာလွန်တော့ ဝိတက်ဘက်ကို သွားသည်။ ဣန္ဒြေညီညွတ်ရေးကို ဟောသည်။ [နှာ-၈] ပါရမီရှိသော်လည်း ဆရာ မပါဘဲ မရကြောင်းကို ပြသည်။ သတိကတော့ လွန်တယ် မရှိကြောင်း၊ သတိက လိုတာပဲ ရှိသည်။ ဤတရားငါးပါး ညီညွတ်သွားလျှင်

http://www.dhammadownload.com



တရားမရဘဲ မနေကြောင်း ဟောသည်။ [နှာ-၉] ဤတရားငါးပါး ညီညွတ်လျှင် ခဏကလေးနှင့် တရား ရနိုင်ပုံကို အရှင်အာနန္ဒာအား နမူနာထား၍ ဟောသည်။ [နှာ-၁၃]

ဖြစ်ပျက်ရှုလျှင် ဤဣန္ဒြေငါးပါးက စုံဝင်သည်။ သို့သော် တစ်ခုခု လွန်နေလျှင် ကြာတတ်သည်။ [နှာ-၁၆] တရားအားထုတ်သူများအတွက် ရည်ရွယ်ပြီး ဟောနေခြင်း ဖြစ်သည်။ အလုပ်ပေးတရားကို ပြပြီးနောက် ယမန်နေ့က (အမှတ်စဉ် (၁၉)ပါ တရား) ကို ပြန်ဆက်သည်။ အရှင်ပုဏ္ဏနှင့် အရှင်သာရိပုတ္တရာ အမေးအဖြေ တရားဖြစ်သည်။ ဆရာတော်က ဝတ္ထုကြောင်း အစကို ပြန်ကောက်ပြီး ဟောသည်။ (သိပြီးဖြစ်၍ ဖော်ပြရန် မလိုပါ) ရဟန္တာကြီးနှစ်ပါး အမေးအဖြေ လုပ်ကြရာမှာ နောက်ဆုံး အရှင်ပုဏ္ဏက ဥပါဒါန် မစွဲသော နိဗ္ဗာန်အကျိုးငှာသာ ကျင့်ကြောင်း ဖြေသည်။ [နှာ-၂၃] ဒီခန္ဓာစွန့်ပြီး ဥပါဒါန် မစွဲလျှင် နောက်ခန္ဓာ မရဘူး၊ နိဗ္ဗာန်ကို ရောက်သည်ဟု ပြသည်။

ဥပါဒါန် လက်ညှိုးညွှန်ရာ ကံက လုပ်ရပုံကို ဟောသည်။ [နှာ-၂၄] ဥပါဒါန်က ပြဋ္ဌာန်းသည်၊ ကံက မပြဋ္ဌာန်းဘူးဟု ဆိုသည်။ အရှင်သာရိပုတ္တရာက အရှင်ပုဏ္ဏအား သူ့အယူအဆကို ရှင်းပြပါဦး ဆိုသောအခါ အရှင်ပုဏ္ဏက ဥပမာပေးပြီး ရှင်းသည်။ သီလ စင်ကြယ်အောင် လုပ်သော ပုဂ္ဂိုလ် နိဗ္ဗာန် ရောက်သည် ဆိုလျှင် ပုထုဇဉ်တွေ နိဗ္ဗာန်ရောက်သည် ဆိုရပေတော့မည်။ မဂ်ဉာဏ် ရတာတောင် နိဗ္ဗာန် ရောက်သည် မဆိုပါနှင့်ဦးဟု သတိပေးသည်။ [နှာ-၂၅] မဂ်ဉာဏ်သည် သခ်တ တရားပဲ ရှိသေးသည် ဆို၏။ သီလဝိသုဒ္ဓိအတွက် ကျင့်တာ မဟုတ်ပါ။ ဥပါဒါန် ချုပ်သော နိဗ္ဗာန်အတွက် ကျင့်တာဟု အရှင်ပုဏ္ဏက ဖြေသည်။ ဒါဖြင့် သီလဖြူစင် အောင် လုပ်တာ အလကား အကျိုးမရှိဘူးလားဟု အရှင်သာရိပုတ္တရာက မေးပြန်သည်။ အလကား မဟုတ်ပါဘူး။ သီလစင်ကြယ်လျှင် သမာဓိ ရဖို့အတွက် ကျေးဇူးပြုသည်။ သီလက သမာဓိကိုသာ ကျေးဇူးပြုသည်။ နိဗ္ဗာန်ကို ကျေးဇူး မပြုပုံကို ပြသည်။ စိတ္တဝိသုဒ္ဓက ဒိဋ္ဌိဝိသုဒ္ဓိအတွက် ကျေးဇူးပြုသည်။ ရုပ်နာမ် ကွဲတာ ဒိဋ္ဌိဝိသုဒ္ဓိ ဖြစ်ကြောင်းလည်း ဆရာတော်က ရှင်းပြထားသည်။ [နှာ-၂၇]

တစ်ဖန် ဒိဋ္ဌိဝိသုဒ္ဓိက ကင်္ခါဝိတရဏဝိသုဒ္ဓိကို အကျိုးပြုသည်။ အကြားအမြင် စင်ကြယ်ခြင်းကြောင့် ယုံမှားသံသယ ကင်းစင်ရကြောင်း ပြသည်။ [နှာ-၂၈] ထို့နောက် ကင်္ခါဝိတရဏဝိသုဒ္ဓိ ရှိသောပုဂ္ဂိုလ်မှာ မဂ္ဂါမဂ္ဂဉာဏ ဒဿန ဝိသုဒ္ဓိ ဖြစ်ပေါ်သည်။ ကျေးဇူးများပါ၏။ သို့သော် နိဗ္ဗာန်ကိုတော့ တိုက်ရိုက် မပို့ဆောင်

http://www.dhammadownload.com



ကြောင်း ပြသည်။ မဂ္ဂါမဂ္ဂဉာဏ ဒဿနဝိသုဒ္ဓိက ပဋိပဒါဉာဏ ဒဿနဝိသုဒ္ဓိကို ကျေးဇူးပြုပါသည်။ နိဗ္ဗာန်ကိုတော့ မရောက်သေးပါ။ ဝိပဿနာဉာဏ်စဉ်တွေတော့ တက်ပါသည်။ ပြီးမှ မဂ်ဉာဏ်ပေါ်လာသည်။ ဉာဏဒဿနဝိသုဒ္ဓိ အဆင့်ရောက်ပြီ။ အဲဒါ နိဗ္ဗာန်လား မေးတော့၊ ဖြစ်ပျက်ပဲ ရှိသေးသည် [နှာ–၂၉]ဟု ဆိုသည်။ ဝိသုဒ္ဓိ ခုနစ်ပါးသည် နိဗ္ဗာန် မဟုတ်ပါ။ နိဗ္ဗာန်သို့ အဆင့်ဆင့် ကျေးဇူးပြုသော တရားသာ ဖြစ်သည်ဆို၏။ ထိုအခါ အရှင်သာရိပုတ္တရာက ပိုပြီး ရှင်းအောင် ဥပမာ ပြပါဦးဟု ဆိုသည်။ အရှင်ပုဏ္ဏက ကောသလမင်း သာဝတ္ထိပြည်မှ သာကေတမြို့ (ခုနစ်ယူဇနာခရီး)ကို မြင်းရထား စီးသွားပုံဖြင့်ပြသည်။ ပထမရထားက တစ်ယူဇနာ၊ မြင်းမသွားနိုင်လို့ နောက်ရထား ပြောင်းစီးပြီးသွားတာ ရထားခုနစ်စီး ပြောင်းစီးပြီးသွားမှ နောက်ဆုံး သာကေတမြို့ကို ရောက်သည်။ ထို့အတူ သီလဝိသုဒ္ဓိ ပြီးလျှင် စိတ္တဝိသုဒ္ဓိ၊ စိတ္တဝိသုဒ္ဓိမှ ဒိဋ္ဌိဝိသုဒ္ဓိ… နောက်ဆုံး ဉာဏဒဿနဝိသုဒ္ဓိအထိ ရထား ခုနစ်စင်း ပြောင်းစီးသလို စီးရပုံ ဥပမာကို ပြသည်။

ဉာဏဒိဿနဝိသုဒ္ဓိက နိဗ္ဗာန်မဟုတ်၊ ဉာဏဒဿန ဝိသုဒ္ဓိက ဆင်းမှ သာကေတမြို့နှင့် တူသော နိဗ္ဗာန်ကို ရောက်ပုံကို ရှင်းပြသည်။ [နှာ–၃၁] ဝိသုဒ္ဓိ ခုနစ်ပါးသည် ရထား ခုနစ်စင်းနှင့် တူပုံကို ပြသည်။ [နှာ–၃၂] ဖြစ်ပျက်မြင်လျှင် ငါးခုမြောက်ရထား (မဂ္ဂါမဂ္ဂဉာဏ ဒဿနဝိသုဒ္ဓိ) ပေါ် ရောက်ပြီဟု ဆိုသည်။ [နှာ–၃၆] ဖြစ်ပျက်မုန်းလျှင် ခြောက်စင်းမြောက်ရထား (ပဋိပဒါဉာဏ ဒဿနဝိသုဒ္ဓိ) ပေါ် ရောက်သည်။ ဖြစ်ပျက်ဆုံးသွားလျှင် ခုနစ်စင်းမြောက် ရထား (ဉာဏဒဿနဝိသုဒ္ဓိ) ပေါ် ရောက်သည်။ [နှာ–၃၆] ဒါကြောင့် ကိုယ်စီးသော ရထားကို ကြည့်လျှင် နိဗ္ဗာန်နီးမနီး သိကြောင်း ဟောထားသည်။ ဤတွင် အချိန်စေ့၍ တရားနားသည်။

*

## ၂။ သာသနာတော်၏ အနှစ်သာရ ရှာပုံ

[၂၁–၉–၆၁ နေ့က အမရပူရမြို့ မင်္ဂလာတိုက်ကျောင်းမှာ ဟောသောတရား]

သာသနာမှာ အနှစ်သာရ အရှိဆုံးဟာ ဘာလဲဆိုသော အမေးဖြင့် ဤတရားကို စတင် ဟောကြားလေသည်။ လူတစ်ယောက် တောထဲမှာ လှည်းဝင်ရိုးလုပ်ဖို့ သစ်သွားရှာသည်။ ဝင်ရိုးလုပ်ဖို့ သစ်ပင်အနှစ်ကို ရှာရန် သွားသည်။ သို့သော် သူသည် အနှစ်ကို မသိပါ။ ထို့ကြောင့် သူက သစ်ကိုင်းကို ခုတ်ပြီး လှည်းဝင်ရိုး

http://www.dhammadownload.com



လုပ်လျှင် နားလည်သူများက ရယ်ကြမည်။ နောက်ပုဂ္ဂိုလ် တစ်ယောက်ကလည်း သစ်ပင်၏ အနှစ်ကို မသိဘဲ တောထဲ သစ်ပင်သွားရှာသည်။ သစ်ပင်က ကြီးသဖြင့် အပွေးကို အနှစ်မှတ်ပြီး ထမ်းယူခဲ့သည်။ လှည်းဝင်ရိုး လုပ်လျှင် နားလည်သူများက ရယ်စရာ ဖြစ်တော့သည်။ အနှစ်ကို နားမလည်၍ လူရယ်စရာ ဖြစ်ရသည်။ နောက် တစ်ယောက်ကလည်း အနှစ်ကို မသိဘဲ တောထဲမှာ သစ်ခုတ်သွားပြန်သည်။ ထိုသူက အသားတွေကို အနှစ်မှတ်ပြီး ယူသွားပြန်သည်။ လှည်းဝင်ရိုး လုပ်ပြန်သည်။ လူရယ်စရာ ဖြစ်ပြန်၏။ တစ်ယောက်သော သူက အနှစ်ကို နားလည်သဖြင့် အကိုင်းလည်း မယူ၊ အပွေးလည်း မယူ၊ အသားလည်း မယူ၊ အနှစ်ကိုပဲ ယူပြီး ပြန်သည်။ ထိုသူကို သိနားလည်သူများက ပြက်ရယ်မပြုနိုင်သဖြင့် သူ့လိုရာ ကိစ္စ ပြီးတော့သည်။ [နာ၁-၅၂]

သာသနာတွင်း ကြုံသောပုဂ္ဂိုလ်များမှာလည်း သာသနာ၏ အနှစ်ကို သိဖို့ လိုသည်။ အနှစ် မဟုတ်တာတွေကို အနှစ် လုပ်နေကြလျှင် ခက်ရော့မည်။ မူလပဏ္ဏာသ ပါဠိတော်မှာ သာရောပမသုတ်နှင့် အနှစ်ကို ရှာပြကြောင်း ဟောသည်။ [နာ၁-၅၃] ဤတရားသည် သာသနာ၏ အနှစ်ကို ရှာသောတရား ဖြစ်သည်ဆို၏။ တရားနာတာ ဘေးကင်းရန်ကင်းသဘော၊ လူရှိသေ ရှင်ရိုသေသဘော၊ အန္တရာယ် ကင်းဖို့ စီးပွားတက်ဖို့ သဘောမျိုးဆိုလျှင် အကိုင်း ထမ်းပြန်တာနှင့် တူသည်ဟု ဆိုသည်။ [နာ၁-၅၅] ကုသိုလ်ဖြစ် တရားနာတာတော့ မကောင်းပါဘူးဟု ဆုံးမသည်။ တချို့ကလည်း တရားနာတာ သုဂတိ ရောက်နိုင်သည်ဆိုပြီး နာကြကြောင်း။ ထိုသို့နာလျှင် အကာကို ထမ်းပြန်သူနှင့် တူကြောင်းဟောသည်။ [နာ၁-၅၆] ကုသိုလ်ရရုံ၊ အန္တရာယ်ကင်းဘေးရှင်းရုံ၊ နတ်ရွာသုဂတိ ရောက်ရုံဖြင့် တရား မနာပါနှင့်ဟု တားသည်။ [နာ၁-၅၇]

သာသနာ၏ အနှစ်ကို ထမ်းပြန်ရအောင် တိုက်တွန်းနေခြင်း ဖြစ်သည်။ ဒီကို အနှစ် မသိဘဲ အကာထမ်း ပြန်ခဲ့ကြသောကြောင့် ဘဝအဆက်ဆက် ခန္ဓာများစွာ ကျိုးကြေ၍ စွန့်ခဲ့ရပြီ ဖြစ်သည်။ ဒါကြောင့် တရားနာရာမှာ ရည်မှန်းချက် အောက်တန်း မကျပါစေနှင့်၊ အနှစ်သိအောင် နာပါဟုလည်း တိုက်တွန်းသည်။ [နာ၁-၅၉] ကုသိုလ်ရရုံ၊ သုဂတိရောက်ရုံ တရားနာတာ မဖြစ်စေဘဲ လောကုတ္တရာ တရားကိုးပါး ပိုင်ပိုင်ရအောင် နာကြတာ ဖြစ်ပါစေဟု ဆိုသည်။ [နာ၁-၆၀] လောကုတ္တရာတရား ရည်မှန်းချက်သည်သာ အနှစ်ဖြစ်သည်ဟုလည်း ဖော်ပြထား

http://www.dhammadownload.com



သည်။ ကလေး မုန့်စားသလို အနှားသား စားပြီး၊ အလယ်သား အနှစ်ကျမှ စွန့်ပစ်သလို မလုပ်ကြပါနှင့်ဟုလည်း သတိပေးသည်။ [နှာ-၆၁]

မဂ်ဆိုက်ဖိုလ်ဆိုက် နိဗ္ဗာန်ရောက်နာမှ အနှစ်ရမည်ဟုလည်း ဟောသည်။ [နှာ-၆၃] သီလလောက်ကို သာသနာမှာ အကောင်း လုပ်နေပြန်လျှင်လည်း အပွေး အကာကို ထမ်းပြန်သူနှင့် တူသည်။ [နှာ-၆၄] သီလသည် သာသနာမှာ အနှစ် မဟုတ်သေးကြောင်း ပြသည်။ တချို့ကလည်း ဒါနနှင့် တင်းတိမ်ကြသည်။ ဒါန၊ သီလ၊ သမထလောက်ဖြင့် တင်းတိမ်ပါက အသားကို ထမ်းပြန်သည်နှင့် တူကြောင်း ဟောသည်။ [နှာ-၆၈] လောကီအဘိညာဉ်ရတာသည်ပင် အနှစ် မဟုတ်သေး ကြောင်း ဟောသည်။ ဝိပဿနာမဂ်ဉာဏ်ဖိုလ်ဉာဏ်သာလျှင် သာသနာ၏ အနှစ် ဖြစ်ကြောင်း ပြသည်။ သောတာပတ္တိမဂ် တစ်ခါရပြီးလျှင် သရဏဂုံ မပျက်တော့ပါ။ နိဗ္ဗာန်ကို တစ်ခါ မြင်ပြီးပြီ။

ဘယ်လို သုံးသုံး မကျိုးမပျက်တော့ဘူး ဆိုမှ အနှစ်ဖြစ်၏။ [နှာ-၆၉] သာသနာတွင်း အနှစ်ရှာ လွဲမှားစိုး၍ ဤတရားကို ဘုရားဟောခြင်း ဖြစ်သည်ဆို၏။ သာသနာမှာ မဂ်လေးပါး၊ ဖိုလ်လေးပါး နိဗ္ဗာန် (လောကုတ္တရာ တရားကိုးပါး) သာလျှင် အနှစ်ဖြစ်သည်ဟု ပြထားသည်။ [နှာ-၇၀] သာသနာတွင်း ကြုံတုန်း အနှစ်ကို မရလျှင် စိတ်မချရသေးဟု ဆိုသည်။ [နှာ-၇၁] ဝိပဿနာ အလုပ်ကို လုပ်မှ အနှစ်သာရ တွေ့ပြီး စိတ်ချရကြောင်း ဟောသည်။ [နှာ-၇၆]

လောကီမဂ်ကမှ လောကုတ္တရာမဂ်ကို တက်ရကြောင်း လမ်းစဉ်ကိုလည်း ဟောသည်။ [နှာ-၈၀] ဝိပဿနာမဂ် ပြည့်စုံမှ လောကုတ္တရာမဂ်ကို ရသည်။ အနှစ်ရှာမည်ဆိုလျှင် ဝိပဿနာက စရမည်။ ပထမမဂ်လောက် ရလျှင်ပင် အနှစ် နိုင်မြဲပါပြီဟု ဆိုသည်။ [နှာ-၈၅] အမုန်မှာ ရဟန္တာဖြစ်တာတောင် ကိလေသာ ဒဏ်ချက် ကုန်သော်လည်း ခန္ဓာဒဏ်ချက်က ကျန်သေးကြောင်း ဟောသည်။ [နှာ-၈၇] ဤတွင်လည်း သဒ္ဓါ၊ ပညာ၊ ဝီရိယ၊ သမာဓိ သတိ ဣန္ဒြေငါးချက် ညီလျှင် မဂ်ဉာဏ်ဖိုလ်ဉာဏ် ရနိုင်ပုံ၊ ပါရမီကို မချသင့်ပုံကို ဟောပြန်သည်။ [နှာ-၉၁]

ခန္ဓာမှာ ပေါ်လာတာ အားလုံးကို သတိ မလစ်စေနှင့် ဖြစ်တာသိပြီး၊ ပျက်တာကို မြင်အောင် ရှုရမည်။ ဒီအတိုင်း လုပ်မည်ဆိုလျှင် အနှစ်ကို ရမည်သာ ဖြစ်ကြောင်း အားပေးထားသည်။ ဒါကြောင့် ဝိပဿနာဉာဏ်ကနေ လောကုတ္တရာ

http://www.dhammadownload.com



ဉာဏ်ကို တက်အောင် မဖြစ်မနေ လုပ်ဖို့ ဆုံးဖြတ်ချက် ချသင့်ကြောင်း ဟောရင်း အချိန်စေ့၍ တရားနားသည်။

*

## ၃။ ခန္ဓာငါးပါးသည် ကမ်းနားသစ်ပင်နှင့် တူပုံ

[၂၂-၉-၆၁ နေ့က အမရပူရမြို့ မင်္ဂလာတိုက်ကျောင်းတွင် ဟောသော တရား]

ဘဝတိုင်း ဘဝတိုင်း ပဋိသန္ဓေ၊ ပဝတ္တိ၊ စုတိပြီးက ပဋိသန္ဓေ၊ ပဝတ္တိ၊ စုတိ ဤသို့ချည်း နေခဲ့ရတာ ဘဝပေါင်း မရေမတွက်နိုင် ရှိခဲ့ကြောင်း အစချီလျက် ဤတရားကို ဟောတော်မူသည်။ သို့သော် အဝိဇ္ဇာ ဖုံးထားသောကြောင့် ကိုယ် ဘယ်လောက် နေခဲ့ပြီး၊ ဘယ်လောက် သေခဲ့ပြီဆိုသည်ကို မသိဘဲ ဖြစ်နေကြသည်ဟု ဆိုသည်။ သတ္တဝါတွေ သံသရာရေလျှဉ်ကြောမှာ မျောခဲ့ရသော အကြောင်းရင်း လက်သည်ကို ရှာပြီး မိအောင် ဖမ်းရမည်။ [နှာ-၉၅] တဏှာသည် လက်သည်ပဲဟု ဆိုသည်။ သေခါနီးကျလျှင် တဏှာက မင်း ဘယ်ဘဝကဖြင့် ကောင်းသည်ဟု ပြောလိုက်တော့ ထိုဘဝကို ဥပါဒါန်က စွဲလမ်းသဖြင့် ကံက ထိုဘဝမှာ ပဋိသန္ဓေ နေရအောင် စီမံလိုက်သည်ဟု ဆိုသည်။ [နှာ-၉၆]

ခန္ဓာကို ဆောက်သော အိမ်ရှင်က တဏှာ၊ ကံက လက်သမားဟု ဟောထားသည်။ ကံက လိုရင်း မဟုတ်၊ တဏှာကသာ လိုရင်းဖြစ်သည်။ ခန္ဓာအမျိုးမျိုးကို တဏှာလိုချင်သလို ကံက တည်ဆောက်ပေးရခြင်း ဖြစ်သည်။ ဘုရားအနေကဇာတိ ဥဒါန်းဂါထာမှာ တဏှာယောက်ျား လက်သမား၊ နောက်များမှာ မင်းခန္ဓာအိမ်သစ် ဆောက်ရတော့မည် မထင်နှင့်ဟု ကြွေးကြော်ပုံကို ပြထားသည်။ [နှာ-၉၇]

အိုနာသေဘေး အပြည့်ရှိတာသည် ခန္ဓာအိမ် ဖြစ်၏။ တဏှာ၊ ကံ စီမံထားသော ခန္ဓာဖြစ်၏။ လူတွေက ကံစီမံသလို ဖြစ်တာပဲဟု ပြောတတ်ကြသည်။ လက်သည် အဖမ်းလွဲနေကြသည်ဟု ဆရာတော်က ဆိုသည်။ [နှာ-၉၈] ပဋိစ္စ သမုပ္ပါဒ်မှာ တဏှာ၊ ဥပါဒါန်၊ ကံကြောင့် ယခုဘဝ စုတိပြီးလျှင် နောက်ဘဝမှာ ခန္ဓာ ရလာရသည်။ ဒါကြောင့် ကိလေသဝဋ်ကျွတ်မှသာ ကမ္မဝဋ်၊ ဝိပါကဝဋ် ကျွတ်မည် ဖြစ်၏။ ဒါကြောင့် ကံကို သမုဒယသစ္စာ မဖွဲ့ဘဲ၊ တဏှာကိုသာ သမုဒယသစ္စာ ဖွဲ့ရခြင်း ဖြစ်ပုံကို ရှင်းပြသည်။ [နှာ-၁၀၀] တဏှာ၊ ဥပါဒါန် ဆိုသော သမုဒယကြောင့် ဒုက္ခကြီး ပေါ်လာရတာဖြစ်ကြောင်း ဟောသည်။

http://www.dhammadownload.com



ထို့နောက် **'အနေက ဇာတိ သံသာရံ၊ သန္ဓာဝဿံ အနိဗ္ဗိသံ'** ဂါထာကို ဖော်ပြသည်။ ကံမကောင်း အကြောင်းမလှလို့ ဘာဖြစ်တယ်၊ ညာဖြစ်တယ်ဆိုလျှင် မဟုတ်ဘူး။ ကိုယ့်တဏှာ ကိုယ်မနိုင်လို့ ဒုက္ခတွေ အစုံ ဖြစ်ရသည်ဟုသာ ဆိုသင့်ကြောင်း ဖော်ပြသည်။ [နှာ-၁၀၁] ကံကို ရိုးစွဲမှု အမှားကို အထပ်ထပ် ဖော်ပြသည်။ ဒုက္ခ ဖြစ်ရလေသမျှ တဏှာကြောင့်ပဲဟုသာ စွဲချက်တင်ပါဟု ဆုံးမထားသည်။ [နှာ-၁၀၃]

တဏှာရေမျောလာရာမှာ ချောင်းကမ်းနားသစ်ပင်က ငါးခုရှိသည်ဟု ဆိုသည်။ [နှာ-၁၀၅] ကမ်းနားသစ်ပင်ဆိုတာ မခိုင်မြဲသော သစ်ပင် ဖြစ်သည်။ ခန္ဓာငါးပါးကို ကမ်းနားသစ်ပင်ဟု ဆိုလိုသည်။ [နှာ-၁၀၆] သံသရာ(တဏှာ) ရေလျှဉ်ကြောမျောသော ပုဂ္ဂိုလ် ကမ်းပေါ် တက်ချင်တော့ ကမ်းနားသစ်ပင်ကို လှမ်းဆွဲသည်။ ဆွဲတော့ နဂိုက မခိုင်သော ခန္ဓာသည် ပြုတ်ကြရပေမည်။ ခန္ဓာကို ဆွဲနေသည်ဆိုတာ ရုပ်ဟာ ငါပဲ၊ ဝေဒနာဟာ ငါပဲ၊ သညာဟာ ငါပဲ၊ သင်္ခါရဟာ ငါပဲ၊ ဝိညာဉ်ဟာ ငါပဲဟု မှတ်ယူနေခြင်း ဖြစ်သည်။ ပုထုဇဉ် ဘယ်သူ့ အခင်ဆုံးလဲ မေးတော့ ကိုယ့်ကိုယ်ကိုယ် အခင်ဆုံးဟု ဖြေသည်။ ခန္ဓာငါးပါး အနိစ္စ ကမ်းနားသစ်ပင်ကို ဆွဲခြင်း ဖြစ်သည်။ မျောသမားလည်း မြုပ်သမား ဖြစ်ရတော့သည်ဟု ဟောသည်။ [နှာ-၁၀၈] ကမ်းနားသစ်ပင်ကို ဆွဲသောကြောင့် ဒုက္ခပေါ် ဒုက္ခ ဆင့်တော့သည်။ မဆွဲကောင်းတာ မဆွဲမိအောင် အချိန်ကောင်းတုန်း ဉာဏ်ရှင်တုန်းမှာ ဝိပဿနာ ရှုရမည်ဟု ဟောသည်။ [နှာ-၁၂၄] ဝိပဿနာဉာဏ် မပါသရွေ့ ခန္ဓာငါးပါး ကမ်းနားသစ်ပင်ကို ဆွဲနေကြရဦးမည် ဖြစ်သည်။ ခန္ဓာငါးပါးကို တဏှာ၊ ဉပါဒါန်နှင့် မဆွဲဘဲ ဉာဏ်နှင့် စောင့်ကြည့်ဖို့သာ လိုသည်။ [နှာ-၁၂၅]

ခန္ဓာဝဂ္ဂသံယုတ်ပါဠိတော်မှာ လာကြောင်း ဟောသည်။ [နှာ-၁၂၆] ဤတွင် ဆရာတော်က ကံပယ်ချင်လို့ ဟောတာ မဟုတ်ကြောင်း၊ ကံကို သူ့နေရာနှင့်သူသာ သုံးရကြောင်း ဝန်ခံထားသည်။[နှာ-၁၂၇] ဤတွင် ဆရာတော်က ဆုတောင်းပြည့် ဘုရားဆိုတာ အင်မတန် ကြောက်စရာကောင်းကြောင်း သူ့ရှေ့တောင်းတဲ့ ဆုတွေက ဝဋ်တွေချည်း တောင်းတာဟု ဆိုသည်။ [နှာ-၁၃၂] ဆုတောင်းပြည့်ဘုရားမှာ လူတွေ တောင်းတာက ဘုရား အလိုမရှိတာချည်း တောင်းပုံကိုလည်း ဟောထားသည်။ [နှာ-၁၃၃]

ထို့နောက် ဝိပဿနာကို ပြသည်။ ဖြစ်ပျက် ရှုနေချိန်မှာ သမုဒယသစ္စာ၊ လောဘတဏှာ ရပ်စဲနေသည်။ ထိုအချိန်မှာ မဂ္ဂင်နှင့် နေခြင်းဖြစ်သည်။ တဏှာ

http://www.dhammadownload.com



မျှော်လို့ မရဘူး။ မဂ္ဂင်သောင်ပေါ် ရောက်နေသည်။ ဝိပဿနာ ရှုနေသော ပုဂ္ဂိုလ်မှာ တဏှာမျှော်၍ မရကြောင်း ပြသည်။ [နှာ–၁၃၆] ခန္ဓာ အနိစ္စ၊ ဒုက္ခသစ္စာကို သိပြီးဖြစ်၍ ခန္ဓာကို ဆွဲမှုလည်း မရှိတော့ကြောင်း၊ ဝိပဿနာ ကျေးဇူးကို ပြသည်။ [နှာ–၁၃၇] ဝိပဿနာ ရှုသူမှာ မဂ္ဂင်ဆိုသော ရပ်တည်ရာ ရပြီ။ [နှာ–၁၃၈] မြုပ်မျှောဘဝက လွတ်ပြီး စိတ်၊ ဝေဒနာ၊ ကြိုက်ရာ ရှုပါဟု ဆိုသည်။

ဝိပဿနာရှုသူ မဂ္ဂင်သောင်ကမ်းပေါ် ရောက်ပြီး ဆောက်တည်ရာ ရသဖြင့် မြုပ်စရာ၊ မျှောစရာ မရှိတော့ကြောင်း ဒါကြောင့် ကမ်းနားသစ်ပင်ကို ဘယ်တော့မှ မဆွဲတော့ဘူးဆိုသော ဉာဏ်လာဖို့ တိုက်တွန်းထားသည်။ [နှာ–၁၄၀] ထိုအခါ အနိစ္စတွေ ပျောက်ပြီး နိစ္စဖြစ်သော နိဗ္ဗာန်ပေါ်လာသည်။ နိဗ္ဗာန်နှင့် မဂ်ဉာဏ်ပဲ ကျန်တော့ကြောင်း ဟောရင်း အချိန်စေ့၍ တရားနားသည်။

*

## ၄။ သူများပါးစပ် လမ်းဆုံးမှု စာတ်သိမ်းပုံ

[၂၃–၉–၆၁ နေ့က အမရပူရမြို့ မဂ်လာတိုက်ဟောင်းမှာ ဟောသောတရား]

နားက တရားနာပြီး ဉာဏ်က ခန္ဓာလှည့်ဆိုသော စကားဖြင့်ပင် ဤတရားကို စတင် ဟောကြားပါသည်။ ဉာဏ်က ခန္ဓာလှည့်လျှင် ခန္ဓာအရှိနှင့်အသိ ကိုက်ပါ လိမ့်မည်ဟု ဆိုသည်။ ခန္ဓာအရှိနှင့် ဉာဏ်အသိ ကိုက်သွားလျှင် ယထာဘူတဉာဏ် ရပြီ။ ယထာဘူတဉာဏ်ဆိုတာ ပုဂ္ဂိုလ်၊ သတ္တဝါ၊ ယောက်ျား၊ မိန်းမ မရှိ ဖြစ်ပျက်ပဲ ရှိသည်ဟု သိသောဉာဏ် ဖြစ်သည်။ [နှာ–၁၄၃] ဖြစ်ပျက်မြင်လျှင် နိဗ္ဗာန်စောင်းတန်း ထိပ်ကို ရောက်ပြီဟု မှတ်ရမည် ဆို၏။

ထို့နောက် ယထာဘူတဉာဏ် ရသူ၏ သဘောကို ရှင်းပြသည်။ ယထာဘူတ ဉာဏ် မရခင်က ဒိဋ္ဌိနှင့် တွဲနေသည်။ ယထာဘူတဉာဏ်၊ ဖြစ်ပျက်မြင်သောဉာဏ် ရလျှင် ဒိဋ္ဌိပြုတ်သည်။ ဉာဏ်မျက်စိ အလင်းရပြီ။ [နှာ–၁၄၆] သုတဝါ အရိယာ သာဝကော ဖြစ်ပြီ။ [နှာ–၁၄၇] ဆရာတော်က သူများပါးစပ် လမ်းမဆုံးဖို့ သတိပေး သည်။ ယထာဘူတဉာဏ် ရောက်မှ အမှန်ကို သိနိုင်သည်။ သူများ ပြောသံကြား လိုက်လုပ်နေလျှင် အမှန် မရောက်နိုင်ကြောင်း ဟောသည်။ [နှာ–၁၅၁] လူများ ပါးစပ်မှာ လမ်းဆုံးနေလျှင် လူ့ဝါဂွမ်းဖြစ်ပြီ။ ဟိုလူက မှုတ်လိုက် ဟိုဘက် လွင့်သွား လိုက်၊ ဒီလူက မှုတ်လိုက် ဒီဘက် လွင့်သွားလိုက် ဖြစ်နေတော့မည်။ ယထာဘူတ

http://www.dhammadownload.com



ဉာဏ် မရသောသူသည် သူများပါးစပ် လမ်းဆုံးနေသူ ဖြစ်၏။ [နှာ–၁၅၃] သစ္စာသံယုတ်ကို ဟောနေခြင်း ဖြစ်သည် ဆို၏။

ထို့နောက် သူများ ပြောတာ ယုံမိလို့ဖြစ်သော သဿတဒိဋ္ဌိကို ပြသည်။ [နှာ–၁၅၅] ကိုယ်လုပ် ကိုယ်ရမှာပေါ့ဆိုတာ သဿတဒိဋ္ဌိက ထွက်လာသော စကား ဖြစ်သည်။ ဒါကို ယုံလျှင် သူများပါးစပ် လမ်းဆုံးခြင်း ဖြစ်သည်။ ဒိဋ္ဌိက နိဗ္ဗာန်ကို တားသည်။ [နှာ–၁၅၆] နာနာသတ္တာရဲဘေး အထူးထူးသော ဆရာတွေ ပြောတာ ယုံပြီးလိုက်သောဘေး၊ ဖြစ်ပျက်ဒုက္ခသစ္စာကို မြင်သော ဉာဏ်မရသရွေ့ ထိုဘေး ရှိနေသည်။ ထိုဘေးသည် ယခုဘဝကျမှ ရသောဘေး ဖြစ်သည်။ ပဋိသန္ဓေ တုန်းက မသိဘဲ သင့်လာသည်။ ဤဘဝရောက်တော့ သူများ ပါးစပ်ဖျားက စကားကို ယုံမိသော အမှားဘေးသင့်ပြန်သည်။ ယထာဘူတဉာဏ်၏ ကျေးဇူး ကြီးပုံကို ပြသော တရားဖြစ်သည်။ [နှာ–၁၅၉]

မသိဘေးနှင့် အမှားဘေး တွန်းချလိုက်သဖြင့် အပါယ်ငရဲသည် ကိုယ့်အိမ် ဖြစ်သွားသည်ဟု ဟောသည်။ [နှာ–၁၆၀] ဒိဋ္ဌိကို အမြန် ပယ်ရမည်။ ရင်ဝလှံစူး ထိပ်ဦးမီးလောင်တာထက် လျင်လျင်မြန်မြန် ဒိဋ္ဌိပယ်သင့်ကြောင့် ဟောသည်။ [နှာ–၁၆၅] သစ္စာ သိအောင်လုပ်မှ သူများပါးစပ် လမ်းဆုံးသော အမှားဘေးက လွတ်မည်ဖြစ်သည်။ [နှာ–၁၆၅] ယထာဘူတဉာဏ်မရသရွေ့ သံသရာ တစ်လျှောက် လုံး မသိဘေး၊ အမှားဘေး ကြုံခဲ့ရသည်ဟု ဆိုသည်။ [နှာ–၁၆၆] ယခုလို သာသနာ နှင့် ဆရာကောင်း ကြုံချိန်မှာ အမှားဘေးကို ပြင်ရမည်။ အမှားဘေး ပြင်လိုက်လျှင် မသိဘေး ပါသွားသည်။ [နှာ–၁၇၁] ဒါဆို ဒိဋ္ဌိရော၊ အဝိဇ္ဇာရော ပြုတ်ပြီ။ [နှာ–၁၇၂] ဝိပဿနာဉာဏ်အရေးကြီးသည်။ မသိဘေးနှင့် အမှားဘေးကို ကာကွယ် နိုင်တာ ဝိပဿနာပဲ ရှိသည်။ [နှာ–၁၇၃]

ဝိပဿနာဉာဏ်ဖြင့် ဖြစ်ပျက်မြင်လျှင် စိတ်ဖြစ်ပျက်၊ ဝေဒနာဖြစ်ပျက်မှန်း သိလျှင် ငါစွဲဒိဋ္ဌိ ပြုတ်သည်။ ငါ ဘာဖြစ်ပါလိမ့်ဆိုတာက ဒိဋ္ဌိနှင့် အဝိဇ္ဇာ(ဝိစိကိစ္ဆာ) ဖြစ်သည်။ ငါ ဘာမှ မဖြစ်ဘူး၊ ဝေဒနာ(အနိစ္စ) ဖြစ်ပြီး ပျက်တာသာ ဖြစ်သည်ဟု သိရမည်။ [နှာ–၁၇၅] ဤတွင် ဒေသ့်ခန်း ရောက်နေသော ကျင်ကြီးကို ချက်ချင်း ဆေးချင်သလို ဒိဋ္ဌိကိုလည်း ချက်ချင်းပယ်ပါဟု ဆိုသည်။ [နှာ–၁၇၇] ခန္ဓာအားလုံး ဖြစ်ပြီး ပျက်သည်။ အနိစ္စပဲဟု သိလိုက်လျှင် မိစ္ဆာဒိဋ္ဌိ ပြုတ်သည်။ သမ္မာဒိဋ္ဌိ ဝင်သည်။ ဖြစ်ပျက်မြင်သော ပုဂ္ဂိုလ်မှာ ဘေးနှစ်ခု ကင်းသည်ဆို၏။ [နှာ–၁၈၀] မသိဘေးနှင့် အမှားဘေး နှစ်ခုလုံး ကင်းသည်။ တရားနာ၍ ဖြစ်ပျက်မြင်လျှင်

http://www.dhammadownload.com



နိဗ္ဗာန်ထိပ်ဦးကို ရောက်သည်။ တရားအားထုတ်၍ ဖြစ်ပျက်မုန်း၊ ဖြစ်ပျက်ဆုံးလျှင် နိဗ္ဗာန်ကို ရောက်သည်ဟု ဟောသည်။ [နှာ–၁၈၂]

ဒိဋ္ဌိအမိုက်၊ အဝိဇ္ဇာအမိုက်တွေကို သမ္မာဒိဋ္ဌိ မဂ္ဂင်ရေနှင့် ဆေးမှ စင်သည်။ ဖြစ်ပျက် ဒုက္ခသစ္စာကို မမြင်လျှင် နာနာသတ္တာရဉ္စလောကနဘေး (ဆရာအမျိုးမျိုး ပါးစပ်ဘေး) သင့်သည်။ ဒုက္ခသစ္စာကို မိမိဉာဏ်ဖြင့် မြင်လျှင် ထိုဘေးက လွတ်သည်။ [နှာ–၁၈၅] ဒါကြောင့် ဘုရားက ဒိဋ္ဌိမမွှော၊ ကိုယ်တိုင် မြင်အောင်လုပ်၊ ပဋ္ဌမမွှော၊ ကိုယ့်ဉာဏ်ထဲ ရောက်အောင်လုပ်၊ ဝိဒိတမမွှော မိမိဘာသာ ဆုံးဖြတ်ချက်ချ၊ တိဏ္ဏာ ဝိစိကိစ္ဆော မိမိဘာသာ ဝိစိကိစ္ဆာ ကင်းအောင် လုပ်ရမည်။ သူများ ပါးစပ် လမ်းမဆုံးရဟု ဟောကြောင်း ပြထားသည်။ [နှာ–၁၈၅]

သူများပါးစပ် လမ်းဆုံးမှ သောတာပန် တည်ပုံကိုလည်း ဟောသည်။ [နှာ–၁၈၆] ဖြစ်ပျက်မြင်လျှင် မသိဘေးနှင့် အမှားဘေးက လွတ်ပြီ။ ဖြစ်ပျက်မြင်လျှင် ဆက်သွားပါ။ ဖြစ်ပျက်ဆုံးအောင် လိုက်၊ ဖြစ်ပျက်ကို မုန်းလာလိမ့်မည်။ ထိုအခါ နိဗ္ဗိန္ဒာဉာဏ်ကို ရောက်သည်။ မုန်းပြီ မလိုချင်တော့ဘူးဆိုလျှင် ဖျတ်ခနဲ ဖြစ်ပျက်တွေ ဆုံးသွားမည်။ အနိစ္စအဆုံးမှာ နိစ္စနိဗ္ဗာန် ပေါ်သည်။ လူများ ပါးစပ်ဖျား မှာ လမ်းဆုံးသော အမှားဘေး ဇာတ်သိမ်းအောင်ဟောသော တရားဖြစ်ကြောင်း ဟောရင်း အချိန်စေ့၍ တရားရပ်နားသည်။

*

## ၅။ ခန္ဓာဉာဏ်ရောက်မှ သံသရာတိုမည့်အကြောင်း သိကြားမေး၊ ဘုရားဖြေ

[၂၄–၉–၆၁ နေ့က အမရပူရမြို့ မင်္ဂလာတိုက်ယောင်းမှာ ဟောသောတရား]

တရားနာတာသည် ကိုယ့်ကိုယ်ကိုယ် ကယ်တင်သည့် အလုပ်လုပ်ခြင်း ဖြစ်သည် ဆိုပြီး ဤတရားကို စတင် ဟောကြားသည်။ ဤသို့ အစချီ စကားမျိုးကို ရှေ့မှာလည်း ဆရာတော်ကြီး မကြာခဏ ဟောဖူးပြီ။ တခြား အသက်မွေးမှု အလုပ်တွေသည် သူများအတွက် လုပ်ရသော အလုပ်များ ဖြစ်သည်။ ကိုယ့်ကိုယ် ကိုယ် မသနားသော အလုပ်များဖြစ်သည် ဆို၏။

ဤနေ့တရားတွင် သိကြားမင်း အမေးကို ဘုရားက ဖြေပုံကို ဟောမည် ဖြစ်ကြောင်း၊ သိကြားမင်း တရားနာရင်း ခန္ဓာကို ဉာဏ်လှည့်ပြီး စိုက်ရှုနေစဉ် စုတိစိတ်ကျသွားကြောင်း၊ စုတိစိတ်ကျပြီး ချက်ချင်း သိကြားမင်း ပြန်ဖြစ်ကြောင်း

http://www.dhammadownload.com



ယခု သိကြားမင်း ဖြစ်သောအခါ သောတာပန်အဖြစ် ပြန်ဖြစ်ကြောင်း ဟောသည်။ [နှာ-၁၉၀] သိကြားမင်း မွေးခွန်းမေးရင်း တရားနာရင်း ခန္ဓာဉာဏ်လှည့်သဖြင့် သောတာပန်ဖြစ်ကြောင်းကို သိသာအောင် ထပ်ဟောသည်။ သာဝတ္ထိပြည် ဇေတဝန်ကျောင်းမှာ သီတင်းသုံးစဉ် အခါက သိကြားမင်းသည် ဘုရားအား အမေးပုစ္ဆာများကို လာပြီး မေးသည်။ ဤတွင် ခန္ဓာဉာဏ် ရောက်ဖို့ အရေးကြီးပုံကို ပြသည်။ ခန္ဓာဉာဏ် မရောက်ခဲ့လို့ ခန္ဓာမှာ တဏှာဒိဋ္ဌိသာ ရောက်နေလို့ သံသရာ ရှည်ခဲ့ရတာ ဖြစ်သည်ဟု ဆိုထားသည်။ [နှာ-၁၉၁]

သစ္စာလေးပါး တရားက ခန္ဓာထဲမှာ ရှိသည်။ အဲဒါ ခင်ဗျားတို့က ဘေးမှာ လျှောက်ရှာနေကြတယ်ဟု ဝေဖန်သည်။ [နှာ-၁၉၂] ခန္ဓာထဲမှာ သစ္စာရှိသည်။ သစ္စာကို မတွေ့ဘဲနှင့်လည်း နိဗ္ဗာန် မရနိုင်ဟု မိန့်ထားသည်။ ဆရာတော်က သစ္စာတရားကို ဟောရန် အချိန်ကို စောင့်ရပုံ။ ကိလေသာ ဖြူစင်နေသော အချိန်ကျမှ ဟောရပုံကို သဘောကျအောင် ပြသည်။ ဒါကြောင့် သစ္စာဟောမည် ကြံလျှင် ကိုယ်ထဲမှာ ကိလေသာ စင်ကြယ်အောင် အရင် ရှင်းပေးထားရမည်ဟု ဆိုသည်။ [နှာ-၁၉၃] ကိလေသာ ဖြူစင်နေသော အချိန်ကျမှ သစ္စာတရားကို ဟောလိုက်လျှင် ချက်ချင်း သောတာပန် တည်သည်ဆို၏။

ထို့နောက် ဘုရားထံ လာပြီး သိကြားမင်း မေးပုံကို ဟောသည်။ သိကြားမင်း၏ ပထမပုစ္ဆာမှာ ဤလောက၌ လူတွေသည် ကိုယ်၏ ကျန်းမာခြင်း၊ စိတ်၏ ချမ်းသာခြင်းကို အလို ရှိကြပါသည်။ ကိုယ်ကျန်းမာ စိတ်ချမ်းသာအောင်လည်း ကြိုးစားကြပါသည်။ သို့ပါလျက် ကိုယ်ကျန်းမာခြင်းလည်း မရှိ၊ စိတ်ချမ်းသာခြင်းလည်း မရှိကြပါ။ ထိုသို့ ဖြစ်ရခြင်းသည် အဘယ်ကြောင့်နည်းဟု မေးလေသည်။ ဘုရားက ဖြေတော်မူသည်။ မကျန်းမာတာ၊ အသက်တိုရတာသည် ဣဿာမစ္ဆရိယကြောင့် ဖြစ်ရတာဟု မိန့်တော်မူသည်။ [နှာ-၁၉၇] ဣဿာမစ္ဆရိယ မရှိလျှင် ရောဂါကင်း၍ အသက်ရှည်မည်ဖြစ်ကြောင်း ဟောသည်။ [နှာ-၁၉၉] သက္ကပဉှာသုတ်မှာ လာသည်။ [နှာ-၂၀၅]

ဣဿာမစ္ဆရိယ လာလျှင် ဣဿာမစ္ဆရိယကို ဖြစ်ပျက် ရှုရမည်။ ဣဿာမစ္ဆရိယက အနိစ္စ၊ ဖြစ်ပျက် ရှုဉာဏ်က မဂ္ဂ ဖြစ်သွားသည်။ ဣဿာမစ္ဆရိယကို မဂ်နှင့် လဲပစ်ပုံကို ပြထားသည်။ [နှာ-၂၀၆] ဣဿာစိတ် (မစ္ဆရိယစိတ်ကို စိတ္တာနုပဿနာဆေးဖြင့် ကုရမည်ဟု ဆိုသည်။ [နှာ-၂၀၈] ဣဿာ မစ္ဆရိယသည်

http://www.dhammadownload.com



ပင်ကိုက ဒေါသသဘော ဖြစ်၏။ ဖြစ်ပျက် ရှုလိုက်လျှင် ဒေါသက သေသွားသည်။ [နှာ–၂၀၉] ဖြစ်ပျက်ရှုတော့ မဂ်က ကံအကျိုးပေး အကုန်ကို ဖြတ်ချသည်။ ထိုအခါ ဒေါသ၊ ဣဿာမစ္ဆရိယ၊ သောက ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ၊ အဝိဇ္ဇာ သခါရ ဆိုတာတွေ မလာနိုင်တော့ပါ။ [နှာ–၂၁၀]

ဒီနေရာ စိတ္တာနုပဿနာ ဝင်ရမည်ဟု ဆိုသည်။ [နှာ–၂၁၁] (ထိုစဉ်က အစိုးရက ကုန်ဈေးနှုန်း ကန့်သတ်ခြင်း သဘောကို ဤတရားတွင် ထည့်ဟောထားသည်ကို တွေ့ရသည်။) ဒီအချိန်မှာ ဣဿာက ဒီလောက်မလာ၊ မစ္ဆရိယက ပိုလာသည်ဟု ဟောထားသည်။ [နှာ–၂၁၂] ဣဿာမစ္ဆရိယကို ဖြစ်ပျက် ရှုလိုက်သဖြင့် မဂ်ပေါ်လာသောအခါ ပစ္စုပ္ပန်လည်း ကျန်းမာသည်။ သံသရာမှာလည်း အိုဘေး၊ နာဘေး၊ သေဘေး လွတ်ကြောင်း ဟောသည်။ [နှာ–၂၁၃]

ခေတ်ကြီးနှင့် လျော်သောတရားဖြစ်၍ ဤတရားကို ဟောသည်ဆို၏။ သဒေါသ စိတ္တံ၊ သဒေါသ စိတ္တန္တိ ပဇာနာတိ စိတ္တာနုပဿနာထဲ ထည့်ဟုဆိုသည်။ အသက်ရှည်ချင်၊ ကျန်းမာချင်လျှင် ဣဿာမစ္ဆရိယာကို ဖြစ်ပျက်ရှုဟု ဟောသည်။ [နှာ–၂၁၅] ထို့နောက် သိကြားမင်းက ဘုရားအား ဆက်မေးပြန်သည်။ ဣဿာ မစ္ဆရိယက ဘယ်က လာတာလဲ ဘုရားဆိုတော့ ဘုရားက ဣဿာမစ္ဆရိယသည် ချစ်ခြင်းမုန်းခြင်းက လာသည်ဟု ဖြေတော်မူသည်။ ထိုချစ်ခြင်းတဏှာနှင့် မုန်းခြင်း ဒေါသကိုပါ ဖြစ်ပျက်ရှုဟု တိုက်တွန်းတော်မူသည်။ [နှာ–၂၂၂] လောဘဒေါသကို ဖြစ်ပျက်ရှုသဖြင့် ပဋိစ္စသမုပ္ပါဒ် ပြတ်ပုံကိုပါ ပြသည်။ [နှာ–၂၂၅] ဤတရားများ ဖြစ်ဖြစ်ချင်း သိရမည်။ သတိပဋ္ဌာန်တရားကို လက်ကိုင် ထားရမည်။

သိကြားမင်းလည်း ဣဿာမစ္ဆရိယကို ခန္ဓာဉာဏ်လှည့်ပြီး ရှုလိုက်သည်။ ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာ သေပြီး သောတာပန် တည်လေသည်။ [နှာ–၂၃၀] ထို့နောက် သိကြားက မေးပြန်သည်။ အရှင်ဘုရား ဒီချစ်ခြင်း၊ မုန်းခြင်းက ဘယ်က လာတာလဲ ဘုရားဟု မေးသည်။ ချစ်ခြင်းမုန်းခြင်းသည် ဆန္ဒက လာတာဟု ဘုရားက ဖြေသည်။ [နှာ–၂၃၇] ဆရာတော်က ဒါကြောင့် ဆန္ဒကိုလည်း ဖြစ်ပျက်ရှုဟု ဆိုသည်။ [နှာ–၂၄၀] ဖြစ်ပျက် ရှုသဖြင့် ဝိပဿနာမဂ်၊ လောကုတ္တရာမဂ်ကသာ သံသရာစခန်း သတ်နိုင်သည်ဟု ဟောသည်။ သိကြားမင်းလည်း ဤတရားအဆုံးမှာ သောတာပန် တည်သည်။ အချိန်စေ့သဖြင့် တရား ရပ်နားလိုက်သည်။

*

http://www.dhammadownload.com



## ၆။ ဓမ္မာနု ဓမ္မ ပဋိပတ္တိကင်း၍ မဂ်ဉာဏ်ဖိုလ်ဉာဏ် မရနိုင်ကြောင်း

[၂၅–၉–၆၁ နေ့က အမရပူရမြို့ မဂ်လာတိုက်ဟောင်းမှာ ဟောသောတရား]

ဤတရားကိုလည်း ဒကာ၊ ဒကာမများ ကိုယ့်အရေးကို ကိုယ်ကြိုးစားကြပါဟု တိုက်တွန်းခြင်းဖြင့် အစပြုသည်။ ကိုယ့်အရေးဆိုတာ ခန္ဓာဒုက္ခသစ္စာကြီးသည် ကိုယ့်သမုဒယကြောင့် ဖြစ်ခဲ့ရတာကို သိပြီး၊ ကိုယ်လုပ်ထားသော ဒုက္ခကြီးကို ကိုယ်ပယ်ဖျက်ဖို့ အရေးပင် ဖြစ်သည်။ [နှာ–၂၄၅] ဒကာ ဒကာမတွေ ယခုအချိန်မှာ သာသနာတော်ကြီးနှင့် တွေ့ရပါလို၏ဟု ဆုတောင်းခြင်း ပြည့်နေပြီဖြစ်သည်။ ဒီအချိန်မှာ ကိုယ့်အရေးကို ကိုယ်လုပ်ရမည်။ မလုပ်လိုက်မိလျှင် အခွင့်ကောင်း လက်လွတ် ဆုံးရှုံးသွားမည်။ မြုသွားမည်ဟု ဆိုသည်။ ကြာဖူးကလေး ရေထဲက တက်လာ၊ နေလေ အကူအညီ မရလျှင် အငုံက မြုပြီး မပွင့်နိုင်သလို သာသနာမှာ အကူအညီ အထောက်အပံ့ မရပြန်လျှင်လည်း ရထားသော အခွင့်အရေး မြုသွားနိုင်ကြောင်း ရှင်းပြသည်။ [နှာ–၂၄၇] ပါရမီ ဘယ်လိုပဲ ရှိရှိ၊ တိဟိတ်ပဲ ဖြစ်ဖြစ်၊ ဓမ္မာနု ဓမ္မပဋိပတ္တိ အလုပ် မလုပ်လျှင် ကြာဖူးကြာငုံ မပွင့်နိုင်ဘဲ ငုံသွားသလို ဖြစ်နိုင်ပုံကို ရှင်းပြသည်။ [နှာ–၂၄၈]

လူ့ဘဝလည်း ရသည်။ သာသနာနှင့်လည်း ဆုံသည်။ တိဟိတ်လည်း ဖြစ်သည်။ သဒ္ဓါနှင့်လည်း ပြည့်စုံသည်။ ထောင်တတ်သော နားလည်းရှိသည်။ သစ္စာတရားကို ပြတတ်သော ဆရာနှင့်လည်း ဆုံသည်။ သို့သော် ဓမ္မာနု ပဋိပတ္တိ မပါလျှင်မူကား ကိစ္စမပြီးသေးဟု မှတ်ရမည်။ [နှာ–၂၅၀] အကုန်တော့ စုံသည်။ ဆားတစ်ခု မပါလျှင် အကုန် အရသာ ပျက်သကဲ့သို့ ဖြစ်သည်ဟု ဆိုသည်။ [နှာ–၂၅၁]

ဓမ္မာနု ဓမ္မပဋိပတ္တိဆိုတာ တခြား မဟုတ်ဘူး။ ဖြစ်ပျက်နှင့်မဂ် ကိုက်ဖို့ အရေးပင် ဖြစ်သည်။ ဖြစ်ပျက်နှင့် မဂ် ကိုက်လျှင် ဓမ္မာနု ဓမ္မပဋိပတ္တိ ဖြစ်သည်။ လူ့ခန္ဓာမှာ အပါယ်ချမည့်တရား ကိလေသာတွေက အနုသယ သဘောဖြင့် ရှိနေသည်။ ထိုကိလေသာတွေကို အမြန်နည်းဖြင့် ရှောင်ဖယ်ပြီ၊ အပါယ်တံခါးပိတ်အောင် လုပ်ဖို့ အရေးကြီးသည်။ အသေစောလျှင် (မဂ်ဉာဏ်ဖိုလ်ဉာဏ် မရဘဲ သေလျှင်) အပါယ်ကို အနုသယ ကိလေသာတွေက တွန်းချလိုက်လိမ့်မည်။ [နှာ–၂၅၆] ရှေးဘဝက ပါလာသော အကုသိုလ်၊ ယခုဘဝ လုပ်ထားသော အကုသိုလ်တွေက မနည်းပါ။ ဒါတွေက အပါယ်လေးပါးကို တွန်းချမည့် တရားတွေဖြစ်သည်။

http://www.dhammadownload.com



ဒါကြောင့် အပါယ်တံခါးပိတ်သော အလုပ်ကို အမြန်လုပ်ဖို့ ဆုံးဖြတ်ချက် ချရမည်ဟု ဆိုသည်။ [နှာ-၂၅၇] အချိန်ဆွဲနေလျှင် မှားချက်သန်မည် ဖြစ်သည်။ ဓမ္မာနုဓမ္မပဋိပတ္တိသည် ဝိပဿနာအလုပ်ကို ဆိုလိုခြင်းပင် ဖြစ်သည်။ အသေမဦးမီ ဉာဏ်ဦးအောင် ဝိပဿနာ အလုပ်ကို အရေးတကြီး မလုပ်လျှင် အနာဂတ်ဘေးကို စောင့်သည်နှင့် တူပုံကို ဟောသည်။ [နှာ-၂၅၉]

ဘေးဆိုတာ မစောင့်ကောင်းကြောင်း၊ ရှောင်ရကြောင်းလည်း သဘောကျအောင် ဆုံးမသည်။ အနာဂတ်ဘေးများမှာ အိုဘေး၊ နာဘေး၊ သေဘေး၊ ဥပပီဠက ကံဘေး၊ ဥပဃာတက ကံဘေး စသည်တို့ ဖြစ်သည်။ ကံဖြတ်သော မဂ်မရသေးလျှင် ထိုကံများက အကျိုးပေးဖို့ စောင့်နေကြသည်။ [နှာ-၂၆၀] အနာဂတ်ဘေးကို စောင့်နေသည်နှင့် တူသည်။ ဓမ္မနု ဓမ္မပဋိပတ္တိ(ဝိပဿနာ)အလုပ် အရေးကြီးပုံကို ထပ်ကာထပ်ကာ ဟောသည်။

ပြီးမှ မနေ့က တရား (သိကြားမေး ဘုရားဖြေ) ကို ဆက်ကြပါဦးစို့ဟု ဆိုသည်။ [နှာ-၂၇၀] သိကြားမင်း၏ ပထမမေးခွန်းနှင့် ဘုရား၏ အဖြေကို အပ်ကြောင်းထပ် ဟောပြန်သည်။ ယနေ့တရားတွင် မနေ့က တရားကို ဆက်ဟောသည်။ အသက်တိုတာ၊ မကျန်းမာတာ၊ ဣဿာမစ္ဆရိယကြောင့်။ ဣဿာမစ္ဆရိယသည် ချစ်ခြင်းမုန်းခြင်းကြောင့်၊ ချစ်ခြင်းမုန်းခြင်းသည် ဆန္ဒကြောင့်ဟု ပြခဲ့သည်။ ယခု ဤတရားတွင် ဆန္ဒသည် ဝိတက်ကြောင့်ဖြစ်ကြောင်း ဆက်ပြသည်။ ပြီးနောက် ဝိပဿနာ အလုပ်အကြောင်းကို ဆက်၍ဟောသည်။

သိကြားမင်းက ဘုရားအား ဝိတက်ကော ဘယ်က လာသလဲဟု ဆက်မေးပြန်သည်။ [နှာ-၂၇၆] ဘုရားက ဝိတက်သည် ပပဉ္စကြောင့် ဖြစ်လာတာဟု ဖြေသည်။ [နှာ-၂၇၇] တဏှာ၊ မာန၊ ဒိဋ္ဌိကြောင့် ဝိတက် ဖြစ်လာသည်ဟု ဆိုလိုသည်။ သိကြားမင်းက ပပဉ္စကော ဘယ်က လာသလဲဟု မေးပြန်သည်။ [နှာ-၂၇၈] ဘုရားက ပပဉ္စသည် ဝေဒနာသုံးပါးက လာကြောင်းဖြေသည်။ ဒါကြောင့် အလုပ်သဘောမှာ ပပဉ္စချုပ်ချင်လျှင် ဝေဒနာကို ဝိပဿနာ ရှုရပေမည်။ [နှာ-၂၇၉] သိကြားမင်း သောတာပန်ဖြစ်တာ၊ ဝေဒနာနှင့် ဖြစ်တာဟု ဆိုသည်။ ဒါကြောင့် ဝေဒနာကို ဝိပဿနာ ရှုပါဟု တိုက်တွန်းထားသည်။

ထို့နောက် ဝေဒနာနုပဿနာ ရှုနည်းကို ပြသည်။ [နှာ-၂၈၀] ကိုယ်ပေါ်မှာ ဘယ်ဝေဒနာ ပေါ်ပေါ် ပေါ်လာသော ဝေဒနာတိုင်းကို ဝမ်းထဲက ဉာဏ်ဖြင့် ရှုရမည်။ ရှုလိုက်လျှင် အားလုံး ဝေဒနာ မဟုတ်တော့ဘဲ ဖြစ်ပျက်မှာ ဆုံးသွားကြောင်း

http://www.dhammadownload.com



သိရသည်။ [နှာ-၂၈၃] ဖြစ်ပျက်ပဲ ရှိ၍ ဖြစ်ပျက်ပဲ သိတော့သည်။ ဓမ္မအရှိနှင့် ဓမ္မအသိ ကိုက်သွားပြီ။ ထိုအခါ ဓမ္မာနု ဓမ္မ ပဋိပတ္တိ ဖြစ်ပြီ။ [နှာ-၂၈၄]

ဓမ္မာနု ဓမ္မပဋိပတ္တိဆိုတာ ဓမ္မအရှိနှင့် ဓမ္မအသိ ကိုက်သွားခြင်းပင် ဖြစ်၏။ ပဋိပတ္တိက အကျင့်ဖြစ်၏။ ဓမ္မအရှိနှင့် ဓမ္မအသိကိုက်အောင် ကျင့်တာသည် ဝိပဿနာ မဂ်ဆိုက်အောင် ကျင့်ခြင်းဖြစ်၏။ [နှာ-၂၈၅] ဖြစ်ပျက်ကို သိခြင်းသည် ဓမ္မသဘောကို သိခြင်းဖြစ်၏။ တစ်နည်းဆိုတော့ ဝေဒနာ၏ သဘောကို သိခြင်းသည် ခန္ဓာ၏ သဘောကို သိခြင်း ဖြစ်၏။ ခန္ဓာ၏ သဘောကို မသိခဲ့စဉ်က အစားမှား၊ အသွားမှား၊ အနေမှား ဖြစ်ခဲ့ကြပုံကို ပြထား၏။ [နှာ-၂၈၇]

ကိုယ့်ခန္ဓာ သဘောကို ကိုယ်မသိ၍ တဏှာ၊ မာနဒိဋ္ဌိ (ပပဉ္စ) လာခြင်း ဖြစ်သည်။ ခန္ဓာကိုယ်မှာ ရှိတာအားလုံး အနိစ္စချည်းပဲ၊ ဒုက္ခချည်းပဲ၊ အနတ္တချည်းပဲ ဟု သိပြီဆိုပါက ဒီခန္ဓာကို လိုချင်သော တဏှာ၊ ဒီခန္ဓာအပေါ် အထင်ကြီးသော မာန၊ ငါ့ဟာ၊ ငါ့ဥစ္စာဟု ယူသော ဒိဋ္ဌိ မလာတော့ပါ။ ဒါကြောင့် ဘုရားက သိကြားမင်းကို ပပဉ္စ ဘယ်က လာသလဲ မေးတော့၊ ဝေဒနာက လာသည်ဟု ဖြေခဲ့ခြင်း ဖြစ်၏။ [နှာ-၂၈၈] ဒါကြောင့် သံသရာ ဖြတ်ချင်လျှင် ဝေဒနာက စဖြတ်ဟု မိန့်ထားသည်။ အချိန်စေ့၍ တရားနားသည်။

*

## ၇။ အနာဂတ်ဘေးငါးပါး

[၂၆-၉-၆၁ နေ့က အမရပူရမြို့ မင်္ဂလာတိုက်ယောင်းမှာ ဟောသောတရား]

အနာဂတ်ဘေးငါးပါးဆိုတာ အင်္ဂုတ္တိုရ်ပါဠိတော်ကြီးမှာ ဟောတော်မူသည် အစရှိ၍ ဤတရားကို ဟောသည်။ ထိုဘေးငါးပါးကို စောင့်ပြီး မနေပါနှင့်၊ ကိုယ် အပြီး လုပ်သင့်သော ကိစ္စကို အမြန်ပြီးအောင် လုပ်ထားကြပါဟုလည်း တိုက်တွန်း ထားသည်။ မြတ်စွာဘုရားက သူ သစ္စာလေးပါးကို သိသလို သိစေချင်သည်။ အိုဘေး၊ နာဘေး၊ သေဘေးက လွတ်သလို လွတ်စေချင်သည်။ သူ သဏ္ဍာသနယက လွတ်သလို လွတ်စေချင်သည်။ (ဗုဒ္ဓေါ ဗောဓေယျံ၊ မုတ္တော မောစေယျံ၊ တိဏ္ဏောတာ ယေယျံ)ကို ရှင်းပြသည်။ [နှာ-၂၉၂]

အချိန်အရွယ်ကောင်းတုန်းမှာ ဝိပဿနာ တရားအားထုတ်ခြင်း အလုပ်ကို မလုပ်ဘဲ ဆင်ခြေအမျိုးမျိုး ပေးနေခြင်းသည် အိုဘေးကို စောင့်နေခြင်း ဖြစ်သည်။

http://www.dhammadownload.com



အိုဘေးကိုချည်း စောင့်နေသည် မဟုတ်၊ သံသရာဘေး၊ အပါယ်ဘေးကိုပါ စောင့်နေသည်နှင့် တူကြောင်းဟောသည်။ [နှာ-၂၉၄] အိုမင်းလာသောအခါ လူမှာ ကံမွဲ၊ ဉာဏ်မွဲ ဖြစ်လာသည်။ ကံကောင်းတုန်း၊ ဉာဏ်ကောင်းတုန်း၊ သန်တုန်းမြန်တုန်း အချိန်တွေကို သားရေး၊ သမီးရေး၊ စီးပွားရေးအတွက် သုံးပစ်ခဲ့ကြသည်။ ကံမွဲဉာဏ်မွဲချိန်ရောက်မှ သံသရာဓာတ်သိမ်း၊ အပါယ်ဘေး လွတ်သော အလုပ်ကို လုပ်လျှင် အချိန် နောက်ကျသွားပုံ၊ အရနှေး၍ အမေ့မြန်ပုံကို ရှင်းပြသည်။ [နှာ-၂၉၇] အိုဘေး စောင့်ခဲ့မိပြီး အချိန်နှောင်းမှ သူတော်ကောင်းအားထုတ်လျှင် တစ်လ လုပ်ရမည့် ကိစ္စကို နှစ်လ၊ သုံးလ လုပ်ရသည်။ မကြာသင့်ဘဲ ကြာရသည်။ [နှာ-၂၉၉]

ခန္ဓာ ရထားသူတွေမှာ အိုဘေးပြီးလျှင် နာဘေးက လာတော့မည် ဖြစ်၏။ နာဘေး တွေ့ရတာလည်း ကိုယ်စောင့်ခဲ့မိ၍ တွေ့ရခြင်း ဖြစ်သည်။ နေကောင်းတုန်း၊ စားကောင်းတုန်းက တဏှာခိုင်းတာတွေ လုပ်ပြီး အချိန်တွေ ဖြုန်းခဲ့ကြသည်။ အိုဘေး၊ နာဘေးကို မဂ်ဉာဏ်ဖိုလ်ဉာဏ် ရပြီးမှ တွေ့ချင် တွေ့ပါစေ၊ ဒီတစ်ခါပဲ နာရ၊ အိုနာ၊ သေရပေတော့မည်။ ဤသို့ ဟောရခြင်းမှာ သံဝေဂရအောင် ဟောခြင်း မဟုတ်၊ မိုက်ပြစ်ဖော်ခြင်း ဖြစ်သည်ဆို၏။ [နှာ-၃၀၃] မဂ်ဉာဏ်ဖိုလ်ဉာဏ်ဆိုတာ ကျန်းမာတုန်း၊ ရောဂါကင်းတုန်း လုပ်မှ ရလွယ်သည်။ သို့သော် ထိုအချိန်တွင် မိမိတို့က သားရေး၊ သမီးရေး၊ စီးပွားရေး လုံးပန်းနေရသည်။ ကျွန်ဈေးကောင်းတုန်း ဖြစ်နေသည်ဟု သုံးနှုန်းထားသည်။ [နှာ-၃၀၄]

ကြီးတဲ့ ပုဂ္ဂိုလ်တွေက ဒီအဖြစ်မျိုး ကြုံခဲ့ကြပြီး ငယ်ရွယ်သူတွေက ဒီအတု မခိုးပါနှင့်ဟု ဆိုသည်။ ဘုရားက အနာဂတ်ဘေးကြီး ငါးခု မလာခင်၊ အချိန်ကောင်းတုန်း၊ ဉာဏ်ကောင်းတုန်း၊ ဝီရိယထက်ထက်နှင့် မြန်မြန် လုပ်လိုက်ကြဖို့ တိုက်တွန်းထားကြောင်း ဟောသည်။ [နှာ-၃၀၇] မစောင့်ကောင်းသော ဘေးတွေကို စောင့်ကြလျှင် ဘုရားကို အရွဲ့တိုက်သည်နှင့် တူပုံကို ပြသည်။ [နှာ-၃၀၈]

လူမှာ ဝတ်မွတ်ခေါင်းပါးသော ဘေးလည်း ကြုံနိုင်သေးသည်။ ဝါဒသင်းကွဲမှု ဘေးလည်း ရှိသေးသည်။ [နှာ-၃၁၃] လူသင်းကွဲသော ဘေးကိုလည်း စောင့်မနေသင့်ဟု ဟောထားသည်။ [နှာ-၃၁၄] ဘုရားက လူသင်းကွဲပြီးလျှင် သံဃာသင်းကွဲ ဘေးလည်း လာဦးမည်ဟု ဟောခဲ့ကြောင်း ဖော်ပြသည်။ [နှာ-၃၁၅] ဒီနေ့တော့ တရား အားမထုတ်နိုင်သေးဘူး၊ နောက်ကျမှပဲ လုပ်တော့မည်ဆိုလျှင် ကိုယ့်ကိုယ်

http://www.dhammadownload.com



ကိုယ် မေး၊ အိုဘေး၊ နာဘေး၊ မွဲဘေး၊ ကွဲဘေးတွေ စောင့်နေသလားဟု မေးပါ ဆိုသည်။ [နာ၁–၃၁၇]

ဤသို့ ဟောပြီးမှ သိကြားမင်း အမေး၊ ဘုရားအဖြေ တရားကို ဆက်ဟော မည် ဆိုသည်။ [နာ၁–၃၁၈] ဤတရားတွင်လည်း ပပဉ္စ ဘယ်က လာသလဲ၊ ဝေဒနာက လာသည်ဟု အမေးအဖြေကိုပင် ပြန်ကောက်ထားသည်။ ထို့နောက် ဝေဒနာကို ဝိပဿနာ ရှုပုံကို စဟောသည်။ ဝေဒနာကို ဝိပဿနာ ရှု၍ ဝေဒနာ ချုပ်လျှင် ပပဉ္စ ချုပ်သည်။ ပပဉ္စချုပ်လျှင် ဝိတက်ချုပ်သည်။ ဝိတက်ချုပ်လျှင် ဆန္ဒချုပ်သည်။ ဆန္ဒချုပ်လျှင် ချစ်မုန်းချုပ်သည်။ ချစ်မုန်းချုပ်လျှင် ဣဿာမစ္ဆရိယ ချုပ်သည်။ ဣဿာမစ္ဆရိယ ချုပ်လျှင် ရောဂါကင်း၍ အသက်ရှည်ပြီဟု ပြသည်။ [နာ၁–၃၂၀]

ပြီးနောက် ဝေဒနာသုံးမျိုး သုခဝေဒနာ၊ ဒုက္ခဝေဒနာ၊ ဥပေက္ခာဝေဒနာကို ပြသည်။ ထိုသုံးမျိုးတွင် သုခဖြစ်ကောင်း ဝေဒနာ၊ ဒုက္ခ(ဒေါမနဿ) ဖြစ်ကောင်း ဝေဒနာ၊ ဥပေက္ခာဖြစ်ကောင်း ဝေဒနာလည်း ရှိနိုင်ကြောင်း ဟောသည်။ [နာ၁–၃၂၁] ထို့ကြောင့် ဘုရား၏ အမြင်တွင် ဝေဒနာခြောက်မျိုး ပြားသွားသည်။ [ရမဟာဝါ ပါဠိတော် သက္ကပဉှ သုတ်မှာ လာသည် ဆို၏။] [နာ၁–၃၂၂]

ပွဲလမ်းသဘင်ကြည့်ပြီး ရယ်ကြမောကြတာ မဖြစ်ကောင်းသော သောမနဿ ဝေဒနာ ဖြစ်သည်။ တရား ရှုမှတ်နေစဉ် ကိုယ်တရား တွေ့လို့ ကျေနပ်နေခြင်းသည် ဖြစ်ကောင်းသော သောမနဿဝေဒနာဟု ဆိုသည်။ အိမ်မှာ အကြောင်းအမျိုးမျိုး ကြောင့် စီးပွားရေး၊ လူမှုရေးတွေကြောင့် မကျေမနပ်ဖြစ်သော၊ ဒေါမနဿ ဝေဒနာက မဖြစ်ကောင်းတာ၊ တရားအားထုတ်စဉ် တရားမတွေ့၍ စိတ်ထဲ မကျေမနပ် ဖြစ်တာက ဖြစ်ကောင်း ဒေါမနဿဟု ဆိုသည်။ [နာ၁–၃၂၅]

ဥပေက္ခာ နှစ်မျိုးရှိပုံမှာ သားသမီးတွေ ဆုံးမ မရ၍ ဥပေက္ခာ ထားလိုက်မည် ဆိုသည်မှာ မဖြစ်ကောင်းဥပေက္ခာ ဖြစ်သည်။ လောကမှာ ဘယ်အရာပဲကြည့်ကြည့် ဖြစ်ပျက် အနိစ္စပဲ တွေ့နေသည်။ ဝိပဿနာဉာဏ် ဖြစ်နေသည်။ ဒါလည်း ဥပေက္ခာ ဖြစ်သည်။ ဤကား ဖြစ်ကောင်းဥပေက္ခာ ဖြစ်သည်။ [နာ၁–၃၂၇] ဝေဒနာ ဖြစ်ကောင်း မဖြစ်ကောင်း သိပြီးနောက် အလုပ်ထဲသွင်းပုံကို ပြသည်။ သတ္တဝါဖြစ်စဉ်မှာ ပဋိစ္စ သမုပ္ပာဒ် ကင်းတာ မရှိပါ။ ပဋိစ္စသမုပ္ပာဒ်ကို ဖြတ်နိုင်လျှင် ဖြတ်၊ မဖြတ်နိုင်လျှင် တန်းမည်သာ ဖြစ်၏။ ဖြတ်တတ်လို့ ပြတ်သော ပဋိစ္စသမုပ္ပာဒ်က တစ်မျိုး၊ မဖြတ်

http://www.dhammadownload.com



တတ်လို့ တန်းသွားသော ပဋိစ္စသမုပ္ပါဒ် တစ်မျိုး ရှိသည်။ [နာ–၃၃၀] ဆရာတော်ကြီး ပဋိစ္စသမုပ္ပါဒ် မပါလျှင် တရားမမှန်ဘူး။ သစ္စာလည်း မပါဘူးဟု ဆိုသည်။

ပဋိစ္စသမုပ္ပါဒ် မဖြတ်တတ်လျှင် ဒုက္ခသစ္စာကို တန်းသွားသည်။ ဖြတ်တတ်လျှင် နိရောဓသစ္စာ နိဗ္ဗာန်ပေါ်သည်။ ပဋိစ္စသမုပ္ပါဒ် မပါလျှင် သစ္စာလေးပါး မပါဘူးဟု ဆိုသည်။ [နာ–၃၃၁] သစ္စာ မပါလျှင် မဂ်ဉာဏ်ဖိုလ်ဉာဏ် မတည်နိုင်ဘူးဟုလည်း ဆိုသည်။ [နာ–၃၃၄]

ထို့နောက် ဆရာတော်က ဖြစ်ကောင်းဝေဒနာက ပဋိစ္စသမုပ္ပါဒ်ကို ဖြတ်သည်။ မဖြစ်ကောင်း ဝေဒနာတွေက ပဋိစ္စသမုပ္ပါဒ်ကို ဆက်သည်ဟု ဆိုသည်။ [နာ–၃၃၅] ထို့နောက် ဖြစ်ကောင်း ပဋိစ္စသမုပ္ပါဒ်ကို ပွားများရမည်။ မဖြစ်ကောင်းသော ပဋိစ္စသမုပ္ပါဒ်ကို အရှုခံဘက် ထားရမည်။ ဖြစ်ကောင်း ဝေဒနာကို ရှုဉာဏ်ဘက်မှာ ထား၊ မဖြစ်ကောင်း ဝေဒနာကို အရှုခံဘက် ထားရမည်ဟု ဆိုသည်။ (ဤကား ဆရာတော်ကြီး၏ ထိုးထွင်း သိမြင်မှုဟု ယူဆရသည်။) အရှုခံ တရားနှင့် ရှုဉာဏ်တွဲပုံကို ဟောရင်း အချိန်စေ့၍ တရားနားလိုက်သည်။

*

## ၈။ သံသရာစခန်း သတ်ချင်ရင် မဂ်အလုပ်ကို လုပ်ရန်

[၂၇–၉–၆၁ နေ့က အမရပူရမြို့ မင်္ဂလာတိုက်ဟောင်းမှာ ဟောသောတရား]

ဒကာ၊ ဒကာမတွေ အလုပ် လုပ်ရမည်။ အဲလုပ် လုပ်မှသာ သံသရာဆက်သော ပဋိစ္စသမုပ္ပါဒ် ပြတ်မည်ဆို၍ ဤတရားကို စတင် ဟောကြားသည်။ ဉာဏ်သွင်းရမည့် အလုပ်ကို လုပ်ရမည်။ ပြောနေကျစကား၊ ဆုတောင်းလို့တော့ မရဘူးဟုလည်း ထပ်မံဆိုသည်။

ထို့နောက် သုခဝေဒနာ နောက်က တဏှာ၊ မာန၊ ဒိဋ္ဌိ(ပပဉ္စ) လိုက်ပုံကို ပြသည်။ [နာ–၃၃၉] သုခဝေဒနာ နောက်က တဏှာလိုက်လျှင် ထုံးစံအတိုင်း တဏှာ၊ ဥပါဒါန်၊ ကံ လာသည်။ ကမ္မ၊ ဘဝ၊ ပစ္စယာ၊ ဇာတိ၊ ဇရာ၊ မရဏ ဆက်တော့သည်။ [နာ–၃၄၀] သိကြားမင်း၏ အလုပ်စဉ်ကို ပြနေသည်ဟု မိန့်ထားသည်။ [နာ–၃၄၂] ဝမ်းမြောက်စရာ ကြုံ၍ ဝမ်းသာ ရွှင်ပျရခြင်းသည် ဝိပဿနာဉာဏ် မသွင်းတတ်ပါက ပဋိစ္စသမုပ္ပါဒ်အရ ငိုရခြင်း သောကပရိဒေဝသို့ ရောက်ရကြောင်း ဖော်ပြသည်။ [နာ–၃၄၄] အကြားအမြင် မရှိသော ပုဂ္ဂိုလ်၏ ဖြစ်စဉ်ဖြစ်သည်။ [နာ–၃၄၅]

http://www.dhammadownload.com



ပဋိစ္စသမုပ္ပာဒ် မွေတာအရ ရွှင်ပျတာသည် ငိုရခြင်း လမ်းဆုံးဖြစ်၏။ [နှာ–၃၄၇] အကြားအမြင် မရှိ၍ ပဋိစ္စသမုပ္ပာဒ်ကို မဖြတ်တတ်၍ဖြစ်၏။ [နှာ–၃၅၀] 'သုတဝါ အရိယာ သာဝကော' အရေးကြီးကြောင်း ဟောသည်။ [နှာ–၃၅၁] ရွှင်ပျသော စိတ်ကလေး ပေါ်လာလျှင် တဏှာ၊ ဥပါဒါန်၊ ကံ မဆက်ရအောင် ထိုရွှင်ပျစိတ်ကလေးကို ဖြစ်ပျက် ရှုရမည်ဟု ဆိုသည်။ [နှာ–၃၅၃] ဖြစ်ပျက်ရှုလျှင် ဖြစ်ပျက်နောက်က မဂ်ဖြစ်သည်။ မဂ်ဝင်လျှင် တဏှာ၊ ဥပါဒါန်၊ ကံ (ငိုရမည့် တရားတွေ) ကို ဖြတ်ချလိုက်သည်။ [နှာ–၃၅၃]

အကြားအမြင် များသော ပုဂ္ဂိုလ်မှာ ရွှင်ပျမှုကြောင့် မဂ်ရသည်။ အကြားအမြင် မများသူမှာတော့၊ ရွှင်ပျမှုကြောင့် ငိုရသည်ဟု ခွဲခြားပြသည်။ [နှာ–၃၅၄] ဝိပဿနာ မရှုလျှင် ငိုရခြင်း၌ လမ်းဆုံးကြောင်း ဟောသည်။ ယခင် ဟောခဲ့ပြီး အတိုင်း ဝေဒနာကို ဖြစ်ပျက် ရှုလိုက်လျှင် ပဋ္ဌာန်းချုပ်ပုံကို သိကြားမင်းအား ပြသပုံကို ဟောပြန်သည်။ [နှာ–၃၆၄] တရားတစ်လုံးတည်းကို စကား အမျိုးမျိုး လှည့်သုံးပြီး ဟောသည်။

သုခဝေဒနာကို ဖြစ်ပျက်ရှုဖို့ အရေးကြီးကြောင်း ပြပြီးနောက် ဒုက္ခဝေဒနာ ဘက်ကို လှည့်ဟောပြန်သည်။ [နှာ–၃၇၂] ဒုက္ခဝေဒနာတွေက ဒေါမနဿ ဖြစ်စရာတွေ ပေါ်ပုံကို ပြသည်။ ဒေါမနဿက နေပြီး အကြားအမြင် မရှိသူမှာ သောက၊ ပရိဒေဝ လိုက်လာသည်။ သောက နောက်က မျက်ရည် လိုက်လာသည်။ အကြားအမြင် မရှိသော ပုဂ္ဂိုလ်မှာဖြစ်တာ ဖြစ်သည်။ [နှာ–၃၇၃] ဒုက္ခနောက်က အဝိဇ္ဇာ တွဲလျက်ပါသည်။ သေသည်၏ အခြားမဲ့၌ သင်္ခါရ နှစ်ခု ပေါ်သည်။ ခန္ဓာငါးပါး ပေါ်သည်။ ခန္ဓာရတော့ ငိုပွဲသေပွဲ ဝင်ရပြန်ပြီ။ အကြားအမြင် မရှိသော ပုဂ္ဂိုလ်၏ အလား ဖြစ်သည်။ [နှာ–၃၇၄] ကိုယ့်အကြောင်း ကိုယ် လုပ်ပြီး ကိုယ်အကျိုး ကိုယ် ခံနေခြင်း ဖြစ်၏။ ဒါကြောင့် အကြားအမြင်များအောင် တရားနာသင့်ကြောင်း ဆုံးမသည်။ [နှာ–၃၇၆] အကြားအမြင် ရှိလျှင် သံသရာစခန်း သတ်နိုင်ပုံကို ပြသည်။ [နှာ–၃၇၇]

ဤတွင် တရားမနာဘဲ (အကြားအမြင် မများဘဲ) သောတာပန် မတည်နိုင်ပုံကို ပြသည်။ [နှာ–၃၇၉] ဤတွင်လည်း ဒုက္ခဝေဒနာကို ဖြစ်ပျက်ရှုခြင်းဖြင့် ပဋ္ဌာန်းချုပ်ပုံကို ဟောပြန်သည်။ သိကြားမင်း သောတာပန် တည်သော တရားအဆက် ဖြစ်၏။ ဝေဒနာကို ဖြစ်ပျက် ရှုပါက ဝေဒနာအဆုံးမှာ သံသရာစခန်းသတ် နိဗ္ဗာန် ပေါ်သည်။ [နှာ–၃၈၁] ဒုက္ခအဆုံး နိဗ္ဗာန်ပဲဟု ဆိုသည်။ ဒါကြောင့် အပတ်လုပ်လျှင်

http://www.dhammadownload.com



အပုတ်ရသည်။ သံသရာစခန်း သတ်ချင်လျှင် မဂ်အလုပ် လုပ်ပါဟု တိုက်တွန်းရင်း အချိန်စေ့၍ တရားရပ်နားသည်။

*

## ၉။ ခန္ဓာက ပြောတာ ဉာဏ်က ရှုရန် (သတ္တပဥ္စာသုတ် အဆုံးသတ်)

[၂၈–၉–၆၁ နေ့က အမရပူရမြို့ မင်္ဂလာတိုက်ဟောင်းမှာ ဟောသောတရား]

အလုပ်စခန်း ပြောမယ်ဆိုပြီး ဤတရားကို စတင်သည်။ ရှေးက သမထ အလုပ်တွေ ပုတီးစိပ်သော အလုပ်တွေက သညာအလုပ်တွေ ဖြစ်သည်။ ပညာအလုပ် မဟုတ်ဟု ဆိုသည်။ ယခုအခါမှာ ပုတီး မကိုင်ချင်ပါနှင့်ဟု သတိပေးသည်။ ခန္ဓာဖြစ်ပျက်ကို ဉာဏ်နှင့် လိုက်တတ်လျှင် ပြီးသည်ဟုလည်း ဆိုသည်။

ဖြစ်ပျက် ရှုနေတာသည် အနိစ္စာနုပဿနာ ဖြစ်သည်။ ဤအလုပ်ကို လုပ်ခြင်းဖြင့် ပဋိစ္စသမုပ္ပါဒ်ကို ဖြတ်နိုင်သည်။ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်သည်။ [နှာ–၃၈၄] အနိစ္စ ဝိပဿနာ လုပ်နေသူမှာ တဏှာပါးပြီး ခန္ဓာကို စက်ဆုပ်ဖွယ်အဖြစ် မြင်လာသည်။ [နှာ–၃၈၅] ဤတွင် အနိစ္စ ဖြစ်ပျက်ဆိုတာ ပါးစပ်က ဆိုသော အနိစ္စ မဟုတ် ဉာဏ်မြင် အနိစ္စ ဖြစ်ရမည်ဟု လမ်းညွှန်ထားသည်။ [နှာ–၃၈၈] ခန္ဓာ ပဋိစ္စသမုပ္ပါဒ်ကို မမေ့ကြနှင့်ဟုလည်း သတိပေးသည်။ ဖြစ်ပျက်မြင်သော ဉာဏ်က လေးသည် ကိုယ့်ခန္ဓာ ပဋိစ္စသမုပ္ပါဒ် ဒုက္ခစက်ရဟတ်ကြီးကို ရပ်အောင် ဖြတ်နေခြင်း ဖြစ်သည်ဟု နားလည်သင့်ကြောင်း ဟောသည်။ [နှာ–၃၈၉] ဝေဒနာသုံးမျိုးကို ရှုလျှင် ဖြစ်ပျက်ပဲ တွေ့ပုံကို ပြန်ဟောသည်။ ဤတွင် နောက်ထပ်တစ်ခါ "ကိုယ်က လုပ်တဲ့ အနိစ္စ မဖြစ်စေနဲ့၊ ဓမ္မက ပြောတဲ့ အနိစ္စနော်" ဟု သတိပေးပြန်သည်။ [နှာ–၃၉၀]

ဖြစ်ပျက် နောက်က ဝိပဿနာမဂ်ချည်း လိုက်နေလျှင် တဏှာ မလာနိုင်ဘဲ ကြာလေပေးလေ ဖြစ်ပြီး ပါးသွားသည်။ ဉာဏ်မျက်လုံးပေါ် တဏှာဖုံးမှု ပါးသွားတော့ ယောဂီဉာဏ် အမြင်မှာ ဘာကို ရှုရှု အသုဘပဲ မြင်နေသည်။ မတင့်တယ် စက်ဆုပ်ဖွယ်ချည်း မြင်နေသည်။ [နှာ–၃၉၁] တဏှာပါး၍ စက်ဆုပ်ဖွယ်ကို မြင်လာပုံကို နည်းအမျိုးမျိုးဖြင့် ပြထားသည်။ ဝိပဿနာ အလုပ်သည် ပွားများ အားထုတ်မှုမှ ရသည်၊ အကျိုးပေးသည်၊ ရွတ်ဖတ်နေလျှင် သမထပဲ ဖြစ်သည်။ ပွားနေလျှင် သူ့ဘာသာ အကျိုးပေးလိမ့်မည်။ ဖြစ်ပျက် တစ်လုံးတိုး

http://www.dhammadownload.com



ရှုလျှင် တဏှာလည်း ပါး၊ ဒေါသလည်း ပါးပြီး ခန္ဓာ ဒုက္ခသစ္စာကို ကြောက်တတ်သောဉာဏ် ဖြစ်ပေါ်လာသည်ဟု ဆိုသည်။ [နှာ–၃၉၆]

နိဗ္ဗာန် ပို့မည့် ဤတရားကို ဉာဏ်နားနှင့် ထောင်ပါ။ ကောင်းလွန်းသော အစားအစာကို တောသူတောင်သား မကြိုက်သလို မဖြစ်ပါစေနှင့်ဟု ဆုံးမသည်။ ဥပမာပေး ကောင်းသည်။ စကား အလွန်ကြွယ်ပါသည်။ ဉာဏ်နားနှင့် ထောင်မှ အဖိုးတန်တာ ပေါ်လာသည်ဟု ဆိုသည်။ [နှာ–၃၉၉] ဖြစ်ပျက်တာကို ဘယ်သူမှ တားဆီး၍ မရပါ။ ဒါ အနတ္တပင် ဖြစ်၏။ အနိစ္စလည်း ဖြစ်ပျက်ပဲ၊ ဒုက္ခလည်း ဖြစ်ပျက်ပဲ၊ အနတ္တလည်း ဖြစ်ပျက်ပဲဟု ပြသည်။ [နှာ–၄၀၀] ဉာဏ်ထဲမှာ အနတ္တကို မြင်လျှင် တဏှာ၊ မာန၊ ဒိဋ္ဌိ အကုန်ပါးသည်ဟု ဟောသည်။ ဒါကြောင့် ဖြစ်ပျက် မြင်လျှင် သုံးခုစလုံး မြင်သည်ဟု ဆိုသည်။ သုံးခုစလုံး ဒုက္ခသစ္စာချည်းပဲ ဖြစ်သည်။ [နှာ–၄၀၂] ဖြစ်ပျက်တစ်လုံးသာ ရှု၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တ အကုန် ပါသွားပြီဟု ဟောထားသည်။ [နှာ–၄၀၆]

ထို့နောက် ဓမ္မက ပြတာကို သိသော ဉာဏ်သည် ဝိပဿနာဉာဏ် ဖြစ်ကြောင်း ဟောသည်။ [နှာ–၄၁၂] ဖြစ်ပျက်လာတိုင်း ဉာဏ်ပေါ်ဖို့ အရေးကြီးသည်။ [နှာ–၄၁၆] ဤတရားမှာလည်း သိကြားမင်း မေး၊ ဘုရားအဖြေကို ပြန်ပြသည်။ ဝေဒနာသုံးမျိုး ဖြစ်ပျက်ရှုရန် ဖြစ်သည်။ ဝေဒနာ ဖြစ်ပျက်ရှုခြင်းဖြင့် ပပဥ္စ သေသည်။ ရှေ့တရားများတွင် သုခဝေဒနာ၊ ဒုက္ခဝေဒနာ ဖြစ်ပျက်ရှုပုံကို ပြခဲ့သည်။

ယခု ဤတရားတွင် ဥပေက္ခာဝေဒနာကို ဖြစ်ပျက်ရှုပုံကို ပြသည်။ [နှာ–၄၁၉] မြင်မြင်ချင်း ဥပေက္ခာ၊ ကြားကြားချင်း ဥပေက္ခာ၊ စားကာမတ္တ ဥပေက္ခာ၊ နံ့ကာမတ္တ ဥပေက္ခာ၊ ဥပေက္ခာဝေဒနာ ပေါ်လည်း ဖြစ်ပျက် ရှုရမည်။ မရှုမိသော ပုဂ္ဂိုလ်မှာ အဝိဇ္ဇာ လာသည်။ ဘာပေါ်မှန်း မသိလိုက်ခြင်း ဖြစ်၏။ အဝိဇ္ဇာလာလျှင် ပဋိစ္စသမုပ္ပါဒ် တန်းသွားပြီ။ [နှာ–၄၂၂] ဒါကြောင့် အဝိဇ္ဇာ မလာအောင် လုပ်ရမည်။ မျက်လုံးမှာ မြင်ကာမတ္တစိတ်ကလေး ဝေဒနာကလေးကို ဖြစ်ပျက် ရှုရမည်။ ဥပေက္ခာ ပေါ်တိုင်း ဖြစ်ပျက်ရှုလျှင် အဝိဇ္ဇာ သင်္ခါရ ချုပ်သည်။ ဥပေက္ခာကို ရှုသော ပုဂ္ဂိုလ်မှာ ပဋိစ္စသမုပ္ပါဒ် အစက ပြတ်သည်။ ဥပေက္ခာဝေဒနာ မရှုဘဲနှင့် အဝိဇ္ဇာ မချုပ်နိုင်ကြောင်း ဟောသည်။ (ဆဆက္ကသုတ်) ဝေဒနာသုံးပါးကို ဖြစ်ပျက်ရှုပါ။ ရှုပါများလျှင် ဖြစ်ပျက်တွေကို မုန်းလာမည်။ ဖြစ်ပျက်တွေ မုန်းရာက ဆက်ရှုတော့ ဆုံးသွားသည်။

http://www.dhammadownload.com



ဤတရားကို နာပြီးနောက် သိကြားမင်း သောတာပန်တည်ပုံကို ဟောသည်။ အချိန်စေ့၍ တရားကို ရပ်နားလေသည်။

*

## ၁၀။ အိမ်တွင်း ပဋိစ္စသမုပ္ပါဒ် တရားတော်(၁)

[၂၉–၉–၆၁ နေ့က အမရပူရမြို့ မင်္ဂလာတိုက်ကျောင်းမှာ ဟောသောတရား]

ကိုယ့်အိမ်ထဲမှာ သတိလက်လွတ်နေလျှင် အလုပ် လုပ်နေရင်း အပါယ် သွားနိုင်ကြောင်း အစချီ၍ ဤတရားကို ဟောပါသည်။ ဒါကြောင့် အိမ်ထဲမှာ အလုပ်လုပ်ရင်း သတိကပ်ပြီး ရှုတတ်ဖို့ရာ အိမ်တွင်း ပဋိစ္စသမုပ္ပါဒ်ကို ဘုရားရှင် ကိုယ်တော်မြတ်ကြီးက ဟောကြားခဲ့ကြောင်း ဟောသည်။ အိမ်ထဲ သူခိုးဝင်လျှင် ဒုက္ခရောက်သလို၊ ခန္ဓာထဲ ကိလေသာ တိတ်တခိုး ဝင်လျှင်လည်း ဆုံးရှုံးနစ်နာ၍ ဒုက္ခ ရောက်နိုင်သည်ဟု မှတ်သင့်သည်။ ထို့ကြောင့် ဆရာတော်ကြီးက အိမ်တွင်း ပဋိစ္စသမုပ္ပါဒ်ကို ဟောရကြောင်း ဆိုသည်။ သတိထား ပညာနှင့်ရှု၊ ဒါ အရေးကြီး သည်ဟု ဆိုသည်။ [နာ–၄၂၈]

ပဋိစ္စသမုပ္ပါဒ်ကို မဖြတ်တတ်လျှင် အိမ်နေရင်းလည်း အပါယ်ကို သွားနိုင် သည်။ ထို့ကြောင့် အိမ်တွင်း ပဋိစ္စသမုပ္ပါဒ်ကိုလည်း ဖြတ်တတ်ရမည်။ သုတ် မဟာဝါ ပါဠိတော်၊ မဟာပဒါနသုတ်မှာလည်း လာသည်။ အင်္ဂုတ္တိုရ်မှာလည်း လာသည် ဆို၏။ ပစ္စည်းရှာကြသည်။ ဘာအတွက် ရှာကြတာလဲ။ ကောင်းကောင်း နေချင်၍ ရှာကြသည်။ ကောင်းကောင်း နေချင်၊ ကောင်းကောင်း စားချင်၊ ကောင်းကောင်း ဝတ်ချင်တာက ဝေဒနာ၊ ဒါကြောင့် ပစ္စည်းဥစ္စာ ရှာကြတာ၊ ဝေဒနာအတွက် ဖြစ်ကြောင်း ပေါ်လာသည်။ [နာ–၄၂၉] ကောင်းကောင်းဆိုတာ သုခဝေဒနာကို ဆိုခြင်း ဖြစ်၏။ ပစ္စည်းရှာတာ လိုချင်လို့ ရှာတာဖြစ်၏။ ဘာ့ကြောင့် လိုချင်သလဲ၊ သုခ ခံစားချင်၍ ဖြစ်၏။ [နာ–၄၃၀] အရင်းစစ်တော့ ဝေဒနာက္ခန္ဓာ အတွက် ရှာကြတာပါပဲ။

လူမှာ မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ မနောပေါက်မှာ ဖြစ်သော ဝေဒနာ ခြောက်မျိုးအတွက် ပင်ပန်းစွာ လုပ်ကိုင်ရှာဖွေနေကြရပုံကို ပြသည်။ [နာ–၄၃၅] လိုချင်တာက တဏှာဖြစ်သည်။ ဝေဒနာ ခံစားချင်မှု များလေ၊ တဏှာများလေ ဖြစ်နေပုံကို ဟောသည်။ ထို့နောက် အိမ်တွင်း ပဋိစ္စသမုပ္ပါဒ်ကို ပြသည်။ ကျန်းမာ

http://www.dhammadownload.com



တုန်းမှာ သုခဝေဒနာက အမျိုးမျိုး ခိုင်းသည်။ မကျန်းမာသောအခါ ဒုက္ခဝေဒနာက ခိုင်းပြန်သည်။ သုခဝေဒနာက ကျန်းမာတုန်း နွားလုပ်ခိုင်းနေသည်ဟု ဖော်ပြသည်။ [နှာ-၄၄၄] ဒုက္ခဝေဒနာက တစ်ခါတလေမှ ခိုင်းကြောင်း ဟောသည်။

ကြီးပွား ချမ်းသာချင်သော ဝေဒနာက ခိုင်းတော့၊ ငှက်ဖျားတောလည်း သွားရတာပဲ ဟိုရောက်တော့ သေသည်။ ဒါ ကံမကောင်း၍ မဟုတ်ပါ။ ဝေဒနာ သတ်လို့ သေရခြင်းသာ ဖြစ်ကြောင်း၊ ဒါကြောင့် ဝေဒနာ နုပဿနာကို နှလုံးသွင်းပါ 'ဟု တိုက်တွန်းသည်။ မဟုတ်လျှင် ဝေဒနာက ကျွန်ဖြစ်အောင် လုပ်ပြီး သေခြင်းဆိုး သေအောင် လုပ်လိမ့်မည်ဟု သတိပေးထားသည်။ [နှာ-၄၄၈] ဒုက္ခဝေဒနာနှင့် သုခဝေဒနာမှာ သုခဝေဒနာက ပိုပြီး ကြောက်စရာ ကောင်းကြောင်းဟောသည်။ သုခဝေဒနာက ကျန်းမာတုန်း အခိုင်း ရက်စက်ပုံ၊ နှိပ်စက်တတ်ပုံများကို သရုပ် ဖော်၍ ဟောသည်။ [နှာ-၄၅၀] သုခဝေဒနာ၏ အပြစ်များကို ဝေဖန်ပြသည်။ သူ နှိပ်စက်မှု ကြီးကျယ်ပုံကို ပြသည်။ [နှာ-၄၅၄]

ချမ်းသာကို ပြပြီး အသေခိုင်းနေတာ ဝေဒနာ(သုခဝေဒနာ) ဖြစ်သည်။ သူ့ကို အနိစ္စဝိပဿနာ ရှုရမည်။ ဝိပဿနာ ရှုလျှင် ခန္ဓာငါးပါးသည် ဒုက္ခသစ္စာ (နှိပ်စက်နေသော တရားများ) ဖြစ်ကြောင်း သိနားလည် လာသည်။ [နှာ-၄၆၂] ဘုရားကိုတောင် ဆွမ်းမခံဘဲ မနေနိုင်အောင် နှိပ်စက်သည်ဟု ပြသည်။ ဒုက္ခဝေဒနာ ကလည်း နှိပ်စက်သည်။ မကျန်းမာသောအခါ ဆေးရှာပါ၊ ဓာတ်စာရှာပါ၊ ဆရာဝန် ရှာပါ ခိုင်းတော့သည်။ [နှာ-၄၆၄] ခု ဒီဘဝမှာ မင်းဒုက္ခ ရောက်နေသည်။ နောက်ဘဝမှာ ချမ်းသာအောင် နတ်စည်းစိမ်ရအောင် လုပ်ဦးဟု တရားဟောသဖြင့် ပုထုဇဉ် ယုံပြီး လိုက်လုပ်ရသည်။ အကာဆိုက်ပြန်သည်။ ဝေဒနာသုံးမျိုးသည် ဒုက္ခသစ္စာချည်းသာ ဖြစ်၏။

ထို့နောက် ဥပေက္ခာဝေဒနာ၏ အပြစ်ကို ဟောပြန်သည်။ မျက်လုံး၊ နား၊ နှာ၊ လျှာ ကိုယ်မှာပေါ်တာ ဥပေက္ခာဝေဒနာ ဖြစ်သည်။ မြင်ချင်၊ ကြားချင်၊ နာချင်၊ စားချင်တာတွေအတွက် လိုက်ပြီး လုပ်ပေးနေရပုံကို ဟောသည်။[နှာ-၄၆၅] ဝေဒနာ မှန်သမျှ သတ္တဝါကို ညှာတာမဖက် အမြဲ နှိပ်စက်နေပုံကို ပြသည်။ [နှာ-၄၆၈] ဥပေက္ခာဝေဒနာကြောင့် ရေထဲက ငါး၊ ငါးမျှားချိတ်ပါသော အစာကို ဟပ်မိသဖြင့် ကုန်းပေါ်မှာ သေရပုံကို ဥပမာ ပြသည်။ [နှာ-၄၆၉] ငါးစာကို မြင်တာက ဥပေက္ခာဝေဒနာ၊ စားချင်တာ၊ မျိုချင်တာက သုခဝေဒနာ၊ ငါးမျှားချိတ် မိပြီး ကုန်းပေါ်မှာ အရိုက်ခံရတာက ဒုက္ခဝေဒနာ ဖြစ်ပုံကို ခွဲပြသည်။

http://www.dhammadownload.com



ဒါကြောင့် ဝေဒနာ မရှိသော နေရာ သွားရမည်။ ခန္ဓာရှိသော နေရာမှာ ဝေဒနာ ရှိမြဲဖြစ်၏။ ဒါကြောင့် ဒီခန္ဓာကို ရှုမုန်းရမည်။ ခန္ဓာကို ငြီးငွေ့ မုန်းတီးစိတ် ပေါ်အောင် ကြိုးစားပါဟု တိုက်တွန်းသည်။ ဝိပဿနာ ရှုပါ၊ ဝေဒနာ ဒုက္ခသစ္စာမှန်း သိအောင် လုပ်ပါဟု ဆိုသည်။ [နာ-၄၇၂] ဝေဒနာ ဒုက္ခကို ပိုင်ပိုင်သိပြီဆိုလျှင် ဝေဒနာ နောက်က တဏှာ မလိုက်နိုင်တော့ပါ။ တဏှာ မလိုက်လျှင် ကံပြတ်တော့သည်။ ဒါကြောင့် ဝေဒနာနိုင်ရင် နိဗ္ဗာန်ရောက်သည်ဟု ဟောသည်။ သံယုတ်ပါဠိတော်လာ **'သုခါ ဘိက္ခဝေ ဝေဒနာ ဒုက္ခတော ဒဋ္ဌဗ္ဗာ'** ကို ထုတ်ပြသည်။ အိမ်တွင်း ပဋိစ္စသမုပ္ပါဒ်မှာ ယနေ့ သုခဝေဒနာဖြင့် စလိုက်သည်။ မဆုံးသေး ကိုးချက်ကျအောင် သွားလုပ်ရမည်ဟု ဟောသည်။ [နာ-၄၇၄] ဝေဒနာ ဖြစ်ပျက်က ဒုက္ခသစ္စာ၊ ရှုတာ(သိတာ)က မဂ္ဂသစ္စာ၊ သေတာက သမုဒယသစ္စာ၊ နောက်ခန္ဓာ မလာတာက နိရောဓသစ္စာ ဖြစ်ပုံကို ပြရင်း အချိန်စေ့၍ တရားနားသည်။

*

## ၁၁။ အိမ်တွင်း ပဋိစ္စသမုပ္ပါဒ် တရားတော်(၂)

[၃၀-၉-၆၁ နေ့က အမရပူရမြို့ မင်္ဂလာတိုက်ကျောင်းမှာ ဟောသောတရား]

မြတ်စွာဘုရားသည် အရှင်အာနန္ဒာအား သုတ်မဟာဝါမှာ မဟာနိဒါနသုတ်ကို ဟောတော်မူကြောင်း အစချီ၍ ဤတရားကို ဟောသည်။ အကြောင်းပြတ်လျှင် အကျိုးပြတ်သည်ဆိုသော သဘောကို ဟောခြင်းဖြစ်သည်။ အကြောင်းရှိ၍ အကျိုးခန္ဓာကြီးကို ရနေကြခြင်း ဖြစ်၏။ ဒါကြောင့် ကြီးကျယ်သော ထိုအကြောင်းများကို ရပ်သိမ်းလိုက်လျှင် အကျိုးခန္ဓာလည်း ပြတ်စဲသွားမည်ဖြစ်ကြောင်း ဟောသည်။ မဟာနိဒါန ကြီးကျယ်သော အကြောင်းဆိုတာ ဒကာ၊ ဒကာမများ၏ အပြင်မှာ ဖြစ်နေတာ မဟုတ်၊ အိမ်တွင်းမှာ ဖြစ်နေသော ပဋိစ္စသမုပ္ပါဒ်ကို ဆိုလိုကြောင်း ဟောထားသည်။ [နာ-၄၇၆]

ထို့နောက် ပဋိစ္စသမုပ္ပါဒ် ဖြစ်ပုံကို စပြသည်။ လောဘက စသည်။ လောဘ လူတိုင်းမှာ ရှိသည်။ လိုချင်၍ ရှာမီးတာလောဘ၊ ရပြီး သာယာတာလည်း လောဘ ဖြစ်သည်။ လောဘနှစ်မျိုးကို ခွဲပြသည်။ ဤတွင် ထိုလောဘ(သမုဒယသစ္စာ) ဘယ်က လာသလဲ။ ထိုလောဘ၏ အကြောင်းက ဘာလဲ ရှာရမည်။ ယခင်တရားမှာ ပြခဲ့သော အတိုင်း ဝေဒနာကိုပင် တဏှာလောဘ ဖြစ်ခြင်းအကြောင်း အဖြစ် ပြန်ကောက်သည်။ တရားနာနေတာ ဘယ်သူတွေလဲ၊ ဝေဒနာသည်တွေဟု

http://www.dhammadownload.com



ဆိုသည်။ [နာ-၄၇၈] တရားနာလာနိုင်တာ ကျန်းမာ၍ လာနိုင်သည်။ ကျန်းမာတာ သုခဝေဒနာ ဖြစ်သည်။ မကျန်းမာလျှင် ဒုက္ခဝေဒနာ ဖြစ်သည်။ ဝေဒနာက္ခန္ဓာကို ပြသည်။ ပုဂ္ဂိုလ်သတ္တဝါ၊ ယောက်ျားမိန်းမတွေ မဟုတ်၊ ဝေဒနာက္ခန္ဓာတွေဟု ပြခြင်း သည် ဒိဋ္ဌိ ဖြုတ်ပေးတာဟုလည်း ဆိုသည်။ [နာ-၄၇၉]

ထို့နောက် ဝေဒနာ ပေါ်တာ၊ ပျက်တာ သိရမည်။ ပေါ်တာက ဝေဒနာ၊ သိတာက ပညာ ဖြစ်သွားသည်။ [နာ-၄၈၃] ဝိပဿနာဆိုတာ ဝေဒနာသုံးမျိုး ပေါ်တိုင်း သိ၊ ပျက်တိုင်း သိခြင်းသဘောပင် ဖြစ်ကြောင်းဟောသည်။ [နာ-၄၈၄] ထိုသို့ မသိသော ပုဂ္ဂိုလ်သည် အန္ဓပုထုဇဉ် ဖြစ်၏။ ပုထုဇဉ်သည် တစ်သံသရာလုံး ဝေဒနာက္ခန္ဓာနှင့် နေခဲ့ရတာကို မသိပါ။ သုခဝေဒနာ ဖြစ်တာကို သိပြန်တော့၊ တဏှာဖြင့် သိသည်။ ဒုက္ခဝေဒနာကို သိပြန်တော့ ဒေါသနှင့် သိသည်။ သိပြန်တော့ ပဋိစ္စသမုပ္ပာဒ် ပေါ်နေသည်။ [နာ-၄၈၅]

သုခဝေဒနာက တဏှာလောဘကို ဖြစ်စေသည်။ ဒုက္ခဝေဒနာက ဒေါသကို ဖြစ်စေသည်။ ဥပေက္ခာဝေဒနာက မောဟကို ဖြစ်စေသည်။ ဝိပဿနာ ကင်းသည်နှင့် ပဋိစ္စသမုပ္ပာဒ် စတော့သည်။ သုခဝေဒနာပေါ်မှန်း မသိလိုက်၍ တဏှာပေါ်သည်။ [နာ-၄၈၇] တဏှာကြောင့် ပရိယေသန ရှာမှီးခြင်း ပြုကြရသည်။ [နာ-၄၈၈] ဝေဒနာ ဖြစ်တာကို မသိ၍ ရှာမှီးခြင်း ဒုက္ခရောက်နေကြရသည်။ မသိသော သေသူက များသည်။ ဝေဒနာကို သိရမည်။ သိမှ ဉာဏ်၊ ပညာ ဖြစ်သည်။ ဝေဒနာက ဖြစ်ပျက်၊ သိတာက မဂ်ဖြစ်သည်။ [နာ-၄၉၂] ထိုအခါ တဏှာ မလာနိုင်တော့ပါ။ လူတွေက ရှာဖွေလို့ ရတာ၊ စီးပွားဖြစ်တာ ကံတက်သည်ဟု မြင်ကြသည်။ အရိယာ မျက်လုံးမှာအပါယ်သွားဖို့ ဒေါင်ချာစိုင်းနေသည်ဟုမြင်ပုံကို ဟောသည်။ [နာ-၄၉၄] သုတ်မဟာဝါ မဟာနိဒါနသုတ်အရ ဟောကြောင်း ဖော်ပြသည်။ [နာ-၄၉၅] အကြောင်းကို မသိတတ်လျှင် အကြောင်းကိုလည်း မသိမ်းတတ်ကြောင်း ဟောသည်။ [နာ-၄၉၆]

ထို့နောက် ဝေဒနာကို ဝိပဿနာ မရှုတတ်သူ တဏှာခိုင်းရာ လိုက်လုပ်ရသော တဏှာကျွန် ဖြစ်ပုံကို ပြသည်။ ပုထုဇဉ်လောကမှာ ပြောဆို သုံးနှုန်းကြသော အသုံးအနှုန်းများ ဥပ္ပဒ်စကားများ၏ အမှားများကိုလည်း စေ့စေ့စပ်စပ် ထုတ်ဖော် ဟောကြားထားသည်။ [နာ-၅၀၀] လောကီနှင့်လောကုတ်သည် ကန့်လန့် (ဆန့်ကျင် ဘက်) ဖြစ်နေပုံကိုလည်း ဟောသည်။ [နာ-၅၀၁] ပရိယေသန ရှာမှီးတာကို လောကုတ္တရာ အမြင်မှာ တဏှာကျွန်ခံတာ ဖြစ်သည်။ လောကီအမြင်မှာ မရှာမှီးလျှင်

http://www.dhammadownload.com



လူပျင်း၊ လူညံ့ဟု မြင်သည်။ အမှန်မှာ ဝေဒနာနုပဿနာ မရှုသူ၏ ဆင်းရဲ ကြီးကျယ်ပုံကို ဖော်ပြပြီး၊ ဝေဒနာနုပဿနာ ရှုဖို့ အရေးကြီးကြောင်း ပြလိုရင်း ဖြစ်သည်။ [နာ-၅၀၄] ရောဂါအမျိုးမျိုး ခံစားနေသူသည် ရောဂါပျောက်ချင်သော တဏှာ ရှိသည်။ ထိုတဏှာက သူ့ကို ခိုင်းသည်။ သုံးဆယ့်တစ်ဘုံ လက်သည်ရှာတော့၊ ဝေဒနာ မသိမှုဟာ နှိပ်စက်နေသည်ဟု ဆိုသည်။ [နာ-၅၀၈] ဝေဒနာသုံးမျိုး နောက်က တဏှာလိုက်ပုံကို ပြသည်။

ဒါကြောင့် ဝေဒနာကို ဝိပဿနာ မရှုသရွေ့ ကာလပတ်လုံး တဏှာ မသေဘူး။ တဏှာ မသေလျှင် ပရိယေသနကိစ္စ မဆုံးဘူးဟု မှတ်ရမည်။ ဒါကြောင့် ပေါ်သမျှ ဝေဒနာကို ဖြစ်ပျက် ဝိပဿနာ ရှုရမည်။ [နာ-၅၁၆] သုခဝေဒနာ၊ ဒုက္ခဝေဒနာ ပေါ်တိုင်း သိအောင်လုပ်ဖို့ ဟောသည်။ ဝေဒနာ တစ်လုံးကို ဆုံးအောင် လိုက်ပါ။ အားလုံး ကိစ္စပြီးသည်ဟု ဆိုသည်။ [နာ-၅၁၉] ဝေဒနာ သိမှုသည် သံသရာစခန်းသတ် တရားဖြစ်ကြောင်း ဟောသည်။ [နာ-၅၂၀] အကုသိုလ် ပွားတာ အားလုံးသည်လည်း ဝေဒနာကို မနိုင်၍ ဖြစ်ရသည်ဆို၏။ ဝေဒနာသုံးမျိုးကို လှည့်ရှုပါဟု တိုက်တွန်းရင်း အချိန်ကုန်၍ တရားနားသည်။

*

## ၁၂။ အိမ်တွင်း ပဋိစ္စသမုပ္ပါဒ်တရားတော်(၃)

[၁-၁၀-၆၁ နေ့က အမရပူရမြို့ မင်္ဂလာတိုက်ကျောင်းမှာ ဟောသောတရား]

ခံစားချင်ကြလို့ တဏှာ ပေါ်လာသည်ဆိုသော သဘောကို ပဋိစ္စသမုပ္ပါဒ်မှာ သိခဲ့ကြပြီဆို၍ ဤတရားကို စတင်သည်။ တဏှာကလည်း အလွန် ကောက်ကျစ်သည်။ တဏှာက ငါ့အတွက်၊ ငါ့မယား၊ ငါ့သားသမီးအတွက် ဆိုပြီး ပရိယေသန ရှာခိုင်းသည်။ တဏှာက တစ်အိမ်လုံးကို အနား မရအောင် ဒေါင်ချာစိုင်းအောင် ခိုင်းထားသည်။ [နာ-၅၂၄] တဏှာ လိမ်လည် ကောက်ကျစ်သမျှ ခံပြီး သေသွားကြရသည်။ ဘာကြောင့် ထိုသို့ သေနေရသလဲ။ ယထာဘူတဉာဏ် မရခဲ့၍ဖြစ်ကြောင်း ပြထားသည်။ [နာ-၅၂၉] ဟုတ်တိုင်းမှန်စွာ သိသောဉာဏ်ကို မရ၍ ဖြစ်သည်။ ဒါကြောင့် ဘုရားက **'ယထာဘူတံ ဉာဏာယ သတ္တံ ပရိယေသိ တဗ္ဗော'** ဟု ဟောတော်မူသည်။ ဟုတ်တိုင်းမှန်စွာ သိအောင် ဆုံးမတတ်သော ဆရာကို ရှာပါဟု အနက်ရသည်။ [နာ-၅၃၀]

http://www.dhammadownload.com



တဏှာနှင့် ဒိဋ္ဌိက ရုပ်နာမ်မှန်း၊ အနိစ္စမှန်း မသိဘဲ သားဟူသောအမှတ် သမီးဟူသော အမှတ်များအောင် လိမ်ထားကြောင်း ဟောသည်။ [နှာ-၅၃၁] ယထာဘူတဉာဏ် မရ၍ တဏှာဒိဋ္ဌိ၏ အလိမ်ကို ခံနေရသည်။ ယထာဘူတဉာဏ် ဘာကြောင့် မရသလဲ။ အကြားအမြင် မရှိ၍ ဖြစ်သည်ဆို၏။ [နှာ-၅၃၆] တစ်ခါ အကြားအမြင် ဘာကြောင့် နည်းရသလဲ မေးလျှင်၊ ကလျာဏ မိတ္တ ဆရာကောင်းကို မရှာခဲ့၍ ဖြစ်ကြောင်း ပြထားသည်။ [နှာ-၅၄၂] မဟုတ်လျှင် ရိုးရာ အယူအဆ အစွဲအလမ်းများဖြင့် သေနေကြရသည်။ သားရှင်ပြုလိုသော အစွဲဖြင့် သေသွားသူ သည် ကုသိုလ်စိတ်ဖြင့် သေရသည်ဟု အရပ်က ထင်ကြသည်။ တကယ့်ဖြစ်စဉ်မှာ သားဆိုသော ဒိဋ္ဌိစွဲ၊ ရှင်ပြုချင်သော တဏှာစွဲဖြင့် သေသွားခြင်းဖြစ်၍ အပါယ် ဓာတိပဲ ဖြစ်နိုင်ကြောင်း ရဲရဲဝံ့ဝံ့ ဟောသည်။ သူများ မဟောရဲသော တရားမျိုး ဖြစ်သည်။ [နှာ-၅၄၆]

ပြီးမှ ကလျာဏမိတ္တ မရှိလျှင် ပြုပြင်ပေးမည့်သူ မရှိ၍ ချောက်ကျနိုင်ပုံ၊ ကလျာဏမိတ္တ အရေးကြီးပုံကို ထပ်ဟောသည်။ တစ်ခါ ကလျာဏမိတ္တ ဘာကြောင့် မရသလဲဆိုလျှင် စိစစ်တတ်သော ဝိစာရဏာဉာဏ် မရှိလို့ဟု ဆိုပြန်သည်။ [နှာ-၅၄၇] မတွေ့ရာ အဟုတ်မှတ်ပြီး ဆရာ ထင်နေကြကြောင်း ထောက်ပြထား သည်။

ဆီအကြောင်း မသိသူသည် ရောစပ်ထားသော ဆီကို ပဲဆီအစစ်၊ နှမ်းဆီ အစစ် ထင်ပုံ ဥပမာပြသည်။ [နှာ-၅၅၀] စိစစ်တတ်သော ဉာဏ်သည် ပဋိသန္ဓေ တည်ကတည်းက ပါလာသောဉာဏ် ဖြစ်သည်။ [နှာ-၅၅၃] တစ်ခါ စိစစ်တတ်သော ဉာဏ် ဘာကြောင့် မဖြစ်သလဲဆိုလျှင် ယောနိသော မနသိကာရ မရှိ၍ဟု ဆိုသည်။ [နှာ-၅၅၄] တစ်ခါ အယောနိသော မနသိကာရမှာလည်း အဝိဇ္ဇာကြောင့် ဖြစ်ရ ကြောင်း ရှင်းပြသည်။ [နှာ-၅၅၇]

ပြီးမှ အဝိဇ္ဇာ ဘယ်က လာသလဲ ဆက်မေးသည်။ အဝိဇ္ဇာ အာသဝေါတရား က လာသည်ဟု ဖြေသည်။ [နှာ-၅၆၃] ဒီသဘောတရားသည် ဖြစ်ပျက်ကို မြင်လျှင် ကုန်သည်ဟု ဟောသည်။ [နှာ-၅၆၄] ဉာဏ်ထဲမှာ ဒုက္ခသစ္စာ အမှန်မြင် အောင် ရှုတတ်လျှင် အာသဝေါ ကုန်သည်။ ဝိပဿနာလုပ်မှ အာသဝေါ ကုန်သည်။ မဟုတ်ပါက လူပြည်လာလိုက်၊ တဏှာလိမ်တာ ခံလိုက်၊ အလိမ် မပြောဘဲ သေတော့ အပါယ်ကျလိုက် ဖြစ်နေရသည်။ အလိမ်ခံလိုက်၊ အပါယ်ကျလိုက် ဖြစ်နေပုံကို ဟောသည်။ [နှာ-၅၆၆] ဖြစ်ပျက်မြင်သော ပုဂ္ဂိုလ်သာ အာသဝေါ ကုန်သည်။

http://www.dhammadownload.com



ဖြစ်ပျက်ဆုံးသော ပုဂ္ဂိုလ်မှာ အာသဝေါကုန်ကြောင်း ဟောရင်း အချိန်စေ့၍ တရား ရပ်နားလိုက်သည်။

*

### ၁၃။ ခန္ဓာမှာ တရားရှာပါ၊ ဘုရားပရိနိဗ္ဗာန်မစံသေးပါ

[၂–၁၀–၆၁ နေ့က အမရပူရမြို့ မင်္ဂလာတိုက်ကျောင်းမှာ ဟောသောတရား]

နားက တရားနာကြပါ၊ ဉာဏ်ကတော့ ခန္ဓာကို လှည့်ရှုပါဆိုသော စကားဖြင့် ဤတရားကို စတင် ဟောကြားပါသည်။ ခန္ဓာရှုတော့ ခန္ဓာက သူ့အမှန်ဖြစ်နေ ပျက်နေတာကို ပြောလိမ့်မည်။ ထိုအခါ မိရိုးဖလာ သိထားတာတွေနှင့် ခန္ဓာက ပြတာနှင့် တခြားစီပါကလား ဆိုတာကိုလည်း သိမြင်လာလိမ့်မည်ဟု ဆိုသည်။ သူများပြောတာ အတည် မယူပါနှင့်၊ ခန္ဓာက ပြောတာသာ အတည်ယူပါ ဟုလည်း သတိပေး တိုက်တွန်းသည်။ [နှာ–၅၇၂]

ခန္ဓာက ပြောတာက ဖြစ်ပျက်ပဲ ပြောသည်။ လူချမ်းသာ၊ နတ်ချမ်းသာ ကောင်းတယ်ဟု ထင်ခဲ့၊ သိခဲ့သမျှ အရိယာမျက်လုံး တပ်ပြီး ခန္ဓာကို ကြည့်လိုက်တော့ ခန္ဓာက ပြတာ တစ်ခုမှ အကောင်းမပါတာ ဒိဋ္ဌဓမ္မ မျက်မြင်ကိုယ်တွေ့ ရသည်။ [နှာ–၅၇၅] သုတဝါအရိယာသာဝကော ဉာဏ်ဖြင့် ကြည့်လိုက်လျှင် ခန္ဓာက ဖောက်ပြန်နေတာတွေပဲ ပြသည်။ ဒါသည် အမှန် (သစ္စာ)ကို သိသောဉာဏ်ပဲ ဟု ဆုံးဖြတ်ရမည်။ ဘုရားက ဒိဋ္ဌိဓမ္မောကိုပဲ ကြိုက်သည်။ ကိုယ်တွေ့မျက်မြင် ဖြစ်ရမည်။ သူများပါးစပ်ဖြင့် နိဗ္ဗာန်ကို မရောက်နိုင်ဟု ဆိုသည်။ [နှာ–၅၇၈] စာထဲမှာ နိဗ္ဗာန် မရှိ၊ စာရင်းစာအုပ်ထဲ ငွေမရှိသလိုပဲဟု ဟောသည်။

နားက တရားနာပြီး ဉာဏ်က ခန္ဓာစိုက်လိုက်တော့ ဒိဋ္ဌိကွာသွားသည်။ ဉာဏ်ထဲမှာ ယောက်ျား၊ မိန်းမ၊ ပုဂ္ဂိုလ်သတ္တဝါကို မတွေ့ရဘဲ၊ ဖောက်ပြန်နေသော ဒုက္ခသစ္စာ ခန္ဓာကြီးပဲ တွေ့ရသည်။ [နှာ–၅၇၉] ဤတရားကို ဟောရာမှာ ဆရာတော်က တရားပွဲအပြီး သောတာပန်တည်သော ဉာဏ်ကို ရောက်စေချင်၍ ဒိဋ္ဌိခွာပေးနေကြောင်း ဟောသည်။ [နှာ–၅၈၀]

ခန္ဓာကို ဉာဏ်နှင့် ကြည့်တော့ ဖောက်ပြန်တာရယ်၊ ပျက်စီးတာရယ်ပဲ တွေ့ရသည်။ ပျက်စီးတာက အနိစ္စ၊ ဖောက်ပြန်တာက သင်္ခါရဖြစ်သည်ဟု သိရမည်။ [နှာ–၅၈၃] ခန္ဓာပြောတာနှင့် သူများပြောတာ ကွာခြားလှသည်ဟု ဉာဏ်မှာ

http://www.dhammadownload.com



သိလာရမည်။ [နှာ–၅၈၅] ခြားနားချက်ကို သိလျှင် ဒိဋ္ဌိကွာသွားသည်။ ဖောက်ပြန်တာနှင့် ပျက်စီးတာကို သေမလို့နှင့် သေတာပဲ ရှိသည်ဟု သုံးနှုန်းပြီးလည်း ဟောသည်။ သေမှာနှင့်သေတာကို ဉာဏ်လှည့်ကြည့်ဟု ဟောသည်။ [နှာ–၅၈၈] သံယုတ်ပါဠိတော်မှာ **'ဒုက္ခမေဝ ဥပ္ပဇ္ဇမာနံ၊ ဥပ္ပဇ္ဇတိ၊ ဒုက္ခံ နိရုဇ္ဈမာနံ နိရုဇ္ဈတိ'** ဟု ဟောထားကြောင်း အထောက်အထား ပြသည်။

ခန္ဓာထဲမှာ ဖြစ်ဆဲဒုက္ခနှင့် ပျက်ဆဲဒုက္ခပဲ ရှိကြောင်း ဖော်ပြသည်။ ဒုက္ခရောက်မှာနှင့် ဒုက္ခရောက်တာပဲ ရှိသည်။ ဒါတွေသည် ခန္ဓာမှာ ကိုယ်တိုင် တွေ့ရသော တရားတွေ၊ အမှန်တွေ ဖြစ်သည်။ [နှာ–၅၈၉] ခန္ဓာက ပြောတာသည် ခန္ဓာ ဒုက္ခသစ္စာပဲ ပြောသည်။ ပြီးမှ ဒုက္ခကို အနက်ခွဲပြသည်။ ဒုက– ဆင်းရဲတာ၊ ခက– အသုံးမကျတာ၊ သစ္စာက မှန်တာ၊ ဒါဖြင့် ခန္ဓာထဲမှာ ဆင်းရဲပြီး၊ စက်ဆုပ်စရာ၊ အသုံးမကျတာပဲ အမှန်ရှိသည်ဟု နားလည်ရမည်။

ထို့နောက် ဒိဋ္ဌိသညာက ဒိဋ္ဌုပါဒါန် ဖြစ်လာပုံကို ပြသည်။ ဒိဋ္ဌိ ဖြုတ်ရေးကို အရေးကြီးကြောင်း ပြလို၍ ဟောခြင်းဖြစ်သည်။ ဤသို့ ဟောရင်းက အရှင်အာနန္ဒာ မေး၍ ဘုရား မှာထားပုံအကြောင်းကို ဟောသည်။ **'ယောဝေါ အာနန္ဒ ယော ဓမ္မောစ ဝိနယောစ ဒေသိတော ပညတ္တော သော ဝေါမ မစ္စယေနသတ္ထာ'** ငါဘုရား ပရိနိဗ္ဗာန်စံသော်လည်း သုတ်၊ ဝိနည်း၊ အဘိဓမ္မာတရားတွေကို ထားရစ်ခဲ့သည်။ ဒါတွေဟာ ဆရာတွေပဲဟု မိန့်မှာခြင်း ဖြစ်၏။ [နှာ–၆၀၀]

ဉာဏ်လည်း အဘိဓမ္မာပဲ၊ ခန္ဓာလည်း အဘိဓမ္မာပဲ။ ဉာဏ်အဘိဓမ္မာနှင့် ခန္ဓာအဘိဓမ္မာကို ရှုခိုင်းနေခြင်းဖြစ်ကြောင်း ဟောသည်။ ကြည့်လိုက်တော့ ဖောက်ပြန် ပျက်စီးသော ဒုက္ခသစ္စာကြီး ပေါ်လောကြီး ပေါ်လာသည်။ ဘုရား မရှိလည်း တရား ရှိသေး၍ ကျွတ်တန်းဝင်ပုံများကို ပြသည်။ [နှာ–၆၀၁]

ဉာဏ်နှင့် ခန္ဓာကို ကြည့်တတ်လျှင် မိမိတို့ သန္တာန်မှာ ဘုရား မကွယ်သေး၊ ဘုရား ရှိတုန်းပဲဟု ဟောသည်။ (သုတ်မဟာဝါ– မဟာ ပရိနိဗ္ဗာနသုတ်) ခန္ဓာက ပြောတာ အမှန်ယူလိုက်လျှင် သညာဝိပ္ပလ္လာသ ပျောက်၍ ဒိဋ္ဌိ ဝိပ္ပလ္လာသ ချုပ်သည်။ အမှားတွေ ပျောက်လျှင် သမ္မာဒိဋ္ဌိ အမြင်မှန် ရသည်။ အမြင်မှန်လျှင် မဂ္ဂင်ပဲဟု ဆိုသည်။ [နှာ–၆၀၅] နားက တရားနာပြီး ဉာဏ်က ဒိဋ္ဌိဖြုတ်လျှင် စူဠသောတာပန် ဖြစ်ပြီ။ ဒုတိယဘဝ အပါယ်မကျဘူး၊ အာမခံသည်ဟု ဟောသည်။ [နှာ–၆၀၆] ဖြစ်ပျက် ဒုက္ခသစ္စာကို မြင်သွားသောသူသည် စုတိပြီး နောက်ဘဝ နတ်ပြည်ရောက်လျှင် အိပ်သော ယောကျ်ား နိုးသောလားသို့ နတ်ခန္ဓာနှင့် သောတာပန် တည်သွား

http://www.dhammadownload.com



ပုံကို ဟောသည်။ [နှာ-၆၀၇] အမြင်မှန် ရပြီး၊ အမြင်မှန် လမ်းဆုံးကို တက်ပါဦးဟု တိုက်တွန်းပြန်သည်။ [နှာ-၆၀၈]

ထို့နောက် ဗာဟိရဒါရုစရိယ အကြောင်းကို ဟောသည်။ ခန္ဓာကိုယ်က အသေ နေရာမရွေး၊ အချိန်မရွေး မြန်လွန်းသောကြောင့် အမြင်မှန် လမ်းဆုံး ရောက်ဖို့ အရေးကြီးကြောင်း ဟောလိုရင်း ဖြစ်၏။ ခန္ဓာကိုယ် အပြစ်ကြီး တယ်ဆိုး ပါကလားဟု သိခြင်းသည် နိဗ္ဗိန္ဒာဉာဏ် ဖြစ်သည်။ [နှာ-၆၁၀] ဒီခန္ဓာ၏ အပြစ်ဆိုးကြီး မြင်ပါများသောအခါ ဒီခန္ဓာကို လိုချင် ချစ်ခင်သောစိတ် မဖြစ်တော့ပါ။ ဉာဏ်တက်သွားပြီ။ ဒံပေါက်ထမင်း စားရင်းပဲ မစားချင်သောစိတ် ပေါ်လာသကဲ့သို့ ဖြစ်ပုံကို ပြသည်။ [နှာ-၆၁၂] ဆက်စားလျှင် ဒုက္ခရောက်တော့မည်ကို မြင်၍ တော်ပြီဟု လက်ကာရသည်။ ဒုက္ခအစစ်ကို မြင်၍ မလိုချင်ခြင်း ဖြစ်၏။ ထို့အတူ အရိယာဉာဏ် ဝင်လာသောအခါ နဂိုက ခင်ခဲ့သော ခန္ဓာကြီးကိုပင် ငြီးငွေ့ မုန်းတီးလာရာက မလိုချင် ဖြစ်လာပုံကို ဟောသည်။ [နှာ-၆၁၄]

ယထာဘူတဉာဏ်က နိဗ္ဗိန္ဒာဉာဏ် ထိုမှ မဂ်ဉာဏ်ကို ကူးပုံကို ပြသည်။ [နှာ-၆၁၅] ခန္ဓာကို မရချင်သော ဉာဏ်သည် မဂ်ဉာဏ်ပဲဟု ပြသည်။ မစားချင်တော့ဘူး၊ မလိုချင်တော့ဘူး ဆိုလျှင် စားစရာတွေ အကုန်ပျောက်ပြီး စားပွဲပဲ ကျန်သလို ရုပ်နာမ်တွေ အကုန် ပျောက်ထွက်သွားသည်။ [နှာ-၆၁၆] ရုပ်နာမ် အဆုံးသည် နိဗ္ဗာန်ဖြစ်၏။ ချေးသေကောင်ပုပ်ကြီး အိမ်နားမှာ ရှိစဉ်က မချမ်းသာဘူး၊ အိမ်နားမှာ မရှိတော့ စိတ်ချမ်းသာ ရပုံနှင့်လည်း နှိုင်းပြသည်။ [နှာ-၆၁၇] နားက တရားနာပြီး ဉာဏ်က ခန္ဓာကို သုံးဉာဏ်ဖြင့် လှည့်လျှင် (ယထာဘူတဉာဏ်၊ နိဗ္ဗိန္ဒာဉာဏ်၊ မဂ်ဉာဏ်) နိဗ္ဗာန်ရောက်သည်ဟု ဟောသည်။ [နှာ-၆၁၈] ဘုရား မရှိငြားသော်လည်း ခန္ဓာကို ဉာဏ်လှည့်တတ်ဖို့သာ လိုရင်းဖြစ်ကြောင်း ဟောသည်။ ချေးသေကောင်ပုပ် အိမ်နားမှာ မရှိလျှင် စိတ်ထဲ ချမ်းသာသွားပုံကို ထပ်၍ ပြသည်။ အချိန်စေ့၍ တရားနားလိုက်သည်။

၀

ဤတွင် အလုပ်စဉ်တရား စာအုပ်အမှတ်(၂၀) ပြီး၏။

http://www.dhammadownload.com

http://www.dhammadownload.com